ကုရ်အာန်

BURMESE

ဂုရိအာနိ

بسم الله الرحمن الرحيم

ကုရိန်အာန်

မော်လာနာ ဝဟီဒွဒ်ဒိန်းခန်

First Published 2020
This book is Copyright free

Goodword Books
1, Nizamuddin West Market, New Delhi-110013
Tel. +9111-41827083, Mob. +91-8588822672
email: info@goodwordbooks.com
www.goodwordbooks.com

Center for Peace and Spirituality
1, Nizamuddin West Market, New Delhi-110 013
Mob. +91-9999944119
email: info@cpsglobal.org
www.cpsglobal.org

Al-Risala Forum International
2665 Byberry Road, Bensalem, PA 19020, USA
Cell: 617-960-7156
email: cps@alrisala.org

Printed in India

မာတိကာ

1	စူရတ်ဖာသိဟတ်	**23**	18	စူရတ်ကဟဖ်	**394**
2	စူရတ်ဗကရတ်	**23**	19	စူရတ်မရ်ယမ်	**411**
3	စူရတ်အာလိအင်မ်ရာန်	**83**	20	စူရတ်သွာဟာ	**421**
4	စူရတ်နိစားအ်	**117**	21	စူရတ်အန်ဝိယာအ်	**436**
5	စူရတ်မာအိဒတ်	**152**	22	စူရတ်ဟဂ်ျ	**451**
6	စူရတ်အန်အာမ်	**178**	23	စူရတ်မုအ်မိန္နန်	**464**
7	စူရတ်အအ်ရာဖ်	**207**	24	စူရတ်နူးရ်	**475**
8	စူရတ်အန်ဖာလ်	**241**	25	စူရတ်ဖုရ်ကာန်	**488**
9	စူရတ်သောင်ဗဟ်	**253**	26	စူရတ်ရှုအရာအ်	**498**
10	စူရတ်ယူနွတ်စ်	**277**	27	စူရတ်နမ်လ်	**513**
11	စူရတ်ဟူဒ်	**296**	28	စူရတ်ကစွာ့စွ်	**525**
12	စူရတ်ယူစွဖ်	**316**	29	စူရတ်အန်ကဗူးသ်	**539**
13	စူရတ်ရအ်ဒ်	**333**	30	စူရတ်ရူးမ်	**549**
14	စူရတ်အိဝ်ရာဟီးမ်	**342**	31	စူရတ်လွက္ကမာန်	**557**
15	စူရတ်ဟိဂျ်ရ်	**351**	32	စူရတ်စဂျ်ဒဟ်	**562**
16	စူရတ်နဟ်လ်	**358**	33	စူရတ်အဟ်ဇာဝ်	**565**
17	စူရတ်အိစွရာအ်	**377**	34	စူရတ်စဗဟ်	**578**

35	စူရတ်ဖာသိရ်	**587**	53	စူရတ်အန်နဂျ်မ်	**709**
36	စူရတ်ယာစီးန်	**594**	54	စူရတ်ကမ်ရ်	**713**
37	စူရတ်စွာဖ်ဖားသ်	**602**	55	စူရတ်အရ်ရတ်မာန်	**717**
38	စူရတ်စွားဒ်	**612**	56	စူရတ်ဝါကီအဟ်	**720**
39	စူရတ်ဇမရ်	**620**	57	စူရတ်ဟဒီးဒ်	**724**
40	စူရတ်မုအ်မင်န်	**631**	58	စူရတ်မုဂျာဒီလဟ်	**730**
41	စူရတ်ဟာမီးမ်စဂျ်ဒဟ်	**643**	59	စူရတ်ဟရှ်ရ်	**735**
42	စူရတ်ဟာမီးမ်ရှျရာ	**651**	60	စူရတ်မွမ်သဟိနဟ်	**739**
43	စူရတ်ဇုခ်ရှဖ်	**660**	61	စူရတ်စွှဖ်	**743**
44	စူရတ်ဒုခါန်း	**668**	62	စူရတ်ဂျုမုအဟ်	**745**
45	စူရတ်ဂျာဆီယဟ်	**671**	63	စူရတ်မုနာဖိကူန်	**747**
46	စူရတ်အဟ်ကားဖ်	**676**	64	စူရတ်သဂါဗွန်	**749**
47	စူရတ်မုဟမွဒ်	**683**	65	စူရတ်သွလားက်	**752**
48	စူရတ်အလ်ဖသဟ်	**689**	66	စူရတ်သဟ်ရီးမ်	**755**
49	စူရတ်ဟုဂျရာသ်	**695**	67	စူရတ်မုလ်က်	**757**
50	စူရတ်ကားဖ်	**698**	68	စူရတ်ကလမ်	**760**
51	စူရတ်ဇာရိယားသ်	**702**	69	စူရတ်ဟားက်ကဟ်	**764**
52	စူရတ်သွှရ်	**706**	70	စူရတ်မအာရိဂျ်	**766**

71	စူရဟ်နူးဟ်	**768**	89	စူရဟ်ဖဂျ်ရ်	**801**
72	စူရဟ်ဂျင်နှ်	**771**	90	စူရဟ်ဗလဒ်	**803**
73	စူရဟ်မွဇ်ဇမ်မိလ်	**774**	91	စူရဟ်ရှမ်စ်	**804**
74	စူရဟ်မုဒ္ဒဆ်ဆိရ်	**776**	92	စူရဟ်လိုင်းလ်	**805**
75	စူရဟ်ကိယာမဟ်	**779**	93	စူရဟ်သွွေဟာ	**806**
76	စူရဟ်ဒဟ်ရ်	**781**	94	စူရဟ်အင်နှ်ရှိရာဟ်	**806**
77	စူရဟ်မှရ်စလာသ်	**783**	95	စူရဟ်သီးန်	**807**
78	စူရဟ်နဗအ	**785**	96	စူရဟ်အလက်	**807**
79	စူရဟ်နာဇီအားသ်	**787**	97	စူရဟ်ကဒ်ရ်	**808**
80	စူရဟ်အဗစ	**790**	98	စူရဟ်ပိုင်ယိနဟ်	**809**
81	စူရဟ်သက္ကဝီးရ်	**791**	99	စူရဟ်ဖိလ်ဇာလ်	**810**
82	စူရဟ်အင်နှ်ဖိသွားရ်	**793**	100	စူရဟ်အာဒီယာသ်	**810**
83	စူရဟ်သသွဲဖီးဖ်	**794**	101	စူရဟ်ကာရီအဟ်	**811**
84	စူရဟ်အင်နှ်ရှိကားက်	**796**	102	စူရဟ်သကာဆုရ်	**811**
85	စူရဟ်ဗုရူးဂျ်	**797**	103	စူရဟ်အတ်စွိရ်	**812**
86	စူရဟ်သွာရိက်	**798**	104	စူရဟ်ဟုမဇဟ်	**812**
87	စူရဟ်အအ်လာ	**799**	105	စူရဟ်ဖီးလ်	**813**
88	စူရဟ်ဂါရှိယဟ်	**800**	106	စူရဟ်ကုရိုင်းရှ်	**813**

107	စူရပ်မာအူးန်	**813**	111	စူရပ်လဟဝ်	**815**
108	စူရပ်ကောင်ဆရ်	**814**	112	စူရပ်အိခ်လားစ်	**815**
109	စူရပ်ကာဖီရူးန်	**814**	113	စူရပ်ဖလက်	**816**
110	စူရပ်နတ်စ်ရ်	**815**	114	စူရပ်နားစ်	**816**

بسم الله الرحمن الرحيم

စကားချီး

ကုရ်အာန်သည် အလ္လာဟ်ကျမ်းဂန်ဖြစ်သည်။ ယင်းကျမ်းဂန်ကို အစွလာမ့်စေတမန် မုဟမ္မဒ် صلى الله عليه وسلم ကို ချီးမြှင့်ခဲ့သည်။ ကုရ်အာန်သည် တစ်လုံးတည်းတစ်ခဲတည်း ကျရောက်ခဲ့ခြင်းမျိုး မဟုတ်ဘဲ ၂၃ နှစ်တာကာလ အတွင်း သီးခြားစီ အပိုင်းပိုင်းကျရောက်လာခဲ့ခြင်း ဖြစ်သည်။ အစွလာမ့် စေတမန်တော်သည် မက္ကဟ်မြို့တော်၌ စံမြန်းနေခဲ့စဉ် ခရစ် ၆၁၀ တွင် ကုရ်အာန်၏ ပထမဦးဆုံးကဏ္ဍ ကျရောက်လာခဲ့သည်။ ထို့နောက်တွင်မူ ဆက်တိုက်ဆိုသလို ကုရ်အာန်ကဏ္ဍ အသီးသီး တမန်တော်မြတ်အပေါ် သို့ ကျရောက်လာပါတော့သည်။ ကုရ်အာန်၏ နောက်ဆုံးကဏ္ဍသည် ကိုယ်တော်မြတ်အပေါ် ခရစ် ၆၃၂ တွင် ကျရောက်ခဲ့ပါသည်။ ထိုကာလတွင် ကိုယ်တော်သည် မဒီနဟ်မြို့တော်၌ ရှိနေခဲ့ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤသို့သော ကျရောက်မှုသည် ကောင်းကင်တမန်ဂိုဗ်ရီးလ်၏ သဟဲဖြင့် ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင်မူ ကောင်းကင် တမန်တော် ဂိုဗ်ရီးလ်ကိုယ်တော်တိုင်၏ သင်ကြားပေးမှုဖြင့် ကုရ်အာန်ကျမ်းတော်၏ ကဏ္ဍ အသီးသီးတို့ကို တစ်စုတည်းတစ်စည်းတည်းပုံစံဖြင့် စီစဉ်ခဲ့ပါသည်။

ကုရ်အာန်တွင် စုစုပေါင်း စူရဟ်ကဏ္ဍ ၁၁၄ ခုရှိသည်။ အချို့ကဏ္ဍသည် ရှည်လျားပြီး အချို့မှာမူ တိုတောင်းသည်။ အာယသ်တော်စုစုပေါင်းအရေအတွက်သည် ၆၂၃၆ အာယသ်ဖြစ်သည်။

ဖတ်ရွတ်သရဇ္ဈာယ်နိုင်ရန်အတွက် ကုရ်အာန်ကျမ်းတော်ကို ဂျွဇ်ပေါင်း ၃၀၊ စခန်းပေါင်း ၇ ခု ပုံစံဖြင့် ပိုင်းခြားသတ်မှတ်ထားပါသည်။ ကုရ်အာန်ကျမ်းတော်သည် ခုနစ်ရာစု၏ ပထမအပိုင်းတွင် ကျရောက်ခဲ့သည်။ ထိုကာလတွင် စက္ကူစာရွက်များ ပေါ်ထွန်းနေပြီဖြစ်သည်။ အဆိုပါစက္ကူများ၊ စာရွက်များကို အချို့သော သစ်ရွက်များ၊ သစ်ခေါက်များအပါအဝင် လက်လုပ်စာရွက်များဖြင့် ပြုလုပ်အသုံးပြုခဲ့ကြသည်။ ထိုစာရွက်ကို Papyrus ဟု ခေါ်သည်။ ကုရ်အာန်ကျမ်းမြတ်မှ ကျရောက်လာခဲ့သောအပိုင်းတိုင်းကို ဤစာရွက်ပေါ်တွင် ချရေးလိုက်ခဲ့ကြသည်။

အဆိုပါစာရွက်ကိုပင် အရဇီဘာသာစကား၌ ကိရဲသွားစ်(ကုရ်အာန်၆း၇)ဟု မှည့်ခေါ်ထားပါသည်။ လူတို့သည် ထိုသို့ရေးသားခြင်းနှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ်ကို ဦးနှောက်အသိဉာဏ်များတွင်ပါ အာဝုံဆောင်ကျက်မှတ်လိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်အခါက ကုရ်အာန်ကျမ်းကသာ တစ်ခုတည်းသော အစွဲလာမ့်စာပေဖြစ်ခဲ့၏။ ကုရ်အာန်ကျမ်းကို စွဲလာသ်အတွင်း ဖတ်ရွတ်ကြ၏။ အစွဲလာမ့်ဖိတ်ခေါ်ရေးလုပ်ငန်းစဉ်အောက်မှနေ၍ ကုရ်အာန်ကို လူထုရှေ့၌ ဖတ်ပြကြားနာစေခဲ့ကြ၏။ သို့နှင့် ကျမ်းတော်မြတ်ကုရ်အာန်သည် တစ်ချိန်တည်းမှာပင် ရေးသားမှုလည်း ပြီးစီး၏။ ထို့အတူ ကျက်မှတ်အာဝုံဆောင်မှုလည်း ပြီးမြောက်သွား၏။

တမန်တော်မြတ်၏ ခေတ်အခါသမယနောက်ဆုံးပိုင်းအထိတိုင် ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းစောင့်ရှောက်သည့်ပုံစံမှာ ဤအတိုင်းပင် ဖြစ်နေခဲ့သည်။ တမန်တော်မြတ်သည် ခရစ်၆၃၂ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ ထို့နောက်တွင်မူ သာဝကကြီးအဘူဗက်ရ် စ္ဒိဒ္ဒီးက်သည် ပထမဦးဆုံး ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။ ၎င်းသည် စီမံကိန်းချမှတ်ကာ ကျမ်းတော်မြတ်ကုရ်အာန်တစ်အုပ်ကို စီမံခဲ့သည်။ ဤစာအုပ်သည် ရှေးဟောင်းခေတ်စက္ကူနှင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းစာအုပ်မှာ လေးထောင့်ပုံဖြစ်ခဲ့သည်။ ထို့ကြောင့် ၎င်းအား ရစ်အဟ်(square)ဟု ခေါ်ခဲ့ကြသည်။ ထိုသို့ပင် ကုရ်အာန်ကျမ်းတော်မြတ်သည် ပထမဦးဆုံးကိုယ်စားလှယ်ကြီး၏ ခေတ်အခါသမယတွင်ပင် စာအုပ်အသွင်ပုံစံဖြင့် စုဆောင်းထိန်းသိမ်းထားခဲ့ပြီဖြစ်သည်။ တတိယကိုယ်စားလှယ်ကြီး အွဆ်မာန်ဗင်န်အဖ်ဖာန်၏ ခေတ်အခါသမယတွင် အဆိုပါ စုဆောင်းထားပြီးသား ကုရ်အာန်စာအုပ်ကိုပင် ထပ်ပြီး ဆင့်ပွားအုပ်ရေများ စီစဉ်ပေးခဲ့သည်။ ထို့နောက် အနယ်နယ်အရပ်ရပ်သို့ ပို့ဆောင်ဖြန့်ချိခဲ့သည်။ အဆိုပါစာအုပ်များသည် မြို့ရှိ ဂျာမိအ်ဗလီကြီးများတွင်ပင် ထားရှိခဲ့ကြသည်။ လူတို့သည် ထိုစာအုပ်များကို ဖတ်ရွတ်သရဇ္ဈာယ်ကြသကဲ့သို့ ထိုစာအုပ်များမှ ဆင့်ပွား ကူးယူရေးသားခဲ့၏။

ကျမ်းတော်မြတ်ကုရ်အာန်ရေးသားမှု ဤအစီအစဉ်သည် ခရစ်နှစ် ၁၉ရာစုပိုင်းလောက်ထိ စဉ်ဆက်မပြတ်ရှိခဲ့သည်။ ၁၉ ရာစုရောက်လာသည့်အခါ ပုံနှိပ်စက်များပေါ် ပေါက်လာခဲ့သည်။ ထို့အတူ စက္ကူစာရွက်များသည်လည်း

နည်းပညာအသစ်များဖြင့် အမြောက်အများ ပေါ်ထွန်းလာပေပြီ။ ဤနည်းနှင်နှင် ၁၉ရာစုထဲမှာပင် ကုရ်အာန်ကျမ်းတော်ကို ပုံနှိပ်စက်ကြီး များဖြင့် စနစ်ကျကျ စတင် ပုံနှိပ်ထုတ်ဝေနေပြီဖြစ်သည်။ ပုံနှိပ်ရေးဆိုင်ရာ နည်းလမ်းများမှာ တစ်စတစ်စ တိုးတက်မြင့်မားလာခဲ့သည်။

ယင်းသို့ တိုးတက်မှုနှင့်အတူ ကုရ်အာန်ကျမ်းပုံနှိပ်စာအုပ်သည်လည်း ပိုမိုကောင်းမွန်သည့်ပုံစံဖြင့် စီစဉ်ထုတ်ဝေဖြစ်ခဲ့သည်။ ယခုအခါတွင်မူ ကုရ်အာန် ပုံနှိပ်စာအုပ်များသည် အလွန်မှ များပြားစွာ ရှိနေပြီဖြစ်သည်။ အိမ်တိုင်း၊ ဗလီတိုင်း၊ စာကြည့်တိုက်တိုင်း၊ ဈေးဆိုင်တိုင်းတွင်ပင် လုံလုံလောက်လောက် ရှိနေပေပြီ။ အဘယ်မျှဟူမူ လူတစ်ဦးတိုင်းသည် ကမ္ဘာ့အဘယ်နေရာတွင်ပင် ရှိနေစေကာမူ လုပသေသပ်စွာ ကျကျနနပုံနှိပ်ထားသော ကုရ်အာန်စာအုပ်ကို ရယူပိုင်ဆိုင်နိုင် ပြီဖြစ်သည်။

ကုရ်အာန်သည် အလွှာဟ်ကျမ်းဂန်ဖြစ်သည်။ ကုရ်အာန်သည် မိမိ၏ မူရင်းအရဗီဘာသာစကားမှာပင် ပြည့်ပြည့်ဝဝ ထိန်းသိမ်းထားခံရပြီးဖြစ်သည်။ ထို့ကြောင့် ဤသို့သောကျမ်းတစ်စောင်၏ ဘာသာပြန်သည် ဘယ်သောအခါမှ မူရင်းကျမ်း၏ ကိုယ်စား၊ မူရင်းကျမ်းနည်းတူ မဖြစ်နိုင်ပေ။ ကုရ်အာန်ဘာသာပြန်၏ ရည်ရွယ်ချက်မှာ နားလည်လွယ်ရန်အတွက်သာ ဖြစ်သည်။ သို့သော် အရဗီဘာသာ စကားမတတ်ကျမ်းသူသည် ကုရ်အာန်ကို နားလည်နိုင်မည်မဟုတ်ဟု ဆိုလိုခြင်း အလျှင်း မဟုတ်ပေ။ ကုရ်အာန်ကျမ်းသည် အရဗီဘာသာစကားမတတ်ကျမ်းသူအ ဖို့လည်း နားလည်နိုင်သော ကျမ်းတစ်စောင်ဖြစ်သည်။ ကုရ်အာန်ကျမ်းသည် အပေါ်ယံအားဖြင့် အရဗီဘာသာစကားဖြင့် ရှိနေလင့်ကစား မိမိ၏ အနက်သဘော အရကြည့်လျှင် ကုရ်အာန်၏ ဘာသာစကားသည် သဘာဝစကားဖြစ်သည်။ ဆိုလိုသည်မှာ ဖန်ဆင်းမှုပြုစဉ်အခါက အလွှာဟ်အရှင်မြတ်သည် လူခပ်သိမ်းတို့ အား ဦးတည်မိန့်မြွက်သော ဘာသာစကားပင် ဖြစ်သည်။ ဤဘာသာစကားသည် အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်း၏ စိတ်အစဉ်တွင် မသိမသာ ကိမ်းဝပ်နေပေသည်။ ထို့ကြောင့်ပင် ကုရ်အာန်ကျမ်းတော်သည် တစျို့သူများအဖို့ သိသိသာသာနားလည် နိုင်သော၊ တစျို့သူများအဖို့ မသိမသာ နားလည်နိုင်သော ကျမ်းတစ်စောင်ပင် ဖြစ် သည်။

ဤသဘောတရားကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ယခုကဲ့သို့ စကားလုံးများဖြင့် ပုံဖော်ထားပေသည်။

بل هو آيات بينت في صدور الذين أوتوا العلم

"ထိုသို့မဟုတ်၊ စင်စစ်တွင် ဤကျမ်းသည် အသိပညာရှိးမြှင့်ထားခြင်းခံရသူတို့၏ စိတ်နှလုံးများတွင် ထင်ရှားစွာရှိနေသော အာယသ်တော်များပင် ဖြစ်ပေသည်။" **(ကုရ်အာန် 29:49)** ဆိုလိုသည်မှာ ကုရ်အာန်က ထင်ရှားသိသာသော ဘာသာစကားဖြင့် ဖော်ပြနေသော အရှင့်အမိန့်တော်များသည် လူသား၏ စိတ်နှလုံးတွင် သည့်အလျင်ကတည်းက မသိသာ မထင်ရှားသော ဘာသာစကားဖြင့် ရှိနှင့်နေပြီးသား ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်၏ သတင်းစကားသည် လူသားများနှင့် မရင်းနှီးသော သတင်းစကားမျိုးမဟုတ်။ ကုရ်အာန်သည် လူသား၏ သဘာဝဓာတ်ခံတွင် ရှိနှင့်နေပြီးသားအသိကို စကားလုံးများဖြင့် ထုတ်ဖော်ခြင်းမျှ သာဖြစ်သည်။

နှောင်းပိုင်းခေတ်အခါသမယများတွင် ဖန်ဆင်းခံရမည့် လူခပ်သိမ်းသည် အာဒမ်ကို ဖန်ဆင်းပြီးချိန်ကတည်းက ဖန်ဆင်းထားခြင်းခံခဲ့ကြပြီးဖြစ်ကြောင်း ကုရ်အာန်တွင် ဖော်ပြထားသည်။ ထိုအချိန်အခါက အလ္လာဟ်ကိုယ်တော်တိုင် အဆိုပါ လူသားတို့၏ ဝိညာဉ်များကို တိုက်ရိုက် မိန့်မှာတော်မူခဲ့ပေသည်။ ယင်းအဖြစ်အပျက်ကို ကုရ်အာန်ကျမ်းတော်တွင် ယခုကဲ့သို့ ဖော်ပြထားလေသည်။ "တစ်ခါတွင် အသင့်အရှင်သည် အာဒမ်၏သားမြေးတို့၏ ကျောမှ သူတို့၏သားမြေးများကို ထုတ်ယူတော်မူပြီး သူတို့ကိုယ်တိုင်ကို သက်သေထား တော်မူကာ ငါအရှင်သည် သင်တို့၏ဖန်ဆင်းမွေးမြူရှင်ပင် မဟုတ်ပါသလောဟု မေးမြန်းတော်မူခဲ့လေသည်။ ထိုအခါ သူတို့က ဟုတ်မှန်ပါသည်၊ ကျွန်တော်မျိုးတို့ကိုယ်တိုင်လည်း သက်သေခံကြပါသည်ဟု ပြောဆိုခဲ့ကြသည်။ ဤသို့ပြုရခြင်းမှာ ကိယာမသ်နေ့တွင် ကျွန်တော်မျိုးတို့သည် ဤသည်နှင့်စပ်လျဉ်း၍ မသိရှိခဲ့ကြပါဟု အသင်တို့မပြောကြရန် ဖြစ်ပေသည်။" **(ကုရ်အာန် 7:172)**

အလ္လာဟ်နှင့် ဗန္ဓဟ်တို့အကြား အပြန်အလှန်စကားပြောဆိုခန်းနောက်တစ်ခုအကြောင်းကို ကုရ်အာန်က ဤကဲ့သို့ မိန့်သည်။

"ဇကန်စင်စစ် ငါအရှင်မြတ်သည် အမာနသ်တာဝန်ကို မိုးကောင်း

ကင်များ၊ မြေပထဝီနှင့် တောင်များ၏ရှေ့ဝယ် ချုပြတော်မူခဲ့ရာ ၎င်းတို့သည် ယင်းတာဝန်ကို ငြင်းဆန်ခဲ့ကြကုန်သည်။ ထို့ပြင် ယင်းတာဝန်ကို ထမ်းဆောင် ရန် ကြောက်ရွံ့ စိုးရိမ်ခဲ့ကြကုန်သည်။ သို့ရာတွင် လူသားမှာမူကား ယင်းတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဇနခ်စင်စစ် ထိုလူသားသည် အလွန်မတရားသူ၊ လွန်စွာ အသိတရားကင်းမဲ့သူပင် ဖြစ်ပေသည်။" **(ကုရ်အာန် 33:72)**

ဤအာယသ်တော်နှစ်ပိုဒ်ဖြင့် သိရှိရသည်မှာ စတင်ဖန်ဆင်းစဉ်အခါက အလ္လာဟ်အရှင်မြတ်သည် မနုဿလူသားအားလုံးကို တိုက်ရိုက်ဦးတည်မိန့်ကြားခဲ့ ခြင်းဖြစ်သည်။ အဆိုပါမိန့်ကြားချက်တွင် မိန့်ခဲ့သော အမိန့်တော်များသည် လူခပ် သိမ်းတို့၏ စိတ်အစဉ်တွင် မသိမသာမှတ်သားထားပြီး ဖြစ်သည်။ ပမာဆိုသော် လူသားသည် ကုရ်အာန်ပုံသဏ္ဌာန်နှင့် ဖတ်ရွတ်နေသော အရှင်မြတ်၏ အမိန့်စကား များကို သည့်အလျင်တုန်းကတည်းက အလ္လာဟ်အရှင်မြတ်ထံမှ တိုက်ရိုက်ကြားနာ ထားပြီး၊ နားလည်သဘောပေါက်ထားပြီးဖြစ်သည်။ ကုရ်အာန်ဟူသည် လူသားအဖို့ သိထားပြီးသားသတင်းစကားတစ်ခုကို သိရှိနားလည်ခြင်းမျိုးဖြစ်သည်။ မသိထား သောသတင်းစကားတစ်ခုကို ရုတ်တရက် ကြားလိုက်ရခြင်းမျိုး မဟုတ်ပေ။ စင်စစ်ပြောရပါမူ ကုရ်အာန်သည် လူမှတ်ဉာဏ်၊ လူဦးနှောက်၏တွင် ရှိနှင့်နေပြီး သားပင် ဖြစ်သည်။

ဤအချက်ကို ရှေးရှုထားမည်ဆိုလျှင် ကုရ်အာန်ကို နားလည်သဘော ပေါက်ရန်အတွက် ကုရ်အာန်ဘာသာပြန်သည်လည်း လုံလောက်သည့်အကြောင်း ခံတစ်ခုဖြစ်ကြောင်း နားလည်ဖို့ မခက်ခဲတော့ပေ။ လူတစ်ဦး၏ ပင်ကိုဗီဇသဘာဝ သည် ရှင်သန်နေမည်၊ သူသည် မိမိကိုယ်ကို နောက်ပိုင်းအခြေအနေများမှ ထိန်းသိမ်းထားမည်ဆိုလျှင် ထိုသူသည် ကုရ်အာန်ဘာသာပြန်ကို ဖတ်လိုက်သည့် အခါ ပထမကတည်းက အလ္လာဟ်အမိန့်တော်ကို ထိန်းသိမ်းထားခဲ့သည့် သူ၏ ဦးနှောက်အသိဉာဏ်တံခါးများ ပွင့်သွားပေလိမ့်မည်။ ``ငါသည် အသင်တို့၏ အရှင်သခင်မဟုတ်လော``ဟု မေးမြန်းသောကာလသည် အကယ်၍ အလ္လာဟ် အရှင်မြတ်၏ ပထမဦးဆုံးသော အမိန့်တော်ဖြစ်မည်ဆိုလျှင် ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ဒုတိယအမိန့်တော်ပင်။ ဤနှစ်ခုစလုံးသည် အပြန်အလှန် တစ်ခုနှင့်တစ်ခု ထောက်ခံနေသည့်အသွင် ဆောင်၏။ လူတစ်ဦးတစ်ယောက်သည်

အကယ်၍ အရဇီဘာသာစကားကို သိနားလည်ခြင်းမရှိ၊ သို့မဟုတ် အနည်းငယ်သာ နားလည်သောကြောင့် ကုရ်အာန်ဘာသာပြန်ဖတ်ရုံအနေအထားမျှသာ ရှိမည်ဆိုလျှင် သူသည် ကုရ်အာန်ကို နားလည်သဘောပေါက်ခြင်းမှ မျှော်လင့်ချက်ကင်းမဲ့မသွားအပ်ပေ။ ကုရ်အာန်နှင့် ပတ်သက်ပြီး ယခုကဲ့သို့ ကောက်ချက်ချမှတ်ယူခြင်းသည် မျက်မှောက်ကာလတွင် သိပ္ပံအမြုတေတစ်ခုဖြစ်သွားချေပြီ။ လက်ရှိကာလတွင် သိပ္ပံမျိုးရိုးဗီဇကုဒ်နှင့် မနုဿဗေဒ နှစ်ခုလုံးသည် အထက်ဖော်ပြပါ ကုရ်အာန်နှင့် ပတ်သက်သော မှတ်ချက်ကို ပြည့်ပြည့်ဝဝ ထောက်ပံ့ပေးနေ၏။

ကျမ်းတိုင်းတွင် အကြောင်းအရာတစ်ခုရှိ၏။ ကုရ်အာန်၏ အကြောင်းအရာမှာမူ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုစီမံကိန်းကို မနုဿလူသားအား သတိပေးနှိုးဆော်ရန်ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်က ဤလောကအား အဘယ်ကြောင့် ဖန်ဆင်းထားသနည်း၊ ကမ္ဘာမြေပေါ်တွင် လူသားကို ရှင်သန်နေထိုင်စေခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း၊ မသေခင်ဘဝတွင် လူသားထံမှ အဘယ်အရာကို တောင်းဆိုထားပြီး သေဆုံးပြီးနောက် ဘဝတွင် အဘယ်သို့သော ကိစ္စရပ်များ ကြုံကြိုက်ရမည်နည်း စသည်များကို လူသားအား အသိပေးရန်ဖြစ်သည်။ လူသည် ထာဝရအဖန် ဆင်းခံတစ်ခုဖြစ်သည်။ လူ၏ ရှင်သန်ရမည့် ခရီးသည် ကွယ်လွန်ပြီးနောက်တွင်လည်း ဆက်လက်ရှိနေဦး မည်ဖြစ်သည်။ ကုရ်အာန်ကျမ်းသည် ယင်းရှင်သန်ရမည့် ခရီးစဉ်တစ်လျှောက်လုံးအတွက် လမ်းညွှန်ပေးမည့် စာအုပ်တစ်အုပ်အဖြစ် ရှိနေပေသည်။ မနုဿလူသားအား ဤသည့်ဓမ္မစစ်တရားကို အသိပေးခြင်းသည်ပင် ကုရ်အာန်၏ အဓိက ရည်ရွယ်ချက်ဖြစ်သည်။ ဤသည်ပင်လျှင် ကုရ်အာန်၏ အဓိကစကားအိမ်ပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် လူသားအား အစဉ်ထာဝရအဖန်ဆင်းခံတစ်ခုအဖြစ် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက်တစ်ဖန် သူ၏ ရှင်သန်မှုကာလကို နှစ်ပိုင်းခွဲခြမ်းပေးတော်မူလိုက်သည်။ ထိုနှစ်ပိုင်းအနက် အလွန်အင်မတန်မှ နည်းပါးတို့တောင်းသောအပိုင်းကို မသေဆုံးမီအလျင် ထားတော်မူခဲ့ပြီး အလွန်ရှည်လျားများပြားလှသည့် ကာလကြီးကိုမူ ကွယ်လွန်ပြီးနောက်ကာလတွင် ထားတော်မူခဲ့သည်။ မကွယ်လွန်မီကာလသည် စမ်းသပ်ကာလပင်ဖြစ်သည်။ ကွယ်လွန်ပြီးနောက်ကာလသည်ကား စမ်းသပ်ခဲ့သည့်အတိုင်း အကောင်း၊ အဆိုးရလဒ်များ ခံစားရမည့်

ကာလ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်သည် ဘဝ၏ ဤမမွစစ်သဘောတရားကို မိတ်ဆက်ပေးသည့်ကျမ်းစာအုပ်အနေနှင့် ရှိနေ၏။

ရှုထောင့်တစ်ခုက ကြည့်မည်ဆိုလျှင် ကျမ်းမြတ်ကုရ်အာန်သည် ကျေးဇူးတော်ရှင်၏ ကျေးဇူးတော်များကို အမှတ်ရစေသည်။ အရှင်မြတ်သည် လူသားကို ထူးခြားလှသောအရည်အချင်းများဖြင့် ဖန်ဆင်းတော်မူသည်။ ထို့နောက် အသက်ရှင်သန်နေထိုင်နိုင်ရန် လိုအပ်သည့် အထောက်အပံ့များနှင့် ပြည့်စုံသည့် ကမ္ဘာဂြိုလ်ပေါ်တွင် နေထိုင်စေတော်မူ၏။ ကုရ်အာန်၏ အဓိကရည်ရွယ်ချက်မှာ လူသားသည် ထိုကျေးဇူးတော်များမှ အကျိုးခံစားပြီး ကျေးဇူးတော်ရှင်ကို သတိရနေစေရန်နှင့် ထိုကျေးဇူးတော်များ၏ ဖန်ဆင်းရှင်ကို လက်ခံယုံကြည်ရန်ပင် ဖြစ်သည်။ ကျေးဇူးတော်များကို အကျိုးခံစားရင်း ကျေးဇူးတော်ရှင်ကို လက်ခံယုံကြည်ခြင်းနှင့် ထိုကျေးဇူးတော်ရှင်၏ တောင်းဆိုချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းကသာလျှင် ထာဝရဂုဏ်သိအောင်လက်မှတ်ဖြစ်သည်။ ကျေးဇူးတော်များကို အသုံးပြုနေရင်း ကျေးဇူးတော်ရှင်ကို မေ့ပစ်လိုက်ခြင်းသည် လူသားကို ငရဲနှင့်သာ ထိုက်တန်စေပါသည်။ ကုရ်အာန်ကျမ်းမြတ်သည် စင်စစ်တွင် ထိုရည်ရွယ်ချက်ကြီးကို မီးမောင်းထိုးပြနေပါသည်။

ကျမ်းမြတ်ကုရ်အာန်ကို အသင်ရွတ်ဖတ်ကြည့်မည်ဆိုလျှင် ဤသည် အလွှာဟ်အရှင်မြတ် ချပေးသည့်ကျမ်းဖြစ်သည်ဟူသော မိန့်ခွန်းချက်ကို ကြိမ်ဖန်များစွာ တွေ့ရမည်။ အပေါ်ယံကြည့်လျှင်မူ "အလွှာဟ်စကားတော်" ဟူသော စကားလုံးသည် သာမန်ဟု ထင်ရမည်။ သို့သော် လေးလေးနက်နက် ဆင်ခြင်သုံးသပ်ကြည့်သောအခါ ဤစကားသည် အလွန်ထူးဆန်းသောစကားဖြစ်ကြောင်း တွေ့ရမည်။ ကမ္ဘာမြေပထဝီတွင် လူအများက မြင့်မြတ်သောကျမ်းဟု ယုံကြည်လက်ခံထားသည့် ကျမ်းပေါင်း မြောက်မြားစွာ ရှိသည်။ သို့သော် ကုရ်အာန်မှအပ မည်သည့်ဘာသာရေးကျမ်းမှာမှ "ဤသည် ဘုရားသခင်၏ စကားတော် ဖြစ်သည်" ဟူသော စကားရပ်ကို တွေ့ရမည်မဟုတ်ပေ။ ထိုစကားရပ်မျိုးကို ကျမ်းမြတ် ကုရ်အာန်တွင်သာ ထူးထူးခြားခြား တွေ့ရပေလိမ့်မည်။ ထိုစကားရပ်က စာဖတ်သူကို စမှတ်တစ်ခု ပေးလိုက်ခြင်း ဖြစ်သည်။ ထိုစမှတ်မှာ ဤကျမ်းသည် လောကရှိ အခြားသောကျမ်းများနှင့်မတူ၊ ထူးထူးခြားခြား လေ့လာရမည့်ကျမ်းပင် ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်၏ တင်ပြပုံမှာလည်း တစ်မူထူးခြားသော တင်ပြပုံ မျိုးဖြစ်သည်။ လူရေးကျမ်းအားလုံးသည် အရာဝတ္ထုအကြောင်းအရာများကို က မှ အ အထိ အစဉ်လိုက်တင်ပြပုံမျိုးနှင့် ရေးသားတင်ပြကြသည်။ သို့သော် ကျမ်းမြတ် ကုရ်အာန်တွင်မူ ထိုအရေးအသားမျိုး မပါရှိပေ။ ထို့ကြောင့် လူအများစုက သာမန် ကာလျှံကာ ကျမ်းမြတ်ကုရ်အာန်သည် အစီအစဉ်မကျသောစာအုပ်ဟု ထင်မှတ်ကြ လိမ့်မည်။ စင်စစ်တွင် လေးလေးနက်နက် ကြည့်သောအခါ ကုရ်အာန်သည် အလွန်မှ အစီအစဉ်ကျပြီး အံမခန်းချိတ်ဆက်မိနေသည်ကို တွေ့ရမည်။ ကုရ်အာန်၏ တင်ပြပုံသည် ဇကရာဇီဘုရင်၏ တင်ပြပုံမျိုး ခမ်းခမ်းနားနား ထည်ထည်ပါပါရှိလှ သည်ဟု ဆိုလျှင် မှန်ပေလိမ့်မည်။ ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ရွတ်သောအခါ ကျမ်းရှင်သည် အလွန်မြင့်စွင့်သောနေရာမှနေ၍ လူခပ်သိမ်းကို ကြည့်နေသည်၊ လူခပ်သိမ်းသည် ထိုအရှင်၏ အရှုတ်အောက်တွင် ရှိနေသည်ဟု ထင်မှတ်ရ သည်။ အရှင်မြတ်သည် မိမိ၏ မြင့်မြတ်သောနေရာမှ လူသားအားလုံးကို စကား ပြောနေသည်။ ထိုသို့စကားပြောရာတွင် စကားဦးသည် တစ်ခါတစ်ရံ အုပ်စုတစ်စု ဘက် လှည့်ပြီး တစ်ခါတစ်ရံ နောက်အုပ်စုတစ်စုဆီ လှည့်သွားသည်။

ကုရ်အာန်ကျမ်းမြတ်၏ ထူးခြားချက်တစ်ရပ်မှာ စာဖတ်သူသည် အချိန် တိုင်းတွင် ကျမ်းရှင်နှင့် ဆက်သွယ်နိုင်သည်၊ တိုင်ပင်ဆွေးနွေးနိုင်သည်။ ကုရ်အာန် ကျမ်းရှင်သည် အလွှာဟ်ဖြစ်သည်။ ထိုအရှင်သည် အမြဲရှင်နေတော်မူသည်။ အရှင်မြတ်သည် လူခပ်သိမ်းကို ဝန်းရံထားလျက်ရှိသည်။ အရှင်မြတ်သည် လူသား ၏ စကားကို တိုက်ရိုက် နားထောင်ပြီး ပြန်ကြားတော်မူသည်။ ထို့ကြောင့် ကုရ်အာန် ဖတ်ရွတ်သူသည် အချိန်မရွေး အရှင်မြတ်နှင့် ဆက်သွယ်နိုင်သည်။ အရှင်မြတ်ထံမှ လိုအပ်ချက် တောင်းခံနိုင်သည်။

မီဒီယာနည်းလမ်းတစ်ခုတည်းဖြင့်သာ ကုရ်အာန်ကို သိခွင့်ရသူများက ကုရ်အာန်သည် ဂျိဟားဒ်စာအုပ်ဖြစ်သည်ဟု ထင်မှတ်သွားကြသည်။ သူတို့၏ အသိတွင်လည်း ဂျိဟားဒ်ဟူသည် အကြမ်းဖက်သောနည်းဖြင့် မိမိ၏ ရည်ရွယ်ချက် ကို ရယူနည်းဟူ၍ ဖြစ်သည်။ ဤသည် အထင်မှားယွင်းမှုသာ ဖြစ်ပေသည်။ သို့သော် မည်သူမဆို ကုရ်အာန်ကျမ်းမြတ်ကို မိမိဘာသာ တိုက်ရိုက် ဖတ်ရွတ်လာ ပါက ကုရ်အာန်သည် အကြမ်းဖက်မှုနှင့် လားလားမျှ မပတ်သက်ကြောင်း၊

ကုရ်အာန်သည် ငြိမ်းချမ်းရေးအတိုဖြစ်ကြောင်း အလွယ်တကူပင် နားလည်သဘော ပေါက်သွားပေမည်။

ကုရ်အာန်၏ လမ်းညွှန်ချက်များတွင် ဂျီဟားဒ်၏ အခန်းကဏ္ဍာတစ်ခု ပါဝင်သည်မှာ မှန်သည်။ ကုရ်အာန်က လမ်းညွှန်ထားသည့် ဂျီဟားဒ်မှာ ငြိမ်းချမ်းရေး အတွက် ကြိုးပမ်းအားထုတ်မှုကိုသာ ခေါ်ပေသည်။ အကြမ်းဖက်လုပ်ရပ်ကို မခေါ်ပေ။ ကုရ်အာန်တွင် ဂျီဟားဒ်ကို ဤသို့ ပုံဖော်ထားသည်။

وَجَاهِدْهُمْ جِهَادًا كَبِيرًا

"သူတို့အား ဤကုရ်အာန်ကျမ်းမြတ်ဖြင့် အကြီးအကျယ် ဂျီဟာဒ်လုပ်ပါ။"

(ကုရ်အာန် 25:52)

အာယသ်တော်တွင် ကုရ်အာန်ဖြင့် ဂျီဟားဒ်လုပ်ရန် ညွှန်ကြားထား တော်မူသည်။ ကုရ်အာန်သည် စဉ်းစားသုံးသပ်ရသောကျမ်းသာ ဖြစ်၍ လက်နက် မဟုတ်သည်မှာ ထင်ရှားနေသည်။ ကုရ်အာန်သည် အလွှာဟ်အရှင်မြတ်၏ အတွေးအမြင်စနစ်ကို မိတ်ဆက်သည်။ ဤအာယသ်တော်မှတစ်ဆင့် ကုရ်အာန်၏ ဂျီဟားဒ်သဘောတရားကို ရှင်းလင်းစွာ သိရသည်။ ကုရ်အာန်အရ ဂျီဟားဒ်ဟူသည် ငြိမ်းချမ်းစွာ ကြိုးပမ်းအားထုတ်မှုစနစ်ကို ခေါ်ဆိုသည်။ ထိုကြိုးပမ်းမှုစနစ်၏ ရည်ရွယ်ချက်မှာလည်း ကုရ်အာန်၏ သတင်းစကားများ စိတ်နလုံးအတွင်း ဝင်ရောက်ရေးဖြစ်သည်။ **(ကုရ်အာန် 4:63)**

ထိုအာယသ်တော်အရ ကုရ်အာန်က တောင်းဆိုသောစကားမှာ ထိရောက်သောစကား ဖြစ်သည်။ ဆိုလိုသည်မှာ လူတို့၏ အသိဉာဏ်ကို ထိရှသောစကား၊ လူတို့၏ စိတ်နလုံးကို အေးမြစေသောစကား၊ ကုရ်အာန်၏ မှန်ကန်မှုကို လူအများ ယုံကြည်လာစေသောစကား၊ လူတို့၏ အတွေးအခေါ်များကို ပြောင်းလဲပစ်နိုင်သောစကားမျိုး ဖြစ်ရမည်။ ဤသည် ကုရ်အာန်၏ အဓိက လုပ်ငန်းစဉ်ဖြစ်သည်။ ဤသို့သော လုပ်ငန်းစဉ်မျိုးကို အထောက်အထားဖြင့်သာ လုပ်၍ ရသည်။ အကြမ်းဖက်နည်း၊ လက်နက်နှင့် တိုက်ခိုက်ခြင်းနည်းများဖြင့် ထိုရည်ရွယ်ချက်ကို မရနိုင်ပေ။

ကုရ်အာန်ထဲတွင် တိုက်ခိုက်ရန် ခွင့်ပြုထားသော အာယသ်တော်များ ပါရှိသည်မှာလည်း အမှန်ပင်ဖြစ်သည်။ သို့သော် ဤအာယသ်တော်များသည်

တိုက်ပွဲဖြစ်ပွားနေသော အခြေအနေအတွက်သာ ဖြစ်သည်။ တိုက်ပွဲအခြေအနေတွင် ခုခံကာကွယ်ရန်အတွက် ဖြစ်သည်။ ခုခံတိုက်ခိုက်ခြင်းမှအပ အစွမ်းလာမ်တွင် အခြားသောစစ်ပွဲ မပြုပိုင်ပေ။ ခုခံတိုက်ခိုက်ခြင်းကိုလည်း အာဏာရှိ အစိုးရကသာ ပြုလုပ်နိုင်ပေသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဂျိုဟားဒ်လုပ်ဆောင်ပိုင်ခွင့် မရှိပေ။

ကုရ်အာန်ကို နားလည်ရန်အတွက် နောက်ထပ်အရေးကြီးသော အချက်တစ်ချက်မှာ ကုရ်အာန်သည် ဥပဒေကျမ်း မဟုတ်ပေ။ ကုရ်အာန်သည် ဒအ်ဝတ်ဖိတ်ခေါ်သောကျမ်း ဖြစ်သည်။ ကုရ်အာန်၏ စကားပြောဟန်သည် ဥပဒေကျမ်းရေးသားဟန်မဟုတ်ပေ။ ဒအ်ဝတ် ဖိတ်ခေါ်ဟန်သာ ဖြစ်သည်။ ဥပဒေစကားသည် သတ်မှတ်ပြဋ္ဌာန်းသော စကားဖြစ်သည်။ ဥပဒေအရေးအသားတွင် အရာဝတ္ထုများ၏ အပေါ်ယံစကားလုံးများသာ အဓိက ဖြစ်သည်။ ဒအ်ဝတ်ဖိတ်ခေါ်မှုတွင်မူ ထိုသို့မဟုတ်။ ဒအ်ဝတ်ဖိတ်ခေါ်မှုတွင် စကားလုံး၏ အနက်သဘောကို ပို၍ ဦးစားပေးသည်။ ဒအ်ဝတ်ဖိတ်ခေါ်မှုတွင် စကားလုံးများသည် ကြားခံအဆင့်သာ ဖြစ်ပြီး ဥပဒေဘာသာရပ်တွင် စကားလုံးများသည်သာ အဓိက အခရာကျသည်။

နောက်တစ်ချက်မှာ ဒအ်ဝတ်အရေးအသားတွင် လေးနက်မှုကို ဖော်ကျူးရန်အတွက် ပြင်းထန်သော အသုံးအနှုန်းကို သုံးသည်။ ဒအ်ဝတ်အရေးအသားတွင် တချို့သော အသုံးအနှုန်းများသည် အပေါ်ယံအားဖြင့် ပြင်းထန်သော်လည်း ထိုပြင်းထန်မှုသည် ဟိက္ကမသ် ဉာဏ်အမြော်အမြင်အပေါ် မူတည်ပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းမြတ်တွင် ပြင်းထန်သော စကားလုံးအသုံးအနှုန်းကို ကြည့်၍ ဤသည် ဥပဒေဘာသာရပ်အတွင်းက ပြင်းထန်သော အသုံးအနှုန်းပုံစံမျိုး ဖြစ်သည်ဟု မှတ်ယူခြင်းသည် ဉာဏ်ရည်နည်းပါးမှုသာ ဖြစ်ပေသည်။ ဤ အမြော်အမြင်၏ ရလဒ်မှာ ဒအ်ဝတ်ကဏ္ဍတွင် တချို့သောစကားရပ်များသည် ဥပဒေရွေထောင့်အရ ကြည့်လျှင် အလွန်ပြင်းထန်သည်ဟု ထင်ရသော်လည်း ဒအ်ဝတ်ဖိတ်ခေါ်ရေးရွေထောင့်မှ ကြည့်လျှင် မပြင်းထန်ပေ။ နှလုံးသားကို ကိုင်လှုပ်ရန်အတွက် သက်သက်သာ ဖြစ်သည်။ လူသား၏ စိတ်နှလုံးကို လှုပ်နှိုးရန်အတွက် ဖြစ်သည်။ သူ့ထဲတွင် မြုပ်ကွယ်နေသည့် ခံစားချက်များ သက်ဝင်လှုပ်ရှားလာစေရန်

ဖြစ်သည်။ ဥပမာတစ်ခုဖြင့် ရှင်းပြပါမည်။

တမန်တော်မြတ်(ဆ)ခေတ်တွင် ဗဒရ်စစ်ပွဲ(ဟိဂ်ရီ ၂ခုနှစ်မှာ) ဖြစ်ပွားခဲ့သည်။ ဤစစ်ပွဲကို ကိုယ်တော်က တွန်းလှန်သောအားဖြင့် ဆင်နွှဲခဲ့သည်။ ဤစစ်ပွဲ၌ ကိုယ်တော်က အနိုင်ရရှိခဲ့သည်။ စစ်ပြီးနောက် ကိုယ်တော်သည် ရန်သူ အယောက် ၇၀ ကို ဖမ်းဆီးရမိခဲ့သည်။ ထို့နောက် ဤသူများကို အကျဉ်းသားများအဖြစ် မဒီနာသို့ ခေါ်ဆောင်လာခဲ့သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်တွင် ဤအာယတ်တော် ကျရောက်ခဲ့သည်။

مَاكَانَ لِنَبِيٍّ أَنْ يَكُوْنَ لَهُ أَسْرَى حَتَّى يُثْخِنَ فِي الْأَرْضِ

(ကုရ်အာန် ၈း67) ဆိုလိုသည်မှာ မည်သည့်နဒီမဆို မြေပြင်တွင် ကောင်းစွာ သွေးစီးအောင် မလုပ်ရသေးဘဲ မိမိထံမှာ အကျဉ်းသားမထားသင့်ပေ ဟူ၏။

ဤအာယသ်တော်ရှိ စကားလုံးများအား ဥပဒေရှုထောင့်ဖြင့် အဓိပ္ပာယ် ကောက်ရမည်ဆိုလျှင် ဤသို့ဖြစ်မည်။ ဗဒရ်စစ်ပွဲမှ ဖမ်းဆီးရမိသော အကျဉ်းသားများကို မုချကွပ်မျက်ပစ်ရမည်ဟူ၏။ သိကြသည့်အတိုင်းပင်၊ ဤအာယသ်တော် ကျရောက်စဉ်က ဗဒရ်အကျဉ်းသားများသည် တမန်တော်လက်ထဲတွင် အပြည့်အဝ ရှိနေခဲ့ကြသည်။ ဤသို့သောအခြေအနေမျိုးတွင် ဤအာယသ်တော်သာ ဥပဒေ အဖြစ်ကျရောက်ပါမူ ဤသို့သော အသုံးအနှုန်းမျိုး ဖြစ်ပေလိမ့်မည်။ စစ်မြေပြင်မှ အသင်တို့ ဖမ်းဆီး၍ မဒီနာသို့ ဆောင်ယူလာသော အကျဉ်းသား ၇၀ ကို သူတို့၏ ပြစ်မှုကြောင့် ခေါင်းဖြတ်ကွပ်မျက်သင့်ပေသည်။ ထို့ကြောင့် သင်တို့သည် ယင်းတို့ကို ချက်ချင်း သုတ်သင်ရှင်းလင်းလိုက်ကြကုန်။ သို့သော်လည်း ကုရ်အာန် ထဲတွင် ဤသို့အာယသ်မျိုး မကျရောက်ခဲ့သကဲ့သို့ တမန်တော်ကိုယ်တိုင် ကလည်း ယင်းကို ဥပဒေဟု မှတ်ပြီး မကျင့်သုံးခဲ့ပေ။

ဤအကြောင်းအရာမှ ဤအာယသ်တော်သည် မိမိအပေါ်ယံစကားလုံး များသည် ထွက်နေသော အဓိပ္ပာယ်မဟုတ်ဘဲ အတွင်းအနက်သဘောကို သာ ဆိုလိုကြောင်း ထင်ရှားစွာ သိရပေသည်။ ပြင်းထန်သော စကားလုံး သုံးလိုက်ခြင်းသာ ဖြစ်ပြီး ထိုသို့သုံးနှုန်းရခြင်းအကြောင်းမှာ ဗဒရ်စစ်ပွဲ အကျဉ်းသားများ၏ စိတ်တွင် မိမိကိုယ်မိမိ ပြုပြင်လိုသည့် ဆန္ဒများ ဖြစ်ပေါ်လာစေရန်သာ ဖြစ်သည်။ တစ်နည်း ပြောရဦးမည်ဆိုလျှင် ထိုအာယတ်တော်တွင် ဖော်ပြထားသော အချက်မှာ ဥပဒေ

မဟုတ်ပေ။ ဟမ်မားရင်းစကား- ရိုက်ချက်ပြင်းထန်သောစကား (lauguage of hammering) သာဖြစ်သည်။ ဤအာယတ်တော်၏ သဘောမှာ အပြစ်သားတွေကို ပြုပြင်စေလိုသည့်သဘော ဖြစ်သည်။ သတ်ပစ်ရမည့်သဘော မဟုတ်ပေ။ သို့နှင့် ဤအကျဉ်းသားများထဲမှ မြောက်မြားစွာသောသူတို့သည် နောက်ပိုင်းတွင် အစွမ်းထက်ခံခဲ့ကြသည်။ နမူနာပြရလျှင် စုဟိုင်လ်ဗင်နှအမ်ရန့် အစရှိသူတို့ ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်၏ အကြောင်းခံဖြင့် သစ္စာတရားကို ရှာဖွေသူတို့ အား ကုရ်အာန်သည် ကျင့်သုံးရန် အဓိကကျသော အစီအစဉ်နှစ်ခုကို ပြသသည်။ ၁။ မိမိ ဘဝသက်တမ်းတွင် ဖန်ဆင်းရှင်၏ လမ်းညွှန်မှုအတိုင်း အပြည့်အဝလိုက်နာခြင်း။ ၂။ အခြားသူများကို ထိုအရှင်၏ လမ်းညွှန်မှုအကြောင်း အသိပေးခြင်း ဖြစ်သည်။ အရှင်မြတ်၏ လမ်းညွှန်မှုကို လိုက်နာခြင်းအစသည် မအ်ရိဖသ် (ဝါ) အရှင်မြတ်၏ စင်စစ်သဘောတရားကို ရှာဖွေခြင်း ဖြစ်သည်။ လူတစ်ဦးသည် ကုရ်အာန်ကျမ်းမြတ်၏ အကြောင်းခံဖြင့် သစ္စာတရားကို ရှာဖွေလျှင် သူ၏အတွင်း၌ အတွေးအခေါ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်သည်။ သူ့အတွေး ပြောင်းသွားသည်။ သူ၏ လိုလားခြင်း၊ မလိုလားခြင်းတို့၏ စံနှုန်းများ ပြောင်းလဲသွားသည်။ သူ့ဘဝအတွင်းမှသည် အပြင်သို့တိုင် အရှင်မြတ်၏ ပုံစံခွက်အသစ်ထဲတွင် သွန်းလောင်းပြီးသား ဖြစ်သွားသည်။

အရှင်မြတ်ကို သိခြင်း-မအ်ရိဖသ်ကိုအဓိပ္ပာယ်ဖွင့်ဆိုရလျှင် အရှင်မြတ်ကို သတိရတသခြင်း၊ ဆည်းကပ်ကိုးကွယ်ခြင်း၊ ကောင်းသောကိုယ်ကျင့်တရားနှင့် သက္ကဝါရှိသောဘဝသက်တမ်းမွေးမြူခြင်းတို့ဖြင့် ဖော်ပြနိုင်သည်။ သစ္စာတရားကို ရှာဖွေခြင်းဟူသည် Mechanical ရှာဖွေမှုမျိုးမဟုတ်။ ဘဝ၏ သဘောတရားအစစ်ကို ရှာဖွေခြင်း ဖြစ်သည်။ ဘဝ၏ သဘောတရားအစစ်ကို သိသွားသူသည် မိမိ၏ သဘာဝတွန်းအားဖြင့် သူသည် လူသစ်တစ်ဦးဖြစ်သွားလေသည်။ သစ္စာတရားကို ရှာဖွေခြင်းသည် လူသားအတွက် တကျော့ပြန်မွေးဖွားခြင်းပင် ဖြစ်သည်။ ဤသို့ အသစ်ပြန်လည် မွေးဖွားခြင်းသည် အလွန် သန်သောအပင်ကဲ့သို့ ဖြစ်သည်။ ယင်းအပင်သည် တိုးချဲ့သာနေသည်။ သူ၏တိုးတက်ခြင်းသည် အဆုံးမရှိတော့ပေ။

ကုရ်အာန်၏ အကြောင်းခံဖြင့် သစ္စာတရားကို ရှာဖွေသူများ ကျင့်သုံးရ

မည့်အစီအစဉ်၏ ဒုတိယအပိုင်းမှာ ကုရ်အာန်ထဲတွင် ဒအ်ဝတ်အိုလလ္လာဟ် ဟု ဖော်ပြထားသည့်အရာပင် ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်၏ စစ်မှန်သောတရား အကြောင်း အခြားသူများကို အသိပေးခြင်း ဖြစ်သည်။ ဤဖိတ်ခေါ်မှုအလုပ်သည် အလွန်အရေးပါသော အလုပ်တစ်ခုဖြစ်သည်။ အပြည့်အဝ စွန့်လွှတ်စတေးမှုကို လိုအပ်သည်။ ဤရှုထောင့်ကြောင့်ပင် သူ့ကို ဂျေဟားဒ်ဟုလည်း ပြောသည်။

ဂျေဟားဒ်သည် ကုရ်အာန်အရ နိုင်ငံရေးမဆန်သော လုပ်ရပ်တစ်ခုသာ ဖြစ်သည်။ ဒအ်ဝတ်ဂျေဟားဒ်၏ ပစ်မှတ်မှာ လူ၏ စိတ်နှင့် ဦးနှောက်ကို ပြောင်းလဲစေရန်ဖြစ်သည်။ စိတ်နှင့် ဦးနှောက်၏ ပြောင်းလဲမှုသည် ငြိမ်းချမ်းသော ပို့ချမှုတို့ဖြင့်သာ ဖြစ်နိုင်သည်။ မည်သည့် ကြမ်းတမ်းသောနည်းနှင့်မျှ မရနိုင်ပါ။

ကုရ်အာန်က အလိုရှိသော လူသားမှာ **(ကုရ်အာန် 3:79)** အရှင့်အတွက်ဖြစ်သော လူသားဖြစ်သည်။ ဆိုလိုသည်မှာ လောကတွင် အရှင်မြတ်အတွက်ဖြစ်သော၊ အရှင့်ဘက်လှည့်သောဘဝမွေးမြူသည့် လူသားဖြစ်ရမည်။ အရှင့်အတွက်ဖြစ်သောလူသား ဖြစ်နည်းကို **(ကုရ်အာန် 2:129)**တွင် သက်ဇ်ကိယာဟု သုံးထားပါသည်။ ကျမ်းမြတ်ကုရ်အာန်အရ ဂျန္နသ်သည် ဤလောကတွင် မိမိကိုယ်ကို သက်ဇ်ကိယာလုပ်သူတို့အဖို့သာ ဖြစ်သည်။ မိမိကိုယ်ကိုယ် သန့်ပြန့်အောင်လုပ်ပြီး ရှေ့လောကသို့ ဝင်ရောက်သွားသူတို့အဖို့ ဖြစ်သည်။ **(ကုရ်အာန် 20:79)**

သက်ဇ်ကိယာ၏ အဓိပ္ပာယ်မှာ သန့်ပြန့်အောင် လုပ်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ မိမိကိုယ်ကို မလိုလားအပ်သော အရာများမှ သန့်စင်အောင်လုပ်ခြင်း ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် သန့်စင်အောင်လုပ်သော ဤအလုပ်သည် အဆက်မပြတ်ဖြစ်ရမည့် အလုပ်ဖြစ်သည်။ ဘယ်တော့မှ အဆုံးမသတ်ပေ။ ကုရ်အာန်ကို ယုံသူတစ်ဦးထဲတွင် ဤအလုပ်သည် နောက်ဆုံးထွက်သက်အထိ ဖြစ်နေသည်။

အစတွင် လူတိုင်းသည် မွေးကတည်းက မှန်ကန်သော သဘာဝအပေါ် ရှိသည်။ သို့သော်လည်း လောကဘဝတွင် နေ့စဉ် သူ၏ သဘာဝအပေါ် အနှတ်လက္ခဏာဆောင်သော အစွန်းအထင်းများ ပေကျံကုန်သည်။ ဒေါသ၊ အမုန်းအာဃာတ၊ ဝန်တိုမှု၊ လောဘကြီးမှု၊ အစွဲကြီးမှု၊ မာန်ထောင်မှု၊ မဝန်ခံမှု၊ လက်စားချေမှု ဤအရာအားလုံးသည် ထိုအစွန်းအထင်းများသာ ဖြစ်သည်။ ယင်းတို့သည်

လူသား၏ သဘာဝကို ညစ်ပေအောင် လုပ်သည်။ ဤအခြေအနေမျိုးတွင် လူသားသည် မိမိကိုယ်ကိုယ် ဆန်းစစ်ခြင်းဖြင့် သက်ဇကီယာ သန့်စင်အောင်လုပ် နေရမည်။ ညစ်ပေသွားသော မိမိကို သဘာဝအတိုင်း ပြန်ဖြစ်အောင် လုပ်နေရမည်။ လူတိုင်းကို သူ၏ ပတ်ဝန်းကျင်က ပုံစံခွက်တစ်ခုထဲ ထည့်လိုက်သည်။ ယခု လူတိုင်း လုပ်ရမည့်အလုပ်မှာ သူသည် မိမိကိုယ်ကိုယ် ပြန်လည်၍ သဘာဝလူသား ဖြစ်အောင် လုပ်ရမည်။ ထိုသဘာဝလူသားကိုပင် ကုရ်အာန်အရ အမည်ပေးရလျှင် အရှင့်အတွက်ဖြစ်သွားသောလူသား (ရဗ္ဗာနီ အင်နှစ်စာန်) ဟု ခေါ်ပေသည်။

ဝဟီဒုဒ်ဒီးန်
နယူးဇေလီ ၃ ဂျွန် ၂၀၁၀

၁။ ဗုရပ်ဖာသိဟပ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ချီးမွမ်းခြင်းအပေါင်းသည် လောကခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူ သော အလ္လာဟ်အဖို့သာ ဖြစ်သည်။ **၂။** အရှင်မြတ်သည် အလွန်ကရုဏာကြီးမား တော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။ **၃။** မျှတစွာ စီရင် မည့်နေ့ကို စိုးပိုင်တော်မူသောအရှင်ဖြစ်သည်။ **၄။** ကျွန်ုပ်တို့သည် အရှင့်ကိုသာ ခဝပ်ဆည်းကပ်ကြပါသည်။ အရှင့်ထံမှသာလျှင် အကူအညီတောင်းခံကြပါသည်။ **၅။** ကျွန်တော်မျိုးတို့ကို လမ်းမှန်ပြသတော်မူပါ။ **၆။** အရှင်မြတ်ကျေးဇူးပြုထားသော သူတို့၏လမ်းကိုပါ။ **၇။** အရှင်မြတ်၏ အမျက်တော်ရှသူတို့၏ လမ်းမဟုတ်ပါ။ လမ်းလွဲ သူတို့၏ လမ်းလည်းမဟုတ်ပါ။

၂။ ဗုရပ်ဗကရပ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလစ်ဖ်၊ လားမ်၊ မီးမ်။ **၂။** ဤသည် အလ္လာဟ်၏ ကျမ်းဂန်ဖြစ်သည်။ ယင်း၌ သံသယအလျှင်းမရှိ။ အကြောက်တရားထားသူတို့ကို တရားလမ်းမှန်ပြ သည်။ **၃။** သူတို့သည် မမြင်တွေ့ရဘဲ ယုံကြည်ကြသူများ၊ ပွလာသ်ဆောက်တည်ကြ သူများ၊ ငါအရှင်ချီးမြှင့်ထားသည့်အရာများမှ သုံးစွဲကြသူများ ဖြစ်သည်။ **၄။** သူတို့သည် အသင့်အပေါ် ချပေးခံရသည့်အရာနှင့် အသင့်ထက်အလျှင် ချပေးခံရ သည့်အရာတို့ကို ယုံကြည်ကြသည့်အပြင် နောင်တမလွန်ကို ယုံကြည်ကြသူများ လည်းဖြစ်သည်။ **၅။** သူတို့သာလျှင် မိမိတို့၏ အရှင်သခင်ထံမှ လမ်းမှန်ကို ရရှိကြပြီး

သူတို့သာလျှင် အောင်မြင်သူများ ဖြစ်ကြသည်။

၆။ ငြင်းပယ်သူများကိုမူကား အသင်နှိုးဆော်သည်ဖြစ်စေ၊ မနှိုးဆော်သည်ဖြစ်စေ မထူးခြားပေ။ လက်ခံကြမည်မဟုတ်။ **၇။** အလ္လာဟ်က သူတို့၏ စိတ်နှလုံးများနှင့် နားများအပေါ် တံဆိပ်ခတ်နှိပ်လိုက်ပြီ။ သူတို့၏မျက်လုံးများအပေါ် တွင် အကာအဆီးရှိနေသည်။ ထို့ပြင် သူတို့အဖို့ ကြီးမားသောပြစ်ဒဏ် ရှိသည်။

၈။ လူတို့တွင် ကျွန်ုပ်တို့သည် အလ္လာဟ်နှင့် တမလွန်နေ့ကို ယုံကြည်ကြပါသည်ဟု ပြောသူများလည်း ရှိသည်။ အမှန်တွင် သူတို့သည် ယုံကြည်သူများ မဟုတ်ကြပေ။ **၉။** သူတို့သည် အလ္လာဟ်နှင့် မုအ်မင်န်တို့ကို လှည့်ဖြားလိုကြသည်။ သို့ရာတွင် သူတို့သည် ကိုယ့်ကိုယ်ကိုယ် လှည့်ဖြားနေကြခြင်းသာဖြစ်သည်။ ဤသည်ကို သူတို့ မသိကြပေ။ **၁၀။** သူတို့၏ စိတ်များအတွင်းဝယ် ရောဂါရှိနေပြီဖြစ်ရာ အလ္လာဟ်က ထိုရောဂါကို ပိုတိုးစေလိုက်သည်။ ထို့ပြင် သူတို့သည် လိမ်လည်ပြောဆိုလေ့ရှိကြသောကြောင့် သူတို့အဖို့ နာကျင်ဖွယ် ပြစ်ဒဏ်လည်းရှိသည်။ **၁၁။** သူတို့ကို "အသင်တို့ မြေပထဝီတွင် ဖျက်လိုဖျက်ဆီး မလုပ်ကြနှင့်"ဟု ပြောဆိုသောအခါ သူတို့က "ကျွန်ုပ်တို့သည် ပြုပြင်သူများသာ ဖြစ်သည်"ဟု အဖြေပေးကြသည်။ **၁၂။** သတိပြုကြကုန်။ သူတို့သာလျှင် ဖျက်လိုဖျက်ဆီးပြုလုပ်သူများ ဖြစ်သည်။ သို့ရာတွင် သူတို့ နားမလည်ကြပေ။ **၁၃။** ထို့ပြင် သူတို့ကို "အသင်တို့သည် အခြားသူများ ယုံကြည်ကြသကဲ့သို့ ယုံကြည်ကြပါ"ဟု ပြောဆိုသောအခါ "ငါတို့သည် အသိဉာဏ်မဲ့သူများ ယုံကြည်ကြသကဲ့သို့ ယုံကြည်ရမည်လော"ဟု ပြောဆိုကြသည်။ သတိပြုကြကုန်။ သူတို့သာလျှင် အသိဉာဏ်မဲ့သူများ ဖြစ်ကြသည်။ သို့သော် သူတို့ မသိကြပေ။ **၁၄။** သူတို့သည် မုအ်မင်န်များနှင့် တွေ့ဆုံကြသောအခါ ကျွန်ုပ်တို့လည်း အီမာန်ယူထားပြီးပြီဟု ပြောကြသည်။ ထို့နောက် သူတို့၏ ရှိုင်သွာန်များ ထိုင်ပိုင်းသို့ ရောက်ကြသောအခါ ငါတို့သည် အသင်တို့နှင့်အတူတူ ရှိသည်၊ ငါတို့ သည် သူတို့ကို ပြက်ရယ်ပြုခြင်းမျှသာဖြစ်သည်ဟု ပြောဆိုကြလေသည်။ **၁၅။** အလ္လာဟ်ကလည်း သူတို့ကိုပြက်ရယ်ပြုနေတော်မူသည်။ ထို့ပြင် သူတို့ကို မိုက်မဲ မှုအတွင်း တဝဲလည်လည်ဖြစ်အောင် လှန်ထားတော်မူသည်။

၁၆။ လမ်းမှားကို လမ်းမှန်ဖြင့် လဲလှယ်ဝယ်ယူလိုက်ကြသူများမှာ ထိုသူများပင်။ သို့ရှိရာ သူတို့၏ ရောင်းဝယ်မှုသည် အကျိုးအမြတ်မရှိသည့်အပြင် သူတို့သည် လမ်းမှန်ရရှိသူများ လည်း မဟုတ်ကြတော့ပေ။

၁၇။ သူတို့၏ ပမာသည် ဤသို့ဖြစ်သည်။ လူတစ်ဦးသည် မီးမွေးဖို၏။ မီးက ဘေးပတ်ဝန်းကျင်ကို ထိန်လင်းစေလိုက်သောအခါ အလ္လာဟ်က သူတို့၏ စက္ခု အလင်းကို သိမ်းယူတော်မူပြီး အမှောင်ထုများတွင် စွန့်ပစ်တော်မူလိုက်ရာ ဘာကိုမျှ မမြင်တွေ့ကြရတော့ပေ။ **၁၈။** သူတို့သည် နားပင်းသူများ၊ ဆွံ့အသူများ၊ မျက်ကန်းများ ဖြစ်ကြပေရာ ပြန်လှည့်လာကြတော့ မည်မဟုတ်ခဲ့ချေ။ **၁၉။** သို့မဟုတ် သူတို့၏ပမာသည် ဤသို့ဖြစ်၏။ ကောင်းကင်မှ မိုးသည်းထန်စွာ ရွာသွန်းနေလျက်ရှိသည်။ မိုးတွင် အမှောင်ထုများ၊ မိုးချုန်းသံနှင့် လျှပ်ပြက်ခြင်းတို့ ပါရှိသည်။ သူတို့သည် မိုးချုန်းသံများကို ကြောက်၍ သေဘေးမှ လွတ်မြောက်ရန် လက်ချောင်းများကို မိမိတို့၏ နားများအတွင်း ထည့်သွင်းပိတ်ဆို့ထားကြသည်။ စင်စစ်တွင် အလ္လာဟ်သည် ငြင်းပယ်သူတို့ကို ဝန်းရံထားတော်မူလေ၏။ **၂၀။** လျှပ်ပြက်ရောင်သည် သူတို့၏ အမြင်အာရုံများကို သုတ်ယူသွားလုမတတ် ဖြစ်သည်။ လျှပ်ပြက်သည့်အခါတိုင်း သူတို့သည် အလင်းရောင်၌ လျှောက်လှမ်းကြပြီး အမှောင်လွှမ်းသွားသောအခါတွင်မူ ရပ်တန့်လိုက်ကြပြန်၏။ အကယ်၍ အလ္လာဟ်က သူတို့၏ နားများနှင့် မျက်စိများကို သိမ်းယူလိုလျှင် သိမ်းယူလိုက်ပေမည်။ ဇကန်စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းအပေါ် အလွန် စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်သည်။ **၂၁။** အို-လူအပေါင်းတို့၊ အသင်တို့သည် အပါယ်ဝရဲမှ လွတ်မြောက်ကြရန် မိမိတို့အား ဖန်ဆင်းမွေးမြူသည့်အရှင်ကို ခဝပ်ကိုးကွယ်ကြကုန်။ အရှင်မြတ်သည် အသင်တို့နှင့် အသင်တို့အလျင် ရှိခဲ့သူများကို ဖန်ဆင်းတော်မူခဲ့သည်။ **၂၂။** အရှင်မြတ်သည် အသင်တို့အတွက် ကမ္ဘာမြေပြင်ကို အခင်းအဖြစ်၊ မိုးကောင်းကင်ကို အမိုးအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ကောင်းကင်မှ မိုးရွာစေတော်မူပြီး ထိုရေဖြင့် သစ်သီးဝလံများကို အသင်တို့အတွက် စားနပ်ရိက္ခာအဖြစ် ပေါက်ရောက်စေတော်မူခဲ့သည်။ သို့ရှိရာ အသင်တို့သည် မည်သူကိုမျှ

အလ္လာဟ်နှင့်တန်းတူ မသတ်မှတ်ကြနှင့်။ စင်စစ်တွင် အသင်တို့ သိနားလည်ကြသည်။ ၂၃။ အသင်တို့သည် ငါအရှင်က မိမိ၏ အစေတော်ထံ ပို့ချပေးခဲ့သော ကုရ်အာန်နှင့် စပ်လျဉ်း၍ သံသယဖြစ်ကြလျှင် ယင်းနှင့်တူသော ကဏ္ဍာတစ်ခုခုကို ယူဆောင်လာကြကုန်။ ထို့ပြင် အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် အလ္လာဟ်မှလွဲ၍ အခြားကူညီမည့် သူများကိုလည်း ခေါ်ဆောင်လာကြကုန်။ ၂၄။ အသင်တို့သည် မပြုလုပ်နိုင်ခဲ့လျှင်၊ ထို့ပြင် လုံးဝ ပြုလုပ်နိုင်ကြမည်လည်း မဟုတ်ပေ။ သို့ရှိရာ လူသားနှင့် ကျောက်တုံးများ လောင်စာဖြစ်မည့် မီးကို ကြောက်ရွံ့ကြကုန်။ ထိုမီးကို ငြင်းပယ်သူများအတွက် အသင့်ပြင်ဆင်ထားသည်။ ၂၅။ ထို့ပြင် အီမာန်ယုံကြည်ပြီး ကောင်းမှုပွားများကြသူတို့အား အောက်ခြေတွင် စမ်းချောင်းများ စီးတွေ့နေသော ဥယျာဉ်များရမည့် အကြောင်း သတင်းကောင်းပါးလိုက်ပါ။ ယင်းဥယျာဉ်များမှ သစ်သီးဝလံတစ်စုံတစ်ခုကို ရိက္ခာအဖြစ် ရသည့် အခါတိုင်း "ဤသည်ကို ကျွန်ုပ်တို့ ယခင်ကရခဲ့ပြီး ဖြစ်သည်"ဟု သူတို့က ပြောကြမည်။ ထို့ပြင် သူတို့သည် တစ်ခုနှင့်တစ်ခု ပုံစံတူသော အသီးကို ရရှိကြမည်။ ထိုဥယျာဉ်တွင် သူတို့အတွက် စင်ကြယ်သော ကြင်ရာများလည်း ရှိလိမ့်မည်။ သူတို့သည် ထိုဥယျာဉ်တွင် ထာဝရနေထိုင်ကြရပေမည်။

၂၆။ အလ္လာဟ်သည် ခြင်ကောင်နှင့်ဖြစ်စေ၊ ထို့ထက်ပင် သေးနုတ်သော အရာနှင့်ဖြစ်စေ ပုံဆောင်ပြရသည်ကို ရှက်တော်မမူပေ။ အီမာန်ယုံကြည်သူတို့ကမူ ဤသည် မိမိတို့၏အရှင်မြတ်ထံမှ အမှန်တရားဖြစ်ကြောင်း သိရှိကြလေသည်။ ငြင်းပယ်သူများမှာမူကား အလ္လာဟ်သည် ဤပုံဆောင်ချက်ကို ဖော်ပြ၍ ဘာကို ရည်ရွယ်သနည်းဟု ပြောကြသည်။ စင်စစ်တွင် အလ္လာဟ်သည် ထိုပုံဆောင်ချက်ဖြင့် လူအမြောက်အများကို လမ်းလွဲစေတော်မူပြီး လူအမြောက်အများကို လမ်းမှန်သို့ ညွှန်ပြတော်မူလေသည်။ အမှန်မှာ အလ္လာဟ်သည် အမိန့်ဖီဆန်သူများကိုသာ လမ်းလွဲ စေတော်မူသည်။ ၂၇။ သူတို့သည် အလ္လာဟ်နှင့် ပဋိညာဉ်ပြုပြီးနောက်မှ ဖောက်ဖျက်ကြသူများ၊ အလ္လာဟ်က ဆက်သွယ်ရန် မိန့်တော်မူသည့်အရာများကို ဖြတ်တောက်ကြသူများနှင့် ကမ္ဘာမြေပေါ်တွင် ဖျက်လိုဖျက်ဆီး ပြုလုပ်ကြသူများဖြစ်

သည်။ ထိုသူများပင် ဆုံးရှုံးမည့်သူများ ဖြစ်ကြသည်။ **၂၈။** အသင်တို့သည် အဘယ်သို့ အလွှာဟ်အား ငြင်းပယ်ကြသနည်း။ စင်စစ်တွင် အသင်တို့သည် သက်မဲ့များဖြစ်ခဲ့ကြရာ အရှင်မြတ်ကပင် အသင်တို့ကို ရှင်စေတော်မူခဲ့သည်။ တစ်ဖန် အရှင်မြတ်သည် အသင်တို့ကို သေစေတော်မူမည်။ တစ်ဖန် ရှင်စေတော်မူမည်။ တစ်ဖန် အသင်တို့သည် ထိုအရှင့်ဘက်သို့ သာလျှင် လှည့်ပြန်ကြရပေမည်။ **၂၉။** ထိုအရှင်သာလျှင် ကွမ္ဘာမြေရှိ အရာခပ်သိမ်းကို အသင်တို့အတွက် ဖန်ဆင်းထားတော်မူ၏။ ထို့နောက် မိုးကောင်းကင်ဘက်သို့ လှည့်တော်မူပြီး မိုးခုနစ်ထပ်ကို နေသားတကျဖြစ်အောင် ပြုလုပ်တော်မူ၏။ အရှင်သည် အရာခပ်သိမ်းကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်သည်။

၃၀။ တစ်ခါတွင် အသင့်ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်က ကောင်းကင်တမန်တို့အား မိန့်၏။ ငါသည် ကွမ္ဘာမြေတွင် ကိုယ်စားလှယ်တစ်ဦးကို ဖန်ဆင်းတော်မူမည်။ ကောင်းကင်တမန်များက လျှောက်တင်ကြသည်။ အရှင်မြတ်သည် ကွမ္ဘာမြေတွင် ဖျက်လိုဖျက်ဆီးပြုလုပ်ကြပြီး သွေးထွက်သံယို လုပ်ကြမည့်သူများကို ဖန်ဆင်းတော်မူပါမည်လော။ စင်စစ် ကျွန်တော်မျိုးတို့သည် အရှင့်အား ထောမနာပြုနေကြပါသည်။ ထို့ပြင် အရှင်မြတ်သန့်ပြန့်စင်ကြယ်ကြောင်း ဖော်ကျူးနေကြပါသည်။ အလွှာဟ်က မိန့်တော်မူသည်။ အသင်တို့ မသိကြသည်ကို ငါအရှင် သိတော်မူသည်။ **၃၁။** ထို့ပြင် အလွှာဟ်က အာဒမ်ကို အမည်နာမအားလုံး သင်ပေးတော်မူပြီးနောက် ယင်းတို့ကို ကောင်းကင်တမန်များ၏ ရှေ့၌ ပြကာ မိန့်တော်မူ၏။ အကယ်၍ အသင်တို့သည် အမှန်ပြောဆိုသူများဖြစ်ကြလျှင် ငါ့အား ယင်းတို့၏ အမည်နာမများကို ပြောပြကြလော့။ **၃၂။** ကောင်းကင်တမန်များက လျှောက်ထား ကြသည်။ အရှင်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။ အရှင်မြတ် သင်ကြားပြသပေးထားသည်ကိုသာ ကျွန်တော်မျိုးတို့ သိရှိကြပါသည်။ ဇကန်စင်စစ် အရှင်သာလျှင်အလွန်သိတော်မူသော၊အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသော အရှင် ဖြစ်ပါသည်။ **၃၃။** အလွှာဟ်က မိန့်သည်။ အို-အာဒမ်၊ ကောင်းကင်တမန်တို့အား ထိုအရာများ၏ အမည်နာမများကို ပြောပြလော့။ သို့ရှိရာ အာဒမ်က

ၦင်းတို့အား ထိုအရာများ၏ အမည်နာမများကို ပြောပြလိုက်သော် အလွှာဟ်က မိန့်သည်။ "မုချဇကန် မိုးကောင်းကင်များနှင့် မြေပထဝီရှိ ဖုံးကွယ်နေသည်များကို ငါအရှင်သာလျှင် သိတော်မူသည်"ဟု အသင်တို့ကို ငါမိန့်ကြားခဲ့သည် မဟုတ်လော။ ထို့ပြင် အသင်တို့ ထုတ်ဖော်သောအရာနှင့် ဖုံးကွယ်သောအရာတို့ကိုလည်း ငါအရှင် သိရှိတော်မူလေသည်။

၃၄။ တစ်ခါတွင် ငါအရှင်သည် ကောင်းကင်တမန်များအား "အာဒမ်ကို စဂျဒဟ်ဦးချကြလော့"ဟု မိန့်တော်မူခဲ့ရာ ၎င်းတို့က စဂျဒဟ်ဦးချခဲ့ကြသည်။ သို့သော် အိဗ်လီးစ်ကမူ ဦးမချခဲ့ပေ။ သူက ငြင်းပယ်ခဲ့သည့်အပြင် မာနထောင်လွှားခဲ့သည်။ သူသည် ငြင်းပယ်သူတို့အနက်မှ ဖြစ်သွားခဲ့သည်။ **၃၅။** ထို့နောက် ငါအရှင်က မိန့်တော်မူသည်။ အိုး-အာဒမ်၊ အသင်နှင့်အသင်၏ဇနီးတို့သည် ဂျန္နသ်တွင် နေထိုင်ကြကုန်။ ဂျန္နသ်တွင် ကြိုက်နှစ်သက်ရာနေရာမှ အရသာရှိစွာ စားသုံးကြကုန်။ သို့သော် ဤသစ်ပင်အနီးသို့ မကပ်ကြလေနှင့်။ ကပ်လိုက်လျှင် အသင်တို့နှစ်ဦးသည် အပြစ်ကျူးလွန်သူများတွင် အပါအဝင်ဖြစ်သွားကြပေမည်။ **၃၆။** ထို့နောက် ရှိုင်သွန်သည် ထိုအပင်ဖြင့် သူတို့နှစ်ဦးကို ချွတ်ချော်အောင် ပြုလုပ်ခဲ့ပြီး လက်ရှိစံစားနေလျက်ရှိသောစည်းစိမ်မှ ထုတ်ပစ်ခဲ့သည်။ ထိုအခါ ငါအရှင်က မိန့်တော်မူ၏။ အသင်တို့ ဆင်းသွားကြကုန်။ အသင်တို့သည် တစ်ဦးနှင့် တစ်ဦး ရန်သူများ ဖြစ်ကြမည်။ ထို့ပြင် အသင်တို့အတွက် ကမ္ဘာမြေပြင်တွင် ကာလတစ်ခုထိ နေရာထိုင်ခင်းနှင့် အကျိုးခံစားခွင့်ရှိမည်။ **၃၇။** ထို့နောက် အာဒမ်သည် မိမိ၏ အရှင်ထံမှ စကားရပ်အချို့ကို သင်ယူလိုက်လေရာ အလွှာဟ်က သူ့အပေါ် ယိမ်းညွတ်တော်မူခဲ့သည်။ အရှင်မြတ်သည် ဝန်ချတောင်းပန်ခြင်းကို အလွန်လက်ခံတော်မူသောအရှင်၊ အလွန်သနား ကြင်နာတော်မူသောအရှင် ဖြစ်သည်။ **၃၈။** ငါအရှင်က မိန့်သည်။ အသင်တို့အားလုံး ဤနေရာမှ ဆင်းကြကုန်။ ထို့နောက် ငါအရှင့်ထံတော်မှ လမ်းညွှန်တစ်စုံတစ်ခု အသင်တို့ထံ ရောက်လာခဲ့လျှင် လမ်းညွှန်အတိုင်း လျှောက်လှမ်းကြသော သူတို့အဖို့ မည်သည့် စိုးရိမ်စရာမျှ ရှိမည်မဟုတ်။ ပူဆွေးသောကလည်း ရောက်ကြရမည်မဟုတ်။ **၃၉။** သို့သော်

ငါအရှင်၏လမ်းညွှန်ချက်ကို ငြင်းပယ်ပြီး ငါအရှင်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု စွပ်စွဲကြသူများသည် ငရဲဘုံသားများဖြစ်ကြမည့်အပြင် သူတို့သည် ထိုထဲတွင် ထာဝရနေကြရမည့်သူများ ဖြစ်သည်။

၄၀။ အို-အိစ္စရာအီလ်မျိုးနွယ်အပေါင်းတို့၊ အသင်တို့အပေါ် ငါအရှင်ပြုခဲ့သောကျေးဇူးတော်ကို သတိရကြလေကုန်။ ထို့ပြင် ငါအရှင်နှင့်ပြုထားသောကတိကို တည်ကြလေကုန်။ ငါအရှင်သည်လည်း အသင်တို့အား ပေးထားသောကတိကို တည်တော်မူမည်။ အသင်တို့သည် ငါအရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြလေကုန်။ **၄၁။** ထို့နောက် အသင်တို့ထံတွင်ရှိသည့်ကျမ်းကို ထောက်ခံပေးသည့် ငါအရှင်ချပေးတော်မူသော ကုရ်အာန်ကျမ်းကို ယုံကြည်ကြလေကုန်။ အသင်တို့သည် ထိုကျမ်းကို အားလုံးထက်အလျင် ငြင်းဆန်သူများ မဖြစ်ကြလေနှင့်။ ထို့ပြင် ငါအရှင်၏ အာယသ်တော်များကို အနည်းငယ်မျှသော တန်ဖိုးဖြင့် မရောင်းချကြနှင့်။ ထို့ပြင် ငါအရှင်ကိုသာလျှင် ကြောက်ရွံ့ကြလေကုန်။ **၄၂။** အသင်တို့သည် သိပါလျက် အမှန်ကို အမှားနှင့် ရောထွေးအောင် မလုပ်ကြနှင့်။ အမှန်ကို မဖုံးကွယ်ကြနှင့်။ **၄၃။** စွလာသ်တည်ဆောက်ကြကုန်။ ဇကာသ်ပေးဆောင်ကြကုန်။ ထို့ပြင် ဦးညွှတ်သူများနှင့်အတူ ဦးညွှတ်ကြကုန်။ **၄၄။** လူတို့အား ကောင်းမှုကိစ္စပြုရန် ညွှန်ကြားကြပြီး မိမိတို့ကိုယ်ကို မေ့လျော့နေကြသလော။ အသင်တို့သည် ကျမ်းဂန်ကို ဖတ်ရွတ်နေကြပါလျက် အဘယ်ကြောင့် နားမလည်ကြသနည်း။ **၄၅။** ခွန်အီတရားနှင့် စွလာသ်ဝတ်ပြုမှုကို အကြောင်းခံ၍ အကူအညီ တောင်းခံကြပါ။ ဇကန်စင်စစ် စွလာသ်ဝတ်ပြုမှုသည် အကြောက်တရားရှိသူများမှအပ ကျန်သူများအဖို့ အမှန်ပင် လေးလံခက်ခဲလှ၏။ **၄၆။** ထိုသူတို့သည် မိမိတို့၏အရှင်သခင်နှင့် တွေ့ဆုံရမည့်အကြောင်း၊ မိမိတို့သည် အရှင်မြတ်ထံသို့သာ ပြန်လည်သွား ကြရမည့်အကြောင်းကို ယုံကြည်သူများဖြစ်ကြပေသည်။

၄၇။ အို-အိစ္စရာအီလီမျိုးနွယ်အပေါင်းတို့၊ အသင်တို့အပေါ် ငါအရှင်ပြုခဲ့သောကျေးဇူးတော်နှင့် အသင်တို့ကို လောကသားအားလုံးထက် သာပိထူးခြားစေခဲ့သည့်အချက်ကို သတိရကြပါ။ **၄၈။** အသင်တို့သည် မည်သူကမျှ မည်သူ့အတွက်

အသုံးဝင်မည်မဟုတ်သော၊ မည်သူ့ထံကမျှ တစ်စုံတစ်ရာကြားဝင်အသနားခံပေးခြင်းကို လက်ခံခြင်းခံရမည်မဟုတ်သော၊ မည်သူ့ထံကမျှ အစားပေးခြင်းကို ယူမည်မဟုတ်သော၊ အကူအညီပေးခြင်းကို ခံကြရမည်မဟုတ်သောနေ့ (ကိယာမသ်)နှင့် စပ်လျဉ်းပြီး ကြောက်ရွံ့ကြကုန်။ **၄၉။** တစ်ခါတွင် ငါအရှင်သည် အသင်တို့အား ဖိရိအောင်နှစ်၏အခွေွအရံတို့ထံမှ ကယ်တင်ခဲ့၏။ သူတို့သည် အသင်တို့ကို ပြင်းထန်ရက်စက်သော ဘေးဒုက္ခဖြင့် ဒုက္ခပေးခဲ့ကြသည်။ အသင်တို့ ၏ သားယောကျ်ား လေးများကို လည်လိုးသတ်ဖြတ်ကြပြီး အမျိုးသမီးများကိုမူ အသက်ရှင်လျက် ထားခဲ့ကြ၏။ ဤသည် အသင်တို့၏အရှင်ထံမှ ကြီးလေးသော စမ်းသပ်မှုတစ်ရပ် ဖြစ်၏။ **၅၀။** တစ်ခါတွင် ငါအရှင်သည် ပင်လယ်ကို ခွဲ၍ အသင်တို့အား ကမ်းကူး စေခဲ့ပြီး ကယ်တင်တော်မူခဲ့သည်။ ထို့နောက် ဖိရိအောင်နှစ်၏ အခွေအရံများကို နစ်မြုပ်စေခဲ့သည်။ အသင်တို့မျက်စိရှေ့မှာပင် ဖြစ်ခဲ့သည်။ **၅၁။** တစ်ခါတွင် ငါအရှင်သည် မူစာနှင့် ညဉ့်ပေါင်းလေးဆယ် ပဋိညာဉ်ထားခဲ့သည်။ ထို့နောက် တစ်ဖန် အသင်တို့သည် သူနောက်ကွယ်တွင် နွားငယ်ကို ကိုးကွယ်ရာ အဖြစ် ပြုလုပ်ခဲ့ကြသည်။ အသင်တို့သည် မတရားသူများပင် ဖြစ်ကြသည်။ **၅၂။** တစ်ဖန် ထို့နောက်တွင်လည်း အသင်တို့သည် ကျေးဇူးသိတတ်ကြသူများ ဖြစ်လာစေရန် ငါအရှင်သည် ခွင့်လွှတ်တော်မူခဲ့သည်။

၅၃။ တစ်ခါတွင် ငါအရှင်မြတ်သည် အသင်တို့လမ်းမှန်တရားရကြစေရန် မူစာအား ကျမ်းဂန်နှင့် အမှန်အမှား ခွဲခြားဆုံးဖြတ်ပေးသောအရာကို ပို့ချပေးခဲ့သည်။ **၅၄။** တစ်ခါတွင် မူစာက မိမိ၏ မျိုးနွယ်ဝင်များအား ပြောကြားသည်။ "အို-ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့သည် နွားငယ်ကို ကိုးကွယ်ရာအဖြစ် ပြုလုပ်၍ မိမိတို့ကိုယ်ကို နှိပ်စက်ညှဉ်းပန်းခဲ့ကြပေပြီ။ သို့ဖြစ်ရာ အသင်တို့သည် မိမိတို့၏အရှင် ဘက်သို့ လှည့်ကြလေကုန်။ ထို့ပြင် မိမိတို့၏အပြစ်သားများကို မိမိတို့ကိုယ်တိုင် သတ်ဖြတ်ကြကုန်။ ဤသည် အသင်တို့အရှင်သခင်ထံပါးတွင် အသင်တို့အဖို့ ကောင်းမြတ်သော ကိစ္စဖြစ်သည်။" ထို့နောက် အလ္လာဟ်သည် အသင်တို့၏ ဝန်ချတောင်းပန်မှုကို လက်ခံတော်မူလိုက်သည်။ ဇကနစ်စ်စ် အရှင်မြတ်သာလျှင်

ဝန်ချတောင်းပန်မှုကို အလွန် လက်ခံတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်သည်။ **၅၅။** တစ်ခါတွင် အသင်တို့က "အို-မူစာ၊ ကျွန်ုပ်တို့သည် အလွှာဟ်ကို မျက်မြင်ကိုယ်တွေ့ မဖူးမြင်ရမချင်း အသင့်အား လုံးဝယုံကြည်ကြမည်မဟုတ်"ဟု ပြောခဲ့ကြသည်။ ထိုအခါ မိုးကြိုးလျှပ်စီးက အသင်တို့အား ဖမ်းဆီးကွပ်မျက်လိုက်သည်။ အသင်တို့ ကိုယ်တိုင် မျက်မြင်ဖြစ်ခဲ့ကြသည်။ **၅၆။** ထို့နောက်တစ်ဖန် အသင်တို့သည် ကျေးဇူးသိတတ်ကြသူများဖြစ်လာရန် အသင်တို့သေဆုံးသွားကြပြီးနောက်မှ ငါအရှင်သည် အသင်တို့ကို ပြန်လည်ရှင် ပြန်ထစေတော်မူခဲ့သည်။ **၅၇။** ငါအရှင်သည် အသင်တို့အပေါ် မိုးတိမ်များဖြင့် အရိပ်မိုးပေးတော်မူခဲ့သည်။ ထို့ပြင် အသင်တို့အပေါ် မန္နနှင့် စလ်ဝါကို ချပေးခဲ့သည်။ အသင်တို့ကို ငါအရှင်မြတ်ပေးသနားတော်မူထားသည့် သန့်ပြန့်သောအရာများမှ စားသောက်ကြပါ။ သူတို့သည် ငါအရှင်အား နစ်နာမှုတစ်စုံတစ်ရာ ပြုကြသည်မဟုတ်။ မိမိတို့ကိုယ်ကိုသာ နစ်နာအောင်ပြုလုပ်နေခဲ့ကြခြင်း ဖြစ်သည်။

၅၈။ တစ်ခါတွင် ငါအရှင်က မိန့်ခဲ့သည်။ "အသင်တို့သည် ဤမြို့သို့ ဝင်ရောက်ကြ၍ အလိုရှိရာနေရာမှ ဖောဖောသီသီ စားသောက်ကြကုန်။ ထို့ပြင် တံခါးပေါက်သို့ ဦးညွှတ်လျက် ဝင်ကြကုန်။ ထို့ပြင် အို-အရှင်၊ ကျွန်တော်မျိုးတို့၏ အပြစ်များကို ပလပ်ပေးတော်မူပါဟု ဖြွက်ဆိုကြကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ အပြစ်များကို ခွင့်လွှတ်ပေးတော်မူမည်၊ ထို့ပြင် ကောင်းမှုပြုသူများကို ပိုတိုး၍ ပေးတော်မူမည်"။ **၅၉။** သို့ရာတွင် သူတို့သည် မိမိတို့အား ပြောခဲ့သောစကားရပ်ကို အခြားစကားရပ်နှင့် ပြောင်းလဲခဲ့ကြသည်။ ထို့ကြောင့် ငါအရှင်သည် မတရားမှု ကျူးလွန်ကြသူတို့အပေါ် သူတို့၏ အမိန့်ဖီဆန်ခြင်းကြောင့်ပင် ကောင်းကင်မှ ပြစ်ဒဏ်ကို ချပေးခဲ့သည်။ **၆၀။** တစ်ခါတွင် မူစာက မိမိ၏ အမျိုးသားတို့အတွက် ရေတောင်းခံလေရာ ငါအရှင်က "သင်၏ တောင်ဝှေးဖြင့် ကျောက်တုံးပေါ် ရိုက်လော့" ဟု မိန့်တော်မူလေရာ ကျောက်တုံးသည် ကွဲအက်၍ စမ်းရေရောင်း ၁၂သွယ် ပန်းထွက်လာခဲ့လေသည်။ အုပ်စုတိုင်းသည် မိမိတို့ သောက်သုံးရမည့် နေရာကို သိရှိခဲ့ကြသည်။ အလ္လာဟ်၏ ရိက္ခာမှ စားကြ၊ သောက်ကြလေကုန်။

သို့ရာတွင် ကမ္ဘာမြေပြင်တွင် ဖျက်လိုဖျက်ဆီးပြုလုပ်သူများအဖြစ် လှည့်ပတ်မသွားကြလေနှင့်။ **၆၁။** တစ်ခါတွင် ပြောခဲ့ကြသည်။ အသင်တို့က အို-မူစာ၊ ကျွန်ုပ်တို့သည် အစားအစာတစ်မျိုးတည်းဖြင့် လုံးဝ သည်းမခံနိုင်ကြတော့ပါ။ ထို့ကြောင့် မိမိ၏ အရှင်ထံတွင် ကျွန်ုပ်တို့အဖို့ မြေမှ ပေါက်ရောက်သော ဟင်းသီးဟင်းရွက်များ၊ သခွားသီးများ၊ ဂျုံများ၊ ပဲများနှင့် ကြက်သွန်နီများကို ပေါက်ရောက်ပေးစေရန် ဆုတောင်းပေးပါ။။ ထိုအခါ မူစာက ပြောကြားသည်။ အသင်တို့သည် အလွန်ကောင်းမွန်သည့်အရာ တစ်ခုအစား ညံ့သောအရာတစ်ခုကို လဲလှယ်ရယူ လိုကြသလော။ မြို့ရွာတစ်ရွာရွာသို့ အသင်တို့ ဝင်ရောက်နေထိုင်ကြကုန်၊ အသင်တို့ တောင်းခံနေသည့်အရာကို မုချ ရရှိကြပေလိမ့်မည်။ ထို့နောက် သူတို့အပေါ်တွင် သေးသိမ်မှုနှင့် ဆင်းရဲနွမ်းပါးမှုကို ထည့်ပေးခြင်းခံရတော့သည်။ ထို့ပြင် သူတို့သည် အလ္လာဟ်၏အမျက်တော် သင့်သွားကြလေတော့သည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့သည် အလ္လာဟ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ် လေ့ရှိခဲ့ကြပြီး တမန်တော်များကိုလည်း မတရားသဖြင့် သတ်ဖြတ်ခဲ့ကြသော ကြောင့်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့သည် အမိန့်ဒီဆန်ခဲ့ကြသည့်အပြင် စည်းဘောင်အတွင်း မနေထိုင်ခဲ့ကြသည့်အတွက်ကြောင့်ပင် ဖြစ်သည်။

၆၂။ အမှန်မှာ အီမာန်ယုံကြည်သူများ၊ ယဟူဒီများ၊ ခရစ်ယာန်များနှင့် စွာဗီများအနက်မှ မည်သူမဆို အလ္လာဟ်နှင့် နောင်တမလွန်အပေါ် အီမာန်ယုံကြည်ပြီး ကောင်းမှုများကို ကျင့်ကြံကြမည်ဆိုလျှင် သူတို့အဖို့ သူတို့၏အရှင်ထံတွင် အကျိုးကုသိုလ်ရှိပေမည်။ ထို့ပြင် သူတို့အပေါ်တွင် မည်သည့်စိုးရိမ်စရာမျှ ရှိမည် မဟုတ်သည့်အပြင် ပူဆွေးသောကရောက်ကြရမည်လည်း မဟုတ်ပေ။

၆၃။ တစ်ခါတွင် ငါအရှင်သည် အသင်တို့ထံမှ ခိုင်မာသော ကတိဝန်ခံချက်ကို ရယူခဲ့သည်။ ငါအရှင်သည် သူ့ရဲတောင်ကို အသင်တို့ထက်ဝယ် မိုးထားခဲ့ပြီး ငါအရှင် အသင်တို့ကို ပေးကမ်းခဲ့သည့်အရာကို ခိုင်မြဲစွာ စွဲကိုင်ထားကြကုန်၊ ထို့ပြင် ထိုထဲ၌ရှိသည်များကို သတိရကြကုန်၊ သို့မှသာ အသင်တို့ လွတ်မြောက်ကောင်း လွတ်မြောက်လိမ့်မည်ဟု မိန့်တော်မူခဲ့သည်။ **၆၄။** ထို့နောက်

တစ်ဖန် အသင်တို့သည် ထိုအမိန့်မှ ကျော်ခိုင်းခဲ့ကြပြန်သည်။ အကယ်၍သာ အလ္လာဟ်၏ကျေးဇူးတော်နှင့် ကရုဏာတော်သာ အသင်တို့အပေါ်မရှိခဲ့လျှင် အသင်တို့သည် ဇကာပင် ဆုံးရှုံးပျက်စီးသူများတွင် အပါအဝင် ဖြစ်သွားကြပေပြီ။ **၆၅။** အသင်တို့အနက်မှ စနေနေ့နှင့်စပ်လျဉ်း၍ အလ္လာဟ်အမိန့်တော်ကို ချိုးဖောက်သူများ၏အခြေအနေကို အသင်တို့မုချသိကြပေသည်။ သို့ဖြစ်ရာ ငါအရှင်သည် သူတို့အား "သေးသိမ်သော မျောက်သတ္တဝါများ ဖြစ်ကြကုန်"ဟု မိန့်ခဲ့သည်။ **၆၆။** ငါအရှင်သည် ဤအဖြစ်အပျက်ကို သူတို့ရှေ့မှောက်၌ ရှိသူများနှင့် နောင်လာနောက်သားများအတွက် သံဝေဂတစ်ရပ်အဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အကြောက်တရားရှိသူတို့အတွက် အဆုံးအမတစ်ရပ်အဖြစ်လည်း ပြုလုပ်တော်မူခဲ့သည်။

၆၇။ တစ်ခါတွင် မူစာက မိမိ၏အမျိုးသားတို့အား ပြောသည်။ "ဇကန်ပင် အလ္လာဟ်က နွားမတစ်ကောင်လည်ကိုးရန် အသင်တို့အား အမိန့်ပေးတော်မူသည်"။ သူတို့က ပြောကြသည်။ အသင်သည် ကျွန်ုပ်တို့ကို ကျီစယ်လှောင်ပြောင်နေပါသလော။ မူစာက ပြောသည်။ ကျွန်ုပ်သည် ဤသို့ အသိဉာဏ်ကင်းမဲ့သူဖြစ်ခြင်းမှ အလ္လာဟ်ထံ ခိုလှုံပါ၏။ **၆၈။** ၎င်းတို့က ပြောကြသည်။ ထိုနွားမသည် မည်သို့သောနွားမဖြစ်သည်ကို ကျွန်ုပ်တို့အား ရှင်းပြပေးပါရန် အသင့်အရှင်ထံတွင် ဆုပန်ပေးပါ။ မူစာက "နွားမသည် နွားအိုလည်းမဟုတ်၊ နွားပျိုလည်း မဟုတ်ဘဲ ယင်းနှစ်ခု၏ကြားအရွယ်ဖြစ်ရမည်"ဟု အလ္လာဟ်က မိန့်ကြားကြောင်း ပြောသည်။ သို့ဖြစ်ရာ အသင်တို့သည် အမိန့်ရသည့်အတိုင်း ပြုလုပ်ကြကုန်။ **၆၉။** သူတို့က ပြောကြသည်။ နွားမ၏ အသွေးအရောင်သည် မည်ကဲ့သို့ဖြစ်သည်ကို ရှင်းပြပေးရန် အသင်၏အရှင်ထံတွင် ဆုပန်ပေးပါ။ မူစာက ပြောသည်။ အမှန်ပင် ယင်းနွားမသည် အဝါရင့်ရောင်ဖြစ်ပြီး မြင်တွေ့ရသူများအဖို့ မျက်စိပသာဒ ဖြစ်စေသည့်နွားမပင် ဖြစ်ရမည်ဟု အလ္လာဟ်က မိန့်ကြားသည်။

၇၀။ သူတို့က ပြောကြပြန်သည်။ နွားများသည် ကျွန်ုပ်တို့အဖို့ ဆင်တူများ ဖြစ်နေပေရာ ထိုနွားမသည် မည်သို့သောလက္ခဏာရှိသည့်နွားမဖြစ်သည်ကို ရှင်းပြပေးရန် အသင့်အရှင်ထံတွင် ဆုပန်ပေးပါ။ ဇကန်စင်စစ် ကျွန်ုပ်တို့

သည် အလ္လာဟ်အလိုတော်ရှိလျှင် လမ်းမှန်ရရှိသူများ ဖြစ်ကြပါမည်။ **၇၁။** မူစာက ပြောသည်။ ယင်းနွားသည် ခိုင်းနွားမဖြစ်ရ၊ လယ်ထွန်ယက် ဖူးခြင်းလည်း မရှိရ၊ လယ်မြေများတွင် ရေသွင်းပေးသော နွားလည်းမဖြစ်ရ၊ အမာရွတ်ကင်း၍ အပြစ် အနာအဆာကင်းသော နွားမတစ်ကောင် ဖြစ်ရမည်ဟု အလ္လာဟ်က မိန့်သည်။ သူတို့က ပြောသည်။ ယခုအခါမှ အသင်သည် ရှင်းလင်းသည့်အကြောင်းအရာကို ဖော်ပြလိုက်လေပြီ။ ထို့နောက်တွင် သူတို့သည် ထိုနွားမကို လည်လှီးခဲ့ကြသည်။ သူတို့သည် ထိုသို့ပြုလုပ်နိုင်ဟန် မရှိခဲ့ကြပေ။ **၇၂။** တစ်ခါတွင် အသင်တို့သည် လူတစ်ဦးကို သတ်ဖြတ်ခဲ့ကြပြီး ထိုလူသတ်မှုနှင့်ပတ်သက်၍ တစ်ဦးအပေါ်တစ်ဦး စွပ်စွဲခဲ့ကြ၏။ စင်စစ် အလ္လာဟ်သည် အသင်တို့ ဖုံးကွယ်ထားခဲ့သောကိစ္စကို ဖော်ထုတ်တော်မူမည့်အရှင်ဖြစ်သည်။ **၇၃။** သို့ရှိရာ အသင်တို့သည် ဤသေသူကို ထိုနွားမ၏ အစိတ်အပိုင်းတစ်ခုဖြင့် ရိုက်ကြကုန်ဟု ငါအရှင်မြတ် မိန့်ခဲ့သည်။ အလ္လာဟ်သည် သေသူများကို ဤနည်းအတိုင်းပင် ရှင်ထစေတော်မူပေမည်။ အသင်တို့ သိနားလည်ကြစေရန် အရှင်မြတ်သည် မိမိ၏ သက်သေလက္ခဏာ တော်များကို အသင်တို့အား ပြသတော်မူလေသည်။

၇၄။ တစ်ဖန် ထိုနောက်လည်း အသင်တို့၏စိတ်နှလုံးများသည် ခက်ထန်မာ ကျောသွားခဲ့သည်၊ သို့နှင့် ထိုစိတ်နှလုံးများသည် ကျောက်များကဲ့သို့ ဖြစ်သွားရုံမက ထိုထက်ပင် ပို၍ မာကျောလေသည်။ ကျောက်များထဲတွင် စမ်းရေ ချောင်းများ စီးထွက် သည့်ကျောက်လည်းရှိ၏။ အချို့မှာ အက်ကွဲ၍ ရေများ ပန်းထွက်နေသည်လည်း ရှိ၏။ အချို့ကျောက်များဆိုလျှင် အလ္လာ့ဟ်အား ကြောက်ရွံ့သဖြင့် ပြုတ်ကျလာသည်လည်း ရှိ၏။ အလ္လာဟ်သည် အသင်တို့ ပြုမူကြသည်များကို မေ့လျော့နေသော အရှင်မဟုတ်ပေ။ **၇၅။** ဤယဟူဒီများသည် အသင်တို့၏ ပြောကြားချက်များကြောင့် အီမာန်ယုံကြည်လာကြလိမ့်မည်ဟု အသင်တို့ မျှော်လင့်နေကြပါသလော။ စင်စစ်တွင် သူတို့အနက်မှ အချို့သည် အလ္လာဟ်၏မုကွပါ၌တော်ကို နားထောင်ကြ၏။ တစ်ဖန် ထိုမုကွပါ၌တော်ကို နားလည်ပြီးနောက်သော်မှ သိသိကြီးနှင့် အပြောင်းအလဲ လုပ်ပစ် လိုက်ကြ၏။ **၇၆။**

သူတို့သည် အီမာန်ယုံကြည်သူများနှင့် တွေ့ဆုံကြသောအခါ ကျွန်ုပ်တို့သည် အီမာန်ယူထားပြီးပြီဟု ပြောကြသည်။ ထို့ပြင် သူတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသောအခါ ဤသို့ ပြောဆိုကြ၏။ အသင်တို့အပေါ် အလ္လာဟ်က ဖွင့်လှစ်ထုတ်ဖော်ပြသထားသော အကြောင်းအရာများကို ထိုသူတို့အား ပြောပြကြ ပါသလော။ သူတို့သည် နောင်တစ်ချိန်တွင် အသင်တို့၏အရှင်ထံတော်၌ ထိုအရာ များဖြင့်ပင် အသင်တို့နှင့် ဘက်ပြိုင်ငြင်းခုံကြပေမည်။ အသင်တို့သည် မသိနား မလည်နိုင်ကြပါ သလော။ **၇၇။** ဇကန်စင်စစ် အလ္လာဟ်သည် သူတို့ဖုံးကွယ်ထားသည့်ကိစ္စများနှင့် သူတို့ ထုတ်ဖော်ထားသည့်ကိစ္စများကို သိရှိတော်မူကြောင်း သူတို့ မသိကြပါသလော။

၇၈။ ထို့ပြင် သူတို့ထဲတွင် စာမတတ်သူများလည်းရှိသည်။ သူတို့သည် အလိုဆန္ဒများကိုသာ သိကြသည်။ ကျမ်းဂန်ကို မသိကြချေ။ သူတို့ထဲတွင် ထင်မြင် ယူဆချက်များမှအပ အခြားဘာမျှ မရှိချေ။ **၇၉။** သို့ဖြစ်၍ ကျမ်းဂန်ကို မိမိတို့ လက်ဖြင့် ကိုယ်တိုင်ရေးသားကြပြီး တန်ဖိုးအနည်းငယ်နှင့် ရောင်းချရန်အတွက် ဤသည် အလ္လာဟ်ထံတော်မှ ဖြစ်သည်ဟူ၍ ပြောဆိုကြသောသူတို့အတွက် ပျက်စီးမှုရှိသည်။ သူတို့ လက်များနှင့် ရေးသားခဲ့သည့်အရာများကြောင့် သူတို့သည် ပျက်စီးကြပေမည်။ ထို့ပြင် သူတို့၏ ထိုစီးပွားရှာဖွေမှုကြောင့် သူတို့အဖို့ ပျက်စီးမှုရှိ ပေသည်။ **၈၀။** "ငရဲမီးသည် ကျွန်ုပ်တို့ကို ရေတွက်ထားသောနေ့ရက် အချို့သာလျှင် ထိတွေ့ခံမည်"ဟု သူတို့က ပြောဆိုခဲ့ကြသည်။ အသင်ပြောကြားပါ။ အသင်တို့ သည် အလ္လာဟ်၏ ထံတော်မှ ကတိတစ်စုံတစ်ခုကို ရယူထားကြသလော။ ထို့ကြောင့် အလ္လာဟ်သည် မိမိ၏ကတိတော်ကို လုံးဝမဖောက်ဖျက်နိုင်သလော။ သို့မဟုတ် အသင်တို့သည် အလ္လာဟ်အပေါ်တွင် မိမိတို့ မသိနားမလည်သော အကြောင်းတစ်စုံတစ်ရာကို လိမ်ဆယ်ပြောဆိုနေကြသလော။ **၈၁။** ဘာကြောင့် (ငရဲသားများ)မဟုတ်ရမည်နည်း။ မည်သူမဆို မကောင်းမှုတစ်ခုခုကို ကျူးလွန်မည်၊ ထို့နောက် သူ၏ ပြစ်မှုဒုစရိုက် သည် သူ့အား ဝန်းခြုံလိုက်မည်ဆိုလျှင် ထိုသူများပင် ငရဲသားများဖြစ်ကြသည်။ သူတို့သည် ယင်းငရဲဘုံ၌ပင် အမြဲထာဝရ နေထိုင်ကြရ

ပေမည်။ **၈၂။** ထို့ပြင် အီမာန် ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်ကြံခဲ့ကြသူ တို့သည် သုခဘုံသားများ ဖြစ်ကြသည်။ သူတို့သည် သုခဘုံ၌ အမြဲထာဝစဉ်နေထိုင် ကြရမည့်သူများ ဖြစ်သည်။ **၈၃။** တစ်ခါတွင် ဝါအရှင်သည် အစ္စရာအီလ် အမျိုးသားတို့ထံမှ ခိုင်မာသည့် ကတိခံဝန်ချက်ကို ရယူခဲ့၏။ အသင်တို့သည် အလွှာဟ်မှအပ ဘာကိုမျှ ခဝပ်ကိုးကွယ်ခြင်း မပြုကြနှင့်။ မိဘနှစ်ပါး၊ ဆွေမျိုးရင်းချာ များ၊ ဘဝဲ့ကလေးများနှင့် သူဆင်းရဲများကို ကောင်းမွန်စွာ ဆက်ဆံကြကုန်။ လူတို့ နှင့် ကောင်းမွန်ချိုသာစွာ ပြောဆိုကြကုန်။ စွလာသ်ဝတ်ပြုကြကုန်။ ဇကာသ် ပေး ဆောင်ကြကုန်။ ထို့နောက် အသင်တို့အနက် အနည်းငယ်မှအပ ကျန်အားလုံးတို့ သည် ထိုကတိမှ ကျောခိုင်းရောင်ဖယ်သွားကြသည်။ အသင်တို့သည် မိမိတို့ပြု ထားသောကတိမှ လွဲဖယ်သွားလေ့ရှိသူများ ဖြစ်ကြပေသည်။

၈၄။ တစ်ခါတွင် ဝါအရှင်သည် အသင်တို့ထံမှ ကတိဝန်ခံချက် ရယူတော် မူခဲ့သည်။ အသင်တို့သည် မိမိတို့အချင်းချင်း သွေးထွက်သံယိုမပြုကြနှင့်။ မိမိတို့အမျိုးသားများကို မိမိတို့မြို့ရွာများမှ နှင်မထုတ်ကြနှင့်။ တစ်ဖန် အသင်တို့ သည်လည်း ထိုကတိဝန်ခံချက်ကို အတည်ပြုခဲ့ကြသည့်အပြင် အသင်တို့ကိုယ်တိုင် အသိသက်သေများ ဖြစ်ကြလေသည်။ **၈၅။** ထို့နောက် အသင်တို့သည်ပင် မိမိတို့ အချင်းချင်း သတ်ဖြတ်ကြ၍ မိမိတို့အနက်မှ လူတစ်စုကို သူတို့၏ မြို့ရွာများမှ နှင်ထုတ်ကြ၏။ အသင်တို့သည် အပြစ်ဒုစရိုက်လုပ်ခြင်းနှင့် မတရားမှုပြုခြင်းအားဖြင့် သူတို့နှင့်ဆန့်ကျင်ဘက် ရန်သူများအား ကူညီရိုင်းပင်းကြ၏။ တစ်ဖန် သူတို့သည် အသင်တို့ထံသို့ အကျဉ်းသားအဖြစ် ရောက်ရှိလာကြသောအခါ အသင်တို့သည် သူတို့အား လျော်ကြေးပေးကာ ရွေးယူကြပြန်၏။ စင်စစ်တွင် သူတို့အား နှင်ထုတ် ခြင်းသည်ပင် သင်တို့အဖို့ မပြုပိုင်သောကိစ္စရပ်ဖြစ်သည်။ အသင်တို့သည် အလွှာဟ်ကျမ်းတော်၏ တစ်စိတ်တစ်ပိုင်းကိုသာ လက်ခံယုံကြည်ကြပြီး ကျန်တစ် စိတ်တစ်ပိုင်းကိုမူ ငြင်းပယ်ကြလေသလော။ သို့ရှိရာ အသင်တို့အနက် ဤသို့ပြု ကျင့်သောသူများ၏အပြစ်ဒဏ်မှာ လောကီဘဝတွင် ဂုဏ်သရေနှိမ့်ကျအရှက် ကွဲခြင်းမှအပ အခြားအဘယ်အရာ ရှိနိုင်ဦးမည်နည်း။ ထို့ပြင် တရားစီရင်မည့်နေ့တွင်

လည်း သူတို့သည် အလွန်ပြင်းထန်သော အပြစ်ဒဏ်ထဲသို့ ထည့်ခြင်းခံကြရပေမည်။ အလ္လာဟ်သည် အသင်တို့ပြုမူကြသည်များကို ဂရုမမူလျစ်လျူရှုထားသောအရှင် မဟုတ်ပေ။ **၆၆။** ဤသူတို့သည်ပင် နောင်တမလွန်၏အစား ဤလောကီဘဝကို ဝယ်ယူလိုက်ကြသူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့ထံမှ အပြစ်ဒဏ်ကိုလည်း လျော့ပေါ့သက်သာစေခြင်း ခံကြရမည်မဟုတ်၊ ထို့ပြင် သူတို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။

၈၇။ ငါအရှင်သည် မူစာကို ကျမ်းဂန်ချီးမြှင့်ပေးခဲ့သည်။ ထို့ပြင် သူ၏နောက်၌တမန်တော်များကို တစ်ပါးပြီးတစ်ပါး ဆက်တိုက်စေလွှတ်ခဲ့သည်။ ထို့နောက် မရိယမ်၏သားတော် အီစာအား ထင်ရှားသော သက်သေလက္ခဏာများကိုပေးခဲ့၏။ ထို့ပြင် သူ့အား သန့်စင်သောဝိညာဉ်ဖြင့် ကူညီခဲ့သည်။ သို့ရာတွင် တမန်တော်တစ်ပါးပါးသည် အသင်တို့မနှစ်မြို့သောအရာကို အသင်တို့ထံ ယူဆောင်လာသည့်အခါတိုင်း အသင်တို့သည် မောက်မာပလွှားကြပြီး တမန်တော်တစ်စုကို မဟုတ်မမှန်ဟူ၍ စွပ်စွဲကြပြီး နောက်တစ်စုကိုမူ သတ်ဖြတ်ခဲ့ကြသည်။ **၈၈။** ယဟူဒီတို့က ကျွန်ုပ်တို့၏စိတ်နလုံးများသည် ပိတ်နေသည်ဟု ပြောဆိုကြသည်။ ထိုသို့မဟုတ်၊ စင်စစ်တွင် သူတို့၏ငြင်းဆန်မှုကြောင့်သာ အလ္လာဟ်က သူတို့ကို မိမိ၏ ကရုဏာတော်မှ ကင်းဝေးစေတော်မူလိုက်ခြင်း ဖြစ်ပေသည်။ သို့ဖြစ်ရာ သူတို့သည် အနည်းငယ်မျှကိုသာ ယုံကြည်ကြလေသည်။ **၈၉။** တစ်ခါတွင် သူတို့ထံ၌ ရှိနှင့်ပြီး ဖြစ်သောကျမ်းကို ထောက်ခံသည့် ကျမ်းတစ်စောင်သည် အလ္လာဟ်ထံတော်မှ သူတို့ထံသို့ ရောက်ရှိလာခဲ့၏။ သူတို့သည် အလျင်က ကာဖိရ်ငြင်းပယ်သူတို့အပေါ် အောင်နိုင်မှုရရန် တောင်းခံလေ့ရှိခဲ့ကြ၏။ ထို့နောက် သူတို့ထံသို့ သူတို့သိနှင့်ပြီးဖြစ်သောအရာ ရောက်ရှိလာသောအခါတွင်မူ သူတို့သည် ထိုအရာကိုပင် ငြင်းပယ်လိုက်ကြတော့သည်။ သို့ဖြစ်ရာ ငြင်းပယ်သူတို့အပေါ် အလ္လာဟ်၏ကရုဏာတော်မှ ကင်းဝေးခြင်းသာ ရှိပေတော့သည်။ **၉၀။** မိမိတို့၏ အသက်များနှင့် သူတို့လဲလှယ်ဝယ်ယူလိုက်သောအရာသည် အဘယ်မျှ ဆိုးရွားလိုက်ပါသနည်း။ ထိုအရာမှာ အလ္လာဟ်ချပေးသောစကားကို ငြင်းဆန်ကြခြင်းပင်ဖြစ်

သည်။ အလ္လာဟ်က မိမိ၏ အစေတော်များအနက် မိမိအလိုရှိသူအပေါ် ကျေးဇူးပြု၍ ချစ်ခင်ခြင်းကို သူတို့က မလိုမုန်းတီးစိတ်ဖြင့် ငြင်းဆန်ကြခြင်းဖြစ်သည်။ သို့ရှိရာ သူတို့အပေါ်တွင် (အလ္လာဟ်၏) အမျက်ဒေါသသည် ကျရောက်ပြီးရင်း ကျရောက်ခဲ့သည်။ ထို့ပြင် ငြင်းဆန်သူများအတွက် သေးသိမ်စေသည့် အပြစ်ဒဏ် ရှိပေသည်။

၉၁။ သူတို့အား "အသင်တို့သည် အလ္လာဟ်ချစ်ခင်သောစကားတော်ကို ယုံကြည်ကြပါ"ဟု ပြောသောအခါ သူတို့က "ကျွန်ုပ်တို့အပေါ် ကျရောက်သည့် ကျမ်းဂန်ကိုသာ ကျွန်ုပ်တို့ ယုံကြည်ကြသည်"ဟု ပြောကြသည်။ သူတို့သည် ထိုကျမ်းနောက်တွင် ကျရောက်လာသောကျမ်းကို ငြင်းဆန်ကြသည်။ စင်စစ်တွင် ယင်းကျမ်းသည် မှန်ကန်သည့်အပြင် သူတို့ထံတွင်ရှိသောကျမ်းကို ထောက်ခံပေးသည့်ကျမ်းလည်း ဖြစ်ပေသည်။ အသင်ပြောပါ။ အကယ်၍ အသင်တို့သည် အီမာန်ယုံကြည်သူများဖြစ်ကြပါမူ အလ္လာဟ်၏တမန်တော်များကို သည်အလျင်က အဘယ်ကြောင့် သတ်ဖြတ်ကြပါသနည်း။ **၉၂။** ထို့ပြင် မူစာသည် အသင်တို့ထံ ထင်ရှားသောသက်သေလက္ခဏာများ ယူဆောင်လာခဲ့သည်။ ထို့နောက် အသင်တို့သည် သူ့နောက်ကွယ်တွင် နွားငယ်ကို ကိုးကွယ်ခဲ့ကြသည်။ အသင်တို့သည် မတရား ပြုလုပ်သူများ ဖြစ်ကြပေသည်။ **၉၃။** တစ်ခါတွင် ငါအရှင်က အသင်တို့ထံမှ ပဋိညာဉ်ယူခဲ့သည်။ သူ့ရိတောင်ကို အသင်တို့အပေါ် ပင့်မထားခဲ့ပြီး ငါအရှင် အသင် တို့ကို ပေးသည့်အမိန့်ကို ခိုင်မြဲစွာ ဆုပ်ကိုင်ကြကုန်၊ နားထောင်ကြကုန်(ဟု မိန့်ခဲ့သည်။)။ သူတို့က "ကျွန်ုပ်တို့ ကြားကြပါပြီ၊ သို့သော် ကျွန်ုပ်တို့ လက်မခံကြပါ"ဟု ပြောခဲ့ကြသည်။ သူတို့၏ ငြင်းပယ်မှုကြောင့်ပင် သူတို့၏ စိတ်နလုံးများဝယ် နွားငယ် ကို စွဲလန်းသွားခဲ့ကြလေသည်။ အသင်ပြောပါ၊ အကယ်၍ အသင်တို့သည် အီမာန်ယုံကြည်သူများဖြစ်ကြလျှင် အသင်တို့၏ ယုံကြည်မှုက အသင်တို့ကို သင်ကြားပေးသည့်အရာသည် အဘယ်မျှ ဆိုးရွားလိုက်သနည်း။ **၉၄။** အသင် ပြောပါ၊ အကယ်၍ အလ္လာဟ်ထံတွင်ရှိသော တမလွန်အိမ်သည် အခြားသူများနှင့် မသက်ဆိုင်ဘဲ အသင်တို့အတွက်ချည်းသာ ဖြစ်သည်ဆိုလျှင် အသင်တို့မှန်သည် ဆိုပါက သေခြင်းတရားကို တောင်းတကြကုန်။ **၉၅။** သို့သော် မိမိတို့ထက်အလျင်

ကြိုတင်ပို့ထားသော အကုသိုလ်များကြောင့် သူတို့သည် သေခြင်းတရားကို ဘယ်သောအခါမှ မျှော်လင့် တောင်းတကြမည် မဟုတ်ပေ။ အလ္လာဟ်သည် မတရားမှုကျူးလွန်သူများကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်သည်။ **၉၆။** သို့သာမက အသက်ရှင်သန်မှုအပေါ် လူအားလုံးထက်ရော တုဖက်ကိုးကွယ်သူများထက်ပါ ပို၍တပ်မက်သူများမှာ သူတို့သာဖြစ်ကြောင်း အသင် မုချတွေ့ရပေမည်။ သူတို့ထဲက လူတိုင်းသည် နှစ်ပေါင်းတစ်ထောင်လောက် အသက်ရှည်လိုကြသည်။ စင်စစ်တွင် ဤမျှ အသက်ရှင်သန်နေထိုင်ရခြင်းသည်လည်း သူတို့ကို ပြစ်ဒဏ်မှ ကင်းဝေးအောင် လုပ်ပေးနိုင်လိမ့်မည်မဟုတ်။ အလ္လာဟ်သည် သူတို့ပြုမူနေသည်များကို အလွန်သိမြင်တော်မူသောအရှင် ဖြစ်သည်။

၉၇။ အသင်ပြောပါ၊ ကောင်းကင်တမန်ဂျိဗ်ရီးလ်ကို ရန်ငြိုးထားသူမည်သူမဆို မှတ်ထားပါ။ သူသည် အလ္လာဟ်အမိန့်တော်ဖြင့် အသင့်စိတ်နှလုံးပေါ် သို့ကုရ်အာန်ကျမ်းကို ချပေးခြင်းဖြစ်သည်။ ယင်းသည် မိမိအလျင်ကကျမ်းများကို ထောက်ခံပေးသောကျမ်း၊ အီမာန်ယုံကြည်သူတို့အဖို့ တရားလမ်းမှန်နှင့် သတင်းစကား ဖြစ်ပေသည်။ **၉၈။** မည်သူမဆို အလ္လာဟ်ကို၊ အလ္လာဟ်၏ကောင်းကင်တမန်များကို၊ အလ္လာဟ်၏ရဋူလ်တမန်တော်များကို၊ ဂျိဗ်ရီလ်ကို၊ မီကာအီလ်ကို ရန်ငြိုးထားသူဖြစ် မည်ဆိုလျှင် အလ္လာဟ်သည်လည်း ငြင်းပယ်သူများ၏ရန်သူပင် ဖြစ်ပေသည်။ **၉၉။** ငါအရှင်မြတ်သည် အသင့်ပေါ်တွင် ထင်ရှားသောလက္ခဏာတော်များကို ချပေးတော်မူခဲ့သည်။ စည်းဘောင်ကျော်လွန်သူများမှအပ မည်သူမျှ ထိုလက္ခဏာတော်များကို မငြင်းကြပေ။ **၁၀၀။** သူတို့သည် တစ်စုံတစ်ရာကို ကတိကဝတ်ပြုကြလေတိုင်း သူတို့အနက် အုပ်စုတစ်စုသည် ထိုကတိကို ဖောက်ဖျက်ပစ်ကြမည်လော။ အမှန်တော့ သူတို့အနက် အများစုသည် အီမာန်သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေ။ **၁၀၁။** သူတို့ထံတွင် ရှိသောအရာကို မှန်ကြောင်းထောက်ခံမည့် တမန်တော်တစ်ပါးသည် အလ္လာဟ်ထံမှလာသောအခါ ကျမ်းတော်ကို ပေးခြင်းခံရ သောသူတို့ထဲမှ အုပ်စုတစ်စုသည် လုံးဝမသိသကဲ့သို့ပင် အလ္လာဟ်၏ကျမ်းမြတ်ကို မိမိတို့၏ကျောနောက်သို့ စွန့်ပစ်လိုက်ကြသည်။

၁၀၂။ ထို့နောက် သူတို့သည် စုလိုင်မာန်ခေတ်တွင် ရှိုင်သွာန်များ ရွာတ်ဖတ်လေ့ရှိခဲ့သည့်မှော်အတတ်နောက်သို့ လိုက်ခဲ့ကြသည်။ အမှန်မှာ စုလိုင်မာန်သည် သွေဖည်ခဲ့သည်မဟုတ်ပေ။ ရှိုင်သွာန်များကသာလျှင် သွေဖည်ခဲ့ကြခြင်းဖြစ်သည်။ သူတို့သည် လူတို့အား မှော်အတတ်ကို သင်ပေးကြသည်။ ထို့ပြင် သူတို့သည် ဘေဘီလုံတွင် ကောင်းကင်တမန်နှစ်ပါး ဖြစ်သော ဟာရူးသ်နှင့် မာရူးသ်တို့အပေါ် ချေးခြင်းခံရသော မှော်အတတ်နောက်သို့ လိုက်ခဲ့ကြသည်။ ၎င်းတို့နှစ်ပါးသည် မည်သူ့ကိုပင်ဖြစ်စေ ဤပညာရပ် သင်ကြားပေးသောအခါတွင် "ငါတို့သည် စမ်းသပ်မှု အတွက်သာ ဖြစ်သည်။ အသင်သည် မသွေဖည်လေနှင့်" ဟုပြောလေ့ရှိကြသည်။ သို့သော်လည်း သူတို့သည် ယောကျ်ားနှင့် သူဏီဇနီးတို့အား ခွဲခြားပစ်သော မှော်အတတ်ကို သင်ယူကြလေသည်။ အမှန်မှာ သူတို့သည် အလ္လာဟ်၏ခွင့်ပြုချက်မပါဘဲ မည်သူ့ကိုမျှ နစ်နာအောင်မလုပ်နိုင်ကြပေ။ သူတို့သည် မိမိတို့ကို အကျိုးမဖြစ်စေဘဲ နစ်နာစေသောအရာကိုသာ သင်ယူကြလေသည်။ အမှန်သော်ကား ဤမှော်အတတ် ကို ဝယ်ယူသူသည် နောင်တမလွန်ဘဝတွင် မည်သည့်ဝေစုမျှ ရမည်မဟုတ်ကြောင်းကို ၎င်းတို့ ကောင်းစွာသိခဲ့ကြသည်။ မိမိတို့ကိုယ်ကို ရောင်း၍ သူတို့ လဲလှယ်ဝယ်ယူ လိုက်သောအရာမှာ အဘယ်မျှဆိုးရွားလှပါဘိ။ ဤသည်ကို သူတို့သိလျှင် ကောင်းလေစွ။ **၁၀၃။** အကယ်၍သူတို့သည် အီမာန်သက်ဝင်ယုံကြည်ပြီး သက္ကဝါတရား ထားရှိခဲ့ပါမူ သူတို့ကို အလ္လာဟ်ပေးမည့်အစားမှာ ပို၍ကောင်းပေသည်။ ဤသည်ကို သူတို့နားလည်ကြလျှင် ကောင်းလေစွ။

၁၀၄။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ရာအိနာဟူ၍ မပြောကြလေနှင့်။ အွန်ဇုရ်နာ ဟူ၍ ပြောကြကုန်။ ပြီးနောက် နားထောင်ကြလေကုန်။ ငြင်းဆန်သူများအတွက် နာကျင်ဖွယ်ရာ အပြစ်ဒဏ်ရှိပေသည်။ **၁၀၅။** ကျမ်းဂန်ရ သူများနှင့် မုရှ်ရိုက်များအနက် ငြင်းဆန်ကြသူများသည် အသင်တို့အပေါ်၌ အသင်တို့ ၏အရှင်ထံပါးမှ ကောင်းခြင်းတစ်စုံတစ်ရာ ကျရောက်သည်ကို မလိုလားကြပေ။ အလ္လာဟ်သည် မိမိလိုလားသူကို မိမိ၏ကရုဏာတော်အတွက် ရွေးချယ်တော်မူသည်။ အလ္လာဟ်သည် အလွန်ကျေးဇူးကြီးမားတော်မူသောအရှင်

ဖြစ်တော်မူပေသည်။ **၁၀၆။** ငါအရှင်မြတ်သည် အာယသ်တော်တစ်ခုခုကို ပလပ် ရပ်ဆိုင်းလိုက်ပါက သို့မဟုတ် မေ့စေလိုက်ပါက ထိုထက်ကောင်းသော သို့မဟုတ် ထိုကဲ့သို့ပင် နောက်တစ်အာယသ်ကို ယူလာတော်မူပေသည်။ အလ္လာဟ်သည် အရာတိုင်းကို တတ်စွမ်းနိုင်ကြောင်း အသင်မသိလေသလော။ **၁၀၇။** မိုးကောင်း ကင်များနှင့် မြေပထဝီ၏ ပိုင်စိုးမှုသည် အလ္လာဟ်အတွက်သာ ဖြစ်ကြောင်းကို အသင်မသိလေသလော။ ထို့ပြင် အလ္လာဟ်မှတစ်ပါး အသင်တို့အတွက် မိတ်ဆွေ လည်း အလျှင်းမရှိ၊ ကူညီသူဟူ၍လည်း အလျှင်းမရှိ။ **၁၀၈။** သည့်အလျှင်က မူစာကို မေးခွန်းများထုတ်ခဲ့သကဲ့သို့ အသင်တို့သည်လည်း မိမိတို့တမန်တော်ကို မေးခွန်းများထုတ်လိုကြသလော။ အီမာန်ယုံကြည်မှုကို သွေဖည်မှုဖြင့် လဲလှယ် လိုက်သူသည် စစ်ဓင်တွင် ဖြောင့်မတ်သောလမ်းမှ လွဲသွားချေပြီ။

၁၀၉။ ကျမ်းဂန်ရရှိကြသူများအနက် များစွာသောသူတို့သည် သူတို့ရှေ့တွင် အမှန်တရား ပေါ်လွင်ထင်ရှားပြီးဖြစ်သော်ငြားလည်း စိတ်ထဲမှ မနာလိုဝန်တို မှုကြောင့် အသင်တို့ကို မုအ်မင်နိုင်ဖြစ်ကြပြီးနောက်တွင်မှ သွေဖည်သူများပြန်ဖြစ်သွား အောင် ဘယ်နည်းနှင့်မဆို ပြုလုပ်ရန်အတွက် လိုလားကြသည်။ သို့ရှိရာ အလ္လာဟ် ၏ ဆုံးဖြတ်ချက်ရောက်လာသည်အထိ သင်သည် သူတို့အား ခွင့်လွှတ်၍နေပါ။ ဥပေက္ခာပြု၍နေပါ။ မုချဇကန် အလ္လာဟ်သည် အရာတိုင်းကို တတ်စွမ်းနိုင်တော်မူ ပေသည်။ **၁၁၀။** ထို့ပြင် စွလာသ်ဝတ်ပြုကြကုန်၊ ဇကာသ်ပေးဆောင်ကြကုန်။ အသင်တို့သည် မိမိတို့အဖို့ ရှေ့သို့ တင်ကြိုပို့လိုက်ကြသော ဘယ်ကောင်းမှုကိုမဆို အလ္လာဟ်ထံပါးတွင် တွေ့မြင်ကြရပေမည်။ အလ္လာဟ်သည် အသင်တို့လုပ်ဆောင် သမျှကို မုချမြင်နေတော်မူသည်။ **၁၁၁။** ယဟူဒီ သို့မဟုတ် နတ်စွဲရာနီတို့မှအပ မည်သူမှ ဂျန္နသ်သို့ အလျှင်း ဝင်ရောက်ရမည်မဟုတ်ဟု သူတို့က ပြောကြသည်။ ဤသည် သူတို့၏ မက်ဆန္ဒများသာ ဖြစ်သည်။ "အသင်တို့သည် မှန်ကန်သူများ ဖြစ်ပါမူ အထောက်အထား ယူလာကြကုန်"ဟု အသင်ပြောလိုက်ပါ။ **၁၁၂။** ထိုသို့မဟုတ်၊ အမှန်မှာ မည်သူမဆို မိမိကိုယ်ကို အလ္လာဟ်ထံ အပ်နှံလိုက်မည်၊ ထို့ပြင် စိတ်ဓေတနာလည်း ဖြူစင်မည်ဆိုလျှင် သူ၏အရှင်ထံတွင် သူအတွက်

အကျိုးဆုလာဘ် ရှိပေသည်။ သူတို့အဖို့ ကြောက်ရွံ့စရာလည်း ရှိမည်မဟုတ်၊ ပူဆွေးသောကလည်း ဖြစ်ကြရမည် မဟုတ်ပေ။

၁၁၃။ ယဟူဒီတို့က "နတ်စွဲရာနီများသည် မည်သည့်အရာပေါ် တွင်မျှ မရှိ"ဟု ပြောကြသည်။ နတ်စွဲရာနီတို့ကလည်း "ယဟူဒီတို့သည် မည်သည့်အရာ ပေါ် တွင်မျှ မရှိ"ဟု ပြောကြသည်။ သူတို့အားလုံးသည် ကောင်းကင်ကျ ကျမ်းဂန်ကို ဖတ်ရွတ်နေလျက် ရှိကြပေသည်။ ထို့အတူ ပညာမရှိသောသူများကလည်း သူတို့၏ စကားအတိုင်း လိုက်ပြောကြသည်။ သို့ရာတွင် သူတို့အငြင်းပွားနေသောကိစ္စကို အလ္လာဟ်သည် ကိယာမတ်နေ့တွင် စီရင်ဆုံးဖြတ်တော်မူမည်။ **၁၁၄။** ဗလီဝတ် ကျောင်းတွင် အလ္လာဟ်၏ နာမတော်ကို တသခြင်းမပြုရန် တားဆီးသူနှင့် ဗလီဝတ် ကျောင်းတော်ကို ဖျက်ဆီးရန်ကြိုးစားသူထက် ပို၍ မတရားသူ မည်သူရှိဦးမည်နည်း။ အမှန်မှာ သူတို့သည် အလ္လာဟ်ကို ကြောက်ရွံ့လျက်သာ ဗလီထဲသို့ ဝင်သင့်ပေသည်။ သူတို့အတွက် လောကတွင် သေးသိမ်မှုရှိသည့်အပြင် နောင်မလွန်တွင်လည်း သူတို့ အတွက် ကြီးကျယ်သော ပြစ်ဒဏ်ရှိပေသည်။ **၁၁၅။** အရှေ့နှင့် အနောက် အရပ်တို့ကို အလ္လာဟ်သာလျှင် ပိုင်စိုးပေသည်။ အသင်တို့သည် မည်သည့် အရပ်ဘက်ကို မျက်နှာမူသည်ဖြစ်စေ အလ္လာဟ်သည် ထိုအရပ်၌ ရှိတော်မူပေသည်။ စင်စစ်ဇကန် အလ္လာဟ်သည် ကျယ်ဝန်းတော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်။ **၁၁၆။** အလ္လာဟ်မှာ သားသမီးရှိသည်ဟု သူတို့က ဆိုကြသည်။ အရှင်မြတ်သည် ထိုကိစ္စမှ သန့်စင်တော်မူပေသည်။ အမှန်မှာ မိုးကောင်းကင် များနှင့် မြေပထဝီတွင် ရှိသမျှအားလုံးသည် ထိုအရှင်၏ ပိုင်စိုးမှုပင် ဖြစ်သည်။ အားလုံးသည် ထိုအရှင်၏ အမိန့်တော်ကို နာခံနေကြရသည်။ **၁၁၇။** ထိုအရှင်မြတ် သည် မိုးကောင်းကင်များနှင့် မြေပထဝီကို စတင်ဖန်ဆင်းတော်မူသော အရှင်ဖြစ် တော်မူသည်။ အရှင်မြတ်သည် ကိစ္စတစ်စုံတစ်ရာကို လုပ်ရန်ဆုံးဖြတ်လိုက်သော အခါ ဖြစ်စေဟု မိန့်လိုက်ရုံဖြင့် ထိုအရာသည် ဖြစ်ပေါ် သွားလေတော့သည်။

၁၁၈။ ပညာမရှိသောသူများက အလ္လာဟ်သည် ကျွန်ုပ်တို့ကို ဘာ ကြောင့် စကားမပြောပါသနည်း၊ သို့မဟုတ် ကျွန်ုပ်တို့ထံသို့ လက္ခဏာတစ်ခုခု

ဘာကြောင့် မလာပါသနည်းဟု ပြောဆိုကြသည်။ ထိုနည်းတူ ၎င်းတို့အလျင်က သူများလည်း ပြောခဲ့ကြပြီးပြီ။ သူတို့အားလုံး၏ စိတ်နှလုံးသည် တစ်မျိုးတည်းကဲ့သို့သာလျှင် ဖြစ်သည်။ ငါအရှင်မြတ်သည် ယုံကြည်သူများအတွက် လက္ခဏာတော်များကို တင်ပြ ပြီး ဖြစ်သည်။ **၁၁၉။** ဇကန်မုချ ငါအရှင်မြတ်သည် အသင့်အား အမှန်တရားချီးမြှင့်၍ သတင်းကောင်းကြားနာစေသူနှင့် သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် ငရဲလားမည့်သူများနှင့် စပ်လျဉ်း၍ အသင်သည် မေးမြန်းခြင်းခံရမည်မဟုတ်ပေ။ **၁၂၀။** သင်တို့သည် သူတို့၏ လမ်းစဉ်အတိုင်း မလျှောက်လှမ်းကြသရွေ့ ယဟူဒီနှင့် နတ်စွဲရာနီတို့သည် အသင်တို့ကို လုံးဝ ကျေနပ်ကြလိမ့်မည် မဟုတ်ပေ။ အသင်ပြောပါ။ အလွှာဟ်ပြသတော်မူသော လမ်းညွှန်မှုသည်သာ လမ်းညွှန်မှုအစစ်အမှန်ဖြစ်သည်။ အကယ်၍ အသင့်ထံသို့ အသိပညာရောက်လာပြီးနောက်တွင်မှ အသင်သည် သူတို့၏ လိုအင်ဆန္ဒများနောက်သို့ လိုက်ခဲ့ပါမူ အလွှာဟ်နှင့် ဆန့်ကျင်ဘက်တွင် အသင့်အတွက် မိတ်ဆွေ၊ ကူညီစောင်မမည့်သူဟူ၍ မည်သူမျှ ရှိတော့မည်မဟုတ်ချေ။ **၁၂၁။** ငါအရှင်မြတ်က ကျမ်းဂန်ပေးသနားတော်မူခဲ့ပြီး သူတို့သည် အကယ်၍ ယင်းကျမ်းဂန်ကို ဝတ္တရားရှိသည့်အတိုင်း ဖတ်ရွတ်ကြလျှင် သူတို့သည်သာ ထိုကျမ်းဂန်ပေါ်တွင် ယုံကြည်သူများဖြစ်ကြသည်။ ထိုကျမ်းကို ငြင်းပယ်သူများမှာမူ ဆုံးရှုံးသူများသာ ဖြစ်ကြပေသည်။

၁၂၂။ အို-အိစ်ရာအီလီမျိုးနွယ်ဝင်အပေါင်းတို့၊ အသင်တို့အပေါ် ငါအရှင်ပြု ထားသော ကျေးဇူးတရားများနှင့် တစ်လောကလုံးထက် အသင်တို့ကို သာပိုထူးကဲစေ တော်မူခဲ့သည်ကို အမှတ်ရကြကုန်။ **၁၂၃။** ထို့ပြင် အသင်တို့သည် မည်သူမျှ မည်သူ့အတွက် အသုံးဝင်မည်မဟုတ်သော၊ မည်သူ၏ အစားလျော်ကြေးကိုမျှလည်း လက်ခံ ခြင်းခံရမည်မဟုတ်သော၊ ထို့ပြင် ကြားဝင်အသနားခံပေးခြင်းသည်လည်း မည်သူ့ကိုမျှ အကျိုးပြုမည်မဟုတ်သော၊ မည်သည့်အကူအညီမျှ ရမည်လည်း မဟုတ်သောနေ့ တစ်နေ့(ကိယာမသ်)ကို ကြောက်ရွံ့ကြလေကုန်။ **၁၂၄။** တစ်ခါတွင် အိဗ်ရာဟီးမ်ကို သူ၏အရှင်က ကိစ္စရပ်များစွာဖြင့် စမ်းသပ်

တော်မူခဲ့ရာ သူသည် ယင်းကိစ္စရပ်များကို ပြည့်ဝအောင် လုပ်ပြခဲ့သည်။ ထိုအခါ အလ္လာဟ်က ငါအရှင်သည် အသင့်အား အားလုံး၏ ရှေ့ဆောင်ရှေ့ရပ်အဖြစ် ပြုလုပ်တော်မူမည်ဟု မိန့်တော်မူလေသည်။ အိဝ်ရာဟီးမ်က ကျွန်တော်မျိုး၏ သား စဉ်မြေးဆက်ထဲမှလည်း(ပြုတော်မူပါ)ဟု လျှောက်ထားရာ အလ္လာဟ်က ငါ၏(ဤ) ကတိတော်ထဲတွင် မတရားသူများ မပါဝင်ပေဟု မိန့်တော်မူသည်။

၁၂၅။ တစ်ချိန်က ငါအရှင်မြတ်သည် ကအ်ဗဟ်ကို လှူတို့ စုရုံးရာနှင့် လုံခြုံငြိမ်းချမ်းရာနေရာအဖြစ် ပြုတော်မူခဲ့သည်။ မကာမေ့အိဝ်ရာဟီးမ်ကို စွလာသ် ဝတ်ပြုရာနေရာအဖြစ် သတ်မှတ်ကြကုန်။ ငါအရှင်မြတ်က အိဝ်ရာဟီးမ်နှင့် အစ်မာအီးလ်တို့အား အလေးအနက် မိန့်တော်မူခဲ့သည်။ အသင်တို့နှစ်ဦးသည် ငါ အရှင်မြတ်၏ အိမ်တော်ကို သွဝါးဖ်လှည့်ပတ်သူများ၊ အိအ်သိကားဖ် တရားစခန်းဝင် သူများ၊ ရုကူအ်ဦးညွှတ်သူများနှင့် စဂျိဒဟ်ဦးချသူများအဖို့ သန့်ရှင်းအောင်လုပ်ကြ။

၁၂၆။ တစ်ခါတွင် အိဝ်ရာဟီးမ်က လျှောက်ထားခဲ့သည်။ အို-ကျွန်တော်မျိုးတို့၏ အရှင်၊ ဤမြို့ကို ငြိမ်းချမ်းသောမြို့အဖြစ်ပြုပေးတော်မူပါ။ ထို့ပြင် ဤမြို့တွင် နေထိုင်ကြသူများအနက်မှ အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ကြကုန်သော သူတို့အား သစ်သီးဝလံရိက္ခာများကို ပေးသနားတော်မူပါဟု လျှောက်ထားခဲ့သည်။ ထိုအခါ အလ္လာဟ်က မိန့်တော်မူသည်။ ငြင်းပယ်သူကိုလည်း ငါအရှင်သည် ရက်အနည်းငယ် အကျိုးခံစားခွင့် ပေးတော်မူမည်။ ထို့နောက် သူ့ကို ငရဲသို့ တွန်းပို့လိုက်တော်မူမည်။ ထိုနေရာသည် အလွန်ဆိုးရွားသောနေရာပင်ဖြစ်သည်။

၁၂၇။ တစ်ခါတွင် အိဝ်ရာဟီးမ်နှင့် အစ်မာအီးလ်တို့သည် အလ္လာဟ်အိမ်တော်၏ တံတိုင်းများကို မြှင့်တင်ကြစဉ် ဤသို့ လျှောက်တင်ခဲ့ကြသည်။ အို-ကျွန်တော်မျိုးတို့၏ အရှင်မြတ်၊ ကျွန်တော်မျိုးတို့ထံမှ လက်ခံတော်မူပါ။ ဇကန်စင်စစ် အရှင်မြတ်သည်သာလျှင် အလွန်ကြားတော်မူသောအရှင်၊ အလွန်သိတော်မူသောအရှင် ဖြစ်တော်မူသည်။ **၁၂၈။** အို-ကျွန်တော်မျိုးတို့၏အရှင်မြတ်၊ ကျွန်တော်မျိုးတို့နှစ်ဦးကို အရှင်မြတ်၏အမိန့်နာခံသူများအဖြစ် ပြုလုပ်ပေးသနား တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့၏ သားစဉ်မြေးဆက်မှ အမိန့်နာခံသော အုပ်စုတစ်စုကို

ပေါ်ထွန်းစေ တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား ခဝပ်ဆည်းကပ်ရမည့်နည်းလမ်းများကိုလည်း ပြသတော်မူပါ။ ထို့နောက် ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ။ အရှင်မြတ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနား ကြင်နာတော်မူသော အရှင် ဖြစ်တော်မူပါသည်။ **၁၂၉။** အို-ကျွန်တော်မျိုးတို့၏ အရှင်မြတ်၊ အရှင်မြတ်၏မုကွပါဠိတော်များကို ရွတ်ဖတ်ပြပေးမည့်၊ ကျမ်းဂန်နှင့် အမြော်အမြင်ကို သင်ပြပေးမည့်၊ သူတို့ကို သန့်ပြန့်စင်ကြယ်အောင် လုပ်ပေးမည့်တမန်တော်တစ်ပါးကို သူတို့ထဲမှ ပေါ်ထွန်းစေတော်မူပါ။ မုချဇကန် အရှင်မြတ်သည် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါသည်။

၁၃၀။ မိမိကိုယ်ကိုမိမိ အသိဉာဏ်မဲ့အောင်လုပ်လိုက်သူမှအပ မည်သူက အိဗ်ရာဟီမ်၏ သာသနာတော်ကို မကြိုက်ဘဲ ရှိမည်နည်း။ စင်စစ်တွင် ငါအရှင်မြတ်သည် ထိုအိဗ်ရာဟီးမ်ကို ဤလောကတွင် ရွေးချယ်တော်မူခဲ့သည်။ နောင်မလွန်တွင် လည်း သူသည် သူတော်ကောင်းများအနက်မှ ဖြစ်လိမ့်မည်။ **၁၃၁။** တစ်ခါတွင် သူ၏ အရှင်က သူ့အား "အသင်သည် မိမိကိုယ်ကိုမိမိ အပ်နှံလိုက်လော့"ဟု မိန့်ကြားတော်မူရာ သူက "ကျွန်တော်မျိုးသည် လောကအပေါင်းအား ဖန်ဆင်းမွေးမြူသောအရှင်ထံ ကိုယ့်ကိုယ်ကိုယ် အပ်နှံလိုက်ပါပြီ"ဟု လျှောက်တင်ခဲ့လေသည်။ **၁၃၂။** အိဗ်ရာဟီးမ် သည် မိမိ၏ သားသမီးများအား ဤအချက်ကိုပင် ဆုံးမမှာကြားခဲ့လေသည်။ ယအ်ကူးဗ်သည်လည်း မိမိသားသမီးများအား ဤအချက်ကိုပင် ဆုံးမမှာကြားခဲ့လေသည်။ အို-ငါ၏သားသမီးအပေါင်းတို့၊ အလ္လာဟ်သည် အသင်တို့အဖို့ ဤသာသနာကိုပင် ရွေးချယ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်တို့သည် အီမာန်ယုံကြည်သော အခြေအနေမှတစ်ပါး အခြားအခြေအနေတွင် မသေဆုံးကြကုန်လင့်။ **၁၃၃။** ယအ်ကူးဗ်သေဆုံးခါနီးအချိန်တွင် အသင်တို့ ရှိနေခဲ့ကြသလော။ ထိုအချိန်တွင် သူက မိမိ၏သားသမီးများအား အသင်တို့သည် ငါမရှိသည့်နောက်တွင် အဘယ် အရာကို ကိုးကွယ်ကြမည်နည်းဟု မေးခဲ့လေသည်။ သူတို့က ကျွန်ုပ်တို့သည် ဖခင်ကြီး ကိုးကွယ်ခဲ့သော၊ ဖခင်ကြီး၏ ဘိုးဘေးများဖြစ်ကြသော အိဗ်ရာဟီမ်၊ အိစ်မာအီးလ်နှင့် အိစ်ဟားက်တို့ ကိုးကွယ်ခဲ့

ကြသော အရှင်ကိုသာ ကိုးကွယ်ကြပါမည်။ ထိုအရှင်သည် တစ်ပါးတည်းသော၊ ကိုးကွယ်ခံထိုက်သောအရှင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ထိုအရှင်၏ အမိန့်တော်ကို နာခံသူများ ဖြစ်ကြပါသည်။ **၁၃၄။** ဤသည် လွန်ခဲ့ပြီးသောအုပ်စုတစ်စု ဖြစ်သည်။ သူတို့ရှာဖွေဆည်းပူးခဲ့သည်ကို သူတို့ရကြမည်။ အသင်တို့ရှာဖွေဆည်းပူးခဲ့သည်ကို အသင်တို့ ရကြမည်။ သူတို့၏ လုပ်ရပ်များနှင့် စပ်လျဉ်း၍ အသင်တို့သည် မေးမြန်း ခြင်းခံကြရမည်မဟုတ်ပေ။

၁၃၅။ သူတို့က ပြောကြသည်။ "အသင်တို့သည် ယဟူဒီ သို့မဟုတ် နတ်စွဲရာနီဖြစ်လိုက်ကြပါ၊ လမ်းမှန်ကို ရရှိကြမည်။" အသင်ပြောကြားပါ။ ဤသို့ အလျှင်းမဟုတ်၊ စင်စစ်တွင် ကျွန်ုပ်တို့သည် အလွှာဟ်ဘက်ကို သီးသန့် အာရုံပြုခဲ့သော၊ မုရှ်ရိုက်တို့အနက်မှ မဟုတ်ခဲ့သော တမန်တော်အိဗ်ရာဟီးမ်၏ သာသနာကို လိုက်နာကြပါသည်။ **၁၃၆။** အသင်တို့ပြောကြပါ။ ကျွန်ုပ်တို့သည် အလွှာဟ်ကို ယုံကြည်ကြသည်။ ထို့ပြင် ကျွန်ုပ်တို့ထံ ချပေးခြင်းခံရသောအရာကိုလည်း ယုံကြည်ကြသည်။ ထို့ပြင် အိဗ်ရာဟီမ်၊ အိစ်မာအီလ်၊ အိစ်ဟာက်၊ ယအ်ကူးဗ်နှင့် သူ၏သားများအပေါ်တွင် ချပေးခြင်းခံရသောအရာကိုလည်း ယုံကြည်ကြသည်။ ထို့ပြင် မူစာ၊ အီစာနှင့် ကျန်တမန်တော် အားလုံးတို့ထံ သူတို့၏အရှင်ထံမှ ရရှိသည့် အရာအားလုံး ပေါ်တွင်လည်း ယုံကြည်ကြသည်။ ထိုတမန်တော်များကြားတွင် ကျွန်ုပ်တို့သည် မည်သူ့ကိုမျှ မခွဲခြားကြပေ။ ထို့ပြင် ကျွန်ုပ်တို့သည် အလွှာဟ်၏ အမိန့်နာခံကြသူများ ဖြစ်ကြပေသည်။ **၁၃၇။** အကယ်၍ အသင်တို့အီမာန်ယုံကြည်သကဲ့သို့ သူတို့လည်း အီမာန်ယုံကြည်ကြပါမူ သူတို့သည် လမ်းမှန်ရကြပေမည်။ အကယ်၍ သူတို့သည် ကျောခိုင်းသွားကြလျှင် ရန်လိုမုန်းတီးမှုဌာန ရှိနေကြသည်။ အလွှာဟ်သည် အသင့်ဘက်မှ သူတို့နှင့်ရင်ဆိုင်ရန် လုံလောက်တော်မူသည်။ အရှင်မြတ်သည် အလွန်ကြားတော်မူသော၊ အလွန်မြင်တော်မူသော အရှင်ဖြစ် တော်မူသည်။ **၁၃၈။** ကျွန်ုပ်တို့သည် အလွှာဟ်၏ ဆေးရောင်ကို ယူခဲ့ကြပြီ၊ အလွှာဟ်၏အရောင်ထက် မည်သူ၏ဆေးရောင်က ပိုကောင်းသနည်း။ ကျွန်ုပ် တို့သည် အလွှာဟ်ကိုသာ ကိုးကွယ်သူများဖြစ်ကြသည်။ **၁၃၉။** အသင်ပြောပါ။

သင်တို့သည် အလ္လာဟ်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ကို ငြင်းခုံနေကြသလော။ အမှန်မှာ ထိုအရှင်သည် ကျွန်ုပ်တို့၏ အရှင်နှင့် အသင်တို့၏အရှင် ဖြစ်တော်မူပေသည်။ ကျွန်ုပ်တို့၏လုပ်ရပ်များသည် ကျွန်ုပ်တို့အတွက်ဖြစ်ပြီး အသင်တို့၏ လုပ်ရပ်များသည် အသင်တို့အတွက် ဖြစ်ပေမည်။ ထို့ပြင် ကျွန်ုပ်တို့သည် ထိုအရှင်မြတ်အတွက်သာ သီးသန့်ဖြစ်ကြပေသည်။ **၁၄၀။** အိဗ်ရာဟီမ်၊ အိစ်မာအီလ်၊ အိစ်ဟားက်၊ ယအ်ကူးဗ်နှင့် သူ၏သားသမီးများအားလုံးသည် ယဟူဒီ သို့မဟုတ် နတ်စွဲရာနီဖြစ်ခဲ့ကြသည်ဟု အသင်တို့ ပြောဆိုကြသလော။ အသင်ပြောလိုက်ပါ။ အသင်တို့က ပို၍ သိသလော၊ သို့မဟုတ် အလ္လာဟ်က ပို၍ သိတော်မူသလော။ အလ္လာဟ်ထံမှ မိမိထံသို့ ရောက်လာပြီးဖြစ်သော သက်သေကို ဖုံးကွယ်ထားသူထက် ပို၍ကြီးမားသော မတရားသူသည် မည်သူရှိပါဦးမည်နည်း။ အလ္လာဟ်သည် အသင်တို့ လုပ်ဆောင်သမျှကို မေ့လျော့နေသည်မဟုတ်ပေ။ **၁၄၁။** ဤသည် လွန်ခဲ့ပြီး သောအုပ်စုတစ်စု ဖြစ်သည်။ သူတို့ ရှာဖွေဆည်းပူးခဲ့သည်ကို သူတို့ရကြမည်။ အသင်တို့ ရှာဖွေဆည်းပူးခဲ့သည်ကို အသင်တို့ ရကြပေမည်။ သူတို့၏လုပ်ရပ်များနှင့် စပ်လျဉ်း၍ အသင်တို့သည် မေးမြန်းခြင်းခံကြရမည် မဟုတ်ပေ။

★**၁၄၂။** မွတ်စ်လင်မ်တို့အား သူတို့၏ကိဗ်လာဟ် မျက်နှာမူရာဘက်မှ အဘယ်အရာက လွှဲဖယ်သွားစေသနည်းဟု လူတို့အနက် အသိပညာမဲ့သူတို့က များမကြာမီ ပြောကြလိမ့်မည်။ အသင်ပြောကြားပါလေ။ အရှေ့အရပ်နှင့် အနောက်အရပ်ကို အလ္လာဟ်သာ လျှင် ပိုင်ဆိုင်သည်။ အရှင်မြတ်သည် မိမိအလိုရှိသူကို လမ်းမှန်ပြသတော်မူသည်။ **၁၄၃။** ထို့အတူ ငါအရှင်မြတ်သည် အသင်တို့ကို အလယ်အလတ်ကျသောအုပ်စုအဖြစ် ပြုတော်မူခဲ့သည်။ (အကြောင်းမှာ အသင်တို့သည် လူခပ်သိမ်းတို့နှင့် ပတ်သက်၍ ပြောပြရန်အတွက်ဖြစ်ပြီး တမန်တော်က အသင်တို့နှင့် ပတ်သက်၍ ပြောပြရန်အတွက်ဖြစ်သည်။) ငါအရှင်မြတ်သည် အသင်ရှိနေခဲ့သော ကိဗ်လာဟ်မျက်နှာမူရာအရပ်ကို သတ်မှတ်ခဲ့ရခြင်းမှာ မည်သူက တမန်တော်ကို နာခံပြီး မည်သူက မနာခံဘဲ နောက်ပြန် လျှောက်သွားသလဲ ဟူသည်ကို ငါအရှင် သိရှိတော်မူရန်အတွက် ဖြစ်သည်။ ဤကိစ္စသည် အလ္လာဟ်က

လမ်းပြတော်မူသော သူများမှတစ်ပါး ကျန်သူများအပေါ် တွင် မုချလေးလံသောကိစ္စ ဖြစ်ပေသည်။ အလ္လာဟ်သည် အသင်တို့၏အီမာန်ယုံကြည်မှုကို အလဟဿ ဖျက်ဆီးတော်မူမည့်အရှင် မဟုတ်ပေ။ မုချဇကန် အလ္လာဟ်ရှင်မြတ်သည် လူတို့ကို အလွန်ကြင်နာ ယုယတော်မူသော၊ အလွန်သနားတော်မူသော အရှင်ဖြစ်တော်မူပေသည်။

၁၄၄။ အသင်၏ မျက်နှာသည် မိုးပေါ်သို့ ကြွိမ်ဖန်များစွာ မော့နေသည်ကို ငါအရှင်မြင်တော်မူသည်။ ငါအရှင်မြတ်သည် အသင်နှစ်သက်သည့် ကိဗ်လာဟ် ဘက်ကို အသင့်အား လှည့်ပေးတော်မူမည်။ ယခုအသင်သည် မတ်စ်ဂျေဒ့ဟရာမ် ကျောင်းတော်ဘက်သို့ မျက်နှာလှည့်ပါ။ အသင်တို့သည် မည်သည့်နေရာ၌ပင် ရှိသည်ဖြစ်စေ မျက်နှာများကို ထိုကျောင်းတော်ဘက်သို့ လှည့်ကြကုန်။ ဤသည် အမှန်တရားဖြစ်ပြီး မိမိတို့၏အရှင်ထံပါးမှ ဖြစ်ကြောင်းကို ကျမ်းရဟုဂ္ဂိလ်များက ကောင်းကောင်းသိကြသည်။ အလ္လာဟ်သည် သူတို့လုပ်ဆောင်နေသည်များကို မသိသည်မဟုတ်ပေ။ **၁၄၅။** အကယ်၍ အသင်တို့သည် ကျမ်းရဟုဂ္ဂိလ်များ ရှေ့တွင် အထောက်အထားအားလုံးကို တင်ပြလိုက်လျှင်လည်း သူတို့သည် အသင့်၏ ကိဗ်လာဟ်ကို လက်ခံကြမည်မဟုတ်။ အသင်သည်လည်း သူတို့၏ကိဗ်လာဟ်ကို လိုက်နာ၍မရပေ။ သူတို့အချင်းချင်းသည်လည်း တစ်ဦး၏ ကိဗ်လဟ်ကို တစ်ဦးက မလိုက်နာကြပေ။ အကယ်၍ အသင့်ထံ အသိတရားလာရှိပြီးသည့်နောက်တွင်လည်း အသင်သည် ၎င်းတို့၏ စိတ်ဆန္ဒများနောက်သို့ လိုက်ပါက မုချဇကန် အသင်သည် မတရားသူများထဲတွင် အပါအဝင်ဖြစ်သွားပေလိမ့်မည်။ **၁၄၆။** ငါအရှင်မြတ်က ကျမ်းဂန်ပေးသနားထားသော သူတို့သည် မိမိတို့သားများကို သိကြသည့်နယ် ယင်းကျမ်းကို သိကြသည်။ သူတို့ထဲက အုပ်စုတစ်စုသည် အမှန်တရားကို သိပါလျက် ဖုံးကွယ်ထားကြသည်။ **၁၄၇။** အမှန်တရားသည် အသင့်အရှင်မြတ်ထံမှ လာသောအရာသာ ဖြစ်သည်။ သို့ရှိရာ အသင်သည် သံသယဖြစ်သူများတွင် လုံးဝ အပါအဝင်မဖြစ်လေနှင့်။

၁၄၈။ လူတိုင်းတွင် မျက်နှာမူရာ ကိုယ်စီရှိကြသည်။ သို့ရှိရာ အသင်တို့

သည် ကောင်းခြင်းတရားဘက်သို့ ပြေးကြကုန်။ မည်သည့်နေရာမှာပင် အသင်တို့ ရှိပါစေ၊ အလွှာဟ်သည် သင်တို့အားလုံးကို ပြန်လည်ခေါ်ဆောင်လာတော်မူမည်။ ဇကန်မုချ အလွှာဟ်သည် အရာအားလုံးကို လုပ်ဆောင်နိုင်ပေသည်။ **၁၄၉။** ထို့ပြင် အသင်သည် မည်သည့်နေရာမှပင်ဖြစ်စေ ထွက်လာပါက မျက်နှာကို မတ်စ်ဂျေဒ့ဟရာမ်ဘက်သို့ လှည့်ပါလေ။ မုချဇကန် ဤသည် အသင့်အရှင်ထံမှ အမှန်တရားဖြစ်သည်။ အသင်တို့ လုပ်ဆောင်နေသမျှကို အလွှာဟ်က မသိသည် မဟုတ်ပေ။ **၁၅၀။** ထို့ပြင် အသင်သည် မည်သည့်နေရာမှပင် ဖြစ်စေ ထွက်လာပါက မိမိမျက်နှာကို မတ်စ်ဂျေဒ့ဟရာမ်ဘက်သို့ လှည့်ပါလေ။ အသင်တို့သည် မည်သည့်နေရာမှာပင် ရှိနေကြပါစေ မျက်နှာများကို ထိုကျောင်း တော်ဘက်သို့ လှည့်ကြကုန်။ သို့မှသာ တရားမျှတမှုမရှိသူများမှတစ်ပါး လူတို့တွင် အသင်တို့နှင့် ဆန့်ကျင်၍ မည်သည့် အထောက်အထားမျှ ပေးစရာ မကျန်တော့ရန် ဖြစ်သည်။ သို့ရှိရာ (ထိုခေါင်းမာ၍ တရားမျှတမှု မရှိ)သူတို့ကို အသင်တို့ မကြောက်ကြနှင့်။ ငါအရှင်ကိုသာ ကြောက်ကြကုန်။ ထို့ပြင် အသင်တို့အပေါ်တွင် ငါအရှင်မြတ်သည် မိမိကျေးဇူးတော်ကို ပြည့်ဝစေရန်အတွက်လည်း ဖြစ်ပေသည်။ ထို့ပြင် အသင်တို့ လမ်းမှန်ရရှိကြရန်အတွက်လည်း ဖြစ်ပေသည်။ **၁၅၁။** ဤကဲ့သို့ပင် ငါအရှင်သည် အသင်တို့အတွင်း အသင်တို့ထဲမှပင် တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့သည်။ သူသည် အသင်တို့အား ငါအရှင်မြတ်၏ မုကွပါဠိတော်များကို ရွတ်ဖတ်ပြသည်။ အသင်တို့အား သန့်စင်အောင်လုပ်ပေးသည်။ ထို့ပြင် အသင်တို့အား ကျမ်းဂန်နှင့် အမြော်အမြင်ကိုလည်း သင်ကြားပေးသည်။ အသင်တို့မသိခဲ့ကြသော အရာများကိုလည်း သင်ကြားပေးသည်။ **၁၅၂။** အသင်တို့သည် ငါအရှင်ကို သတိရကြကုန်။ သို့ဖြစ်လျှင် ငါအရှင်လည်း အသင်တို့ကို သတိရတော်မူမည်။ ငါအရှင်၏ကျေးဇူးတရားကို အသိအမှတ်ပြုကြကုန်။ ကျေးဇူးမကန်းကြကုန်နှင့်။

၁၅၃။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ ကြံ့ကြံ့ခံရပ်တည်ခြင်းနှင့် စွလားသ်ဆောက်တည်ခြင်းတို့ဖြင့် အကူအညီရယူကြကုန်။ မုချဇကန် အလွှာဟ်သည် ကြံ့ကြံ့ခံရပ်တည်ကြသူများနှင့်အတူ ရှိတော်မူသည်။ **၁၅၄။** အလွှာဟ်၏

လမ်းတော်၌ အသတ်ခံရသူများကို သူသေများဟု မပြောကြနှင့်။ အမှန်တွင် သူတို့သည် အသက်ရှင်လျက်ရှိကြသည်။ သို့သော် သင်တို့ မသိကြပေ။ **၁၅၅။** ငါအရှင်မြတ်သည် အသင်တို့အား ကြောက်ရွံ့စိုးရိမ်စရာအနည်းငယ်ဖြင့်၊ ငတ်မွတ်မှုဖြင့်၊ ပစ္စည်းဥစ္စာ၊ အသက်နှင့် သစ်သီးဝလံများလျော့နည်းစေခြင်းတို့ဖြင့် မုချ စမ်းသပ်တော်မူမည်။ ထို့ပြင်ကြံ့ကြံ့ခံရပ်တည်ကြသူများကို သတင်းကောင်းပေးလိုက်ပါလော။ **၁၅၆။** ထိုကြံ့ကြံ့ခံရပ်တည်ကြသူများ၏ အခြေအနေမှာ သူတို့အပေါ် ဘေးဒုက္ခတစ်စုံတစ်ရာ ကျရောက်လာလျှင် ကျွန်ုပ်တို့သည် အလ္လာဟ်၏ပိုင်ဆိုင်မှုသာဖြစ်ပြီး အမှန်ပင် ကျွန်ုပ်တို့သည် ထိုအရှင်မြတ်ထံပါးသို့ လှည့်၍ ပြန်သွားကြရမည်ဟု ပြောကြသည်။ **၁၅၇။** ဤသူတို့အပေါ် ၌သာလျှင် သူတို့၏အရှင်ထံမှ ကောင်းချီးမင်္ဂလာများနှင့် ကရုဏာများ ကျရောက်ပေသည်။ ဤသူများသည်သာလျှင် လမ်းမှန်ပေါ်တွင် ရှိကြသည်။

၁၅၈။ စွဖာနှင့် မရ်ဝတ်သည် ဇကန်စင်စစ် အလ္လာဟ်၏ အထိမ်းအမှတ်များအနက်မှ ဖြစ်သည်။ သို့ဖြစ်ရာ မည်သူမဆို အလ္လာဟ်၏ အိမ်တော်ကို ဟဂ်ျပြုရာတွင် ဖြစ်စေ၊ သို့မဟုတ် အုမ်ရဟ်ပြုရာဖြစ်စေ ယင်းတောင်နှစ်ခုကို သွဝါးဖ်လုပ်လျှင် ထိုသူသည် မည်သို့မျှ အပြစ်မထိုက်ပေ။ မည်သူမဆို စိတ်ဆန္ဒအလျောက် ကောင်းမှုတစ်စုံတစ်ခုကိုပြုပါက အလ္လာဟ်သည် အသိအမှတ်ပြုတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၁၅၉။** ငါအရှင်သည် လူတို့အဖို့ ကျမ်းဂန်တွင် ထင်ရှားစွာဖော်ပြထားပြီးနောက်သော်မှ ငါအရှင်မြတ် ချပေးထားတော်မူသော ယင်းထင်ရှားသည့် လက္ခဏာတော်များနှင့် လမ်းညွှန်ချက်များကို ထိမ်ချန်လျှို့ဝှက်သောသူများကို အလ္လာဟ်သည် မိမိ၏ကရုဏာတော်မှ ကင်းဝေးစေတော်မူသည်။ ထို့ပြင် ကျိန်ဆဲသူများသည်လည်း သူတို့ကို ကျိန်ဆဲကြလေသည်။ **၁၆၀။** သို့သော် အမှားဝန်ခံတောင်းပန်၍ ပြုပြင်လိုက်ကြပြီး ထင်ရှားစွာ ရှင်းလင်းထုတ်ဖော်လိုက်သောသူတို့ကိုမူ ငါအရှင်သည် ခွင့်လွှတ်ပေးတော်မူမည်။ ငါအရှင်မြတ်သည် ဝန်ချတောင်းပန်မှုကို အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၁၆၁။**

အမှန်စင်စစ် သွေဖည်ငြင်းပယ်ကြပြီး ထိုအဖြစ်နှင့်ပင် သေဆုံးခဲ့ကြသော သူတို့ကို အလ္လာဟ်သည် မိမိ၏ကရုဏာတော်မှ ဝေးကွာစေတော်မူမည်။ ထို့ပြင် ကောင်းကင် တမန်အပေါင်းနှင့် လူအပေါင်းတို့၏ ကျိန်ဆဲမှုသည်လည်း သူတို့အပေါ်တွင် ကျရောက်ပေမည်။ **၁၆၂။** သူတို့သည် ထိုအခြေအနေ၌သာ အမြဲရှိကြလိမ့်မည်။ သူတို့ထံမှ ပြစ်ဒဏ်ကို လျော့ပေါ့စေခြင်းခံရမည်လည်းမဟုတ်သည့်အပြင် သူတို့သည် ဆိုင်းငံ့ခွင့်လည်း ရရှိကြမည်မဟုတ်ပေ။

၁၆၃။ သင်တို့၏ ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်တော်မူသော အရှင်အလျှင်း မရှိပေ။ ထိုအရှင်သည် အနှိုင်းမဲ့ ကရုဏာတော်ရှင်၊ အလွန်ကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။ **၁၆၄။** မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းခြင်း၊ နေ့နှင့်ည ပြောင်းလဲဖြစ်ပေါ်ခြင်း၊ လူတို့ကို အကျိုးပြုသောအရာများကို သယ်ဆောင်၍ ပင်လယ်တွင် သွားလာလျက်ရှိသောရေယာဉ်များ၊ သေပြီးသားမြေကို ရှင်သန်စေရန်အတွက် အလ္လာဟ်က ရွာချပေးတော်မူသောမိုးရေ၊ မြေပထဝီ၌ ပျံ့နှံ့စေလိုက်သော သက်ရှိသတ္တဝါအမျိုးမျိုး၊ လေများကို တိုက်ခတ်စေခြင်း၊ မိုးနှင့်မြေကြား၌ အမိန့်နာခံလျက်ရှိသော မိုးတိမ်တို့တွင် အသိတရားရှိသူတို့အဖို့ ဧကန်မုချ သက်သေလက္ခဏာများရှိလေသည်။

၁၆၅။ လူတို့အနက် အလ္လာဟ်နှင့် အခြားအရာများကို ဂုဏ်ရည်တူအဖြစ် သတ်မှတ်သည့်သူများ ရှိကြသည်။ သူတို့သည် အလ္လာဟ်ကို ချစ်သင့်သည့် အချစ်မျိုးဖြင့် ထိုအရာများကို ချစ်ကြသည်။ အီမာန်ယုံကြည်သူများမှာမူ အရာအားလုံးထက် အလ္လာဟ်ကို ပို၍ ချစ်ကြသည်။ မတရားသူများသည် အပြစ်ဒဏ်ကို ရင်ဆိုင်ကြရချိန်တွင် အင်အားအလုံးစုံကို အလ္လာဟ်က ပိုင်စိုးကြောင်း၊ အလ္လာဟ်သည် ပြစ်ဒဏ်ခတ်တော်မူရာတွင် အလွန်ပြင်းထန်ကြောင်းကို မြင်တွေ့ကြလျှင် ကောင်းလေစွ။ **၁၆၆။** အပြစ်ဒဏ်ကို တွေ့မြင်ကြရသည့်အခါ နောက်လိုက်ခြင်းခံရသောသူများသည် မိမိတို့နောက်ကို လိုက်ခဲ့ကြသူများအား ငါတို့သည် အသင်တို့နှင့် ဘာမျှမပတ်သက်တော့ပေဟု ထုတ်ဖော်ပြောကြလိမ့်မည်။ ထို့ပြင် ပတ်သက်

ဆက်နွယ်မှုများလည်း ပြတ်တောက်သွားပေမည်။ **၁၆၇။** ထိုအခါ နောက်လိုက်ခဲ့ကြသူများက ငါတို့သည် လောကသို့ ပြန်သွားရလျှင် ကောင်းလေစွ၊ ထိုအခါကျလျှင် ဤသူများက ငါတို့နှင့်ပတ်သက်မှုကို ဖြတ်တောက်ကြသကဲ့သို့ ငါတို့သည်လည်း သူတို့နှင့်ပတ်သက်မှုကို ဖြတ်တောက်ပစ်ကြမည်ဟု ပြောကြလိမ့် မည်။ ဤနည်းအတိုင်းပင် အလ္လာဟ်သည် သူတို့၏လုပ်ရပ်များကို သူတို့အပေါ် ဝမ်းနည်းကြောင့် စရာအဖြစ် ပြသတော်မူလိမ့်မည်။ သူတို့သည် ငရဲမီးထဲမှ ထွက်နိုင်ကြမည်မဟုတ်ပေ။

၁၆၈။ အို-လူတို့၊ သင်တို့သည် မြေကမ္ဘာရှိ စားသုံးခွင့်ပြုထားသော သန့်ပြန့်သည့်အစားအစာများကို စားကြကုန်။ ရှိုင်သွာန်၏ လမ်းစဉ်ကို မလိုက်ကြနှင့်။ ဇကန်စင်စစ် သူသည် အသင်တို့၏ ထင်ရှားသော ရန်သူပင်ဖြစ်သည်။ **၁၆၉။** စင်စစ်တွင် သူသည် အသင်တို့အား မကောင်းမှုများနှင့် ရှက်ဖွယ်လိလိကိစ္စများကို လုပ်ဆောင်ရန်၊ အလ္လာဟ်နှင့် ဆန့်ကျင်၍ အသင်တို့ မသိသည့် အရာကို ပြောဆိုကြရန် တိုက်တွန်းသည်။ **၁၇၀။** ထိုသူတို့အား အသင်တို့သည် အလ္လာဟ် ချေးသနားတော်မူသော အရာနောက်ကို လိုက်ကြဟု ပြောဆိုသည့်အခါတွင် သူတို့က ဤသို့ ပြန်ဖြေကြလေသည်။ ထိုသို့မဟုတ်။ စင်စစ်တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘိုးဘေးများ လျှောက်လှမ်းခဲ့ကြသည်ကို တွေ့မြင်ခဲ့ရသည့် လမ်းစဉ်ကိုသာ လျှောက်လှမ်းကြမည်။ သူတို့၏ဘိုးဘေးများသည် အသိဉာဏ်မရှိခဲ့ကြလျှင်လည်း၊ လမ်းမှန်ကို မသိခဲ့ကြလျှင်လည်း သူတို့နောက်ကိုသာ လိုက်ကြမည်လော။

၁၇၁။ ထိုသွေဖည်သူများ၏ပမာသည် ဤသို့ဖြစ်၏။ လူတစ်ဦးသည် ဟစ်အော်နေခြင်းမှတစ်ပါး အခြားဘာမျှမသိသော တိရစ္ဆာန်များကို ဟစ်အော်နေပေသည်။ ထိုသို့သော သူများသည် နားပင်းနေသူများ၊ ဆွံ့အနေသူများ၊ မျက်စိကန်းနေကြသူ များဖြစ်ကြသည်။ ဘာမျှမသိကြချေ။

၁၇၂။ အို-အဓိမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ကို ငါအရှင်မြတ်ချီးမြှင့်ထားသော သန့်ပြန့်သည့်အရာများကို စားသုံးကြကုန်။ အကယ်၍ အသင်တို့သည် အလ္လာဟ်ကိုသာ ကိုးကွယ်သူများဖြစ်ကြလျှင် ထိုအရှင်ကို ကျေးဇူးတင်ကြ

လေကုန်။ **၁၇၃။** အလ္လာဟ်သည် အသင်တို့အပေါ်တွင် အသေကောင်၊ သွေး၊ ဝက်သားနှင့်၊ အလ္လာဟ်၏နာမတော်မှအပ အခြားအရာ၏ အမည်နာမကို တသခြင်းခံရသည့်အရာများကိုသာ ဟရာမ်အဖြစ် တားမြစ်ပိတ်ပင်တော်မူသည်။ သို့ရာတွင် မလွှဲမရှောင်နိုင်တော့်သည့် အခြေအနေကို ဆိုက်ရောက်သွားသူသည် မက်မောသူလည်းမဟုတ်၊ အတိုင်းထက်ကျော်လွန်သူလည်းမဟုတ်ဘဲ (ထိုတားမြစ်ထားသည့် အရာကို)စားခဲ့ပါလျှင် ထိုသူ့ အပေါ်တွင် မည်သည့်အပြစ်မှမထိုက်ပေ။ ဇကနဲမုချ အလ္လာဟ်သည် အကြိမ်ကြိမ် ခွင့်လွှတ်တော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၁၇၄။** ကျမ်းတော်ထဲတွင် အလ္လာဟ်ချပေးထားတော်မူသောအရာကို ထိမ်ချန်ပြီး အဖိုးအခအနည်းငယ်ဖြင့် ရောင်းစားသူတို့သည် စင်စစ်တွင် ဝမ်းဗိုက်အတွင်း၌ မီးကိုစားခြင်းသာ ဖြစ်သည်။ ကိယာမသ်နေ့တွင် အလ္လာဟ်သည် သူတို့ကို စကားပြောမည်လည်းမဟုတ်၊ သူတို့ကို သန့်စင်အောင် လုပ်ပေးမည် လည်းမဟုတ်။ ထို့ပြင် သူတို့အဖို့ နာကျင်စေမည့်ပြစ်ဒဏ်ရှိပေသည်။ **၁၇၅။** ထိုသူ တို့သည် လမ်းမှန်၏အစား လမ်းမှားကို၊ ခွင့်လွှတ်မှု၏အစား ပြစ်ဒဏ်ကို လဲလှယ် ဝယ်ယူလိုက်ကြသူများ ဖြစ်ကြပေသည်။ သူတို့သည် ငရဲမီးအပေါ် အဘယ်မျှ ခံပဲ့ကြပါသနည်း။ **၁၇၆။** ထိုသို့ အစားပေးရခြင်းမှာ အလ္လာဟ်သည် ကျမ်းတော်ကို မှန်မှန်ကန်ကန် ချပေးတော်မူခဲ့ပြီးဖြစ်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ကျမ်းတော်ထဲတွင် လမ်းပေါင်းများစွာ ထွင်လိုက်ကြသူများသည် ဝေးကွာသောဆန့်ကျင်ကွဲလွဲမှုထဲသို့ ကျရောက်သွားခဲ့ကြလေသည်။

၁၇၇။ အရှေ့ဘက်နှင့် အနောက်ဘက်သို့ အသင်တို့ မျက်နှာမူခြင်းသည် သာကောင်းမှုကုသိုလ် မဟုတ်ပေ။ ကောင်းမှုကုသိုလ် အစစ်အမှန်ဟူသည်မှာ လူသားသည် အလ္လာဟ်ကို ယုံကြည်ခြင်း၊ နောင်မလွန်ကို ယုံကြည်ခြင်း၊ ကောင်းကင်တမန်များကို ယုံကြည်ခြင်း၊ ကျမ်းဂန်ကို ယုံကြည်ခြင်း၊ နဗီတမန်တော်များကို ယုံကြည်ခြင်းတို့ ဖြစ်သည်၊ ထို့ပြင် အလ္လာဟ်ကို ချစ်မြတ်နိုးသဖြင့် ဆွေမျိုးများ၊ မိဘမဲ့များ၊ သူဆင်းရဲများ၊ ခရီးသည်များ၊ တောင်းရမ်းသူများနှင့် ကျွေးကျွန်များကို သူကောင်းပြုရာတွင် ဥစ္စာပစ္စည်း ပေးလှူခြင်းဖြစ်သည်။ ထို့ပြင် စွလားသ်ဝတ်ပြုခြင်း၊

ဇကားသံပေးဆောင်ခြင်း၊ ကတိပြုလျှင် တည်ခြင်း၊ ကျပ်တည်းခက်ခဲချိန်တွင် ဖြစ်စေ၊ ဒုက္ခရောက်ချိန်တွင်ဖြစ်စေ၊ စစ်ဖြစ်နေစဉ်တွင်ဖြစ်စေ ကြံ့ကြံ့ခံရပ်တည်ခြင်းဖြစ်ပေသည်။ ထိုသို့လုပ်ဆောင်သူများသာလျှင် သစ္စာဝါဒီများဖြစ်ကြသည်။ ထို့ပြင် သူတို့သည်သာလျှင် အလွှာဟ်အား အကြောက်တရားထားကြသူများ ဖြစ်ကြပေသည်။

၁၇၈။ အို-အဓိမာန်ယုံကြည်သူအပေါင်းတို့၊ အသတ်ခံရသူများအတွက် လက်စားချေရန် အသင်တို့အပေါ်တွင် ဖရ်သင်္ဘအဖြစ် သတ်မှတ်လိုက်ပေပြီ။ လွတ်လပ်သူ၏ အစားလွတ်လပ်သူ၊ ကျေးကျွန်၏အစား ကျေးကျွန်၊ မိန်းမ၏အစား မိန်းမ ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် အသတ်ခံရသူ၏ညီအစ်ကို သားချင်း ဘက်မှ (လျော်ကြေးဖြင့်) ခွင့်လွှတ်မှုကိုရရှိခဲ့ပါမူ ကောင်းမြတ်စွာ လိုက်နာကျင့်သုံးလျက် လျော်ကြေးကို ကောင်းမွန်စွာဖြင့် ပေးဆပ်ရမည်။ ဤသည် အသင်တို့၏ အရှင်ထံပါးမှ လျှောက်ပေါ်ပေးခြင်းနှင့် သနားညှာတာမှုပင် ဖြစ်သည်။ ထို့နောက် တွင်လည်း မတရားမှုကျူးလွန်လျှင် ထိုသူအဖို့ နာကျင်ဖွယ်ရာပြစ်ဒဏ် ရှိပေသည်။

၁၇၉။ အို- ဉာဏ်ရှင်အပေါင်းတို့၊ တရားဝင်လက်တုံ့ပြန်၍ အစားပြန်ယူခြင်းတွင် အသင်တို့အဖို့ ရှင်သန်မှုရှိပေသည်။ ဤသို့ဖြင့် အသင်တို့ ရှောင်ကြဉ်ကောင်း ရှောင်ကြဉ်ပေလိမ့်မည်။ **၁၈၀။** အသင်တို့အနက် တစ်ဦးတစ်ယောက်ထံသို့ သေခြင်းတရား ဆိုက်ရောက်သည့်အချိန်တွင် အကယ်၍ သူသည် ဥစ္စာပစ္စည်း တစ်စုံတစ်ရာထားရစ်ခဲ့ပါက ရပိုင်ခွင့်ရှိသည်နှင့်အညီ မိဘနှစ်ပါးနှင့် ဆွေမျိုးရင်းချာများအတွက် သေတမ်းစာ လုပ်ရပေမည်။ ဤသည် အလွှာဟ်ကို ကြောက်ရွံ့သူများ လုပ်ရမည့် တာဝန်ဖြစ်သည်။ **၁၈၁။** မည်သူမဆို သေတမ်းစာကို ကြားသိရပြီးနောက် ယင်းကို အပြောင်းအလဲလုပ်လိုက်ပါက ထိုအပြစ်သည် ပြောင်းလဲသူများအပေါ် တွင်သာ ကျရောက်ပေမည်။ အလွှာဟ်သည် အလွန်ကြားတော်မူသော၊ အလွန် သိတော်မူသောအရှင်မုချဖြစ်တော်မူပေသည်။**၁၈၂။**သေတမ်းစာမှာထားခဲ့သူသည် ဘက်လိုက်မှုတစ်စုံတစ်ရာ သို့မဟုတ် ရပိုင်ခွင့်ကို ချိုးဖောက်ခြင်း တစ်စုံတစ်ရာ ကျူးလွန်မည်ကို စိုးရိမ်ရ၍ အမွေစားများကြားတွင် ညှိနှိုင်းပေးလိုက်ပါက ထို(ညှိနှိုင်း

ပေး)သူသည် မည်သည့်အပြစ်မျှ မထိုက်ပေ။ အလွှာဟ်သည်အလွန် ခွင့်လွှတ်တော်မူသော၊ သနားကြင်နာတော်မူသောအရှင် ဇကန်မုချ ဖြစ်တော်မူပေသည်။ **၁၈၃။** အို- အီမာန်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့အလျင်က ရှိခဲ့သူများအပေါ်တွင် စွောင်မ်ဥပုသ်စောင့်ထိန်းခြင်းကို မလုပ်မနေရ တာဝန်အဖြစ် သတ်မှတ်ခဲ့သကဲ့သို့ အသင်တို့အပေါ်တွင်လည်း သတ်မှတ်လိုက်ပေပြီ။ ထိုသို့သတ်မှတ်ရခြင်းမှာ အသင်တို့သည် ပြစ်မှုရှောင်ကြဉ်သူများ ဖြစ်ကြရန်ဖြစ်သည်။ **၁၈၄။** ရေတွက်နိုင်သော ရက်အနည်းငယ်သာ ဖြစ်သည်။ ထို့ကြောင့် အသင်တို့အနက်မှ နာမကျန်းသူ သို့မဟုတ် ခရီးတွင် ရောက်နေသူဖြစ်လျှင် အခြားရက်များတွင် စွောင်မ်ဥပုသ်ကို ပြန်၍ ဖြည့်စွက်လိုက်ကြကုန်။ ခက်ခဲစွာဖြင့် ဥပုသ်စောင့်ကြရသူတို့သည် တစ်နေ့အစား သူဆင်းရဲတစ်ဦးကို ထမင်းကြွေးရပေမည်။ သို့ရာတွင် မည်သူမဆို စိတ်စေတနာအလျောက် ပိုလုပ်ပါက ထိုသူအတွက် ပို၍ ကောင်းပေသည်။ သို့သော် အသင်တို့ သိကြမည်ဆိုလျှင် ဥပုသ်စောင့်ခြင်းသည်သာ အသင်တို့အတွက် ပို၍ ကောင်းပေသည်။ **၁၈၅။** ရမ်သွာန်လသည်ကား ကုရ်အာန်ချပေးခြင်းခံရသော လပင်ဖြစ်သည်။ ယင်းကုရ်အာန်သည် လူတို့အဖို့ လမ်းမှန်ညွှန်ပြသော၊ လမ်းမှန်တရားနှင့် အမှန်၊ အမှားကို ခွဲခြားပေးသည့် သက်သေအထောက်အထား များပါရှိသော ကျမ်းဖြစ်ပေသည်။ မည်သူမဆို ထိုလကို ကြုံကြိုက်ပါက စွောင်မ် ဥပုသ်စောင့်ထိန်းရမည်။ နာမကျန်းသူ သို့မဟုတ် ခရီး၌ ရောက်နေသူများမှာမူ အခြားနေ့ရက်များတွင် ပြန်လည် ဖြည့်စွက်၍ ဥပုသ်စောင့်ရမည်။ အလွှာဟ်သည် အသင်တို့လွယ်ကူရန်သာ လိုလားတော်မူသည်။ ခက်ခဲမည်ကို လိုလားတော်မမူပေ။ ထို့ပြင် (ပြဋ္ဌာန်းခဲ့သည့်အရာများကို ပြဋ္ဌာန်းခဲ့ရခြင်းမှာ ဥပုသ်စောင့်ရမည့်) အရေအတွက်ကို အသင်တို့ ဖြည့်ဆည်းကြရန်နှင့် အသင်တို့အား လမ်းပြတော်မူခဲ့သည့် အပေါ် အသင်တို့သည် အလွှာဟ်၏ ကြီးကျယ်မှုကို ရွှတ်ဆိုကြရန်အတွက် ဖြစ်သည်။ ထို့ပြင် အသင်တို့ ကျေးဇူးတင်ကြရန်အတွက်လည်း ဖြစ်သည်။

၁၈၆။ ငါအရှင်မြတ်၏ ကျွန်များက အသင့်အား ငါအရှင်နှင့်ပတ်သက်၍ မေးသောအခါတွင် အသင်ဖြေကြားပါ။ ငါအရှင်သည် အနီး၌ပင် ရှိနေတော်မူသည်။

ဟစ်ခေါ် သူက ငါအရှင်မြတ်အား ဟစ်ခေါ် သောအခါ ငါအရှင်သည် အဖြေပေးတော်မူသည်။ သူတို့သည်လည်း ငါအရှင်၏ အမိန့်တော်ကို နာခံရပေမည်။ ငါအရှင်မြတ်အား ယုံကြည်ရပေမည်။ သို့မှသာ လမ်းမှန်ရကြပေလိမ့်မည်။ **၁၈၇။** အသင်တို့သည် ဥပုသ်စောင့်သည့်နေ့၏ညတွင် မိမိတို့၏ ဇနီးများထံသို့ သွားခွင့်ရှိသွားပေပြီ။ ဇနီးမိန်းမတို့သည် အသင်တို့အတွက် အဝတ်အစားကဲ့သို့ဖြစ်ပြီး အသင်တို့သည်လည်း သူတို့အတွက် အဝတ်အစားကဲ့သို့ ဖြစ်သည်။ အသင်တို့သည် မိမိတို့ကိုယ်ကို လှည့်စားခဲ့ကြသည်ကိုလည်း အလွှာဟ်က သိတော်မူသည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့၏ ဝန်ချတောင်းပန်မှုကို လက်ခံသဘောတူတော်မူခဲ့သည်။ ယခု အသင်တို့သည် ထိုအမျိုးသမီးတို့နှင့် တွေ့ဆုံကြ။ ထို့နောက် အသင်တို့အတွက် အလွှာဟ် သတ်မှတ် ပေးထားသောအရာကို လိုလားတောင်းတကြ။ ထို့ပြင် အသင်တို့သည် နံနက်ခင်း၏ အဖြူရောင်ချည်မျှင်သည် ည၌၏ အနက်ရောင်ချည်မျှင်နှင့် ကွာခြားသွားသည်အထိ စားကြ၊ သောက်ကြ။ ထို့နောက် စွောင်မ်ဥပုသ်ကို ည၌အထိ ပြည့်ဝအောင်လုပ်ကြ။ အသင်တို့သည် ဗလီဝတ်ကျောင်းတော်ထဲ၌ အိအိဝေ့ကားဖ် တရားထိုင်နေစဉ်ကာလတွင် ဇနီးမိန်းမတို့နှင့် ပေါင်းသင်းဆက်ဆံမှု မပြုကြနှင့်။ ဤသည် အလွှာဟ်၏ စည်းဘောင်များဖြစ်ရာ အသင်တို့သည် ထိုအနားကို မကပ်ကြနှင့်။ လူတို့ရှောင်ကြဉ်ကြရန်အတွက် အလွှာဟ်သည် မိမိ၏ မှကွပါဋိတော်များကို ဤသို့ ရှင်းလင်းထုတ်ပြတော်မူသည်။

၁၈၈။ အသင်တို့အချင်းချင်း တစ်ဦး၏ဥစ္စာပစ္စည်းကို တစ်ဦးက မတရား မစားသုံးကြနှင့်။ သူတစ်ပါးတို့၏ဥစ္စာပစ္စည်းများအနက်မှ တစ်စိတ်တစ်ပိုင်းကို မဟုတ်မမှန်သောနည်းလမ်းဖြင့် စားသုံးရန်အတွက် အာဏာပိုင်များထံ လာဘ်မထိုးကြနှင့်။ ထိုသို့ပြုခြင်းသည် အကုသိုလ်ဖြစ်ကြောင်းကို အသင်တို့လည်း သိရှိကြသည်။

၁၈၉။ ဆန်းဦးစလများနှင့်စပ်လျဉ်းပြီး သူတို့က အသင့်အား မေးကြသည်။ အသင်ဖြေကြားပါ။ ထိုဆန်းဦးစလများသည် လူတို့အတွက် အချိန်ကာလများ သတ်မှတ်ရန်နှင့် ဟဂ်ျကာလအတွက် ဖြစ်သည်။ အသင်တို့သည် အိမ်များကို

နောက်ဘက်မှ ဝင်ရောက်ခြင်းသည် ကောင်းမြတ်သောသီလမဟုတ်၊ ကောင်းမြတ်သောသီလဟူသည် သက္ကဝါတရားကို လက်ကိုက်ထားခြင်း ဖြစ်သည်။ အိမ်များကို တံခါးပေါက်များမှ ဝင်ရောက်ကြပါ။ အလွှာဟ်ကို ကြောက်ရွံ့ရိုသေကြပါ။ သို့ဆိုလျှင် အသင်တို့ အောင်မြင်ကြပေမည်။ **၁၉၀။** အလွှာဟ်လမ်းတော်တွင် အသင်တို့အား တိုက်ခိုက်လာသူများကို တိုက်ခိုက်ကြပါ။ သို့သော် မတရားမကျူးကျော်ကြလေနှင့်။ စင်စစ် အလွှာဟ်သည် မတရားကျူးကျော်သူများကို နှစ်သက်တော်မမူပေ။ **၁၉၁။** (အသင်တို့ကို တိုက်ခိုက်ကြသော) ထိုသူတို့ကို တွေ့ရာနေရာတွင် သုတ်သင်ရှင်းလင်းကြ။ ထို့ပြင် အသင်တို့အား ထိုသူတို့က နှင်ထုတ်ခဲ့ကြသည့်နေရာမှ ထိုသူတို့ကိုလည်း နှင်ထုတ်ကြလေကုန်။ စင်စစ်တွင် ဘာသာရေးညှဉ်းပန်းနှိပ်စက်မှုသည် သတ်ဖြတ်ခြင်းထက်ပင် ပိုမိုဆိုးရွားသည်။ မတ်စ်ဂျဒ်လ် ဟရာမ် ကျောင်းတော်အနီးတွင် ထိုသူတို့က အသင်တို့ကို စတင်၍ မတိုက်ခိုက်သမျှကာလ ပတ်လုံး အသင်တို့သည် သူတို့ကို မတိုက်ခိုက်ကြလေနှင့်။ အကယ်၍ သူတို့က စတင်တိုက်ခိုက်လာပါက ပြန်လည်တိုက်ခိုက်ကြလေကုန်။ ဤသည်ပင် ငြင်းဆန် သူများအဖို့ အပြစ်ဒဏ်ဖြစ်သည်။ **၁၉၂။** အကယ်၍ ထိုသူတို့သည် ရပ်စဲလိုက်ကြလျှင်မူ အလွှာဟ်သည် အလွန်တရာခွင့်လွှတ်တော်မူသောအရှင်၊ သနားကြင်နာတော်မူသောအရှင် မုချ ဖြစ်တော်မူပေသည်။ **၁၉၃။** ဘာသာရေးညှဉ်းပန်းနှိပ်စက်မှု လုံးဝပပျောက်သွားပြီး သာသနာသည် အလွှာဟ်အဖို့သာ ဖြစ်သွားသည့်တိုင်အောင် ထိုသူတို့နှင့် တိုက်ခိုက်ပါ။ အကယ်၍ သူတို့က ရပ်စဲလိုက်ကြပါမူ မတရားညှဉ်းပန်းနှိပ်စက်သူများမှအပ အခြားသူများအပေါ်တွင် မည်သို့မျှကျူးကျော်မှု မရှိရတော့ပေ။

၁၉၄။ ထွတ်မြတ်သောလများ(တွင်သူတို့က အသင်တို့ကို တိုက်ခိုက်ခဲ့သည့်) အစားအနေဖြင့် ထွတ်မြတ်သောလများ(တွင် အသင်တို့ကလည်း သူတို့ကို တိုက်ခိုက်ခြင်း) ဖြစ်သည်။ အထွတ်အမြတ်ထားရသည့်အရာများကို စော်ကားလျှင် ပြန်လည်လက်တုံ့ပြန်ခြင်းကို ခံရပေမည်။ သို့ရှိရာ အသင်တို့အပေါ် မတရားကျူးကျော်စော်ကားသူကို သူမတရားစော်ကားခဲ့သည်နှင့်အညီ တုံ့ပြန်လက်စားချေ

ကြကုန်။ ထို့ပြင် အလ္လာဟ်ကို ကြောက်ရွံ့ရိုသေကြကုန်။ အလ္လာဟ် သည် မိမိအား ကြောက်ရွံ့ရိုသေသူများနှင့် အတူတကွရှိသည်ကို အသင်တို့ သိထားကြလေကုန်။ **၁၉၅။** အလ္လာဟ်၏လမ်းတော်တွင် လှူဒါန်းပေးကမ်းသုံးစွဲကြ လေကုန်။ ကိုယ့် ကိုယ်ကိုယ် ပျက်စီးရာပျက်စီးကြောင်း မပြုလုပ်ကြလေနှင့်။ အလုပ်ကို အကောင်း မွန်ဆုံးပြုလုပ်ကြကုန်။ အလ္လာဟ်သည် အလုပ်ကို အကောင်းမွန်ဆုံးပြုလုပ် သူများကို အမှန်တကယ်ပင် နှစ်သက်မြတ်နိုးတော်မူပေသည်။

၁၉၆။ ဟဂ်ျနှင့်အွမ္မရဟ်ကို အလ္လာဟ်အတွက် ပြည့်စုံပြီးမြောက်အောင် လုပ်ကြလေကုန်။ အကယ်၍ အသင်တို့သည် ဟန့်တားခြင်းခံလိုက်ရပါမူ လွယ်လင့် တကူ ရရှိသောသားကောင်ကို ကုရ်ဗာနီလုပ် လိုက်ပါ။ ကုရ်ဗာနီသားကောင်သည် ရောက်ရမည့်နေရာ(မိနာ)သို့ မရောက်မီ အလျင် အသင်တို့သည် မိမိတို့ဦးခေါင်း များကို မရိတ်ကြလေနှင့်။ သို့ရာတွင် အသင်တို့အနက်မှ ကျန်းမာရေးမကောင်းသူ၊ သို့မဟုတ် ဦးခေါင်းတွင် အနာရောဂါစွဲကပ်နေပါက (ဦးခေါင်းရိုပ်နိုင်သည်။) ထို့နောက်တွင် ဈောင်မဉ်ပုသိ၊ သို့မဟုတ် စွဒကဟ်၊ သို့မဟုတ် ကုရ်ဗာနီ လုပ်၍ အစားထိုးပေးချေ လိုက်ကြကုန်။ အသင်တို့သည် လုံခြုံစိတ်ချသွားရပြီဆိုလျှင် ဟဂ်ျကာလအထိ အွမ္မ ရဟ်ကို အကျိုးခံစားရယူလိုသူသည် သူတတ်စွမ်းနိုင်သော သားကောင်ကို ကုရ်ဗာ နီပြုလုပ်ရမည်။ သားကောင်မရရှိသူသည် ဟဂ်ျရက်များတွင် သုံးရက်၊ အိမ်သို့ ပြန် လည်ရောက်ရှိလာသောအခါ ခုနစ်ရက် ဥပုသ်ဆောက် တည်ရမည်။ ဤသည် စုစုပေါင်း ဆယ်ရက် ဖြစ်သည်။ ဤအမိန့်ပညတ်သည် ဟရာမ်ဝတ်ကျောင်းတော်အနီးတွင် မိသားစုမရှိသောသူများ အတွက်သာ ဖြစ်ပေ သည်။ သင်တို့သည် အလ္လာဟ်ကို ကြောက်ရွံ့ရိုသေကြကုန်။ အလ္လာဟ်သည် ပြင်းထန်စွာ အပြစ်ဒဏ်ပေးတော်မူမည့်အရှင်ဖြစ်တော်မူသည်ကို အသင်တို့ သိထားကြကုန်။ **၁၉၇။** ဟဂ်ျသည် သတ်မှတ်ထားသောလများတွင် ဖြစ်သည်။ သို့ဖြစ်ရာ ထိုလများတွင် ဟဂ်ျပြုလုပ်ရန် စိတ်ဆုံးဖြတ်လိုက်သောသူသည် ဟဂ်ျ အတောအတွင်း ကာမဂုဏ်နှင့်ဆိုင်သော စကားကို မပြောရ။ အကုသိုလ်မကျူးလွန်ရ၊ ခိုက်ရန်မဖြစ်ပွားရ။ အသင်တို့ ပြုလုပ်ကြသည့် မည်သည့်ကောင်းမှုကိုမဆို

အလွှာဟ်သည် သိတော်မူသည်။ ထို့ပြင် ရိက္ခာကို ယူဆောင်သွားကြလေကုန်။ အကောင်းဆုံးသောရိက္ခာမှာ သက္ကဝါတရားပင် ဖြစ်ပေသည်။ အိုး-အသိ ဉာဏ်ရှိသူ အပေါင်းတို့၊ ငါအရှင်မြတ်ကို ကြောက် ရွံ့ရှိသေကြလေကုန်။

၁၉၈။ (ဟဂ်ျခရီးစဉ်အတွင်း) အသင်တို့သည် မိမိတို့၏အရှင်ထံတော်မှ အကျိုးစီးပွားကို ရှာဖွေလျှင် မည်သို့မျှ အပြစ်မထိုက်ပေ။ အရဖာသ်ကွင်းပြင်မှ အသင်တို့ပြန်လာကြသည့်အခါ အလ်မရှ်အရွှလ်ဟရာမ်တွင် အလွှာဟ်ကို သတိရတသကြကုန်။ ထိုအရှင်မြတ်က အသင်တို့ကို ညွှန်ကြားပြသထားသည်နှင့်အညီ အရှင်မြတ်ကို သတိရတသကြကုန်။ အသင်တို့သည် သည့်အလျင်က လမ်းလွဲသူများတွင် မုချ ပါဝင်ခဲ့ကြသည်။ **၁၉၉။** ထို့နောက် လူအများ ပြန်လာသောနေရာမှ အသင်တို့လည်း ပြန်လာပြီး သွဝါဖ်လုပ်ကြကုန်။ ထို့ပြင် အလွှာဟ်ထံမှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံကြကုန်။ အလွှာဟ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူပေသည်။ **၂၀၀။** မိမိတို့၏ ဟဂ်ျကျင့်စဉ်များ ပြီးစီးသွားသည့် အခါ၊ အသင်တို့၏ ဘိုးဘေးများကို တသခဲ့ကြသကဲ့သို့၊ သို့မဟုတ် ထို့ထက်ပင်ပို၍ အလွှာဟ်ကို တသကြလေကုန်။ အချို့လူများက အိုး-ကျန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ကို လောကီဘဝတွင်(လတ်တလော) ပေးကမ်းတော် မူပါဟု တောင်းဆုပြုကြသည်။ ထိုသူအဖို့ နောင်တမလွန်တွင် မည်သည့်ဝေစုဝေပုံမျှ ရှိမည်မဟုတ်။ **၂၀၁။** အချို့လူများကမူ အိုး-ကျန်တော် မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ကို လောကီတွင်လည်း ကောင်းကျိုးချမ်းသာ ခိုးမြှင့်တော်မူပြီး နောင်တမလွန်တွင်လည်း ကောင်းကျိုးချမ်းသာ ခိုးမြှင့်တော်မူပါ၊ ထို့ပြင် ကျွန်တော်မျိုးတို့ကို ဂျဟန္နမ်ငရဲမီး ပြစ်ဒဏ်မှလည်း ကယ်တင်တော်မူပါဟူ၍ တောင်းဆုပြုကြသည်။ **၂၀၂။** ထိုသူများအဖို့ သူတို့ပြုလုပ်ခဲ့သောကောင်းမှုသီလများထဲမှ အကျိုးကုသိုလ်ဝေစုဝေပုံ ရှိပေသည်။ ထို့ပြင် အလွှာဟ်သည် လျင်မြန်စွာ စစ်ဆေးမေးမြန်းတော်မူမည့်အရှင် ဖြစ်တော်မူသည်။ **၂၀၃။** သတ်မှတ်ထားသောနေ့ရက်များတွင် အလွှာဟ်ကို သတိရတသကြလေကုန်။ သို့ရာတွင် အကြင်သူသည် နှစ်ရက်အတွင်း၌ မက္ကာဟ်မြို့သို့ အဆောတလျင်

ပြန်လာခဲ့လျှင် သို့မဟုတ် ထို့ထက်ပို၍ ဆိုင်းငံ့နေခဲ့လျှင် သူသည် မည်သည့် အပြစ်တစ်စုံတစ်ရာမျှ မထိုက်ပေ။ ဤအခွင့်သည် အလွှာဟ်အား ကြောက်ရွံ့ရိုသေသူအတွက်သာ ဖြစ်သည်။ အသင်တို့သည် အလွှာဟ်ကို ကြောက်ရွံ့ရိုသေကြကုန်။ အသင်တို့သည် ထိုအရှင်မြတ်ထံတွင်သာ မုချပြန်လည်စုရုံးခံကြရမည်ကိုကောင်းစွာ သိထားကြလေကုန်။

၂၀၄။ လူများအနက် ဤသို့သောသူလည်း ရှိ၏။ လောကီဘဝသက်တမ်းတွင် သူ့စကားကို အသင်နှစ်သြိုက်နေလိမ့်မည်။ ထို့ပြင် သူသည် မိမိ၏စိတ်တွင်းရှိ စကားရပ်များအပေါ် အလွှာဟ်ကို သက်သေထားလိုက်သေးသည်။ စင်စစ်တွင် သူသည် အလွန်အငြင်းသန်သောသူပင် ဖြစ်သည်။ **၂၀၅။** သူသည် (အသင့်ထံမှ) ကျော ခိုင်းသွားသောအခါ မြေပြင်ပေါ်တွင် ဖျက်လိုဖျက်ဆီးပြုလုပ်ရန်၊ လယ်ယာများနှင့် တိရစ္ဆာန်များကို ဖျက်ဆီးရန် ကြိုးစားအားထုတ်လေသည်။ စင်စစ်တွင် အလွှာဟ်သည် ဖျက်လိုဖျက်ဆီးလုပ်ခြင်းကို အလျှင်းနှစ်သက်တော်မမူပေ။ **၂၀၆။** သူ့အား အလွှာဟ်ကို ကြောက်ပါဟု ပြောလျှင် ဂုဏ်မာနက သူ့ကို မကောင်းမှု ဒုစရိုက်ကျူးလွန်ရန် စေ့ဆော်လေတော့သည်။ သူ့အဖို့ ဂျဟန္နမ်ငရဲဘုံသည် လုံလောက်ပေသည်။ ယင်းနေရာသည် အလွန်ဆိုးရွားသောနေရာဌာနပင် ဖြစ်ပေသည်။ **၂၀၇။** လူတို့တွင် အလွှာဟ်၏ ကျေနပ်နှစ်သက်မှုကို ရှာဖွေရန်အတွက် မိမိ၏အသက်ကိုပင် ရောင်းချပစ်သူလည်း ရှိပေသည်။ အလွှာဟ်သည် မိမိကျွန်များကို အလွန်ချစ်ခင်သနားတော်မူသောအရှင် ဖြစ်တော်မူသည်။

၂၀၈။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အစွမ်းလာမ်သာသနာအတွင်းသို့ တင်းပြည့်ကျပ်ပြည့် ဝင်ရောက်ကြကုန်။ ရိုင်သွာန်၏ ခြေရာများနောက်သို့ မလိုက်ကြလေနှင့်။ စင်စစ်တွင် ရိုင်သွာန်သည် အသင်တို့အဖို့ ထင်ရှားသောရန်သူပင် ဖြစ်သည်။ **၂၀၉။** အသင်တို့ထံသို့ ထင်ရှားသော သက်သေအထောက်အထားများ ရောက်လာပြီးသည့်နောက်မှ အကယ်၍ အသင်တို့သည် ခြေချော်သွားကြပါမူ အလွှာဟ်သည် အလွန်အားကြီးတော်မူသော၊ အလွန်ဉာဏ်အမြော် အမြင်နှင့် ပြည့်စုံတော်မူသောအရှင် မုချ ဖြစ်တော်မူကြောင်း မှတ်ထားကြကုန်။ **၂၁၀။**

အလွှာဟ်နင့် ကောင်းကင်တမန်များသည် မိုးတိမ်တိုက်များကို မိုးလျက် သူတို့ထံသို့ ကြွရောက်လာတော်မူပြီးလျှင် အရေးကိစ္စများ ပြီးဆုံးသွားမည်ကိုသာ သူတို့ စောင့်မျှော်နေကြသလော။ စင်စစ်တွင် အရေးကိစ္စဟူသမျှတို့သည် အလွှာဟ်ထံသို့သာ ပြန် လည်ရောက်ကြရမည် ဖြစ်သည်။ **၂၁၁။** ငါအရှင်သည် အစွမ်းအစီလ်မျိုးနွယ်ဝင်များအား ထင်ရှားသောသက်သေလက္ခဏာအမြောက်အများကို အဘယ်မျှ ချီးမြှင့်ခဲ့သည်ကို အသင်မေးကြည့်ပါ။ မည်သူမဆို သူထံသို့ အလွှာဟ်ကျေးဇူးတော်များ ရောက်ရှိလာပြီးနောက်မှ ထိုကျေးဇူးတော်များကို အပြောင်းအလဲလုပ်ခဲ့ပါမူ အလွှာဟ်သည် သူ့ကို ပြင်းထန်စွာ အပြစ်ဒဏ်ခတ်တော်မူမည်။ **၂၁၂။** လောကီဘဝသည် မယုံကြည်သူများ၏အရှုတွင် လှပတင့်တယ်အောင် ခြယ်သပြခြင်းခံရသည်။ သူတို့သည် ယုံကြည်သူများကို လှောင်ပြောင်ကြသည်။ စင်စစ်တွင် အလွှာဟ်ကို ကြောက်ရွံ့ရိုသေသူများသည် ကိယာမသ်နေ့တွင် ထိုမယုံကြည်သူတို့ထက် ပို၍ အဆင့်အတန်းမြင့်မားကြလိမ့်မည်။ အလွှာဟ်သည် မိမိနှစ်သက်သူကို စာရင်းအင်းမရှိ စားနပ်ရိက္ခာချီးမြှင့်တော်မူပေသည်။

၂၁၃။ လူတို့သည် တစ်သင်းတည်းတစ်ဖွဲတည်း ရှိခဲ့ကြသည်။ ထို့နောက် သူတို့ အကွဲအလွဲဖြစ်လာကြသောအခါ အလွှာဟ်သည် နဗီတမန်တော်များကို သတင်းကောင်းပါးသူများ အဖြစ်၊ သတိပေးနှိုးဆော်သူများအဖြစ် စေလွှတ်တော်မူခဲ့သည်။ ထို့နောက် သူတို့ကွဲလွဲနေကြသော ကိစ္စများတွင် စီရင်ဆုံးဖြတ်ပေးရန်အတွက် ထိုနဗီတမန်တော်များနှင့်အတူ အမှန်တရားနှင့်တကွ ကျမ်းစာအုပ်ကို ချပေးတော်မူခဲ့သည်။ ယင်းကျမ်းစာအုပ်ကို ချပေးခြင်းခံခဲ့ရသောသူများသည်သာ ရှင်းလင်းထင်ရှားသော အထောက်အထားများ ရောက်လာပြီးသည့်နောက်မှ အချင်းချင်း မလိုမုန်းတီးစိတ်ကြောင့် ထိုကျမ်းစာအုပ် နှင့်စပ်လျဉ်းပြီး ကွဲလွဲခဲ့ကြခြင်း ဖြစ်သည်။ ထို့နောက်တွင် သူတို့ကွဲလွဲနေသော ကိစ္စ နှင့်စပ်လျဉ်းပြီး အလွှာဟ်က မိမိ၏ကျေးဇူးတော်အဟုန်ဖြင့် ယုံကြည်သူများကို လမ်းမှန်တရားညွှန်ကြား ပြသတော်မူခဲ့ပေသည်။ အလွှာဟ်သည် မိမိနှစ်သက်သူကို ဖြောင့်မတ်သော တရားလမ်းမှန်သို့ ညွှန်ကြားပြသတော်မူသည်။ **၂၁၄။** အသင်တို့ အလျင်က ကျော်လွန်ခဲ့

သူများအပေါ် ဆိုက်ရောက်ခဲ့သော အခြေအနေသည် အသင်တို့ထံသို့ မရောက်လာသေးဘဲ အသင်တို့သည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက် ကြရမည်ဟု ထင်မှတ်နေကြသလော။ ယင်းသူတို့ထံသို့ ဆင်းရဲ၊ ဒုက္ခအမျိုးမျိုး ဆိုက်ရောက်ခဲ့သည်။ သူတို့သည် တုန်လှုပ်ခြောက်ခြားစေခြင်းကို ခံခဲ့ရသည်။ အဘယ်မျှဟူမူ ရဂူလ်တမန်တော်နှင့် ၎င်းနှင့်အတူ အီမာန်ယုံကြည်ခဲ့ကြသူများက အလွှာဟ်၏ အကူအညီသည် မည်သည့်အခါမှ ရောက်လာပါမည်နည်းဟုပင် ပြောဆိုခဲ့ကြရသည်။ သတိပြုကြကုန်။ အလွှာဟ်၏ အကူအညီသည် နီးကပ်လျက်ရှိပေသည်။

၂၁၅။ မိမိတို့သည် အဘယ်အရာကို လှူဒါန်းသုံးစွဲရမည်နည်းဟု လူတို့က အသင့်ထံ မေးမြန်းကြသည်။ အသင် ဖြေကြားလိုက်ပါ။ အသင်တို့လှူဒါန်းကြသည့် ငွေကြေးပစ္စည်းများသည် အသင်တို့၏မိဘနှစ်ပါး၊ ဆွေးမျိုးသားချင်းများ၊ ဖတဆိုးကလေးများ၊ သူဆင်းရဲများနှင့် ခရီးသည်များ၊ အသီးသီးအတွက် ဖြစ်ရပေမည်။ အသင်တို့ပြုလုပ်ကြသည့် မည်သည့်ကောင်းမှုကိုမဆို အလွှာဟ်သည် ကောင်းစွာ မုချသိရှိတော်မူပေသည်။ **၂၁၆။** အသင်တို့သည် စစ်မက်တိုက်ခိုက်ကြရန် အမိန့်ပြဋ္ဌားန်းခြင်း ခံလိုက်ရပြီ ဖြစ်သည်။ စင်စစ်တွင် ထိုအမိန့်သည် အသင်တို့အတွက် မနှစ်မြို့ စရာဖြစ်နိုင်ပေသည်။ သို့သော် အသင်တို့ မနှစ်မြို့သောတစ်စုံတစ်ရာသည် အသင်တို့အဖို့ အကောင်းဖြစ်တန်ရာသည်။ ထို့အတူ အသင်တို့ နှစ်သက်မြတ်နိုးသော တစ်စုံတစ်ရာသည် အသင်တို့အဖို့ အဆိုးဖြစ်တန်ရာသည်။ အလွှာဟ်က သိတော်မူပြီး အသင်တို့မှာမူ မသိကြပေ။

၂၁၇။ ရိုသေလေးစားအပ်သောလမြတ်တွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းနှင့်စပ်လျဉ်းပြီး လူတို့က အသင့်အား မေးမြန်းကြသည်။ အသင်ဖြေကြားလိုက်ပါ။ ထိုလမြတ်တွင် စစ်မက်တိုက်ခိုက်ခြင်းသည် ကြီးလေးသောအပြစ် ဖြစ်သည်။ သို့သော် အလွှာဟ်လမ်းတော်မှ တားဆီးပိတ်ပင်ခြင်း၊ အရှင်မြတ်ကို သွေဖည်ငြင်းဆန်ခြင်း၊ မြင့်မြတ်သောကျောင်းတော်မှ တားဆီးပိတ်ပင်ခြင်း၊ ထိုကျောင်းတော်သားများကို ကျောင်းတော်မှ နှင်ထုတ်ခြင်းတို့သည် ထိုထက်ပင် ပို၍ အပြစ်ကြီးသည်။ ဘာသာရေး ညှင်းပန်းနှိပ်စက်မှုသည် လူသတ်ခြင်းထက်ပင် ပို၍ အပြစ်

ကြီးသည်။ သူတို့သည် တတ်စွမ်းနိုင်ကြလျှင် အသင်တို့အား အသင်တို့၏ သာသနာမှ တိမ်းလှည့်သွားစေရန် အသင်တို့ကို စဉ်ဆက်မပြတ် တိုက်ခိုက်နေကြပေမည်။ အသင်တို့အနက်မှ မည်သူမဆို မိမိ၏သာသနာမှ တိမ်းလှည့်သွားပြီး သွေဖည်သူအဖြစ်နှင့် သေဆုံးသွားခဲ့ပါမူ ထိုသို့သောသူတို့၏ကောင်းမှုများသည် လောကီနှင့် လောကုတ္တရာနှစ်ဘာနစလုံးတွင် အလဟဿအချည်းနှီး ဖြစ်သွားချေပြီ။ သူတို့သည် ငရဲသားများဖြစ်ကြပြီး ထိုထဲတွင် ထာဝရနေထိုင်ကြရမည်။ **၂၁၈။** စင်စစ်တွင် အီမာန်ယုံကြည်ပြီးနောက် ရပ်ရွာမှ ရွှေ့ပြောင်းခဲ့သူများ၊ အလွှာဟ်လမ်းတွင် ဂျိဟာဒ်လုပ်သူများသည်သာ အလွှာဟ်၏ကရုဏာတော်ကို မျှော်လင့်ကြသည်။ အလွှာဟ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

၂၁၉။ အရက်သေစာ၊ လောင်းကစားခြင်းတို့နှင့် စပ်လျဉ်းပြီး လူတို့က အသင့်အား မေးမြန်းကြသည်။ အသင်ဖြေကြားပါ။ ထိုအရာနှစ်ခုတွင် ကြီး လေးသောအပြစ်ရှိသည်။ လူတို့အတွက် ကောင်းကျိုးအချို့လည်း ရှိသည်။ သို့ သော် အပြစ်က ကောင်းကျိုးထက် ပိုများသည်။ ထို့ပြင် အဘယ်အရာကို လှူဒါန်းရမည်နည်းဟု လူတို့က အသင့်အား မေးမြန်းကြသည်။ အသင်ဖြေကြားပါ။ ပိုလျှံသောအရာကို လှူဒါန်းကြပါ။ အသင်တို့ စဉ်းစားဆင်ခြင်နိုင်ကြရန် အလွှာဟ်သည် အမိန့် ပညတ်တော်များကို ဤနည်းအတိုင်း ရှင်းလင်းပြသတော်မူလေသည်။ **၂၂၀။** လောကီ၊ လောကုတ္တရာ နှစ်ဘာနတွင် (အကျိုးပြုမည့်အရာများကို ရှင်းလင်းပြသတော်မူသည်။) ဖတဆိုးများနှင့် စပ်လျဉ်းပြီး လူတို့က အသင့်အား မေးမြန်းကြသည်။ အသင်ဖြေကြားပါ။ သူတို့၏တိုးတက်ရာ တိုးတက်ကြောင်း လုပ်ပေးခြင်းသည်သာ အမြတ်ဆုံးဖြစ်၏။ အကယ်၍ အသင်တို့သည် သူတို့နှင့် ရောနှော နေထိုင်စားသောက်ကြလျှင်လည်း သူတို့သည် အသင်တို့၏ညီနောင်များပင် ဖြစ်ကြသည်။ (ပြဿနာမရှိပေ။)။ မည်သူသည် ဖျက်လိုဖျက်ဆီးလုပ်သူ ဖြစ်၍ မည်သူသည် ကောင်းရာကောင်းကြောင်း လုပ်သူဖြစ်သည်ကို အလွှာဟ်က သိတော်မူပေသည်။ အလွှာဟ်အလိုရှိတော်မူလျှင် အသင်တို့ကို အခက်အခဲဒုက္ခတွင် သက်

ရောက်စေတော်မူမည် ဖြစ်သည်။ စင်စစ် အလွှာဟ်သည် တန်ခိုးကြီးမားတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

၂၂၁။ မုရှ်ရိုက်အမျိုးသမီးများသည် အီမာန်မယူကြသမျှ ကာလပတ်လုံး အသင်တို့သည် သူတို့နှင့် မထိမ်းမြားကြနှင့်။ မုရှ်ရိုက်အမျိုးသမီးတစ်ဦးကို အသင်တို့ အဘယ်မျှ ခုံမင်နှစ်သက်နေပါစေ စင်စစ်တွင် မုအ်မင်နှင့်ကျေးကျွန်မတစ်ဦးသည် ပို၍ ကောင်းပေသည်။ ထို့အတူ မုရှ်ရိုက်အမျိုးသားများသည် အီမာန်မယူကြမချင်း (မွတ်စ်လင်မ်မိန်းကလေးများကို)သူတို့နှင့် မထိမ်းမြားပေးကြလေနှင့်။ မုရှ်ရိုက်အမျိုးသားတစ်ဦးကို အသင်တို့ အဘယ်မျှ ခုံမင်နှစ်သက်နေပါစေ စင်စစ်တွင် မုအ်မင်နှင့်ကျေးကျွန်တစ်ဦးက ပို၍ ကောင်းပေသည်။ ထိုသူတို့သည် ဂျဟန္နမ်မီးဘက်သို့ ဖိတ်ခေါ်ကြသည်။ အလွှာဟ်ကမူ မိမိအမိန့်တော်ဖြင့် ဂျန္နသ်သုခဘုံနှင့် လွတ်ငြိမ်းချမ်းသာခွင့်ဘက်သို့ ဖိတ်ခေါ်တော်မူသည်။ အရှင်မြတ်သည် မိမိအမိန့်ပညတ်တော်များကို လူတို့ တရားရယူနိုင်ရန်အလို့ငှာ ရှင်းလင်းပြသတော်မူသည်။

၂၂၂။ သူတို့သည် ဓမ္မတာရာသီသွေးနှင့်စပ်လျဉ်း၍ အသင့်အား မေးမြန်းကြသည်။ အသင်ဖြေကြားပါ။ ထိုသွေးသည် အညစ်အကြေး ဖြစ်သည်။ ထို့ကြောင့် ဓမ္မတာရာသီသွေးဆင်းနေသည့်ကာလတွင် အမျိုးသမီးများနှင့် ခွဲခွာနေကြပါ။ ၎င်းတို့သည် ထိုသွေးမှ မသန့်စင်မီ သူတို့အနီးသို့ (သံဝါသပြုရန်)မကပ်ကြလေနှင့်။ သူတို့သည် ကောင်းစွာ သန့်စင်လာသည့်အခါ အလွှာဟ်က အသင်တို့အား ညွှန် ကြားထားသည့်နည်းလမ်းနှင့်အညီ သူတို့အနီးသို့ (သံဝါသပြုရန်)ချဉ်းကပ်ကြကုန်။ စင်စစ်တွင် အလွှာဟ်သည် အမှားဝန်ချတောင်းပန်သူများကို ချစ်ခင်နှစ်သက်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်သူများကို ချစ်ခင်နှစ်သက်တော်မူသည်။

၂၂၃။ အသင်တို့၏ ဇနီးမိန်းမများသည် အသင်တို့၏ လယ်ယာမြေဖြစ်လေရာ အသင်တို့၏ လယ်ယာမြေကို အသင်တို့နှစ်သက်သည့် ပုံစံဖြင့်သွားကြပါ။ ထို့နောက် မိမိတို့အဖို့ ကြိုတင်ပို့ဆောင် ထားကြကုန်။ ထို့ပြင် အလွှာဟ်ကို ကြောက်ရွံ့ရိုသေကြကုန်။ အသင်တို့သည် အရှင်မြတ်နှင့် မုချဆုံတွေ့ရမည်ကို မှတ်ထားကြကုန်။ ထို့နောက် အသင်သည် ယုံကြည်သူများကို သတင်းကောင်းပါးပါလေ။

၂၂၄။ အသင်တို့သည် ကောင်းမှုကုသိုလ်မလုပ်တော့ရန်၊ ဒုစရိုက်များကို မရှောင်ကြဉ်တော့ရန်၊ လူတို့ကြားတွင် စေ့စပ်ညှိနှိုင်းမှုမပြုပေးတော့ရန် စသည့် ကျိန်ဆိုချက်များအတွက် အလ္လာဟ်ကို ဒိုင်းသဖွယ် အကာအကွယ်မပြုလုပ်ကြနှင့်။ စင်စစ်တွင် အလ္လာဟ်သည် အလွန်ကြားတော်မူသော၊ အရာခပ်သိမ်းကို သိတော်မူသောအရှင် ဖြစ်တော်မူသည်။ **၂၂၅။** အသင်တို့၏ ရည်ရွယ်ချက်မပါသော ကျိန်ဆိုချက်များပေါ် အလ္လာဟ်သည် အသင်တို့ကို အရေးယူတော်မူမည်မဟုတ်။ သို့သော် အသင်တို့၏ စိတ်နှလုံးက ရည်ရွယ်၍ ပြုသော ကျိန်ဆိုချက်နှင့်စပ်လျဉ်း၍မူ အသင်တို့ကို အရေးယူတော်မူမည်။ အလ္လာဟ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော၊ ထောက်ထားညှာတာတော်မူသောအရှင် ဖြစ်တော်မူသည်။ **၂၂၆။** မိမိတို့၏ဇနီးမိန်းမများနှင့် မတွေ့ဆုံတော့ပါဟု ကျိန်ဆိုသူများသည် လေးလတိုင်အောင် ဆိုင်းငံ့ခွင့်ရှိမည်။ အကယ်၍ (ထိုလေးလအတွင်း) မိမိ၏ ကျိန် ဆိုချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါမူ အလ္လာဟ်သည် အလွန်လွတ်ငြိမ်းချမ်းသာ ခွင့်ပေးတော်မူသော၊ အလွန်ကရုဏာပြုတော်မူသောအရှင်ပင် ဖြစ်တော်မူသည်။ **၂၂၇။** အကယ်၍ သူတို့သည် ကွာရှင်းဖို့စိတ်ပိုင်းဖြတ်လိုက်လျှင် အလ္လာဟ်သည် အလွန်ကြားတော်မူသော၊ အလွန်သိတော်မူသောအရှင်ပင် ဖြစ်တော်မူသည်။ **၂၂၈။** ကွာရှင်းခြင်းခံရသောအမျိုးသမီးများသည် ဓမ္မတာရာသီသွေး သုံးကြိမ်တိုင်တိုင် ဆိုင်းငံ့နေရမည်။ အကယ်၍ သူတို့သည် အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ကြလျှင် သူတို့၏သားအိမ်များအတွင်း၌ အလ္လာဟ်ဖန်ဆင်းပေးထားသည့်အရာကို ဖုံးကွယ်ထား၍ မပိုင်ပေ။ ထိုအတောအတွင်း သူတို့၏ လင်ယောကျ်ားများသည် အကယ်၍ ပြန်လည်သင့်မြတ်ကြရန် ဆန္ဒရှိကြပါလျှင် သူတို့အား ပြန်လည်ရယူရန် အခွင့်အရေး ပိုရှိကြပေသည်။ ဇနီးမိန်းမများအပေါ်တွင် တရားတော်နှင့်အညီ တာဝန်ဝတ္တရားများရှိသကဲ့သို့ တရားတော်နှင့်အညီ အခွင့် အရေးများ လည်း ရှိသည်။ ထို့ပြင် လင်ယောကျ်ားများသည် ဇနီးမိန်းမများအပေါ် အဆင့်တစ်ဆင့် ပိုမြင့်သည်။ အလ္လာဟ်သည် တန်ခိုးတော်ဖြင့် အလွန်လွှမ်းမိုးနိုင်တော်မူသော၊ ဆင်ခြင်တုံတရားနှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသည်။

၂၂၉။ သွလာက်သည် နှစ်ကြိမ် ဖြစ်သည်။ ထို့နောက် တရားဥပဒေ နှင့်အညီ ပြန်လည်ပေါင်းသင်းခြင်း၊ သို့မဟုတ် ကောင်းမွန်စွာ စွန့်လွှတ်ခြင်းသာ ကျန်ရှိပေသည်။ အသင်တို့၏ဇနီးမိန်းများကို ပေးထားခဲ့သည့် ပစ္စည်းဥစ္စာများ အနက်မှ တစ်စုံတစ်ရာကိုမျှ ပြန်ယူပိုင်ခွင့် မရှိပေ။ သို့သော် နှစ်ဦးစလုံးက အလွှာဟ်၏ စည်းမျဉ်းဥပဒေများကို လိုက်နာနိုင်ကြမည်မဟုတ်ဟု စိုးရိမ်ရသည့်အခါမှသာ ပြန်ယူခွင့်ရှိသည်။ အကယ်၍ သူတို့နှစ်ဦးက အလွှာဟ်၏ စည်းမျဉ်းဥပဒေများကို လိုက်နာနိုင်ကြမည်မဟုတ်ဟု အသင်တို့ စိုးရိမ်ရသည့် အခါမျိုးတွင် ဇနီးမိန်းမက လွတ်မြောက်ရန်အတွက် လျော်ကြေးပေးလျှင် ထိုလင်မယားနှစ်ဦးစလုံးပေါ် တွင် မည်သို့မျှ အပြစ်မရှိချေ။ ဤသည် အလွှာဟ်၏ စည်းမျဉ်းဥပဒေများဖြစ်ရာ ထိုစည်း မျဉ်းဥပဒေများကို မကျူးကျော်ကြလေနှင့်။ အလွှာဟ်၏စည်းမျဉ်းဥပဒေများကို ကျူးကျော်သူများသာလျှင် မတရားလုပ်သူများ ဖြစ်ကြပေသည်။ **၂၃၀။** ထို့နောက် အကယ်၍ လင်ယောကျ်ားက ဇနီးမိန်းမအား (တတိယမြောက်) သွလားက်ပေး လိုက်ပါမူ ထို့နောက်တွင် ဇနီးသည် အခြားအမျိုးသားတစ်ဦးနှင့် ထိမ်းမြားပေါင်းသင်း ဆက်ဆံမှု မပြုသမျှကာလပတ်လုံး ပထမလင်ယောကျ်ားနှင့် လက်ထပ်ထိမ်းမြားခွင့် မရှိပေ။ အကယ်၍ ထိုယောကျ်ားကလည်း သူ့အား ကွာရှင်းလိုက်လျှင် ထိုမိန်းမနှင့် ပထမလင်ယောကျ်ားတို့သည် အလွှာဟ်၏ စည်းမျဉ်းဥပဒေများကို လိုက်နာနိုင်မည်ဟု ထင်ရပါက ပြန်လည်ပေါင်းသင်းနိုင်သည်။ အပြစ်မရှိချေ။ ဤသည် အလွှာဟ်၏ စည်းမျဉ်းဥပဒေများဖြစ်ပြီး အရှင်မြတ်သည် ယင်းဥပဒေများအား ဦးနှောက်အသိ ဉာဏ်ရှိသူများကို ရှင်းပြတော်မူသည်။ **၂၃၁။** အကယ်၍ အသင်တို့သည် ဇနီး မိန်းမများကို ကွာရှင်းလိုက်ပြီး သူတို့သည် အိဒ်ဒသ်ကို ရောက်သွားလျှင် စည်းမျဉ်း ဥပဒေနှင့်အညီ ပြန်လည်ပေါင်းသင်းကြကုန်။ သို့မဟုတ် စည်းမျဉ်းဥပဒေနှင့်အညီ စွန့်လွှတ်လိုက်ကြကုန်။ သို့သော် ထိုဇနီးမိန်းမတို့အား ဒုက္ခပေးရန် ရည်ရွယ်ချက်ဖြင့် နှိပ်စက်ကလူပြုနိုင်ရန် ပြန်လည်ပေါင်းသင်းခြင်း မပြုကြလေနှင့်။ ထိုသို့ပြုလုပ် သူသည် မိမိကိုယ်ကိုသာ မတရားပြုလုပ်ခြင်း ဖြစ်သည်။ အလွှာဟ်၏ အာယသ် တော်များကို ပြက်ရယ်ပြောင်လှောင်မှု မပြုကြနှင့်။ အသင်တို့အပေါ် ရှိ အလွှာဟ်၏

ကျေးဇူးတော်များကို သတိရကြလေကုန်။ ထို့ပြင် အသင်တို့အား ဆုံးမရန်အတွက် အသင်တို့အပေါ် အရှင်မြတ်ချပေးထားသည့် ကျမ်းဂန်နှင့် ဟိုက္ကမသ် အမြော်အမြင် တို့ကိုလည်း သတိရကြကုန်။ အလ္လာဟ်အား ကြောက်ရွံ့ကြလေကုန်။ စင်စစ်တွင် အလ္လာဟ်သည် အရာခပ်သိမ်းကို သိတော်မူသောအရှင်ဖြစ်ကြောင်းကို အသင်တို့ မှတ်ထားကြလေကုန်။

၂၃၂။ အသင်တို့သည် ဇနီးမိန်းမများကို ကွာရှင်းလိုက်ပြီး ထိုဇနီးများက အိဒ်ဒသ်ဆိုင်းငံ့ရက်ပြည့်ဝသွားသည်ရှိသော် သူတို့၏ယောကျ်ားများနှင့် သူတို့ ထိမ်းမြားရန် တရားဥပဒေနှင့်အညီ အချင်းချင်း သဘောတူကြလျှင် မတားမြစ်ကြ လေနှင့်။ ဤသည် အသင်တို့အနက်မှ အလ္လာဟ်နှင့် နောက်ဆုံးနေ့အား အဲမာန် ယုံကြည်သူကို သွန်သင်ဆုံးမအပ်သော ပညတ်တော်များ ဖြစ်သည်။ ဤသည် အသင်တို့အဖို့ ပို၍ အကျိုးရှိသော၊ ပို၍ သန့်ရှင်းသော အရာပင် ဖြစ်သည်။ အလ္လာဟ်က သိတော်မူပြီး အသင်တို့ကမူ မသိကြပေ။ **၂၃၃။** မိခင်များသည် သားသမီးများကို နှစ်နှစ်တိတိ နို့တိုက်ကျွေးကြရမည်။ ဤသည် ရက်အပြည့် နို့တိုက်ကျွေးလိုသူတို့အဖို့ ဖြစ်သည်။ နို့တိုက်ကျွေးသည့် မိခင်များအတွက် အစားအသောက်နှင့် အဝတ်အစားကို တရား စည်းမျဉ်းနှင့်အညီ စီမံပေးရန်မှာ ကလေး၏ဖခင်အပေါ်တွင် တာဝန်ဖြစ်သည်။ လူတိုင်းသည် သူတတ်စွမ်းနိုင်သည် နှင့်အညီသာ တာဝန်ပေးခြင်းခံရမည်။ မည် သည့်မိခင်မျှ မိမိ၏ ကလေးကြောင့် ဒုက္ခမဖြစ်စေရ၊ မည်သည့် ဖခင်မျှလည်း မိမိ၏ ကလေးကြောင့် ဒုက္ခမဖြစ်စေရ။ အမွေစားအမွေခံပေါ်တွင်လည်း ဤအတိုင်းပင် တာဝန်ရှိပေသည်။ အကယ်၍ မိဘနှစ်ပါးတို့သည် နှစ်ဦး ကျေနပ်သဘောတူပြီး၊ နှစ်ဦးတိုင်ပင်၍ နို့ဖြတ်ရန် ရည်ရွယ်လျှင် သူတို့နှစ်ဦးစလုံးသည် အပြစ်မရှိပေ။ အကယ်၍ အသင်တို့သည် မိမိတို့၏ သားသမီးများကို နို့ထိန်းသည်နှင့် နို့တိုက်ကျွေး ခိုင်းလိုလျှင်လည်း အသင်တို့မှာ အပြစ်မရှိချေ။ သို့သော် နို့ထိန်းသည်အား ပေးရန် သတ်မှတ်ထားသည့် အခကြေးငွေကို တရားစည်းမျဉ်းနှင့်အညီ ပေးဆောင်ရမည်။ အသင်တို့သည် အလ္လာဟ်ကို ကြောက်ရွံ့ကြကုန်။ အလ္လာဟ်သည် အသင်တို့လုပ် သမျှကို

မြင်နေတော်မူသော အရှင်ဖြစ်သည်ကို မှတ်ထားကြလော့။

၂၃၄။ အသင်တို့အနက်မှ မည်သူမဆို ကွယ်လွန်သေဆုံးသွားလျှင် ကျန်ခဲ့သောဇနီးမိန်းမတို့သည် မိမိတို့ကိုယ်ကို လေးလနှင့်ဆယ်ရက် ဆိုင်းငံ့၍ ထားကြရမည်။ ဇနီးမိန်းမများသည် ထိုကာလပြီးဆုံးချိန်သို့ ရောက်ရှိသွားပြီး တရားစည်းမျဉ်းနှင့်အညီ ကိုယ်ရေးကိုယ်တာကိစ္စများ ပြုလုပ်ကြလျှင် ယင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသင်တို့မှာ မည်သို့မျှ အပြစ်မရှိချေ။ အလ္လာဟ်သည် အသင်တို့ ပြုမူသည်များကို ကောင်းစွာ သိရှိတော်မူပေသည်။ **၂၃၅။** ထိုအိဒ်ဒသ်ထိုင်နေသော အမျိုးသမီးများအား လက်ထပ်ရန် ကမ်းလှမ်းရာတွင် အရိပ်အမြွက်ပြသည်ဖြစ်စေ၊ မိမိစိတ်အတွင်း၌ ဖုံးကွယ်ထားသည်ဖြစ်စေ အသင်တို့ အပြစ်မထိုက်ချေ။ အသင်တို့သည် များမကြာမီ ထိုအမျိုးသမီးများကို အာရုံပြုလာကြမည်ကို အလ္လာဟ်က သိတော်မူပေသည်။ သို့သော် အသင်တို့သည် ထိုအမျိုးသမီးအား လျှို့ဝှက်စွာ ကတိပေးမထားကြနှင့်။ တရားစည်းမျဉ်းနှင့်အညီ ကောင်းသောစကားကို ဆိုနိုင်သည်။ သတ်မှတ်ထားသော အိဒ်ဒသ်အချိန်ကာလမကုန်ဆုံးမီ လက်ထပ်ထိမ်းမြားရန် အတည်မလုပ်ကြနှင့်။ အလ္လာဟ်သည် အသင်တို့၏ စိတ်အတွင်း၌ ရှိသည်များအား သိတော်မူသည်ကို မှတ်ထားကြကုန်။ သို့ဖြစ်ရာ အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ စင်စစ်တွင် အလ္လာဟ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသော၊ အလွန် ညှာတာထောက်ထားတော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၂၃၆။** အကယ်၍ အသင်တို့သည် အမျိုးသမီးများကို မထိတွေ့ရသေးမီအလျင်၊ သူတို့အတွက် မဟရ် မသတ်မှတ်ရသေးမီအလျင် ကွာရှင်းခဲ့ကြလျှင် အပြစ်မရှိချေ။ သို့သော် ကြွယ်ဝသူသည်ကြွယ်ဝသည့်အလျောက်၊ ကျပ်တည်းသူသည်ကျပ်တည်းသည့်အလျောက် တရားစည်းမျဉ်းနှင့်အညီ ထိုအမျိုးသမီးများကို ပစ္စည်းအချို့ပေးကမ်းရန် တာဝန်ရှိသည်။ ဤသည် ကောင်းကျိုးပြုသူများအပေါ် တာဝန်တစ်ရပ် ဖြစ်သည်။ **၂၃၇။** အကယ်၍ အသင်တို့သည် ထိုဇနီးမိန်းမများအား မထိတွေ့ရသေးသော်လည်း သူမတို့အဖို့ မဟရ်သတ်မှတ်ပြီးနောက်မှ သူမတို့အား ကွာရှင်းလိုက်ပါမူ အသင်တို့ သတ်မှတ်ခဲ့သည့် မဟရ်၏ ထက်ဝက်ကို ပေးဆောင်ရမည်။ သို့သော် ထိုဇနီးမိန်းမ

များက ခွင့်လွှတ်လိုလျှင် သို့မဟုတ် မိမိ၏လက်ဝယ်တွင် ထိမ်းမြားခြင်း၏အထုံးကို ပိုင်ဆိုင်ထားသူ (လင်ယောကျ်ား)က ခွင့်လွှတ်လိုလျှင် ခွင့်လွှတ်နိုင်သည်။ အသင်တို့၏ခွင့်လွှတ်ပေးလိုက်ခြင်းသည် သက္ကဝါတရားနှင့် ပို၍ နီးစပ်ပေသည်။ ထို့ပြင် အချင်းချင်း ကျေးဇူးပြုခြင်းကို မမေ့လျော့ကြနှင့်။ စင်စစ်တွင် အလွှာဟ်သည် အသင်တို့ လုပ်သမျှကို သိမြင်နေတော်မူပေသည်။

၂၃၈။ စွလာသ်များကို စွဲမြဲစွာ ဆောက်တည်ကြကုန်။ အထူးသဖြင့် အလယ်စွလာသ်ကို စွဲမြဲစွာဆောက်တည်ကြကုန်။ ထို့ပြင် အလွှာဟ်၏ ရှေ့တော်မှောက်တွင် ဓယရိုကျိုးသူများအဖြစ်နှင့် ရပ်ကြကုန်။ **၂၃၉။** အကယ်၍ အသင်တို့သည် စိုးရိမ်ကြောက်ရွံ့ရပါမူ ခြေကျင်ဖြစ်စေ၊ အစီးအနင်းပေါ်တွင်ဖြစ်စေ စွလာသ်ဝတ်ပြုကြကုန်။ ထို့နောက် အခြေအနေ ပြန်လည်တည်ငြိမ် အေးချမ်းသွားပါက ဃခင်က အသင်တို့ မသိခဲ့ကြသည်ကို အရှင်မြတ်က သင်ကြားပေးထားသည့် နည်းလမ်းအတိုင်း အလွှာဟ်ကို တသကြကုန်။ **၂၄၀။** အသင်တို့အနက်မှ ဇနီးမိန်းမများ ချန်ထားခဲ့ပြီး ကွယ်လွန်သွားကြသော အမျိုးသားများသည် မိမိတို့၏ ဇနီးမိန်းမများအတွက် တစ်နှစ်တာကာလပတ်လုံး အိမ်မှ မောင်းမထုတ်ဘဲ နေထိုင်ခွင့်ပေးပြီး အသုံးစရိတ်ပေးရန် မှာတမ်းချက်ပြုခဲ့ရမည်။ အကယ်၍ ထိုမိန်းမများသည် သူတို့ဘာသာ အိမ်မှထွက်သွားပြီး သူတို့၏ ကိုယ်ရေးကိုယ်တာနှင့် စပ်လျဉ်း၍ တရားစည်းမျဉ်းနှင့်အညီ လုပ်ဆောင်ပါက အသင်တို့မှာ အပြစ်မရှိချေ။ စင်စစ်တွင် အလွှာဟ် သည် တန်ခိုးတော်နှင့် နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံ တော်မူသောအရှင် ဖြစ်တော်မူသည်။ **၂၄၁။** ကွာရှင်းခြင်းခံရသော အမျိုးသမီးများအတွက် တရားစည်းမျဉ်းနှင့် အညီ သုံးစွဲပေးရမည်။ ဤသည် အပြစ်ရှောင်ကြဉ်သော သူတော်စင်တို့အပေါ်တွင် တာဝန်တစ်ရပ် ဖြစ်ပေသည်။ **၂၄၂။** အသင်တို့ နားလည် နိုင်ကြရန်အတွက် အလွှာဟ်သည် မိမိ၏အမိန့်ပညတ်တော်များကို ဤသို့ရှင်းလင်းစွာ မိန့်ကြားတော်မူပေသည်။

၂၄၃။ သေဘေးမှ ကြောက်ရွံ့၍ အိမ်များမှ ထွက်ခွာသွားခဲ့ကြသည့် ထောင်ပေါင်းများစွာသော လူများကို အသင်မမြင်ခဲ့လေသလော။ အရှင်မြတ်က ထို

သူတို့အား အသင်တို့ သေကြကုန်လော့ဟု မိန့်ကြားတော်မူခဲ့သည်။ ထို့နောက် တစ်ဖန် အရှင်မြတ်သည် သူတို့ကို အသက်ပြန်ရှင်စေတော်မူခဲ့သည်။ စင်စစ်တွင် အလ္လာဟ်သည် လူတို့အပေါ် ကျေးဇူးကြီးမားတော်မူသော အရှင်ဖြစ်သည်။ သို့သော်လည်း လူအများစုသည် ကျေးဇူးမသိတတ်ကြပေ။ **၂၄၄။** အလ္လာဟ်၏လမ်းတော်တွင် စစ်မက်ပြိုက်ဆိုင် တိုက်ခိုက်ကြကုန်။ စင်စစ်တွင် အလ္လာဟ်သည် အလွန်ကြားတော်မူသော၊ အလွန်သိတော်မူသော အရှင်ဖြစ်တော်မူကြောင်းကို အသင်တို့ သိထားကြကုန်။ **၂၄၅။** အလ္လာဟ်အား ကောင်းမြတ်သော ကြွေးမြီ ချေးငှားမည့်သူ မည်သူရှိသနည်း။ အရှင်မြတ်သည် သူ့အတွက် ထိုကြွေးမြီကို အဆပေါင်းများစွာ တိုးပွားစေတော်မူပေမည်။ အလ္လာဟ်သာလျှင် ကျပ်တည်း အောင် လုပ်တာ်မူသည်။ ထိုအရှင်သာလျှင် ချောင်လည်အောင် လုပ်တော်မူပေသည်။ အသင်တို့အားလုံးသည် အရှင်မြတ်ထံသို့သာ ပြန် လှည့်ကြရပေမည်။

၂၄၆။ အသင်သည် မူစာ ကွယ်လွန်ပြီးနောက်ပိုင်းတွင် အစ္စရာအီလ်မျိုးနွယ်ဝင်တို့၏ ခေါင်းဆောင်များကို မတွေ့မြင်ခဲ့လေသလော။ သူတို့က မိမိတို့၏ တမန်တော်အား ကျွန်ုပ်တို့သည် အလ္လာဟ်လမ်းတော်တွင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်နိုင်ရန်အတွက် ဘုရင်တစ်ပါး ခန့်အပ်ပေးတော်မူပါဟု လျှောက်တင်ခဲ့ကြသည်။ နဗီတမန်တော်က ၎င်းတို့အား အသင်တို့အပေါ်တွင် စစ်တိုက်ခြင်းအမိန့်ကို အတည်ပြုဘွားနိုးလိုက်သောအခါ အသင်တို့သည် စစ်မတိုက်ကြဘဲ ဖြစ်နေဦးမည်ဟု မိန့်ကြားတော်မူလေရာ ၎င်းတို့က ကျွန်ုပ်တို့သည် မိမိတို့၏အိမ်များနှင့် မိသားစုများထံမှ မောင်းထုတ်ခြင်းကို ခံခဲ့ကြရသည်ဖြစ်ရာ အလ္လာဟ်လမ်းတော်တွင် စစ်မတိုက်စရာ ဘာအကြောင်းရှိပါဦးမည်နည်း။"ဟု ပြောဆိုခဲ့ကြသည်။ ထို့နောက် သူတို့ပေါ်တွင် စစ်တိုက်ရန်အမိန့် ပြဋ္ဌာန်းလိုက်သောအခါ သူတို့အနက် အနည်းငယ်မှအပ အားလုံးသည် ကျောခိုင်းသွားခဲ့ကြသည်။ အလ္လာဟ်သည် မတရားပြုသူများကို ကောင်းစွာသိမြင်တော်မူသော အရှင်ဖြစ်တော်မူသည်။ **၂၄၇။** သူတို့၏ တမန်တော်က သူတို့အား ပြောကြားသည်။ အလ္လာဟ်သည် အသင်တို့ အတွက် သွာလူသ်ကို ဘုရင်အဖြစ် အမှန်ပင် ခန့်အပ်ပေးတော်မူလိုက်ပြီ။ ၎င်းတို့က ပြန်

လည် ဖြေကြားခဲ့ကြသည်။ သွာလူသ်သည် ကျွန်ုပ်တို့အပေါ် အုပ်ချုပ်မှုအာဏာ မည်သို့ ရရှိနိုင်ပါမည်နည်း။ ကျွန်ုပ်တို့သာလျှင် သူ့ထက်ပို၍ အုပ်ချုပ်မှုအာဏာနှင့် ပို၍ ထိုက်တန် သူများ ဖြစ်ကြသည်။ ထို့ပြင် သူ့ထံတွင် ငွေကြေးဥစ္စာကြွယ်ဝမှုလည်း မရှိပါ။ ထိုအခါ တမန်တော်က ဤသို့ မိန့်ကြားတော်မူလေသည်။ စင်စစ်တွင် အလ္လာဟ်သည် အသင်တို့အစား သူ့ကို ရွေးချယ်တော်မူလိုက်ပြီ ဖြစ်သည်။ ထို့ပြင် သူ့အား အသိပညာနှင့် ကိုယ်ခန္ဓာအင်အားတွင် အသင်တို့ထက်ပို၍ ကြွယ်ဝမှု ချီးမြှင့်တော်မူခဲ့သည်။ အလ္လာဟ်သည် မိမိ၏အာဏာကို မိမိနှစ်သက်သော သူကို သာ ချီးမြှင့်တော်မူသည်။ အလ္လာဟ်သည် ကျေးဇူးတရား ကျယ်ဝန်းတော်မူသော၊ အလွန်သိမြင်တော်မူသောအရှင် ဖြစ်တော်မူသည်။ **၂၄၈။** သူတို့၏တမန်တော်က သူတို့အား မိန့်ကြားတော်မူခဲ့သည်။ သွာလူသ်၏ ဘုရင်ဖြစ်ခြင်း အထောက်အထား မှာ အသင်တို့ထံသို့ သေတ္တာရောက်ရှိလာခြင်း ဖြစ်သည်။ ထိုသေတ္တာထဲတွင် အသင်တို့၏ အရှင်သခင်ထံမှ တည်ငြိမ် အေးချမ်းမှုပါရှိမည်။ ထို့ပြင် မူစာ၏ သားစဉ်မြေးဆက်နှင့် ဟာရွန်၏ သားစဉ်မြေးဆက်များ ချန်ရစ်ထားခဲ့သည့် အကြွင်းအကျန်ပစ္စည်းများလည်း ပါရှိမည်။ သေတ္တာကို ကောင်းကင်တမန်များက သယ်ဆောင်လာကြလိမ့်မည်။ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြပါမူ ဤကိစ္စရပ်တွင် အသင်တို့အဖို့ ကြီးမားသော သက်သေသာဓကတစ်ရပ် ရှိပေသည်။

၂၄၉။ ထို့နောက် သွာလူသ်သည် စစ်တပ်များကို ဦးဆောင်၍ ထွက်ခွာလာသောအခါ သူက ပြောခဲ့သည်။ အလ္လာဟ်သည် အသင်တို့ကို မြစ်တစ် မြစ်ဖြင့် အမှန်ပင် စမ်းသပ်တော်မူလိမ့်မည်။ ထိုမြစ်မှ ရေသောက်လိုက်သူသည် ငါ၏ မိတ်ဆွေမဟုတ်။ ထိုမြစ်ရေကို မသောက်သူသာလျှင် ငါ၏မိတ်ဆွေဖြစ်မည်။ သို့သော် တစ်ဦးတစ်ယောက်သည် လက်ဖြင့် ရေလက်တစ်ခုပ်စာ ယူလိုက်သည်ရှိသော် အခွင့်ရှိ၏။ သို့ရာတွင် လူအနည်းငယ်မှအပ ကျန်သူတို့သည် ထိုမြစ်ရေမှ အလွန်အကျဲ သောက်လိုက်ကြလေသည်။ ထို့နောက် သွာလူသ်နှင့် သူနှင့်အတူ အီမာန်အပေါ် ရပ်တည်နေခဲ့ကြသူများသည် မြစ်ကို ကျော်ဖြတ်လိုက်သည့်အခါ

တွင် ရေသောက်ခဲ့ကြသူများက ယနေ့ ကျွန်ုပ်တို့သည် ဂျာလူသိန့်နှင့် သူ၏စစ်တပ်များကို တိုက်ခိုက်ရန် အင်အားမရှိတော့ပါဟု ပြောဆိုခဲ့ကြလေသည်။ ထိုအခါ မိမိတို့သည် အလွှာဟ်နှင့် သေချာပေါက် တွေ့ဆုံရမည်ဟု ယုံကြည်သောသူများက ဤသို့ ပြောကြသည်။ အနည်းငယ်သောလူအုပ်စုသည် အလွှာဟ်အမိန့်တော်ဖြင့် မြောက်မြားစွာသောလူအုပ်စုအပေါ် ကြိမ်ဖန်များစွာ အောင်နိုင်ခဲ့ကြလေသည်။ အလွှာဟ်သည် ဇွဲသတ္တိဖြင့် ကြုံကြုံခံရပ်တည်သူများနှင့်အတူ ရှိတော်မူပေသည်။

၂၅၈။ ထို့နောက် သူတို့သည် ဂျာလူသိန့်နှင့် သူ၏စစ်တပ်များကို ရင်ဆိုင်တွေ့ဆုံကြသောအခါ သူတို့က အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ကို ဇွဲသတ္တိနှင့် ကြုံကြုံခံရပ်တည်နိုင်စွမ်း ထည့်သွင်းပေးသနားတော်မူပါ။ ကျွန်တော်မျိုးတို့၏ ခြေများကို မြဲမြံစေတော်မူပါ။ ထို့ပြင် မယုံကြည်သူများ နှင့်ဆန့်ကျင်၍ ကျွန်တော်မျိုးတို့ကို ကူညီစောင်မပေးတော်မူပါဟု တောင်းဆုပြုခဲ့ကြ လေသည်။

၂၅၁။ ထို့နောက် သူတို့သည် ရန်သူတို့အား အလွှာဟ်အမိန့်တော်နှင့် စစ်ရေးနိမ့်စေခဲ့ကြပြီး ဒါဂူဒ်သည် ဂျာလူသ်ကို သတ်ခဲ့သည်။ ထို့နောက် အလွှာဟ်သည် ဒါဂူဒ်ကို အုပ်ချုပ်မှုအာဏာနှင့် ဉာဏ်အမြော်အမြင်ကို ချီးမြှင့် တော်မူပြီး မိမိအလိုတော်ရှိသည်များကိုလည်း သင်ကြားပေးတော်မူခဲ့လေသည်။ အကယ်၍ အလွှာဟ်သည် လူအချို့ကို လူအချို့ဖြင့် တွန်းလှန်တားဆီးမှုမပြုလျှင် ကမ္ဘာမြေပထဝီသည် ပျက်စီးမှုဖြင့် မုချ ပြည့်နှက်နေမည်ဖြစ်သည်။ သို့သော်လည်း အလွှာဟ်သည် တစ်လောကလုံးအပေါ်တွင် အလွန် ကျေးဇူးကြီးမားတော်မူသော အရှင်ဖြစ်ပေသည်။

၂၅၂။ ဤသည် အလွှာဟ်၏ အာယသ်တော်များဖြစ်ချေသည်။ ယင်းအာယသ်တော်များကို ငါအရှင်သည် အသင့်အား မှန်ကန်တိကျစွာ ဖတ်ကြားပြတော်မူပေသည်။ စင်စစ်တွင် အသင်သည် ရစူလ်တမန်တော်များအနက်မှ တစ်ပါး အပါ အဝင် ဖြစ်ပေသည်။

★**၂၅၃။** ထိုရစူလ်တမန်တော်များအနက်မှ ငါအရှင်မြတ်သည် အချို့ကို အချို့ထက် ပိုမို ထူးကဲမှုဂုဏ် ချီးမြှင့်တော်မူခဲ့သည်။ သူတို့အနက်မှ အချို့ကို

အလွှာဟ်က စကားပြောကြားတော်မူခဲ့သည်။ အချို့ကိုမူ အဆင့်အတန်းများ မြှင့်တင်ပေးတော်မူခဲ့သည်။ မရ်ယမ်၏သား အီစာကို ငါအရှင်မြတ်သည် ရှင်းလင်းထင်ရှားသော အထောက်အထားများ ရှိုးမြင့်ခဲ့သည်။ ထို့ပြင် မြင့်မြတ်သော ဝိညာဉ်ဖြင့် သူ့အား ကူညီစောင်မပေးတော်မူခဲ့သည်။ အကယ်၍ အလွှာဟ် အလိုတော်ရှိတော်မူပါလျှင် ထိုတမန်တော်များ၏နောက်တွင် ရှိခဲ့ကြသူများသည် သူတို့ထံသို့ ရှင်းလင်းသော အထောက်အထားများ ရောက်လာပြီးသည့်နောက် အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြမည်မဟုတ်ပေ။ သို့သော်လည်း သူတို့သည် အချင်းချင်း ကွဲလွဲခဲ့ကြသည်။ သူတို့အနက်မှ အချို့သည် ယုံကြည်ခဲ့ကြပြီး အချို့သည် ငြင်းပယ်ခဲ့ကြသည်။ အကယ်၍ အလွှာဟ် အလိုတော်ရှိပါလျှင် သူတို့သည် အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြမည်မဟုတ်ပေ။ သို့သော်လည်း အလွှာဟ်သည် မိမိအလိုတော်ရှိသည်ကိုသာ ပြုလုပ်တော်မူသည်။

၂၅၄။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အကြင်နေ့ရက်တစ်ရက် ရောက်မလာမီ အလျင် အသင်တို့ကို ငါအရှင်ပေးကမ်းထားသည့် အရာများအနက်မှ လှူဒါန်းသုံးစွဲ ကြကုန်။ ထိုနေ့တွင် အရောင်းအဝယ်ရှိမည်မဟုတ်၊ မိတ်ဆွေဖြစ်မှုလည်း ရှိမည် မဟုတ်။ ကြားဝင်အသနားခံပေးမှုလည်း ရှိမည်မဟုတ်။ မယုံကြည်သောသူများ သည်သာလျှင် မတရားလုပ်သူများ ဖြစ်ကြပေသည်။ **၂၅၅။** အလွှာဟ် သည်သာ ကိုးကွယ်ခံထိုက်သောအရှင်ဖြစ်သည်။ ထိုအရှင်မှအပ အခြားကိုးကွယ်ထိုက်သော အရှင် အလျှင်းမရှိ။ အရှင်မြတ်သည် ထာဝရ ရှင်နေတော်မူသော၊ အရာခပ်သိမ်းကို စောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူသည်။ အရှင်မြတ်သည် ငိုက်မျဉ်းခြင်းလည်း မရှိ။ အိပ်စက်ခြင်းလည်း မရှိ။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီတွင် ရှိရှိ သမျှသောအရာ ခပ်သိမ်းတို့သည် အရှင်မြတ်၏ ပိုင်ဆိုင်မှုများသာ ဖြစ်သည်။ အရှင်မြတ်အထံတော်တွင် အရှင်မြတ်၏ ခွင့်ပြုချက်မပါဘဲ ကြားဝင်အသနားခံပေးမည့်သူ မည်သူရှိသနည်း။ အရှင်မြတ်သည် သူတို့၏ရှေ့မှောက်၌ရှိသည်များနှင့်၊ သူတို့၏နောက်၌ ရှိသည်များကို သိရှိတော်မူသည်။ သူတို့သည် အရှင်မြတ်၏ အသိတော်အနက်မှ အရှင်မြတ် အလိုတော်ရှိသည်မှအပ

တစ်စုံတစ်ရာကိုမျှ လွှမ်းခြုံ၍ မသိနိုင်ကြပေ။ အရှင်မြတ်၏ ကုရိစီတော်သည် မိုးကောင်းကင်များနှင့် မြေပထဝီ ကို လွှမ်းမိုးထားလျက် ရှိပေသည်။ ထိုနှစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ရခြင်း သည် အရှင်မြတ်အား ပင်ပန်းနွမ်းနယ်စေခြင်းမရှိပေ။ အရှင်မြတ်သည် အလွန် မြင့်မားတော်မူသော၊ အလွန် ကြီးမြတ်တော်မူသောအရှင် ဖြစ်ပေသည်။ **၂၅၆။** သာသနာရေးတွင် အတင်းအဓမ္မဟူ၍ အလျှင်းမရှိရ။ လမ်းမှန်တရားသည် လမ်းမှား နှင့် ထင်းရှားစွာ ကွဲပြားခြားနားသွားပြီ ဖြစ်သည်။ ရှိုင်သွာန်ကို ငြင်းပယ်ပြီး အလွှာဟ်ကို ယုံကြည်သူသည် ခိုင်မြဲသော ကြိုးကွင်းကို ဆုပ်ကိုင်ထားသူ ဖြစ်ပေသည်။ အလွှာဟ်သည် အလွန်ကြားတော်မူသော၊ အလွန်သိတော်မူသောအရှင် ဖြစ်ပေ သည်။ **၂၅၇။** အလွှာဟ်သည် ယုံကြည်သူတို့အား ကူညီစောင်မတော်မူသောအရှင် ဖြစ်တော်မူပြီး သူတို့ကို အမှောင်ထုများမှထုတ်၍ အလင်းရောင်ဆီသို့ ခေါ်ဆောင်တော်မူသည်။ မယုံကြည်သူတို့၏ မိတ်ဆွေများမှာမူ ရှိုင်သွာန်များသာ ဖြစ်ကြပြီး ရှိုင်သွာန်များသည် သူတို့ကို အလင်းရောင်မှထုတ်၍ အမှောင်ထုများဆီ သို့ ခေါ်ဆောင်ကြသည်။ ထိုသူတို့သည် ငရဲဘုံသို့ လားမည့်သူများဖြစ်ကြပြီး ထိုထဲတွင် ထာဝရနေကြရမည့်သူများ ဖြစ်ကြပေသည်။

၂၅၈။ အိဗ်ရာဟီမ်အား သူ၏အရှင်နှင့် ပတ်သက်ပြီး အငြင်းအခုံလုပ်ခဲ့သူကို အသင်မမြင်မိပါသလော။ အလွှာဟ်က သူ့ကို အုပ်ချုပ်မှုအာဏာ ချီးမြှင့်ထားသည့် အတွက်ကြောင့် ထိုသို့ ငြင်းခုံခဲ့ခြင်း ဖြစ်သည်။ အိဗ်ရာဟီမ်က ကျွန်ုပ်၏ အရှင်သည် ရှင်စေ၊ သေစေနိုင်တော်မူသောအရှင်ဖြစ်သည်ဟု ပြောလေရာ သူက ငါလည်း ရှင် စေ၊ သေစေနိုင်သည်ဟု ပြောခဲ့သည်။ ထိုအခါ အိဗ်ရာဟီမ်က စင်စစ်တွင် အလွှာဟ်သည် နေကို အရှေ့အရပ်မှ ထွက်စေတော်မူသည်။ အသင်က ထိုနေကို အနောက်ဘက်မှ ထွက်စေလော့ဟု ပြောကြားလေရာ ထိုမယုံကြည်သူသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။ အလွှာဟ်သည် မတရားကျူးလွန်သူတို့ကို လမ်းမှန်ပြသတော်မမူပေ။

၂၅၉။ သို့မဟုတ် အသင်သည် ဤကဲ့သို့သော သူအကြောင်းကို မသိ

မြင်ပါသလော။ ထိုသူသည် အိမ်ခေါင်မိုးများ ပြိုကျပျက်စီးနေသည့် ရွာတစ်ရွာ အနီးမှ ဖြတ်သွားခဲ့လေရာ ပျက်စီးယိုယွင်းသွားပြီးနောက်မှ ဤရွာကို အလွှာဟ်က မည်သို့ ပြန်လည်ရှင်သန်အောင် လုပ်ပါမည်နည်းဟု ပြောဆိုခဲ့သည်။ သို့ရှိရာ အလွှာဟ်က သူ့ကို နှစ်ပေါင်းတစ်ရာ သေစေတော်မူခဲ့သည်။ ထို့နောက် သူ့အား ပြန်လည်ရှင်ထစေတော်မူပြီး အသင်သည် ဤအခြေအနေတွင် မည်မျှကြာအောင် နေခဲ့သနည်းဟု မေးမြန်းတော်မူလေရာ သူက တစ်ရက် သို့မဟုတ် တစ်ရက်ထက် လျော့နည်းသော အချိန်ကာလထိ ကြာညောင်းအောင် နေခဲ့ပါသည်ဟု လျှောက်တင်လေသည်။ အလွှာဟ်က မိန့်ကြားတော်မူသည်။ ထိုသို့မဟုတ်၊ စင်စစ်တွင် အသင်သည် နှစ်ပေါင်းတစ်ရာ တိုင် နေခဲ့ခြင်းဖြစ်ပေသည်။ အသင်၏စား သောက်စရာများကို ကြည့်ပါလေ။ ယခုတိုင် ပုပ်သိုးသွားခြင်း မရှိ သေးပေ။ ပြီးနောက် အသင်၏ မြည်းသတ္တဝါကို ကြည့်ပါလေ။ (ဤသို့ပြုရခြင်းမှာ) ငါအရှင်မြတ်သည် အသင့်အား လူတို့အဖို့ သက်သေလက္ခဏာ တစ်ရပ်အဖြစ် ပြု လုပ်တော်မူရန် ဖြစ်သည်။ ငါအရှင်မြတ်သည် မြည်း၏အရိုးများကို မည်သို့ ဆက်စပ် တော်မူပြီး ထိုပေါ်တွင် အသားဖြင့် မည်သို့ ဖုံးအုပ်တော်မူသည်ကို အသင်ကြည့်ပါလေ။ ဤအဖြစ်အပျက်သည် သူ့အဖို့ ထင်ရှားသွားလေသောအခါ သူက စင်စစ်တွင် အလွှာဟ်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင်ဖြစ်သည်ကို ကျွန်ုပ် သိပါပြီဟု လျှောက်တင်ခဲ့လေသည်။ **၂၆၀။** တစ်ခါတွင် အိဗ်ရာဟီမ် က အို-ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် သေသူများကို မည်သို့ ပြန်လည်ရှင်ထစေ တော်မူသည်ကို ကျွန်တော်မျိုးအား ပြသတော်မူပါဟု လျှောက်တင်ခဲ့လေသည်။ အလွှာဟ်က အသင် မယုံကြည်ပါသလောဟု မိန့်ကြားတော်မူလေရာ သူက သေချာပေါက် ယုံကြည်ပါသည်။ သို့သော် ကျွန်တော် မျိုး၏စိတ်နှလုံး တည်ငြိမ်အေးချမ်းမှုရရန်အတွက် ဖြစ်ပါသည်ဟု လျှောက်တင် ခဲ့သည်။ ထိုအခါ အလွှာဟ်က မိန့်ကြားတော်မူသည်။ အသင်သည် ၄ ကောင်လေးကောင် ကို ယူလိုက်ပါ။ ပြီးနောက် ၎င်းတို့ကို အနီးကပ်ထားယဉ်ပါးအောင်လုပ်၍ (အတုံးတုံးအတစ်တစ် ခုတ်ပါ။) ပြီးနောက် တစ်ခုစီကို တောင်တစ်လုံးစီပေါ်တွင် သီးခြားသီးခြားစီ တင်

ထားလိုက်ပါ။ ပြီးနောက် ထိုငှက်များကို ခေါ်လိုက်ပါ။ ထိုငှက်များသည် အသင့်ထံသို့ ပြေးလွှားး၍ လာရောက်ကြပေမည်။ စင်စစ်တွင် အလွှာဟ်သည် တန်ခိုးတော်နှင့် လွှမ်းမိုးနိုင်တော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်ကို အသင်မှတ်ပါလေ။

၂၆၁။ ပစ္စည်းဥစ္စာများကို အလွှာဟ်လမ်းတွင် လှူဒါန်းသုံးစွဲသူတို့၏ ဥပမာသည် ဤသို့သော မျိုးစေ့တစ်စေ့နှင့် တူဆင်ပေသည်။ ထိုမျိုးစေ့မှ အနှံခုနစ်နှံ ပေါက်လာ၏။ အနှံတစ်ခုတိုင်းတွင်လည်း အစေ့ပေါင်း တစ်ရာစီပါရှိ၏။ အလွှာဟ်သည် မိမိနှစ်သက်တော်မူသောသူအဖို့ ဆထက်ထမ်းပိုးတိုး၍ ချီးမြှင့်တော်မူလေသည်။ အလွှာဟ်သည် ကျယ်ပန်းစွာပေးသနားတော်မူသော၊ အလွန်တရာ သိတော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၂၆၂။** အလွှာဟ်၏ လမ်းတော်တွင် ဥစ္စာပစ္စည်း လှူဒါန်းသုံးစွဲမှုပြုပြီး နောက်တွင် ဂုဏ်ဖော်ခြင်းလည်းမပြု၊ ဒုက္ခပေးခြင်းလည်းမပြုသူများအဖို့ သူတို့၏ အရှင်ထံတွင် အကျိုးကုသိုလ်ရှိပေသည်။ သူတို့သည် ကြောက်ရွံ့စရာလည်း ရှိမည်မဟုတ်၊ ဝမ်းနည်းပူဆွေးကြရမည်လည်း မဟုတ်ပေ။ **၂၆၃။** ကောင်းမွန်သောစကားကို ပြောခြင်းနှင့် ခွင့်လွှတ်ခြင်းသည် ဒုက္ခပေးမှုကပ်လျက်ပါရှိသော စွဒကဟ်အလှူဒါနထက် ပိုကောင်းသည်။ အလွှာဟ်သည် လိုလားတောင့်တမှုကင်းတော်မူသော၊ ခွန်အီတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ **၂၆၄။** အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ဂုဏ်ဖော်ခြင်းနှင့် ဒုက္ခပေးခြင်းတို့ဖြင့် မိမိတို့၏ အလှူဒါနများကို အကြင်သူကဲ့သို့ အလဟဿမလုပ်ပစ်ကြလေနှင့်။ ထိုသူသည် ပြစားရန်အတွက်သာ ဥစ္စာပစ္စည်းကို လှူဒါန်းပြီး အလွှာဟ်နှင့် နောက်ဆုံးနေ့ကိုလည်း မယုံကြည်ပေ။ သို့ရှိရာ သူ၏ဥပမာသည် မာကျောပြောင်လက်သော ကျောက်တုံးတစ်တုံးနှင့် တူပေသည်။ ထိုပေါ်တွင် မြေမှုန့်အနည်းငယ်ရှိ၏။ သည်းထန်သောမိုးသည် ထိုကျောက်တုံးအပေါ် ရွာချလိုက်လေရာ ကျောက်တုံးကို ပြောင်စင်အောင် လုပ်လိုက်လေတော့သည်။ ထိုသို့သောသူများသည် မိမိတို့ရှာဖွေထားသည်များမှ ဘာတစ်ခုကိုမျှ မရနိုင်ကြချေ။ အလွှာဟ်သည် မယုံကြည်သူများကို လမ်းမှန်ပြသတော်မမူပေ။

၂၆၅။ ဥစ္စာပစ္စည်းများအား အလ္လာဟ်၏ကျေနပ်နှစ်သက်မှုကို ရှာဖွေရန်နှင့် မိမိတို့၏စိတ်နလုံးကို ခိုင်မြဲစေရန် လျှုဒါန်းသုံးစွဲသူများ၏ပမာသည် ကုန်းမြင့်ပေါ်တွင်ရှိသော ဥယျာဉ်ခြံတစ်ခုနှင့် တူပေသည်။ ထိုဥယျာဉ်တွင် သည်းထန်သော မိုးရွာသွန်းချလိုက်ရာ အသီးအနှံ နှစ်ဆထွက်လေ၏။ အကယ်၍ သည်းထန်သော မိုးမရလျှင်လည်း ထိုဥယျာဉ်သည် မိုးဖွဲဖွဲဖြင့်ပင် လုံလောက်သွားသည်။ အလ္လာဟ်သည် အသင်တို့ပြုမူသည်များကို မုချမြင်နေတော်မူသောအရှင် ဖြစ်ပေသည်။

၂၆၆။ အသင်တို့တစ်ဦးတစ်ယောက်သည် အကြင်အဖြစ်ကို လိုလားနှစ်သက်ပါသလော။ သူထံတွင် စွန်ပလွံနှင့်စပျစ်ဥယျာဉ်တစ်ခု ရှိမည်။ ထိုအောက်မှ ချောင်းများ စီးတွေနေလျက်ရှိမည်။ ဥယျာဉ်ထဲတွင် သူ့အတွက် သစ်သီးဝလံမျိုးစုံလည်း ရှိနေမည်။ ထို့နောက် သူသည် အသက်အရွယ် အိုမင်းလာသည်။ သူထံတွင် အားအင်ချည့်နဲ့သောသားသမီးများလည်း ရှိနေသည်။ ထိုအခြေအနေမျိုးတွင် မီးပါသော လေပြင်းက ထိုဥယျာဉ်ကို တိုက်ခတ်လိုက်လေရာ ဥယျာဉ်သည် လောင်ကျွမ်းသွားလေတော့သည်။ အလ္လာဟ်သည် အသင်တို့ စဉ်းစားဆင်ခြင်နိုင်ကြရန် သက်သေလက္ခဏာတော်များကို ဤကဲ့သို့ပင် ရှင်းလင်းပြသတော်မူပေသည်။

၂၆၇။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ လုပ်ကိုင်ရှာဖွေထားသည့်ပစ္စည်းဥစ္စာများနှင့် ငါအရှင် အသင်တို့အတွက် မြေမှ ထုတ်ပေးထားသည့် အရာများ အနက်မှ ကောင်းမွန်သောပစ္စည်းကို လျှုဒါန်းသုံးစွဲကြကုန်။ ညံ့ဖျင်းသောပစ္စည်းများကို လျှုဒါန်းရန် စိတ်ပင်မကူးကြလေနှင့်။ ထိုပစ္စည်းမျိုးကို အသင်တို့ကို ပေးလျှင် အသင်တို့လည်း ယူကြမည်မဟုတ်။ သို့သော် (အားနာပါးနာနှင့်) မျက်စိမှိတ်ပြီးသာ ယူကြပေမည်။ အလ္လာဟ်သည် လိုလားတောင်းတမှုကင်းတော်မူသော၊ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်ပေသည်။ **၂၆၈။** ရှိုင်သွာန်သည် အသင်တို့ ဆင်းရဲသွားလိမ့်မည်ဟု ခြိမ်းခြောက်ပြီး စက်ဆုပ်ရွံရှာဖွယ်ရာများကို လုပ်ဆောင်ရန် အသင်တို့အား ညွှန်ကြားသည်။ အလ္လာဟ်ကမူ မိမိအထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကျေးဇူးတော်ကို အသင်တို့အား ကတိပြုတော်မူပေသည်။ အလ္လာဟ်သည် ကျယ်ဝန်းစွာပေးသနားတော်မူသော၊ အလွန်တရာသိမြင့်

တော်မူသောအရှင် ဖြစ်ပေသည်။ **၂၆၉။** အရှင်မြတ်သည် မိမိနှစ်သက်လိုလား သူကိုသာ ဉာဏ်အမြော်အမြင် ချီးမြှင့်တော်မူသည်။ ဟိတ္တမသိတည်းဟူသော ဉာဏ်အမြော်အမြင်ရသူသည် အလွန်များပြားသော စည်းစိမ်ကို ရလိုက်ခြင်း မည်သည်။ သို့ရာတွင် ဦးနှောက်အသိဉာဏ်ရှိသူများသည်သာ တရားသံဝေဂ ရယူနိုင်ကြသည်။

၂၇၀။ အသင်တို့ လှုဒါန်းလိုက်သည့် မည်သည့်သုံးစွဲမှုကိုမဆို၊ အသင်တို့ ပြုလိုက်ကြသည့် မည်သည့်အမိဋ္ဌာန်ကိုမဆို အလွှာဟ်သည် မုချ သိတော်မူပေသည်။ မတရားပြုသူများအဖို့ ကုညီရိုင်းပင်သူ မည်သူမျှ ရှိမည်မဟုတ်။ **၂၇၁။** အသင်တို့သည် စွဒကဟ်အလှုဒါနများကို ပေါ်ပေါ်ထင်ထင် ပေးလှူင်လည်း ကောင်းမြတ်သည်။ ထိုစွဒကဟ်အလှုပစ္စည်းများကို ဖုံးကွယ်ပြီး ဆင်းရဲသားများအား ပေးကမ်းပါမူ အသင်တို့အတွက် ပို၍ ကောင်းမြတ်ပေသည်။ အရှင်မြတ်သည် အသင်တို့၏အကုသိုလ်များကို ဖယ်ရှားပေးတော်မူမည်။ အလွှာဟ်သည် အသင်တို့၏လုပ်ရပ်များကို ကောင်းစွာ သိရှိတော်မူပေသည်။ **၂၇၂။** သူတို့ကို လမ်းမှန်ပေါ် သို့ပို့ဆောင်ရန်မှာ အသင်၏တာဝန်မဟုတ်ပေ။ သို့သော်လည်း အလွှာဟ်သည် မိမိအလိုရှိသူကို လမ်းမှန်ပြသတော်မူပေသည်။ အသင်တို့ လှုဒါန်းသုံးစွဲလိုက်သည့် ငွေကြေးဥစ္စာသည် အသင်တို့အကျိုးအတွက်သာ ဖြစ်ပေသည်။ အလွှာဟ်နှစ်သက်မှုကို ရှာဖွေရန်အတွက်သာ လှုဒါန်းသုံးစွဲကြလေကုန်။ အသင်တို့ လှုဒါန်းသုံးစွဲလိုက်သည့် ငွေကြေးပစ္စည်း၏ အကျိုးကို အသင်တို့အား အပြည့်အဝ ပေးခြင်းခံရပေမည်။ အသင်တို့အဖို့ ထိုထဲမှ မတရားလုပ်ခြင်းလည်း ခံရမည်မဟုတ်ပေ။ **၂၇၃။** အလှုဒါနများသည် အလွှာဟ်လမ်းတော်တွင် ပိတ်ဆို့ခံထားရပြီး၊ မြေပထဝီတွင် လုပ်ကိုင်ရှာဖွေရန် မတတ်စွမ်းနိုင်ကြသော သူဆင်းရဲများအဖို့ ဖြစ်သည်။ သူတို့သည် တောင်းရမ်းမှုမပြုသည့်အတွက် မသိသူက ထိုသူများကို သူချမ်းသာများဟုပင် ထင်မှတ်ပေသည်။ စင်စစ်တွင် သူတို့၏ ပုံစံကို ကြည့်ရုံမျှဖြင့် ဆင်းရဲသားမှန်း အသင်သိနိုင်သည်။ သူတို့သည် လူတို့ထံမှ ဇွတ်အတင်း မတောင်းရမ်းကြပေ။ အသင်တို့ သုံးစွဲလိုက်သည့် မည်သည့်ငွေကြေး ဥစ္စာကိုမဆို

အလွှာဟ်သည် သိရှိတော်မူပေသည်။ **၂၇၄။** မိမိတို့၏ငွေကြေးဥစ္စာများကို နေ့နေ့ညည၊ လျို့ဝှက်စွာ၊ ပေါ်လွင်ထင်ရှားစွာ လှူဒါန်းကြသူများအဖို့ သူတို့ ၏အရှင်မြတ်ထံတွင် အကျိုးကုသိုလ်ရှိပေသည်။ သူတို့အဖို့ ကြောက်ရွံ့စရာလည်းမရှိ၊ စိုးရိမ်ကြရမည်လည်း မဟုတ်ပေ။

၂၇၅။ အတိုးစားသူတို့သည် ကိယာမသ်နေ့တွင် ရပ်ကြရသည့်အခါ ရှိုင်သွာန်ဖမ်းစားထားသဖြင့် ရူးနေသူကဲ့သို့ ရပ်ကြလိမ့်မည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့က ရောင်းဝယ်ဖောက်ကားခြင်းသည် အတိုးယူခြင်းနှင့် အတူတူပင်ဖြစ်သည်ဟု ပြောဆိုသောကြောင့် ဖြစ်သည်။ စင်စစ်တွင် အလွှာဟ်သည် ရောင်းဝယ်ဖောက်ကားခြင်းကို ဟလာလ်အဖြစ် သတ်မှတ်တော်မူပြီး အတိုးကိုမူ ဟရာမ်အဖြစ် သတ်မှတ်တော်မူသည်။ မည်သူမဆို သူ့ထံသို့ အရှင်မြတ်ထံတော်မှ ဆုံးမစကား ရောက်လာပြီးနောက်တွင် အတိုးမှ ရှောင်ကြဉ်လိုက်ပါက ယခင်က သူယူထားခဲ့သည့်အရာများသည် သူ့အတွက် ဖြစ်ပေမည်။ သူ၏အရေးကိစ္စသည် အလွှာဟ်ထံ အပ်နှံပြီးဖြစ်သည်။ သို့သော် မည်သူမဆို အတိုးလုပ်ငန်းကို ထပ်မံ၍ လုပ်ဆောင်ခဲ့ပါမူ ထိုသူတို့သည် ငရဲဘုံသားများ ဖြစ်ကြပေမည်။ ထိုထဲတွင် သူတို့သည် ထာဝရနေကြရပေမည်။ **၂၇၆။** အလွှာဟ်သည် အတိုးကို ဆုတ်ယုတ်ပျက်စီးစေတော်မူပြီး စွဒကာဟ် အလှူဒါနကို တိုးပွားစေတော်မူသည်။ အလွှာဟ်သည် ကျေးဇူးကမ်းသူ၊ ပြစ်မှုဒုစရိုက်ကျူးလွန်သူ ဟူသမျှကို နှစ်သက်တော်မမူပေ။ **၂၇၇။** အီမာန်ယုံ ကြည်ပြီး ကောင်းမှုကိုလုပ်ဆောင်ကြသူများ၊ စွဲလာသ်ဆောက်တည်ကြသူများ၊ ဇကာသ်ပေးဆောင်ကြသူများအဖို့ သူတို့၏အရှင်ထံတွင် အကျိုးကုသိုလ် မုချ ရှိပေသည်။ သူတို့သည် ကြောက်ရွံ့ရမည်လည်းမဟုတ်၊ စိုးရိမ်ကြရမည်လည်း မဟုတ်ပေ။

၂၇၈။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလွှာဟ်ကို ကြောက်ရွံ့ရိုသေကြကုန်။ အသင်တို့သည် ယုံကြည်သူများဖြစ်ကြလျှင် ကျန်နေသေးသောအတိုးများကို စွန့်လွှတ်လိုက်ကြကုန်။ **၂၇၉။** အသင်တို့သည် ဤအမိန့်အတိုင်း မပြုလုပ်ကြပါမူ အလွှာဟ်နှင့် ထိုအရှင်၏ရာစူလ်တမန်တော်နှင့် စစ်တိုက်ရန် ပြင်ဆင်လိုက်ကြကုန်။ အကယ်၍ အသင်တို့သည် အမှားဝန်ချ တောင်းပန်သည်

ရှိသော် ငွေရင်းကို အသင်တို့ ရပိုင်ခွင့်ရှိပေမည်။ အသင်တို့သည် သူတစ်ပါးအပေါ် တွင် မတရားမလုပ်ကြနှင့်။ အသင်တို့ပေါ် တွင်လည်း မတရား အလုပ်ခံရမည်မဟုတ်ပေ။ **၂၈၁။** အကယ်၍ ဆင်းရဲကျပ်တည်းသူဆိုလျှင် ချောင်လည်သည်အထိ ဆိုင်းငံ့ထားပေးကြ။ အကယ်၍ အသင်တို့ နားလည်ကြပါမူ အလှူဒါနအဖြစ် ပလပ်ပေးလိုက်ခြင်းသည် အသင်တို့အတွက် ပို၍ ကောင်းပေသည်။ **၂၈၂။** အသင်တို့သည် အလွှာဟ်ထံတော်သို့ ပြန်လည်ရောက်ရှိကြရမည့်နေ့ကို ကြောက်ရွံ့ကြကုန်။ ထို့နောက်တွင် လူတိုင်းသည် မိမိရှာဖွေဆည်းပူခဲ့သည်ကို ပြည့်ပြည့်ဝဝ အစားပေးခြင်းခံရမည်။ သူတို့သည် မတရားလုပ်ခြင်းခံကြရမည် မဟုတ်ပေ။

၂၈၃။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အချိန်ကာလ တစ်ခု သတ်မှတ်ပြီး အကြွေးအရောင်းအဝယ်ပြုကြသည့်အခါ ထိုကိစ္စကို ရေးမှတ်ထားကြကုန်။ အသင်တို့ကြား၀တွင် ရေးမှတ်သူတစ်ဦးက တရားမျှတစွာ ရေးမှတ်ရမည်။ မည်သည့် ရေးမှတ်သူမဆို အလွှာဟ်က သူ့ အား သင်ကြားပေးထားသည့်အတိုင်း ရေးမှတ်ခြင်းကို မငြင်းပယ်ရ။ တာဝန်ရှိသောမြီစားက ရေးရမည့်အရာကို တိုင်ပေးရမည်။ ထိုသို့တိုင်ပေးရာတွင် မိမိ၏အရှင်မြတ်ကို ကြောက်ရွံ့ပါလေ။ တစ်စုံတစ်ရာ လျော့ရေးခိုင်းခြင်း မပြုလေနှင့်။ အကယ်၍ တာဝန်ရှိသူမြီစားသည် ဉာဏ်ရည်မမီသူ၊ သို့မဟုတ် ချည့်နဲ့သူ၊ သို့မဟုတ် ကိုယ်တိုင် ရေးခိုင်းဖို့ မတတ်စွမ်းနိုင်သူ ဖြစ်နေလျှင် သူ၏ကိုယ်စားလှယ်က တရားမျှတစွာ ရေးသားစေရမည်။ အသင်တို့၏အမျိုးသားများအနက်မှ သက်သေနှစ်ဦး ထားရှိကြကုန်။ အကယ်၍ အမျိုးသားနှစ်ဦးမရှိပါက အသင်တို့နှစ်သက်ကြသော သက်သေများအနက်မှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို သက်သေအဖြစ်ထားကြကုန်။ အမျိုးသမီးတစ်ဦး မေ့လျော့သွားလျှင် နောက်တစ်ဦးက သတိပေးရန်အတွက် ဖြစ်သည်။ သက်သေများသည်လည်း ဖိတ်ခေါ်ခြင်းခံရသည့်အခါ မငြင်းပယ်ကြရပေ။ အရောင်းအဝယ်ကိစ္စသည် သေးငယ်သည်ဖြစ်စေ၊ ကြီးမားသည်ဖြစ်စေ အချိန်ကာလ အတိအကျသတ်မှတ်ပြီး ရေးသားဖို့ မမျှင်းရိကြလေနှင့်။ ဤသို့ ရေးမှတ်လိုက်ခြင်းသည် အလွှာဟ်ထံတွင် ပို၍ မျှတသောနည်းလမ်း၊ သက်သေ ထွက်ဆိုရန်

အတွက် ပို၍ မှန်ကန်သောနည်းလမ်း၊ အသင်တို့ သံသယမဖြစ်ကြရန် အနီးစပ်ဆုံးနည်းလမ်း ဖြစ်သည်။ သို့သော် အကယ်၍ ကုန်ပစ္စည်းသည် လက်ဝယ်အသင့်ရှိနေပြီး လက်ချင်း ပြောင်းလဲဖလှယ်သော အရောင်းအဝယ်ဖြစ်ပါမူ ထိုအရောင်းအဝယ်ကိစ္စကို မရေးမှတ်လျှင်လည်း အသင်တို့မှာ အပြစ်မရှိချေ။ သို့သော် ထိုသို့သောအရောင်းအဝယ် ပြုလုပ်သည့်အခါတွင်လည်း သက်သေထားကြကုန်။ ထို့ပြင် ရေးသားပေးသူနှင့် သက်သေထွက်ဆိုသူတို့ကို မည်သို့မျှ နစ်နာအောင် မလုပ်ရ။ ထိုသို့လုပ်ပါက အသင်တို့အတွက် အကုသိုလ်ဖြစ်ပေမည်။ အလ္လာဟ်ကို ကြောက်ရွံ့ရိုသေကြကုန်။ အလ္လာဟ်သည် အသင်တို့ကို သင်ကြားပေးတော်မူသည်။ စင်စစ် အလ္လာဟ်သည် အရာရာကို သိရှိတော်မူသောအရှင် ဖြစ်ပေသည်။ **၂၈၃။** အကယ်၍ အသင်တို့သည် ခရီးတွင်ရှိနေကြပြီး ရေးမှတ်ပေးသူ တစ်ဦးဦးကို မတွေ့ ရှိကြရလျှင် အပေါင်ခံပစ္စည်းများကို လက်ဝယ်ပေးထားရမည်။ အကယ်၍ တစ်ဦးက နောက်တစ်ဦးကို ယုံကြည်စိတ်ချပါမူ ယုံကြည်စိတ်ချမှုခံရ သူသည် မိမိအားဖန်ဆင်းမွေးမြူရှင်ကို ကြောက်ရွံ့ပြီး ပေးအပ်ရမည့်တာဝန်ကို ပေးဆပ်ကြကုန်။ သက်သေကို မဖုံးကွယ်ထားကြနှင့်။ မည်သူမဆို သက်သေကို ဖုံးကွယ်ထားပါလျှင် သူ၏စိတ်နလုံးသည် အကုသိုလ်ကျူးလွန်သော စိတ်နလုံးဖြစ်ပေမည်။ အလ္လာဟ်သည် အသင်တို့ ပြုလုပ်သမျှကို ကောင်းစွာသိတော်မူသော အရှင် ဖြစ်သည်။

၂၈၄။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီတွင် ရှိရှိသမျှသည် အလ္လာဟ်၏ ပိုင်ဆိုင်မှုများသာ ဖြစ်သည်။ အသင်တို့သည် စိတ်ထဲရှိသောအရာများကို ထုတ်ဖော်သည်ဖြစ်စေ၊ ဖုံးကွယ်ထားသည်ဖြစ်စေ ထိုအရာနှင့်စပ်လျဉ်းပြီး အလ္လာဟ်အရှင်မြတ်သည် စာရင်းအင်းစစ်ဆေးတော်မူမည် ဖြစ်သည်။ ထို့နောက် မိမိအလိုတော်ရှိသူကို ခွင့်လွှတ်ချမ်းသာပေးတော်မူပြီး မိမိအလိုတော်ရှိသူကို အပြစ်ဒဏ်ခတ်တော်မူမည်။ အလ္လာဟ်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်သည်။ **၂၈၅။** ရာစူလ်တမန်တော်သည် မိမိ၏အရှင့်ထံတော်မှ မိမိထံသို့ ချပေးခြင်းခံရသည်များကို အီမာန်ယုံကြည်သည်။ ထိုနည်းတူ မုအ်မင်နိများသည်လည်း ယုံကြည်ကြသည်။ သူတို့အားလုံးသည် အလ္လာဟ်နှင့်၊ ထိုအရှင်၏

ကောင်းကင်တမန်များ၊ ကျမ်းစာများ၊ ရစူလ်တမန်များကို အီမာန်ယုံကြည်ကြသည်။ ကျွန်ုပ်တို့သည် ထိုအရှင်၏ရစူလ်တမန်များအနက်မှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခွဲခြားဆက်ဆံမည် မဟုတ်။ ထို့ပြင် သူတို့က ကျွန်တော်တို့သည် ကြားကြပါပြီ။ အမိန့်နာခံကြပါပြီ။ အို-အရှင်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ခွင့်လွှတ်ချမ်းသာပေးမှုကို လိုလားကြပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် အရှင့်ထံတော်သို့သာ ပြန်လှည့်ကြရမှာ ဖြစ်ပါသည်ဟု ပြောဆိုကြသည်။ **၂၈၆။** အလ္လာဟ်သည် မည်သူ့ကိုမျှ တတ်စွမ်းနိုင်သည်ထက်ပို၍ တာဝန်ပေးမထားပေ။ လူသည် သူရှာဖွေခဲ့သည့်ကောင်းမှုကို သူစံရမည်ဖြစ်ပြီး သူလုပ်ခဲ့သည့်မကောင်းမှုကို သူခံရမည်ဖြစ်သည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ မေ့လျော့၍ဖြစ်စေ၊ မှားယွင်း၍ ဖြစ်စေပြုခဲ့မိသည်များကို အရေးယူတော်မမူပါနှင့်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ထက်အလျင်က ရှိခဲ့သူများ အပေါ် အရှင်မြတ် တင်တော်မူခဲ့သည့် ဝန်ထုပ်ကို ကျွန်တော်မျိုးတို့အပေါ် တင်တော်မမူပါနှင့်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့အား မနိုင်သောဝန်ကို ထမ်းရွက်ခိုင်းတော်မမူပါနှင့်။ ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူပါ။ ကျွန်တော်မျိုးတို့အား သနားကြင်နာတော်မူပါ။ အရှင်မြတ်သည်သာ ကျွန်တော်မျိုးတို့အား ကြည့်ရှုစောင့်ရှောက်တော်မူသောအရှင် ဖြစ်ပေရာ မယုံကြည်သူများပေါ် အောင်နိုင်မှုရရှိရန်အတွက် ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူပါ။

၃။ စူရပ်အာလိအင်မ်ရာန်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလိမ်၊ လာမ်၊ မီးမ်။ ၂။ အလ္လာဟ်သည်သာ ကိုးကွယ်ခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသည်။ အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်း မရှိ။ ထာဝရရှင်သန်နေတော်မူသော၊ အရာခပ်သိမ်းကို ထိန်းသိမ်းစောင့်ရှောက် တော်မူသောအရှင် ဖြစ်တော်မူသည်။ **၃။** အရှင်မြတ်သည် အသင့်ပေါ်သို့ ကျမ်းမြတ်ကို အမှန်တရားနှင့်တကွ ချပေးတော်မူခဲ့သည်။ ယင်းကျမ်းသည် သူ့ အလျင်က ကျခဲ့သောကျမ်းများကို ထောက်ခံပေးသောကျမ်းဖြစ်သည်။ အရှင်မြတ် သည် သောင်ရာသ်နှင့် အင်နှင်္ကီးလ်ကျမ်းကို ချပေးတော်မူခဲ့သည်။ **၄။** ယခင်က လည်း လူသားများအား လမ်းမှန်ညွှန်ပြရန်အတွက် အရှင်မြတ်သည် အမှန်နှင့်အမှား ခွဲခြားပေးသောအရာကို ချပေးတော်မူခဲ့သည်။ အလ္လာဟ်၏ သက်သေလက္ခဏာ တော်များကို ငြင်းပယ်သူများအဖို့ ပြင်းထန်သော အပြစ်ဒဏ် မုချရှိပေသည်။ အလ္လာဟ်သည် တန်ခိုးတော်ဖြင့် လွှမ်းမိုးနိုင်တော်မူသော၊ တုံ့ပြန်အစားယူတော်မူ သောအရှင် ဖြစ်တော်မူသည်။ **၅။** စင်စစ်တွင် အလ္လာဟ်ထံ၌ ဖုံးကွယ်နေသောအရာ ဟူ၍ တစ်စုံတစ်ရာမျှ မရှိ။ ကမ္ဘာမြေပထဝီတွင်းလည်းမရှိ၊ မိုးကောင်းကင်တွင်လည်း မရှိ။ **၆။** သားအိမ်များအတွင်း၌ အသင်တို့အား အလိုတော်ရှိသည့်အတိုင်း ရုပ်ဆင်း သဏ္ဌာန်ကို ပြုလုပ်ဖန်ဆင်းတော်မူသောအရှင်သည်လည်း ထိုအရှင်မြတ်ပင် ဖြစ် တော်မူသည်။ အရှင်မြတ်မှအပ အခြား ခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်း မရှိ။ အရှင်မြတ်သည် နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံ တော်မူသောအရှင် ဖြစ်သည်။

၇။ အသင့်အပေါ်သို့ ကျမ်းဂန်ချပေးတော်မူသော အရှင်သည်လည်း ထိုအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုကျမ်းဂန်အနက်မှ အချို့သောအာယသ် တော်များသည် မုဟ်ကမ် အနက်အဓိပ္ပာယ်ရှင်းလင်းပြတ်သားသော အာယသ်များ

ဖြစ်ပြီး ကျမ်းဂန်၏အနှစ်ချုပ်အရင်းအမြစ် ဖြစ်သည်။ အချို့ အာယသ်တော်များသည် မုသရှာဗိဟ်ခေါ် ဆင်တူရိုးမှားဖြစ်သော အာယသ်တော်များ ဖြစ်ပေသည်။ သို့ဖြစ်ရာ စိတ်နလုံးအတွင်း၌ အကောက်ရှိသူများသည် ပြဿနာရှာရန်နှင့် အနက်အဓိပ္ပာယ် ရှာဖွေရန်အတွက် ထိုမုသရှာဗိဟ်အာယသ်တော်များနောက်သို့ လိုက်စားကြလေသည်။ စင်စစ်တွင် ထိုအာယသ်တော်များ၏ အနက်အဓိပ္ပာယ်ကို အလွှာဟ်မှအပ မည်သူမျှ မသိရှိပေ။ အသိပညာခိုင်မာကြသူတို့ကမူ ကျွန်ုပ်တို့သည် ထိုအာယသ်တော်များကို ယုံကြည်ကြပါသည်၊ အားလုံးသည် ကျွန်ုပ်တို့၏ အရှင်မြတ်ထံမှ ဖြစ်ပါသည်ဟု ပြောဆိုကြသည်။ ဦးနှောက်အသိဉာဏ် ရှိသူတို့သည်သာ ဆုံးမတရားကို လက်ခံနာယူကြပေသည်။ **၈။** အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို လမ်းမှန်ညွှန်ပြပြီးနောက်သော်မှ စိတ်နလုံးများကို တိမ်းစောင်းလွဲချော်အောင် ပြုတော်မမူပါနှင့်။ အရှင့်ထံတော်မှ ကရုဏာတရား ခံုးမြှင့်တော်မူပါ။ အရှင်မြတ်သည်သာ အရာရာကို ပေးကမ်းတော်မူသောအရှင် ဖြစ်တော်မူသည်။ **၉။** အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် လူသားတို့ကို နေ့တစ်နေ့တွင် ပြန်လည်စုရုံးတော်မူမည့်အရှင် ဖြစ်ပါသည်။ ထိုနေ့နှင့်စပ်လျဉ်း၍ သံသယ ဖြစ်ဖွယ်ရာ အလျှင်းမရှိ။ စင်စစ်တွင် အလွှာဟ်သည် ကတိတော်ကို မဖောက်ဖျက်ပေ။

၁၀။ စင်စစ်တွင် ငြင်းပယ်ခဲ့သူများကို သူတို့၏ဥစ္စာပစ္စည်းများနှင့် သူတို့၏ သားသမီး များက အလွှာဟ်နှင့်ဆန့်ကျင်၍ တစ်စုံတစ်ရာ အကျိုးပေးနိုင်မည် မဟုတ်ပေ။ သူတို့သည်ပင် ဂျဟန္နမ်ဝဲရဲမီး၏ လောင်စာဖြစ်လိမ့်မည်။ **၁၁။** သူတို့၏ နိဂုံးသည် ဖိရ်အောင်၏နောက်လိုက်များနှင့် သူတို့အလျင်ကရှိခဲ့ကြသူများကဲ့သို့ပင် ဖြစ်ပေမည်။ ယင်းသူတို့သည် ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြလေရာ သူတို့၏ ပြစ်မှုအကုသိုလ်များကြောင့်ပင် အလွှာဟ်သည် သူတို့ကို အပြစ်ဒဏ်ခတ်တော်မူခဲ့သည်။ အလွှာဟ်သည် ပြင်းထန်စွာ ဒဏ်ခတ်အရေးယူ တော်မူသောအရှင် ဖြစ်တော်မူသည်။ **၁၂။** အသင်သည် ငြင်းပယ်သူများအား ပြောကြားပါလေ။ အသင်တို့သည် နိုင်နင်းလွှမ်းမိုးခြင်းကို များ

မကြာမီ ခံကြရမည်။ ထို့နောက် ဂျဟန္နမ်ငရဲဘုံဘက်သို့ စုံရုံးစေခြင်းခံကြရမည်။ ထိုဂျဟန္နမ်ငရဲဘုံသည် အလွန်ဆိုးရွားသောနေရာထိုင်ခင်း ဖြစ်ပေသည်။ **၁၃။** (ဗဒရ်စစ်ပွဲတွင်) တစ်ဖက်နှင့်တစ်ဖက် ထိပ်တိုက်တွေ့ခဲ့သောအဖွဲ့နှစ်ဖွဲ့တွင် အသင်တို့အဖို့သက်သေသာဓကရှိပေသည်။ တစ်ဖွဲ့သည် အလွှာဟ်လမ်းတော်တွင် စစ်မက်တိုက်ခိုက် လျက်ရှိပြီး နောက်တစ်ဖွဲ့သည် ငြင်းပယ်သောအဖွဲ့ ဖြစ်သည်။ ထိုငြင်းပယ်သူတို့သည် မွတ်စ်လင်မ်တို့ကို မိမိတို့ထက် နှစ်ဆရှိသည်ဟု မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရ သည်။ အလွှာဟ်သည် မိမိအလိုတော်ရှိသူကို မိမိ၏အကူအညီဖြင့် အားဖြည့်ပေးတော်မူသည်။ ဇကန်စင်စစ် ဤအဖြစ်အပျက်တွင် အသိဉာဏ်အလင်းရှင်များအဖို့ သင်ခန်းစာ တစ်ရပ် ရှိပေသည်။

၁၄။ လူသားတို့အဖို့ မိန်းမများ၊ သားသမီးများ၊ မြောက်မြားစွာသောရွှေနှင့်ငွေများ၊ အမှတ်အသားပြုထားသောမြင်းများ၊ တိရစ္ဆာန်များနှင့် လယ်ယာများကို တပ်မက်ချစ်ခင်စိတ်ဖြစ်အောင် လှုပတင့်တယ်စွာ ပြုထားခြင်းခံရသည်။ ဤအရာများသည် လောကီဘဝ၏ အသုံးအဆောင်ပစ္စည်းများသာ ဖြစ်သည်။ စင်စစ်တွင် ကောင်းမွန်သော ပြန်လှည့်ရာဌာနေသည် အလွှာဟ်ထံတော်တွင်သာ ရှိပေသည်။ **၁၅။** အသင်ပြောလိုက်ပါ။ ငါသည် အသင်တို့အား ထိုအရာများထက် ပိုကောင်းသော အရာကို ပြောပြရမည်လော။ အလွှာဟ်အား ကြောက်ရွံ့သောမုသိသကီများအဖို့ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတွင် အောက်မှာ စမ်းချောင်းများ စီးတွေနေမည့် ဥယျာဉ်ခြံများ ရှိသည်။ သူတို့သည် ထိုဥယျာဉ်များတွင် ထာဝရ နေထိုင်ကြရမည်။ ထို့ပြင် သန့်ပြန့်စင်ကြယ်သော ဇနီးများလည်းရှိလိမ့်မည်။ အလွှာဟ်ထံတော်မှ ကျေနပ်နှစ်သက်မှုလည်း ရှိလိမ့်မည်။ အလွှာဟ်သည် ကျေးကျွန်များကို ကြည့်ရှုနေတော် မူပေသည်။ **၁၆။** ထိုမွသ်သကီတို့က အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့သည် အီမာန်ယုံကြည်ခဲ့ကြ သည်ဖြစ်ရာ ကျွန်တော်မျိုးတို့၏ပြစ်မှုအကုသိုလ်များကို ခွင့်လွှတ်ပေးတော်မူပါ။ ထို့ နောက် ကျွန်တော်မျိုးတို့ကို ငရဲမီး၏ပြစ်ဒဏ်မှ ကယ်တင်တော်မူပါဟု တောင်းဆုပြုကြသည်။ **၁၇။** ထိုသူတို့သည် ကြံ့ကြံ့ခံရပ်တည်ကြသူများ၊ သစ္စာရှိသူများ၊ အမိန့်

နာခံကြသူများ၊ လျူဒါန်းသုံးစွဲသူများနှင့် အရက်တက်ချိန်တွင် အလွှာဟ်ထံမှ ခွင့်လွှတ် ချမ်းသာမှု တောင်းခံကြသူများ ဖြစ်ကြပေသည်။

၁၈။ အလွှာဟ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိကြောင်းကို အလွှာဟ်ကိုယ်တိုင် သက်သေထူတော်မူသည်။ ထို့ပြင် ကောင်းကင်တမန်များနှင့် ပညာရှင်တို့ကလည်း သက်သေခံကြသည်။ အရှင်မြတ်သည် တရားမျှတမှုကို ရပ်တည်နေစေတော်မူသောအရှင် ဖြစ်တော်မူသည်။ အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိပေ။ အရှင်မြတ်သည် နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ **၁၉။** စင်စစ်တွင် အလွှာဟ်ထံတော်တွင် သာသနာဟူသည် အစွလာမ်သာသနာသာ အတည်ဖြစ်သည်။ ကျမ်းဂန်ရပုဂ္ဂိုလ်တို့သည် ထိုသာသနာတွင် ကွဲလွဲခဲ့ကြခြင်းမှာ သူတို့အချင်းချင်းကြားရှိ မုန်းတီးစိတ်ကြောင့်သာ ဖြစ်သည်။ သူတို့ထံသို့ မှန်ကန်သောအသိပညာ ရောက်ရှိပြီးနောက်ပိုင်းမှ (ကွဲလွဲခဲ့ကြခြင်း) ဖြစ်သည်။ မည်သူမဆို အလွှာဟ်၏ အာယသ်တော်များကို ငြင်းဆန်သည်ရှိသော် အလွှာဟ်သည် လျင်မြန်စွာ စာရင်းစစ်ဆေးတော်မူမည့်အရှင် ဖြစ်တော်မူသည်။ **၂၀။** သူတို့သည် (ထိုကိစ္စနှင့်စပ်လျဉ်းပြီး) အသင်နှင့် အငြင်းအခုံလုပ်ကြပါမူ အသင်သူတို့ကို ပြောလိုက်ပါ။ ငါသည် မိမိ၏မျက်နှာကို အလွှာဟ်ဘက်သို့ လှည့်ပြီးဖြစ်သည်။ ငါ၏ နောက်လိုက်များသည်လည်း ထိုနည်းအတိုင်းပင်။ ထို့နောက် အသင်သည် ကျမ်းရပုဂ္ဂိုလ်များနှင့်စာပေမတတ်သူများအား 'အသင်တို့သည် အစွလာမ်ကို လက်ခံကြပါသလော'ဟု မေးမြန်းပါလေ။ အကယ်၍ သူတို့သည် အစွလာမ်လက်ခံကြပါလျှင် သူတို့သည် လမ်းမှန်ရကြမည် ဖြစ်သည်။ အကယ်၍ ကျောခိုင်းသွားကြပါမူ အသင့်ပေါ်တွင် ပို့ချရန်တာဝန်သာ ရှိပေသည်။ စင်စစ်တွင် အလွှာဟ်သည် ကျေးကျွန်များကို ကြည့်ရှုနေတော်မူပေသည်။ **၂၁။** အလွှာဟ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်ကြသူများ၊ နဗီတမန်တော် များကို မတရားသတ်ဖြတ်ကြသူများ၊ လူတို့အနက်မှ တရားမျှတရန် ညွှန်ကြားသူများကို သတ်ဖြတ်ကြသူများအား အသင်သည် နာကျင်ဖွယ်ရာအပြစ်ဒဏ် မုချ ရှိကြောင်း သတင်းကောင်း

ပါးလိုက်ပါ။ **၂၂။** သူတို့သည် လောကီနှင့် လောကုတ္တရာ နှစ်ဌာနလုံးတွင် မိမိတို့ကောင်းမှုကုသိုလ်များ အလဟဿအချည်းနှီး ဖြစ်သွားကြသူများ ဖြစ်ပေသည်။ သူတို့ အတွက် ကူညီစောင့်မပေးမည့်သူများလည်း ရှိမည် မဟုတ်ပေ။

၂၃။ အလ္လာဟ်၏ကျမ်းဂန်မှ တစ်စိတ်တစ်ဒေသ ချီးမြှင့်ခံရသောသူတို့ကို အသင် မမြင်မိပါသလော။ သူတို့အား သူတို့အချင်းချင်းကြားတွင် စီရင်ဆုံးဖြတ်ချက် ချရန်အတွက် အလ္လာဟ်၏ ကျမ်းဂန်ဘက်သို့လာကြရန် ဖိတ်ခေါ်သည့်အခါ သူတို့အနက်က တစ်ဖွဲ့သည် ကျောခိုင်းပြီး လှည့်ထွက်သွားခဲ့ကြလေသည်။ **၂၄။** ထိုသို့ ကျောခိုင်းရခြင်း၏အကြောင်းရင်းမှာ သူတို့က ငရဲမီးသည် ကျွန်ုပ်တို့ကို ရေတွက်ထားသော ရက်အနည်းငယ်မှအပ လုံးဂ ထိရောက်နိုင်မည်မဟုတ်ဟု ပြောဆိုခြင်းကြောင့် ဖြစ်သည်။ သူတို့လိမ်လည်လှည့်ဖြားကြံထားသည့် စကားရပ်များကပင် သူတို့၏ သာသနာရေးတွင် သူတို့အား လှည့်စားခဲ့လေသည်။ **၂၅။** သို့ရှိရာ သူတို့ကို ငါအရှင် စုရုံးစေမည့်နေ့တွင် သူတို့၏အခြေအနေသည် မည်သို့ရှိမည်နည်း။ ထို နေ့နှင့် စပ်လျဉ်းပြီး သံသယဖြစ်ဖွယ်ရာ အလျှင်းမရှိ။ လူတိုင်းသည် မိမိရာဖွေဆည်းပူးခဲ့သည်များကို အပြည့်အဝအစားပေးခြင်း ခံကြရမည်။ မတရားအလုပ်ခံကြရမည်မဟုတ်ပေ။ **၂၆။** အသင်သည် ဤသို့ ဆုပန်ပါ။ အို-အလ္လာဟ် အရှင်မြတ်၊ အို-အုပ်ချုပ်မှုအာဏာကို စိုးပိုင်တော်မူသောအရှင်၊ အရှင်မြတ်သည် မိမိအလိုရှိသူကို အုပ်ချုပ်မှုအာဏာချီးမြှင့်တော်မူပြီး မိမိအလိုရှိသူထံမှ အုပ်ချုပ်မှု အာဏာကို ပြန်လည်ရုပ်သိမ်းတော်မူပါသည်။ အရှင်မြတ်က ဂုဏ်သိက္ခာ ချီးမြှင့်လိုသူကို ဂုဏ်သိက္ခာချီးမြှင့်တော်မူပြီး ဂုဏ်သိက္ခာကျဆင်းစေ လိုသူကို ဂုဏ်သိက္ခာကျဆင်းစေတော်မူပါသည်။ ကောင်းခြင်းအဖြာဖြာသည် အရှင်မြတ်၏လက်တော်တွင်သာ ရှိပါသည်။ အရှင်မြတ်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူပါသည်။ **၂၇။** အရှင်မြတ်သည် ညဉ့်ကို နေ့တွင် ထည့်သွင်းတော်မူပြီး နေ့ကို ညဉ့်တွင် ထည့်သွင်းတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် သက်မဲ့မှ သက်ရှိကို ထုတ်ယူတော်မူပြီး သက်ရှိမှ သက်မဲ့ကို ထုတ်ယူတော်မူပါသည်။ အရှင်မြတ်သည် မိမိအလိုရှိသူကို စာရင်းအင်းမရှိ ရိက္ခာချီးမြှင့်တော်မူပါသည်။

၂၈။ အီမာန်ယုံကြည်သူတို့သည် အီမာန်ယုံကြည်သူများကို ပြစ်ပယ်ပြီး မယုံကြည်သူများကို အဆွေခင်ပွန်းမပြုအပ်ပေ။ ထိုသို့ပြုသူသည် အလ္လာဟ်နှင့် မည်သို့မျှမသက်ဆိုင်ပေ။ သို့သော် သူတို့၏အန္တရာယ်မှ အကာအကွယ်ရယူလိုသော အခြေအနေမျိုးတွင်သာ ပြုပိုင်သည်။ အလ္လာဟ်သည် မိမိအားကြောက်ရွံ့ကြရန် အသင်တို့အား သတိပေးတော်မူသည်။ ထို့ပြင် အလ္လာဟ်ထံသို့သာ ပြန်လှည့်၍ သွားကြ ရမည်ဖြစ်သည်။ **၂၉။** အသင်သည် ဤသို့ ပြောကြားပါ။ အသင်တို့၏ ရင်ဘတ် အတွင်းရှိ အကြံအစည်များကို လျှို့ဝှက်ထားသည် ဖြစ်စေ၊ ထုတ်ဖော် သည်ဖြစ်စေ အလ္လာဟ်က မုချ သိတော်မူပေသည်။ ထို့ပြင် အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီတွင် ရှိရှိသမျှကို သိတော်မူပေသည်။ အလ္လာဟ်သည် အရာခပ်သိမ်းအပေါ် တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူ သည်။ **၃၀။** ထိုနေ့တွင် မိမိပြုမူခဲ့သော ကောင်းမှုကုသိုလ်သည် မိမိရှေ့မှောက်တွင် အသင့်ရောက်ရှိနေသည်ကို လူတိုင်း တွေ့မြင်ရပေမည်။ ထိုနည်းတူစွာ မိမိ ကျူးလွန်ခဲ့သောမကောင်းမှုသည်လည်း အသင့်ရောက်ရှိနေသည်ကို တွေ့မြင်ရ ပေမည်။ လူတိုင်းက ထိုနေ့နှင့် မိမိအကြားတွင် အလွန်ဝေးကွာသော အချိန်ကာလ ကာဆီးနေလျှင် ကောင်းလေစွတ်ဟု မျှော်လင့်တောင့်တကြမည်။ အလ္လာဟ်သည် မိမိအား ကြောက်ရွံ့ကြရန် အသင်တို့အား သတိပေးတော်မူသည်။ အလ္လာဟ်သည် မိမိ၏ကျေးကျွန်များကို အလွန် ကြင်နာသနားတော်မူသောအရှင် ဖြစ်တော်မူသည်။ **၃၁။** အသင် ပြောကြားပါ။ အကယ်၍ အသင်တို့သည် အလ္လာဟ်ကို ချစ်မြတ်နိုး သည်ဆိုလျှင် ငါ၏နောက်လိုက် မူပြုကြပါ။ အလ္လာဟ်က အသင်တို့ကို ချစ်မြတ်နိုး တော်မူပေမည်။ ထို့ပြင် အသင်တို့၏အပြစ်အကုသိုလ် များကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည်။ အမှန်ပင် အလ္လာဟ်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူ သော၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။ **၃၂။** အသင် ပြောကြားပါ။ အသင်တို့သည် အလ္လာဟ်အမိန့်တော်ကို နာခံကြကုန်။ ထို့နောက် ရစူလ်တမန်တော်၏အမိန့်ကို နာခံကြကုန်။ အကယ်၍ သူတို့သည် ကျောခိုင်းသွား ကြပါမူ အလ္လာဟ်သည် ငြင်းပယ်သူများကို လုံးဝ နှစ်သက်တော်မူသည် မဟုတ်ပေ။

၃၃။ အလ္လာဟ်သည် အာဒမ်၊ နူဟ်၊ အိပ်ရာဟီမ်၏ မိသားစုနှင့် အင်မ်ရာန်၏မိသားစုတို့ကို လောကခပ်သိမ်းအပေါ်တွင် မုချ ရွေးချယ် မြှောက်စား တော် မူခဲ့သည်။ **၃၄။** အချို့သည် အချို့၏သားစဉ်မြေးဆက်များ ဖြစ်ကြ သည်။ အလ္လာဟ်သည် အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသော အရှင် ဖြစ်တော်မူသည်။ **၃၅။** တစ်ခါတွင် အင်မ်ရာန်၏ဇနီးက အိုး-ကျွန်တော်မျိုးမ၏ အရှင်၊ ကျွန်မသည် ကျွန်မ၏ဝမ်းဗိုက်အတွင်းရှိကလေးကို အရှင်မြတ်အတွက် လွတ်လပ်သူအဖြစ်ထားရှိရန် အမိဋ္ဌာန်ပြုပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်တော်မျိုးမထံမှ လက်ခံတော်မူပါ။ စင်စစ်တွင် အရှင်မြတ်သည်သာလျှင် အလွန်ကြားတော်မူသော၊ အလွန် သိတော်မူသောအရှင် ဖြစ်တော်မူသည်ဟု လျှောက်ထားပန်ကြားခဲ့သည်။ **၃၆။** ထို့နောက် သူက ကလေး မီးဖွားလိုက်သောအခါ အိုး-ကျွန်တော်မျိုးမ၏အရှင်၊ ကျွန်မသည် သမီးမိန်းကလေး ဖွားမြင်လိုက်ပါပြီဟု လျှောက်တင်လေသည်။ စင်စစ်တွင် သူဘာလေးဖွားမြင်သည် ဆိုသည်ကို အလ္လာဟ်က ကောင်းစွာသိတော်မူသည်။ သားယောကျ်ားသည် သမီးမိန်းကလေး ကဲ့သို့မဟုတ်ပေ။ ကျွန်မသည် ထိုကလေးမ ကို မရ်ယမ်ဟု အမည်မှည့်ခေါ် ခဲ့ပါသည်။ ဤကလေးမနှင့် သူမ၏ သားသမီးများကို နှင်ထုတ်ခြင်းခံရသော ရွှိင်သွာန်၏ နှောက်ယှက်မှုမှ အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံ အပ်ပါသည်။ **၃၇။** သို့ဖြစ်ရာ မရ်ယမ်၏အရှင်သည် သူ့အား ကောင်းမွန်စွာ လက်ခံတော်မူခဲ့သည်။ သူ့အား ကောင်းမွန်သောနည်းလမ်းဖြင့် ကြီးပြင်းလာစေခဲ့သည်။ ထို့ပြင် ဇကရီယာကို သူ၏အုပ်ထိန်းသူအဖြစ် တာဝန်ပေးအပ်တော်မူခဲ့သည်။ ဇကရီယာသည် သူထံ အဆောင်အတွင်းသို့ ဝင်လာသည့်အခါတိုင်း ရိက္ခာများကို တွေ့မြင်ခဲ့ရလေသည်။ ထိုအခါ သူက အို-မရ်ယမ်၊ ဤရိက္ခာများကို အဘယ်မှ ရရှိပါသနည်းဟု မေးမြန်းလေရာ မရ်ယမ်က ဤသည် အလ္လာဟ်အထံတော်မှ ဖြစ်သည်။ စင်စစ်တွင် အလ္လာဟ်သည် ရိက္ခာချီးမြှင့်လိုသူကို အတိုင်းအဆမရှိ ရိက္ခာချီးမြှင့်တော်မူသည်ဟု ဖြေကြားခဲ့သည်။ **၃၈။** ဇကရီယာသည် ထိုနေရာ၌ပင် အလ္လာဟ်ထံတွင် တောင်းဆု ပြုလေသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအတွက် အရှင့်ထံတော်မှ

ကောင်းမြတ်သောသားသမီးများ ရှိးမြွှင့်တော်မူပါ၊ အရှင်မြတ်သည် တောင်းဆုကို မုချ လက်ခံနားထောင်တော်မူသောအရှင် ဖြစ်တော်မူပါသည်။ **၃၉။** ထို့နောက် ဇကရီယာသည် အခန်းအတွင်း၌ မတ်တတ်ရပ်၍ စွလာသံဝတ်ပြုနေစဉ် ကောင်းကင်တမန်များက ဤသို့ အသံပြုလေသည်။ အလ္လာဟ်သည် အသင့်အား ယဟ်ယာအမည်ရှိသော သားတစ်ပါး ဖွားမြင်မည်ဟု အကြောင်း အမှန်ပင် သတင်း ကောင်းပါးတော်မူသည်။ သူသည် အလ္လာဟ်၏ စကားတော် (အီစာ)ကို ထောက်ခံ ပေးသူဖြစ်မည်။ ခေါင်းဆောင်တစ်ဦး ဖြစ်မည်။ မိမိကိုယ်ကို ထိန်းချုပ်သူဖြစ်မည်။ မြင့်မြတ်သောသူတော်စင်များအနက်မှ နဗီတမန်တော် တစ်ပါးလည်း ဖြစ်မည်။ **၄၀။** ထိုအခါ ဇကရီယာက အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအဖို့ သားတစ်ပါး မည်သို့ ရရှိနိုင်ပါမည်နည်း။ အကြောင်းမှာ ကျွန်တော်မျိုးသည် အိုမင်းနေ ပြီဖြစ်ပြီး ကျွန်တော်မျိုး၏ဇနီးသည်လည်း အမ်ိုးဖြစ်ပါသည်ဟု လျှောက် တင်လေရာ အလ္လာဟ်က မိန့်ကြားသည်။ ဤနည်းအတိုင်းပင် အလ္လာဟ်သည် မိမိပြုလုပ်လိုသည်ကို ပြုလုပ်တော်မူပေသည်။ **၄၁။** ဇကရီယာက အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအတွက် နိမိတ်လက္ခဏာ တစ်ရပ် ပြုလုပ်ပေး တော်မူပါဟု လျှောက်တင်လေရာ အလ္လာဟ်က အသင်၏ နိမိတ်လက္ခဏာမှာ အသင်သည် လူတို့အား သုံးရက်တိုင်တိုင် စကားမပြောရခြင်းပင် ဖြစ်သည်။ သို့သော် အရိပ်အခြေဖြင့်သာ ပြောနိုင်မည်။ အသင်သည် မိမိ၏အရှင်ကို များများ ဘွာ သတိရတသနေပါ။ ထို့ပြင် ညနေနှင့်နံနက်တွင် အရှင်မြတ်အား သတ်စ်ဗီဟ် ဘာဝနာ စီးဖြန်းနေပါ။ **၄၂။** တစ်ခါတွင် ကောင်းကင်တမန်များက မရ်ယမ်အား အို-မရ်ယမ်၊ အလ္လာဟ်သည် အသင့်ကို အမှန်ပင် ရွေးချယ်တော်မူလိုက်ပေပြီ။ အသင့် အား သန့်ပြန့်စင်ကြယ်စေတော်မူလိုက်ပေပြီ၊ ထို့ပြင် တစ်လောကလုံးအပေါ်တွင် အသင့် အား ရွေးချယ်မြှောက်စားတော်မူလိုက်လေပြီဟု ပြောကြားခဲ့ကြသည်။ **၄၃။** အို-မရ်ယမ်၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်ကို နာခံ ပါ။ စဂျဒဟ် ပျိုဝပ်ဦးချပါ။ ရုကူအ်ဦးညွှတ်သူများနှင့်အတူတကွ ရုကူအ်ဦးညွှတ်ပါ။ **၄၄။** ဤသည် အကွယ်၏သတင်းစကားများ ဖြစ်သည်။ ထိုသတင်းစကားများကို

ငါအရှင်မြတ်က အသင့်ထံ ဗျာဒိတ်တော်မူခြင်း ဖြစ်သည်။ ထိုသူတို့သည် မည်သူက မရဲယမ်ကို အုပ်ထိန်းရမည်နည်းဆိုသည်နှင့်စပ်လျဉ်းပြီး မဲနှိုက်ရန် ကလောင်များကို ပစ်ချစဉ်အခါက သူတို့ထံပါးတွင် အသင်ရှိမနေခဲ့ပေ။ ထို့ပြင် ထိုသူတို့အချင်းချင်း အငြင်းအခုံလုပ်နေကြစဉ်အခါကလည်း အသင်ရှိမနေခဲ့ပေ။

၄၅။ တစ်ခါတွင် ကောင်းကင်တမန်များက ပြောဆိုကြသည်။ အိုမရဲယမ်၊ အသင်သည် အလ္လာဟ်၏ ကလိမဟ်တော်(အီစာ)ကို ဖွားမြင်မည်ဟု အလ္လာဟ်က သတင်းကောင်း ပါးတော်မူသည်။ သူ၏နာမည်သည် မစီဟ် အီစာဗင်နမရဲယမ် ဖြစ်မည်။ သူသည် လောကီဘဝနှင့်နောင်တမလွန်ဘဝတွင် ဂုဏ်အဆင့်အတန်းမြင့်မားသူဖြစ်မည်။ ထို့ပြင် အလ္လာဟ်နှင့် နီးစပ်သူတို့တွင် အပါအဝင် ဖြစ်မည်။ **၄၆။** သူသည် ရင်ခွင်ပိုက်အရွယ်တွင် လူများကို စကားပြောလိမ့်မည်။ အရွယ်ရောက်သောအခါတွင်လည်း စကားပြောလိမ့်မည်။ ထို့ပြင် သူတော်စင်များအနက် တစ်ဦးအပါအဝင် ဖြစ်ပေမည်။ **၄၇။** ထိုအခါ မရဲယမ်က အို-ကျွန်တော်မျိုးမ၏အရှင်၊ ကျွန်တော်မျိုးမကို မည်သည့် ယောကျ်ားတစ်ဦး တစ်ယောက်ကမျှ ထိတွေ့ဖူးခြင်း မရှိခဲ့ရာ ကျွန်မထံတွင် သားရတနာ မည်သို့ ထွန်းကားပါမည်နည်းဟု လျှောက်တင်လေရာ အလ္လာဟ်က ဤသို့ မိန့်ကြားတော်မူလေသည်။ ဤနည်းအတိုင်းပင် အလ္လာဟ်သည် မိမိပြုလုပ်လိုသည်ကို ပြုလုပ်တော်မူပေသည်။ အရှင်မြတ်သည် ကိစ္စရပ်တစ်ခုကို ဆုံးဖြတ်စီရင်တော်မူသောအခါ ထိုကိစ္စရပ်အား ဖြစ်စေဟု မိန့်ကြားတော်မူရုံဖြင့် ထိုကိစ္စသည် ဖြစ်လာရပေသည်။ **၄၈။** ထို့နောက် အလ္လာဟ်သည် ၎င်းအား ကျမ်းဂန်၊ ဉာဏ်အမြော်အမြင်နှင့် သောင်ရာသ်ကျမ်း၊ အင်ဂျီးလ်ကျမ်းတို့ကို သင်ကြားပေးတော်မူပေမည်။ **၄၉။** ထို့ပြင် သူသည် အိစ္စရာအီလီမျိုးနွယ်ဝင်များထံသို့ ရဿူလ်တမန်တော်အဖြစ် စေလွှတ်ခြင်း ခံရပေမည်။ သူက ၎င်းတို့အား ငါသည် အသင်တို့ထံသို့ အသင်တို့အရှင်ထံမှ သက်သေလက္ခဏာတော်ကို ယူဆောင်လာခဲ့ပေသည်။ ငါသည် အသင်တို့အဖို့ ရှဲ့မြေဖြင့် ငှက်ပုံသဏ္ဌာန်ပြုလုပ်ပြီး ငှက်ရုပ်တွင် မန်းမှုတ်လိုက်လျှင် ငှက်ရုပ်သည် အလ္လာဟ်အမိန့်တော်ဖြင့် ပကတိငှက်တစ်ကောင် ဖြစ်လာပေမည်။ ထို့ပြင် ငါသည် မွေးရာပါ

မျက်ကန်းနှင့် အနုရောဂါသည်ကို အလ္လာဟ်၏ အမိန့်တော်ဖြင့် ပျောက်ကင်းအောင် လုပ်ပေးနိုင်ပေသည်။ ငါသည် သေသူများကို အလ္လာဟ်အမိန့်တော်ဖြင့် ပြန်ရှင် အောင်လုပ်နိုင်ပေသည်။ အသင်တို့သည် မည်သည့်အရာကို စားသုံးခဲ့သည်၊ အသင်တို့အိမ်များတွင် မည်သည့်အရာကို သိုလှောင် ထားသည်ကိုလည်း ငါသည် အသင်တို့ကို ပြောပြနိုင်ပေသည်။ အသင်တို့သည် ယုံကြည်သူများဖြစ်ကြပါလျှင် ဤကိစ္စရပ်တွင် အသင်တို့အဖို့ အမှန်ပင် သက်သေလက္ခဏာတစ်ရပ် ရှိပေသည်။ **၅၀။** ထို့ပြင် ငါသည် ငါ့ထက် အလျင်ရှိနှင့် ပြီးဖြစ်သော သောင်ရာသ်ကျမ်းကို ထောက်ခံပေးရန်နှင့် အသင်တို့အပေါ်တွင် ဟရာမ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော ကိစ္စရပ်အချို့ကို ဟလာလ်ပြုလုပ်ပေးရန်အတွက် လာရောက်ခြင်း ဖြစ်သည်။ ထို့ပြင် ငါသည် အသင်တို့၏ အရှင်ထံတော်မှ သက်သေလက္ခဏာများကို ယူဆောင် လာခဲ့ပေသည်။ ထို့ကြောင့် အသင်တို့သည် အလ္လာဟ်ကို ကြောက်ရွံ့ရိုသေကြကုန်။ ငါ၏အမိန့်ကို နာခံကြကုန်။ **၅၁။** အမှန်စင်စစ် အလ္လာဟ်သည် ငါ၏အရှင် ဖြစ်သကဲ့သို့ အသင်တို့၏ အရှင်လည်း ဖြစ်တော်မူပေရာ ထိုအရှင်မြတ်ကိုသာ အသင်တို့ ခပ်ကိုးကွယ်ကြကုန်။ ဤသည်သာ ဖြောင့်မတ်သောလမ်း ဖြစ်ပေသည်။

၅၂။ ထို့နောက် အီစာသည် သူတို့ထံမှ ငြင်းပယ်မှုကို မြင်တွေ့ရသော အခါ အလ္လာဟ်လမ်းတော်တွင် ငါ့အား အကူအညီပေးမည့်သူ မည်သူများရှိပါ သနည်းဟု မေးမြန်းလေရာ ဟဝါရီတို့က ကျွန်ုပ်တို့သည် အလ္လာဟ်အား ကူညီပေး မည့်သူများ ဖြစ်ကြပါသည်၊ ကျွန်ုပ်တို့သည် အလ္လာဟ်ကို ယုံကြည်ကြပါသည်။ ကျွန်ုပ်တို့သည် အမိန့်နာခံသူများဖြစ်ကြောင်းကို အသင်ကိုယ်တိုင်ပင် သက်သေခံ ပေးပါဟု ပြောဆိုခဲ့ကြသည်။ **၅၃။** အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ သည် အရှင်မြတ် ချပေးတော်မူသည်များကို ယုံကြည်ခဲ့ကြပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် ရဏူလ်တမန်တော်အား နောက်လိုက်မှုပြုခဲ့ကြပါသည်။ သို့ဖြစ်ရာ ကျွန်တော်မျိုးတို့အား သက်သေခံသူများနှင့်အတူတကွ ရေးမှတ်တော်မူ ပါ။ **၅၄။** ထို့နောက် သူတို့(အစ္စရာအီလီမျိုးနွယ်ဝင်တို့)သည် လျှို့ဝှက်ကြံစည်ခဲ့ကြ လေရာ အလ္လာဟ်ကလည်း တန်ပြန်လျှို့ဝှက်စီစဉ်တော်မူခဲ့သည်။ အလ္လာဟ်သည်

အားလုံးထက် အကောင်းဆုံး လျှို့ဝှက်စီစဉ်နိုင်တော်မူသော အရှင်ဖြစ်တော်မူသည်။ **၅၅။** တစ်ခါတွင် အလ္လာဟ်က ဤသို့ မိန့်ကြားတော်မူခဲ့သည်။ အိုး-အီစာ၊ ငါအရှင် မြတ်သည် အသင့်ကို ပြန်လည်ခေါ်ယူတော်မူမည်။ အသင့်အား မိမိထံသို့ ပင့်မယူ ဆောင်တော်မူမည်။ အသင့်အား ငြင်းဆန်ကြသောသူများဘက်မှ သန့်ပြန်စင်ကြယ် အောင်လုပ်ပေးတော်မူမည်။ အသင့်၏နောက်လိုက်များကို ငြင်းပယ်သူများအပေါ် ကိယာမသ်နေ့တိုင် အောင်နိုင်မှုပေးတော်မူမည်။ ထို့နောက်တစ်ဖန် အသင်တို့ အားလုံး၏ပြန်လည်ဆုံရာနေရာသည် ငါအရှင့်ထံသို့သာ ဖြစ်ပေမည်။ ထိုအခါ ငါအ ရှင်သည် အသင်တို့အချင်းချင်း ကွဲလွဲခဲ့ကြသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး စီရင် ဆုံးဖြတ်ပေးတော်မူပေမည်။ **၅၆။** ငြင်းပယ်သူများကိုမူ ငါအရှင်သည် လောကနှင့် နောင်မလွန်တွင် ပြင်းထန်သည့်ပြစ်ဒဏ်ကို ပေးတော်မူမည်။ သူတို့ကို ကူညီမည့်သူ တစ်ဦးမျှ ရှိမည်မဟုတ်ပေ။ **၅၇။** အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုသီလ ဆောက်တည်သူတို့၏ အကျိုးကုသိုလ်ကို အလ္လာဟ်သည် အပြည့်အဝ ပေးသနား တော်မူမည်။ အလ္လာဟ်သည် မတရားသူများကို နှစ်သက်တော်မမူပေ။ **၅၈။** ဤသည် အသင့်အပေါ်တွင် ငါအရှင်မြတ် ဖတ်ပြတော်မူသော အာယတ်တော် များနှင့် အမြော်အမြင် ပြည့်ဝသောအကြောင်းအရာများ ဖြစ်သည်။

၅၉။ ဇကန်စင်စစ် အီစာ၏ပမာသည် အလ္လာဟ်ထံပါးတွင် အာဒမ်ကဲ့သို့ ပင်ဖြစ်သည်။ အလ္လာဟ်က သူ့ကို မြေကြီးမှ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ဖြစ်စေဟု သူ့ကို မိန့်လိုက်ရာ ဖြစ်သွားလေသည်။ **၆၀။** အမှန်တရားသည် အသင့် အရှင်ထံမှဖြစ်ရာ အသင်သည် သံသယရှိသူတို့တွင် မပါဝင်လေနှင့်။ **၆၁။** အသင့် ထံ အသိပညာ ရောက်လာပြီးနောက်လည်း အသင်နှင့် အငြင်းအခုံလုပ်လာသူကို ဤသို့ပြောလိုက်ပါ။ လာကြကုန်။ ငါတို့လည်း မိမိတို့၏ သားများနှင့် မိန်းမများကို ခေါ်လိုက်ကြမည်။ အသင်တို့လည်း မိမိတို့၏သားများနှင့် မိန်းမများကို ခေါ်လိုက်ကြ ပါ။ ငါတို့ကိုယ်တိုင်ရော အသင်တို့ကိုယ်တိုင်ပါ စုရုံးကြမည်။ ပြီးလျှင် လိမ်ညာသူ အပေါ်တွင် အလ္လာဟ်၏ လအ်နသ်ကျ ရောက်ပါစေသားဟု အားလုံးစုပေါင်း၍ ဆုတောင်းကြမည်။ **၆၂။** မုချဇကန် ဤသည် မှန်ကန်သော အကြောင်းအရာများ

ဖြစ်သည်။ ထို့ပြင် အလ္လာဟ်မှတစ်ပါး အခြားခဝ်ကိုးကွယ် ထိုက်သည့်အရှင် အလျှင်း မရှိပေ။ အလ္လာဟ်သာလျှင် အလွန်လွှမ်းမိုးတော်မူသော၊ အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။ **၆၃။** အကယ်၍ သူတို့သည် လက်မခံကြပါမူ အလ္လာဟ်သည် အဖျက်သမားများကို ကောင်းစွာ သိတော်မူပေသည်။

၆၄။ အသင်ပြောပါ။ အို-ကျမ်းရသူအပေါင်းတို့၊ အသင်တို့နှင့် ကျွန်ုပ်တို့ ပါ၊ လက်ခံထားကြသည့် တူညီသောအချက်ဘက်သို့ လာကြလေကုန်။ ထိုအချက်မှာ ကျွန်ုပ်တို့သည် အလ္လာဟ်မှတစ်ပါး မည်သည့်အရာကိုမျှ မကိုးကွယ်ခြင်း၊ မည်သည့်အရာကိုမျှ အလ္လာဟ်နှင့်အတူ ယှဉ်တွဲ၍ မကိုးကွယ်ခြင်း၊ ကျွန်ုပ်တို့သည် အလ္လာဟ်ကို စွန့်၍ အချင်းချင်း အချို့ကိုအချို့က ဖန်ဆင်းမွေးမြူရှင်အဖြစ် မသတ်မှတ်ခြင်းတို့ ဖြစ်သည်။ အကယ်၍ သူတို့သည် ဤအချက်မှ ကျောခိုင်းသွားကြလျှင် အသင်သည် သူတို့အား ငါတို့သည် အမိန့်နာခံသူများဖြစ်ကြောင်းကို အသင်တို့သက်သေခံကြကုန်ဟု ပြောကြားပါ။ **၆၅။** အို-ကျမ်းဂန်ရသူ အပေါင်းတို့၊ အသင်တို့သည် အိဗ်ရာဟီးမ်နှင့် ပတ်သက်၍ အဘယ်ကြောင့် ငြင်းခုံနေကြသနည်း။ စင်စစ်တွင်သောင်ရားသ်နှင့်အင်နဂ်ျီးလ်ကျမ်းသည်သူနောက်မှကျရောက်လာခဲ့ကြသည်။ ထိုအချက်ကို အသင်တို့ အဘယ်ကြောင့်နားမလည်ကြသနည်း။ **၆၆။** အသင်တို့သည် မိမိတို့ အနည်းငယ်မျှသာ သိရှိသောကိစ္စနှင့်စပ်လျဉ်းပြီး အငြင်းအခုံလုပ်ခဲ့ကြပေပြီ။ ယခုမူ အသင်တို့ အနည်းငယ်မျှပင် မသိရှိသောကိစ္စနှင့် စပ်လျဉ်း၍ အဘယ်ကြောင့် အငြင်းအခုံလုပ်နေကြပါသနည်း။ အမှန်မှာ အလ္လာဟ်သည် သိတော်မူပြီး အသင်တို့သည် မသိကြပေ။ **၆၇။** အိဗ်ရာဟီးမ်သည် ယဟူဒီလည်း မဟုတ်၊ နတ်စွဲရာနီလည်း မဟုတ်ခဲ့ပေ။ သို့သော် သူသည် ဖြောင့်မတ်သော မွတ်စ်လင်မ် တစ်ဦးသာ ဖြစ်ခဲ့သည်။ သူသည် တုဖက်နှိုင်းယှဉ်ကိုးကွယ်သူများထဲမှ မဟုတ်ခဲ့ပေ။ **၆၈။** လူတို့အနက် အိဗ်ရာဟီးမ်နှင့် အနီးစပ်ဆုံးသူများမှာ သူ၏နောက်သို့ လိုက်ခဲ့ကြသူများ၊ ထို့နောက် ဤနဗီတမန်တော်(မုဟမ္မဒ်)၊ ထို့နောက် သူ့အပေါ် ယုံကြည်ခဲ့ကြသူများ ဖြစ်ကြပေသည်။ အလ္လာဟ်သည် ယုံကြည်သူများ၏ မိတ်ဆွေဖြစ်တော်မူသည်။ **၆၉။** ကျမ်းဂန်ရပုဂ္ဂိုလ်များတွင် အသင်တို့ကို ဘယ်နည်းနှင့်မဆို

လမ်းလွဲသွားအောင် လုပ်လိုသောအုပ်စုပ်တစ်စု ရှိပေသည်။ အမှန်တွင် သူတို့သည် ကိုယ့်ကိုယ်ကိုယ်သာ လမ်းလွဲအောင်လုပ်နေကြခြင်း ဖြစ်သည်။ သို့သော် ဤသည်ကို သူတို့ မသိကြပေ။ **၇၀။** အို-ကျမ်းရသူအပေါင်းတို့၊ အသင်တို့သည် ကိုယ်တိုင် အသိသက်သေများဖြစ်ကြပါလျက် အဘယ်ကြောင့် အလွှာဟ်၏ လက္ခဏာများကို ငြင်းကြလေသနည်း။ **၇၁။** အို-ကျမ်းရသူအပေါင်းတို့၊ အသင်တို့ သည် သိကြပါလျက် အဘယ်ကြောင့် အမှန်ကို အမှားနှင့် ရောနှောကြသနည်း၊ အမှန်တရားကို အဘယ်ကြောင့် ထိမ်ချန်လျှို့ဝှက်ကြသနည်း။

၇၂။ ကျမ်းရသူများထဲတွင် အုပ်စုတစ်စုက ဤသို့ပြောသည်။ ယုံကြည်သူတို့အပေါ် ချပေးခြင်းခံရသောအရာကို အသင်တို့သည် မနက်ပိုင်းတွင် ယုံကြည်ပြီး ညနေပိုင်းတွင် ငြင်းပယ်ကြကုန်။ သို့ဆိုလျှင် ထိုယုံကြည်သူတို့သည်လည်း ထိုဘက်မှ လှည့်ထွက်သွားကောင်းသွားကြလိမ့်မည်။ **၇၃။** အသင်တို့သည် မိမိတို့၏ သာသနာပေါ် လျှောက်လှမ်းသူကိုသာ ယုံကြကုန်။ အသင်ပြောလိုက်ပါ။ စင်စစ်တွင် လမ်းညွှန်မှုအစစ်အမှန်သည်ကား အလွှာဟ်၏လမ်းညွှန်မှုသာ ဖြစ်ပေသည်။ (အို-ကျမ်းရသူအပေါင်းတို့၊ ယခုကဲ့သို့ အသင်တို့ ပြောရခြင်းမှာ) အသင်တို့ချီးမြှင့်ခြင်းခံရသည်များကဲ့သို့ အခြားတစ်ဦးတစ်ယောက်က ချီးမြှင့်ခံရသောကြောင့်၊ သို့မဟုတ် အခြားသူများက အသင်တို့၏ အရှင်ထံတွင် အသင်တို့ကို အချေအတင် ပြောဆိုရာတွင် အထောက်အထားပေးနိုင်သွားမည် ဖြစ်သောကြောင့် ဖြစ်လေသည်။ အသင်ပြောလိုက်ပါ။ ကျေးဇူးတော်သည် အလွှာဟ်၏လက်ဝယ်၌သာ ရှိပေသည်။ အရှင်မြတ်သည် မိမိအလိုရှိသူကို ထိုကျေးဇူးတော်ပေးသနားတော်မူသည်။ ထို့ပြင် အလွှာဟ်သည် အလွန်ကျယ်ဝန်းစွာ ပေးသနားတော်မူသော၊ အလွန်သိ တော်မူသောအရှင် ဖြစ်တော်မူသည်။ **၇၄။** ထိုအရှင်မြတ်သည် မိမိအလိုရှိသူကို မိမိ၏ကရုဏာတော်အတွက် အထူးရွေးချယ်တော်မူသည်။ အလွှာဟ်သည် ကြီးမားသော ကျေးဇူးတော်ရှင် ဖြစ်ပေသည်။ **၇၅။** ကျမ်းရပုဂ္ဂိုလ်များ အနက် ဤသို့သောသူလည်း ရှိသည်။ အသင်သည် သူ့ထံတွင် ပစ္စည်းဥစ္စာ အပုံလိုက်ကို အပ်နှံလိုက်လျှင်လည်း ထိုပစ္စည်းများကို အသင့်ထံ ပြန်လည်ပေးဆပ်လိမ့်မည်။

ထိုပြင် သူတို့ထဲတွင် ဤသို့သောသူလည်း ရှိသည်။ အသင်သည် သူထံတွင် ရွှေဒင်္ဂါတစ်ပြားလောက် အပ်နှံလိုက်လျှင်ပင် အသင့်အား ပြန်ပေးဆပ်လိမ့်မည် မဟုတ်တော့ပေ။ သို့ရာတွင် အသင်သည် မတ်တတ်ရပ်၍ သူနောက်သို့ အဆက်မပြတ်လိုက်တောင်းမှသာ အသင့်ကို ပြန်ပေးလိမ့်မည်။ ဤသို့ဖြစ်ရခြင်းမှာ ကျမ်းရပ္ပဂ္ဂိလ်များမှအပ အခြားသူများနှင့်ပတ်သက်လျှင် ငါတို့အပေါ်တွင် ပြစ်တင်စရာ ဘာမျှမရှိဟု ၎င်းတို့က ပြောသောကြောင့်ဖြစ်သည်။ သူတို့သည် သိသိကြီးနှင့် အလွှာဟ်အပေါ် မုသား ပြောဆိုကြသည်။ **၇၆။** ထိုသို့မဟုတ် စင်စစ်တွင် မည်သူမဆို မိမိကတိကို တည်ကြည်ပြီး အလွှာဟ်ကို ကြောက်ရွံ့ပါလျှင် ဇကန်စင်စစ် အလွှာဟ်သည် မိမိအား ကြောက်ရွံ့ရှိသေကြသူများကို မုချ နှစ်သက်တော်မူပေသည်။

၇၇။ အလွှာဟ်၏ကတိတော်နှင့်၊ မိမိတို့၏ကျိန်ဆိုချက်တို့ကို တန်ဖိုးအနည်းငယ်ဖြင့် ရောင်းစားသူများအဖို့ နောင်တမလွန်တွင် မည်သည့်ဝေစုမျှ ရှိမည်မဟုတ်ပေ။ အလွှာဟ်သည် ၎င်းတို့နှင့် စကားလည်း ပြောမည်မဟုတ်၊ ကိယာမတ်နေ့တွင် ၎င်းတို့ဘက်သို့ ကြည့်တော်မူမည်လည်းမဟုတ်၊ ၎င်းတို့ကို သန့်စင်အောင်ပြုပေးမည်လည်း မဟုတ်သည့်အပြင် ၎င်းတို့အတွက် ပြင်းပြ နာကျင်ဖွယ်ကောင်းသော ပြစ်ဒဏ်သည်လည်း ရှိပေမည်။ **၇၈။** သူတို့ထဲတွင် ကျမ်းဂန်ရွတ်လျှင် မိမိတို့၏နတ်လျှာကို လိပ်ခေါက်၍ ရွတ်ဖတ်ကြသည့် အုပ်စုတစ်စု ရှိပေသည်။ ယင်းသို့ပြုလုပ်ကြခြင်းမှာ အသင်တို့သည် ထိုအရာများကို ကျမ်းဂန်ထဲမှဖြစ်သည်ဟု ထင်သွားစေရန်အတွက် ဖြစ်သည်။ အမှန်တွင် ထိုအရာသည် ကျမ်းဂန်ထဲမှ မဟုတ်ပေ။ ပြီးလျှင် ဤသည် အလွှာဟ်ဘက်တော်မှ ဖြစ်သည်ဟု ၎င်းတို့က ပြောကြသည်။ အမှန်မှာ ထိုအရာသည် အလွှာဟ်ဘက်တော်မှ မဟုတ်ပေ။ သူတို့သည် သိကြပါလျက်နှင့် အလွှာဟ်အပေါ် မုသားပြောဆိုကြသည်။ **၇၉။** မည်သည့်လူသားတစ်ဦးကို မဆို အလွှာဟ်က ကျမ်းဂန်၊ ဉာဏ်အမြော်အမြင်နှင့် နဗူဝသ်တို့ကို ချီးမြှင့်ထားပါလျက် ထိုလူက အခြားလူတို့အား အသင်တို့သည် အလွှာဟ်ကိုစွန့်၍ ငါ၏ကျွန်များဖြစ်ကြကုန်ဟု ပြောဆိုရန်မှာ မဖြစ်နိုင်ပေ။ သို့ရာတွင် သူသည် ဤသို့သာ ပြောပေ

လိမ့်မည်။ အသင်တို့သည် အလ္လာဟ်၏အချစ်တော် သူတော်စင်များ ဖြစ်ကြကုန်။ အကြောင်းမှာ အသင်တို့သည် အခြားသူများအား ကျမ်းဂန်ပညာကို သင်ကြားပေးနေကြသည်။ ကိုယ်တိုင်လည်း ဖတ်ရွတ်နေကြသည်။ **၈၀။** ထို့ပြင် ထိုလူသားတို့အား အသင်တို့သည် ကောင်းကင်တမန်များနှင့် နဗီတမန်တော်များကို ဖန်ဆင်းမွေးမြူရှင်များအဖြစ် သတ်မှတ်ကြကုန်ဟု အမိန့်ပေးရန်မှာလည်း မဖြစ်နိုင်ပေ။ အသင်တို့ အစ္စလာမ်လက်ခံပြီးနောက်တွင် သူသည် အသင်တို့အား ကုဖ်ရ်-သွေဖည်ရန် အမိန့် ပေးမည်လော။

၈၁။ တစ်ခါတွင် အလ္လာဟ်သည် နဗီတမန်တော်များထံမှ ဤသို့ ပဋိညာဉ်ယူတော်မူခဲ့လေသည်။ ငါအရှင်သည် အသင်တို့အား ကျမ်းဂန်နှင့် အမြော်အမြင်ကို ပေးသနားတော်မူပြီးနောက်၊ တစ်ဖန် အသင်တို့ထံတွင်ရှိနေသော ရှေ့ပြေးသတင်းစကားများကို အတည်ဖြစ်အောင် လုပ်တော်မူမည့် နဗီတမန်တော် တစ်ပါးပါးသည် ရောက်လာခဲ့လျှင် အသင်တို့သည် သူ့ကို မုချယုံကြည်ရမည်၊ သူ့ကို မုချ ကူညီရမည်။ အလ္လာဟ်က မိန့်သည်။ သင်တို့သည် ထိုပဋိညာဉ်ကို ဝန်ခံကြပါပြီလော။ ထိုကိစ္စနှင့်စပ်လျဉ်းပြီး ငါအရှင်၏ကတိစကားကို လက်ခံကြပါပြီလော။ ၎င်းတို့က ကျွန်ုပ်တို့သည် ဝန်ခံကြပါပြီဟု လျှောက်ထားကြသည်။ ထိုအခါ အလ္လာဟ်က အမိန့်ရှိတော်မူသည်။ သို့ဆိုလျှင် အသင်တို့လည်း သက်သေအဖြစ် ရှိကြလော့၊ ငါသည်လည်း အသင်တို့နှင့်အတူ သက်သေအဖြစ်ရှိတော်မူမည်။ **၈၂။** ထိုသည့်နောက်မှ ကတိဖျက်ပြီး ကျောခိုင်းသွားသူများသည်သာလျှင် အမိန့် သွေဖည်သူများ ဖြစ်ကြသည်။ **၈၃။** သူတို့သည် အလ္လာဟ်၏သာသနာအပြင် အခြားသာသနာကို လိုလားကြသလော။ အမှန်စင်စစ်တွင် မိုးနှင့်မြေတွင် ရှိသမျှအရာများသည် သဘောတူကျေနပ်သည်ဖြစ်စေ၊ သဘောမတူမကျေနပ်သည်ဖြစ်စေ ထို အရှင်၏ အမိန့်တော်အောက်တွင်သာ ရှိကြပေသည်။ အားလုံးသည် ထိုအရှင်ထံသို့ ပြန်လှည့်ခံစေခြင်းကို ခံကြရမည်။ **၈၄။** အသင်ပြောပါ။ ကျွန်ုပ်တို့သည် အလ္လာဟ် အပေါ် ယုံကြည်ခဲ့ကြပေပြီ။ ထို့ပြင် ကျွန်ုပ်တို့အပေါ် ချပေးသနားခြင်းခံရသည့် အရာပေါ်တွင်လည်း ယုံကြည်ခဲ့ကြပေပြီ။ ထို့ပြင် အိဗ်ရာဟီမ်၊ အိစ်မာအီးလ်၊

အစ်ဟားက်၊ ယအ်ကူးပ်နှင့် ယအ်ကူးပ်၏ သားများအပေါ်တွင် ချပေးသနားခြင်းခံရသောအရာပေါ်တွင်လည်း ယုံကြည်ခဲ့ကြပေပြီ။ တစ်ဖန် မူစာ၊ အီစာနှင့် အခြားသော နဗီတမန်တော်များကို ၎င်းတို့၏အရှင်ထံမှ ပေးသနားခြင်းခံရသောအရာများပေါ်တွင်လည်း ကျွန်ုပ်တို့ ယုံကြည်ခဲ့ကြပေပြီ။ ကျွန်ုပ်တို့သည် သူတို့အကြားတွင် ခွဲခြားခြင်းမပြုကြပါ။ ကျွန်ုပ်တို့သည် ထိုအရှင်၏အမိန့်ကိုသာ နာခံကြသူများ ဖြစ်ကြပါသည်။ **၈၅။** မည်သူမဆို အစွမ်လာမ်အပြင် အခြားသာသနာကို လိုလားရှာဖွေပါမူ သူ့ထံမှ ထိုသာသနာကို လက်ခံခြင်းခံရလိမ့်မည် အလျှင်းမဟုတ်။ ထို့ပြင် သူသည် နောင်တမလွန်တွင် ဆုံးရှုံးသူများတွင် အပါအဝင်ဖြစ်ပေလိမ့်မည်။ **၈၆။** ယုံကြည်ပြီး နောက်မှ သွေဖည်ငြင်းပယ်သူများကို အလ္လာဟ်က မည်ကဲ့သို့ လမ်းမှန်ပြတော်မူပါမည်နည်း။ စင်စစ်တွင် ဤတမန်တော်သည် မှန်ကန်သည်ဟု သူတို့သက်သေခံပြီး သွားကြပြီ။ ထို့ပြင် သူတို့ထံတွင် ထင်ရှားသော သက်သေလက္ခဏာများလည်း လာပြီးခဲ့ပြီ။ အလ္လာဟ်သည် မတရားသူများကို လမ်းမှန်ပြတော်မမူပေ။ **၈၇။** ဤသို့သောသူများ၏ ပြစ်ဒဏ်မှာမူ သူတို့အပေါ်တွင် အလ္လာဟ်၏ကရုဏာတော်မှ ကင်းဝေးခြင်းနှင့် ကောင်းကင်တမန်တော်များ၊ လူသားများအားလုံးတို့၏ကျိန်ဆဲမှု ကျရောက်ခြင်းပင် ဖြစ်ပေသည်။ **၈၈။** သူတို့သည် ထိုထဲတွင် အမြဲထာဝရနေရပေလိမ့်မည်။ သူတို့၏ပြစ်ဒဏ်ကို လျော့ပေါ့ပေးခြင်းလည်းခံရမည်မဟုတ်၊ ထို့ပြင် သူတို့ကို ဆိုင်းငံ့ခွင့်လည်း ပေးခြင်းခံရမည်မဟုတ်ပေ။ **၈၉။** သို့သော် ထို့နောက်တွင် အမှားဝန်ချတောင်းပန်ပြီး၊ ကိုယ့်ကိုယ်ကိုယ် ပြုပြင်လိုက်ကြပါမူ အလ္လာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ ကရုဏာ အလွန်ကြီးမားတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။ **၉၀။** ယုံကြည်ပြီးနောက်မှ တစ်ဖန်သွေဖည် သွားကြကာ သွေဖည်မှုတွင်သာ ပို၍ တိုးသွားကြသော သူများ၏ အမှားဝန်ချတောင်း ပန်မှုကိုမူ လုံးဝလက်ခံခြင်းခံရမည်မဟုတ်ပေ။ ဤသူတို့သာလျှင် လမ်းလွဲသူများ ဖြစ်ကြပေသည်။ **၉၁။** အကြင်သူတို့သည် အမှန်ပင် သွေဖည်ကြပြီးနောက် သွေဖည်သည့် အခြေအနေဖြင့်ပင် သေဆုံးသွားကြပါမူ ထိုသူတို့အနက်မှ တစ်ဦးတစ်ယောက်သည် မြေပထဝီအပြည့် ရွှေများကို လျော်ကြေးအဖြစ် ပေးဆပ်ကြလျှင်လည်း

လက်ခံခြင်းခံကြရမည်မဟုတ်ပေ။ သူတို့အဖို့ နာကျင်ဖွယ်ပြစ်ဒဏ်ရှိပေသည်။ ထို့ပြင် သူတို့ကို ကူညီမည့်သူလည်း မည်သူမျှရှိမည်မဟုတ်ပေ။

★**၉၂။** အသင်တို့သည် မိမိတို့နစ်သက်သည့်အရာများထဲမှ မသုံးစွဲသမျှ ကာလပတ်လုံး ကောင်းမြတ်သည့်အဆင့်ကို လုံးဝရောက်နိုင်ကြမည်မဟုတ်ပေ။ အသင်တို့ သုံးစွဲသမျှကို အလ္လာဟ်က ကောင်းစွာသိတော်မူသည်။ **၉၃။** အိစ်ရာအီးလ် (ယအ်ကူးဗ်)သည် သောင်ရားသ်မကျခင်က မိမိအပေါ် ဟရာမ်အဖြစ်သတ်မှတ်ခဲ့သည့်အရာများမှအပ ကျန်အရာအားလုံးသည် အစ်ရာအီးလ်၏ သားသမီးများအပေါ်တွင် ဟလာလ်ဖြစ်ခဲ့ပေသည်။ အသင်ပြောပါ။ အသင်တို့သည် မှန်ကန်သူများ ဖြစ်ကြပါလျှင် သောင်ရားသ်ကျမ်းကို ယူလာ၍ ဖတ်ကြကုန်။ **၉၄။** ထို့နောက် တွင်လည်း မည်သူမဆို အလ္လာဟ်အပေါ် လုပ်ကြံလိမ်ညာပြောဆိုခဲ့ပါလျှင် ထိုသူများသည်သာ မတရားသူများ ဖြစ်ကြသည်။ **၉၅။** အသင်ပြောပါ။ အလ္လာဟ်သည် မှန်ရာကို သာ မိန့်ကြားတော်မူပေသည်။ ယခု အသင်တို့သည် အလ္လာဟ်တစ်ပါးတည်းဘက်ကိုသာ ယိမ်းညွတ်သော၊ တုဖက်ယှဉ်တွဲကိုးကွယ်သူများတွင် မပါဝင်သော အိဗ်ရာဟီးမ်၏ သာသနာကို လိုက်နာကြကုန်။ **၉၆။** မုချဖေကန် လူသားတို့အတွက် တည်ထားခြင်းခံရသော ပထမဦးဆုံးသောအိမ်တော်သည် မက္ကာဟ်မှာ ရှိသည့်အိမ်တော်ပင် ဖြစ်သည်။ ဗရကသ်ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံသော၊ တစ်လောကလုံးကို လမ်းမှန်တရားညွှန်ပြသောအိမ်တော် ဖြစ်သည်။ **၉၇။** ထိုအိမ်တော်တွင် ထင်ရှားသောသက်သေလက္ခဏာတော်များ ရှိသည်။ မကာမေ့ အိဗ်ရာဟီးမ် ရှိသည်။ ထိုအိမ်တော်ထဲ ဝင်ရောက်သူသည် ဘေးရန်ကင်းသည်။ ထိုအိမ်တော်သို့ အရောက်သွားရန် တတ်စွမ်းနိုင်သူအပေါ်တွင် ဟဂ်ျပြုရန်မှာ အလ္လာဟ်နှင့်ပတ်သက်၍ လူသားများအပေါ်တွင်ရှိသည့် တာဝန်တစ်ရပ်ဖြစ်ပေသည်။ မည်သူမဆို ငြင်းပယ်မည်ဆိုလျှင် အလ္လာဟ်သည် တစ်လောကလုံးထံမှ တောင်းတမှုကင်းတော်မူသောအရှင် ဖြစ်တော်မူသည်။ **၉၈။** အသင်ပြောပါ။ အို-ကျမ်းရသူအပေါင်းတို့၊ အလ္လာဟ်သည် အသင်တို့ ပြုမူနေသမျှကို ကြည့်နေတော်မူ ပါလျက် သင်တို့သည် အဘယ်ကြောင့် အလ္လာဟ်၏လက္ခဏာတော်များကို ငြင်းပယ်နေကြသနည်း။ **၉၉။**

အသင်ပြောပါ။အို-ကျမ်းရသူအပေါင်းတို့၊အသင်တို့သည်အသိသက်သေများအဖြစ် သတ်မှတ်ခံထားကြရပါလျက် ယုံကြည်သူများကို အလွှာဟ်လမ်းတော်မှ အပြစ်ရှာကြံ၍ အဘယ်အတွက်ကြောင့် တားမြစ်ပိတ်ပင်ကြ သနည်း။ အလွှာဟ်သည် အသင်တို့၏ လုပ်ဆောင်မှုများကို မသိသည်မဟုတ်ပေ။

၁၈၀။ အို-ယုံကြည်သူအပေါင်းတို့၊အသင်တို့သည် ကျမ်းရသူများအနက် အုပ်စုတစ်စု၏စကားကို နာခံလိုက်မည်ဆိုလျှင် အသင်တို့ယုံကြည်သူများ ဖြစ်ပြီးနောက် တစ်ဖန် သွေဖည်ငြင်းပယ်သူများ ဖြစ်သွားအောင် သူတို့က လုပ်လိုက်ကြပေလိမ့်မည်။ **၁၈၁။** အသင်တို့အပေါ် အလွှာဟ်အာယသ်တော်များကို ဖတ်ပြနေပါလျက်၊ အသင်တို့ ထဲတွင် ထိုအရှင်၏ တမန်တော်လည်း ရှိနေပါလျက် အသင်တို့သည် မည်ကဲ့သို့ ငြင်းပယ်နိုင်ကြသနည်း။ မည်သူမဆို အလွှာဟ်ကို မြဲမြံစွာ ကိုင်ထားပါလျှင် ဖြောင့်မတ် သောလမ်းမှန်ပေါ် ရောက်ရှိသွားချေပြီ။ **၁၈၂။** အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလွှာဟ်ကို ကြောက်ရွံ့ရိုသေထိုက်သည်နှင့်အညီ ကြောက်ကြကုန်။ အသင်တို့သည် မွတ်စ်လင်မ်အဖြစ်နှင့်သာ သေကြကုန်။ **၁၈၃။** အသင်တို့အားလုံး တစ်စည်းတစ်လုံးတည်း အလွှာဟ်၏ကြိုးကို ကိုင်ထားကြကုန်။ စိတ်ဝမ်းမကွဲကြကုန်နှင့်။ အသင်တို့အပေါ် တွင်ရှိသော အလွှာဟ်ကျေးဇူးကို သတိရကြကုန်။ အသင်တို့ အချင်းချင်း ရန်သူများဖြစ်နေခဲ့ချိန်က အလွှာဟ်သည် သင်တို့၏ စိတ်ထဲတွင် ချစ်ခင်ညီညွတ်မှုကို ထည့်ပေးတော်မူခဲ့သည်။ အရှင်မြတ်၏ကျေးဇူးတော်ဖြင့် အသင်တို့ အချင်းချင်း ညီနောင်များဖြစ်သွားကြသည်။ ထို့ပြင် အသင်တို့သည် မီးတွင်း၏နှတ်ခမ်းဝတွင် ရှိနေခဲ့ကြသည်။ အရှင်မြတ်က ထိုမီးတွင်းမှ အသင်တို့အား ကယ်တင်တော်မူခဲ့ သည်။ အသင်တို့ လမ်းမှန်ရရှိကြရန်အတွက် အလွှာဟ်သည် မိမိ၏လက္ခဏာတော် များကို ဤသို့ပင် ရှင်းပြတော်မူလေသည်။

၁၈၄။ အသင်တို့ထဲတွင် ကောင်းမှုဘက်ကို ဖိတ်ခေါ်ပြီး ကောင်းရာညွှန်ကြား၊ မကောင်းရာမှ မြစ်တားမည့် အုပ်စုတစ်စု ရှိရပေမည်။ ထိုသို့သောသူများသည်သာ အောင်မြင်သူများ ဖြစ်ကြမည်။ **၁၈၅။** မိမိတို့ထံသို့ ရှင်းလင်းသော အမိန့်

များရောက်လာပြီးနောက် အချင်းချင်းကွဲလွဲ၍ အသင်းအဖွဲ့များကွဲသွားကြသော သူများကဲ့သို့ အသင်တို့လည်း ဖြစ်မသွားကြလေနင့်။ ထိုသူတို့အဖို့ ကြီးမား သော ပြစ်ဒဏ်ရှိပေသည်။ **၁၀၆။** ထိုနေ့တွင် မျက်နှာတချို့သည် လင်းဝင်းတောက်ပ နေမည်ဖြစ်ပြီး တချို့မျက်နှာသည် မည်းနေလိမ့်မည်။ မျက်နှာမည်းသူများကို ဤသို့ ပြော လိမ့်မည်။ သင်တို့သည် ယုံကြည်ကြပြီးနောက်မှ သွေဖည်သွားကြသည်မဟုတ် လော။ သို့ရှိရာ ယခု မိမိတို့၏ သွေဖည်မှုကြောင့် ပြစ်ဒဏ်ကို မြည်းစမ်းကြကုန်လော့။ **၁၀၇။** မျက်နှာလင်းဝင်းသူများမှာမူ အလ္လာဟ်၏ ကရုဏာတော်တွင် ရှိကြလိမ့် မည်။ သူတို့သည် ထိုထဲတွင် ထာဝရနေကြရပေမည်။ **၁၀၈။** ဤသည် ငါအရှင်မြတ် က အသင့်အပေါ် မှန်ကန်စွာ ဖတ်ရွတ်ပြသော အလ္လာဟ်၏အာယတ်တော်များ ဖြစ် ပေသည်။ အလ္လာဟ်သည် လောကသားတို့အပေါ် မတရားမှုကို လိုလားတော်မမူပေ။ **၁၀၉။** မိုးကောင်းကင်များနှင့်မြေပထဝီတွင် ရှိသမျှသည် အလ္လာဟ်၏ပိုင်ဆိုင်မှု ဖြစ် သည်။ ကိစ္စတိုင်းသည် အလ္လာဟ်ဘက်သို့သာ လှည့်စေခြင်းကို ခံရမည်ဖြစ်သည်။

၁၁၀။ သင်တို့သည် လူတို့အတွက် ပေါ်ထွန်းစေခြင်းခံရသော အကောင်းဆုံး အုပ်စုဖြစ်သည်။ သင်တို့သည် ကောင်းရာကို အမိန့်ပေးပြီး မကောင်း ရာမှ မြစ်တားကြသည်။ ထို့ပြင် အလ္လာဟ် အိမာန်ယုံကြည်ကြသည်။ အကယ်၍ ကျမ်းရသူများသည်လည်း အီမာန်လက်ခံလိုက်ပါမူ ၎င်းတို့အဖို့ သာပို၍ ကောင်း ပေမည်။ သူတို့ထဲတွင် ယုံကြည်သူတချို့လည်း ရှိကြသည်။ သို့သော် သူတို့ထဲက အများစုသည် အမိန့်ဖီဆန်သူများသာ ဖြစ်ကြပေသည်။ **၁၁၁။** သူတို့သည် အသင်တို့ကို အနည်းငယ်သာ ဒုက္ခပေးရုံမျှအပ မည်သို့မျှ နစ်နာဆုံးရှုံးအောင် လုပ်နိုင်ကြမည် မဟုတ်ပေ။ အကယ်၍ သူတို့သည် အသင်တို့နှင့် တိုက်ခိုက်ပါမူ သင်တို့ကို ကျောပေးကြလိမ့်မည်။ သူတို့သည် အကူအညီလည်း ရမည်မဟုတ်ပေ။ **၁၁၂။** အလ္လာဟ်ဘက်မှ ကတိတော်ကြောင့် အကာအကွယ် ရထားသူ သို့မဟုတ် လူတို့ဘက်မှ ကတိကဝတ်ကြောင့် အကာအကွယ်ရထားသူမှ အပ သူတို့အနက် ကျန်သူများသည် မည်သည့် နေရာတွင်ပင်ရှိပါစေ သူတို့သည် သေးသိမ်မှုနှင့်သာ ရင်ဆိုင်ရပေမည်။ ထို့ပြင်သူတို့သည် အလ္လာဟ်၏ အမျက်တော်နှင့်လည်း

ထိုက်တန်သွားခဲ့ကြပေပြီ။ သို့သာမက သူတို့အပေါ်တွင် နိမ့်ကျမှုကိုလည်း သတ်မှတ်လိုက်ပေပြီ။ အကြောင်းမှာ သူတို့သည် အလွှာဟ်၏ လက္ခဏာတော်များကို ငြင်းပယ်လေ့ရှိခဲ့ကြသည့်အပြင် နဗီတမန်တော်များကိုလည်း မတရားသတ်ဖြတ်ခဲ့ကြသည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့သည် အမိန့်ဖီဆန်၍ စည်းဘောင်ကျော်ခဲ့ကြသောကြောင့် ဖြစ်ပေသည်။

၁၁၃။ ကျမ်းရသူများအားလုံးသည် တူညီကြသည်မဟုတ်ပေ။ သူတို့အနက် ကတိသစ္စာအတိုင်း ရပ်တည်ကြသည့်အုပ်စုတစ်စု ရှိပေသည်။ သူတို့သည် ညအချိန်များတွင် အလွှာဟ်အာယတ်တော်များကို ဖတ်ကြ၍ စဂျဒဟ်ဦးချကြလေသည်။ **၁၁၄။** သူတို့သည် အလွှာဟ်နှင့် နောင်တမလွန်နေ့ကို ယုံကြည်ကြသည်။ ကောင်းမှုပြုရန် ညွှန်ကြားကြသည်။ မကောင်းမှုမှ တားမြစ်ကြသည်။ ကောင်းသည့်ကိစ္စများတွင် အပြိုင်အဆိုင်ပြုလုပ်ကြသည်။ ဤသူများသည်သာ သူတော်စင်များဖြစ်ကြပေသည်။ **၁၁၅။** သူတို့လုပ်ဆောင်သမျှ ကောင်းမှုကို ငြင်းပယ်ခြင်း ခံရမည်မဟုတ်ပေ။ အလွှာဟ်သည် အပြစ်ရှောင်ကြဉ်သောသူတော်စင်များကို ကောင်းစွာ သိတော်မူပေသည်။ **၁၁၆။** စင်စစ်တွင် ငြင်းပယ်သူများ၏ ဥစ္စာပစ္စည်းနှင့် သားသမီးတို့သည် အလွှာဟ်နှင့် ဆန့်ကျင်၍ သူတို့ကို ဂုဏ်၊ အကျိုးပြုနိုင်မည်မဟုတ်ပေ။ သူတို့သည် ငရဲသားများဖြစ်ကြ၍ ထိုထဲ၌ အမြဲနေရလိမ့်မည်။ **၁၁၇။** လောကၠ၌ သူတို့သုံးစွဲသမျှသည် ဤပမာနှင့် တူပေသည်။ အလွှန်ပြင်းသော အအေးဓာတ်ပါသည့် လေရှိသည်။ ထိုလေသည် မိမိတို့ကိုယ်ကို မတရားလုပ်ခဲ့ကြသည့် လူတို့၏ လယ်ယာပေါ်တွင် တိုက်ခတ်သွား၍ ထိုလယ်ယာကို ဖျက်ဆီးလိုက်ပေသည်။ အလွှာဟ်က သူတို့ကို မတရားလုပ်တော်မူခဲ့သည်မဟုတ်၊ သို့ရာတွင် သူတို့သာလျှင် ကိုယ့်ကိုယ်ကိုယ် မတရားလုပ်ကြခြင်း ဖြစ်သည်။

၁၁၈။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အပြင် အခြားသူများကို မိမိတို့၏ အတွင်းလူအဖြစ်မသတ်မှတ်ကြကုန်နှင့်။ သူတို့သည် အသင်တို့ကို နစ်နာ အောင်လုပ်ရာတွင် လျော့ပေါ့လိမ့်မည်မဟုတ်ပေ။ အသင်တို့ ဒုက္ခရောက်ကြသည်နှင့်အမျှ ၎င်းတို့ပျော်ရွှင်ကြသည်။ သူတို့၏ ရန်ညိုးသည် သူတို့၏ နှုတ်လျှာ

မှပင် ပေါ်လွင်သွားချေပြီ။ သူတို့စိတ်ထဲတွင် ရှိသည့်အရာက ထိုထက်ပင် ပိုဆိုးသေးသည်။ အသင်တို့သည် အသိဉာဏ်ရှိကြမည်ဆိုလျှင် ငါအရှင်သည် အသင်တို့အဖို့ မိမိ၏သက်သေလက္ခဏာတော်များကို ဖွင့်ချပြလိုက်ပေပြီ။ **၁၁၉။** အသင်တို့သည် သူတို့ကို ချစ်ကြသည်။ သို့သော် သူတို့ကမူ အသင်တို့ကို မချစ်ကြပေ။ အမှန်ဆိုလျှင် အသင်တို့အားလုံး ကောင်းကင်ကျကျမ်းများကို လက်ခံကြသည်။ သူတို့သည် အသင်တို့နှင့် တွေ့ဆုံသည့်အခါတွင် ကျွန်ုပ်တို့သည် အီမာန်ယုံကြည်လိုက် ကြပါပြီဟု ပြောကြသည်။ သူတို့အချင်းချင်းပြန်တွေ့ကြလျှင် အသင်တို့အပေါ် ဒေါသဖြစ်ကြသောကြောင့် မိမိတို့၏လက်ချောင်းများကိုပင် ကိုက်ခဲကြလေသည်။ အသင်ပြောပါ။ အသင်တို့သည် မိမိတို့၏ဒေါသနှင့်ပင် သေလိုက်ကြပေတော့။ အလ္လာဟ်သည် စိတ်နှလုံးအတွင်း၌ရှိသောအရာများကို မုချ သိတော်မူပေသည်။ **၁၂၀။** အကယ်၍ အသင်တို့သည် ကောင်းသည့်အခြေအနေတစ်ခုနှင့် ကြုံရလျှင် သူတို့က စိတ်မချမ်းသာနိုင်ဖြစ်ကြသည်။ အကယ်၍ အသင်တို့သည် ဆိုးရွားသော အခြေအနေတစ်ခုနှင့် ကြုံရလျှင် သူတို့က ပျော်ကြသည်။ အကယ်၍ အသင်တို့သည် သည်းခံကြပြီးနောက် အလ္လာဟ်ကို ကြောက်ကြမည်ဆိုလျှင် သူတို့၏မည်သည့် ပရိယာယ်အစီအမံကမျှ သင်တို့ကို နစ်နာအောင်လုပ်နိုင်မည် မဟုတ်ပေ။ သူတို့လုပ်ဆောင်နေသမျှအရာအားလုံးသည် အလ္လာဟ်က ဝန်းရံထားတော်မူသည်။

၁၂၁။ တစ်ခါတွင် အသင်သည် နံနက်ခင်းအချိန် မိမိအိမ်မှ ထွက်လာပြီး မွတ်စ်လင်မ်တို့ကို စစ်ပွဲအတွက် နေရာချပေးလျက်ရှိခဲ့သည်။ အလ္လာဟ်သည် အလွန် ကြားတော်မူသော၊ အလွန်သိတော်မူသော အရှင်ဖြစ်တော်မူသည်။ **၁၂၂။** တစ်ခါတွင် သင်တို့အနက် အုပ်စုနှစ်စုသည် ဇွဲလျော့လိုက်ဖို့ ရည်ရွယ်ခဲ့သည်။ စင်စစ်တွင် အလ္လာဟ်သည် ထိုအုပ်စုနှစ်စုလုံးကို ကူညီစောင့်ရှောက်လျက် ရှိတော်မူခဲ့သည်။ မုအ်မင်နိ်တို့သည် အလ္လာဟ်ကိုသာ အားကိုးအားထားမှုပြုသင့်ကြပေသည်။ **၁၂၃။** ဗဒရ်၌ အသင်တို့ ချည့်နဲ့နေချိန်တွင် အလ္လာဟ်သည် အသင်တို့ကို ကူညီတော်မူခဲ့ပြီးပေပြီ။ သို့ရှိရာ အသင်တို့သည် ကျေးဇူးသိတတ်သူများ ဖြစ်ကြရန် အတွက် အလ္လာဟ်ကို ကြောက်ကြကုန်။ **၁၂၄။** တစ်ခါတွင် အသင်က မုအ်မင်နိ်တို့ကို

ဤသို့ပြောခဲ့သည်။ အသင်တို့၏အရှင်သည် ကောင်းကင်တမန်အပါး သုံးထောင်ကို ဆင်းသက်စေပြီး အသင်တို့အား ကူညီတော်မူ လျှင် မလုံလောက်ပေသလော။ **၁၂၅။** အကယ်၍ အသင်တို့က ကြုံကြံခံရပ်တည်ကြမည်၊ အလ္လာဟ်ကို ကြောက်မည်၊ ထို့ပြင် ရန်သူတို့က အသင်တို့ထံ ရုတ်တရက် ချက်ချင်း ရောက်လာခဲ့လျှင် အသင်တို့၏အရှင်သည် အမှတ်အသားပါသော ကောင်းကင်တမန်အပါး ငါးထောင်ကို ဆင်းသက်စေ၍ အသင်တို့အား ကူညီတော်မူမည်။ **၁၂၆။** အလ္လာဟ်က ဤသို့ပြုတော်မူရခြင်းမှာ အသင်တို့အတွက် ကောင်းချီးသတင်းဖြစ်ရန်နှင့် အသင်တို့၏ စိတ်နှလုံးများ တည်ငြိမ်သွားစေရန် ဖြစ်ပေသည်။ အကူအညီဟူသည် အလွန်နိုင်နင်းလွန်းမိုးတော်မူသော၊ အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အလ္လာဟ်၏ ဘက်တော်မှသာလျှင် ဖြစ်ပေသည်။ **၁၂၇။** ထို့ပြင် ယင်းသို့ပြုရခြင်းမှာ ငြင်းပယ်သူတို့၏ အစိတ်အပိုင်းတစ်ခုကို ဖြတ် တောက်ပစ်ရန် သို့မဟုတ် သူတို့ကို သေးသိမ်အောင် လုပ်ရန် ဖြစ်သည်။ သို့မှသာ သူတို့သည် ဆုံးရှုံးလျက် လှည့်ပြန်သွားကြရပေမည်။ **၁၂၈။** သူတို့၏ ဝန်ချတောင်းပန်မှုကို လက်ခံရမည်လော သို့မဟုတ် သူတို့ကိုအပြစ်ပေးရမည်လောဟူသည့် ကိစ္စသည် အသင်နှင့်ဘာမျှ မသက်ဆိုင်ပေ။ အကြောင်းမှာ သူတို့သည် မတရားသူများဖြစ်ကြပေသည်။ **၁၂၉။** မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှ အရာများသည် အလ္လာဟ်၏ပိုင်ဆိုင်မှုပင် ဖြစ်သည်။ အရှင်မြတ်သည် မိမိအလိုရှိသူကို ခွင့်လွှတ်တော်မူမည်။ မိမိအလိုရှိသူကို အပြစ်ဒဏ်ခတ်တော်မူမည်။ အလ္လာဟ်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူသည်။

၁၃၀။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အတိုးကို အဆပေါင်းများစွာတိုး၍မစားကြနှင့်။ သို့ဆိုလျှင် အသင်တို့အောင်မြင်ကောင်း အောင်မြင်ကြလိမ့်မည်။ အလ္လာဟ်ကို ကြောက်ကြကုန်။ **၁၃၁။** ငြင်းပယ်သူများအတွက် စီစဉ်ထားသောငရဲမီးကို အသင်တို့ ကြောက်ကြကုန်။ **၁၃၂။** အလ္လာဟ်နှင့် တမန်တော်၏အမိန့်ကို နာခံကြလေကုန်။ သို့ဆိုလျှင်အသင်တို့သည် ကရုဏာပြုခြင်းကို ခံကြရနိုင်ပေသည်။**၁၃၃။** မိမိတို့အရှင်၏ခွင့်လွှတ်မှုနှင့် ဂျန္နသ် ဥယျာဉ်ဘုံဘက်သို့ အပြိုင်အဆိုင်

ပြေးကြလေကုန်။ ယင်းဂျန္နသ်ဥယျာဉ်၏အကျယ်အဝန်းသည် မိုးကောင်းကင်များနှင့် မြေပထဝီတစ်မျှ ရှိသည်။ ယင်းဥယျာဉ် အား အလ္လာဟ်ကိုကြောက်ကြသောသူတော်စင်များအဖို့ စီစဉ်ထားခြင်းဖြစ်သည်။ **၁၃၄။** ထိုသူတော်စင်တို့သည် ချောင်လည်သည့်အချိန်တွင်ရော ကျပ်တည်းသည့် အချိန်တွင်ပါ လှူဒါန်းသုံးစွဲကြသည်။ ထို့ပြင် ထိုသူတို့သည် ဒေါသကို မျိုသိပ်ကြ သူများ ဖြစ်ကြသည်။ ထို့ပြင် သူတို့သည် လူတို့ကို ခွင့်လွှတ်သူများလည်း ဖြစ်ကြ သည်။ အလ္လာဟ်သည် ကောင်းမှုကျင့်ဆောင်သူတို့ကို နှစ်သက်တော်မူပေသည်။ **၁၃၅။** ထို့ပြင် ယင်းသူတော်စင်တို့သည် ထင်ရှားသော အပြစ်တစ်ခုခုကို ကျူးလွန်မိကြသည့်အခါ သို့မဟုတ် မိမိတို့ကိုယ်ကို မတရား ကျူးလွန်မိကြသည့်အခါ အလ္လာဟ်ကို သတိရ၍ မိမိတို့ပြစ်မှုအတွက် ခွင့်လွှတ်ချမ်းသာမှုကို တောင်းခံကြသည်။ အလ္လာဟ်မှတစ်ပါး ပြစ်မှုများကို ခွင့်လွှတ်ပေးမည့် သူ မည်သူရှိဦးမည်နည်း။ ထို့ပြင် သူတို့သည် မိမိတို့ကျူးလွန်မိခဲ့သောမကောင်းမှုပေါ်တွင် သိသိကြီးနှင့် ဖွတ်ပေ၍ မနေကြပေ။ **၁၃၆။** ထိုသူတို့၏ အကျိုးမှာ သူတို့၏ အရှင်မြတ်ထံမှ ခွင့်လွှတ်မှုနှင့် အောက်ခြေတွင် စမ်းချောင်းများစီးဆင်းလျက်ရှိသော ဥယျာဉ်များပင် ဖြစ်ပေသည်။ သူတို့သည် ထိုဥယျာဉ်များတွင် အမြဲနေကြရမည်။ ဤသည် ကောင်းမှုပြုလုပ်သူများ အဖို့ မည်မျှကောင်းသော အကျိုးကုသိုလ်ဖြစ်သနည်း။ **၁၃၇။** အသင်တို့အလျင်တွင် နမူနာပေါင်းများစွာ ကျော်လွန်ခဲ့ပေပြီ။ မှားယွင်းစွပ်စွဲငြင်းပယ်ခဲ့ကြသူများ၏ နောက်ဆုံးနိဂုံးသည် အဘယ်သို့ဖြစ်ခဲ့သနည်းကို အသင်တို့ လိုက်လံကြည့်ရှုကြလေကုန်။ **၁၃၈။** ဤသည် လူတို့အဖို့ ရှင်းလင်းချက်ဖြစ်သည်။ ထို့ပြင် ကြောက်ရွံ့သူများအတွက် လမ်းညွှန်ချက်နှင့် ဆုံးမဩဝါဒလည်း ဖြစ်သည်။

၁၃၉။ အသင်တို့သည် ဇွဲမလျော့ကြနှင့်။ ပူပန်သောကလည်း မဖြစ်ကြနှင့်။ အကယ်၍ အသင်တို့သည် မုအ်မင်နှ်များဖြစ်ကြပါလျှင် သင်တို့သာလျှင် အောင်နိုင်လွှမ်းမိုးကြလိမ့်မည်။ **၁၄၀။** အကယ်၍ အသင်တို့သည် ဒဏ်ရာရလျှင် ရန်သူတို့လည်း ထိုသို့အလားတူ ဒဏ်ရာရခဲ့သည်။ ငါအရှင်မြတ်သည် လူတို့ကြားတွင် နေ့ရက်များကို တစ်လှည့်စီ ပြောင်းလဲဖြစ်ပေါ်စေတော်မူပေသည်။ အကြောင်း

မှာ အလ္လာဟ်သည် ယုံကြည်သူများကို သိရှိရန်နှင့် သင်တို့အနက် တချို့ကို သက်သေများအဖြစ် ပြုလုပ်ရန်အတွက် ဖြစ်ပေသည်။ အလ္လာဟ်သည် မတရား သူများကို နှစ်သက်တော်မမူပေ။ **၁၄၁။** ထို့ပြင် အလ္လာဟ်သည် ယုံကြည်သူများကို ရွေးထုတ်ရန်နှင့် ငြင်းပယ်သူများကို သုတ်သင်ရန်အတွက် ဖြစ်သည်။ **၁၄၂။** အသင်တို့အနက် ဂျေဟားဒ်လုပ်သူများနှင့် ကြံ့ကြံ့ခံရပ်တည်သူများမှာ မည်သူများ နည်းဟူသည်ကို ယခုထိ အလ္လာဟ်က မသိရသေးဘဲ အသင်တို့သည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်နိုင်ကြလိမ့်မည်ဟု ထင်နေကြသလော။ **၁၄၃။** အသင်တို့သည် သေခြင်းတရားကို မတွေ့ရသေးမီအလျင်က မျော်လင့်ခဲ့ကြ၏။ ယခု အသင်တို့သည် ထိုသေခြင်းတရားကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပေပြီ။

၁၄၄။ မုဟမ္မဒ်သည် တမန်တော်တစ်ပါးမျှသာ ဖြစ်သည်။ သူ့အလျင်က လည်း တမန်တော်များ ကျော်လွန်ခဲ့ပေပြီ။ သို့ရာတွင် အကယ်၍ သူသည် သေဆုံးခဲ့ပါမူ သို့မဟုတ် သတ်ဖြတ်ခံလိုက်ရပါမူ အသင်တို့သည် မိမိတို့၏ ခြေဖနောင့်များ ဘက်ကို လှည့်ထွက်သွားကြမည်လော။ ထိုသို့ လှည့်ထွက်သွားသူသည် အလ္လာဟ် ကို မည်သို့မျှ နစ်နာအောင်မလုပ်နိုင်ပေ။ အလ္လာဟ်သည် ကျေးဇူးတင်သူများကို အစားပေးတော်မူမည်။ **၁၄၅။** မည်သူတစ်ဦးတစ်ယောက်မျှ အလ္လာဟ်အမိန့်မပါဘဲ သေဆုံးနိုင်မည် မဟုတ်ပေ။ အလ္လာဟ်၏ ရေးမှတ်ထားပြီးသော ကတိတော်ဖြစ် သည်။ လောကီအကျိုးလိုလားသူကို ငါအရှင်သည် ထိုလောကီအကျိုးမှ ပေးတော်မူ သည်။ လောကုတ္တရာအကျိုးလိုလားသူကို ငါအရှင်က ထိုလောကုတ္တရာ အကျိုးမှ ပေးတော်မူသည်။ ထို့ပြင် ကျေးဇူးတင်သူများကို ငါအရှင်သည် သူတို့၏အစားကို မုချပေးတော်မူမည်။ **၁၄၆။** မြောက်မြားစွာသော နဗီတမန်တော်များနှင့်အတူ အလ္လာဟ်ကိုချစ်မြတ်နိုးသောသူတော်စင်များသည် စစ်တိုက်ခဲ့ကြလေသည်။ အလ္လာဟ်လမ်းတော်တွင် ခံရသောဒုက္ခကြောင့် သူတို့သည် စိတ်ဓာတ်လည်း မကျ ခဲ့ကြပေ။ အားအင်လည်း မချည့်နဲ့ခဲ့ကြပေ။ ဦးညွှတ်၍ အရှုံးလည်းမပေးခဲ့ကြပေ။ အလ္လာဟ်သည် ကြံ့ကြံ့ခံရပ်တည်သူများကို နှစ်သက်တော်မူသည်။ **၁၄၇။** သူတို့၏ နှုတ်လျှာမှ ဤစကားကလွဲ၍ အခြားစကားရပ် မထွက်လာခဲ့ပေ။ အို-ကျွန်

တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့၏ အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့၏အရေးကိစ္စတွင် ကျွန်တော်မျိုးတို့ဘက်မှ ဖြစ်ခဲ့သော လွန်ကျူးမှုများကိုလည်း ခွင့်လွှတ်ပေးတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား ကြုံကြိုံခံရပ်တည်စေတော်မူပါ။ ၎င်းနောက် ငြင်းပယ်သူများအုပ်စုနှင့် ဆန့်ကျင်၍ ကျွန်တော်မျိုးတို့အား ကူညီတော်မူပါ။ **၁၄၈** သို့ရှိရာ အလွှာဟ်သည် ၎င်းတို့အား လောကီ၏အစားကိုလည်းပေးတော်မူခဲ့သည်။ လောကုတ္တရာ၏ ကောင်းသောအစားကိုလည်း ပေးတော်မူခဲ့သည်။ အလွှာဟ်သည် ကောင်းမူသီလကျင့်ဆောင်သူများကို နှစ်သက်တော် မူသည်။

၁၄၉ အို-အီမာန်ယုံကြည်အပေါင်းတို့၊ အကယ်၍ အသင်တို့သည် ငြင်းပယ် သူများ၏စကားကို နာခံပါမူ သူတို့သည် အသင်တို့အား ခြေဖောင့်များဘက်သို့ ပြန်လှည့်သွားစေကြလိမ့်မည်။ ထို့နောက် အသင်တို့သည် ဆုံးရှုံး၍သွားကြလိမ့်မည်။ **၁၅၀** အလွှာဟ်သာလျှင် အသင်တို့အား ကူညီတော်မူသော အရှင်ဖြစ်သည်။ ထိုအရှင်သည် အားလုံးထက် ကောင်းစွာ ကူညီတော်မူသောအရှင် ဖြစ်သည်။ **၁၅၁** ငါအရှင်မြတ်သည် ငြင်းပယ်သူများ၏ စိတ်နလုံးများတွင် အသင်တို့၏ အရှိန်အဝါကြောက်စိတ်ကို ထည့်သွင်းတော်မူလိုက်မည်။ အကြောင်းမှာ သူတို့သည် အလွှာဟ်က ဘာအထောက် အထားမျှ ချမပေးထားသည့်အရာကို အလွှာဟ်နှင့် တုဖက်ယှဉ်တွဲကြသောကြောင့် ဖြစ်သည်။ သူတို့၏ နေရာထိုင်ခင်းသည် အပါယ်ငရဲ ဖြစ်သည်။ ယင်းနေရာသည် မတရားသူများအတွက် အလွန်ဆိုးဝါးသော နေရာပင်ဖြစ်သည်။ **၁၅၂** အသင်တို့သည် အလွှာဟ်အမိန့်တော်ဖြင့် သူတို့အား သတ်ဖြတ်နေကြစဉ်အခါက အလွှာဟ်သည် မိမိ၏ကတိကို တည်တော်မူခဲ့သည်။ နောက်ဆုံးတွင် အသင်တို့သည် ကိုယ်တိုင်ချည့်နဲ့သွားခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် ကိစ္စရပ်တွင် အငြင်းပွားခဲ့ကြသည်။ အသင်တို့နှစ်သက် သည့်အရာကို အလွှာဟ်က အသင်တို့အား ပြသပြီးနောက်တွင် အသင်တို့သည် အမိန့်ဖီဆန်ခဲ့ကြသည်။ သင်တို့အနက် အချို့မှာ လောကီကို အလိုရှိ၍ အချို့မှာ လောကုတ္တရာကို အလိုရှိကြသည်။ ထို့နောက် အသင်တို့အား စမ်းသပ်ရန် အတွက် အလွှာဟ်က

သင်တို့၏မျက်နှာများကို သူတို့ထံမှ လွှဲဖယ်တော်မူခဲ့သည်။ ထို့နောက် အလ္လာဟ်သည် အသင်တို့ကို ခွင့်လွှတ်တော်မူလိုက်သည်။ အလ္လာဟ်သည် ယုံကြည်သူတို့အပေါ်တွင် အလွန်ကျေးဇူးတရားကြီးတော်မူသော အရှင်ဖြစ်တော်မူသည်။ **၁၅၃။** ထိုအခါနှင်က အသင်တို့သည် တက်၍ သွားနေကြသည်။ မည်သူ့ကိုမျှ လှည့်၍ မကြည့်ခဲ့ကြပေ။ တမန်တော်က နောက်မှနေ၍ အသင်တို့အား ဟစ်ခေါ်လျက် ရှိနေခဲ့သည်။ ထို့နောက် အလ္လာဟ်သည် သင်တို့အား ဝမ်းနည်းမှုတစ်ခု၏ အစား ဝမ်းနည်းမှုတစ်ခုကို ပေးတော်မူခဲ့သည်။ သို့မှသာ (နောက်နောင်တွင်) အသင်တို့လက်လွတ်ဆုံးရှုံး လိုက်ရသောအရာများနှင့် အသင်တို့အပေါ် ကျရောက်လာသော ဒုက္ခများပေါ်တွင် အသင်တို့ ဝမ်းနည်းမှုမဖြစ်ရလေအောင် ဖြစ်ပေသည်။ အလ္လာဟ်သည် အသင်တို့ လုပ်သမျှကို အကြွင်းမဲ့သိတော်မူသည်။

၁၅၄။ ထို့နောက် အလ္လာဟ်သည် အသင်တို့အပေါ်တွင် ဝမ်းနည်းမှုပြီးနောက် တည်ငြိမ်မှုတည်းဟူသောငိုက်မျဉ်းခြင်းကို ချပေးတော်မူခဲ့သည်။ ယင်းငိုက်မျဉ်းခြင်းသည် သင်တို့အနက် အုပ်စုတစ်စုပေါ်တွင် လွှမ်းမိုးနေခဲ့သည်။ နောက်အုပ်စုတစ်စုမှာမူ မိမိတို့၏အသက်များကို စိုးရိမ်ပူပန်လျက်ရှိနေကြသည်။ သူတို့သည် အလ္လာဟ်နှင့် ပတ်သက်၍ အမှန်တရားနှင့်ဆန့်ကျင်သည့် အတွေးစများ၊ အမိုက်ခေတ်၏ ယူဆချက်များကို ယူဆနေကြသည်။ ငါတို့မှာလည်း ရွေးချယ်ခွင့် တစ်စုံတစ်ရာ ရှိပါသလားဟု ၎င်းတို့က ပြောဆိုခဲ့ကြသည်။ အသင်ပြောကြားပါ။ ကိစ္စတိုင်းသည် အလ္လာဟ်၏ ရွေးချယ်မှုတွင်သာ ရှိပေသည်။ သူတို့သည် အသင်တို့ကို မဖော်ပြသောကိစ္စတစ်စုံတစ်ခုကို မိမိတို့၏စိတ်များတွင် ဖုံးကွယ်ထားကြသည်။ ဤကိစ္စတွင် ငါတို့မှာလည်း ရွေးချယ်ခွင့် တစ်စုံတစ်ရာရှိခဲ့ပါမူ ငါတို့သည် ဤနေရာ၌ သတ်ဖြတ်ခံရမည်မဟုတ်ဟု သူတို့က ပြောကြသည်။ အသင်ပြောလိုက်ပါ။ အကယ်၍ အသင်တို့သည် မိမိတို့နေအိမ်များတွင် ရှိနေပါကလည်း အသတ်ခံရမည်ဟု ရေးမှတ်ထားခြင်းခံရသောသူများသည် မိမိတို့ သတ်ခံရမည့်နေရာများသို့ မုချထွက် လာကြမည်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်သည် အသင်တို့၏ ရင်ဘတ်များတွင် ရှိသောအရာများကို စမ်းသပ်တော်မူရန်နှင့် သင်တို့၏ စိတ်နလုံး

များတွင် ရှိသောအရာများကို စိစစ်ရန်အတွက် ဖြစ်ပေသည်။ အလ္လာဟ်သည် ရင်ဘတ်များ တွင်ရှိသောကိစ္စရပ်များကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။ **၁၅၅။** အုပ်စုနှစ်စု တွေ့ဆုံရင်ဆိုင်သည့်နေ့က အသင်တို့အနက်မှ လှည့်ထွက်သွားသောသူတို့ကို စင်စစ်တွင် သူတို့၏ တချို့သောလုပ်ရပ်များကြောင့် ရှိုင်သွာန်က ဖြားယောင်းခဲ့ခြင်းသာဖြစ်သည်။ အလ္လာဟ်သည် သူတို့ကို ခွင့်လွှတ်လိုက်ပြီ ဖြစ်သည်။ အလ္လာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော အလွန် သနားတော်မူသော အရှင်ပင် ဖြစ်သည်။

၁၅၆။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ သင်တို့သည် အကြင်သွေဖည်ငြင်းပယ်သူများကဲ့သို့ မဖြစ်ကြလေနှင့်။ ၎င်းတို့က ခရီးတစ်ခုခု သို့မဟုတ် ဂျေဟားဒ်လုပ်ရန် ထွက်သွားကြပြီး သေဆုံးကွယ်လွန်သွားကြသော မိမိတို့၏နောင်တော်များနှင့် စပ်လျဉ်း၍ ဤသို့ ပြောကြလေသည်။ အကယ်၍ သူတို့သည် ငါတို့နှင့်အတူ ရှိနေကြလျှင် သေကြမည်လည်းမဟုတ်၊ အသတ်ခံရမည်လည်းမဟုတ်ပေ။ (ဤယုံကြည်မှုကို သူတို့ နလုံးသားထဲ ထည့်ထားပေးခြင်းမှာ) အလ္လာဟ်သည် သူတို့၏နလုံးသားများထဲတွင် ဤကိစ္စရပ်ကို ဝမ်းနည်း ကြေကွဲနောင်တရစရာအဖြစ် ဖန်တီးပေးတော်မူရန် အတွက်ဖြစ်သည်။ စင်စစ်တွင် အလ္လာဟ်သာလျှင် ရှင်စေတော်မူသော၊ သေစေတော်မူသောအရှင် ဖြစ်ပေသည်။ အလ္လာဟ်သည် အသင်တို့လုပ်ဆောင်နေသမျှကို မုချဖြကန် တွေ့မြင်နေတော်မူသည်။ **၁၅၇။** အကယ်၍ အသင်တို့သည် အလ္လာဟ်လမ်းတွင် သေဆုံးသွားလျှင်၊ သို့မဟုတ် အသတ်ခံလိုက်ရလျှင် အလ္လာဟ်၏ ခွင့်လွှတ်ချမ်းသာပေးမှုနှင့် ကရုဏာသည် လူတို့စုဆောင်းသည့် အရာများထက် ပိုကောင်းပေသည်။ **၁၅၈။** မည်သို့ပင် ဆိုစေ သင်တို့သည် သေသည်ဖြစ်စေ၊ အသတ်ခံရသည်ဖြစ်စေ အလ္လာဟ်ထံတွင်သာ စုရုံးခြင်းခံ ကြရမည်ဖြစ်သည်။ **၁၅၉။** အသင်သည် သူတို့နှင့် နူးညံ့စွာဆက်ဆံခဲ့သည်မှာ အလ္လာဟ် ကရုဏာတော်ကြောင့်ပင် ဖြစ်သည်။ အကယ်၍ အသင်သည် ကြမ်းတမ်း၍ နလုံးခက်ထန်သူဖြစ်ပါမူ ဤသူတို့သည် အသင့်အနားမှ မုချထွက်ပြေး သွားကြလိမ့်မည်။ သို့ရှိရာ သင်သည် ၎င်းတို့ကို ခွင့်လွှတ်ပါလေ။ သူတို့အတွက် လွတ်ငြိမ်း

ချမ်းသာခွင့်ရရန် တောင်းခံပေးပါလေ။ ထို့ပြင် အရေးကိစ္စများတွင် သူတို့နှင့် ဆွေးနွေးတိုင်ပင်ပါလေ။ ဆုံးဖြတ်ချက်ချလိုက်ပြီဆိုလျှင်တော့ အလွှာဟ်ပေါ်၌သာ ယုံပုံအပ်နှင်းလိုက်ပါ။ အလွှာဟ်သည် မိမိအပေါ် ယုံပုံအပ်နှင်းသူများကို အမှန်ပင် နှစ်သက်တော်မူသည်။ **၁၆၀။** အကယ်၍ အလွှာဟ်သည် အသင်တို့ကို ကူညီနေပါလျှင် အသင်တို့ကို လွှမ်းမိုးနိုင်မည့်သူ မည်သူမျှ ရှိမည်မဟုတ်။ အကယ်၍ ထိုအရှင်က သင်တို့ကို စွန့်ပစ်ထားလိုက်လျှင် အရှင်မြတ်နှင့် ဆန့်ကျင်၍ မည်သူက အသင်တို့ကို ကူညီမည်နည်း။ ယုံကြည်သူများသည် အလွှာဟ်ပေါ်တွင်သာ ယုံပုံကိုးစား ထိုက်ပေသည်။

၁၆၁။ တစ်စုံတစ်ရာကို ထိမ်ချန်လျှို့ဝှက်ခြင်းသည် နဗီတမန်တော်တစ်ပါးပါး၏လုပ်ရပ် အလျှင်းမဟုတ်။ တစ်စုံတစ်ရာကို ထိမ်ချန်လျှို့ဝှက်သူသည် ထိုအရာကို ကိယာမတ်နေ့တွင် ယူဆောင်လာပေမည်။ ထို့နောက် လူတိုင်းသည် သူလုပ်ဆောင်ခဲ့သမျှ၏ အစားကို ပြည့်ပြည့်ဝဝ ရပေမည်။ သူသည် လုံးဝ မတရား ပြုခြင်းခံရမည်မဟုတ်ပေ။ **၁၆၂။** အလွှာဟ်၏နှစ်သက်မှုကို လိုက်နာသူသည် အကြင်သူနှင့် တူပါမည်လော။ ထိုသူသည် အလွှာဟ်၏အမျက်ဒေါသကို ယူလာ၍ ဂျဟန္နမ်ငရဲတွင် နေရမည့်သူဖြစ်သည်။ ယင်းငရဲသည် အဘယ်မျှဆိုးဝါးသော နေရာထိုင်ခင်းပါနည်း။ **၁၆၃။** အလွှာဟ်ထံပါးတွင် သူတို့၏ အဆင့်များသည် တစ်ခုနှင့်တစ်ခုမတူ အမျိုးမျိုးရှိလိမ့်မည်။ အလွှာဟ်သည် သူတို့လုပ်ဆောင်သမျှကို ကြည့်နေတော်မူသည်။ **၁၆၄။** အလွှာဟ်သည် ယုံကြည်သူတို့အပေါ်တွင် သူတို့ထဲမှပင် တမန်တော်တစ်ပါးကို ပွင့်ပေါ်စေခြင်းအားဖြင့် ကျေးဇူးပြုတော်မူခဲ့သည်။ ယင်းတမန်တော်သည် သူတို့အား အလွှာဟ်အာယတ်တော်များကို ဖတ်ပြသည်။ သူတို့ကို သန့်စင်အောင်လုပ်ပေးသည်။ ထို့ပြင် ကျမ်းဂန်နှင့် အမြော်အမြင်ကို သင်ပေးသည်။ ဤမတိုင်မီက သူတို့သည် ထင်ရှားသော လမ်းမှားမှု၌ မုချရှိခဲ့ကြသည်။

၁၆၅။ တစ်ဖန် အသင်တို့တွင် ဤသို့သောဒုက္ခမျိုး ရောက်ခဲ့ကြသည်။ ယင်းဒုက္ခမျိုး၏ နှစ်ဆရှိသောဒုက္ခမျိုးကို အသင်တို့က ၎င်းတို့ကို ပေးခဲ့ကြပြီး ဖြစ်သည်။ အသင်တို့က ဤဒုက္ခသည် အဘယ်မှ ရောက်လာခဲ့သနည်းဟု ပြောဆိုခဲ့ကြ

သည်။ အသင်ပြောပါ။ ယင်းဒုက္ခသည် အသင်တို့ထံမှပင် ဖြစ်သည်။ စင်စစ်တွင် အလ္လာဟ်သည် အရာခပ်သိမ်းကို စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်သည်။ **၁၆၆။** အုပ်စုနှစ်စု ရင်ဆိုင်ခဲ့ကြသည့်နေ့တွင် အသင်တို့ထံ ဆိုက်ရောက်ခဲ့သော ဒုက္ခသည် အလ္လာ့ဟ်အမိန့်တော်ဖြင့်သာ ရောက်ခဲ့ခြင်း ဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်သည် ယုံကြည်သူများကို သိရှိရန် အတွက်ဖြစ်သည်။ **၁၆၇။** ထို့ပြင် မုနာဖိက်များကို သိရှိရန်အတွက်လည်း ဖြစ်သည်။ ထိုမုနာဖိက်တို့အား အသင်တို့လာကြပါ၊ အလ္လာ့ဟ်လမ်းတော်မှာ တိုက်ခိုက်ကြပါ၊ သို့မဟုတ် ရန်သူများကို ခုခံကြပါဟုပြောသောအခါ သူတို့က အကယ်၍ စစ်ဖြစ်မည်ဟု ကျွန်ုပ်တို့ သိကြလျှင် အသင်တို့နှင့်အတူ ဧကန်ပင် လိုက်ကြမည်ဖြစ်သည်ဟု ပြောကြသည်။ သူတို့သည် ထိုနေ့၌ အီမာန်ထက်စာလျှင် ကွဖ်ရ်ဘက်သို့ ပို၍ နီးကပ်ခဲ့ကြသည်။ သူတို့သည် မိမိတို့၏ စိတ်များထဲတွင် မရှိသည်ကို မိမိတို့နှုတ်များဖြင့် ပြောကြသည်။ အလ္လာဟ်သည် သူတို့ထိမ်ချန်ကြသော အရာများကို အသိဆုံးဖြစ်တော်မူသည်။ **၁၆၈။** ဤသူတို့သည် ကိုယ်တိုင်ထိုင်နေကြပြီး မိမိတို့၏ ညီနောင်များနှင့် ပတ်သက်ပြီး အကယ်၍ သူတို့သည် ကျွန်ုပ်တို့၏ စကားကိုသာ နာယူခဲ့ကြမည်ဆိုလျှင် သတ်ဖြတ်ခြင်း ခံကြရမည်မဟုတ်ဟု ပြောခဲ့ကြသည်။ အသင်ပြောပါ။ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် မိမိတို့ထံမှ သေခြင်းတရားကို ဖယ်ရှားကြကုန်။

၁၆၉။ အသင်သည် အလ္လာ့ဟ်လမ်းတော်၌ အသတ်ခံရသောသူတို့ကို သူသေများဟူ၍ အလျှင်း မထင်မှတ်ပါလေနှင့်။ အမှန်စင်စစ်တွင် ထိုသူများသည် မိမိတို့၏အရှင်ထံတော်၌ အသက်ရှင်နေသူများပင် ဖြစ်ကြသည့်ပြင် ရိက္ခာလည်း ရကြကုန်၏။ **၁၇၀။** အလ္လာဟ်က မိမိကျေးဇူးတော်ထဲမှ သူတို့ကို ချီးမြှင့်သည့် အရာများဖြင့် ပျော်ရွှင်လျက်ရှိနေကြသည်။ ထို့ပြင် မိမိတို့ထံ ယခုထိ ရောက်မလာသေးသော၊ မိမိတို့ နောက်၌ရှိသူများနှင့် ပတ်သက်၍လည်း ပျော်ရွှင် ဝမ်းမြောက်နေကြသည်။ သူတို့အတွက်လည်း မည်သည့်စိုးရိမ်မှုမှ မရှိသည့်အပြင် သူတို့သည် ပူဆွေးဝမ်းနည်းကြမည်လည်း မဟုတ်ပေ။ **၁၇၁။** အလ္လာ့ဟ်ထံတော်မှ ဆုလာဘ်နှင့် ကျေးဇူတော်ကြောင့်၊ ထို့ပြင် အလ္လာဟ်သည် ယုံကြည်သူများ၏ အကျိုးကို

ဖျက်ဆီးတော်မူမည် မဟုတ်သောကြောင့် သူတို့သည် ပျော်ရွှင်ဝမ်း မြောက်လျက် ရှိကြသည်။ **၁၇၂။** အကြင်သူတို့သည် ဒဏ်ရာဒဏ်ချက်များရပြီး နောက်တွင် အလွှာဟ်နှင့် ရစူလ်တမန်တော်၏အမိန့်ကို နာယူခဲ့ကြသည်။ သူတို့အနက် ကောင်းမြတ်သည့်သူများနှင့် အပြစ်ရှောင်ကြဉ်သူများအဖို့ ကြီးကျယ်လှသည့် အကျိုးကုသိုလ်ရှိပေသည်။ **၁၇၃။** လူတို့က သူတို့အား ရန်သူများသည် အသင်တို့ အား ရင်ဆိုင် တိုက်ခိုက်ကြရန် အင်အားအလုံးအရင်းကို စုစည်းထားလိုက်ကြပြီ၊ ထို့ကြောင့် သူတို့ကို ကြောက်ကြဟု ပြောခဲ့ကြလေသည်။ သို့သော် ထိုအရာသည် သူတို့၏ ယုံကြည်မှုကို ပိုတိုးပွားသွားစေခဲ့သည်။ ထို့ပြင် သူတို့က အလွှာဟ်သည် ကျွန်ုပ်တို့အဖို့ လုံလောက်ပေသည်။ အရှင်မြတ်သည် အကောင်းဆုံးသော အားထားရာအရှင်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ **၁၇၄။** သို့ရှိရာ သူတို့သည် မည်သည့်အန္တရာယ်မှ မကြုံခဲ့ရဘဲ အလွှာဟ်၏ဆုလာဘ်နှင့် ကျေးဇူးတရားတို့ဖြင့် အတူ ပြန်လာခဲ့ကြလေသည်။ ထို့ပြင် သူတို့သည် အလွှာဟ်၏နှစ်သက်မှုအတိုင်း လိုက်နာခဲ့ကြသည်။ ထို့ပြင် အလွှာဟ်သည် ကြီးကျယ်လှသော ကျေးဇူးတော်ရှင် ဖြစ်သည်။ **၁၇၅။** ထို (ခြိမ်းခြောက်)သူသည် ရှိုင်သွာန်ပင်။ သူသည် မိမိ၏အပေါင်း အပါများဖြင့် အသင်တို့ကို ခြိမ်းခြောက်လေသည်။ အသင်တို့ သူတို့ကို မကြောက် ရွံ့ကြနှင့်။ အသင်တို့သည် ယုံကြည်သူများဖြစ်ကြလျှင် ငါအရှင့်ကိုသာ ကြောက်ရွံ့ ကြကုန်။

၁၇၆။ ငြင်းပယ်မှုတွင် အပြိုင်အဆိုင် လုပ်နေသူတို့သည် အသင့် အဖို့ စိတ်ဒုက္ခရောက်ရခြင်း၏ အကြောင်းခံ မဖြစ်ပါစေနှင့်။ သူတို့သည် အလွှာဟ်ကို အနည်းငယ်မျှပင် နစ်နာအောင် အလျှင်းပြုစွမ်းနိုင်ကြမည်မဟုတ်။ အလွှာဟ်သည် သူတို့အဖို့ တမလွန်တွင် မည်သည့်ဝေစုမျှ ထားပေးရန် ရည်ရွယ်တော်မမူပေ။ ထို့ပြင် သူတို့အတွက် ကြီးကျယ်သော ပြစ်ဒဏ်ရှိပေမည်။ **၁၇၇။** ယုံကြည်မှုအစား ငြင်းပယ်မှုကို လဲလှယ်ဝယ်ယူသူတို့သည် အလွှာဟ်ကို အနည်းငယ်မျှပင် နစ်နာ အောင် ပြုစွမ်းနိုင်ကြမည်မဟုတ်၊ ထို့ပြင် သူတို့အတွက် အလွန်နာကျင်ဖွယ် ပြစ်ဒဏ်ရှိပေသည်။ **၁၇၈။** ငြင်းပယ်နေကြသူတို့သည် ငါအရှင်က သူတို့ကို ဆိုင်းငံ့

ထားတော်မူသည်ကို မိမိတို့အဖို့ ကောင်းလှသည်ဟု လုံး၀ မထင်မှတ်ကြလေနှင့်။ စင်စစ်တွင် ငါအရှင်သည် သူတို့အား ပြစ်မှုများတွင် ပိုတိုးလာစေရန်အတွက်သာ ဆိုင်းငံ့ထားခြင်းဖြစ်သည်။ ထို့ပြင် သူတို့အတွက် သေးသိမ်စေသော ပြစ်ဒဏ်လည်း ရှိပေသည်။ **၁၇၉။** အလ္လာဟ်သည် မသန့်စင်သူကို သန့်စင်သူနှင့် မခွဲခြားဘဲ မုအ်မင်န် များကို လက်ရှိအခြေအနေအတိုင်း လွှတ်ထားတော်မူမည် မဟုတ်ပေ။ ထို့ပြင် အလ္လာဟ်သည် အသင်တို့ကို အကွယ်နှင့် ပတ်သက်၍ အသိပေးမည် လည်း မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်သည် မိမိ၏ရစူလ်တမန်တော်များအနက်မှ မိမိ အလို ရှိတော်မူသောသူကို ရွေးချယ်တော်မူလေသည်။ သို့ရှိရာ အသင်တို့သည် အလ္လာဟ်နှင့် အလ္လာဟ်၏ရစူလ်တမန်တော်များကို ယုံကြည်ကြကုန်။ အကယ်၍ အသင်တို့သည် ယုံကြည်ကြပြီးနောက် သက္ကဝါတရားကို လက်ကိုင်ထားကြ မည်ဆိုလျှင် အသင်တို့အတွက် ကြီးကျယ်လှသော အကျိုးကုသိုလ်ရှိပေသည်။

၁၈၀။ ထို့ပြင် အလ္လာဟ်က မိမိ၏ ကျေးဇူးတော်ဖြင့် ပေးကမ်းသည့်အရာ နှင့်ပတ်သက်၍ စေးနဲကြသောသူတို့သည် ယင်းစေးနဲခြင်းက သူတို့အဖို့ ကောင်း မြတ်သည်ဟု မထင်မှတ်ကြလေနှင့်။ စင်စစ်တွင် ယင်း(စေးနဲခြင်း)သည် သူတို့အဖို့ ဆိုးရွားလှသည်။ သူတို့သည် ကိယာမသ်နေ့တွင် မိမိတို့စေးနဲခဲ့ကြသော အရာများ ဖြင့် လည်ပင်းတွင် ကွင်းစွပ်ခံကြရပေမည်။ ထို့ပြင် အလ္လာဟ်သာလျှင် ကောင်းကင် များနှင့် မြေပထဝီကို ဆက်ခံမည့်အရှင်ဖြစ်သည်။ အလ္လာဟ်သည် အသင်တို့ ပြုမူသမျှကို အလွန်ကြားသိတော်မူသောအရှင် ဖြစ်သည်။ **၁၈၁။** စင်စစ်တွင် အ လ္လာဟ်သည် ဆင်းရဲသားဖြစ်ပြီး ငါတို့သည် သူဌေးသူကြွယ်များ ဖြစ်ကြသည်ဟု ပြောခဲ့ကြသောသူတို့၏ပြောစကားကို အလ္လာဟ်သည် မုချ ကြားတော်မူပေသည်။ ငါအရှင်မြတ်သည် သူတို့၏ပြောစကားကိုရော သူတို့နဗီတမန်တော်များကို မတရား သတ်ဖြတ်ခဲ့သည်ကိုပါ ရေးမှတ်တော်မူမည်။ ထို့နောက် ငါအရှင်မြတ်ကလည်း ယခု အသင်တို့သည် ငရဲမီးဖို၏ပြစ်ဒဏ်ကို မြည်းစမ်းကြလော့ဟု မိန့်ကြားပေမည်။ **၁၈၂။** ဤသည် အသင်တို့ ကိုယ်တိုင်၏လက်များဖြင့်ရှာဖွေခဲ့သော ပြစ်မှုများကြောင့် ပင် ဖြစ်ပေသည်။ စင်စစ်တွင် အလ္လာဟ်သည် မိမိ၏အစေတော်များအား မတရားပြု

လုပ်တော်မူသည့်အရှင် မဟုတ်ပေ။ **၁၈၃။** မီးစားသည့် စွန့်လှူမှုတစ်ခုခုကို ကျွန်ုပ်တို့ ရှေ့သို့ မယူဆောင်လာမချင်း ကျွန်ုပ်တို့သည် မည်သည့်ရဏူလ်ကိုမျှ မယုံကြည်ကြရန် အလွှာဟ်က ကျွန်ုပ်တို့အား အမိန့်ပေးထားသည်ဟု ပြောကြ သူများကို အသင် ဤသို့ ပြောပါ။ ငါ့ထက်အလျင်က ရဏူလ်တမန်တော်များသည် အသင်တို့ထံသို့ သက်သေအထောက်အထားများနှင့်၊ အသင်တို့ ပြောဆိုနေသည့် အရာတို့ကို ယူဆောင်၍ လာရောက်ခဲ့ကြ၏။ သို့ပါလျက် အသင် တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင် အဘယ်ကြောင့် ထိုတမန်တော်များအား သတ်ဖြတ် ခဲ့ကြပါသနည်း။

၁၈၄။ အကယ်၍ သူတို့သည် အသင့်အား လိမ်လည်သူဟု စွပ်စွဲကြပါမူ အသင့်အလျင်ကလည်း ထင်ရှားသော သက်သေအထောက်အထားများ၊ ကျမ်းငယ်များနှင့် ထွန်းလင်းတောက်ပသော ကျမ်းကို ယူဆောင်၍လာခဲ့ကြသည့် ရဏူလ်တမန်တော်များသည်ပင် လိမ်လည်သူများဟု စွပ်စွဲခံခဲ့ကြရပြီး ဖြစ်ပေသည်။ **၁၈၅။** လူတိုင်းသည် သေခြင်းတရား၏အရသာကို မြည်းစမ်းရမည်သာ ဖြစ်သည်။ ထို့ပြင် အသင်တို့သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် မိမိတို့၏ အကျိုးများကို အပြည့်အဝပေးခြင်း ခံကြရပေမည်။ သို့ရှိရာ မည်သူမဆို အပါယ်ဝရဲမီးမှ လွတ်မြောက်သွားပြီး သုခဘုံအတွင်းသို့ ထည့်ခြင်းခံရလျှင် သူသည် မုချ အောင်မြင်သွားပေပြီ။ စင်စစ်တွင် လောကီဘဝသည် လှည့်စားထားသော ဥစ္စာပစ္စည်းသာလျှင် ဖြစ်ပေသည်။

၁၈၆။ အသင်တို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများ၊ မိမိတို့၏အသက်များနှင့်စပ်လျဉ်းပြီး အမှန်ပင် စမ်းသပ်ခြင်း ခံရကြရပေမည်။ ထို့ပြင် အသင်တို့သည် အသင်တို့အလျင်က ကျမ်းဂန်ရရှိခဲ့ကြသူများထံမှရော အလွှာဟ်နှင့် အခြားအရာကို တုဇက်ကိုးကွယ်သူများထံမှပါ အလွန်မှ စိတ်ထိခိုက်ဖွယ်ရာစကားများကို ကြားကြရပေမည်။ အကယ်၍ အသင်တို့သည် ခန္တီတရားထားကြကာ သက္ကဝါအကြောက်တရားကို လက်ကိုင်ပြုကြမည်ဆိုလျှင် ဤသည် ကြီးကျယ်လှသော ဇွဲလုံ့လရှိသည့် လုပ်ရပ်ပင် ဖြစ်ပေသည်။ **၁၈၇။** တစ်ခါတွင် အလွှာဟ်သည် ကျမ်းရပုဂ္ဂိုလ်များထံမှ အသင်တို့သည် အလွှာဟ်ကျမ်းဂန်ကို လူတို့အား ပြည့်ပြည့်ဝဝ ရှင်းလင်းစွာ

ဖော်ပြကြရမည်၊ ယင်းကို ဖုံးကွယ်ခြင်းမပြုကြရဟု ပဋ္ဌာဉ်ရရယူတော်မူခဲ့သည်။ သို့သော် သူတို့သည် ယင်းပဋ္ဌာဉ်ကို မိမိတို့၏ကျောနောက်သို့ပစ်ထားခဲ့ကြသည်။ ထို့ပြင် ယင်းပဋ္ဌာဉ်ကို အနည်းငယ်မျှသော အခကြေးငွေဖြင့် ရောင်းချခဲ့ကြသည်။ ထိုသူတို့ ဝယ်ယူလျက်ရှိသောအရာသည် အလွန်မှပင် ဆိုးဝါးပေသည်။ **၁၈၈**။ မိမိတို့၏မကောင်းသောလုပ်ရပ်များဖြင့် ပျော်ရွှင်ဝမ်းသာနေကြပြီး မိမိတို့မပြုလုပ်ခဲ့သော အလုပ်များနှင့်ပတ်သက်၍ ချီးမွမ်းခံလိုကြသည်၊ သူတို့သည် အပြစ်ဒဏ်မှ ကင်းလွတ်ကြမည်ဟု မထင်မှတ်လေနှင့်။ သူတို့အဖို့ ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်ရှိပေသည်။ **၁၈၉**။ မိုးကောင်းကင်များနှင့် မြေပထဝီ၏ စိုးပိုင်မှုသည် အလွှာဟ်အဖို့သာ ဖြစ်သည်။ အလွှာဟ်သည် အရာခပ်သိမ်းအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်သည်။

၁၉၀။ မိုးကောင်းကင်များနှင့် ကဿမြေကို ဖန်ဆင်းခြင်းတွင်၊ ညနှင့် နေ့၏ အလှည့်ကျပြောင်းလဲမှုတွင် အသိဉာဏ်ပညာရှင်တို့အဖို့ အမှန်ပင် မြောက်မြားစွာသော သက်သေလက္ခဏာများရှိ၏။ **၁၉၁**။ ထိုအသိဉာဏ်ပညာ ရှင်တို့သည် မတ်တတ်ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ ဘေးတစောင်း လှဲလျောင်းလျက်ဖြစ်စေ အလွှာဟ်ကို အောက်မေ့တသ သတိရကြကုန်၏။ ထို့ပြင် မိုးကောင်းကင်များနှင့် ကဿမြေအား ဖန်ဆင်းခံထားရခြင်းအပေါ် စဉ်းစားဆင်ခြင်ကြ၏။ သူတို့က လျှောက်ထားကြသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် ဤအရာအားလုံးကို ရည်ရွယ်ချက်မဲ့စွာ ဖန်ဆင်းထားတော်မူသည် မဟုတ်ပါ။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။ သို့ပါ၍ ကျွန်တော်မျိုးတို့အား ငရဲမီး၏ ပြစ်ဒဏ်မှ ကယ်တင်တော်မူပါ။ **၁၉၂**။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် မည်သူကိုမဆို မီးအတွင်းသို့ ထည့်သွင်းတော်မူလျှင် အရှင်မြတ် သည် ထိုသူကို မုချဂုဏ်ရည်သေးသိမ်စေတော်မူပိုင်ခြင်းပင် ဖြစ်ပါသည်။ မတရားကျူးလွန်သူတို့အဖို့ ကူညီမည့်သူ မည်သူမျှ ရှိမည်မဟုတ်ပေ။ **၁၉၃**။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့သည် ကြွေးကြော်သူတစ်ဦးက အသင်တို့သည် မိမိတို့၏ အရှင်အား ယုံကြည်ကြကုန်ဟု ယုံကြည်မှာဘက်သို့ ဖိတ်ခေါ်နေသည်ကို ကြားခဲ့ကြ

လေရာ ယုံကြည်ခဲ့ကြပါသည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့၏ အပြစ်များကို ခွင့်လွှတ်ပေးတော်မူပါ။ ကျွန်တော်မျိုးတို့၏ မကောင်းမှုများကို ကျွန်တော်မျိုးတို့ထံမှ ကင်းဝေးစေတော်မူပါ။ ကျွန်တော်မျိုးတို့ကို သူတော်ကောင်း များနှင့်အတူ သေဆုံးစေတော်မူပါ။ **၁၉၄။** အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်သည် မိမိ၏ ရဂူလိတမန်တော်များမှတစ်ဆင့် ကျွန်တော်မျိုးတို့အား ပြုတော်မူခဲ့သော ကတိတော်ကိုလည်း ကျွန်တော်မျိုးတို့အား ပေးသနားတော်မူပါ။ ကျွန်တော်မျိုးတို့ အား ကိယာမသိရှင်ပြန်ထမည့်နေ့တွင် ဂုဏ်ရည်သေးသိမ်အောင်ပြုတော်မမူပါ လေနှင့်။ အရှင်သည် မိမိ၏ကတိတော်ကို လုံးဝဖောက်ဖျက်တော်မူသည် မဟုတ် ပါ။

၁၉၅။ သူတို့၏အရှင်က သူတို့၏တောင်းဆုကို လက်ခံသဘော တူခဲ့သည်။ ငါအရှင်သည် အသင်တို့အနက် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မည်သည့်ကျင့်ကြံသူ၏ ကျင့်ကြံမှုကိုမျှ အလဟဿအချည်းနီး ပြုလုပ်တော်မူ မည်မဟုတ်ပေ။ အသင်တို့အချင်းချင်း တစ်ဦးသည် တစ်ဦး၏အစိတ်အပိုင်းပင် ဖြစ် သည်။ သို့ရှိရာ အကြင်သူတို့သည် နေရပ်မှပြောင်းရွှေ့နေထိုင်ခဲ့ကြ၏။ ထို့ပြင် မိမိ တို့၏ နေအိမ်များမှ နှင်ထုတ်ခြင်းလည်း ခံခဲ့ကြရ၏။ ငါအရှင်၏ လမ်းတော်တွင် ဒုက္ခပေးခြင်းကိုလည်း ခံခဲ့ကြရ၏။ ထို့ပြင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြပြီး သတ် ဖြတ်ခြင်းကိုလည်း ခံခဲ့ကြရ၏။ ငါအရှင်သည် သူတို့ထံမှ သူတို့၏ မကောင်းမှုများကို မုချ ကင်းဝေးစေတော်မူမည်။ ထို့ပြင် သူတို့အား အောက်ခြေတွင် စမ်းချောင်းများ စီးဆင်းလျက်ရှိသော ဥယျာဉ်များအတွင်း ဝင်ရောက်စေတော်မူမည်။ ဤသည် အလွှာဟ်ထံတော်ပါးမှ ကုသိုလ်အကျိုးပင်ဖြစ်သည်။ အကောင်းဆုံးသော ကုသိုလ် အကျိုးသည် အလွှာဟ်ထံတော်ပါးတွင်သာ ရှိပေသည်။ **၁၉၆။** တိုင်းပြည် အတွင်း၌ ငြင်းပယ်သူတို့၏သွားလာလှုပ်ရှားနေမှုသည် အသင့်အား မလှည့်စားမိစေနှင့်။

၁၉၇။ ဤသည် အနည်းငယ်မျှသော အကျိုးခံစားမှုသာ ဖြစ်ပေ သည်။ ထို့နောက်တွင် သူတို့၏ နေရာထိုင်ခင်းသည် ငရဲဘုံသာ ဖြစ်မည်။ ငရဲဘုံသည် အလွန်ဆိုးရွားသော နေရာပင် ဖြစ်ပေသည်။ **၁၉၈။** သို့သော် မိမိတို့၏အရှင်ကို

ကြောက်ရွံ့ကြသောသူတို့အဖို့မှာ အောက်ခြေတွင် စမ်းရေချောင်းများ စီးတွေ လျက်ရှိသည့် ဥယျာဉ်များရှိပေမည်။ သူတို့သည် ယင်းဥယျာဉ်များတွင် အမြဲထာဝရ နေထိုင်ကြရပေမည်။ ဤသည် အလ္လာဟ်ဘက်တော်မှ သူတို့အတွက် ဇည့်ခံ တော်မူခြင်းဖြစ်သည်။ ထို့ပြင် အလ္လာဟ်ထံတော်၌ ရှိသည့်အရာတို့သည် သူမွန် သူမြတ်တို့အဖို့ အကောင်းဆုံးပင် ဖြစ်သည်။ **၁၉၉။** စင်စစ်တွင် ကျမ်းရသူတို့အနက် တချို့ ဤသို့လည်းရှိ၏။ သူတို့သည် အလ္လာဟ်ကို ယုံကြည်ကြသည်။ အသင်တို့ ထံသို့ ပို့ချပေးသည့်ကျမ်းကိုလည်း ယုံကြည်ကြ၏။ သည်အလျင်က သူတို့ထံ ပို့ချပေးခဲ့သည့်ကျမ်းကိုလည်း ယုံကြည်ကြ၏။ သူတို့သည် အလ္လာဟ်ရှေ့တော် မှောက်တွင် နှိမ့်ချကျိုးနွံလျက်လည်း ရှိကြ၏။ သူတို့သည် အလ္လာဟ်၏မုကွပါဠိ တော်များကို အနည်းငယ်မျှသော အခကြေးငွေနှင့် လဲလှယ်ရောင်းချခြင်းလည်း မပြုကြ။ ထိုသို့သောသူတို့အဖို့ သူတို့၏ အကျိုး ကုသိုလ်သည် သူတို့၏အရှင်ထံပါး၌ အသင့်ရှိ၏။ အလ္လာဟ်သည် အမှန်ပင် လျင်မြန်စွာ စာရင်းစစ်ဆေးတော်မူမည့်အရှင် ဖြစ်တော်မူသည်။ **၂၀၀။** အို-ယုံကြည်သူတို့၊ ခန္တီတရားထားကြလေကုန်။ ပြိုင်ဆိုင် တိုက်ခိုက်ရာတွင် ကြံ့ကြံ့ခံရပ်တည်ကြလေကုန်။ နယ်စပ်များကို စောင့်ကြပ်ကြလေ ကုန်။ အလ္လာဟ်ကို ကြောက်ရွံ့ကြလေကုန်။ သို့ဆိုလျှင် အသင်တို့ အောင်မြင် ကောင်း အောင်မြင်ကြလိမ့်မည်။

၄။ စူရပ်နိစ္စာအ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အို-လူအပေါင်းတို့၊ မိမိတို့အား ဖန်ဆင်းမွေးမြူသော အရှင်ကို ကြောက်ရွံ့ကြကုန်။ အရှင် မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့ သည်။ ထို့နောက် ၎င်းမှပင် သူ၏ ကြင်ရာကြင်ဖက်ကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ယင်းတို့နှစ်ဦးမှ များစွာသောအမျိုးသားများနှင့် အမျိုးသမီးများကို

ပျံ့နှံ့စေ တော်မူခဲ့သည်။ အသင်တို့သည် အလ္လာဟ်အား ကြောက်ရွံ့ကြလေကုန်။ ထိုအရှင်ကို အကြောင်းခံပြီး အသင်တို့သည် တစ်ဦးနှင့်တစ်ဦး တောင်းဆိုမှုပြုကြသည်။ ထို့ပြင် ဆွေမျိုးသားချင်းများကိုလည်း ကြည့်ရှုစောင့်ရှောက်ကြကုန်။ အလ္လာဟ်သည် အသင်တို့အား အမှန်ပင် စောင့်ကြပ်နေတော်မူသော အရှင်ဖြစ်သည်။ ၂။ ထို့ပြင် ဖတဆိုးကလေးများ၏ ဥစ္စာပစ္စည်းများကို ပြန်လည်ပေးကြလေကုန်။ အညံ့ပစ္စည်းကို အကောင်းပစ္စည်းနှင့် မလဲလှယ်ကြကုန်နှင့်။ သူတို့၏ ဥစ္စာပစ္စည်းများ နှင့် မိမိတို့၏ ဥစ္စာပစ္စည်းများကို ရောနှော၍ မစားသောက်ကြလေနှင့်။ ဤသည် အလွန်ကြီးလေးသော အပြစ်ဖြစ်သည်။ ၃။ အကယ်၍ အသင်တို့သည် ဖတဆိုးမိန်းကလေးများနှင့် ပတ်သက်၍ မျှတစွာ ကျင့်ဆောင်နိုင်ကြမည်မဟုတ်ဟု စိုးရိမ်ကြလျှင် မိမိတို့ကြိုက်နှစ်သက်သော အခြားအမျိုးသမီးများအနက် နှစ်ယောက်ဖြစ်စေ၊ သုံးယောက်ဖြစ်စေ၊ လေးယောက်ဖြစ်စေ ထိမ်းမြားကြကုန်။ အကယ်၍ အသင်တို့သည်တရားမျှတမှုမပြုနိုင်မည်ကိုစိုးရိမ်ကြလျှင်မိန်းမတစ်ဦးတည်းကိုသာ လက်ထပ်ကြကုန်။ သို့မဟုတ် အသင်တို့ ပိုင်ဆိုင်သော ကျွန်မိန်းမနှင့် တင်းတိမ်ကြကုန်။ ဤသည် အသင်တို့ တရားမျှတမှုမှ လွဲဖယ်မသွားကြစေရန် အနီးစပ်ဆုံးဖြစ်သည်။ ၄။ အမျိုးသမီးများအား သူတို့၏ မဟရ်ကို ကြည်ဖြူစွာ ပေးကြကုန်။ တစ်ဖန် အကယ်၍ သူတို့က မဟရ်အနက်မှ တချို့ကို အသင်တို့အဖို့ ကြည်ဖြူစွာ စွန့်လွှတ်ကြပါလျှင် အသင်တို့သည် ထိုမဟရ်ကို အားရကျေနပ်စွာ စားသုံးကြပါ။

၅။ ထို့ပြင် အလ္လာဟ်က အသင်တို့အဖို့ ရပ်တည်ရာအကြောင်းခံအဖြစ် ပြုထားပေးတော်မူသော ဥစ္စာပစ္စည်းများကို အသိပညာနည်းပါးသူတို့အား မပေးကြလေနှင့်။ ထိုဥစ္စာပစ္စည်းများထဲမှ သူတို့ကို ကျွေးမွေးကြကုန်။ ဝတ်ဆင်ပေးကြကုန်။ ထို့ပြင် သူတို့ကို ကောင်းသောစကား ဆိုကြကုန်။ ၆။ အသင်တို့သည် ဖတဆိုးကလေးများကို စမ်းသပ်လျက်နေကြကုန်။ သူတို့သည် ထိမ်းမြားရန် အရွယ်ရောက်ရှိကြပြီး သူတို့ထဲတွင် ဆင်ခြင်တုံတရားကို အသင်တို့ မြင်တွေ့ရလေသော် သူတို့၏ဥစ္စာပစ္စည်းကို သူတို့အား ပေးအပ်လိုက်ကြကုန်။ သူတို့၏ ဥစ္စာပစ္စည်းများကို ဖြုန်းတီးသည့်အနေနှင့်လည်းကောင်း၊ သူတို့ကြီးပြင်းလာမည်ကို စိုးရိမ်သည့်

အတွက်ကြောင့်လည်းကောင်း မစားသုံးကြလေနှင့်။ မလိုအပ်သူသည် ဖတဆိုး ကလေး၏ ဥစ္စာပစ္စည်းကို ရှောင်ကြဉ်ရမည်။ လိုအပ်ချက်ရှိသူသည် တရားဥပဒေနှင့် အညီ အသင့်အတင့် စားနိုင်သည်။ တစ်ဖန် အသင်တို့သည် သူတို့၏ ပစ္စည်းဥစ္စာ များကို သူတို့ထံ ပြန်လည်ပေးအပ်ကြသောအခါ အသိသက်သေများ ထားရှိကြ ကုန်။ အလ္လာဟ်သည် စာရင်းစစ်ရန်အတွက် လုံလောက်တော်မူသော အရှင်ဖြစ် သည်။ **၇။** မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများက ထားရစ်ခဲ့သော အမွေပစ္စည်းများ တွင် အမျိုးသားများအတွက်လည်း ဝေစုရှိသည်။ ထို့ပြင် မိဘနှစ်ပါးနှင့် ဆွေမျိုး သားချင်းများက ထားရစ်ခဲ့သော အမွေပစ္စည်းများတွင် အမျိုးသမီးများအတွက် လည်း ဝေစုရှိသည်။ အနည်းငယ်ဖြစ်စေ၊ အများအပြားဖြစ်စေ၊ သတ်မှတ် ထားပြီး သော ဝေစုတစ်ခုရှိသည်။ **၈။** အကယ်၍ ခွဲဝေချိန်၌ ဆွေမျိုးသားချင်းများ၊ ဘမဲ့ ကလေးများ၊ ဆင်းရဲသားများ အသင့်ရောက်ရှိလာကြလျှင် ထိုထဲမှ အနည်းငယ်ကို သူတို့ကိုပါ ပေးကမ်းကြကုန်။ ထို့ပြင် သူတို့အား ကောင်းမွန်စွာ ပြောဆိုကြကုန်။ **၉။** အကယ်၍ မိမိတို့သေဆုံးပြီးနောက်တွင် အားနွဲ့သောကလေးငယ်များထားရစ်ခဲ့ရ မည်ကို စိုးရိမ်ပူပန်ကြသောသူများသည် (ဖတဆိုးကလေးများအား မတရားမှုပြုမိ မည်ကို) ကြောက်ရွံ့ရပေမည်။ သူတို့သည် အလ္လာဟ်အား ကြောက်ရွံ့ကြရပေမည်။ ဖြောင့်မတ်သောစကားကိုသာ ပြောဆိုကြရပေမည်။ **၁၀။** ဖတဆိုးကလေးများ၏ဥ စ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြသူတို့သည် စင်စစ်တွင် မိမိတို့၏ဝမ်းဗို က်များအတွင်းသို့ မီးကို ဖြည့်တင်းနေကြခြင်းသာ ဖြစ်သည်။ သူတို့သည် တောက် လောင်လျက်ရှိသော မီးအတွင်း ဝင်ရောက်ကြရပေမည်။

၁၁။ အလ္လာဟ်သည် အသင်တို့အား အသင်တို့၏ သားသမီးများနှင့် စပ် လျဉ်း၍ မိန့်မှာတော်မူသည်မှာ ယောကျ်ားတစ်ဦး၏ဝေစုသည် မိန်းမနှစ်ဦး၏ ဝေစု နှင့် ညီမျှသည်။ အကယ်၍ မိန်းမများသည် နှစ်ဦးထက်ပို၍ပါမူ သူတို့အတွက် အမွေ ရှင် ထားရစ်ခဲ့သည်အထဲမှ သုံးပုံနှစ်ပုံဖြစ်သည်။ အကယ်၍ မိန်းမတစ်ဦးတည်းသာ ဖြစ်လျှင် သူ့အတွက် တစ်ဝက်ဖြစ်သည်။ သေဆုံးသူတွင် အကယ်၍ သားသမီးရှိခဲ့ လျှင် သေဆုံးသူ၏ မိဘနှစ်ပါးအနက် တစ်ပါးစီအတွက် သူ၏အမွေပစ္စည်းမှ

ခြောက်ပုံတစ်ပုံစီ ဖြစ်သည်။ အကယ်၍ သူ့ထံတွင် သားသမီးမရှိဘဲ သူ၏ မိဘ နှစ်ပါးက အမွေဆက်ခံကြပါမူ ထိုသူ၏မိခင်အတွက် သုံးပုံတစ်ပုံ ဖြစ်သည်။ အကယ်၍ ယင်းသူ၌ ညီအစ်ကိုမောင်နှမများရှိခဲ့လျှင် ယင်းသူ၏မိခင်အတွက် ခြောက်ပုံတစ်ပုံ ဖြစ်ပေသည်။ ဤဝေစုတို့မှာ သေသူမှာတမ်းမှုပြုခဲ့သော ဝစ္စီယသ် သေတမ်းစာအတိုင်း ဆောင်ရွက်ပြီးနောက် သို့မဟုတ် အကြွေးများ ပေးဆပ်ပြီး နောက်မှသာလျှင် ဖြစ်သည်။ အသင်တို့၏ဖခင်များဖြစ်စေ သို့မဟုတ် အသင်တို့၏ သားများဖြစ်စေ၊ အသင်တို့အဖို့ မည်သူက ပို၍အကျိုးဖြစ်ထွန်းစေသူဖြစ်သည်ကို အသင်တို့ မသိကြပေ။ ဤသည် အလွှာဟ်သတ်မှတ်ပြဋ္ဌာန်းထားသော တာဝန် ဖြစ်သည်။ အလွှာဟ်သည် အလွန်သိတော်မူသောအရှင်၊ အမြော် အမြင်နှင့် အလွန် ပြည့်စုံတော်မူသောအရှင် အမှန်ပင် ဖြစ်သည်။ **၁၂။** အသင်တို့၏ ဇနီးမိန်းမ များတွင် သားသမီးတစ်ဦးမျှ မရှိခဲ့လျှင် သူတို့ထားရစ်ခဲ့သည့် ဥစ္စာပစ္စည်း၏ ထက်ဝက်သည် အသင်တို့အဖို့ ဖြစ်သည်။ အကယ်၍ သူတို့တွင် သားသမီးတစ်ဦးဦး ရှိခဲ့လျှင် သူတို့ထားရစ်ခဲ့သည်မှ လေးပုံတစ်ပုံသည် အသင်တို့အဖို့ ဖြစ်သည်။ (ဤသည်) သူတို့ မှာကြားခဲ့သော သေတမ်းစာအတိုင်း ဆောင်ရွက်ပြီးနောက် သို့မဟုတ် အကြွေးများကို ပေးဆပ်ပြီးနောက်မှဖြစ်သည်။ ထို့ပြင် အကယ်၍ အသင်တို့၌ သားသမီးတစ်ဦးမျှမရှိခဲ့လျှင် အသင်တို့ထားရစ်ခဲ့သည်များမှ လေးပုံတစ်ပုံသည် ယင်းဇနီးများအဖို့ ဖြစ်မည်။ အကယ်၍ အသင်တို့တွင် သားသမီးများ ရှိခဲ့ပါလျှင် အသင်တို့ထားရစ်ခဲ့သည်မှ ရှစ်ပုံတစ်ပုံသည် ယင်းဇနီးမိန်းမများအဖို့ ဖြစ်မည်။ ဤသည် အသင်တို့ မှာတမ်းပြုခဲ့သော သေတမ်းစာအတိုင်း ဆောင်ရွက်ပြီးနောက် သို့မဟုတ် အကြွေးများကို ပေးဆပ်ပြီးနောက်မှ ဖြစ်သည်။ အမွေထားရစ်ခဲ့သော ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သူသည် မိဘလည်းမရှိ၊ သားသမီးလည်းမရှိသူ ဖြစ်ပြီး သူ့ထံတွင် ညီအစ်ကိုတစ်ဦး သို့မဟုတ် အစ်မ၊ ညီမတစ်ဦးရှိခဲ့ပါမူ ယင်းတို့နှစ် ဦးအနက် တစ်ဦးစီအတွက် ခြောက်ပုံတစ်ပုံ ဖြစ်ပေမည်။ အကယ်၍ ၎င်းတို့သည် တစ်ဦးထက်ပိုနေလျှင် သူတို့သည် သုံးပုံတစ်ပုံဝေစုတွင် ညီတူမျှတူရကြသူများ ဖြစ်ကြပေမည်။ ဤသည် မှာတမ်းမှုပြုခဲ့သော သေတမ်းစာအရ ဆောင်ရွက်ပြီး

နောက် သို့မဟုတ် အကြွေးများကို ပေးဆပ်ပြီးနောက်မှ ဖြစ်မည်။ မည်သူကိုမျှ နစ်နာဆုံးရှုံးအောင် မလုပ်ရပေ။ ဤအမိန့်ပြဋ္ဌာန်းချက်သည် အလွှာဟ်ဘက်တော်မှ ဖြစ်သည်။ အလွှာဟ်သည် အလွန်သိတော်မူသောအရှင် အလွန်သည်းခံတော်မူသော အရှင်ဖြစ်ပေသည်။ **၁၃။** ဤသည် အလွှာဟ်သတ်မှတ်ထားသော စည်းမျဉ်းဥပဒေများပင် ဖြစ်သည်။ မည်သူမဆို အလွှာဟ်နှင့် အလွှာဟ်တမန်တော်၏ အမိန့်ကိုနာခံလျှင် အရှင်မြတ်သည် ထိုသူကို အောက်ခြေတွင် စမ်းချောင်းများ စီးတွေလျက်ရှိသည့် ဥယျာဉ်များ၌ ဝင်ရောက်စေတော်မူမည်။ သူတို့သည် ယင်း ဥယျာဉ်များ၌ အမြဲထာဝရ နေရမည့်သူများ ဖြစ်ကြသည်။ ဤသည် ကြီးမားသော အောင်မြင်မှုပင် ဖြစ်ပေသည်။ **၁၄။** သို့ရာတွင် မည်သူမဆို အလွှာဟ်နှင့် အရှင့်တမန်တော်၏ အမိန့်ကို ဖီဆန်မည်၊ အရှင်သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများကို လည်း ချိုးဖောက်မည်ဆိုလျှင် အရှင်မြတ်သည် ထိုသူကို အပါယ်ငရဲမီးတွင် ထည့်သွင်းတော်မူပေမည်။ သူသည် ထိုဝရဲမီး၌ အစဉ်ထာဝရနေရမည့်သူဖြစ်သည်။ ထို့ပြင် သူ့အတွက် သေးသိမ်စေသည့် ပြစ်ဒဏ်လည်း ရှိပေသည်။

၁၅။ ထို့ပြင် အသင်တို့၏ မိန်းမများအနက် တရားမဝင်ကာမကျူးလွန်ကြသူတို့အပေါ်တွင် အသင်တို့အထဲမှ သက်သေလေးဦးကို ထားရှိကြကုန်။ အကယ်၍ သူတို့က သက်သေထွက်ဆိုကြလျှင် သူမတို့အား အိမ်များအတွင်း၌ သေဆုံးသည့်တိုင်အောင် သို့မဟုတ် အလွှာဟ်က သူမတို့အဖို့ နည်းလမ်းတစ်စုံတစ်ရာ ပြုလုပ်ပေးသည့်တိုင်အောင် တားဆီးထားကြကုန်။ **၁၆။** ၎င်းပြင် အသင်တို့အနက်မှ ယောကျ်ားနှစ်ဦးသည် ယင်းတရားမဝင်ကာမ ကျူးလွန်လျှင် သူတို့နှစ်ဦးအား (ဒဏ်ခတ်)ဒုက္ခပေးကြလေကုန်။ တစ်ဖန် အကယ်၍ သူတို့နှစ်ဦးသည် အမှားဝန်ချ တောင်းပန်ပြီး ပြုပြင်လိုက်ကြလျှင် သူတို့ကို ဥပေက္ခာပြုထားလိုက်ကြကုန်။ အလွှာဟ်သည် ဝန်ချတောင်းပန်မှုကို အလွန်လက်ခံတော်မူသော အရှင်၊ အလွန် ကြင်နာသနားတော်မူသောအရှင် အမှန်ပင် ဖြစ်သည်။ **၁၇။** မသိမိုက်မဲမှုကြောင့် မကောင်းမှုကို ပြုလုပ်မိကြ၍ ချက်ချင်းပင် အမှားဝန်ချတောင်းပန်လိုက်ကြသူတို့၏ ဝန်ချတောင်းပန်မှုကို လက်ခံရန်မှာ အလွှာဟ်အပေါ်၌ တာဝန်ရှိပေ

သည်။ အလွှာဟ်သည် ဤသို့သော သူတို့၏ဝန်ချ တောင်းပန်မှုကို လက်ခံတော်မူလေသည်။ အလွှာဟ်သည် အလွန်သိတော်မူသောအရှင်၊ အမြော်အမြင်နှင့် အလွန် ပြည့်စုံတော်မူသောအရှင် ဖြစ်သည်။

၁၈။ အကြင်သူများ၏ဝန်ချတောင်းပန်မှုသည် တရားမဝင်ပေ။ ထိုသူတို့သည် မကောင်းမှုကို အမြဲကျူးလွန်ကြပြီး နောက်ဆုံးတွင် သူတို့အနက် တစ်ဦးဦးထံသေခြင်းတရားဆိုက်လာသောအခါမှ သူက ကျွန်ုပ်သည် ယခု ဝန်ချတောင်းပန်ပါသည်ဟု ပြောဆိုလေသည်။ ထို့အတူ ငြင်းပယ်သူများအဖြစ်နှင့် သေဆုံးသွားသူတို့၏ ဝန်ချတောင်းပန်ခြင်းသည်လည်း အထမမြောက်ပေ။ သူတို့အတွက် ငါအရှင်သည် ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်ကို အသင့်စီစဉ်ထားတော်မူသည်။

၁၉။ အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိန်းမများကို အမွေအဖြစ် အတင်းအဓမ္မ ရယူသိမ်းပိုက်ခြင်း မပြုပိုင်ပေ။ သူမတို့သည် ထင်ရှားသော ရှက်ဖွယ်အမှုကိုပြုကျင့်ခြင်းမရှိကြလျှင် အသင်တို့က သူမတို့ကို ပေးထားခဲ့သည့် ပစ္စည်းများမှ အချို့ကို ပြန်လည်ရယူရန် ရည်ရွယ်ချက်ဖြင့် သူမတို့အား ပိတ်ပင်တားဆီးခြင်း မပြုကြလေနှင့်။ သူမတို့ကို ကောင်းမွန်သည့်ပုံစံဖြင့် ဆက်ဆံကြလေကုန်။ အကယ်၍ အသင်တို့သည် သူမတို့အား မနှစ်မြို့ကြပါမူ အလွှာဟ်သည် အသင်တို့မနှစ်မြို့သည့်တစ်စုံတစ်ခုၦ အသင်တို့အဖို့ များစွာသော ကောင်းခြင်းများကို ထည့်ထားတော်မူသည်လည်း ဖြစ်တန်ရာ၏။ **၂၀။** အကယ်၍ အသင်တို့သည် ဇနီးမိန်းမတစ်ဦး၏နေရာၦ အခြားဇနီးမိန်းမတစ်ဦးကို ပြောင်းလဲလိုပါမူ အသင်တို့သည် ယင်းတို့အနက် တစ်ဦးကို ပစ္စည်းဥစ္စာ အမြောက်အများပေးခဲ့ပြီးဖြစ်လျှင်လည်း တစ်စုံတစ်ရာကိုမျှ ပြန်၍ မယူကြလေနှင့်။ အသင်တို့သည် မဟုတ်မမှန် ပြောဆိုစွပ်စွဲ၍၊ ထင်ထင်ရှားရှား အနိုင်ကျင့်ကာ ပြန်လည်ရယူလိုကြပါသလော။ **၂၁။** အသင်တို့သည် ထိုပစ္စည်းများကို အဘယ်ကဲ့သို့ ပြန်ယူနိုင်ကြမည်နည်း။ စင်စစ်တွင် အသင်တို့သည် တစ်ဦးနှင့်တစ်ဦး ဆုံတွေ့ပေါင်းသင်းပြီးဖြစ်သည်။ ထို့ပြင် သူမတို့သည် အသင်တို့ထံမှ ခိုင်မြဲသောကတိကို ရယူခဲ့ကြပြီးဖြစ်သည်။ **၂၂။** အသင်တို့၏ ဖခင်များက ထိမ်းမြားခဲ့ကြသော မိန်းမများကို အသင်တို့

လက်ထပ်ထိမ်းမြားခြင်း မပြုကြနှင့်။ သို့သော် ပြီးခဲ့ပြီးသောအရာသည် ပြီးခဲ့ပေပြီ။ စင်စစ်တွင် ဤသည် ကြီးမားသော အရှက်ကင်းမဲ့မှုဖြစ်သည့်အပြင် မုန်းတီးရွံရှာဖွယ်ရာလည်း ဖြစ်၏။ အလွန်ဆိုးယုတ်သည့် နည်းလမ်းတစ်ခုလည်း ဖြစ်၏။

၂၃။ အသင်တို့ပေါ်တွင် (အောက်ပါအမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားခြင်း မပြုရန်) ပိတ်ပင်တားမြစ်ထားပြီး ဖြစ်ပေသည်။ အသင်တို့၏မိခင်များ၊ အသင်တို့၏သမီးများ၊ အသင်တို့၏အစ်မ ညီမများ၊ အသင်တို့၏ အရီးကြီးအရီလေးများ၊ အသင်တို့၏ အဒေါ်ကြီးအဒေါ်လေးများ၊ အသင်တို့၏ ညီအစ်ကိုများ၏ သမီးများ၊ အသင်တို့၏ အစ်မ၊ ညီမများ၏ သမီးများ၊ အသင်တို့အား နို့တိုက်ခဲ့ကြသော နို့ထိန်းသည် မိခင်များ၊ အသင်တို့၏ နို့စို့ဖက် အစ်မညီမများ၊ အသင်တို့၏ ဇနီးမယားများ၏ မိခင်များ၊ အသင်တို့ ပေါင်းသင်းပြီးခဲ့သော ဇနီးမိန်းမတို့မှ ပါလာသည့် အသင်တို့၏ စောင့်ရှောက်မှုဥရှိကြသော မယားပါသမီးများဖြစ်သည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ထိုဇနီးမိန်းမတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း မပြုရသေးလျှင် (ထိုဇနီးမိန်းမ၏သမီးနှင့် လက်ထပ်ခြင်းမှာ) အသင်တို့အတွက် အပြစ်တစ်စုံတစ်ရာ မရှိပေ။ ထို့ပြင် အသင်တို့၏ သားအရင်းများ ၏ဇနီးမိန်းမများ ဖြစ်သည်။ ထို့ပြင် ညီအစ်မနှစ်ဦးကို တစ်ချိန်တည်း ထိမ်းမြားထားခြင်းလည် ပိတ်ပင်ထားပြီး ဖြစ်သည်။ သို့သော် ပြီးခဲ့သည့်အရာက ပြီးခဲ့ပြီဖြစ်သည်။ အလွှာဟ်သည် အလွန်ချမ်းသာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်ကြင်နာသနားတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။ ★ **၂၄။** ၎င်းပြင် စစ်ပွဲတွင် အသင်တို့ လက်တွင်းသို့ သုံ့ပန်းအဖြစ်နှင့်ရောက်ရှိလာသော မိန်းမတို့မှတစ်ပါး လင်ရှိမိန်းမများနှင့် ထိမ်းမြားခြင်းသည်လည်း ပိတ်ပင်ထားပြီး ဖြစ်သည်။ ဤသည် အသင်တို့အပေါ်၌ အလွှာဟ်၏ အမိန့်တော်ဖြစ်သည်။ ထိုမိန်းမတို့မှတစ်ပါး အခြား မိန်းမများအားလုံးကို အသင်တို့အဖို့ ဟလာလ်ပြုလုပ်ထားတော်မူသည်။ သို့သော် အသင်တို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများပေး၍ ထိမ်းမြားလက်ထပ်ယူရမည်။ ကာမဂုဏ်လိုက်စားသူများ မဖြစ်ရ။ တစ်ဖန် ထိုမိန်းမများနှင့် အကျိုးရယူခံစားခဲ့ကြပြီးလျှင် အသင်တို့သည် သူမတို့အား သတ်မှတ်ထားပြီးဖြစ်သော မဟရ်ကို ပေးကြကုန်။ အသင်တို့

သည် မဟရ် သတ်မှတ်ပြီးနောက်တွင် အချင်းချင်း သဘောတူညီမှုစာချုပ် ပြုလုပ်ကြပါမူ မည်သည့်အပြစ်မျှ မထိုက်ချေ။ စင်စစ်တွင် အလ္လာဟ်သည် အရာခပ်သိမ်းကို အလွန်သိတော်မူသောအရှင်၊ အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အရှင်ဖြစ်ပေသည်။ ၂၅။ အသင်တို့အနက် လွတ်လပ်သော မုအ်မင်နှ်အမျိုးသမီးများနှင့် ထိမ်းမြားရန် မတတ်စွမ်းနိုင်သူသည် အသင်တို့ ပိုင်ဆိုင်ကြသော မုအ်မင်နှ်ကျွန်မများနှင့် ထိမ်းမြားလက်ထပ်ရမည်။ အလ္လာဟ်သည် အသင်တို့၏ ယုံကြည်မှုကို မုချ အသိဆုံးပင် ဖြစ်တော်မူသည်- အသင်တို့သည် အချင်းချင်း အတူတူဖြစ်ကြသည်။ သို့ရှိရာ အသင်တို့သည် သူမတို့၏သခင်များ၏ခွင့်ပြုချက်ဖြင့် သူမတို့နှင့် လက်ထပ်ထိမ်းမြားကြကုန်။ ထို့ပြင် အသင်တို့သည် ထုံတမ်းနှင့်အညီ သူမတို့၏ မဟရ်များကို သူမတို့အား ပေး၍ လက်ထပ်ထိမ်းမြားရမည်။ ကာမဂုဏ် လိုက်စားသူများ မဖြစ်ကြရပေ။ တိတ်တိတ်ပုန်း ချစ်ကျွမ်းဝင်နေသူများလည်း မဖြစ်ကြရပေ။ တစ်ဖန် သူမတို့သည် လက်ထပ်ထိမ်းမြားပြီးနောက်မှ အကယ်၍ တရားမဝင်ကာမကို ကျူးလွန်ကြလျှင် သူမတို့အပေါ်၌ လွတ်လပ်သော အမျိုးသမီးများအတွက် သတ်မှတ်ထားသော အပြစ်ဒဏ်၏ထက်ဝက် ဖြစ်မည်။ ဤ(သို့ကျွန်မနှင့် ထိမ်းမြားခြင်း)သည် အသင်တို့အနက် တရားမဝင်ကာမ ကျူးလွန်မိမည်ကို စိုးရိမ်သော သူတို့အဖို့ဖြစ်၏၊ ထို့ပြင် အသင်တို့သည် သည်းခံထိန်းချုပ်ကြပါမူ အသင်တို့အဖို့ ပို၍ပင် ကောင်းမြတ်ပေသည်။ အလ္လာဟ်သည် အလွန်ချမ်းသာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်ကြင်နာသနားတော်မူသောအရှင် ဖြစ်တော်မူသည်။

၂၆။ အလ္လာဟ်သည် အသင်တို့အဖို့ ရှင်းလင်းစွာဖော်ပြရန်၊ အသင်တို့အလျင်ကရှိခဲ့ကြသော သူတို့၏နည်းလမ်းများကို ညွှန်ကြားပြသရန်နှင့် အသင်တို့ဘက်သို့ လှည့်ရန် လိုလားတော်မူလေသည်။ အလ္လာဟ်သည် အလွန်သိတော်မူသောအရှင်၊ အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူသည်။ ၂၇။ အလ္လာဟ်သည် အသင်တို့ဘက်သို့ လှည့်တော်မူရန် လိုလားတော်မူသည်။ စိတ်အလိုဆန္ဒများနောက်သို့ လိုက်ကြသောသူတို့မှာမူ အသင်တို့ကို လမ်းမှန်တရားမှ ကြီးမားစွာ တိမ်းချော်စေရန်သာ လိုလားကြလေသည်။ ၂၈။ အလ္လာဟ်သည်

အသင်တို့အပေါ်မှ ဝန်ကို ပေါ့ပါးစေလိုတော်မူသည်။ လူသားသည် ချည့်နဲ့သူအဖြစ် ဖန်ဆင်းခံခဲ့ရသည်။

၂၉။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အချင်းချင်း သဘောတူကျေနပ်စွာ ရောင်းဝယ် ဖောက်ကားခြင်းမှတစ်ပါး အခြားမတရား သောနည်းဖြင့် မိမိတို့၏ဥစ္စာပစ္စည်းများကို အချင်းချင်း မစားသုံးကြနှင့်။ ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်း သတ်ဖြတ်ခြင်းမပြုကြနှင့်။ စင်စစ်တွင် အလ္လာဟ်သည် အသင်တို့အပေါ် အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။ **၃၀။** မည်သူမဆို မိုက်မဲစွာ၊ မတော်မတရားသဖြင့် ထိုသို့ပြုလုပ်ပါမူ ငါအရှင်မြတ်သည် ထိုသူအား ငရဲမီးထဲသို့ မုချထည့်သွင်းတော်မူပေမည်။ ဤကိစ္စသည် အလ္လာဟ်အဖို့ လွယ်ကူပေသည်။ **၃၁။** အကယ်၍ အသင်တို့သည် ပိတ်ပင်တားမြစ်ခံထားရသော ကြီးလေးသည့်ပြစ်များမှ ကြဉ်ရှောင်လျက်နေကြပါမူ ငါအရှင်မြတ်သည် အသင်တို့၏(သေးငယ်သော)မကောင်းမှုများကို ခွင့်လွှတ်ပေးတော်မူပြီး ဂုဏ်သရေရှိသည့်နေရာသို့ ဝင်ရောက်စေတော်မူမည်ဖြစ်သည်။ **၃၂။** ထို့ပြင် အလ္လာဟ်က အသင်တို့ထဲမှ အချို့ကို အချို့ထက် သာလွန်မှုပေးထားသည့်အရာကို မျှော်လင့်တောင့်တမှု မပြုကြနှင့်။ ယောကျ်ားများအဖို့ သူတို့ရှာဖွေခဲ့သည်များ၏ ဝေစုဝေပုံ ရှိ၏။ မိန်းမများအဖို့လည်း သူတို့ ရှာဖွေခဲ့သောအရာများ၏ဝေစုဝေပုံ ရှိ၏။ အလ္လာဟ်ထံတော်မှ အရှင့်ကျေးဇူးတရားကို တောင်းခံကြကုန်။ အလ္လာဟ်သည် အရာခပ်သိမ်းကို အလွန်သိတော်မူသောအရှင်ပင် ဖြစ်တော်မူသည်။ **၃၃။** ငါအရှင်မြတ်သည် မိဘနှစ်ပါးနှင့် နီးစပ်သော ဆွေမျိုးသားချင်းတို့က ထားခဲ့သည်များအထဲတွင် တစ်ဦးချင်းစီအတွက် အမွေဆက်ခံသူများကို သတ်မှတ်ထားတော်မူခဲ့၏။ ထို့ပြင် အသင်တို့ ပဋိညာဉ်ပြုထားသူများကိုလည်း ၎င်းတို့၏ဝေစုကို ပေးကြကုန်။ စင်စစ်တွင် အလ္လာဟ်သည် အရာအားလုံးကို မျက်ဝါးထင်ထင်မြင်နေတော်မူသောအရှင် ဖြစ်တော်မူသည်။

၃၄။ အကြောင်းမှာ အလ္လာဟ်သည် အချို့သူတို့ကို အချို့သူတို့ထက် သာပိုထူးကဲမှုပေးထား သောကြောင့်လည်းကောင်း၊ ယောကျ်ားတို့သည် မိမိတို့၏

ဥစ္စာပစ္စည်းများကို သုံးစွဲ ခြင်းတို့ကြောင့်လည်းကောင်း ယောက်ျားများသည် မိန်းမ တို့အပေါ်၌ အုပ်ထိန်းသူများ ဖြစ်ကြသည်။ သို့ရှိရာ မွန်မြတ်သောမိန်းမများဟူသည် အမိန့်နာခံသူများ၊ အလ္လာဟ်၏ စောင့်ရှောက်မှုဖြင့် နောက်ကွယ်တွင် ထိန်းသိမ်းသူ များ ဖြစ်ကြသည်။ သို့သော် အမိန့်ဖီဆန်မည်ကို စိုးရိမ်ရသော မိန်းမတို့အား ဆုံးမ သွန်သင်ကြလေကုန်။ ထို့နောက် သူမတို့နှင့် အိပ်ရာ ခွဲအိပ်ကြကုန်။ ထို့နောက် သူမတို့ကို မယုတ်မလွန်ရိုက်ကြကုန်။ သို့ရှိရာ အကယ်၍ သူမ တို့သည် အသင်တို့ အား နာခံကြပါမူ သူမတို့နှင့်ဆန့်ကျင်၍ မည်သည့်လမ်းစကိုမျှ မရှာကြလေနှင့်။ စင်စစ်တွင် အလ္လာဟ်သည် အရာခပ်သိမ်းထက် မြင့်မားတော် မူသောအရှင်၊ အလွန်ကြီးကဲတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

၃၅။ အကယ်၍ အသင်တို့သည် ဇနီးမောင်နှံနှစ်ဦးတို့ကြားတွင် နှောင်ကြိုးများ ပြတ် တောက်သွားမည်ကို စိုးရိမ်ရလျှင် ယောက်ျား၏ ဆွေမျိုးများအနက်မှ ခုံသမာဓိ တစ်ဦးနှင့် မိန်းမ၏ ဆွေမျိုးများအနက်မှ ခုံသမာဓိတစ်ဦး ခန့်အပ်ကြကုန်။ အကယ် ၍ နှစ်ဦးစလုံးသည် ပြေလည်မှုကိုသာ လိုလားကြပါမူ အလ္လာဟ်သည် သူတို့ နှစ်ဦးကြားတွင် သင့်မြတ်မှုကို ဖန်တီးပေးတော်မူပေမည်။ အလ္လာဟ်သည် အရာ အားလုံးကို သိတော်မူသောအရှင်၊ အလွန်ကြားသိတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

၃၆။ အလ္လာဟ်ကို ခဝပ်ကိုးကွယ်ကြကုန်။ မည်သည့်အရာကိုမျှ အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခြင်း မပြုကြနှင့်။ ထို့ပြင် မိဘနှစ်ပါး၊ ဆွေမျိုးသား ချင်းများ၊ ဖတဆိုးကလေးများ၊ သူဆင်းရဲများ၊ ဆွေမျိုးတော်စပ်သော အိမ်နီးချင်းများ၊ ဆွေမျိုးမတော်စပ်သော အိမ်နီးချင်းများ၊ အတူနေသော အပေါင်းအဖော်များ၊ ခရီး သည်များနှင့် ပိုင်ဆိုင်သော ကျေးကျွန်များကို ကောင်းမွန်စွာ ဆက်ဆံပြုစုကြကုန်။ အလ္လာဟ်သည် မာန်မာနထောင်လွှားသူ၊ မော်ကြွားသူကို လုံးဝ နှစ်သက်တော်မမူ ပေ။ **၃၇။** ထိုသူတို့သည် စေးနှဲကြပြီး အခြားသူများကိုလည်း စေးနှဲကြစေရန် သင်ကြားကြ၏။ အလ္လာဟ်က မိမိ၏ ကျေးဇူးတော်ဖြင့် သူတို့အား ပေးသနားတော်မူ ခဲ့သောအရာများကိုလည်း ဖုံးကွယ်ထားကြ၏။ စင်စစ်တွင် ငါအရှင်မြတ်သည်

ငြင်းပယ်သူတို့အဖို့ သေးသိမ်စေသော ပြစ်ဒဏ်ကို အသင့်ပြင် ဆင်ထားတော်မူသည်။ **၃၈။** ထို့ပြင် အကြင်သူတို့(အတွက်လည်း ပြစ်ဒဏ်ကို အသင့်ပြင်ဆင်ထားတော်မူသည်။ ၎င်းတို့)သည် မိမိတို့၏ပစ္စည်းဥစ္စာများကို လူတို့အား ပြစားရန် အတွက် သုံးစွဲကြ၏။ ထို့ပြင် အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်မှု မရှိကြပေ။ မည်သူမဆို သူ၏အပေါင်းအဖော်သည် ရှိုင်သွာန်ဖြစ်ပါမူ ရှိုင်သွာန်သည် အလွန်ဆိုးဝါးသော အပေါင်းအဖော်ပင် ဖြစ်သည်။ **၃၉။** အကယ်၍ သူတို့သည် အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို အီမာန်ယုံကြည်ခဲ့ပြီး အလ္လာဟ်ပေးသနားတော်မူထားသည့် အရာများမှ လှူဒါန်း သုံးစွဲခဲ့ကြပါလျှင် သူတို့အပေါ် မည်သည့် နစ်နာမှုရှိပါမည်နည်း။ အလ္လာဟ်သည် သူတို့ကို ကောင်းစွာသိတော်မူသောအရှင် ဖြစ်တော်မူသည်။ **၄၀။** စင်စစ်တွင် အလ္လာဟ်သည် မြူမှုန်ခန့်မျှလောက်ပင် သူတစ်ပါး၏ အခွင့်အရေးကို မတရားလုပ်တော်မူမည် မဟုတ်ပေ။ အကယ်၍ ကောင်းမှုတစ်စုံတစ်ခုဖြစ်လျှင် ယင်းကောင်းမှုကို နှစ်ဆတိုးပွားပေးတော်မူမည်။ ထို့ပြင် မိမိထံတော်ပါးမှ ကြီးကျယ်သော အကျိုးကုသိုလ်ကို ချီးမြှင့်ပေးသနားတော်မူမည်။

၄၁။ တစ်ဖန် ငါအရှင်မြတ်သည် အွမ္မသ်အုပ်စုတိုင်းမှ သက်သေတစ်ဦးစီ ခေါ်ယူတော်မူပြီး အသင့်အား ထိုသူတို့အပေါ် သက်သေအဖြစ် ရပ်စေသောအခါ အခြေအနေမှာ မည်သို့ ရှိမည်နည်း။ **၄၂။** မယုံကြည်ခြင်းပယ်ခဲ့ကြပြီး ရာစုလ် တမန်တော်၏အမိန့်ကို ဖီဆန်ခဲ့ကြသောသူတို့သည် ထိုနေ့တွင် ၎င်းတို့နှင့် မြေကြီး သည် တစ်သားတည်းဖြစ်အောင် ပြုလုပ်ခြင်းခံရလျှင် ကောင်းပေစွဟု တောင့်တ ကြလိမ့်မည်။ ထို့ပြင် သူတို့သည် အလ္လာဟ်ထံမှ မည်သည့်စကားကိုမျှ ဖုံးကွယ်ထား နိုင်ကြမည် မဟုတ်ချေ။ **၄၃။** အို-အီမာန်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မူးယစ်နေသော အခြေအနေတွင် မိမိတို့ပြောဆိုသောစကားကို ကောင်းစွာ မသိနား မလည်သမျှကာလပတ်လုံး စွလာသ်တည်ဆောက်မှုအနားသို့ မချဉ်းကပ်ကြလေ နှင့်။ ထို့အတူ ခရီးသွားနေစဉ်မှလွဲ၍ ကျန်အခြေအနေတွင် ရေချိုးရန် တာဝန် ရှိနေလျှင် ရေမချိုးရသေးမချင်း စွလာသ်အနားသို့ မချဉ်းကပ်ကြလေနှင့်။ အကယ် ၍ အသင်တို့သည် နာမကျန်းသူများ၊ သို့မဟုတ် ခရီးဥ်ရှိသူများ၊ သို့မဟုတ် အသင်

တို့အနက်မှ တစ်ဦးတစ်ယောက်သည် ကျင်ကြီးကျင်ငယ်စွန့်ရာမှ လာခဲ့မည်၊ သို့မဟုတ် အသင်တို့သည် အမျိုးသမီးများနှင့် ကိုယ်လက်နှီးနှောကြပြီး တစ်ဖန် အသင်တို့သည် ရေမရရှိပါမူ သန့်ပြန့်သောမြေဖြင့် သယမ်မွမ်ပြုလုပ်ကြလေကုန်၊ မိမိတို့၏ မျက်နှာများနှင့် လက်များကို ပွတ်သပ်ကြကုန်။ အလ္လာဟ်သည် အလွန် ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်ချမ်းသာခွင့်လွှတ်ပေးတော်မူသော အရှင် အမှန်ပင် ဖြစ်တော်မူသည်။

၄၄။ ကျမ်းဂန်၏တစ်စိတ်တစ်ဒေသ ပေးသနားတော်မူ ခြင်းခံကြရသော သူတို့ကို အသင် မတွေ့မြင်မိပါသလော။ သူတို့သည် လမ်းမှားကို ဝယ်ယူနေကြပြီး အသင်တို့ကိုလည်း လမ်းမှန်မှတိမ်းပါးသွားစေရန် လိုလားကြသည်။ **၄၅။** အလ္လာဟ် သည် အသင်တို့၏ရန်သူများကို ကောင်းစွာ သိရှိတော်မူလေသည်။ အလ္လာဟ်သည် ကာကွယ်စောင့်ရှောက်တော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည့်အပြင် ကူညီစောင်မတော်မူသောအရှင်အဖြစ်လည်း လုံလောက်တော်မူပေသည်။ **၄၆။** ယဟူဒီတို့အနက် အုပ်စုတစ်စုသည် စကားရပ်များကို သူ့နေရာများမှ ဖယ်ရှားပစ် လိုက်ကြပြီး၊ ကျွန်ုပ်တို့ကြားကြပါသည်၊ လက်မခံကြပါ၊ အသင်သည် မကြားရ သည့်အလား နားထောင်ပါ(သို့သော် မကြားပါစေနှင့်)ဟု ပြောကြသည်။ သူတို့ သည် မိမိတို့၏လျှာများကို လိပ်ခေါက်ကြလျက် သာသနာရေးတွင် ပုတ်ခတ် စော်ကားရန်အတွက် ရာအိနာဟု ပြောကြသည်။ အကယ်၍သာ သူတို့သည် ကျွန်ုပ်တို့ ကြားကြပါသည်၊ လိုက်နာကြပါသည်၊ ကိုယ်တော်သည် နားထောင် တော်မူပြီး ကျွန်ုပ်တို့အပေါ် ဂရုပြုပါဟု ပြောဆိုခဲ့ကြလျှင် ဤသည် သူတို့ အဖို့ ပိုမိုကောင်းမြတ်ပြီး ပိုမိုတည့်မတ်မည် ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်သည် သူတို့၏ သွေဖည်ငြင်းပယ်မှုကြောင့်ပင် သူတို့ကို မိမိ၏ကရုဏာတော်မှ ကင်းဝေး စေတော်မူခဲ့ပေသည်။ သို့ဖြစ်ရာ အနည်းငယ်သောသူတို့မှအပ ကျန်သူများသည် ယုံကြည်ကြမည် မဟုတ်ပေ။

၄၇။ အို-ကျမ်းဂန်ချီးမြှင့်ခံရသူတို့၊ ငါအရှင်မြတ်သည် မျက်နှာများကို ဖျောက်ဖျက်ပစ်ပြီး ကျောဘက်သို့ လှည့်မပစ်မီအလျင်၊ သို့မဟုတ် စနေနေ့တွင်

ပြစ်မှုကျူးလွန်ခဲ့သူ များကို ကရုဏာတော်မှ ကင်းဝေစေတော်မူသကဲ့သို့ သူတို့ကို လည်း ကရုဏာတော်မှ ကင်းဝေးစေတော်မမူမီအလျင် အသင်တို့ထံတွင်ရှိနေသောကျမ်းဂန်ကို ထောက်ခံပေးနေသည့် ငါအရှင်ချေးတော်မူသောကျမ်းဂန်(ကုရ်အာန်)ကို သက်ဝင်ယုံ ကြည်လိုက်ကြပါ။ အလ္လာဟ်၏အမိန့်တော်သည် ပြီးမြောက်မည်သာ ဖြစ်ပေသည်။ **၄၈။** အလ္လာဟ်သည် မိမိနှင့်အတူအခြားအရာအား ယှဉ်တွဲကိုးကွယ်ခြင်းကို လုံးဝ ခွင့်လွှတ်တော်မူမည်မဟုတ်။ သို့သော် ထိုမှအပ အခြားပြစ်မှုများကိုမူ မိမိ နှစ်သက်သူအဖို့ ခွင့်လွှတ်ပေးတော်မူမည်။ အလ္လာဟ်နှင့် အတူအခြားအရာကို ယှဉ်တွဲကိုးကွယ်သူသည် အလွန်ကြီးလေးသောပြစ်မှုကို လီဆယ်ကျူးလွန်လိုက်ခြင်းပင် ဖြစ်ပေသည်။ **၄၉။** မိမိကိုယ်ကို အပြစ်ကင်းစင် ကြောင်း ထုတ်ဖော်ပြောဆိုသူများကို အသင်မမြင်တွေ့ပါသလော။ အမှန်မှာ အလ္လာဟ်သည် သာလျှင် မိမိအလိုရှိသူကို အပြစ်ကင်းစင်စေတော်မူသည်။ ထိုသူတို့သည် အနည်းငယ်စိုးစဉ်းမျှပင် မတရားအလုပ်ခံကြရမည်မဟုတ်။ **၅၀။** ထိုသူတို့သည် အလ္လာဟ်အပေါ် မည်သို့လိမ်လည်လှုပ်ကြံပြောဆိုနေကြသည်ကို အသင်ကြည့်ပါ။ ဤသည်ပင် ထင်ရှားသောပြစ်မှုဖြစ်ရန် လုံလောက်ပေသည်။

၅၁။ ကျမ်းဂန်တစ်စိတ်တစ်ဒေသ ချီးမြှင့်ခြင်းခံခဲ့ရသူများကို အသင် မမြင်တွေ့ပါသလော။ သူတို့သည် ဂျိဗ်သ်(စုန်းပယောကန်ှင့်အခြားအောက်လမ်းအတတ်ပညာများ)နှင့် သွာဂူးသ်(ရှိုင်သွာန်အင်အားများ၊ မကောင်းသောဝိညာဉ်များ)ကို ယုံကြည်ကြသည်။ ထို့ပြင် ကာဖိရ်မယုံကြည်သူများနှင့်စပ်လျဉ်းပြီး ဤသူတို့သည် မွတ်စ်လင်မ်များထက်ပို၍ လမ်းမှန်ပေါ်တွင် ရှိကြသည်»ဟူ၍လည်း ပြောဆိုကြသည်။ **၅၂။** အလ္လာဟ်က မိမိ၏ကရုဏာတော်မှ ကင်းဝေးစေတော်မူသည့် သူများမှာ ဤသူများပင် ဖြစ်ကြသည်။ အလ္လာဟ်က မိမိ၏ကရုဏာတော်မှ ကင်းဝေးစေတော်မူလိုက်သည့်သူအား ကူညီစောင့်မမည့်သူ တစ်ဦးတလေမျှ အသင်တွေ့ရမည်မဟုတ်တော့ပေ။ **၅၃။** သို့တည်းမဟုတ် သူတို့ထံတွင် အုပ်ချုပ်မှုအာဏာတစ်စိတ်တစ်ဒေသ ရှိပါသလော။ ထိုသို့ရှိလျှင် သူတို့သည် လူတို့အား နှမ်းစေ့ခန်းမျှလောက်ပင် ပေးကမ်းကြမည်မဟုတ်ပေ။ **၅၄။** သို့တည်းမဟုတ် သူတို့သည် အခြားသူများအပေါ် အလ္လာဟ်က မိမိ၏ကျေးဇူးတော်ဖြင့် ချီးမြှင့်ထားသည့်အရာများနှင့် စပ်လျဉ်းပြီး မနာလိုဝန်တိုနေကြပါသလော။ ငါအရှင်မြတ်သည် အိဗ်ရာဟီမ်၏

သားမြေးများအား ကျမ်းဂန်နှင့် ဉာဏ်အမြော်အမြင်ကို ချီးမြှင့်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်သည် သူတို့အား ကြီးမားသော အုပ်ချုပ်မှုအာဏာကိုလည်း ချီးမြှင့်တော်မူခဲ့ပေသည်။

၅၅။ သူတို့အနက်မှ အချို့က ထိုကျမ်းဂန်နှင့်ဉာဏ်အမြော်အမြင်ကို ယုံကြည်ခဲ့ကြပြီး အချို့ကမူ ရှောင်ဖယ်ကြသည်။ ထိုသို့သောသူတို့အဖို့ ဂျဟန္ဆမ် ငရဲဘုံ၏ဟုန်းဟုန်းတောက်နေသော မီးသည် လုံလောက်ပေသည်။ **၅၆။** ငါအရှင်မြတ်၏လက္ခဏာတော်များအား ငြင်းဆန်သူများကို ငါအရှင်မြတ်သည် များ မကြာမီ ငရဲမီးတွင် မုချ ထည့်သွင်းတော်မူမည်။ သူတို့၏အရေပြားများသည် မီးကျွမ်းသွားတိုင်း ငါအရှင်မြတ်သည် ထိုအရေပြားများ၏အစား အခြားအရေပြားအသစ်ဖြင့် လဲလှယ်ပေးတော်မူမည်။ အကြောင်းမှာ သူတို့သည် ပြစ်ဒဏ်ကို (အဆက်မပြတ်) ခံစားကြရရန်အတွက် ဖြစ်သည်။ စင်စစ်တွင် အလ္လာဟ်သည် အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ **၅၇။** သို့သော် အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုပွားများကြသောသူများကိုမူ ငါအရှင်သည် အောက်ခြေဘက်မှ စမ်းရေချောင်းများ စီးတွေလျက်ရှိသော ဥယျာဉ်ဘုံများတွင် များမကြာမီ ဝင်ရောက်စေတော်မူမည်။ သူတို့ သည် ထိုထဲတွင် ထာဝရနေကြရမည်။ ထိုဥယျာဉ်များတွင် သူတို့အဖို့ သန့်ပြန့်စင်ကြယ်သော ဇနီးကြင်ရာများလည်း ရှိမည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား အလွန်ထူထဲ၍ အေးမြသော အရိပ်အာဝါသတွင် ထားတော်မူမည်။

၅၈။ အလ္လာဟ်သည် အမာနသ်အပ်နှံပစ္စည်းများကို ပိုင်ရှင်များထံ ပြန်လည်ပေးဆပ်ကြဖို့၊ လူတို့စပ်ကြားတွင် စီရင်ဆုံးဖြတ်ပေးသည့်အခါ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးဖို့ အသင်တို့ကို အမှန်ပင် အမိန့်ပေးတော်မူသည်။ အသင်တို့အား အလ္လာဟ်ဆုံးမတော်မူသော ဆုံးမစကားသည် အလွန်မွန် မြတ်လှပေသည်။ စင်စစ်တွင် အလ္လာဟ်သည် အလွန်ကြားတော်မူသော၊ အလွန် မြင်တော်မူသော အရှင် ဖြစ်တော်မူသည်။ **၅၉။** အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်၏အမိန့်ကို နာခံကြ။ ထို့နောက် ရစူလ်တမန်တော်၏အမိန့်ကို နာခံကြ။ ထို့နောက် အသင်တို့အနက်မှ အခွင့်အာဏာရှိသူတို့၏ အမိန့်ကိုနာခံကြ။ အကယ်၍ အသင်တို့ကြားတွင် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ အကွဲအလွဲဖြစ်ခဲ့ကြသော် အသင်တို့

သည် အလ္လာဟ်နင့် နောက်ဆုံးနေ့ကို ယုံကြည်ကြပါလျှင် ထိုကိစ္စရပ်ကို အလ္လာဟ်နင့် တမန်တော်ဘက်သို့ ပြန်လည်ပို့ဆောင်ကြပါ။ ဤသို့လုပ်ဆောင်ခြင်းသည် ပိုကောင်းမြတ်ပြီး ရလဒ်အားဖြင့်လည်း ပိုကောင်းပေသည်။ **၆၀။** အသင့်ထံသို့ ချပေးခြင်းခံရ သောကျမ်းဂန်နှင့် အသင့်အလျင်က ချပေးခြင်းခံရသောကျမ်းဂန်ကို ယုံကြည်ကြပါသည်ဟု ကြွေးကြော်ကြပြီး စင်စစ်တွင် ရှိုင်သွာန်၏ထံတွင် အမှုအခင်းများကို အဆုံး အဖြတ်ခံယူလိုကြသောသူများကို အသင်မတွေ့သလော။ စင်စစ်တွင် သူတို့သည် ထိုရှိုင်သွာန်ကို ငြင်းဆန်ရန် အမိန့်ပေးခြင်းခံထားရပြီး ဖြစ်ပေသည်။ ရှိုင်သွာန်သည် သူတို့ကို အလွန်ဝေးလံသောလမ်းမှားသို့ ပို့ဆောင်ရန် ရည်ရွယ်ပေသည်။ **၆၁။** အလ္လာဟ်ချပေးထားတော်မူသောကျမ်းနှင့် ရစူလ်တမန်တော်ထံသို့ (အဆုံးအဖြတ်ခံယူရန်)လာကြပါဟု သူတို့အား ပြောလျှင် မွတ်စ်လင်မ်အယောင် ဆောင်သူတို့သည် အသင့်ထံလာရောက်ခြင်းမှ ဖယ်ရှောင်သွားကြသည်ကို အသင် တွေ့မြင်ရလိမ့်မည်။ **၆၂။** တစ်ဖန် သူတို့ကိုယ်တိုင် ကျူးလွန်ခဲ့သည့်ပြစ်မှုကြောင့် သူတို့ထံ ဘေးဒုက္ခကျရောက်သည့်အခါ သူတို့၏အခြေအနေသည် မည်သို့ ဖြစ်သွားပါမည်နည်း။ ထိုအချိန်တွင် သူတို့က ကျွန်ုပ်တို့သည် အကောင်းပြုခြင်းနှင့် သင့်မြတ်ခြင်းကိုသာ ရည်စူးကြပါသည်ဟု အလ္လာဟ်ကို ကျိန်ဆိုလျက် အသင့်ထံသို့ ရောက်လာကြပေမည်။ **၆၃။** ထိုသူတို့၏စိတ်နှလုံးများအတွင်း၌ရှိသောအရာကို အလ္လာဟ်သည် ကောင်းစွာသိရှိတော်မူပေသည်။ သို့ဖြစ်ရာ အသင်သည် သူတို့ကို လျစ်လျူရှုနေပါ။ သူတို့အား ဆိုဆုံးမနေပါ။ သူတို့ စိတ်နှလုံးများအတွင်း သက်ဆင်းဝင်ရောက်မည့် ထိထိမိမိစကားမျိုးကို ပြောဆိုပါ။

၆၄။ အလ္လာဟ်သည် မည်သည့်ရစူလ်တမန်ကိုမဆို စေလွှတ် ရသည့် အကြောင်းရင်းမှာ အလ္လာဟ်၏ ခွင့်ပြုချက်ဖြင့် ထိုရစူလ်တမန်တော်၏အမိန့်ကို လူတို့ နာခံရန်အတွက်သာ စေလွှတ်ခြင်းဖြစ်သည်။ အကယ်၍ သူတို့သည် မိမိကိုယ်ကို မကောင်းမှုပြုလုပ်မိကြပြီးနောက် အသင့်ထံသို့လာကြ၍ အလ္လာဟ်ထံတော်မှ လွတ် ငြိမ်းချမ်းသာခွင့်ကို တောင်းခံကြမည်၊ ရစူလ်တမန်တော်ကလည်း သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးမည်ဆိုလျှင် သူတို့သည် အလ္လာဟ်ကို မုချခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင်အဖြစ် တွေ့မြင်ကြရပေလိမ့်မည်။ **၆၅။** သို့ဖြစ်ရာ အသင့်အား

ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကျိန်ဆိုသည်။ သူတို့သည် အချင်းချင်း ကြားရှိ ပြဿနာများတွင် အသင်၏ အဆုံးအဖြတ်ကို မနာယူကြသမျှ ကာလပတ်လုံး၊ အသင်ဆုံးဖြတ်ပေးလိုက်သော ကိစ္စရပ်နှင့်စပ်လျဉ်းပြီး မိမိတို့၏ စိတ်နှလုံးများ အတွင်း၌ မည်သည့်ကျဉ်းကြပ်မှုကိုမျှ မခံစားကြရသည့်အပြင် ကြည်ဖြူစွာ လက်ခံ နာယူခြင်းမရှိသမျှ ကာလပတ်လုံး သူတို့သည် သက်ဝင်ယုံကြည်ကြသူများ အလျှင်း ဖြစ်နိုင် ကြမည်မဟုတ်။ **၆၆။** အကယ်၍ ငါအရှင်သည် သူတို့ အပေါ်တွင် ကိုယ့်ကိုယ်ကိုယ် သတ်သေကြ၊ သို့မဟုတ် မိမိတို့၏အိုးအိမ်များမှ ထွက်ခွာကြ ဟူ၍ အမိန့်တော် ပြဋ္ဌာန်းခဲ့ပါလျှင် သူတို့အနက်မှ လူအနည်းငယ်သာ ထိုအမိန့်ကို လိုက်နာကြမည် ဖြစ်သည်။ အကယ်၍ သူတို့သည် မိမိတို့အား ဆိုဆုံးမသည့် ကိစ္စရပ်ကိုသာ လိုက်နာခဲ့ကြပါမူ ဤသည် သူတို့အဖို့ အကောင်းဆုံး ဖြစ်ပေမည်။ ထို့ပြင် (သူတို့၏ ယုံကြည်မှုကို) ပို၍ ခိုင်မာစေမည် ဖြစ်သည်။ **၆၇။** ထိုအခါတွင် ငါအရှင်မြတ်သည် သူတို့အား မိမိအထံတော်မှ ကြီးမားသောအကျိုးကုသိုလ်ကို မုချ ချီးမြှင့်တော်မူပေမည်။ **၆၈။** ထို့ပြင် သူတို့အား ဖြောင့်မတ်သောလမ်းကို မုချ ပြသတော်မူပေမည်။ **၆၉။** အလ္လာဟ်အရှင်မြတ်နှင့် ရစူလ်တမန်တော်၏အမိန့်ကို နာခံသောသူများသည် အလ္လာဟ်ကျေးဇူးပြုထားတော်မူသော သူများဖြစ်ကြသည့် နဗီတမန်တော်များ၊ သစ္စာဝါဒီများ၊ ရှဟီဒီများ၊ သူတော်စင်သူတော်ကောင်းများနှင့် အတူ ရှိကြပေလိမ့်မည်။ ထိုသူတို့သည် အဘယ်မျှ ကောင်းမွန်လိုက်သည့် အဖော် များဖြစ်ကြပါဘိ။ **၇၀။** ဤသည် အလ္လာဟ်၏ အထံတော်မှ ကျေးဇူးတော်ဖြစ်ပြီး အတိုင်းအဆမဲ့သိတော်မူရန်အတွက် အလ္လာဟ်နှင့်ပင် လုံလောက်တော်မူပေသည်။

၇၁။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ ကြိုတင်ကာကွယ်မှု ပြုလုပ် ထားကြလေကုန်။ ထို့နောက် သီးခြားသီးခြားစီဖြစ်စေ၊ သို့တည်းမဟုတ် တစ်စည်း တစ်လုံးတည်းဖြစ်စေ ချီတက်ကြလေကုန်။ အသင်တို့ထဲတွင် (စစ်မြေပြင်သို့ မလိုက်ဘဲ) ဆိုင်းတွကျန်ရစ်နေခဲ့သူလည်း ရှိပေသည်။ အကယ်၍ အသင်တို့ထံ ဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့သည်ရှိသော် သူက သူတို့နှင့်အတူမလိုက်ပါခြင်း သည်ပင် ကျွန်ုပ် အပေါ် အလ္လာဟ်က ကျေးဇူးပြုတော်မူလိုက်ခြင်း ဖြစ်သည်။ ဟု ပြောဆိုသည်။ **၇၃။** အကယ်၍ အသင်တို့သည် အလ္လာဟ်၏ ကျေးဇူးတော်တစ်ခုခု ရရှိကြပါလျှင် အသင်တို့နှင့် သူ၏အကြားတွင် ခင်မင်ရင်းနှီးမှုမရှိခဲ့သည့်အလား

ဩော်-ကျွန်ပ် သည်လည်း သူတို့နှင့်အတူ လိုက်ပါသွားခဲ့လျှင် ကျွန်ပ်လည်း ကြီးမားသော အောင်မြင်မှုကို ရရှိပေလိမ့်မည်ဟု ပြောဆိုလေသည်။ **၇၄။** သို့ဖြစ်ရာ လောကီဘဝကို နောင်တမလွန်ဘဝဖြင့် လဲလှယ်ရောင်းချသူတို့သည် အလ္လာဟ်၏ လမ်းတော်တွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သင့်ပေသည်။ မည်သူမဆို အလ္လာ့ဟ် လမ်းတော်တွင် တိုက်ခိုက်ရင်း အသတ်ခံလိုက်ရသည်ဖြစ်စေ၊ သို့မဟုတ် အောင်နိုင်သည် ဖြစ်စေ ငါအရှင်မြတ်သည် ထိုသူ့အား ကြီးမားသော အကျိုးကုသိုလ်များကို မကြာမီ ချီးမြှင့်တော်မူပေမည်။ **၇၅။** အသင်တို့သည် အလ္လာဟ်၏လမ်းတော်တွင် လည်းကောင်း၊ အကူအညီမဲ့နေသော အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေး သူငယ်များအတွက်လည်းကောင်း စစ်မတိုက်ရန် ဘာအကြောင်းရှိပါသနည်း။ ထို ချည့်နဲ့သူတို့က အို-ကျွန်တော်မျိုးတို့၏အရှင်၊ မတရားနှိပ်စက်သူများနေထိုင်ကြ သည့် ဤမြို့ရွာမှကျွန်တော်မျိုးတို့အား ထုတ်ဆောင်တော်မူပါ။ ထို့ပြင် ကျွန်တော် မျိုးတို့အဖို့ အရှင့်အထံတော်မှ အကာအကွယ်ပေးမည့်သူတစ်ဦးဦးကို ဖန်တီးပေး တော်မူပါ။ ထို့နောက် ကျွန်တော်မျိုးတို့အဖို့အရှင့်အထံတော်မှ ကူညီစောင်မပေးမည့် သူတစ်ဦးဦးကို ဖန်တီးပေးတော်မူပါဟု လျှောက်ထားပန်ကြားလျက် ရှိကြပေသည်။ **၇၆။** ယုံကြည်သူတို့သည် အလ္လာ့ဟ်လမ်းတော်တွင် စစ်မက်ပြိုင်ဆိုင်တိုက် ခိုက်ကြသည်။ မယုံကြည်သူတို့မှာ မူကား ရှိုင်သွာန်၏လမ်းတွင် စစ်မက်ပြိုင်ဆိုင်တို က်ခိုက်ကြသည်။ သို့ဖြစ်ရာ အသင် တို့သည် ရှိုင်သွာန်၏မိတ်ဆွေတို့ကို တိုက်ခိုက် ကြပါ။ စင်စစ်တွင် ရှိုင်သွာန်၏ ပရိယာယ်သည် အလွန်ချည့်နဲ့လှပေသည်။

၇၇။ မိမိတို့၏လက်များကို (စစ်တိုက်ခြင်းမှ)ချုပ်တည်း ထားကြပြီး စွလာသ်ဆောက်တည်၍နေကြကုန်၊ ဇကာသ်ပေးဆောင်၍နေကြကုန်ဟု ပြောဆို ခြင်းခံခဲ့ရသူများ၏ အဖြစ်ကို အသင်မတွေ့မြင်မိပါသလော။ ထို့နောက်တစ်ဖန် သူတို့ပေါ်တွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် အမိန့်တော် ပြဋ္ဌာန်းလိုက်သောအခါ သူတို့အနက်မှ အုပ်စုတစ်စုသည် အလ္လာဟ်ကို ကြောက်ရွံ့ထိုက်သကဲ့သို့ပင်၊ သို့မဟုတ် ထို့ထက်ပင်ပို၍ လူတို့အား ကြောက်ရွံ့သွားကြလေတော့သည်။ ထိုသူ တို့က အို-ကျွန်တော်မျိုးတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်တွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းကို အဘယ်အတွက် ကြောင့် သတ်မှတ်ပြဋ္ဌာန်းလိုက်ပါသနည်း။ အဘယ်အတွက်ကြောင့် ကျွန်တော်

မျိုးတို့အား အချိန်ကာလအနည်းငယ်အထိ ထပ်မံ၍ ဆိုင်းငံ့ထားပေးတော်မမူပါ သနည်းဟု လျှောက်တင်ခဲ့ကြလေသည်။ အသင်ပြောလိုက်ပါ။ လောကီအ ကျိုးသည် အနည်းငယ်သာရှိပြီး (နောင်တမလွန်သည်)သက္ကဝါတရားလက်ကိုင် ထားသူများအဖို့ အကောင်းဆုံးဖြစ်ပေသည်။ အသင်တို့သည် စိုးစဉ်းမျှပင် မတရား အလုပ်ခံကြရမည်မဟုတ်ပေ။ **၇၈။** အသင်တို့သည် မည်သည့် နေရာ၌ပင် ရှိနေစေကာမူ၊ အလွန်လုံခြုံခိုင်ခံ့သော ရဲတိုက်များအတွင်း၌ ရှိနေကြ စေကာမူ သေခြင်းတရားသည် အသင်တို့ထံ ဆိုက်ရောက်လာမည် ဖြစ်သည်။ အကယ်၍ ထိုသူ(အရေခြုံ)များထံသို့ ကောင်းခြင်းကိစ္စတစ်စုံတစ်ရာ ဆိုက်ရောက်လာလျှင် သူတို့က»ဤသည် အလ္လာဟ်၏ အထံတော်မှ ဖြစ်သည်ဟု ပြောကြသည်။ အကယ်၍သူတို့ထံမကောင်းခြင်းကိစ္စတစ်စုံတစ်ရာဆိုက်ရောက်လာခဲ့သည်ရှိသော် ဤသည် အသင့်ထံမှ ဖြစ်သည်ဟု ပြောကြသည်။ အသင်ပြောကြားပါ။ အားလုံးသည် အလ္လာ့ဟ်အထံတော်မှ ဖြစ်ပေသည်။ သူတို့၏အခြေအနေသည် မည်သို့ဖြစ်နေကြပါသနည်း။ သူတို့သည် မည်သည့်စကားကိုမျှ နားလည်ဟန်မရှိကြ ပေ။ **၇၉။** အသင့်ထံသို့ ဆိုက်ရောက်လာသော ကောင်းခြင်းကိစ္စဟူသမျှသည် အလ္လာ့ဟ်ထံတော်ပါးမှဖြစ်ပြီး အသင့်ထံသို့ ဆိုက်ရောက်လာသော မကောင်းခြင်း ကိစ္စဟူသမျှမှာမူ အသင့်ကြောင့်ပင် ဖြစ်ပေသည်။ ငါအရှင်သည် အသင့်အား လူခပ်သိမ်းတို့အဖို့ ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့သည်။ စင်စစ် တွင် အလ္လာဟ်သည် သက်သေအဖြစ် လုံလောက်တော်မူသည်။

၈၀။ ရစူလ်တမန်တော်မြတ်၏ အမိန့်ကို နာခံသူသည် အလ္လာဟ်၏ အမိန့်တော်ကို နာခံသူမည်ပေသည်။ သို့ရာတွင် အမိန့်မနာခံဘဲကျောခိုင်းသူနှင့်စပ် လျဉ်း၍မူ ငါအရှင်မြတ်သည် ထိုသူတို့အပေါ်တွင် အသင့်အား အုပ်ထိန်းစောင့် ကြပ်သူအဖြစ် စေလွှတ်တော်မူခဲ့သည်မဟုတ်ပေ။ **၈၁။** ထိုသူတို့က ကျွန်ုပ်တို့ နာခံပါသည်ဟု ပြောကြသည်။ တစ်ဖန် အသင့်ထံမှ ထွက်ခွာသွားကြသောအခါ သူတို့အနက်မှ အုပ်စုတစ်စုသည် မိမိတို့ပြောခဲ့သည့် စကားနှင့်ဆန့်ကျင်ဘက်ကို ညဉ့်အချိန် ဆွေးနွေးတိုင်ပင်ကြလေသည်။ အလ္လာဟ်သည် ညဉ့်အချိန်၌ သူတို့ ဆွေးနွေးတိုင်ပင်သည်များကို ရေးမှတ်ထားတော်မူသည်ဖြစ်ရာ အသင်သည် သူတို့အား လျစ်လျူရှုနေပါ။ ထို့နောက် အလ္လာ့ဟ်အပေါ် ယုံပုံအားထားပါ။

အလ္လာဟ်သည် ယုံပုံအားထားဖို့ လုံလောက်တော်မူသောအရှင် ဖြစ်တော်မူသည်။ **၅၂။** ထိုသူတို့သည် ကုရ်အာန်ကျမ်းကို ဘာကြောင့် စဉ်းစားဆင်ခြင် သုံးသပ်ခြင်း မပြုကြပါသနည်း။ အကယ်၍ ဤကျမ်းသည် အလ္လာဟ်၏ ထံတော်မှမဟုတ်ဘဲ အခြားသူထံမှဖြစ်နေပါလျှင် ထိုသူတို့သည် ယင်းကျမ်းထဲတွင် များစွာသော ကွဲလွဲမှုများကို မုချ တွေ့မြင်ရမည်ဖြစ်သည်။ **၅၃။** ထိုသူတို့သည် စိတ်ချမ်းမြေ့ဖွယ်ရာကိစ္စ သို့မဟုတ် စိုးရိမ်ဖွယ်ရာကိစ္စတစ်ခုခု ကြားသိရလျှင် ထိုသတင်းကို လိုက်ဖြန့်ကြလေသည်။ အကယ်၍သာ သူတို့သည် ထိုသတင်းကို ရဿူလ်တမန်တော်နှင့် မိမိတို့အနက်မှ တာဝန်ရှိသူများထံသို့ ပို့ဆောင်ပေးခဲ့ပါမူ သူတို့အနက်မှ လေးလေးနက်နက် စဉ်းစားဆင်ခြင်သုံးသပ် သူတို့သည် ထိုသတင်း ၏အရင်းအမြစ်ကို သိရှိနိုင်မည် ဖြစ်သည်။ အကယ်၍ အလ္လာဟ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သည် အသင်တို့အပေါ်တွင်မရှိခဲ့ပါလျှင် အသင်တို့ထဲမှ အနည်းငယ်မှ အပ ကျန်အားလုံးသည် ရှိုင်သွန်၏နောက်သို့ မုချ လိုက်သွားကြပေမည်။

၅၄။ သို့ဖြစ်ရာ အလ္လာဟ်၏ လမ်းတော်တွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ပါလေ။ အသင့်အပေါ်တွင် အသင်၏ တာဝန်သာ ရှိသည်။ မုအ်မင်နိ်ယုံကြည်သူများကိုလည်း တိုက်တွန်းနှိုးဆော်ပါ။ အလ္လာဟ်သည် ငြင်းပယ်သူတို့၏ အင်အားကို များမကြာမီ ဟန့်တားပစ်မည်ဟူ၍ မျှော်လင့်နိုင်ပေသည်။ စင်စစ်တွင် အလ္လာဟ်သည်ပို၍အင်အားကြီးတော်မူသောအရှင်၊ အလွန်ပြင်းထန်စွာ အပြစ်ဒဏ်ခတ်တော်မူသောအရှင် ဖြစ်တော်မူသည်။ **၅၅။** ကောင်းမြတ်သောကိစ္စရပ်တစ်ခု ကြားဝင်တိုက်တွန်းပေးသူအတွက် ထိုကောင်းမှုတွင် အကျိုးကုသိုလ်ဝေစု ရရှိပေမည်။ မကောင်းသောကိစ္စရပ်တစ်ခုကို ကြားဝင်တိုက်တွန်းပေးသူအဖို့လည်း ထိုမကောင်းမှုမှ အကုသိုလ်ဝေစု ရရှိပေမည်။ စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းအပေါ် စွမ်းဆောင်နိုင်တော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။ **၅၆။** တစ်ဦးတစ်ယောက်က အသင်တို့ကို ဆုမွန်ကောင်းပေးလျှင် အသင်တို့သည်လည်း ဆုမွန်ကောင်းပြန်ပေးကြပါ။ ထို့ထက်ကောင်းမွန်သည့် ဆုမွန် သို့မဟုတ် ထိုဆုမွန်ကိုပင် ပြန်ပေးကြပါ။ အလ္လာဟ်သည် အရာတိုင်းအပေါ် စစ်ဆေးတော်မူမည့်အရှင် အမှန်ပင် ဖြစ်ပေသည်။ **၅၇။** အလ္လာဟ်သာလျှင် ကိုးကွယ်ထိုက်သောအရှင်ဖြစ်သည်။ ထိုအရှင်မြတ်မှအပ အခြားကိုးကွယ် ထိုက်သောအရှင် အလျှင်းမရှိ။ ထိုအရှင်သည်

အသင်တို့အားလုံးကို သံသယဖြစ်ဖွယ် အလျှင်းမရှိသော ကိယာမသ်နေ့တွင် မုချ စုရုံးတော်မူပေမည်။ အလ္လာဟ်၏ စကားတော်ထက် ပို၍ မှန်ကန်သော အခြားစကား ရှိပါဦးမည်လော။

၈၈။ သို့ပါလျက် အသင်တို့သည် မွတ်စ်လင်မ်အယောင်ဆောင် နှင့်စပ်လျဉ်းပြီး နှစ်ဖွဲ့ကွဲစရာ ဘာအကြောင်းရှိပါသနည်း။ အလ္လာဟ်သည် သူတို့၏ လုပ်ရပ် များကြောင့် သူတို့အား ပြောင်းပြန်လှည့်ထားတော်ခဲ့ပေသည်။ အလ္လာဟ်က လမ်းလွဲအောင်ပြုထားသူကို အသင်တို့က လမ်းမှန်ပေါ် ခေါ်ဆောင်လိုကြပါ သလော။ အလ္လာဟ်က လမ်းလွဲစေတော်မူသော သူအတွက် မည်သည့် လမ်းမှန် တရားကိုမျှ အသင် လုံးဝတွေ့ရလိမ့်မည်မဟုတ်ပေ။ **၈၉။** မိမိတို့ ကိုယ်တိုင် ငြင်းပယ်သူများဖြစ်ကြသကဲ့သို့ အသင်တို့သည်လည်း ငြင်းပယ်သူများ ဖြစ်ကြ ရေးကို သူတို့က နှစ်သက်လိုလားကြပေသည်။ သို့မှသာ အသင်တို့အားလုံးသည် တန်းတူဖြစ်သွားကြပေမည်။ သို့ဖြစ်ရာ သူတို့သည် အလ္လာဟ်၏ လမ်းတော်တွင် ဟိဂ်ျရသ်မပြုသမျှကာလပတ်လုံး အသင်တို့သည် သူတို့အား မိတ်ဆွေမဖွဲ့ကြ လေနှင့်။ အကယ်၍ သူတို့သည် လက်မခံဘဲ ကျောခိုင်းသွားကြပါမူ သူတို့အား တွေ့ရှိရာနေရာတွင် ဖမ်းဆီးကြပါ။ ထို့နောက် သတ်ဖြတ်ကြပါ။ သူတို့ အနက်မှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိတ်ဆွေအဖြစ်၊ ကူညီသူအဖြစ် မပြုလုပ်ကြ လေနှင့်။ **၉၀။** သို့ရာတွင် အကြင် မွတ်စ်လင်မ်အယောင်ဆောင်တို့သည် အသင်တို့နှင့် ပဋိညာဉ်ပြုထား သောအမျိုးသားတို့ထံ သွားရောက်ပူးပေါင်းကြသည်။ သို့မဟုတ် အသင်တို့ထံ သို့လာသောအခါ သူတို့သည် အသင်တို့နှင့်တိုက်ခိုက်ရန် သို့မဟုတ် မိမိတို့၏အမျိုး သားများနှင့် တိုက်ခိုက်ရန် ရင်လေးလျက်ရှိကြသည်။ အကယ်၍ အလ္လာဟ်အလို တော်ရှိပါလျှင် သူတို့ကို အသင်တို့အပေါ် နိုင်နှင်းလွှမ်း မိုးစေတော်မူလိုက်ပါက သူတို့သည် အသင်တို့အား မုချ တိုက်ခိုက်ကြမည်ဖြစ်သည်။ အကယ်၍ သူတို့သည် အသင်တို့အား ရှောင်ဖယ်နေကြမည်။ အသင်တို့အား တိုက်ခိုက်ခြင်းမပြုဘဲ စစ်ပြေငြိမ်းရေး ကမ်းလှမ်းလာလျှင် ထိုသူတို့ကို တိုက်ခိုက်ရန် အလ္လာဟ်သည် အသင်တို့အား မည်သို့မျှ ခွင့်ပြုတော်မူမည်မဟုတ်ပေ။ **၉၁။** အသင်တို့သည် အခြားသောသူများကို များမကြာမီ တွေ့ကြရလိမ့်မည်။ သူတို့ သည် အသင်တို့၏ရန်မှ ငြိမ်းချမ်းစွာ နေလိုကြသကဲ့သို့ မိမိတို့၏ မျိုးနွယ်၏

ရန်မှလည်း ငြိမ်းချမ်းစွာ နေလိုကြသည်။ သို့သော်လည်း သူတို့သည် ဖိသ်နဟ်လုပ်ရန် အခွင့်အရေးကြုံတိုင်း ထိုထဲသို့ သက်ဆင်းသွားကြလေသည်။ ထိုသို့သောသူတို့သည် အကယ်၍ အသင်တို့အား ရှောင်ဖယ်နေခြင်းလည်းမပြု၊ အသင်တို့နှင့် ပြေငြိမ်းရေးပြုရန်လည်း ကမ်းလှမ်းခြင်း မပြု၊ မိမိတို့လက်များကို ထိမ်းချုပ်ထားခြင်းလည်းမပြုကြပါလျှင် အသင်တို့သည် ထိုသူတို့အား တွေ့ရာနေရာတွင် ဖမ်းဆီးပြီး ကွပ်မျက်ကြလေကုန်။ ထိုသို့သော သူများအား တိုက်ခိုက်ရန် ငါအရှင်သည် အသင်တို့အား ထင်ရှားသော အထောက်အထား ပေးထားတော်မူပေသည်။

၉၂။ မှားယွင်းချွတ်ချော်ခြင်းမှတစ်ပါး အခြားပုံစံဖြင့် မုအ်မင်နတစ်ဦးသည် အခြား မုအ်မင်နတစ်ဦးအား သတ်ဖြတ်ရန် မည်သို့မျှ မပြုထိုက်ချေ။ မုအ်မင်နတစ်ဦးကို မှားယွင်းပြီး သတ်လိုက်သောသူသည် မုအ်မင်နကျေးကျွန်တစ်ဦးကို သူကောင်း ပြုရန်နှင့် အသတ်ခံရသူ၏ အမွေစားအမွေခံများထံ အသက်လျော်ကြေး ပေးဆောင်ရန် တာဝန်ရှိပေသည်။ သို့သော် အမွေစားအမွေခံတို့က ခွင့်လွှတ်ပေးလျှင်မူ လျော်ကြေးပေးစရာမလိုပေ။ အကယ်၍ အသတ်ခံရသူသည် အသင်တို့၏ ရန်သူအုပ်စုအနက်မှဖြစ်ပြီး သူကိုယ်တိုင်ကမူ မုအ်မင်နဖြစ်နေပါလျှင် မှား၍ သတ်မိသူသည် မုအ်မင်နကျေးကျွန်တစ်ဦးကို သူကောင်းပြုရန် တာဝန်ရှိပေသည်။ အကယ်၍ အသတ်ခံရသူသည် အသင်တို့နှင့်ပဋိညာဉ်ပြုထားသော အုပ်စုအနက်မှဖြစ်လျှင် သတ်သူသည် အသတ်ခံရသူ၏ အမွေစားအမွေခံတို့ထံ အသက်လျော်ကြေး ပေးဆောင်ခြင်းနှင့် မုအ်မင်နကျေးကျွန်တစ်ဦးကို သူကောင်းပြုရန်လည်း တာဝန်ရှိပေသည်။ အကယ်၍ မတတ်နိုင်လျှင် နှစ်လဆက်တိုက် ဥပုသ်သီလစောင့်ထိန်းရပေမည်။ ဤသည် အလ္လာ့ဟ်ထံတော်မှ သတ်မှတ်သော ဝန်ချတောင်းပန်ခြင်းပင် ဖြစ်ပေသည်။ အလ္လာဟ်သည် အလွန်သိတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ **၉၃။** မုအ်မင်နယုံကြည်သူတစ်ဦးကို တမင်သက်သက် ကြံစည်သတ်ဖြတ်သူ၏ အပြစ်ဒဏ်မှာ ဂျဟန္နမ်ငရဲဘုံသာ ဖြစ်သည်။ သူသည် ထိုငရဲဘုံတွင် အမြဲထာဝရနေရမည်။ သူ့အပေါ်တွင် အလ္လာဟ်၏ အမျက်တော်နှင့် ကျိန်စာကျရောက်ပေမည်။ ထို့ပြင် အလ္လာဟ်သည် သူ့အတွက် အလွန်ကြီးလေးသော အပြစ်ဒဏ်ကိုလည်း သတ်မှတ်ထားတော်မူပေသည်။

၉၄။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလွှာဟ်လမ်းတော်တွင် ခရီးထွက်ကြသည့်အခါ ကောင်းစွာ စိစစ်စုံစမ်းကြလေကုန်။ အသင်တို့အား စလာမ်မေတ္တာပို့သသူကို အသင်သည် မုအ်မင်နိမဟုတ်ပါဟူ၍ မပြောကြနှင့်။ အသင်တို့သည် လောကီသက်တမ်း၏ ပစ္စည်းဥစ္စာကို လိုလားကြသည်။ အမှန်မှာ အလွှာဟ်ထံတော်ပါးတွင် များစွာသော လက်ရပစ္စည်းများ ရှိပေသည်။ အသင်တို့သည်လည်း သည့်အလျင်က ထိုနည်းအတိုင်းပင် (အီမာန်ကို ဖုံးကွယ်၍ နေသူများ)ဖြစ်ခဲ့ကြသည်။ ထို့နောက် အလွှာဟ်က အသင်တို့ကို ကျေးဇူးပြုတော်မူခဲ့သည်။ ထို့ကြောင့် အသင်တို့ သည် ကောင်းစွာ စူးစမ်းလေ့လာကြကုန်။ စင်စစ်တွင် အလွှာဟ်သည် အသင်တို့ပြုမူသမျှကို ကောင်းစွာ သိရှိတော်မူပေသည်။ **၉၅။** ဒုက္ခိတမဟုတ်ဘဲနှင့် စစ်ပွဲတွင် မလိုက်ဘဲ ကျန်ရစ်နေခဲ့သော မုအ်မင်နိနှင့် အလွှာဟ်လမ်းတော်တွင် မိမိတို့၏ အသက်၊ဥစ္စာပစ္စည်းများကို ရင်း၍ စစ်တိုက်သော မုအ်မင်နိတို့သည် အဆင့်အတန်း အတူတူ မဖြစ်နိုင်ကြပေ။ အလွှာဟ်သည် အသက်နှင့်ဥစ္စာပစ္စည်းများကို ရင်း၍ စစ်တိုက်သောမုအ်မင်နိတို့ကို စစ်မတိုက်ဘဲ ထိုင်နေကြသူများထက် အဆင့်အတန်း မြင့်မားစေတော်မူသည်။ တစ်ဦးတိုင်းအား ကောင်းကျိုးချမ်းသာပေးတော်မူမည်ဟု အလွှာဟ်က ကတိပြုထားတော်မူသည်။ သို့သော် အလွှာဟ်သည် စစ်မတိုက်ဘဲ ထိုင်နေသူများထက် စစ်တိုက်သူများကို ကြီးမားသောအကျိုးကုသိုလ်ဖြင့် အဆင့်အတန်းမြင့်မားစေတော်မူလေသည်။ **၉၆။** သူတို့အဖို့ အလွှာဟ်အထံတော်မှ မြင့် မားလှသောအဆင့်အတန်းများ၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကရုဏာတော် ရှိပေသည်။ အလွှာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။

၉၇။ ကောင်းကင်တမန်များသည် မိမိတို့ကိုယ်ကို မတရားကျူးလွန်နေလျက်ရှိကြသူများကို အသက်နှုတ်ယူကြသောအခါ ကောင်းကင်တမန်များက သူတို့ အား အသင်တို့သည် မည်သည့်အခြေအနေ၌ ရှိခဲ့ကြသနည်းဟု မေးမြန်းကြလိမ့်မည်။ ထိုအခါ သူတို့က ကျွန်ုပ်တို့သည် မြေပထဝီတွင် ဖိနှိပ်ချုပ်ချယ်မှုခံနေခဲ့ရသူများ ဖြစ်ကြပါသည်ဟု အဖြေပေးကြလေရာ ကောင်းကင်တမန်များက အသင်တို့ဌာနေမှ ရွှေ့ပြောင်းနေထိုင်နိုင်ကြရန်အတွက် အလွှာဟ်၏မြေပထဝီသည် ကျယ်ဝန်း သည်မဟုတ်ပါလောဟု ပြောကြားကြပေမည်။ ထိုသို့သောသူတို့၏နေ

ရာထိုင်ခင်းသည် ငရဲဘုံဖြစ်ပြီး ယင်းငရဲဘုံသည် အလွန်ဆိုးရွားသောနေရာထိုင်ခင်း ဖြစ်ပေတော့သည်။ **၉၈။** သို့ရာတွင် အားအင်ချည့်နဲ့သော အမျိုးသားများ၊ အမျိုး သမီးများနှင့် ကလေးသူငယ်များသည် မည်သည့်အကြံအစည်မျှ မပြုနိုင်၊ မည်သည့် လမ်းကိုမျှ မရနိုင်ခဲ့ကြသည်ဖြစ်ရာ(သူတို့အပေါ်တွင် အပြစ်မရှိချေ။) **၉၉။** သူတို့ကိုမူ အလ္လာဟ်သည် ခွင့်လွှတ်တော်မူလိမ့်မည်ဟု မျှော်လင့်ရပေသည်။ အလ္လာဟ်သည် အမှန်ပင် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်လွတ်ငြိမ်းချမ်းသာ ခွင့်ပေးတော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၁၀၀။** မည်သူမဆို အလ္လာ့ဟ်လမ်း တော်တွင် စွန့်ခွာရွှေ့ပြောင်းမည်ဆိုပါက ထိုသူသည် မြေပထဝီတွင် ခိုလှုံရာနေရာ အမြောက်အမြားနှင့် ကျယ်ဝန်းမှုကို ရရှိပေလိမ့်မည်။ မည်သူမဆို အလ္လာဟ်နှင့် အလ္လာ့ဟ်တမန်တော်ဘက်သို့ စွန့်ခွာရွှေ့ပြောင်းရန် မိမိ၏အိမ်မှ ထွက်လာခဲ့ပြီး (လမ်း၌ပင်)သေခြင်း တရားဆိုက်လာခဲ့သည်ရှိသော် သူ၏အကျိုးကုသိုလ်သည် အလ္လာ့ဟ်ထံတွင် အတည်ဖြစ်သွားချေပြီ။ အလ္လာဟ်သည် အလွန်ခွင့်လွှတ် တော်မူ သော၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသည်။

၁၀၁။ အသင်တို့သည် မြေပထဝီတွင် ခရီးထွက်ကြသောအခါ မယုံ ကြည်သူတို့က အသင်တို့အား ဒုက္ခပေးမည်ကို စိုးရိမ်ကြရလျှင် စွလာသ်ကို လျှော့၍ ဝတ်ပြုခြင်းအားဖြင့် အသင်တို့တွင် အပြစ်မရှိပေ။ စင်စစ်တွင် မယုံကြည်သူတို့သည် အသင်တို့အဖို့ ထင်ရှားသောရန်သူများပင် ဖြစ်ကြသည်။ **၁၀၂။** အသင်သည် မုအ် မင်နတို့၏ ကြားတွင်ရှိနေပြီး သူတို့အဖို့ စွလာသ်ဝတ်ပြုပေးပါက သူတို့အနက်မှ လူတစ်စုသည် အသင်နှင့်အတူ ရပ်ကြရပေမည်။ သူတို့သည် မိမိတို့၏လက်နက် များကိုလည်း ယူဆောင်ထားရပေမည်။ စဂျ်ဒဟ်ဦးချပြီးသွားသည့်အခါ သူတို့သည် အသင်တို့၏အနောက်သို့ ဆုတ်သွားကြရပေမည်။ ထို့နောက် စွလာသ်ဝတ်မပြုရ သေးသည့် နောက်တစ်စုသည် လာပြီးလျှင် အသင်နှင့်အတူ စွလာသ်ဝတ်ပြု ရပေမည်။ သူတို့သည်လည်း မိမိတို့၏ကာကွယ်ရေးပစ္စည်းနှင့် လက်နက်ကို ယူဆောင်ထားရပေမည်။ မယုံကြည်သူတို့က အသင်တို့သည် မိမိတို့၏လက်နက် များနှင့်ပစ္စည်းပစ္စယများမှ မေ့လျော့သွားကြလျှင် အသင်တို့အပေါ် တစ်ပြိုက်နက် တည်း ဝင်ရောက်တိုက်ခိုက်ကြရန်သာ လိုလားနှစ် သက်ကြပေသည်။ အကယ်၍ မိုးရွာသွန်းသောကြောင့် ဒုက္ခရှိလျှင်၊ သို့မဟုတ် အသင်တို့သည် နာမကျန်းဖြစ်ကြ

လျှင် လက်နက်ကို အောက်ချထားပါက အသင်တို့မှာ အပြစ်မရှိချေ။ သို့သော် မိမိတို့အဖို့ ကာကွယ်ရေးပစ္စည်းကိုမူ ယူဆောင်ထား ကြရပေမည်။ အလ္လာဟ်သည် မယုံကြည်သူများအဖို့ သေးသိမ်စေမည့် အပြစ်ဒဏ်ကို မုချ အသင့်ပြုလုပ်ထားပေသည်။ **၁၀၃။** အသင်တို့သည် စွလာသ်ဝတ်ပြုပြီးသွားသည့်အခါ မတ်တတ်ရပ်လျက်ဖြစ်စေ၊ ထိုင်လျက် ဖြစ်စေ၊ လဲလျောင်းလျက်ဖြစ်စေ အလ္လာဟ်ကို တသကြလေကုန်။ တစ်ဖန် အသင်တို့သည် တည်ငြိမ်အေးချမ်းသွားကြသည့်အခါ စွလာသ်ကို (နဂိုအတိုင်း) ဆောက်တည်ကြကုန်။ သတ်မှတ်ထားသော အချိန်တွင် စွလားသ်ဝတ်ပြုခြင်းသည် မုအ်မင်နတို့အဖို့ မလုပ်မနေရ တာဝန်တစ်ရပ် ဖြစ်သည်။ **၁၀၄။** ရန်သူများအား လိုက်လံတိုက်ခိုက်ရာတွင် စိတ်အားမလျှော့လိုက်ကြလေနှင့်။ အကယ်၍ အသင်တို့ နာကျင်ခံစားရလျှင် သူတို့သည်လည်း အသင်တို့ နာကျင်ခံစားရသည့်နည်းတူ နာကျင်ခံစားရလေသည်။ သို့သော် အသင်တို့သည် အလ္လာ့ဟ်အထံတော်မှ သူတို့မမျှော်လင့်သည်များကို မျှော်လင့်ကြပေသည်။ အလ္လာဟ်သည် အလွန်သိတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် အလွန် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

၁၀၅။ စင်စစ်တွင် ငါအရှင်မြတ်သည် အသင့်ထံသို့ ကျမ်းမြတ်ကုရ်အာန်ကို အမှန်တရားနှင့်တကွ ချပေးတော်မူခဲ့သည်။ အကြောင်းမှာ အလ္လာဟ်က အသင့်အား ပြသထားသည်နှင့်အညီ အသင့်အနေနှင့် လူတို့ကြားတွင် စီရင်ဆုံးဖြတ်ပေးရန်အတွက်ဖြစ်ပေသည်။ အသင်သည် သစ္စာဖောက်လိမ်လည်လှည့်ဖြားသူများဘက်မှ လိုက်၍ ချေပပြောဆိုသူ မဖြစ်ပါလေနှင့်။ **၁၀၆။** အသင်သည် အလ္လာ့ဟ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံပါ။ အလ္လာဟ်သည် အမှန်ပင် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။ **၁၀၇။** အသင်သည် မိမိတို့ကိုယ်ကို သစ္စာဖောက် လည့်ဖြားနေသူများဘက်မှ လိုက်၍ ချေပေပြောဆိုခြင်း မပြုလေနှင့်။ အလ္လာဟ်သည် သစ္စာမဲ့သူ၊ အပြစ်ကျူးလွန်သူကို လုံး၀ နှစ်သက်တော် မမူချေ။ **၁၀၈။** သူတို့သည် လူတို့ကိုတော့ ရှက်ကြောက်ကြပြီး အလ္လာဟ်ကိုတော့ မရှက်ကြောက်ကြပေ။ သူတို့သည် အလ္လာဟ်မနှစ်သက် သောစကားကို လျှို့ဝှက်ကြံစည်နေကြချိန်တွင် အလ္လာဟ်သည် သူတို့နှင့်အတူ ရှိနေတော်မူသည်။ အလ္လာဟ်သည် သူတို့ပြုမူသည်များကို ဝန်းရံထားလျက် ရှိတော်မူပေ

သည်။

၁၀၉။ အသင်တို့သည် လောကီဘဝတွင် သူတို့ဘက်မှလိုက်၍ ချေပပြောဆိုခဲ့ပေပြီ။ သို့သော် ကိယာမသဲနေ့တွင်မူ သူတို့ဘက်မှလိုက်၍ အလွှာဟ်အား မည်သူချေပပြောဆိုပေးမည်နည်း။ သို့မဟုတ် သူတို့အား ကိုယ်စားလှယ်လိုက်ပေး မည့်သူ မည်သူရှိသနည်း။ **၁၁၀။** မည်သူမဆို မကောင်းမှုတစ်ခုကို ကျူးလွန်မိမည်၊ သို့မဟုတ် မိမိကိုယ်ကို မတရားပြုမိမည်၊ ထို့နောက်တစ်ဖန် အလွှာဟ်ထံတော်တွင် ခွင့်လွှတ်ချမ်းသာခွင့်တောင်းခံခဲ့ပါက အလွှာဟ်သည် အလွန်ခွင့်လွှတ်ချမ်း သာပေးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်ကြောင်းကို သူတွေ့မြင်ရပေလိမ့်မည်။ **၁၁၁။** ပြစ်မှုဒုစရိုက်တစ်ခုကို ကျူးလွန်သူသည် မိမိကိုယ်ကို နစ်နာအောင်လုပ်လိုက်ခြင်းသာဖြစ်ပေသည်။ အလွှာဟ်သည် အလွန် သိတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် အလွန် ပြည့်စုံတော်မူသောအရှင် ဖြစ် တော်မူသည်။ **၁၁၂။** မည်သူမဆို အမှားတစ်ခု သို့မဟုတ် ပြစ်မှုဒုစရိုက်တစ်ခုကို ကျူးလွန်လိုက်ပြီးနောက် ထိုပြစ်မှုနှင့်စပ်လျဉ်း၍ အပြစ်ကင်းသူတစ်ဦးဦးကို ယိုးစွပ် ပါက ထိုသူသည် ကြီးလေးသောစွပ်စွဲမှုနှင့် ထင်ရှားသောပြစ်မှုကို ထမ်းရွက်လိုက် ခြင်းသာ ဖြစ်ပေသည်။ **၁၁၃။** အကယ်၍ အသင့်ပေါ်တွင် အလွှာဟ်၏ ကျေးဇူးတော် နှင့် ကရုဏာတော်သာ မရှိခဲ့ပါလျှင် သူတို့အနက်မှ လူတစ်စုသည် အသင့်အား လမ်းလွဲအောင် လုပ်ပစ်ကြရန် ကြံစည်ခဲ့ကြပြီး ဖြစ်လေသည်။ စင်စစ်တွင် သူတို့သည် မိမိကိုယ်ကိုသာ လမ်းလွဲအောင်လုပ်နေကြခြင်းဖြစ်သည်။ သူတို့သည် အသင့်အား တစ်စုံတစ်ရာ နစ်နာအောင် လုပ်နိုင်ကြမည် မဟုတ်ပေ။ အလွှာဟ်သည် အသင့်ပေါ် သို့ ကျမ်းမြတ်ကုရ်အာန်နှင့် ဉာဏ်အမြော်အမြင်ကို ချပေးသနားတော် မူပြီး အသင်မသိခဲ့သည်များကို သင်ကြားပေးတော်မူခဲ့သည်။ အသင့်ပေါ်တွင်ရှိ သော အလွှာဟ်၏ကျေးဇူးသည် အလွန်တရာ ကြီးမားလှပေသည်။

၁၁၄။ သူတို့၏ တိုးတိုးတိတ်တိတ်ပြောဆိုမှုအများစုတွင် မည်သည့် ကောင်းခြင်းမျှ မရှိပေ။ ကောင်းခြင်းရှိသော တိုးတိုးတိတ်တိတ်ပြောဆိုခြင်းဟူသည် အလျှဒါနပြုရန်ပြောဆိုခြင်း၊ သို့မဟုတ် ကောင်းမှုကုသိုလ်လုပ်ရန် ပြောဆိုခြင်း၊ သို့ မဟုတ် လူတို့စပ်ကြားတွင် သင့်မြတ်စေရန် ပြောဆိုခြင်းတို့ ဖြစ်သည်။ အလွှာဟ်၏ ကျေနပ်နှစ်သက်မှုကို ရှာဖွေရန်အတွက် ဤသို့ပြုမူသူများကို ငါအရှင်မြတ်သည်

ကြီးမားသောအကျိုးကို များမကြာမီ ချီးမြှင့်တော်မူပေမည်။ **၁၁၅။** သို့သော် မည်သူမဆို သူ့အဖို့ လမ်းမှန်တရားထင်ရှားပြီးသည့်နောက်မှ ရစူလ်တမန်တော်ကို ဆန့်ကျင်မည်၊ မုအ်မင်နတို့၏လမ်းစဉ်မဟုတ်သော အခြားလမ်းကို လျှောက် လှမ်းမည်ဆိုပါက ငါအရှင်သည် သူကိုယ်တိုင် လှည့်သွားသည့်ဘက်သို့ သူ့အား လှည့်ထားတော်မူမည်။ ထို့နောက် ငါအရှင်သည် သူ့ကို ဂျဟန္နမ်ငရဲဘုံတွင် ဝင်ရောက်စေတော်မူမည်။ ယင်းဂျဟန္နမ်သည် အလွန် ဆိုးရွားသောဌာနဖြစ်ပေသည်။

၁၁၆။ အလ္လာဟ်သည် မိမိနှင့်တွဲဖက်၍ အခြားတစ်စုံတစ်ရာကို ကိုးကွယ်ခြင်းကို အလျှင်း ခွင့်လွှတ်တော်မူမည်မဟုတ်။ သည့်အပြင် အခြားအပြစ်ကိုမူ မိမိအလိုတော်ရှိသူအား ခွင့်လွှတ်တော်မူမည်။ အလ္လာဟ်နှင့်တွဲဖက်၍ အခြားအရာကို ကိုးကွယ်သူသည် အလွန်ဝေးကွာသောလမ်းမှားတွင် ကျရောက်သွားပြီဖြစ်ပေသည်။ **၁၁၇။** သူတို့သည် အလ္လာဟ်ကို စွန့်၍ မယ်တော်များကိုသာ ဟစ်ခေါ်နေကြပေသည်။ သူတို့သည် ဆိုးသွမ်းသောရှိုင်သွာန်ကို ဟစ်ခေါ်နေကြခြင်းသာဖြစ်ပေသည်။ **၁၁၈။** အလ္လာဟ်သည် ယင်းရှိုင်သွာန်ကို မိမိ၏ကရုဏာတော်မှ ကင်းဝေစေတော်မူခဲ့သည်။ ထိုအခါ သူက လျှောက်တင်ခဲ့သည်။ ကျွန်တော်သည် အရှင်မြတ်၏အစေတော်များအနက်မှ သတ်မှတ်ထားပြီးဖြစ်သောဝေစုတစ်ပုံကို သေချာပေါက် ရယူပါမည်။ **၁၁၉။** ကျွန်တော်သည် သူတို့ကို မုချ လမ်းလွဲအောင် လုပ်ပါမည်။ သူတို့အား မျှော်လင့်ချက်ပေးမည်။ သူတို့သည် ခြေလေးချောင်းသတ္တဝါတို့၏နားများကို ဖြတ်တောက်ကြလေအောင် သူတို့အား သိမ်းသွင်းပါမည်။ သူတို့သည် အလ္လာဟ်ဖန်ဆင်းထားသောပုံစံကို ပြောင်းလဲပစ်ကြလေအောင် သူတို့အား သိမ်းသွင်းပါမည်။ မည်သူမဆို အလ္လာဟ်၏အစား ရှိုင်သွာန်ကို အဆွေခင်ပွန်းပြုလုပ်ပါက ထိုသူသည် ထင်ရှားသောဆုံးရှုံးနစ်နာမှုတွင် ကျရောက်သွားချေပြီ။ **၁၂၀။** ရှိုင်သွာန်သည် သူတို့ကို ကတိပေးသည်၊ မျော်လင့်ချက်ပေးသည်။ သို့သော် ရှိုင်သွာန်၏ကတိများအားလုံးသည် ဖြားယောင်းသွေးဆောင်ခြင်းမှအပ အခြားမဟုတ်ပေ။ **၁၂၁။** ထိုသို့သောသူများ၏နေရာထိုင်ခင်းသည် ဂျဟန္နမ်ငရဲဘုံသာဖြစ်ပြီးသူတို့သည်ယင်းငရဲဘုံမှလွတ်မြောက်ရာလမ်းကိုရှာတွေ့ကြမည်မဟုတ်ပေ။ **၁၂၂။** အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုပွားများသူတို့ကိုမူ ငါအရှင်မြတ် သည်အောက်ဘက်မှ စမ်းရေချောင်းများ စီးတွေလျက်ရှိသော ဥယျာဉ်ဘုံများတွင်

ဝင်ရောက်စေတော်မူမည်။ ယင်းဥယျာဉ်များတွင် သူတို့သည် ထာဝရ နေထိုင်ကြရပေမည်။ အလ္လာဟ်၏ကတိစကားသည် မှန်ကန်ပေသည်။ စကားအရာတွင် အလ္လာဟ်ထက်ပို၍ မှန်ကန်သူ မည်သူရှိပါဦးမည်နည်း။

၁၂၃။ အသင်တို့၏အလိုဆန္ဒများအတိုင်းဖြစ်မည် မဟုတ်။ ကျမ်းရသူတို့၏အလိုဆန္ဒများအတိုင်းလည်း ဖြစ်မည်မဟုတ်။ စင်စစ်တွင် မကောင်းမှုကို ကျူးလွန်သူသည် ထိုမကောင်းမှုအစား အပြစ်ပေးခြင်းခံရပေမည်။ ထိုသူသည် မိမိအဖို့ အလ္လာဟ်မှလွဲ၍ ကာကွယ်ပေးမည့်သူ၊ ကူညီပေးမည့်သူ တစ်ဦးတစ်ယောက်ကိုမျှ ရရှိမည်မဟုတ်ပေ။ **၁၂၄။** ကောင်းမှုသီလများပွားများသူများသည် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မုအ်မင်နဲ်ဖြစ်ပါလျှင် ဂျန္ဓသ်သုခဘုံသို့ ဝင်ရောက်ကြရပေမည်။ သူတို့သည် စိုးစဉ်းမျှ မတရားလုပ်ခြင်း ခံကြရမည်မဟုတ်ပေ။

၁၂၅။ အကြင်သူထက် သာသနာအားဖြင့် ပိုကောင်းသောသူ မည်သူရှိပါဦးမည်နည်း။ သူသည် မိမိ၏မျက်နှာကို အလ္လာ့ဟ်ဘက်သို့ လွှဲအပ်ထားသည်။ ထို့ပြင် သူသည် ကောင်းမှုသီလပွားများသူ ဖြစ်သည့်အပြင် ဖြောင့်မတ်တည်ကြည်သောအိဗ်ရာဟီမ်း၏သာသနာကို လိုက်နာသည်။ အလ္လာဟ်သည် အိဗ်ရာဟီမ်ကို ချစ်မိတ်ဆွေအဖြစ် မြှောက်စားတော်မူခဲ့ပေသည်။ **၁၂၆။** မိုးကောင်းကင်များတွင် ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှတို့သည် အလ္လာဟ်၏ပိုင်ဆိုင်မှုများ ဖြစ်သည်။ အလ္လာဟ်သည် အရာခပ်သိမ်းကို ဝန်းရံထားတော်မူပေသည်။

၁၂၇။ သူတို့သည် အမျိုးသမီးများနှင့်ပတ်သက်သော အမိန့်ပညတ်ကို အသင့်အား မေးမြန်းကြသည်။ အသင်ပြောပါ။ အလ္လာဟ်သည် အသင်တို့ကို ထိုအမျိုးသမီးများနှင့် စပ်လျဉ်း၍ အမိန့်ပေးတော်မူသည်။ ကျမ်းမြတ်ကုရ် အာန်တွင် ဖတဆိုးမိန်းကလေးများနှင့်စပ်လျဉ်းပြီး အသင်တို့အား ဖတ်ကြားပြသပြီး ဖြစ်သော အာယသ်တော်များကလည်း အသင်တို့ကို လမ်းညွှန်နေလျက်ရှိပေသည်။ အသင်တို့သည် ထိုမိန်းကလေးများကို သူတို့အဖို့ သတ်မှတ်ပြီးဖြစ်သောအခွင့် အရေးကို မပေးဆောင်ကြဘဲ သူမတို့နှင့် ထိမ်းမြားလိုကြပေသည်။ ထို့ပြင် အားအင်ချည့်နဲ့သော ကလေးသူငယ်များနှင့်ပတ်သက်သည့် အာယသ်တော်များ သည်လည်း (သင်တို့အား လမ်းညွှန်နေလျက်)ရှိသည်။ အသင်တို့သည် ဖတဆိုးကလေးများနှင့် တရားမျှတစွာ ဆောင်ရွက်ကြကုန်။ အသင်တို့ပြုလုပ်ကြသည့် မည်သည့်

ကောင်းမှုကိုမဆို အလ္လာဟ်သည် ကောင်းစွာ သိရှိတော်မူပေသည်။ **၁၂၈။** အကယ်၍ အမျိုးသမီးတစ်ဦးသည် မိမိ၏လင်ယောက်ျားဘက်မှ ဆက်ဆံရေး မကောင်းခြင်းနှင့် လျစ်လျူရှုခြင်းတို့ကို စိုးရိမ်ရပါလျှင် သူတို့ဇနီးမောင်နှံနှစ်ဦးတို့သည် အချင်းချင်းကြားတွင် သင့်မြတ်အောင်လုပ်လိုက်ပါက အပြစ်မရှိပေ။ သင့်မြတ်အောင်လုပ်ခြင်း သည်သာ အကောင်းဆုံးဖြစ်သည်။ လောဘရမ္မက်သည် လူသား၏သဘာဝတွင် တည်ရှိနေပေသည်။ အကယ်၍ အသင်တို့သည် ကောင်းမွန်စွာဆက်ဆံမည်၊ အလ္လာဟ်ကို ကြောက်ရွံ့ကြမည်ဆိုလျှင် စင်စစ်တွင် အလ္လာဟ်သည် အသင်တို့၏ လုပ်ရပ်များကို သိရှိနေတော်မူပေသည်။ **၁၂၉။** အသင်တို့သည် ဇနီးမိန်းမများကြားတွင် တရားမျှတအောင် လုပ်ဆောင်ဖို့ ဆန္ဒထားကြလျှင်လည်း ထိုသို့ အလျှင်းလုပ်နိုင်ကြမည်မဟုတ်။ သို့ဖြစ်ရာ ဇနီးတစ်ဦးတည်းဘက်သို့ လုံးဝမယိမ်းညွှတ်သွားကြလေနှင့်။ ကျန်ဇနီးတို့ကို တွဲလျားလွတ်ထားသကဲ့သို့ ဖြစ်ပေမည်။ အကယ်၍ အသင်တို့သည် သင့်မြတ်အောင်လုပ်ကြပါလျှင်၊ အလ္လာဟ်ကို ကြောက်ရွံ့ကြပါလျှင် စင်စစ်တွင် အလ္လာဟ်သည် အလွန် ခွင့်လွှတ်တော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။ **၁၃၀။** အကယ်၍ သူတို့နှစ်ဦးသည် ခွဲခွာသွား ကြမည်ဆိုလျှင်လည်း အလ္လာဟ်သည် မိမိ၏များပြားသောကျေးဇူးတော်ဖြင့် သူတို့တစ်ဦးတိုင်းကို ကြောင့်ကြမှုမရှိအောင်လုပ်ပေးတော်မူပေမည်။ အလ္လာဟ်သည် အလွန် ကျယ်ဝန်းစွာပေးသနားတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် အလွန် ပြည့်ဝတော်မူသောအရှင် ဖြစ်ပေသည်။

၁၃၁။ မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှတို့သည် အလ္လာဟ်၏ပိုင်ဆိုင်မှုများ ဖြစ်ပေသည်။ ငါအရှင်မြတ်သည် အသင်တို့အလျင်ကကျမ်းဂန်ချီးမြှင့်ခံခဲ့ရသူများကိုရော၊ အသင်တို့ကိုပါ ငါအရှင်မြတ်ကို ကြောက်ရွံ့ရှိသေကြကုန်လော့ဟု အမိန့်ပေးတော်မူခဲ့သည်။ အကယ်၍ အသင်တို့သည် ငြင်းပယ်ကြပါမူ စင်စစ်တွင် မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှတို့သည် အလ္လာဟ်၏ပိုင်ဆိုင်မှုများပင် ဖြစ်ပေသည်။ အလ္လာဟ်သည် လိုလားတောင့်တခြင်းကင်းတော်မူသော၊ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသည်။ **၁၃၂။** စင်စစ်တွင် မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှတို့သည် အလ္လာဟ်၏ပိုင်ဆိုင်မှုများသာ ဖြစ်ပေသည်။ အလ္လာဟ်သည် ယုံပုံလွှဲအပ်ရန်

လုံ လောက်တော်မူသောအရှင်ဖြစ်ပေသည်။ **၁၃၃၂။** အို-လူအပေါင်းတို့၊ အကယ်၍ အလွှာဟ် အလို တော်ရှိပါလျှင် အသင်တို့ကို ဖျက်ဆီးတော်မူပြီး အခြားသူများကို အစားထိုး ဖန်ဆင်းတော်မူပေမည်။ အလွှာဟ်သည် ထိုကိစ္စအပေါ် တတ်စွမ်းနိုင်တော် မူသောအရှင် ဖြစ်ပေသည်။ **၁၃၄။** လောကီ၏အကျိုးကိုသာ လိုလားသူသည် အလွှာဟ်ထံတော်၌ လောကီ၏အကျိုးရော၊ နောင်တလွန်၏အကျိုးပါ ရှိသည် (ကို မှတ်ထားလိုက်ပါ) ။ အလွှာဟ်သည် အလွန်ကြားတော်မူသော၊ အလွန် မြင်တော်မူသောအရှင် ဖြစ်ပေသည်။

၁၃၅။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် တရားမျှတမှုပေါ်တွင် မြဲမြံစွာ ရပ်တည်ကြသူများ၊ အလွှာဟ်ကိုထောက်ထား၍ သက်သေခံကြသူများ ဖြစ်ကြကုန်။ ထိုသူသည် အသင်တို့ကိုယ်ကျိုးနှင့်ဆန့်ကျင်နေသည်ဖြစ်စေ၊ အသင်တို့၏မိဘနှစ်ပါး၊ အသင်တို့၏ဆွေမျိုးသားချင်းများနှင့် ဆန့်ကျင်နေသည်ဖြစ်ပါစေ။ ထိုသူသည် ဆင်းရဲသားဖြစ်စေ၊ သူချမ်းသာဖြစ်စေ အလွှာဟ်သည် သူတို့နှစ်ဦး၏အကျိုးကို ပို၍ လိုလားတော်မူသော အရှင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် တရားမျှတမှုမှ တိမ်းစောင်းမသွားရလေအောင် စိတ်အလိုနောက်သို့ မလိုက်ကြလေနှင့်။ အကယ်၍ အသင်တို့သည် အမှန်တရားကို ထိမ်ချန်၍ ပြောလျှင် သို့မဟုတ် ရှောင်တိမ်းကြပါလျှင် စင်စစ်တွင် အလွှာဟ်သည် အသင်တို့ပြုမူနေသမျှကို သိတော်မူသောအရှင် ဖြစ်ပေသည်။

၁၃၆။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလွှာဟ်ကို၊ ထိုအရှင်မြတ်၏ရစူလ်တမန်တော်ကို၊ ထိုရစူလ်တမန်တော်အပေါ် အလွှာဟ်ချပေးတော်မူထားသည့်ကျမ်းကို၊ သည်အလျင်က ချပေးထားသည့်ကျမ်းများကို အီမာန်ယုံကြည်ကြလေကုန်။ မည်သူမဆို အလွှာဟ်နှင့်၊ ထိုအရှင်မြတ်၏ကောင်းကင်တမန်များ၊ ထိုအရှင်၏ကျမ်းစာများ၊ ထိုအရှင်၏ရစူလ်တမန်တော်များနှင့်၊ နောက်ဆုံးနေ့တို့ကို ငြင်းပယ်ပါမူ ထိုသူသည် ဝေးကွာလှသော လမ်းလွဲမှုတွင် ကျရောက်သွားပေပြီ။ **၁၃၇။** အကြင်သူတို့သည် အီမာန်ယုံကြည်ခဲ့ကြသည်။ တစ်ဖန် ငြင်းဆန်ခဲ့ကြသည်။ တစ်ဖန် အီမာန်ယုံကြည် လိုက်ကြပြန်သည်။ တစ်ဖန် ငြင်းပယ်လိုက်ကြပြန်သည်။ ထို့နောက်တွင် ငြင်းပယ်မှု တွင်သာ တိုး၍ နစ်မွန်းသွားခဲ့ကြသည်။ အလွှာဟ်သည် ထိုသို့သောသူများကို လုံးဝ ခွင့်လွှတ်တော် မူမည်မဟုတ်။ လုံးဝ လမ်းမှန်ညွှန်ပြမည်

လည်း မဟုတ်တော့ပေ။ **၁၃၈။** အသင်သည် မွတ်စ်လင်မ်အယောင်ဆောင်များအား သူတို့အဖို့ နာကျင်ဖွယ်ရာအပြစ်ဒဏ်ရှိကြောင်း သတင်းကောင်းပါးလိုက်ပါ။ **၁၃၉။** ယင်းမွတ်စ်လင်မ်အယောင်ဆောင်တို့သည် မုအ်မင်နမ်များကို စွန့်ပယ်၍ ငြင်းပယ်သူများကို မိတ်ဆွေရင်း ဖွဲ့ကြသည်။ သူတို့သည် ထိုငြင်းပယ်သူများထံတွင် ဂုဏ်သိက္ခာကို ရှာဖွေနေကြပါသလော။ စင်စစ်တွင် ဂုဏ်သိက္ခာဟူသမျှသည် အလ္လာ့ဟ်ထံတွင်သာ ရှိပေသည်။

၁၄၀။ အလ္လာဟ်၏အာယတ်တော်များ ငြင်းပယ်ခြင်းခံနေရသည်ကို၊ လှောင်ပြောင်ခြင်းခံနေရသည်ကို အသင်တို့ ကြားရသော် ထိုသူတို့သည် အခြားစကားထဲတွင် နစ်မွန်းမသွားမချင်း သူတို့နှင့်အတူ မထိုင်ကြဖို့ အလ္လာဟ်က ကျမ်းမြတ်ကုရ်အာန်တွင် အသင်တို့အပေါ်သို့ အမိန့်ချပေးပြီး ဖြစ်သည်။ ထိုသို့ မလိုက်နာပါက သင်တို့သည်လည်း သူတို့နည်းတူဖြစ်သွားပေမည်။ အလ္လာဟ်သည် မွတ်စ်လင်မ်အယောင်ဆောင်များနှင့် ငြင်းပယ်သူများကို ဂျဟန္နမ်ငရဲတွင် အတူတကွ စုရုံးတော်မူမည်။ **၁၄၁။** မွတ်စ်လင်မ်အယောင်ဆောင်များသည် သင်တို့ကို စောင့်ကြည့်နေကြသည်။ အကယ်၍သင်တို့သည် အလ္လာ့ဟ်ဘက်မှ အောင်နိုင်မှုတစ်ခုခုရပြီဆိုလျှင် ၎င်းတို့က ငါတို့သည်လည်း သင်တို့နှင့်အတူ ရှိခဲ့ကြသည်မဟုတ်လားဟု ပြောတတ်ကြသည်။ အကယ်၍ ငြင်းပယ်သူများက ဝေစုတစ်စုံတစ်ရာ ရခဲ့ကြပါမူ ၎င်းတို့က ဤသို့ ပြောကြပြန်သည်။ ငါတို့သည် သင်တို့နှင့် ဆန့်ကျင်၍ တိုက်ခိုက်နိုင် သူများမဟုတ်ဘူးလား။ သို့သော်လည်းပဲ ငါတို့သည် သင်တို့အား မွတ်စ်လင်မ်တို့ ထံမှ ကာကွယ်ပေးခဲ့ကြသည်မဟုတ်လော။ သို့ဖြစ်ရာ အလ္လာဟ်သည်သာ ကိယာ မသ်နေ့တွင် သင်တို့အကြား ဆုံးဖြတ်ပေးတော်မူမည်။ အလ္လာဟ်သည် ယုံကြည်သူ များအပေါ်တွင် ငြင်းပယ်သူများကို အောင်နိုင်မှုတစ်စုံတစ်ရာ လုံးဝပေးတော်မူမည် မဟုတ်ပေ။ **၁၄၂။** မွတ်စ်လင်မ်အယောင်ဆောင်များသည် အလ္လာဟ်ကို လှည့်စား နေကြသည်။ အမှန်တွင် အလ္လာဟ်သာလျှင် သူတို့ကို လှည့်စားမှုထဲတွင် ထည့်ထား တော်မူသည်။ သူတို့သည် စွလားသ်ဆောက်တည်ရန် ထရပ်ကြသောအခါ ပျင်းရိ စွာနှင့်၊ လူတို့ကို ပြစားရန်သာ ထရပ်ကြသည်။ သူတို့သည် အလ္လာဟ်ကို အနည်း ငယ်သာ သတိရကြသည်။ **၁၄၃။** သူတို့သည် နှစ်ဖက်ကြားတွင် တန်းလန်းဖြစ်နေကြ သည်။ သည်ဘက်လည်းမဟုတ်၊ ထိုဘက်

လည်း မဟုတ်ကြပေ။ မည်သူကိုမဆို အလွှာတ်က လမ်းလွဲစေတော်မူပိုက်လျှင် အသင်သည် သူအတွက် ဘယ်သောအခါမှ လမ်းရှာတွေ့တော့မည်မဟုတ်ပေ။ **၁၄၄။** အို-ယုံကြည်သူအပေါင်းတို့၊ မုဒ်မင်နှမ်များကို စွန့်ပယ်၍၊ ငြင်းပယ်သူများကို ချစ်မိတ်ဆွေ သွားမဖွဲ့ကြလေနှင့်။ အသင်တို့သည် အလွှာတ်အား မိမိတို့နှင့် ဆန့်ကျင်သည့် ထင်ရှားသော အထောက်အထားကို ပေးပိုကြသလော။ **၁၄၅။** မွတ်စ်လင်မ်အယောင်ဆောင်များသည် ငရဲ၏ အောက်ဆုံးထပ်တွင် မုချ ရှိကြပေမည်။ သူတို့အား ကူညီမည့်သူကို အသင်တွေ့ရမည် မဟုတ်ပေ။ **၁၄၆။** သို့သော် အကြင်သူများသည် အမှားဝန်ချတောင်းပန်ပြီး ကိုယ့်ကိုယ်ကိုယ် ပြုပြင်လိုက်ကြပါမူ၊ အလွှာတ်ကို ခိုင်မြဲစွာ ဆုပ်ကိုင်လိုက်ကြပါမူ၊ မိမိတို့၏ သာသနာကို အလွှာတ် အတွက် သီးသန့်ပြုလိုက်ပါမူ၊ ဤသို့သောသူများသည် ယုံကြည်သူများနှင့်အတူ ရှိကြပေမည်။ အလွှာတ်သည် ယုံကြည်သူများကို ကြီးမားသောအကျိုးကျေးဇူး ပေးသနားတော်မူမည်။ **၁၄၇။** အကယ်၍ အသင်တို့သည် ကျေးဇူးသိတတ်ကြပါမူ၊ အီမာန်သက်ဝင်ယုံကြည်ကြပါမူ အလွှာတ်သည် သင်တို့ကို ဘာကြောင့် ပြစ်ဒဏ် ခတ်တော်မူမည်နည်း။ အလွှာတ်သည် ကျေးဇူးတင်သူကို အလွန်အသိအမှတ်ပြု တော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်။

★ **၁၄၈။** တစ်ဦးတစ်ယောက်ကို မတရားလုပ်ခြင်းခံရသည့် အခြေအနေ မှလွဲ၍ ကျန်အခြေအနေများတွင်မကောင်းသောစကား ထုတ်ဖော် ပြောခြင်းကို အလွှာတ်နှစ်သက်တော်မမူပေ။ အလွှာတ်သည် အလွန်ကြားတော်မူသော၊ အလွန်သိတော်မူ သောအရှင် ဖြစ်သည်။ **၁၄၉။** သင်တို့သည် ကောင်းမှုတစ်ခုခုကို ထုတ်ဖော်ကြလျှင်၊ သို့မဟုတ် ဖုံးကွယ်ထားကြလျှင်၊ သို့မဟုတ် မကောင်းမှုတစ်စုံ တစ်ရာကို ခွင့်လွှတ်ပေးခဲ့ကြလျှင် အလွှာတ်သည် အမှန်ပင် အလွန်ခွင့်လွှတ်တော် မူသော၊ အလွန် တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်သည်။ **၁၅၀။** အကြင်သူတို့သည် အလွှာတ်နှင့် ထိုအရှင်၏ တမန်တော်များကို ငြင်းကြသည်။ ထို့နောက် အလွှာတ် နှင့်တမန်တော်များအကြားတွင် ခွဲခြားလိုကြသည်။ ထို့နောက် အချို့ တမန်တော်များကို ကျွန်ုပ်တို့ ယုံကြည်ကြပြီး အချို့ကို မယုံကြည်ကြဘူးဟု ပြောကြသည်။ (ဟိုမရောက် သည်မရောက်)ကြားထဲမှ လမ်းတစ်လမ်းကို ထုတ်လိုကြသည်။ **၁၅၁။** ထိုသူများသည် တကယ့်ငြင်းပယ်သူများ ဖြစ်ကြသည်။ ငါအရှင်သည်

ငြင်းပယ်သူများအဖို့ သေးသိမ်သော ပြစ်ဒဏ်ကို စီမံထားတော်မူသည်။ **၁၅၂။** သို့ရာတွင် အလ္လာဟ်နှင့် တမန်တော်များကို ယုံကြည်ကြပြီး တမန်တော်များအကြားတွင်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခွဲခြားခြင်း မပြုကြသူများကိုမူ အလ္လာဟ်သည် သူတို့၏အကျိုးကို သူတို့အား မုချ ချီးမြှင့်တော်မူမည်။ အလ္လာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်ပေသည်။

၁၅၃။ ကျမ်းရသူများက မိမိတို့အပေါ် မိုးပေါ်မှ ကျမ်းတစ်ကျမ်း ချပေးဖို့အတွက် အသင့်ထံ တောင်းဆိုကြသည်။ သူတို့သည် သည့်ထက်ပိုကြီးကျယ်သော အချက်ကိုပင် မူစာထံတွင် တောင်းဆိုခဲ့ကြပြီးဖြစ်သည်။ သူတို့က (ကျွန်ုပ်တို့သည် အလ္လာဟ်ကို မြင်ရရန် အလို့ငှာ)ကျွန်ုပ်တို့အား အလ္လာဟ်ကို မျက်ဝါးထင်ထင် ပြသပါဟု ပြောဆိုခဲ့ကြသည်။ သို့ရှိရာ သူတို့၏ မတရားမှုကြောင့် မိုးကြိုးလောင်မီး သည် သူတို့ကို ဖမ်းဆီးကွပ်မျက်ခဲ့သည်။ ထို့နောက်တွင်လည်း သူတို့ထံသို့ အထောက်အထားများလာပြီးနောက်သော်မှ သူတို့သည် နွားငယ်ရုပ်ကို ကိုးကွယ် ရာအဖြစ်သတ်မှတ်ခဲ့ကြ သည်။ သို့တိုင် ငါအရှင်သည် ထိုအပြစ်ကို ခွင့်လွှတ်တော် မူခဲ့သည်။ ထို့ပြင် ငါအရှင်သည် မူစာအား ထင်ရှားသော အထောက်အထားကို ပေးသနားတော်မူခဲ့သည်။ **၁၅၄။** ထို့နောက် ငါအရှင်သည် ကတိတော်ယူရန်အတွက် သူတို့အပေါ်တွင် သူးရ် တောင်ကို မယူတော်မူပြီး သင်တို့သည် တံခါးမှ ဦးညွှတ်လျက် ဝင်ရောက်ကြကုန်ဟု မိန့်တော်မူခဲ့သည်။ ထို့ပြင် စနေနေ့နှင့် ပတ်သက်၍ မကျူးကျော်ကြနှင့်ဟူ၍လည်း မိန့်တော်မူခဲ့သည်။ ငါအရှင်သည် သူတို့ထံမှ ခိုင်မြဲသော ကတိတော်ကို ယူခဲ့သည်။

၁၅၅။ (ထို့နောက် သူတို့သည် အပြစ်ဒဏ်အမျိုးမျိုးကို ခံခဲ့ကြရ သည်။) အဘယ့်ကြောင့်ဆိုသော် သူတို့သည် မိမိတို့၏ကတိကို ဖောက်ဖျက်ခဲ့ကြသည်။ အလ္လာဟ်၏ အာယသ်တော်များကို ငြင်းခဲ့ကြသည်။ ထို့ပြင် တမန်တော်များကို မတရားသဖြင့်သတ်ခဲ့ကြသည်။ ထို့ပြင် ကျွန်ုပ်တို့၏ စိတ်နှလုံးများသည် ပိတ်နေသည်ဟု ပြောခဲ့ကြသည်။ အမှန်မှာ သူတို့သည် အမှန်တရားကို ငြင်းခဲ့သောကြောင့် အလ္လာဟ်က သူတို့၏ စိတ်နှလုံးများကို တံဆိတ်ခတ်နှိပ်တော်မူလိုက်ခြင်းဖြစ်သည်။ သူတို့သည် အနည်းငယ်သာ ယုံကြည်ကြသည်။ **၁၅၆။** ထို့ပြင် သူတို့

သည် အမှန်တရားကို ငြင်းခဲ့ကြပြီး မရဲယမ်ကို အကြီးအကျယ် စွပ်စွဲခဲ့ကြသည့် အတွက်ကြောင့်လည်း ဖြစ်သည်။ **၁၅၇။** ထို့ပြင် ကျွန်ုပ်တို့သည် မရဲယမ်၏သား အီစာကို သတ်ခဲ့ကြသည်ဟု သူတို့ ပြောခဲ့ကြသည့် အတွက်ကြောင့်လည်း ဖြစ်သည်။ စင်စစ်တွင် သူတို့သည် သူ့ကို မသတ်ခဲ့ကြပေ။ လက်ဝါးကပ်တိုင် လည်း မတင်ခဲ့ကြပေ။ (ထိုသို့ပြုလုပ်ခဲ့ကြသည်ဟု) ထင်ယောင်ထင်မှားဖြစ်အောင် အလုပ်ခံခဲ့ရခြင်းသာ ဖြစ်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကွဲလွဲနေကြသော သူများသည် စင်စစ်တွင် သံသယထဲ၌ ရှိနေကြသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ သူတို့သည် အတိ အကျ မသိကြချေ။ ထင်မြင်ချက်သက်သက်နောက်သို့ လိုက်နေကြခြင်းသာ ဖြစ်သည်။ စင်စစ်တွင် သူတို့သည် သူ့ကို သတ်ခဲ့ကြသည်မဟုတ်ပေ။ **၁၅၈။** အမှန်မှာ သူ့ကို အလ္လာဟ်က မိမိထံပါးသို့ မယူလိုက်ခြင်းသာ ဖြစ်သည်။ အလ္လာဟ် သည် ဘုန်းတန်ခိုးနှင့် နိုင်နင်းတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူသည်။

၁၅၉။ ကျမ်းရသူများအနက် တစ်ဦးချင်းသည် အီစာကို သူမသေဆုံးမီ အလျင် မုချ ယုံကြည်ပေလိမ့်မည်။ ကိယာမသဲနေ့ကျလျှင် သူသည် ၎င်းတို့ အပေါ် သက်သေဖြစ်လိမ့်မည်။ **၁၆၀။** ယဟူဒီတို့၏ မတရားလုပ်မှုကြောင့်နှင့်၊ အလ္လာဟ် လမ်းတော်မှ များစွာ တားဆီးပိတ်ပင်ကြသည့်အတွက်ကြောင့် ငါအရှင် သည် အလျင်က သူတို့အတွက် ခွင့်ပြုထားသော သန့်ပြန့်သည့်အရာတချို့ကို သူတို့ အပေါ်တွင် ပိတ်ပင်တားမြစ်တော်မူခဲ့သည်။ **၁၆၁။** ထို့ပြင် သူတို့အတိုးရယူသော ကြောင့်လည်း ဖြစ်သည်။ အမှန်မှာ သူတို့သည် အတိုးမစားကြရန် တားမြစ် ပိတ်ပင်ခြင်း ခံခဲ့ကြရပြီးဖြစ်သည်။ ထို့ပြင် သူတို့သည် လူတို့၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြသောကြောင့်လည်း ဖြစ်သည်။ သူတို့အနက်မှ ငြင်းပယ်သူများအဖို့ ငါအရှင်သည် နာကျင်ဖွယ်ပြစ်ဒဏ်ကို စီစဉ်ထားတော်မူသည်။ **၁၆၂။** သို့သော် သူတို့အနက် ပညာအရာတွင် ခိုင်မာပြီး၊ ယုံကြည်ကြသူများမှာမူ အသင်နှင့် အသင့်အလျင်တွင် ချပေးခြင်းခံရသောအရာများကို ယုံကြည်ကြသည်။ ထို့ပြင် သူတို့သည် စွလားသ်ကို စွဲမြဲစွာ ဆောက်တည်ကြသူများ၊ ဇကားသ်ပေး ဆောင်ကြသူများ၊ အလ္လာဟ်နှင့် ကိယာမသဲနေ့ကို ယုံကြည်ကြသူများ ဖြစ်ကြ ပေသည်။ ထိုသူများကို ငါအရှင်သည် ကြီးမားသောအကျိုးကို မုချ ချီးမြှင့်တော်မူ

မည်။

၁၆၃။ ငါအရှင်မြတ်သည် နူးဟ်နှင့် သူ့နောက်တွင် ပွင့်ခဲ့သော တမန်တော်များထံ ဝဟီဗျာဒိတ်တော်ချပေးတော်မူခဲ့သကဲ့သို့ပင် အသင့်ထံသို့လည်း ဝဟီဗျာဒိတ်တော်ကို ချပေးတော်မူခဲ့သည်။ ငါအရှင်မြတ်သည် အိဗ်ရာဟီးမ်နှင့် အိစ်မာအီးလ်၊ အိစ်ဟားက်၊ ယအ်ကူးဗ်၊ ယအ်ကူးဗ်၏သားများနှင့်၊ အီစာ၊ အိုင်ယူးဗ်၊ ယူနုစ်၊ ဟာရူန်နှင့် စုလိုင်မာန်တို့ထံ ဝဟီဗျာဒိတ်တော် ပို့တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ဒါဝူးဒ်ကို ဇဗူးရ်ကျမ်းပေးတော်မူခဲ့သည်။ **၁၆၄။** ငါအရှင်မြတ်သည် အလျင်က စေလွှတ်ခြင်းခံရသော တမန်တော်အချို့၏ အကြောင်းကို အသင့်အားပြောပြခဲ့သည်။ အချို့တမန်တော်များ၏ အကြောင်းကိုတော့ မပြောပြခဲ့ပေ။ အလ္လာဟ်သည် မူစာကို စကားပြောတော်မူခဲ့သည်။ **၁၆၅။** ငါအရှင်သည် ရစူလ်တမန်တော်များကို သတင်းကောင်းပေးသူများအဖြစ်၊ သတိပေးနှိုးဆော်သူများအဖြစ် စေလွှတ်တော်မူခဲ့သည်။ အကြောင်းမှာ တမန်တော်များကို စေလွှတ် ပြီးနောက်တွင် လူတို့မှာ အလ္လာဟ်နှင့် ဆန့်ကျင်၍ အထောက်အထားပေးစရာ မကျန်တော့အောင် ဖြစ်သည်။ အလ္လာဟ်သည် နိုင်နင်းလွှမ်းမိုးတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။

၁၆၆။ သို့သော် အလ္လာဟ်သည် အသင့်အပေါ် ချပေးသနားခဲ့သော အရာများကို မိမိ၏အသိပညာနှင့်တကွ ချပေးသနားတော်မူခဲ့ကြောင်း သက်သေခံတော်မူသည်။ ကောင်းကင်တမန်များသည်လည်း သက်သေထွက်ဆိုကြသည်။ အလ္လာဟ်သည် သက်သေအဖြစ် လုံလောက်တော်မူပေသည်။ **၁၆၇။** ကိုယ်တိုင်သွေဖည်ငြင်းပယ်ပြီးနောက် အခြားသူများကို အလ္လာဟ်၏လမ်းတော်မှ ပိတ်ဆို့သူများသည် ဝေးလံသောလမ်းမှားသို့ မုချ ရောက်သွားကြချေပြီ။ **၁၆၈။** ငြင်းပယ်ပြီးနောက် မတရားပြုလုပ်ခဲ့ကြသူများကို အလ္လာဟ်သည် လုံးဝ ခွင့်လွှတ်တော်မူမည်မဟုတ်ပေ။ မည်သည့်လမ်းကိုမျှလည်း သူတို့အား ပြသတော်မူမည်မဟုတ်ပေ။ **၁၆၉။** ငရဲဘုံ၏ လမ်းကိုသာ ပြတော်မူမည်။ ထိုထဲတွင် သူတို့သည် အမြဲနေရမည်။ ဤသည် အလ္လာဟ်အတွက် လွယ်ကူပေသည်။ **၁၇၀။** အို-လူအပေါင်းတို့၊ ရစူလ်တမန်တော်သည် အရှင်မြတ်၏မှန်ကန်သော စကားကို ယူဆောင်၍ အသင်တို့ထံ လာခဲ့ပြီဖြစ်သည်။ ယုံကြည်လက်ခံလိုက်ကြကုန်။ အသင်တို့အတွက် အကောင်းဆုံး

ဖြစ်ပေမည်။ အကယ်၍ ငြင်းပယ်ကြပါမူ မှတ်ထားကြကုန်၊ မိုးကောင်းကင်များနှင့် မြေပထဝီကို အလ္လာဟ်သာ ပိုင်ပေသည်။ အလ္လာဟ်သည် အလွန်သိတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်သည်။

၁၇၁။ အို-ကျမ်းရသူအပေါင်းတို့၊ မိမိတို့သာသနာတွင် အစွန်းမရောက်ကြလေနှင့်။ ထို့ပြင် အလ္လာဟ်နှင့်ပတ်သက်၍ အမှန်တရားကလွဲ၍ တခြားမပြောကြနှင့်။ မရ်ယမ်၏သားအီစာသည် အလ္လာဟ်၏တမန်တော်တစ်ပါးနှင့် အလ္လာဟ်၏စကားတော်မျှသာဖြစ်သည်။ ယင်းစကားတော်ကို အလ္လာဟ်က မရ်ယမ်ထဲတွင် ထည့် တော်မူခဲ့သည်။ ထို့ပြင် သူသည် အလ္လာဟ်ဘက်မှ ဝိညာဉ်တော်ဖြစ်သည်။ သို့ဖြစ်ရာ အလ္လာဟ်နှင့် အရှင်မြတ်၏ တမန်တော်များကို ယုံကြည်ကြကုန်။ ဘုရားသုံးဆူရှိသည်ဟု မပြောကြနှင့်။ ထိုသို့ပြောခြင်းမှ ရပ်တန်းကရပ်ကြလေကုန်။ အသင်တို့အတွက် ပိုကောင်းပေမည်။ အလ္လာဟ်သာလျှင် ကိုးကွယ်ခံထိုက်သော တစ်ပါးတည်းသော အရှင်ဖြစ်သည်။ အရှင်မြတ်သည် သားသမီးများရှိခြင်းမှ သန့်ပြန့်စင်ကြယ်တော်မူသည်။ မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှကို အရှင်မြတ်က ပိုင်တော်မူသည်။ အလ္လာဟ်သည် ထိန်းသိမ်းစောင့်ရှောက်သော အရှင်အဖြစ် လုံလောက်တော်မူပေသည်။ **၁၇၂။** မစီးဟ်အီစာသည် အလ္လာဟ်၏ အစေတော်ဖြစ်ရခြင်းကို မနှစ်မြို့မှု လုံးဝဖြစ်လိမ့်မည်မဟုတ်။ အပါးတော်မြဲ ကောင်းကင် တမန်များသည်လည်း မနှစ်မြို့မှု လုံးဝဖြစ်မည်မဟုတ်ပေ။ မည်သူမဆို အလ္လာဟ်၏ အစေတော်ဖြစ်ရခြင်းကို မနှစ်မြို့မှုဖြစ်လျှင်၊ မာနထောင်လွှားလျှင် အလ္လာဟ်သည် ထိုသူအားလုံးကို မိမိထံတွင် မုချ စုရုံးတော်မူမည်။ **၁၇၃။** ပြီးလျှင် အီမာန်လက် ခံယုံကြည်ပြီး ကောင်းမှုသီလဆောက်တည်သူများကို အရှင်မြတ်သည် အကျိုးကုသိုလ် အပြည့်အဝ ပေးတော်မူပေမည်။ မိမိ၏ကျေးဇူးတော်ဖြင့် အပိုထပ်တိုး၍ ချီးမြှင့်တော်မူဦးမည်။ မနှစ်မြို့မှုဖြစ်ပြီး မာနထောင်လွှားကြသူများကိုမူ အရှင်မြတ်သည် ပြင်းထန်သော ပြစ်ဒဏ်ခတ်တော်မူမည်။ သူတို့သည် အလ္လာဟ်နှင့် ဆန့်ကျင်၍ မိမိတို့ကို ကူညီစောင်မမည့်သူတစ်ဦးတလေကိုမျှ တွေ့ရမည်မဟုတ်ပေ။

၁၇၄။ အို-လူအပေါင်းတို့၊ သင်တို့၏အရှင်ထံမှ အသင်တို့ထံသို့ အထောက်အထားတစ်ခု ရောက်ရှိခဲ့ပြီဖြစ်သည်။ ငါအရှင်သည် အသင်တို့ထံသို့

ထင်ရှားသော အလင်းရောင်တစ်ခုကိုလည်း ချပေးတော်မူခဲ့သည်။ **၁၇၅။** အလ္လာဟ်ကို သက်ဝင်ယုံကြည်ပြီးနောက် မြဲမြံစွာ ကိုင်ထားကြသူများကို အလ္လာဟ် သည် မိမိ၏ကရုဏာတော်နှင့် ကျေးဇူးတော်အတွင်းသို့ မုချ ဝင်ရောက်စေတော်မူမည်။ ထို့ပြင် သူတို့ကို မိမိဘက်တော်သို့ ဖြောင့်သောလမ်းကို ပြသတော်မူမည်။ **၁၇၆။** လူတို့သည် သင့်အား (ကလာလဟ်၏) အမိန့်ပညတ်တော်ကို မေးကြသည်။ အသင်ပြောကြားပါ။ အလ္လာဟ်သည် ကလာလဟ် (ညီအစ်ကိုမောင်နှမက လွဲ၍ အခြားအမွေစား အမွေခံ မရှိသောသူ)နှင့် ပတ်သက်၍ သင်တို့ကို (ဤသို့)အမိန့် ပညတ်တော်မူသည်။ အကယ်၍ တစ်ဦးတစ်ယောက်က သေသွားပြီး၊ သူမှာ သားသမီးလည်း မရှိ၊ ညီမ အစ်မတစ်ဦးသာရှိလျှင် ထိုညီမ အစ်မသည် သေသူရန်ခဲ့သည့်အရာထဲမှ တစ်ဝက် ရမည်။ ထိုညီမအစ်မတွင်(သူမသေဆုံးသွားသောအခါ) သားသမီးမရှိလျှင် သူ(မ၏ အစ်ကို သို့မဟုတ် မောင်ဖြစ်သူ)က အမွေစားအမွေခံ ဖြစ်မည်။ အကယ်၍ ညီမအစ်မ နှစ်ယောက်ရှိလျှင် သူတို့နှစ်ယောက်သည် ကျန်ရစ်ပစ္စည်းထဲမှ သုံးပုံနှစ်ပုံအမွေရ မည်။ အကယ်၍ ညီအစ်ကိုမောင်နှမများထဲတွင် အမျိုးသားရော အမျိုးသမီးရော ရှိကြပါလျှင် အမျိုးသားတစ်ဦးသည် အမျိုးသမီးနှစ်ဦး၏ဝေစုကို ရပေမည်။ အသင်တို့ လမ်းမမှားကြရလေအောင် အလ္လာဟ်က သင်တို့ကို ရှင်းပြတော်မူသည်။ အလ္လာဟ်သည် အရာတိုင်းကို အကြောင်းမဲ့ သိတော်မူသောအရှင် ဖြစ်ပေသည်။

၅။ စူရတ်မာအိဒဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အို-ယုံကြည်သူအပေါင်းတို့၊ ကတိကဝတ်များကို ပြည့်ဝအောင် လုပ်ကြကုန်။ ရှေ့မှာတင်ပြမည့်အကောင်များမှအပ ခြေလေးချောင်း တိရစ္ဆာန်များကို သင်တို့အဖို့ ဟလာလ်ခွင့်ပြုတော်မူခဲ့ပေသည်။ သို့သော် အိဟ်ရာမ် ၏အခြေအနေတွင် အမဲလိုက်ခြင်းကို ဟလာလ်ဟု မမှတ်ယူကြနှင့်။ အလ္လာဟ်သည်

မိမိအလိုရှိရာကို အမိန့်ပေးတော်မူသည်။

၂။ အို-ယုံကြည်သူအပေါင်းတို့၊ သင်တို့သည် အလ္လာဟ်၏ အမှတ်လက္ခဏာများ၊ ထွတ်မြတ်သောလများ၊ ဟရာမ်အတွင်းမှ ကုရ်ဘာနီသားကောင်များ၊ လည်ပတ်ဆွဲထားသော ကုရ်ဘာနီသားကောင်များနှင့် မိမိတို့အရှင်ထံမှ ကျေးဇူးတော်နှင့် နှစ်သက်မှုကို ရှာဖွေရန် ထွတ်မြတ်သောအိမ်တော်ဘက်သို့ လာကြသော သူများကို မထီလေးစား စော်ကားခြင်း မပြုကြနှင့်။ သင်တို့သည် အိဟ်ရာမ်၏ အခြေအနေမှ ထွက်လိုက်ကြပြီဆိုလျှင် အမဲလိုက်ကြကုန်။ သင်တို့ကို မတ်စ်ဂျေဒ့ဒ် ဟရာမ်မှ တားမြစ်ခဲ့သောအုပ်စုအပေါ်တွင် ထားသော အသင်တို့၏ ရန်ပြိုးသည် အသင်တို့ကို မတရားပြုရန် မတိုက်တွန်းမိပါစေနှင့်။ သင်တို့သည် ကောင်းမှုနှင့် သက္ကဝါတရားတွင် တစ်ယောက်ကိုတစ်ယောက် အချင်းချင်း ကူညီကြကုန်။ မကောင်းမှုအကုသိုလ်နှင့် မတရားမှုတွင် တစ်ယောက်ကိုတစ်ယောက် မကူညီကြနှင့်။ အလ္လာဟ်ကို ကြောက်ကြကုန်။ စင်စစ်တွင် အလ္လာဟ်သည် ပြင်းထန်သော ပြစ်ဒဏ်ပေးသည့် အရှင်ဖြစ်သည်။

၃။ အသေကောင်၊ သွေး၊ ဝက်သားနှင့်၊ အလ္လာဟ်အပြင် အခြားအရာ၏ နာမည်ကိုတသပြီး လိုးဖြတ်ထားသောတိရစ္ဆာန်၊ လည်ပင်းညှစ်သတ်ထားသော သို့မဟုတ် ဒဏ်ရာကြောင့်သေသော၊ သို့မဟုတ် အမြင့်မှကျ၍သေသော၊ သို့မဟုတ် ဦးချိုဖြင့် ဝင့်ခံရ၍သေသောတိရစ္ဆာန်များ၊ သားရဲတိရစ္ဆာန်၏ ကိုက်ခြင်းကို ခံလိုက်ရပြီး အသင်တို့ လည်လိုးရန် အရိန်မမီလိုက်သော တိရစ္ဆာန်နှင့်၊ ရုပ်တုများကို ပူဇော်ပသ၍ လိုးဖြတ်ထားသော တိရစ္ဆာန်တို့ကို သင်တို့အဖို့ ဟရာမ်အဖြစ် တားမြစ်ပိတ်ပင်လိုက်ပြီ ဖြစ်သည်။ မဲမြားတို့ဖြင့် ကံစမ်းမဲနှိုက်၍ ခွဲဝေယူသောအရာများကိုလည်း (ပိတ်ပင်လိုက်ပြီဖြစ်သည်။) ဤသည် အကုသိုလ်ဖြစ်သည်။ ငြင်းပယ်သူများသည် ယနေ့ သင်တို့၏သာသနာမှ မက်ကင်းသွားကြပေပြီ။ သို့ရှိရာ သူတို့ကို မကြောက်ကြနှင့်။ ငါအရှင်ကိုသာ ကြောက်ကြကုန်။ ယနေ့ ငါအရှင်သည် သင်တို့အတွက် သင်တို့၏ သာသနာကို ပြည့်ဝစုံလင်စေလိုက်ပြီ။ သင်တို့အပေါ် ငါအရှင်၏ ကျေးဇူးတော်ကို အပြည့်အဝ ချီးမြှင့်လိုက်ပြီ။ ထို့ပြင် အစ္စလာမ်ကို သင်တို့အတွက် သာသနာအဖြစ် ငါအရှင်က သဘောတူကျေနပ်လိုက်ပြီ။ သို့ရာတွင် အပြင်းအထန် ဆာလောင်မှုကြောင့် မရှောင်သာသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့လျှင် ပြစ်မှုကို

ခုံမင်နှစ်သက်သူ မဟုတ်လျှင် (တားမြစ်ထားသောအရာကို စားသုံးမိခြင်း အပေါ်) အလွှာဟ်သည် ခွင့်လွှတ်တော်မူသော၊ သနားကြင်နာတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

၄။ ကျွန်ုပ်တို့အတွက် အဘယ်အရာသည် ခွင့်ပြုချက်ရှိသနည်းဟု သူတို့က အသင့်အား မေးကြသည်။ အသင်ပြောပါ။ သင်တို့အတွက် သန့်ပြန့်သည့် အရာများသည် ခွင့်ပြုထားပြီး ဖြစ်သည်။ ထို့ပြင် သင်တို့ကို အလွှာဟ်သင်ကြား ပေးထားသည့်အရာများဖြင့် လိမ္မာရေးခြားရှိအောင် လေ့ကျင့်သင်ကြားပေးထား သောတိရစ္ဆာန်များက (အမဲလိုက်)ဖမ်းဆီးယူလာသည့် တိရစ္ဆာန်များကိုလည်း စားသုံးကြပါ။ ထိုသို့ အမဲလိုက်ရန်လွှတ်စဉ် သင်တို့သည် ထိုတိရစ္ဆာန်များပေါ်တွင် အလွှာဟ်၏နာမည်ကို တသကြကုန်။ အလွှာဟ်ကို ကြောက်ကြကုန်။ စင်စစ်တွင် အလွှာဟ်သည် လျင်မြန်စွာ စာရင်းစစ်ဆေးတော်မူမည့် အရှင်ဖြစ်သည်။ **၅။** ယနေ့ အသင်တို့အတွက် သန့်ပြန့်သည့်အရာတိုင်းကို ခွင့်ပြုတော်မူလိုက်ပြီဖြစ်သည်။ ကျမ်းရသူများ၏အစားအစာသည်လည်း သင်တို့အတွက် ဟလာလ်ဖြစ်သည်။ သင်တို့၏အစားအစာသည်လည်း သူတို့အတွက် ဟလာလ်ဖြစ်သည်။ အကယ်၍ သင်တို့သည် လက်ထပ်ထိမ်းမြားရန်အတွက် မဟရ်မင်္ဂလာကြေး ပေးဆောင်ကြ လျှင် သိက္ခာစောင့်ထိန်းသော မုအ်မင်နှစ်အမျိုးသမီးများကိုလည်းကောင်း၊ အသင် တို့အလျင် ကျမ်းရခဲ့သောသူများထဲမှာ သိက္ခာစောင့်ထိန်းသော အမျိုးသမီးများ ကိုလည်းကောင်း အသင်တို့ လက်ထပ်ခွင့်ရှိပေသည်။ အသင်တို့သည် ပေါ်လွင် ထင်ရှားစွာ ကာမဂုဏ်လိုက်စားခြင်း၊ တိတ်တိတ်ပုန်း ရည်းစားထား၍ ကာမလိုက် စားခြင်း မပြုကြဘဲ လက်ထပ်ထိမ်းမြားကြကုန်။ မည်သူမဆို အီမာန်ယုံ ကြည်မှုကို သွေဖည်ငြင်းပယ်ပါက သူ၏ကောင်းမှုကုသိုလ်များသည် ပျက်စီးသွားပေလိမ့်မည်။ ထို့နောက် နောင်တမလွန်တွင် သူသည် ဆုံးရှုံးမည့်သူများတွင် အပါ အဝင်ဖြစ်လိမ့် မည်။

၆။ အို-ယုံကြည်သူအပေါင်းတို့၊ အကယ်၍ သင်တို့သည် စွလာသ်ဝတ်ပြု ရန် ထကြလျှင် မိမိတို့၏မျက်နှာများနှင့် လက်များကို တံတောင်ဆစ်အပါအဝင် ဆေးကြောကြကုန်။ ထို့နောက် အသင်တို့၏ဦးခေါင်းများကို ပွတ်သပ်ကြကုန်။ ခြေများကို ခြေမျက်စိအပါအဝင် ဆေးကြောကြကုန်။ အကယ်၍ သင်တို့သည်

ကိုယ်မသန့်သည့်အခြေအနေတွင် ရှိကြပါမူ ကောင်းစွာ ရေချိုးသန့်စင်ကြကုန်။ အကယ်၍ သင်တို့သည် နာမကျန်းဖြစ်နေလျှင် သို့မဟုတ် ခရီးတွင်ရှိကြလျှင် သို့မဟုတ် အပေါ့အလေးသွားပြီး ပြန်လာလျှင် သို့မဟုတ် အမျိုးသမီးနှင့် ကိုယ်လက်နီးနောထားလျှင် ပြီးနောက် ရေမရှိကြလျှင် သန့်သည့်မြေကြီးဖြင့် မိမိတို့ ၏မျက်နှာများ၊ လက်များကို ပွတ်သပ်ခြင်းဖြင့် သယမ်မွမ်ပြုကြကုန်။ အလ္လာဟ်သည် သင်တို့ကို ကျပ်တည်းမှုထဲသို့ မထည့်လိုပေ။ သို့သာမက သင်တို့သည် ကျေးဇူး သိတတ်သူများဖြစ်လာကြရန်အလို့ငှာ အလ္လာဟ်သည် သင်တို့ကို သန့်ပြန်စင်ကြယ်အောင်ပြုလုပ်တော်မူရန်နှင့် သင်တို့အပေါ် တွင် မိမိ၏ကျေးဇူးတရားကို အပြည့် အဝပေးရန်သာလိုလားတော်မူသည်။

၇။ အသင်တို့အပေါ် တွင်ရှိသော အလ္လာဟ်၏ ကျေးဇူးတော်ကို သတိရကြကုန်။ ထို့ပြင် အသင်တို့ဆီမှ အရှင်မြတ်ယူထားသော ကတိတော်ကိုလည်း သတိရကြကုန်။ ထိုစဉ်က သင်တို့သည် ကျွန်ုပ်တို့ ကြားကြပါပြီ၊ နာလည်းနာခံကြပါပြီဟု ပြောခဲ့ကြသည်။ အသင်တို့ အလ္လာဟ်ကို ကြောက်ကြကုန်။ အလ္လာဟ်သည် စိတ်နလုံးများ၏ စကားကိုပင် ကောင်းစွာ သိတော်မူသောအရှင် အမှန်ပင် ဖြစ်ပေသည်။ **၈။** အို-ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အတွက် ဖြောင့်မတ်တည်ကြည်ကြသူများ၊ တရားမျှတစွာ သက်သေထွက်ဆိုသူများ ဖြစ်ကြကုန်။ အုပ်စုတစ်စုစုကို ရန်လိုခြင်းက သင်တို့ကို တရားမျှတမှုမပြုရန် လုံးဝ မလှုံဆော်မိပါစေနှင့်။ အသင်တို့ တရားမျှတ ကြကုန်။ ဤသည် သက္ကဝါတရားနှင့် ပို၍ နီးစပ်ပေသည်။ အလ္လာဟ်ကို ကြောက်ကြကုန်။ အသင်တို့လုပ်ဆောင် သမျှကို အလ္လာဟ်သည် မုချသိတော်မူသည်။ **၉။** ယုံကြည်ပြီးနောက် ကောင်းမှုသီလ ဆောက်တည်သူများကို ခွင့်လွှတ်တော်မူမည်၊ ထို့နောက် ကြီးမားသော အကျိုးကျေးဇူးပေးတော်မူမည်ဟု အလ္လာဟ်သည် ကတိပြုထားတော်မူပေသည်။ **၁၀။** ငြင်းပယ်ပြီးနောက် ငါအရှင်မြတ်၏ လက္ခဏာ များကို မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်သူများမှာမူ ငရဲသားများဖြစ်ကြသည်။ **၁၁။** အို-ယုံကြည်သူအပေါင်းတို့၊ သင်တို့သည် မိမိတို့အပေါ် တွင်ရှိသော အလ္လာဟ် ကျေးဇူးတော်ကို သတိရကြကုန်။ တစ်ခါတွင် အုပ်စုတစ်စုသည် သင်တို့ကို တိုက် ခိုက်စော်ကားရန် ရည်ရွယ်ခဲ့စဉ်က အလ္လာဟ်က သူတို့၏လက်များကို တားဆီး တော်မူခဲ့သည်။ အလ္လာဟ်ကို

ကြောက်ကြကုန်။ ယုံကြည်သူများသည် အလ္လာဟ်ကို သာ အားကိုးသင့်ကြသည်။

၁၂။ အလ္လာဟ်သည် အစ္စရာအီလ်မျိုးနွယ်ဝင်များထံမှ ကတိယူတော်မူခဲ့သည်။ ငါအရှင်သည် သူတို့ထဲတွင် ခေါင်းဆောင် ၁၂ ဦးကို ခန့်တော်မူခဲ့သည်။ ထို့ပြင် ငါသည် သင်တို့နှင့်အတူရှိသည်ဟု အလ္လာဟ်က မိန့်တော်မူခဲ့သည်။ အကယ်၍ သင်တို့သည် စွမ်းသာသ်ဆောက်တည်ကြမည်၊ ဇကာသ်ဒါနကြေးပေးဆောင်ကြမည်၊ ငါအရှင်၏တမန်တော်များကို ယုံကြည်ကြမည်၊ သူတို့ကို ကူညီကြမည်၊ အလ္လာဟ်ကို ကောင်းမြတ်သောကြွေးမြီ ပေးကြမည်ဆိုလျှင် ငါအရှင်သည် သင်တို့၏ အပြစ်အကုသိုလ်များကို ပယ်ဖျက်ပေးတော်မူပေမည်။ ထို့ပြင် အောက်ခြေတွင် စမ်းချောင်းများ စီးတွေ့နေမည်ဖြစ်သော ဥယျာဉ်များသို့ သင်တို့ကို ဝင်ရောက်စေတော်မူမည်။ ထိုနောက်မှ တစ်ဦးတစ်ယောက်သည် သွေဖည်ငြင်းပယ်ခဲ့ပါမူ သူသည် ဖြောင့်မတ်သောလမ်းမှ အမှန်ပင် လွဲသွားချေပြီ။

၁၃။ သို့ရာတွင် သူတို့၏ ကတိဖောက်ဖျက်မှုကြောင့် ငါအရှင်သည် သူတို့ကို ကရုဏာမှ ကင်းဝေးစေတော်မူလိုက်သည်။ သူတို့၏စိတ်နလုံးများကို ခက်ထန်မာကြောစေတော်မူလိုက်သည်။ သူတို့သည် မုကျွပါဠိတော်များကို သူမူရင်းနေရာများမှ ရွှေ့ပစ်ခဲ့ကြသည်။ သူတို့ကို ဆုံးမသြဝါဒပေးခဲ့သော အစိတ်အပိုင်းအများစုကို သူတို့က မေ့ပစ်လိုက်ကြသည်။ သင်တို့သည်လည်း သူတို့အနက် အချို့သော သူများမှအပ ကျန်သူများ၏ အမြဲသစ္စာဖောက်မှုကို သိနေရပေမည်။ သို့ဖြစ်ရာ အသင်သည် သူတို့ကို ခွင့်လွှတ်လိုက်ပါ။ ဥပက္ခာပြုလိုက်ပါ။ အလ္လာဟ်သည် ကောင်းမှုပြုသူများကို နှစ်သက် တော်မူသည်။

၁၄။ ကျွန်ုပ်တို့သည် နာဇရက်နီများဖြစ်ကြပါသည်ဟု ပြောကြသူများထံမှလည်း ငါအရှင်သည် ကတိတော်ယူခဲ့သည်။ သို့ရာတွင် သူတို့သည် ဆုံးမသြဝါဒပေးခဲ့သော အများစုအပိုင်းကို မေ့ပစ်လိုက်ကြသည်။ ထို့နောက်ငါအရှင်မြတ်သည် ကိယာမသဲနေ့တိုင်အောင် သူတို့အချင်းချင်းကြားတွင် ရန်ငြိုးနှင့် မုန်းတီးမှုကို ထည့်ပေးတော်မူလိုက်သည်။ အလ္လာဟ်သည် သူတို့၏လုပ်ဆောင်ချက်များကို သူတို့အား များမကြာမီ အသိပေးတော်မူမည်။

၁၅။ အို-ကျမ်းရသူအပေါင်းတို့၊ သင်တို့ထံသို့ ငါအရှင်မြတ်၏ တမန်တော်ရောက်လာခဲ့ပြီ ဖြစ်သည်။ ထိုတမန်တော်သည် အလ္လာဟ်ကျမ်းတော်မှ

အသင်တို့ ဖုံးကွယ်လျက်ရှိခဲ့သော အချက်အများအပြားကို သင်တို့ရှေ့မှောက်တွင် ဖွင့်ချပြနေသည်။ ထို့ပြင် သူသည် များစွာသောအရာများကိုလည်း ဥပေက္ခာပြုထားသည်။ သင်တို့ထံတွင် အလ္လာဟ်ဘက်မှ လင်းရောင်ခြည်တစ်ခုနှင့်၊ ထုတ် ဖော်ပြသသောကျမ်းတစ်ကျမ်းသည် အမှန်ပင် ရောက်လာခဲ့ပြီ။ **၁၆။** ထိုကျမ်းဂန်ဖြင့် အလ္လာဟ်သည် မိမိ၏နှစ်သက်မှုကို လိုလားသူများအား ငြိမ်းချမ်းသည့်လမ်းများကို ပြသတော်မူသည်။ မိမိ၏အမိန့်တော်ဖြင့် သူတို့ကို အမှောင်များမှ ထုတ်တော်မူပြီး အလင်းဘက်သို့ ဆောင်တော်မူသည်။ ဖြောင့်မတ်သော လမ်းဘက်သို့ သူတို့ကို လမ်းညွှန်တော်မူသည်။ **၁၇။** အလ္လာဟ်သည် မရ်ယမ်၏သား အီစာပင်ဖြစ်သည်ဟုပြောကြသူများသည် ငြင်းပယ်သူများ မုချ ဖြစ်သွားပေပြီ။ အသင်ပြောကြားလိုက်ပါ။သို့ဆိုလျှင် အလ္လာဟ်သည် မရ်ယမ်၏သား အီစာနှင့် သူ၏မိခင်ကိုလည်းကောင်း၊ မြေပထဝီတွင် ရှိသမျှသူများကိုလည်းကောင်း ဖျက်ဆီးလိုလျှင် အလ္လာဟ်၏ရှေ့တွင် မည်သူမှာ ရွေးချယ်ခွင့်ရှိဦးမည်နည်း။ မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ထိုနှစ်ခုကြားတွင် ရှိသမျှအရာအားလုံးကို အလ္လာဟ်သာလျှင် ပိုင်စိုးတော်မူသည်။ အလ္လာဟ်သည် မိမိအလိုရှိရာကို ဖန်ဆင်းတော်မူသည်။ အလ္လာဟ်သည် အရာအားလုံးကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်သည်။

၁၈။ ကျွန်ုပ်တို့သည် အလ္လာဟ်၏သားများ၊ အလ္လာဟ်၏ အချစ်တော်များဖြစ်ကြသည်ဟု ယဟူဒီများနှင့် နစ္စရာနီများက ပြောကြသည်။ သို့ဆိုလျှင် အသင်မေးပါ။ ထိုအရှင်သည် သင်တို့၏ပြစ်မှုများအပေါ် တွင် သင်တို့ကို ဘာကြောင့် ပြစ်ဒဏ်ခတ်တော်မူပါသနည်း။ အမှန်မှာ သင်တို့သည်လည်း ထိုအရှင်၏ အဖန်ဆင်းခံများထဲမှ လူသားတစ်ဦးသာ ဖြစ်ကြသည်။ အလ္လာဟ်သည် ခွင့်လွှတ်လိုသူကို ခွင့်လွှတ်တော်မူပြီး အပြစ်ဒဏ်ခတ်လိုသူကို ပြစ်ဒဏ်ခတ်တော်မူသည်။ သို့သာမက မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ထိုနှစ်ခုကြားတွင် ရှိသမျှကို အလ္လာဟ်သာလျှင် ပိုင်စိုးတော်မူသည်။ ထိုအရှင်ထံပါးသို့သာ လှည့်ပြန်၍ သွားကြရမည်။ **၁၉။** အို-ကျမ်းရသူအပေါင်းတို့၊ တမန်တော်များ အဆက်ပြတ်နေသော အချိန်ကာလတစ်ခုပြီးနောက် သင်တို့ထံသို့ ငါအရှင်၏ တမန်တော်ရောက်လာခဲ့ပြီး သင်တို့ကို ရှင်းလင်းထင်ရှားသော အချက်များကို ပြောပြနေလျက်ရှိသည်။ ထိုသို့ လုပ်ရခြင်းမှာ သင်တို့သည် ကျွန်ုပ်တို့ထံသို့ သတင်းကောင်းပါးသူ၊ သတိပေး

ခြိမ်းခြောက်သူမလာခဲ့ပါဟု မပြောနိုင်ကြရန်အတွက် ဖြစ်ပေသည်။ ယခုမူ သင်တို့ထံသို့ သတင်းကောင်းပါးသူ၊ သတိပေးခြိမ်းခြောက်သူ အမှန်ပင် ရောက်လာခဲ့ပြီ ဖြစ်သည်။ အလ္လာဟ်သည် အရာတိုင်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။

၂၀။ တစ်ခါတွင် မူစာသည် မိမိမျိုးနွယ်ကို ဤသို့ပြောလေသည်။ အို-ငါ၏အမျိုးအနွယ်တို့၊ သင်တို့အပေါ်တွင်ရှိသော အလ္လာဟ်၏ကျေးဇူးတရားကို သတိရကြကုန်။ အရှင်မြတ်သည် သင်တို့ထဲတွင် တမန်တော်ပွင့်ပေါ်စေခဲ့သည်။ သင်တို့ကို ဘုရင်များအဖြစ် ပြုပေးတော်မူခဲ့သည်။ ထို့ပြင် လောကတွင် မည်သူကိုမျှ မပေးသောအရာကို သင်တို့ကို ပေးသနားတော်မူခဲ့သည်။ **၂၁။** အို-ငါ၏မျိုးနွယ်တို့၊ သင်တို့အတွက် အလ္လာဟ်ရေးမှတ်ပေးထားသော၊ ထွတ်မြတ်သည့်မြေသို့ ဝင်ရောက်ကြလေကုန်။ ကျောနောက်သို့ လှည့်ပြန်မသွားကြနှင့်။ သို့မဟုတ်လျှင် ဆုံးရှုံးသွားပေလိမ့်မည်။ **၂၂။** ၎င်းတို့က ပြောကြသည်။ အို-မူစာ၊ ထိုနေရာတွင် အင်အားကြီးမားသော မျိုးနွယ်တစ်စုရှိပေသည်။ သူတို့ ထိုနေရာမှ မထွက်သွားမချင်း ကျွန်ုပ်တို့သည် ယင်းနေရာကို ၀င်ကြမည်မဟုတ်ပေ။ အကယ်၍ သူတို့ ထွက်သွားကြပြီဆိုလျှင် ကျွန်ုပ်တို့ဝင်ကြပေမည်။ **၂၃။** ထိုအခါ အလ္လာဟ်ကို ကြောက်ရွံ့ရှိသေသော၊ အလ္လာဟ်က ကျေးဇူးပြုထားသော ပုဂ္ဂိုလ်နှစ်ဦးက ပြောကြသည်။ သင်တို့သည် ၎င်းတို့ကို တိုက်ခိုက်၍ ဂိတ်တံခါးမှ ဝင်လိုက်ကြပါ။ **၂၄။** အသင်တို့ အထဲဝင်သွား ကြပြီဆိုလျှင် သင်တို့သာ အနိုင်ရကြမည်။ သင်တို့သည် ယုံကြည် သူများဖြစ်ကြသည်ဆိုလျှင် အလ္လာဟ်ကို အားကိုးယုံစား ကြကုန်။ ၎င်းတို့က ပြောကြသည်။ အို-မူစာ၊ သူတို့သည်အထဲတွင်ရှိနေကြသမျှကာလပတ်လုံး ကျွန်ုပ်တို့ လုံးဝဝင်ကြမည်မဟုတ်။ သင်နှင့် သင်၏အရှင်မြတ်သာ သွား၍ တိုက်ခိုက်ကြ လော့။ ကျွန်ုပ်တို့ မှာမူ ဤနေရာတွင်သာ ထိုင်နေကြပါမည်။ **၂၅။** မူစာကပြောသည်။ အို-ကျွန်တော် မျိုး၏အရှင်၊ ကျွန်တော်နှင့် ကျွန်တော်၏ နောင်တော်ကလွဲ၍ ကျွန်တော်မျိုးသည် မည်သူ့ကိုမျှ မထိန်းချုပ်နိုင်ပါ။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့နှင့် အမိန့်ဖီဆန်သော ဤအုပ်စုတို့ကြားတွင် ခြားနားပေးတော်မူပါ။ **၂၆။** အလ္လာဟ်က မိန့်တော်မူသည်။ ထိုတိုင်းပြည်သည် သူတို့အပေါ်တွင် နှစ်ပေါင်းလေးဆယ် ပိတ်ပင်ခြင်းခံလိုက်ရပြီ။ သူတို့သည်

မြေပထဝီတွင် တဝဲလည်လည် ဖြစ်နေကြလိမ့်မည်။ သင်သည် ထိုအမိန့်ဖီဆန်သူတို့ အပေါ်တွင် ဝမ်းမနည်းလေနှင့်။

၂၇။ ထို့နောက် သူတို့ကို အာဒမ်၏သားနှစ်ယောက်တို့၏ အကြောင်းကို မှန်ကန်စွာ ပြောပြပါလော။ တစ်ခါက သူတို့နှစ်ယောက်သည် အလှူတစ်ခုကို စွန့်လှူစတေးကြရာ တစ်ယောက်၏ စွန့်လှူစတေးမှုက လက်ခံခြင်းခံရပြီး နောက်တစ်ယောက်၏ စွန့်လှူစတေးမှုက လက်ခံခြင်းမခံခဲ့ရပေ။ (ဒုတိယ)သူက ငါသည် သင့်ကိုသတ်ပစ်မည်ဟု ပြောရာ (ပထမ)သူက (ဤသို့) ပြော၏။ အလ္လာဟ်သည် မိမိအား ကြောက်ရွံ့ရိုသေကြသူတို့ထံမှသာ လက်ခံတော်မူသည်။ **၂၈။** အကယ်၍ သင်သည် ကျွန်ုပ်ကို သတ်ရန် လက်လှမ်းပါက ကျွန်ုပ်သည် သင့်ကို သတ်ရန် လက်လှမ်းလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်သည် တစ် လောကလုံး၏အရှင် ဖြစ်တော်မူသော အလ္လာဟ်ကို ကြောက်ရွံ့ပါသည်။ **၂၉။** အသင်သည် ကျွန်ုပ်၏အပြစ်ကို ရော၊ အသင်ကိုယ်တိုင်၏ အပြစ်ကိုပါ ယူသွား၍ ငရဲသားများတွင် အပါအဝင် ဖြစ်သွားစေရန် ကျွန်ုပ်ရည်ရွယ်သည်။ ဤသည်သာ မတရားမှုကျူးလွန်သူများ အတွက် ပြစ်ဒဏ်ဖြစ်ပေသည်။

၃၀။ ထို့နောက် မိမိနောင်တော်ကို သတ်ဖို့ သူစိတ်က တိုက်တွန်းခဲ့သည်။ ထို့နောက် သတ်လိုက်ရာ သူသည် ဆုံရှုံးသူများတွင် အပါအဝင် ဖြစ်သွားခဲ့ပေသည်။ **၃၁။** ထို့နောက် အလ္လာဟ်သည် ကျီးကန်းတစ်ကောင်ကို စေလွှတ်တော်မူခဲ့သည်။ မိမိနောင်တော်ကို မည်သို့မည်ပုံ ဖုံးကွယ်သင့်ကြောင်းကို သူ့ကို ပြရန်အတွက် ကျီးကန်းသည် မြေကြီးကို တူးဆွခဲ့လေသည်။ သူကပြောသည်။ ငါ၏အခြေအနေသည် ဝမ်းနည်းဖွယ်ကောင်းလေစွတကား။ ကိုယ့်နောင်တော်၏ ရုပ်အလောင်းကို မြှုပ်နှံရာမှာ ဤကျီးကန်းလောက်တောင် မစွမ်းဆောင်နိုင်ပါလား။ သို့နှင့် သူသည် နောင်တရသူများတွင် အပါအဝင်ဖြစ်သွားခဲ့လေတော့သည်။

၃၂။ ထို့ကြောင့် ငါအရှင်မြတ်သည် အစ္စရာအီးလ်မျိုးနွယ်ဝင်များအပေါ်တွင် ဤသို့ အမိန့်ပြဋ္ဌာန်းတော်မူခဲ့သည်။ မည်သူမဆို အသက်တစ်ချောင်းကို မတရားသဖြင့် သတ်ခဲ့ပါမူ သူသည် လူအားလုံးကို သတ်လိုက်သကဲ့သို့ ဖြစ်သည်။ ထို့ပြင် မည်သူမဆို အသက်တစ်ချောင်းကို ကယ်တင်လိုက်ပါမူ သူသည် လူအားလုံးကို ကယ်တင်လိုက်သကဲ့သို့ ဖြစ်ပေသည်။ ငါအရှင်မြတ်၏တမန်တော်သည်

ၦင်းတို့ထံသို့ ရှင်းလင်းသော အမိန့်တော်များကို ယူဆောင်လာခဲ့သည်။ သို့ပေမဲ့ လည်း သူတို့ထဲမှ များစွာသောသူတို့သည် မြေပထဝီတွင် မတရားမှုများ ကျူးလွန် ကြသည်။ **၃၃။** အကြင်သူများသည် အလ္လာဟ်နှင့် တမန်တော်ကို တိုက်ခိုက်ကြ သည်။ ထို့ပြင် မြေပထဝီတွင် ဖျက်လိုဖျက်ဆီးပြုရန် အပြေးအလွှားသွားကြသည်။ သူတို့၏ ပြစ်ဒဏ်မှာ အသတ်ခံရခြင်း၊ သို့မဟုတ် ကားစင်တင်ခံရခြင်း၊ သို့မဟုတ် လက်နှင့်ခြေတို့ကို ဝဲယာလွှဲ၍ အဖြတ်ခံရခြင်း၊ သို့မဟုတ် ပြည်နှင်ခံရခြင်း တို့သာ ဖြစ်သည်။ ဤသည် လောကတွင် သူတို့အဖို့ သိက္ခာမဲ့ခြင်း ဖြစ်သည်။ နောင် တမလွန်တွင်လည်း သူတို့အတွက် ကြီးလေးသော ပြစ်ဒဏ်ရှိပေသည်။ **၃၄။** သို့ သော် အသင်တို့ မဖမ်းဆီးမီခင်အလျင်တွင် အမှားစွန့်၍ အလ္လာဟ်ထံ ဝန်ချ တောင်းပန်လိုက်ကြသူများမှာမူ အလ္လာဟ်သည် ခွင့်လွှတ်တော်မူသော၊ သနားကြင် နာတော်မူသော အရှင်ဖြစ်ကြောင်းကို မှတ်လိုက်ကြကုန်။

၃၅။ အို-ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်ကို ကြောက်ကြကုန်။ အလ္လာဟ်နှင့် နီးကပ်မှုကို ရှာဖွေကြကုန်။ အသင်တို့ အောင်မြင်ကြရန်အတွက် ထိုအရှင်၏ လမ်းတော်တွင် ကြိုးစားအားထုတ်ကြကုန်။ **၃၆။** ငြင်းပယ် သွားသောသူများသည် အကယ်၍ သူတို့ထံတွင် မြေပထဝီတွင်ရှိသမျှအပြင် ထိုမျှ လောက်နောက်ထပ်ရှိပြီး ကိယာမသ်နေ့၏ပြစ်ဒဏ်မှ လွတ်ကင်းရန်အတွက် သူတို့သည် ထိုအရာကို လျော်ကြေးအဖြစ် ပေးဆပ်ကြမည်ဆိုလျှင်တောင် သူတို့ ထံမှ လုံးဝ လက်ခံခြင်းခံရမည်မဟုတ်။ သူတို့အတွက် နာကြည်ဖွယ်ပြစ်ဒဏ်ရှိပေ သည်။ **၃၇။** သူတို့သည် ငရဲမီးထဲမှ ထွက်လိုကြပေမည်။ သို့သော် သူတို့သည် ထွက်နိုင်ကြ မည်မဟုတ်ပေ။ သူတို့အတွက် အမြဲတည်တံ့သောပြစ်ဒဏ် ရှိပေ သည်။ **၃၈။** ခိုးမှုကျူးလွန်သောယောကျ်ားနှင့် ခိုးမှုကျူးလွန်သောမိန်းမ၏လက် ကို ဖြတ်ကြ ကုန်။ ဤသည် သူတို့လုပ်ရပ်၏ပြစ်ဒဏ် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်ဘက် တော်မှ သံဝေဂရဖွယ်ရာ ပြစ်ဒဏ်လည်း ဖြစ်သည်။ အလ္လာဟ်သည် နိုင်နင်းလွန်မိုး တော်မူသောအရှင်၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ **၃၉။** မည်သူမဆို မတရားမှုကျူးလွန်မိပြီးနောက် ဝန်ချတောင်းပန်လိုက်မည်၊ ပြုပြင် လိုက်မည်ဆိုလျှင် အလ္လာဟ်သည် သူ့ဘက်ကို မုချ လှည့်တော်မူမည်။ စင်စစ်တွင် အလ္လာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနားကြင်နာတော်မူသော

အရှင် ဖြစ်သည်။ **၄၀။** အလ္လာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတို့၏ အာဏာကို ပိုင်စိုးကြောင်း အသင်မသိလေသလော။ အရှင်မြတ်သည် ပြစ်ဒဏ် ပေးလိုသူကို ပေးတော်မူသည်။ ခွင့်လွှတ်လိုသူကို ခွင့်လွှတ်တော်မူသည်။ အလ္လာဟ် သည် အရာတိုင်းကို စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်ပေသည်။

၄၁။ အို-တမန်တော်၊ သွေဖည်သည့်လမ်းတွင် အလျင်အမြန်သွားလာ ကြသောသူတို့သည် စိတ်နလုံးဖြင့် မယုံကြည်ဘဲ ကျွန်ုပ်တို့သည် ယုံကြည်ကြပါ သည်ဟု လျှာဖြင့်ပြောသောသူများအနက်မှဖြစ်စေ၊ သို့မဟုတ် ယဟူဒီများအနက်မှ ဖြစ်စေ။ အသင် ပူပန်သောက မဖြစ်စေနှင့်။ သူတို့သည် အလိမ်အညာကို အလွန် နားထောင်ကြသူများ၊ သင့်ထံပါးသို့မလာသော သူများအဖို့ နားထောင် ပေးကြသူ များဖြစ်ကြသည်။ သူတို့သည် စကားများကို ရှိရင်းစနေရာများမှ ရွှေ့ပစ်ကြသည်။ သူတို့သည် လူတို့ကို ဤသို့ ပြောကြသည်။ အကယ်၍ သင်တို့ သည် ဤအမိန့်တော်ကို ရကြပါလျှင် လက်ခံလိုက်ကြကုန်။ ဤအမိန့်တော်ကို မရကြလျှင် ရှောင်၍ နေကြကုန်။ မည်သူကိုမဆို အလ္လာဟ်က စမ်းသပ်လိုပါမူ သင်သည် အရှင်မြတ်နှင့် ဆန့်ကျင်၍ သူ့ကိစ္စကို မည်သို့မျှ ပြုပေးနိုင်မည်မဟုတ်ပေ။ အလ္လာဟ်သည် ဤသူများ၏ စိတ်နလုံးများကို သန့်စင်ပေးရန် မလိုလားပေ။ သူတို့အတွက် လောက တွင် သေးသိမ်မှု ရှိပြီး နောင်တမလွန်တွင် ကြီးလေးသော ပြစ်ဒဏ်ရှိသည်။

၄၂။ သူတို့သည် မုသားကို အလွန်အမင်း အာရုံစိုက်နားထောင်သူများ၊ ဟရာမ်ပစ္စည်းကို အလွန်များပြားစွာ စားသုံးသူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် အသင့်ထံ ရောက်ရှိလာကြလျှင် အသင်သည် သူတို့၏ ကြားတွင် စီရင်ဆုံးဖြတ်လိုက ဆုံးဖြတ်ပါ၊ သို့မဟုတ် သူတို့ကို ဥပေက္ခာပြုလိုက ပြု ပါ။ အကယ်၍ အသင်သည် သူတို့ကို ဥပေက္ခာပြုလိုက်လျှင် သူတို့သည် အသင့် အား နည်းနည်းမျှ နစ်နာဆုံးရှုံးအောင် ပြုလုပ်နိုင်ကြမည်မဟုတ်ချေ။ ထို့ပြင် အကယ်၍ အသင်သည် စီရင်ဆုံးဖြတ်ခဲ့လျှင် ယင်းသူတို့၏ ကြားတွင် တရားမျှတစွာ စီရင်ဆုံးဖြတ်ပါ။ အလ္လာဟ်သည် တရားမျှတမှုရှိသူတို့အား မုချ ချစ်ခင်နစ် သက်တော် မူလေသည်။ **၄၃။** သူတို့သည် အသင့်အား စီရင်ဆုံးဖြတ်သူအဖြစ် မည် သို့ သတ်မှတ်နိုင်ကြမည်နည်း။ သူတို့ထံတွင် သောင်ရာသ်ကျမ်း ရှိသည်။ ယင်း၌ အလ္လာဟ်အမိန့်ပညတ်တော်များ ပါရှိ၏။ သို့ပါလျက် သူတို့သည် ထိုမှ

ကျောခိုင်းသွားကြ၏။ ထို့ပြင် ထိုသူတို့သည် မုအ်မင်နှ်ယုံကြည်သူများ အလျှင်းမဟုတ်ကြပေ။

၄၄။ ငါအရှင်သည် သောင်ရာသ်ကျမ်းကို အမှန်ပင် ပို့ချတော်မူခဲ့သည်။ ယင်းကျမ်းတွင် လမ်းမှန်ညွှန်ပြမှုနှင့် လင်းရောင်ခြည် ပါရှိသည်။ အလ္လာဟ်အမိန့်တော် နာခံကြကုန်သော နဗီတမန်တော်များသည် ယဟူဒီတို့ကို ယင်းကျမ်းဖြင့် ဆုံးဖြတ်ပေးခဲ့ကြ၏။ ထို့ပြင် ၎င်းတို့၏ သူတော်ကောင်းများနှင့် သာသနာ့ပညာရှင်များသည်လည်း အလ္လာဟ်၏ကျမ်းဂန်ကို စောင့်ရှောက်ရန် အပ်နှံပေးခြင်းခံခဲ့ကြရသည့်အတွက် (ယင်းကျမ်းဖြင့် ဆုံးဖြတ်ပေးခဲ့ကြ၏)။ ထို့ပြင် သူတို့သည် ယင်းအပေါ် သက်သေများဖြစ်ခဲ့ကြ၏။ သို့ဖြစ်ရာ အသင်တို့သည် လူများအား မကြောက်ရွံ့ကြလေနှင့်။ ငါအရှင် မြတ်ကိုသာလျှင် ကြောက်ရွံ့ကြပါ။ ထို့ပြင် ငါ၏အာယသ်တော်များကို အနည်းငယ်သော တန်ဖိုးဖြင့် ရောင်းစားခြင်း မပြုကြနှင့်။ မည်သူမဆို အလ္လာဟ်ပို့ချတော်မူသည်နှင့်အညီ စီရင်ဆုံးဖြတ်မှုမပြုလျှင် သူတို့သည် ငြင်းပယ် သူများ ဖြစ်ကြသည်။ **၄၅။** ထို့ပြင် ငါအရှင်သည် ယင်းကျမ်းတွင် သူတို့အပေါ် အသက်၏အစား အသက်၊ မျက်စိအစား မျက်စိ၊ နာခေါင်းအစား နာခေါင်း၊ နားအစား နား၊ သွားအစား သွားနှင့် ဒဏ်ရာဒဏ်ချက်များ၏ အစား ထပ်တူ ထပ်မျှ လက်စားချေ တုံ့ပြန်ရန် ရေးသားသတ်မှတ်တော်မူခဲ့ပေသည်။ တစ်ဖန် မည်သူမဆို ယင်းကို ခွင့်လွှတ်လိုက်ပါမူ ဤသည် သူအဖို့ အပြစ်များ ချေဖျက်ပေးသောအရာ ဖြစ်ပေမည်။ မည်သူမဆို အလ္လာဟ်ပို့ချတော်မူသည့်အတိုင်း စီရင်ဆုံးဖြတ် ခြင်းမပြုပါလျှင် ထိုသူတို့သည်ပင် မတရားကျူးလွန်သူများ ဖြစ်ကြပေသည်။ **၄၆။** ထို့ပြင် ငါအရှင်သည် သူတို့၏ နောက်တွင် မရိယမ်၏ သားတော် အီစာကို သူ့အလျှင်ရှိသော သောင်ရာသ်ကျမ်းဂန်ကို ထောက်ခံသူအဖြစ် စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်သည် သူ့အား အင်ဂျီလ်ကျမ်းကို ပေးသနားတော်မူခဲ့သည်။ ယင်းတွင် လမ်းညွှန်မှုနှင့် လင်းရောင်ခြည် ပါရှိသည်။ ထို့ပြင် ယင်းကျမ်းသည် သူ့အလျှင်ရှိသော သောင်ရာသ်ကျမ်းကို မှန်ကန်ကြောင်း ထောက်ခံသောကျမ်းဖြစ်သည်။ မှသ်သကီသူတော်စင်များအဖို့ တရား လမ်းမှန်နှင့် အဆုံးအမတော် ဖြစ်သည်။

၄၇။ ထို့ပြင် အင်ဂျီလ်ကျမ်းရသူတို့သည် အလ္လာဟ်က ယင်းကျမ်း၌

ချပေးတော်မူသည်နှင့်အညီ စီရင်ဆုံးဖြတ်ရမည်။ မည်သူမဆို အလ္လာဟ်ပို့ချ တော်မူသည့်အတိုင်း စီရင်ဆုံးဖြတ်မှုမပြုပါလျှင် ထိုသူတို့သည်ပင် အမိန့်ဖီဆန် သူများ ဖြစ်ကြကုန်သည်။ **၄၈။** ငါအရှင်သည် အသင့်ထံသို့ အမှန်တရားနှင့် အတူ ကျမ်းတော်ကို ပို့ချတော်မူခဲ့၏။ ယင်းသည် ယခင်ကျမ်းဂန်(များတွင် ပါသော ဟောကိန်းများ)ကို ထောက်ခံလျက် ရှိပြီး ၎င်းကျမ်းများတွင် ပါသော အကြောင်း အရာများကို သတ်မှတ်ပိုင်းခြား စောင့်ကြပ်လျက် ရှိသည်။ သို့ဖြစ်ရာ အသင်သည် သူတို့၏ ကြားတွင် အလ္လာဟ်ပို့ချတော်မူသည် နှင့်အညီ စီရင်ဆုံးဖြတ်ပါ။ အသင့်ထံ ရောက်ရှိလာသော အမှန်တရားကို စွန့်လွှတ်၍ သူတို့၏ အလိုဆန္ဒများနောက်သို့ မလိုက်နှင့်။ ငါအရှင်သည်အသင်တို့ထဲမှတစ်ဦးတိုင်းအတွက် ရှရီအသ်ပညတ်တော် နှင့် လမ်းစဉ်တစ်ခုကို ပြုလုပ်ထားတော်မူလေသည်။ အကယ်၍ အလ္လာဟ်အလို တော်ရှိလျှင် အသင်တို့ကို အွမ္မသ်အုပ်စုတစ်ခုတည်း အဖြစ်ပြုလုပ်တော်မူခဲ့မည် မှာ ဇကန်ပင်ဖြစ်သည်။ သို့သော်လည်း အလ္လာဟ်သည် မိမိပေးထားသော အမိန့် တော်များနှင့် အသင်တို့အား စမ်းသပ်တော်မူလိုသည်။ သို့ရှိရာ အသင်တို့သည် ကောင်းမှုများ ဘက်သို့ အပြေးအလွှားသွားကြကုန်။ နောက်ဆုံးတွင် အသင်တို့ အားလုံးသည် အလ္လာဟ်၏ ထံတော်သို့သာလျှင် ပြန်လည်၍ သွားကြရ မည်ဖြစ် သည်။ ထို့နောက်တစ်ဖန် အရှင်မြတ်သည် အသင်တို့ ကွဲလွဲနေခဲ့ကြသည့်အရာနှင့် ပတ်သက်၍ အသင်တို့အား အသိပေးတော်မူမည်ဖြစ်သည်။

၄၉။ အသင်သည် သူတို့၏ကြားတွင် အလ္လာဟ်ပို့ချတော်မူသည်နှင့်အညီ စီရင် ဆုံးဖြတ်ပါ။ သူတို့၏ အလိုဆန္ဒများနောက်သို့ မလိုက်နှင့်။ အလ္လာဟ်က အသင့်ထံပို့ချသည့် အမိန့်တော်တစ်ခုခုနှင့် စပ်လျဉ်း၍ သူတို့က အသင့်အား ချွတ် ချော်တိမ်းပါးစေမည်ကို ရှောင်ရှားနေပါ။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် ကျောခိုင်း၍ သွားကြပါမူ အလ္လာဟ်သည် သူတို့၏ အချို့သောပြစ်မှုများကြောင့် သူ တို့အား ပြစ်ဒဏ်ခတ်လိုတော်မူကြောင်းကို အသင်သိထားပါ။ စင်စစ်တွင် လူတို့ အနက် များစွာသောသူတို့မှာ မနာခံပုန်ကန်သူများပင် ဖြစ်ကြသည်။ **၅၀။** သူတို့သည် အမိုက်ခေတ်၏ ဆုံးဖြတ်ချက်ကို လိုလားကြပါသလော။ ယုံကြည်မှုထား ရှိသူတို့အဖို့ အလ္လာဟ်ထက်ပို၍ မည်သူ၏ စီရင်ဆုံးဖြတ်ချက်က ပိုကောင်းနိုင်ပါ သနည်း။

၅၁။ အို-ယုံကြည်သူအပေါင်းတို့၊ ယဟူဒီနှင့် နစ္စာရာတို့ကို ချစ်မိတ်ဆွေများအဖြစ် မပြုလုပ်ကြနှင့်။ သူတို့သည် အချင်းချင်း တစ်ဦးနှင့် တစ်ဦး မိတ်ဆွေများဖြစ်ကြသည်။ အသင်တို့အနက်မှ မည်သူမဆို သူတို့နှင့် မိတ်ဆွေဖွဲ့လျှင် ထိုသူသည် သူတို့ အတွင်းမှပင် ဖြစ်ပေလိမ့်မည်။ အလ္လာဟ်သည် မတရားသော သူတို့ကို လုံးဂ လမ်းညွှန်တော်မမူပေ။ **၅၂။** စိတ်နလုံးများအတွင်း ရောဂါရှိသူတို့သည် ၎င်းတို့ဘက်သို့ အပြေးအလွှားသွားနေကြသည်ကို အသင်မြင်တွေ့ရပေမည်။ သူတို့က ကျွန်ုပ်တို့သည် ဒုက္ခတစ်ခုခုအတွင်း ကျရောက်သွားမည်ကို စိုးရိမ်ကြပါသည်ဟု ဆိုကြလေသည်။ အမှန်မှာ အလ္လာဟ်က အောင်မြင်မှုပေးရန် သို့မဟုတ် မိမိဘက်တော်မှ သီးသန့် ကိစ္စရပ်တစ်ခုခု ဖော်ထုတ်ပေးရန် ဖြစ်နိုင်သည်။ ထိုအခါတွင် သူတို့သည် မိမိတို့၏ စိတ်နလုံးများအတွင်း ဖုံးကွယ်ထားကြသည်များအပေါ် နောင်တရ ကြ ပေလိမ့်မည်။ **၅၃။** ထိုအချိန်၌ ယုံကြည်သူတို့က ဤသူတို့သည် အလ္လာဟ် အား အလွန်အမင်း တိုင်တည်၍ မိမိတို့သည် အသင်တို့နှင့်အတူ ရှိကြောင်း ပြောဆိုခဲ့ကြသူများပင်လော ဟု ဆိုကြလိမ့်မည်။ (ထိုအယောင်ဆောင်) သူတို့၏ ကျင့်ကြံမှုများ အားလုံးသည် အချည်းနှီးပင် ဖြစ်သွားပေရာ ယင်းသူတို့သည် ဆုံးရှုံးသူများပင် ဖြစ်သည်။

၅၄။ အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့အနက် မည်သူမဆို မိမိ၏ သာသနာတော်မှ စွန့်ခွာသွားပါမူ အလ္လာဟ်သည် ဤသို့သောအမျိုးသား တစ်စုကို မကြာမီ ယူဆောင်လာတော်မူမည်။ အလ္လာဟ်က သူတို့ကို ချစ်ခင်တော်မူပြီး သူတို့ကလည်း အလ္လာဟ်ကို ချစ်ခင်ကြပေလိမ့်မည်။ သူတို့သည် ယုံကြည်သူတို့အပေါ် ကြင်နာထောက်ထားကြပြီး ငြင်းဆန်သူတို့အပေါ် ပြင်းထန်ကြပေလိမ့်မည်။ သူတို့သည် အလ္လာဟ်၏ လမ်းတော်တွင် ဂျိဟာဒ်-သက်စွန့်ကြိုးပမ်းမှု ပြုကြလိမ့်မည်။ သူတို့သည် မည်သည့် ပြစ်တင်ဝေဖန်သူ၏ ပြစ်တင်ဝေဖန်မှုကိုမျှ ကြောက်ရွံ့ကြလိမ့်မည်မဟုတ်။ ဤသည် အလ္လာဟ်၏ ကျေးဇူးတော်ပင် ဖြစ်သည်။ အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူကို ပေးသနားတော်မူ၏။ အလ္လာဟ်သည် ကျယ်ဝန်းစွာ ပေးသနားတော်မူသော အရှင်၊ အလွန်သိတော်မူသော အရှင်ဖြစ်တော်မူသည်။ **၅၅။** အသင်တို့၏ မိတ်ဆွေကား အလ္လာဟ်အရှင်၊ ထိုအရှင် ၏ ရစူလ်နှင့် အကြင်ယုံကြည်သူတို့သာလျှင် ဖြစ်သည်။ ထိုသူများသည် စွလာသ်ဆောက်တည်

ကြသည်။ ဇကာသံပေးဆောင်ကြသည်။ အလွှာဟ်ရှေ့တော်မှောက်တွင် ဦးညွှတ်ကြသူများဖြစ်ကြသည်။ **၅၆။** မည်သူမဆို အလွှာဟ် ကိုလည်းကောင်း၊ အရှင့်ရစူလ်ကိုလည်းကောင်း၊ ယုံကြည်သူများကို လည်းကောင်း မိတ်ဆွေဖွဲ့ပါလျှင် စင်စစ်တွင် အလွှာဟ်၏ အုပ်စုသာလျှင် အောင်မြင်မည့်သူများဖြစ်ကြပေသည်။

၅၇။ အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့ထက်အလျင် ကျမ်းဂန်ပေးခြင်းခံရသူတို့အနက် အသင်တို့၏ သာသနာကို ပြောင်လှောင်ပြက်ရယ်ပြုပြီး ကစား စရာအဖြစ် ပြုလုပ်ကြသူများ၊ ငြင်းဆန်သူများအား မိတ်ဆွေများအဖြစ် မပြုလုပ်ကြနှင့်။ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြလျှင် အလွှာဟ်အား ကြောက်ရွံ့ကြကုန်။ **၅၈။** အသင်တို့သည် စွလာသ်ဆောက်တည် ကြရန် ခေါ်သောအခါ သူတို့သည် ယင်းကို ပြောင်လှောင်ပြက်ရယ်ပြုစရာနှင့် ကစား စရာပြု လုပ်ကြသည်။ အကြောင်းမှာ သူတို့သည် အသိဉာဏ်ကင်းမဲ့ခြင်းကြောင့် ဖြစ်သည်။ **၅၉။** အသင်ပြောပါ။ အို-ကျမ်းရသူအပေါင်းတို့၊ ကျွန်ုပ်တို့သည် အလွှာဟ်နှင့်တကွ ကျွန်ုပ်ထံ ပို့ချခဲ့သည့်အရာ၊ ကျွန်ုပ်တို့ထက်အလျင် ပို့ချခဲ့သည့် အရာများကို ယုံကြည်ကြသည့်အတွက် အသင်တို့သည် ကျွန်ုပ်တို့အား ပြစ်တင် ကဲ့ရဲ့ ပြောဆိုကြသလော။ အမှန်မှာ အသင်တို့အနက် အများစုသည် အမိန့်ဖီဆန်သူများ ဖြစ်ကြသည်။ **၆၀။** အသင်ပြောပါ။ ငါသည် အလွှာဟ်ထံတော်၌ အကျိုးအားဖြင့် ထိုထက် ပိုမိုဆိုးဝါးသောသူ မည်သူဖြစ်သည်ကို အသင်တို့အား အသိပေးရမည်လော။ အကြင်သူတို့ ဖြစ်သည်။ ယင်းသူတို့ကို အလွှာဟ်သည် ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့၏။ ထို့ပြင် ယင်းသူတို့အပေါ် အမျက်ရှုတော်မူခဲ့၏။ ထို့နောက် သူတို့အနက် အချို့ကို မျောက်များ၊ ဝက်တိရစ္ဆာန်များ ဖြစ်သွားအောင် ပြုလုပ်တော်မူခဲ့၏။ သူတို့သည် ရှိုင်သွာန်အား ကိုးကွယ်ခဲ့ကြ၏။ ထိုသူများပင် အဆင့်အတန်းအားဖြင့် အလွန်ဆိုးဝါး၍ ဖြောင့်မတ်သော လမ်းမှလည်း အလွန်အဝေးဆုံး ဖြစ်ကြကုန်၏။

၆၁။ ထို့ပြင် သူတို့သည် အသင်တို့ထံသို့ လာရောက်ကြသောအခါ ကျွန်ုပ်တို့သည် ယုံကြည်ကြပါသည်ဟု ပြောဆိုကြသည်။ အမှန်မှာ သူတို့သည် ငြင်းပယ်သူများအဖြစ်သာ လာရောက်ခဲ့ကြပြီး ငြင်းပယ်သူများအဖြစ်သာ ပြန်သွားခဲ့ကြသည်။ အလွှာဟ်သည် သူတို့ဖုံးကွယ်သည်များကို အသိဆုံး ဖြစ်တော်မူသည်။

၆၂။ အသင်သည် သူတို့အနက် အများစုကို ပြစ်မှုအကုသိုလ်များ၊ မတရားမှုများ၊ ဟရာမ်စားသောက်မှုများတွင် အပြေးအလွှား ပြုလုပ်နေကြသည်ကို တွေ့မြင်ရမည်။ သူတို့ပြုကျင့်သည်များသည် အလွန်ပင် ဆိုးဝါးလှပေသည်။ **၆၃။** သူတို့၏ ဘုန်းကြီး ရဟန်းများ၊ ပညာရှင်ကြီးများသည် သူတို့အား အပြစ်ထိုက်သော စကားကို ပြောခြင်း၊ တားမြစ်ထားသောအရာများကို စားသုံးခြင်းတို့မှ အဘယ်ကြောင့် မတားမြစ်ကြသနည်း။ ယင်းသူတို့ ပြုလုပ်ခဲ့ကြသည်များသည် အလွန်ပင် ဆိုးဝါးလှပေသည်။

၆၄။ ယဟူဒီတို့က အလ္လာဟ်၏ လက်သည် ဆုပ်၍ပိတ်ထားလျက်ရှိသည်ဟု ပြောဆိုကြသည်။ သူတို့၏ လက်များသည်သာ ဆုပ်၍ ပိတ်ထားခြင်းကို ခံရ၏။ သူတို့သည် မိမိတို့၏ အပြောအဆိုကြောင့် ကရဏာတော်မှ ကင်းဝေးခဲ့ကြရလေပြီ။ အမှန်တွင် အလ္လာဟ်၏ လက်တော်နှစ်ဖက်စလုံး ဖွင့်ထားလျက်ရှိ၏။ အရှင်မြတ် သည် မိမိအလိုတော်အတိုင်း သုံးစွဲတော်မူသည်။ အသင့်ထံ အသင့် အရှင်ထံမှ ပို့ချပေးလိုက်သော အရာများသည် ထိုသူ တို့အနက် များစွာသော သူတို့အား ပုန်ကန်မှု၊ ဩဇာငြင်းဆန်မှုတို့ကို မုချ တိုးပွားစေမည် ဖြစ်သည်။ ငါအရှင်သည် သူတို့၏ကြားဝယ် ရန်လိုမှုနှင့် မလိုမုန်းတီးမှုကို ကိယာမသ်နေ့တိုင် အောင် ထည့်သွင်းတော်မူခဲ့ပေပြီ။ သူတို့သည် စစ်မီးကို မွှေးကြသည့်အခါတိုင်း အလ္လာဟ်သည် ထိုမီးကို ငြိမ်းသတ်တော်မူလေသည်။ သူတို့သည် ကမ္ဘာမြေပေါ် တွင် ဖျက်လိုဖျက်ဆီးပြုကြရန် အပြေးအလွှားသွားလာလျက် ရှိကြသည်။ အလ္လာဟ်သည် ဖျက်လိုဖျက်ဆီးပြုသူတို့ကို နှစ်သက်တော် မမူပေ။

၆၅။ အကယ်၍ ကျမ်းရသူတို့သည် အီမာန်ယုံကြည်လာကြပြီး အလ္လာဟ်ကို ကြောက်ရွံ့ကြပါလျှင် ငါအရှင်သည် သူတို့၏ မကောင်းမှုများကို သူတို့ထံမှ ကင်းဝေးအောင် မုချ ပြုပေးတော်မူပြီး သူတို့အား ချမ်းသာသုခတို့ဖြင့် ပြီးသော သုခဘုံများအတွင်း မုချ ဝင်ရောက်စေတော်မူမည်ဖြစ်သည်။ **၆၆။** အကယ်၍ သူတို့သည် သောင်ရာသိကျမ်း၊ အင်နဂျီလ်ကျမ်းများ၊ သူတို့၏ အရှင်ထံတော်မှ ကျရောက်လာသော ကျမ်းတော်တို့ကို လိုက်နာ ကျင့်ကြံ ဆောက်တည်ကြပါလျှင် သူတို့သည် မိမိတို့၏ အထက်မှရော မိမိတို့ ခြေထောက်များ၏ အောက်မှရော စားသုံးကြရပေမည်။ သူတို့အနက်မှ အုပ်စုတစ်စုသည် အလယ်အလတ်

လမ်းစဉ်အပေါ် ရှိကြသည်။ သို့ရာတွင် သူတို့အနက်မှ များစွာသောသူတို့မှာ အလွန်ဆိုးဝါးသော အမှုကို ပြုလုပ်သူများ ဖြစ်ကြသည်။

၆၇။ အို-တမန်တော်၊ အသင့်အရှင်ထံတော်မှ အသင့်ထံပို့ချသည့် ဒေသနာတော်များကို ပြန်လည်ပို့ချပါ။ အကယ်၍ အသင်သည် ဤသို့ မပြုမူခဲ့ပါလျှင် အလ္လာဟ်၏ အကြောင်းကြား ချက်ကို မပို့ချရာ ရောက်ပေမည်။ အလ္လာဟ်သည် အသင့်အား လူသားများမှ ကာကွယ်စောင့်ရှောက်တော်မူမည် ဖြစ်သည်။ အလ္လာဟ်သည် မုချဇကန် ငြင်းပယ် သူတို့အား လမ်းညွှန်တော်မမူပေ။ **၆၈။** အသင်ပြောပါ။ အို-ကျမ်းရသူအပေါင်းတို့၊ အသင်တို့သည် သောင်ရာသ်ကျမ်း၊ အင်နှံဂျီလ်ကျမ်း၊ သင်တို့၏အရှင်ထံတော်မှ အသင်တို့ထံ ကျရောက်လာသည့်ကျမ်းတို့အပေါ် လိုက်နာခြင်းမရှိသမျှကာလပတ်လုံး အသင်တို့သည် မည်သည့်အရာပေါ်၌မျှ ရပ်တည်နေကြသည်မဟုတ်။ အသင့်၏ အရှင်ထံမှ အသင့်ထံ ကျရောက်လာသောကျမ်းသည် ထိုသူတို့အနက် များစွာ သောသူတို့အား ပုန်ကန်မှု၊ ဘွေဒီပြင်းဆန်မှုတို့ကို မုချ တိုးပွားစေမည် ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် ငြင်းပယ်သူတို့နှင့် ပတ်သက်၍ ဝမ်းမနည်းလေနှင့်။ **၆၉။** ယုံကြည်သူများသည်လည်းကောင်း၊ ယဟူဒီများသည်လည်းကောင်း၊ စ္စာဗီများသည်လည်းကောင်း၊ ခရစ်ယာန်များ သည်လည်းကောင်း မည်သူမဆို အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ပြီး ကောင်းမြတ်သော ကျင့်ဆောင်မှုကို ဆောက်တည်ခဲ့ပါလျှင် စင်စစ်တွင် ထိုသူတို့အဖို့ မည်သည့် စိုးရိမ်မှုမျှမရှိ၊ သူတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ပေ။

၇၀။ ငါအရှင်သည် အီစ်ရာအီလီမျိုးနွယ်တို့ထံမှ ပဋိညာဉ်ကို ယူတော်မူခဲ့၏။ ထို့နောက် ငါအရှင်သည် ၎င်းတို့ထံသို့ မြောက်မြားစွာသော တမန်တော်များကိုလည်း စေလွှတ်တော်မူခဲ့၏။ တမန်တော်တစ်ပါးပါးသည် သူတို့ထံ သူတို့မကြိုက်သော ပညတ်တော်ကို ယူဆောင်လာသည့်အခါ သူတို့သည် အချို့ကို မုသားဂါဒီများဟု ပြောဆိုငြင်းပယ်ခဲ့ကြပြီး အချို့ကိုမူ သတ်ဖြတ်ခဲ့ကြ၏။ **၇၁။** သူတို့သည် မည်သည့်ပြဿနာမျှ ဖြစ်ပေါ် လာလိမ့်မည်မဟုတ်ဟု ထင်မှတ်ခဲ့ကြပြီး မျက်စိကန်းခဲ့ကြသည်။ နားပင်းခဲ့ကြသည်။ ထို့နောက်တွင်လည်း တစ်ဖန် အလ္လာဟ်သည် သူတို့ဘက်သို့ ပြန်လှည့်တော်မူခဲ့လေ၏။ သို့သော်လည်း သူတို့အနက် အများစုသည် မျက်ကန်းများနှင့် နားပင်းသူများပင် ဖြစ်သွား ခဲ့ကြပြန်သည်။

အလ္လာဟ်သည် ၎င်းတို့ပြုကျင့်သည်များကို အလွန် သိမြင်တော်မူသောအရှင် ဖြစ်သည်။

၇၂။ ငြင်းပယ်ကြသူတို့က စင်စစ်တွင် အလ္လာဟ်သည် မရိယမ်၏ သားတော် မစီဟ်ပင် ဖြစ်သည်ဟု အမှန်တကယ် ပြောဆိုကြ၏။ အမှန်မှာ မစီဟ် ကပင် ဒုံ - အီစွရာအီလ်မျိုးနွယ်အပေါင်းတို့၊ အသင်တို့သည် ငါ၏ အရှင်နှင့် အသင်တို့၏အရှင်ဖြစ်တော်မူသော အလ္လာဟ်ကိုသာ ခဝပ်ကိုးကွယ်ကြ။ မည်သူ မဆို အလ္လာဟ်နှင့် တွဲဖက်ကိုးကွယ်လျှင် အလ္လာဟ် သည် ထိုသူအတွက် သုခဘုံကို မုချတားမြစ်ပိတ်ပင်ထားတော်မူ၏။ ထိုသူ၏ နေရာသည် ငရဲမီးပင် ဖြစ်မည်။ မတရားကျူးလွန်သူတို့ကို ကူညီရှိုင်းပင်းမည့်သူ မည်သူမျှရှိမည်မဟုတ်ပေ။ **၇၃။** ငြင်းပယ်ကြသူတို့က စင်စစ်တွင် အလ္လာဟ်သည် ဘုရားသုံးဆူအနက် တတိယ ဖြစ်သည်ဟု အမှန်တကယ်ပင် ပြောဆိုခဲ့ကြ၏။ အမှန်မှာ တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်မှတစ်ပါး အခြားမည်သည့် ကိုးကွယ်ရာမျှ မရှိပေ။ အကယ်၍ သူတို့သည် မိမိတို့ပြောဆိုမှုကို မရပ်တန့်ကြလျှင် သူတို့အတွင်းမှ ငြင်းပယ်သူများ ထံသို့ နာကျင်ဖွယ်ပြစ်ဒဏ်သည် အမှန်ပင် ရောက်ရှိလာပေမည်။ **၇၄။** ဤသူတို့ သည် အလ္လာဟ်ထံတော်ပါးတွင် ဝန်ချတောင်းပန်ခြင်းကို မပြုကြ လေသလော။ အရှင်မြတ်ထံတော်မှ ခွင့်လွှတ်ခြင်းကို မတောင်းခံကြလေသလော။ အလ္လာဟ်သည် အလွန် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန် သနားကြင်နာ တော်မူသော အရှင်ဖြစ်တော်မူသည်။ **၇၅။** မရိယမ်၏ သားတော် မစီဟ်သည် ရစူလ်တမန်တော်တစ်ပါးမျှသာ ဖြစ်သည်။ သူ၏အလျင်ကလည်း မြောက်မြားစွာ သော ရစူလ်တမန်တော်များ ကျော်လွန်ခဲ့ကြပြီး ဖြစ်သည်။ ထို့ပြင် သူ၏မိခင်သည် ဖြောင့်မတ်မှန်ကန်သော အမျိုးသမီးတစ်ဦးပင် ဖြစ်သည်။ သူတို့နှစ်ဦးစလုံးသည် အစားအစာကို စားသုံးလေ့ရှိခဲ့ကြ၏။ ငါအရှင်သည် သူတို့ရှေ့ဝယ် သက်သေ သာဓကများကို မည်သို့ ထင်ရှားစွာ ဖော်ပြတော်မူသည်ကို အသင်ကြည့်ပါ။ ထို့နောက် တစ်ဖန် သူတို့သည် မည်သည့်ဘက်သို့ ပြန်လှည့်သွားနေကြသည်ကို လည်း ကြည့်ပါ။ **၇၆။** အသင်ပြောကြားပါ။ အသင်တို့သည် အလ္လာဟ်အား စွန့်လွှတ်ပြီး အသင်တို့ကို အကျိုးယုတ်နစ်နာစေမှုကိုရော၊ အကျိုးဖြစ်ထွန်းစေမှုကို ရော မပြုစွမ်း နိုင်သည့်အရာကို ကိုးကွယ်ကြသလော။ အမှန်မှာ အလ္လာဟ်သည်

သာလျှင် အလွန်ကြားတော်မူသောအရှင်၊ အလွန်သိတော်မူသောအရှင် ဖြစ်တော်မူသည်။

၇၇။ အသင်ပြောပါ။ အို-ကျမ်းရရှိသူအပေါင်းတို့၊ မိမိတို့၏သာသနာရေးတွင် မမှန်မကန် အစွန်းမရောက်ကြနှင့်။ ထို့ပြင် အကြင်အုပ်စုတစ်စု၏အလို ဆန္ဒများနောက်ကို လည်း မလိုက်ကြနှင့်။ သူတို့သည် သည့်အလျင်က လမ်းလွဲခဲ့ကြ၏။ ထို့ပြင် သူတို့သည် များစွာသောသူတို့ကိုလည်း လမ်းလွဲအောင်လုပ်ခဲ့ကြ၏။ ထို့နောက် သူတို့သည် ဖြောင့်မတ်မှန်ကန်သောလမ်းမှ ချွတ်ချော်တိမ်းပါးခဲ့ကြသည်။

၇၈။ အီစ်ရာအီလ်အမျိုးသားတို့အနက် ငြင်းပယ်ကြသော သူတို့သည် ဒါဝူဒ်နှင့် မရိယမ်၏သားတော်အီစာ၏ နှုတ်မှ ကျိန်ဆဲခြင်းကို ခံခဲ့ကြရပေသည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့သည် အမိန့်မနာခံခဲ့ကြသည့်ပြင် စည်းဘောင်ကို ကျူးကျော်ခဲ့ကြသောကြောင့် ဖြစ်သည်။ **၇၉။** သူတို့သည် မိမိတို့ ပြုလုပ်သည့် မကောင်းမှုမှ တစ်ဦးနှင့် တစ်ဦး တားမြစ်လေ့မရှိခဲ့ကြပေ။ သူတို့ပြုလုပ်လေ့ရှိသည်တို့မှာ အလွန်ဆိုးဝါးလှပေသည်။ **၈၀။** အသင်သည် သူတို့အနက် အများစုကို ငြင်းပယ်သူများနှင့် မိတ်ဖွဲ့နေကြသည်ကို တွေ့မြင်ရပေမည်။ စင်စစ်တွင် မိမိတို့အဖို့ သူတို့ ကြိုတင် ပို့ထားနှင့်သည်တို့မှာ အလွန်ဆိုးဝါးလှသည်။ ယင်းတို့မှာ အလ္လာဟ်သည် သူတို့အပေါ် အမျက်ရှုတော်မူခြင်းနှင့် သူတို့သည် ထာဝစဉ် အပြစ်ဒဏ်၌ နေထိုင်ကြရခြင်းတို့ ဖြစ်ပေသည်။ **၈၁။** အကယ်၍ သူတို့သည် အလ္လာဟ်ကို၊ တမန်တော်မြတ်ကို၊ ထို တမန်တော်ထံ ပို့ချခဲ့သည်များကို၊ ယုံကြည်ခဲ့ကြပါလျှင် ငြင်းပယ်သူတို့ကို မိတ်ဆွေဖွဲ့ကြမည်မဟုတ်ပေ။ သို့သော် ၎င်းတို့အနက် အများသည် အမိန့် မနာခံသူများ ဖြစ်ကြသည်။

၈၂။ ယုံကြည်သူမုဿမ်မင်နှ်တို့အား ရန်ငြိုးထားရာ၌ အပြင်းထန်ဆုံးသူများမှာ ယဟူဒီများ၊ တုဘက်နှိုင်းယှဉ်ကိုးကွယ်သော မုရှ်ရိုက်များ ဖြစ်ကြောင်းကို အသင် မုချတွေ့ရပေမည်။ မုဿမ်မင်နှ်ယုံကြည်သူတို့ကို မိတ်ဖွဲ့ ရာ၌ အားလုံးထက် အနီးစပ်ဆုံးသောသူများမှာ မိမိတို့သည် နစ္စာရာများ ဖြစ်သည်ဟု ပြောဆိုသူများ ဖြစ်ကြောင်းကို အသင် မုချ တွေ့ရပေမည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့ထဲတွင် ပညာရှင်များ၊ ဘုန်းကြီးရဟန်းများရှိနေကြသောကြောင့် သူတို့သည် မာန်မာန

ထောင်လွှားခြင်း မရှိကြသောကြောင့် ဖြစ်သည်။ ★**၈၃။** ထို့ပြင် သူတို့သည် တမန်တော်ထံကျရောက်လာသော မုက္ခပါဠ် တော်များကို ကြားနာကြရသောအခါ သူတို့၏ မျက်လုံးများမှ မျက်ရည်များ ယိုစီးလာသည်ကို အသင် မြင်တွေ့မြင်ရပေ မည်။ သူတို့သည် အမှန်တရားကို သိမြင်နားလည်လာကြသောကြောင့် ဖြစ်၏။ သူတို့က ဤသို့လျှောက်ထားကြသည်။ အို- ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုး တို့သည် ယုံကြည်ကြပါပြီ၊ သို့ပါ၍ အရှင်သည် ကျွန်တော်မျိုးတို့အား သက်သေခံကြ သူများတွင် ရေးမှတ်ပေးတော်မူပါ **၈၄။** ကျွန်ုပ်တို့သည် အလွှာဟ်နှင့် ကျွန်ုပ်တို့ထံ ရောက်ရှိလာသော အမှန်တရားကို အဘယ်ကြောင့် မယုံမကြည်ဖြစ်ရမည်နည်း။ ကျွန်ုပ်တို့၏အရှင်သည် ကျွန်ုပ်တို့ကို သူတော်စင်များအုပ်စုတွင် ထည့်သွင်းတော်မူ ဟု ကျွန်ုပ်တို့ မျှော်လင့်ချက် ထားရှိကြပါသည်။ **၈၅။** သို့ဖြစ်ရာ အလွှာဟ်သည် သူတို့အား သူတို့ လျှောက်ထားခဲ့သောအရာကြောင့် အောက်ခြေတွင် စမ်းချောင်း များ စီးဆင်းလျက်ရှိသည့် ဥယျာဉ်များကို ပေးသနားတော်မူမည်။ သူတို့သည် ယင်း၌ အမြဲထာဝရနေထိုင်ကြရမည်။ ဤသည် ကောင်းမှုဖွားများသူတို့၏ အကျိုးရလဒ်ပင် ဖြစ်သည်။ **၈၆။** ထို့ပြင် အကြင်သူတို့သည် မယုံကြည်ငြင်းပယ် နေခဲ့ကြပြီး ငါအရှင်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းဆိုနေ ခဲ့ကြ၏။ ထိုသူများပင် ငရဲသားများ ဖြစ်ကြပေသည်။

၈၇။ အို-ယုံကြည်သူအပေါင်းတို့၊ အလွှာဟ်က အသင်တို့အဖို့ ခွင့်ပြု ထားသည့် သန့်ရှင်းစင်ကြယ်သောအရာများကို ဟရာမ်ဟူ၍ မသတ်မှတ်ကြနှင့်။ ထို့ပြင် စည်းဘောင်လည်း မကျော်လွန်ကြနှင့်။ အလွှာဟ်သည် စည်း ဘောင်ကျော် လွန်သူတို့ကို အမှန်ပင် နှစ်သက်တော်မမူပေ။ **၈၈။** အသင်တို့ အား အလွှာဟ်ပေး ထားသည့် ဟလာလ်သန့်စင်သောအရာများအနက်မှ စားသုံးကြပါ။ ၎င်းပြင် အသင်တို့ယုံကြည်လျက်ရှိကြသည့် အလွှာဟ်ကိုသာ ကြောက်ရွံ့ကြကုန်။

၈၉။ အလွှာဟ်သည် အသင်တို့၏ စိတ်က မရည်ရွယ်ဘဲ ကျိန်ဆိုသည့်အရာများ အသင်တို့အား အရေးယူတော်မူမည်မဟုတ်၊ သို့သော် အရှင်မြတ်သည် အသင်တို့ အခိုင်အမာရည်ရွယ်ပြီး ကျိန်ဆိုကြသော ကျိန်ဆိုချက်များနှင့် ပတ်သက်၍မူ အသင်တို့အား အရေးယူတော်မူမည် ဖြစ်သည်။ ယင်းကျိန်ဆိုချက်တို့ကို အပြစ်ဖြေ ရန်နည်းလမ်းမှာ အသင်တို့သည် မိမိတို့အိမ်သူအိမ်သားများကို ကျွေးမွေးလေ့ရှိ

သော အလယ်အလတ်စားဖြစ်သော အစားအစာကို သူဆင်းရဲဆင်ယဉ်ဦးအား ကျွေးမွေးရမည်၊ သို့မဟုတ် အဝတ်အစားဝတ်ဆင်ပေးရမည်၊ သို့မဟုတ် ကျွန်တစ်ဦးကို ကျွန်ဘဝမှ လွတ်မြောက်အောင် ပြုရမည်။ သို့သော် မတတ်စွမ်းသူသည် သုံးရက် ဥပုသ်စောင့် ထိန်းရမည်။ ဤသည် အသင်တို့ကျိန်ဆိုပြီး ဖြစ်သော ကျိန်ဆိုချက်များ၏ အပြစ်ဖြေ ခြင်းပင် ဖြစ်သည်။ ထို့ပြင် မိမိတို့၏ ကျိန်ဆိုချက်များကို စောင့်ထိန်းကြကုန်။ အလ္လာဟ်သည် အသင်တို့ကျေးဇူးသိတတ်ရန်အတွက် မိမိ၏ အမိန့်တော်များကို သင်တို့အတွက် ထုတ်ဖော် မိန့်ကြားတော်မူလေသည်။

၉၀။ အို-ယုံကြည်သူအပေါင်းတို့၊ စင်စစ်တွင် အရက်၊ လောင်းတမ်းကစားခြင်း၊ ရုပ်တုဆင်းတုနှင့် မြား(တို့ဖြင့် နိမိတ်ဖတ်ကံစမ်းခြင်း) အားလုံးတို့သည် ရွံဖွယ်သွန်၏ ညစ်ညမ်းသော လုပ်ရပ်များသာဖြစ်၏။ သို့ဖြစ်၍ အသင်တို့သည် ထိုအရာများမှ ရှောင်ကြဉ်ကြကုန်။ သို့ဆိုလျှင် အသင်တို့ အောင်မြင်ကောင်းအောင်မြင်ကြပေလိမ့်မည်။ **၉၁။** ရွံဖွယ်သွန်သည် သေရည်သေရက်နှင့်၊ လောင်းတမ်းကစားခြင်းတို့ဖြင့် အသင် တို့ကြားတွင် ရန်ငြိုးထားခြင်းနှင့် မုန်းတီးမှုကို ထည့်ပေးရန် လိုလားသည်။ ထို့ပြင် အလ္လာဟ်ကို သတိရခြင်းနှင့် စွဲလမ်းဝတ်ပြုခြင်းတို့မှ အသင်တို့ကို တားဆီးရန်သာ လိုလား၏။ သို့ဖြစ်ရာ အသင်တို့သည် (ထိုမကောင်းမှုများကို) ရပ်တန့်ကြပါမည်လော။ **၉၂။** အသင်တို့သည် အမိန့်ကို နာခံကြကုန်၊ ရစူလ်တမန်တော်အမိန့်ကို နာခံကြကုန်၊ ၎င်းပြင် စိုးရိမ်ကြောက်ရွံ့ ကြကုန်၊ အကယ်၍ အသင်တို့သည် လွှဲဖယ်သွားကြလျှင် ငါအရှင်၏ တမန်တော်၌ ပွင့်လင်းထင်ရှားစွာ ပို့ချရန်သာ တာဝန်ရှိသည်ကို အသင်တို့ သိထားကြလေကုန်။ **၉၃။** အီမာန်ယုံကြည်ပြီး ကောင်းမြတ်သော ကျင့်ဆောင်မှုများ ကျင့်ကြံသူတို့သည် အကယ်၍ သက္ကဝါတရား ထားရှိကြပါလျှင်၊ အီမာန်ယုံကြည်ပြီး ကောင်းမြတ်သော ကျင့်ဆောင်မှုများ ကျင့်ကြံကြပါလျှင်၊ ထို့နောက် သက္ကဝါတရား ထားရှိပြီး ၊အီမာန်ယုံကြည်ကြပါလျှင်၊ ထို့နောက်တစ်ဖန် သက္ကဝါအကြောက်တရားထားရှိကြပါလျှင်၊ ကောင်းမြတ်သော ကျင့်ဆောင်မှုများ ကျင့်ကြံကြပါလျှင် (အတိတ်က) သူတို့စားသုံးခဲ့ကြသည်များနှင့် ပတ်သက်၍ မည်သည့် အပြစ်မျှမထိုက်ပေ။ အလ္လာဟ်သည် ကောင်းမှုကျင့်ကြံသူတို့အား ချစ်ခင်မြတ်နိုးတော်မူလေသည်။

၉၄။ အို-ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်သည် အသင်တို့၏ လက်များနှင့် လုံများက လက်လှမ်းမီနိုင်သော သားကောင်များဖြင့် အသင်တို့အား အမှန်ပင် စမ်းသပ်တော်မူမည်ဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်သည် မိမိအား မမြင်ကွယ် ၇၌ မည်သူကြောက်ရွံ့သလဲ ဟူသည်ကို သိရှိရန် ဖြစ်သည်။ မည်သူ မဆိုသည့် နောက်တွင်မှ စည်းကမ်းချိုးဖောက်ပါမူ ထိုသူအဖို့ ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ် ရှိပေသည်။ **၉၅။** အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အဲဟ်ရာမ် ဝတ်ဆင်ထားစဉ် အမဲလိုက်သတ်ဖြတ်ခြင်း မပြုကြနှင့်။ အသင်တို့အနက် မည်သူ မဆို သိလျက်နှင့် တမင်ကြံရွယ်ပြီး သတ်ဖြတ်ခဲ့ပါမူ ယင်းအတွက် အပြစ်ဒဏ်အဖြစ်၊ သူသတ်ဖြတ်ခဲ့သော တိရစ္ဆာန်နှင့် ညီမျှသော သားကောင်ကို ကုရ်ဗာနီသားကောင် အဖြစ် ကအ်ဗဟ်ကျောင်းတော်သို့ ပို့ဆောင်ရမည်၊ ယင်းကို အသင်တို့အနက် တရားမျှတသော ပုဂ္ဂိုလ်နှစ်ဦးက အဆုံးအဖြတ်ပေးရမည်။ သို့မဟုတ် ယင်း၏ အပြစ်ဖြေသောအနေနှင့် သူဆင်းရဲများအား အစားအစာ ကျွေးမွေးခြင်း သို့မဟုတ် ထိုအတိုင်းအတာနှင့်အညီအမျှ ဥပုသ်စောင့်ထိန်းခြင်း ပြုရမည်။ သို့ဖြင့် သူသည် မိမိပြုကျင့်မိခဲ့သောလုပ်ရပ်၏ အပြစ်ကို မြည်းစမ်းရာ ရောက်ပေမည်။ အလ္လာဟ် သည် လွန်ခဲ့ပြီးသည်ကို ခွင့်လွှတ်တော်မူပိုက်ပြီ။ ထို့နောက် မည်သူမဆို ထပ်မံပြုလုပ်ပါလျှင် အလ္လာဟ်သည် ၎င်းအား အရေးယူတော်မူမည်ဖြစ်သည်။ အလ္လာဟ်သည် အလွန်နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ တုံ့ပြန်အရေးယူတော်မူသော အရှင်ဖြစ်တော်မူသည်။

၉၆။ အသင်တို့အဖို့ ရေသတ္တဝါများကို ဖမ်းဆီးခြင်းနှင့် ၎င်းတို့ကို စားသုံးခြင်းသည် ဟလာလ်ခွင့်ပြုထားပြီးဖြစ်၏။ ဤသည် အသင်တို့နှင့် ခရီးသည်များ၏ အကျိုးအတွက် ဖြစ်သည်။ သို့သော် အဲဟ်ရာမ်ဝတ်ဆင်ထားစဉ် ကုန်း သတ္တဝါများအား အမဲလိုက်ခြင်းကို အသင်တို့အပေါ် ဟရာမ်အဖြစ် တားမြစ်တော်မူခဲ့သည်။ အလ္လာဟ်ကို ကြောက်ရွံ့ကြကုန်။ ထိုအရှင်မြတ်ထံတော်သို့ အသင်တို့သည် စုရုံးခြင်းခံကြရမည်ဖြစ်သည်။ **၉၇။** အလ္လာဟ်သည် မြင့်မြတ်သော အိမ်တော် ကအ်ဗဟ်ကျောင်းတော်နှင့်၊ ထူးမြတ်သောလများ၊ ကုရ်ဗာနီသားကောင်များနှင့် လည်ပတ်ကြိုး တပ်ဆင်ထားသော ကုရ်ဗာနီသားကောင်များကို လူသားတို့အဖို့ ရပ်တည်ရာအဖြစ် ပြုလုပ်ပေးတော်မူခဲ့သည်။ ဤသို့ပြုရခြင်းမှာ အလ္လာဟ်သည်

မိုးကောင်းကင်များတွင် ရှိသမျှနှင့် မြေပထဝီတွင် ရှိသမျှကို သိရှိတော်မူ ကြောင်းနှင့် အလွှာဟ်သည် အရာခပ်သိမ်းကို အလွန်သိရှိတော်မူကြောင်းကို အသင်တို့ သိကြစေရန်အတွက် ဖြစ်သည်။ **၉၈။** အလွှာဟ်၏ ပြစ်ဒဏ်သည် အလွန် ပြင်းထန်ကြောင်းနှင့် အလွှာဟ်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ အလွန်ကြင်နာသနားတော်မူသော အရှင်ဖြစ်ကြောင်း အသင်တို့ သိထားကြပါ။ **၉၉။** တမန်တော်အပေါ်၌ သတင်းပို့ချရန်သာ တာဝန်ရှိသည်။ အလွှာဟ်သည် အသင်တို့ ထုတ်ဖော်သည်များကိုရော ဖုံးကွယ်ထားသည်များကိုပါ သိရှိတော်မူသည်။ **၁၀၀။** အသင်ပြောကြားပါ။ မသန့်ရှင်းသောအရာများ၏ ပေါများမှုသည် အသင့်အား မည်မျှပင် နှစ်သက်စေကာမူ မသန့်ရှင်းသောအရာသည် သန့်ရှင်းသောအရာနှင့် မတူညီနိုင်ပေ။ သို့ဖြစ်ရာ အို-အသိဉာဏ်ရှိသူအပေါင်းတို့၊ အသင်တို့ အလွှာဟ်အား ကြောက်ရွံ့ကြကုန်။ သို့ဆိုလျှင် အသင်တို့ အောင်မြင်ကောင်း အောင်မြင်ကြမည် ဖြစ်သည်။

၁၀၁။ အို-ယုံကြည်သူအပေါင်းတို့၊ တချို့အကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးမြန်းခြင်း မပြုကြနှင့်။ ထိုအကြောင်းများကို အသင်တို့အား ထုတ်ဖော်ပေးလိုက်လျှင် အသင်တို့ ဒုက္ခရောက်ကြမည်ဖြစ်သည်။ အကယ်၍ အသင်တို့သည် ယင်းနှင့် စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန် ကျရောက်နေစဉ် ကာလအတွင်း မေးမြန်းကြပါမူ ယင်းသည် အသင်တို့အတွက် ထင်ရှားပေါ်လွင်စေခြင်းခံရမည် ဖြစ်သည်။ အလွှာဟ်သည် ယင်းကို ခွင့်လွှတ်တော်မူထားသည်။ ထို့ပြင် အလွှာဟ်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ အလွန်ခန္တီတရား ထားတော်မူ သော အရှင်ဖြစ်သည်။ **၁၀၂။** ဤအကြောင်းအရာများကိုပင် အသင်တို့ အလျင် ရှိခဲ့သော လူမျိုးတစ်ရပ်က မေးမြန်းခဲ့ကြသည်။ ထို့နောက် သူတို့သည် ယင်းကို ငြင်းပယ် သူများ ဖြစ်သွားခဲ့ကြသည်။ **၁၀၃။** အလွှာဟ်သည် ဗဟီရာဟ်၊ စာအိဗာဟ်၊ ဝစ္ဈီလဟ်နှင့် ဟာမ်(ရုပ်တု၊ ဆင်းတုများ၏ နာမည်ဖြင့် ဘေးမဲ့လွှတ်ကြသော တိရစ္ဆာန်)တို့ကို ပြုလုပ်တော်မမူခဲ့ပေ။ သို့သော် ငြင်းပယ်သူတို့သည် အလွှာဟ် အပေါ် မဟုတ်မမှန် လုပ်ကြံ စွပ်စွဲခဲ့ကြခြင်းသာ ဖြစ်သည်။ သူတို့အနက် အများစု သည် အသိဉာဏ်ကို အသုံးမချခဲ့ကြပေ။ **၁၀၄။** အကယ်၍ သူတို့အား အသင်တို့သည် အလွှာဟ်ပို့ချတော်မူသည် များဘက်နှင့် တမန်တော်ဘက်သို့ လာ

ကြကုန်ဟု ပြောသောအခါ သူတို့က ကျွန်ုပ်တို့၏ အဘဘိုးဘေးများလျှောက်လှမ်းသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရသောလမ်းစဉ်သည်သာ ကျွန်ုပ်တို့အဖို့ လုံလောက်ပါသည်ဟု ပြောဆိုကြလေသည်။ ၎င်းတို့၏ အဘဘိုးဘေးများသည် တစ်စုံတစ်ရာကိုမျှ သိရှိနားလည်ခြင်းလည်း မရှိကြသည့်အပြင် တရားလမ်းမှန်ကို လည်း မရရှိခဲ့ကြလျှင် ရော လုံလောက်ပါမည်လော။ **၁၀၅။** အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ကိုယ်ကို သောကထားကြပါ။ အကယ်၍ အသင်တို့သည် လမ်းမှန်ပေါ် ရှိကြလျှင် လမ်းမှားသူတို့သည် အသင်တို့အား နစ်နာအောင် လုပ်နိုင်ကြမည်မဟုတ်ပေ။ အသင်တို့အားလုံးသည် အလွှာဟ်ထံတော်ပါး သို့သာလျှင် ပြန်လည်သွားကြရမည်ဖြစ်သည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့ ပြုမူခဲ့သည်များနှင့် စပ်လျဉ်း၍ အသင်တို့ကို အသိပေးတော် မူမည် ဖြစ်သည်။

၁၀၆။ အို- ယုံကြည်သူအပေါင်းတို့၊ အသင်တို့အနက် တစ်ဦးတစ်ယောက်၏ ကွယ်လွန်သေဆုံးချိန် ဆိုက်ရောက်သည့်အခါ ဝစ္ဆီယသ် မှာတမ်းမှ ပြုသောအချိန်၌ အသင်တို့ကြားတွင် သက်သေခံရန် အသင်တို့အနက်မှ တရားမျှတမှုရှိသော သက်သေနှစ်ဦးကို ထားရှိရမည်။ သို့မဟုတ် အသင်တို့သည် ခရီးသွားနေစဉ်အချိန် အသင်တို့ထံ သေခြင်းတရား ဆိုက်ရောက်လာခဲ့သော် အသင်တို့၏အထဲမှ မဟုတ်ဘဲ အခြားသူများထဲမှ သက်သေနှစ်ဦး ထားရှိရမည်ဖြစ်သည်။ ထို့နောက်လည်း အသင်တို့သည် သံသယဖြစ်ကြပါမူ ၎င်းသက်သေနှစ်ဦးကို စွာလာသ် ပြီးနောက် ဆိုင်းငံ့ထားပါ။ ထို့နောက် သူတို့နှစ်ဦးသည် အလွှာဟ်အား တိုင်တည်၍ ကျွန်ုပ်တို့သည် မည်သည့်ဆွေမျိုးရင်းချာကို ဖြစ်စေ၊ ဤသက်သေခံချက်ကို တန်ဖိုး တစ်စုံတစ်ရာနှင့် ရောင်းချကြမည် မဟုတ်၊ ထို့ပြင် ကျွန်ုပ်တို့သည် အလွှာဟ်၏ သက်သေခံချက်ကို ဖုံးကွယ်ကြမည်မဟုတ်။ အကယ်၍ ကျွန်ုပ်တို့သည် ထိုသို့ ပြုမူကြပါလျှင် ကျွန်ုပ်တို့သည် အမှန်ပင် အပြစ်ကျူးလွန်သူများ ဖြစ်ကြပေမည်ဟု ပြောဆိုကြရမည်။ **၁၀၇။** ထို့နောက်တစ်ဖန် အကယ်၍ သူတို့နှစ်ဦးသည် အခွင့်အရေးတစ်ခုခုကို ချိုးဖောက်လိုက်သည်ဟု သိရှိရပါမူ သူတို့နှစ်ဦး၏ နေရာတွင် ရပိုင်ခွင့်ရှိသူများအနက်က နောက်လူနှစ်ဦး သက်သေအဖြစ် ထရပ်ရမည်။ သူတို့နှစ်ဦးသည် ကျွန်ုပ်တို့၏ သက်သေခံခြင်းမှာ ထိုသူတို့နှစ်ဦး သက်သေခံခြင်းထက် ပိုမိုမှန်ကန်ပါသည်၊ ထို့ပြင် ကျွန်ုပ်တို့သည် မည်သည့် လွန်ကျူးမှုကိုမျှ

မပြုကြပါ။ ဤသို့ ပြုမူခဲ့ကြပါလျှင် ကျွန်ုပ်တို့သည် ဇကနပင် မတရားသောသူတို့တွင် အပါအဝင် ဖြစ်သွားကြပေမည်ဟု အလ္လာဟ်အား တိုင်တည်၍ ကျိန်ဆိုကြရပေမည်။

၁၀၈။ ဤ(သို့)ကျိန်ဆိုရမည်ဟု သတ်မှတ်ထားခြင်း)သည် အကောင်းဆုံးဖြစ်သည်။ အကြောင်းမှာ ထိုအခါကျလျှင် လူတို့သည် အမှန်အတိုင်း သက်သေထွက်ဆိုကြပေလိမ့်မည်။ သို့မဟုတ် မိမိတို့ကျိန်ဆိုချက်များသည် အခြားသူများ ကျိန်ဆိုပြီး နောက်တွင် ပယ်ချခြင်းခံရမည်ကို စိုးရိမ်ကြောက်ရွံ့ကြပေမည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်ကို ကြောက်ကြပါ။ နားထောင်ကြပါ။ အလ္လာဟ်သည် ဖီဆန်သူတို့အား လမ်းမှန်ကို ညွှန်ကြားပြသတော်မမူပေ။

၁၀၉။ အကြင်နေ့တွင် အလ္လာဟ်သည် တမန်တော်များအား စုရုံးတော်မူပြီးနောက် အသင်တို့သည် (လူတို့ထံမှ) မည်သည့်အဖြေရခဲ့ကြသနည်းဟု မေးမြန်းတော်မူမည်။ သူတို့က ကျွန်တော်မျိုးတို့သည် အလျှင်း မသိရှိကြပါ။ အရှင်မြတ်သာလျှင် ဖုံးကွယ်နေသည့်အရာအားလုံးကို အလွန်သိရှိတော်မူသောအရှင် ဖြစ်ပါသည်ဟု လျှောက်ထားကြပေမည်။ **၁၁၀။** တစ်ခါမှာ အလ္လာဟ်က မိန့်သည်။ အိမရိယမ်၏ သားတော်အီစာ၊ အသင့်အပေါ်၌ရော အသင်၏မိခင်အပေါ်၌ရော ငါအရှင်ပြုခဲ့သော ကျေးဇူးတော်ကို သတိရပါ။ တစ်ခါမှာ ငါအရှင်သည် သန့်ရှင်းသောဝိညာဉ်ဖြင့် အသင့်ကို ကူညီစောင့်မတော်မူခဲ့သည်။ အသင်သည် ပုခက်တွင်း၌ရော၊ ကြီးပြင်းလာချိန်၌ရော လူတို့နှင့် စကားပြောခဲ့သည်။ တစ်ခါမှာ ငါအရှင်သည် အသင့်အား ကျမ်းတော်၊ ဟိကွ္ကမသ်ဉာဏ်အမြော်အမြင်၊ သောင်ရာသ်နှင့် အင်နဂျီးလ်တို့ကို သင်ကြားပေးခဲ့သည်။ တစ်ခါမှာ ငါအရှင်၏ အမိန့်တော်ဖြင့် အသင်သည် မြေဖြင့် ငှက်၏ ပုံသဏ္ဌာန်ကဲ့သို့ ပြုလုပ်ခဲ့ပြီး ယင်း၌ မှုတ်သွင်းလိုက်သောအခါတွင် ယင်းတို့သည် ငါအရှင်၏အမိန့်တော်ဖြင့် ငှက်ဖြစ်သွားခဲ့သည်။ အသင်သည် မျက်မမြင်များနှင့် နူနာရောဂါသည်များကို ငါအရှင်၏ အမိန့် တော်ဖြင့် ပျောက်ကင်းစေခဲ့သည်။ တစ်ခါတွင် အသင်သည် သေသူများအား ငါအရှင်၏ အမိန့်တော်ဖြင့် ထုတ်ဆောင် ရပ်တည်စေခဲ့သည်။ တစ်ခါတွင် အသင်သည် အစ္စရာအီလ်မျိုးနွယ်များထံ ရှင်းလင်းထင်ရှားသော သက်သေလက္ခဏာများကို ယူဆောင်လာခဲ့စဉ် ငါအရှင်မြတ်သည် သူတို့၏ရန်မှ အသင့်ကို တားဆီးပေးတော်မူခဲ့သည်။ ထိုအခါ သူတို့ထဲမှ အမှန်တရားကို ငြင်းပယ်သူများက ဤသည် ထင်ရှား

သော မော်အတတ်ပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ **၁၁၁။** တစ်ခါတွင် ငါအရှင်သည် ဟဝါရီတို့၏ နှလုံးသားများထဲသို့ ငါအရှင်မြတ်ကိုရော ငါအရှင်၏ ရစူလ်တမန်တော်ကိုရော ယုံကြည်ကြပါဟု အသိထည့်သွင်းခဲ့သည်။ ထိုအခါ သူတို့က ကျွန်တော်မျိုးတို့ ယုံကြည်ကြပါပြီ၊ ထို့ပြင် ကျွန်တော်မျိုးတို့သည် အမိန့်နာခံသူများ ဖြစ်သွားပြီ ဖြစ်ကြောင်း သက်သေခံပေးပါ ဟု ပြောခဲ့ကြသည်။ **၁၁၂။** တစ်ခါတွင် ဟဝါရီများက အိုး-မရ်ယမ်၏ သားအီစာ၊ အသင့်အရှင်သည် ကျွန်ုပ်တို့အပေါ် ကောင်းကင်မှ စားပွဲတစ်ပွဲ ချပေးနိုင်စွမ်းရှိပါသလောဟု ပြောဆိုခဲ့ကြသည်။ အီစာက အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြလျှင် အလျှော်အား ကြောက်ရွံ့ကြကုန်ဟု ပြန်ပြောလေသည်။ **၁၁၃။** သူတို့က ကျွန်ုပ်တို့သည် ထိုထဲမှ စားသောက်ရန်နှင့် ကျွန်ုပ်တို့၏ စိတ်နှလုံးများ နှစ်သိမ့်ကျေနပ်ရန်အပြင် အသင်သည် ကျွန်ုပ်တို့အား အမှန်ကို ပြောဆိုသည်ကို ကျွန်ုပ်တို့ သိရှိနိုင်ကြရန်နှင့် ကျွန်ုပ်တို့သည် ယင်းအပေါ် အသိသက်သေများ ဖြစ်ကြရန် လိုလားပါသည်ဟု ပြောဆိုကြသည်။ **၁၁၄။** မရ်ယမ်၏ သားတော် အီစာက ဒုအာတောင်းခံသည်။ အို-အလ္လာဟ်၊ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ အပေါ် ကောင်းကင်မှ စားပွဲတစ်ပွဲကို ချပေးသနားတော်မူပါ။ ယင်းကို ကျွန်တော်မျိုးတို့တွင် ရှေးကျသူတို့အတွက်ရော ကျွန်တော်မျိုးတို့၏ နောက်မှ လာမည့်သူတို့အတွက်ရော ပျော်ရွှင်ဖွယ်ရာ ဖြစ်စေတော်မူပါ။ ထို့ပြင် အရှင့်ဘက်တော်မှ သက်သေလက္ခဏာတစ်ရပ်လည်း ဖြစ်စေ တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား ရိကျွာပေးသနားတော်မူပါ။ အရှင်မြတ်သာ အကောင်းဆုံး ရိကျွာပေးသနားတော်မူသော အရှင်ဖြစ်ပါသည်။ **၁၁၅။** အလ္လာဟ်က ငါအရှင်သည် ယင်းကို အသင်တို့အပေါ် သို့ ဇကာမုချ ချပေးတော်မူမည်။ သို့ရာတွင် ထိုနောက်သော်မှ အသင်တို့အနက် မည်သူမဆို ငြင်းပယ်ခဲ့ပါမူ ငါအရှင်သည် ထိုသူအား စကြဝဠာခပ်သိမ်းတွင် မည်သူ့ကိုမျှ မပေးခဲ့သည့် ပြစ်ဒဏ်မျိုးကို ပေးတော်မူမည်ဟု မိန့်တော်မူလေသည်။

၁၁၆။ တစ်ခါတွင် အလ္လာဟ်က အိုး-မရ်ယမ်၏သားတော် အီစာ၊ အသင်သည် လူတို့အား ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိခင်တို့ကို အလ္လာဟ်အပြင် ကိုးကွယ်ရာ အရှင်နှစ်ပါးအဖြစ် ပြုလုပ်ကြဟူ၍ ပြောခဲ့သလောဟု မေးမြန်းတော်မူမည်။သူက အဖြေပေးမည်။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။ ကျွန်တော်မျိုး

ပြောခွင့်မရှိသော စကားများကို မည်သို့ပြောနိုင်ပါမည်နည်း။ အကယ်၍ ကျွန်တော်မျိုးသည် ယင်းစကားကို ပြောဆိုခဲ့ပါမူ အရှင်မြတ်သည် အမှန်ပင် သိရှိတော်မူပြီး ဖြစ်ပါသည်။ အရှင်မြတ်သည် ကျွန်တော်မျိုး၏ စိတ်တွင်း၌ ရှိသည်ကို သိရှိတော်မူပါသည်။ သို့သော် ကျွန်တော်မျိုးမှာမူ အရှင်မြတ်၏ စိတ်တွင်း၌ ရှိသည်ကို မသိရှိပါ။ အရှင်မြတ်သည်သာလျှင် ဖုံးကွယ်နေသည့် အရာခပ်သိမ်းကို အမှန်ပင် အလွန်သိရှိတော်မူသောအရှင်ဖြစ်ပါသည်။ **၁၁၇။** ကျွန်တော်မျိုးသည် အရှင်မြတ်က ကျွန်တော်မျိုးအား အမိန့်ပေးထားသည်ကိုသာ သူတို့အား ပြောဆိုခဲ့ပါသည်။ ထိုစကားမှာ အသင်တို့သည် ကျွန်ုပ်၏အရှင်လည်းဖြစ် ၊အသင်တို့၏ အရှင်လည်း ဖြစ်တော်မူသောအရှင်အား ခဝပ်ကိုးကွယ်ကြကုန်။ ထို့ပြင် ကျွန်တော်မျိုးသည် ထိုသူတို့အတွင်း၌ ရှိနေသမျှကာလပတ်လုံး သူတို့အပေါ် သက်သေတစ်ဦးဖြစ်ခဲ့ပါသည်။ သို့ရာတွင် အရှင်မြတ်သည် ကျွန်တော်မျိုး၏ သက်တမ်းကို ပြည့်ဝစေတော်မူပြီးသည့်အခါတွင်မူအရှင်မြတ်သာလျှင် သူတို့အပေါ် စောင့်ကြပ်သူဖြစ်တော်မူပါသည်။ အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ် သက်သေဖြစ်တော်မူပါသည်။ **၁၁၈။** အကယ်၍ အရှင်မြတ် သည် သူတို့အား အပြစ်ဒဏ်ပေးတော်မူပါလျှင် သူတို့သည် အရှင်မြတ်၏ အစေတော်များသာလျှင် ဖြစ်ကြပါသည်။ အကယ်၍ အရှင်မြတ်သည် သူတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူလိုက်ပါလျှင် ဇကန်စင်စစ် အရှင်မြတ်သည်သာအမှန်ပင် အလွန်နိုင်နင်း လွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် အလွန် ပြည့်စုံတော်မူသော အရှင်ဖြစ်ပါသည်။ **၁၁၉။** အလ္လာဟ်က မိန့်တော်မူမည်။ ဤနေ့သည် မှန်ကန်သူတို့ကို သူတို့၏ မှန်ကန်မှုက အကျိုးထူးပေးမည့်နေ့ပင် ဖြစ်သည်။ ထိုသူတို့အဖို့ အောက်ခြေတွင် စမ်းရေချောင်းများ စီးဆင်းလျက်ရှိသည့် သုခဘုံများ ရှိမည်။ ထိုသုခဘုံများ၌ သူတို့သည် အမြဲထာဝရ နေထိုင်ကြရပေမည်။ အလ္လာဟ်သည် သူတို့ကို ကျေနပ်နှစ်သက်သွားပေပြီ။ သူတို့သည်လည်း အရှင်မြတ်အား ကျေနပ်နှစ်သက်သွားကြလေပြီ။ ဤသည် အလွန်ကြီးကျယ်သော အောင်မြင်မှုပင် ဖြစ်သည်။ **၁၂၀။** မိုးကောင်းကင်များနှင့် မြေပထဝီအပြင်ယင်းတို့အတွင်း ရှိသမျှ အရာအားလုံးတို့၏ စိုးပိုင်မှုသည် အလ္လာဟ်အဖို့သာလျှင် ဖြစ်သည်။ အရှင်မြတ်သည် အရာခပ်သိမ်းကို အလွန်စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူပေသတည်း။

၆။ စူရတ်အန်အာမ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ချီးမွမ်းထောမနာအပေါင်းသည် အလ္လာဟ်အဖို့သာဖြစ်သည်။ အရှင်မြတ်သည် မိုးများနှင့် မြေပထဝီကို ဖန်ဆင်းခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အမှောင်များနှင့် လင်းရောင်ခြည်ကို ပြုလုပ်ခဲ့သည်။ သို့ပါလျက် ငြင်းပယ်သူတို့သည် မိမိတို့အရှင်ကို အခြားအရာများနှင့်တန်းတူ မှတ်ယူထားကြသေးသည်။ **၂။** အရှင်မြတ်သည်ပင် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းခဲ့သည်။ ထို့နောက် ကာလတစ်ခုကို သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ သတ်မှတ်ထားသော အချိန်ကာလကို အရှင်မြတ်သာလျှင် သိတော်မူသည်။ သို့ပါလျက် အသင်တို့သည် ဒွိဟသံသယ ဖြစ်နေကြသည်။ **၃။** ထို့ပြင် မိုးများနှင့်မြေပထဝီ နှစ်ခုစလုံးတွင် ထိုအလ္လာဟ်သာ (ကိုးကွယ်ထိုက်သောအရှင်)ဖြစ်ပေသည်။ အရှင်မြတ်သည် အသင်တို့၏ လျှို့ဝှက်ထားသည်များကိုရော၊ ပေါ်လွင်ထင်ရှားစေသော အရာများကိုရော သိရှိတော်မူသည်။ ၎င်းပြင် အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကိုလည်း သိတော်မူသည်။

၄။ သူတို့ထံ သူတို့၏အရှင်၏သက်သေလက္ခဏာတော်များအနက်မှ မည်သည့် သက်သေလက္ခဏာတစ်ခုခုမဆို ရောက်ရှိလာပါစေ သူတို့သည် ထို သက်သေ လက္ခဏာတော်မှ ကျောခိုင်းသွားကြမြဲဖြစ်သည်။ **၅။** သူတို့သည် သူတို့ထံရောက်ရှိလာခဲ့သည့်အမှန်တရားကိုလည်း ငြင်းပယ်ခဲ့ကြပေရာ သူတို့ပြောင် လှောင်လေ့ရှိခဲ့ကြသည့်အရာများ၏ သတင်းစကားများသည် သူတို့ထံသို့များ မကြာမီ ရောက်လာပေမည်။ **၆။** ငါအရှင်မြတ်သည် သူတို့ထက်အလျင်က အဘယ်မျှ များပြားလှသော လူမျိုးများအား ဖျက်ဆီးပစ်တော်မူခဲ့သည်ကို သူတို့

မမြင်တွေ့ကြပေသလော။ ငါအရှင်မြတ်သည် သူတို့ကို ကမ္ဘာပေါ်တွင် တည်မြဲစေတော်မူခဲ့သလောက် အသင်တို့ကိုပင် မတည်မြဲစေတော်မူခဲ့ပေ။ သူတို့အပေါ်တွင် မိုးကို ဖြိုင်ဖြိုင်ရွာသွန်းစေတော်မူခဲ့သည်။ သူတို့၏အောက်မှ စမ်းချောင်းများကို စီးတွေစေတော်မူခဲ့သည်။ ထို့နောက် ငါအရှင်သည် သူတို့၏မကောင်းမှု ဒုစရိုက်များကြောင့်ပင် သူတို့အား ဖျက်ဆီးပစ်တော်မူခဲ့သည်။ သူတို့နောက်တွင် အခြားသောလူမျိုးစုများကို ဖန်ဆင်းတော်မူခဲ့သည်။

၇။ အကယ်၍ ငါအရှင်သည် အသင့်ပေါ်သို့ စာရွက်တွင် ရေးသားထားသော ကျမ်းစာအုပ်တစ်အုပ်ချပေးတော်မူလိုက်ပြီး၊ ယင်းစာအုပ်ကို ထိုသူတို့သည် မိမိတို့၏လက်များဖြင့် ကိုင်လိုက်ရလျှင်လည်း ငြင်းပယ်သူများက ဤသည်ထင်ရှား သောစုန်းပယောဂသာဖြစ်သည်ဟု ပြောကြပေလိမ့်မည်။ **၈။** ထိုနဗီတမန်တော်ထံသို့ အဘယ်ကြောင့် ကောင်းကင်တမန်တစ်ပါးပါး စေလွှတ်ခြင်းမခံရပါသနည်းဟု ထိုသူတို့က ပြောဆိုကြသည်။ အကယ်၍ ငါအရှင်သည် ကောင်းကင်တမန်တစ်ပါးပါးကို စေလွှတ်ပါမူ အရေးကိစ္စသည် ဆုံးဖြတ်ပြီးဖြစ်သွားပေမည်။ ထို့နောက်တွင် သူတို့သည် ဆိုင်းငံ့ခွင့်ရရှိကြတော့မည် မဟုတ်ပေ။ **၉။** အကယ်၍ ငါအရှင်သည် ကောင်းကင်တမန်တစ်ပါးပါးကို ရဏ္ဍလ်တမန်အဖြစ်စေလွှတ်လျှင် ထိုကောင်းကင်တမန်ကိုလည်း လူသားအဖြစ်သာ ပြုလုပ်တော်မူမည်ဖြစ်သည်။ ထို့ပြင် သူတို့လက်တလောဖြစ်နေသော သံသယတွင်သာ သူတို့ကို ထားတော်မူပေမည်။ **၁၀။** အသင်၏ အလျင်က ရဏ္ဍလ်တမန်များသည်လည်း လှောင်ပြောင်ခြင်းကို ခံခဲ့ကြရပေသည်။ သို့ဖြစ်ရာ ၎င်းတို့အား ပြောင်လှောင်ခဲ့ကြသူများကို သူတို့ပြောင်လှောင်ခဲ့ကြသောအရာကပင် ဝန်းရံလိုက်လေတော့သည်။ **၁၁။** အသင်ပြောပါ။ အသင်တို့သည် ကမ္ဘာပေါ်တွင် လှည့်ပတ်သွားလာကြပြီး မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောသူတို့၏နိဂုံး မည်သို့ရှိခဲ့သည်ကို ကြည့်ရှုကြလေကုန်။

၁၂။ မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသမျှအရာများသည် မည်သူ၏ပိုင်ဆိုင်မှုဖြစ်သနည်းဟု အသင်မေးပါ။ အသင်ပဲပြောလိုက်ပါ။ ထိုအရာအားလုံးသည် အလ္လာဟ်၏ပိုင်ဆိုင်မှုများ ဖြစ်ပေသည်။ ထိုအရှင်သည် မိမိအပေါ်တွင် ကရုဏာတရားကို သတ်မှတ်လိုက်ပြီ ဖြစ်သည်။ ထိုအရှင်သည် ယုံမှားသံသယဖြစ်ဖွယ်အလျှင်းမရှိသော ကိယာမသ်နေ့တွင် အသင်တို့ကို စုရုံးတော်မူပေမည်။

မိမိကိုယ်ကို နစ်နာဆုံးရှုံးအောင်ပြုလုပ်ကြသူများသာလျှင် မယုံကြည်ကြသူများ ဖြစ်ကြသည်။ **၁၃။** ညဉ့်တွင်တည်ရှိသောအရာများနှင့် နေ့တွင်တည်ရှိသော အရာဟူသမျှတို့သည် အလ္လာဟ်၏ပိုင်ဆိုင်မှုများသာ ဖြစ်သည်။ အရှင်မြတ်သည် အလွန်ကြားတော် မူသောအရှင်၊ အလွန်သိတော်မူသောအရှင် ဖြစ်ပေသည်။ **၁၄။** အသင်ပြောပါ။ ငါသည် အလ္လာဟ်မှအပ အခြားသူကို ကူညီစောင်မတော်မူသော အရှင်ဖြစ် ပြုလုပ်ရပါမည်လော။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ ပထဝီကို ဖန်ဆင်း တော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်သည် အားလုံးကို ကျွေးမွေးတော်မူသည်။ အရှင်မြတ်ကို မည်သူကမျှ ကျွေးမွေးသည် မဟုတ်ပေ။ အသင်ပြောပါ။ ငါသည် ပထဦးဆုံး အစ္စလာမ်လက်ခံသူဖြစ်ရန်နှင့် မုရှ်ရိက်များ အနက်မှ လုံးဝမပါဝင်ရဟူ၍ အမိန့်ပေခြင်းကို ခံရသည်။ **၁၅။** အသင်ပြောပါ။ အကယ်၍ ငါသည် ငါ့အရှင်၏အမိန့်ကို ဖီဆန်ခဲ့ပါမူ အလွန်ကြီးကျယ်သောနေ့၏ အပြစ်ဒဏ်ကို စိုးရိမ်ရပါသည်။ **၁၆။** မည်သူမဆို ထိုနေ့တွင် ယင်းပြစ်ဒဏ်မှ ဖယ်ရှားခံလိုက်ရလျှင် ထိုသူ့အပေါ် အလ္လာဟ်က ကရုဏာပြုတော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။ ဤသည်ပင် ထင်ရှားသော အောင်မြင်မှုကြီး ဖြစ်ပေသည်။

၁၇။ အကယ်၍ အလ္လာဟ်သည် အသင့်ကို ဒုက္ခတစ်စုံတစ်ရာနှင့် ကြုံ တွေ့စေတော်မူလျှင် ယင်းဒုက္ခကို ထိုအရှင်မြတ်မှတစ်ပါး ဖယ်ရှားပေးနိုင်မည့်သူ ရှိလိမ့်မည်မဟုတ်။ ထိုနည်းတူ အကယ်၍ အလ္လာဟ်သည် အသင့်အား ကောင်းကျိုး တစ်စုံတစ်ရာဖြစ်ထွန်းစေတော်မူလျှင် (ပျက်ပြားအောင်လုပ်နိုင်မည့်သူ မည်သူမျှ မရှိ။) ထိုအရှင်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေ သည်။ **၁၈။** အစေတော်များအပေါ်တွင် အရှင်မြတ်၏အမိန့်တော်သာ လွှမ်းမိုးပေ သည်။ ထိုအရှင်သည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်၊ အရာရာ ကို သိတော်မူသောအရှင် ဖြစ်ပေသည်။ **၁၉။** အသင်မေးမြန်းပါလေ။ မည်သူ၏ သက်သေခံချက်သည် အကြီးဆုံးပါနည်း။ အသင်ပဲဖြေကြားပါ။ အလ္လာဟ်သာ ဖြစ် သည်။ ထိုအရှင်သည် ကျွန်ုပ်နှင့်အသင်တို့၏အကြားတွင် သက်သေဖြစ်တော်မူ သည်။ ငါ့အပေါ် သို့ ဤကုရ်အာန်ကို ထုတ်ပြန်ပို့ချပေးခြင်းခံရသည်။ ယင်းကုရ်အာန် ဖြင့် အသင်တို့အား သတိပေးနှိုးဆော်ရန်နှင့် ထိုကုရ်အာန်ရောက်ရှိသောသူတို့အား သတိပေးနှိုးဆောင်ရန်အတွက် ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြား

သော ကိုးကွယ်ထိုက်သည့်အရှင်များ ရှိသေးသည်ဟု အသင်တို့ သက်သေခံမည်လော။ အသင်ပြောပါ။ ကျွန်ုပ်ကတော့ ထိုသို့ သက်သေခံမည်မဟုတ်။ အသင်ပြောပါ။ ကိုးကွယ်ခံထိုက်သောအရှင်မှာ တစ်ပါးတည်းသာလျှင် ရှိပေသည်။ ကျွန်ုပ်သည် အသင်တို့၏တုဘက်ကိုးကွယ်ခြင်းမှ ကင်းလွတ်သူဖြစ်ပေသည်။

၂၀။ ငါအရှင်မြတ်က ကျမ်းဂန်ချီးမြှင့်ပေးသနားတော်မူခဲ့သောသူတို့သည် မိမိတို့၏သားသမီးများကို သိရှိကြသကဲ့သို့ပင် ထိုတမန်တော်ကို သိရှိကြပေသည်။ မိမိတို့ကိုယ်ကို နစ်နာဆုံးရှုံးအောင်လုပ်ကြသူများသာလျှင် မယုံကြည်ကြသူများ ဖြစ်ပေသည်။ **၂၁။** အလ္လာဟ်အပေါ် လိမ်လည်မှုသားပြောဆိုသူ၊ သို့မဟုတ် ထိုအရှင်မြတ်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲ ငြင်းပယ်သူထက်ပို၍ မတရားသောသူ မည်သူရှိပါဦးမည်နည်း။ စင်စစ်တွင် မတရားသူများသည် အောင်မြင်မှုရကြမည်မဟုတ်ပေ။ **၂၂။** ထိုနေ့တွင် ငါအရှင်မြတ်သည် သူတို့အားလုံးကို စုရုံးတော်မူပြီ၊ တုဖက်ကိုးကွယ်ခဲ့ကြသူများအား မေးမြန်းတော်မူမည်။ အသင်တို့ကြွေးကြော်ခဲ့ကြသည့် အသင်တို့၏ တုဖက်ကိုးကွယ်ရာများသည် အဘယ်မှာနည်း။ **၂၃။** ထို့နောက် သူတို့ထံတွင် မည်သည့် ဆင်ခြေဆင်လက်မျှ ရှိတော့မည်မဟုတ်ပေ။ သို့ရာတွင် သူတို့က ကျွန်ုပ်တို့၏အရှင် အလ္လာဟ်ကို တိုင်တည်ပါသည်၊ ကျွန်ုပ်တို့သည် တုဖက်ကိုးကွယ်ခဲ့ကြသူများ မဟုတ်ကြပါဟု ပြောဆိုကြပေမည်။ **၂၄။** သူတို့သည် မိမိတို့ကိုယ်တိုင်အပေါ် မည်သို့ လိမ်လည်ပြောဆိုနေကြသည်ကို အသင်ကြည့်ပါလေ။ ထို့ပြင် သူတို့လိမ်လည် ပြောဆိုခဲ့သည့်အရာများသည် သူတို့ထံမှ ပျောက်ကွယ်သွားကြပေပြီ။

၂၅။ သူတို့ထဲတွင် အသင့်ဘက်သို့ နားစွင့်နေကြသူအချို့လည်း ရှိကြသည်။ သူတို့သည် ထိုကုရ်အာန်ကို နားမလည်နိုင်ကြရန်အတွက် ငါအရှင်သည် သူတို့၏စိတ်နှလုံးများပေါ်တွင် အကာအဆီးများချထားတော်မူခဲ့သည်။ ထို့ပြင် သူတို့၏နားများတွင် လေးလံမှုရှိနေပေသည်။ ထိုသူတို့သည် သက်သေလက္ခဏာ အလုံးစုံကို မြင်လိုက်ရလျှင်လည်း ထိုသက်သေလက္ခဏာများကို ယုံကြည်ကြလိမ့်မည်မဟုတ်။ အဘယ်မျှဟူမူ ထိုသူတို့သည် အသင့်နှင့် အငြင်းအခုံလုပ်ကြရန် အသင့်ထံသို့ လာကြသောအခါ မယုံကြည်သူတို့က ဤသည် ရှေးလူတို့၏ဒန္ဒာရီပုံပြင်များသာဖြစ်သည်ဟု ပြောဆိုကြလေသည်။ **၂၆။** သူတို့သည် လူတို့ကို ထိုကုရ်

အာန်မှ တားဆီးပိတ်ပင်ကြသည့်အပြင် မိမိတို့ကိုယ်တိုင်လည်း ဝေးဝေးရှောင်ကြလေသည်။ စင်စစ်တွင် သူတို့သည် မိမိတို့ကိုယ်ကိုသာ ဖျက်ဆီးနေကြခြင်း ဖြစ်သည်ကို သူတို့ကိုယ်တိုင်ပင် မသိကြပေ။ **၂၇။** သူတို့သည် ငရဲဘုံတွင် ရပ်စေခြင်းကို ခံကြရသည့်အချိန်ကို အသင်မြင်တွေ့ပါလျှင် (အံ့သြသွားပေလိမ့်မည်။) ထိုအခါ သူတို့က ဩော်-ကျွန်ုပ်တို့သည် လောကသို့ ပြန်လွှတ်ခြင်းကိုခံကြလျှင် ကောင်းလေစွ၊ ကျွန်ုပ်တို့သည် မိမိတို့အရှင်၏လက္ခဏာတော်များကို မဟုတ်မမှန် ဟုစွပ်စွဲငြင်းပယ်ကြမည်လည်းမဟုတ်၊ ထို့ပြင် ကျွန်ုပ်တို့သည် ယုံကြည်သူများအနက်မှ ဖြစ်ကြပါမည်ဟု ပြောဆိုကြလိမ့်မည်။ **၂၈။** ယခုမူ သည့်အလျင်က သူတို့ ဖုံးကွယ်ထားသောအရာများသည် ပေါ်သွားလေတော့သည်။ အကယ်၍ သူတို့သည် လောကသို့ ပြန်လွှတ်ခြင်းကိုခံကြရလျှင်လည်း သူတို့သည် မိမိတို့အား တားမြစ်ခြင်းခံရသည့် ကိစ္စရပ်များကို မချ ထပ်လုပ်ကြပေလိမ့်မည်။ စင်စစ်တွင် သူတို့သည် လိမ်လည်မှသားပြောဆိုသူများသာ ဖြစ်ကြပေသည်။

၂၉။ သူတို့က ပြောကြသည်။ ကျွန်ုပ်တို့၏လောကီသက်တမ်းသည်သာလျှင် သက်တမ်းအစစ်အမှန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပြန်လည်ရှင်ထစေခြင်းကို ခံကြရမည့်သူများမဟုတ်ပေ။ **၃၀။** သူတို့သည် မိမိတို့အရှင်၏ရှေ့မှောက်တွင် ရပ်စေခြင်းကိုခံကြရသည့်အချိန်ကို အသင်မြင်တွေ့ပါလျှင် (အံ့သြသွားပေလိမ့်မည်။) ထိုအခါ အရှင်မြတ်က ဤရှုပ်ပြန်ထမူသည် အမှန်ပင် မဟုတ်လောဟု မေးမြန်းတော်မူမည်။ သူတို့က ကျွန်ုပ်တို့၏ဖန်ဆင်းမွေးမြူရှင်ကို တိုင်တည်ပါသည်၊ ဤသည် အမှန်ပင် ဖြစ်ပါသည်ဟု ပြောကြပေမည်။ ထိုအခါ အရှင်မြတ်က သို့ဆိုလျှင် အသင်တို့ငြင်းပယ်ခဲ့မှု၏အစားတွင် အပြစ်ဒဏ်ကို မြည်းစမ်းကြကုန်လော့ဟု မိန့်တော်မူမည်။ **၃၁။** အလ္လာဟ်နှင့်တွေ့ဆုံရမည်ကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသူများသည် ဇကမုချ ဆုံးရှုံးပျက်စီးကြလေပြီ။ နောက်ဆုံးတွင် သူတို့ထံသို့ ကိယာမသံနေ့သည် ရုတ်တရက် ရောင်တခင် ဆိုက်ရောက်လာသောအခါ သူတို့က ပြောဆိုကြလိမ့်မည်။ ဩော်-ငါတို့သည် ဤကိယာမသံနှင့်စပ်လျဉ်း၍ ပေါ့လျော့ပျက်ကွက်ခဲ့သည်မှာ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရလေခြင်း။ ထို့နောက်တွင် သူတို့သည် မိမိတို့၏ဝန်ထုပ်များကို မိမိတို့၏ကျောများပေါ်တွင် ထမ်းထားလျက် ရှိကြပေမည်။ ကြည့်ပါ။ သူတို့ထမ်းပိုးလျက်ရှိကြသောအရာများသည် အဘယ်မျှ

ဆိုးရွားလိုက်ပါဘိ။ **၃၂။** လောကီဘဝသက်တမ်းသည် ကစားပျော်ရွှင်စရာမျှသာ ဖြစ်သည်။ အလ္လာဟ်ကိုကြောက်ရွံ့ရိုသေကြသူများအဖို့မှာမူ နောင်တမလွန်အိမ်သည်သာ ပို၍ ကောင်းမြတ်သည်ကို အသင်တို့နားမလည်ကြပါသလော။

၃၃။ သူတို့ပြောသောစကားများသည် အသင့်ကို ဇကန်မုချ စိတ်ဒုက္ခ ရောက်စေသည်ကို ငါအရှင် ကောင်းစွာ သိတော်မူပေသည်။ သူတို့သည် အသင့်ကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်နေကြသည် မဟုတ်ပေ။ စင်စစ်တွင် မတရားလုပ်ကြသူများသည် အလ္လာဟ်၏သက်သေလက္ခဏာတော်များကို ငြင်းပယ်နေကြခြင်းသာ ဖြစ်ပေသည်။ **၃၄။** အသင့်အလျင်က ရစူလ်တမန်တော်များသည်လည်း မုသာဝါဒီများဟု စွပ်စွဲငြင်းပယ်ခြင်းကို ခံခဲ့ကြရသည်။ သို့ရာတွင် ထိုရစူလ်တမန်တော်တို့သည် စွပ်စွဲငြင်းပယ်ခံရခြင်းနှင့် ဒုက္ခအပေးခံရခြင်းတို့အပေါ် ငါအရှင်၏ ကူညီစောင်မမှု သူတို့ထံသို့ ရောက်ရှိလာသည့်တိုင်အောင် ကြံ့ကြံ့ခံရပ်တည်ခဲ့ကြသည်။ အလ္လာဟ်၏ မကွဲပါဒ်တော်များကို အပြောင်းအလဲ လုပ်နိုင်သူ မည်သူမျှ မရှိ။ ရစူလ်တမန်တော်များ၏ အချို့သတင်းများသည် အသင့်ထံသို့ ရောက်ရှိခဲ့ပြီး ဖြစ်ပေသည်။ **၃၅။** သူတို့၏ဥပေက္ခာပြုမှုသည် အသင့်အတွက် အခံရခက်နေပါလျှင်၊ အကယ်၍ အသင်သည် တတ်စွမ်းနိုင်ပါက မြေအောက်တွင် လိုဏ်ခေါင်းတစ်ခုခုကိုဖြစ်စေ၊ သို့မဟုတ် မိုးပေါ်သို့ ထောင်ရန်လေ့ကားတစ်ခုခုကို ဖြစ်စေ ရှာဖွေပြီး နောက် သူတို့အတွက် သက်သေအထောက်အထားတစ်ခုကို ယူဆောင်လာပါ။ အကယ်၍သာ အလ္လာဟ်အရှင်အလိုတော်ရှိပါမူ သူတို့အားလုံးကို လမ်းမှန်တရားပေါ်တွင် စုစည်းစေတော်မူမည်ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် အသိဉာဏ်မဲ့သူတို့အနက်မှ အပါအဝင်မဖြစ်ပါလေနှင့်။ **၃၆။** နားထောင်သောသူများသာလျှင် လက်ခံနာယူကြပေသည်။ သေသူများကိုမူ အလ္လာဟ်သည် ရှင်ပြန်ထစေတော်မူမည်။ ထို့နောက် သူတို့သည် အရှင်မြတ်အထံတော်သို့သာ ပြန်လည်ပို့ဆောင်ခြင်းခံကြရပေမည်။

၃၇။ ထိုတမန်တော်အပေါ်တွင် သူ၏အရှင်ထံတော်မှ သက်သေလက္ခဏာတစ်ခုခု အဘယ်ကြောင့်မကျရောက်ပါသနည်းဟု သူတို့က ပြောကြသည်။ အသင်ပြောပါ။ အလ္လာဟ်သည် သက်သေလက္ခဏာကို ချပေးတော်မူရန် မုချ တတ်စွမ်းနိုင်တော်မူပေသည်။ သို့သော် သူတို့အနက်မှ အများစုသည်

မသိရှိကြပေ။ **၁၈။** ကမ္ဘာမြေပထဝီတွင် သွားလာနေသောတိရစ္ဆာန်ဟူသမျှနှင့် မိမိ၏အတောင်ပံနှစ်ဖက်ဖြင့် ပျံသန်းနေသောငှက်ဟူသမျှတို့သည် အသင်တို့ကဲ့သို့ အုပ်စုများပင် ဖြစ်ကြသည်။ ငါအရှင်မြတ်သည် ရေးမှတ်ရာတွင် မည်သည့်အရာကိုမျှ ချန်လှပ်ထားသည်မရှိပေ။ ထို့နောက်တွင် အရာအားလုံးသည် မိမိတို့၏အရှင်အထံတော်တွင် စုရုံးစေခြင်းကို ခံကြရပေမည်။ **၁၉။** ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်ကြသူတို့သည် နားပင်းသူများနှင့် ဆွံ့အသူများဖြစ်ကြသည်။ အမှောင်ထုများတွင် ကျရောက်လျက်ရှိကြသည်။ အလ္လာဟ်သည် မိမိအလိုရှိသူကို လမ်းလွဲစေတော်မူပြီး မိမိအလိုရှိသူကို ဖြောင့်မတ်သောလမ်းပေါ်သို့ တင်ဆောင်ပေးတော်မူပေသည်။

၄၀။ အသင်ပြောပါ။ အသင်တို့ ဝဲ့အားပြောပြကြကုန်။ အကယ်၍ အသင် တို့ထံသို့ အလ္လာဟ်၏အပြစ်ဒဏ်သည် ဆိုက်ရောက်လာသည်ရှိသော်၊ သို့မဟုတ် အသင်တို့ထံ ကိယာမသ်ဆိုက်ရောက်လာသည်ရှိသော်၊အကယ်၍ အသင်တို့သည် အမှန်ပြောသူများ ဖြစ်ကြပါလျှင် ဤအချက်ကို ဖြေကြားကြကုန်။ အသင်တို့သည် အလ္လာဟ်မှအပ အခြားသူကို ဟစ်ခေါ်ကြပါမည်လော။ အလျှင်းခေါ်မည်မဟုတ်။ **၄၁။** အသင်တို့သည် ထိုအရှင်မြတ်ကိုသာ ဟစ်ခေါ်ကြပေလိမ့်မည်။ ထိုအခါ အရှင်မြတ်သည် အလိုတော်ရှိပါလျှင် အသင်တို့ဟစ်ခေါ်နေကြသည့်ဘေးဒုက္ခအား ဖယ်ရှားပေးတော်မူပေမည်။ ထိုအခါမျိုးတွင် အသင်တို့သည် အသင်တို့တဖက်ကိုးကွယ်လျက်ရှိသောအရာများကို မေ့သွားကြပေလိမ့်မည်။

၄၂။ ငါအရှင်သည် အသင့်အလျှင်က လူမျိုးများထံသို့ ရစူလ်တမန်တော်များကို အမှန်ပင် စေလွှတ်တော်မူခဲ့သည်။ ထို့နောက် ၎င်းတို့အား ကျိုးနွံလာကြစေရန်အတွက် ငါအရှင်သည် ၎င်းတို့အား ဆင်းရဲခြင်းနှင့် ဒုက္ခများဖြင့် ကိုင်တွယ်တော်မူခဲ့သည်။ **၄၃။** သို့ဖြစ်ရာ သူတို့ထံသို့ ငါအရှင်၏ပြစ်ဒဏ်ဆိုက်ရောက်လာသည့်အခါ သူတို့သည် ကျိုးနွံခဲ့ကြရမည် ဖြစ်သည်။ သို့သော် သူတို့၏စိတ်နှလုံးခက်ထန်မာကြောသွားခဲ့သည်။ ထို့ပြင် ရှိုင်သွာန်သည် သူတို့၏အမြင်တွင် သူတို့၏လုပ်ရပ်များကို လုပတင့်တယ်အောင် ပြသထားခဲ့လေသည်။ **၄၄။** ထို့နောက် သူတို့သည် မိမိတို့အား သတိပေးဆုံးမထားသောကိစ္စရပ်ကို မေ့ပစ်လိုက်ကြသည့်အခါ ငါအရှင်သည် သူတို့အပေါ်တွင် စည်းစိမ်ဟူသမျှ၏တံခါးကို

ဖွင့်လှစ်ပေးတော်မူလိုက်သည်။ နောက်ဆုံးတွင် သူတို့သည် မိမိတို့ရရှိထားကြသည့်စည်းစိမ်များဖြင့် ပျော်ရွှင်မြူးထူးလာကြသည့်အခါ ငါအရှင်သည် သူတို့ကို ရုတ်တရက် ရှောင်တခင် ကိုင်တွယ်တော်မူလိုက်လေသည်။ ထိုအခါ သူတို့သည် မျော်လင့်ချက် မဲ့သွားကြလေတော့သည်။ **၄၅။** သို့ဖြစ်ရာ မတရားလုပ်ခဲ့ကြသူတို့သည် အမြစ်မှ လှန်ခြင်းကို ခံခဲ့ရလေသည်။ ချီးမွမ်းထောမနာခြင်းဟူသမျှသည် လောကခပ်သိမ်း၏ အရှင်ဖြစ်တော်မူသော အလ္လာဟ်အဖို့သာလျှင် ဖြစ်တော်မူပေသည်။

၄၆။ အသင်ပြောပါ။ အသင်တို့ ငဲ့အားပြောပြကြကုန်။ အကယ်၍ အလ္လာဟ်သည် အသင်တို့၏အကြားအာရုံနှင့် အမြင်အာရုံများကို ရုပ်သိမ်းတော်မူလိုက်ပြီး အသင်တို့၏စိတ်နလုံးများအပေါ် တံဆိပ်ခတ်နိုပ်လိုက်သည်ရှိသော် ထို အရာများကို အသင်တို့ထံသို့ ပြန်လည်ယူဆောင်လာပေးမည့် ကိုးကွယ်ရာအရှင် မည်သူရှိပါသနည်း။ ငါအရှင်သည် သက်သေလက္ခဏာတော်များကို နည်းလမ်း အမျိုးမျိုးဖြင့် အဘယ်ကဲ့သို့ ရှင်းလင်းပြသတော်မူသည်ကို အသင်ကြည့်ပါလေ။ ထိုနောက်တွင်လည်း သူတို့သည် လွဲဖယ်သွားလျက်ရှိကြပေသည်။ **၄၇။** အသင်ပြောပါ။ အသင်တို့ ငဲ့အားပြောပြကြကုန်။ အကယ်၍ အလ္လာဟ်၏အပြစ်ဒဏ်သည် အသင်တို့ထံသို့ ရုတ်တရက် ရှောင်တခင် သို့မဟုတ် အထင်အရှား ရောက်ရှိလာသည်ရှိသော် မတရားလုပ်ကြသူတို့မှအပ အခြားမည်သူ ပျက်စီးပါဦးမည်နည်း။ **၄၈။** ငါအရှင်သည် ရစူလ်တမန်တော်များအား သတင်းကောင်းပါးသူများ၊ သတိပေးနှိုးဆော်သူများအဖြစ်နှင့်သာ စေလွှတ်တော်မူပေသည်။ သို့ဖြစ်ရာ မည်သူမဆို ယုံကြည်ပြီးနောက် ပြုပြင်ပြောင်းလဲခဲ့ပါမူ ထိုသူတို့အဖို့ စိုးရိမ်စရာလည်းမရှိ မည့်အပြင် ထိုသူတို့သည် ဝမ်းနည်းပူဆွေးကြရမည်လည်း မဟုတ်ပေ။ **၄၉။** ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသူတို့ကိုမူ သူတို့၏အမိန့်ဖီဆန်မှုကြောင့်ပင် အပြစ်ဒဏ်သည် သက်ရောက်ပေလိမ့်မည်။ **၅၀။** အသင်ပြောပါ။ ကျွန်ုပ်ထံတွင် အလ္လာဟ်၏ဘဏ္ဍာတော်များရှိသည်ဟူ၍လည်း ကျွန်ုပ်မပြောဆိုပါ။ ကျွန်ုပ်သည် အကွယ်ကိုလည်း မသိပါ။ ကျွန်ုပ်သည် ကောင်းကင်တမန်ဖြစ်သည်ဟူ၍လည်း အသင်တို့ကို မပြောဆိုပါ။ ကျွန်ုပ်သည် မိမိထံသို့ ပို့ချခြင်းခံရသည့် ဝဟီဗျာဒိတ်တော်ကိုသာ နာခံလျက်ရှိပေသည်။ အသင်

ပြောပါ။ မျက်မမြင်နှင့် မျက်မြင်သည် တူညီနိုင်ပါသလော။ သို့ရှိလျက် အသင်တို့သည် မစဉ်းစားမဆင်ခြင်ကြလေသလော။

၅၁။ အသင်သည် ယင်းဝဟီဗျာဒိတ်တော်ဖြင့် အကြောင်သူများကို သတိပေးနှိုးဆော်ပါလေ။ ထိုသူတို့သည် မိမိတို့အဖို့ အလွှာဟ်မှလွဲ၍ ကာကွယ်ပေးမည့်သူလည်းမရှိ၊ ကြားဝင်အသနားခံပေးမည့်သူလည်း မရှိသည့်အခြေအနေမျိုးနှင့် အလွှာဟ်ရှေ့တော်မှောက်တွင် စုရုံးကြရမည့်အရေးကို စိုးရိမ်ကြောက်ရွံ့ကြ လေသည်။ သူတို့သည် အလွှာဟ်ကို ကြောက်ရွံ့ရိုသေလာကြတန်ရာ၏။ **၅၂။** မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ကို ထိုအရှင်၏ကျေနပ်နှစ်သက်မှုရရန်အလို့ငှာ နံနက်နှင့်ညနေ ဟစ်ခေါ်တသကြသောသူများကို အသင်သည် မိမိထံပါးမှ နှင်ထုတ်ခြင်းမပြုလေနှင့်။ သူတို့၏စာရင်းအင်းအနက်မှ ဝန်ထုပ်ဝန်ပိုးတစ်စုံတစ်ရာသည် အသင့်ပေါ်တွင်တာဝန်မရှိ။ ထိုနည်းတူစွာ အသင်၏စာရင်းအင်းအနက်မှ ဝန်ထုပ်ဝန်ပိုးတစ်စုံတစ်ရာသည်လည်း သူတို့အပေါ်တွင် တာဝန်ရှိသည်မဟုတ်ပေ။ သို့ပါလျက် အသင်သည် ထိုသူတို့အား နှင်ထုတ်ခဲ့ပါလျှင် အသင်သည် တရားမျှတမှုမရှိသူများအနက် အပါအဝင်ဖြစ်သွားပေလိမ့်မည်။ **၅၃။** သူတို့က ငါတို့အနက်မှ အလွှာဟ်ကျေးဇူးပြုထားတော်မူသောသူများမှာ ဤသူများပင်လောဟု ပြောဆိုကြရန်အတွက် ငါအရှင်မြတ်သည် ဤနည်းဖြင့် သူတို့အနက်မှ အချို့ကို အချို့ဖြင့် စမ်းသပ်တော်မူသည်။ အလွှာဟ်သည် ကျေးဇူးသိတတ်သူများကို ကောင်းစွာသိတော်မူသောအရှင် မဟုတ်ပါလော။

၅၄။ ငါအရှင်မြတ်၏အာယသ်တော်များကို ယုံကြည်သူများသည် အသင့်ထံသို့ ရောက်လာကြသောအခါ သူတို့အား ဤသို့ ပြောကြားပါလေ။ အသင်တို့အပေါ် ငြိမ်းချမ်းသာယာမှုအပေါင်း ခညောင်းပါစေ။ အသင်တို့၏အရှင်သည် မိမိအပေါ်တွင် ကရုဏာတော်ကို ရေးမှတ်ထားပြီး ဖြစ်လေသည်။ စင်စစ်တွင် အသင်တို့အနက်မှ မည်သူမဆို မသိနားမလည်၍ မကောင်းမှုတစ်ခုကို ကျူးလွန်မိမည်၊ ထို့နောက် အမှားဝန်ချတောင်းပန်ပြီး ကိုယ့်ကိုယ်ကိုယ် ပြုပြင်မည် ဆိုလျှင် အလွှာဟ်သည် အမှန်ပင် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနား ကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၅၅။** ဤနည်းအတိုင်းပင် ငါအရှင် သည် သက်သေလက္ခဏာတော်များကို ရှင်းလင်းပြသတော်မူသည်။ ထိုသို့ဖြင့် ပြစ်မှုကျူး

လွန်သူတို့၏လမ်းစဉ်သည် ထင်ရှားသွားစေရန် ဖြစ်ပေသည်။

၅၆။ အသင်ပြောပါ။ အလ္လာဟ်မှအပ အသင်တို့ ကိုးကွယ်နေကြသော အရာများကို ကိုးကွယ်ခြင်းမပြုရန် ငါ့အား တားမြစ်ထားသည်။ အသင်ပြောပါ။ ငါသည် အသင်တို့၏မက်ဆန္ဒများကို မလိုက်နာနိုင်ပါ။ လိုက်နာမိလျှင် ငါသည် လမ်းမှားသို့ရောက်သွားမည်ဖြစ်ပြီး ငါသည် လမ်းမှန်ရသူများအနက်မှ အပါအဝင်ဖြစ်မည် မဟုတ်တော့ပေ။ **၅၇။** အသင်ပြောပါ။ စင်စစ်တွင် ငါသည် ငါ၏အရှင်အထံတော်မှ ထင်ရှားသောအထောက်အထားပေါ်တွင် ရှိနေပေသည်။ ထိုအထောက်အထားကို အသင်တို့က ငြင်းပယ်လိုက်ကြသည်။ အသင်တို့ အလျင်စလိုတောင်းခံနေကြသည့်အရာသည် ငါ့ထံတွင် မရှိပါ။ စီရင်ဆုံးဖြတ်ခွင့်ကို အလ္လာဟ်သာ ပိုင်ဆိုင်တော်မူပေသည်။ အရှင်မြတ်သည် အမှန်ကိုသာ မိန့်ကြားတော်မူပြီး အရှင်မြတ်သည် သာလျှင် အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသောအရှင် ဖြစ်သည်။ **၅၈။** အသင်ပြောပါ။ အသင်တို့ အလျင်စလိုတောင်းခံနေကြသည့်အရာသည် ငါ့ထံတွင် ရှိခဲ့ပါမူ ငါနှင့်အသင်တို့၏ စပ်ကြားတွင်ဖြစ်နေသောကိစ္စသည် မုချ ဖြေရှင်းပြီးပေပြီ။ အလ္လာဟ်သည် မတရားလုပ်သူများကို ကောင်းစွာသိတော်မူပေသည်။ **၅၉။** အကွယ်၏သော့တံများသည် အရှင်မြတ်အထံတွင်သာ ရှိပေသည်။ ယင်းသော့တံများကို အရှင်မြတ်မှအပ မည်သူမျှ မသိချေ။ အရှင်မြတ်သည် ကုန်းတွင်ရှိရှိသမျှနှင့် ပင်လယ်တွင်ရှိရှိသမျှကို သိတော်မူသည်။ သစ်ရွက်တစ်ရွက် ကြွေကျသည်ကိုပင် သိတော်မူသည်။ မြေပထဝီ၏အမှောင်ထုများတွင် ကျဲသောသစ်စေ့ဟူသရွေ့၊ စိမ်းစိုသောအရာဟူသရွေ့နှင့် ခြောက်သွေ့သောအရာဟူ သရွေ့တို့သည် ထင်ရှားသောမှတ်တမ်းစာအုပ်တွင် ရှိနေသည်။

၆၀။ အသင်တို့ကို ညဉ့်အချိန်၌ အိပ်စက်စေတော်မူသောအရှင်မှာလည်း ထိုအရှင်မြတ်ပင် ဖြစ်တော်မူသည်။ နေ့အချိန် အသင်တို့ပြုမူသမျှကိုလည်း အရှင်မြတ်က သိတော်မူသည်။ ထို့နောက်တစ်ဖန် သတ်မှတ်ထားသောအချိန် စေ့သွားရန် အတွက် အရှင်မြတ်သည် အသင်တို့ကို ထိုနေ့ခင်းတွင် ပြန်ထစေတော်မူသည်။ ထို့နောက်တစ်ဖန် ထိုအရှင့်ထံသို့သာ အသင်တို့သည် ပြန်လည်ရောက်ရှိကြရမည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့ပြုမူခဲ့သမျှကို အသင်တို့အား အသိပေးတော်မူပေမည်။ **၆၁။** ထိုအရှင်မြတ်သည် မိမိ၏အစေတော်များအပေါ် လွှမ်းမိုးတော်မူ

သောအရှင် ဖြစ်သည်။ အရှင်မြတ်သည် အသင်တို့ထံ ထိန်းသိမ်းစောင့်ရှောက်သော ကောင်းကင်တမန်များကို စေလွှတ်တော်မူသည်။ နောက်ဆုံးတွင် အသင်တို့အနက် မှတစ်ဦးတစ်ယောက်ထံသို့ သေခြင်းတရားဆိုက်ရောက်လာသည့်အခါ ငါအရှင်၏ စေတမန်များက သူ၏အသက်ကို ရုတ်သိမ်းတော်မူလေသည်။ ထို စေတမန်တို့သည် အမိန့်တော်ထမ်းဆောင်ရာတွင် မပေါ့လျော့ကြပေ။ **၆၂။** ထို့နောက် အားလုံးတို့သည် သူတို့၏အရှင်သခင်အစစ်အမှန်ဖြစ်သော အလွှာဟ်ထံသို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရပေမည်။ သတိပြုကြကုန်လော့။ စီရင်ဆုံးဖြတ်ခွင့်အာဏာကို ထိုအရှင်သာ ပိုင်ဆိုင်တော်မူသည်။ အရှင်မြတ်သည် အလွန်လျင်မြန်စွာ စာရင်းစစ်ဆေးတော်မူမည့်အရှင် ဖြစ်သည်။

၆၃။ အသင်ပြောပါ။ အသင်တို့ကို ကုန်းမြေနှင့် ပင်လယ်သမုဒ္ဒရာ၏အမှောင်ထုများမှ မည်သူက ကယ်တင်ပါသနည်း။ အကယ်၍ အလွှာဟ်သည် ကျွန်ုပ်တို့ကို ဤဘေးဒုက္ခမှ ကယ်တင်တော်မူပါလျှင် အသင်တို့က ကျွန်ုပ်တို့သည် ကျေးဇူးသိတတ်သူ များတွင် အပါအဝင်ဖြစ်ပါမည်ဟု ပြောဆိုကာ အလွှာဟ်ကိုသာ ခယင်ပို့၍ တိုးတိုးတိတ်တိတ် ဟစ်ခေါ်တသကြပေသည်။ **၆၄။** အသင်ပြောပါ။ အလွှာဟ်သာလျှင် အသင်တို့ကို ထိုဘေးဒုက္ခမှရော၊ အခြားသော ဘေးဒုက္ခများမှရော ကယ်တင်တော်မူပေသည်။ ထို့နောက်တွင်လည်း အသင်တို့သည် တဖက်နှိုင်းယှဉ်ကိုးကွယ်မှုကို ပြုလုပ်ကြလေသည်။ **၆၅။** အသင်ပြောပါ။ အလွှာဟ်သည် အသင်တို့၏အထက်မှဖြစ်စေ၊ သို့မဟုတ် အသင်တို့၏ အောက်မှဖြစ်စေ အသင်တို့ထံ အပြစ်ဒဏ်စေလွှတ်ရန်နှင့် အသင်တို့အား အသင်းအဖွဲများကွဲစေပြီး အချို့ကို အချို့၏အင်အား မြည်းစမ်းစေရန်အတွက် တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်သည်။ ငါအရှင်သည် သူတို့ နားလည်သဘော ပေါက်နိုင်ကြရန်အတွက် သက်သေအထောက်အထားများကို နည်းမျိုးစုံဖြင့် မည်သို့ရှင်းပြနေသည်ကို အသင်ကြည့်ပါ။ **၆၆။** သို့သော် ထိုအရာသည် မုန်ကန့်သောအရာဖြစ်ပါလျက် အသင့်၏အမျိုးသားများက မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်ခဲ့ကြသည်။ အသင်ပြောပါ။ ငါသည် အသင်တို့အပေါ် ဝယ် စောင့်ကြပ်အုပ် ထိန်းသူမဟုတ်ပေ။ **၆၇။** သတင်း စကားတိုင်းအတွက် သတ်မှတ်ထားသော အချိန်တစ်ချိန် ရှိပေသည်။ အသင်တို့ များမကြာမီသိလာကြပေမည်။

၆၈။ ငါအရှင်မြတ်၏မုက္ခပါဠိတော်များကို ကဲ့ရဲ့ပြစ်တင်နေသူများကို အသင်မြင်တွေ့လျှင် သူတို့သည် အခြားသောအကြောင်းအရာတွင် မနှစ်မွန်းမချင်း အသင် သူတို့နှင့်သီးခြားနေပါ။ အကယ်၍ ရှိင်သွာန်သည် အသင့်ကို မေ့လျော့စေလိုက်ပါမူ ပြန်လည်သတိရသွားပြီးနောက်တွင် ထိုမတရားလုပ်သူများနှင့်အတူ မထိုင်ပါလေနှင့်။ **၆၉။** အလ္လာဟ်ကိုကြောက်ရွံ့ရိုသေကြသူများအပေါ်တွင် ထိုသူတို့၏စာရင်းအင်းအနက်မှ မည်သည့်ဝန်ထုတ်ဝန်ပိုးမျှ မရှိပေ။ သို့ရာတွင် ထိုသူတို့သည်လည်း အလ္လာဟ်အားကြောက်ရွံ့ရိုသေသူများဖြစ်လာကြစေရန် သတိပေးဆုံးမဖို့သာ တာဝန်ရှိပေသည်။ **၇၀။** မိမိတို့၏သာသနာကို ကစားစရာနှင့် အပျော်အပါးအဖြစ် ပြုလုပ်ထားကြသည့်သူများကို အသင်စွန့်လွှတ်ထားပါ။ သူတို့ကို လောကီဘဝသက်တမ်းက လှည့်ဖြားထားလေသည်။ အသင်သည် ကျမ်းမြတ်ကုရ်အာန်ဖြင့် ဆုံးမသြဝါဒပေးနေပါ။ သို့မှသာ မည်သူတစ်ဦးတစ်ယောက်မျှ မိမိ၏ပြုလုပ်ခဲ့သည်များဖြင့် အရေးယူခြင်း ခံရတော့မည်မဟုတ်ပေ။ ထိုသို့ အရေးယူခံရချိန်တွင် အလ္လာဟ်မှအပ သူ့အား ကူညီစောင့်မမည့်သူနှင့် ကြားဝင် အသနားခံပေးမည့်သူ တစ်ဦးမျှ ရှိမည်မဟုတ်ပေ။ အကယ်၍ လောကတစ်ခုလုံးကို လျော်ကြေးအဖြစ် ပေးမည်ဆိုလျှင်လည်း လက်ခံခြင်းခံရမည်မဟုတ်ပေ။ မိမိတို့၏လုပ်ရပ်များကြောင့် ဖမ်းဆီးအရေးယူခြင်းခံကြရမည့်သူများမှာ ဤသူများပင် ဖြစ်ကြသည်။ သူတို့၏ငြင်း ပယ်ခဲ့မှုကြောင့်ပင် သူတို့အတွက် သောက်သုံးရန် အလွန်ပူလောင်သောရေနှင့် နာကျင်ဖွယ်အပြစ်ဒဏ် ရှိပေသည်။

၇၁။ အသင်ပြောပါ။ ငါတို့သည် အလ္လာဟ်ကို ပစ်ပယ်၍ ငါတို့အား ကောင်းကျိုးလည်းမပေးနိုင်သော၊ ဆိုးကျိုးလည်းမပေးနိုင်သောအရာများကို ဟစ်ခေါ်တသကြရပါမည်လော။ အလ္လာဟ်သည် ငါတို့ကို လမ်းမှန်တရား ညွှန်ပြပြီး နောက်သော်မှ ငါတို့သည် အကြင်သူကဲ့သို့ မိမိတို့၏ခြေဖနောင့်များဘက်သို့ ပြန်လှည့်ကြရပါမည်လော။ ထိုသူကို ရှိင်သွာန်များက တောနက်တွင် လမ်းမှားစေလိုက်ရာ သူသည် တွေဝေအကြံအိုက်နေလျက် ရှိသည်။ သူ၏မိတ်ဆွေများက ငါတို့ဘက်သို့လာပါဟုဆိုကာ သူ့အား လမ်းမှန်ဘက်သို့ ဟစ်ခေါ်နေလျက်ရှိကြသည်။ အသင်ပြောပါ။ အလ္လာဟ်၏လမ်းညွှန်မှုသာလျှင် စစ်မှန်သောလမ်းညွှန်ဖြစ်သည်။ ငါတို့သည် မိမိတို့ကိုယ်ကို လောကအပေါင်း၏အရှင်ထံ အပ်နှံ ကြရန်

အမိန့်တော်ရထားပြီး ဖြစ်လေသည်။ **၇၂။** ထို့ပြင် စွလာသ်ဆောက်တည် ကြကုန်၊ ထိုအရှင်မြတ်ကို ကြောက်ရွံ့ရိုသေကြကုန်ဟူ၍လည်း ငါတို့သည် အမိန့်ပေးခြင်း ခံရသည်။ ထို့ပြင် အသင်တို့သည် ထိုအရှင်၏အထံတော်တွင်သာ စုရုံးကြရပေမည်။ **၇၃။** မိုးကောင်းကင်များနှင့် မြေပထဝီကို မှန်ကန်တိကျစွာ ဖန်ဆင်းထားတော်မူသောအရှင်သည်လည်း ထိုအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ အရှင်မြတ်က ဖြစ်စေဟုမိန့်ကြားတော်မူသောနေ့တွင် ယင်းအရာသည် ဖြစ်လာပေလိမ့်မည်။ အရှင်မြတ်၏စကားတော်သည် မှန်ကန်သောစကား ဖြစ်သည်။ ထို့ပြင် တံပိုးခရာမှုတ်မည့်နေ့တွင် အချုပ်အခြာအာဏာဟူသမျှကို ထိုအရှင်သာ ပိုင်ဆိုင်တော်မူမည်။ အကွယ်နှင့် မျက်မှောက်ကို သိတော်မူသောအရှင် ဖြစ်သည်။ ထိုအရှင်သည် ဉာဏ်မြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော၊ အကြွမ်းမဲ့ကြားသိတော်မူသော အရှင် ဖြစ်သည်။

၇၄။ တစ်ခါတွင် အိပ်ရာဟီမ်က မိမိ၏ဖခင်အာဇရ်အား အသင်သည် ရုပ်တုများကို ကိုးကွယ်ရာအဖြစ် ပြုလုပ်ပါသလော။ ကျွန်ုပ်သည် အသင်နှင့် အသင်၏မျိုးနွယ်ကို ထင်ရှားသောလမ်းမှားမှုတွင် မြင်တွေ့နေရပါသည်ဟု ပြောကြားခဲ့သည်။ **၇၅။** ဤနည်းအတိုင်းပင် ငါအရှင်သည် အိပ်ရာဟီမ်အား မိုးကောင်းကင်များနှင့် မြေပထဝီ၏စိုးပိုင်မှုများကို ပြသတော်မူခဲ့သည်။ သူသည် လေးနက်စွာယုံကြည်သူတစ်ဦး ဖြစ်လာစေရန်ဖြစ်သည်။ **၇၆။** ညဉ့်၏အမှောင်သည် သူ့အပေါ် လွှမ်းသွားသောအခါ သူသည် ကြယ်တစ်လုံးကို တွေ့မြင်လေ၏။ ထိုအခါ သူက ဤသည် ကျွန်ုပ်၏အရှင်ဖြစ်သည်ဟု ဆိုခဲ့သည်။ ထိုကြယ် ပျောက်ကွယ်သွားသောအခါ သူက ကျွန်ုပ်သည် ကွယ်ပျောက်သွားသောအရာများကို မနှစ်သက်ပါဟု ပြောလေသည်။

၇၇။ တစ်ဖန် လကို လင်းဝင်းတောက်ပစွာ တွေ့မြင်ရသောအခါ သူက ဤသည် ကျွန်ုပ်၏အရှင်ဖြစ်သည်ဟု ပြောလေသည်။ ထို့နောက် လသည် ကွယ်ပျောက်သွားပြန်သောအခါ သူက အကယ်၍သာ ကျွန်ုပ်၏အရှင်သည် ကျွန်ုပ်အား လမ်းမှန်ပြသတော်မမူပါလျှင် ကျွန်ုပ်သည် လမ်းလွဲသူများတွင် အပါအဝင်ဖြစ်သွားပါလိမ့်မည်ဟု ပြောလေသည်။ **၇၈။** ထို့နောက်တစ်ဖန် နေကို ထွန်းလင်းတောက်ပစွာ တွေ့မြင်ရသောအခါ သူက ဤသည် ကျွန်ုပ်၏အရှင်၊

ဤသည်သာ အားလုံးထက်အကြီးဆုံးဖြစ်သည်ဟု ဆိုလေ သည်။ တစ်ဖန် နေသည် ကွယ်ပျောက်သွားပြန်သောအခါ သူက ဤသို့ပြောလေ သည်။ အိုး-ကျန်ပ်၏အမျိုး သားအပေါင်းတို့၊ ကျန်ပ်သည် အသင်တို့ တဝဖက်ကိုးကွယ်လျက်ရှိသောအရာ များမှ ကင်းလွတ်သူဖြစ်ပေသည်။ **၇၉။** ကျန်ပ်သည် မိမိ၏ မျက်နှာကို မိုးကောင်းကင် များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်၏ ဘက်တော်သို့ အာရုံစူးစိုက် လှည့်ခဲ့ပေပြီ။ ထို့ပြင် ကျန်ပ်သည် တဝဖက်ကိုးကွယ်မှုပြုကြသူများအနက်မှ မဟုတ် ပေ။

၈၀။ထို့နောက်တွင် အိဗ်ရာဟီမ် သူ၏အမျိုးသားတို့က အငြင်း အခုံ လုပ်ကြလေတော့သည်။ ထိုအခါ သူက ဤသို့ ပြောလေသည်။ အသင်တို့သည် အလ္လာဟ်နှင့်စပ်လျဉ်း၍ ငါ့အား အငြင်းအခုံပြုလုပ်ကြပါသလော။ စင်စစ်တွင် ထိုအရှင်မြတ်က ကျန်ပ်ကို လမ်းမှန်ညွှန်ပြတော်မူလိုက်ပေပြီ။ ထိုအရှင်နှင့်တွဲဖက်ပြီး အသင်တို့ ကိုးကွယ်လျက်ရှိသောအရာများကို ကျန်ပ်မကြောက်။ သို့ရာတွင် ကျန်ပ်၏အရှင် တစ်စုံတစ်ရာ အလိုတော်ရှိမှသာ ဖြစ်နိုင်ပေမည်။ ကျန်ပ်၏ဖန်ဆင်း မွေးမြူရှင်၏အသိတော်သည် အရာခပ်သိမ်းကို လွှမ်းခြုံလျက်ရှိပေသည်။ အသင်တို့ မစဉ်းစားမဆင်ခြင်ကြပါသလော။ **၈၁။** အသင်တို့ တဝဖက်ကိုးကွယ်နေကြသော အရာများကို အဘယ်ကြောင့် ကျန်ပ်ကြောက်ရမည်နည်း။ အသင်တို့ပင်လျှင် အလ္လာဟ်က မည်သည့်အထောက်အထားတစ်ခုမျှ ချပေးထားခြင်း မရှိသည့်အရာ များကို ထိုအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခြင်းကို မကြောက်ရွံ့ကြပေ။ အုပ်စုနှစ်စု အနက် မည်သည့်အုပ်စုသည် ဘေးရန်ကင်းငြိမ်းခြင်းနှင့် ပိုမိုထိုက်တန်သည်ကို အသင်တို့သိကြလျှင် ကောင်းလေစွ။ **၈၂။** ယုံကြည်ကြပြီးနောက် မိမိတို့၏ ယုံကြည်မှုတွင် မတရားမှုတစ်စုံတစ်ရာကို ရောနှောခြင်းလည်း မပြုခဲ့ကြသောသူ များအဖို့သာဘေးရန်ကင်းငြိမ်းမှုရှိပေသည်။ ထို့ပြင် သူတို့သာလျှင် တရားလမ်းမှန် ပေါ်တွင် ရှိကြပေသည်။ **၈၃။** ဤသည် ငါအရှင်မြတ်က အိဗ်ရာဟီမ်ကို သူ၏ မျိုးနွယ်နှင့်ပြိုင်ဆိုင်ရာတွင် ချီးမြှင့်ခဲ့သော ငါအရှင်မြတ် ၏သက်သေအထောက် အထားများပင် ဖြစ်ပေသည်။ ငါအရှင်မြတ်သည် မိမိ အလိုတော်ရှိသူကို အဆင့် အတန်းများ မြှင့်တင်ပေးတော်မူပေသည်။ စင်စစ်တွင် အသင်၏အရှင်သည် ဉာဏ်အမြော်အမြင်နှင့် အမှန်ပင် ပြည့်စုံတော်မူသော၊ အလွန်သိတော်မူသောအရှင်

ပင် ဖြစ်ပေသည်။

၈၄။ ငါအရှင်မြတ်သည် အိဝ်ရာဟီမ်အားအိစ်ဟားက်နှင့်ယအ်ကူးဗ်တို့ကို ချီးမြှင့်တော်မူခဲ့သည်။ သူတို့တစ်ဦးတိုင်းကို ငါအရှင်သည် တရားလမ်းမှန်ပြသတော်မူခဲ့သည်။ သည့်အလျင်က ငါအရှင်သည် နူးဟ်ကိုလည်း တရားလမ်းမှန်ပြသတော်မူခဲ့သည်။ ထို့ပြင် သူ၏သားမြေးများအနက်မှ ဒါဝူဒ်၊ စုလိုင်မာန်၊ အိုင်ယူဗ်၊ ယူစွဖ်၊ မူစာနှင့် ဟာရွန်တို့ကိုလည်း တရားလမ်းမှန်ပြသတော်မူခဲ့သည်။ ဤနည်း အတိုင်းပင် ငါအရှင်သည် သူတော်စင်သူတော်ကောင်းများကို အစားပေးတော်မူလေ့ ရှိသည်။ **၈၅။** ထို့ပြင် ဇကရိယာ၊ ယဟ်ယာ၊ အီစာနှင့် အိလ်ယာစ်တို့ကိုလည်း (လမ်းမှန်ပြသတော်မူခဲ့သည်။)သူတို့အားလုံးတို့သည် သူတော်စင်သူတော်ကောင်း များ ဖြစ်ကြပေသည်။ **၈၆။** ထို့ပြင် အိစ်မာအီးလ်၊ အလ်ယစအ်၊ ယူနုတ်စ်နှင့် လူးဝ်တို့ကိုလည်း (လမ်းမှန်ပြသတော်မူခဲ့သည်။)ငါအရှင်သည် သူတို့အားလုံးကို တစ်လောကလုံးအပေါ်ဝယ် သာမြတ်မှုကို ချီးမြှင့်တော်မူခဲ့သည်။ **၈၇။** ထို့ပြင် ငါအရှင်သည် သူတို့၏ဘိုးဘေးများ၊ သူတို့၏သားမြေးများနှင့် သူတို့၏ညီနောင်များ အနက်မှလည်း အချို့ကို (လမ်းမှန်ပြသတော်မူခဲ့သည်။) ငါအရှင်မြတ်သည် သူတို့ကို ရွေးချယ်တော်မူပြီး ဖြောင့်မတ်သောလမ်းကို ညွှန်ပြတော်မူခဲ့ပေသည်။ **၈၈။** ဤသည် အလ္လာဟ်၏လမ်းညွှန်ဖြစ်သည်။ အရှင်မြတ်သည် မိမိ၏အစေတော် များအနက်မှ မိမိအလိုရှိသူကို ထိုလမ်းညွှန်ဖြင့် လမ်းမှန်ပြသတော်မူသည်။ အကယ် ၍သူတို့သည်တုဖက်ကိုးကွယ်မှုကိုပြုလုပ်ခဲ့ကြပါမူသူတို့ပြုလုပ်ခဲ့သမျှသောကောင်း မှုများသည် ဇကန်မချ အချည်းနီးဖြစ်သွားခဲ့ပေလိမ့်မည်။ **၈၉။** ငါအရှင်မြတ်က ကျမ်းဂန်၊ ဉာဏ်အမြော်အမြင်နှင့် တမန်တော်ဘွဲ့ထူးများ ချီးမြှင့်ခဲ့သည့်သူများမှာ ထိုသူများပင် ဖြစ်ကြသည်။ သို့ဖြစ်ရာ အကယ်၍ ဤသူတို့သည် ဤအရာ များကို ငြင်းပယ်ခဲ့ပါမူ ငါအရှင်မြတ်သည် မငြင်းပယ်မည့်သူများထံ ထိုအရာများကို လွှဲအပ်ပေးတော်မူပေမည်။ **၉၀။** အလ္လာဟ်က တရားလမ်းမှန်သို့ ပို့ဆောင်ပေးခဲ့ သည့်သူများမှာ ဤသူများပင် ဖြစ်ပေရာ အသင်သည်လည်း သူတို့၏ လမ်းစဉ် အတိုင်း လျှောက်လှမ်းပါလေ။ အသင်ပြောပါ။ ငါသည် ဤကိစ္စနှင့်စပ်လျဉ်းပြီး အသင်တို့ထံမှ အဖိုးအခတစ်စုံတစ်ရာ တောင်းဆိုသည်မဟုတ်ပါ။ စင်စစ်တွင် ဤသည် လောကခပ်သိမ်းတို့အဖို့ ဆုံးမသြဝါဒသာလျှင် ဖြစ်ပေသည်။

၉၁။ အလ္လာဟ်သည် မည်သည့်လူသားအပေါ် သို့မျှ မည်သည့်အရာကိုမျှ ချပေးတော်မူခဲ့ခြင်းမရှိဟူ၍ သူတို့ပြောဆိုခဲ့ကြစဉ်အခါက သူတို့သည် အလ္လာဟ်ကို အလွန်လွဲမှားစွာ ခန့်မှန်းခဲ့ကြခြင်းသာဖြစ်ပေသည်။ အသင်ပြောလိုက်ပါ။ လူတို့အဖို့ လင်းရောင်ခြည်တော်အဖြစ်နှင့်ရော၊ တရားလမ်းမှန်အဖြစ်ပါ မူစာ ယူဆောင်လာခဲ့သည့်ကျမ်းဂန်ကို မည်သူက ချပေးခဲ့ပါသနည်း။ ယင်းကျမ်းကို အသင်တို့သည် စာရွက်တစ်ခုချင်းစီပြုလုပ်ထားရှိခဲ့ပြီး တချို့အစိတ်အပိုင်းကို ထင်ရှားစေခဲ့ကြပြီး အများစုကိုမူ လျှို့ဝှက်ထားခဲ့ကြပေသည်။ ထို့ပြင် အသင်တို့သည် အသင်တို့ရော၊ အသင်တို့၏ဘိုးဘေးများပါ မသိခဲ့ကြသည်များကို သင်ကြားပေးခြင်းခံခဲ့ကြရသည်။ အသင်ပြောလိုက်ပါ။ (ထိုကျမ်းကိုချပေးခဲ့သည့်အရှင်မှာ) အလ္လာဟ်ပင် ဖြစ်သည်။ ထို့နောက်တွင် အသင်သည် သူတို့အား အကျိုးမဲ့အငြင်းအခုံများတွင် ဆော့ကစားနေလျက်သာ လွှတ်ထားပါလေ။ **၉၂။** ဤကုရ်အာန်သည်လည်း ငါအရှင်မြတ်ချပေးသည့် ကျမ်းတစ်ကျမ်းပင် ဖြစ်ပေသည်။ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသောကျမ်း၊ သူ့အလျင်ကကျခဲ့သည့်ကျမ်းများကို ထောက်ခံသောကျမ်း ဖြစ်သည်။ ထို့ပြင် မက္ကာမြို့သားများနှင့် ထိုမြို့၏ပတ်ဝန်းကျင်၌ရှိသောသူများကို သတိပေးနှိုးဆော်ရန်အတွက် ဖြစ်သည်။ နောင်တမလွန်ဘဝကို ယုံကြည်ကြသူများသာလျှင် ဤကျမ်းကို ယုံကြည်ကြမည်ဖြစ်သည်။ သူတို့သည် မိမိတို့၏ စွလာသ်ဝတ်ပြုမှုကို စွဲမြဲစွာ စောင့်ထိန်းဝတ်ပြုကြသူများ ဖြစ်ကြပေသည်။

၉၃။ အလ္လာဟ်ပေါ်တွင် မုသားလိမ်လည်လုပ်ကြံပြောဆိုသူ၊ သို့မဟုတ် မိမိအပေါ် သို့ မည်သည့်ဝဟီဗျဒိတ်တော်မျှ မကျရောက်ဘဲနှင့် ကျွန်ုပ်အပေါ် သို့ ဝဟီဗျာဒိတ်တော် ကျရောက်ပါသည်ဟု ပြောဆိုသူ၊ ထို့ပြင် အလ္လာဟ်ချပေးတော်မူသကဲ့သို့ ကျွန်ုပ်လည်း မကြာမီ ချပေးပါမည်ဟု ပြောဆိုသူတို့ထက် ပို၍ မတော်မတရားသူ မည်သူရှိပါဦးမည်နည်း။ ထိုအချိန်ကို အသင်မြင်တွေ့ရလျှင် ကောင်းလေစွ၊ ယင်းအချိန်တွင် ထိုမတရားသူတို့သည် သေခြင်းတရား၏ပြင်းထန်မှုများတွင် ရှိနေလိမ့်မည်။ ထို့ပြင် ကောင်းကင်တမန်များသည် မိမိတို့၏လက်များကို ဖြန့်ထားလျက်ရှိကြပြီး အသင်တို့သည် မိမိတို့၏အသက်ဇီဝိန်များကို ထုတ်ပေးကြလော့။ ယနေ့မူ အသင်တို့သည် အလ္လာဟ်ပေါ်တွင် လိမ်လည်လုပ်ကြံပြောဆိုခဲ့သည့်အတွက်ကြောင့်နှင့် ထိုအရှင်မြတ်၏သက်သေလက္ခဏာတော်များကို မောက်မာ၍

လက်မခံခဲ့ကြသည့်အတွက် ယုတ်ညံ့သိမ်ဖျင်းသောအပြစ်ဒဏ် ခံစားကြရပေလိမ့်မည်ဟု (ပြောဆိုကြလျက်ရှိကြပေလိမ့်မည်။) **၉၄။** အသင်တို့သည် ငါအရှင်မြတ်ထံတော်သို့ ပထမမူလက အသင်တို့ကို ငါအရှင်ဖန်ဆင်းတော်မူခဲ့သည့်အတိုင်းပင် တစ်ယောက်ချင်း တစ်ယောက်ချင်းစီ လာခဲ့ကြလေပြီ။ အသင်တို့ကို ငါအရှင် ချီးမြှင့်တော်မူခဲ့ သည့်အရာများကိုလည်း အသင်တို့သည် မိမိတို့၏နောက်တွင် စွန့်ထားခဲ့ကြလေပြီ။ ထို့ပြင် အသင်တို့အား ကြားဝင်အသနားခံပေးမည့်သူများကိုလည်း ငါအရှင် မမြင်တော့ရပေ။ ထိုသူတို့သည် အသင်တို့၏အရေးကိစ္စများကို ဆောင်ရွက်ပေးရာတွင် ဖက်စပ်ပါဝင်ကြသည်ဟု အသင်တို့က ထင်မြင်ယူဆခဲ့ကြသည်။ အသင်တို့စပ်ကြားတွင် ဆက်နွယ်မှု ပြတ်တောက်သွားခဲ့လေပြီ။ ထို့ပြင် အသင်တို့ ထင်မြင်ယူဆလေ့ရှိခဲ့သည်များသည် အသင်တို့ထံမှ ပျောက်ကွယ်သွားခဲ့ချေပြီ။

၉၅။ အလ္လာဟ်သည် မျိုးစေ့နှင့်သစ်စေ့များကို အက်ကွဲ စေတော်မူသောအရှင်ပင် ဖြစ်တော်မူသည်။ အရှင်မြတ်သည် သက်မဲ့မှ သက်ရှိကို ထုတ်တော်မူပြီး သက်ရှိမှ သက်မဲ့ကို ထုတ်ယူတော်မူလေသည်။ ထိုသို့ပြုနိုင်စွမ်း တော်မူသော အရှင်မှာ အလ္လာဟ်သာဖြစ်တော်မူပေရာ အသင်တို့သည် အဘယ်သို့ လွဲချော်သွားနေကြပါသနည်း။ **၉၆။** အရှင်မြတ်သည်ပင် နံနက်ကို (အမှောင်ထုမှ)ခွဲထုတ်တော်မူသောအရှင် ဖြစ်ပေသည်။ အရှင်မြတ်သည် ည၌ကို အနားယူရန်အတွက်ပြုလုပ်တော်မူပြီး၊ နေနှင့်လကို အတိုင်းအတာနှင့် ထားတော်မူသည်။ ဤသည် တန်ခိုးတော်နှင့်ပြည့်စုံတော်မူသော၊ အလွန်သိတော်မူသောအရှင်မြတ်၏စီမံခန့်ခွဲမှုပင် ဖြစ်ပေသည်။ **၉၇။** အသင်တို့အဖို့ ကြယ်တာရာများကို ဖန်ဆင်း ပေးထားတော်မူသောအရှင်မှာလည်း ထိုအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုကြယ်များဖြင့် အသင်တို့သည် ကုန်းမြေနှင့် ပင်လယ်သမုဒ္ဒရာ၏အမှောင်ထုများတွင် လမ်းမှန်ရရှိစေရန်အတွက် ဖြစ်ပေသည်။ ငါအရှင်သည် သိနားလည်လိုသူတို့အဖို့ သက်သေလက္ခဏာတော်များကို ရှင်းရှင်းလင်းလင်း အမှန်ပင် ထုတ်ဖော်ပြသတော်မူပေသည်။

၉၈။ ထိုအရှင်မြတ်သည်ပင် အသင်တို့ကို လူတစ်ဦးတည်းမှ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် လူတိုင်းအတွက် တည်နေရာတစ်ခုနှင့် အပ်နှံခြင်းခံရ

မည့်နေရာတစ်နေရာစီ ရှိပေသည်။ ငါအရှင်သည် သိနားလည်သူတို့အဖို့ သက်သေ လက္ခဏာတော်များကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြသတော်မူပေသည်။ **၉၉။** မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းပေးတော်မူသောအရှင်မှာလည်း ထိုအရှင်မြတ်ပင် ဖြစ်ပေသည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုမိုးရေဖြင့် အညောက်အတက် ဟူသမျှတို့ကို ထွက်စေတော်မူသည်။ ထိုအညောက်အတက်မှ စိမ်းစိုသော အကိုင်း အလက်ကို ထွက်စေတော်မူသည်။ အထပ်ထပ်ပြွတ်လျက်ရှိသော အစေ့အဆန်တို့ကို ထိုအကိုင်းအလက်မှ ငါအရှင်သည် ထွက်စေတော်မူသည်။ ထို့ပြင် စွန်ပလွံပင်၏ အဖူးဝတ်ဆံများမှ တွဲလဲကျနေသောအခိုင်များ ထွက်လေသည်။ ထို့ပြင် ငါအရှင်သည် စပျစ်ခြံများ၊ သံလွင်သီး၊ သလဲသီးများကို ဖန်ဆင်းတော် မူခဲ့သည်။ အချို့မှာ အချင်းချင်းတူပြီး အချို့မှာ မတူချေ။ အသီးတစ်မျိုးတိုင်းကို သီးချိန်နှင့် မှည့်ချိန်တွင် အသင်တို့ ကြည့်ကြပါ။ ထိုအရာများတွင် ယုံကြည်လိုသူတို့အဖို့ သက်သေလက္ခဏာများ မုချရှိပေသည်။

၁၀၀။ ထို့ပြင် သူတို့သည် ဂျင်နီများကို အလွှာဟ်နှင့် တွဲဖက်အဖြစ် သတ်မှတ်ကြသည်။ အမှန်တွင် အလွှာဟ်ကသာ သူတို့ကို ဖန်ဆင်းခဲ့သည်။ သူတို့သည် မသိဘဲနှင့် အလွှာဟ်အတွက် သားများ၊ သမီးများ ထွင်လိုက်ကြသည်။ အလွှာဟ်သည် သူတို့ပြောသည့်အချက်များမှ သန့်ပြန့်စင်ကြယ်၊ မြင့်မြတ်လှတော်မူသည်။ **၁၀၁။** အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို စတင်ဖန်ဆင်းတော်မူသောအရှင် ဖြစ်သည်။ အရှင်မြတ်မှာ မည်သည့်ဇနီးမှ မရှိဘဲ သားသမီး မည်သို့ရှိနိုင် မည်နည်း။ အရှင်မြတ်သည် အရာတိုင်းကို ဖန်ဆင်းတော်မူသည်။ အရှင်မြတ်သည် အရာတိုင်းကို သိတော်မူသောအရှင် ဖြစ်ပေသည်။ **၁၀၂။** ထိုအရှင်မှာ သင်တို့၏အရှင် အလွှာဟ်ပင် ဖြစ်သည်။ အရှင်မြတ်ကလွဲ၍ ကိုးကွယ်ခံထိုက်သူ အလျှင်းမရှိ။ အရှင်မြတ်သာလျှင် အရာတိုင်းကို ဖန်ဆင်းသည့်အရှင်ဖြစ်ပေရာ သင်တို့သည် ထိုအရှင်ကိုသာ ကိုးကွယ်ကြပါ။ အရှင်မြတ်သည် အရာတိုင်းကို စီမံခန့်ခွဲတော်မူသောအရှင် ဖြစ်သည်။ **၁၀၃။** စက္ခုအမြင်များသည် အရှင်မြတ်ကို ငုံမိနိုင်မည်မဟုတ်ပေ။ အရှင်မြတ်ကသာ စက္ခုအမြင်များကို ဝန်းရံထားတော်မူသည်။ အရှင်မြတ်သည် နက်နဲစွာမြင်တော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်သည်။ **၁၀၄။** ယခု သင်တို့ထံတွင် သင်တို့၏အရှင်ထံပါးမှ ပညာဉာဏ်အလင်းများ

ရောက်လာခဲ့ပေပြီ။ အမြင်ကို အသုံးချသူသည် ကိုယ့်(အကျိုးအမြတ်)အတွက်ပင် ဖြစ်မည်။ အမြင်ကန်းသူသည် ကိုယ့်ကိုယ်ကိုယ်သာ ဆိုးကျိုးဖြစ်စေမည်။ (အသင်ပြောပါ။) ငါသည် သင်တို့ကို စောင့်ကြပ်ရမည့်သူ မဟုတ်ပေ။

၁၀၅။ ထိုနည်းအတိုင်းပင် ငါအရှင်မြတ်သည် မိမိ၏အထောက်အထားများကို နည်းအမျိုးမျိုးဖြင့် ရှင်းပြတော်မူသည်။ ထို့ပြင် ထိုသူများက အသင်သည် သင်ယူခဲ့သည်ဟု ပြောကြရန်အတွက် ဖြစ်သည်။ ထို့ပြင် သိနားလည်လိုသူများအတွက် ရှင်းလင်းစွာ ဖွင့်ပြလိုက်ရန်အတွက် ဖြစ်သည်။ **၁၀၆။** အသင်သည် အသင်၏အရှင်မြတ်ထံမှ ဗျာဒိတ်တော်မူခြင်းခံရသည့်အရာနောက်ကိုသာ လိုက်ပါလေ။ ထိုအရှင်မြတ်မှတစ်ပါး အခြားဓဝပ်ကိုးကွယ်ထိုက်သည့်အရှင် အလျှင်မရှိ။ ထို့ပြင် မုရ်ရိုက်များကို ဥပက္ခာပြုထားပါလေ။ **၁၀၇။** အလ္လာဟ်အလိုရှိပါလျှင် သူတို့သည် အလ္လာဟ်နှင့်တွဲဖက်၍ အခြားအရာကို ကိုးကွယ်ကြမည်မဟုတ်။ ငါအရှင်သည်သင့်ကို သူတို့အပေါ်တွင် စောင့်ကြပ်သူအဖြစ် သတ်မှတ်ထားသည်မဟုတ်ပေ။ ထို့ပြင် သင်သည် သူတို့နှင့်စပ်လျဉ်း၍ အလိုရှိရာလုပ်နိုင်သူလည်း မဟုတ်ပေ။ **၁၀၈။** အလ္လာဟ်ကို စွန့်၍ သူတို့ဟစ်ခေါ်တသလျက်ရှိသော အရာများကို မဆဲဆိုကြနှင့်။ မဟုတ်လျှင် ဤသူများသည် မသိမိုက်မဲမှုကြောင့် စည်းဘောင် ကျော်လွန်၍ အလ္လာဟ်ကို ဆဲဆိုကြပေလိမ့်မည်။ ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် အုပ်စုတိုင်း၏အမြင်တွင် သူတို့၏လုပ်ရပ်ကို လှပသယောင် ပြုထားတော်မူသည်။ ထို့နောက် သူတို့အားလုံးသည် မိမိတို့အရှင်ထံသို့ ပြန်လှည့်ကြရမည်။ ထိုအခါကျလျှင် သူတို့လုပ်ဆောင်ခဲ့ကြသည်များကို အလ္လာဟ်က သူတို့အား သတင်းပေးတော်မူလိမ့်မည်။

၁၀၉။ ဤသူများသည် အကယ်၍သာ သူတို့ထံသို့ လက္ခဏာတစ်စုံတစ်ခုရောက်လာခဲ့ပါမူ မိမိတို့သည် မှချ ယုံကြည်ကြမည်ဟု အလ္လာဟ်ကို အလွန်တိုင်တည်ပြောကြသည်။ အသင်ပြောလိုက်ပါ။ လက္ခဏာတော်များသည် အလ္လာဟ်ထံပါးတွင်သာ ရှိပေသည်။ အသင်တို့ သိကြပါသလော။ အကယ်၍ လက္ခဏာတော်များ ရောက်လာခဲ့လျှင်လည်း သူတို့သည် ယုံကြည်ကြမည်မဟုတ်ပေ။ **၁၁၀။** သူတို့သည် ထိုအပေါ်တွင် ပထမအကြိမ်က မယုံကြည်ခဲ့သကဲ့သို့ပင် ငါအရှင်မြတ်သည် သူတို့၏ စိတ်နလုံးများနှင့် မျက်လုံးများကို လှည့်ပစ်တော်မူမည်။ ပြီးနောက်

ငါအရှင်မြတ်သည် သူတို့ကို သူတို့၏ ဆိုးသွမ်းမှုထဲတွင် တဝဲလည်လည်ဖြစ်အောင် လွှတ်ထားတော်မူလိုက်မည်။

★ **၁၁၁။** အကယ်၍ ငါအရှင်မြတ်သည် သူတို့အပေါ်တွင် ကောင်းကင်တမန်များကို ဆင်းသက်စေတော်မူလျှင်ဖြစ်စေ၊ သူသေများသည် သူတို့နှင့် စကားထပြောလျှင် ဖြစ်စေ၊ အရာတိုင်းကို သူတို့ရှေ့မှောက်တွင် ယူလာ၍စုရုံးပေးလိုက်လျှင်ဖြစ်စေ သူတို့သည် ယုံကြည်သူများ ဖြစ်လာကြမည်မဟုတ်။ အလွှာဟ် အလိုတော်ရှိမှသာ ဖြစ်နိုင်ပေမည်။ သို့သော်လည်း သူတို့အနက် အများစုသည် အသိဉာဏ်မဲ့နေကြသည်။ **၁၁၂။** ထိုနည်းလည်းကောင်းပင် ငါအရှင်မြတ်သည် တမန်တော်တိုင်း၏ အတွက် ဆိုးသွမ်းသော လူများနှင့်၊ ဆိုးသွမ်းသောဂျင်နီများကို ရန်သူအဖြစ် ပြုလုပ်ထားတော်သည်။ သူတို့သည် လှည့်ဖြားရန်အတွက် တစ်ယောက်ကို တစ်ယောက် အပေါ်ယံအလှချယ်ထားသောစကားများကို ထည့်သွင်းပေးကြသည်။ အကယ်၍ အရှင်မြတ်သာ အလိုတော်ရှိပါလျှင် သူတို့သည် ဤသို့လုပ်နိုင်ကြမည်မဟုတ်ပေရာ အသင်သည် သူတို့ကို သူတို့၏အလိမ်အညာများနှင့် အတူ ပစ်ထားလိုက်ပါလေ။ **၁၁၃။** ဤသို့ဖြစ်ရခြင်းမှာ နောင်တမလွန်ဘဝကို မယုံကြည်သူများ၏ စိတ်နလုံးများသည် ယင်း(အပေါ်ယံအလှချယ်ထားသော စကား‌များ)ဘက်သို့ ယိင်းယိုင်ရန်အတွက် ဖြစ်သည်။ ထို့ပြင် ယင်းစကားများကို သူတို့နှစ်သက်ရန်အတွက်နှင့်၊ သူတို့ရှာဖွေရမည့်အရာကို ရှာဖွေဆည်းပူးကြရန် အတွက် ဖြစ်သည်။

၁၁၄။ ငါသည် အလွှာဟ်အပြင် အခြားသူကို တရားသူကြီးအဖြစ် သတ်မှတ်ရမည်လော။ အမှန်မှာ ထိုအရှင်သည် သင်တို့ထံသို့ ရှင်းလင်းသောကျမ်းကို ချပေးတော်မူခဲ့သည်။ ဤကျမ်းသည် သင်၏အရှင်ထံပါးမှ အမှန်ပင် ချပေးခြင်း ခံရကြောင်းကို သည်အလျင်က ငါအရှင် ကျမ်းဂန်ပေးသနားခဲ့သောသူများက သိကြသည်။ သို့ဖြစ်ရာ သင်သည် သံသယဖြစ်သူများတွင် အပါအဝင် လုံးဝမဖြစ်လေနှင့်။ **၁၁၅။** သင့်အရှင်၏ စကားတော်သည် မှန်ကန်ပြီး တရားမျှတစွာပြည့်ဝခဲ့ပြီ။ အရှင်မြတ်၏ စကားတော်ကို မည်သူမျှ မပြောင်းလဲနိုင်ပေ။ အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်သည်။ **၁၁၆။** အကယ်၍ သင်သည် မြေပထဝီတွင်ရှိကြသူအများစု၏ စကားအတိုင်း နာခံလျှောက်

လှမ်းမည်ဆိုလျှင် သူတို့သည် သင့်အား အလွှာဟ်၏လမ်းတော်မှ တိမ်းလွှဲစေလိုက်လိမ့်မည်။ သူတို့သည် အထင်သက်သက်နောက်သို့သာ လိုက်နေကြသည်။ သူတို့သည် ရမ်းဆပြောဆိုနေကြခြင်းသာ ဖြစ်သည်။ **၁၁၇။** အသင်၏အရှင်သည် မိမိ၏လမ်းတော်မှ လွှဲချော်သွားသူများကို အသိဆုံးဖြစ်တော်မူသည်။ ထို့ပြင် လမ်းမှန်ရရှိထားသူများကိုလည်း အသိဆုံးဖြစ်တော်မူပေသည်။

၁၁၈။ အကယ်၍ သင်တို့သည် ထိုအရှင်၏မှာကျပါဠိတော်များကို ယုံကြည်သူများဖြစ်ကြပါမူ အလွှာဟ်၏နာမတော်ကို တသ၍လိုးဖြတ်ထားသော တိရစ္ဆာန်များထဲမှ စားကြကုန်။ **၁၁၉။** အသင်တို့သည် အဘယ်အတွက်ကြောင့် အလွှာဟ်၏နာမတော်တသထားသော တိရစ္ဆာန်များထဲမှ မစားကြပါသနည်း။ စင်စစ်တွင် အသင်တို့အပေါ်၌ ပိတ်ပင်တားမြစ်ထားသောအရာများကို ထိုအရှင်က ရှင်းလင်းစွာ ဖော်ပြထားပြီး ဖြစ်သည်။ သို့ရာတွင် မလွဲသာမရှောင်သာသည့်အဆုံးတွင်မူ ထိုပိတ်ပင်ထားသောအရာများကို ခွင့်ပြုထားသည်။ စင်စစ်တွင် များစွာသော သူတို့သည် မသိနားမလည်ဘဲ မိမိတို့၏ စိတ်ဆန္ဒများကို အခြေခံ၍အခြားသူများကို လမ်းလွဲအောင် လုပ်ကြသည်။ စင်စစ်တွင် သင်၏အရှင်မြတ်သည် စည်းဘောင်ကျော်သူများကို အသိဆုံးဖြစ်တော်မူသည်။ **၁၂၀။** သင်တို့သည် ထင်ရှားသောအကုသိုလ်များကိုရော၊ ဖုံးကွယ်နေသောအကုသိုလ်များကိုပါ စွန့်လွှတ်ကြကုန်။ အကုသိုလ်ရှာဖွေသူများသည် သူတို့လုပ်ဆောင်လျက်ရှိခဲ့သည်များ၏အစားကို မကြာမီ ရကြမည်။ **၁၂၁။** အလွှာဟ်၏နာမတော်တသထားခြင်း မရှိသော တိရစ္ဆာန်များကို မစားကြလေနှင့်။ ဤသည် အမိန့်ဖီဆန်ခြင်းပင် ဖြစ်သည်။ သင်တို့နှင့် အငြင်းအခုံပြုကြရန်အတွက် မိစ္ဆာကောင်တို့သည် မိမိတို့မိတ်ဆွေများကို သင်ကြားပေးကြသည်။ အကယ်၍ ၎င်းတို့ကို နာခံပါမူ သင်တို့သည်လည်း အခြားအရာကို အလွှာဟ်နှင့် ယှဉ်တွဲကိုးကွယ်သူများ ဖြစ်သွားကြပေမည်။ **၁၂၂။** အကြင်သူသည် သူသေဖြစ်နေခဲ့ရာ ငါအရှင်သည် သူ့ကို အသင်ရှင်စေတော်မူပြီး အလင်းရောင်တစ်ခု ချီးမြှင့်တော်မူခဲ့သည်။ ထိုအလင်းဖြင့် သူသည် လူတို့တွင် သွားလာလျက်ရှိသည်။ သူသည် အမှောင်များတွင် ကျရောက်နေပြီး အပြင်မထွက်နိုင်သော သူနှင့် တူနိုင်ပါမည်လော။ ထိုနည်းတူပင်၊ အမှန်တရားကို ငြင်းပယ်သူများ၏ အမြင်တွင် ၎င်းတို့၏ လုပ်ဆောင်ချက်များကို လှပအောင်ပြု ပေးခြင်းခံရသည်။ **၁၂၃။**

ဤသို့ပင် ငါအရှင်မြတ်သည် မြို့ရွာတိုင်းတွင် အပြစ် ကျူးလွန်သူများ၏ခေါင်းဆောင်များကို ပြုထားတော်မူသည်။ သူတို့သည် ထိုမြို့ရွာတွင် မကောင်းကြံစည် ကြရန် အတွက် ဖြစ်လေသည်။ အမှန်တွင် သူတို့လုပ်သော လှို့ဝှက်ကြံစည်မှုသည် သူတို့နှင့် ဆန့်ကျင်ဘက်သာ ဖြစ်သည်။ ဤသည်ကို သူတို့မသိကြပေ။ **၁၂၄။** သူတို့ထံတွင် လက္ခဏာတစ်စုံတစ်ခု ရောက်လာခဲ့သည်ရှိသော် သူတို့က အလွှာဟ်၏တမန်တော်များအား ပေးခဲ့သောအရာကို ငါတို့ ကိုလည်း မပေးသရွေ့ ငါတို့သည် လုံးဝလက်ခံမည်မဟုတ်ဟု ပြောကြသည်။ သို့သော် အလွှာဟ်သည် မည်သူ့ကို တမန်တော်အဖြစ် ရွေးချယ်ရမည်ကို အသိဆုံးဖြစ် တော်မူသည်။ အပြစ်ကျူးလွန်သူများသည် သူတို့ကိုယ်တိုင်၏ကြံစည်မှုများကြောင့် အလွှာဟ်ထံပါးတွင် သေးသိမ်မှုနှင့် ပြင်းထန်သောပြစ်ဒဏ်ကို ရပေလိမ့်မည်။

၁၂၅။ အလွှာဟ်သည် တစ်ဦးတစ်ယောက်ကို လမ်းပြလိုပြီဆိုလျှင် သူ့အား အစွမ်းသတ္တိတက် ရင်ဖွင့်ပေးတော်မူသည်။ ထို့ပြင် တစ်ဦးတစ်ယောက်ကို လမ်းလွဲစေလိုပြီဆိုလျှင် မိုးကောင်းကင်သို့ တက်နေရသကဲ့သို့ သူ၏ ရင်ကို ကျပ်တည်းကြဉ်းမြောင်းစေတော်မူသည်။ ဤနည်းဖြင့် အလွှာဟ်သည် မယုံကြည်သူများအပေါ်တွင် အညစ်အကြေးကို တင်ထားတော်မူသည်။ **၁၂၆။** ဤသည်ပင်လျှင် သင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ဖြောင့်မတ်သော လမ်းဖြစ်သည်။ လက္ခဏာတော်များကို စဉ်းစားဆင်ခြင်သူများအဖို့ ငါအရှင်သည် ထင်ရှားစွာ ရှင်းပြတော်မူသည်။ **၁၂၇။** ထိုစဉ်းစားဆင်ခြင်သူများအဖို့ သူတို့၏အရှင်မြတ်ထံပါးတွင် ငြိမ်းချမ်းသော အိမ်ရှိသည်။ ထို့ပြင် သူတို့၏ လုပ်ဆောင်ချက်များကြောင့် အရှင်မြတ်က သူတို့ကို ကူညီစောင့်မမည့်အရှင် ဖြစ်သည်။

၁၂၈။ သူတို့အားလုံးကို စုရုံးတော်မူမည့်နေ့တွင် အရှင်မြတ်က မိန့်တော်မူမည်။ အို-ဂျင်နအုပ်စု၊ သင်တို့သည် လူတို့အနက်မှ အများအပြားကို လွဲချော်အောင် လုပ်ပြီးသွားပေပြီ။ ထို့နောက် လူတို့အနက် ထိုဂျင်နများ၏ မိတ်ဆွေများက ပြောကြလိမ့်မည်။ အို-ကျွန်တော်မျိုးတို့၏ အရှင်၊ ကျွန်တော်တို့သည် အချင်းချင်း အသုံးချခဲ့ကြပါသည်။ ထို့နောက် အရှင်မြတ်က ကျွန်တော်တို့အဖို့ သတ်မှတ်ထားသည့် အချိန်ကာလကို ကျွန်တော်တို့ ရောက်ခဲ့ကြသည်။ အရှင်မြတ်က မိန့်တော်မူမည်။ ယခု သင်တို့၏နေရာထိုင်ခင်းသည် ငရဲဖြစ်သည်။ အလွှာဟ်အလိုရှိသူမှအပ

သင်တို့ထဲမှ ကျန်သူများသည် ထိုဝရဲတွင် အမြဲထာဝရ နေကြရမည်။ အသင်၏ ဖန်ဆင်းမွေးမြူရှင်သည် အမြော်အမြင်ရှိသော၊ အကြွင်းမဲ့သိတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။ **၁၂၉။** ထိုနည်းတူပင် ငါအရှင်မြတ်သည် အပြစ်ကျူးလွန်သူများကို သူတို့၏ လုပ်ဆောင်ချက်များကြောင့် အချင်းချင်းပေါင်းစည်းတော်မူလိုက်မည်။ **၁၃၀။** အို-ဂျင်န် နှင့်လူအပေါင်းတို့၊ သင်တို့အား ငါအရှင်မြတ်၏ မုကွပါဠိတော်များကို ကြားနာစေလျက်ရှိသည့်၊ ထို့ပြင် ဤနေ့ရောက်ရှိလာမည့် အကြောင်း သတိပေး ခြိမ်းခြောက် လျက်ရှိသည့်၊ သင်တို့ထဲမှ တမန်တော်များသည် သင်တို့ထံမလာခဲ့ကြသလော။ ထိုအခါ သူတို့က ကျွန်တော်တို့သည် မိမိတို့ကိုယ်တိုင်နှင့် ဆန့်ကျင်၍ သက်သေများ ဖြစ်ကြပါသည်ဟု ပြောကြမည်။ လောကီသက်တမ်းသည် သူတို့ကို လှည့်စားမှုထဲတွင် ထားခဲ့သည်။ ပြီးနောက် သူတို့သည် မိမိတို့ကိုယ်တိုင်နှင့် ဆန့်ကျင်၍ မုချ ကျွန်တော်မျိုးတို့သည် အမှန်တရားကို ငြင်းပယ်သူများ ဖြစ်ခဲ့ကြပါသည်ဟု သက်သေထွက်ဆိုကြပေမည်။ **၁၃၁။** အကြောင်းမှာ အသင်၏အရှင်သည် မြို့ရွာသားများ အမှုမဲ့အမှတ်မဲ့ရှိ နေခိုင်တွင် ၎င်းမြို့ရွာများကို မတရားသဖြင့် ဖျက်ဆီးတော်မူမည့်အရှင်မဟုတ်ပေ။

၁၃၂။ မိမိ၏လုပ်ရပ်နှင့်အညီ လူတိုင်းတွင် အဆင့်အတန်းများ ရှိပေသည်။ သင်၏အရှင်မြတ်သည် လူတို့၏ လုပ်ရပ်များကို မသိသည်မဟုတ်ပေ။ **၁၃၃။** သင်၏အရှင်မြတ်သည် လိုလားတောင့်တမှုကင်းတော်မူသောအရှင်၊ ကရုဏာတော်ရှင် ဖြစ်တော်မူသည်။ အကယ်၍ အရှင်မြတ်သည် အလိုရှိတော်မူပါလျှင် သင်တို့ကို အခြားသူများ၏မျိုးဆက်မှ ဖန်ဆင်းတော်မူခဲ့သကဲ့သို့ပင် သင်တို့ကို ဖျက်ဆီးလိုက်တော်မူပြီး သင်တို့နေရာတွင် မိမိထားလိုတော်မူသောသူကို ထားနိုင် ပေသည်။ **၁၃၄။** သင်တို့အား ကတိပေးထားသော အရာသည် မုချလာပေလိမ့်မည်။ သင်တို့သည် အလွှာဟ်ကို မတတ်စွမ်းအောင် မလုပ်နိုင်ကြပေ။ **၁၃၅။** အသင်ပြောပါ။ သင်တို့သည် မိမိတို့ပုံစံနှင့် လုပ်ဆောင်ကြကုန်။ ငါသည်လည်း ကိုယ့်ပုံစံနှင့် ကိုယ်လုပ်ဆောင်မည်။ မည်သူ၏ နောက်ဆုံးနိဂုံးသည် ပိုကောင်းသည်ကို သင်တို့ မကြာမီ သိရမည်။ မတရားသူများသည် စင်စစ်တွင် အောင်မြင်နိုင်မည်မဟုတ်ပေ။

၁၃၆။ သူတို့သည် အလွှာဟ်ဖန်ဆင်းတော်မူထားသော လယ်ယာနှင့် ခြေလေးချောင်းတိရစ္ဆာန်များတွင် အလွှာဟ်အတွက် ဝေစုတချို့ကို သတ်မှတ်ကြ

သည်။ သူတို့က မိမိတို့၏ အထင်အရ ဤသို့ ပြောကြသည်။ ဤသည် အလ္လာဟ်၏ ဝေစု ဖြစ်ပြီး ဤဝေစုကတော့ ကျွန်ုပ်တို့နှင့် ဖက်စပ်ပါဝင်သူများအတွက် ဖြစ်သည်။ သူတို့နှင့် ဖက်စပ်ပါဝင်သူများ၏ဝေစုသည် အလ္လာဟ်ထံသို့ မရောက်ပေ။ အလ္လာဟ်၏ ဝေစုကတော့ သူတို့နှင့်ဖက်စပ်ပါဝင်သူများထံသို့ ရောက်သည်။ ဤသူများလုပ်သော ဆုံးဖြတ်မှုသည် အဘယ်မျှ ဆိုးဝါးလှသနည်း။ **၁၃၇။** ဤနည်းအတိုင်းပင် သူတို့နှင့် ဖက်စပ်ပါဝင်သောဘုရားများသည် သားသမီးများကို သတ်ဖြတ်ခြင်း အမှုအား လုပသယောင်ပြု၍ တွဲဖက်ကိုးကွယ်ကြသူများကို ပြဿခဲ့သည်။ ဤသို့ပြုခြင်းမှာ သူတို့ကို ဖျက်ဆီးရန်နှင့် သူတို့အတွက် သူတို့၏သာသနာကို ရှုပ်ထွေးအောင် လုပ်ပစ်ရန် ဖြစ်သည်။ အကယ်၍ အလ္လာဟ်အလိုရှိပါက သူတို့ ဤသို့ပြုကြမည် မဟုတ်ပေ။ သို့ရှိရာ သူတို့ကို သူတို့၏ လုပ်ကြံလိမ်ဆယ်မှုများနှင့်အတူ လွှတ်ထားလိုက်ပါ။

၁၃၈။ ထို့ပြင် မိမိတို့အထင် များဖြင့် ဤတိရစ္ဆာန်များနှင့် လယ်ယာများကို တားမြစ်ထားပြီးဖြစ်ရာ ကျွန်ုပ်တို့ အလိုရှိသူမှအပ မည်သူမျှ စား၍မရပေဟု သူတို့က ပြောကြသည်။ အချို့တိရစ္ဆာန်များ၏ကျောကုန်းကို အသုံးပြုခြင်းမှ တားမြစ်ထားပြီးဖြစ်သည်(ဟု ပြောကြသည်) အချို့တိရစ္ဆာန်များပေါ်တွင် သူတို့သည် အလ္လာဟ်၏နာမတော်ကို မတသကြပေ။ ဤအရာအားလုံးကို သူတို့က အလ္လာဟ်ပေါ်တွင်မတရားလိမ်ဆယ်ထားခြင်းဖြစ်ကြသည်။ ထိုလိမ်ဆယ်မှု၏အစားကို အလ္လာဟ်သည် သူတို့အား မကြာမီ ပေးတော်မူမည်။ **၁၃၉။** ထို့ပြင် သူတို့က မည်သည့်မည်ဝါ တိရစ္ဆာန်များ၏ ဝမ်းဗိုက်တွင် ရှိသောအရာသည် ကျွန်ုပ်တို့၏ အမျိုးသားများအတွက် ခွင့်ပြုချက်ရှိပြီး ကျွန်ုပ်တို့၏ အမျိုးသမီးများအတွက်မှာမူ ပိတ်ပင်ထားသည်ဟု ပြောကြသည်။ အကယ်၍ ထိုတိရစ္ဆာန်က အသေကောင်လေးမွေးသည်ဆိုလျှင်မူ အားလုံးသည် ထိုထဲတွင် ပါဝင်ကြလေသည်။ ထိုပြောဆိုမှု၏ အတုံ့အစားကို အလ္လာဟ်သည် သူတို့အား မကြာမီ ပေးတော်မူမည်။ စင်စစ်တွင် အလ္လာဟ်သည် အမြော်အမြင်နှင့်ပြည့်စုံတော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင် ဖြစ်သည်။ **၁၄၀။** မိမိတို့၏ သားသမီးများကို မိုက်မဲစွာ၊ မသိနားမလည်ဘဲ သတ်ပစ်ခဲ့သူများသည် ဆုံးရှုံးမှုတွင် ကျရောက်သွားကြပေပြီ။ ထို့ပြင် အလ္လာဟ်က သူတို့အား ပေးထားသော ရိက္ခာများကို သူတို့က - အလ္လာဟ်အပေါ် လိမ်ဆယ်၍-

ဟရာမ်အဖြစ် ပိတ်ပင်တားမြစ်ခဲ့ကြသည်။ သူတို့သည် လမ်းလွဲသွားခဲ့ကြပြီ။ ထို့ပြင် သူတို့သည် လမ်းမှန်ပြသခြင်း ခံရသူများ မဟုတ်ကြပေ။

၁၄၁။ အလ္လာဟ်သည် ဥယျာဉ်များကို ဖန်ဆင်းတော်မူသောအရှင် ဖြစ်သည်။ ထိုဥယျာဉ်များတွင် စင်ဖြင့်တည်ရသော အပင်လည်းရှိသည်။ စင်မပါဘဲ မြေပေါ်တွင်တည်သောအပင်များလည်း ရှိသည်။ အရသာအမျိုးမျိုးရှိသော စွံပလွန်ပင်နှင့် လယ်ယာများကိုလည်း ပေါက်ရောက်စေတော်မူသည်။ ထို့ပြင် သံလွင်သီး၊ သလဲသီးတို့ကို တစ်ခုနှင့်တစ်ခု တူဆင်စွာရော၊ မတူကွဲပြားစွာပါ ပေါက်ရောက်စေတော်မူသည်။ ထိုအပင်များသီးသောအခါကျလျှင် စားကြပါ။ ထိုအသီးအနှံများကို ရိပ်သိမ်းခူးယူသောနေ့တွင် အလ္လာဟ်၏ဝတ္တရားကို ပေးဆပ်ကြပါ။ မဖြန်းတီးကြကုန်နှင့်။ အလ္လာဟ်သည် ဖြုန်းတီးသူများကို လုံးဝမနှစ်မြို့ပေ။ **၁၄၂။** ထိုအရှင်မြတ်သည် တိရစ္ဆာန်များထဲတွင် ဝန်ထမ်းသော တိရစ္ဆာန်များနှင့် မြေကြီးနှင့် ကပ်နေသော တိရစ္ဆာန်များကိုလည်း ဖန်ဆင်းတော်မူသည်။ အသင်တို့အား အလ္လာဟ် ပေးသနားထားသော အရာများထဲမှ စားကြကုန်။ ရိုင်သွာန်မိစ္ဆာကောင်၏ ခြေရာနောက်ကို မလိုက်ကြနှင့်။ သူသည် သင်တို့၏ထင်ရှားသော ရန်သူဖြစ်သည်။

၁၄၃။ (ယင်းတိရစ္ဆာန်များထဲတွင်) အလ္လာဟ်သည် အထီးအမ ရှစ်မျိုး ဖန်ဆင်းထားသည်။ နှစ်မျိုးက သိုးထဲမှ၊ နှစ်မျိုးက ဆိတ်ထဲမှ ဖြစ်သည်။ အလ္လာဟ်သည် အထီးနှစ်ကောင်ကို သို့မဟုတ် အမနှစ်ကောင်ကို ဟရာမ်အဖြစ် တားမြစ်ပိတ်ပင်တော်မူသလော။ သို့မဟုတ် ထိုဆိတ်၊ သိုး၏ ဝမ်းဗိုက်တွင်ရှိသော ကလေးကို ပိတ်ပင်တားမြစ်တော်မူသလော။ အကယ်၍ သင်တို့ မှန်ကြသည်ဆိုလျှင် ကျွန်ုပ်ကို အထောက်အထားဖြင့် ပြောပြကြကုန်။ **၁၄၄။** ဤနည်းအတိုင်းပင် ကုလားအုတ်ထဲမှ နှစ်မျိုး၊ နွားထဲမှ နှစ်မျိုး (ကို ဖန်ဆင်းတော်မူထားသည်။) အလ္လာဟ်သည် အထီးနှစ်ကောင်ကို သို့မဟုတ် အမနှစ်ကောင်ကို ဟရာမ်အဖြစ် သတ်မှတ်ခဲ့သလော။ သို့မဟုတ် ကုလားအုတ်နှင့်နွား၏ ဝမ်းဗိုက်တွင်ရှိသောကလေးကို ပိတ်ပင်တားမြစ်တော်မူသလော။ အလ္လာဟ်သည် အသင်တို့အား ထိုအမိန့်တော်ပေးခဲ့သော အချိန်တွင် အသင်တို့ ရှိနေခဲ့သလော။ သို့ရှိရာ လူတို့ကို လွဲချော်စေရန်အတွက် အလ္လာဟ်ပေါ်တွင် မသိဘဲနှင့် လိမ်ညာစွပ်စွဲပြောသူထက် ပို၍ မတရားသူသည် မည်သူရှိဦးမည်နည်း။ အလ္လာဟ်သည် မတရားသူများကို လုံးဝလမ်းပြတော်မမူပေ။

၁၄၅၂။ အသင်ပြောကြားပါ။ ငါ့ထံသို့လာသော ဝဟီဗျာဒိတ်တော်တွင် အောက်ပါ အရာများကလွဲ၍ စားသူအတွက် တားမြစ်ပိတ်ပင်ထားသည့်အရာ ဟူ၍ မတွေ့ရ ပေ။ ထိုအရာများမှာ အသေကောင်၊ သို့မဟုတ် စီးတွေသောသွေး၊ သို့မဟုတ် ဝက် သား -ထိုဝက်သားသည် မသန့်ဖြစ်သည်။- သို့မဟုတ် အလွှာဟ်မှတစ်ပါး အခြား သူ၏ အမည်ကိုတသ၍ လိုးဖြတ်ထားသော သားကောင်တို့ ဖြစ်သည်။ သို့သော် တစ်ဦးတစ်ယောက်သည် ဆာလောင်ခြင်းကြောင့် ရွေးချယ်စရာမရှိတော့သည့် အခြေအနေသို့ ရောက်သွားပါမူ ထို့ပြင် အမိန့်မဖီဆန်ဘဲ၊ အတိုင်းထက်မလွန်ကဲဘဲ (စားခဲ့ပါမူ) အရှင်သည် အလွန်ခွင့်လွှတ် တော်မူသော၊ အလွန် သနားကြင်နာတော် မူသောအရှင်ပင် ဖြစ်သည်။

၁၄၆။ ထို့ပြင် ငါအရှင်မြတ်သည် ယဟူဒီအများအပေါ်တွင် ခြေသည်း လက်သည်းပါသောတိရစ္ဆာန်တိုင်းကိုလည်းကောင်း၊ ကျောနှင့်ကပ်နေသောအဆီ သို့မဟုတ် အူများနှင့်ကပ်နေသောအဆီ သို့မဟုတ် အရိုးတစ်ခုခုနှင့် ကပ်နေသော အဆီကလွဲ၍ နွားနှင့်ဆိတ်တို့၏ ကျန်အဆီများကိုလည်းကောင်း ငါအရှင်သည် သူတို့အပေါ် ဟရာမ်အဖြစ် တားမြစ်ပိတ်ပင်တော်မူခဲ့သည်။ သူတို့၏ ဆိုးသွမ်းမှု ကြောင့်ပင် ငါအရှင်သည် သူတို့ကို ဤအပြစ်ဒဏ်ပေးခြင်းဖြစ်သည်။ ငါအရှင် မြတ်သည် မှန်ကန်တော်မူသောအရှင် အမှန်ပင်ဖြစ်သည်။ **၁၄၇။** အကယ်၍ သူတို့က သင့်အား မဟုတ်မမှန်ဟုပြောဆိုစွပ်စွဲကြပါမူ အသင်ပြောကြားလိုက်ပါ။ သင်တို့၏ ဖန်ဆင်းမွေးမြူရှင်သည် အလွန်ကရုဏာကျယ်ဝန်းတော်မူသောအရှင် ဖြစ်သည်။ ထိုအရှင်၏ပြစ်ဒဏ်သည် အပြစ်ကျူးလွန်သူများထံမှ ရွှေ့လျားသွားမည် မဟုတ်ပေ။

၁၄၈။ အခြားအရာကို အလွှာဟ်နှင့်ယှဉ်တွဲကိုးကွယ်သူများက ပြောကြ လိမ့်မည်။ အကယ်၍သာ အလွှာဟ် အလိုရှိခဲ့ပါမူ ငါတို့ရော ငါတို့၏ အဘဘိုး ဘေးများရော ဖက်စပ်ကိုးကွယ်ခြင်းကို ပြုခဲ့ကြမည်မဟုတ်၊ ထိုနည်းလည်းကောင်း မည်သည့်အရာကိုမျှ ဟရာမ်ဟု တားမြစ်ပိတ်ပင်ခဲ့မည်လည်း မဟုတ်ပေ။ သူတို့ အလျင်တွင် ရှိခဲ့သူများသည်လည်း ဤနည်းအတိုင်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ် ခဲ့ကြသည်။ နောက်ဆုံးတွင် ၎င်းတို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြ ရသည်။ အသင်ပြောကြားပါ။ ကျွန်ုပ်တို့၏ရှေ့တွင် တင်ပြစရာအသိပညာ သင်တို့၌

ရှိပါသလော။ အမှန်တော့ သင်တို့သည် အထင်အမြင်နောက်ကိုသာ လိုက်နေကြခြင်းဖြစ်သည်။ ရန်းဆပြောဆိုနေကြခြင်းသာ ဖြစ်သည်။ **၁၄၉။** အသင်ပြောကြားပါ။ တိကျထိရောက်သောအထောက်အထားအလုံးစုံသည် အလွှာဟ်ထံတွင် သာ ရှိသည်။ အကယ်၍ အလွှာဟ် အလိုတော်ရှိခဲ့ပါလျှင် သင်တို့အားလုံးကို လမ်းမှန်ပြတော်မူခဲ့မည် ဖြစ် သည်။ **၁၅၀။** အသင်ပြောကြားပါ။ အလွှာဟ်က ဤအရာများကို တားမြစ်ပိတ်ပင် တော်မူခဲ့သည်ဟူသော အချက်ပေါ်တွင် သက်သေထွက်မည့်သူများကို အသင်တို့ ခေါ်လာကြကုန်။ အကယ်၍ သူတို့သည် (လိမ်လည်၍) သက်သေထွက်ဆိုခဲ့လျှင်လည်း သင်သည် သူတို့နှင့် အတူ သက်သေ မထွက်ဆိုလေနှင့်။ ငါအရှင်မြတ်၏ လက္ခဏာ တော်များကို မဟုတ်မမှန်ဟု စွပ်စွဲသူများ၊ နောင်တမလွန်ကို အယုံအကြည်မရှိသူများ၊ ထို့ပြင် အခြားအရာများကို မိမိတို့၏ ဖန်ဆင်းရှင်နှင့် တန်းတူသတ်မှတ်ကိုးကွယ်သူများ၏ အလိုဆန္ဒနောက်သို့ အသင် မလိုက်နာလေနှင့်။

၁၅၁။ အသင်ပြောကြားပါ။ လာကြကုန်။ အသင်တို့ အပေါ်၌ အသင်တို့အရှင်မြတ်က ပိတ်ပင်တားမြစ်ထားသော အရာများကို ကျွန်ုပ်ပြောပြမည်။ ယင်းအရာများမှာ သင်တို့သည် အခြားအရာကို အလွှာဟ်နှင့်ယှဉ်တွဲ၍ မကိုးကွယ်ကြနှင့်၊ မိဘနှစ်ပါးကို ကောင်းစွာ ဆက်ဆံကြကုန်၊ ဆင်းရဲခြင်းကို ကြောက်၍ မိမိ၏သားသမီးများကို မသတ်ဖြတ်ကြလေနှင့်၊ -ငါအရှင်သည် သင်တို့ကိုရော ယင်းသားသမီးများကိုရော ရိက္ခာချီးမြှင့်တော်မူသည်- ထို့ပြင် ထင်ရှားသည်ဖြစ်စေ မထင်ရှားသည်ဖြစ်စေ ရှက်ဖွယ်ကိစ္စများ၏အနီးကိုပင် မသွားကြလေနှင့်၊ ထို့ပြင် အလွှာဟ်က ပိတ်ပင်တားမြစ်ထားသော အသက်ကို မတရားသဖြင့် မသတ်ဖြတ်ကြနှင့် ဟူသောအချက်တို့ ဖြစ်သည်။ သင်တို့ နားလည်ကြရန်အတွက် အလွှာဟ်က ဤအချက်များကို သင်တို့အား လမ်းညွှန်တော်မူခဲ့သည်။

၁၅၂။ ဘမဲ့ကလေးများသည် အရွယ်မရောက်သေးမချင်း သင်တို့သည် ကောင်းမွန်သည့်နည်းလမ်းမှအပ ကျန်နည်းလမ်းတို့ဖြင့် သူတို့၏ ပိုင်ဆိုင်မှုအနားသို့ မချဉ်းကပ်ကြနှင့်။ ထို့ပြင် ခြင်တွယ်ရာနှင့် တွယ်ရာတွင် မျှမျှတတပြည့်ပြည့်ဝဝ ပေးကြကုန်။ ငါအရှင်သည် မည်သူကိုမျှ သူတတ်နိုင်သည်ထက်ပို၍ တာဝန်ပေးတော်မူသည်မဟုတ်ပေ။ သင်တို့သည် ပြောဆိုကြရာတွင် ဆွေမျိုးအရေးခံပင်

ဖြစ်ပါစေ မျှတသည့်စကားကို ပြောဆိုကြကုန်။ ထို့ပြင် အလ္လာဟ်၏ကတိကို တည်ကြ ကုန်။ သင်တို့ တရားနာယူကြရန် အတွက် အလ္လာဟ်သည် ဤအချက်များကို သင်တို့အား အမိန့်ပေးတော်မူသည်။ **၁၅၃။** ဤသည်သာ ငါအရှင်မြတ်၏ ဖြောင့်မတ်သော လမ်းဖြစ်ပေရာ ယင်းလမ်းပေါ်တွင် လျှောက်ကြကုန်။ အခြားလမ်းများပေါ်တွင် မလျှောက်ကြနှင့်။ အခြားလမ်းများသည် သင်တို့ကို အလ္လာဟ်လမ်းတော်မှ သီးခြားခေါ်ဆောင်သွားပေလိမ့်မည်။ ဤသည် သင်တို့ ရှောင်ကြဉ်ရန် အတွက် အလ္လာဟ်က သင်တို့အား အမိန့်ပေးခြင်း ဖြစ်သည်။

၁၅၄။ ထို့နောက်တစ်ဖန် ငါအရှင်သည် ကောင်းမှုသီလပွားများကြသူများအပေါ်တွင် မိမိ၏ကျေးဇူးတော်ကို ပြည့်ဝစေတော်မူရန်၊ အရာရာကို ရှင်းလင်းဖော်ပြတော်မူရန်၊ ထို့ပြင် လမ်းညွှန်မှုနှင့် ကရုဏာတော်ဖြစ်ရန် မူစာကို ကျမ်းဂန်ပေးသနားတော်မူခဲ့သည်။ ဤသို့ပေးသနားရခြင်းမှာ ၎င်းတို့သည် မိမိတို့၏ အရှင်နှင့် တွေ့ဆုံရမည်ကို ယုံကြည်ကြရန်အတွက် ဖြစ်သည်။ **၁၅၅။** ထိုနည်းအတိုင်းပင် ငါအရှင်မြတ်သည် ဤကျမ်းကို မင်္ဂလာတစ်ပါးအဖြစ် ချပေးသနားတော်မူခဲ့ရာ အသင်တို့သည် ထိုကျမ်းနှင့်အညီ လျှောက်ကြကုန်။ အသင်တို့သည် အလ္လာဟ်ကို ကြောက်ကြကုန်။ ထိုသို့ဖြင့် သင်တို့သည် ကရုဏာပြုခြင်းခံရနိုင်ပေသည်။ **၁၅၆။** (ထိုသို့ ကျမ်းဂန်ချပေးရခြင်း)အကြောင်းမှာ ကျွန်ုပ်တို့အလျင်က အုပ်စုနှစ်စုကိုသာ ကျမ်းဂန်ချပေးခြင်းခံရပြီး ကျွန်ုပ်တို့မှာမူ သင်ယူခြင်း သင်ပေးခြင်းကို မသိခဲ့ကြပေဟု အသင်တို့ မပြောကြရန်အတွက် ဖြစ်သည်။ **၁၅၇။** သို့မဟုတ် အကယ်၍ ကျွန်ုပ်တို့အပေါ်၌ ကျမ်းဂန် ကျရောက်ခဲ့ပါမူ ကျွန်ုပ်တို့သည် သူတို့ထက်ပင် ပို၍ ကောင်းမွန်စွာ လျှောက်လှမ်းကြပေမည်ဟု သင်တို့ မပြောကြရန်အတွက် ဖြစ်သည်။ သို့ရှိရာ သင်တို့၏အရှင်ထံမှ အသင်တို့ထံသို့ လင်းဝင်းသော အထောက်အထား၊ လမ်းညွှန်မှုနှင့် ကရုဏာတော် ရောက်ရှိလာခဲ့ပေပြီ။ သို့ဖြစ် သောကြောင့် အလ္လာဟ်၏ လက္ခဏာ တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ပြီး မျက်နှာလွှဲသွားသူများထက် ပို၍ မတရားသည့်သူကား မည်သူရှိမည်နည်း။ ငါအရှင်မြတ်၏ လက္ခဏာတော်များကို ကျောခိုင်းသူများအား ထိုသို့ကျောခိုင်းသည့်အပေါ်တွင် ငါအရှင်သည် ဆိုးရွားသော ပြစ်ဒဏ်ကို ပေးတော်မူမည်။ **၁၅၈။** သူတို့သည် မိမိတို့ထံသို့ ကောင်းကင်တမန်များ လာခြင်းကို၊ သို့မဟုတ် အသင်၏အရှင်မြတ်

ကြွမြန်းလာတော်မူခြင်းကို၊ သို့မဟုတ် အသင့်အရှင်၏ လက္ခဏာတော်တစ်ပါးပါး ပေါ်လွင်ထင်ရှားလာ ခြင်းကို စောင့်ဆိုင်းနေကြသလော။ အသင့်အရှင်မြတ်၏ လက္ခဏာတော်များအနက် လက္ခဏာတော်တစ်ခုခု ရောက်လာသည့်နေ့တွင် သည့်အလျင်က ယုံကြည်ခြင်းမရှိခဲ့သူကို၊ သို့မဟုတ် မိမိ၏ယုံကြည်မှုတွင် ကောင်းမှုတစ်ခုခု မပြုကျင့်ခဲ့သူကို သူ၏ယုံကြည်မှုက အကျိုးပေးမည်မဟုတ်တော့ပေ။ အသင်ပြောကြားပါ။ အသင်တို့လည်း စောင့်ကြည့်နေကြ။ ငါတို့သည်လည်း စောင့်ကြည့်နေကြမည်။

၁၅၉။ မိမိတို့သာသနာတွင် လမ်းများရှာဖွေထုတ်ခဲ့ကြပြီး ဂိုဏ်းအသီးသီး ခွဲခဲ့သူများသည် သင်နှင့် ဘာမျှ မသက်ဆိုင်ပေ။ သူတို့ကိစ္စသည် အလ္လာဟ်နှင့်သာ ဆိုင်ပေသည်။ တစ်ဖန် အလ္လာဟ်သည်သာ သူတို့ကို သူတို့လုပ်ခဲ့သည်များနှင့် စပ်လျဉ်း၍ သိစေတော်မူမည်။ **၁၆၀။** ကောင်းမှုယူဆောင်လာသူသည် ထိုကောင်းမှု၏ ဆယ်ဆရရှိမည်။ မကောင်းမှုယူလာသူသည် ထိုမကောင်းမှုနှင့်ညီမျှသော အစားကိုသာ ရရှိမည်။ သူတို့သည် မတရားပြုခြင်း ခံရမည်မဟုတ်ပေ။

၁၆၁။ အသင်ပြောကြားပါ။ စင်စစ်တွင် ငါ၏အရှင်သည် ငါ့ကို ဖြောင့်မတ်သောလမ်းဘက်သို့ ညွှန်ပြတော်မူခဲ့သည်။ ဖြောင့်မတ်သော အဗ်ရာဟီး၏ ဖြောင့်မတ်သော သာသနာဘက်သို့ ပြသခဲ့သည်။ သူသည် အလ္လာဟ်နှင့်အတူ အခြားအရာကို တွဲဖက်ကိုးကွယ်သူများထဲမှ မဟုတ်ခဲ့ပေ။ **၁၆၂။** အသင်ပြောကြားပါ။ ငါ၏စွဲလာသဆောက်တည်ခြင်း၊ ငါ၏စွန့်လွှတ်စတေးခြင်း၊ ငါ၏ရှင်သန်ခြင်း၊ ငါ၏ သေခြင်းတို့သည် လောကခပ်သိမ်း၏အရှင်မြတ် အလ္လာဟ်အတွက်သာ ဖြစ်သည်။ **၁၆၃။** ထိုအရှင်မြတ်တွင် မည်သည့် တွဲဖက်မှုမရှိပေ။ ငါသည် ထိုအတိုင်း ဆောင်ရွက်ရန် အမိန့်ပေးခြင်းခံရသည်။ ထို့ပြင် ငါသည် ဦးစွာပထမ အမိန့်နာခံသူဖြစ်ပေသည်။ **၁၆၄။** အသင်ပြောပါ။ အလ္လာဟ်သည် အရာရာတိုင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်ဖြစ်ပါလျက် ထိုအရှင့်အပြင် အခြားအရှင်တစ်ပါးပါးကို ငါရှာဖွေရမည်လော။ မည်သူမဆို သူပြုမူခဲ့သည်ကိုသာ ခံစားရပေမည်။ မည်သူမျှ အခြားသူ၏ ဝန်ကို ထမ်းရမည်မဟုတ်ပေ။ သင်တို့သည် မိမိတို့၏အရှင်မြတ်ထံသို့သာ ပြန်၍ သွားကြရပေမည်။ ပြီးနောက် သင်တို့ အချင်းချင်း ကွဲလွဲခဲ့သည်များကို ထိုအရှင်က သင်တို့အား ပြောပြတော်မူမည်။ **၁၆၅။** ထိုအရှင်မြတ်သည်ပင်လျှင်

သင်တို့ကို မြေပထဝီပေါ်တွင် ကိုယ်စားလှယ်များအဖြစ် သတ်မှတ်တော်မူခဲ့ပြီး တစ်ဦးကို နောက်တစ်ဦးထက် အဆင့်အတန်း သာပိုပေးတော်မူခဲ့သည်။ အကြောင်းမှာ ထိုသို့ ခွဲခြမ်းစိတ်ဖြာသော အရာများဖြင့် အသင်တို့ကို စမ်းသပ်ရန် အတွက် ဖြစ်သည်။ အမှန်ပင် အသင့်အရှင်မြတ်သည် အလျင်အမြန် အတုံ့အစား ပေးတော်မူမည့်အရှင် ဖြစ်ပေသည်။ ထို့ပြင် အရှင်မြတ်သည် အလွန်ခွင့် လွှတ်တော် မူသောအရှင်၊ အလွန်ကြင်နာသနား တော်မူသောအရှင် အမှန်ပင် ဖြစ်ပေသည်။

၇။ စူရပ်အန်ဗားဗ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလိဖ်၊ လာမ်၊ မီး၌၊ ရွား၌။ **၂။** ဤကျမ်းသည် အသင့်ထံသို့ ချပေး ခြင်းခံရသော ကျမ်းဖြစ်သည်။ ယင်းကျမ်းကြောင့် သင့်စိတ်သည် ကျပ်တည်းကြည်း မြောင်းခြင်း မဖြစ်လေနှင့်။ ယင်းကို အကြောင်းခံ၍ သင်သည် လူတို့ကို သတိပေး ခြိမ်းခြောက်ရန် ဖြစ်သည်။ ထို့ပြင် ယုံကြည်သူများအဖို့ ဆုံးမသြဝါဒလည်း ဖြစ် သည်။ **၃။** အသင်တို့၏အရှင်မြတ်ထံမှ အသင်တို့ထံသို့ ကျရောက်လာသောအရာ နောက်သို့ လိုက်ကြပါ။ ထိုအရှင်မြတ်မှအပ အခြားမိတ်ဆွေများနောက်သို့ မလိုက် ကြနှင့်။ သင်တို့သည် ဆုံးမသြဝါဒကို အနည်းငယ်သာ နာယူကြသည်။ **၄။** ငါအရှင် မြတ်သည် ရွာအဘယ်မျှလောက်ကို ဖျက်ဆီးခဲ့သနည်း။ ငါအရှင်မြတ်၏ ပြစ်ဒဏ် သည် ညအချိန်တွင် သို့မဟုတ် နေ့ခင်း၌ သူတို့ အနားယူနေချိန်တွင် သူတို့ထံ ရောက်ရှိလာခဲ့သည်။ **၅။** ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် သူတို့အပေါ် ကျရောက်ခဲ့ သည့်အချိန်တွင် သူတို့က ကျွန်တော်မျိုးတို့သည် တကယ်ပင် မတရားသူများ ဖြစ်ခဲ့ ကြသည်ဟူသော စကားထက် ပို၍ ဘာမျှ မပြောနိုင်ခဲ့ကြပေ။ **၆။** ငါအရှင်မြတ်သည် တမန်တော်စေလွှတ်ခြင်းခံခဲ့ရသောသူများကိုလည်း မုချ စစ်ဆေးမေးမြန်းတော်မူ မည်။ ထို့ပြင် တမန်တော်များကိုလည်း မုချ စစ်ဆေးမေးမြန်းတော်မူမည်။ **၇။** ထို့နောက် ငါအရှင်မြတ်သည် သူတို့ရှေ့တွင် အသိတော်ဖြင့် အားလုံးပြောပြတော် မူလိုက်မည်။ အကြောင်းမှာ ငါအရှင်မြတ်သည် မည်သည့်အခါမျှ သူတို့ထံမှ

ပျောက်ကွယ်နေခဲ့သည်မဟုတ်ပေ။ **၈။** ထိုနေ့တွင် အမှန်တရားတစ်ခုတည်းသာ အလေးချိန်စီးပေလိမ့်မည်။ ချိန်ခွင်အလေးစီးသူများသည် အောင်မြင်သူများ ဖြစ်ကြလိမ့်မည်။ **၉။** ချိန်ခွင်ပေါ်သူများသည် ကိုယ့်ကိုယ်ကိုယ် ဆုံးရှုံးမှုထဲ ကျရောက် စေလိုက်သူများ ဖြစ်သည်။ အကြောင်းမှာ သူတို့သည် ငါအရှင်မြတ်၏ လက္ခဏာ တော်များနှင့် စပ်လျဉ်း၍ မတရားပြုလေ့ရှိခဲ့ကြသည်။

၁၀။ ငါအရှင်မြတ်သည် အသင်တို့ကို မြေပထဝီတွင် နေရာပေးတော်မူ ခဲ့သည်။ ထိုမြေပထဝီတွင် အသင်တို့ အသက်မွေးဝမ်းကျောင်းနိုင်မည့်ပစ္စည်းများ ကို ငါအရှင်က စီစဉ်တော်မူခဲ့သည်။ သို့သော် သင်တို့သည် အနည်းငယ်သာ ကျေးဇူးတင်ကြသည်။ **၁၁။** ငါအရှင်မြတ်သည် သင်တို့အား ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် သင်တို့၏ ရုပ်ပုံကို ပြုလုပ်တော်မူခဲ့သည်။ ထို့နောက် သင်တို့သည် အာဒမ်ကို ဦးချကုန်ဟု ငါအရှင်က ကောင်းကင်တမန်များကို မိန့်တော်မူရာ ၎င်းတို့က ဦးချကြသည်။ သို့သော် အိဗ်လီးစ်သည် ဦးချသူများတွင် မပါဝင်ခဲ့ပေ။ **၁၂။** အလ္လာဟ်က မိန့်တော်မူသည်။ ငါသည် အသင့်ကို အမိန့်ပေးတော်မူခဲ့သည့် အချိန်တွင် အသင့်ကို ဘယ်အရာက ဦးချခြင်းမှ တားဆီးခဲ့သနည်း။ အိဗ်လီးစ်က ပြောသည်။ ကျွန်တော် သည် သူထက်ပိုမြတ်ပါသည်။ အရှင်မြတ်က ကျွန်တော့်ကို မီးဖြင့် ဖန်ဆင်းပြီး သူကိုမူ ရွံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ **၁၃။** အလ္လာဟ်က မိန့်တော်မူသည်။ ဤနေရာမှ ဆင်းလော့။ ဤနေရာတွင် အသင့်မှာ မာန်မာနထောင် ရန် အခွင့်မရှိပေ။ ထွက်သွားလော့။ သင်သည် သေးသိမ်သူများထဲမှ စင်စစ်တွင် ဖြစ်သည်။ **၁၄။** အိဗ်လီးစ်က ပြောသည်။ အားလုံးရှင်ပြန်ထရမည့်နေ့အထိ ကျွန်တော်မျိုးကို ဆိုင်းငံ့ထားပေးပါဦး။ **၁၅။** အလ္လာဟ်က မိန့်သည်။ သင့်ကို ဆိုင်းငံ့ထားပေးတော်မူလိုက်ပြီ။ **၁၆။** အိဗ်လီးစ်က ပြောသည်။ အရှင်မြတ်သည် ကျွန်တော်မျိုးကို လမ်းလွဲအောင်ပြုခဲ့သောကြောင့် ကျွန်တော်သည်လည်း သူတို့အတွက် အရှင်မြတ်၏ ဖြောင့်မတ်သောလမ်းတွင် ပိတ်ဆို့၍ မုချဖကန်ထိုင်နေမည်။ **၁၇။** ပြီးနောက် ကျွန်တော်သည် သူတို့၏ရှေ့မှ ရော၊ သူတို့၏နောက်မှရော၊ သူတို့၏ ယာဘက်မှရော၊ သူတို့၏ ဝဲဘက်မှရော သူတို့ထံ လာမည်။ အရှင်မြတ်သည် သူတို့ထဲမှ အများစုကို ကျေးဇူးသိတတ်သူများအဖြစ်နှင့် တွေ့ရမည်မဟုတ်ပေ။ **၁၈။** အလ္လာဟ်က မိန့်တော်မူသည်။ ဤနေရာမှ သေးသိမ်စွာ၊ အနှင်ခံရသူအဖြစ်နှင့်

ထွက်သွားလော့။ သူတို့ထဲမှ မည်သူမဆို သင့်လမ်းကို လိုက်ပါက ငါအရှင်သည် သင်တို့အားလုံးဖြင့် ငရဲဘုံကို ဖြည့်တော်မူမည်။

၁၉။ အို-အာဒမ်၊ သင်နှင့် သင့်ဇနီးသည် ဂျန္နသ်ဥယျာဉ်ထဲတွင် နေကြကုန်။ စားချင်သည့်နေရာမှ စားကြကုန်။ သို့သော် ဤအပင်အနားသို့ မကပ်ကြနှင့်။ မဟုတ်လျှင် သင်တို့နှစ်ဦးသည် မတရားကျူးလွန်သူများတွင် အပါအဝင် ဖြစ်သွားပေလိမ့်မည်။ **၂၀။** ထို့နောက် ရှိုင်သွန်သည် ဖုံးကွယ်၍ထားသော သူတို့နှစ်ဦး၏ အရှက်အင်္ဂါကို ပေါ်သွားစေရန်အတွက် ဖြားယောင်းလေသည်။ သူကပြောသည်။ အသင်တို့နှစ်ဦး၏ အရှင်မြတ်သည် အသင်တို့နှစ်ဦးကို ဤအပင်အနားသို့ မကပ်ခိုင်းရခြင်းမှာ သင်တို့နှစ်ဦးသည် ကောင်းကင်တမန်များ ဖြစ်မသွားရလေအောင် သို့မဟုတ် ထာဝရရှင်သန်သူများ ဖြစ်မသွားရလေအောင် ဖြစ်သည်။ **၂၁။** ကျွန်ုပ်သည် သင်တို့ နှစ်ဦးအတွက် တကယ်ကို စေတနာထားသူ ဖြစ်ပါသည်ဟု သူက ယင်းတို့နှစ်ဦးကို ကျိန်ဆို၍ ပြောလေသည်။ **၂၂။** သို့နှင့် သူသည် ယင်းတို့နှစ်ဦးကို လှည့်စား၍ တိမ်း ပါးစေခဲ့သည်။ သူတို့နှစ်ဦးသည် အပင်မှအသီးကို မြည်းလိုက်ရာ သူတို့၏ အရှက်အင်္ဂါများ ပေါ်သွားလေတော့သည်။ ထို့နောက် သူတို့နှစ်ဦးသည် ဥယျာဉ်ထဲမှ သစ်ရွက်များဖြင့် အရှက်ကို ဖုံးအုပ်ကြလေသည်။ သူတို့၏ အရှင်မြတ်က သူတို့ကို ဤသို့ ဟစ်ခေါ်၍ မိန့်ခဲ့သည်။ ထိုအပင်အနား မကပ်ရန် သင်တို့အား ငါအရှင် မတားထားသလော။ ထိုပြင် ရှိုင်သွန်သည် သင်တို့၏ ထင်ရှားသော ရန်သူဖြစ် သည်ဟုလည်း မပြောထားသလော။ **၂၃။** ၎င်းတို့က လျှောက်ထားကြသည်။ အို-ကျွန်တော်မျိုးတို့၏အရှင်မြတ်၊ ကျွန်တော်တို့သည် မိမိတို့ကိုယ်ကို မတရားပြုခဲ့ကြပါသည်။ အရှင်မြတ်က ကျွန်တော်တို့ကို ခွင့်လွှတ်တော်မမူဘူးဆိုလျှင်၊ သနားတော်မမူဘူးဆိုလျှင် ကျွန်တော်တို့သည် ဆုံရှုံးသူများ မှချဖြစ်သွားကြပေမည်။ **၂၄။** အလ္လာဟ်က မိန့်တော်မူသည်။ သင်တို့ ဆင်းသွားကြကုန်။ သင်တို့ အချင်းချင်းသည် ရန်သူဖြစ်ကြမည်။ ထိုပြင် မြေထဝီတွင် သင်တို့အဖို့ အချိန်ကာလ တစ်ခုထိ နေထိုင်စရာနှင့် အကျိုးခံစားစရာ ရှိပေမည်။ **၂၅။** အလ္လာဟ်က မိန့်တော်မူသည်။ သင်တို့သည် ဤမြေထဝီတွင် နေထိုင်ရပေမည်။ ဤတွင်ပင် သေဆုံးကြရပေမည်။ ထိုပြင် ဤမှပင် ပြန်၍ ရှင်သန်ထရပေမည်။

၂၆။ အို-အာဒမ်၏ သားသမီးအပေါင်းတို့၊ အသင်တို့၏ အရှက်အင်္ဂါကို

ဖုံးအုပ်ရန်နှင့် လှပတင့်တယ်စေရန်အတွက် ငါအရှင်သည် သင်တို့ပေါ်တွင် အဝတ်အစားကို ချပေးသနားတော်မူခဲ့သည်။ သက္ကဝါတရားတည်းဟူသောအဝတ်တန်ဆာသည် အကောင်းဆုံး ဖြစ်ပေသည်။ ဤသည် ၎င်းတို့ သတိသံဝေဂရယူရန်အတွက် အလ္လာဟ်၏လက္ခဏာတော်များ ဖြစ်ပေသည်။ **၂၇။** အို-အာဒမ်၏ သားသမီးအပေါင်းတို့၊ ရှိုင်သွာန်သည် သင်တို့၏မိဘနှစ်ပါးကို ဂျန္နသ်ဥယျာဉ်မှ ထုတ်ခဲ့သကဲ့သို့၊ အချင်းချင်းရှေ့တွင် အရှက်အင်္ကျီများ ပေါ်လွင်သွားအောင် လှည့်ဖြားခဲ့သကဲ့သို့ သင်တို့ကိုလည်း မလှည့်ဖြားမိစေနှင့်။ သူနှင့် သူ့မျိုးနွယ်သည် သင်တို့မမြင်ရသောနေရာမှ သင်တို့ကို မြင်နေကြသည်။ ငါအရှင်မြတ်သည် ရှိုင်သွာန်ကို မယုံကြည်သူများ၏ မိတ်ဆွေအဖြစ် ပြုတော်မူလိုက်သည်။

၂၈။ သူတို့သည် စပ်ဆုပ်ဖွယ်ရာ ကိစ္စတစ်ခုခုကို ပြုကြသောအခါ ငါတို့သည် ထိုအပေါ်တွင် ငါတို့၏ ဖအေဘိုးဘေးများကို တွေ့ခဲ့သည်၊ အလ္လာဟ်က ငါတို့ကို ဤအတိုင်း အမိန့်ပေးထားသည်ဟု ပြောကြသည်။ အသင်ပြောပါ။ အလ္လာဟ်သည် မကောင်းသောအလုပ်ကို မည်သည့်အခါမှ အမိန့်ပေးတော်မမူပေ။ အသင်တို့ မသိသောကိစ္စနှင့်ပတ်သက်၍ အလ္လာဟ်ကို လိမ်လည်လှုပ်ကြွပြောဆိုကြသလော။ **၂၉။** အသင်ပြောကြားပါ။ ငါ၏အရှင်သည် တရားမျှတမှုပြုရန် ငှဲ့ကို အမိန့်ပေးသည်။ ထို့ပြင် သင်တို့သည် စွလားသ်ဝတ်ပြုသည့် အချိန်တိုင်းတွင် မိမိတို့မျက်နှာများကို အလ္လာဟ်ဘက်သို့ လှည့်ကြကုန်။ ထို့ပြင် သာသနာကို ထိုအရှင်အတွက် သီးသန့်ပြု၍ ထိုအရှင်ကိုသာ ဟစ်ခေါ်တသကြကုန်။ အရှင်မြတ်က အသင်တို့ကို ပထမအကြိမ်က ဖန်ဆင်းခဲ့သလိုပင် ဒုတိယအကြိမ်တွင်လည်း အသင်တို့သည် ပြန်လည်ဖန်ဆင်းခြင်းခံရမည်။ **၃၀။** အုပ်စုတစ်စုကိုတော့ အရှင်မြတ်က လမ်းပြ တော်မူခဲ့သည်။ နောက်အုပ်စုတစ်စုပေါ်တွင်တော့ လမ်းလွဲခြင်းသည် အတည်ဖြစ်သွားခဲ့ပြီ။ သူတို့သည် အလ္လာဟ်ကို စွန့်၍ ရှိုင်သွာန်ကို မိတ်ဆွေဖွဲ့ခဲ့ကြသည်။ ပြီးနောက် ကိုယ့်ကိုယ်ကိုယ် လမ်းမှန်ပေါ်တွင် ရှိကြသည်ဟု သူတို့က ထင်မှတ်နေ ကြသည်။

၃၁။ အို-အာဒမ်၏ သားသမီးအပေါင်းတို့၊ စွလာသ်၏အချိန်တိုင်းတွင် မိမိတို့၏အဝတ်အစားများကို ဝတ်ဆင်ကြကုန်။ အသင်တို့သည် စားကြ၊ သောက်ကြကုန်။ အတိုင်းထက် လွန်ကဲခြင်းမပြုလုပ်ကြနှင့်။ အလ္လာဟ်သည် အတိုင်းထက်

လွန်ကဲသူများကို လုံးဂနှစ်သက်တော်မမူပေ။ **၃၂။** အသင်ပြောကြားပါ။ အလ္လာဟ်က မိမိ၏အစေတော်များအတွက် ထုတ်ဆောင်ပေးထားသော လှပတင့်တယ်မှုနှင့်၊ စားနပ်ရိက္ခာများမှ သန့်ပြန့်ကောင်းမွန်သည့် အစားအစာများကို မည်သူက ဟရာမ်ဟုတားမြစ်ပိတ်ပင်ပါသနည်း။ အသင်ပြောကြားပါ။ ဤအရာများသည် လောကီဘဝ၌လည်းယုံကြည်သူ(မုအ်မင်န်)တို့အဖို့ဖြစ်ပြီးကိယာမသ်ရှင်ပြန်ထရမည့်နေ့၌လည်း သူတို့အဖို့သာ သီးသန့်ဖြစ်လိမ့်မည်။ ဤသို့ပင် ငါအရှင်မြတ်သည် သိရှိလိုသူတို့အဖို့ အာယသ်တော်များကို ရှင်းလင်းပြတော်မူလေသည်။ **၃၃။** အသင်ပြောကြားပါ။ ကျွန်ုပ်အရှင်သည် စက်ဆုပ်ဖွယ်ရာကိစ္စများမှ ထင်ရှားသည်များကိုရော ဖုံးကွယ်နေသည်များကိုပါ၊ ပြစ်မှုဒုစရိုက်ကိုရော၊ မတရားသဖြင့် ညှဉ်းဆဲခြင်းကိုပါ၊ ထို့ပြင် အလ္လာဟ်ဘက်မှ မည်သည့်သက်သေသာဓက တစ်စုံတစ်ရာကိုမျှ ချပေးခဲ့ခြင်းမရှိသောအရာကို အသင်တို့သည် အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ခြင်းကိုရော၊ အသင်တို့သည် မိမိတို့မသိနားမလည်သောအကြောင်းများကို အလ္လာဟ်အပေါ် အသင်တို့လီဆယ်ပြောဆိုခြင်းတို့ကိုပါ ဟရာမ်အဖြစ် တားမြစ်တော်မူခဲ့သည်။

၃၄။ ထို့ပြင် အုပ်စုတိုင်းအဖို့ သတ်မှတ်ထားသော အချိန်ကာလတစ်ခုရှိသည်။ တစ်ဖန် ထိုသူတို့၏ အချိန်ကာလ ရောက်ရှိလာသောအခါတွင် သူတို့သည် တစ်ဒဂ််တစ်ခဏလေးပင်နောက်ဆုတ်နိုင်ကြမည်မဟုတ်။ ရှေ့တိုးနိုင်ကြမည်လည်း မဟုတ်ပေ။ **၃၅။** အို-အာဒမ်၏ သားသမီးအပေါင်းတို့၊ အကယ်၍ အသင်တို့ထံ အသင်တို့အနက် မှပင် ငါအရှင်၏ အာယသ်တော်များကို ရှင်းလင်း ပြောပြကြသော တမန်တော်များ အသင်တို့ထံ ရောက်လာကြသောအခါ ကြောက်ရွံ့ပြီး မိမိကိုယ်ကို ပြုပြင်လိုက်သူတို့အဖို့ မည်သည့် ကြောက်ရွံ့စိုးရိမ်မှုမျှ ရှိမည်မဟုတ်။ ထို့ပြင် သူတို့သည် မည်သည့်ပူဆွေးသောကမျှလည်း ဖြစ်ကြမည် မဟုတ်ပေ။ **၃၆။** ငါအရှင်၏ အာယသ်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြပြီး ထိုအာယသ်တော်များကို မောက်မာပြီး လက်မခံကြသည့်သူတို့သာလျှင် အပါယ်ငရဲသားများ ဖြစ်ကြသည်။ သူတို့သည် ယင်းထဲတွင် ထာဝရနေထိုင်ကြရမည်ဖြစ်သည်။ **၃၇။** တစ်ဖန်

အလ္လာဟ်အပေါ် လိမ်လည်လုပ်ကြံပြောဆိုသူ သို့မဟုတ် အရှင့်သက်သေ လက္ခဏာတော်များအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူထက်ပို၍ မတရားသောသူ မည်သူရှိပါဦးမည်နည်း။ ထိုသူတို့သည် သူတို့အဖို့ သတ်မှတ်ထားပြီးသော ဝေစုဝေပုံကို ရရှိကြမည်သာ ဖြစ်ပေသည်။ နောက်ဆုံးတွင် ငါအရှင်၏စေတမန်များသည် သူတို့၏ အသက်ဝိညာဉ်များနှုတ်သိမ်းရန် သူတို့ထံသို့ ရောက်ကြသောအခါ စေတမန်များက သူတို့အား မေးမြန်းကြပေမည်။ အလ္လာဟ်မှလွဲ၍ အသင်တို့ ဟစ်ခေါ်ခဲ့သော အရာများသည် အဘယ်မှာနည်း။ သူတို့က ထိုအရာများသည် ကျွန်ုပ်တို့ထံမှ ပျောက်ကွယ်သွားခဲ့ပေပြီဟု ပြောဆိုကြမည်။ ထို့ပြင် သူတို့သည် ငြင်းပယ်သူများဖြစ်ကြောင်းကို သူတို့ကိုယ်တိုင်ပင် သက်သေခံကြပေမည်။

၃၈။ အလ္လာဟ်က မိန့်ကြားမည်။ အသင်တို့သည် မိမိတို့အလျင် ရှိခဲ့ကြသော ဂျင်နမ်များ၊ လူသားအုပ်စုများနှင့်တကွ အပါယ်ငရဲသို့ ဝင်ရောက်ကြလေကုန်။ အုပ်စုတစ်ခုသည် ငရဲအတွင်းသို့ ဝင်ရောက်ရသည့်အခါ မိမိတို့နှင့် အသွင်တူ အုပ်စုအား ကျိန်ဆဲကြမည်ဖြစ်သည်။ နောက်ဆုံးတွင် ထိုငရဲ၌ အားလုံး စုရုံးသွားကြသောအခါ သူတို့အနက်မှ နောင်လာနောက်သားတို့က သူတို့၏ရှေးလူများနှင့် ပတ်သက်၍ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ဤသူတို့သည်ပင် ကျွန်တော်မျိုးတို့အား လမ်းလွဲအောင် ပြုခဲ့ကြပါသည်။ ထို့ကြောင့် သူတို့အား ငရဲမီး၏ ပြစ်ဒဏ်ကို နှစ်ဆပေးတော်မူပါဟု လျှောက်ထားကြမည်။ အလ္လာဟ်က မိန့်ကြားတော်မူမည်။ အားလုံး အတွက် နှစ်ဆဖြစ်မည်။ သို့သော် အသင်တို့ မသိရှိကြပေ။ **၃၉။** သူတို့အနက် ရှေးလူတို့က နောင်လာနောက်သားတို့ အား အသင်တို့သည် ငါတို့ထက် မည်သည့် သာပိုထူးမြတ်မှုမျှ မရှိခဲ့ပေ။ ထို့ကြောင့် အသင်တို့သည် မိမိတို့ ရှာဖွေပြုကျင့်ခဲ့သည်များကြောင့် ပြစ်ဒဏ်ကို မြည်းစမ်းကြကုန်ဟု ပြောကြမည်။

၄၀။ စင်စစ်တွင် ငါအရှင်၏ အာယသ်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြပြီး ထိုအာယသ်တော်များကို မောက်မာပြီး လက်မခံကြသူများအဖို့ ကောင်းကင်၏တံခါးများသည် ဖွင့်ထားခြင်းခံရမည်မဟုတ်။ ထို့ပြင် ကုလားအုတ်သည် အပ်ပေါက်တွင်းသို့ မဝင်နိုင်သမျှကာလပတ်လုံး သူတို့သည်လည်း သုခဘုံ

သို့ ဝင်ရောက်နိုင်ကြမည်မဟုတ်ပေ။ ငါအရှင်မြတ်သည် အပြစ်ကျူးလွန်သူတို့ကို ဤနည်းအတိုင်းပင် အစားပေးတော်မူလေသည်။ **၄၁။** ၎င်းတို့အတွက် ငရဲမီး၏ အိပ်ရာအခင်းရှိမည်။ ထို့ပြင် သူတို့အပေါ်၌ ထိုငရဲမီး၏ အဖုံးအအုပ်လည်း ရှိမည်။ ငါအရှင်သည် မတရားကျူးလွန်သူတို့ကို ဤနည်းအတိုင်းပင် အစားပေးတော်မူသည်။ **၄၂။** သို့သော် ယုံကြည်ကြပြီး ကောင်းမှုသီလများ ဆောက်တည်ကြသော သူများသည်သာလျှင်- ငါအရှင်မြတ်သည် မည်သူ့ကိုမဆို သူ၏အင်အားနှင့် အမျှသာ တာဝန်ပေးတော်မူသည်- သုခဘုံသားများ ဖြစ်ကြပေသည်။ သူတို့သည် ယင်းသုခဘုံ၌ အမြဲထာဝရ နေထိုင်စံမြန်းကြရမည် ဖြစ်သည်။ **၄၃။** ထို့ပြင် သူတို့၏ ရင်ဘတ်များအတွင်းရှိ ရန်ငြိုးရန်စကို ငါအရှင်သည် ထုတ်ပစ်တော်မူမည်။ သူတို့၏ အောက်ခြေတွင် စီးတွေလျက်ရှိသည့် စမ်းရေချောင်းများ ရှိပေမည်။ သူတို့က ဤသို့ ပြောဆိုကြပေမည်။ ချီးမွမ်းခြင်းဟူသရွေ့တို့သည် ကျွန်ုပ်တို့အား ဤနေရာသို့ ပို့ဆောင်တော်မူသည့် အလ္လာဟ်အဖို့သာ ဖြစ်သည်။ အကယ်၍ အလ္လာဟ်သည် ကျွန်ုပ်တို့အား လမ်းမပြခဲ့ပါလျှင် ကျွန်ုပ်တို့သည် လုံးဝ လမ်းမှန်ရကြမည် မဟုတ်ပေ။ ကျွန်ုပ်တို့၏အရှင်မြတ်၏ တမန်တော်များသည် အမှန်တရားကို ယူဆောင်လာခဲ့ကြသည်။ ထို့နောက် သူတို့သည် ဤသို့ အသံပြုခြင်းခံကြရမည်။ ဤဂျန္နသ်သုခဘုံသည် အသင်တို့ပြုခဲ့ကြသည့် ကောင်းမှုသီလများကြောင့် သင်တို့ အမွေရခဲ့ကြသော သုခဘုံဖြစ်သည်။

၄၄။ သုခဘုံသားတို့က ငရဲသားတို့အား (ဤသို့)ဟစ်ခေါ်ပြောကြပေမည်။ ငါတို့၏အရှင်က ငါတို့ကို ပြုခဲ့သော ကတိတော်ကို ငါတို့သည် အမှန်ပင် တွေ့ရှိကြခဲ့ပေပြီ။ သင်တို့၏အရှင်က သင်တို့ကို ပြုခဲ့သော ကတိတော်မှန်ကန်ကြောင်းကို အသင်တို့ရော တွေ့ရှိကြပါသလော။ ထိုအခါ ၎င်းတို့က ဟုတ်ကဲ့ဟု ဖြေကြားကြပေမည်။ ထို့နောက် ကြေညာသူတစ်ဦးက ၎င်းတို့၏စပ်ကြားတွင် ဤသို့ ကြေညာမည်။ မတရားကျူးလွန်သူတို့သည် အလ္လာဟ်၏ ကရုဏာတော်မှ ကင်းဝေးကြပါစေသား။ **၄၅။** ထိုမတရားကျူးလွန်သူတို့သည် အလ္လာဟ်လမ်းတော်မှ တားမြစ်ပိတ်ပင်ခဲ့ကြသည့်ပြင် ယင်းလမ်း၌ အကွေ့ အကောက်ကို ရှာဖွေစူးစမ်း

ခဲ့ကြ၏။ ထို့ပြင် သူတို့သည် နောင်တမလွန်ဘဝကို ငြင်းပယ်သူများလည်း ဖြစ်ကြ၏။

၄၆။ ယင်းသုခဘုံနှင့် ငရဲဘုံတို့နှစ်ခုကြားတွင် အကာအရံတစ်ခု ရှိပေမည်။ ထို့ပြင် အအ်ရာဖ်-အမြင့်အပေါ်၌လည်း လူတချို့ ရှိနေကြမည်။ သူတို့သည် အားလုံးတို့ကို ၎င်းတို့၏ အမှတ်အသားများဖြင့် သိရှိမှတ်မိကြပေမည်။ သူတို့က သုခဘုံသားများကို အသင်တို့အပေါ် ငြိမ်းချမ်းသာယာမှုသက်ရောက်ပါစေဟု ဟစ်အော်ပြောဆိုကြပေမည်။ သူတို့သည် ယခုတိုင် သုခဘုံသို့ မဝင်ရောက်ကြရသေးပေ။ သို့သော်လည်း သူတို့သည် မျှော်လင့်တောင့်တလျက် ရှိကြပေလိမ့်မည်။

၄၇။ တစ်ဖန် သူတို့၏ အလျှများသည် အပါယ်ငရဲသားများဘက်သို့ လှည့်ခြင်းခံရသောအခါ သူတို့က ပြောကြမည်။ အို- ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ကို မတရားကျူးလွန်သူများထဲတွင် မထည့်သွင်းပါနှင့်။ **၄၈။** ထို့ပြင် အမြင့်နေရာများတွင်ရှိသူတို့က အချို့သောသူများအား -၎င်းတို့၏ အမှတ်အသားဖြင့် မှတ်မိသိရှိကြပြီး အသင်တို့၏ အသင်းအဖွဲ့နှင့် အသင်တို့၏မာန်မာနထောင်လွှား ခဲ့ခြင်းသည် အသင်တို့အဖို့ အသုံးမဝင်ဖြစ်သွားခဲ့ပေပြီဟု ပြောဆို ကြပေမည်။ **၄၉။** ဤသူများမှာ အလ္လာဟ်၏ကရုဏာသည် သူတို့အပေါ် ဘယ်တော့မှ ရောက်ရှိမည်မဟုတ်ဟု အသင်တို့ ကျိန်ပြောခဲ့ကြသည် မဟုတ်ပါလော။ (ယခုမူ သူတို့သည် ဤသို့ အမိန့်ပေးခြင်းခံရလေပြီ) သင်တို့သည် သုခဘုံသို့ ဝင်ရောက်ကြလေကုန်။ သင်တို့ပေါ်တွင် မည်သည့်ကြောက်ရွံ့စိုးရိမ်မှုမျှ ရှိမည်မဟုတ်သည့်အပြင် သင်တို့သည် မည်သည့်ပူဆွေးသောကမျှလည်း ဖြစ်ကြမည် မဟုတ်ပေ။

၅၀။ ထို့နောက် အပါယ်ငရဲသားတို့သည် သုခဘုံသားများအား ဟစ်အော်၍ ကျွန်တော်တို့ကို ရေအနည်းငယ်၊ သို့မဟုတ် အလ္လာဟ်က အသင်တို့အား ချီးမြှင့်သောစားနပ်ရိက္ခာ အနည်းငယ်ကို ပေးသနားကြပါဟု တောင်းဆိုကြပေမည်။ ထိုအခါ သူတို့က အလ္လာဟ်သည် ဤနှစ်မျိုးစလုံးကို အမှန်တရားကို ငြင်းပယ်သူတို့အပေါ်တွင် တားမြစ်ပိတ်ပင်ထားတော်မူသည်ဟု ဖြေကြားကြပေမည်။ **၅၁။** ယင်းငြင်းပယ်သူတို့သည် မိမိတို့၏ သာသနာကို ကစားစရာနှင့် စိတ်

ဖျော်ဖြေစရာအဖြစ် ပြုလုပ်ခဲ့ကြ၏။ ထို့ပြင် လောကီဘဝသည် သူတို့အား လှည့်စား မှုတွင် ထည့်ထားခဲ့ပေသည်။ သို့ဖြစ်ရာ သူတို့သည် ဤနေ့နှင့် တွေ့ဆုံကြရမည်ကို မမျှော်လင့်ထားခဲ့ကြသကဲ့သို့၊ ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များကိုး ငြင်းပယ်ခဲ့ကြသကဲ့သို့ ငါအရှင်သည်လည်း ယနေ့တွင် သူတို့အား မမျှော်လင့်ထား တော်မူပေမည်။

၅၂။ ငါအရှင်သည် သူတို့ထံသို့ ဤသို့သော ကျမ်းစာတစ်စောင်ကို ယူဆောင်လာတော်မူခဲ့သည်။ ယင်းကျမ်းကို ငါအရှင်သည် အသိအပေါ် အခြေပြု ကာ အသေးစိတ် ရှင်းလင်းတင်ပြထားတော်မူ၏။ ယုံကြည်သူတို့အဖို့ တရားလမ်း ညွှန်နှင့် ကရုဏာတော်ပင် ဖြစ်သည်။ **၅၃။** သူတို့သည် ယင်းကျမ်း၏ အကြောင်းအ ရာ ပေါ်လွင်ထင်ရှားလာမည်ကိုသာ စောင့်ဆိုင်းနေကြသလော။ ယင်းကျမ်း၏ အကြောင်းအရာ ပေါ်လွင်ထင်ရှားသောနေ့တွင် ထိုကျမ်းကို ယခင်က မမျှော် လျက်ရှိခဲ့ကြသူတို့က (ဤသို့)ပြောကြမည်။ ကျွန်ုပ်တို့ထံ ကျွန်ုပ်တို့အရှင်၏ တမန် တော်များသည် အမှန်တရားနှင့်အတူ မုချရောက်လာခဲ့ကြပေသည်။ သို့ဖြစ်ရာ ယခု ကျွန်ုပ်တို့အတွက် ကြားဝင်လျှောက် ထားပေးမည့်သူများရှိပါလျှင် ကျွန်ုပ်တို့အဖို့ ကြားဝင်လျှောက်ထားပေးပါလေ။ သို့တည်းမဟုတ် ကျွန်ုပ်တို့အား တစ်ဖန်ပြန်လည် ၍ ပို့ဆောင်ခြင်းခံရပါလျှင် ကျွန်ုပ်တို့သည် မိမိတို့ပြုလုပ်ခဲ့ကြသည့် လုပ်ရပ်များနှင့် မတူသော ကျင့်ဆောင်မှုများကို ပြုလုပ်ကြပေမည်။ စင်စစ်တွင် သူတို့သည် မိမိတို့ကိုယ်ကို ဆုံးရှုံးနစ်နာအောင် လုပ်ခဲ့ကြခြင်း ဖြစ်သည်။ ထို့ပြင် သူတို့ လုပ်ကြံ လိမ်ဆယ်ခဲ့သည့်အရာများသည်လည်း သူတို့ထံမှ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်လေ သည်။

၅၄။ ဇကန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် သည် အလွန်ပင် ဖြစ်သည်။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေ ပထဝီကို ခြောက်ရက်တွင် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် အရှိရှိပလွင်တော်ပေါ်၌ စံမြန်းတော်မူခဲ့သည်။ အရှင်မြတ်သည် ညကို နေ့အပေါ် ဖုံးအုပ်တော်မူလေသည်။ နေ့သည် ၎င်းည၏နောက်မှ လျင်မြန်စွာ ရောက်ရှိလာ

သည်။ ၎င်းပြင် အရှင်မြတ်သည် နေ၊ လနှင့် ကြယ်တာရာအားလုံးတို့ကို မိမိ၏ အမိန့်ကိုနာခံသူများအဖြစ် ဖန်ဆင်းခဲ့သည်။ ဖန်ဆင်းခြင်းနှင့် အမိန့်ပြဋ္ဌာန်းခြင်းတို့ကို အရှင်မြတ်သာလျှင် စိုးပိုင်သည်ကို ကောင်းစွာမှတ်သားကြကုန်။ စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အလွန်ဘ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပေသည်။ **၅၅။** အသင်တို့သည် မိမိတို့၏ဖန်ဆင်းမွေးမြူရှင်ကို ကျိုးနွံဝပ်တွားစွာနှင့် တီးတိုးစွာ ဟစ်ခေါ်တသကြပါ။ အရှင်မြတ်သည် စည်းဘောင်ကျော်လွန် သူတို့အား လုံးဝနှစ်သက်တော်မမူပေ။ **၅၆။** ၎င်းပြင် ကမ္ဘာမြေပြင်ကို ကောင်းမွန်တည့်မတ်အောင် ပြုလုပ်ပြီးနောက်မှ ဖျက်လိုဖျက်ဆီး မပြုလုပ်ကြနှင့်။ ထိုအရှင်မြတ်ကို ကြောက်ရွံ့လျက် မျှော်လင့်လျက် ဟစ်ခေါ်ကြပါ။ အလ္လာဟ်၏ ကရုဏာသည် ကောင်းမှုပြုသူတို့နှင့် မုချဇကန်နီးကပ်လျက်ရှိပေသည်။

၅၇။ ထို့ပြင် အရှင်မြတ်သည်သာလျှင် မိမိ၏ကရုဏာတော်၏ရှေ့ပြေးသတင်းကောင်းအဖြစ် လေများကို စေလွှတ်တော်မူသောအရှင် ဖြစ်သည်။ တစ်ဖန် ယင်းလေသည် လေးလံသော တိမ်တိုက်များကို သယ်ဆောင်လာသောအခါ ငါအရှင်မြတ်သည် ယင်းမိုးတိမ်များကို ခြောက်သွေ့လျက်ရှိသော မြို့ရွာဒေသဘက်သို့ မောင်းနှင်တော်မူသည်။ ထို့နောက် ငါအရှင်သည် ယင်းမိုးတိမ်မှ ရေကို ရွာသွန်းချပေးတော်မူ၏။ ထို့နောက် တစ်ဖန် ငါအရှင်သည် ထိုရေဖြင့် အမျိုးမျိုးသော သစ်သီးဝလံတို့ကို ပေါက်ရောက်စေတော်မူသည်။ ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် သူသေများကို ထွက်စေတော်မူမည်။ သို့ဖြစ်ရာ သင်တို့ စဉ်းစားဆင်ခြင်ကြမည်ဟု မျှော်လင့်သည်။ **၅၈။** သန့်ရှင်းသော မြေဟူသည် ယင်း၏ အပင်တို့သည် မိမိ၏ ဖန်ဆန်းမွေးမြူရှင်၏ အမိန့်တော်ဖြင့် ကောင်းစွာ ထွက်ပေါ်ပေသည်။ မသန့်ရှင်းသော မြေမှာမူ ယင်း၏အပင်တို့သည် အနည်းငယ်သာ ဖြစ်ထွန်းသည်။ ဤသို့ပင် ငါအရှင်သည် ကျေးဇူးသိတတ်သောသူတို့အဖို့ မိမိ၏သက်သေလက္ခဏာများကို အနည်းနည်းအဖုံဖုံ ရှင်းပြတော်မူသည်။

၅၉။ ငါအရှင်သည် နူဟ်ကို သူ၏ အမျိုးသားများထံ စေလွှတ်တော်မူခဲ့သည်။ နူဟ်က အို-ငါ၏ အမျိုးသားတို့၊ အလ္လာဟ်အား ခဝပ်ကိုးကွယ်ကြပါ။ အရှင်

မြတ်မှလွဲ၍ အသင်တို့အဖို့ အခြားကိုးကွယ်ရာအရှင် အလျှင်းမရှိပေ။ ငါသည် အသင်တို့အတွက် အလွန်ကြီးကျယ်သောနေ့၏ ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်ပါသည်ဟု ပြောလေသည်။ **၆၀။** သူ၏ အမျိုးသားတို့အနက် အကြီးအကဲများက သင်သည် ထင်ရှားသောလမ်းမှားမှုအတွင်း ဆိုက်ရောက်နေပြီဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရပါသည်ဟု ပြောကြ၏။ **၆၁။** နူဟ်က ပြောသည်။ အို- ငါ၏ အမျိုးသားတို့၊ ငါသည် မည်သည့်လမ်းလွဲမှုတွင်မှ ဆိုက်ရောက်နေသည်မဟုတ်ပါ။ ငါသည် လောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံမှ စေလွှတ်ခြင်းခံရသော စေတမန်တစ်ပါး ဖြစ်သည်။ **၆၂။** ငါ၏အရှင်၏ သတင်းစကားများကို အသင်တို့ထံ ပို့ဆောင်နေခြင်း ဖြစ်သည်။ ထို့ပြင် အသင်တို့၏ ကောင်းကျိုးကို လိုလားသူ ဖြစ်သည်။ ထို့ပြင် ငါသည် အလွှာဟ်ဘက်တော်မှ အသင်တို့ မသိသော အရာများကို သိရှိပါသည်။ **၆၃။** အသင်တို့အား သတိပေးနှိုးဆော်ရန်နှင့်၊ ပြစ်မှုဒုစရိုက်များမှ သင်တို့ ကြဉ်ရှောင်ကြရန် ထို့ပြင် အသင်တို့သည် ကရုဏာတော်ကို ခံစားနိုင်ကြရန် အလို့ငှာ အသင်တို့၏ အရှင်မြတ်ထံတော်မှ ဆုံးမဩဝါဒတော်သည် သင်တို့ထဲက လူတစ်ဦးမှတစ်ဆင့် အသင်တို့ထံ ရောက်ရှိလာသည်ကိုပင် သင်တို့ အံ့ဩကြပါသလော။ **၆၄။** သို့သော်လည်း သူတို့သည် ၎င်းအား ငြင်းပယ် ခဲ့ကြရာ ငါအရှင်သည် နူဟ်နှင့် လေ့ပေါ်တွင်ပါရှိသော ၎င်း၏ အပေါင်းအပါတို့ကို ကယ်တင်တော်မူခဲ့သည်။ ငါအရှင်၏သက်သေလက္ခဏာများအား ငြင်းပယ်သူ တို့ကိုမူ နစ်မြုပ်စေတော်မူခဲ့သည်။ အမှန်စင်စစ်တွင် ၎င်းတို့သည် မျက်ကန်းများဖြစ်ခဲ့ကြပေသည်။

၆၅။ ထို့ပြင် အာဒ်အမျိုးသားများထံသို့ သူတို့၏ညီအစ်ကို ဟူဒ်ကို (ငါအရှင်)စေလွှတ်ခဲ့လေသည်။ ၎င်းက အို- ငါ၏အမျိုးသားတို့၊ အလ္လာဟ်ကိုသာ ခဝပ်ကိုး ကွယ်ကြပါ။ အရှင်မြတ်မှလွဲ၍ သင်တို့အဖို့ အခြားခဝပ်ကိုးကွယ်ရာအရှင် အလျှင်း မရှိပေရာ အသင်တို့သည် မကြောက်ရွံ့ကြသလောဟု ပြောခဲ့သည်။ **၆၆။** သူ၏ အမျိုးသားများအနက် အမှန်တရားကို ငြင်းပယ်ကြသော အကြီးအကဲတို့က ပြောကြသည်။ အမှန်စင်စစ် အသင်သည် အသိဉာဏ်နည်းပါးမှုတွင် ဆိုက်ရောက်

နေသည်ကို ကျွန်ုပ်တို့ တွေ့မြင်ကြပါသည်။ အသင်သည် လိမ်လည်ပြောဆိုသူများ တွင်ပါဝင်ကြောင်း ကျွန်ုပ်တို့ မုချ ယူဆကြသည်။ **၆၇။** သူက ပြောသည်။ အိုဝါ၏အမျိုးသားတို့၊ ငါ့တွင် မည်သည့်အသိဉာဏ်နည်းပါးမှုမျှ မရှိ။ အမှန်စင်စစ် ငါသည် လောကအပေါင်း ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံရသော တမန်တော်ပင် ဖြစ်သည်။ **၆၈။** ငါ့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ သတင်းစကားများကို အသင်တို့ထံ ပို့ဆောင်နေခြင်း ဖြစ်ပါသည်။ ထို့ပြင် ငါသည် အသင်တို့၏ ကောင်းကျိုးကို လိုလားသူ၊ ယုံကြည်စိတ်ချရသူလည်း ဖြစ်သည်။ **၆၉။** အသင်တို့သည် အသင်တို့၏အရှင်ထံတော်မှ သွန်သင် ဆုံးမချက် တစ်ရပ်သည် အသင်တို့ထဲမှ လူတစ်ဦး၏ အကြောင်းခံဖြင့် အသင်တို့အား သတိပေးနှိုးဆော်ရန် အသင်တို့ထံ ရောက်ရှိလာသည်ကို အံ့အားသင့်ကြပါသလော။ အသင်တို့ သတိရကြလေကုန်၊ တစ်ခါတွင် အရှင်မြတ်သည် နုဟ်၏ အမျိုးသားများနောက်တွင် အသင်တို့အား သူတို့၏အရိုက်အရာ ဆက်ခံသူများအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အသင်တို့အား ခန္ဓာကိုယ်အနေအထားအင်အားတွင် များစွာ တိုးပွားစေတော်မူခဲ့သည်။ သို့ဖြစ်ရာ အလ္လာဟ်၏ ကျေးဇူးတရားများကို သတိရကြကုန်။ သို့မှသာ အသင်တို့ အောင်မြင်ကြပေမည်။

၇၀။ ဟူဒ်၏ အမျိုးသားတို့က ပြောကြသည်။ ကျွန်ုပ်တို့သည် အလ္လာဟ် တစ်ပါးတည်းကိုသာ ကိုးကွယ်ပြီး ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ ကိုးကွယ်ခဲ့ကြသည့်အရာများကို စွန့်လွှတ်ရန်အတွက် အသင်သည် ကျွန်ုပ်တို့ထံ လာခဲ့ပါသလော။ သို့ဆိုလျှင် အကယ်၍ အသင်သည် မှန်ကန်သူတစ်ဦးဖြစ်ပါလျှင် အသင်ခြိမ်းခြောက်လေ့ရှိသောပြစ်ဒဏ်ကို ယူဆောင်လာခဲ့ပါ။ **၇၁။** ဟူဒ်က ပြောသည်။ အသင်တို့၏အရှင်ထံမှ ပြစ်ဒဏ်နှင့် အမျက်တော်သည် အသင်တို့အပေါ် ကျရောက်ခဲ့ပြီး ဖြစ်သည်။ အသင်တို့နှင့် အသင်တို့၏ ဘိုးဘေးတို့ မည်သို့ခေါ်ခဲ့ကြသော အမည်နာမများနှင့် စပ်လျဉ်း၍ အသင်တို့သည် ကျွန်ုပ်အား အငြင်းအခုံပြု ကြပါသလော။ စင်စစ်တွင် အလ္လာဟ်သည် ထိုအရာတို့နှင့် ပတ်သက်၍ မည်သည့် သက်သေအထောက်အထားကိုမျှ ပို့ချခဲ့ခြင်း မရှိပေ။ သို့ဖြစ်ရာ အသင်တို့သည်

စောင့်ဆိုင်းလျက် ရှိကြကုန်။ ငါသည်လည်း အသင်တို့နှင့်အတူ စောင့်ဆိုင်းနေမည်။ **၇၂။** သို့ဖြစ်ရာ ငါအရှင်မြတ်သည် ဟူဒကိုရော သူနှင့် အတူရှိခဲ့သူများကိုပါ မိမိ၏ ကရုဏာတော်ဖြင့် ကယ်တင်တော်မူခဲ့ပြီး ငါအရှင်၏သက်သေလက္ခဏာများကို ငြင်းပယ်သူတို့ကို အမြစ်မှ ဖြတ်တောက်ပစ်တော်မူခဲ့သည်။ သူတို့သည် ယုံကြည်သူများ မဟုတ်ခဲ့ကြပေ။

၇၃။ ငါအရှင်သည် ဆမူဒမျိုးနွယ်ဝင်တို့ထံသို့ သူတို့၏ နောင်တော် စွာလေ့ဟ်ကို စေလွှတ်ခဲ့သည်။ သူက ပြောကြားသည်။ အိ-ငါ၏ အမျိုးသားတို့၊ အလ္လာဟ်ကိုသာ ခဝပ်ကိုးကွယ်ကြလေကုန်။ အသင်တို့အဖို့ ထိုအရှင်မှ လွဲ၍ အခြား ကိုးကွယ်ရာအရှင် အလျှင်းမရှိပေ။ အသင်တို့ထံသို့ အသင်တို့ကို ဖန်ဆင်း မွေးမြူတော်မူသော အရှင်ထံမှ ပေါ်လွင်ထင်ရှားသော သက်သေလက္ခဏာတစ်ရပ် ရောက်ရှိလာခဲ့ပေပြီ။ ဤသည် အလ္လာဟ်၏ ကုလားအုတ်မဖြစ်ပြီး အသင်တို့အဖို့ လက္ခဏာတစ်ရပ် ဖြစ်သည်။ သို့ဖြစ်ရာ ၎င်းကို အလ္လာဟ်မြေတွင် စားသောက်နိုင်ရန် လွှတ်ထားကြပါ။ ၎င်းကို မည်သို့သော ဒုက္ခမျှ မသက်ရောက်စေနှင့်။ သို့မဟုတ်က နာကျင်ဖွယ် ပြစ်ဒဏ်တစ်ရပ်သည် အသင်တို့အား ဖမ်းဆီးပေလိမ့်မည်။ **၇၄။** ထို့ပြင် သတိရကြလေကုန်။ တစ်ခါတွင် အရှင်မြတ်သည် အသင်တို့ကို အားဒ်လူမျိုး များနောက်တွင် ဆက်ခံသူများအဖြစ် ပြုလုပ်ခဲ့သည်။ ထို့ပြင် အသင်တို့အား ကမ္ဘာ မြေတွင် နေရာချ ထားပေးတော်မူခဲ့သည်။ အသင်တို့သည် ၎င်းမြေ၏ လွင်ပြင်များ တွင် တိုက်တာများ တည်ဆောက်ခဲ့ကြပြီး တောင်များကို ဖောက်ထွင်းကာ နေအိမ် များပြုလုပ်ခဲ့ကြသည်။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်၏ ကျေးဇူးတော်များကို သတိရကြလေကုန်။ ကမ္ဘာမြေတွင် ဖျက်လိုဖျက်ဆီးလုပ်သူများအဖြစ် မသောင်း ကျန်းကြလေနှင့်။

၇၅။ ထိုစွာလေ့ဟ်၏အမျိုးသားများအနက် မောက်မာပလွှားသော အကြီးအကဲတို့က အားနည်းသူများဟု ယူဆခံရသော ယုံကြည်သူတို့အား ပြောကြ သည်။ စွာလေ့ဟ်သည် သူ့အရှင်ထံမှ စေလွှတ်ခံရသော တမန်တော်ဖြစ်ကြောင်းကို အသင်တို့ ယုံကြည်ကြပါသလော။ သူတို့က ကျွန်ုပ်တို့သည် သူယူဆောင်လာခဲ့သော

အရာအပေါ် ယုံကြည်ကြပါသည်ဟု ဖြေကြားကြလေသည်။ **၇၆။** မောက်မာပလွှား သူတို့ကမူ ငါတို့သည် အသင်တို့ယုံကြည်ကြသည့်အရာကို ငြင်းပယ်သူများ ဖြစ်ကြသည်ဟု ပြောဆိုကြသည်။ **၇၇။** သို့နှင့် သူတို့သည် ကုလားအုတ်မကို ဖြတ်တောက်ပစ်ခဲ့ကြလေသည်။ သူတို့သည် မိမိတို့အရှင်၏အမိန့်တော်ကို ပုန်ကန်ဖီဆန်ခဲ့ကြလေသည်။ ထို့ပြင် သူတို့က အို-စွာလေ့ဟ်၊ အကယ်၍ အသင် သည် တမန်တော်ဖြစ်ပါမူ အသင် ကျွန်ုပ်တို့အား သတိပေးခြိမ်းခြောက်လေ့ရှိသည့်ပြစ်ဒဏ်ကို ကျွန်ုပ်တို့အပေါ် ယူဆောင်လာပါဟု ပြောဆိုကြသည်။ **၇၈။** သို့ဖြစ်ရာ သူတို့အား မြေငလျင်သည် ဖမ်းဆီးကွက်မျက်ခဲ့လေသည်။ သူတို့သည် မိမိတို့၏ နေအိမ်များတွင် မှောက်လျက်သား ဖြစ်သွားခဲ့ကြလေတော့သည်။ **၇၉။** သို့ဖြစ်ရာ စွာလေ့ဟ်သည် ဤသို့ ပြောလျက် သူတို့ထံမှ ထွက်လာခဲ့သည်။ အို- ငါ၏အမျိုးသားတို့၊ ငါသည် ငါ့အရှင်၏ သတင်းစကားများကို အသင်တို့ထံ ပို့ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ငါသည် အသင်တို့၏ ကောင်းကျိုးကို လိုလားခဲ့သည်။ သို့သော်လည်း အသင်တို့သည် ကောင်းကျိုးလိုလားသူများကို မနှစ်သက်ခဲ့ကြပေ။ **၈၀။**ထို့နောက် ငါအရှင်သည် လူးသွ်ကို စေလွှတ်တော်မူခဲ့သည်။ တစ်ခါတွင် သူက မိမိ၏ အမျိုးသားတို့အား ပြောကြားသည်။ လောကတစ်ခုလုံးတွင် အသင်တို့ အလျင် မည်သူကမျှ မပြုကျင့်ခဲ့သည့် အရှက်ကင်းမဲ့သောကိစ္စကို အသင်တို့ ပြုကျင့်ကြပါသလော။ **၈၁။** အသင်တို့သည် မိန်းမများကိုစွန့်၍ ယောကျ်ားများထံမှ ကာမဂုဏ်ကို ခံစားကြလေသည်။ ထိုမျှမက အသင်တို့သည် စည်းဘောင်ကျူးလွန်သူများပင် ဖြစ်ကြသည်။ **၈၂။** သူ့အမျိုးသားတို့၏ အဖြေမှာ ဤသည်မှလွဲ၍ အခြား မဟုတ်ခဲ့ပေ။ သူတို့ကို အသင်တို့၏ ရပ်ရွာမှ နှင်ထုတ်ကြကုန်။ သူတို့သည် အလွန်သန့်ရှင်းစင်ကြယ်နေကြသည်။ **၈၃။** သို့ဖြစ်ရာ ငါအရှင်သည် လူးသွ်၏ဇနီးမှအပ လူးသွ်နှင့် သူ၏ ကျန်မိသားစုကို ကယ်တင်တော်မူခဲ့သည်။ သူ၏ဇနီးကမူ နောက်ကျန်ရစ်သူများတွင် ပါဝင်ခဲ့သည်။ **၈၄။** ထို့ပြင် ငါအရှင်သည် ၎င်းတို့အပေါ် ကျောက်ခဲမိုးများ ရွာသွန်းစေခဲ့သည်။ သို့ဖြစ်ရာ အပြစ်ကျူးလွန်သူတို့၏ ရလဒ်မည် သို့ရှိသည်ကို ကြည့်ရှုပါ။

၈၅။ ထို့နောက် ငါအရှင်မြတ်သည် မဒ်ယန်မြို့သားများထံ သူတို့၏ ညီအစ်ကို ရှိအိုင်ဗ်ကို စေလွှတ်ခဲ့သည်။ သူက ပြောကြားသည်။ အို-ငါ၏ အမျိုးသားတို့၊ အလ္လာဟ်ကိုသာ ခဝပ်ကိုးကွယ်ကြပါ။ အရှင်မြတ်မှလွဲ၍ အသင်တို့အတွက် အခြား ခဝပ်ကိုးကွယ်ရာအရှင် အလျှင်းမရှိပေ။ အသင်တို့၏အရှင်ထံမှ ပေါ်လွင်ထင်ရှားသော သက်သေလက္ခဏာများ ရောက်ရှိလာခဲ့ပေပြီ။ သို့ဖြစ်ရာ အခြင်အတွယ်နှင့် အချိန်အတွယ်ကို အပြည့်အဝပေးကြကုန်။ လူတို့အား သူတို့၏ ဥစ္စာပစ္စည်းများကို လျှော့မပေးကြနှင့်။ ကွမ္ဘာမြေတွင် အေးချမ်းသာယာမှုပြုပြီးသည့်နောက် ဖျက်လိုဖျက်ဆီးမှု မပြုလုပ်ကြနှင့်။ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြပါမူ ဤသည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်သည်။ **၈၆။** ထို့ပြင် အရှင်မြတ်ကို ယုံကြည်သူတို့အား ခြိမ်းခြောက်ရန်၊ အလ္လာဟ်၏လမ်းတော်မှ တားဆီးပိတ်ပင်ရန်နှင့် ထိုလမ်းတွင် ကွေ့ကောက်မှုကို ရှာဖွေရန်အတွက် လမ်းမတိုင်းတွင် မထိုင်ကြလေနှင့်။ ထို့ပြင် သတိရကြလေကုန်၊ တစ်ချိန်က အသင်တို့သည် အနည်းငယ်မျှသာ ရှိခဲ့ကြပြီး အရှင်မြတ်ကပင် အသင်တို့အား များပြားစေတော်မူခဲ့သည်။ အသင်တို့သည် ဖျက်လိုဖျက်ဆီးပြုသူတို့၏ ရလဒ်မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုကြကုန်။ **၈၇။** အကယ်၍ အသင် တို့အနက် အုပ်စုတစ်စုသည် ငါမှာကြားစေလွှတ်ခြင်းခံရသော အရာအပေါ် ယုံကြည်ကြပြီး အခြားအုပ်စုတစ်စုက ယုံကြည်မှုမရှိပါလျှင် ငါတို့ကြားတွင် အလ္လာဟ်က စီရင်ဆုံးဖြတ်ပေသည်အထိ သင်တို့ သည်းခံစောင့်ဆိုင်း၍သာနေကြပါလေ။ စင်စစ်တွင် အရှင်မြတ်သည် အကောင်းဆုံး စီရင်ဆုံးဖြတ်သူဖြစ်တော်မူ၏။

★ **၈၈။** သူ၏အမျိုးသားတို့အနက်မှ မောက်မာပလွှားကြသော အကြီးအကဲများက အို-ရှိအိုက်ဗ်၊ ငါတို့သည် အသင့်ကိုရော၊ အသင်နှင့်အတူ ယုံကြည်သူများကိုပါ ငါတို့ ၏မြို့ရွာမှ နှင်ထုတ်ပစ်ကြမည်၊ သို့မဟုတ် အသင်တို့သည် ငါတို့၏ သာသနာသို့ ပြန်လှည့်လာကြရမည်ဟု ပြောကြသည်။ ရှုအိုင်းဗ်က ဖြေကြားသည်။ ငါတို့ လုံးဝ မနှစ်မြို့လျှင်လည်း ပြန်လှည့်ကြရမည်လော။ **၈၉။** အလ္လာဟ်က ကျွန်ုပ်တို့အား သင်တို့၏သာသနာမှ ကယ်တင်တော်မူခဲ့ပြီးသည့်နောက်တွင် အကယ်၍

ကျွန်ုပ်တို့သည် ယင်းသာသနာထဲသို့ ပြန်လည်၍ သွားကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် အလွှာဟ်အား မဟုတ်မမှန် လုပ်ကြံပြောဆိုသူများသာ ဖြစ်သွားကြလိမ့်မည်။ ကျွန်ုပ်တို့၏အရှင်ဖြစ်သော အလွှာဟ်အလိုတော်ရှိမှသာ ကျွန်ုပ်တို့သည် ယင်းသို့ ပြန်လည်၍ သွားရန်မှာ ဖြစ်နိုင်ပေတော့မည်။ ကျွန်ုပ်တို့အရှင်သည် အရာအားလုံးအပေါ် ပညာဉာဏ်နှင့် လွှမ်းခြုံလျက် ရှိတော်မူသည်။ ကျွန်ုပ်တို့သည် အလွှာဟ်အပေါ်၌သာလျှင် ယုံပုံလွဲအပ်ကြပေသည်။ အို-ကျွန်တော်မျိုးတို့၏ အရှင်၊ ကျွန်တော်မျိုးတို့နှင့် ကျွန်တော်မျိုးတို့၏ အမျိုးသားတို့ အကြားတွင် မှန်ကန်စွာ စီရင်ဆုံးဖြတ်ပေးတော်မူပါ။ အရှင်မြတ်သည် အကောင်းဆုံး စီရင်ဆုံး ဖြတ်သူဖြစ်တော်မူသည်။ **၉၀။** အမျိုးသားတို့အနက်မှ မယုံကြည်သူ အကြီးအကဲများက အကယ်၍ အသင်တို့သည် ရှိအိုင်ဗ်၏ နောက်ကို လိုက်ကြပါမူ အသင်တို့သည် ဆုံးရှုံးနစ်နာသူများသာ ဖြစ်ကြပေလိမ့်မည်ဟု ပြောကြသည်။ **၉၁။** သို့ဖြင့် မြေငလျင်သည် သူတို့ကို ဖမ်းဆီးကွပ်မျက်လိုက်လေရာ သူတို့သည် မိမိတို့၏ နေအိမ်များတွင် မှောက်လျက်သား သေကြေပျက်စီးသွားကြလေတော့သည်။ **၉၂။** ရှိအိုင်ဗ်ကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြသောသူတို့သည် ယင်းမြို့ရွာဒေသတွင် မည်သည့်အခါကမျှ မနေခဲ့ဖူးသကဲ့သို့ ဖြစ်သွားခဲ့ကြပေသည်။ ရှိအိုင်ဗ်ကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြသော သူတို့သည် ဆုံးရှုံးသူများသာ ဖြစ်ခဲ့ကြသည်။ **၉၃။** ထိုအခါ သူသည် ၎င်းတို့ကို မျက်နှာလွှဲခဲ့ပြီး အို-ငါ၏ အမျိုးသားအပေါင်းတို့၊ စင်စစ်တွင် ငါသည် ဉ့ါအရှင်မြတ်၏ သတင်းစကားများကို အသင်တို့ထံ ပို့ချပေးခဲ့ပြီး ဖြစ်သည်။ အသင်တို့ကို ကောင်းကျိုးလိုလားခဲ့ပြီးလည်း ဖြစ်သည်။ သို့ဖြစ်ရာ ငါသည် ငြင်းပယ်သူတို့နှင့် ပတ်သက်၍ မည်သို့ ဝမ်းနည်းရပါမည်နည်းဟု ပြောကြားခဲ့လေသည်။

၉၄။ ငါအရှင်သည် မည်သည့်မြို့ရွာကိုမဆို တမန်တော်တစ်ပါးပါး စေလွှတ်တော်မူလေတိုင်း ထိုဒေသတွင် နေထိုင်သူတို့အား အမိန့်နာခံရိုကျိုးကြစေရန်အတွက် ငါအရှင်သည် ၎င်းတို့အား ကျပ်တည်းခက်ခဲမှု၊ ဘေးဒုက္ခဖြင့် စမ်းသပ်တော်မူခဲ့သည်။ **၉၅။** ထို့နောက်တွင် ငါအရှင်သည် ဆိုးဝါးသောအခြေအနေကို ကောင်းသောအခြေအနေဖြင့် ပြောင်းလဲပေးတော်မူခဲ့သည်။ နောက်ဆုံးတွင်

သူတို့သည် ကောင်းစွာ တိုးတက်သွားကြသောအခါ ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်တို့ကိုလည်း ဆင်းရဲဒုက္ခနှင့် ပျော်ရွှင်မှုသည် သက်ရောက်ခဲ့ပေသည်ဟု ပြောကြတော့သည်။ သို့ဖြစ်ရာ ငါအရှင်သည် သူတို့အား သူတို့မထင်မှတ်ချိန် ရုတ်တရက် ဖမ်းဆီးကွပ်မျက်လိုက်လေသည်။ **၉၆။** အကယ်၍ မြို့ရွာဒေသများတွင် နေထိုင်သူတို့သည် ယုံကြည်လာကြပြီး အကြောက်တရားထားကြပါက ငါအရှင်သည် သူတို့အပေါ် မိုးကောင်းကင်နှင့် မြေပထဝီ၏ ကျေးဇူးတရားများကို ဖွင့်ပေးတော်မူမည်ဖြစ်သည်။ သို့သော် သူတို့သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည့်အတွက် ငါအရှင်သည် သူတို့၏လုပ်ရပ်များကြောင့် သူတို့အား အရေးယူတော်မူခဲ့သည်။ **၉၇။** သို့ရှိရာ မြို့ရွာ၌ နေထိုင်ကြသူတို့သည် ည၌အချိန် အိပ်ပျော်လျက်ရှိနေကြစဉ် သူတို့ထံ ငါအရှင်၏ အပြစ်ဒဏ်ရောက်ရှိလာမည်ကို မကြောက်ကြလေသလော။ **၉၈။** မြို့ရွာ၌ နေထိုင်ကြသူတို့သည် နေတက်ချိန် ဆော့ကစားလျက်ရှိနေကြစဉ် သူတို့ထံ ငါအရှင်၏ အပြစ်ဒဏ်ရောက်ရှိလာမည်ကို မကြောက်ကြလေသလော။ **၉၉။** သူတို့သည် အလ္လာဟ်၏အစီအမံများကို စိုးရိမ်ကြောင့်ကြခြင်း ကင်းမဲ့နေကြသလော။ အလ္လာဟ်၏အစီအမံများကို စိုးရိမ်ကြောင့်ကြခြင်းကင်းမဲ့သူတို့သည် ဆုံးရှုံးသောသူတို့သာလျှင် ဖြစ်ကြသည်။

၁၀၀။ မိမိတို့အလျင် နေထိုင်ခဲ့သူများ၏နောက်တွင် ကမ္ဘာမြေကို အမွေဆက်ခံသူတို့သည် အကယ်၍ ငါအရှင်အလိုရှိတော်မူပါလျှင် သူတို့ကို သူတို့၏ပြစ်မှုများကြောင့် အတိဒုက္ခရောက်စေတော်မူမည်ဖြစ်ကြောင်း သင်ခန်းစာ မရရှိကြသလော။ ငါအရှင်သည် သူတို့၏စိတ်နှလုံးများကို တံဆိပ်ခံနှိပ်တော်မူလိုက်ရာ သူတို့သည် နားလည်နိုင်ကြမည် မဟုတ်ပေ။ **၁၀၁။** ဤသည် ယင်းတို့၏အခြေအနေများမှ အချို့ကို ငါအရှင်သည် အသင်တို့ကို ပြောပြတော်မူသောမြို့ရွာများ ဖြစ်သည်။ သူတို့ထံ ငါအရှင်၏တမန်တော်များသည် ထင်ရှားပေါ်လွင်သော သက်သေလက္ခဏာများကို ယူဆောင်လာခဲ့ပေသည်။ သို့ရာတွင် သူတို့သည် သည့်အလျင်က ငြင်းဆန်ခဲ့သည့်အရာအပေါ် ယုံကြည်ရန် မဖြစ်နိုင်ခဲ့ကြပေ။ အလ္လာဟ်သည် ငြင်းပယ်သူတို့၏စိတ်နှလုံးများအပေါ်တွင် ဤကဲ့သို့ပင် တံဆိပ်ခပ်နှိပ်တော်မူလေသည်။

၁၀၂။ ငါအရှင်သည် သူတို့အနက် အများစုအား မည်သည့်ကတိသစ္စာကိုမျှ တည်ကြည်ကြသည်ကို မတွေ့ရပေ။ ငါအရှင်သည် သူတို့ထဲမှ အများစုကို ဖျက်လို ဖျက်ဆီးပြုလုပ်သူများအဖြစ်သာ တွေ့ရှိ ခဲ့ရသည်။

၁၀၃။ သူတို့၏နောက်တွင် ငါအရှင်သည် မူစာအား ငါအရှင်၏ သက်သေလက္ခဏာတော်များနှင့်တကွ ဖိရ်အောင်နန်နှင့် သူ၏အုပ်စုအကြီးအကဲများထံ စေလွှတ်တော်မူခဲ့သည်။ သို့သော် သူတို့သည် ငါအရှင်၏ သက်သေလက္ခဏာများကို မတရား ပြုလုပ်ခဲ့ကြသည်။ သို့ဖြစ်ရာ ဖျက်လိုဖျက်ဆီးလုပ်သူတို့၏ရလဒ်သည် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုပါလေ။ **၁၀၄။** မူစာက ပြောကြားသည်။ အို-ဖိရ်အောင်နန်၊ ကျွန်ုပ်သည် စကြဝဋ္ဌာအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင့်ထံမှ စေလွှတ်ခြင်းခံရသော တမန်တော်တစ်ပါး ဖြစ်သည်။ **၁၀၅။** အလ္လာဟ်နှင့် ပတ်သက်ပြီး အမှန်မှလွဲ၍ အခြားဘာကိုမျှ မပြောဆိုရန် ကျွန်ုပ်အပေါ်၌ တာဝန်ရှိပေသည်။ ကျွန်ုပ်သည် အသင်တို့၏အရှင်ထံတော်မှ သင်တို့ထံ ပေါ်လွင်ထင်ရှားသော သက်သေလက္ခဏာတော်တစ်ရပ်ကို မုချယူဆောင်လာခဲ့ပြီ၊ သို့ဖြစ်ရာ အသင်သည် ကျွန်ုပ်နှင့်အတူ အစ္စရာအီလ်မျိုးနွယ်တို့ကို သွားခွင့်ပြုပါ။ **၁၀၆။** ဖိရ်အောင်နန်က ပြောသည်။ အကယ်၍ အသင်သည် သက်သေလက္ခဏာတစ်ရပ်ရပ်ကို ယူဆောင်ခဲ့လျှင် အသင်သည် မှန်ကန်သူဖြစ်ခဲ့ပါလျှင် ထိုသက်သေလက္ခဏာကို တင်ပြပါ။ **၁၀၇။** ထိုအခါ မူစာသည် မိမိ၏ တောင်ငှေးကို ပစ်ချလိုက်လေရာ ရုတ်တရက် အထင်အရှားတွေ့မြင်ရသော မြွေကြီးတစ်ကောင် ဖြစ်သွားလေသည်။ **၁၀၈။** ထို့နောက် သူသည် မိမိ၏လက်ကို ထုတ်လိုက်ရာ ရုတ်တရက်လက်သည် ကြည့်ရှုသူတို့အဖို့ လင်းဝင်းတောက်ပလျက် ရှိနေပေသည်။ **၁၀၉။** ဖိရ်အောင်နန်၏အုပ်စုအနက်မှ အကြီးအကဲများက ပြောဆိုကြသည်။ စင်စစ်တွင် ဤသူသည် အလွန်ကျွမ်းကျင်သော မှော်ဆရာတစ်ဦးပင် ဖြစ်သည် **၁၁၀။** သူသည် အသင်တို့ကို အသင်တို့၏ဒေသမှ နှင်ထုတ်ပစ်လိုဏ်။ သို့ဖြစ်ရာ အသင်တို့ မည်သည့်အကြံပြုမည်နည်း။ **၁၁၁။** သူတို့က လျှောက်ထားကြသည်။ မူစာနှင့် သူ၏ နောင်တော်တို့အား ခေတ္တဆိုင်းငံ့ပေးလိုက်ပါ၊ ထို့နောက် အမြို့မြို့အရွာရွာသို့

ဆင့်ခေါ်စုရုံးသူများအား စေလွှတ်လိုက်ပါ။ **၁၁၂။** သူတို့သည် အသင့်ထံ ကျွမ်းကျင်သည့်မှော်ဆရာတိုင်းကို ပင့်ခေါ်လာကြရန် ဖြစ်၏။

၁၁၃။ ထို့နောက် မှော်ဆရာများသည် ဖိရိအောင်ထံသို့ ရောက်ရှိလာခဲ့ကြပြီး အကယ်၍ ကျွန်ုပ်တို့သာ အောင်နိုင်ခဲ့ကြပါလျှင် ကျွန်ုပ်တို့သည် ဆုလာဘ် တော်တစ်ခုခု မှချရရှိပါမည်လောဟု ပြောခဲ့ကြသည်။ **၁၁၄။** ဖိရိအောင်န်က ပြောသည်။ ရရှိမည်။ အသင်တို့သည် ငါနှင့် အနီးစပ်ဆုံးသူများတွင် အမှန်ပင် ပါဝင်သွားကြပေမည်။ **၁၁၅။** မှော်ဆရာတို့က ပြောကြသည်။ အို-မူစာ၊ အသင် ပစ်ချမည်လော၊ သို့တည်းမဟုတ် ကျွန်ုပ်တို့ ပစ်ချရမည်လော။ **၁၁၆။** မူစာက ပြောသည်။ အသင်တို့သာ ပစ်ချကြပါ။ သို့ဖြင့် ၎င်းတို့ ပစ်ချလိုက်ကြသောအခါ လူတို့၏မျက်စိများကို လှည့်စားခဲ့ပေသည်။ ထို့နောက် လူတို့အပေါ် ကြောက်ရွံ့မှု လွှမ်းမိုးသွားစေခဲ့သည်။ သူတို့သည် ကြီးမားသော လှည့်စားမှုတစ်ရပ်ကို ယူဆောင်လာခဲ့ကြပေသည်။ **၁၁၇။** ငါအရှင်က မူစာကို အသင်သည် မိမိ၏တောင်ဝှေးကို ပစ်ချလော့ဟု ဗျာဒိတ် ပို့ချတော်မူခဲ့သည်။ သို့နှင့် ယင်းတောင်ဝှေးသည် သူတို့ လုပ်ကြံဖန်တီးထားသည်များကို ရုတ်တရက် မျိုပစ်လိုက်လေ၏။ **၁၁၈။** သို့ရှိရာ အမှန်တရားသည် ပေါ်လွင်ထင်ရှားသွားခဲ့ပြီး သူတို့ ပြုလုပ်ခဲ့ကြသည်များမှာ အချည်းနှီး ဖြစ်သွားခဲ့လေတော့သည်။ **၁၁၉။** သူတို့သည် ထိုနေရာ၌ပင် အရေးနိမ့် ခဲ့ကြသည်။ ထို့ပြင် ဂုဏ်သေး သိမ်လျက် ပြန်လှည့်ခဲ့ကြရသည်။ **၁၂၀။** ထို့နောက် မှော်ဆရာတို့သည် ဦးချပ်တွား သွားခဲ့ကြလေသည်။ **၁၂၁။** ၎င်းတို့က ကျွန်ုပ်တို့သည် စကြဝဠာအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသည့်အရှင်အား ယုံကြည်လိုက် ကြပါပြီဟု ပြောကြသည်။ **၁၂၂။** ထိုအရှင်သည် မူစာနှင့် ဟာရွန်တို့၏အရှင်လည်း ဖြစ်သည်။

၁၂၃။ ဖိရိအောင်က ပြောသည်။ အသင်တို့ကို ငါ ခွင့်မပေးမီအလျင် အသင်တို့သည် မူစာကို ယုံကြည်ကြသလော။ စင်စစ်တွင် ဤသည် ဤမြို့၌ နေထိုင်သူတို့ကို မြို့မှ မောင်းနှင်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် အသင်တို့ စီစဉ်ခဲ့ကြသောကြံစည်မှုတစ်ရပ်သာ ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် မကြာမီသိရှိသွားကြပေမည်။ **၁၂၄။** ငါသည် အသင်တို့၏လက်များနှင့် ခြေထောက်များကို ဝဲယာလွှဲ

၍ မုချဖြတ်တောက်ပစ်မည်။ ထို့နောက် အသင်တို့အားလုံးကို လက်ဝါးကပ်တိုင်ပေါ်မှ မုချတင်ပစ်မည်။ **၁၅၅။** သူတို့က ပြောကြသည်။ ကျွန်ုပ်တို့သည် မိမိတို့အရှင်ထံသို့ပင် ပြန်သွားကြရမည့်သူများ ဖြစ်ကြပေသည်။ **၁၅၆။** ကျွန်ုပ်တို့၏ဖန်ဆင်းမွေးမြူရှင်ထံမှ သက်သေလက္ခဏာများသည် ကျွန်ုပ်တို့ရှေ့သို့ ရောက်ရှိလာသောအခါ ထိုသက်သေသာဓကများကို ယုံကြည်ကြသောကြောင့်ပင် အသင်သည် ကျွန်ုပ်တို့အား ပြစ်ဒဏ်ခတ်ခြင်း ဖြစ်သည်။ အို-ကျွန်တော်များ တို့၏ဖန်ဆင်းမွေးမြူရှင်၊ ကျွန်တော်များတို့အပေါ် ခွန်အင်တရားကို သွန်းလောင်းပေးတော်မူပါ။ ထို့ပြင် ကျွန်တော်များတို့အား မွတ်စ်လင်မ်အဖြစ်နှင့်သာ သေဆုံးစေတော်မူပါ။

၁၅၇။ ဖိရိအောင်နှ်၏အမျိုးသားတို့အနက် အကြီးအကဲများက ပြောကြသည်။ အသင်သည် မူစာနှင့် သူ၏အမျိုးသားတို့ကို တိုင်းပြည်တွင် ဖျက်လိုဖျက်ဆီးပြုကြစေရန်နှင့် အသင့်ကိုရော အသင်၏ကိုးကွယ်ရာများကိုပါ ပစ်ပယ်ကြစေရန် လွှတ်ထားပါမည်လော။ ဖိရိအောင်က ပြောသည်။ ငါတို့သည် သူတို့၏သားများကို သတ်ဖြတ်ပစ်ကြမည်။ သူတို့၏အမျိုးသမီးများကို အသက်ရှင်ခွင့်ပေးမည်။ ငါတို့သည် သူတို့အပေါ် ပြည့်ပြည့်ဝဝနိုင်နင်းလွှမ်းမိုးသူများပင် ဖြစ်ကြသည်။ **၁၅၈။** မူစာက မိမိ၏အမျိုးသားတို့အား ပြောသည်။ သင်တို့သည် အလွှာဟ်ထံတော်မှ အကူအညီ တောင်းခံကြပါ။ ထို့ပြင် ခွန်အင်တရားထားကြပါ။ စင်စစ်တွင် ကမ္ဘာမြေပထဝီကို အလွှာဟ်သည်သာ စိုးပိုင်တော်မူ၏။ အရှင်မြတ်သည် မိမိ၏အစေတော်များအနက် မိမိနှစ်သက်သော သူအား ယင်းမြေပထဝီကို အမွေဆက်ခံစေတော်မူသည်။ နောက်ဆုံးအောင်မြင်မှုသည် အလွှာဟ်အား ကြောက်ရွံ့ရိုကျိုးသူတို့အဖို့သာ ဖြစ်ပေသည်။ **၁၅၉။** မူစာ၏ အမျိုးသားတို့က ပြောကြသည်။ ကျွန်ုပ်တို့သည် အသင် ကျွန်ုပ်တို့ထံမရောက်လာမီအလျင်ကရော၊ အသင် ကျွန်ုပ်တို့ထံ ရောက်ရှိလာပြီး နောက်မှာရော ညှဉ်းပမ်းနှိပ် စက်ခံခဲ့ကြရသည်။ မူစာက ပြောကြားသည်။ အသင်တို့၏အရှင်သည် အသင်တို့၏ ရန်သူများကို ဖျက်ဆီးသုတ်သင်ပစ်တော်မူပြီး သူတို့အစား အသင်တို့အား ဤမြေပထဝီကို စိုးပိုင်သူများအဖြစ် ပြုလုပ်ကောင်း ပြုလုပ်ပေလိမ့်မည်။ ထို့နောက် အသင်တို့ မည်သို့ပြုမူကျင့်ကြံကြမည်ကို ကြည့်ရှု

တော်မူမည်။

၁၃၀။ ငါအရှင်မြတ်သည် ဖိရိအောင်၏ အမျိုးသားတို့အား အဆုံးအမ သင်ခန်းစာရရှိစေရန် ငတ်မွတ်ခေါင်းပါးခြင်း၊ သစ်သီးဝလံများ အထွက်နည်းစေခြင်း တို့ဖြင့် စမ်းသပ်ခဲ့သည်။ **၁၃၁။** သို့သော် သူတို့ထံ ကောင်းမွန်သောအခြေနေ ရောက်ရှိလာသောအခါ သူတို့က ဤသည် ငါတို့အတွက်သာလျှင် ဖြစ်ပေသည်ဟု ပြောကြလေသည်။ အကယ်၍ သူတို့ထံ ဘေးဒဏ်တစ်ခုခု ရောက်လာလေသော် သူတို့က ဤသည် မူစာနှင့် သူ၏ အပေါင်းအပါများကြောင့် ဖြစ်သည်ဟု မကောင်း နိမိတ်ကောက်ကြသည်။ သတိပြုကြကုန်၊ သူတို့၏ လာဘ်ပိတ်မှုသည် အလွှာဟ်ထံ တော်၌ (သတ်မှတ်ထားပြီး)ဖြစ်ပေသည်။ သို့ရာတွင် သူတို့အနက် အများစုသည် မသိနားမလည်ကြပေ။ **၁၃၂။** ထို့ပြင် သူတို့က မူစာအား ပြောကြသည်။ အသင်သည် ကျွန်ုပ်တို့အား ပြုစား ရန် မည်သည့်သက်သေလက္ခဏာကိုမဆို ယူဆောင်လာလျှင်လည်း ကျွန်ုပ်တို့သည် အသင့်အား ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

၁၃၃။ သို့ဖြစ်ရာ ငါအရှင်သည် သူတို့အပေါ် လေပြင်းမုန်တိုင်း၊ ကျိုင်းကောင်များ၊ သန်းများ၊ ဖားများ၊ သွေးများကို ပို့တော်မူခဲ့သည်။ ဤအရာအားလုံးကို သီးခြားစီဖြစ်သော နိမိတ်လက္ခဏာများအဖြစ် ပြသခဲ့သည်။ သို့တိုင်အောင်လည်း သူတို့သည် မောက်မာပလွှားခဲ့ကြသည်။ သူတို့သည် အပြစ်ကျူးလွန်သူများဖြစ်ခဲ့ကြသည်။ **၁၃၄။** သူတို့အပေါ် ပြစ်ဒဏ်ကျရောက်လာသောအခါ သူတို့က ပြောကြသည်။ အို-မူစာ၊ အရှင်မြတ်က အသင်နှင့်ပြုထားတော်မူသောကတိတော်နှင့် စပ်လျဉ်း၍ အသင့်အရှင်ထံတော်၌ ကျွန်ုပ်တို့အတွက် ဆုဒုအာတောင်းခံပေးပါ။ အကယ်၍ အသင်သည် ကျွန်ုပ်တို့ထံမှ ထိုပြစ်ဒဏ်ကို ဖယ်ရှားပေးလိုက်ပါလျှင် ကျွန်ုပ်တို့သည် အသင့်ကို ဇကန်မုခ္ဗ ယုံကြည်ကြပါမည်။ ထို့ပြင် အစ္စရာအီလ အမျိုးသားတို့ကိုလည်း အသင်နှင့်အတူ လိုက်ပါခွင့် မုခ္ဗပြုပေးပါမည်။ **၁၃၅။** တစ်ဖန် ငါအရှင်သည် သူတို့အပေါ် မလွဲမသွေရောက်ရှိရမည့်အပြစ်ဒဏ်၊ သတ်မှတ်ထားသောအချိန်ကာလအနည်းငယ်အတွက် သူတို့ထံမှ ဖယ်ရှားလိုက်သောအခါ သူတို့သည် ချက်ချင်းပင် ကတိချိုးဖောက်ကြလေတော့သည်။

၁၃၆။ သို့ဖြစ်ရာ ငါအရှင်သည် သူတို့အား ပြစ်ဒဏ်ခတ်တော်မူခဲ့၏။ သူတို့အား ပင်လယ်၌ နှစ်မြှုပ်ပစ်တော်မူခဲ့၏။ အကြောင်းမှာ သူတို့သည် ငါအရှင်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပြီး ယင်းတို့ကို ဂရုမ မူလျစ်လျူရှုခဲ့ကြသောကြောင့်ဖြစ်သည်။ **၁၃၇။** ထို့ပြင် ငါအရှင်သည် အင်အားချည့်နဲ့သူများဟုမှတ်ယူခံရသူများအား၊ ငါအရှင် ဗရိကသ်ကောင်းချီး မင်္ဂလာပေးထားသော ဤကမ္ဘာမြေ၏ အရှေ့အရပ်နှင့် အနောက်အရပ်၏ အမွေခံများအဖြစ် ပြုလုပ်ပေးတော်မူခဲ့၏။ ထို့နောက် အစ္စရာအီလ်မျိုးနွယ်ဝင်တို့အပေါ် သူတို့ပြုလုပ်ခဲ့သော သည်းခံမှုကြောင့်ပင် အသင့်အရှင်၏ မွန်မြတ်သောကတိတော်သည် ပြည့်စုံသွားခဲ့ပေသည်။ ထို့ပြင် ငါအရှင်သည် ဖိရိအောင်နှင့် သူ၏အမျိုးသားတို့ပြုလုပ်ခဲ့ကြသည်များကို၊ သူတို့ တည်ဆောက်ခဲ့ကြသည့် အဆောက်အအုံများကို ဖျက်ဆီးပစ်တော်မူခဲ့သည်။

၁၃၈။ ထို့နောက် ငါအရှင်သည် အစ္စရာအီလ်မျိုးနွယ်ဝင်များအား ပင်လယ်ကို ဖြတ်သန်းစေတော်မူခဲ့သည်။ ထို့နောက် မိမိတို့၏ရုပ်တုများကို ကိုးကွယ်နေကြသော မျိုးနွယ်တစ်ခုထံမှ သူတို့သည် ဖြတ်သန်းခဲ့ကြသောအခါ သူတို့က ပြောကြသည်။ အိုး-မူစာ၊ ကျွန်ုပ်တို့ ကိုးကွယ်ရန်အတွက်လည်း သူတို့ ကိုးကွယ်သောရုပ်တုကဲ့သို့ ရုပ်တု တစ်ခုကို ပြုလုပ်ပေးပါ။ မူစာက ဖြေကြားသည်။ စင်စစ်တွင် အသင်တို့သည် အသိဉာဏ်ကင်းမဲ့သူများ ဖြစ်ကြသည်။ **၁၃၉။** သူတို့ရှိနေကြသည့် အလုပ်သည် ပျက်စီးသွားမည်သာ ဖြစ်ပြီး သူတို့ပြုမူလျက်ရှိခဲ့ကြသည့် ကျင့်ကြံမှုသည်လည်း အချည်း နှီးအလဟဿပင် ဖြစ်သည်။ **၁၄၀။** သူက ပြောသည်။ ကျွန်ုပ်သည် အလွှာဟ်မှလွဲ၍ အသင်တို့အဖို့ အခြားကိုးကွယ်ရာ တစ်စုံတစ်ခုကို ရှာဖွေပေးရပါမည်လော။ စင်စစ်တွင် အရှင်မြတ်သည်သာလျှင် အသင်တို့အား တလောကလုံးထက် သာပိထူးကဲမှုကို ပေးသနားတော်မူခဲ့ပေသည်။ **၁၄၁။** တစ်ခါတွင် ငါအရှင်သည် အသင်တို့ကို ဖိရိအောင်နှစ်၏ အမျိုးသားများမှ ကယ်တင်လွတ်မြောက်စေခဲ့သည်။ သူတို့သည် အသင်တို့အား အလွန်ပြင်းထန်သော ပြစ်ဒဏ်များကို ပေးခဲ့ကြသည်။ အသင်တို့၏ သားများကို သတ်ဖြတ်ခဲ့ကြပြီး အသင်တို့၏

အမျိုးသမီးများကိုမူ အသက်ရှင်ခွင့် ပေးခဲ့ကြသည်။ ထိုထဲတွင် အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဘက်မှ အလွန်ကြီးကျယ်သော စမ်းသပ်မှုကြီး ရှိပေသည်။

၁၄၂။ ထို့နောက် ငါအရှင်သည် မူစာအား ညပေါင်းသုံးဆယ်၏ ကတိကို ပြု တော်မူခဲ့သည်။ ထို့နောက် ယင်းကို ဆယ်ညတိုး၍ ဖြည့်တော်မူခဲ့သည်။ သို့ရှိရာ သူအရှင်ချိန်ချက်သောကာလသည် ညပေါင်းလေးဆယ် ပြည့် သွားခဲ့သည်။ ထို့နောက် မူစာက မိမိနောင်တော် ဟာရွန်အား ပြောသည်။ ကျွန်ုပ်၏ နောက်တွင် အသင်သည် ကျွန်ုပ်၏ အမျိုးသားတို့အတွက် ကျွန်ုပ်၏ ကိုယ်စားလှယ် အဖြစ် ရပ်တည်ပါ။ သူတို့အား ဆုံးမသွန်သင်ပေးပါ။ ဖျက်လိုဖျက်ဆီးပြုလုပ် သူတို့၏ လမ်းစဉ်အတိုင်း မလျှောက်လှမ်းလေနှင့်။ **၁၄၃။** မူစာသည် ငါအရှင်နှင့်ချိန်းဆိုထားသော အချိန်၌ ရောက်ရှိလာခဲ့ပြီး သူ၏ အရှင်က သူ့ကို စကားပြောတော်မူသောအခါ သူက အို-ကျွန်တော်မျိုးအရှင်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ကို တွေ့မြင်နိုင်ရန် အတွက် ကျွန်တော်မျိုးကို ပြသတော်မူပါဟု လျှောက်တင်လေသည်။ ထိုအခါ အရှင်မြတ်က မိန့်တော်မူသည်။ သင်သည် ငါအရှင်မြတ်ကို လုံးဝတွေ့မြင်နိုင်လိမ့်မည်မဟုတ်။ သို့သော် သင်သည် တောင်ဘက်ကို ကြည့်နေပါ။ အကယ်၍ ထို တောင်သည် မိမိ၏နေရာတွင် ရပ်တည်လျက်ကျန်ရှိနေပါလျှင် သင်သည်လည်း ငါအရှင်မြတ်ကို မြင်နိုင်လိမ့်မည်။ ထို့နောက် အရှင်မြတ်သည် တောင်ပေါ်တွင် မိမိ၏ဘုန်းတော်ကို ထင်ရှားစေတော် မူလိုက်ရာ တောင်ကို အစိတ်စိတ်အမွှာမွှာ ဖြစ်သွားစေခဲ့သည်။ မူစာလည်း သတိလစ် လဲကျသွားခဲ့လေသည်။ သတိပြန်လည်ရလာသောအခါ သူက လျှောက်တင်လေသည်။ အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူပါသည်။ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတွင် ဝန်ချတောင်းပန်ပါသည်။ ကျွန်တော်မျိုးသည် အားလုံးထက်အလျင် ယုံကြည်သူဖြစ်ပါပြီ။

၁၄၄။ အလွှာဟ်က မိန့်တော်မူသည်။ အို-မူစာ၊ ငါအရှင်သည် သင့်အား လူများအားလုံးပေါ်တွင် တမန်တော်အဖြစ်ချီးမြှင့်ခြင်းနှင့် ငါ၏စကားတော် တို့ဖြင့် အမှန်ပင် ရွေးချယ်မြှောက်စားတော်မူခဲ့သည်။ သို့ဖြစ်ရာ သင့်အား ငါအရှင်ချီးမြှင့်သည်များကို ယူဆောင်ပြီး၊ ကျေးဇူးသိတတ်သူတို့တွင် အပါအဝင်ဖြစ်လော့။ **၁၄၅။**

ငါအရှင်သည် သူ့အတွက် အလုံးစုံသောဆုံးမဩဝါဒများ၊ အရာအားလုံး၏ရှင်း လင်းချက်များကို သင်ပုန်းချပ်များပေါ်တွင် ရေးပေးတော်မူခဲ့သည်။ သို့ဖြစ်ရာ သင် သည် ထိုအရာများကို စွဲမြဲစွာ ဆုပ်ကိုင်ထားပါလေ။ သင်၏မျိုးနွယ်ဝင်များ ကိုလည်း ထိုအရာများအနက်မှ အကောင်းဆုံးသောအရာကို နောက် လိုက်မှုပြုကြရန် ညွှန် ကြားပါလေ။ ငါအရှင်သည် အမိန့်ဖီဆန်သူများ၏ဌာနေကို သင်တို့အား များမကြာမီ ပြသတော်မူမည်။

၁၄၆။ ငါအရှင်သည် မြေပထဝီတွင် မတရားသဖြင့် မောက်မာနေသူ များထံမှ ငါအရှင်၏သက်သေလက္ခဏာတော်များကို လွှဲဖယ်ထားတော်မူပေမည်။ သူတို့သည် အလုံးစုံသောသက်သေလက္ခဏာများကို မြင်တွေ့ရလျှင်လည်း ယုံကြည်ကြလိမ့်မည်မဟုတ်။ အကယ်၍ သူတို့သည် ဖြောင့်မတ်သောလမ်းကို တွေ့ရလျှင် ထိုလမ်းကို လျှောက်ကြလိမ့်မည်မဟုတ်။ အကယ်၍ သူတို့သည် မှားယွင်းသောလမ်းကို တွေ့ရပါမူ ထိုလမ်းကို လျှောက်ကြပေလိမ့်မည်။ ဤသို့ဖြစ် ရခြင်းမှာ သူတို့သည် ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန် ဟုစွပ်စွဲငြင်းပယ်ခဲ့ကြပြီး ထိုသက်သေလက္ခဏာတော်များကို လျစ်လျူရှုထားခဲ့ကြ သည့်အတွက်ကြောင့် ဖြစ်ပေသည်။ **၁၄၇။** ငါအရှင်မြတ်၏သက်သေလက္ခဏာ တော်များကို လည်းကောင်း၊ နောင်တမလွန်နှင့် တွေ့ဆုံရမည်ကို လည်းကောင်း၊ မဟုတ်မမှန် ဟုစွပ်စွဲငြင်းပယ်ခဲ့ကြသောသူများ၏ ကျင့်ဆောင်မှုများသည် အချည်း နှီးဖြစ်သွားပေပြီ။ သူတို့သည် မိမိတို့ ပြုလုပ်ခဲ့ကြသည်များကိုသာ အစားပေးခြင်းခံ ကြရမည် ဖြစ်ပေသည်။

၁၄၈။ မူစာ၏မျိုးနွယ်သည် မူစာ၏နောက်ကွယ်တွင် မိမိတို့၏လက်ဝတ် လက်စားများဖြင့် နွားငယ်ကလေး ခန္ဓာကိုယ်ပုံစံ ပြုလုပ်ခဲ့ကြလေသည်။ ထိုနွား ငယ်၏ခန္ဓာအတွင်းမှ နွား၏အော်သံထွက်နေသည်။ ယင်းနွားငယ်သည် သူတို့ကို စကားလည်းမပြောနိုင်၊ သူတို့အား လမ်းမှန်လည်း မပြနိုင်သည်ကို သူတို့ မမြင်ကြ ပေသလော။ သူတို့သည် ထိုနွားငယ်ကို ကိုးကွယ်ရာအဖြစ် ပြုလုပ်လိုက်ကြလေ သည်။ သူတို့သည် မတရားလုပ်သူများဖြစ်ကြပေသည်။ **၁၄၉။** ထို့နောက် သူတို့ သည် နောင်တရခဲ့ကြပြီး မိမိတို့သည် လမ်းမှားတွင် ကျရောက်သွားခဲ့ ပြီဖြစ်ကြောင်း ကို သိမြင်လာသောအခါ ဤသို့ ပြောကြလေသည်။ ကျွန်ုပ်တို့၏အရှင်သည်

အကယ်၍ ကျွန်ုပ်တို့ကို ကရုဏာပြုတော်မမူပါလျှင်၊ ထို့ပြင် ကျွန်ုပ်တို့အား ခွင့်လွှတ်တော်မမူပါလျှင် ကျွန်ုပ်တို့သည် ဇကနဉ်မုချပျက်စီးဆုံးရှုံးကြရပေတော့ မည်။ **၁၅၀။** ထို့နောက် မူစာသည် အမျက်ထွက်လျက်၊ ဝမ်းနည်းပူဆွေးလျက် ပြန် လာခဲ့သော အခါ သူက သင်တို့သည် ငါ၏နောက်ကွယ်တွင် အလွန်ဆိုးယုတ်သော အလုပ်ကို လုပ်ခဲ့ကြပေသည်။ သင်တို့သည် သင်တို့၏ ဖန်ဆင်းမွေးမြူရှင်၏ အမိန့်ထက် အဆောတလျင် ပြုလုပ်လိုက်ကြပေပြီဟု ပြောကြားပြီး သင်ပုန်းချပ်များကို ပစ်ချလိုက်သည်။ ထို့နောက် မိမိ၏နောင်တော်၏ဦးခေါင်းကိုကိုင်လိုက်ပြီး မိမိ ဘက်သို့ ဆွဲလိုက်လေသည်။ ထိုအခါ နောင်တော်ဟာရွန်က အို-ငါ၏မိခင်၏သား၊ လူတို့သည် ငါ့အား အနိုင်ကျင့်ကြပြီး ငါ့အား သတ်ပစ်လုနီးနီးပင် လုပ်ခဲ့ကြသည်။ သို့ဖြစ်ရာ သင်သည် ငါ့အပေါ် တွင် ရန်သူများ အားရဝမ်းသာဖြစ်အောင် မလုပ်လိုက်ပါလေနှင့်။ ငါ့အား၊ မတရားပြုလုပ်သူများနှင့်အတူ မသတ်မှတ်ပါလေနှင့်ဟု ပြော လေသည်။ **၁၅၁။** ထိုအခါ မူစာက အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏ ညီနောင်ကို ခွင့်လွှတ်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့ကို အရှင့် ကရုဏာတော်အတွင်း သွင်းတော်မူပါ။ အရှင်မြတ်သည် အားလုံးထက်ပို၍ ကရုဏာကြီးမားသောအရှင် ဖြစ်တော်မူပါသည်။

၁၅၂။ စင်စစ်တွင် နွားငယ်ကို ကိုးကွယ်ရာအဖြစ် ပြုလုပ်ခဲ့ကြသူတို့ အပေါ် တွင် သူတို့၏အရှင်ထံမှ အမျက်ဒေါသနှင့် ဤလောကဘဝပင် ဂုဏ်သေးသိမ်မှုများမကြာမီရောက်လာပေမည်။ ငါအရှင်မြတ်သည် လိမ်လည်လုပ်ကြံပြောသူများကို ဤနည်းအတိုင်းပင် အပြစ်ဒဏ်ပေးတော်မူပေသည်။ **၁၅၃။** အကြင်သူတို့သည် မကောင်းမှုများကို ကျူးလွန်ခဲ့မည်၊ ထို့နောက် အမှားဝန်ချတောင်းပန်ပြီး ယုံကြည် ခဲ့ကြမည်ဆိုလျှင် ထို့နောက်တွင်သင်၏အရှင်သည် အမှန်ပင် အလွန်ခွင့်လွှတ် တော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။

၁၅၄။ မူစာသည် ဒေါသပေါ့ပြိမ်းသွားသောအခါ သင်ပုန်းချပ်များကို ကောက်ယူလိုက်လေသည်။ ထိုထဲတွင် မိမိတို့၏အရှင်ကို ကြောက်ရွံ့ရိုသေသူများ အဖို့ လမ်းမှန်တရားနှင့် ကရုဏာတရား ရေးသားပါရှိပေသည်။ **၁၅၅။** မူစာသည် မိမိ၏မျိုးနွယ်ဝင်များအနက်မှ အမျိုးသားအယောက် ခုနစ်ဆယ်ကို ငါအရှင်မြတ်နှင့် ချိန်းဆိုထားသည့် အချိန်အတွက် ရွေးချယ်ခဲ့လေသည်။ ထို့နောက် မြေလျင်ဘေး

က ထိုသူတို့အား ဖျက်ဆီးလိုက်သောအခါ မူစာက ဤသို့ လျှောက်တင်လေသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် အလိုတော်ရှိပါလျှင် ၎င်းတို့ကိုရော၊ ကျွန်တော်မျိုးကိုပါ သည့်အလျင်ကပင် ဖျက်ဆီးပစ်နိုင်ပါသည်။ ကျွန်တော်မျိုးတို့ အနက်မှ အသိတရားကင်းမဲ့သူအချို့၏ လုပ်ရပ်ကြောင့် ကျွန်တော်မျိုးတို့ကို ဖျက်ဆီးပစ်တော်မူပါမည်လော။ ဤသည်တို့သည် အရှင်မြတ်၏စမ်းသပ်မှုများသာ ဖြစ်ပါသည်။ အရှင်မြတ်သည် ထိုစမ်းသပ်မှုများဖြင့် မိမိအလိုရှိသူကို လမ်းလွဲစေ တော်မူပြီး၊ မိမိအလိုရှိသူကို လမ်းမှန်ညွှန်ပြတော်မူပါသည်။ အရှင်မြတ်သည်သာ ကျွန်တော်မျိုးတို့ကို ကူညီစောင်မတော်မူသောအရှင်ဖြစ်ပေရာ ကျွန်တော်မျိုးတို့ အား ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့အား ကရုဏာပြုတော်မူပါ။ အရှင်မြတ် သည် အကောင်းဆုံး ခွင့်လွှတ်ချမ်းသာပေးသောအရှင် ဖြစ်တော်မူပါ သည်။ **၁၅၆။** ထို့ပြင် ကျွန်တော်မျိုးတို့အဖို့ ဤလောကတွင်ရော၊ နောင်တမလွန်တွင်ပါ ကောင်း ကျိုးချမ်းသာကို အမှန်ပင် သတ်မှတ်ပေးတော်မူပါ။ ကျွန်တော်မျိုး တို့သည် အရှင့် ထံတော်သို့သာ ပြန်လှည့်ခဲ့ကြပါပြီ။ ထိုအခါ အလ္လာဟ်က မိန့်တော်မူသည်။ ငါအရှင်သည် မိမိ၏အပြစ်ဒဏ်ကို မိမိအလိုတော်ရှိ သူအပေါ်တွင်သာ သက်ရောက် စေတော်မူပေသည်။ ငါအရှင်၏ကရုဏာကမူ အရာအားလုံးကို လွှမ်းခြုံလျက်ရှိ ပေသည်။ ငါအရှင်သည် ကြောက်ရွံ့ရိုသေကြသူများ၊ ဇကာသ်ဒါန ကြေးပေးဆောင် ကြသူများ၊ ငါအရှင်၏သက်သေလက္ခဏာတော်များကို ယုံကြည်ကြသူများအဖို့ ထိုကရုဏာတော်ကို ရေးမှတ်တော်မူမည်။

၁၅၇။ ၎င်းတို့သည် စာပေသင်ယူဆည်းပူးခဲ့ခြင်းမရှိသော တမန်တော် နောက်ကို လိုက်ကြသည်။ သူတို့သည် မိမိတို့ထံရှိသောသောင်ရာသ်၊ အင်နဂျီလ် ကျမ်းများတွင် ယင်းတမန်တော်အကြောင်း ရေးသားပါရှိသည်ကို တွေ့ရှိကြပေ သည်။ ယင်းတမန်တော်သည် သူတို့အား ကောင်းမှုပြုလုပ်ရန် ညွှန်ကြားပြီး မကောင်းမှုမှ တားမြစ်သည်။ သန့်ပြန့်စင်ကြယ်သောအရာများကို သူတို့အဖို့ ခွင့်ပြု ပေးပြီး၊ မသန့်ပြန့်သောအရာများကို သူတို့အပေါ်တွင် တားမြစ်ပိတ်ပင်သည်။ သူတို့အပေါ်တွင် တည်ရှိနေခဲ့သည့် ဝန်ထုတ်နှင့် အတုပ်အနှောင်များကို သူတို့ထံမှ ဖယ်ရှားပေးခဲ့သည်။ သို့ဖြစ်ရာ ထိုတမန်တော်ကို ယုံကြည်ကြသူများ၊ ထိုတမန် တော်ကို ဂုဏ်ပေးလေးစားကြသူများ၊ ထိုတမန်တော်ကို ကူညီရိုင်းပင်ကြသူများ၊

ထိုတမန်တော်နှင့်အတူ ချပေးခြင်းခံရသော လင်းရောင်ခြည်နောက်ကို လိုက်ကြသူများသာလျှင် အောင်မြင်သူများဖြစ်ကြပေသည်။

၁၅၈။ အသင်ပြောလိုက်ပါ။ အို-လူသားအပေါင်းတို့၊ စင်စစ်တွင် ငါသည် အသင်တို့အားလုံးထံစေလွှတ်ခြင်းခံရသော အလ္လာဟ်၏တမန်တော်ဖြစ် သည်။ မိုးကောင်းကင်များနှင့် မြေပထဝီ၏အုပ်ချုပ်မှုအာဏာကို ထိုအရှင်မြတ်သာ ပိုင်ဆိုင်တော်မူပေသည်။ ထိုအရှင်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိ။ အရှင်မြတ်သည် ရှင်စေတော်မူသည်။ သေစေတော်မူသည်။ သို့ဖြစ်ပေရာ သင်တို့သည် အလ္လာဟ်နှင့် စာပေမတတ်သောနဗီတမန်တော်ကို ယုံကြည်ကြလေကုန်။ ထိုနဗီတမန်တော်သည် အလ္လာဟ်နှင့် ထိုအရှင်၏မှတ္ထပါဠိတော်များကို ယုံကြည်လေသည်။ သင်တို့သည် လမ်းမှန်တရားရကြရန်အတွက် ထိုတမန်တော်နောက်ကို လိုက်နာကြလေကုန်။ **၁၅၉။** မူစာ၏မျိုးနွယ်တွင် အမှန်တရား နှင့်အညီ လမ်းညွှန်မှုပြုပြီး၊ ထိုအမှန်တရားဖြင့်သာ စီရင်ဆုံးဖြတ်ကြသောအုပ်စုတစ်စုလည်း ရှိပေသည်။

၁၆၀။ ငါအရှင်သည် ၎င်းတို့အား မျိုးနွယ်စုဆယ့်နှစ်စုခွဲ၍ အုပ်စု အသီးသီး ပြုလုပ်ပေးတော်မူခဲ့သည်။ ထို့နောက် မူစာ၏မျိုးနွယ်က သူ့ထံတွင် ရေတောင်းခံကြသောအခါ ငါအရှင်သည် မူစာအား သင်၏တောင်ဝှေးဖြင့် ကျောက်တုံးကို ရိုက်လိုက်ပါဟု အမိန့်တော်ပေးပို့တော်မူခဲ့သည်။ ထိုအခါ ကျောက်တုံးမှ စမ်းရေချောင်း ဆယ့်နှစ်သွယ် ပန်းထွက်လာလေတော့သည်။ မျိုးနွယ်စုတိုင်းသည် မိမိတို့သောက်သုံးရမည့်နေရာကို သိရှိသွားခဲ့ကြသည်။ ထို့နောက် ငါအရှင်သည် သူတို့အပေါ်တွင် မိုးတိမ်များဖြင့် အရိပ်ပိုးပေးတော်မူခဲ့သည်။ ထို့ပြင် သူတို့ အပေါ်တွင် မန္နန့်နှင့်စလ်ဝါကို ချပေးတော်မူခဲ့သည်။ သင်တို့အား ငါအရှင်ချီးမြှင့်ထား သည့် သန့်ပြန့်စင်ကြယ်သော အရာများကို စားသုံးကြလေကုန်။ စင်စစ်တွင် သူတို့ သည် ငါအရှင်မြတ်ကို မတရားလုပ်ခဲ့ကြသည်မဟုတ်ပေ။ မိမိတို့ကိုယ်ကိုသာ မတရားလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။ **၁၆၀။** တစ်ခါတွင် သူတို့အား ဤသို့ ပြောကြားခဲ့သည်။ ဤမြို့ရွာတွင် နေထိုင်ကြကာ ဤမြို့ရွာ၏ကြိုက်နှစ်သက်ရာနေရာမှ စားသုံးကြကုန်။ ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်ချမ်းသာပေးတော်မူပါဟူ၍ ရွတ်ဆိုကာ ဦးချဝပ်တွားလျက် မြို့တံခါးကို ဝင်ရောက်ကြလေကုန်။ ငါအရှင်သည် သင်တို့၏

မှားယွင်းမှုများကို ခွင့်လွှတ်ပေးတော်မူမည်။ ကောင်းမှုကျင့်ဆောင်သူများကို ငါ အရှင်သည် ဆထပ်ထမ်းပိုးတိုး၍ ပေးသနားတော်မူပေမည်။ **၁၆၂။** သို့သော် သူတို့ အနက်မှ မတရားလုပ်သူများသည် မိမိတို့အားပြောကြားထားသည့်စကားရပ်အစား အခြားစကားကို ပြောင်းလဲခဲ့ကြလေသည်။ သို့ဖြစ်ရာ ငါအရှင်သည် သူတို့ အပေါ် တွင် သူတို့၏မတရားလုပ်မှုကြောင့်ပင် မိုးကောင်းကင်မှ အပြစ်ဒဏ်ကို စေလွှတ် တော်မူခဲ့လေသည်။

၁၆၃။ သင်သည် ပင်လယ်ကမ်းစပ်တွင်ရှိခဲ့သည့် မြို့ရွာသားများ၏အခြေ အနေနှင့်စပ်လျဉ်း၍ သူတို့အား မေးကြည့်ပါလေ။ တစ်ခါတွင် သူတို့သည် စနေနေ့၌ စည်းဘောင်ကျော်လွန်ခဲ့ကြသည်။ ထိုအခါက သူတို့၏ငါးများသည် သူတို့ထံ စနေနေ့တွင် ရေပေါ်သို့ ထွက်ပြူလာကြသည်။ သို့သော် စနေနေ့မဟုတ်သောနေ့ တွင်မူ ထိုငါးများသည် သူတို့ထံသို့ မလာရောက်ကြပေ။ ဤနည်းအတိုင်း ငါအရှင် သည် သူတို့ကို စမ်းသပ်တော်မူခဲ့ရခြင်းမှာ သူတို့သည် အမိန့်ကိုဖီဆန်လေ့ရှိခဲ့သည့် အတွက်ကြောင့်ပင် ဖြစ်သည်။ **၁၆၄။** တစ်ခါတွင် သူတို့အနက်မှ လူတစ်စုက ဤသို့ ပြောလေသည်။ အလွှာဟ်က ဖျက်ဆီးပစ်တော်မူမည်ဖြစ်သောအုပ်စု၊ သို့မဟုတ် ပြင်းပြင်းထန်ထန် အပြစ်ဒဏ်ခတ်တော်မူမည်ဖြစ်သောအုပ်စုကို အသင် တို့သည် အဘယ်ကြောင့် ဆုံးမသြဝါဒပေးနေကြပါသနည်း။ ထိုအခါ ၎င်းတို့က အသင်တို့၏အရှင်ထံတွင် စွဲချက်အတင်ခံရခြင်းမှ လွတ်ကင်းရန်နှင့် သူတို့သည် အကြောက်တရားရှိလာကြရန် ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

၁၆၅။ ထို့နောက် သူတို့သည် မိမိတို့အား သတိပေးထားသောကိစ္စရပ် များကို မေ့ပစ်လိုက်ကြသောအခါ ငါအရှင်သည် မကောင်းမှုဒုစရိုက်မှ မြစ်တားခဲ့ကြ သူများကို ကယ်တင်တော်မူပြီး မတရားကျူးလွန်ခဲ့ကြသူများကိုမူ သူတို့၏မတရား ကျူးလွန်မှုကြောင့်ပင် ပြင်းထန်သောပြစ်ဒဏ်ခတ်တော်မူခဲ့လေသည်။ **၁၆၆။** သူတို့ သည် မိမိတို့အား တားမြစ်ထားသောကိစ္စရပ်တွင် စည်းဘောင်ကျော်လွန်ခဲ့လေ သောအခါ ငါအရှင်သည် သူတို့အား သင်တို့သည် ယုတ်ညံ့သိမ်ဖျင်းသော မျောက် တွေ ဖြစ်သွားကြကုန်လော့ဟု အမိန့်ပေးတော်မူခဲ့ပေသည်။

၁၆၇။ တစ်ခါတွင် အသင်၏အရှင်က ဤသို့ ကြေညာတော် မူခဲ့သည်။ အရှင်မြတ်သည် ယဟူဒီတို့အား ပြင်းထန်စွာ အပြစ်ဒဏ်ခတ်ကြမည့်သူများကို

ကိယာမသဲနေ့တိုင်အောင်မချ စေလွှတ်တော်မူမည်။ စင်စစ်တွင် သင်၏အရှင်သည် လျင်မြန်စွာ ပြစ်ဒဏ်ခတ်တော်မူသောအရှင်ဖြစ်တော်မူသည်။ အရှင်မြတ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်ကရုဏာကြီးမားတော်မူသောအရှင်ပင် ဖြစ်ပေသည်။ **၁၆၈။** ထို့နောက် ငါအရှင်သည် သူတို့အား ကမ္ဘာမြေပေါ်တွင် အုပ်စုအများအပြားကွဲပြားသွားစေတော်မူခဲ့သည်။ သူတို့ထဲတွင် ကောင်းမြတ်သူအချို့လည်း ရှိကြသည်။ ထိုသို့မဟုတ်သူများလည်း ရှိကြသည်။ သူတို့သည် ပြန်လှည့်လာလိုလာငြား ငါအရှင်မြတ်သည် သူတို့အား ကောင်းသော အခြေအနေများနှင့်ရော၊ မကောင်းသောအခြေအနေများနှင့်ရော စမ်းသပ်တော်မူခဲ့လေသည်။

၁၆၉။ တစ်ဖန် သူတို့နောက်တွင် အရိုက်အရာဆက်ခံခဲ့ကြသော ယုတ်မာဆိုးသွမ်းသူများက ကျမ်းဂန်ကို အမွေဆက်ခံခဲ့ကြသည်။ သူတို့သည် ဤလောကီ၏ပစ္စည်းများကို ရယူကြပြီး ကျွန်ုပ်တို့သည် သေချာပေါက် ခွင့်လွှတ်ပေး ခြင်းခံကြရမည်ဟုလည်း ပြောဆိုခဲ့ကြသည်။ ထိုအလားတူပစ္စည်းဥစ္စာများသည် သူတို့ထံသို့ ထပ်မံရောက်ရှိလာလျှင်လည်း သူတို့သည် မုချယူကြဦးမည်သာ ဖြစ်သည်။ အလွှာဟ်အပေါ်တွင် မှန်ကန်သော စကားကိုသာ ဆိုကြရမည်ဟူ၍ သူတို့သည် ကျမ်းဂန်၏ ကတိတော်ယူခြင်းခံထားရပြီးပြီ မဟုတ်လော။ သူတို့သည် ကျမ်းဂန်တွင် ပါရှိသည်များကို ဖတ်ခဲ့ပြီးလည်း ဖြစ်သည်။အကြောက်တရားထားသူများအဖို့ နောင်တမလွန်အိမ်သည် အကောင်းဆုံးဖြစ်ပေသည်။ ဤမျှပင် အသင်တို့ နားမလည်ကြလေသလော။ **၁၇၀။** အကြင်သူတို့သည် အရှင်မြတ်၏ ကျမ်းဂန်ကို စွဲမြဲစွာ ဆုပ်ကိုင်ထားကြပြီး စွလာသ်ကို စွဲမြဲစွာ ဆောက်တည်ကြ လေသည်။ စင် စစ်တွင် ငါအရှင်သည် ပြုပြင်ရေးလုပ်ကြသူများ၏အကျိုးကို အချည်းနှီး လုပ်တော်မူမည်မဟုတ်ပေ။ **၁၇၁။** တစ်ခါတွင် ငါအရှင်သည် သူတို့အပေါ်တွင် တောင်ကို ပင့်မြှောက်တော်မူခဲ့ရာ ထိုတောင်သည် အမိုးကဲ့သို့ ရှိနေခဲ့သည်။ တောင်သည် သူတို့အပေါ် ကျတော့မည်ဟု သူတို့က ထင်ခဲ့ကြသည်။ အသင်တို့အား ငါအရှင် ချီးမြှင့်သည်များကို ဆုပ်ကိုင်ထားကြလေကုန်။ ထို့ပြင် ထိုထဲတွင် ပါရှိသည်များကို မှတ်သားလိုက်နာကြလေကုန်။ သို့ဆိုလျှင် သင်တို့သည် အကြောက်တရားရှိသူများဖြစ်လာရန် မျှော်လင့်ရပေသည်။

၁၇၂။ တစ်ခါတွင် အသင့်အရှင်သည် အာဒမ်၏သားမြေး တို့၏ ကျောမှ

သူတို့၏သားမြေးများကို ထုတ်ယူတော်မူပြီး သူတို့ကိုယ်တိုင်ကို သက်သေထား တော်မူကာ ငါအရှင်သည် သင်တို့၏ဖန်ဆင်းမွေးမြူရှင်ပင် မဟုတ်ပါသလောဟု မေးမြန်းတော်မူခဲ့လေသည်။ ထိုအခါ သူတို့က ဟုတ်မှန်ပါသည်၊ ကျွန်တော်မျိုးတို့ ကိုယ်တိုင်လည်း သက်သေခံကြပါသည်ဟု ပြောဆိုခဲ့ကြသည်။ ဤသို့ ပြုရခြင်းမှာ ကိယာမသ်နေ့တွင် ကျွန်တော်မျိုးတို့သည် ဤသည်နှင့်စပ်လျဉ်း၍ မသိရှိခဲ့ကြပါဟု အသင်တို့မပြောကြရန် ဖြစ်ပေသည်။ **၁၇၃။** သို့တည်းမဟုတ် ကျွန်တော် မျိုးတို့၏ဘိုးဘွားတို့သည် ကျွန်ုပ်တို့မတိုင်ခင်ကတည်းက တွဲဖက်ကိုးကွယ်မှုကို ပြုလုပ်ခဲ့ကြပါသည်။ ကျွန်တော်မျိုးတို့မှာမူ သူတို့၏နောင်လာနောင်သာများသာ ဖြစ်ခဲ့ကြပါသည်။ သို့ဖြစ်ရာ မဟုတ်မမှန်ပြုလုပ်ခဲ့တို့၏ လုပ်ရပ်ကြောင့် အရှင်မြတ် သည် ကျွန်တော်မျိုးတို့ကို ဖျက်ဆီးပစ်တော်မူပါမည်လောဟု အသင်တို့ မပြောလာ ကြရန်အတွက် ဖြစ်ပေသည်။ **၁၇၄။** သူတို့ပြန်လှည့်လာကြရန်အတွက် ငါအရှင် မြတ်သည် သက်သေလက္ခဏာတော်များကို ဤနည်းအတိုင်းပင် ရှင်းလင်းစွာ ထုတ်ဖော် မိန့်ကြားတော်မူပေသည်။

၁၇၅။ အသင်သည် သူတို့အား အကြင်သူ၏အကြောင်းကို ပြောပြပါ လေ။ ငါအရှင်သည် သူ့ကို ငါအရှင်၏သက်သေလက္ခဏာတော်များ ချီးမြှင့်ခဲ့သည်။ သို့သော် သူသည် ထိုလက္ခဏာတော်များမှ စွန့်ခွာပြေးသွားလေသည်။ သို့ဖြစ်ရာ ရှိုင်သွာန်သည် သူ့နောက်သို့လိုက်လေရာ သူသည် လမ်းလွဲသူများတွင်အပါအဝင် ဖြစ်သွားလေတော့သည်။ **၁၇၆။** အကယ်၍ ငါအရှင် ဆန္ဒရှိတော်မူပါလျှင် သူ့အား ထိုလက္ခဏာတော်များဖြင့် တိုးတက်မြင့်မားမှု ချီးမြှင့်မည်သာဖြစ်သည်။ သို့သော် သူသည် မြေပြင်ဘက်သို့သာ ယိမ်းညွှတ်သွားကာ မိမိ၏စိတ်အလိုရမ္မက်နောက်သို့ လိုက်သွား လေတော့သည်။ သို့ဖြစ်ရာ သူ၏ပမာသည် ခွေးနှင့်တူဆင်ပေသည်။ အကယ်၍ သင်သည် ထိုခွေးပေါ်တွင် ဝန်စည်တင်လျှင်လည်း ထိုခွေးသည် မော ဟိုက်ပြီး လျှာထုတ်နေပေမည်။ လွှတ်ထားလျှင်လည်း မောဟိုက်ပြီး လျှာထုတ်နေ မည်သာဖြစ်သည်။ ဤသည် ငါအရှင်၏သက်သေလက္ခဏာတော်များကို မဟုတ် မမှန်ဟုစွပ်စွဲငြင်းပယ်ကြသူများ၏ ပုံပမာပင်ဖြစ်သည်။ သို့ဖြစ်ရာ သင်သည် ထိုသူတို့ စဉ်းစားဆင်ခြင်နိုင်ကြရန်အတွက် ဤအကြောင်း အရာများကို ပြောပြပါ လေ။ **၁၇၇။** ငါအရှင်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန် ဟုစွပ်စွဲငြင်းပ

ယ်ကြသူများ၏ပုံပမာသည် အဘယ်မျှ ဆိုးရွားလိုက်ပါဘိ။ သူတို့သည် မိမိတို့ကိုယ်ကိုသာ မတရားလုပ်လျက် ရှိကြပေသည်။ **၁၇၈။** အလ္လာဟ်က တရားလမ်းမှန်ညွှန်ပြသူသာလျှင် တရားလမ်းမှန်ရရှိသူ ဖြစ်လေသည်။ အလ္လာဟ်က လမ်းလွဲစေတော်မူလိုက်သောသူများသည်ပင် နစ်နားဆုံးရှုံး ကြသူများ ဖြစ်ကြပေသည်။

၁၇၉။ ငါအရှင်သည် ဂျင်နီများနှင့် လူသားများအနက်မှ အမြောက်အများကို ဂျဟန္နမ်ငရဲဘုံအတွက် မုချဖန်ဆင်းထားတော်မူသည်။ သူတို့ထံ တွင် စိတ်နလုံးများတော့ရှိသည်။ သို့သော် ထိုစိတ်နလုံးများဖြင့် နားလည်နိုင်စွမ်း မရှိကြ။ သူတို့ထံတွင် မျက်လုံးများတော့ရှိသည်။ သို့သော် ထိုမျက်လုံးများဖြင့် မြင်နိုင်စွမ်းမရှိကြ။ သူတို့ထံတွင် နားများတော့ရှိသည်။ သို့သော် ထိုနားများဖြင့် ကြားနိုင်စွမ်းမရှိကြ။ သူတို့သည် တိရစ္ဆာန်များနှင့်တူကြရုံသာမက ထိုတိရစ္ဆာန်များထက်ပင် ပို၍ လမ်းလွဲသူများ ဖြစ်ကြပေသည်။ သူတို့သည်သာလျှင် မေ့လျော့နေသူများ ဖြစ်ကြပေသည်။ **၁၈၀။** အလ္လာဟ်ထံတော်တွင် ကောင်းမြတ်သောနာမတော်များရှိပေရာ ယင်းနာမတော်များဖြင့် ထိုအရှင်ကို ဟစ်ခေါ်တသကြလေကုန်။ သင်တို့သည် အရှင်မြတ်၏နာမတော်များတွင် ပြစ်မှားသူတို့ကို စွန့်ပစ်ထားကြလေကုန်။ သူတို့သည် မိမိတို့၏လုပ်ရပ်များနှင့်စပ်လျဉ်း၍ သေချာပေါက် အစားပေးခြင်းကို ခံကြရပေမည်။ **၁၈၁။** ငါအရှင် ဖန်ဆင်းထားသောသူများတွင် အမှန်တရားဖြင့် လမ်းညွှန်မှုပြုပြီး အမှန်တရားဖြင့်သာ စီရင်ဆုံးဖြတ်ကြသော အုပ်စုတစ်စုလည်း ရှိပေသည်။ **၁၈၂။** ငါအရှင်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲငြင်းပယ်ခဲ့ကြသူများကို ငါအရှင်သည် သူတို့မသိသောနေရာမှ တစ်ဖြည်းဖြည်း အရေးယူကိုင်တွယ်တော်မူပေမည်။ **၁၈၃။** ငါအရှင်သည် သူတို့အား လှန်ထားတော်မူသည်။ ငါအရှင်၏ပရိယာယ်သည် အမှန်ပင် အလွန်ခိုင်ခံ့လှပေသည်။

၁၈၄။ သူတို့၏အဖော်(တမန်တော်)မည်သည့် ဘာရူးသွပ်မှုမျှမရှိကြောင်း၊ သူသည် ထင်ရှားစွာ သတိပေးနှိုးဆော်သူဖြစ်ကြောင်းကို သူတို့ မစဉ်းစားကြလေသလော။ **၁၈၅။** ထိုသူတို့သည် မိုးကောင်းကင်များ နှင့်မြေပထဝီ၏ အစီအစဉ်တကျရှိမှုကို စဉ်းစားဆင်ခြင်မှုမပြုကြလေသလော။ အလ္လာဟ်ဖန်ဆင်းထားသည့် အရာအားလုံးစုံကိုရော၊ သူတို့၏သတ်မှတ်ချိန်သည် နီးကပ်လာပြီဟူသော အချက်ကိုရော (မစဉ်းစားမဆင်ခြင်ကြပါသလော။)သို့ဖြစ်ရာ ထို့နောက်တွင်

သူတို့သည် မည်သည့်စကားရပ်ကို ယုံကြည်ကြဦးမည်နည်း။ **၁၈၆။** အလ္လာဟ်က လမ်းလွဲအောင်လုပ်ထားသူကို လမ်းမှန်ပြသနိုင်သူဟူ၍ အလျှင်းရှိမည်မဟုတ်။ အရှင်မြတ်သည် သူတို့ကို သူတို့၏ဆိုးသွမ်းမှုအတွင်း၌ပင် လမ်းလွဲစေပြီး ပစ်ထားတော်မူပေမည်။ **၁၈၇။** သူတို့သည် ကိယာမသ်နေ့ နှင့်စပ်လျဉ်း၍ ယင်းနေ့သည် ဘယ်တော့ဆိုက်ရောက်ပါမည်နည်းဟု သင့်အား မေးမြန်းကြသည်။ အသင်ပြောကြားပါ။ ထိုနေ့၏အသိသည် ကျွန်ုပ်၏အရှင်မြတ်ထံတော်တွင်သာလျှင် ရှိပေသည်။ ထိုအရှင်ကသာလျှင် ထိုနေ့ကို သူ့အချိန်ကျလာလျှင် ပေါ်လွင်ထင်ရှားစေတော်မူပေလိမ့်မည်။ ထိုနေ့သည် မိုးကောင်းကင် များနှင့် မြေပထဝီတွင် လေးလံလျက်ရှိပေသည်။ ထိုနေ့သည် သင်တို့ထံလာလျှင် ရုတ်တရက်ရောင်တခင်သာ လာပေမည်။ သင်သည် ထိုနေ့နှင့်စပ်လျဉ်း၍ ကောင်းစွာ သုတေသနလုပ်ထားပြီးသည့် အလား သူတို့က သင့်အား မေးမြန်းနေကြသည်။ အသင်ပြောကြားပါ။ ထိုနေ့၏အသိသည် အလ္လာဟ်ထံတွင်သာ ရှိပေသည်။ သို့သော်လည်း လူအများစုသည် မသိရှိကြပေ။ **၁၈၈။** အသင်ပြောကြားပါ။ ကျွန်ုပ်သည် အလ္လာဟ်အလိုတော်မရှိလျှင် မိမိကိုယ်တိုင်၏ကောင်းကျိုး၊ ဆိုးကျိုးကို ပိုင်ဆိုင်သည်မဟုတ်။ အကယ်၍သာ ကျွန်ုပ်သည် အကွယ်ကိုသိပါလျှင် မြောက်မြားစွာသော ကောင်းခြင်းများကို မိမိအဖို့ ရယူခဲ့ပြီး ဖြစ်မည့်အပြင် မည်သည့်ဆင်းရဲ ဒုက္ခမျှလည်း ကျွန်ုပ်အပေါ် သက်ရောက်မည်မဟုတ်ပေ။ စင်စစ်တွင် ကျွန်ုပ်သည် ယုံကြည်ကြသောသူတို့အဖို့ သတိပေးနှိုးဆော်သူ၊ သတင်းကောင်းပါးသူသာလျှင် ဖြစ်ပေသည်။

၁၈၉။ ထိုအရှင်မြတ်ကပင် သင်တို့ကို အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့သည်။ ထိုအသက်တစ်ချောင်းမှ သူ၏ဇနီးကြင်ရာကို ဖန်ဆင်းတော်မူသည်၊ ထိုဇနီးထံတွင် တည်ငြိမ်အေးချမ်းမှု ရယူနိုင်ရန်အတွက် ဖြစ်သည်။ အမျိုးသားသည် အမျိုးသမီးကို ဖုံးလွှမ်းလိုက်သည့်အခါ ယင်းအမျိုးသမီးသည် ပေါ့ပါးသောကိုယ်ဝန် ရှိသွားလေသည်။ ထို့နောက် သူသည် ယင်းကိုယ်ဝန်နှင့်အတူ သွားလာခြင်းပြုလေသည်။ ထို့နောက် ယင်းကိုယ်ဝန်လေးလံလာသောအခါ သူတို့လင်မယားနှစ်ဦးသည် သူတို့၏အရှင်ထံတွင် တောင်းဆုပြုလေသည်။ အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကျန်းမာကောင်းမွန်သောသားသမီးပေးပါလျှင် ကျွန်တော်မျိုးတို့သည် ကျေးဇူးသိတတ်သူများတွင် မုချအပါအဝင်ဖြစ်ပါမည်။

၁၉၀။ သို့သော် အလ္လာဟ်သည် သူတို့နှစ်ဦးအား ကျန်းမာကောင်းမွန်သောသားသမီး ချီးမြှင့်လိုက်သောအခါ အရှင်မြတ်ချီးမြှင့်ထားသောအရာထဲတွင် အခြားသူများကို လည်း အရှင်မြတ်နှင့်အတူ တွဲဖက်များအဖြစ် သတ်မှတ်ကြလေတော့သည်။ စင်စစ် တွင် အလ္လာဟ်သည် သူတို့ တွဲဖက်ကိုးကွယ်သောအရာများမှ အလွန်မြင့်စွင့်လှ တော်မူပေသည်။ သူတို့သည် ဤသို့သောအရာများကို အရှင်မြတ်နှင့်တွဲဖက်များ အဖြစ် သတ်မှတ်နေကြပါသလော။ ထိုအရာတို့သည် မည်သည့်အရာတစ်ခုကိုမျှ ဖန်ဆင်းထားခြင်းမရှိသည့်အပြင် သူတို့ကိုယ်တိုင်သည်ပင် ဖန်ဆင်းခြင်းကို ခံထား ရသည်။ **၁၉၂။** ထို့ပြင် ထိုအရာများသည် သူတို့အတွက် မည်သည့်အကူအညီကိုမျှ မပေးနိုင် သည့်အပြင် မိမိတို့ကိုယ်တိုင်ကိုလည်း အကူအညီပေးနိုင်ကြ သည်မဟုတ် ပေ။ **၁၉၃။** အကယ်၍ သင်သည် သူတို့ကို လမ်းမှန်တရားဘက်သို့ ဖိတ်ခေါ်လျှင် လည်း သင်တို့နောက်သို့ လိုက်ကြလိမ့်မည်မဟုတ်ပေ။ သင်တို့သည် သူတို့ကို ဟစ်ခေါ်ကြ သည်ဖြစ်စေ၊ သို့မဟုတ် ဆိတ်ဆိတ်နေကြသည်ဖြစ်စေ အတူတူပင် ဖြစ်ပေသည်။ **၁၉၄။** အလ္လာဟ်ကို စွန့်၍ အသင်တို့ ဟစ်ခေါ်တသနေကြသော အရာများသည် အသင်တို့ကဲ့သို့ပင် အစေခံများဖြစ်ကြသည်။ အကယ်၍ သင်တို့ သည် အမှန်ပြောသူများဖြစ်ကြပါလျှင် ထိုအရာများကို ဟစ်ခေါ်ပါလေ။ ထိုအရာ များကလည်း ပြန်လည်ထူးကြရမည်။

၁၉၅။ သူတို့ထံတွင် လမ်းလျှောက်နိုင်ရန် ခြေထောက်များရှိပါသလော။ သို့မဟုတ် ကိုင်တွယ်နိုင်ရန် လက်များရှိပါသလော။ သို့တည်းမဟုတ် ကြည့်နိုင်ရန် မျက်လုံးများရှိပါသလော။ သို့မဟုတ် ကြားနိုင်ရန် နားများရှိပါသလော။ အသင် ပြောလိုက်ပါ။ သင်တို့သည် မိမိတို့၏တွဲဖက်ကိုးကွယ်ရာများကို ခေါ်လိုက်ပါ။ ပြီး နောက် သင်တို့အားလုံးပေါင်းပြီး ငါနှင့်ဆန့်ကျင်ဘက် ကြံစည်ကြလေကုန်။ ငါ့အား ဆိုင်းငံ့ခွင့်လည်းမပေးကြလေနှင့်။ **၁၉၆။** စင်စစ်တွင် ငါ၏အဆွခင်ပွန်းမှာ ကျမ်း ဂန်ကိုချပေးသနားတော်မူသော အလ္လာဟ်ပင် ဖြစ်ပေသည်။ ထိုအရှင်သည် သူတော်ကောင်းတို့ကို ကာကွယ်စောင့်ရှောက်တော်မူပေသည်။ **၁၉၇။** အလ္လာဟ် ကိုစွန့်၍ အသင်တို့ ဟစ်ခေါ်နေသောအရာများသည် သင်တို့ကို အကူအညီပေးရန် တတ်စွမ်းနိုင်ကြသည်မဟုတ်။ မိမိတို့ကိုယ်ကိုလည်း ကူညီနိုင်ကြသည် မဟုတ်ပေ။ **၁၉၈။** အကယ်၍ သင်တို့သည် သူတို့အား လမ်းမှန်တရားဘက်သို့ ဖိတ်ခေါ်လျှင်

လည်း သူတို့သည် သင်တို့စကားကို နားထောင်ကြမည်မဟုတ်ပေ။ သူတို့သည် သင့်ဘက်သို့ ကြည့်နေကြသည်ဟု သင်ထင်ရသော်လည်း သူတို့သည် မည်သည့် အရာကိုမျှ မြင်နေသည်မဟုတ်။

၁၉၉။ သင်သည် ခွင့်လွှတ်ခြင်းတရားကို လက်ကိုင်ပြုပါ။ ကောင်းရာကို ညွှန်ကြားပါ။ အသိဉာဏ်မဲ့သူတို့ကို လျစ်လျူရှုထားပါ။ **၂၀၀။** အကယ်၍ သင့်ထံ ရှိုင်သွာန်ဘက်မှ အနှောင့်အယှက်တစ်စုံတစ်ရာလာလျှင် သင်သည် အလွှာဟ်ထံ ခိုလှုံခွင့်တောင်းခံပါလေ။ အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွမ်းမဲ့ သိတော်မူသောအရှင် မုချဖြစ်သည်။ **၂၀၁။** အလွှာဟ်ကို ကြောက်ရွံ့ရိုသေကြ သောသူတို့သည် ရှိုင်သွာန်၏နှောင့်ယှက်မှုကြောင့် မကောင်းသောအတွေး တစ်ခုခု က သူတို့ထံ သက်ရောက်သောအခါ သူတို့သည် ချက်ချင်းအသိဝင်လာပြီး တစ်ချိန် တည်းမှာပင် အမြင်မှန်ရသွားကြလေတော့သည်။ **၂၀၂။** ထိုရှိုင်သွာန်၏ ညီနောင် များသည် မလျော့သောဇွဲဖြင့် သူတို့အား လမ်းမှားသို့ ဆွဲငင်ခေါ်ဆောင်နေလျက်ရှိ ကြသည်။

၂၀၃။ အကယ်၍ သင်သည် သူတို့ထံသို့ တန်ခိုးတော်တစ်ခုခုကို မယူဆောင်လာသောအခါ သူတို့က သင်သည် အဘယ့်ကြောင့် တန်ခိုးတော်တစ် ခုခုကို ရွေးချယ်၍ မယူလာရပါသနည်းဟု ပြောကြသည်။ အသင်ပြောလိုက်ပါ။ စင်စစ်တွင် ငါသည် ငါ့အရှင်ထံတော်ပါးမှ ဗျာဒိတ်တော်မူသည့်အရာများကိုသာ လိုက်နာပေသည်။ ဤ(ကုန်အာန်)သည် သင်တို့၏အရှင်ထံတော်မှ စဉ်းစားဆင်ခြင် စရာအချက်များဖြစ်သည်။ ယုံကြည်သူတို့အဖို့ လမ်းမှန်တရားနှင့် ကရုဏာတော် လည်း ဖြစ်ပေသည်။ **၂၀၄။** ကုရ်အာန်ဖတ်ရွတ်သရဇ္ဈယ်ပြီဆိုလျှင် အသင်တို့သည် အာရုံစူး စိုက်၍ နားထောင်ကြလေကုန်။ ဆိတ်ဆိတ်နေကြလေကုန်။ သို့မှသာလျှင် သင်တို့ သည် ကရုဏာတော်ကို ရရှိခံစားရပေမည်။ **၂၀၅။** အသင့်အရှင်ကို မိမိ၏စိတ်နှလုံးတွင်းဝယ် ဓဃရိုကျိုးလျက်၊ ကြောက်ရွံ့ရိုသေလျက်၊ မကျယ်လောင် သောအသံဖြင့် နံနက်နှင့်ညနေတွင် အောက်မေ့တသသတိရပါလေ။ မေ့လျော့နေ သူများတွင် မပါဝင်လေနှင့်။ **၂၀၆။** အသင်၏ အရှင်မြတ်ထံတော်တွင်ရှိသောသူ (ကောင်းကင်တမန်)များသည် အရှင်မြတ်အား ဓဝပ်ကိုးကွယ်ခြင်းမှ မာန်မာန မထောင်ကြပေ။ သူတို့သည် အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို

မြွက်ဆိုနေသည့်အပြင် ထိုအရှင်မြတ်ကို ပျံဝပ်ဦးချနေလျက် ရှိကြပေသည်။

၈။ စူရဟ်အန်ဖာလ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ လက်ရပစ္စည်းများနှင့်စပ်လျဉ်း၍ သူတို့သည် သင့်ထံတွင် မေးမြန်း ကြလေသည်။ အသင်ပြောကြားပါ။ လက်ရပစ္စည်းများသည် အလ္လာဟ်နှင့် တမန် တော်ပိုင်ဆိုင်သောပစ္စည်းများ ဖြစ်ပေသည်။ သင်တို့သည် အလ္လာဟ်ကို ကြောက်ရွံ့ ရိုသေကြကုန်။ အချင်းချင်း၏ဆက်ဆံရေးကို ကောင်းမွန်အောင် ပြုကြလေကုန်။ အကယ်၍ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြပါလျှင် အလ္လာဟ်နှင့် ထိုအရှင့်တ မန်တော်၏အမိန့်တော်များကို နာခံကြလေကုန်။ **၂။** ယုံကြည်သူများဟူသည် အလ္လာဟ်အကြောင်းပြောလျှင် သူတို့၏စိတ်နလုံးများသည် ထိတ်လန့်သွားကြလေ သည်။ သူတို့ရှေ့တွင် အလ္လာဟ်၏အာယသ်တော်များကို ဖတ်ကြားလျှင် ထို အာယသ်တော်များသည် သူတို့၏ယုံကြည်ချက်ကို တိုးပွားခိုင်မြဲသွားစေသည်။ သူတို့သည် မိမိတို့၏အရှင်မြတ်အပေါ် ၌သာလျှင် ယုံပုံအပ်နှင်းကြသူများ ဖြစ်ကြပေ သည်။ **၃။** သူတို့သည် စွလာသ်ဆောက်တည်ကြသူများ၊ ငါအရှင် သူတို့ ကိုပေးကမ်း ထားသည်များထဲမှ လှူဒါန်သုံးစွဲကြသူများ ဖြစ်ကြပေသည်။ **၄။** ထိုသူတို့သာလျှင် စစ်မှန်သောယုံကြည်သူများ ဖြစ်ကြသည်။ သူတို့၏အရှင်မြတ်ထံတွင် သူတို့အဖို့ မြင့်မားသောအဆင့်အတန်းများ၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့်၊ သိက္ခာရှိသောစားနပ် ရိက္ခာ ရှိပေသည်။

၅။ သင့်အရှင်သည် သင့်အား သင်၏အိမ်မှ အမှန်တရားဖြင့် ထွက်စေ တော်မူခဲ့သကဲ့သို့ပင်၊ ယုံကြည်သူများအနက်မှ အုပ်စုတစ်စုသည် ဤသို့ထွက်ရ ခြင်းကို မနှစ်မြို့လျက် ရှိခဲ့ပေသည်။ **၆။** မှန်ကန်သောအကြောင်းတရားသည် ထင်ရှားခဲ့ပြီးနောက်မှ ထိုသူတို့သည် ယင်းကိစ္စနှင့်စပ်လျဉ်းပြီး သင်နှင့် အငြင်းအခုံ လုပ်နေကြသည်။ သူတို့သည် သေခြင်းတရားဘက်သို့ မောင်းနှင်ခြင်းခံနေရပြီး ထိုသေခြင်းတရားကို မျက် ဝါးထင်ထင် တွေ့မြင်နေကြရဘိအလားဖြစ်ခဲ့သည်။ **၇။**

တစ်ခါတွင်အလွှာဟ်ကအဖွဲ့နှစ်ဖွဲ့အနက်မှတစ်ဖွဲ့သည်သင်တို့အတွက်ဖြစ်ရမည်ဟု သင်တို့ကို ကတိပြုတော်မူသည်။ သို့သော် ဆူးငြောင့်မပါသောအဖွဲ့သည်သာလျှင် သင်တို့အတွက်ဖြစ်ရန် သင်တို့က လိုလားနှစ်သက်ခဲ့ကြသည်။ အလွှာဟ်သည် မိမိ၏စကားတော်များဖြင့် အမှန်ကို အမှန်အဖြစ်အတည်ပြုရန်၊ ပြစ်မှုကျူးလွန်သူများ၏အမြစ်ကို ဖြတ်တောက်ပစ်ရန် လိုလားတော်မူလေသည်။ **၈။** သို့မှသာ အပြစ်ကျူးလွန်သူများ အဘယ်မျှ မနှစ်မြို့လင့်ကစား အမှန်သည် အမှန်အဖြစ် ထင်ရှားစေပြီး၊ အမှားသည် အမှားအဖြစ် ထင်ရှားသွားစေရန် ဖြစ်လေသည်။

၉။ ထိုအခါက သင်တို့သည် သင်တို့၏အရှင်မြတ်ထံတွင် ကူညီစောင်မတော်မူရန် ပန်ကြားလျက်ရှိခဲ့ရာ အရှင်မြတ်က ငါအရှင်သည် သင်တို့အား ကူညီရန်အတွက် ကောင်းကင်တမန်အပါး တစ်ထောင်ကို ဆက်တိုက် စေလွှတ်တော်မူမည်ဟု သင်တို့၏ ပန်ကြားချက်ကို လက်ခံပြန်ကြားတော် မူလေသည်။ **၁၀။** အလွှာဟ်က ဤသို့လုပ်ဆောင်တော်မူခြင်းမှာ သင်တို့အဖို့ သတင်းကောင်းဖြစ်ရန်၊ သင်တို့၏စိတ်နလုံးများသည် ထိုသတင်းကောင်းဖြင့် တည်ငြိမ်အေးချမ်းသွားစေရန်အတွက်သာ ဖြစ်ပေသည်။ ကူညီစောင်မမှုဟူသည် အလွှာဟ်ထံတော်မှသာ လာပေသည်။ အလွှာဟ်သည် တန်ခိုးတော်နှင့်ပြည့်စုံတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။ **၁၁။** ထိုအခါက အလွှာဟ်သည် သင်တို့ပေါ်တွင် အမောအပန်းပြေစေရန်အတွက် ငိုက်မျဉ်းခြင်းကို လွှမ်းမိုးစေတော်မူခဲ့သည်။ ထို့ပြင် သင်တို့ပေါ်သို့ မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့သည်။ ထိုမိုးရေဖြင့် သင်တို့ကို သန့်ပြန့်စင်ကြယ်အောင် လုပ်ဆောင်ရန်၊ သင်တို့ထံမှ ရှိုင်သွန်၏အညစ်အကြေးကို ဖယ်ရှားပစ်တော်မူရန်၊ သင်တို့၏ စိတ်နလုံးများကို ကြံ့ခိုင်သွားစေရန် ထိုမိုးရေဖြင့် သင်တို့၏ခြေများကို မြဲမြံခိုင်မြဲသွားစေရန် အတွက် ဖြစ်လေသည်။ **၁၂။** ထိုအခါက သင်၏အရှင်မြတ်သည် ကောင်းကင်တမန်များအား ဤသို့ အမိန့်တော်ထုတ်ပြန်လေသည်။ ငါအရှင်သည် သင်တို့နှင့်အတူမုချရှိတော်မူပေရာ သင်တို့သည် ယုံကြည်သူတို့ကို ကြံ့ခိုင်အောင် လုပ်ဆောင်ပေးကြကုန်။ ငါအရှင်သည် မယုံကြည်သူတို့၏စိတ်နလုံးများအတွင်းသို့ ကြောက်ရွံ့စိတ်ကို များများကြာမီထည့်သွင်းလိုက်တော်မူမည်။ သို့ဖြစ်ရာ သင်တို့သည် သူတို့၏လည်ကုပ်များအပေါ် ခုတ်ကြကုန်။ သူတို့၏လက်ချောင်းများ၏ အဆစ်များကို

တစ်ခုစီ ဖြတ်တောက်ကြကုန်။ **၁၃။** ဤသို့ မိန့်ခြင်းမှာ သူတို့သည် အလွှာဟ်နှင့် ထိုအရှင်၏တမန်တော်ကို ဆန့်ကျင်ခဲ့သောကြောင့် ဖြစ်ပေသည်။ မည်သူမဆို အလွှာဟ်နှင့် ထိုအရှင်၏တမန်တော်ကို ဆန့်ကျင်ခဲ့ပါလျှင် အလွှာဟ်သည် ပြင်း ထန်စွာ ပြစ်ဒဏ်ခတ်တော်မူသောအရှင် မုချဖြစ်ပေသည်။ **၁၄။** ထိုပြစ်ဒဏ်ကို ယခု မြည်းစမ်းကြလေကုန်။ မယုံကြည်သူများအဖို့ ငရဲမီး၏ပြစ်ဒဏ်မှုချရှိသည်(ကို မှတ် ထားကြလေကုန်။)

၁၅။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ သင်တို့သည် မယုံကြည်သူတို့ အား စစ်မြေပြင်တွင် တွေ့ဆုံကြသောအခါ သူတို့အား ကျောခိုင်း၍ မသွားကြလေ နှင့်။ **၁၆။** မည်သူမဆို ထိုအခြေအနေမျိုးတွင် အရှီအတက် လွှဲပြောင်းစစ်ဆင်ခြင်း၊ သို့မဟုတ် အခြားတစ်ဖွဲ့ဖွဲ့နှင့် သွားရောက်ပူးပေါင်းရန်အတွက်မဟုတ်ဘဲ သူတို့ အား ကျောခိုင်းသွားပါလျှင် ထိုသူအပေါ် အလွှာဟ်၏အမျက်တော် မုချသင့်ခဲ့လေ ပြီ။ ထို့ပြင် သူ၏နေရာဌာနေသည် ဂျဟန္နမ်ငရဲဘုံ ဖြစ်ပေမည်။ ယင်းငရဲဘုံသည် အလွန်ဆိုးရွားသောနေရာဌာနေ ဖြစ်ပေသည်။

၁၇။ သင်တို့သည် သူတို့အား သတ်ဖြတ်ခဲ့ကြသည်မဟုတ်ပေ။ စင်စစ် တွင် အလွှာဟ်ကသာ သူတို့ကို သတ်ဖြတ်တော်မူခဲ့ခြင်း ဖြစ်သည်။ ထိုနည်းတူ သူတို့အပေါ်တွင် သဲများဖြင့် အသင်ပစ်ပက်ခဲ့စဉ်အခါကလည်း အသင် ပစ်ပက်ခဲ့ သည်မဟုတ်ပေ။ စင်စစ်တွင် အလွှာဟ်ကသာ ပစ်ပက်ခဲ့ခြင်း ဖြစ်ပေသည်။ အကြောင်းမှာ အလွှာဟ်သည် မိမိဘက်တော်မှ ယုံကြည်သူများကို ကောင်းမြတ် သောစမ်းသပ်မှုဖြင့် စမ်းသပ်တော်မူရန်အတွက် ဖြစ်ပေသည်။ အလွှာဟ်သည် အရာရာကို ကြားတော်မူသော၊ အကြွမ်းမဲ့သိတော်မူသောအရှင် အမှန်ပင်ဖြစ်ပေ သည်။ **၁၈။** ထိုသို့ ဖြစ်ခဲ့သည်။ စင်စစ်တွင် အလွှာဟ်သည် မယုံကြည်သူတို့ ၏အကြံအစည်များကို ချည့်နဲ့အောင်လုပ်၍ နေမည်ဖြစ်သည်။ **၁၉။** အကယ်၍ သင်တို့သည် စီရင်ဆုံးဖြတ်ချက်ကို လိုချင်သည်ဆိုလျှင် စီရင်ဆုံးဖြတ်ချက်သည် သင်တို့ထံ ရောက်ရှိလာ ပေပြီ။ အကယ်၍ သင်တို့သည် ရပ်တန်းက ရပ်လိုက်ကြပါမူ သင်တို့အတွက် အကောင်းဆုံး ဖြစ်ပေမည်။ အကယ်၍ သင်တို့သည် ထိုအတိုင်း ထပ်လုပ်ကြပါလျှင် ငါအရှင်သည်လည်း ထိုအတိုင်း ထပ်လုပ်တော်မူမည်။ သင်တို့ ၏အုပ်စုသည် မည်မျှပင်များပြားလင့်ကစား သင်တို့အဖို့ အနည်းငယ်မျှ အသုံးဝင်

လိမ့်မည်မဟုတ်။ အလွှာဟ်သည် ယုံကြည်သူတို့နှင့်အတူ မုချရှိတော်မူပေသည်။

၂၀။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလွှာဟ်နှင့်ထိုအရှင့်တမန်တော်၏အမိန့်တော်များကို လိုက်နာကြကုန်။ သင်တို့ ကြားသိပါလျက်နှင့် ထိုအမိန့်တော်များမှ ကျောခိုင်းမသွားကြလေနှင့်။ **၂၁။** မိမိတို့သည် မကြားပါလျက် ကျွန်ုပ်တို့ ကြားခဲ့ကြပါပြီဟု ပြောခဲ့ကြသူများကဲ့သို့လည်း အသင်တို့ မဖြစ်ကြလေနှင့်။ **၂၂။** စင်စစ်တွင် အလွှာဟ်ထံတော်၌ အဆိုးယုတ်ဆုံးသောသတ္တဝါဟူသည် ဦးနှောက်အသိဉာဏ်ကို အသုံးမချကြသော ဆွံအ၊ နားပင်းသူများပင် ဖြစ်ပေသည်။ **၂၃။** အကယ်၍ အလွှာဟ်သည် သူတို့တွင် ကောင်းသောအချက်တစ်စုံတစ်ရာကို သိမြင်တော်မူပါမူ သူတို့အား မုချ ကြားနာစေတော်မူမည်သာ ဖြစ်သည်။ အကယ်၍ ကြားနာစေလိုက်လျှင်လည်း သူတို့သည်ဂရုမစိုက်ဘဲ မုချကျောခိုင်းသွားကြမည်သာ ဖြစ်သည်။

၂၄။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလွှာဟ်နှင့် တမန်တော်က သင်တို့ကို ခေါ်သောအခါ အဖြေပေးကြလေကုန်။ တမန်တော်သည် သင်တို့ကို အသက်ရှင်စေနိုင်သည့်ကိစ္စများဘက်သို့သာ ဖိတ်ခေါ်နေခြင်း ဖြစ်သည်။ အလွှာဟ်သည် လူသားနှင့် သူ၏စိတ်နလုံးအကြားတွင် အမှန်ပင် အကာအဆီး ဖြစ်တော်မူကြောင်း သင်တို့သည် ထိုအရှင့်ထံတော်တွင်သာ စုရုံးကြရမည်ဖြစ် ကြောင်းကောင်းစွာ သိထားကြလေကုန်။ **၂၅။** သင်တို့အနက်မှ မတရားလုပ်သူများအပေါ် သို့သာ သီးသန့် ရောက်လာမည်မဟုတ်သော အပြစ်ဒဏ်ကို သင်တို့ ကြောက်ရွံ့ကြလေကုန်။ အလွှာဟ်သည် ပြင်းထန်စွာ အရေးယူတော်မူသောအရှင် အမှန်ပင် ဖြစ်သည်ကို သင်တို့ မှတ်ထားကြလေကုန်။

၂၆။ ပြန်လည်သတိရကြကုန်။ တစ်ခါတုန်းက သင်တို့သည် အနည်းငယ်သာ ရှိခဲ့ကြပြီး တိုင်းပြည်တွင် အားနည်းသူများဟု မှတ်ယူခြင်းခံခဲ့ရသည်။ ထို့ပြင် လူတို့က သင်တို့ကို ရုတ်တရက် သုတ်ချီသွားလေမလားဟုပင် ကြောက်ရွံ့နေခဲ့ရသည်။ ထို့နောက်တွင် သင်တို့သည် ကျေးဇူးသိတတ်သူများ ဖြစ်လာကြရန် အတွက် အရှင်မြတ်က သင်တို့ကို နေရာထိုင်ခင်း ပေးတော်မူခဲ့သည်။ မိမိ၏စောင်မှုဖြင့် သင်တို့ကို ကူညီတော်မူခဲ့သည်။ သန့်ပြန့်သောစားနပ်ရိက္ခာများကို ချီးမြှင့်တော်မူခဲ့သည်။ **၂၇။** အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလွှာဟ်နှင့် တမန်တော်

ကို သစ္စာမဖောက်ကြလေနှင့်။ ထို့ပြင် သင်တို့သည် သိကြပါလျက် သူတစ်ပါး၏ အပ်နှံ ပစ္စည်းများကို အလွဲသုံးစားမလုပ်ကြလေနှင့်။ **၂၈။** စင်စစ်တွင် အသင်တို့၏ ပစ္စည်းဥစ္စာများနှင့် သင်တို့၏ သားသမီးများသည် စမ်းသပ်မှုတစ်ရပ်သာ ဖြစ်ကြောင်း၊ အလွှာဟ်ထံတွင် ကြီးမားသောအကျိုးဆုလာဘ်သည် မုချရှိကြောင်း သင်တို့ မှတ်ထားကြလေကုန်။

၂၉။ အို-အိမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ သင်တို့သည် အလ္လာဟ်ကို ကြောက်ရွံ့ရိုသေကြပါလျှင် အရှင်မြတ်သည် သင်တို့အဖို့ အမှားအမှန် ခွဲခြားသိမြင်နိုင်စွမ်း ချီးမြှင့်တော်မူပေမည်။ သင်တို့၏ အပြစ်များကို ပပျောက်စေတော်မူပေမည်။ သင်တို့ကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည်။ အလ္လာဟ် သည် ကျေးဇူး ကြီးမားလှတော်မူသောအရှင် ဖြစ်ပေသည်။ **၃၀။** မယုံကြည်သူတို့က သင့်အား ဖမ်းဆီးချုပ်နှောင်ကြရန်၊ သို့မဟုတ် သတ်ဖြတ်ပစ်ကြရန်၊ သို့မဟုတ် နယ်နှင်ပစ်ကြရန် လှုံ့ဖော်ကြံစည်ခဲ့ကြစဉ်အခါက သူတို့ကြံစည်နေကြသလို အလ္လာဟ်က လည်း ကြံစည်နေလျက်ရှိတော်မူသည်။ အလ္လာဟ်သည် အကောင်းဆုံး ကြံစည် တော်မူသောအရှင် ဖြစ်သည်။

၃၁။ သူတို့ရှေ့မှောက်တွင် ငါအရှင်၏မုဏ္ဍပါဠိတော်များအား ဖတ်ကြား ပြသောအခါ သူတို့က ဤသို့ ပြောဆိုခဲ့ကြသည်။ ကျွန်ုပ်တို့ ကြားခဲ့ပါပြီ။ အကယ်၍ ကျွန်ုပ်တို့ ဆန္ဒရှိပါလျှင် ကျွန်ုပ်တို့သည်လည်း ဤအတိုင်း ပြောဆိုတော်မူနိုင်ကြသည်။ ဤသည် ရှေးလူတို့၏ ဒဏ္ဍာရီပုံပြင်မျှသာ ဖြစ်သည်။ **၃၂။** တစ်ခါတွင် သူတို့က ဤသို့လည်း ပြောဆိုခဲ့ကြသည်။ အို-အလ္လာဟ်၊ အကယ်၍ ဤသည်သာလျှင် အရှင်မြတ်ထံတော်မှလာသော အမှန်တရားဖြစ်သည်ဆိုလျှင် အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ် သို့ မိုးကောင်းကင်မှ ကျောက်ခဲမိုးရွာချပေးတော်မူပါ။ သို့တည်း မဟုတ် နာကျင်ဖွယ်ရာပြစ်ဒဏ်တစ်ခုခုကို ကျွန်ုပ်တို့အပေါ် ကျရောက်စေတော်မူပါ။ အလ္လာဟ်သည် သူတို့ထဲတွင် အသင်ရှိနေသရွေ့ သူတို့အား ပြစ်ဒဏ်ပေးတော်မူမည် မဟုတ်ပေ။ ထိုနည်းတူ သူတို့သည် အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံနေသမျှ အလ္လာဟ်သည် သူတို့ကို ပြစ်ဒဏ်ပေးတော်မူမည့်အရှင် မဟုတ်ပေ။ **၃၃။** ထို့ပြင် အလ္လာဟ်သည် သူတို့ထဲတွင် အသင်ရှိနေပါလျက် သူတို့ကို ပြစ်ဒဏ်ပေးတော်မူမည့်၊ အရှင်မဟုတ်ပေ။ ထို့ပြင် သူတို့သည် လွတ်ငြိမ်းချမ်းခွင့်

တောင်းခံနေကြပါလျက် အလွှာဟ်က သူတို့ကို ပြစ်ဒဏ်ခတ်တော်မူမည့် အရှင်မဟုတ်ပေ။ **၃၄။** အလွှာဟ်သည်သူတို့ကိုပြစ်ဒဏ်မခတ်စရာမည်သို့အကြောင်း ရှိပါဦးမည်နည်း။ သူတို့သည် တာဝန်ခံဂေါပကများလည်း မဟုတ်ဘဲနှင့် မြင့်မြတ်သော ကျောင်းတော်မှ တားဆီးပိတ်ပင်ကြသည်။ စင်စစ်တွင် အလွှာဟ်ကို အကြောက်တရားထားသူများသာ ထိုကျောင်းတော်၏ တာဝန်ခံများ ဖြစ်ကြသည်။ သို့သော် သူတို့အနက် အများစုသည် မသိကြပေ။ **၃၅။** ကျောင်းတော်အနားတွင် သူတို့၏ ဝတ်ပြုခြင်းသည် အမှန်တော့ လေချွန်ခြင်းနှင့် လက်ခုတ်လက်ဝါးတီးခြင်းမှအပ အခြားမဟုတ်ပေ။ သို့ရာတွင် သင်တို့၏ ငြင်းဆန်မှုကြောင့် ယခု ပြစ်ဒဏ်မြည်းစမ်းကြပေတော့။

၃၆။ စင်စစ်တွင် ငြင်းပယ်သူများသည် လူတို့ကို အလွှာဟ်လမ်းတော်မှ တားဆီးပိတ်ပင်ရန်အတွက်သာ မိမိတို့၏ဥစ္စာများကို သုံးစွဲကြသည်။ သူတို့သည် ယင်းဥစ္စာပစ္စည်းကို သုံးစွဲနေလျက်ရှိကြလိမ့်မည်။ ထို့နောက်တွင် ယင်းဥစ္စာများသည် သူတို့အတွက် ကြေကွဲဖွယ်ရာများ ဖြစ်လိမ့်မည်။ ထို့နောက် သူတို့သည် လွှမ်းမိုးအောင်နိုင်ခြင်းကိုလည်း ခံရပေဦးမည်။ ငြင်းဆန်သူများသည် ငရဲသို့ စုရုံးခြင်းခံကြရမည်။ **၃၇။** အကြောင်းမှာ အလွှာဟ်သည် သန့်ပြန့်သည့် အရာထဲမှ မသန့်ပြန့်သည့်အရာကို သီးခြားခွဲထုတ်တော်မူပြီး မသန့်ပြန့်သည့် အရာများကို တစ်ခုပေါ် တစ်ခုထပ်၍ ထိုအစုအပေါင်းကို ငရဲထဲသို့ ထည့်တော်မူရန်အတွက် ဖြစ်သည်။ ထိုသူများသည်သာ ဆုံးရှုံးမည့်သူများ ဖြစ်ကြသည်။

၃၈။ အသင်သည် ငြင်းပယ်သူများအား ဤသို့ပြောကြားပါ။ အကယ်၍ သူတို့သည် ရပ်တန့်လိုက်ပါက ဖြစ်ခဲ့သမျှကို ခွင့်လွှတ်ချမ်းသာပေးခြင်းခံရမည်။ အကယ်၍ သူတို့သည် မလုပ်ကြပါက အလျင်ကျော်လွန်ခဲ့သောသူများတွင် ငါအရှင်မြတ်၏ ဓလေ့တော်ရှိခဲ့ပြီး ဖြစ်ပေသည်။ **၃၉။** အသင်တို့သည် ဘာသာရေးညှင်းပန်းနှိပ်စက်မှု မရှိတော့သည်အထိ၊ သာသနာတစ်ခုလုံးသည် အလွှာဟ်အပိုင် ဖြစ်သွားသည်အထိ သူတို့နှင့် တိုက်ခိုက်ကြကုန်။ အကယ်၍ သူတို့သည် ရပ်တန့်လိုက်ကြပါမူ အလွှာဟ်သည် သူတို့၏ လုပ်ဆောင်မှုများကို ကောင်းစွာ မြင်တော်မူသည်။ **၄၀။** အကယ်၍ သူတို့က ဥပက္ခာပြုကြပါမူ အလွှာဟ်သည် သင်တို့အား ကာကွယ်စောင့်ရှောက်မည့်အရှင်မှချဖြစ်ကြောင်း မှတ်ထားလိုက်ကြကုန်။ အရှင်မြတ်သည်

အကောင်းဆုံး ကာကွယ်စောင့်ရှောက်တော်မူသောအရှင်၊ အကောင်းဆုံး ကူညီတော်မူသောအရှင် ဖြစ်ပေသည်။

★**၄၁။** အကယ်၍ သင်တို့သည် အလ္လာဟ်ကို ယုံကြည်ကြပါလျှင်၊ အဆုံးအဖြတ်နေ့က အုပ်စုနှစ်စုတွေ့ကြသည့်နေ့တွင် ငါအရှင်က မိမိကျွန်ပေါ်သို့ ချပေးသနားခဲ့သော အရာကို ယုံကြည်လျှင် မှတ်ထားကြကုန်။ အသင်တို့ရရှိသမျှ သုံ့ပန်းများတွင် ငါးပုံတစ်ပုံသည် အလ္လာဟ်နှင့် တမန်တော်အဖို့၊ တမန်တော်၏ ဆွေမျိုးများနှင့် ဘမဲ့ကလေးများအဖို့၊ သူဆင်းရဲများနှင့် ခရီးသည်များအဖို့ ဖြစ်သည်။ အလ္လာဟ်သည် အရာအားလုံးကို အလွန် တတ်စွမ်းနိုင်တော်မူသည်။

၄၂။ တစ်ခါတွင် သင်တို့သည် နီးသောချိုင့်ဝှမ်းတွင် ရှိခဲ့ကြပြီး သူတို့ကမူ ဝေးသော ချိုင့်ဝှမ်းတွင် ရှိခဲ့ကြသည်။ ကုန်သည်အုပ်စုသည် အသင်တို့၏ အောက်ဘက်ခြမ်းတွင် ရှိခဲ့သည်။ အကယ်၍ သင်တို့နှင့် သူတို့သည် အချိန်သတ်မှတ်၍ ချိန်းဆိုခဲ့ကြပါက မုချ ဤသတ်မှတ်ချက်တွင် ကွဲလွဲကြပေလိမ့်မည်။ သို့သော်လည်း (မချိန်းဆိုဘဲ ထိတ်တိုက်တွေ့သော) ဤအဖြစ်အပျက်ဖြစ်ရခြင်းအကြောင်းမှာ ဖြစ်ကိုဖြစ်ရမည့် ကိစ္စကို အလ္လာဟ်က ပြည့်ဝအောင် လုပ်တော်မူရန်ဖြစ်သည်။ သို့မှသာ ပျက်စီးမည့်သူက ထင်ရှားသော အထောက်အထားကို တွေ့မြင်ပြီး ပျက်စီးရန်နှင့် ရှင်သန်မည့်သူက ထင်ရှားသော အထောက်အထားကို တွေ့မြင်ပြီး ရှင်သန်ရန်အတွက် ဖြစ်သည်။ အလ္လာဟ်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့ သိတော်မူသောအရှင် မုချဖြစ်သည်။ **၄၃။** တစ်ချိန်က သင့်အိပ်မက်တွင် အလ္လာဟ်က သူတို့၏ အရေအတွက်ကို နည်းနည်းပဲ ပြတော်မူခဲ့သည်။ အကယ်၍ အရှင်မြတ်က သင်တို့အား သူတို့၏ အရေအတွက်ကို များများပြတော်မူခဲ့ပါက သင်တို့သည် စိတ်ဓာတ်ကျသွားပေလိမ့်မည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ သင်တို့အချင်းချင်း အကွဲအလွဲ ဖြစ်ကုန်ကြလိမ့်မည်။ သို့သော်လည်း အလ္လာဟ်က ကယ်တင်တော်မူခဲ့သည်။ အလ္လာဟ်သည် စိတ်ထဲတွင် ရှိသောအရာများကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်ပေသည်။ **၄၄။** တစ်ချိန်က သင်တို့သည် အချင်းချင်း ရင်ဆိုင်လိုက်ကြသောအခါ အလ္လာဟ်သည် သင်တို့၏အမြင်များတွင် သူတို့၏ အရေအတွက်ကို အနည်းငယ်သာ ပြတော်မူခဲ့သည်။ ထို့ပြင် သူတို့၏ အမြင်များတွင်လည်း သင်တို့၏ အရေအတွက်ကို အနည်းငယ်သာ ပြတော်မူခဲ့သည်။

အကြောင်းမှာ ဖြစ်ကိုဖြစ်ရမည့်ကိစ္စကို အလွှာဟ်က ပြီးမြောက်အောင်လုပ်တော်မူရန်အတွက် ဖြစ်သည်။ အရေးကိစ္စတိုင်းသည် အလွှာဟ်ဘက်သို့သာ ပြန်လှည့်ရမည်ဖြစ်သည်။

၄၅။ အို-အဒီမာန်ယုံကြည်သူအပေါင်းတို့၊ သင်တို့သည် အုပ်စုတစ်စုနှင့် ထိတ် တိုက်တွေ့ကြုံပြီဆိုလျှင် ခြေမြဲကြကုန်။ ထို့ပြင် အလွှာဟ်ကို များစွာ တသကြကုန်။ သို့မှသာ သင်တို့သည် အောင်မြင်မှုရရှိကြပေမည်။ **၄၆။** သင်တို့သည် အလွှာဟ်နှင့် ထိုအရှင့်တမန်တော်၏ အမိန့်ကို နာခံကြကုန်။ အချင်းချင်း ပြဿနာမလုပ်ကြနှင့်။ မဟုတ်လျှင် သင်တို့ ချည့်နဲ့ကုန်လိမ့်မည်။ သင်တို့၏ အင်အား ပျက်သုဉ်းသွားလိမ့်မည်။ သည်းခံမြဲမြံကြကုန်။ အလွှာဟ်သည် သည်းခံမြဲမြံသူတို့နှင့်အတူ မုချရှိပေသည်။ **၄၇။** သင်တို့သည် မိမိတို့၏အိမ်များမှ ဝင့်ကြွားပလွှားလျက်၊ လူတို့ကို ပြစားလျက် ထွက်လာကြသူများကဲ့သို့ မဖြစ်ကြလေနှင့်။ ၎င်းတို့သည် လူတို့အား အလွှာဟ်လမ်းတော်မှ တားဆီးလျက်ရှိကြသည်။ စင်စစ်တွင် အလွှာဟ်သည် ၎င်းတို့၏ လုပ်ရပ်များကို ဝန်းရံထားတော်မူသည်။

၄၈။ တစ်ခါတွင် ၎င်းတို့၏ လုပ်ရပ်များသည် ကောင်းသည်ဟု ရှိုင်သွာန်က ၎င်းတို့ကို မြင်စေခဲ့သည်။ ရှိုင်သွာန်က ဤသို့ပြောခဲ့သည်။ ယနေ့ လူတို့တွင် သင်တို့ကို အောင်နိုင်မည့်သူ မည်သူမျှ မရှိပေ။ ငါသည် သင်တို့ကို စောင့်ရှောက်မည်။ ထို့နောက် အုပ်စုနှစ်စုက ထိပ်တိုက်ရင်ဆိုင်သောအခါတွင်မူ သူသည် ခြေဖနောင့်ဘက်သို့ နောက်ဆုတ်ထွက်သွားပြီး ဤသို့ပြောလေသည်။ ငါသည် သင်တို့နှင့် ဘာမျှ မသက်ဆိုင်ပေ။ ငါသည် သင်တို့မတွေ့နိုင်သည့်များကို တွေ့မြင်နေရသည်။ ငါသည် အလွှာဟ်ကို ကြောက်သည်။ အလွှာဟ်သည် အလွန်ပြင်းထန်စွာ အရေးယူတော်မူသောအရှင် ဖြစ်ပေသည်။ **၄၉။** တစ်ခါတွင် မွတ်စ်လင်မ်အယောင်ဆောင်များနှင့် စိတ်နလုံးထဲတွင် ရောဂါရှိသူများက ဤမွတ်စ်လင်မ်များကို သူတို့၏ သာသနာက လှည့်စားထားသည်ဟု ပြောကြသည်။ စင်စစ်တွင် မည်သူမဆို အလွှာဟ်ကို ယုံပုံကိုးစားပါက အလွှာဟ်သည် အရာဟူသမျှ အပေါ်တွင် လွှမ်းမိုးအောင်နိုင်တော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်မုချဖြစ်သည်။

၅၀။ ကောင်းကင်တမန်များသည် ငြင်းပယ်သူများအား အသက်နုတ်

သိမ်း သည်ဒုအချိန်တွင် ၎င်းတို့၏ မျက်နှာများ၊ ကျောများကို ရိုက်ပုတ်လျက်ရှိပြီး ယခု လောင်ကျွမ်းသော ပြစ်ဒဏ်ကို မြည်းစမ်းကြကုန်ဟု (ပြောလျက် ရှိကြသည်ကို) အကယ်၍ အသင်တွေ့မြင်ရပါလျှင် (ကြောက်မက်ဖွယ်မြင်ကွင်းကို မြင်ရပေမည်)။ **၅၁။** ဤသည် သင်တို့လက်များဖြင့် ရှေ့သို့ တင်ကြိုပို့ထားသော လုပ်ရပ်များ၏ အတုံ့အစား ဖြစ်သည်။ အလွန်ဟ်သည် အစေတော်များကို လုံးဝ မတရားလုပ်သောအရှင် မဟုတ်ပေ။ **၅၂။** (သူတို့၏အခြေအနေသည်) ဖိရ်အောင်နှ်၏မျိုးနွယ်နှင့် သူတို့အလျင်ရှိခဲ့ကြသောသူများ၏ အခြေအနေကဲ့သို့ပင် ဖြစ်သည်။ သူတို့သည် အလွန်ဟ်၏ လက္ခဏာတော်များကို လက်မခံ ငြင်းဆန်ခဲ့ကြသည်။ ထိုအခါ သူတို့၏ ပြစ်မှုများကြောင့် အလွန်ဟ်သည် သူတို့ကို ဖမ်းဆီးအရေး ယူတော်မူခဲ့သည်။ အလွန်ဟ်သည် အင်အားကြီးမားတော်မူသော၊ ပြစ်ဒဏ်ခတ် ပြင်းထန်တော်မူသော အရှင်ပင် ဖြစ်သည်။ **၅၃။** ထိုသို့ဖြစ်ရခြင်းမှာ လူမျိုးတစ်မျိုးသည် မိမိတို့စိတ်နှလုံးအတွင်း၌ ရှိသောအရာကို အပြောင်းအလဲမပြုမချင်း အလွန်ဟ်သည် ယင်းလူမျိုးကို ပြုထားသော ကျေးဇူးတော်ကို ပြောင်းလဲတော်မူလေ့မရှိပေ။ **၅၄။** (ဤကိစ္စတွင်လည်း သူတို့သည်) ဖိရ်အောင်နှ်၏ မျိုးနွယ်နှင့် သူတို့အလျင်က ရှိခဲ့ကြသောသူများ၏ အခြေအနေကဲ့သို့ ဖြစ်သည်။ သူတို့သည် မိမိတို့ အရှင်၏ လက္ခဏာတော်များကို မဟုတ်မမှန်ဟု ပြောဆိုခဲ့ကြသည်။ ထိုအခါ သူတို့၏ ပြစ်မှုများကြောင့် ငါအရှင်သည် သူတို့ကို ဖျက်ဆီးတော်မူလိုက်သည်။ ထို့နောက် ဖိရ်အောင်နှ်၏ အမျိုးအနွယ်ကို နစ်မြုပ်စေတော်မူခဲ့သည်။ အားလုံးသည် မတရား သူများ ဖြစ်ကြသည်။

၅၅။ အလွှာဟ်ထံတော်ပါးတွင် သက်ရှိသတ္တဝါများအနက် အဆိုးဆုံး သူများမှာ ငြင်းပယ်သူများပင် ဖြစ်ကြသည်။ ၎င်းတို့သည် မယုံကြည်ကြ ချေ။ **၅၆။** ယင်းငြင်းပယ်သူတို့သည် သူတို့ထံမှ အသင်က ပဋိညာဉ်ယူထားပါလျက် သူတို့သည် အကြိမ်တိုင်းတွင် ပဋိညာဉ်ကို ချိုးဖောက်ကြသည်။ သူတို့သည် မကြောက်ကြပေ။ **၅၇။** သို့ဖြစ်ရာ အကယ်၍ သင်တို့သည် သူတို့ကို တိုက်ပွဲတွင် ဖမ်းမိပါက သူတို့နောက်က လူတွေပါ ကြည့်ပြီးထွက်ပြေးသွားအောင် သူတို့ကို ပြစ်ဒဏ်ခတ်ကြကုန်။ သူတို့သံဝေဂတရား ရကြဖို့ အတွက်ဖြစ်သည်။ **၅၈။** အကယ်၍ သင်သည် အုပ်စုတစ်စု၏ ကတိဖောက်ဖျက်မှုကို စိုးရိမ်ရပါမူ သူတို့ထံ သူတို့၏ ကတိကဝတ်ကို

ပြန်၍ ပစ်ပေးလိုက်ပါ။ သို့ဆိုလျှင် နှစ်ဦးနှစ်ဘက်စလုံးက (ပဋိညာဉ်မရှိတော့ကြောင်း)ညီတူမျှတူဖြစ်သွားလိမ့်မည်။ အလွှာဟ်သည် ကတိဖောက်ဖျက်သူများကို လုံးဂမနှစ်သက်ပေ။

၅၉။ ငြင်းပယ်သူများသည် လွတ်ပြေးသွားနိုင်ကြလိမ့်မည်ဟု ထင်မနေကြနှင့်။ သူတို့သည် ဘယ်တော့မှ အလွှာဟ်ကို ချည့်နဲ့အောင် လုပ်နိုင်ကြမည်မဟုတ်ပေ။ **၆၀။** သင်တို့သည် သူတို့နှင့်ရင်ဆိုင်ရန် အင်အားနှင့် မြင်းတပ်များကို တတ်စွမ်းသမျှ စီစဉ်ထားကြလေကုန်။ သို့မှသာ အလွှာဟ်ရန်သူနှင့် သင်တို့၏ရန်သူပေါ်တွင်၊ ထို့ပြင် အလွှာဟ်ကတော့ သိတော်မူပြီး သင်တို့မသိကြသေးသော အခြားသူများပေါ်တွင် သင်တို့ကို ကြောက်စိတ်ရှိနေရန်အတွက် ဖြစ်သည်။ သင်တို့သည် အလွှာဟ်လမ်းတော်၌ သုံးစွဲသမျှကို အပြည့်အဝ ပြန်ရကြမည်။ သင်တို့သည် မတရားပြုခြင်း ခံရမည်မဟုတ်ပေ။ **၆၁။** အကယ်၍ သူတို့က စစ်ပြေငြိမ်းရေးအတွက် ယိမ်းညွှတ်လာခဲ့ကြလျှင် သင်လည်း ထိုစစ်ပြေငြိမ်းရေးအတွက် ယိမ်းညွှတ်ပါ။ အလွှာဟ်အပေါ် အယုံအကြည်ထားပါ။ အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်သည်။ **၆၂။** အကယ်၍ သူတို့က သင့်ကို လှည့်စားရန် လိုလားကြပါလျှင် အလွှာဟ်သည် အသင့်အတွက် လုံလောက်ပေသည်။ ထိုအရှင်မြတ်ကပဲ မိမိအကူအညီနှင့်ရော၊ ယုံကြည် သူများဖြင့် သင့်ကို အားဖြစ်စေတော်မူခဲ့သည်။ **၆၃။** ထို့ပြင် ၎င်းတို့၏ စိတ်နလုံး များတွင် ညီညွတ်မှုကို ဖန်တီးတော်မူခဲ့သည်။ အကယ်၍ သင်သည် မြေပထဝီ တွင်ရှိသော အရာဟူသမျှကို သုံးစွဲပစ်မည်ဆိုလျှင်လည်း သူတို့၏ စိတ်နလုံးများ အတွင်း ညီညွတ်မှုကို ဖန်တီးပေးနိုင်မည်မဟုတ်ပေ။ သို့သော် အလွှာဟ်က သူတို့ ကို ညီညွတ်စေတော်မူခဲ့သည်။ ထိုအရှင်သည် ဘုန်းတန်ခိုးနှင့် လွှမ်းမိုး တော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် အမှန်ပင် ဖြစ်သည်။

၆၄။ အို-တမန်တော်၊ အလွှာဟ်နှင့် သင့်နောက်ကို လိုက်ကြသော ယုံကြည်သူများသည် သင့်အတွက် လုံလောက်ပေသည်။ **၆၅။** အို-တမန်တော်၊ ယုံကြည်သူများကို တိုက်ပွဲအတွက် တိုက်တွန်းပါလေ။ အကယ်၍ သင်တို့အနက်မှ အယောက်နှစ်ဆယ်သည် မြဲမြံကြံ့ခံကြပါလျှင် သူတို့အနက်မှ အယောက်နှစ်ရာကို လွှမ်းမိုးအောင်နိုင်ပေလိမ့်မည်။ အကယ်၍ သင်တို့အနက်က အယောက်တစ်ရာ

ဆိုလျှင် ငြင်းပယ်သူများအနက်မှ လူအယောက် တစ်ထောင်ကို လွှမ်းမိုးအောင်နိုင်ပေမည်။ အကြောင်းမှာ သူတို့သည် နားလည်သူများ မဟုတ်ကြပေ။ **၆၆။** ယခုအလွှာဟ်သည် သင်တို့ထံမှ ဝန်ကို လျှော့တော်မူလိုက်ပြီ။ သင်တို့ထဲတွင် ချည့်နဲ့မှုတချို့ ရှိသည်ကို အရှင်မြတ်က သိတော်မူသည်။ ထို့ကြောင့် (ယခုအမိန့်တော်မှာ) အကယ်၍ သင်တို့အနက် အယောက်တစ်ရာသည် မြဲမြံကြံ့ခံကြပါလျှင် ရန်သူအယောက်နှစ်ရာကို လွှမ်းမိုးအောင်နိုင်ပေမည်။ အကယ်၍ အယောက်တစ်ထောင် ဆိုလျှင် အလွှာဟ်အမိန့် တော်နှင့် အယောက်နှစ်ထောင်ကို လွှမ်းမိုးအောင်နိုင်ပေမည်။ အလွှာဟ်သည် မြဲမြံကြံ့ခံသူများနှင့်အတူ ရှိတော်မူသည်။

၆၇။ မြေပြင်ပေါ်တွင် (ရန်သူတို့၏)သွေးကို ကောင်းစွာစီးတွေအောင် မလုပ်မချင်း မည်သည့်တမန်တော်မျှ မိမိထံတွင် လက်ရသုံ့ပန်း အကျဉ်းသားများကို မထားသင့်ပေ။ သင်တို့သည် လောကီပစ္စည်းကို လိုလားကြသည်။ အလွှာဟ်ကမူ နောင်မလွန်ကို လိုလားတော်မူသည်။ အလွှာဟ်သည် ဘုန်းတန်ခိုးနှင့် လွှမ်းမိုးတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။ **၆၈။** အကယ်၍ အလွှာဟ်ထံတော်မှ မူလကတည်းက ရေးမှတ်ထားတော်မူခြင်းမရှိခဲ့လျှင် အသင်တို့ ရယူခဲ့သောအရာကြောင့် သင်တို့မှာ ကြီးမားသော ပြစ်ဒဏ်ကျရောက်ပြီးနေလောက်ပြီ။ **၆၉။** သို့ရှိရာ သင်တို့ရယူခဲ့သော ဥစ္စာပစ္စည်းကို စားခွင့်ရှိသောအရာအဖြစ်၊ သန့်သောအရာအဖြစ် စားကြကုန်။ ထို့ပြင် အလွှာဟ်ကို ကြောက်ကြကုန်။ အလွှာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနားတော်မူသော အရှင်ပင်ဖြစ်သည်။

၇၀။ အို-တမန်တော်၊ သင့်လက်ထဲတွင်ရှိသော အကျဉ်းသားများကို ဤသို့ပြောကြားပါလေ။ အကယ်၍ အလွှာဟ်သည် သင်တို့၏ စိတ်နလုံးထဲတွင် ကောင်းမှုတစ်စုံတစ်ခုကို တွေ့ရပါလျှင် သင်တို့ထံမှ ယူခြင်းခံရသောအရာထက် ပိုကောင်းသည့်အရာကို သင်တို့အား ချီးမြှင့်တော်မူမည်။ ပြီးနောက် သင်တို့ကို ခွင့်လွှတ်တော်မူမည်။ အလွှာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနားတော်မူသော အရှင်ဖြစ်သည်။ **၇၁။** အကယ်၍ သူတို့သည် သင့်ကို သစ္စာဖောက်လိုကြပါမူ သည့်အလျင်က သူတို့သည် အလွှာဟ်ကို သစ္စာဖောက်ခဲ့ပြီးပြီ။ ထို့ကြောင့် အလွှာဟ်သည် သူတို့ကို သင်၏ထိန်းချုပ်မှုအောက်သို့ ပို့တော်မူလိုက်

သည်။ အလ္လာဟ်သည် အကြွင်းမဲ့သိတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။

၇၂။ စင်စစ်တွင် အီမာန်ယုံကြည်လိုက်ကြပြီး နေရပ်စွန့်ခွာပြောင်းရွှေ့ကြသူများ၊ အလ္လာ့ဟ်လမ်းတော်တွင် အသက်နှင့်ဥစ္စာရင်း၍ ဂျေဟားဒ်လုပ်ကြသူများ၊ (၎င်းတို့ကို) ခိုလှုံခွင့်ပေးကြသူများ၊ ကူညီကြသူများသည် အချင်းချင်း မိတ်ဆွေများ ဖြစ်ကြသည်။ အီမာန်တော့ ယုံကြည်ကြပြီး နေရပ်စွန့်ခွာခြင်းမရှိကြသူများနှင့် ပတ်သက်၍မူ သူတို့သည် နေရပ်စွန့်ခွာလာကြသည်အထိ သူတို့ကို ကူညီရန်၊ မိတ်ဖွဲ့ရန် သင်တို့မှာ ဘာတာဝန်မျှ မရှိပေ။ အကယ်၍ သူတို့သည် သာသနာရေးနှင့်ပတ်သက်၍ သင်တို့ထံ အကူအညီတောင်းကြပါက သင်တို့နှင့် ကတိစာချုပ်ချုပ်ဆိုထားသောအုပ်စုနှင့် ဆန့်ကျင်ဘက်မဟုတ်လျှင် သူတို့ကို ကူညီရန် သင်တို့ပေါ်တွင် အရေးကြီးတာဝန်ဖြစ်လေသည်။ အလ္လာဟ်သည် အသင်တို့ လုပ်ဆောင်နေသမျှကို ကြည့်နေတော်မူသည်။ **၇၃။** ငြင်းပယ်ကြသူများမှာမူ အချင်းချင်း မိတ်ဆွေရောင်းရင်းများ ဖြစ်ကြသည်။ အကယ်၍ သင်တို့သည် ဤ(အထက်ကဖော်ပြခဲ့သောအချက်များ)အတိုင်း (မိတ်ဖွဲ့ခြင်း၊ ရန်ညှိုးထားခြင်းတို့ကို မလုပ်ကြပါက မြေပထဝီတွင် နှိပ်စက်ကလူပြုမှုနှင့် ဖျက်ဆီးသောင်းကျန်းမှုများ ကြီးစွာ ဖြစ်ပေါ်လိမ့်မည်။

၇၄။ အီမာန်ယုံကြည်လိုက်ကြပြီး နေရပ်စွန့်ခွာပြောင်းရွှေ့ကြသူများ၊ အလ္လာ့ဟ်လမ်းတော်တွင် ဂျေဟားဒ်လုပ်ကြသူများ၊ (၎င်းတို့ကို)ခိုလှုံခွင့်ပေးကြသူများ၊ ကူညီကြသူများသည်သာ မှန်ကန်သော ယုံကြည်သူများ ဖြစ်ကြပေသည်။ သူတို့အတွက် ခွင့်လွှတ်ချမ်းသာပေးမှု၊ ကောင်းလှစွာသော ချီးမြှင့်မှု ရှိပေသည်။ နောက်ပိုင်းတွင် ယုံကြည်လာပြီး နေရပ်စွန့်ခွာလာသူများ၊ သင်တို့နှင့် ပူးပေါင်း၍ ဂျေဟားဒ်လုပ်ကြသူများသည်လည်း သင်တို့အထဲမှပင် ဖြစ်ကြသည်။ သွေးအရင်းအချာ ဆွေမျိုးများသည် (အခြားသူများနှင့်စာလျှင်) အလ္လာ့ဟ်ကျမ်းတော်တွင် အချင်းချင်း ပို၍ အခွင့်အရေးရှိကြသူများ ဖြစ်သည်။ အလ္လာဟ်သည် အရာတိုင်းကို အကြွင်းမဲ့ သိတော်မူသောအရှင်ပင် ဖြစ်ပေသည်။

၉။ စူရပ်သောင်ဗဟ်

၁။ (ဤသည်) သင်တို့ ကတိစာချုပ် ချုပ်ဆိုထားသော မုရှ်ရိုက်တုဖက်ကိုးကွယ်သူများထံ အလွှာဟ်နှင့် အရှင့်တမန်တော်ဘက်မှ ဘာမျှမသက်ဆိုင်တော့ကြောင်း ကြေညာချက်ဖြစ်သည်။ **၂။** သင်တို့သည် တိုင်းပြည်ထဲတွင် လေးလတိတိ လည်ပတ်လို့ ရသည်။ သို့သော် သင်တို့သည် အလွှာဟ်ကို မတတ်စွမ်းနိုင်အောင် မလုပ်နိုင်ကြကြောင်း၊ ထို့ပြင် အလွှာဟ်သည် ငြင်းပယ်သူများအား သေးသိမ်စေမည်ဖြစ်ကြောင်း မှတ်ထားကြကုန်။ **၃။** အလွှာဟ်နှင့် အရှင့်တမန်တော်သည် တုဖက်ကိုးကွယ်သူများနှင့် ဘာမျှမသက်ဆိုင်တော့ကြောင်း ကြီးမားသောဟဂ်ျ ကာလတွင် အလွှာဟ်နှင့်အရှင့်တမန်တော်ဘက်မှ လူတို့ကို ကြေညာလိုက်ခြင်းဖြစ်သည်။ အကယ်၍ သင်တို့သည် ယခုဝန်ချတောင်းပန်ပါလျှင် သင်တို့အတွက် ကောင်းပေမည်။ အကယ်၍ သင်တို့သည် မျက်နှာလွှဲပါက သင်တို့သည် အလွှာဟ်ကို ချည့်နဲ့အောင် လုပ်နိုင်မည်မဟုတ်ကြောင်း မှတ်သားထားကြကုန်။ အသင်သည် ငြင်းပယ်သူများကို နာကျင်ဖွယ် ပြစ်ဒဏ်ရှိကြောင်း သတင်းကောင်းပါးလိုက်ပါ။ **၄။** သို့သော် အသင်တို့ ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုထားသော မုရှ်ရိုက်များသည် သင်တို့ကို ဘာမျှ လျော့နည်းအောင်မလုပ်သည့်အပြင် သင်တို့နှင့် ဆန့်ကျင်၍ မည်သူ့ကိုမျှလည်း မကူညီခဲ့ကြပါမူ သတ်မှတ်ထားသောကာလအထိ ၎င်းတို့နှင့် ချုပ်ဆိုထားသော ကတိကို တည်ကြကုန်။ အလွှာဟ်သည် သက္ကဝါတရားထား ရှိသူများကို အမှန်ပင်နှစ်သက်တော်မူသည်။

၅။ ထို့နောက် မြင့်မြတ်သောလများ ကုန်ဆုံးသွားလျှင် (သင်တို့နှင့် ပြုထားသောကတိစာချုပ်အား ဖောက်ဖျက်ကြသော) မုရှ်ရိုက်များကို တွေ့ရာနေရာတွင် သတ်ဖြတ်ကြကုန်။ သူတို့ကို ဖမ်းဆီးကြကုန်။ ဝန်းရံကြကုန်။ နေရာတကာတွင် သူတို့ကို ချောင်းမြောင်းနေကြကုန်။ ထို့နောက်သူတို့သည် ဝန်ချတောင်းပန်လိုက်ပြီး စွလားသ်ဆောက်တည်ကြပါလျှင်၊ ဇကာသ်ဒါနကြေးပေးဆောင်ကြပါလျှင် သူတို့အား လွှတ်ပေးလိုက်ကြကုန်။ အလွှာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အဝိုင်းမရှိ သနားတော်မူသောအရှင်ပင် ဖြစ်သည်။ **၆။** အကယ်၍ မုရှ်ရိုက်တစ်ဦးဦးသည် သင့်ထံတွင် ခိုလှုံခွင့်တောင်းခံပါက သူသည် အလွှာဟ်၏ စကားတော်ကို

ကြားနာနိုင်ရန်အတွက် အသင့်အနေနှင့် သူ့အား ခိုလှုံခွင့်ပေးလိုက်ပါလေ။ ပြီးလျှင် သူ့ကို သူလုံခြုံသောနေရာသို့ ပို့ပေးလိုက်ပါ။ အကြောင်းမှာ သူတို့သည် မသိနားမလည်ကြသူများ ဖြစ်သည်။

၇။ အလွှာဟ်နှင့် အရှင့်တမန်တော်၏ ကတိတော်သည် မုရ်ရိုက်များနှင့် မည်သို့ ဆက်ရှိနိုင်ဦးမည်နည်း။ သို့သော် ဟရာမ်ကျောင်းတော်အနားတွင် သင်တို့ ကတိစာချုပ် ချုပ်ခဲ့ကြသော သူများမှာမူ သူတို့သည် သင်တို့နှင့် ဖြောင့်ဖြောင့် မတ်မတ်ရှိနေကြသလော့ သင်တို့လည်း သူတို့နှင့် ဖြောင့်ဖြောင့်မတ်မတ် ရှိကြကုန်။ အလွှာဟ်သည် သက္ကဂါတရားထားရှိကြသူများကို မုချနှစ်သက်တော်မူသည်။ **၈။** ကတိသည် မည်သို့ ကျန်ရှိနိုင်ပါဦးမည်နည်း။ အကြောင်းမှာ အကယ်၍ သူတို့သည် သင်တို့အပေါ် အောင်နိုင်လွှမ်းမိုးသွားကြပါမူ သင်တို့နှင့် ပတ်သက်၍ အမျိုးတော် စပ်ခြင်းကိုလည်း ထောက်မည်မဟုတ်၊ ပဋိညာဉ်ထားရှိခြင်းကိုလည်း ထောက်မည်မဟုတ်ပေ။ သူတို့သည် မိမိတို့၏ ပါးစပ်များဖြင့် သင်တို့ကို ကျေနပ်စေလိုကြသည်။ သူတို့၏ စိတ်နလုံးများမှာမူ ငြင်းဆန်နေကြသည်။ သူတို့ထဲက အများစုသည် အလွှာဟ်အမိန့်တော်ကို ဖီဆန်သူများ ဖြစ်ကြသည်။ **၉။** သူတို့သည် အလွှာဟ်၏ မှာကြွပါဋ္ဌတော်များကို တန်ဖိုးအနည်းငယ်ဖြင့် ရောင်းပစ်လိုက်ကြသည်။ ထို့နောက် သူတို့သည် အလွှာဟ်လမ်းတော်မှ တားဆီးပိတ်ပင်ကြသည်။ သူတို့လုပ်ဆောင်လျက်ရှိခဲ့သည့် အရာများသည် အလွန် ဆိုးရွားလှပေသည်။ **၁၀။** သူတို့သည် မည်သည့် ယုံကြည်သူတစ်ဦးဦး၏ကိစ္စမှာမျှ အမျိုးတော်စပ်ခြင်းကိုလည်း မထောက်၊ ကတိကဝတ်ကိုလည်း မထောက်ကြပေ။ ထိုသူများသည်သာလျှင် မတရားသူများ ဖြစ်ကြသည်။ **၁၁။** သို့ရာတွင် အကယ်၍ သူတို့သည် အမှားဝန်ခံ တောင်းပန်ပြီး၊ စွလားသ်ဝတ်ပြုကြမည်၊ ဇကာသ်ဒါနကြေး ပေးဆောင်ကြမည် ဆိုလျှင် သူတို့သည် သင်တို့နှင့် ဘာသာရေးညီနောင်များပင် ဖြစ်ကြသည်။ ငါအရှင်မြတ်သည် သိနားလည်သူများအဖို့ မှာကြွပါဋ္ဌတော်များကို ရှင်းလင်းစွာ မိန့်ထားတော်မူသည်။

၁၂။ အကယ်၍ ကတိစာချုပ် ချုပ်ဆိုပြီးနောက်တွင် သူတို့သည် မိမိတို့၏ကျိန်ဆိုချက်များကို ချိုးဖြတ်ပြီး သင်တို့၏သာသနာကို စော်ကားပါက ငြင်းပယ်သော ထိုခေါင်းဆောင်တို့သည် ယင်းသို့ပြုခြင်းမှ ရပ်တန့်သွားကြစေရန် သူတို့ကို ရင်ဆိုင်တိုက်ခိုက်ကြကုန်။ အမှန်တွင် သူတို့၏ ကျိန်ဆိုမှုသည် ဘာမျှမဟုတ်ပေ။

၁၃။ မိမိတို့၏ ကတိများကို ချိုးဖောက်ပြီး တမန်တော်ကို နင်ထုတ်ဖို့ ကြံရွယ်ခဲ့ကြသော သူများကို သင်တို့ မတိုက်ခိုက်ကြသလော။ သူတို့သည် သင်တို့ကို ဦးစွာ တိုက်ခိုက်ခဲ့သူများပင် ဖြစ်ကြသည်။ သင်တို့သည် သူတို့ကို ကြောက်နေကြပါသလော။ အကယ်၍ သင်တို့ သည် ယုံကြည်သူများဖြစ်ကြသည်ဆိုလျှင် အလ္လာဟ်ကို ထိုထက်ပို၍ ကြောက်သင့် ကြပေသည်။ **၁၄။** သူတို့ကို တိုက်ခိုက်ကြကုန်။ သင်တို့၏ လက်ဖြင့် အလ္လာဟ်က သူတို့ကို ပြစ်ဒဏ်ခတ်တော်မူမည်။ ထို့နောက် သူတို့ကို သေးသိမ်စေမည်။ သူတို့အပေါ်တွင် သင်တို့ကို အောင်နိုင်မှုပေး တော်မူမည်။ ထို့နောက် ယုံကြည်သူတို့၏ စိတ်နလုံးဒဏ်ရာကို ပျောက်ကင်းစေ တော်မူမည်။ **၁၅။** ထို့ပြင် ထိုမုအ်မင်နှ်တို့၏ စိတ်နလုံးထဲက လောင်မြိုက်မှုကို ဝေးကွာစေမည်။ အလ္လာဟ်သည် မိမိအလိုရှိသူကို ဝန်ချတောင်းပန်နိုင်ခွင့် ချီးမြှင့်တော်မူသည်။ အလ္လာဟ်သည် အကြွင်းမဲ့သိတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။

၁၆။ သင်တို့ထဲတွင် ဂျေဟားဒ်လုပ်၍ အလ္လာဟ်၊ ထိုအရှင်၏တမန်တော်နှင့် ယုံကြည်သူများအပြင် အခြားမည်သူ့ကိုမျှ မိတ်ဆွေမဖွဲ့သူများသည် မည်သူများနည်းဟူသည်ကို အလ္လာဟ်က မသိရသေးဘဲ သင်တို့သည် ဤအတိုင်း လွှတ်ထားခြင်းခံရမည်ဟု ထင်နေကြသလော။ သင်တို့ လုပ်သမျှကို အလ္လာဟ်က အကြွင်းမဲ့သိတော်မူသည်။

၁၇။ တွဲဖက်ကိုးကွယ်မှုပြုကြသူများသည် ကုဖ်ရ်ခြင်းပယ်မှုနှင့် ပတ်သက်၍ သူတို့ကိုယ်တိုင်က သက်သေများဖြစ်ကြပေရာ အလ္လာဟ်၏ ဗလီဝတ်ကျောင်းတော်များကို စည်ကားသိုက်မြိုက်အောင်လုပ်ခြင်းသည် ၎င်းတို့အလုပ်မဟုတ်ပေ။ သူတို့၏ လုပ်ရပ်များသည် အချည်းနှီးဖြစ်သွားပြီ။ သူတို့သည် ငရဲတွင် အမြဲနေကြရမည်။ **၁၈။** အလ္လာဟ်နှင့် နောင်မလွန်ကို ယုံကြည်သူ၊ စွလားသ် ဆောက်တည်သူ၊ ဇကားသ်ဒါနကြေးပေးဆောင်သူ၊ ထို့ပြင် အလ္လာဟ်က လွှဲ၍ မည်သူ့ကိုမျှ မကြောက်သူတို့သာလျှင် အလ္လာဟ်၏ အိမ်တော်များကို စည်ကားသိုက်မြိုက်အောင် လုပ်ကြပေသည်။ ဤသို့သောသူများသည်သာ လမ်းမှန်ရသူများထဲတွင် ပါဝင် လိမ့်မည်ဟု မျှော်လင့်ရသည်။ **၁၉။** သင်တို့သည် ဟာဂျီများကို ရေတိုက်ခြင်းနှင့် ဟရာမ်ကျောင်းတော်ကို စည်ကားအောင်လုပ်ခြင်းသည်

အလ္လာဟ်နင့် နောင်မလွန် ကို ယုံကြည်ပြီး အလ္လာဟ်လမ်းတော်မှာ ဂျေဟားဒ်လုပ်သူနင့် တန်းတူဖြစ်သည်ဟု သတ်မှတ်ကြသလော။ အလ္လာဟ်ထံတော်တွင် သူတို့နှစ်ဦးသည် တန်းတူမဟုတ်ကြပေ။ အလ္လာဟ်သည် မတရားသူများကို လမ်းမှန်တရားပြတော်မမူပေ။ **၂၀။** အီမာန်ယုံကြည်ပြီး၊ နေရပ်စွန့်ခွာကြပြီး မိမိတို့၏အသက်၊ ဥစ္စာဖြင့် အလ္လာဟ်လမ်းတော်တွင် ဂျေဟားဒ်လုပ်သူများ၏ အဆင့်အတန်းသည် အလ္လာဟ်ထံတော်တွင် ပို၍ ကြီးမား လှပေသည်။ ဤသူတို့သာ အောင်မြင်သူများဖြစ်ကြပေလိမ့်မည်။ **၂၁။** သူတို့၏အရှင်မြတ်က သူတို့အား မိမိအထံတော်မှ ကရုဏာနင့် ကျေနပ်နစ်သက်မှု ရရှိမည့်အကြောင်း၊ သူတို့အတွက် စည်းစိမ်များ အမြဲတစေရှိမည့် ဥယျာဉ်ဘုံနန်းတို့ရမည့်အကြောင်း သတင်းကောင်းပေးတော်မူသည်။ **၂၂။** သူတို့သည် ထိုထဲတွင် အမြဲထာဝရနေကြရလိမ့်မည်။ စင်စစ်တွင် ကြီးမားသော အကျိုးကျေးဇူးသည် အလ္လာဟ်ထံတော်တွင်သာ ရှိပေသည်။

၂၃။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့၏ဖခင်များ၊ ညီအစ်ကိုများသည် အီမာန်ယုံကြည်မှုထက်စာလျှင် သွေဖည်မှုကို ပို၍ နှစ်သက်ကြ ပါလျှင် သင်တို့သည် သူတို့ကို မိတ်ဆွေမဖွဲ့ကြနှင့်။ သင်တို့အနက် သူတို့ကို မိတ်ဆွေအဖြစ် သတ်မှတ်သူများသည် မတရားမှုကျူးလွန်သူများပင် ဖြစ်ကြသည်။ **၂၄။** အသင်ပြောလိုက်ပါ။ အကယ်၍ သင်တို့သည် သင်တို့၏ဖခင်များ၊ သင်တို့၏ သားများ၊ ညီအစ်ကိုများ၊ ဇနီးကြင်ရာများ၊ ဆွေမျိုးညာတိကာများ၊ သင်တို့ရှာဖွေထားသော ဥစ္စာပစ္စည်းများ၊ ထို့ပြင် ပျက်စီးသွားမည်ကို သင်တို့ဝိုးရိမ်လျက်ရှိသော စီးပွားများ၊ သင်တို့နှစ်သက်သော အိမ်များကို အလ္လာဟ်နင့် အလ္လာဟ်တမန်တော်ထက်၊ အလ္လာဟ်လမ်းတော်တွင် ဂျေဟားဒ်လုပ် ခြင်းထက် ပို၍ နှစ်သက်ကြပါလျှင် အလ္လာဟ်သည် မိမိအမိန့်တော်ကို ယူဆောင် လာတော်မူသည်အထိ သင်တို့ စောင့်ဆိုင်းလိုက်ကြကုန်။ အလ္လာဟ်သည် အမိန့်ဖီဆန်သူများကို လမ်းပြတော်မမူပေ။

၂၅။ အမှန်ပင် အလ္လာဟ်သည် များစွာသောစစ်မြေပြင်များတွင် သင်တို့ကို ကူညီတော်မူခဲ့သည်။ ဟုနိုင်နိန်စစ်ပွဲနေ့ကလည်း ကူညီတော်မူခဲ့သည်။ ထို့နေတွင် သင်တို့၏ အရေအတွက်များခြင်းက သင်တို့အား ဘဝင်မြင့်စေခဲ့သည်။ ထို(အရေအတွက်) များပြားမှုသည် အသင်တို့အဖို့ လုံးဝ အသုံးမဝင်ခဲ့ပေ။ ပထဝီ

မြေပြင်သည်လည်း ကျယ်ဝန်းပါလျက်နှင့် အသင်တို့အဖို့ ကျဉ်းမြောင်းသွားခဲ့သည်။ ထို့နောက် သင်တို့သည် ကျောခိုင်း၍ ထွက်ပြေးခဲ့ကြလေသည်။ **၂၆။** ထို့နောက် အလ္လာဟ်သည် မိမိ၏တမန်တော်နှင့် အီမာန်ယုံကြည်သူတို့အပေါ်တွင် မိမိအထံတော်မှ စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့လေသည်။ ပြီးနောက် အရှင်မြတ်သည် အသင်တို့ မမြင်နိုင်သော စစ်သည်ရဲမက်တို့ကိုလည်း ဆင်းသက်စေတော်မူခဲ့သည်။ အလ္လာဟ်သည် ငြင်းပယ်သူတို့အား ပြစ်ဒဏ်ပေးတော်မူခဲ့သည်။ စင်စစ်တွင် ဤသည်ပင် အမှန်တရားကို ငြင်းပယ်သူတို့၏ အကျိုးဖြစ်သည်။ **၂၇။** ထို့နောက်တွင် အလ္လာဟ်သည် အလိုရှိတော်မူသော သူအား အမှားဝန်ချတောင်းပန်ခွင့်ပေးတော်မူသည်။ အလ္လာဟ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော၊ အလွန်သနားကြင်နာ တော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၂၈။** အိုအီမာန်ယုံကြည်သူအပေါင်းတို့။ မုရ်ရိုက်များသည် လုံးဝ ညစ်ညမ်းသောသူများသာ ဖြစ်ကြသည်။ သို့ရှိရာ သူတို့သည် ဤနှစ်ကုန်ဆုံးပြီးလျှင် ထူးမြတ်သောဝတ် ကျောင်းတော်အနားကိုတောင် မချဉ်းကပ်ကြရပေ။ အကယ်၍ အသင်တို့သည် ဆင်းရဲမည်ကို စိုးရိမ်ကြပါလျှင်၊ အလ္လာဟ်သည် အလိုရှိတော်မူလျှင် အသင်တို့အား မိမိ၏ကျေးဇူးတော်ဖြင့် မကြာမီ ဥစ္စာပစ္စည်း ကြွယ်ဝစေတော်မူပေမည်။ အလ္လာဟ်သည် အကြွင်းမဲ့သိတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ပင် ဖြစ်တော်မူပေသည်။

၂၉။ အတိတ်ခေတ် ကျမ်းဂန်ရရှိသော သူတို့အနက်မှ အလ္လာဟ်ကို မယုံကြည်ကြသော၊ နောက်ဆုံးနေ့ကိုလည်း မယုံကြည်ကြသော၊ အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်က "ဟရာမ်" ဟူ၍ တားမြစ်ထားတော်မူသော အရာများကို "ဟရာမ်" တားမြစ်ထားသော အရာများဟူ၍ မယူဆကြသော၊ မှန်ကန်သော သာသနာတော်ကိုလည်း မိမိတို့၏ သာသနာအဖြစ် မသတ်မှတ်ကြသောသူများသည် အောက်ကျို့၍ မိမိတို့၏လက်ဖြင့် (ဂျိဇ်ယဟ်)အခွန်ကို ဆက်သခြင်း မပြုသမျှ ကာလပတ်လုံး အသင်တို့သည် ၎င်းတို့ကို တိုက်ခိုက်ကြလေကုန်။ **၃၀။** ယဟူဒီတို့က "အုဇိုင်ရ်" သည် အလ္လာဟ်၏ သားတော်ဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။ နဆ္ဒရာနီတို့ကလည်း "မစီဟ်" သည် အလ္လာဟ်၏ သားတော်ဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။ ဤသည် ၎င်းတို့၏ နှုတ်များဖြင့် ပြောဆိုသော စကားမျှသာ

ဖြစ်သည်။ သူတို့သည် (မိမိတို့) အလျင်ကရှိခဲ့ကြသော ငြင်းပယ်သူတို့၏ ပြောဆို မှုအတိုင်း လိုက်၍ တုနေကြခြင်းသာသည်။ အလ္လာဟ်သည် ၎င်းတို့ကို ဖျက်ဆီး တော်မူပါစေ။ သူတို့သည် အဘယ်သို့ မှောက်မှား၍ သွားနေကြသနည်း။ **၃၁။** သူတို့သည် အလ္လာဟ်ကို စွန့်၍ မိမိတို့၏ ဓမ္မဆရာများ၊ ဘုန်းကြီးရဟန်းများနှင့်၊ "မရ်ယမ်" ၏သားတော် "မစီဟ်" ကို ကိုးကွယ်ရာအရှင်များအဖြစ် ပြုလုပ်ခဲ့ကြသည်။ စင်စစ်တွင် သူတို့သည် တစ်ပါးတည်းသောကိုးကွယ်ရာ အရှင်မြတ်ကိုသာ ခဝပ်ကိုး ကွယ်ရန် အမိန့်ပေးခြင်း ခံခဲ့ကြရသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုး ကွယ်ထိုက်သောအရှင်ဟူ၍ အလျှင်းမရှိပေ။ အရှင်မြတ်သည် ၎င်းတို့ ယှဉ်ပွဲကိုး ကွယ်ကြသော အရာများမှ (လုံးဝ) သန့်ရှင်းစင်ကြယ်တော်မူပေသည်။

၃၂။ သူတို့သည် အလ္လာဟ်၏ ရောင်ခြည်တော်ကို မိမိတို့၏ပါးစပ်များဖြင့် သတ်ငြိမ်းလိုကြသည်။ ငြင်းပယ်သူတို့က မနှစ်မြို့ကြလင့်ကစား အလ္လာဟ်သည် မိမိ ၏ရောင်ခြည်တော်ကို ပြည့်ဝအောင်လုပ်တော်မူမည်သာ ဖြစ်သည်။ **၃၃။** ထိုအရှင်မြတ်သည်သာလျှင် မိမိ၏တမန်တော်အား တရားလမ်းညွှန်နှင့် မှန်ကန် သောသာသနာကို ပေး၍ စေလွှတ်တော်မူခဲ့ပေသည်။ အကြောင်းမှာ မုရှိရိုက်များ မနှစ်မြို့ကြလျှင်လည်း ထိုသာသနာကို သာသနာအားလုံးတို့အပေါ် လွှမ်းမိုးစေရန် အတွက် ဖြစ်လေသည်။ **၃၄။** အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ ကျမ်းရသူတို့၏ များစွာသော ဓမ္မဆရာများ၊ ဘုန်းကြီးရဟန်းများသည် လူတို့၏ ဥစ္စာပစ္စည်းများကို မတရားသောနည်းဖြင့် စားသုံးကြသည်။ သူတို့သည် လူတို့အား အလ္လာဟ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးကြ၏။ ရွှေနှင့်ငွေများကို စုဆောင်းသိုမှီးထားကြ၏။ ၎င်း(ရွှေ၊ ငွေများ)ကို အလ္လာဟ်၏ လမ်းတော်၌လည်း မသုံးစွဲကြပေ။ သူတို့သည် နာကျင်ဖွယ်ပြစ်ဒဏ်ကို ခံကြရမည့်အကြောင်း အသင်သည် သတင်းကောင်း ပြောကြားပါလေ။ **၃၅။** ထိုနေ့တွင် ယင်း ရွှေ၊ ငွေသည် ငရဲမီးတွင် ဖုတ်မြှိုက်ခြင်း ခံရမည်။ ထို့နောက် သူတို့၏ နဖူးများ၊ နံဘေးများ၊ ကျောများကို ယင်း ရွှေငွေဖြင့် ကပ်ခြင်းကို ခံကြရမည်။ ဤသည် မိမိတို့အဖို့ အသင်တို့သိုမှီးသိမ်းဆည်း ထားခဲ့ကြသည့် ဥစ္စာပစ္စည်းများပင်ဖြစ်သည်။ သို့ရှိရာ ယခု အသင်တို့သည် မိမိတို့ သိုမှီးသိမ်းဆည်းခဲ့သည်များကို မြည်းစမ်းကြကုန်လော့(ဟု ပြောဆိုခြင်းခံရပေ မည်)။

၃၆။ အလ္လာဟ်၏ကျမ်းတော်၌ လာရှိသည့်အတိုင်း မိုးကောင်းကင်များနှင့် ပထဝီမြေကို အရှင်မြတ်က ဖန်ဆင်းတော်မူသည့် နေ့မှစ၍ အလ္လာဟ်၏ ထံတော်တွင် လများ၏ အရေအတွက်သည် ဆယ့်နှစ်လမျှသာ ဖြစ်သည်။ ထို အနက်မှ လေးလသည် ထူးမြတ်သောလများ ဖြစ်ကြပေသည်။ ဤသည်သာ ဖြောင့်မတ်မှန်ကန်သော သာသနာတော် ဖြစ်လေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုလများတွင် စပ်လျဉ်း၍ မိမိတို့ကိုယ်ကို မတရားမလုပ်ကြနှင့်။ မုရ်ရိုက်များသည် အားလုံးပေါင်းပြီး အသင်တို့အား တိုက်ခိုက်ကြသကဲ့သို့ပင် အသင်တို့လည်း အားလုံးပေါင်းပြီး သူတို့ကို တိုက်ခိုက်ကြလေကုန်။ ထို့ပြင် အလ္လာဟ်သည် သူတော်စင်အပေါင်းတို့နှင့်အတူ မုချရှိတော်မူကြောင်း အသင်တို့ ကောင်းစွာ မှတ်ထားကြလေကုန်။ **၃၇။** လများကို ရွှေ့ဆိုင်းခြင်းသည် သွေဖည်ငြင်းပယ်မှုၭ တိုးတက်ခြင်းသာဖြစ်၏။ အမှန်တရားကို ငြင်းပယ်သူတို့သည် ယင်းသို့ ရွှေ့ဆိုင်းထားခြင်းအားဖြင့် လမ်းမှားသို့ ရောက်ကြလေသည်။ သူတို့သည် အလ္လာဟ်က "ဟရာမ်" ဟူ၍ တားမြစ်တော်မူခဲ့သော (လများ၏) အရေအတွက်ကို ပြည့်ဝစေပြီး အလ္လာဟ်က "ဟရာမ်" ဟူ၍ တားမြစ်တော်မူခဲ့သည့် လကို "ဟလာလ်" ပြုကြရန် အတွက် ယင်းရွှေ့ဆိုင်းထားသော လကို တစ်နှစ်တွင် "ဟလာလ်" ပြုလုပ်၍ နောက်တစ်နှစ်တွင်မူ "ဟရာမ်" ပြုလုပ်ကြသည်။ သူတို့၏ မကောင်းမှု များသည် သူတို့အမြင်တွင် လှပတင့်တယ်အောင် ပြုပေးခြင်းခံရသည်။ စင်စစ်တွင် အလ္လာဟ်သည် အမှန်တရားကို ငြင်းပယ်သော သူတို့အား လမ်းပြတော်မမူပေ။

၃၈။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ "အလ္လာဟ်၏ လမ်းတော်၌ ထွက်ကြ လေကုန်" ဟု အသင်တို့အား ပြောဆိုသောအခါ သင်တို့သည် ဘာကြောင့် ပျင်းရိစွာ မြေကြီးနှင့် ကပ်သွားကြသနည်း။ အသင်တို့သည် မျက်မှောက် လောကီဘဝ၏ သက်တမ်းကို နောင်တမလွန်ဘဝ၏ သက်တမ်းထက် ပိုနှစ်သက် သွားကြပြီလော။ လောကီဘဝ၏ စည်းစိမ်ချမ်းသာသည် နောင်တမလွန်ဘဝနှင့်နှိုင်းယှဉ်လျှင် အနည်းငယ်သာဖြစ်သည်။ **၃၉။** အကယ်၍ အသင်တို့ မထွက်ကြပါလျှင်၊ အရှင်မြတ်သည် အသင်တို့အား နာကျင်ဖွယ်ပြစ်ဒဏ်ကို ပေးတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့၏နေရာတွင် အခြားလူမျိုးတစ်မျိုးကို အစားထိုးတော်မူမည်။ အသင်တို့သည် အရှင်မြတ်အား စိုးစဉ်းမျှပင် နစ်နာအောင် လုပ်နိုင်ကြမည်မဟုတ်

ပေ။ အလ္လာဟ်သည် အရာတိုင်းကို ပြုစွမ်းနိုင်တော်မူသော အရှင်ဖြစ်တော်မူပေသည်။ **၄၀။** အကယ်၍ အသင်တို့သည် နဗီတမန်တော်အား မကူညီကြပါလျှင်၊ သွေဖည်သူများက ထိုနဗီတမန်တော်ကို နှင်ထုတ်ခဲ့ကြစဉ်၊ ထိုနဗီတမန် တော်သည် နှစ်ယောက်အနက် ဒုတိယသူဖြစ်ခဲ့စဉ်၊ သူတို့နှစ်ဦး ဂူထဲ၌ရှိနေခဲ့ကြစဉ် တမန်တော်က မိမိအဖော်အား "အသင်မပူပါနှင့်၊ အလ္လာဟ်သည် ငါတို့နှင့်အတူ ရှိတော်မူသည်" ဟု ပြောဆိုနေစဉ်၊ အလ္လာဟ်သည် ၎င်းအား ကူညီတော်မူခဲ့သည်။ သို့ရှိရာ အလ္လာဟ်သည် တမန်တော်အပေါ်၌ မိမိထံတော်မှ တည်ငြိမ်မှုကို ချပေးသနား တော်မူခဲ့၏။ အသင်တို့ မမြင်ခဲ့ကြရသော စစ်တပ်များဖြင့် ကိုယ်တော်အား ကူညီ တော်မူခဲ့သည်။ အရှင်မြတ်သည် သွေဖည်သူတို့၏ စကားကို နိမ့်ကျစေတော်မူခဲ့ သည်။ အလ္လာဟ်၏စကားတော်မှာမူ အမြင့်ဆုံးဖြစ်ပေသည်။ အလ္လာဟ်သည် အ လွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ပင် ဖြစ်တော်မူသည်။

၄၁။ အသင်တို့သည် ပေါ့ပါးစွာရော၊ လေးလံစွာရော ထွက်ကြ၍ အလ္လာဟ်၏ လမ်းတော်တွင် မိမိတို့၏ ဥစ္စာပစ္စည်းများ၊ အသက်ဇီဝိန်များကို ရင်း၍ ကျေဖားဒ်လုပ်ကြကုန်။ အကယ်၍ အသင်တို့ သိတတ်ကြပါလျှင် ဤသည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်သည်။ **၄၂။** အကယ်၍သာ ခဏတာအတွင်း အကျိုးအမြတ် တစ်စုံတစ်ရာကို ရရှိမည့်အပြင် ခရီးလည်း အလယ်အလတ် ခရီးဖြစ်ခဲ့လျှင်၊ သူတို့သည် အသင်၏နောက်သို့ အမှန်ပင် လိုက်ခဲ့ကြမည်ဖြစ်သည်။ သို့သော် သူတို့အတွက် ခရီးသည် ဝေးကွာ၍ ကြမ်းတမ်းသည်။ သူတို့က "အကယ်၍သာ ကျွန်ုပ်တို့အတွက် ဖြစ်နိုင်ခဲ့လျှင် ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူ အမှန်တကယ် ထွက်ခဲ့ကြမည်" ဟု အလ္လာဟ်အား တိုင်တည်၍ မကြာမီ ပြောဆို ကြလိမ့်မည်။ သူတို့သည် ကိုယ့်ကိုယ်ကိုယ်သာ ဖျက်ဆီးလျက် ရှိကြသည်။ စင်စစ် တွင် သူတို့သည် လူလိမ်လူညာများဖြစ်ကြောင်းကို အလ္လာဟ်က ကောင်းစွာ သိတော်မူသည်။ **၄၃။** အလ္လာဟ်သည် အသင့်အား ခွင့်လွှတ်တော်မူခဲ့ချေပြီ။ မည်သူက မှန်ကန်စွာ ပြောဆိုသည်၊ မည်သူက လိမ်ညာ၍ ပြောဆိုသည်ကို ထင်ရှားစွာ မသိရှိရသေးမီ အသင်သည် အသင်သည် အဘယ့်အတွက်ကြောင့် သူတို့အား ခွင့်ပြုခဲ့ပါသနည်း။ **၄၄။** အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သောသူတို့သည်

ဥစ္စာပစ္စည်းများဖြင့်၊ အသက်ဇီဝိန်များဖြင့် ကျေဟားဒ်မလုပ်ကြရန် အသင့်ထံ ခွင့်ပန်ကြမည် မဟုတ်ပေ။ အလ္လာဟ်သည် ကြောက်ရွံ့ရိုသေသူများကို ကောင်းစွာ သိရှိ တော်မူသည်။ **၄၅။** အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို မယုံကြည်ကြသည့်ပြင် စိတ်နလုံးများက ဒွိဟသံသယဖြစ်နေကြသော သူများသာလျှင် အသင့်ထံ ခွင့်ပန် ကြသည်။ သို့ဖြစ်ရာ သူတို့သည် မိမိတို့၏ ဒွိဟသံသယထဲတွင်ပင် တဝဲလည်လည် ရှိကြသည်။ **၄၆။** အကယ်၍သာ သူတို့သည် ထွက်ကြရန် ရည်စူးခဲ့ကြပါလျှင် ထွက်ရန်အတွက် တစ်စုံတစ်ရာမှချပြင်ဆင်ကြမည်သာ။ သို့ရာတွင် အလ္လာဟ်သည် ၎င်းတို့၏ ထခြင်းကို နှစ်မြို့တော်မမူခဲ့ပေ။ ထို့ကြောင့် အရှင်မြတ်သည် သူတို့အား နေမြဲနေစေတော်မူခဲ့လေသည်။ ထို့နောက် "အသင်တို့သည် ကျန်ရစ်ခဲ့သော သူတို့နှင့်အတူ၊ ထိုင်၍သာ နေရစ်ခဲ့ကြတော့" ဟု အမိန့်ရှိခဲ့လေသည်။

၄၇။ အကယ်၍ သူတို့သည် အသင်တို့နှင့် အတူ ထွက်ခဲ့ကြလျှင်လည်း အသင်တို့ထဲတွင် ပျက်စီးရာ ပျက်စီးကြောင်းကိုသာ တိုးပွားစေခဲ့ကြမည် ဖြစ်သည်။ သူတို့သည် အသင်တို့ကြားတွင် အနောင့်အယှက်ဖြစ်စေရန် သွားချေလာချေ ပြုလုပ်ကြမည်သာဖြစ်သည်။ အသင်တို့တွင် သူတို့၏ သတင်းထောက်များလည်း ရှိကြသည်။ အလ္လာဟ်သည် မတရားသူတို့အား ကောင်းစွာ သိရှိတော်မူပေသည်။ **၄၈။** သူတို့သည် အလျင်ကလည်း အနောင့် အယှက် ဖြစ်စေခဲ့ကြပြီးပြီ။ အသင်၏ အရေးကိစ္စများကို ကမောက်ကမဖြစ်အောင်လည်း ပြုလုပ်ခဲ့ကြသည်။ နောက်ဆုံး တွင် အမှန်တရား ရောက်လာခဲ့လေသည်။ ထို့နောက် အလ္လာဟ်၏အမိန့်တော်သည် လည်း ထင်ရှားလာခဲ့လေသည်။ သူတို့ကမူ မနှစ်မြို့၍သာ ရှိခဲ့ကြသည်။

၄၉။ ထိုသူတို့တွင် "ကျွန်ုပ်အား ခွင့်ပေးပါ။ အသင်သည် ကျွန်ုပ်အား စမ်းသပ်မှုထဲတွင် မထည့်ပါနှင့်" ဟူ၍ ပြောဆိုသူလည်း ရှိသေးသည်။ နားထောင် ကြကုန်၊ သူတို့သည် စမ်းသပ်မှုထဲ၌ ကျရောက်ခဲ့ပြီး ဖြစ်ချေပြီ။ ငရဲဘုံသည် အမှန်တရားကို ငြင်းပယ်သူတို့အား ဝန်းရံလျက် ရှိပေသည်။ **၅၀။** အကယ်၍ အသင်သည် ကောင်းမွန်သောအခြေအနေ တစ်စုံတစ်ရာနှင့်ကြုံလျှင် သူတို့သည် ပူပန်သောက ဖြစ်ကြသည်။ အကယ်၍ အသင်သည် ဘေးအန္တရာယ် တစ်စုံတစ်ရာ နှင့် ကြုံလျှင်မူ သူတို့က "ကျွန်ုပ်တို့သည် အစကတည်းက ကိုယ့်ကိုယ်ကိုယ် ကားကွယ်ရေး အစီအစဉ် ကြိုတင်စီမံခဲ့ပြီး ဖြစ်သည်" ဟု ပြောဆိုကာ ဝမ်းသာလျက်

ပြန်လှည့်သွားလေ့ရှိကြသည်။ **၅၁။** အသင်ပြောကြားပါလေ။ အလ္လာဟ်က ကျွန်ုပ်တို့နှင့် ပတ်သက်၍ စီရင်ရေးသားထားသောအရာသာ ကျွန်ုပ်တို့အပေါ် ဆိုက်ရောက်ပေမည်။ အရှင်မြတ်သည် ကျွန်ုပ်တို့အား ကူညီတော်မူသော အရှင်ဖြစ်သည်။ သို့ဖြစ်ရာ ယုံကြည်သူတို့သည် အလ္လာ့ဟ်အပေါ်၌သာ ယုံကြည်ကိုးစားသင့်ကြပေသည်။ **၅၂။** အသင်ပြောကြားပါလေ။ အသင်တို့သည် ကျွန်ုပ်တို့နှင့် ပတ်သက်၍ ကောင်းမြတ်သော အကြောင်းအရာနှစ်ခုအနက် တစ်ခုကို စောင့်မျှော်နေကြခြင်းသာ ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ကတော့ အသင်တို့နှင့် ပတ်သက်လျှင် အလ္လာဟ်သည် မိမိထံတော်မှဖြစ်စေ၊ ကျွန်ုပ်တို့၏ လက်များဖြင့် ဖြစ်စေ၊ အသင်တို့ကို ပြစ်ဒဏ်တစ်စုံတစ်ရာ သက်ရောက်စေမည်ကို စောင့်မျှော်လျက် ရှိကြပေသည်။ အသင်တို့ စောင့်မျှော်နေကြပါ။ ကျွန်ုပ်တို့လည်း အသင်တို့နှင့်အတူ စောင့်မျှော်လျက်ပင် ရှိကြသည်။

၅၃။ အသင်ပြောကြားပါလေ။ အသင်တို့သည် သဒ္ဓါကြည်ဖြူစွာဖြစ်စေ၊ သို့မဟုတ် သဒ္ဓါကြည်ဖြူခြင်း မရှိဘဲဖြစ်စေ ပေးကမ်းသုံးစွဲကြ။ ထိုသုံးစွဲမှုသည် အသင်တို့ထံမှ လက်ခံခြင်း လုံးဝခံရလိမ့်မည်မဟုတ်ပေ။ စင်စစ်တွင် အသင်တို့သည် အမိန့်ဖီဆန်သူများ ဖြစ်ကြသည်။ **၅၄။** စင်စစ်သော်ကား သူတို့၏ အလှူပစ္စည်းများကို သဘောတူလက်ခံတော်မူခြင်းမှ မြစ်တားခဲ့သည့်အရာမှာ အခြားမဟုတ်။ အလ္လာဟ်နှင့် ထိုအရှင်မြတ်၏ တမန်တော်အား သူတို့ သွေဖည်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် သူတို့သည် စွလာသ်ဝတ်ပြုရန် လာကြသောအခါ ပျင်းရိစွာပဲ လာကြသည်။ ထို့ပြင် သူတို့သည် မနှစ်မြို့လျက်သာလှူဒါန်းသုံးစွဲကြသည်။

၅၅။ သူတို့၏ပစ္စည်းဥစ္စာများနှင့် သူတို့၏သားသမီးများကို အထင်မကြီးလေနှင့်။ အလ္လာဟ်သည် သူတို့အား ယင်း(ပစ္စည်းဥစ္စာ၊ သားသမီး)တို့ဖြင့်ပင် ဤလောကတွင် ပြစ်ဒဏ်ပေးတော်မူရန်၊ သူတို့ငြင်းပယ်သူများအဖြစ်ရှိနေ ချိန်တွင် သူတို့၏ ဝိညာဉ်များကို ထွက်ရန်သာလျှင် ရည်ရွယ်တော်မူသည်။ **၅၆။** သူတို့သည် အသင်တို့အနက်မှ ဖြစ်သည်ဟု အလ္လာဟ်အား တိုင်တည်ကျိန်ဆိုကြ၏။ စင်စစ်တွင် သူတို့သည် အသင်တို့အနက်မှ မဟုတ်ချေ။ အမှန်မှာ သူတို့သည် အသင်တို့အား ကြောက်ရွံ့သူများ ဖြစ်ကြသည်။ **၅၇။** အကယ်၍ သူတို့သည် ခိုလှုံရာတစ်ခုခု

သို့မဟုတ် လိုဏ်ဂူ သို့မဟုတ် ပုန်းခိုရာနေရာတစ်ခုခုကို တွေ့ကြလျှင် ယင်းဘက်သို့ တစ်ဟုန်ထိုး ပြေးကာ ခိုလှုံလိုက်ကြပေလိမ့်မည်။

၅၈။ သူတို့အနက် စွဒကဟ် အလျှုပစ္စည်းများနှင့် စပ်လျဉ်း၍ အသင့်အား စွပ်စွဲသူများလည်း ရှိကြ၏။ အကယ်၍ ယင်း(အလှုပစ္စည်းများ)အထဲမှ သူတို့အား ပေးလျှင် ကျေနပ်ဝမ်းမြောက်ကြ၏။ အကယ်၍ ယင်းမှ သူတို့အား မပေးလျှင် သူတို့သည် ဒေါသထွက်ကြလေတော့သည်။ **၅၉။** အကယ်၍ အလ္လာဟ်နှင့် တမန်တော်က သူတို့အား ပေးသနားတော်မူသည်ကို ကျေနပ်နှစ်သက်ကြပြီး အလ္လာဟ်သည် ကျွန်ုပ်တို့အဖို့ လုံလောက်တော်မူပါသည်၊ အလ္လာဟ်သည် အမှန်ပင် ကျွန်ုပ်တို့အား မိမိ၏ကျေးဇူးတော်ဖြင့် ထပ်ပြီး ပေးသနားတော်မူမည် ဖြစ်သည်။ အရှင်မြတ်၏ တမန်တော်ကလည်း (ပေးမည်)၊ ကျွန်ုပ်တို့သည် အလ္လာဟ်ကိုသာ အလိုရှိကြပါသည်ဟု ပြောဆိုကြလျှင် ကောင်းလေစွတကား။ **၆၀။** စင်စစ်တွင် စွဒကဟ်(ဇကာသ်)အလှုပစ္စည်းများသည် လိုအပ်သူများ၊ ဆင်းရဲနွမ်းပါးသူများ၊ ယင်း(စွဒကဟ်များ)ကို စီမံခန့်ခွဲသူများ၊ စိတ်နလုံးများကို ပေါင်းစည်းရန်လိုအပ်သူများ၊ ကျွန်များကို လွတ်မြောက်မှုပြုရန်လိုအပ်နေသူများ၊အကြွေးပိနေသူများ၊ အလ္လာဟ်၏လမ်းတော်တွင် အထွေထွေသုံးစွဲရန်အတွက်၊ ခရီးသည်များအတွက် ဖြစ်၏။ ဤသည် အလ္လာဟ်၏ထံတော်မှ ဖရဇ်တာဝန်ပြဋ္ဌာန်းချက်တစ်ရပ် ဖြစ်၏။ အလ္လာဟ်သည် အလွန်သိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

၆၁။ သူတို့ထဲတွင် တမန်တော်အား ဒုက္ခရောက်စေပြီး ဤသူသည် ပြောသမျှနားထောင်သူဖြစ်သည်ဟု ဆိုသူများလည်း ရှိသည်။ အသင်ပြောကြားပါ။ မှန်သည်၊ တမန်တော်သည် အသင်တို့၏ကောင်းကျိုးအတွက်သာ ပြောသမျှနားထောင်ခြင်း ဖြစ်၏။ သူသည် အလ္လာဟ်အား ယုံကြည်၏၊ ယုံကြည်သူမုအ်မင်နိမ်များအပေါ် အားကိုး စိတ်ချ၏။ အသင်တို့အနက် ယုံကြည်သူတို့အဖို့ ရဟ်မသ် ကရုဏာတော် ဖြစ်၏။ အလ္လာဟ်၏တမန်တော်ကို ဒုက္ခပေးသူတို့အတွက်မှာမူ နာကျင်ဖွယ်ပြစ်ဒဏ်ရှိ၏။ **၆၂။** သူတို့သည် အသင်တို့ ကျေနပ်ကြရန် အသင်တို့၏ရှေ့တွင်

အလ္လာဟ်အား တိုင်တည်ကျိန်ဆိုကြ၏။ အကယ်၍ သူတို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် အလ္လာဟ်နှင့် အရှင့်တမန်တော်အား ကျေနပ်နှစ်သက်အောင်ပြုကြရန် ပိုမို ထိုက်တန်လေသည်။ **၆၃။** သူတို့မသိကြသလော။ အကြင်သူသည် အလ္လာဟ်နှင့် အရှင့်တမန်တော်ကို ရန်ပြုလျှင် သူ့အတွက် ဂျဟန္နမ်ငရဲ၏မီး ရှိ၏။ ယင်း၌ သူသည် ထာဝရ နေရပေမည်။ ဤသည်ကား အလွန်ကြီးမားစွာ ဂုဏ်သိက္ခာ ညှိုးနွမ်းခြင်းပင် ဖြစ်၏။ **၆၄။** မွတ်စ်လင်မ်အယောင်ဆောင်တို့သည် သူတို့၏စိတ် နလုံးတွင် ရှိသည်တို့နှင့် ပတ်သက်၍ သူတို့အား သတင်းပေးမည့် စူရပ်တစ်ခုခု ကျရောက်လာမည်ကို ကြောက်ရွံ့ဖိုးရိမ်ကြ၏။ အသင်ပြောကြားပါ။ လှောင် ပြောလျက် နေကြပါ။ အလ္လာဟ်သည် အသင်တို့ကြောက်ရွံ့သည်ကို အမှန်ပင် ဖော်ထုတ်တော်မူမည်သာ ဖြစ်သည်။ **၆၅။** အကယ်၍ အသင်သည် သူတို့အား မေးမြန်းပါလျှင် ကျွန်ုပ်တို့သည် အပြင်းပြေစကားပြောဆိုပြီးဆော့ကစားနေခဲ့ကြ ခြင်းသာ ဖြစ်သည်။ အမှန်ပင် ပြောကြလိမ့်မည်။ အသင်မေးမြန်းပါ၊ အသင်တို့သည် အလ္လာဟ်ကို၊ အရှင့်အာယသ်တော်များကို၊ အရှင့်တမန်တော်ကိုရော ပြောင်လောင် ကြသလော။ **၆၆။** အသင်တို့ သည့် မည်သို့မျှ အကြောင်းမပြကြနှင့်။ အသင်တို့သည် ယုံကြည်ပြီးနောက်တွင်မှ ငြင်းပယ်သူများ ဖြစ်ခဲ့ကြ၏။ အကယ်၍ ငါအရှင်သည် အသင်တို့အနက် အုပ်စုတစ်စုကို ခွင့်လွှတ်တော်မူခဲ့လျှင် အခြားအုပ်စုတစ်စုကို ဇကနပင် ပြစ်ဒဏ်ပေးမည် ဖြစ်သည်။ အကြောင်းမှာ သူတို့သည် အပြစ်ကျူးလွန်သူ များ ဖြစ်ကြသောကြောင့်ပင်ဖြစ်သည်။

၆၇။ မွတ်စ်လင်မ်အယောင်ဆောင်ယောကျ်ားများနှင့် အယောင်ဆောင် မိန်းမတို့သည် အားလုံး တစ်မျိုးတည်းပင် ဖြစ်သည်။ သူတို့သည် မကောင်းမှုများကို တိုက်တွန်းကြပြီး ကောင်းမှုများမှ တားမြစ်ကြ၏။ မိမိတို့၏ လက်များကို ဆုပ်၍ ထားကြ၏။ (အလ္လာဟ်လမ်းတွင် မသုံးစွဲကြ။)သူတို့သည် အလ္လာဟ်အား မေ့လျော့ခဲ့ ကြပေရာ အလ္လာဟ်ကလည်း သူတို့ကို မေ့လျော့တော်မူခဲ့သည်။ မွတ်စ်လင်မ် အယောင်ဆောင်များသည် စင်စစ်တွင် အလွန်ပင် အမိန့်ဖီဆန်သူများ ဖြစ်ကြသည်။ **၆၈။** အလ္လာဟ်သည် ဟန်ဆောင်ယုံကြည်သူ ယောကျ်ားများ၊ မွတ်စ်လင်မ်အ

ယောင်ဆောင်မိန်းမများနှင့် ကာဖိရိုင်းပယ်သူတို့အား ဂျာနှမ်အပါယ်ဝရဲ၏မီးကို ကတိပြုထားတော်မူ၏။ သူတို့သည် ယင်း၌ အမြဲထာဝရ နေရမည့်သူများ ဖြစ်သည်။ ဤသည် သူတို့အဖို့ လုံလောက်ပေသည်။ အလ္လာဟ်သည် သူတို့ကို ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့သည်။ ထို့ပြင် သူတို့အဖို့ တည်မြဲမည့်ပြစ်ဒဏ်ရှိပေသည်။ **၆၉။** အသင်တို့ထက်အလျင်က ရှိခဲ့ကြသူတို့ကဲ့သို့ပင် သူတို့သည်လည်း ခွန်အား၌ အသင်တို့ထက် သာလွန်ခဲ့ကြသည်။ ပစ္စည်းဥစ္စာနှင့် သားသမီးများအရလည်း အသင်တို့ထက် ပိုမိုများပြားခဲ့ကြ၏။ သို့ရှိရာ သူတို့သည် မိမိတို့၏ဝေစုမှ အကျိုးရယူခံစားခဲ့ကြပေသည်။ အသင်တို့ထက်အလျင်က ရှိခဲ့သူတို့သည် မိမိတို့၏ဝေစုမှ အကျိုးခံစားခဲ့ကြသကဲ့သို့ အသင်တို့သည်လည်း မိမိတို့၏ဝေစုမှ အကျိုးရယူခံစားခဲ့ကြသည်။ ၎င်းပြင် သူတို့သည် အချည်းနှီး စကားများတွင်သာ နစ်မွန်းကြသကဲ့သို့ အသင်တို့သည် အချည်းနှီး စကားများတွင် နစ်မွန်းကြပေသည်။ ၎င်းတို့၏ကျင့်မူဆောင်ရွက်ချက်သည် ဤလောကတွင်ရော၊ တမလွန်ဘဝတွင်ရော ဆုံးရှုံးသွားခဲ့ ချေပြီ။ ထိုသူများသာလျှင် နစ်နာဆုံးရှုံးသောသူများ ဖြစ်ကြပေသည်။ **၇၀။** သူတို့ အလျင်ကလူများဖြစ်သည့် နူးဟ်၏ အမျိုးသားများ၊ အာဒ်နှင့် ဆမူးဒ်၏အမျိုးသားများ၊ အိဗ်ရာဟီမ်၏အမျိုးသားများ၊ မဒ်ယန်မြို့သားများ၊ ထို့ပြင် အထက်အောက် ပြောင်းပြန်ဖြစ်သွားခဲ့သော မြို့ရွာများ၏သတင်းသည် သူတို့ထံ မရောက်ရှိခဲ့လေသလော၊ ၎င်းတို့ထံသို့လည်း သူတို့၏ တမန်တော်များသည် သက်သေလက္ခဏာတော်များကို ယူဆောင်လာခဲ့ကြ၏။ သို့သော် အလ္လာဟ်သည် သူတို့အား မတရားပြုတော်မူခဲ့သည် မဟုတ်။ သို့ရာတွင် သူတို့ကိုယ်၌ကပင် ကိုယ့်ကိုယ်ကိုယ် မတရားနှိပ်စက်ခဲ့ကြခြင်း ဖြစ်သည်။

၇၁။ မုအ်မင်နှယောက်ျားများနှင့်မိန်းမများသည် တစ်ဦးနှင့် တစ်ဦး ကူညီရိုင်းပင်းသူများ ဖြစ်ကြ၏။ သူတို့သည် ကောင်းမှုများကို အမိန့်ပေးကြ၏။ ကောင်းမှုများမှ တားမြစ်ကြ၏။ စွတလသ်ဝတ်ပြုမှုကို တည်ဆောက်ကြ၏။ ဇကာသ်ပေးဆောင်ကြ၏။ အလ္လာဟ်နှင့် အရှင့်တမန်တော်၏အမိန့်နာခံကြ၏။ သူတို့ကို အလ္လာဟ်သည် ကရုဏာပြုတော်မူပေမည်။ အလ္လာဟ်သည် အလွန်

လွှမ်းမိုးအောင် နိုင်တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ **၇၂။** အလ္လာဟ်သည် မုအ်မင်နိယောက်ျားများနှင့်မုအ်မိနဟ်မိန်းမများအား အောက်ခြေတွင် စမ်းရေချောင်းများ စီးဆင်းလျက်ရှိသည့် ဂျန္နသ် ဥယျာဉ်တော်များ ရမည့်အကြောင်း ကတိပြုထား တော်မူသည်။ သူတို့သည် ယင်း(ဥယျာဉ်များ)၌ အမြဲထာဝရနေထိုင်ရမည့်သူများ ဖြစ်ကြသည်။ ထို့ပြင် ထာဝရ ဥယျာဉ်တော်များတွင်ရှိမည့် သန့်ရှင်းစင်ကြယ်သောနေအိမ်ရမည့်အကြောင်းများ ကိုလည်း ကတိပြု ထားတော်မူသည်။ ၎င်းပြင် အလ္လာဟ်၏ကျေနပ်နှစ်သက်တော်မူခြင်းသည်ကား အားလုံးထက် အကြီးကျယ်ဆုံးပင် ဖြစ်ပေသည်။ ဤသည် ကြီးကျယ်သော အောင်မြင်မှု ပင်ဖြစ်သည်။

၇၃။ အို-နဒီတမန်တော်၊ ငြင်းပယ်သူများမွတ်စ်လင်မ်အယောင်ဆောင်ကို ဂျိဟာဒ်ပြုပါ။ သူတို့အပေါ် ပြင်းထန်ပြတ်သားပါ။ သူတို့၏ နေရာထိုင်ခင်းမှာ ဂျာဟန္နမ် အပါယ်ဝဲရဲဖြစ်သည်။ ဝေဲသည် အလွန်ဆိုးဝါးသောဌာနေဖြစ်သည်။ **၇၄။** သူတို့က မပြောခဲ့ပါဟု အလ္လာဟ်အား တိုင်တည်ကျိန်ဆိုခဲ့ ကြသည်။ အမှန်မှာ သူတို့သည် ငြင်းပယ်မှုစကားကို ပြောခဲ့ကြပြီး ဖြစ်သည်။ စင်စစ်တွင် သူတို့သည် အစ္စလာမ်ကို လက်ခံယုံကြည်ပြီးသည့်နောက်တွင် ငြင်းပယ်သူများ ဖြစ်သွားခဲ့ကြသည်။ သူတို့သည် ရနိုင်မည်မဟုတ်သောအရာကို ရည်ရွယ်ခဲ့ကြ၏။ ဤသည် အလ္လာဟ်နှင့် တမန်တော်က မိမိ၏ကျေးဇူးတော်ဖြင့် သူတို့ကို ကြွယ်ဝစေတော်မူလိုက်ခြင်းကြောင့်သာ သူတို့က လက်စားချေခဲ့ကြခြင်း ဖြစ်သည်။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် သောင်ဗဟ်ဝန်ချတောင်းပန်ခြင်းကို ပြုကြလျှင် သူတို့အတွက် ပိုမိုကောင်းမွန်ပေမည်။ အကယ်၍ သူတို့ကျောလှည့်သွားကြလျှင် အလ္လာဟ်သည် သူတို့အား လောကီတွင်ရော၊ နောင်တမလွန်တွင်ပါ နာကျင်ဖွယ် ပြစ်ဒဏ်ကို ပေးတော်မူမည်။ ကမ္ဘာမြေတွင် သူတို့အဖို့ မည်သည့် ကာကွယ်ပေးမည့်သူ၊ မည်သည့်ကူညီမည့်သူမျှ ရှိမည်မဟုတ်ပေ။

၇၅။ သူတို့အထဲတွင် အကြင်သူများလည်း ရှိ၏။ ယင်းသူတို့သည် အကယ်၍ အရှင်မြတ်က ငါတို့အား မိမိကျေးဇူးတော်ထဲမှ ပေးသနားတော်မူလျှင်

ငါတို့သည် စွဒကဟ်အလျှုအတန်း မုချ ပြုလုပ်ကြမည်။ ငါတို့သည် သူတော်ကောင်းများအဖြစ် မုချနေထိုင်သွားကြမည်ဟု အလွှာဟ်ထံ ကတိပြုခဲ့ကြသည်။ **၇၆။** တစ်ဖန် အလွှာဟ်က သူတို့ကို မိမိကျေးဇူးတော်ဖြင့် ပေးသနားသောအခါ သူတို့သည် စေးနှဲတွန့်တိုကြလေတော့သည်။ ၎င်းပြင် သူတို့သည် မျက်နှာလွှဲသူများအဖြစ်နှင့် လှည့်ထွက်သွားကြလေတော့သည်။ **၇၇။** သို့ဖြစ်ရာ အလွှာဟ်သည် အပြစ်ဒဏ်ခတ်သည့်အနေဖြင့် အရှင်မြတ်နှင့် သူတို့ တွေ့ဆုံရမည့်နေ့တိုင်အောင် သူတို့၏စိတ်နလုံးများတွင် နိဖာဂ်အယောင်ဆောင်မှုကိုထားရှိလိုက်ပေသည်။ အကြောင်းမှာ သူတို့သည် အလွှာဟ်ကို ကတိဖောက်ဖျက်ခဲ့ကြသောကြောင့်၊ မှသားပြောဆိုခဲ့ကြခြင်းကြောင့် ဖြစ်သည်။ **၇၈။** အလွှာဟ်သည် သူတို့၏လျှို့ဝှက်ချက်များကို၊ သူတို့၏လျှို့ဝှက်ပြောဆိုမှုများကို သိရှိကြောင်းကို သူတို့ မသိကြသလော။ အလွှာဟ်သည် ဖုံးကွယ်နေသည့်အရာခပ်သိမ်းကို အလွန် သိရှိတော်မူ၏။ **၇၉။** သူတို့သည် အီမာန်ယုံကြည်သူတို့အနက်မှ သဒ္ဓါကြည်ဖြူစွာ ပေးကမ်းလှူဒါန်းသူတို့အား ပြစ်တင်ရှုတ်ချကြသည်။ မိမိတို့ ကြိုးစားပမ်းစား ရှာဖွေထားသော ချွေးနဲစာမှ သုံးစွဲလှူဒါန်းသူများကို ပြောင်လှောင် ကဲ့ရဲ့ကြ၏။ အလွှာဟ်သည်လည်း ပြောင်လှောင်ကဲ့ရဲ့သူတို့အား ပြန်လည်ပြောင်လှောင်ကဲ့ရဲ့ တော်မူခဲ့သည်။ ထို့ပြင် သူတို့အတွက် ပြင်းပြနာကျင်ဖွယ်ပြစ်ဒဏ်လည်း ရှိပေသည်။ **၈၀။** အသင်သည် သူတို့အတွက် ခွမ်းသာခွင့်လွှတ်မှုကို တောင်းခံသည် ဖြစ်စေ၊ မတောင်းခံသည် ဖြစ်စေ၊ အကယ်၍ အသင်သည် သူတို့အဖို့ ခွမ်းသာခွင့်လွှတ်ခြင်းကို အကြိမ်ပေါင်း ခုနစ်ဆယ်မျှပင် တောင်းခံပန်ကြားခဲ့လျှင်လည်း အလွှာဟ်သည် သူတို့အား လုံးဝ ခွမ်းသာခွင့်လွှတ်တော်မူမည် မဟုတ်ပေ။ အကြောင်းမှာမူ သူတို့သည် အလွှာဟ်နှင့် အရှင့်တမန်တော်ကို ငြင်းပယ်ခဲ့ကြ၏။ အလွှာဟ်သည် အမိန့်ဖီဆန်သူတို့ကို တရားလမ်းမှန် ညွှန်ပြတော်မမူချေ။

၈၁။ နောက်ကျန်ရစ်နေခဲ့ကြသောသူတို့သည် အလွှာဟ်တမန်တော်၏ နောက်တွင် ထိုင်ကျန်နေခဲ့ရခြင်းကို အလွန်ပျော်ရွှင်ခဲ့ကြသည်။ သူတို့သည် အလွှာဟ်လမ်းတော်၌ မိမိတို့၏ပစ္စည်းဥစ္စာများ၊ အသက်များဖြင့် ဂျီဟာဒ်ပြု

လုပ်ကြရမည်ကို စက်ဆုပ်ခဲ့ကြသည်။ ထို့ပြင် သူတို့က အပူရှိန်တွင် မထွက်ကြနှင့်ဟု ဆိုကြသည်။ အသင်ပြောကြားပါ၊ ဂျဟန္နမ်ငရဲ၏မီးသည် အပူရှိန်အားဖြင့် သည်ထက်ပိုမို၍ ပြင်းထန်လှသည်။ သူတို့ သိနားလည်နိုင်ကြလျှင် ကောင်းလေစွ။ **၈၂။** သို့ရှိရာ သူတို့သည် အနည်းငယ်သာ ရယ်မောကြရမည်၊ မိမိတို့ရှာဖွေဆည်းပူးခဲ့ကြသည်များအစား များစွာ ငိုကြွေးကြရမည်။ **၈၃။** သို့ဖြစ်ရာ အကယ်၍ အလ္လာဟ်သည် အသင့်ကို သူတို့အနက်မှ အုပ်စုတစ်စုထံ ပြန်လည်ရောက်ရှိစေခဲ့ပြီး တစ်ဖန် သူတို့သည် အသင့်ထံ ဂျိဟာဒ်တွင်ပါဝင်ခွင့်တောင်းခံကြလျှင် အသင်သည် သူတို့အား ပြောကြားလိုက်ပါ။ အချင်းတို့၊ အသင်တို့သည် ငါနှင့်အတူ မည်သည့် အခါမျှ ထွက်ကြရမည်မဟုတ်၊ ငါနှင့်အတူ ရန်သူတို့နှင့်လည်း တိုက်ခိုက်ကြရမည်မဟုတ်။ စင်စစ်တွင် အသင်တို့သည် ပထမအကြိမ်တွင် ထိုင်ကျန်နေခဲ့ရခြင်းကို နှစ်မြို့ခဲ့ကြသည်။ သို့ဖြစ်ရာ ယခုလည်း နောက်ကျန်ရစ်ခဲ့ သူများနှင့်အတူ ထိုင်လျက်သာ ကျန်ရစ်ခဲ့ကြပါကုန်။ **၈၄။** ထို့ပြင် သူတို့အနက်မှ မည်သူမဆို သေဆုံးသွားပါလျှင် အသင်သည် သူ့အပေါ် မည်သည့်အခါမျှ စွလာသ်ဝတ်ပြု မပေးလေနှင့်။ မည်သည့်အခါတွင်မျှ သူ၏ သချိုင်းတွင် မရပ်လေနှင့်။ စင်စစ်တွင် သူတို့သည် အလ္လာဟ်နှင့် အရှင့်တမန်တော်အား ငြင်းပယ်ခဲ့ကြပြီး အမိန့်ဒီဆန်သူများအဖြစ်နှင့် သေဆုံးခဲ့ကြသည်။

၈၅။ သူတို့၏ဥစ္စာပစ္စည်းများနှင့် သူတို့၏သားသမီးများကို အထင်မကြီးလေနှင့်။ ထိုအရာများဖြင့်ပင် သူတို့ကို ဤဘဝတွင် ပြစ်ဒဏ်ပေးတော်မူရန်၊ သူတို့သည် ငြင်းပယ်သူများအဖြစ်နှင့် အသက်များ ထွက်သွားစေရန် အလ္လာဟ်က လိုလားတော်မူလေသည်။ **၈၆။** ထို့ပြင် အလ္လာဟ်အား ယုံကြည်ကြပါ။ မည်သည့် အခါတွင်မဆို အရှင့်တမန်တော်နှင့်အတူ ဂျိဟာဒ်တွင် ပါဝင်ကြပါဟု မိန့်သောအခါ၊ စူရပ်ကဏ္ဍတစ်ခုခု ကျရောက်လာသောအခါ သူတို့အနက် ကြွယ်ဝချမ်းသာသော သူတို့က အသင့်ထံမှ ကင်းလွတ်ခွင့်ကို တောင်းခံကြတော့သည်။ ကျွန်ုပ်တို့အား ထိုင်ကျန်ရစ်သူများနှင့်အတူ နေရစ်ခွင့်ပေးပါဟု ပြောဆိုခွင့်ပန်ကြပေ သည်။ **၈၇။** သူတို့သည် နောက်ကျန်ရစ်ခဲ့ကြသော အမျိုးသမီးများနှင့်အတူ နေရစ်ခဲ့ခြင်းကို

နှစ်သက်ခဲ့ကြသည်။ သူတို့၏ စိတ်နှလုံးများအပေါ် တံဆိပ်ခတ်နိုပ်ခြင်းခံလိုက်ရတော့သည်။ ထို့ကြောင့် သူတို့သည် သိရှိနားလည်နိုင်ခြင်း မရှိကြ တော့ချေ။ **၈၈။** သို့သော် တမန်တော်၊ တမန်တော်နှင့်အတူ ယုံကြည်ကြသူတို့သည် မိမိတို့၏ပစ္စည်းဥစ္စာ၊ မိမိတို့၏ အသက်များဖြင့်၊ ဂျိဟာဒ် ပြုလုပ်ကြ၏။ ထိုသူများအဖို့ အလုံးစုံသော ကောင်းမြတ်ခြင်းများ ရှိ၏။ ထိုသူတို့သည်ပင် အောင်မြင်မည့်သူများ ဖြစ်ကြ၏။ **၈၉။** အလ္လာဟ်သည် ထိုသူများအဖို့ အောက်ခြေတွင် စမ်းချောင်းများ စီးဆင်းလျက်ရှိသည့် ဂျန္နသ်ဥယျာဉ်တော်များကို အဆင်သင့်စီစဉ်ထားရှိတော်မူလေသည်။ သူတို့သည် ယင်း၌ အမြဲထာဝစဉ်နေထိုင်ရမည့်သူများ ဖြစ်ကြ၏။ ဤသည် အလွန်ကြီးကျယ်လှသော အောင်မြင်မှုပင် ဖြစ်သည်။

၉၀။ ခွင့်ပြုခြင်းခံရရန် အရပ်ကျေးတောသားများအနက်မှလည်း လိမ်လည်အကြောင်းပြသူများ လာခဲ့ကြ၏။ အလ္လာဟ်နှင့် အရှင့်တမန်တော်အား မုသားပြောဆိုသူတို့သည် ထိုင်ကျန်နေရစ်ခဲ့ကြ၏။ ၎င်းတို့အနက် ငြင်းပယ်သူတို့၌နာကျင်ဖွယ်အပြစ်ဒဏ်သည် ဆိုက်ရောက်လာပေလိမ့်မည်။ **၉၁။** အားအင်ချည့်နဲ့ သူများအပေါ်၌၊ ဝေဒနာရှင်များအပေါ်၌၊ သုံးစွဲရန် တစ်စုံတစ်ရာမျှ မရှိသော သူတို့အပေါ်၌ သူတို့သည် အလ္လာဟ်နှင့် အရှင့်တမန်တော်အပေါ် ရိုးသားဖြူစင် စိတ်ကောင်းစေတနာထားသူများ ဖြစ်ကြပါလျှင် အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။ ကောင်းကျိုးဆောင်ရွက်သော သူတော်စင်များအပေါ်၌ရော မည်သည့် ပြစ်တင်ဝေဖန်မှုမျှ မရှိချေ။ အလ္လာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော အရှင်၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။ **၉၂။** ထို့ပြင် အကြင်သူတို့ အပေါ်၌လည်း မည်သည့်ပြစ်တင်မှုမျှ မရှိပေ။ သူတို့သည် အစီးအနင်းရရှိရန် အသင့်ထံ လာရောက်ကြသောအခါ အသင်က အသင်တို့စီး နင်းနိုင်ရန် ကျွန်ုပ်တွင် တစ်စုံတစ်ရာမျှ မရှိပါဟု ပြောခဲ့၏။ သို့နှင့် သူတို့သည် သုံးစွဲရန် တစ်စုံတစ်ရာမျှ မရှိသောကြောင့် ဝမ်းနည်းပူဆွေးကြပြီး မျက်စိများမှ မျက်ရည်များယိုစီးကျလျက် လှည့်ပြန်သွားခဲ့ကြလေသည်။ **၉၃။** အပြစ်တင်ရမည်မှာ အကြင်သူတို့အပေါ်၌သာ ဖြစ်သည်။ ယင်းတို့သည် ကြွယ်ဝသူများဖြစ်ကြပါလျက် အသင့်ထံတွင် ခွင့်ပန်ကြသည်။ သူတို့

သည် ထိုင်ကျန်ရစ်ခဲ့သည့် အမျိုးသမီးများနှင့် အတူ ကျန်ရစ်ခဲ့ကြရန် နှစ်သက်ကျေနပ်ခဲ့ကြသည်။ အလ္လာဟ်သည် သူတို့၏ စိတ်နလုံးများအပေါ်ဝယ် တံဆိပ်ခတ်နှိပ်တော်မူလိုက်ပေသည်။ သို့ဖြစ်ရာ သူတို့သည် မသိကြတော့ချေ။

★**၉၄။** သူတို့ထံသို့ အသင်တို့ ပြန်ရောက်ကြသည့်အခါ သူတို့သည် အသင်တို့ကို ဆင်ခြေဆင်လက်ပေးကြလိမ့်မည်။ အသင်ပြောလိုက်ပါ။ မည်သည့် ဆင်ခြေဆင်လက်မျှ မတင်ပြကြနှင့်။ ကျွန်ုပ်တို့သည် အသင်တို့စကားကို လုံးဝ ယုံကြည်ကြ လိမ့်မည်မဟုတ်။ စင်စစ်တွင် အလ္လာဟ်သည် အသင်တို့၏ အခြေအနေများကို ကျွန်ုပ်တို့အား ဖော်ပြပေးတော်မူခဲ့ပြီးဖြစ်သည်။ ယခု အလ္လာဟ်ကရော၊ ထိုအရှင့် တမန်တော်တို့ကပါ အသင်တို့၏ ပြုမူဆောင်ရွက်မှုများကို မြင်တွေ့တော်မူလိမ့်မည်။ ထို့နောက်တွင်မူ အသင်တို့သည် အကွယ်ကိုရော မျက်မှောက်တွင် ရှိသည်ကိုပါ သိရှိတော်မူသောအရှင့်ထံတော်သို့ ပြန်လည်ပို့ဆောင် ခြင်းခံကြရပေမည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့ပြုလုပ်ခဲ့ကြသည်များကို အသင်တို့အား အသိပေးဖော်ပြတော်မူမည်ဖြစ်သည်။ **၉၅။** အသင်တို့သည် သူတို့ထံ ပြန်ရောက်လာကြသောအခါ မိမိတို့ကို ရှောင်လွဲသွားစေရန်အတွက် သူတို့သည် အသင်တို့၏ ရှေ့တွင် အလ္လာဟ်အား တိုင်တည်၍ ကျိန်ဆိုခြင်းများ ပြုကြလိမ့်မည်။ သို့ရှိရာ အသင်တို့သည် သူတို့အား ဥပေက္ခာပြုထားလိုက်ပါ။ စင်စစ်တွင် သူတို့သည် မသန့်ရှင်းသူများ ဖြစ်ကြ၏။ သူတို့၏ နေရာဌာနသည် ဂျဟန္နမ်အပါယ်ဝင်ရဲပင် ဖြစ်သည်။ ဤသည် သူတို့ ရှာဖွေဆည်းပူးခဲ့ကြသောအရာများကြောင့် ဖြစ်သည်။ **၉၆။** မိမိတို့ကို ကျေနပ်ကြရန်အတွက် သူတို့သည် အသင်တို့၏ရှေ့တွင် ကျိန်ဆိုမှုများ ပြုကြပေလိမ့်မည်။ အကယ်၍ အသင်တို့သည် သူတို့ကို ကျေနပ် နှစ်သက်သွားခဲ့ကြလျှင်လည်း အလ္လာဟ်သည် အမိန့်ဖီဆန်သူများကို အလျှင်း ကျေနပ်နှစ်သက်တော်မူမည် မဟုတ်ပေ။

၉၇။ ကျေးတောသားတို့သည် ငြင်းပယ်မှု၊ မွတ်စ်လင်မ်အယောင်ဆောင်မှုတွင် အပြင်းထန်ဆုံး ဖြစ်ကြ၏။ ထို့နောက် အလ္လာဟ်က မိမိတမန်တော်အပေါ် ပို့ချတော်မူသည့် စည်းကမ်းစည်းမျဉ်းများကို ပို၍ပင် မသိထိုက်သူများ ဖြစ်

ကြသည်။ အလွှာဟ်သည် အလွန်သိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ **၉၈။** ကျေးတောသားများတွင် အကြင်သူတို့လည်း ရှိကြ၏။ ထိုသူတို့သည် အလွှာဟ်လမ်းတော်၌ သုံးစွဲခြင်းကို ဒဏ်ပေးဆောင်ခြင်းဟု မှတ်ယူကြ၏။ ထို့ပြင် ကာလ၏အပြောင်းအလဲ၊ ဒုက္ခများ အသင်တို့အပေါ် ကျရောက်မည်ကို စောင့်မျှော်နေကြ၏။ သူတို့အပေါ်၌သာ ကာလ၏ဆိုးဝါးသော အပြောင်းအလဲ ရှိပေသည်။ အလွှာဟ်သည် အလွန်ကြားတော်မူသောအရှင်၊ အလွန် သိရှိတော်မူသောအရှင် ဖြစ်တော်မူသည်။ **၉၉။** အရင်ကျေးတောသားများအနက် ဤသို့သောသူများလည်း ရှိ၏။ သူတို့သည် အလွှာဟ်နှင့် နောက်ဆုံးနေ့ကို ယုံကြည် ကြ၏။ ထို့ပြင် သုံးစွဲသည့်အရာမှန်သမျှကို အလွှာဟ်ထံတော်ပါး၌ နီးကပ်မှုရရန်နှင့် တမန်တော်မြတ်၏ ဆုဒုအာများကို ရယူရန် အကြောင်းခံအဖြစ် မှတ်ယူကြ၏။ သတိထားကြကုန်၊ ဤသည် သူတို့အဖို့ နီးကပ်မှုရယူရန် အကြောင်းခံ ဖြစ်သည်။ အလွှာဟ်သည် သူတို့အား မိမိ၏ ကရုဏာတော်အတွင်း ထည့်သွင်းတော် မူမည်။ အလွှာဟ်သည် အလွန်ခွင့်လွှတ်တော်မူသောအရှင်၊ အလွန် ကြင်နာသနားတော်မူသောအရှင်ပင် ဖြစ်သည်။

၁၀၀။ မုဟာဂျိရိန်များနှင့် အန်စာရီများအနက် ရှေးဦးသူများ၊ ၎င်းတို့နောက်သို့ ကောင်းမွန်စွာ လိုက်ခဲ့ကြသောသူတို့အား အလွှာဟ်သည် ကျေနပ်တော်မူခဲ့လေပြီ။ သူတို့သည်လည်း အရှင်မြတ်အား ကျေနပ်ခဲ့ကြလေပြီ။ အလွှာဟ်သည် သူတို့အတွက် အောက်ခြေတွင် စမ်းရေချောင်းများ စီးဆင်းလျက်ရှိသော ဥယျာဉ်များကို အဆင်သင့် စီမံထားရှိတော်မူသည်။ သူတို့သည် ယင်း၌ အမြဲထာဝရ နေထိုင်ကြရမည့်သူများ ဖြစ်သည်။ ဤသည်ပင် အလွန်ကြီးကျယ်သော အောင်မြင်မှုပေတည်း။ **၁၀၁။** အသင်တို့၏ ဘေးပတ်ဝန်းကျင်ရှိ ကျေးတောသားများအထဲတွင် မွတ်စ်လင်မ်အယောင်ဆောင်များရှိသည်။ ထို့အတူ မဒီနာသားများတွင်လည်း မွတ်စ်လင်မ်အယောင်ဆောင်များ ရှိကြသည်။ သူတို့သည် အယောင်ဆောင်မှု၌ပင် စွဲမြဲစွာ ရှိကြပေသည်။ သူတို့အား အသင် မသိရှိပေ။ ငါအရှင်သည် သူတို့အား သိတော်မူသည်။ ငါအရှင် သည် သူတို့အား နှစ်ကြိမ်တိုင် ပြစ်ဒဏ်ပေးတော်မူမည်။

ထို့နောက်တစ်ဖန် သူတို့သည် ကြီးလေးသောပြစ်ဒဏ် တစ်ခုဘက်သို့ ပို့ဆောင်ခြင်းကို ခံကြရပေမည်။

၁၀၂။ ထို့ပြင် မိမိတို့၏ အပြစ်များကို ဝန်ခံခဲ့ကြသော အခြားသူများလည်း ရှိသေး၏။ သူတို့သည် ကောင်းမြတ်သောကျင့်ဆောင်မှုများကိုရော မကောင်းသောကျင့်ဆောင်မှုများကိုပါ ရောနှောပြုလုပ်ထားကြ၏။ အလ္လာဟ်သည် သူတို့ဘက် လှည့်တော်မူရန် မျှော်လင့်ရာ၏။ စင်စစ်တွင် အလ္လာဟ်သည် အလွန် ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်ကြင်နာသနားတော်မူသောအရှင်ပင် ဖြစ်တော်မူသည်။ **၁၀၃။** အသင်သည် သူတို့၏ပစ္စည်းဥစ္စာများမှ စွဒကဟ်အလှူကို လက်ခံရယူလိုက်ပါ။ ယင်းစွဒကဟ်အားဖြင့် အသင်သည် သူတို့အား သန့်ရှင်းစေပေလိမ့်မည်၊ စင်ကြယ်စေပေလိမ့်မည်။ ၎င်းပြင် သူတို့အဖို့ ဆုမွန်ကောင်း တောင်းခံပေးပါ။ အသင်၏ဆုမွန်ကောင်း တောင်းခံပေးမှုသည် သူတို့အဖို့ အေးချမ်းသာယာမှု၏ အကြောင်းခံ အမှန်ပင် ဖြစ်ပေလိမ့်မည်။ အလ္လာဟ်သည် အလွန်ကြားတော်မူသောအရှင်၊ အလွန် သိတော်မူသောအရှင် ဖြစ်တော်မူသည်။

၁၀၄။ အလ္လာဟ်သည်ပင် မိမိအစေတော်များ၏ ဝန်ချတောင်းပန်ချက်ကို လက်ခံသဘောတူတော်မူကြောင်း၊ စွဒကဟ်အလှူဒါနများကို လက်ခံတော်မူ ကြောင်း၊ ထို့ပြင် အလ္လာဟ်သည်ပင် ဝန်ချတောင်းပန်ခြင်းကို အလွန်လက်ခံ တော်မူသော အရှင်၊ အလွန်သနားကြင်နာ တော်မူသောအရှင် ဖြစ်တော်မူကြောင်းကို သူတို့ မသိကြလေသလော။ **၁၀၅။** အသင်ပြောကြားလိုက်ပါ၊ အသင်တို့ ပြုလုပ်နေကြပါ။ အလ္လာဟ်ရော၊ အရှင့်တမန်တော်ရော၊ မုအ်မင်နဲ့ယုံကြည်သူများပါ အသင်တို့၏ အပြုအမူကို မကြာမီမြင်တွေ့ကြလိမ့်မည်။ ထို့နောက် အသင်တို့သည် အကွယ်နှင့် မျက်မှောက်တွင် ရှိသည့်အရာခပ်သိမ်းတို့ကို သိရှိတော်မူသော အရှင်မြတ်ထံတော်သို့ ပို့ဆောင်ခြင်းခံကြရပေမည်။ တစ်ဖန် အရှင်မြတ်သည် အသင်တို့ ပြုလုပ်လေ့ရှိခဲ့သည်များကို အသင်တို့အား အသိပေးတော်မူပေမည်။ **၁၀၆။** အခြားသူများလည်း ရှိသေးသည်။ အရှင်မြတ်က သူတို့ကို ပြစ်ဒဏ်ခတ်လျှင်ခတ်မည်။ သူတို့၏ ဝန်ချတောင်းပန်မှုကို လက်ခံလျှင်လက်ခံမည်။ သူတို့သည် အလ္လာဟ်၏ စီရင်မှုကို

ရောက်လာသည်အထိ စောင့်ဆိုင်းထားခြင်းခံကြရသည်။ အလ္လာဟ်သည် အလွန်သိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

၁၀၇။ ထို့ပြင် သူတို့ထဲတွင် ဤသူများလည်း ရှိသည်။ သူတို့သည် ဒုက္ခပေးရန်၊ ငြင်းပယ်ရန်၊ ယုံကြည်သူတို့အတွင်း စိတ်ဝမ်းကွဲမှုကို ထည့်သွင်းရန်၊ ယခင်ကတည်းကပင် အလ္လာဟ်နှင့် အရှင့်တမန်တော်တို့ကို တိုက်ခိုက်လျက်ရှိနေသူကို ကင်းပုန်းချဖို့ စီစဉ်ပေးရန် ဗလီဝတ်ကျောင်းတစ်လုံးကို ဆောက်လုပ်ခဲ့ကြ၏။ ထို့ပြင် သူတို့က ကျွန်ုပ်တို့သည် ကောင်းမြတ်ခြင်းကိုသာ လိုလားကြပါသည်ဟု ကျိန်ဆို၍ ပြောကြပေလိမ့်မည်။ ၎င်းတို့ လိမ်လည်သူများဖြစ်ကြောင်းကို အလ္လာဟ်က သက်သေခံတော်မူသည်။ **၁၀၈။** အသင်သည် ယင်းအဆောက်အအုံ၌ မည်သည့်အခါမျှ မရပ်လေနှင့်။ သို့ရာတွင် ပထမနေ့ကတည်းက အလ္လာဟ်အား ကြောက်ရွံ့ရိုသေခြင်းအပေါ် အုတ်မြစ်ချခဲ့သည့် ဗလီဝတ်ကျောင်း၌သာ အသင်ရပ်ရန် ပို၍ ထိုက်တန်ပေသည်။ ထိုထဲတွင် အကြင်အမျိုးသားများလည်း ရှိသည်။ သူတို့သည် သန့်ပြန့်စင်ကြယ်စွာ နေထိုင်ရန် နှစ်သက်မြတ်နိုးကြ၏။ အလ္လာဟ်သည် သန့်ပြန့်စင်ကြယ်စွာ နေထိုင်သူများကို နှစ်သက်မြတ်နိုးတော်မူ၏။ **၁၀၉။** အလ္လာဟ်အား ကြောက်ရွံ့ရိုကျိုးခြင်းနှင့် အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုအပေါ် အုတ်မြစ်ချသောသူက ပို၍ ကောင်းမြတ် သလော၊ သို့တည်းမဟုတ် ပြိုကျလုမတတ်ဖြစ်နေသော ကမ်းပါးပေါ်တွင် မိမိအဆောက်အအုံ၏ အုတ်မြစ်ကို ချပြီး ယင်းသည် ပြိုကျကာ သူနှင့်အတူ အပါယ်ဝရဲမီးထဲသို့ ကျသွားရသောသူက ပို၍ ကောင်းမြတ်သလော။ အလ္လာဟ်သည် မတရားမှုကျူးလွန်သူတို့ကို လမ်းညွှန်ပြတော်မမူပေ။ **၁၁၀။** သူတို့၏ စိတ်နလုံးများ အစိတ်စိတ်အမွှာမွှာ ဖြစ်မသွားသရွေ့ သူတို့ဆောက်လုပ်ထားသော အဆောက်အအုံသည် သူတို့၏စိတ်နလုံးများတွင် သံသယဖြစ်ပေါ်အောင် ပြုလုပ်နေမည်။ အလ္လာဟ်သည် အလွန်သိတော်မူသော အရှင်၊ ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

၁၁၁။ အလ္လာဟ်သည် ယုံကြည်သူများထံမှ သူတို့၏ အသက်များနှင့်

သူတို့၏ပစ္စည်းဥစ္စာများကို ဂျန္နသ်သုခဘုံဖြင့် အစားပေး၍ အမှန်ပင် ဝယ်ယူတော်မူခဲ့ ပေပြီ။ သူတို့သည် အလ္လာ့ဟ်လမ်းတွင် တိုက်ခိုက်ကြသည်။ သို့ဖြင့် သူတို့သည် သတ်ဖြတ်ကြ၏၊ သတ်ဖြတ်ခြင်းကို ခံကြရ၏။ ဤသည် အလ္လာဟ်၏ မှန်ကန်သော ကတိတော်ပင် ဖြစ်သည်၊ သောင်ရာသ်၊ အင်နဂျီလ်နှင့် ကုရ်အာန်ကျမ်းမြတ်တို့တွင် ပါရှိ၏။ အလ္လာဟ်ထက် မိမိကတိကို ပို၍ပြည့်ဝ အောင်လုပ်သူ မည်သူရှိမည်နည်း။ သို့ရှိရာ အသင်တို့သည် အလ္လာဟ်နှင့် ပြုလုပ်ကြသော ဤရောင်းဝယ်ဖောက်ကား မှုအပေါ် ဝမ်းမြောက်ပျော်ရွှင်ကြကုန်။ ဤသည်ပင် အလွန်ကြီးကျယ်သောအောင်မြင် မှု ဖြစ်၏။ **၁၁၂။** သူတို့သည် ဝန်ချတောင်းပန်ကြသူများ၊ ခဝပ်ကိုးကွယ်ကြသူများ၊ ချီးမွမ်းကြသူများ၊ အလ္လာ့ဟ်လမ်းတွင် သွားလာကြသူများ၊ ရုကူအ် ဦးညွှတ်ကြသူ များ၊ စဂျဒဟ်ဦးချသူများ၊ ကောင်းမှုပြုရန် တိုက်တွန်းနှိုးဆော်သူများ၊ မကောင်းမှုမှ တားမြစ်သူများဖြစ်ကြပေသည်။ သူတို့သည် အလ္လာဟ်၏စည်းဘောင်များကို စောင့်စည်းသူများဖြစ်ကြသည်။ အသင်သည် ယုံကြည်သူများအား ဝမ်းမြောက်ဖွယ် သတင်းကို ပေးလိုက်ပါ။

၁၁၃။ မုရှ်ရိက်များသည် ငရဲသားများဖြစ်ကြောင်း မိမိတို့အတွက် ထင်ရှားပြီးနောက်ပိုင်းတွင် သူတို့သည် မိမိတို့၏ဆွေမျိုးများဖြစ်ကြလျှင်လည်း သူတို့အတွက် လွှတ်ငြိမ်းချမ်းသာခွင့် တောင်းပေးရန် တမန်တော်နှင့် ယုံကြည်သူ များအဖို့ အခွင့်မရှိပေ။ **၁၁၄။** အိဗ်ရာဟီးမ်သည် မိမိဖခင်အတွက် ခွင့်လွှတ်မှုကို တောင်းခံခဲ့ခြင်းမှာ ဖခင်ကို သူပေးခဲ့သော ကတိကြောင့်သာလျှင် ဖြစ်သည်။ ထို့ နောက်တစ်ဖန် ဖခင်သည် အလ္လာ့ဟ်ရန်သူဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသွားသော အခါ သူသည် ဖခင်နှင့် ပတ်သက်မှုမရှိတော့ပေ။ စင်စစ်တွင် အိဗ်ရာဟီးမ်သည် စိတ်နှလုံးအလွန်နူးညံ့သူ၊ ခန္တီတရားထားသူ ဖြစ်၏။ **၁၁၅။** အလ္လာဟ်သည် လူတစ်စုကို တရားလမ်းမှန်ပေးပြီးနောက်တွင် ရှောင်ကြဉ်ရမည့်အရာများကို သူတို့ အား ထင်ရှားစွာဖော်ပြခြင်း မပြုသမျှကာလပတ်လုံး သူတို့ကို လမ်းလွဲစေတော်မူ မည်မဟုတ်ပေ။ အလ္လာဟ်သည် အရာအားလုံးကို အလွန်သိရှိတော်မူသောအရှင်ပင် ဖြစ်သည်။ **၁၁၆။** မိုးကောင်းကင်များနှင့် မြေပထဝီ၏အုပ်ချုပ်မှုအာဏာကို

အလွှာဟ်သာလျှင် စိုးပိုင်တော်မူသည်။ အရှင်မြတ်သည် ရှင်စေတော်မူပြီး အရှင်မြတ်သည်သာ သေစေတော်မူ၏။ အလွှာဟ်မှတစ်ပါး အသင်တို့အဖို့ အဆွေခင်ပွန်း၊ အသင်တို့ကို ကူညီစောင်မသူဟူ၍ မည်သူမျှ မရှိပေ။

၁၁၇။ အလွှာဟ်သည် တမန်တော်ကိုရော မုဟာဂျိရ်များနှင့် အန်စွာရီတို့ကိုပါ ခွင့်လွှတ်ပြီးဖြစ်သည်။ သူတို့သည် မိမိတို့အနက်မှ လူတစ်စု၏စိတ်နှလုံးများ တိမ်းစောင်းလုနီးပါး ဖြစ်သွားပြီးနောက်မှ၊ ကျပ်တည်းခက်ခဲချိန်တွင် တမန်တော်နှင့်အတူ ရပ်တည်ခဲ့ကြသည်။ စင်စစ်တွင် အလွှာဟ်သည် သူတို့ကို အလွန်ကြင်နာတော်မူသောအရှင်၊ အလွန်သနားတော်မူသော အရှင် ဖြစ်တော်မူသည်။

၁၁၈။ ထို့ပြင် ထိုသုံးဦးကိုလည်း ခွင့်လွှတ်တော်မူခဲ့ပြီ။ သူတို့၏ ကိစ္စသည် ဆိုင်းငံ့ထားခြင်းခံခဲ့ရသည်။ နောက်ဆုံးတွင် မြေပထဝီသည် ကျယ်ဝန်းပါလျက်နှင့်ပင် သူတို့အတွက် ကျဉ်းမြောင်းသွားခဲ့သည်။ ထို့ပြင် သူတို့အသက်ပင်လျှင် သူတို့အတွက် ကျဉ်းကျပ်ခဲ့သည်။ သူတို့သည် အလွှာဟ်မှလွတ်မြောက်ရန် အလွှာဟ်မှလွဲ၍ မည်သည့်ခိုလှုံရာနေရာမျှ မရှိကြောင်း နားလည်ခဲ့ကြသည်။ ထို့နောက်တစ်ဖန် အလွှာဟ်သည် သူတို့တောင်းပန်ဝန်ချနိုင်ရန် သူတို့ဘက်သို့ လှည့်တော်မူခဲ့သည်။ အလွှာဟ်သည် သောင်ဗဟ် ၎င်းချတောင်းပန်မှုကို အလွန်လက်ခံတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်ပင် ဖြစ်တော်မူသည်။

၁၁၉။ အိုး-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလွှာဟ်အား ကြောက်ရွံ့ကြကုန်။ ဖြောင့်မတ်မှန်ကန်သောသူတို့နှင့်အတူ ရှိကြကုန်။ **၁၂၀။** မဒီနာမြို့သားများနှင့် အနီးဝန်းကျင်ရှိ ကျေးတောသားတို့သည် အလွှာဟ်၏တမန်တော် နောက်တွင် ကျန်ရစ်နေခဲ့ခွင့် မရှိပေ။ မိမိတို့၏အသက်ကို တမန်တော်၏ အသက်ထက်ပို၍ နှစ်သက်ရန်လည်း မထိုက်ပေ။ အကြောင်းမှာ သူတို့သည် အလွှာဟ်လမ်းတွင် ရေငတ်ခံရခြင်း၊ ပင်ပန်းရခြင်း၊ ဆာလောင်ခြင်း၊ ငြင်းပယ်သူတို့ကို အမျက်ဒေါသထွက်စေသည့် လမ်းများတွင် လျှောက်လှမ်းရခြင်းနှင့် ရန်သူများထံမှ ရရှိခဲ့သော

ဒုက္ခများ၏အစားအဖြစ် ကောင်းမြတ်သော ကျင့်ဆောင်မှုကို ရေးမှတ်ပေးခြင်းခံရပေမည်။ အလ္လာဟ်သည် ကောင်းမှုပြုသူတို့၏ အကျိုးကုသိုလ်ကို အချည်းနှီးဖြစ်စေတော်မူမည် မဟုတ်ပေ။ **၁၂၁။** သူတို့သည် သေးငယ်သော သုံးစွဲလှူဒါန်းမှုကို ပြုသည် ဖြစ်စေ၊ ကြီးမားသော သုံးစွဲလှူဒါန်းမှုကို ပြုသည်ဖြစ်စေ၊ တောင်ကြား အရပ်တစ်ခုခုကို ဖြတ်သန်းသွားကြသည်ဖြစ်စေ၊ ထိုအရာများအားလုံးသည် သူတို့အဖို့ ရေးမှတ်ခြင်းခံရသည်ချည်းသာ ဖြစ်သည်။ သို့ရှိရာ အလ္လာဟ်သည် သူတို့၏ပြုကျင့်ဆောင်ရွက်မှုများအစား အကောင်းဆုံးသော အကျိုးဆုလာဘ်ကို ပေးသနား တော်မူမည် ဖြစ်သည်။

၁၂၂။ ထို့ပြင် ယုံကြည်သူတို့သည် တစ်ဦးမှမကျန်တော့အောင် အားလုံး မထွက်သင့်ကြပေ။ သို့ဖြစ်ရာ သူတို့အနက် အုပ်စုတိုင်းမှ အုပ်စုတစ်စုသည် သာသနာ့အသိပညာဆည်းပူးရန် ထွက်ကြရမည်ဖြစ်ပြီး ပြန်လာကြသောအခါ မိမိတို့၏အမျိုးသားများအား သတိပေးနှိုးဆော်ကြရမည် ဖြစ်သည်။ သို့မှသာလျှင် သူတို့သည် ရှောင်ကြဉ်သူများ ဖြစ်တန်ရာ၏။

၁၂၃။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏အနီးပတ်ဝန်ကျင်၌ရှိသော ငြင်းပယ်သူတို့ကို တိုက်ခိုက်ကြပါ။ သူတို့သည် အသင်တို့၏ ပြင်းထန်မှုကို သိရှိစေကြရမည်။ အလ္လာဟ်သည် အကြောက်တရားထားရှိသူတို့နှင့်အတူ ရှိတော်မူကြောင်း သိထားကြကုန်။ **၁၂၄။** မည်သည့် အခါမဆို စူရတ်တစ်ပုဒ်ပုဒ်ကျရောက်လာသောအခါ သူတို့အနက် အချို့က ဤစူရတ်သည် အသင်တို့အနက် မည်သူ၏ ယုံကြည်မှုကို တိုးပွားစေသနည်းဟု မေးကြသည်။ ယုံကြည်သူများမှာမူ ယင်းစူရတ်သည် သူတို့၏ ယုံကြည်မှုကို တိုးပွားစေခဲ့သည်။ ထို့ပြင် သူတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြသည်။ **၁၂၅။** စိတ်နလုံးများတွင် ရောဂါရှိသူတို့မှာမူကား ဤစူရတ်သည် သူတို့၏ အညစ်အကြေးတွင် နောက်ထက် အညစ်အကြေးကို တိုးပွားစေလိုက်လေသည်။ သူတို့သည် ငြင်းပယ်သူများဖြစ်လျက် သေဆုံးခဲ့ကြရ ပေသည်။ **၁၂၆။** သူတို့သည် နှစ်တိုင်းနှစ်တိုင်း တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် စမ်းသပ်ခြင်းခံကြရသည်ကို

မမြင်ကြသလော။ သို့သော်လည်း သူတို့သည် ဝန်ချတောင်းပန်မှုကိုလည်း မပြုကြ၊ သင်ခန်းစာလည်း မယူခဲ့ကြပေ။ **၁၂၇။** မည်သည့် အခါမဆို စူရဟ်တစ်ပုဒ်ပုဒ် ကျရောက်လာသောအခါ သူတို့သည် တစ်ဦးကိုတစ်ဦး ကြည့်ကြပြီး တစ်စုံတစ်ယောက်က ကြည့်နေသလားဟူ၍ (အချင်းချင်း အရိပ်အမြွက်ပြကာ ထိုင်ပိုင်းမှ) ပြန်လှည့်ထွက်သွားကြ၏။ အလ္လာဟ်သည် သူတို့၏ စိတ်နလုံးများကို လှည့်တော်မူလိုက်သည်။ အကြောင်းမှာမူ သူတို့သည် မသိနားမလည်သူများ ဖြစ်ကြပေသည်။

၁၂၈။ အသင်တို့အနက်မှပင် တမန်တော်တစ်ပါးသည် အသင်တို့ထံ ရောက်ရှိလာ ခဲ့ပေပြီ။ အသင်တို့ ဒုက္ခအတွင်း ကျရောက်ခြင်းသည် ထိုတမန်တော်အဖို့ အလွန်ခံရခက်လှပေသည်။ ထိုတမန်တော်သည် အသင်တို့ကောင်းကျိုးကို လိုလားသူ ဖြစ်သည်။ ယုံကြည်သူတို့အပေါ် အလွန် ကြင်နာချစ်ခင်သူ၊ အလွန် သနားသူတစ်ဦးဖြစ်သည်။ **၁၂၉။** သို့ပါလျက် အကယ်၍ သူတို့သည် လှည့်ထွက်သွားကြပါလျှင် အသင်ပြောကြားပါ၊ ကျွန်ုပ်အဖို့ အလ္လာဟ်သည် လုံလောက်တော်မူ၏၊ အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခံထိုက်သူမည်သူမျှ မရှိပါ။ ကျွန်ုပ်သည် အရှင် မြတ်အပေါ် သာလျှင် ယုံပုံအားကိုးမှုပြုပါသည်။ ထို့ပြင် အရှင်မြတ်သည် သာလျှင် ကြီးကျယ်မြင့်မြတ်လှသော အရိရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသော အရှင်ဖြစ်သည်။

၁၀။ စူရဟ်ယူနွတ်စ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနားတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလိဖ် လာမ် ရာ။ ဤသည် အမြော်အမြင်နှင့် ပြီးပြည့်စုံသော ကျမ်းဂန်၏ အာယသ်တော်များပင် ဖြစ်သည်။ **၂။** ငါအရှင်သည် လူတို့အား သတိပေးနှိုးဆော်ရန်၊ အီမာန်ယုံကြည်သူတို့အား သူတို့၏အရှင်ထံတွင် မှန်ကန်သည့်အဆင့်

အတန်းရှိကြောင်း သတင်းကောင်း ပါးရန် သူတို့ထဲမှ လူတစ်ဦးထံ ဝဟီဗျာဒိတ်ခြင်းသည် လူတို့အတွက် အံ့အားသင့်ဖွယ်ရာ ဖြစ်နေပါသလော။ ငြင်းဆန်သူများကမူ ဤသူသည် ထင်ရှားသော ပယောဂဆရာပင် ဖြစ်သည်ဟု ဆိုကြသည်။

၃။ အသင်တို့၏အရှင်သည် အလွှာဟ်ပင် ဖြစ်သည်။ အရှင်မြတ်သည် ကောင်းကင်များနှင့် ပထဝီမြေကြီးကို ခြောက်ရက်တွင် ဖန်ဆင်းခဲ့သည်။ ထို့နောက် တစ်ဖန် အရှင်သည် အရှိန်ပလ္လင်ထက်ဝယ် စံမြန်းတော်မူသည်။ အရှင်မြတ်သည်ပင် အရေးကိစ္စဟူသရွေ့ကို စီမံခန့်ခွဲတော်မူသည်။ အရှင်မြတ်၏ ခွင့်ပြုချက်မပါဘဲ မည်သူကမျှ ကြားဝင် အသနားခံခွင့် ရှိမည်မဟုတ်ပေ။ အလွှာဟ်သာလျှင် အသင်တို့ကို ဖန်ဆင်းမွေးမြူ တော်မူသော အရှင်ဖြစ်သည်။ ထို့ကြောင့် အသင်တို့သည် အရှင်မြတ်ကိုသာလျှင် ခဝပ်ဆည်းကပ်မှ ပြုကြပါ။ အသင်တို့သည် မစဉ်းစားကြပေသလော။ **၄။** အသင်တို့အားလုံးသည် ထိုအရှင့်ထံသို့သာ လှည့်ပြန်ကြရမည်။ ဤသည် အလွှာဟ်၏ မှန်ကန်သော ကတိတော်ပင် ဖြစ်သည်။ စင်စစ်တွင် အရှင်မြတ်သည်ပင် စတင်ဖန်ဆင်းတော်မူခဲ့သည်။ တစ်ဖန် အီမာန်ယုံကြည်ပြီး၊ ကောင်းမှုများ ဆောင်ရွက်ကြသူတို့အား တရားမျှတစွာ အစားပေးရန်အတွက် အရှင်မြတ်သည်ပင် ဒုတိယအကြိမ် ဖန်ဆင်းတော်မူမည် ဖြစ်သည်။ ငြင်းပယ်သူတို့အတွက် အလွန်ပွက်ပွက်ဆူနေသော ရေနှင့် အလွန်နာကျင်ဖွယ်ပြစ်ဒဏ် ရှိပေသည်။ ယင်းသည် သူတို့၏ ငြင်းပယ်မှုကြောင့်ပင် ဖြစ်သည်။

၅။ အရှင်မြတ်သည်ပင် နေကို လင်းဝင်းတောက်ပစေပြီး လကို အလင်းရောင် ပေးသနားခဲ့သည်။ ထို့ပြင် အသင်တို့သည် နှစ်များ၏ အရေအတွက်နှင့် စာရင်းကို သိနိုင်ကြရန်အတွက် လကို သူသွားရမည့်စခန်းများ သတ်မှတ်ပေးတော်မူခဲ့သည်။ အလွှာဟ်သည် ဤအရာအားလုံးတို့ကို ရည်ရွယ်ချက်မဲ့ ဖန်ဆင်းခဲ့သည် မဟုတ်ပေ။ အရှင်မြတ်သည် သိနားလည်သူတို့အတွက် သက်သေလက္ခဏာများကို ထင်ထင်ရှားရှား ရှင်းလင်း ပြသတော်မူသည်။ **၆။** အကြောက်တရားထားသူတို့အတွက် ညနှင့်နေ့၏ ပြောင်းလဲမှုတွင်၊ ကောင်းကင်များနှင့် ပထဝီမြေကြီးရှိ အလွှာဟ်ဖန်ဆင်းတော်မူသည့် အရာများတွင် သက်သေလက္ခဏာများ

ဇကန်မုချ ရှိသည်။

၇။ စင်စစ်တွင် ငါအရှင်မြတ်နှင့် တွေ့ဆုံရန် မမျှော်လင့်ကြဘဲ လောကီဘဝကိုသာ ကျေနပ်၍ ထိုဘဝနှင့်ပင် တည်ငြိမ်အေး ဆေးစွာ နေကြသူများ၊ ငါအရှင်၏ သက်သေလက္ခဏာများကို မေ့လျော့ကြသူများ၊ **၈။** ထိုသူများ၏ နေရာထိုင်ခင်းသည် ဂျဟန္နမ်အပါယ်ငရဲပင် ဖြစ်သည်။ ယင်းသည် သူတို့ပြုမူခဲ့ကြသည်များ ကြောင့်ပင် ဖြစ်သည်။ **၉။** စင်စစ်တွင် အကြင်သူများသည် အီမာန်ယုံကြည်ပြီး ကောင်းမှုများကို ကျင့်ဆောင်ခဲ့ကြ၏။ အလ္လာဟ်သည် သူတို့၏ အီမာန်ယုံကြည်မှုကို အကြောင်းပြု၍ သူတို့အား အောက်ခြေတွင် စမ်းရေချောင်းများ စီးဆင်းနေသော၊ စည်းစိမ်များနှင့် ပြည့်စုံသော ဥယျာဉ်များတွင် ပို့ဆောင်တော်မူပေမည်။ **၁၀။** ၎င်းသုခဘုံတွင်၌ သူတို့၏ စကားရပ်သည် "အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်ပါသည်"ဟူ၍ ဖြစ်ပြီး သူတို့၏ နှုတ်ခွန်းဆက်သမှုမှာ စလာမ် ဖြစ်မည်။ သူတို့၏ နောက်ဆုံးစကားရပ်မှာ "ချီးမွမ်းထောမနာအပေါင်းသည် စကြဝဠာ ခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အဖို့သာ ဖြစ်သည်" ဟူ၍ ဖြစ်ပေမည်။

၁၁။ အကယ်၍ အလ္လာဟ်သည် လူတို့အပေါ် ရဟ်မသ်ကရုဏာကို အလျင် အမြန် ပြုလုပ်သကဲ့သို့ ပြစ်ဒဏ်ကိုလည်း အလျင်အမြန် ချပေးပါလျှင် ၎င်းတို့၏သက်တမ်းသည် အဆုံးသတ်ပြီး ဖြစ်ပေမည်။ သို့သော် ငါအရှင်မြတ်သည် ငါအရှင်နှင့် တွေ့ဆုံရမည်ကို မမျှော်လင့်ကြသူတို့အား သူတို့၏ ဆိုးသွမ်းမှုထဲ၌ပင် တဝေလည်လည်ဖြစ်နေအောင် လွှတ်ထားတော်မူပေသည်။ **၁၂။** ထို့ပြင် လူသည် ဘေးဒုက္ခကျရောက်လာသောအခါ လဲ့လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ ရပ်လျက်ဖြစ်စေ ငါအရှင်ကို ဟစ်ခေါ်လေတော့သည်။ တစ်ဖန် ငါအရှင်သည် သူ့ထံမှ သူ၏ ဘေးဒုက္ခကို ဖယ်ရှားပေးလိုက်လေသော် သူသည် မိမိ တွေ့ကြုံခဲ့ရသော ဘေးဒုက္ခ တစ်ခုခုတွင် ငါအရှင်အား တစ်ခါမျှ ဟစ်ခေါ်တသခြင်း မပြုခဲ့မိဖူးသလို ဖြစ်သွားခဲ့သည်။ စည်းဘောင်ကျော်သောသူတို့၏ အမြင်တွင် သူတို့၏ပြုလုပ်ဆောင်ရွက်မှုများကို လှပတင့်တယ်အောင် ဤအတိုင်း ပြုပေးခြင်းခံရသည်။ **၁၃။** ထို့ပြင် ငါအရှင်

သည် အသင်တို့ထက်အလျင် ရှိခဲ့ကြသော မျိုးနွယ်များအား သူတို့ မတရားလွန်ကျူးခဲ့ကြ သောအခါ ဖျက်ဆီးပစ်တော်မူခဲ့သည်။ သူတို့၏ တမန်တော်များသည် သူတို့ထံ ရှင်းလင်းထင်ရှားသော သက်သေလက္ခဏာများကို ယူဆောင်လာခဲ့ကြ သော်လည်း သူတို့သည် ယုံကြည်သူများ ဖြစ်မလာခဲ့ကြပေ။ ငါအရှင်မြတ်သည် ပြစ်မှု ကျူးလွန်သူတို့အား ဤကဲ့သို့ပင် အစားပေးတော်မူလေသည်။ **၁၄။** တစ်ဖန် ငါအရှင်မြတ်သည် သူတို့နောက်တွင် အသင်တို့ မည်သို့ပြုလုပ်ကြမည်ကို ကြည့်ရှု တော်မူရန်အတွက် အသင်တို့ကို ကမ္ဘာမြေတွင် ကိုယ်စားလှယ်များအဖြစ် ပြုလုပ် ပေးတော်မူခဲ့သည်။

၁၅။ ထို့ပြင် သူတို့အား ငါအရှင်၏ ထင်ရှားသော အာယသ်တော်များကို ဖတ်ကြားပြခြင်းခံရသောအခါ ငါအရှင်မြတ်ထံခစားရန် မမျှော်လင့်ထားသူတို့က `ဤအရာမှလွဲ၍ အခြားကုရ်အာန်ကို ယူလာပါ။ သို့မဟုတ်က ယင်းကို ပြောင်းလဲ ပေးပါ`ဟု ပြောဆိုကြသည်။ အသင်ပြောပါ။ ကျွန်ုပ်စိတ်သဘောဆန္ဒနှင့် ယင်းကို ပြောင်းလဲပစ်ရန်မှာ ကျွန်ုပ်တွင် အခွင့်မရှိပေ။ ကျွန်ုပ်သည် မိမိထံသို့ ချပေးခြင်း ခံရသော ဝဟီဗျာဒိတ်တော်ကိုသာ လိုက်နာပါသည်။ အကယ်၍ ကျွန်ုပ်သည် ကျွန်ုပ်၏အရှင့်အမိန့်တော်ကို ဖီဆန်လိုက်ပါလျှင် ကျွန်ုပ်သည်ကြီးကျယ်သောနေ့၏ ပြစ်ဒဏ်ကို ကြောက်ရွံ့ပါသည်။

၁၆။ အသင်ပြောလိုက်ပါ။ အလ္လာဟ် ဆန္ဒရှိပါလျှင် ငါသည်လည်း သင်တို့အား ထိုကုရ်အာန်ကို ဖတ်ကြားပြနိုင်မည်မဟုတ်ပေ။ အရှင်မြတ်သည်လည်း သင်တို့အား ယင်းကုရ်အာန်နှင့်စပ်လျဉ်းပြီး အသိပေးတော်မူမည်မဟုတ်ပေ။ သည့် အလျင်က ငါသည် သင်တို့ကြားတွင် သက်တမ်းတစ်ခု နေထိုင်ခဲ့ပြီး ဖြစ်သည်။ သို့ပါလျက် သင်တို့သည် ဦးနှောက်နှင့် စဉ်းစားဆင်ခြင်မှုမပြုကြလေသလော။ **၁၇။** သို့ဖြစ်ရာ အလ္လာဟ်အပေါ် မုသားလုပ်ကြံပြောဆိုသူ၊ သို့မဟုတ် အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှတ်ဟုစွပ်စွဲ ငြင်းပယ်သူထက်ပို၍ မတရားလုပ်သူ မည်သူရှိပါဦးမည်နည်း။ ပြစ်မှုခံရရှိက်ကျူးလွန်သူတို့သည် လုံးဝ အောင်မြင်မှုရရှိကြမည် မဟုတ်ပေ။

၁၈။ သူတို့သည် အလ္လာဟ်ကို စွန့်ပယ်၍ မိမိတို့အား ကောင်းကျိုးလည်း မပေးနိုင်၊ ဆိုးကျိုးလည်းမပေးနိုင်သောအရာများကို ခဝပ်ကိုးကွယ်နေကြသည်။ ထို့နောက် ‹›ဤသူများသည် အလ္လာဟ်အထံတော်တွင် ကျွန်ုပ်တို့အတွက် ကြားဝင် အသနားခံပေးကြမည့်သူများဖြစ်ကြသည်››ဟု သူတို့က ပြောဆိုကြသည်။ အသင် ပြောလိုက်ပါ။ သင်တို့သည် အလ္လာဟ်အား မိုးကောင်းကင်များနှင့် မြေပထဝီ တွင် အရှင်မြတ်သိတော်မမူသောအရာကို အသိပေးနေကြပါသလော။ စင်စစ်တွင် အရှင်မြတ်သည် သူတို့ တုဖက်ကိုးကွယ်နေသည့်အရာများမှ သန့်ပြန့်စင်ကြယ် မြင့်စွင့်တော်မူလှပေသည်။ **၁၉။** လူတို့သည် တစ်စုတည်းသာလျှင် ရှိခဲ့ကြသည်။ ထို့နောက်တွင် သူတို့သည် သဘောကွဲလွဲသွားခဲ့ကြသည်။ သင့်အရှင်ထံတော်မှ စကားတော်တစ်ရပ်သည် ရှေးယခင်ကတည်းက ရှိနှင့်ခဲ့ပြီး မဟုတ်ပါလျှင် သူတို့ ကွဲလွဲနေကြသည့်ကိစ္စရပ်တွင် သေချာပေါက် စီရင်ဆုံးဖြတ်ပြီး ဖြစ်ချေမည်။

၂၀။ တမန်တော်အပေါ် သို့ သူ၏မွေးမြူဖန်ဆင်းရှင်ထံတော်မှ သက်သေလက္ခဏာတော်တစ်ခုသည် အဘယ်ကြောင့် ချပေးခြင်းမခံရပါသနည်းဟု သူတို့က ပြောကြသည်။ သို့ဖြစ်ရာ အသင်ပြောလိုက်ပါ။ အကွယ်၏သတင်းများကို အလ္လာဟ်သာ သိပေသည်။ အသင်တို့ စောင့်မျှော်နေကြကုန်။ ငါသည်လည်း သင်တို့နှင့်အတူ စောင့်မျှော်နေမည်။ **၂၁။** လူတို့ ဒုက္ခရောက်ကြပြီးနောက်တွင် သူတို့အား ငါအရှင်သည် ကရုဏာတော်ကို မြည်းစမ်းစေလိုက်သည့်အခါ သူတို့ သည် ချက်ချင်းပင် ငါအရှင်၏သက်သေ လက္ခဏာတော်များကို(စော်ကားဖို့) ကြံစည်ကြလေတော့သည်။ အသင်ပြောလိုက်ပါ။ အလ္လာဟ်သည် ကြံစည်ရာတွင် သူတို့ထက်ပင် ပို၍ မြန်ဆန်ပေသည်။ ငါ၏စေတာမန်များသည် သင်တို့ ကြံစည် လျက်ရှိသည်များကို မှတ် ရေးမှတ်နေလျက်ရှိကြပေသည်။

၂၂။ သင်တို့ကို ကုန်းမြင့်တွင်ရော၊ ပင်လယ်တွင်ပါ သွားလာစေတော် မူသောအရှင်မှာလည်း ထိုအရှင်မြတ်ပင် ဖြစ်တော်မူသည်။ သို့နှင့် သင်တို့သည် သဘော်ကောင်းများတွင် ရှိနေကြသောအခါ၊ သဘော်ကောင်းသည် လူတို့ကိုတင်ဆောင်၍ သင့်တင့်သောလေဖြင့် သွားနေလျက်ရှိသောအခါ၊ သူတို့သည် ပျော်ရွှင်လျက်ရှိ

နေကြသောအခါ၊ ရုတ်တရက် လေပြင်းမုန်တိုင်း တိုက်ခတ်လာပြီး အဖက်ဖက်မှ လှိုင်းတံပိုးများထန်လာသဖြင့် မိမိတို့သည် ပိတ်မိသွားကြလေပြီဟု ထင်မှတ်ကြလေသောအခါ သူတို့သည် သာသနာကို အလွှာဟ်တစ်ပါးတည်းအတွက်သာ သီးသန့်ပြု၍ အရှင်မြတ်အား ဤသို့ ဟစ်ခေါ်ဆုတောင်းကြလေတော့သည်။ ‹›အကယ်၍သာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤဘေးအွန္တရာယ်မှ ကယ်တင်တော်မူပါလျှင် ကျွန်တော်မျိုးတို့သည် ကျေးဇူးသိတတ်သောအစေတော် များတွင် မုချအပါအဝင်ဖြစ်ကြပါမည်။›› ၂၃။ ထို့နောက် အရှင်မြတ်က သူတို့ကို ကယ်တင်လိုက်သောအခါ သူတို့သည် ချက်ချင်းပင် မတရားသဖြင့် ဆိုးသွမ်းကြလေတော့သည်။ အို-လူသားအပေါင်းတို့၊ သင်တို့၏ဆိုးသွမ်းမှုသည် သင်တို့အပေါ်၌သာ ပြန်ကျပေမည်။ လောကီသက်တမ်း၏အကျိုးကို ခံစားထားကြလေကုန်။ ထို့နောက်တစ်ဖန် သင်တို့သည် ငါအရှင့်ထံသို့သာ ပြန်လှည့်လာကြရမည် ဖြစ်သည်။ ထိုအခါ ငါအရှင်သည် သင်တို့ပြုလုပ်ခဲ့သည်များနှင့်စပ်လျဉ်းပြီး သင်တို့ကို အသိပေးတော်မူမည်။

၂၄။ လောကီသက်တမ်း၏ဥပမာသည် ဤသို့ဖြစ်သည်။ ငါအရှင်သည် ရေကို မိုးကောင်းကင်မှ ရွာချပေးတော်မူသည်။ တစ်ဖန် ထိုရေဖြင့် လူနှင့် တိရစ္ဆာန်များ စားသုံးကြသည့် ပေါက်ပင်များ အလှုံ့ပယ် ထွက်လာလေသည်။ နောက်ဆုံးတွင် မြေပထဝီသည် ရင်သပ်ရှုမောဖွယ်ဖြစ်ပြီး လုပတင့်တယ်သွားလေသည်။ မြေရှင်တို့ကလည်း မိမိတို့သည် ယင်းဥယျာဉ်တို့ကို ထိန်းချုပ်နိုင်လိုက်ကြပြီဟု ထင်မှတ်ကြလေသည်။ ထိုစဉ် ရုတ်တရက် ငါအရှင်၏အမိန့်တော်သည် ထိုဥယျာဉ်များသို့ ညဉ့်အချိန်၊ သို့မဟုတ် နေ့အချိန်၌ ရောက်လာလေတော့သည်။ ထို့နောက် ငါအရှင်သည် ယင်းဥယျာဉ်များကို ဖြတ်တောက်ပြီး အပုံလိုက်လုပ်ပစ်လိုက်လေရာ ယင်းဥယျာဉ်တို့သည် ယမန်နေ့က ဘာမျှ မရှိခဲ့သည့်အလား ဖြစ်သွားလေတော့သည်။ ငါအရှင်သည် စဉ်းစားဆင်ခြင်သူများအတွက် သက်သေလက္ခဏာတော်များကို ဤနည်းအတိုင်းပင် ရှင်းရှင်းလင်းလင်း ထုတ်ဖော်မိန့်ကြားတော်မူပေသည်။

၂၅။ အလွှာဟ်သည် ငြိမ်းချမ်းရေးဗိမာန်သို့ ဖိတ်ခေါ်တော်မူသည်။

ထို့ပြင် မိမိအလိုတော်ရှိသူကို ဖြောင့်မတ်သောတရားလမ်းသို့ ပို့ဆောင်တော်မူသည်။ **၂၆။** ကောင်းမှုကုသိုလ်ပြုခဲ့ကြသူတို့အဖို့ ကောင်းမြတ်သောအကျိုး ရှိသည့်အပြင် အပိုဆုလည်း ရှိပေသည်။ သူတို့၏မျက်နှာများအပေါ် အမည်းအမှောင် ဖုံးလွှမ်းမည်မဟုတ်။ ဂုဏ်သေးသိမ်မှုသည်လည်း ဖုံးလွှမ်းမည်မဟုတ်။ သူတို့သည် ဂျန္နသ်သုခဘုံသားများ ဖြစ်ကြပြီး ထိုထဲတွင် ထာဝရနေကြရမည့်သူများ ဖြစ်ကြပေသည်။ **၂၇။** မကောင်းမှုအကုသိုလ်ပြုခဲ့ကြသူများအဖို့မှာမူ မကောင်းမှု၏ အကျိုးသည် ထိုမကောင်းမှုနှင့်ထပ်တူညီမျှပင် ဖြစ်ပေသည်။ သူတို့၏မျက်နှာများအပေါ် ဂုဏ်သေးသိမ်မှုသည် ဖုံးလွှမ်းပေမည်။ သူတို့အား အကာအကွယ်ပေးမည့်သူမှာ အလ္လာဟ်မှ အခြားတစ်ဦးတလေမျှ ရှိလိမ့်မည်မဟုတ်။ ပမာဆိုရသော် သူတို့၏ မျက်နှာများသည် မှောင်မည်းနေသောညဉ့်၏အစိတ်အပိုင်းများဖြင့် ဖုံးလွှမ်းခြင်းခံထားရဘိအလား ဖြစ်ပေတော့သည်။ သူတို့သည် ငရဲဘုံသားများဖြစ်ကြပြီး ယင်းငရဲဘုံတွင် ထာဝရနေကြရမည့်သူများ ဖြစ်ကြပေသည်။

၂၈။ ထိုနေ့တွင် ငါအရှင်သည် သူတို့အားလုံးကို စုံရုံးစေတော်မူမည်။ ထို့နောက် တုဖက်ကိုးကွယ်မှုပြုလုပ်ခဲ့ကြသူများအား ‹›သင်တို့ရော၊ သင်တို့၏တုဖက်ကိုးကွယ်ရာအရှင်များပါ မိမိတို့၏နေရာ၌ပင် ရပ်နေကြလော့›› ဟု မိန့်ကြားတော်မူမည်။ ထို့နောက် ငါအရှင်သည် သူတို့အချင်းချင်း ခွဲတော်မူလိုက်မည်။ ထိုအခါ ၎င်းတို့ တုဖက်ကိုးကွယ်ခဲ့ကြသည့်သူတို့က ဤသို့ ပြောဆိုကြပေမည်။ သင်တို့သည် ငါတို့ကို ကိုးကွယ်ခဲ့ကြသည်မဟုတ်ပါ။ **၂၉။** ငါတို့နှင့် သင်တို့စပ်ကြားတွင် အလ္လာဟ်သည် သက်သေအဖြစ် လုံလောက်သည်။ ငါတို့သည် သင်တို့၏ ခဝပ်ကိုးကွယ်မှုကို လုံးဝ မသိရှိခဲ့ကြပါ။ **၃၀။** ထိုနေရာတွင် လူတိုင်းသည် မိမိတို့ယခင်ကပြုလုပ်ခဲ့သောလုပ်ရပ်များကို ရင်ဆိုင်ကြရပေမည်။ ထို့နောက် မိမိတို့၏ အရှင်သခင်အစစ်အမှန်ဖြစ်သော အလ္လာဟ်ထံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံကြရမည်။ သူတို့ လုပ်ကြံဖန်တီးခဲ့သည့်အရာများသည် သူတို့ထံမှ ကွယ်ပျောက်သွားမည် ဖြစ်ပေသည်။

၃၁။ အသင်ပြောလိုက်ပါ။ သင်တို့အား မိုးကောင်းကင်များနှင့် မြေပထဝီ

မှ စားနပ်ရိက္ခာကို မည်သူက ပေးနေသနည်း။ သို့တည်းမဟုတ် နားနှင့်မျက်စိများ အပေါ် မည်သူက စိုးပိုင်သနည်း။ ထိုနည်းတူ မည်သူက သက်ရှိကို သက်မဲ့မှ၊ သက်မဲ့ကို သက်ရှိမှ ထုတ်ယူသနည်း။ အရေးကိစ္စအဝဝကို မည်သူက စီမံခန့်ခွဲနေသနည်း။ အလွှာဟ်သာဖြစ်သည်ဟု သူတို့ အဖြေပေးကြလိမ့်မည်။ သို့ဖြစ်ရာ အသင်ပြောလိုက်ပါ။ အဘယ့်အတွက်ကြောင့် သင်တို့ မကြောက်ရွံ့ကြပါသနည်း။ **၃၂။** ထိုအလွှာဟ်သည်သာလျှင် သင်တို့၏ဖန်ဆင်းမွေးမြူရှင် အစစ်အမှန် ဖြစ်တော်မူသည်။ အမှန်တရား၏နောက်တွင် အမှားမှအပ အခြား ဘယ်အရာ ရှိပါဦးတော့မည်နည်း။ သင်တို့သည် အဘယ်သို့ လှည့်၍ သွားနေကြပါသနည်း။ **၃၃။** ‹›သူတို့သည် ယုံကြည်ကြမည့်သူများမဟုတ်›› ဟူသော သင့်အရှင်၏စကားတော်သည် အမိန့်ဖီဆန်သူများအပေါ်တွင် ဤနည်းဖြင့် အတည်ဖြစ်သွားခဲ့ချေပြီ။

၃၄။ အသင်ပြောကြားပါ။ သင်တို့ တွဲဖက်ကိုးကွယ်နေကြသည့်အရာများတွင် ပထမအကြိမ်စတင်ဖန်ဆင်းပြီး နောက်ထပ်တစ်ကြိမ် ပြန်လည်ဖန်ဆင်းနိုင်သူ မည်သူရှိပါသနည်း။ အသင် ပြောလိုက်ပါ။ အလွှာဟ်သည် ပထမအကြိမ်စတင်ဖန်ဆင်းတော်မူပြီး နောက်ထပ်တစ်ကြိမ် ပြန်လည်ဖန်ဆင်းတော်မူမည်။ သို့ဖြစ်ရာ သင်တို့သည် အဘယ်သို့ လွဲမှားထွက်သွားနေကြပါသနည်း။ **၃၅။** အသင် ပြောကြားပါ။ သင်တို့ တွဲဖက်ကိုးကွယ်နေကြသည့်အရာများတွင် အမှန်တရား ဘက်သို့ လမ်းညွှန်ပြသူ မည်သူရှိပါသနည်း။ အသင်ပြောလိုက်ပါ။ အလွှာဟ်သည် အမှန်တရားဘက်သို့ လမ်းညွှန်ပြသတော်မူပေသည်။ သို့ဖြစ်ရာ အမှန်တရားဘက်သို့ လမ်းညွှန်တော်မူသောအရှင်သည် လိုက်နာခြင်းကို ပို၍ ခံထိုက်သလော၊ သို့မဟုတ် မိမိကိုယ်တိုင်တောင် လမ်းညွှန်ပြသခြင်းခံရမှသာ လမ်းမှန်ရရှိသူသည် လိုက်နာခြင်းကို ပို၍ ခံထိုက်သလော။ သင်တို့သည် မည်သို့ ဖြစ်သွားကြသနည်း။ အဘယ်သို့ ဆုံးဖြတ်ကြသနည်း။ **၃၆။** သူတို့အနက်က အများစုသည် ထင်မြင်ယူဆချက်နောက်သို့သာ လိုက်နေကြသည်။ စင်စစ်တွင် ထင်မြင်ယူဆချက်သည် အမှန်တရားနှင့်ယှဉ်လျှင် ဘာမျှ အသုံးမဝင်ပေ။ အလွှာဟ်သည် သင်တို့ ပြုလုပ်သမျှကို အကြွမ်းမဲ့သိတော်မူသောအရှင်ပင် ဖြစ်သည်။

၃၇။ ဤကုရ်အာန်ကျမ်းသည် အလ္လာဟ်မှအပ အခြားသူတစ်ဦးဦးက ဖန်တီးထားသောကျမ်း အလျှင်းမဟုတ်ပေ။ အမှန်မှာ ဤကျမ်းသည် သူ့အလျင်က ရှိခဲ့သည့် ကြိုတင်ဟောကိန်းများကို ထောက်ခံပေးသည့်ကျမ်း၊ အသေးစိတ်ရှင်းပြသည့်ကျမ်း ဖြစ်ပေသည်။ ဤကျမ်းသည် လောကခပ်သိမ်း၏ အရှင်ထံမှဖြစ်သည်ကို ယုံမှားသံသယဖြစ်ဖွယ် အလျှင်းမရှိပေ။ **၃၈။** ‹›တမန်တော်က ဤကုရ်အာန်ကျမ်းကို လုပ်ကြံဖန်တီးလိုက်သည်››ဟု သူတို့က ပြောကြသလော။ အသင်ပြောလိုက်ပါ။ သို့ဖြစ်လျှင် သင်တို့သည် ယင်းကုရ်အာန်နှင့်တူသော ကဏ္ဍာတစ်ခုကို ယူလာကြလေကုန်။ အကယ်၍ သင်တို့သည် အမှန်ပြောကြသူများဖြစ်ကြပါလျှင် အလ္လာဟ်မှအပ သင်တို့ခေါ်ယူဖို့ တတ်စွမ်းနိုင်သူများကိုပါ ခေါ်ယူလိုက်ကြကုန်။ **၃၉။** ထိုသို့အလျှင်းမဟုတ်ပါ။ အမှန်မှာ သူတို့သည် မိမိတို့ ဂဃနဏာမသိရှိသော ကိစ္စကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်နေကြခြင်းသာ ဖြစ်ပေသည်။ ယင်း၏အဖြစ် မှန်သည် ယခုတိုင် သူတို့ထံ မလာရှိသေးပေ။ သူတို့အလျင်က ရှိခဲ့ကြသူများသည်လည်း ဤနည်းအတိုင်းပင် ငြင်းပယ်ခဲ့ကြ သည်ဖြစ်ရာ မတရားလုပ်သူတို့၏နောက်ဆုံးအကျိုးဆက်သည် မည်သို့ရှိခဲ့သည်ကို အသင်ကြည့်ရှုလိုက်ပါလေ။

၄၀။ သူတို့အနက် ကုရ်အာန်ကို ယုံကြည်မည့်သူများလည်းရှိကြသည်။ ထို့အတူ ယုံကြည်မည်မဟုတ်သောသူများလည်း ရှိကြသည်။ သင့်အရှင်သည် ဖျက်လိုဖျက်ဆီးပြုလုပ်သူများကို အသိဆုံးဖြစ်တော်မူပေသည်။ **၄၁။** အကယ်၍ သူတို့က သင့်အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြလျှင် အသင်ပြောလိုက်ပါ။ ငါ၏လုပ်ရပ်သည် ငါ့အဖို့ဖြစ်ပြီး သင်တို့၏လုပ်ရပ်သည် သင်တို့အဖို့ ဖြစ်သည်။ သင်တို့သည် ကျွန်ုပ်ပြုလျက်ရှိသည့်လုပ်ရပ်များနှင့် ဘာမျှမသက်ဆိုင်သူများဖြစ်ကြသည်။ ကျွန်ုပ်သည်လည်း သင်တို့ ပြုလျက်ရှိသည့်လုပ်ရပ်များနှင့် ဘာမျှ မသက်ဆိုင်သူဖြစ်သည်။ **၄၂။** သူတို့ထဲတွင် အသင့်ဘက်သို့ နားစွင့်နေသူတချို့လည်း ရှိကြသည်။ သို့ဖြစ်ရာ သင်သည် ဦးနှောက်အသိဉာဏ်ကို အသုံးမချကြသည့် နားပင်းများကို ကြားအောင်လုပ်နိုင်သလော။ **၄၃။** သူတို့ထဲတွင် သင့်ဘက်သို့ ကြည့်နေသူ

တချို့လည်း ရှိကြသည်။ သို့ဖြစ်ရာ သင်သည် မျက်စိအမြင်ကို အသုံးမချကြသည့် မျက်ကန်းများကို လမ်းမှန်ညွှန်ပြနိုင်သလော။ **၄၄။** စင်စစ်တွင် အလွှာဟ်သည် လူတို့အား အနည်းငယ်မျှပင် မတရားမလုပ်ပေ။ သို့သော် လူတို့သည် မိမိတို့ကိုယ်ကို မတရားလုပ်နေကြခြင်းသာ ဖြစ်ပေသည်။

၄၅။ သူတို့ကို အလွှာဟ်စုရုံးတော်မူမည့်နေ့တွင် သူတို့သည် လောက ၌ နေ့၏တစ်နာရီခန့်မျှသာ နေခဲ့ကြရသည်ဟု ထင်မှတ်ကြပေမည်။ သူတို့အချင်းချင်း မှတ်မိကြမည်။ အလွှာဟ်နှင့်တွေ့ဆုံခြင်းကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသူများသည် မုချ ဆုံးရှုံးခဲ့ကြရလေပြီ။ သူတို့သည် တရားလမ်းမှန်ရရှိသူများ မဟုတ်ခဲ့ကြပေ။ **၄၆။** သူတို့ကို ငါအရှင်ကတိပြုထားသည့်ပြစ်ဒဏ်အချို့ကို သင့်အား ငါအရှင် ပြသသည်ဖြစ်စေ၊ သို့မဟုတ် သင့်ကို သေဆုံးစေတော်မူသည်ဖြစ်စေ၊ (အခြေအနေတိုင်းတွင်) သူတို့အားလုံးသည် ငါအရှင့်ထံသို့သာ ပြန်လှည့်လာရမည် ဖြစ်ပေသည်။ ထို့နောက် အလွှာဟ်သည် သူတို့ပြုလုပ်နေသည်များအပေါ် အသိသက်သေ ဖြစ်တော်မူမည်။ **၄၇။** လူမျိုးစုတိုင်းအဖို့ တမန်တော်တစ်ပါး ရှိခဲ့သည်။ သူတို့၏တမန်တော် ရောက်ရှိလာသောအခါ သူတို့ကြားတွင် တရားမျှတစွာ စီရင်ဆုံးဖြတ်ခြင်းခံရလေသည်။ သူတို့သည် မတရားလုပ်ခြင်း ခံကြရသည်မဟုတ်ပေ။

၄၈။ သူတို့က ‹‹ အကယ်၍ သင်တို့သည် အမှန်ပြောဆိုသူများ ဖြစ်ကြပါလျှင် ဤကတိသည် ဘယ်အချိန်အတည်ဖြစ်ပါမည်နည်း›› ဟု ပြောဆိုကြသည်။ **၄၉။** အသင်ပြောလိုက်ပါ။ အလွှာဟ်အလိုတူသောအခြေအနေကလွဲ၍ ငါသည် မိမိကိုယ်တိုင်အတွက်ပင်လျှင် ကောင်းကျိုး၊ ဆိုးကျိုးကို မပိုင်ဆိုင်ပါ။ လူမျိုးစုတိုင်းအတွက် သတ်မှတ်ချိန်တစ်ချိန် ရှိသည်။ သူတို့၏သတ်မှတ်ချိန် ရောက်လာသောအခါ သူတို့သည် ခေတ္တခဏပင် ဆိုင်းငံ့နိုင်ကြမည်လည်းမဟုတ်။ စောနိုင်ကြမည်လည်း မဟုတ်ပေ။ **၅၀။** အသင်ပြောလိုက်ပါ။ ငဲ့အား ပြောပြကြလေကုန်။ အကယ်၍ ထိုအရှင်၏အပြစ်ဒဏ်သည် သင်တို့ထံသို့ ည၌အချိန် သို့မဟုတ် နေ့အချိန်၌ ဆိုက်ရောက်လာခဲ့လျှင် ပြစ်မှုကျူးလွန်သူများသည် ထိုမတိုင်ခင် ဘာများလုပ်နိုင်ကြမည်နည်း။ **၅၁။** တစ်ဖန် ထိုအပြစ်ဒဏ် ဆိုက်ရောက်လာခဲ့ပြီးမှ

သင်တို့သည် ယင်းပြစ်ဒဏ်ကို ယုံကြည်ကြမည်လော။ ယခုမှပင် ယုံကြည်ကြမည်လော။ သင်တို့သည် ထိုပြစ်ဒဏ်ကို အလျင်လိုနေခဲ့ကြသည်မဟုတ်လော။ **၅၂။** ထို့နောက် မတရားလုပ်သူများအား ဤသို့ ပြောဆိုပေမည်။ ယခု သင်တို့သည် ထာဝရအပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်။ သင်တို့ ရှာဖွေဆည်းပူးခဲ့သည့်အရာကိုသာလျှင် သင်တို့သည် အစားအဖြစ်ပေးခံရခြင်း ဖြစ်သည်။

၅၃။ ‹›ဤကိစ္စသည် အမှန်တကယ်ပင်လော›› ဟု သူတို့က သင့်ထံ မေးမြန်းစုံစမ်းကြသည်။ အသင်ပြောလိုက်ပါ။ မှန်ပေသည်။ ငါ၏အရှင်ကို တိုင်တည်ပြောမည်။ ဤကိစ္စသည် မုချမှန်ပေသည်။ သင်တို့သည် ထိုအရှင်မြတ်ကို ချည့်နဲ့သွားအောင် လုပ်နိုင်ကြသည်မဟုတ်ပေ။ **၅၄။** အကယ်၍သာ မတရားလုပ်သူတိုင်း၏ထံ၌ ကမ္ဘာမြေပထဝီတွင်ရှိရှိသမျှအရာအားလုံး ရှိခဲ့မည်ဆိုလျှင်လည်း သူတို့သည် ထိုအရာအားလုံးကို လျော်ကြေးအဖြစ် ပေးဆောင်လိုကြပေမည်။ သူတို့သည် အပြစ်ဒဏ်ကို တွေ့မြင်သောအခါ စိတ်ထဲတွင် နောင်တရကြပေမည်။ ထို့နောက် သူတို့စပ်ကြားတွင် တရားမျှတစွာ စီရင်ဆုံးဖြတ်ခြင်းခံလိုက်ရပေမည်။ သူတို့သည် မတရားလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။ **၅၅။** သတိပြုကြကုန်။ စင်စစ်တွင် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိရှိသမျှအရာအားလုံးကို အလွှာဟ်သာပိုင်ဆိုင်ပေသည်။ သတိပြုကြလေကုန်။ အလွှာဟ်၏ကတိတော်သည် မုချမှန်ကန်သည်။ သို့သော် လူအများစုသည် မသိနားမလည်ကြပေ။ **၅၆။** ထိုအရှင်သာလျှင် ရှင်စေတော်မူသည်။ ထိုအရှင်သာလျှင် သေစေတော်မူသည်။ ထိုအရှင့်ထံသို့သာလျှင် သင်တို့သည် ပြန်လည်ရောက်ရှိကြပေမည်။

၅၇။ အို-လူသားအပေါင်းတို့၊ သင်တို့ထံသို့ သင်တို့၏အရှင်သခင်ထံမှ ဆုံးမသြဝါဒ၊ ရင်များအတွင်းရှိရောဂါများကို ပျောက်ကင်းစေသည့်ဆေးဝါး၊ ယုံကြည်သူတို့အဖို့ လမ်းမှန်တရားနှင့် ကရုဏာတို့ ရောက်ရှိလာခဲ့ပေပြီ။ **၅၈။** အသင်ပြောကြားပါ။ ဤသည် အလွှာဟ်၏ကျေးဇူးတော်နှင့် အရှင်မြတ်၏ကရုဏာတော်ကြောင့်သာ ဖြစ်၏။ ယခု လူတို့သည် ပျော်ရွှင်ဝမ်းမြောက်သင့်ကြပေသည်။ ဤသည် သူတို့ စုဆောင်းလျက်ရှိသည်တို့ထက် သာပို၍ ကောင်းမြတ်ပေသည်။

၅၉။ အသင်ပြောကြားပါ။ အသင်တို့ ပြောပြကြကုန်။ သင်တို့အတွက် အလွှာဟ် ချပေးတော်မူထားသည့် စားနပ်ရိက္ခာများအနက်မှ အချို့ကို သင်တို့သည် ဟရာမ် အဖြစ်သတ်မှတ်ပြီး၊ အချို့ကို ဟလာလ်အဖြစ် သတ်မှတ်ကြသည်။ အသင် မေးမြန်းလိုက်ပါ။ ထိုသို့လုပ်ရန် အလွှာဟ်က သင်တို့ကို ခွင့်ပြုထားပါသလော၊ သို့မဟုတ် သင်တို့သည် အလွှာဟ်အပေါ် မဟုတ်မမှန် လုပ်ကြံပြောဆိုကြလေ သလော။ **၆၀။** ကိယာမသ်နေ့နှင့်စပ်လျဉ်း၍ အလွှာဟ်အပေါ် မဟုတ်မမှန် လုပ်ကြံပြောဆိုကြသူတို့၏ ထင်မြင်ယူဆချက်သည် မည်သို့ရှိမည်နည်း။ စင်စစ်တွင် အလွှာဟ်သည် လူတို့အပေါ်တွင် ကျေးဇူးကြီးမားတော်မူသောအရှင်ပင် ဖြစ်ပေ သည်။ သို့သော် လူအများစုသည် ကျေးဇူးမသိတတ်ကြပေ။

၆၁။ သင်သည် မည်သည့်အခြေအနေတွင် ရှိနေသည်ဖြစ်စေ၊ ကုရ် အာန်၏မည်သည့်အစိတ်အပိုင်းကို ရွတ်ဖတ်ပြနေသည်ဖြစ်စေ၊ မည်သည့်လုပ်ရပ် ကိုမဆို အသင်တို့ ပြုလုပ်လျက်ရှိကြပါစေ၊ ထိုကိစ္စကို သင်တို့ စတင်မွေ့လျော် စဉ်အခါကပင် ငါအရှင်သည် သင်တို့အပေါ်တွင် သက်သေအဖြစ် ရှိတော်မူသည်။ မြူမှုန်ခန့်မျှရှိသောအရာဝတ္ထုသည်ပင်လျှင် သင့်အရှင်ထံမှ ကွယ်ပျောက်နေသည် ဟူ၍ မရှိပေ။ မြေထဝီတွင်လည်းမရှိ၊ မိုးကောင်းကင်များတွင်လည်း မရှိပေ။ ထို့ထက် သေးငယ်သောအရာလည်းမရှိ၊ ထို့ထက် ကြီးသောအရာလည်း မရှိပေ။ သို့ရာတွင် အားလုံးသည် ရှင်းလင်းသောစာအုပ်တွင် ရှိနေပြီး ဖြစ်သည်။ **၆၂။** သတိပြုကြကုန်။ စင်စစ်တွင် အလွှာဟ်၏အဆွေတော်များအပေါ်တွင် မည်သည့် ကြောက် ရွံ့စိုးရိမ်စရာမျှလည်းရှိမည်မဟုတ်၊ သူတို့သည် ပူဆွေးသောကရောက်ကြ ရမည်လည်း မဟုတ်ပေ။ **၆၃။** ထိုအဆွေတော်များသည် ယုံကြည်ပြီးနောက် အရှင် မြတ်ကို ကြောက်ရွံ့ရိုသေခဲ့ကြသည်။ **၆၄။** သူတို့အဖို့ လောကီဘဝတွင်ရော၊ နောင်တမလွန်ဘဝတွင်ပါ သတင်းကောင်းရှိပေသည်။ အလွှာဟ်၏စကားတော် များတွင် အပြောင်းအလဲ အလျှင်းမရှိပေ။ ဤသည်ပင် ကြီးကျယ်မြင့်မြတ်သော အောင်မြင်မှုပင် ဖြစ်ပေတော့သည်။ **၆၅။** သူတို့၏ပြောစကားများသည် သင့်အား ဝမ်းနည်းပူဆွေမှုအတွင်း မကျရောက်ပါစေနှင့်။ စင်စစ်တွင် ဩဇာအာဏာအလုံး

စုံသည်အလျှော်ဟ်ထံ၌သာရှိပေသည်။အရှင်မြတ်သည်အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်ပေသည်။

၆၆။ သတိပြုကြကုန်။ မိုးကောင်းကင်များတွင်ရှိသူများနှင့်၊ ကမ္ဘာမြေထဝီတွင် ရှိသူများကို အလျှာဟ်သာလျှင် ပိုင်ဆိုင်တော်မူသည်။ အလျှာဟ်ကို စွန့်၍ တွဲဖက်ကိုးကွယ်ရာများကို ဟစ်ခေါ်နေသူတို့သည် မည်သည့်အရာကိုမျှ နောက်လိုက်မှုပြုကြသည်မဟုတ်။ သူတို့သည် ထင်မြင်ယူဆချက်ကိုသာ နောက်လိုက်မှုပြုနေကြခြင်းဖြစ်ရုံမက သူတို့သည် ရမ်းဆနေကြခြင်းသာ ဖြစ်သည်။ **၆၇။** သင်တို့အတွက် ညဉ့်ကို အိပ်စက်အနားယူရန်နှင့် နေ့ကို မြင်နိုင်စေသောအရာအဖြစ် ပြုလုပ်ပေးထားသူမှာလည်း ထိုအရှင်မြတ်သာလျှင် ဖြစ်ပေသည်။ ဤအချက်တွင် ကြားနာသူတို့အဖို့ သက်သေလက္ခဏာများ မုချ ရှိပေသည်။

၆၈။ အလျှာဟ်သည် သားသမီးပြုလုပ်ခဲ့သည်ဟု သူတို့က ပြောဆိုခဲ့ကြသည်။ စင်စစ်တွင် ထိုအရှင်သည် ကင်းရှင်းစင်ကြယ်တော်မူသည်။ ထိုအရှင်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသောအရှင် ဖြစ်သည်။ မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိရှိသမျှတို့သည် ထိုအရှင်၏ပိုင်ဆိုင်မှုများပင် ဖြစ်သည်။ ဤအလိမ်အညာနှင့် စပ်လျဉ်းပြီး သင်တို့ထံတွင် မည်သည့်အထောက်အထားမျှ မရှိ။ သင်တို့သည် မိမိတို့ မသိသောကိစ္စကို အလျှာဟ်အပေါ် မဟုတ်မှန် လုပ်ကြံပြောဆိုကြပါသလော။ **၆၉။** အသင်ပြောလိုက်ပါ။ အလျှာဟ်အပေါ် မဟုတ်မမှန် လုပ်ကြံပြောဆိုကြသူများသည် အလျှင်း အောင်မြင်ကြမည် မဟုတ်ပေ။ **၇၀။** သူတို့အဖို့ လောကီဘဝတွင် အနည်းငယ်အကျိုးခံစားခွင့် ရှိမည်။ ထို့နောက်တွင်မူ သူတို့သည် ငါအရှင့်ထံသို့ ပြန်လည်ရောက်ရှိကြမည်။ ထို့နောက် ငါအရှင်သည် သူတို့၏ငြင်းပယ်မှုကြောင့်ပင် သူတို့အား ပြင်းထန်သောပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည်။

၇၁။ သူတို့အား နူးဟ်၏အကြောင်းအရာကို ပြောပြလိုက်ပါ။ တစ်ခါတွင် သူက မိမိ၏အမျိုးသားတို့အား ဤသို့ပြောသည်။ အို-ငါ၏အမျိုးသားတို့၊ ငါ၏ရပ်တည်ခြင်းနှင့်၊ အလျှာဟ်အာယသ်တော်များဖြင့် ဆုံးမသြဝါဒပေးခြင်းတို့သည်

အကယ်၍ သင်တို့အပေါ်တွင် ဝန်လေးနေပါမူ ငါသည် အလွှာဟ်ပေါ်တွင်သာ ယုံပုံလွဲအပ်ပြီး ဖြစ်သည်။ သင်တို့သည် မိမိတို့၏တွဲဖက်ကိုးကွယ်ရာများကိုပါအတူ ခေါ်၍ ညီညွတ်စွာ ကြဲစည်းကြလေကုန်။ တစ်ဖန် သင်တို့၏ ကြဲစည်းမှုသည် ပုန်းလျှိုးကွယ်လျှိုးမဖြစ်စေနှင့်။ ထို့နောက် ငါ့အား သင်တို့ လုပ်ချင်ရာလုပ်ကြလေကုန်။ ငါ့အား ဆိုင်းငံ့ခွင့်လည်း မပေးကြလေနှင့်။ **၇၂။** အကယ်၍ သင်တို့ မျက်နှာလွှဲသွား ခဲ့ကြပါမူ ငါသည် သင်တို့ထံမှ အဖိုးအခ တစ်စုံတစ်ရာ တောင်းခံခဲ့ဖူးသည်မဟုတ်။ ငါ့အား အဖိုးအခပေးရန်မှာ အလွှာဟ် တာဝန်ဖြစ်သည်။ ငါသည် အမိန့်နာခံသူများတွင် အပါအဝင်ဖြစ်ရမည်ဟု အမိန့်ပေးခြင်းခံရသည်။ **၇၃။**သို့ပါလျက် သူတို့သည် သူ့အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်လိုက်သည့်အခါ ငါအရှင်သည် နူးဟ်နှင့်၊ သူနှင့်အတူ သင်္ဘော်ပေါ်တွင် လိုက်ပါလာခဲ့ကြသူများကို ကယ်တင်တော်မူခဲ့သည်။ ထို့ပြင် သူတို့အား ကိုယ်စားလှယ်များအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ငါအရှင် မြတ်၏အာယသ်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသူများကိုမူ ငါအရှင်သည် နစ်မြုပ်စေတော်မူခဲ့သည်။ သို့ဖြစ်ရာ သတိပေးနှိုးဆော်ခြင်းခံကြရသူ တို့၏နိဂုံးသည် မည်သို့ရှိခဲ့သည်ကို အသင်ကြည့်ပါလေ။

၇၄။ တစ်ဖန် ငါအရှင်သည် နူးဟ်၏နောက်တွင် တမန်တော်များကို သူတို့၏မျိုးနွယ်ဝင်များထံ စေလွှတ်တော်မူခဲ့သည်။ တမန်တော်များသည် မိမိတို့ ၏မျိုးနွယ်ဝင်များထံ ထင်ရှားသောလက္ခဏာများကို ယူဆောင်လာခဲ့သည်။ သို့ သော် သူတို့သည် ယခင်က ငြင်းပယ်ခဲ့သည့်အတွက်ကြောင့် ယုံကြည်ကြမည့်သူ များ မဟုတ်ကြတော့ပေ။ ငါအရှင်သည် စည်းဘောင်ကျော်လွန်သူများ၏ စိတ်နလုံး များကို ဤနည်းအတိုင်းပင် တံဆိပ်ခတ်နှိပ်တော်မူသည်။

၇၅။ တစ်ဖန် ထိုတမန်တော်များနောက်တွင် ငါအရှင်သည် မူစာနှင့် ဟာရွန်ကို ဖိရ်အောင်နှင့် သူ၏အကြီးအကဲများထံသို့ ငါအရှင်၏လက္ခဏာတော် များဖြင့် စေလွှတ်တော်မူခဲ့သည်။ သို့ရာတွင် ထိုဖိရ်အောင်နန်နှင့်အပေါင်းအပါတို့ သည် မောက်မာပလွှားခဲ့ကြသည်။ သူတို့သည် ပြစ်မှုကျူးလွန်လေ့ရှိသူများ ဖြစ်ကြ လေသည်။ **၇၆။** ငါအရှင့်ထံတော်မှ အမှန်တရားသည် သူတို့ထံသို့

ရောက်ရှိလာသောအခါ သူတို့က ဤသည် ထင်ရှားသောစုန်းပယောဂအတတ်ပင်ဖြစ်သည်ဟု ပြောခဲ့ကြသည်။ **၇၇။** ထိုအခါ မူစာ ကပြောသည်။ အမှန်တရားသည် သင်တို့ထံရောက်လာသည့်အခါ ၎င်းကို စုန်းပယောဂအတတ်ဟု ပြောဆိုကြလေသလော။ ဤသည် စုန်းပယောဂအတတ်လား။ စင်စစ်တွင် စုန်းပယောဂလုပ်သူတို့သည် ဘယ်တော့မျှ မအောင်မြင်ကြပေ။ သူတို့က ပြောကြသည်။ အသင်သည် ကျွန်ုပ်တို့၏ ဘိုးဘွားများ၏လမ်းစဉ်မှ ကျွန်ုပ်တို့အား လွှဲဖယ်ပစ်ရန်အတွက်နှင့် တိုင်းပြည်တွင် သင်တို့နှစ်ဦး၏ကြီးမြတ်မှုကို တည်ဆောက်ရန်အတွက် ကျွန်ုပ်တို့ထံ လာခဲ့ခြင်းလော။ ကျွန်ုပ်တို့သည် သင်တို့နှစ်ဦး၏ပြောစကားကို လက်ခံကြမည့်သူများ မဟုတ်ကြပေ။

၇၉။ ထိုအခါ ဖိရ်အောင်က သင်တို့သည် ကျွမ်းကျင်သောစုန်းပယောဂဆရာများကို ငဲ့ထံသို့ ခေါ်ဆောင်လာကြကုန်ဟု ပြောသည်။ **၈၀။** စုန်းပယောဂဆရာများ ရောက်လာသည့်အခါ မူစာက သင်တို့ ပစ်ချမည့်အရာများကို ပစ်ချကြပါဟု ပြောလေသည်။ **၈၁။** သူတို့က ပစ်ချလိုက်ကြသည့်အခါ မူစာက ပြောလေသည်။ သင်တို့ ယူဆောင်လာသည့်အရာမှာ စုန်းပယောဂသာ ဖြစ်၏။ အလွှာဟ်သည် စုန်းပယောဂကို အချည်းနှီး မုချဖြစ်စေတော်မူပေမည်။ စင်စစ်တွင် အလွှာဟ်သည် ပျက်စီးရာပျက်စီးကြောင်း လုပ်သူတို့၏လုပ်ရပ်ကို အဆင်ပြေစေတော်မူသည် မဟုတ်ပေ။ **၈၂။** ပြစ်မှုကျူးလွန်သူများ မကျေနပ်ကြလင့်ကစား အလွှာဟ်သည် အမှန်ကို မိမိ၏အမိန့်တော်ဖြင့် အမှန်အဖြစ် တည်စေတော်မူသည်။ **၈၃။** ဖိရ်အောင်နှင့် မိမိတို့မျိုးနွယ်အကြီးအကဲတို့က မိမိတို့အား အန္တရာယ်ပြုမည်ကို စိုးရိမ်ကြောက်ရွံ့ရသဖြင့် ဗနီအစ်ရာအီးလ်တို့အနက် လူတစ်စုသာ မူစာကို ယုံကြည်ခဲ့ကြလေသည်။ စင်စစ်တွင် ဖိရ်အောင်သည် တိုင်းပြည်တွင် လွှမ်းမိုးကြီးစိုးနေသူဖြစ်ခဲ့သည့်အပြင် ကျူးကျော်လွန်ကဲနေသူတစ်ဦးလည်း ဖြစ်ခဲ့သည်။ **၈၄။** ထိုအခါ မူစာက ဤသို့ ပြောသည်။ အို-ငါ၏အမျိုးသားတို့၊ အကယ်၍ သင်တို့သည် အလွှာဟ်ကို ယုံကြည်ကြပြီးနောက် အမိန့်နာခံသူများ အမှန်တကယ်ဖြစ်ကြပါလျှင် ထိုအရှင့်ပေါ်၌သာ ယုံပုံအားထားကြလေကုန်။ **၈၅။** သူတို့က ပြောကြသည်။

ကျွန်ုပ်တို့သည် အလွှာဟ်အပေါ်၌သာ ယုံပုံအားထားကြပါသည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မတရားလုပ်သူများ၏ အနှိပ်စက်ခံများအဖြစ် ပြုလုပ်တော်မမူပါလေနှင့်။ **၆၆။** ထို့ပြင် အရှင့်ကရုဏာတော်ဖြင့် ကျွန်တော်မျိုးတို့ကို ငြင်းပယ်သူတို့၏အွန်ရာယ်မှ ကယ်တင်တော်မူပါ။

၈၇။ ငါအရှင်သည် မူစာနှင့် သူနောင်တော်ထံသို့ ဤသို့ ဝဟီဗျာဒိတ်တော်မူခဲ့သည်။ သင်တို့၏အမျိုးသားများအဖို့ အီဂျစ်ပြည်တွင် အိမ်အချို့သတ်မှတ်ကြလေကုန်။ ထို့နောက် သင်တို့၏ထိုအိမ်များကို ကိဝ်လဟ်မျက်နှာမူရာအဖြစ် ပြုလုပ်ကြလေကုန်။ ထို့နောက် စွလာသ်ဝတ်ပြုကြလေကုန်။ သင်သည် ယုံကြည်သူများကို သတင်းကောင်းပါးလိုက်ပါလေ။

၈၈။ မူစာက လျှောက်တင်သည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ စင်စစ်တွင် အရှင်မြတ်သည် ဖိရ်အောင်နှင့် သူ၏အကြီးအကဲများကို လောကီဘဝတွင် လှပတင့်တယ်မှုနှင့် ငွေကြေးဥစ္စာများကို ပေးသနားတော်မူခဲ့သည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ သူတို့သည် လူတို့အား အရှင့်လမ်းတော်မှ ချွတ်ချော်တိမ်းပါးစေကြပါသည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ သူတို့၏ဥစ္စာပစ္စည်းများကို ဖျက်ဆီးပစ်တော်မူပါ။ ထို့ပြင် သူတို့သည် နာကျင်ဖွယ်ပြစ်ဒဏ်ကို မမြင်တွေ့ရသမျှ ကာလပတ်လုံး မယုံကြည်ကြရန် အရှင်မြတ်သည် သူတို့၏စိတ်နှလုံးများကို ခက်ထန် မာကျောစေတော်မူပါ။ **၈၉။** အရှင်မြတ်က မိန့်ကြားတော်မူသည်။ သင်တို့နှစ်ဦး၏တောင်းဆုသည် လက်ခံသဘောတူခြင်း ခံရလေပြီ။ သို့ဖြစ်ရာ သင်တို့နှစ်ဦးသည် မြဲမြံစွာ ရပ်တည်ကြလေကုန်။ မသိနားမလည်ကြသူတို့၏လမ်းကို မလိုက်ကြလေနှင့်။

၉၀။ ငါအရှင်သည် အိစ္စရာအီလ်မျိုးနွယ်ဝင်တို့အား ပင်လယ်ကို ဖြတ်ကျော်စေလိုက်သည့်အခါ ဖိရ်အောင်နှင့် သူ၏စစ်တပ်သည် မတရားလုပ်ရန်နှင့် အနိုင်ကျင့်ရန်အတွက် သူတို့နောက်မှ လိုက်ခဲ့ကြသည်။ နောက်ဆုံး ဖိရ်အောင်နှင့်သည် ရေနစ်မြုပ်သောအခါကျမှ ‹›ကျွန်တော်မျိုးသည် အိစ္စရာအီလ်မျိုးနွယ်တို့ ယုံကြည်ကြသည့် အရှင်မြတ်မှတပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်

အလျှင်းမရှိကြောင်းကို ယုံကြည်ပါပြီ၊ ထို့ပြင် ကျွန်တော်မျိုးသည် အမိန့်နာခံသူများ အနက်မှ တစ်ဦးအပါအဝင်ဖြစ်ပါပြီ›› ဟု ပြောလေသည်။ **၉၁။** ယခုမှလား။ သည့်အ လျင်ကတော့ သင်သည် အမိန့်ဖီဆန်လေ့ရှိခဲ့ရုံသာမက ဖျက်လိုဖျက်ဆီးလုပ်သူများ တွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ **၉၂။** သို့ဖြစ်ရာ ယနေ့ ငါအရှင်သည် သင့်အား သင်၏ ကိုယ်ခန္ဓာနှင့်တကွ ကယ်တင်ထားတော်မူမည်။ အကြောင်းမှာ သင်သည် နောင်လာနောက်သားတို့အဖို့ သက်သေလက္ခဏာတော် တစ်ရပ်ဖြစ်စေရန် ဖြစ် လေသည်။ စင်စစ်တွင် လူအများစုသည် ငါအရှင်၏သက်သေလက္ခဏာတော်များမှ လျစ်လျူရှုနေကြလေသည်။

၉၃။ ငါအရှင်သည် အိစ္စရာအီလီမျိုးနွယ်ဝင်တို့ကို နေရာကောင်း အမှန် ပင် ချီးမြှင့်ခဲ့သည်။ သန့်ပြန့်စင်ကြယ်သော စားနပ်ရိက္ခာများကိုလည်း ချီးမြှင့်တော် မူခဲ့သည်။ သူတို့ထံသို့ အသိပညာရောက်ရှိလာပြီးနောက်မှသာလျှင် သူတို့သည် ကွဲလွဲခဲ့ကြခြင်း ဖြစ်သည်။ သင့်အရှင်မြတ်သည် သူတို့အချင်းချင်း ကွဲလွဲခဲ့သည့် ကိစ္စကို သူတို့အကြား၌ ကိယာမသဲနေ့တွင် မုချဇကန် စီရင်ဆုံးဖြတ် ပေးတော်မူမည် ဖြစ်သည်။

၉၄။ အကယ်၍ သင်သည် ငါအရှင် သင့်ထံသို့ ချပေးတော်မူသည့်အ ရာများနှင့်စပ်လျဉ်း၍ ဒွိဟသံသယဖြစ်ပါမူ ကျမ်းဂန်များကို ရွတ်ဖတ်နေကြသော သင့်အလျင်ကသူတို့အား မေးမြန်းပါလေ။ စင်စစ်တွင် အမှန်တရားသည် သင့်အရှင် ထံမှ သင့်ထံသို့ ရောက်လာခဲ့ခြင်းဖြစ်ပေရာ သင်သည် သံသယဖြစ်သူများအနက်မှ လုံးဝမဖြစ်လေနှင့်။ **၉၅။** ထို့ပြင် အလ္လာဟ်၏သက်သေတော်များကို မဟုတ်မမှန်ဟု စွပ်စွဲခြင်းပယ်သူများတွင်လည်း အသင်လုံးဝမပါဝင်လေနှင့်။ သို့ဖြစ်ခဲ့ပါလျှင် သင်သည် ပျက်စီးဆုံးရှုံးသူတို့တွင် အပါအဝင်ဖြစ်သွားပေမည်။

၉၆။ သင့်အရှင်၏စကားတော် အတည်ဖြစ်ပြီးသားသူတို့မှာမူ ယုံကြည် ကြမည်မဟုတ်တော့ပေ။ **၉၇။** သူတို့ထံသို့ သက်သေလက္ခဏာအလုံးစုံ ရောက် ရှိလာခဲ့လျှင်လည်း သူတို့သည် နာကျင်ဖွယ်ရာအပြစ်ဒဏ်ကို မျက်ဝါးထင်ထင် မမြင်တွေ့ရမချင်း ယုံကြည်ကြမည်မဟုတ်ပေ။ **၉၈။** အချိန်မီ ယုံကြည်လိုက်သည့်

အတွက် မိမိတို့၏ယုံကြည်ချက်က အကျိုးဖြစ်ထွန်းသွားစေသည့် ရွာတစ်ရွာတလေ အဘယ်ကြောင့် မရှိပါသနည်း။ ယူနွတ်စ်၏မျိုးနွယ်သာ ထိုသို့ ရှိခဲ့လေသည်။ သူတို့သည် ယုံကြည်လိုက်ကြသည့်အခါ ငါအရှင်သည် လောကီဘဝတွင် သေးသိမ်စေသည့်အပြစ်ဒဏ်ကို သူတို့ထံမှ ဖယ်ရှားပေးတော်မူခဲ့သည်။ ထို့ပြင် သတ်မှတ်ထားသောအချိန်ကာလတိုင်အောင် သူတို့ကို အကျိုးခံစားခွင့် ပေးတော်မူခဲ့သည်။

၉၉။ အကယ်၍ အသင်၏အရှင်သာ အလိုတော်ရှိပါလျှင် ကမ္ဘာမြေပထဝီပေါ်တွင် ရှိရှိသမျှလူအားလုံးသည် ယုံကြည်ကြမည်သာဖြစ်သည်။ သို့ဖြစ်ရာ လူတို့သည် ယုံကြည်သူများဖြစ်လာကြစေရန် သင့်အနေနှင့် သူတို့အား အတင်းအကျပ်ပြုလုပ်ပါမည်လော။ **၁၀၀။** အလ္လာဟ်၏ခွင့်ပြုချက်မပါဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ယုံကြည်ရန် မဖြစ်နိုင်ပေ။ အရှင်မြတ်သည် အသိဉာဏ်ကို အသုံးမချသူများအပေါ်တွင် ပြစ်ဒဏ်ကို တင်တော်မူလေသည်။

၁၀၁။ အသင်ပြောပါ။ မိုးကောင်းကင်များနှင့် မြေပထဝီတွင် အဘယ်အရာများရှိနေသည်ကို ကြည့်ကြလေကုန်။ မယုံကြည်လိုသူတို့အဖို့မှာကား သက်သေလက္ခဏာများနှင့် သတိပေးနှိုးဆော်ချက်များသည် ဘာမျှအကျိုးရှိမည် မဟုတ်ပေ။ **၁၀၂။** သူတို့သည် မိမိတို့ထက်အလျင်က လူများ ကြုံတွေ့ခဲ့ကြရသည့် နေ့ရက်များကဲ့သို့ နေ့ရက်များကို ကြုံတွေ့ကြရရန်သာ စောင့်ဆိုင်းနေကြပါသလော။ အသင်ပြောလိုက်ပါ။ အသင်တို့ စောင့်ဆိုင်းနေကြကုန်။ ငါသည်လည်း သင်တို့နှင့်အတူ စောင့်ဆိုင်းနေသူများအနက် အပါအဝင်ဖြစ်သည်။ **၁၀၃။** ထို့နောက် ငါအရှင်သည် ငါအရှင်၏တမန်တော်များနှင့်အတူ ယုံကြည်သူများကို ကယ်တင်တော်မူခဲ့လေသည်။ ယုံကြည်သူများကို ကယ်တင်ရန်မှာ ဤနည်းအတိုင်းပင် ငါအရှင်၏တာဝန် ဖြစ်လေသည်။

၁၀၄။ အသင်ပြောကြားပါ။ အို-လူအပေါင်းတို့၊ အကယ်၍ သင်တို့သည် ငါ၏သာသနာတော်နှင့်စပ်လျဉ်းပြီး ဒွိဟသံသယဖြစ်ကြပါမူ အလ္လာဟ်ကို စွန့်၍ သင်တို့ ကိုးကွယ်နေသည့်အရာများကို ငါကိုးကွယ်သည်မဟုတ်။ သို့သော် ငါသည် သင်တို့၏အသက်ဝိညာဉ်ကို နှုတ်ယူတော်မူသော အလ္လာဟ်အရှင်မြတ်ကိုသာ

ခဝပ်ကိုးကွယ်သည်။ ငါသည် ယုံကြည်သူများတွင် အပါအဝင်ဖြစ်ရန် အမိန့်ပေးခြင်း ခံရသည်။ **၁၀၅။** ထို့ပြင် ‹›သင်သည် မိမိ၏မျက်နှာကို သာသနာဘက်သို့ မယိမ်းမယိုင်လှည့်ထားပါ။ သင်သည် တုဖက်ကိုးကွယ်သူများအနက်မှ လုံဝမဖြစ်ပါ လေနှင့်›› ဟုလည်း အမိန့်ပေးခြင်းခံရသည်။ **၁၀၆။** ထို့ပြင် ‹›သင်သည် အလ္လာဟ်ကို စွန့်ပြီး သင့်အား ကောင်းကျိုးလည်းမပေးနိုင်၊ ဆိုးကျိုးလည်းမပေးနိုင်သောအရာ များကို ဟစ်ခေါ်တသခြင်းမပြုလေနှင့်။ ထိုသို့ပြုလုပ်လျှင် သင်သည် ယင်းကြောင့် မတရားပြုသူများတွင် မုချပါဝင်သွားပေမည်›› ဟုလည်း အမိန့်ပေးခြင်းခံရသည်။ **၁၀၇။** အကယ်၍ အလ္လာဟ်သည် သင့်အား ဒုက္ခတစ်ခုခုဖြင့် ကိုင်တွယ် လိုက်သည်ရှိသော် ထိုအရှင်မြတ်မှအပ ယင်းဒုက္ခကို ဖယ်ရှားပေးနိုင်သူ မည်သူမျှ မရှိ။ ထိုနည်းတူ အကယ်၍ အရှင်မြတ်က သင့်အား ကောင်းကျိုးတစ်စုံတစ်ခုပြုရန် ရည်ရွယ်တော်မူလိုက်သည်ရှိသော် ထိုအရှင်၏ကျေးဇူးတော်ကို တားဆီးနိုင်သူမည် သူမျှမရှိ။ အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ကို မိမိ၏အစေတော်များအနက်မှ မိမိအလိုရှိသူကို ပေးကမ်းတော်မူသည်။ အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်း ချမ်းသာခွင့်ပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်သည်။

၁၀၈။ အသင်ပြောလိုက်ပါ။ အို-လူအပေါင်းတို့၊ အမှန်တရားသည် သင်တို့၏အရှင်ထံတော်မှ သင်တို့ထံသို့ ရောက်ရှိလာခဲ့လေပြီ။ သို့ဖြစ်ရာ တရား လမ်းမှန်ကို လက်ခံလိုက်သူသည် မိမိအကျိုးအတွက်သာလျှင် တရားလမ်းမှန်ကို လက်ခံလိုက်ခြင်းဖြစ်မည်။ လမ်းလွဲသွားသူသည်လည်း မိမိဆိုးကျိုးအတွက်သာလျှင် လမ်းလွဲသွားခြင်း ဖြစ်မည်။ ငါသည် သင်တို့အပေါ် တွင် တာဝန်ခံတစ်ဦး မဟုတ်ပေ။ **၁၀၉။** သင့်ထံသို့ ဝဟီဗျာဒိတ်တော်မူသည်များကိုသာ သင့်အနေနှင့် နောက်လိုက်မူ ပြုပါလေ။ ထို့ပြင် အလ္လာဟ်ဘက်မှ စီရင်ဆုံးဖြတ်တော်မူသည်အထိ သည်းခံ၍နေပါ။ အရှင်မြတ်သည် အကောင်းဆုံ စီရင်ဆုံးဖြတ်တော်မူသောအရှင် ဖြစ်တော်မူသည်။

(၁၁)စူရပ်ဟူးဒ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလစ်ဖ်၊ လာမ်၊ ရာ။ ဤသည် အာယသ်တော်များအား မြဲမြံခိုင်ခံ့အောင် လုပ်ထားပြီးဖြစ်သော၊ တစ်ဖန် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသော အကြွင်းမဲ့သိမြင်တော်မူသောအရှင်ထံတော်မှ အသေးစိတ်ရှင်းလင်းဖော်ပြပြီးဖြစ်သော ကျမ်းဂန်တစ်ဆူ ဖြစ်လေသည်။ **၂။** သင်တို့သည် အလ္လာဟ်မှအပ အခြားမည်သည့်အရာကိုမျှ မကိုးကွယ်ကြလေနှင့်။ ငါသည် သင်တို့အဖို့ ထိုအရှင့်ထံပါးမှ စေလွှတ်ခြင်းခံရသော သတိပေးနှိုးဆော်သူတစ်ဦး၊ သတင်းကောင်းပါးသူတစ်ဦး မှုချဂေကန်ဖြစ်သည်။ **၃။** သင်တို့သည် မိမိတို့၏အရှင်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံကြလေကုန်။ ထိုအရှင့်ထံသို့ ပြန်လှည့်ကြလေကုန်။ သို့ဆိုလျှင် အရှင်မြတ်သည် သင်တို့အား သတ်မှတ်ထားသောအချိန် ကာလထိ ကောင်းမြတ်သော စည်းစိမ်များကို ခံစားစေတော်မူမည်။ ထို့ပြင် ကျေးဇူးတရားနှင့်ထိုက်တန်သူတိုင်းကိုလည်း ကျေးဇူးတရားချီးမြှင့်တော်မူဦးမည်။ အကယ်၍ သင်တို့သည် ကျောခိုင်းသွားကြပါမူ ငါသည် သင်တို့အပေါ်တွင် ကြီးကျယ်လှသောနေ့တစ်နေ့၏ပြစ်ဒဏ်ကို စိုးရိမ်သည်။ **၄။** သင်တို့အားလုံးသည် အလ္လာဟ်ထံတော်သို့သာ ပြန်လှည့်ကြရမည်။ ထိုအရှင်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။

၅။ သတိပြုကြလေကုန်။ သူတို့သည် အလ္လာဟ်မသိအောင်လို့ မိမိတို့၏ရင်ဘတ်များ(တွင် ကုဖ်ရ်-သွေဖည်မှု)ကို လျှို့ဝှက်ဖုံးကွယ်ထားကြသည်။ သတိပြုကြကုန်။ သူတို့သည် မိမိတို့၏အဝတ်များကို လွှမ်းခြုံထားသောအခါ၌လည်း အရှင်မြတ်သည် သူတို့ ဖုံးကွယ်ထားကြသည်များကိုသိတော်မူသည်။ သူတို့ ထုတ်ဖော်ကြသည်များကိုလည်း သိရှိတော်မူသည်။ အရှင်မြတ်သည် စိတ်အတွင်းရှိသည်

များကိုပင် အကြွင်းမဲ့သိတော်မူသောအရှင် မုချဖြစ်ပေသည်။ ★**၆။** ကမ္ဘာမြေ ပထဝီတွင် ရှိရှိသမျှသောသတ္တဝါအပေါင်းတို့၏ စားနပ်ရိက္ခာကို အလွှာဟ်ကသာ တာဝန်ယူထားသည်။ အရှင်မြတ်သည် ထိုသတ္တဝါတို့၏ နေထိုင်ရာနေရာနှင့် သူတို့ စွန့်ခွာသေဆုံးရမည့် နေရာကိုလည်း သိတော်မူသည်။ အရာအားလုံးသည် ထင်ရှား သော စာအုပ်တွင် ရှိနှင့်ပြီး ဖြစ်လေသည်။

၇။ ထိုအရှင်မြတ်သည်သာလျှင် မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီ ကို ခြောက်ရက်တွင် ဖန်ဆင်းတော်မူခဲ့သည်။ အရှင်မြတ်၏ပလ္လင်တော်သည် ရေပေါ်၌ ရှိခဲ့၏။ ဖန်ဆင်းရခြင်းမှာ သင်တို့အနက် မည်သူသည် ကောင်းသောလုပ် ရပ်ပြုလုပ်သလဲဟူသည်ကို စမ်းသပ်တော်မူရန်အတွက် ဖြစ်လေသည်။ အကယ်၍ လူတို့အား "သင်တို့သည် သေပြီးနောက် မုချ ပြန်လည်ရှင်ထစေခြင်းခံကြရလိမ့် မည်"ဟု အသင်ပြောဆိုလျှင် မယုံကြည်သူများက "ဤသည် ထင်ရှားသောစုန်း ပယောဂသာဖြစ်၏" ဟု မုချပြောဆိုကြလိမ့်မည်။ **၈။** အကယ်၍ ငါအရှင်သည် အပြစ်ဒဏ်ကို သတ်မှတ်ထားသည့်ကာလတိုင် သူတို့ထံမှ ဆိုင်းငံ့ပေးလိုက်ပါလျှင် သူတို့သည် "ထိုအပြစ်ဒဏ်ကို ဘယ်အရာက တားဆီးထားပါသနည်း"ဟု မုချပြော ဆိုကြသည်။ သတိပြုကြလေကုန်။ ယင်းပြစ်ဒဏ်ဆိုက်ရောက်လာသည့် နေ့တွင် ပြစ်ဒဏ်သည် သူတို့ထံမှ လွဲဖယ်သွားမည်မဟုတ်တော့ပေ။ သူတို့ လှောင်ပြောင် လျက်ရှိသောပြစ်ဒဏ်ကပင် သူတို့ကို ဝန်းရံလိုက်ပေမည်။

၉။ အကယ်၍ ငါအရှင်သည် လူသားအား မိမိထံတော်မှ ကရုဏာကို မြည်းစမ်းစေ တော်မူပြီးနောက် ယင်းကရုဏာကို သူထံမှ လက်မဲ့ဖြစ်စေလိုက်လျှင် သူသည် လုံးဝ မျှော်လင့်ချက်ကင်းမဲ့သူ၊ ကျေးဇူးကန်းသူ ဖြစ်သွားလေတော့သည်။ **၁၀။** အကယ်၍ ငါအရှင်သည် ယင်းလူသားအား ဒုက္ခကြုံတွေ့ရပြီးသည့်နောက်တွင် ကျေးဇူးတော်၏အရသာကို မြည်းစမ်းစေလိုက်ပါလျှင် "ဒုက္ခများသည် ငါ့ထံမှ ကင်းဝေးသွားလေပြီ" ဟု မုချပြောဆိုလိမ့်မည်။ စင်စစ်တွင် လူသားသည် ဘဝင်မြင့် သူ၊ ဝါကြွားပလွှားသူ ဖြစ်သည်။ **၁၁။** သို့ရာတွင် သည်းခံပြီးနောက် ကောင်းမှုပွား များကြသူများအတွက်မှာမူ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးမားသော အကျိုးဆု

လာဘ်ရှိပေသည်။

၁၂။ သို့ဖြစ်ရာ သင်သည် မိမိထံသို့ ပို့ချထားသည့် အချို့သောဝဟီဗျာဒိတ်တော်များကို စွန့်လွှတ်လိုက်ပါမည်လော။ ထို့ပြင် "ဤတမန်တော်အပေါ်တွင် ရွှေငွေဘဏ္ဍာများ အဘယ်ကြောင့် ချပေးခြင်းမခံရပါသနည်း၊ သို့မဟုတ် သူနှင့်အတူ ကောင်းကင်တမန်တစ်ပါးပါး အဘယ်ကြောင့် မလာရပါသနည်း" ဟူသော သူတို့၏ ပြောဆိုချက်ကြောင့် သင်သည် စိတ်ကျဉ်းကျပ်နေပါသလော။ စင်စစ်တွင် သင်သည် သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်သည်။ အလ္လာဟ်သည် အရာခပ်သိမ်းအပေါ် တာဝန်ယူတော်မူသောအရှင် ဖြစ်ပေသည်။ **၁၃။** သို့မဟုတ် သူတို့က "တမန်တော်သည် ထိုကုရ်အာန်ကို လုပ်ကြံဖန်တီးခဲ့သည်"ဟု ပြောဆိုကြပါသလော။ အသင်ပြောလိုက်ပါ။ သို့ဖြစ်လျှင် သင်တို့သည် ထိုကုရ်အာန်ကျမ်းလာ စူရပ်နှင့် တူဆင်သော စူရပ်ဆယ်ခုကို လုပ်ကြံဖန်တီး၍ ယူဆောင်လာကြလေကုန်။ အကယ်၍ သင်တို့သည် အမှန်ပြောသူများ ဖြစ်ကြပါလျှင် အလ္လာဟ်မှအပ သင်တို့ တတ်စွမ်းနိုင်သူများကိုလည်း ခေါ်ယူကြလေကုန်။ **၁၄။** အကယ်၍ သူတို့သည် အသင်တို့၏ ပြောဆိုချက်အတိုင်း မလုပ်နိုင်ခဲ့ကြပါလျှင် ဤ(ကုရ်အာန်)သည် အလ္လာဟ်၏ အသိပညာဖြင့် ချပေးသနားခြင်း ခံခဲ့ရသည် ဖြစ် ကြောင်း၊ ထိုအရှင်မြတ်မှလွဲ၍ အခြားဓဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်း မရှိကြောင်းကို အသင်တို့ သိထားလိုက်ကြကုန်။ သို့ဖြစ်ရာ ယခုရော အသင်တို့သည် အမိန့်တော်ကို လိုက်နာသောသူများ ဖြစ်ကြပြီလော။

၁၅။ မည်သူမဆို လောကီဘဝနှင့်၊ လောကီဘဝ၏ လှပတင့်တယ်မှုကို ရည်ရွယ်ပါလျှင် ငါအရှင်မြတ်သည် ထိုသို့သော သူတို့အား သူတို့၏ လုပ်ဆောင်ချက်များ၏အကျိုးကို ဤလောကီ ဘဝတွင်ပင် ပေးတော်မူလိုက်သည်။ ထို့ပြင် သူတို့သည် ဤလောကီဘဝတွင် မည်သို့မျှ လျော့နည်းစေခြင်းကို ခံကြရသည်မဟုတ်ပေ။ **၁၆။** ထိုသူများအဖို့ နောင်တမလွန်ဘဝတွင် ငရဲမီးမှအပ အခြား တစ်စုံတစ်ရာမျှ ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် သူတို့ပြုလုပ်သမျှတို့သည် အချည်းအနှီးဖြစ်သွားပြီ။ သူတို့လုပ်ဆောင်ခဲ့သမျှတို့သည်လည်း နောင်တမလွန် ဘဝတွင် ပျက်စီးသွားပြီ

ဖြစ်သည်။

၁၇။ အကြင်သူသည် မိမိ၏ အရှင်မြတ်ထံတော်မှ ထင်ရှားသော အထောက်အထားတစ်ခုအပေါ်၌ တည်ရှိ၏။ ထို့နောက် အလွှာဟ်ဘက်တော်မှ သူ့အတွက် သက်သေတစ်ခုလည်း ရောက်ရှိလာခဲ့၏။ သူ၏အလျင်တွင် မူစာ၏ ကျမ်းဂန်သည် လမ်းပြအဖြစ်ရော၊ ကရုဏာတော်အဖြစ်ပါ ရှိခဲ့၏။ ထိုသို့သော သူများသာလျှင် ထိုကုရ်အာန်အပေါ်တွင် ယုံကြည်ကြ၏။ ထို့နောက် အုပ်စုများ အနက်မှ မည်သူမဆို ယင်းကုရ်အာန်ကျမ်းကို ငြင်းပယ်ခဲ့ပါလျှင် ငရဲဘုံသည် သူ၏ချိန်းချက်ထားသော နေရာပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်သည် ဤသည်နှင့်စပ်လျဉ်း၍ သံသယ မဖြစ်ပါလေနှင့်၊ ဤသည် အသင့်အရှင်ထံတော်မှ မှန်ကန်သည့်အရာပင် ဖြစ်သည်။ သို့ရာတွင် လူအများစု မှာမူ မယုံကြည်ကြချေ။

၁၈။ အလွှာဟ်အပေါ်၌ မုသားကို လီဆယ်ပြောဆိုသူထက်ပို၍ မတရားသူ မည်သူရှိဦးမည်နည်း။ ဤသို့သော သူများသည် သူတို့၏ အရှင်မြတ်ရှေ့မှောက်တွင် တင်ဆက်ခြင်းကို ခံကြရမည်။ ထို့နောက် သက်သေများက «ဤသူများသည် မိမိတို့၏ အရှင်မြတ်အပေါ်တွင် မုသားလီဆယ်ပြောဆိုခဲ့သောသူများ ဖြစ်ကြသည်» ဟု ပြောဆိုကြပေမည်။ နားထောင်ကြကုန်။ မတရားလုပ်သူများသည် အလွှာဟ်၏ကရုဏာတော်မှ ကင်းဝေးကြပေမည်။ **၁၉။** ထိုမတရားလုပ်သူများသည် လူများကို အလွှာဟ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးကြသည်။ ယင်းလမ်းတွင် ကောက်ကွေ့မှုကို ရှာဖွေကြသည်။ ထို့ပြင် နောင်တမလွန်ဘဝကို ငြင်းပယ်ကြသည်။ **၂၀။** သူတို့သည် ကမ္ဘာမြေတွင် အလွှာဟ်ကို ချည့်နဲ့အောင် မလုပ်နိုင်ကြပေ။ အလွှာဟ်နှင့် ယှဉ်ပြိုင်ပြီး ကူညီမည့်သူလည်း သူတို့မှာ တစ်ဦးမျှမရှိပေ။ သူတို့ပေါ်တွင် ပြစ်ဒဏ်နှစ်ဆ ရှိပေမည်။ သူတို့သည် ကြားလည်း မကြားနိုင်ခဲ့ကြပေ။ မြင်လည်းမမြင်နိုင်ခဲ့ကြပေ။ **၂၁။** သူတို့သည် မိမိတို့ကိုယ်ကို ဆုံးရှုံးနစ်နာမှုထဲတွင် ထည့်ခဲ့ကြသူများ ဖြစ်ကြသည်။ သူတို့ လီဆယ်လုပ်ကြံခဲ့သောအရာများသည် သူတို့ထံမှ ပျောက်ကွယ်သွားခဲ့ပြီ။ **၂၂။** သူတို့သာလျှင် နောင်တမလွန်ဘဝတွင် အနစ်နာဆုံးသောသူများ မှချဖြစ်ကြပေမည်။

၂၃။ အိမာန်ယုံကြည် ပြီးနောက် ကောင်းမှုကျင့်မှုဆောက်တည်ခဲ့ကြသောသူများ၊ မိမိတို့၏ အရှင်မြတ်ရှေ့တော်မှောက်တွင် ကျိုးနွံခဲ့ကြသောသူများသည် စင်စစ်တွင် သုခဘုံသားများပင် ဖြစ်ကြသည်။ သူတို့သည် ယင်းသုခဘုံတွင် ထာဝရ နေထိုင်စံမြန်းကြရမည်။ **၂၄။** ထိုအုပ်စုနှစ်စု၏ ဥပမာမှာ တစ်စုက မျက်စိလည်းကန်း၊ နားလည်းပင်းသူကဲ့သို့ဖြစ်ပြီး နောက်တစ်စုမှာ မျက်စိလည်းမြင်၊ နားလည်းကြားသူကဲ့သို့ပင် ဖြစ်သည်။ ထိုနှစ်စုသည် အခြေအနေအားဖြင့် တူကြမည်လော။ အသင်တို့သည် မစဉ်းစားကြလေသလော။

၂၅။ ထို့နောက် ငါအရှင်မြတ်သည် နူးဟ်အား သူ၏အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့လေသည်။ (သူက ပြောဆိုခဲ့သည်။) ငါသည် အသင်တို့အဖို့ ပွင့်ပွင့်လင်းလင်း သတိပေးသူ ဇကန်စင်စစ် ဖြစ်သည်။ **၂၆။** အသင်တို့သည် အလွှာဟ်ကလွဲ၍ အခြားဘယ်အရာကိုမျှ မကိုးကွယ်ကြနှင့်၊ ငါသည် အသင်တို့နှင့် ပတ်သက်၍ နာကျင်ဖွယ်နေ့၏ ပြစ်ဒဏ်ကို စိုးရိမ်ပေသည်။ **၂၇။** ထိုအခါ နူးဟ်၏ အမျိုးသားတို့အနက်မှ ငြင်းပယ်ခဲ့ကြသောအကြီးအကဲတို့က ပြောဆိုခဲ့ကြသည်။ "ကျွန်ုပ်တို့သည် အသင့်ကို မိမိတို့လိုလူသား တစ်ဦးဟုသာ မြင်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့အနက်မှ အတွေးတိမ်ပြီး ဂုဏ်သိက္ခာမရှိသော သူတို့မှလွဲ၍ အခြားသူများ အသင့်နောက်ကို လိုက်ကြသည်ကို ကျွန်ုပ်တို့မမြင်ကြပေ။ ထို့ပြင် ကျွန်ုပ်တို့သည် အသင်တို့တွင် ကျွန်ုပ်တို့ထက် တစ်စုံတစ်ရာ ထူးကဲသာလွန်တာကိုလည်း မတွေ့မြင်ကြပေ။ အမှန်စင်စစ်တွင် ကျွန်ုပ်တို့သည် အသင်တို့ကို လူလိမ်လူညာများဟုသာ ထင်ကြပေသည်။

၂၈။ နူးဟ်က ပြောသည်။ အို-ငါ၏အမျိုးသားတို့၊ အသင်တို့ ငို့ကို ပြောကြစမ်းပါဦး။ အကယ်၍ ငါသည် ငါ၏ အရှင်မြတ်ထံမှ ထင်ရှားသောအထောက်အထားတစ်ခုပေါ်တွင် ရှိပြီး အရှင်မြတ်သည် မိမိအထံတော်ပါးမှ ငို့ထံ ကရုဏာတော်ကို ပေးသနားခဲ့ပေမဲ့ ဤသည်ကို အသင်တို့ကသာ မမြင်ကြသည်ဖြစ်ရာ ကျွန်ုပ်တို့သည် အသင်တို့အား ထိုအရာများကို လိုက်နာရန် အတင်းစေခိုင်းရမည်လော။ **၂၉။** အို-ငါ၏အမျိုးသားတို့၊ ငါသည် ယင်းကိစ္စနှင့် ပတ်သက်၍

သင်တို့ထံမှ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာကိုမျှ မတောင်းပေ။ ငှါကို အကျိုးဆုလာဘ် ပေးရန်မှာ အလွန်ဟာ၏ တာဝန်သာဖြစ်သည်။ ငါသည် ယုံကြည်ခဲ့သော သူတို့အား မောင်းထုတ်မည့်သူလည်း မဟုတ်ပေ။ သူတို့သည် မိမိတို့၏ အရှင်မြတ်နှင့် တွေ့ဆုံရမည့်သူများဖြစ်သည်။ သို့သော် ငါသည် အသင်တို့အား မိုက်မဲသူများဟုသာ မြင်ပါသည်။ **၃၀။** အို-ငါ၏အမျိုးသားတို့၊ အကယ်၍ ငါသည် သူတို့ကို မောင်းထုတ်လိုက်လျှင် ငှါအား အလွန်ဟာ၏ ပြစ်ဒဏ်မှ မည်သူ ကူညီကာကွယ်ပေးမည်နည်း။ အသင်တို့ မစဉ်းစားကြသလော။ **၃၁။** ငှါထံတွင် အလွန်ဟာ၏ ဘဏ္ဍာတော်များ ရှိသည်ဟုလည်း ငါမပြောဆိုပါ၊ ငါသည် အကွယ်၌ရှိသော အရာအားလုံးကို သိသည်ဟုလည်း မပြောဆိုပါ၊ ငါသည် ကောင်းကင်တမန်ဖြစ်သည်ဟုလည်း မပြောဆိုပါ၊ အသင်တို့၏အမြင်တွင် သေးသိမ်သည်ဟုထင်မြင်လျက်ရှိသူတို့အား အလွန်ဟာသည် ကောင်းခြင်းတရားကို လုံးဝ ချီးမြှင့်တော်မူမည် မဟုတ်ဟုလည်း အသင်တို့ကို ငါမပြောဆိုပါ။ သူတို့၏ စိတ်နလုံးတွင် ရှိသောအရာကို အလွန်ဟာသာလျှင် အသိဆုံး ဖြစ်တော်မူသည်။ အကယ်၍ ငါသည် ဤသို့(ပြောမိခဲ့ပါ)လျှင် ငါသည် မတရားသူဖြစ်သွားပေမည်။

၃၂။ သူတို့က ပြောဆိုခဲ့ကြသည်။ အို-နူးဟ်၊ အသင်သည် ကျွန်ုပ်တို့နှင့် အငြင်းအခုံ ပြုခဲ့ပြီ။ ထို့ပြင် အလွန်အမင်း အငြင်းအခုံပြုခဲ့လေပြီ။ သို့ဖြစ်ရာ အကယ်၍ အသင်သည် အမှန်ပြောဆိုသူဆိုလျှင် ကျွန်ုပ်တို့အား အသင် ခြိမ်းခြောက်လျက်ရှိသော ပြစ်ဒဏ်ကို ကျွန်ုပ်တို့ထံ ယူဆောင်လာပေတော့။ **၃၃။** နူးဟ်က ပြောသည်။ အလွှာဟ် အလိုတော်ရှိမှသာလျှင် ထိုပြစ်ဒဏ်ကို အသင်တို့ အပေါ် ယူလာပေမည်။ အသင်တို့သည် ထိုအရှင်မြတ်ကို မတတ်စွမ်းနိုင်အောင် လုပ်နိုင်ကြမည်မဟုတ်ပေ။ **၃၄။** အကယ်၍ အလွှာဟ်သည် အသင်တို့အား လမ်းမှားစေတော်မူရန် ရည်ရွယ်ထားလျှင် ငါသည် အသင်တို့အတွက် ကောင်းကျိုးပြုရန် လိုလားလျှင်လည်း ငါ၏ ကောင်းကျိုးဆောင်မှုသည် အသင်တို့ကို အကျိုးဖြစ်စေနိုင်မည် မဟုတ်ပေ။ ထိုအရှင်မြတ်သာလျှင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ဖြစ်သည်။ ထိုအရှင့်ထံသို့သာ အသင်တို့ ပြန်ကြရပေမည်။

၃၅။ တမန်တော်သည် ယင်း(ကုရ်အာန်)ကို လီဆယ်ဖန်တီးခဲ့သည်ဟု သူတို့က ပြောဆိုကြသလော။ အသင်ပြောကြားပါ။ အကယ်၍ ငါက လီဆယ်ဖန်တီးခဲ့သည်ဆိုလျှင် ငါ၏အပြစ်သည် ငါ့ အပေါ်တွင်သာ ရှိမည်။ သို့ရာတွင် အသင်တို့ ကျူးလွန်လျက်ရှိသော ပြစ်မှုများမှ ငါသည် လွတ်ကင်းသူဖြစ်သည်။

၃၆။ ထို့နောက် နူဟ်ထံ (ဤသို့) အမိန့်တော် ထုတ်ပြန်ခြင်းခံခဲ့ရသည်။ အသင်၏ အမျိုးသားတို့အနက်မှ အီမာန်ယုံကြည်ပြီးသောသူတို့ကလွဲ၍ ကျန်သူများသည် ယုံကြည်ကြတော့မည် မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် သူတို့ပြုလုပ်နေသော လုပ်ရပ်များနှင့်ပတ်သက်၍ သောကမဖြစ်ပါလေနှင့်။ **၃၇။** ထို့နောက် အသင်သည် ငါအရှင်မြတ်၏ ရှေ့မှောက်တွင် ငါအရှင်မြတ်၏ အမိန့်တော်ဖြင့် သင်္ဘောတည်ဆောက်ပါ။ ထို့နောက် အသင်သည် မတရားကျူးလွန်သောသူတို့နှင့် စပ်လျဉ်း၍ ငါအရှင်မြတ်ထံတော်တွင် လျှောက်ထားပန်ကြားခြင်း မပြုလေနှင့်။ သူတို့သည် စင်စစ်ဧကန် နစ်မြုပ်ကြရပေမည်။ **၃၈။** ထို့နောက် နူဟ်သည် သင်္ဘောကို တည်ဆောက်လေသည်။ သူ၏ အမျိုးသားများအနက် ခေါင်းဆောင်တစ်ဦးဦးသည် သူ့အနားမှ ဖြတ်သန်းသွားသောအခါတိုင်းတွင် သူ့အား ပြောင်လှောင်လေ့ရှိသည်။ နူးဟ်က ပြောသည်။ အကယ်၍ သင်တို့သည် ငါတို့အား ပြောင်လှောင်ကြလျှင် သင်တို့ ပြောင်လှောင်ကြသလိုပဲ ငါတို့လည်း သင်တို့ကို ပြောင်လှောင်ကြမည်။ **၃၉။** သေးသိမ်စေမည့် ပြစ်ဒဏ်ကျရောက်သည့်သူနှင့်၊ ထာဝစဉ်တည်မြဲမည့် ပြစ်ဒဏ်သက်ရောက်သည့်သူသည် မည်သူဖြစ်မည်နည်း ဆိုသည်ကို အသင်တို့ မကြာမီ သိကြပေမည်။

၄၀။ နောက်ဆုံးတွင် ငါအရှင်မြတ်၏ အမိန့်တော် ရောက်လာခဲ့ရာ မုန်တိုင်းထန်လာခဲ့သည်။ ငါအရှင်မြတ်သည် နူးဟ်အား မိန့်ကြားတော်မူခဲ့လေသည်။ အသင်သည် အမျိုးအစားပေါင်းစုံမှ တစ်စုံစီကို၊ မိမိအိမ်သူအိမ်သားများ အနက် အမိန့်တော်ထုတ်ပြန်ခဲ့ပြီးဖြစ်သော သူတို့မှအပ ကျန်အိမ်သူအိမ်သားတို့ကို၊ ထို့ပြင် အီမာန်ယုံကြည်ခဲ့သော သူတို့ကို သင်္ဘောပေါ်သို့ တင်ဆောင်လိုက်ပါ။ နူးဟ်နှင့် အတူ အီမာန်ယုံကြည်ခဲ့သူများမှာ အနည်းငယ်သာ ဖြစ်သည်။ **၄၁။** ထို့နောက်

နူးဟ်က ပြောသည်။ သဘော်ပေါ် သို့ စီးနင်းလိုက်ကြကုန်။ သဘော်၏ သွားလာလှုပ်ရှားမှု၊ ရပ်နားမှုတို့သည် အလွှာဟ်၏ နာမတော်ဖြင့်သာ ဖြစ်သည်။ စင်စစ်တွင် ငါ့အရှင်သည် အလွန် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ပင်ဖြစ်သည်။ **၄၂။** ထို့နောက် သဘော်သည် သူတို့အား တင်ဆောင်ပြီး တောင်ကြီးများကဲ့သို့ ကြီးမားသော လှိုင်းတံပိုးများကြားဝယ် ခေါ်၍သွား လေသည်။ ထို့နောက် နူးဟ်သည် အဝေး၌ ရှိနေခဲ့သော မိမိ၏သားအား ဟစ်ခေါ်ခဲ့ လေသည်။ အို-ငါ့သားလေး ငါတို့နှင့်အတူ စီနင်းလိုက်ပါ။ ငြင်းပယ်သူတို့နှင့်အတူ မနေရစ်ပါနှင့်။ **၄၃။** သူကပြောသည်။ ကျွန်ုပ်သည် တောင်တစ်ခုခုနှင့် အကာအကွယ်ယူမည်။ ထိုတောင်က ကျွန်ုပ်ကို ရေဘေးမှ ကာကွယ်လိမ့်မည်။ နူးဟ်က ပြောသည်။ ယနေ့တွင် အလွှာဟ် သနားညှာတာတော်မူသော သူမှလွဲ၍ မည်သူကိုမျှ ထိုအရှင်မြတ်၏ အမိန့်တော်မှ ကာကွယ်မည့်သူ မရှိချေ။ ထို့နောက် လှိုင်းတံပိုးသည် ၎င်းတို့နှစ်ဦး၏ ကြားတွင် ကာဆီးသွားခဲ့လေသည်။ သို့နှင့် သူသည် နစ်မြုပ်သူတို့တွင် အပါအဝင် ဖြစ်ခဲ့လေသည်။ **၄၄။** ထို့နောက် အမိန့်တော်ထုတ်ပြန်တော်မူလိုက်သည်။ အို-ပထဝီမြေ၊ အသင်သည် မိမိရေများကို မျိုချလိုက်တော့။ အို-မိုးကောင်းကင်၊ အသင်လည်း ရပ်ဆိုင်းလိုက်တော့။ ထိုအခါတွင် ရေသည် လျော့ပါးသွားခဲ့ပြီး အလုပ်သည်လည်း ပြီးမြောက်သွားခဲ့လေသည်။ သဘော်သည်လည်း ဂျူဒီတောင်ပေါ်တွင် ရပ်နားသွားခဲ့လေသည်။ ထို့နောက် မတရားသူတို့သည် ကရုဏာတော်မှ ကင်းဝေကြတော့ဟု မိန့်ကြားခြင်း ခံခဲ့ရလေသည်။

၄၅။ ထို့နောက် နူးဟ်သည် မိမိအရှင်မြတ်အား ဟစ်ခေါ်၍ လျှောက်ထားလေသည်။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ကျွန်တော်မျိုး၏ သားသည် ကျွန်တော်မျိုး၏ အိမ်သားများအနက်မှပင် ဖြစ်ပါသည်။ အရှင်မြတ်၏ ကတိတော်သည် လုံးဝမှန်ကန်ပါသည်။ အရှင်မြတ်သည် စီရင်ဆုံးဖြတ်သူတို့တွင် အကြီးမားဆုံး၊ အမှန်ကန်ဆုံး စီရင်ဆုံးဖြတ်သူပင် ဖြစ်သည်။ **၄၆။** အရှင်မြတ်က မိန့်ကြားတော် မူသည်။ အို-နူးဟ်၊ သူသည် အသင်၏ အိမ်သားများအနက်မှ မဟုတ်ပေ၊ သူသည် မကောင်းမှုကို ပြုကျင့်သူ ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည်

မိမိမသိသောအရာကို ငါအရှင်မြတ်ထံတော်တွင် မလျှောက်ထားလေနှင့်။ အသင်သည် မသိမိုက်မဲ သူတို့တွင် မပါဝင်ရန် ငါအရှင်မြတ်က အသင့်အား ဆုံးမတော်မူသည်။ **၄၇။** နူးဟ်ကလျှောက်ထားလေသည်။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်တွင် မိမိမသိသောအရာကို မတောင်းဆိုမိရန် အရှင်မြတ်ထံတော်၌ ခိုလှုံပါသည်။ အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးအား ချမ်းသာခွင့်လွှတ်မူ မပေးခဲ့ပါလျှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား သနားကရုဏာ မပြုခဲ့ပါလျှင် ကျွန်တော်မျိုး ပျက်စီးဆုံးရှုံးသွားပေမည်။

၄၈။ ထို့နောက် ဤသို့မိန့်ကြားတော်မူခြင်း ခံခဲ့ရလေသည် «အို-နူးဟ်၊ အသင်၊ အသင်နှင့်အတူရှိသော လူများသည် ငါအရှင်မြတ်ထံတော်မှ ငြိမ်းချမ်းမှုနှင့် ကျက်သရေမင်္ဂလာများ သက်ရောက်စေခြင်းခံရသူများအဖြစ်နှင့် ဆင်းသက်ကြပါလေ။ ထို့နောက် သူတို့ထဲမှ အုပ်စုတစ်စု ပေါ်လာလိမ့်မည် ငါအရှင်မြတ်သည် သူတို့အား အကျိုးဖြစ်ထွန်းမှု ပေးတော်မူမည်။ ထို့နောက် သူတို့ပေါ်သို့ ငါအရှင်မြတ်ထံတော်မှ နာကျင်ဖွယ် ပြစ်ဒဏ်ဆိုက်ရောက်မည်။» **၄၉။** (အိုတမန်တော်) ဤသည်အသင့်ထံသို့ ငါအရှင်မြတ် ထုတ်ပြန်တော်မူသော အကွယ်ကသတင်းများဖြစ်သည်။ ထိုသတင်းများကို အသင်နှင့် အသင်၏အမျိုးသားများသည် သည့်မတိုင်မီက မသိခဲ့ချေ။ သို့ဖြစ်ရာ အသင်သည် သည်းခံပါလေ။ နောက်ဆုံးနိဂုံးသည် အလျှာဟ်ကို ကြောက်သူများအဖို့သာ ဇကန်မလွဲ ဖြစ်သည်။

၅၀။ ထို့နောက် ငါအရှင်မြတ်သည် အာဒ်အမျိုးသားတို့ထံ သူတို့၏နောင်တော် 'ဟူဒ်'အား စေလွှတ်တော်မူခဲ့သည်။ သူသည် ဤသို့ပြောဆို ဆုံးမခဲ့လေသည်။ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလျှာဟ်ကိုသာ ခဝပ်ကိုးကွယ်ကြလေကုန်။ အသင်တို့အဖို့ ထိုအရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာအရှင် လုံးဝမရှိပေ။ အသင်တို့သည် မဟုတ်မမှန်သည်များကိုသာ လုပ်ကြံဖန်တီးထားကြသည်။ **၅၁။** အို-ငါ၏အမျိုးသားတို့၊ ငါသည် ဤသည်နှင့် စပ်လျဉ်း၍ အသင်တို့ထံမှ မည်သည့် အဖိုးအခကိုမျှ မတောင်းပေ။ ငါ့ကို အဖိုးအခပေးရန်တာဝန်မှာ ငါ၏အရှင်မြတ်ပေါ်၌သာ ရှိပေသည်။ အသင်တို့ နားမလည်ကြလေသလော။ **၅၂။** အို-

ငါ၏အမျိုးသားတို့၊ အသင်တို့သည် အသင်တို့၏ အရှင်မြတ်ထံတော်မှာ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံကြလေကုန်။ ထို့နောက် ထိုအရှင်မြတ်ဘက်သို့ လှည့်ကြလေကုန်။ အရှင်မြတ်သည် အသင်တို့အပေါ်၌ မိုးကို ဖြိုင်ဖြိုင် ရွာသွန်းပေးတော်မူမည်။ အသင်တို့ကို အားအင်လည်းတိုးပေးတော်မူမည်။ အသင်တို့သည် ပြစ်မှုကျူးလွန်သူများအဖြစ် မျက်နှာလွှဲ၍ မသွားကြကုန်နှင့်။

၅၃။ အမျိုးသားတို့က ပြောဆိုကြသည်။ အို-ဟူးဒ်၊ အသင်သည် ကျွန်ုပ်တို့ထံ ထင်ရှားသော သက်သေသာဓက တစ်စုံတစ်ရာကိုမျှလည်း မယူဆောင်လာခဲ့ပေ။ ထို့နောက် ကျွန်ုပ်တို့သည် အသင့်စကားကြောင့် မိမိတို့၏ ကိုးကွယ်ရာများကိုလည်း စွန့်လွှတ်ကြမည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် အသင့်ကို ယုံကြည်ကြမည့်သူများလည်း မဟုတ်ပေ။ **၅၄။** ကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဘုရားများထဲမှ ဘုရားတစ်ဆူဆူက အသင့်ကို ရူးသွပ်သွားအောင် လုပ်လိုက်ခြင်းဖြစ်သည်ဟုသာ ကျွန်ုပ်တို့ ပြောဆိုကြပေမည်။ ဟူးဒ်က ပြောသည်။ အို-အချင်းတို့၊ အလျှာ်ဟ်အပြင် အသင်တို့ တွဲဖက်ကိုးကွယ်လျက်ရှိကြသော အရာများနှင့် ငါသည် မသက်ဆိုင်သူဖြစ်ကြောင်း အလျှာ်ဟ်အား သက်သေထားသည်။ အသင်တို့သည်လည်း သက်သေခံကြကုန်။ **၅၅။** သို့ဖြစ်ရာ အသင်တို့အားလုံးစုပေါင်း၍ ငါနှင့်ဆန့်ကျင်ပြီး မကောင်းကြံစည်ကြကုန်။ ထို့နောက် အသင်တို့သည် ငါ့ကို ရွေ့ဆိုင်းခွင့်လည်း မပေးကြနှင့်။ **၅၆။** ငါသည် မိမိအရှင်မြတ်လည်းဖြစ်၊ အသင်တို့၏ အရှင်မြတ်လည်းဖြစ်တော်မူသော အလျှာ်ဟ်အပေါ်၌ ယုံကြည်အားကိုးပါသည်။ ရှိရှိသမျှသော တိရစ္ဆာန်တို့၏ နဖူး(ဆံစ)သည် ထိုအရှင်မြတ်၏ လက်တော်၌ ရှိပေသည်။ ငါ၏ အရှင်မြတ်သည် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ မုချဇကာန် ရှိနေတော်မူပေသည်။

၅၇။ အကယ်၍ အသင်တို့သည် မျက်နှာလွှဲကြပါလျှင် ငါ့ကိုပေး၍ စေလွှတ်လိုက်သော အမိန့်တော်များကို အသင်တို့ထံ ငါ့အနေနှင့် ပို့ခဲ့ပြီးဖြစ်သည်။ ထို့နောက် ငါ၏အရှင်မြတ်သည် အသင်တို့နေရာတွင် အသင်တို့၏ကိုယ်စား အခြားလူမျိုးတစ်မျိုးကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်တော်မူမည်။ အသင်တို့သည်

ထိုအရှင်မြတ်အား ဘာတစ်ခုမျှ နစ်နာအောင် လုပ်နိုင်မည်မဟုတ်ပေ။ စင်စစ်တွင် ငါ၏ အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ဖြစ်သည်။ **၅၈။** ထို့နောက် ငါအရှင်မြတ်၏အမိန့်တော် ရောက်လာသောအခါ ငါအရှင်သည် ဟူဒ်နှင့်၊ သူနှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသူတို့အား မိမိကရုဏာ တော်ဖြင့် ကယ်တင်တော်မူခဲ့သည်။ ငါအရှင်မြတ်သည် သူတို့အား ပြင်းထန်သော ပြစ်ဒဏ်တစ်ရပ်မှ ကယ်တင်တော်မူခဲ့သည်။ **၅၉။** ဤသည် မိမိတို့အရှင်မြတ်၏ သက်သေလက္ခဏာများကို ငြင်းပယ်ခဲ့ကြသော၊ ထိုအရှင်မြတ်၏ တမန်တော်များကို ဖီဆန်ခဲ့ကြသော၊ ခေါင်းမာပြီး ဆန့်ကျင်ဘက်ပြုသူတိုင်း၏ အမိန့်ကို လိုက်နာကြ သော အာဒ်အမျိုးသားများပင် ဖြစ်ကြသည်။ **၆၀။** ထို့နောက် ဤမျက်မှောက် လောကီဘဝ၌ရော၊ ရှင်ပြန်ထရမည့်နေ့တွင်ပါ ကျိန်စာသည်သူတို့၏ နောက်တွင် ထက်ကြပ်မကွာ ပို့ခြင်းခံခဲ့ကြရသည်။ နားထောင်ကြကုန်။ အာဒ်အမျိုးသားတို့သည် မိမိတို့အရှင်မြတ်အား ငြင်းပယ်ခဲ့ကြသည်။ နားထောင်ကြကုန်။ ဟူဒ်၏အမျိုးသား များ ဖြစ်ကြသော 'အာဒ်' အမျိုးသားတို့အတွက် ကင်းဝေးခြင်း ရှိပေသည်။

၆၁။ ထို့နောက် ငါအရှင်မြတ်သည် 'ဆမူဒ်' အမျိုးသားတို့ထံ ၎င်းတို့၏ နောင်တော် 'ဆွာလေ့ဟ်'အား စေလွှတ်တော်မူခဲ့သည်။ သူက ဤသို့ ပြောဆိုသည်။ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်ကိုသာ ခဝပ်ကိုးကွယ် ကြကုန်။ အသင်တို့မှာ ထိုအရှင်မြတ်မှလွဲ၍ ခဝပ်ကိုးကွယ်ရာအရှင် မည်သူမျှမရှိပေ။ အရှင် မြတ်ကသာ အသင်တို့အား မြေမှစတင် ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့နောက် ထိုအရှင်မြတ်ကသာ အသင်တို့အား ထိုမြေတွင် နေထိုင်စေတော်မူခဲ့သည်။ သို့ဖြစ် ရာ အသင်တို့သည် ထိုအရှင်မြတ် ထံတော်တွင် ခွင့်လွှတ်မှုကို တောင်းခံကြလေကုန်။ ထို့နောက် အသင်တို့သည် ထိုအရှင်မြတ်ဘက်သို့သာ လှည့်ကြလေကုန်။ စင်စစ် တွင် ငါ၏အရှင်မြတ်သည် နီးကပ်တော်မူသော၊ လက်ခံတော်မူသော အရှင်ပင်ဖြစ် သည်။ **၆၂။** သူတို့က ပြောဆိုကြသည်။ အို- 'ဆွာလေ့ဟ်' သည့်မတိုင်ခင်က ကျွန်ုပ်တို့သည် အသင့်ထံမှ မျှော်လင့်ချက် ထားခဲ့ကြသည်။ အသင်သည် ကျွန်ုပ်တို့ ၏ ဖခင်၊ဘိုး၊ဘေးများ ခဝပ်ကိုးကွယ်ခဲ့ကြသော ဘုရားများကို ခဝပ်ကိုးကွယ်မှု မပြု

ကြရန် ကျွန်ုပ်တို့အား တားမြစ်သလော။ ကျွန်ုပ်တို့သည် အသင် ဖိတ်ခေါ်လျက် ရှိသော တရားဓမ္မနှင့်စပ်လျဉ်း၍ အကြီးအကျယ် သံသယဖြစ်လျက် ရှိကြသည်။ **၆၃။** သူက ပြောကြားလေသည်။ အို-ငါ၏ အမျိုးသားတို့၊ အသင်တို့သည် မည်သို့ ယူဆကြသည်ကို ငါ့ကို ပြောပြကြပါ။ အကယ်၍ ငါသည် မိမိ၏ အရှင်ထံတော်မှ ထင်ရှားသော အထောက်အထားပေါ်တွင် ရှိနေသည့်အပြင် ထိုအရှင်မြတ်သည် ငါ့အား မိမိထံတော်မှ ကရုဏာတော်ကိုလည်း ချီးမြှင့်ထားပါလျက် အကယ်၍ ငါသည် အလွှာဟ်ကို ဖီဆန်ခဲ့လျှင် မည်သူက ငါ့ကို ထိုအရှင်မြတ်၏ ပြစ်ဒဏ်မှ ကာကွယ်နိုင်မည်နည်း။ အသင်တို့ကတော့ ငါ့ကို နစ်နာဆုံးရှုံးမှုသာ တိုးပွားစေကြ မည်။

၆၄။ အို-ငါ၏အမျိုးသားတို့၊ အလွှာဟ်၏ ကုလားအုတ်မသည် အသင်တို့အဖို့ သက်သေလက္ခဏာ တစ်ရပ်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် သူ့ကို အလွှာဟ်၏ ပထဝီမြေ၌ စားသောက်နိုင်ရန် လွှတ်ထားကြလေကုန်။ ယင်း ကုလားအုတ်မအား ဒုက္ခမပေးကြနှင့်။ မဟုတ်လျှင် ပြစ်ဒဏ်သည် အသင်တို့ ပေါ်တွင် အမြန်ဆုံး ဆိုက်ရောက်လာမည်။ **၆၅။** ထို့နောက် သူတို့သည် ယင်း ကုလားအုတ်မ၏ ခြေများကို ဖြတ်တောက်ခဲ့ကြလေသည်။ ထိုအခါ ဆွာလေ့ဟ်က ပြောကြားခဲ့လေသည်။ အသင်တို့သည် မိမိတို့၏ နေအိမ်များတွင် သုံးရက်မျှ စည်းစိမ်ခံနေကြကုန်။ ဤသည် မုသားမဟုတ်သော ကတိပင် ဖြစ်သည်။ **၆၆။** တစ်ဖန် ငါအရှင်မြတ်၏ အမိန့်တော် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် ဆွာလေ့ဟ်နှင့်၊ သူနှင့်အတူ ယုံကြည်ခဲ့ကြသော သူတို့ကို ထိုနေ့တွင် ပျက်စီးခြင်း၏ ပြစ်ဒဏ်မှ၊ အရှက်တကွဲ အကျိုးနည်းဖြစ်ခြင်းမှ မိမိကရုဏာတော်ဖြင့် ကယ်တင်တော်မူခဲ့သည်။ စင်စစ်တွင် အသင့်အရှင်မြတ်သည် ခွန်အားကြီးမားတော်မူသော၊ အလွန်နိုင်နင်းတော်မူသော အရှင်ပင် ဖြစ်သည်။ **၆၇။** မတရားကျူးလွန်သူတို့အား ကြောက်မက်ဖွယ် အသံတစ်သံက ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ ထို့နောက် သူတို့သည် မိမိတို့ နေအိမ်များတွင် နံနက်အချိန်၌ မှောက်လျက် (သေ)နေကြသည်။ **၆၈။** သူတို့သည် ထိုအိမ်များတွင် မနေခဲ့ကြဖူးသလို ဖြစ်သွားခဲ့ကြလေသည်။ နား

ထောင်ကြကုန်။ 'ဆမူးဒ်' တို့သည် မိမိတို့၏ အရှင်မြတ်ကို သွေဖည်ငြင်းဆန်ခဲ့ကြသည်။ နားထောင်ကြကုန်။ 'ဆမူးဒ်' တို့အတွက် ကင်းဝေးခြင်း ရှိလေသည်။

၆၉။ ထို့ပြင် ငါအရှင်မြတ်၏ စေတမန်များသည် အီဗ်ရာဟီမ်၏ ထံသို့ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ဆောင်ယူခဲ့ကြသည်။ သူတို့က ငြိမ်းချမ်းစွာ ရှိပါစေဟု ပြောဆိုခဲ့ကြပေရာ၊ အီဗ်ရာဟီမ်က အသင်တို့လည်း ငြိမ်းချမ်းစွာ ရှိကြပါစေဟု ပြောဆိုခဲ့လေ၏။ ထို့နောက် မကြာခင်မှာပဲ အီဗ်ရာဟီမ်သည် ကင်ထားသော နွားကလေး တစ်ကောင်ကို ယူဆောင်လာ ခဲ့လေသည်။ **၇၀။** ထိုစေတမန်များသည် ကင်ထားသော နွားကလေးဆီကို လက်မလှမ်းကြသည်ကို သူတွေ့မြင်ခဲ့လေရာ သူသည် ၎င်းတို့အား မယုံသင်္ကာ ဖြစ်ခဲ့လေသည်။ ထို့နောက် စိတ်ထဲတွင် ၎င်းတို့ကို စိုးရိမ်ခဲ့လေသည်။ ၎င်းစေတမန်တို့က «အသင် မစိုးရိမ်ပါနှင့်၊ ကျွန်ုပ်တို့သည် လူးသ်၏ အမျိုးသားတို့ထံ စေလွှတ်ခြင်း ခံခဲ့ကြရသည်» ဟု ပြောဆိုကြသည်။ **၇၁။** ထိုအခါ အီဗ်ရာဟီမ်၏ ဇနီးသည် မတ်တပ်ရပ်လျက်ရှိနေရာက ရယ်မောခဲ့လေ၏။ ငါအရှင်မြတ်သည် သူ၏ ဇနီးအား အစ္စဟားက်ဖွားမြင်မည့်အကြောင်း၊ ပြီးလျှင် အိစ်ဟားက်မှ ယအ်ကူးဗ်ဖွားမြင်မည့်အကြောင်း သတင်းကောင်း ပေးတော်မူခဲ့လေသည်။ **၇၂။** သူက ပြောသည်။ ဩ-အ့ံပါရဲ့။ ကျွန်မသည် အမယ်အို့တစ်ဦး ဖြစ်ရုံမျှမက ဤကျွန်မ၏ခင်ပွန်း သည်လည်း အဘိုးအို တစ်ဦးပင် ဖြစ်ရာ ကျွန်မသည် သားဖွားဦးမည်လော။ ဤသည် အံ့ဖွယ် ကိစ္စပင် ဖြစ်သည်။ **၇၃။** စေတမန်တို့က ပြောဆိုကြလေသည်။ အသင်သည် အလ္လာဟ်၏ အမိန့်တော်ကို အံ့ဩနေပါသလော။ အို-အီဗ်ရာဟီမ်၏ အိမ်သူအိမ်သားတို့၊ အလ္လာဟ်၏ ကရုဏာတော်နှင့် ကောင်းချီးမင်္ဂလာ အဖြာဖြာတို့သည် အသင်တို့အပေါ်၌ ရှိပေသည်။ စင်စစ်တွင် အလ္လာဟ်သည် ချီးမွမ်းထောမနာနှင့် ထိုက်တော်မူသော၊ ဂုဏ်နှင့် ပြည့်စုံတော်မူသော အရှင်ပင် ဖြစ်သည်။ **၇၄။** တစ်ဖန် အီဗ်ရာဟီမ်၏ စိုးရိမ်မှု ကင်းရှင်းသွားပြီးနောက် သူ့ထံသို့ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း ရောက်ရှိလာသောအခါ သူသည် လူးသ်၏အမျိုးသားတို့နှင့် ပတ်သက်၍ ငါအရှင်မြတ်ကို အငြင်းအခုံ ပြုလုပ်လေတော့သည်။ **၇၅။** စင်စစ်တွင် အီဗ်ရာဟီမ်သည် အလွန်ခွန်

တရားရှိသူ၊ နှလုံးသားနူးညံ့သူ၊ အလွှာဟ်ဘက်သို့ အလွန်လှည့်သောသူ ဖြစ်ပေသည်။ **၇၆။** အို-အီဝ်ရာဟီမ်၊ ဤကိစ္စကို လျစ်လျူရှုလိုက်ပါ။ အသင့်အရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိခဲ့လေပြီ။ ပြန်လည် ရုပ်သိမ်းခြင်းမခံရမည့် ပြစ်ဒဏ်သည် သူတို့ထံ ကျရောက်တော့မည်။

၇၇။ ထို့နောက် ငါအရှင်မြတ်၏ စေတမန်တော်များသည် လူးသွ်၏ထံသို့ ရောက်ရှိလာခဲ့ကြသောအခါ သူသည် ထိတ်လန့်သွားခဲ့ရသည့်ပြင် ၎င်းတို့အတွက် စိတ်လည်းကျဉ်းကျပ် ခဲ့လေသည်။ ထို့နောက် ဤနေ့သည် အလွန်ခက်ခဲသော နေ့ပါလားဟု သူက ပြောသည်။ **၇၈။** ထို့နောက် သူ၏ အမျိုးသားတို့သည် သူ့ထံ အပြေးအလွှား လာခဲ့ကြလေသည်။ သူတို့သည် အလျင်ကတည်းက မကောင်းသော လုပ်ရပ်များကို လုပ်လျက်ရှိခဲ့ကြသည်။ 'လူးသွ်' က ပြောသည်။ 'အို-ငါ၏အမျိုးသားတို့၊ ဤသည် ငါ၏သမီးများဖြစ်သည်။ ၎င်းတို့သည် အသင်တို့အဖို့ ပို၍ သန့်စင်ကြပေသည်။ သို့ဖြစ်ရာ အသင်တို့သည် အလွှာဟ်အား ကြောက်ရွံ့ကြလေကုန်၊ ထို့ပြင် အသင်တို့သည် ငှဲ့ကို ငါ၏ ဧည့်သည်များ(ရှေ့)တွင် အရှက်မခွဲကြပါနှင့်။ အသင်တို့ထဲတွင် လူကောင်း တစ်ယောက်တစ်လေ မရှိသလော။ **၇၉။** သူတို့က ပြောကြသည်။ ကျွန်ုပ်တို့သည် အသင့် သမီးများကို အလိုမရှိကြောင်း အသင်သိရှိပြီး ဖြစ်ပေသည်။ ကျွန်ုပ်တို့ ဘာကို အလိုရှိသည်ကိုလည်း သင်(ဧကောင်းစွာ)သိရှိပြီး ဖြစ်သည်။

၈၀။ လူးသွ်က ပြောဆိုသည်။ သြော်-အကယ်၍ ငှဲ့မှာ အသင်တို့အား ခုခံနိုင်ရန် စွမ်းအားရှိခဲ့လျှင် သို့တည်းမဟုတ် ငါသည် ခိုင်ခံ့သော ခိုလှုံရာ ရှိလျှင် ကောင်းလေစွ။ **၈၁။** စေတမန်တို့က ပြောဆိုကြသည်။ အို-လူးသွ်၊ ကျွန်ုပ်တို့သည် အသင်၏အရှင်မြတ်က စေလွှတ်တော်မူလိုက်သော စေတမန်များဖြစ်ကြရာ ၎င်းတို့သည် အသင့်အနားသို့ လုံးဝ ကပ်နိုင်ကြမည် မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် ညဉ့်၏အစိတ်အပိုင်း တစ်ခုခုတွင် မိမိ၏လူများကို ခေါ်၍ ထွက်ခွာသွားပါလေ။ ထို့နောက် အသင်တို့အနက် မည်သူ တစ်ဦးတစ်ယောက်မျှ နောက်ကို လှည့်မကြည့်နှင့်။ သို့ရာတွင် အသင်၏ဇနီးကမူ သူတို့၌ ဆိုက်ရောက်မည့်ပြစ်ဒဏ်သည် သူ

အပေါ်၌လည်း ဆိုက်ရောက်ပေမည်။ သူတို့ပျက်စီးဖို့ သတ်မှတ်ထားသော အချိန်မှာ နံနက်မိုးသောက်ချိန် ဖြစ်သည်။ နံနက်မိုးသောက်ချိန်သည် နီးသည်မဟုတ်လား။ **၁၂။** ထို့နောက် ငါအရှင်မြတ်၏ အမိန့်တော် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် ထိုမြို့ရွာကို အထက်အောက်(ပြောင်းပြန်) လှန်ပစ်တော်မူလိုက်သည်။ထို့ပြင် ငါအရှင်မြတ်သည် မြို့ရွာပေါ်သို့ ကျောက်ခဲမိုးကို တရစပ် ရွာသွန်းချတော်မူခဲ့လေသည်။ **၁၃။** ရွာကျသောခဲများသည် အသင့်အရှင်၏အထံတော်မှ အမှတ်အသားပြုထားသည်။ ထိုမြို့ရွာသည် မတရားပြုမူကြသော သူတို့နှင့်မဝေးကွာပေ။

၁၄။ ထို့နောက် ငါအရှင်မြတ်သည် မဒ်ယန်သို့ သူတို့၏ နောင်တော် 'ရှူအိုက်ဗ်အား' စေလွှတ်တော် မူခဲ့လေသည်။ သူက ပြောဆိုသည်။ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလွှာဟ်ကိုသာ ခဝပ်ကိုးကွယ် ကြလေကုန်။ အသင်တို့မှာ ထိုအရှင်မြတ်မှလွဲ၍ အခြားခဝပ်ကိုးကွယ်ရာအရှင် အလျှင်းမရှိမပေ။ ထို့နောက် အသင်တို့သည် အခြင်အတွယ်နှင့် အလေးအချိန်မှာ မလျှော့ကြနှင့်။ ငါသည် အသင်တို့ကောင်းစားနေတာကို မြင်နေပေသည်။ ထို့နောက် ငါသည် အသင်တို့အပေါ်တွင် ဝန်းခြံမည့်နေ့၏ပြစ်ဒဏ်ကို စိုးရိမ်မိပါသည်။ **၁၅။** အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အခြင်အတွယ်နှင့် အလေးအချိန်မှာ မျှတစွာ အပြည့်အဝပေးကြလေကုန်။ အသင်တို့သည် လူတို့အား သူတို့၏ ပစ္စည်းများကို လျှော့၍ မပေးကြကုန်နှင့်။ ထို့ပြင် အသင်တို့သည် မြေပထဝီတွင် ဖျက်လိုဖျက်ဆီး မပြုကြနှင့်။ **၁၆။** အကယ်၍ အသင်တို့သည် ယုံကြည်သူများ ဖြစ်ကြပါလျှင် အလွှာဟ် ချီးမြှင့်သောအရာများ အနက်မှ ကြွင်းကျန်သော အရာသည် အသင်တို့အဖို့ ပိုကောင်းပေသည်။ ငါသည် အသင်တို့အား ထိန်းသိမ်းစောင့်ရှောက်သူ မဟုတ်ပေ။

၁၇။သူတို့က ပြောဆိုကြသည်။ အို-ရှူအိုက်ဗ်၊ ကျွန်ုပ်တို့၏ အဘ၊ဘိုး၊ ဘေးတို့ ကိုးကွယ်ခဲ့ကြသော ဘုရားများကို ကျွန်ုပ်တို့ စွန့်လွှတ်ရန်၊ ကျွန်ုပ်တို့ဥစ္စာ ပစ္စည်းများတွင် ကျွန်ုပ်တို့ ဆန္ဒအလျောက် ကျွန်ုပ်တို့ ပြုလုပ်ကြသည်များကို စွန့်လွှတ်ရန် အသင်၏ ဆွေလာသံဝတ်ပြုမှာ အသင့်အား သင်ကြားပေးသလော။ အသင်သည် အမှန်တကယ်ပင် ဉာဏ်ကောင်းသူ၊ ရိုးသားဖြောင့်မတ်သူ ဖြစ်ပါပေ

တယ်။

၈၈။ ရှုအိုက်ဗ်က ပြောဆိုသည်။ အို-ငါ့၏အမျိုးသားတို့၊ အကယ်၍ ငါသည် မိမိအရှင်မြတ်ထံတော်မှ ထင်ရှားသော အထောက်အထားပေါ်တွင် တည်ရှိခဲ့ပါလျှင်၊ ထိုအရှင်မြတ်သည် ငှဲ့အား မိမိထံတော်မှ ကောင်းမွန်သော စားနပ်ရိက္ခာကို ချီးမြှင့်တော်မူခဲ့ပါလျှင် အသင်တို့ မည်သို့ယူဆကြပါသနည်း။ ထို့နောက် ငါသည် အသင်တို့အား တားမြစ်သောကိစ္စကို ကိုယ်တိုင်ပြုလုပ်ရန် မလိုလားပေ။ ငါသည် တတ်စွမ်းသမျှ ပြုပြင်ရန်သာ လိုလားသည်။ ထို့နောက် ငါသည် အလ္လာဟ်၏ ကူညီမှုအပေါ်၌သာ ရှိနေပေသည်။ ငါသည် ထိုအရှင်မြတ်ကိုသာ ယုံကြည်အားထားသည်။ ထို့ပြင် ငါသည် ထိုအရှင်မြတ်ဘက်သို့သာလျှင် လှည့်ပြန်၍သွားရမည်။ **၈၉။** အို- ငါ့၏အမျိုးသားတို့၊ ငါနှင့် ဆန့်ကျင်ဘက်တိုက်သောကြောင့် အသင်တို့အပေါ်၌ 'နူးဟ်'၏ အမျိုးသားတို့အပေါ် သက်ရောက်ခဲ့သော ဘေးဒုက္ခမျိုး၊ 'ဟူဒ်'၏ အမျိုးသားတို့အပေါ် သက်ရောက်ခဲ့သော ဘေးဒုက္ခမျိုး၊ 'ဆွာလေ့ဟ်'၏ အမျိုးသားတို့အပေါ် သက်ရောက်ခဲ့သော ဘေးဒုက္ခမျိုး သက်ရောက်သည့် အဖြစ်မျိုး မဖြစ်စေကြနှင့်။ ထို့ပြင် 'လူးသ်'၏ အမျိုးသားတို့မှာမူ သင်တို့နှင့် မဝေးလှသေးပေ။ **၉၀။** ထို့နောက် မိမိတို့၏ အရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံကြကုန်။ ထို့နောက် ထိုအရှင်မြတ် ဘက်သို့ လှည့်လာကြလေကုန်။ ငါ့၏အရှင်မြတ်သည် အလွန်ကြင်နာတော်မူသော၊ ချစ်ခင်တော်မူသောအရှင် ဇကန်စင်စစ် ဖြစ်ပေသည်။

၉၁။ သူတို့က ပြောဆိုသည်။ အို-ရှုအိုက်ဗ်၊ ကျွန်ုပ်တို့သည် အသင်ပြောဆိုသော စကားများအနက် အများစုကို နားမလည်ကြပေ။ ထို့နောက် ကျွန်ုပ်တို့သည် သင့်အား ကျွန်ုပ်တို့ထဲတွင် အင်အားချည့်နဲ့သူတစ်ယောက်ဟုသာ မြင်ကြပေသည်။ အသင်၏သားချင်းတို့သာ မရှိခဲ့ကြပါလျှင် ကျွန်ုပ်တို့သည် အသင့်အား ကျောက်ခဲများဖြင့် ပေါက်သတ်ကြမည်။ အသင်သည် ကျွန်ုပ်တို့အပေါ် လွှမ်းမိုးကြီးစိုးနေသူလည်း မဟုတ်ပေ။ **၉၂။** ရှုအိုက်ဗ်က ပြောဆိုသည်။ အို-ငါ့၏ အမျိုးသားတို့၊ ငါ့၏သားချင်းတို့သည် အသင်တို့ရှေ့တွင် အလ္လာဟ်ထက်ပင် ပို၍ မြင့်မြတ်ကြသလော၊ အသင်တို့သည် ထိုအရှင်မြတ်ကို မိမိတို့၏ ကျောနောက်တွင် ပစ်ပယ်

ထားလိုက်ကြသည်။ အသင်တို့ ပြုလုပ်နေသမျှတို့သည် ငါ၏အရှင်မြတ်၏ ထိန်းချုပ်မှုတွင်သာ ဇကန်မလွဲ ရှိသည်။ **၉၃။** အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် မိမိတို့နည်းအတိုင်း ဆောင်ရွက်သွားကြကုန်။ ငါသည်လည်း မိမိနည်းအတိုင်း ဆောင်ရွက်နေမည်။ မည်သူထံသို့ သေးသိမ်စေသောပြစ်ဒဏ် ရောက်ရှိလာသည်၊ မည်သူက မုသားဝါဒီ ဖြစ်သည်ကို အသင်တို့ မကြာမီ သိကြပေမည်။ အသင်တို့ စောင့်မျှော်နေကြကုန်။ ငါလည်း အသင်တို့နှင့်အတူ စောင့်မျှော်လျက်ရှိသည်။

၉၄။ထို့နောက် ငါအရှင်မြတ်၏အမိန့်တော် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် ရှုအိုက်ဝ်နှင့်၊ သူနှင့်အတူ ယုံကြည်ခဲ့ကြသောသူများကို မိမိ၏ကရုဏာတော်ဖြင့် ကယ်ဆယ်တော်မူခဲ့သည်။ သို့ရာတွင် မတရားကျူးလွန်ခဲ့သူတို့ကိုမူ ကြောက်မက်ဖွယ်အသံက ဖမ်းဆီးကွပ်မျက်ခဲ့လေရာ သူတို့သည် နံနက်အချိန်တွင် မိမိတို့နေအိမ်များတွင် မှောက်လျက်သား(သေကြေ)နေခဲ့ကြသည်။ **၉၅။** သူတို့သည် ထိုအိမ်များတွင် မနေခဲ့ဘူးကြသည့်အလားဖြစ်သွားသည်။ နားထောင်ကြကုန်။ 'ဆမူးဒ်' အမျိုးသားတို့သည် (ကရုဏာမှ) ကင်းဝေးခဲ့ကြသလို မဒ်ယန်သားတို့သည်လည်း ကင်းဝေးခဲ့ကြသည်။

၉၆။ ထို့နောက် ငါအရှင်မြတ်သည် မူစာအား မိမိသက်သေလက္ခဏာများနှင့်အတူ ထင်ရှားသော သက်သေခံတစ်ရပ်ပေး၍ စေလွှတ်တော်မူခဲ့သည်။ **၉၇။** ဖိရိအောင်နှင့် သူ၏အကြီးအကဲများထံသို့ ဖြစ်သည်။ သို့ရာတွင် သူတို့သည် ဖိရိအောင်နှင့်၏ အမိန့်ကိုသာ လိုက်နာနေခဲ့ကြသည်။ အမှန်တွင် ဖိရိအောင်နှင့်၏ အမိန့်သည် ဖြောင့်မတ်မှန်ကန်ခြင်းမရှိပေ။ **၉၈။** ရှင်ပြန်ထမည့်နေ့တွင် သူသည် မိမိအမျိုးသားတို့အား ရှေ့ဆောင်ပေမည်။ ထို့နောက် သူသည် သူ၏အမျိုးသားများကို ငရဲဘုံသို့ ပို့လိမ့်မည်။ သူတို့ ရောက်မည့် စခန်းသည် အလွန်ဆိုးရွားလှပေသည်။ **၉၉။** ထို့နောက် ဤဘဝ၌ရော၊ ရှင်ပြန်ထမည့်နေ့တွင်ပါ ကျိန်စာသည် သူတို့နောက်မှ ထက်ကြပ်မကွာ ပို့ခြင်းခံခဲ့ရသည်။ သူတို့ ချီးမြှင့်ခြင်းခံကြရမည့် ဆုလာဘ်သည် အလွန်ဆိုးရွားလှသော ဆုလာဘ်ပင် ဖြစ်သည်။

၁၀၀။ ဤသည် ငါအရှင်မြတ် အသင့်ကို ပြန်၍ ပြောကြားတော်မူသော

မြို့ရွာများ၏ အကြောင်းအရာများပင် ဖြစ်သည်။ ထိုမြို့ရွာများအနက် အချို့မှာ တည်ရှိနေ၍ အချို့မှာ ပျက်ပြုန်းခဲ့လေပြီ။ **၁၀၁။** ငါအရှင်မြတ်သည် သူတို့ကို မတရားလုပ်ခဲ့သည် မဟုတ်ပေ။ သူတို့ကိုယ်သူတို့သာမတရား ပြုခဲ့ကြခြင်းဖြစ်သည်။ ထို့နောက် အသင့်အရှင်မြတ်၏ အမိန့်တော် ရောက်ရှိလာသောအခါ အလွှာဟ်ကို စွန့်၍ သူတို့ ဟစ်ခေါ်လေ့ရှိခဲ့ကြသော သူတို့၏ ကိုးကွယ်ရာများသည် သူတို့အတွက် နည်းနည်းမျှ အသုံးဝင်မည်မဟုတ်ပေ။ ထိုကိုးကွယ်ရာများသည် သူတို့၏ ပျက်စီးမှုကို ပို၍သာ တိုးပွားစေခဲ့ကြသည်။

၁၀၂။ မတရားမှု ပြုလျက်ရှိနေကြသော မြို့ရွာသူမြို့ရွာသားတို့အား အသင့်အရှင်မြတ်က ဖမ်းဆီးအရေးယူပုံမှာ ဤနည်းအတိုင်းပင် ဖြစ်လေ့ရှိ၏။ စင်စစ်တွင် ထိုအရှင်မြတ်၏ ဖမ်းဆီးအရေးယူမှုသည် အလွန်နာကျင်ဖွယ်ဖြစ်သည်။ အလွန်ပြင်းထန်ပေသည်။ **၁၀၃။** ဤထဲတွင် နောင်တမ လွန်ဘဝ၏ ပြစ်ဒဏ်ကို ကြောက်ရွံ့သူတို့အဖို့ သက်သေလက္ခဏာရှိပေသည်။ ထိုနေ့သည် လူခပ်သိမ်းတို့ စုရုံးခြင်း ခံကြရမည့်၊ အသင့်ရောက်ရှိစေခြင်း ခံကြရမည့်နေ့ပင် ဖြစ်သည်။ **၁၀၄။** ငါအရှင်မြတ်သည် သတ်မှတ်ထားသော အချိန်ကာလထိ ထိုနေ့ရက်ကို ရွှေ့ဆိုင်းထားတော်မူလေသည်။ **၁၀၅။** ထိုနေ့ဆိုက်ရောက်လာသောအခါ မည်သူမျှ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရဘဲ စကားပြောဆိုနိုင်မည်မဟုတ်ပေ။ သူတို့ထဲတွင် ကံကောင်းသူလည်းရှိပြီး ကံဆိုးသူလည်း ရှိပေမည်။

၁၀၆။ ကံဆိုးသူတို့သည် ငရဲဘုံထဲတွင် ရှိကြပေမည်။ သူတို့သည် ထိုငရဲဘုံတွင် ဟစ်အော် ညည်းတွားနေကြမည်။ **၁၀၇။** အသင်၏အရှင်မြတ် အလိုရှိတော်မူသော အခြေအနေမှတစ်ပါး ကျန်အအခြေအနေတိုင်းတွင် သူတို့သည် မိုးကောင်းကင်များနှင့်ပထဝီမြေ တည်နေသမျှ ကာလပတ်လုံး ထိုငရဲဘုံတွင် ရှိကြမည်။ စင်စစ်တွင် အသင်၏ အရှင်မြတ်သည် မိမိလုပ်လိုရှိရာကို အလွန်ပြုလုပ်တော်မူသည်။ **၁၀၈။** ကံကောင်းသူများမှာမူ အမတသုခဘုံတွင် ရှိကြပေမည်။ သူတို့သည် မိုးကောင်းကင်များနှင့် ပထဝီမြေ တည်ရှိနေသမျှ ကာလပတ်လုံး အသင်၏အရှင်မြတ် အလိုရှိတော်မူသောအခြေအနေမှတစ်ပါး ကျန်အခြေအနေ

တိုင်းတွင် ထိုအမတသုခဘုံတွင် နေထိုင်ကြရပေမည်။ ဤသည် အဆက်မပြတ်သော ချီးမြှင့်တော်မူခြင်းဖြစ်သည်။ **၁၀၉။** သို့ဖြစ်ရာ ဤသူတို့ ကိုးကွယ်နေသော အရာများနှင့် စပ်လျဉ်း၍ အသင် သံသယဖြစ်မနေနှင့်။ သူတို့သည် အလျင်က သူတို့အဘ၊ ဘိုးဘေးများ ဆည်းကပ်ကိုးကွယ်ခဲ့ကြသလို ကိုးကွယ်နေကြခြင်းသာဖြစ်သည်။ ငါအရှင်မြတ်သည် သူတို့အား သူတို့၏ ဝေစုဝေပုံကို မလျော့နည်းစေဘဲ အပြည့်ပေးတော်မူမည်။

၁၁၀။ ထို့နောက် ငါအရှင်မြတ်သည်မူစာအား ကျမ်းဂန်ကို ချီးမြှင့်တော်မူခဲ့သည်။ ထို့နောက် ယင်းကျမ်းဂန်နှင့် စပ်လျဉ်း၍ အကွဲအလွဲဖြစ်ခဲ့သည်။ အကယ်၍သာ အသင့်အရှင်မြတ်အထံတော်မှ အမိန့်တော်တစ်ရပ်သည် အစကတည်းက မရှိခဲ့ပါလျှင် သူတို့၏ စပ်ကြားတွင် စီရင်ဆုံးဖြတ်ခြင်းခံရမည်ဖြစ်သည်။ သူတို့သည် ဤကိစ္စနှင့်စပ်လျဉ်း၍ ဒွိဟဖြစ်စေသော သံသယတွင် အမြဲရှိနေကြသည်။ **၁၁၁။** အသင်၏ အရှင်မြတ်သည် တစ်ယောက်ချင်းအား သူ၏အပြုအမူများ၏အစားကို အပြည့်ပေးတော်မူမည်။ ထိုအရှင်မြတ်သည် သူတို့ ပြုမူကြသည်တို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အရှင်ဖြစ်တော်မူပေသည်။

၁၁၂။ သို့ဖြစ်ရာ အသင်၊ အသင်နှင့်အတူ ဝန်ချတောင်းပန်သူများသည် အမိန့်တော်ကျရောက်သည့်အတိုင်း မြဲမြံစွာရပ်တည်နေပါ။ ထို့ပြင် အသင်တို့သည် စည်းဘောင်မကျော်ကြနှင့်။ ထိုအရှင်မြတ်သည် အသင်တို့ ပြုမူသမျှတို့ကို ဧကန်မလွဲ ကြည့်နေတော်မူသည်။ **၁၁၃။** ထို့ပြင် မတရားကျူးလွန်သူတို့ဘက်ကို မယိမ်းညွှတ်နှင့်။ မဟုတ်လျှင် အသင်တို့ကို ငရဲမီး ထိပေလိမ့်မည်။ ထို့ပြင် အလ္လာဟ်မှလွဲ၍ အသင်တို့ကို ကူညီမည့်သူ တစ်ဦးတစ်ယောက် မျှမရှိပေ။ အသင်တို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။ **၁၁၄။** ထို့နောက် အသင်သည် ဆွလာသ်ဝတ်ပြုမှုကို နေ့၏နှစ်ဘက်အစွန်း၌ရော၊ ညဉ့်၏အစိတ်အပိုင်းများ၌ပါ ဆောက်တည်ပါလေ။ ကောင်းမှုကုသိုလ်သည် မကောင်းမှုဒုစရိုက်များကို မလွဲဧကန် ပပျောက်စေသည်။ ဤသည် သတိသံဝေဂ ယူသူများအဖို့ သံဝေဂဖြစ်သည်။ **၁၁၅။** အသင် သည်းခံပါ။ အလ္လာဟ်သည် ကုသိုလ်ကောင်းမှု

ပြုသူတို့၏ အကျိုးကို အချည်းနှီး လုပ်တော်မမူပေ။

၁၀၆။ သို့ပါ၍ ကမ္ဘာမြေပေါ်၌ ပျက်စီးရာပျက်စီးကြောင်း မပြုလုပ်ဖို့ တားမြစ်ကြမည့် ဉာဏ်အမြော်အမြင်ရှိသူများ အသင်တို့အလျင်က သာသနာဝင် လူစုတို့တွင် အဘယ်ကြောင့် မရှိခဲ့ကြသနည်း။ ငါအရှင် ကယ်ဆယ်တော်မူခဲ့သော အနည်းငယ်သာ ရှိခဲ့ကြသည်။ မတရားမှုကျူးလွန်သူတို့မှာမူ သူတို့ရရှိသော စည်းစိမ်များ၌ ပျော်မွေ့လျက်ရှိကြသည်။ သူတို့သည် ပြစ်မှုကျူးလွန်သူများ ဖြစ်ခဲ့ကြသည်။ **၁၀၇။** အသင့်အရှင်သည် မြို့ရွာသူမြို့ရွာသားများ လူကောင်းများ ဖြစ်နေကြပါလျက် ထိုမြို့ရွာများကို မတရားသဖြင့် ဖျက်ဆီးတော်မူသည် မဟုတ်ပေ။

၁၀၈။ အကယ်၍သာ အသင့်အရှင် အလိုရှိပါလျှင် လူအားလုံးကို တစ်စုတည်းဖြစ်အောင် ပြုလုပ်တော်မူခဲ့မည်။ သို့ရာတွင် သူတို့သည် သဘောကွဲလွဲသူများအဖြစ် အမြဲထာဝရ ရှိနေကြမည်သာဖြစ်သည်။ **၁၀၉။** အသင်၏ အရှင်မြတ် ကရုဏာပြုတော်မူသော သူတို့မှလွဲ၍ (ကျန်သူများမှာ သဘောထားကွဲလွဲ၍သာ ရှိကြမည်)ဖြစ်သည်။ ထိုအရှင်မြတ်သည် ဤအတွက်ပင် ၎င်းတို့အား ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့ပြင် «ငါအရှင်မြတ်သည် ဂျင်(နှ်)သတ္တဝါများနှင့် လူများကို ပေါင်း၍ ငရဲဘုံကို ဖြည့်တော်မူမည်» ဟူသော အသင့်အရှင်မြတ်၏ စကားတော်လည်း ပြည့်ဝခဲ့လေပြီ။

၁၂၀။ အသင့် စိတ်နလုံးကို မြဲမြံကြံခိုင် စေရန်အတွက် ငါအရှင်မြတ်သည် တမန်တော်များ၏ အကြောင်းအရာများအနက်မှ အလုံးစုံကို အသင့်အား ပြောကြားတော်မူ၏။ ထို့ပြင် ဤအကြောင်းအရာတွင် အသင့်ထံ အမှန်တရားလည်း ရောက်ရှိလာခဲ့လေပြီ။ (ယင်းထဲတွင်) ယုံကြည်သူတို့အဖို့ ဆုံးမသြဝါဒနှင့် သတိပေးနှိုးဆော်ချက်လည်း ရှိပေသည်။ **၁၂၁။** အသင်သည် မယုံကြည်သူတို့အား ပြောကြားပါလေ။ အသင်တို့သည် မိမိတို့နည်းအတိုင်း ကျင့်မူကြလေကုန်။ ငါတို့သည်လည်း မိမိတို့ နည်းအတိုင်း ကျင့်မူလျက် ရှိကြသည်။ **၁၂၂။** အသင်တို့ စောင့်မျှော်ကြလေကုန်၊ ငါတို့လည်း စောင့်မျှော်နေကြသည်။ **၁၂၃။** ထို့ပြင် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ဖုံးကွယ်နေသော အရာများကို အလွယ်တကူသာလျှင် ပိုင်ဆိုင်တော်

မူသည်။ အရေးကိစ္စတိုင်းသည် ထိုအရှင်မြတ် ထံသို့သာ ပြန်လည်ရောက်ရှိပေမည်။ သို့ဖြစ်ရာ အသင်သည် ထိုအရှင်မြတ်ကိုသာ ကိုးကွယ်ပါလေ။ ထို့ပြင် အသင်သည် ထိုအရှင်မြတ်ကို ယုံကြည်အားထားပါလေ။ အသင့်အရှင်သည် အသင်တို့ကျင့်မှု နေကြသည်များကို မသိသည်မဟုတ်ပေ။

၁၂။ စူရတ်ယူစွဖ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ "အလစ်ဖ်၊ လာမ်၊ ရာ"၊ ဤသည် အလွန်ရှင်းလင်းသော ကျမ်းဂန်၏ အာယတ်တော်များ ဖြစ်ကြပေသည်။ **၂။** ငါအရှင်မြတ်သည် အသင်တို့နား လည်နိုင်ရန် ဤကုရ်အာန်ကျမ်းကို အရဗီဘာသာဖြင့် ချပေးသနားတော်မူခဲ့သည်။ **၃။** အသင့်ထံ ထုတ်ပြန်တော်မူသော ဤကုရ်အာန်ဖြင့် ငါအရှင်မြတ်သည် အသင်၏ရှေ့တွင် အကောင်းဆုံးသော အကြောင်းအထွေးပွတ္တိတစ်ခုကို ပြောပြတော်မူလေသည်။ စင်စစ်တွင် သည့်မတိုင်ခင်က အသင်သည် မသိသူတစ်ဦး ဖြစ်ခဲ့ပေသည်။

၄။ တစ်ခါတွင် ယူစွဖ်သည် မိမိ၏ဖခင်ကို ပြောလေသည်။ အို-ဖခင်၊ ကျွန်ုပ်သည် အိပ်မက်ထဲတွင် ကြယ်တစ်ဆယ့်တစ်လုံးနှင့် နေ၊ လတို့ကို မြင်မက်ခဲ့ပါသည်။ ယင်းတို့သည် ကျွန်ုပ်အား ဦးချနေကြသည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ပါသည်။ **၅။** ဖခင်က ပြောသည်။ အို-ငါ့သား၊ အသင်သည် ဤအိပ်မက်အကြောင်း မိမိ၏ ညီအစ်ကိုများကို မပြောပြလေနှင့်။ သူတို့သည် အသင်နှင့်ဆန့်ကျင်၍ မကောင်းကြံကြလိမ့်မည်။ စင်စစ်တွင် ရိုင်သွာန်သည် လူသားအတွက် ထင်ရှားသောရန်သူဖြစ်သည်။ **၆။** အသင့်အရှင်မြတ်သည် အသင့်အား ဤနည်းအတိုင်းပင် ရွေးချယ်တော်မူလိမ့်မည်။ ထို့ပြင် စကားများ၏ အနက်ကိုသိသောပညာကို အသင့်အား သင်ပေးတော်မူလိမ့်မည်။ ထို့ပြင် ယခင်က အသင့်ဘိုးဘေးများဖြစ်သည့် အိဗ်ရာဟီး၌၊ အစ်ဟားက်တို့အပေါ်တွင် မိမိကျေးဇူးတော်ကို ပြည့်ဝစေခဲ့သကဲ့သို့ပင်

အသင်နှင့် ယအ်ကူးဗ်၏ သားသမီးများပေါ်တွင်လည်း မိမိ၏ကျေးဇူးတရားကို ပြည့်ဝစေတော်မူ ပေလိမ့်မည်။ အသင့်အရှင်မြတ်သည် အလွန်သိတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် မုချဖြစ်လေသည်။

၇။ မေးမြန်းသူများအဖို့ ယူစွဖ်နှင့် သူ၏ညီအစ်ကိုတို့၏ အကြောင်းအရာတွင် (သံဝေဂရဖွယ်ရာ)သက်သေလက္ခဏာများ မုချဇကာန် ရှိပေသည်။ **၈။** တစ်ခါက သူ၏ညီအစ်ကိုများသည် အချင်းချင်း ပြောဆိုကြသည်။ ယူစွဖ်နှင့် သူညီလေးကို ငါတို့၏ ဖခင်က ငါတို့ထက် ပိုချစ်သည်။ အမှန်ဆိုလျှင် ငါတို့သည် တစ်စုတည်း ဖြစ်ကြသည်။ ငါတို့၏ဖခင်သည် ထင်ရှားသောအမှားထဲတွင် မုချ ရှိနေသည်။ **၉။** ယူစွဖ်ကိုသတ်ပစ်လိုက်ကြ။ သို့မဟုတ် သူ့ကို တစ်နေရာရာမှာ ပစ်လိုက်ကြ။ သို့မှ အသင်တို့၏ ဖခင်၏ အရေးစိုက်မှုသည် အသင်တို့အတွက် သီးသန့်ဖြစ်လာပေမည်။ ထို့နောက်တွင် အသင်တို့သည် သူတော်ကောင်းများ ဖြစ်လိုက်ကြပါ။ **၁၀။** သူတို့ထဲမှ ပြောသူတစ်ဦးက ပြောသည်။ ယူစွဖ်ကို မသတ်ကြနှင့်။ အသင်တို့ တစ်ခုခု လုပ်ကို လုပ်ကြမည်ဆိုလျှင် နက်ရှိုင်းသော ရေတွင်းတစ်တွင်းထဲတွင် သူ့ကိုပစ်လိုက်ကြ။ ခရီးသွားအုပ်စုတစ်စုက သူ့ကို ထုတ်ယူသွားကြလိမ့်မည်။

၁၁။ ၎င်းတို့က မိမိတို့ဖခင်ကို ပြောကြသည်။ အို-ကျွန်ုပ်တို့၏ ဖခင်ကြီး၊ ယူစွဖ်နှင့်စပ်လျဉ်း၍ အသင်သည် ကျွန်ုပ်တို့အား မယုံကြည်ပါလား။ အမှန်ဆိုလျှင် ကျွန်ုပ်တို့သည် သူ့ကောင်းကျိုးကို လိုလားသူများ ဖြစ်ကြသည်။ **၁၂။** နက်ဖြန် သူ့ကို ကျွန်ုပ်တို့နှင့်အတူ ထည့်ပေးလိုက်ပါ။ စားသောက်ပါစေ၊ ဆော့ကစားပါစေ။ ကျွန်ုပ်တို့ သူ့ကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ **၁၃။** ဖခင်ကပြောသည်။ အသင်တို့ သူ့ကို ခေါ်သွားခြင်းက ငါ့ကို သောကဖြစ်စေမည်။ ထို့ပြင် အသင်တို့ မေ့လျော့နေခိုက် သူ့ကို ဝံပလွေစားသွားမည်ကိုလည်း ငါစိုးရိမ်သည်။ **၁၄။**ၔင်းတို့က ပြောကြသည်။ ကျွန်ုပ် တို့သည် အဖွဲ့လိုက်ရှိပါလျက် အကယ်၍ ဝံပလွေသည် သူ့ကို စားသွားခဲ့ပါမူ ကျွန်ုပ် တို့သည် အလွန်ဆုံးရှုံးအကျိုးနည်းသူများ ဖြစ်သွားကြပေလိမ့်မည်။

၁၅။ ထို့နောက် သူတို့သည် ၎င်းအား ခေါ်သွား၍ နက်ရှိုင်းသောတွင်းထဲသို့ ပစ်ချရန် ဆုံးဖြတ်လိုက်ကြသောအခါ ငါအရှင်သည် ယူစွဖ်ကို ဤသို့ဗျာဒိတ်

ပေးတော်မူခဲ့သည်။ အသင်သည် ၎င်းတို့အား သူတို့၏ ဤလုပ်ရပ်ကို ပြန်ပြောပြလိမ့်မည်။ သူတို့သည် အသင့်ကို သိကြမည်မဟုတ်ပေ။ **၁၆။** ထို့နောက် သူတို့သည် ညနေပိုင်း၌ ငိုယိုလျက် မိမိတို့ဖခင်ကြီးထံ လာခဲ့ကြသည်။ **၁၇။** ၎င်းတို့ကပြောကြသည်။ အို-ကျွန်ုပ်တို့၏ဖခင်ကြီး၊ ကျွန်ုပ်တို့ အပြေးပြိုင်ခဲ့ကြသည်။ ယူစွဖ်ကို ကျွန်ုပ်တို့၏ ပစ္စည်းများအနားတွင် ထားရစ်ခဲ့ကြသည်။ သို့ဖြစ်ရာ သူ့ကို ဝံပလွေက စားလိုက်သည်။ ကျွန်ုပ်တို့ မှန်ကန်နေလင့်ကစား အသင်သည် ကျွန်ုပ်တို့ကို ယုံမည်မဟုတ်ပေ။ **၁၈။** သူတို့သည် ယူစွဖ်၏ အင်္ကျီပေါ်တွင် လိမ်လည်ထားသော သွေးကိုလူးလာခဲ့ကြသည်။ ဖခင်ကပြောသည်။ မဟုတ်ဘူး။ အမှန်တွင် ကိစ္စတစ်ခုကို ပြုလုပ်ရန် အသင်တို့၏စိတ်က အသင်တို့အား သွေးဆောင်ဖြားယောင်းခဲ့သည်။ ယခုမူ သည်းခံခြင်းသာ ကောင်းပေသည်။ ထို့ပြင် အသင်တို့၏ ပြောဆိုချက်များနှင့် စပ်လျဉ်း၍ အလျှာ့ဟ်ထံမှသာ အကူအညီ တောင်းခံသည်။

၁၉။ ထို့နောက် ခရီးသွားအုပ်စုတစ်စု ရောက်လာခဲ့သည်။ သူတို့သည် ရေခတ်မည့် လူကိုလွှတ်လိုက်ကြသည်။ ထိုသူက မိမိပုံးကို တွဲလောင်းချလိုက်သည်။ ၎င်းကပြောသည်။ သတင်းကောင်းပေဘ့၊ ဤသည် ကောင်လေးတစ်ယောက်ဖြစ်သည်။ ထို့နောက် ၎င်းတို့သည် သူ့ကို ကုန်ပစ္စည်းအဖြစ် ဝှက်ထားလိုက်ကြသည်။ သူတို့လုပ် ဆောင်နေသမျှကို အလ္လာဟ်သည် ကောင်းကောင်းကြီး သိတော်မူသည်။ **၂၀။** ထို့နောက် ၎င်းတို့သည် သူ့ကို အနည်းငယ်သောတန်ဖိုး ငွေဒင်္ဂါးတချို့ဖြင့် လဲလှယ် ရောင်းစားပစ်လိုက်ကြသည်။ ၎င်းတို့သည် သူ့ကို ဥပေက္ခာပြုခဲ့ကြသည်။

၂၁။ အီဂျစ်နိုင်ငံမှ သူ့ကို ဝယ်ယူလိုက်သူသည် မိမိဇနီးအား ပြောခဲ့သည်။ အသင်မသည် သူ့အား ကောင်းစွာထားပါ။ သူသည် ကျွန်ုပ်တို့အတွက် အကျိုးဖြစ်ထွန်းကောင်း ဖြစ်ထွန်းလိမ့်မည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် သူ့အား သားအဖြစ်မွေးစားလိုက်မည်။ ဤသို့ဖြင့် ငါအရှင်မြတ်သည် ယူစွဖ်ကို နိုင်ငံတွင် နေရာပေးတော်မူခဲ့သည်။ ထို့ပြင် သူ့အား စကားများ၏ အနက်သဘောကို သင်ကြားပေးရန်အတွက် ဖြစ်သည်။ အလ္လာဟ်သည် မိမိကိစ္စများကို နိုင်နင်းတော်မူပေသည်။ သို့သော် လူအများစုက မသိကြပေ။ **၂၂။** ထို့နောက် သူသည် ရင့်မာသော

အရွယ်သို့ရောက်သောအခါ ငါအရှင်သည် သူ့အား အမြော်အမြင်နှင့် အသိပညာကို ချီးမြှင့်တော်မူခဲ့သည်။ ငါအရှင်သည် ကောင်းမှုကျင့်ဆောင်သူများကို ဤသို့ပင် အစားပေးတော်မူလေ့ရှိသည်။

၂၃။ ထို့နောက် ယူစွဖ်နေသော အိမ်က အမျိုးသမီးသည် သူ့အား သွေးဆောင်ဖြားယောင်းလေသည်။ တစ်နေ့တွင် အမျိုးသမီးသည် တံခါးများကို ပိတ်လိုက်ပြီး လာစမ်းပါဟု ပြောလေသည်။ ယူစွဖ်ကပြောသည်။ အလွန်ဟတ်ထံတွင် ခိုလှုံပါသည်။ သူသည် ကျွန်ပ်၏သခင်ဖြစ်သည်။ သူသည် ကျွန်ပ်အား ကောင်းစွာထား ခဲ့သည်။ စင်စစ်တွင် မတရားမှုကျူးလွန်သူတို့သည် မည်သည့်အခါမျှ မအောင်မြင်ကြပေ။ **၂၄။** အမျိုးသမီးသည် သူ့ကို ရည်ရွယ်လိုက်ချေပြီ။ အကယ်၍ သူသည် မိမိအရှင်၏ အထောက်အထားကို မမြင်ခဲ့ပါက သူလည်း ထိုအမျိုးသမီးကို ရည်ရွယ်လိုက်ပေမည်။ ဤသို့ဖြစ်ရခြင်းမှာ ငါအရှင်သည် သူ့ထံမှ မကောင်းမှုနှင့် အရှက်မဲ့ခြင်းကို ကင်းဝေးစေရန်အတွက် ဖြစ်လေသည်။ စင်စစ်တွင် သူသည် ငါအရှင်၏ လက်ရွေးစင်အစေတော်များအနက်မှ ဖြစ်သည်။

၂၅။ ထို့နောက် နစ်ယောက်ဘား တံခါးဘက်သို့ ပြေးကြသည်။ အမျိုးသမီးသည် ယူစွဖ်၏ အင်္ကျီကို နောက်မှနေ၍ ဖြဲလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် သူမ၏လင်ယောကျ်ားကို တံခါးတွင် တွေ့လိုက်ရသည်။ အမျိုးသမီးက ပြောသည်။ အသင့်အမျိုးသမီးကို မကောင်းကြံသူ၏ အပြစ်မှာ အကျဉ်းချခံရခြင်း သို့မဟုတ် ပြင်းထန်စွာအပြစ်ပေးခံရခြင်းမှ လွဲ၍ အခြားဘာဖြစ်မည်နည်း။ **၂၆။** ယူစွဖ်ကပြောသည်။ သူကသာ ကျွန်ုပ်အား သွေးဆောင်ရန် ကြိုးပမ်းခဲ့သည်။ ထို့နောက် အမျိုးသမီး၏ မိသားစုထဲမှ တစ်ဦးသောသူက ဤသို့ သက်သေထွက်ဆိုလေသည်။ အကယ်၍ သူ၏အင်္ကျီသည် ရှေ့မှပြဲနေပါမူ အမျိုးသမီးသည် မှန်ကန်ပြီး သူသည် လိမ်ညာသည်။ **၂၇။** အကယ်၍ သူ၏အင်္ကျီသည် နောက်မှ ပြဲနေပါမူ အမျိုးသမီးသည် လိမ်ညာပြီး သူသည် မှန်ကန်သည်။ **၂၈။** ထို့နောက် အဇီးဇ်က ကြည့်သောအခါ ယူစွဖ်၏အင်္ကျီသည် နောက်မှပြဲနေသဖြင့် သူကပြောလေသည်။ ဤသည် အသင်မတို့၏ ကောက်ကျစ်စဉ်းလဲမှုပင် ဖြစ်သည်။ အသင်မ တို့၏

ကောက်ကျစ်စဉ်းလဲမှုသည် လွန်စွာကြီးလှပေသည်။ **၂၉။** ယူစွဖ်၊ ဤကိစ္စကို ဥပေက္ခာပြုလိုက်ပါ။ ငင်းနောက် အိုး-အမျိုးသမီး၊ အသင်မသည် မိမိ၏အမှား အတွက် တောင်းပန်ပါ။ စင်စစ်တွင် အသင်မသာလျှင် မှားခဲ့သည်။

၃၀။ မြို့ထဲက မိန်းမများက ပြောကြသည်။ အဇီးဇ်၏ မိန်းမသည် မိမိ (အိမ်က)ကောင်လေးကို သွေးဆောင်ဖြားယောင်းလေသည်။ သူသည် ထိုကောင် လေး၏ အချစ်တွင် လွန်စွာနစ်မွန်းသွားပြီ။ အမျိုးသမီးသည် ထင်ရှားသောအမှား တွင် ရှိနေသည်ဟု ကျွန်မတို့ မြင်သည်။ **၃၁။** အမျိုးသမီးသည် သူတို့၏ကောက် ကျစ်မှုကို ကြားသိရသောအခါ သူတို့ကို အခေါ်လွှတ်လိုက်သည်။ ထို့နောက် သူတို့ အတွက် ထိုင်ဝိုင်းတစ်ခု စီစဉ်သည်။ သူတို့အနက် တစ်ဦးချင်းကို ဓားတစ် ချောင်းစီလည်း ပေးလိုက်သည်။ ထို့နောက် ယူစွဖ်ကို အသင်သည် သူတို့ရှေ့ မှောက်သို့ ထွက်လာပါဟု ပြောလိုက်သည်။ အမျိုးသမီးတို့သည် ယူစွဖ်ကို မြင်ကြ သောအခါ တွေဝေငေးငိုင်သွားကြသည်။ ထို့နောက် မိမိတို့၏ လက်များကို လိုးဖြတ် လိုက်ကြသည်။ သူတို့ကပြောကြသည်။ အလွန်ဟ၊ ထိန်းသိမ်းပါ။ ဤသည် လူမ ဟုတ်။ မြင့်မြတ်သော ကောင်းကင်တမန်တစ်ပါးသာ ဇကန်စင်စစ် ဖြစ်သည်။ **၃၂။** အမျိုးသမီးကပြောသည်။ ဤသည် ကျွန်မကို အသင်မတို့ ပုတ်ခတ်နေသော သူပင် ဖြစ်သည်။ ကျွန်မသည် သူ့ကို ဖြားယောင်းဖို့ကြိုးစားခဲ့သည်။ သို့သော် သူလွတ်သွား ခဲ့သည်။ အကယ်၍ သူသည် ကျွန်မခိုင်းသည်ကို မလုပ်လျှင် အကျဉ်း ထောင်ချခြင်း ကို မုချခံရမည်။ ထို့ပြင် မုချသေးသိမ်ရလိမ့်မည်။ **၃၃။** ယူစွဖ်ကပြော သည်။ အိုး-ကျွန်တော်မျိုး၏အရှင်၊ သူတို့ကျွန်ုပ်ကို ဖိတ်ခေါ်နေသော အရာထက် ကျွန်ုပ်သည် အကျဉ်းထောင်ကို ပို၍ နှစ်သက်ပါသည်။ အကယ်၍ အရှင်မြတ်သည် သူတို့၏ အကြံအစည်ကို ကျွန်ုပ်ထံမှ မဖယ်ရှားပေးခဲ့ပါက ကျွန်ုပ်သည် သူတို့ဘက်သို့ မုချ ယိမ်းယိုင်သွားခဲ့ပေမည်။ ထို့နောက် လူမိုက်များတွင် အပါအဝင်ဖြစ်သွားခဲ့ပေမည်။ **၃၄။** သို့ဖြစ်ရာ သူ့အရှင်မြတ်သည် သူ့တောင်းဆုကို လက်ခံတော်မူလိုက်သည်။ ထို့နောက် သူတို့၏ အကြံအစည်များမှ သူ့ကို ဖယ်ရှားပေးတော်မူခဲ့သည်။ စင်စစ် တွင် ထိုအရှင်သည် အလွန်ကြားတော်မူသော၊ အလွန်သိတော်မူသောအရှင်ပင်

ဖြစ်သည်။

၃၅။ ထို့နောက် လက္ခဏာများကို ကြည့်ပြီးသည့်နောက်တွင် သူကို အချိန်ကာလတစ်ခုထိ အကျဉ်းထောင်ချထားသင့်သည်ဟု သူတို့က ယူဆခဲ့ကြသည်။ **၃၆။** အကျဉ်းထောင်အတွင်းသို့ သူနှင့်အတူ နောက်ထပ် လူငယ်နှစ်ဦးလည်း ဝင်ရောက်ခဲ့သည်။ သူတို့နှစ်ဦးအနက် တစ်ဦးက(တစ်နေ့တွင်) ပြောလေသည်။ ကျွန်ုပ်သည် အရက်ညှစ်နေသည်ဟု အိပ်မက်မြင်မက်သည်။ နောက်တစ်ဦးက ပြောသည်။ ကျွန်ုပ်သည် ဦးခေါင်းထက်တွင် မုန့်ကိုထမ်းရွက် ထားသည်။ ယင်း မုန့်ကို ငှက်များက စားနေကြသည်ဟု ကျွန်ုပ် အိပ်မက်မြင် မက်ပါသည်။ ယင်းအိပ်မက်၏ အနက်သဘောကို ကျွန်ုပ်တို့အား ပြောပြပါ။ အသင်သည် လူကောင်းတစ်ဦးဖြစ်သည်ဟု ကျွန်ုပ်တို့ မြင်ရသည်။

၃၇။ ယူစွဖ်က ပြောသည်။ အသင်တို့ရရှိနေသည့်အစားအစာ အသင်တို့ထံ မရောက်မီအလျင် ကျွန်ုပ်သည် အသင်တို့နှစ်ဦးအား ထိုအိပ်မက်များ၏ အနက်သဘောကို ပြောပြလိုက်ပေမည်။ ဤသည် ကျွန်ုပ်၏ အရှင်သခင်က ကျွန်ုပ်အား သင်ကြားပေးခဲ့သော အသိပညာထဲမှ ဖြစ်သည်။ အလ္လာဟ်အပေါ် သက်ဝင်ယုံကြည်မှု မရှိကြသည့်အပြင် နောင်တမလွန်ကိုပါ ငြင်းဆန်ကြသော သူတို့၏ လမ်းစဉ်ကို ကျွန်ုပ်သည် စွန့်ပစ်ခဲ့ပေသည်။ **၃၈။** ထို့ပြင် ကျွန်ုပ်သည် မိမိ၏ အဘဘိုး ဘေးများဖြစ်ကြသော အိပ်ရာဟီးမ်၊ အစ္စဟာက်နှင့် ယအ်ကူးပ်တို့၏ သာသနာ့လမ်းစဉ်ကို လိုက်နာခဲ့ပါသည်။ တစ်စုံတစ်ခုကို အလ္လာဟ်နှင့် တုဖက်ကိုးကွယ်ရန် မှာ ကျွန်ုပ်တို့အဖို့ အခွင့်မရှိပေ။ ဤသည် ကျွန်ုပ်တို့အပေါ်၊ လူခပ်သိမ်းတို့အပေါ် အလ္လာဟ်ပြုထားသော ကျေးဇူးတရားသာဖြစ်သည်။ သို့သော် လူအများက်အများသည် ကျေးဇူးမသိတတ်ကြပေ။ **၃၉။** အို- အကျဉ်းထောင်မှ ကျွန်ုပ်၏မိတ်ဆွေနှစ်ဦး၊ အမျိုးမျိုးကွဲပြားနေသည့် ကိုးကွယ်ရာများက ပိုမြင့်မြတ်သလော၊ သို့မဟုတ် တစ်ဆူတည်းဖြစ်သော၊ နိုင်နင်း လွှမ်းမိုးတော်မူသော အလ္လာဟ်အရှင်က ပိုမို မြင့်မြတ်သလော။ **၄၀။** အလ္လာဟ်ကို စွန့်၍ အသင်တို့ ကိုးကွယ်နေသော အရာများသည် အသင်တို့နှင့် အသင်တို့၏ အဘဘိုးဘေးတို့က အမည်ပေးထားသော အမည်နာမ

များသာ ဖြစ်သည်။ အလွှာဟ်က ထိုအတွက် မည်သည့် သက်သေမျှ ချပေးတော်မမူခဲ့ပေ။ အမိန့်အာဏာသည် အလွှာဟ်အဖို့သာလျှင် ဖြစ်သည်။ အရှင်မြတ်သည် မိမိမှလွဲ၍ အခြားတစ်စုံတစ်ရာကို ခပ်ဆည်းကပ်မှုမပြုရန် အမိန့်ပေးခဲ့သည်။ ဤသည်ပင် ဖြောင့်မတ်မှန်ကန်သော ဒီးန်သာသနာဖြစ်သည်။ သို့သော် လူအများက်အများသည် မသိရှိကြပေ။

၄၁။ အို-အကျဉ်းထောင်မှ ကျွန်ုပ်၏ မိတ်ဆွေနှစ်ဦး၊ အသင်တို့နှစ်ဦးအနက် တစ်ဦးသည် မိမိ၏ သခင်ကို အရက်တိုက်ကျွေးရလိမ့်မည်။ နောက်တစ်ဦးမှာမူ ကားစင်အတင်ခံရမည်ဖြစ်ပြီး ငှက်များက သူ၏ ဦးခေါင်းမှ စားကြလိမ့်မည်။ အသင်တို့နှစ်ဦး မေးမြန်းသည့် ကိစ္စသည် ဆုံးဖြတ်ပြီးသွားလေပြီ။ **၄၂။** ယူစွဖ်က သူတို့နှစ်ဦးအနက် လွတ်မြောက်မည်ဟု ယူဆသည့် သူအား အသင်သည် မိမိသခင်ထံတွင် ကျွန်ုပ်အကြောင်း ပြောပြလိုက်ပါဟု ပြောခဲ့သည်။ ထို့နောက် ရှိုင်သွာန်က ထိုသူ့ကို မိမိသခင်ထံ ဤအကြောင်းပြောပြရန် မေ့လျော့စေခဲ့သည်။ သို့နှင့် သူသည် အကျဉ်းထောင်တွင် နှစ်အချို့ နေခဲ့ရပြန်သည်။

၄၃။ ထို့နောက် ဘုရင်က မိန့်သည်။ ငါသည် ဝဖြိုးသောနွားမခုနစ်ကောင်ကို ပိန်လှီသော နွားမခုနစ်ကောင်က စားနေကြသည်ဟု အိပ်မက်၌ မြင်မက်၏။ ထို့ပြင် စိမ်းစိုသော စပါးနှံခုနစ်နှံနှင့် အခြားခြောက်သွေ့သော စပါးနှံခုနစ်ကိုပါ မြင်မက်၏။ အို-မှူးကြီးမတ်ရာတို့၊ အသင်တို့သည် အိပ်မက်သဘောကို ဖွင့်ဆိုနိုင်ကြလျှင် ငါ့အား အိပ်မက်သဘောကို ဖွင့်ဆိုပြကြလေကုန်။ **၄၄။** သူတို့က ဤသည်ကယောင်ကတမ်း အိပ်မက်များသာလျှင် ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် အိပ်မက်များ၏ သဘောတရားကို သိကြသူများ မဟုတ်ကြပေ။

၄၅။ အကျဉ်းသားနှစ်ဦးအနက် လွတ်မြောက်ခဲ့သောသူက ကာလတစ်ခုနောက်မှ သတိရလာပြီး ပြောသည်။ ကျွန်ုပ်သည် အသင်တို့အား ထိုအိပ်မက်များ၏ သဘောကို ပြောပြမည်။ ထို့ကြောင့် ကျွန်ုပ်အား (ယူစွဖ်ထံသို့) စေလွှတ်လိုက်ပါ။

၄၆။ ယူစွဖ်၊ အို-ဖြောင့်မတ်မှန်ကန်သူ၊ ဝဖြိုးသောနွားမခုနစ်ကောင်ကို

ပိန်လှီသော နွားမခုနစ်ကောင်က စားနေကြခြင်းနှင့် စိမ်းစိုသော စပါးနှံခုနစ်နှံနှင့် အခြားခြောက်သွေ့သော စပါးနှံတို့နှင့် ပတ်သက်ပြီး အိပ်မက်သဘောကို ရှင်းပြပေးပါ။ ကျွန်ုပ်သည် လူတို့သိရှိသွားကြရန် သူတို့ထံသို့ ပြန်သွား(ပြော)ဖို့ ဖြစ်သည်။ **၄၇။** ယူစွဖ်က ပြောသည်။ အသင်တို့သည် ခုနစ်နှစ်တိုင်အောင် ဆက်တိုက် စိုက်ပျိုးကြရမည်။ သို့ရာတွင် အသင်တို့ စားကြမည့် အနည်းငယ်မှလွဲ၍ အခြားရိတ်သိမ်းလိုက်သည်များကို အနှံအတိုင်း ထားရှိကြပါ။ **၄၈။** ထို့နောက်တွင် ခက်ခဲလှသည့် ခုနစ်နှစ် ရောက်လာလိမ့်မည်။ ထိုကာလအတွက် ကြိုတင်၍ သိုလှောင်ထားခဲ့သည်များမှ စိုက်ပျိုးရန် သိမ်းဆည်းထားသည့် အနည်းငယ်မှလွဲ၍ ကျန်သည်များကို လူတို့စားသုံးလိုက်ကြမည်။ **၄၉။** တစ်ဖန် ထို့နောက်တွင် နှစ်တစ်နှစ် ရောက်လာမည်။ ယင်းနှစ်တွင် လူများအပေါ် မိုးရွာသွန်းပေမည်။ ထိုနှစ်တွင် (သစ်သီး) အရည်များ ညှစ်ကြလိမ့်မည်။

၅၀။ ဘုရင်က မိန့်သည်။ သူ့ကို ငါ့ထံ ခေါ်ဆောင်လာကြကုန်။ သို့ရှိရာသံတမန်သည် ၎င်းထံသို့ ရောက်သွားသောအခါ ၎င်းက ပြောသည်။ အသင်သည် မိမိသခင်ထံသို့ ပြန်သွားလိုက်ပြီး မိမိတို့၏ လက်များအား လှီးဖြတ်ခဲ့ကြသော အမျိုးသမီးများ၏ ကိစ္စသည် မည်သို့ရှိခဲ့သည်ကို သူ့အားမေးမြန်းလိုက်ပါ။ ကျွန်ုပ်၏ ဖန်ဆင်းရှင်သည် မိန်းမတို့၏ ပရိယာယ်မာယာကို ဧကန်ပင် ကောင်းစွာ သိတော်မူလေသည်။ **၅၁။** ဘုရင်က မေးမြန်း၏။ အသင်မတို့သည် ယူစွဖ်အား သွေးဆောင်ဖြားယောင်းဖို့ ကြိုးစားခဲ့ကြစဉ်က အသင်မတို့၏ အဖြစ်သည် မည်သို့ရှိခဲ့သနည်း။ သူမတို့က လျှောက်ထား ဖြေကြားကြသည်။ အလွှာဟ်အရှင်သည် သန့်ရှင်းစင်ကြယ်ပါ၏။ ကျွန်မတို့သည် သူ့တွင် မကောင်းမှုတစ်ခုတလေမျှပင် မသိရှိခဲ့ကြပါ။ အဇီးဇ်၏ ဇနီးက ပြောတော့သည်။ ယခုအခါ အမှန်တရားမှာ ပေါ်လွင်လာခဲ့ပေပြီ။ ကျွန်မကသာလျှင် သူ့အား သွေးဆောင်ဖြားယောင်းခဲ့ခြင်း ဖြစ်ပါသည်။ စင်စစ်တွင် သူသည် ဖြောင့်မတ်မှန်ကန်သူသာ ဖြစ်ပါသည်။

၅၂။ ဤသို့ ပြုရခြင်းမှာ (အီဂျစ်၏ အဇီးဇ်အား) ကျွန်ုပ်အနေနှင့် နောက်ကွယ်၌ သူ့ကို မည်သို့သော သစ္စာဖောက်မှုကိုမျှ မပြုခဲ့ကြောင်း သိရှိသွားစေ

ရန် ဖြစ်သည်။ စင်စစ်တွင် အလွှာဟ်သည် သစ္စာဖောက်သူတို့၏ ပရိယာယ်ကို ဆုံးခန်းတိုင်းအောင် ရောက်ခွင့်ပေးတော်မမူပေ။

★**၅၃။** ထို့ပြင် ကျွန်ုပ်သည် မိမိ၏စိတ်ကို အပြစ်ကင်းသည်ဟု မသတ်မှတ်ပေ။ ကျွန်ုပ်၏ အရှင်သာ ကရုဏာမပြုပါလျှင် စင်စစ်တွင် စိတ်သည် မကောင်းမှုကိုသာ သင်ကြားပေးပါသည်။ ကျွန်ုပ်၏အရှင်သည် အလွန်လွတ်ငြိမ်း ချမ်းသာခွင့် ပြုတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင် မုချဖြစ်ပေသည်။

၅၄။ ဘုရင်က မိန့်သည်။ သူ့ကို ငါ့ထံ ခေါ်ဆောင်လာကြကုန်။ ငါသည် မိမိအတွက် အထူးလူအဖြစ် သူ့ကို ရွေးချယ်လိုက်မည်။ တစ်ဖန် ယူစွဖ်က ဘုရင်နှင့် စကားပြောဆိုပြီးသည့်အခါ ဘုရင်က မိန့်သည်။ ဇကန်ပင် သင်သည် ယနေ့မှ စ၍ ငါတို့ထံတွင် ဂုဏ်ဒြပ်မြင့်မားသူနှင့် စိတ်ချယုံကြည်ရသူဖြစ်သွားပေပြီ။ **၅၅။** ယူစွဖ်က ပြောသည်။ ကျွန်ုပ်အား နိုင်ငံတော်ဘဏ္ဍာတိုက်များအပေါ် ခန့်အပ်ပေးတော်မူပါ။ ကျွန်ုပ်သည် ထိန်းသိမ်းတတ်သူ၊ သိကျွမ်းသူတစ်ဦး ဖြစ်ပါသည်။ **၅၆။** ထိုကဲ့သို့ပင် ငါအရှင်သည် ယူစွဖ်အား တိုင်းပြည်တွင် မိမိနေလိုရာနေရာတွင် နေထိုင်နိုင်ပြီး ကိုယ်ပိုင်စီမံခွင့်ကို ပေးသနားတော်မူလိုက်သည်။ ငါအရှင်သည် မိမိအလိုတော်ရှိသူအပေါ် ကရုဏာထားတော်မူသည်။ ငါအရှင်သည် ကောင်းမှုကျင့် ဆောင်သူများ၏ အကျိုးကုသိုလ်ကို အချည်းနှီးမလုပ်ပေ။ **၅၇။** ထို့ပြင် အီမာန်ယုံကြည်မှုနှင့် သက္ကဝါတည်းဟူသော ကြဉ်ရှောင်မှုတရားရှိသူတို့အဖို့ တမလွန်၏ အကျိုးကုသိုလ်သည် အကောင်းဆုံးဖြစ်ပေသည်။

၅၈။ ထို့နောက် ယူစွဖ်၏ နောင်တော်များသည် အီဂျစ်သို့ ရောက်လာခဲ့ကြပြီး သူ့ထံသို့ ဝင်ရောက်ခစားခဲ့ကြသည်။ သို့နှင့် ယူစွဖ်က သူတို့ကို မှတ်မိသိရှိသော်လည်း သူတို့ကမူ သူ့ကို မမှတ်မိခဲ့ကြပေ။ **၅၉။** သူသည် ၎င်းတို့၏ ပစ္စည်းများအား အဆင်သင့်ပြုလုပ်ပေးပြီးသောအခါ မိန့်သည်။ အသင်တို့သည် မိမိတို့၏ ဖအေတူမအေကွဲညီကိုပါ ငါ့ထံ ခေါ်ဆောင်လာခဲ့ကြကုန်။ ကျွန်ုပ်သည် ကောက်ပဲသီးနှံများကို ပြည့်ပြည့်ဝဝ ခြင်တွယ်ပေးပြီး ကျွန်ုပ်သည် အကောင်းဆုံး

ဧည့်ဝတ်ပြုသူဖြစ်သည်ကို အသင်တို့ မတွေ့မြင်ကြသလော။ **၆၀။** ထို့ပြင် အကယ်၍ အသင်တို့သည် ညီငယ်အား ကျွန်ုပ်ထံသို့ မခေါ်ဆောင်လာခဲ့ ကြပါမူ အသင်တို့အဖို့ ကျွန်ုပ်ထံ၌ မည်သည့်ကောက်ပဲသီးနှံမှ ရှိမည်မဟုတ်သည့် အပြင် အသင်တို့သည် ကျွန်ုပ်ထံသို့ ချဉ်းကပ်ခစားခြင်းကိုပင် မပြုကြလေနှင့်။ **၆၁။** ထိုအခါ သူတို့က ပြောကြသည်။ ကျွန်ုပ်တို့သည် သူ၏ ဖခင်ကို သူနှင့်စပ်လျဉ်း၍ (ခွင့်ပြုရန်) ကြည်ဖြူအောင် ကြိုးစားကြမည်။ ကျွန်ုပ်တို့သည် မလွဲမသွေပြုလုပ်ကြပါမည်။

၆၂။ ထို့နောက် သူက မိမိ၏ အစေတော်များအား မိန့်သည်။ သူတို့၏ ငွေများကို သူတို့၏ ပစ္စည်းများထဲတွင် ထည့်ပေးထားလိုက်ကြပါ။ သို့နှင့် သူတို့သည် မိမိတို့၏ အိမ်သို့ ပြန်ရောက်သွားကြသည့်အခါ မှတ်မိကြမည်ဖြစ်ပြီး တစ်ဖန်ပြန်လာ ကောင်း ပြန်လာကြမည်ဖြစ်သည်။ **၆၃။** သူတို့သည် မိမိတို့၏ ဖခင်ထံသို့ ပြန်ရောက် သွားကြလေသော် ပြောကြသည်။ အို-ဖခမည်းတော်၊ ကျွန်ုပ်တို့ထံမှ ကောက်ပဲသီး နှံ(ပေးခြင်းကို) အပိတ်ခံလိုက်ရပြီ ဖြစ်သည်။ ထို့ကြောင့် ကောက်ပဲသီးနှံပြန်လည် ယူလာနိုင်ရန် ကျွန်ုပ်တို့၏ညီငယ်(ဗင်နယာမီးန်)ကို ကျွန်ုပ်တို့နှင့်အတူ စေလွှတ် ပေးပါ။ ကျွန်ုပ်တို့သည် ၎င်းအား စောင့်ရှောက်မည့်သူများ ဖြစ်ကြပါသည်။ **၆၄။** ယအ်ကူဗ်က ပြောသည်။ ငါသည် သည့်အလျင်က သူ၏နောင်တော်နှင့်ပတ်သက်ပြီး အသင်တို့ကို အားထားယုံကြည်ခဲ့သကဲ့သို့ သူနှင့် ပတ်သက်ပြီးလည်း အသင်တို့အ ပေါ် အားထားယုံကြည်ရမည်လော။ အလ္လာဟ်သည်သာ အကောင်းဆုံးစောင့် ရှောက်သူဖြစ်ပြီး အရှင်မြတ်သည် သနား ကြင်နာသူအပေါင်းတွင် အသနားဆုံးအ ကြင်နာဆုံးသောသူပင် ဖြစ်သည်။

၆၅။ ထို့နောက် သူတို့သည် မိမိတို့၏ ပစ္စည်းများကို ဖွင့်လိုက်ကြသော အခါ သူတို့၏ငွေကြေးပစ္စည်းများကို သူတို့အား ပြန်ပေးထားသည်ကို တွေ့ကြရ တော့ သည်။ သူတို့က အို-ဖခမည်းတော်၊ ကျွန်ုပ်တို့ (နောက်ထပ်) အဘယ်အရာကို အလိုရှိပါသေးသနည်း။ ဤသည် ကျွန်ုပ်တို့၏ ငွေကြေးပစ္စည်းဖြစ်သည်။ ကျွန်ုပ်တို့ အား ပြန်ပေးလိုက်သည်။ ကျွန်ုပ်တို့ ပြန်သွားပြီး မိမိတို့၏အိမ်သားများအတွက် စားနပ်ရိက္ခာကို ယူဆောင်လာမည်။ ကျွန်ုပ်တို့၏ ညီငယ်ကိုလည်း စောင့်ရှောက်

ကြပါမည်။ ကုလားအုတ် တစ်စီးစာကောက်ပဲသီးနှံကို ထပ်မံယူလာကြပါမည်။ ထိုအတိုင်းအတာ ကောက်ပဲသီးနှံမှာ အနည်းငယ်သာလျှင် ဖြစ်သည်။ **၆၆။** ယအ်ကူဝ်က ပြောသည်။ အသင်တို့ကိုယ်တိုင် ဝန်းရံခံရသည့် အခြေအနေမျိုးမှလွဲ၍ (အဘယ်အခြေအနေရောက်ရောက်) သူ့ကို ငါ့ထံသို့ မုချပြန်ခေါ်လာမည်ဟု အလွှာဟ်နာမတော်ကိုင်၍ ကတိမပြုမချင်း ငါသည် သူ့ကို အသင်တို့နှင့်အတူ အလျှင်းစေလွှတ်မည်မဟုတ်။ သို့နှင့် သူတို့သည် ၎င်းအား မိမိတို့၏ အခိုင်အမာနှုတ်ကတိကို ပေးလိုက်ကြသောအခါ သူက ပြောသည်။ တို့တစ်တွေ့ ပြောခဲ့ကြသည့် စကားရပ်များအပေါ် အလွှာဟ်သည် သက်သေဖြစ်တော်မူပေသည်။

၆၇။ ယအ်ကူဝ်က ပြောသည်။ အို-ငါ့သားတို့၊ အသင်တို့အားလုံး တံခါးတစ်ပေါက်တည်းမှ မဝင်ကြဘဲ တံခါးပေါက်အသီးသီးမှ ဝင်ကြပါ။ ငါသည် အသင်တို့အား အလွှာဟ်၏ မည်သည့်ကိစ္စရပ်မှ ကာကွယ်ပေးနိုင်မည်မဟုတ်။ အမိန့်အာဏာကို အလွှာဟ်သာလျှင် စိုးပိုင်သည်။ ငါသည် အရှင့်အပေါ်သာ အားကိုးအားထားမှု ပြုပါသည်။ ထို့ပြင် အားကိုးအားထားမှုပြုသူများသည်လည်း အရှင်မြတ်အပေါ်သာ အားကိုးအားထားမှု ပြုရမည်။ **၆၈။** သူတို့သည် မိမိတို့ဖခင်က မိမိတို့ကို လမ်းညွှန်ပေးခဲ့သည့်နေရာများမှ ဝင်ရောက်လိုက်ကြသောအခါ ထိုသို့ ဝင်ရောက်ခြင်းသည်လည်း သူတို့အား အလွှာဟ်၏ မည်သည့်ကိစ္စရပ်ကမှ ကာကွယ်မပေးနိုင်ခဲ့ပေ။ သို့သော်လည်း (ဤသည်) စိတ်နလုံးအတွင်း ဖြစ်ပေါ်ခဲ့သော ဆန္ဒတစ်ခုကို ယအ်ကူဝ်က ဆောင်ရွက်လိုက်ခြင်းသာ ဖြစ်သည်။ သူသည် ငါအရှင် သင်ကြားပေးထားသောအရာများဖြင့် ပညာရှိတစ်ဦး မုချဇကာန် ဖြစ်သည်။ သို့သော် လူအများစုက မသိရှိကြပေ။

၆၉။ ထို့နောက် သူတို့သည် ယူစွဖ်ထံသို့ ခစားရောက်ရှိကြသော် ၎င်းက မိမိ၏ ညီငယ်ကို မိမိအပါးသို့ ခေါ်ထားလိုက်၏။ ထို့နောက်ပြော၏။ ငါသည် အသင်၏ နောင်တော် (ယူစွဖ်)ဖြစ်သည်။ သို့ရှိရာ ၎င်းတို့ ပြုမူနေသည်များနှင့် စပ်လျဉ်း၍ စိတ်အားမငယ်လေနှင့်။ **၇၀။** သူသည် ၎င်းတို့၏ ပစ္စည်းများအား အဆင်သင့်ပြုလုပ်ပေးပြီးသောအခါ သောက်ရေခွက်ကို မိမိညီငယ်၏ ပစ္စည်းများထဲတွင် ထည့်

လိုက်သည်။ ထို့နောက် ကြေညာသူတစ်ဦးက ကြေညာ သည်။ အို-ခရီးသွားတို့၊ အသင်တို့သည် ခိုးဝှက်ကြသူများပင် ဖြစ်သည်။ **၇၁။** ၎င်းတို့က သူတို့ဖက်သို့ လှည့်ကြ၍ အသင်တို့ အဘယ်အရာ ပျောက်ရှပါသနည်းဟု ပြောဆိုမေးမြန်းကြ၏။ **၇၂။** သူတို့က ပြောသည်။ ကျွန်ုပ်တို့သည် ဘုရင့်ခြင်္ဂါက် ပျောက်ဆုံးနေကြပါသည်။ မည်သူမဆို ထိုခြင်္ဂါက်ကို ယူဆောင်လာမည်ဆိုလျှင် ထိုသူအတွက် ကုလားအုတ် တစ်စီးစာ ကောက်ပဲသီးနှံ ရရှိမည်ဖြစ်ပြီး ကျွန်ုပ်သည် ထိုအတွက် တာဝန်ယူသည်။ **၇၃။** သူတို့က ပြန်ပြောကြသည်။ အလွှာဟ်ကို တိုင်တည်ပါသည်။ ကျွန်ုပ်တို့သည် ဤမြို့တွင် ဖျက်လိုဖျက်ဆီးလုပ်ရန် လာရောက်ခဲ့ကြခြင်း မဟုတ်သည်ကို အသင်တို့ သိရှိကြသည်။ ထို့ပြင် ကျွန်ုပ်တို့သည် သူခိုးများလည်း မဟုတ်ကြပေ။ **၇၄။** ၎င်းတို့က ပြောကြသည်။ အကယ်၍ အသင်တို့သည် လိမ်လည်ကြလျှင် သူခိုး၏ ပြစ်ဒဏ်မှာ အဘယ်နည်း။ **၇၅။** သူတို့က ပြောကြသည်။ အကြင်သူ၏ ပစ္စည်းထဲတွင် ထိုခြင်္ဂါက်ကို တွေ့ရှိရလျှင် ထိုသူသည် ပြစ်ဒဏ်၏အစားဖြစ်မည်။(ထိုသူကို ကျွန် ပြုနိုင်သည်။) ကျွန်ုပ်တို့သည် (ခိုးခြင်းတည်းဟူသော)မတရားမှုကျူးလွန်သောသူတို့ကို (မိမိတို့ဥပဒေတွင်) ဤသို့ပင် ပြစ်ဒဏ်ပေးလေ့ရှိကြပါသည်။ **၇၆။** ထို့နောက် သူသည် မိမိ၏ညီငယ်ထက်အလျင် သူတို့၏ အိတ်များကို ရှာဖွေစစ်ဆေးမှု ပြုလေ တော့သည်။ ထို့နောက်တွင် သူညီငယ်၏ အိတ်တွင်းမှ ခြင်္ဂါက်ကို ထုတ်ယူပြလိုက် သည်။ ဂါအရှင်သည် ယူစွဖ်အတွက် ဤကဲ့သို့ စီမံပေးတော်မူခဲ့သည်။ သူသည် ဘုရင့်စည်းမျဉ်းဥပဒေ ရှထောင့်မှဆိုလျှင် မိမိ၏ညီငယ်ကို ခေါ်ထားနိုင်မည်မဟုတ် ချေ။ အလွှာဟ် အလိုတူ၍သာလျှင် ဖြစ်သည်။ ဂါအရှင်သည် မိမိအလိုတော် ရှိသူ ကို အဆင့်အတန်းများ မြှင့်တင်ပေးတော်မူလေသည်။ ထို့ပြင် ပညာရှင်တိုင်း၏ အထက်တွင် အလွန်သိသူတစ်ဦး ရှိလေသည်။

၇၇။ သူတို့က ပြောကြသည်။ အကယ်၍ သူသည် ခိုးထားခဲ့လျှင် သည့် အလျင်က သူ၏ နောင်တော်တစ်ဦးသည်လည်း ခိုးယူခဲ့ဖူးသည်။ ထိုအခါ ယူစွဖ်က ထိုအကြောင်းအရာကို မိမိစိတ်ထဲ၌သာ ဖုံးကွယ်ထားလိုက်ပြီး သူတို့ကို ဖော်ထုတ် ပြခဲ့ခြင်း မပြုဘဲ (မိမိစိတ်တွင်းမှသာ) အသင်တို့သည်သာလျှင် ရုပ်ညံ့သူများဖြစ်ကြ

သည်။ ထို့ပြင် အသင်တို့ ပြောဆိုသည်များကို အလွှာဟ်သာလျှင် အသိ တော်မူဆုံးဖြစ်သည်ဟု ပြောလေသည်။ **၇၈။** ၎င်းတို့က ပြောကြသည်။ အို-အဇီးဖ်၊ သူတွင် အလွန်အိုမင်းနေသည့် ဖခင်တစ်ဦးရှိသည်။ ထို့ကြောင့် သူနေရာတွင် ကျွန်ုပ်တို့အနက်မှ တစ်ဦးကို ခေါ်ယူထားလိုက်ပါ။ ကျွန်ုပ်တို့သည် အသင့်အား အလွန်ကောင်းမြတ်သူအဖြစ် မြင်တွေ့ကြပါသည်။ **၇၉။** သူက ပြောသည်။ ကျွန်ုပ်တို့၏ပစ္စည်းကို လက်ဝယ်ဖမ်းမိထားသူမှလွဲ၍ အခြားသူတစ်ဦးကို ကျွန်ုပ်တို့ဖမ်းဆီးခြင်းမှ အလွှာဟ်ထံ ခိုလှုံပါ၏။ သို့ဖမ်းခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့သည် မတရား သောသူများ မုချဖြစ်သွားကြမည်။

၈၀။ သူတို့သည် သူ့ထံမှ မျှော်လင့်ချက်ကင်းမဲ့သွားကြလေသော် ဖယ် ခွာ၍ အချင်းချင်းသီးသန့်တိုင်ပင်ကြတော့၏။ သူတို့ထဲက ကြီးသူက ပြော၏။ အသင်တို့၏ဖခင်သည်အလွှာဟ်နာမတော်ကိုကိုင်၍အခိုင်အမာကတိယူခဲ့သည်ကို အသင်တို့ မသိရှိကြသလော။ ထို့ပြင် သည်အလျင်ကလည်း ယူစွဖ်၏ အရေးကိစ္စ တွင် အသင်တို့ မတရားပြုလုပ်ခဲ့ကြသည်ကို အသင်တို့သိရှိကြ၏။ သို့ရှိရာ ငါသည် ဖခင်က ငါ့ကို အခွင့်မပေးသရွေ့ သို့မဟုတ် အလွှာဟ်က ငှဲ့အတွက် ဆုံးဖြတ်ချက် တစ်စုံတစ်ရာ မချမှတ်သရွေ့ ဤမြေမှ လုံးဝစွန့်ခွာတော့မည်မဟုတ်။ အရှင်မြတ် သည် အကောင်းဆုံး စီရင်ဆုံးဖြတ်ပေးတော်မူသော အရှင်ဖြစ်သည်။ **၈၁။** အသင် တို့သည် မိမိတို့၏ ဖခင်ထံသို့ ပြန်၍ ပြောပြကြကုန်။ အို-ကျွန်ုပ်တို့၏ ဖခင်၊ ဖခင်၏ သားတော်သည် ခိုးဝှက်ခဲ့သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့သိရှိသည်ကိုသာ ပြောပြ ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အကွယ်ကို စောင့်ရှောက် ကာကွယ်သူများ မဟုတ်ကြပေ။ **၈၂။** ထို့ပြင် အသင်သည် ကျွန်ုပ်တို့ ရှိခဲ့သည့် ရွာကလူတို့အား မေးမြန်းကြည့်ပါ။ ထို့ပြင် ကျွန်ုပ်တို့နှင့် အတူလာခဲ့ကြသည့် ခရီးသည် အုပ်စုအား လည်းမေးမြန်းကြည့်ပါ။ ကျွန်ုပ်တို့သည် လုံးဝမှန်ကန်သူများပင် ဖြစ်ကြသည်။

၈၃။ ဖခင်က ပြောသည်။ စင်စစ်တွင် သင်တို့သည် မိမိတို့စိတ်၏ စေ့ဆော်မှုကြောင့် ကိစ္စရပ်တစ်ခုကို ဖန်တီးလုပ်ကြံလိုက်ကြခြင်းသာဖြစ်သည်။ ထို့ ကြောင့် ခွန်အားထားခြင်းသည်သာ ကောင်းပါသည်။ အလွှာဟ်သည် သူတို့အား

လုံးကို ငှဲ့ထံသို့ ခေါ်ဆောင်လာမည်ဟု မျှော်လင့်ပါသည်။ အရှင်မြတ်သည် အလွန်သိရှိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။ **၈၄။** ထို့နောက် သူသည် လှည့်ထွက်သွားကာ «ယူစွဖ်အပေါ် ဝမ်းနည်းပူဆွေးလိုက်ရလေခြင်း»ဟု ပြောလေသည်။ ထို့ပြင် ပူဆွေးသောကကြောင့် သူ၏မျက်စိမျက်ဆန်များသည် ဖြူသွားခဲ့လေသည်။ သူသည် မခံချိမခံသာ မျိုသိပ်နေခဲ့ရသည်။ **၈၅။** ၎င်းတို့က ပြောကြသည်။ အလွှာဟ်ကို တိုင်တည်ပါသည်။ အသင်သည်ယူစွဖ်ကို သာလျှင် သတိရတမ်းတနေတော့သည်။ နောက်ဆုံး အသင်သည် လွန်စွာနာမကျန်း ဖြစ်သွားပေတော့မည်။ သို့မဟုတ် ဆုံးပါးသွားတော့မည်။ **၈၆။** သူက ပြောသည်။ ငါသည် မိမိ၏သောကနှင့် မိမိ၏ဝမ်းနည်းပူဆွေးမှုကို အလွှာဟ်ထံတော်၌သာ တိုင်ကြားပါသည်။ ထို့ပြင် ငါသည် အလွှာဟ်ထံမှ အသင်တို့မသိသောအရာကို သိရှိပါသည်။ **၈၇။** အို-ငှဲ့သားတို့၊ အသင်တို့ သွားကြပါ။ ယူစွဖ်နှင့် သူညီကို ရှာဖွေကြပါ။ ထို့ပြင် အလွှာဟ်ကရုဏာတော်မှ မက်မကင်းကြနှင့်။ ငြင်းပယ်သူများသာ အလွှာဟ်ကရုဏာတော်မှ မက်ကင်းကြကုန်၏။

၈၈။ ထို့နောက် သူတို့သည် ယူစွဖ်ထံသို့ ဝင်ရောက်ကြလေသော် သူတို့က ပြောကြသည်။ အို-အဇီဇ်၊ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အိမ်သူအိမ်သားများသည် ဒုက္ခအကြီးအကျယ်ရောက်နေကြပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် အနည်းငယ်သော ကုန်ပစ္စည်းကိုသာ ယူလာခဲ့ကြပါသည်။ သို့ရှိရာ အသင်သည် ကျွန်ုပ်တို့အား ကောက်ပဲသီးနှံအလုံအလောက်ပေးလိုက်ပါ။ ထို့ပြင် ကျွန်ုပ်တို့အား စွဒကဟ် (အလျူ)လည်း ပေးလိုက်ပါ။ အလွှာဟ်သည် စွဒကဟ်(အလျူဒါန)ပြုသူတို့အား အစား ပေးတော်မူပါသည်။ **၈၉။** သူက ပြောသည်။ အသင်တို့သည် မသိမိုက်မဲစဉ် အခါက ယူစွဖ်နှင့် သူ၏ညီငယ်ကို မည်သို့ ပြုမူခဲ့သနည်းဆိုသည်ကို သိကြပါသလော။ **၉၀။** သူတို့က ပြောကြတော့သည်။ စင်စစ်တွင် အသင်သည်ပင် ယူစွဖ်ဖြစ်လေသလော။ သူက ပြောသည်။ ကျွန်ုပ်သည် ယူစွဖ်ပင် ဖြစ်သည်။ ဤသည် ကျွန်ုပ်၏ညီပင် ဖြစ်သည်။ အလွှာဟ်သည် ကျွန်ုပ်တို့အပေါ် ကျေးဇူးပြုတော်မူခဲ့သည်။ အကြင်မည် သူမဆို အလွှာဟ်ကို ကြောက်ရွံ့မည်၊ ထို့ပြင် ခွန်အင်တရားထား

မည်ဆိုလျှင် အလွှာဟ်သည် ကောင်းမှုကျင့်ကြံသူတို့၏ အကျိုးကုသိုလ်ကို အချည်းနီးပြုတော်မူမည် မဟုတ်ပေ။

၉၁။ အစ်ကိုများက ပြောကြသည်။ အလွှာဟ်ကို တိုင်တည်ပါသည်။ အလွှာဟ်သည် အသင့်အား ကျွန်ုပ်တို့ထက်ပိုမိုထူးကဲသော ကျေးဇူးကို ပြုတော်မူခဲ့သည်။ ကျွန်ုပ်တို့ အမှန်တကယ်ပင် အမှားကျူးလွန်မိခဲ့ကြပါသည်။ **၉၂။** ယူစွဖ်က ပြောသည်။ ယနေ့ အသင်တို့အပေါ် မည်သည့်ပြစ်တင်မှုမျှ မရှိတော့ပြီ။ အလွှာဟ်သည် အသင့်တို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူပါစေ။ အရှင်မြတ်သည် သနားကြင်နာသူအပေါင်းတွင် အသနားအကြင်နာဆုံးအရှင် ဖြစ်သည်။ **၉၃။** အသင်တို့သည် ကျွန်ုပ်၏ ဤအင်္ကျီကို ယူဆောင်သွားကြပါ။ ထိုနောက် ယင်းကို ကျွန်ုပ်၏ ဖခင်၏ မျက်နှာအပေါ် တင်ပေးလိုက်ကြပါ။ ထိုအခါ သူ၏ စက္ခုအမြင်အာရုံသည် ပြန်ရောက်လာပါလိမ့်မည်။ထို့ပြင်အသင်တို့သည်မိမိတို့၏အိမ်သူအိမ်သားအားလုံး နှင့်တကွ ကျွန်ုပ်ထံသို့ လာကြပါ။

၉၄။ ထိုနောက် ခရီးသွားအုပ်စုသည် (အီဂျစ်ပြည်မှ) ထွက်ခွာသွားကြသောအခါ ၎င်းတို့၏ ဖခင်က (ကနာအာန်၌နေ၍) «ငါသည် သူငယ်ပြန်ပြီး ကပေါက်တိကပေါက်ချာ ပြောဆိုသည်ဟု အသင်တို့ မမှတ်ယူကြလျှင် ငါသည် ယူစွဖ်၏ မွှေးရနံ့ကို ဇကာပင် ရရှိနေသည်» ဟု ပြောလေသည်။ **၉၅။** လူတို့က «အလွှာဟ်ကို တိုင်တည်ပါသည်၊ အသင်သည် ယခုအချိန်ထိတိုင်အောင် မိမိ၏ ယခင်အတွေးမှား ထဲ၌သာ နစ်မွန်းနေသည်»ဟု ပြောကြသည်။ **၉၆။** သို့နှင့် သတင်းကောင်းပေးသူ ရောက်ရှိလာခဲ့ကာ ယအိကူဗ်၏ မျက်နှာပေါ်တွင် အင်္ကျီကို တင်ပေးလိုက်သည်။ သို့ရှိရာ သူ၏စက္ခုအာရုံမှာ ပြန်ရောက်လာခဲ့သည်။ သူက ပြောတော့သည်။ ငါသည် အသင်တို့အား မပြောပြခဲ့သလော။ ငါသည် အလွှာဟ်ထံမှ အသင်တို့ မသိသည်များကို မုချ သိရှိသည်။ **၉၇။** ယူစွဖ်၏ အစ်ကိုများက ပြောသည်။ အို- ကျွန်ုပ်တို့၏ ဖခင်၊ ကျွန်ုပ်တို့၏ ပြစ်မှုများကို ခွင့်လွှတ်ပေးတော်မူရန် ဆုဒုအာတောင်းပေးတော်မူပါ။ ကျွန်ုပ်တို့သည် မုချဇကန် မှားခဲ့ကြပါသည်။ **၉၈။** ယအိကူဗ်က ပြောသည်။ ငါသည် မိမိ၏ အရှင်ထံပါးတွင် အသင်တို့အတွက် ချမ်းသာခွင့်လွှတ်မှု

တောင်းခံပေးပါမည်။ အရှင်မြတ်သည် အလွန်ချမ်းသာခွင့် လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင် မုချဇကန် ဖြစ်ပါသည်။

၉၉။ သို့ရှိရာ သူတို့အားလုံးသည် ယူစွဖ်ထံသို့ ရောက်ရှိသွားကြသော အခါ သူက မိမိ၏ မိဘနှစ်ပါးကို မိမိထံပါး၌ ထိုင်စေပြီးနောက် «အလွန်ဟတ် အလိုတော်ရှိလျှင် အီဂျစ်ပြည်တွင် ငြိမ်းချမ်းစွာ နေထိုင်ကြပါ»ဟု ပြောသည်။ **၁၀၀။** ထို့နောက် သူသည် မိမိ၏မိဘနှစ်ပါးကို ပလ္လင်ထက်ဝယ် ထိုင်စေလိုက်၏။ ထို့နောက် သူတို့အားလုံးသည် ယူစွဖ်ကို ဦးချ၍ အရှိအသေပေးကြကုန်၏။ (ကိုးကွယ်သောအနေဖြင့်မဟုတ်ဘဲ ရိုသေသောအနေဖြင့် ဦးချမည်ဆိုလျှင် သူတို့ ရှရီအသ်၌ ပိုင်ခဲ့ပါသည်။) ယူစွဖ်က ပြောသည်။ အို-ဖခင်၊ ဤသည် အလျင်က ကျွန်ုပ်မြင်မက်ခဲ့သော အိပ်မက်၏သ ဘော တရားပင်ဖြစ်သည်။ ကျွန်ုပ်၏အရှင်က ယင်းကို မှန်ကန်အောင် ပြုပေးတော် မူခဲ့သည်။ အရှင် မြတ်သည် ကျွန်ုပ်အား အကျဉ်းထောင်မှ လွတ်မြောက်စေကာ ကျေးဇူးပြုတော်မူခဲ့သည်။ ထို့ပြင် ရှိုင်သွာန်က ကျွန်ုပ်နှင့် ကျွန်ုပ်၏ နောင်တော်များ ကြားတွင် နှောင့်ယှက်မှု ပြုလုပ်ခဲ့ပြီးနောက်တွင်လည်း ထိုအရှင်က အသင်တို့အား လုံးကို ကျေးလက်မှုဒေသသို့ ခေါ်ဆောင်လာခဲ့သည်။ ကျွန်ုပ်၏ အရှင်မြတ်သည် မိမိအလိုတော်ရှိသည်ကို သိမ်မွေ့စွာ စီမံတော်မူသောအရှင်ပင် ဖြစ်သည်။ အရှင်မြတ်သည် အလွန်သိတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်သည်။

၁၀၁။ အို-ကျွန်ုပ်၏အရှင်၊ အရှင်မြတ်က ကျွန်တော်မျိုးအား အုပ်ချုပ်မှုအာဏာမှ တစ်စိတ်တစ်ဒေသကို ပေးတော်မူခဲ့သည်။ ထို့ပြင် ကျွန်တော်မျိုးအား စကားတို့၏ အနက်သဘောကောက်ယူနည်းကို သင်ပေးတော်မူခဲ့သည်။ အို-မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသောအရှင်၊ အရှင်မြတ် သည် လောကတွင်ရော လောကုတ္တရာတွင်ပါ ကျွန်တော်မျိုးအား ထိန်းသိမ်းစောင့်ရှောက်တာဝန်ယူသူ ဖြစ်ပါသည်။ ကျွန်တော်မျိုးအား အဓိန့် နာခံသည့် အခြေအနေမျိုးနှင့် အသက်နှုတ်သိမ်းတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုး အား သူတော်ကောင်းများထဲတွင် အပါအဝင်ဖြစ်စေတော်မူပါ။

၁၀၂။ ဤသည် သင့်အပေါ် ငါအရှင် ဗျာဒိတ်တော်မူခဲ့သော အကွယ်၏ သတင်းစကားများမှ ဖြစ်သည်။ ယူစွဖ်၏နောင်တော်များက ကြံ့စည်ကြ၍ စီမံကိန်းများ အခိုင်အမာ ချမှတ်နေချိန်တွင် သူတို့ထံတွင် အသင်ရှိနေခဲ့ကြသည် မဟုတ်ပေ။ **၁၀၃။** ထို့ပြင် အသင်သည် မည်မျှပင် စိတ်လိုလားထက်သန်စေကာမူ မြောက်များစွာသော လူတို့သည် အီမာန်လက်ခံ လာကြမည်မဟုတ်ချေ။ **၁၀၄။** ထို့ပြင် အသင်သည် ထိုအပေါ်တွင် သူတို့ထံမှ အခကြေးငွေ တစ်စုံတစ်ရာကို တောင်းခံသည် မဟုတ်ပေ။ ဤသည် စင်စစ်တွင် စကြဝဠာ ခပ်သိမ်း၌ ရှိသူတို့အဖို့ ဆုံးမသြဝါဒပင် ဖြစ်သည်။ **၁၀၅။** မိုးကောင်းကင်များနှင့် ပထဝီမြေတွင် အဘယ်မျှများပြားသော နိမိတ်လက္ခဏာများရှိသနည်း။ ထိုလက္ခဏာများအပေါ် ဖြတ်သန်းသွားလာ လျက်ရှိကြသော်လည်း သူတို့သည် သတိပင်မမူကြပေ။ **၁၀၆။** သူတို့ထဲမှ အများစုတို့သည် တုဖက်နှိုင်းယှဉ်ကိုးကွယ်၍သာ အလ္လာဟ်ကို ယုံကြည်ကြသည်။ **၁၀၇။** ယင်းသူတို့သည် သတိမမူဘဲ ရှိနေကြစဉ် အလ္လာဟ်၏ ပြစ်ဒဏ်မှ လွှမ်းခြုံသွားမည့် ဘေးဒုက္ခ တစ်ခုခု သူတို့အပေါ် သို့ ဆိုက်ရောက်လာမည်ကို၊ သို့မဟုတ် ရုတ်တရက် ကိယာမသိဆိုက်ရောက်လာမည်ကို စိတ်အေးလက်အေး ဖြစ်နေကြသလော။ **၁၀၈။** အသင်ပြောလိုက်ပါ။ ဤသည် ကျွန်ုပ်၏ လမ်းဖြစ်သည်။ ကျွန်ုပ်နှင့် ကျွန်ုပ်နောက်သို့ လိုက်နာသူတို့သည် အထောက်အထားအခိုင်အမာဖြင့် အလ္လာဟ်ဘက်သို့ ဖိတ်ခေါ်သည်။ အလ္လာဟ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ထို့ပြင် ကျွန်ုပ်သည် တုဖက်နှိုင်းယှဉ်ကိုးကွယ်သူတို့အနက်မှ မဟုတ်ပေ။

၁၀၉။ ထို့ပြင် အသင့်အလျင်က မြို့ရွာဒေသအသီးသီး၌ နေထိုင်သူများထဲမှ ငါအရှင် စေလွှတ်တော်မူခဲ့သော တမန်တော်များသည် အမျိုးသားများသာ ဖြစ်ခဲ့ကြသည်။ ငါအရှင်သည် သူတို့ထံ ဗျာဒိတ်တော် ပို့ချတော်မူသည်။ သို့ရှိရာ သူတို့သည် ကမ္ဘာမြေပေါ်တွင် လှည့်လည်၍ မကြည့်ရှုကြလေသလော။ ကြည့်ရှုကြလျှင် သူတို့ထက် အလျင်ရှိခဲ့ကြသော သူတို့၏ နောက်ဆုံးရလဒ်မှာ မည်သို့ရှိခဲ့သည်ကို သူတို့ကိုယ်တိုင် မြင်တွေ့ကြပေမည်။ သက္ကဝါ-အကြောက်တရားထား သူတို့အဖို့မှာ နောင်တမလွန်၏ အိမ်သည်သာ အကောင်းဆုံးဖြစ်သည်။ သို့ဖြစ်ရာ

အသင်တို့သည် မစဉ်းစားမဆင်ခြင်ကြလေသလော။ **၁၁၀။** နောက်ဆုံးတွင် တမန်တော်များသည် မျှော်လင့်ချက် ကင်းမဲ့သွားကြပြီး သူတို့သည် လိမ်လည်မှုသားပြောဆိုခံခဲ့ကြရသည်ဟု ထင်မှတ်သွားသောအခါ သူတို့ထံသို့ ငါအရှင်၏ အကူအညီ ရောက်ရှိလာတော့သည်။ ထို့နောက် ငါအရှင်အလိုတော်ရှိသူသည် ကယ်တင်ခြင်း ခံခဲ့ရပေသည်။ သို့ရာတွင် ငါအရှင်၏ ပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သောသူတို့ထံမှ ဖယ်ရှားခံရသည် မဟုတ်ချေ။ **၁၁၁။** စင်စစ်တွင် သူတို့၏ အကြောင်းအရာများထဲတွင် အသိဉာဏ်ရှိသူများအတွက် သံဝေဂတရား ရှိပေသည်။ ယင်းကုရ်အာန်သည် လုပ်ကြံလီဆယ်ထားသော စကားမဟုတ်ပေ။ သို့သော် မိမိအလျင်ရှိခဲ့သောကျမ်းဂန်များကို ထောက်ခံသောကျမ်း၊ အရာတိုင်း၏ ရှင်းလင်းဖွင့်ဆိုမှု ဖြစ်သောကျမ်း၊ ထို့ပြင် အီမာန်သက်ဝင်ယုံကြည်သောသူများအဖို့ ကရုဏာတစ်ပါးလည်းဖြစ်သောကျမ်းဂန် ဖြစ်သည်။

၁၃။ စူရယ် ရအဒ်။

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလစ်ဖ်၊ လာမ်၊ မီမ်၊ ရာ။ ဤသည် ကျမ်းမြတ်ကုရ်အာန်၏အာယသ်တော်များပင် ဖြစ်သည်။ သင့်ထံသို့ သင်၏အရှင်သခင်ထံမှ ကျရောက်လာသောအရာဟူသမျှသည် အမှန်ပင်ဖြစ်သော်လည်း လူအများစုသည် မယုံကြည်ကြပေ။ **၂**။ မိုးကောင်းကင်များကို သင်တို့မမြင်တွေ့နိုင်သောတိုင်များဖြင့် မြှင့်တင်ထားတော်မူသောသူမှာလည်း အလ္လာဟ်ပင် ဖြစ်တော်မူသည်။ ထို့နောက် အရှင်မြတ်သည် အရှ်ရှ်ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူသည်။ အရှင်မြတ်သည် နေနှင့်လအား ဥပဒေတစ်ခုတည်းကို လိုက်နာစေသည်ဖြစ်ရာ သူတို့တစ်ခုတိုင်းသည် သတ်မှတ်ထားသောအချိန်ကာလအတွက် သွားလာလျက် ရှိကြသည်။ အရှင်မြတ်သည်ပင် အရေးကိစ္စတိုင်းကို စီမံခန့်ခွဲတော်မူပြီး သက်သေလက္ခဏာတော်များကို အသေး

စိတ် ရှင်းလင်းဖော်ပြသည်။ သင်တို့သည် သင်တို့၏အရှင်နှင့် တွေ့ဆုံရမည်ကို ယုံကြည်ကြရန်အတွက် ဖြစ်ပေသည်။

၃။ ထိုအရှင်မြတ်သည်ပင်လျှင် ပထဝီမြေကို ဖြန့်ခင်းတော်မူသောအရှင် ဖြစ်သည်။ ထို့နောက် အရှင်မြတ်သည် ယင်းပထဝီမြေတွင် တောင်များနှင့် မြစ် ချောင်းများကို ဖန်ဆင်းထားတော်မူသည်။ ယင်းပထဝီမြေတွင် သစ်သီးဝလံ အမျိုး မျိုးကို စုံလိုက်ဖန်ဆင်းထားတော်မူသည်။ အရှင်မြတ်သည် ည၌ကို နေ့အပေါ် ဖုံးအုပ်တော်မူသည်။ ဤအရာများတွင် စဉ်းစားဆင်ခြင်သူများအဖို့ သက်သေ လက္ခဏာများ သေချာပေါက်ရှိပေသည်။

၄။ မြေပထဝီတွင် နီးကပ်စွာရှိသောမြေကွက်များရှိသည်။ စပျစ်ခြံများ လည်းရှိသည်။ လယ်ယာများလည်းရှိသည်။ အမြစ်တစ်ခုတည်းမှ တစ်ပင်မက ပေါက်သောစွန်ပလွံပင်များနှင့် အမြစ်တစ်ခုတည်းမှ တစ်ပင်သာပေါက်သောစွန်ပလွံ ပင်များ ရှိသည်။ အားလုံးကို တစ်မျိုးတည်းသောရေကို တိုက်ကျွေးထားသည်။ သို့ပါလျက် ငါအရှင်မြတ်သည် အချို့သောအသီးများကို အချို့သောအသီးထက် ပိုမို ထွက်စေတော်မူသည်။ ဤသည်တို့တွင် စဉ်းစားတွေးခေါ်သူများအဖို့ သက်သေ လက္ခဏာများ သေချာပေါက်ရှိပေသည်။

၅။ အကယ်၍ အသင် အံ့အားသင့်သည်ဆိုလျှင် «ကျွန်ုပ်တို့သည် မြေကြီးအဖြစ်သို့ ရောက်သွားသောအခါ အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းခြင်းကို ခံကြရမည်လော»ဟူသည့် သူတို့၏ပြောဆိုချက်က ပို၍ပင် အံ့အားသင့်စရာ ဖြစ် သည်။ သူတို့သည် မိမိတို့၏အရှင်ကို ငြင်းပယ်သူများသာ ဖြစ်ကြသည်။ သူတို့ ၏လည်ပင်းများတွင် လည်ကွင်းများရှိလိမ့်မည်။ ထို့ပြင် သူတို့သည် ငရဲဘုံသားများ ဖြစ်ကြပြီး ထိုထဲတွင် ထာဝရနေကြရမည်။ **၆။** သူတို့သည် ကောင်းကျိုးထက်အလျင် ဆိုးကျိုးအတွက် အလျင်စလို လုပ်နေကြသည်။ စင်စစ်တွင် သူတို့ထက်အလျင်က စံနမူနာများသည် ကျော်လွန်ခဲ့ပေပြီ။ အလွှာဟ်သည် လူတို့ မတရားကျူးလွန်နေပါ လျက်နှင့်လည်း သူတို့ကို မုချ ခွင့်လွှတ်ချမ်းသာပေးတော်မူ သောအရှင် ဖြစ်သည်။ စင်စစ်တွင် သင်၏အရှင်သည် ပြင်းထန်စွာအပြစ်ပေးတော်မူသောအရှင် ဖြစ်တော်မူ

သည်။ **၇။** မယုံကြည်သူတို့က «ထိုတမန်တော်အပေါ်သို့ သူ၏အရှင်ထံမှ တန်ခိုး တော်တစ်ရပ်ရပ် အဘယ်ကြောင့် မကျရောက်ပါသနည်း»ဟု ပြောဆိုကြလေသည်။ တကယ်တော့ အသင်သည် သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်သည်။ လူမျိုး တိုင်းအဖို့ တရားလမ်းမှန်ညွှန်ပြသူတစ်ဦး ရှိခဲ့ပြီးဖြစ်သည်။

၈။ အလ္လာဟ်သည် အမိတိုင်း၏ကိုယ်ဝန်ကိုလည်းကောင်း၊ သားအိမ် များအတွင်း၌လျော့သွားသောအရာနှင့် တိုးသွားသောအရာများကိုလည်းကောင်း သိရှိတော်မူသည်။ အရာတိုင်းသည် ထိုအရှင့်ထံတွင် ချင့်ချိန်တိုင်းတာသတ် မှတ်ပြီး ဖြစ်လေသည်။ **၉။** ထိုအရှင်သည် အကွယ်ကိုရော၊ မျက်မှောက်ကိုပါ သိမြင်တော်မူ သောအရှင်၊ အလုံးစုံထက် ကြီးကဲတော်မူသောအရှင်၊ မြင့်မြတ်တော် မူသောအရှင် ဖြစ်တော်မူသည်။ **၁၀။** သင်တို့အနက် စကားကို လျှို့ဝှက်ပြောဆိုသူဖြစ်စေ၊ ကျယ် လောင်စွာပြောဆိုသူဖြစ်စေ၊ ညဉ့်တွင် ပုန်းကွယ်နေသူဖြစ်စေ၊ နေ့တွင်သွားလာနေ သူဖြစ်စေ အရှင်မြတ်အတွက် အားလုံးတစ်ပြေးညီပင် ဖြစ်ကြသည်။

၁၁။ လူသား၏ရှေ့တွင်ရော၊ နောက်တွင်ပါ အလှည့်ကျ အစောင့်များရှိကြသည်။ သူတို့သည် အလ္လာဟ်၏အမိန့်တော်ဖြင့် ထိုလူသားကို ထိန်းသိမ်းစောင့်ရှောက်ကြသည်။ စင်စစ်တွင် အလ္လာဟ်သည် လူမျိုးတစ်မျိုး၏ အ ခြေအနေကို ထိုလူမျိုးတို့က မိမိတို့၏စိတ်အတွင်းရှိသည်များကို မပြောင်းလဲမချင်း ပြောင်းလဲပေးတော်မမူပေ။ အလ္လာဟ်သည် လူမျိုးစုတစ်စုအပေါ် ဘေးဒုက္ခတစ်ခု ဆိုက်ရောက်စေရန် ရည်ရွယ်တော်မူလျှင် ထိုဘေးဒုက္ခကို ဖယ်ရှားနိုင်သည့် ပုံစံမရှိ တော့ပေ။ ထိုအရှင်မြတ်မှအပ သူတို့ကို ကူညီစောင်မမည့်သူ မည်သူမျှရှိမည် မဟုတ်။

၁၂။ အသင်တို့အား လျှပ်ပြက်ခြင်းကို ပြသတော်မူသောအရှင်သည် လည်း ထိုအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ယင်းလျှပ်ပြက်ခြင်းမှ ကြောက်စိတ်နှင့် မျှော်လင့်ချက် ပေါ်ပေါက်သည်။ ထို့ပြင် အရှင်မြတ်သည် မိုးရေတင်ဆောင်ထား သောမိုးတိမ်များကို ဖန်ဆင်းတော်မူသည်။ **၁၃။** မိုးခြိမ်းသံသည် ထိုအရှင်မြတ်၏ ချီးမွမ်းခြင်းနှင့်တကွ အရှင်မြတ်သန့်ပြန့်စင်ကြယ်ကြောင်းကို မြွက်ဟသည်။ ထို

နည်းတူ ကောင်းကင်တမန်များသည်လည်း ထိုအရှင်မြတ်အား ကြောက်ရွံ့မှုဖြင့် အရှင်မြတ် သန့်ပြန့်စင်ကြယ်ကြောင်း မြွက်ဟကြသည်။ အရှင်မြတ်သည် မိုးကြိုးများကို စေလွှတ်တော်မူပြီး မိမိအလိုတော်ရှိသူအပေါ် ထိုမိုးကြိုးကို ပစ်ချသည်။ သို့ပါလျက် သူတို့သည် အလွှာဟ်နှင့်စပ်လျဉ်းပြီး အငြင်းအခုံပြုလုပ်နေကြသည်။ စင်စစ်တွင် အလွှာဟ်သည် အားအင်အလွန်ကြီးမားသောအရှင် ဖြစ်တော်မူသည်။

၁၄။ စစ်မှန်သောဟစ်ခေါ်တသမူသည် အလွှာဟ်အတွက်သာလျှင် ဖြစ်ရမည်။ အလွှာဟ်ကို စွန့်၍ သူတို့ဟစ်ခေါ်တသနေသောအရာများသည် သူတို့အား မည်သည့်အရာမျှ ပေးစွမ်းနိုင်ကြသည်မဟုတ်ပေ။ ထိုအရာများကို ဟစ်ခေါ်တသသူ၏ ပမာသည် အကြင်သူကဲ့သို့ပင် ဖြစ်သည်။ ထိုသူသည် မိမိ၏ပါးစပ်သို့ ရေအလိုအလျောက်ရောက်လာရန်အတွက် ရေရှိရာဘက်သို့လက် ဖြန့်ထားလေသည်။ သို့သော် ထိုရေသည် ဘယ်တော့မှ သူ့ပါးစပ်သို့ ရောက်ရှိလာမည်မဟုတ်ပေ။ မယုံကြည်သူတို့၏ဟစ်ခေါ်တသမှုအလုံးစုံသည် အကျိုးမဲ့သာ ဖြစ်ချေသည်။

၁၅။ မိုးကောင်းကင်များနှင့် မြေပထဝီပေါ်ရှိ ရှိသမျှသူတို့သည် အမိန့်နာခံ၍ဖြစ်စေ၊ မလွဲမရှောင်သာ၍ဖြစ်စေ အလွှာဟ်ကိုသာ ပျိုဝပ်ဦးချကြ သည်။ ထိုအရာများ၏အရိပ်သည်လည်း နံနက်နှင့်ညနေ ထိုအရှင့်ကိုသာ ပျိုဝပ်ဦးချကြသည်။ **၁၆။** မိုးကောင်းကင်များနှင့် မြေပထဝီအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် မည်သူနည်းဟု မေးမြန်းပါလေ။ ထို့နောက် အသင်ကပဲ အလွှာဟ်သာလျှင်ဖြစ်သည်ဟု ဖြေကြားပါ။ အသင်ပြောကြားပါ။ သို့ဖြစ်ပါလျက် အသင်တို့သည် အလွှာဟ်ကို စွန့်၍ မိမိတို့အဖို့ ကောင်းကျိုးကိုရော၊ ဆိုးကျိုးကိုပါ မပိုင်ဆိုင်သည့် အရာများကို ကူညီစောင့်မသူများအဖြစ် ပြုလုပ်ထားကြပါသလော။ အသင်ပြောလိုက်ပါ။ မျက်မမြင်နှင့် မျက်မြင်သည် တူနိုင်ပါမည်လော။ သို့မဟုတ် အမှောင်ထုများနှင့် အလင်းရောင်သည် တူနိုင်ပါမည်လော။ သို့မဟုတ် သူတို့သည် အလွှာဟ်အဖို့ တွဲဖက်များသတ်မှတ်ထားခဲ့ကြပြီး ယင်းတွဲဖက်များက အလွှာဟ်အရှင်မြတ် ဖန်ဆင်းသကဲ့သို့ ဖန်ဆင်းခဲ့ကြပြီး ယင်းဖန်းဆင်းခံများသည် သူတို့အတွက် ဆင်တူရိုးမှားဖြစ်နေသလော။ အသင်ပြောလိုက်ပါ။ အလွှာဟ်သာလျှင် အရာရာကို

ဖန်ဆင်းတော်မူသောအရှင် ဖြစ်သည်။ ထို အရှင်သည် တစ်ပါးတည်း တည်ရှိတော်မူသောအရှင်၊ နိုင်နင်းလွန်မိုးတော်မူသောအရှင် ဖြစ်သည်။

၁၇။ ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းပေးတော်မူသည်။ တစ်ဖန် လျှိုရိုးများသည် မိမိတို့ဝင်ဆံ့သည့် အတိုင်းအတာနှင့်အညီ စီးတွေလေသည်။ တစ်ဖန် ရေစီးသည် ပေါလောပေါ်နေသောရွှေပြွတ်ကို သယ်ဆောင်လာသည်။ ထိုနည်းတူ လူတို့ လက်ဝတ်လက်စားပြုလုပ်ရန်နှင့် အခြားပစ္စည်းကိရိယာများပြုလုပ်ရန်အတွက် မီးနှင့်အရည်ဖျော်သောသတ္တုပစ္စည်းများတွင်လည်း ထိုကဲ့သို့ပင် အမြုပ်ထပေသည်။ ဤနည်းအတိုင်းပင် အလ္လာဟ်သည် အမှန်နှင့်အမှားကို ပုံဆောင်ပြတော်မူလေသည်။ အမြုပ်သည် အဟောသိကံဖြစ်သွားပြီး လူတို့အား အကျိုးဖြစ်ထွန်းစေသောအရာမှာမူ ကမ္ဘာမြေဝယ် တည်တံ့၍ ကျန်ရှိနေလေသည်။ အလ္လာဟ်သည် ဤနည်းအတိုင်းပင် ဥပမာများကို ပုံဆောင်ပြတော်မူလေသည်။

၁၈။ မိမိတို့အရှင်၏ အမိန့်တော်ကို လက်ခံနာယူကြသူများအဖို့ ကောင်းမြတ်သောအကျိုး ရှိပေသည်။ ထိုအရှင်၏ အမိန့်တော်ကို လက်ခံနာယူမှုမပြုကြသောသူတို့မှာမူ အကယ်၍ သူတို့ထံတွင် မြေပထဝီပေါ်တွင် ရှိရှိသမျှအရာအားလုံးနှင့်၊ ယင်းအရာများနှင့်အတူ နောက်ထပ် တစ်ဆရှိပါလျှင်လည်း သူတို့သည် ထိုအရာများကို လျော်ကြေးအဖြစ် မုချ ပေးကြ ပေလိမ့်မည်။ ထိုသူတို့အတွက် သာလျှင် ပြင်းထန်သော စစ်ဆေးမှုရှိပေမည်။ သူတို့ ၏နေရာဌာနသည် ဂျဟန္နမ်ငရဲဘုံဖြစ်၍ ယင်းနေရာဌာနသည် အဘယ်မျှ ဆိုးရွားလိုက်ပါဘိ။

၁၉။ အသင့်အရှင်ထံတော်မှ အသင့်ထံသို့ ကျရောက်လာသည့်အရာများသည် မုချ မှန်ကန်သောအရာများဖြစ်သည်ဟု ယုံကြည်သောသူသည် မျက်စိကန်းနေသောသူနှင့် တူဆင်ပါမည်လော။ အသိဉာဏ်ရှိသူတို့သာလျှင် တရားရယူကြပေသည်။ **၂၀။** ထို အသိဉာဏ်ရှိသူများဟူသည် အလ္လာဟ်နှင့်ထားရှိသော ပဋိညာဉ်ကို ပြည့်ဝအောင် ဆောင်ရွက်ကြပြီး ယင်းပဋိညာဉ်ကို ချိုးဖောက်သည်မရှိကြပေ။ **၂၁။** ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က အဆက်အသွယ်ထားရန် မိန့်ကြားထားသည်

များကို အဆက်အသွယ်ထားကြသည်။ ထို့ပြင် မိမိတို့၏အရှင်ကို ကြောက်ရွံ့ကြသည်။ ထို့ပြင် ဆိုးရွားသော စာရင်းစစ်ဆေးမှုကိုလည်း စိုးရိမ်ကြောက်ရွံ့ကြလေသည်။ **၂၂။** ထိုသူတို့သည် မိမိတို့အရှင်၏ကျေနပ်နှစ်သက်မှုကို ရှာဖွေရန် အတွက် မြဲမြံစွာ ရပ်တည်ကြသည်။ စွလာသ်ဆောက်တည်ကြသည်။ ငါအရှင် သူတို့အား ချီးမြှင့်ထားသည့်အရာများအနက်မှ လျှို့ဝှက်စွာဖြစ်စေ၊ ထင်ရှားစွာဖြစ်စေ၊ လှူဒါန်းသုံးစွဲကြသည်။ မကောင်းမှုကို ကောင်းမှုဖြင့် တုံ့ပြန်ကြသည်။ နောင်တမလွန်၏ အိမ်တော်သည် ထိုကဲ့သို့သောသူများအဖို့သာလျှင် ဖြစ်ပေသည်။ **၂၃။** ထာဝရ ဥယျာဉ်များတွင် သူတို့သည် ဝင်ရောက်ကြရပေမည်။ သူတို့၏ဘိုးဘွားများ၊ သူတို့ ၏ဇနီးကြင်ရာများ၊ သူတို့၏သားသမီးများအနက်မှ ထိုက်တန်သောသူများ သည်လည်း ဝင်ရောက်ကြရပေမည်။ ကောင်းကင်တမန်များသည် တံခါးပေါက် တိုင်းမှ သူတို့ထံ လာရောက်ကြပေမည်။ **၂၄။** «အသင်တို့သည် ကြံ့ကြံ့ခံရပ်တည်ခဲ့ ကြသည့်အတွက်ကြောင့် သင်တို့အပေါ် သို့ ငြိမ်းချမ်းသာယာမှု ခရောင်းပါစေသား၊ ဤနောင်တမလွန်အိမ်တော်သည် အဘယ်မျှ ကောင်းလိုက်ပါဘိ»ဟု ပြောဆိုကြပေမည်။

၂၅။ အကြင်သူတို့သည် အလွာဟ်အရှင်မြတ်နှင့်ပြုထားသည့် ပဋိညာဉ်ကို ခိုင်မာအောင်လုပ်ထားပြီးနောက်မှ ဖောက်ဖျက်ကြသည်။ အလွာဟ်က အဆက် အသွယ်ထားရန် မိန့်မှာထားသည်များကို အဆက်အသွယ် ဖြတ်တောက်ကြသည်။ မြေပထဝီပေါ်တွင် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ကြသည်။ ထိုသူတို့အဖို့မှာ ကျိန်စာရှိပေသည်။ ထို့ပြင် မကောင်းသောအိမ်လည်း ရှိပေသည်။ **၂၆။** အလွာဟ်သည် မိမိအလိုရှိသူကို စားနပ်ရိက္ခာ တိုးပွားပေးသနားတော် မူပြီး မိမိအလိုရှိသူကို ကျပ်တည်းစေသည်။ သူတို့သည် လောကီဘဝသက်တမ်းဖြင့် ပျော်ရွှင်ဝမ်းမြောက် နေကြပေသည်။ နောင်တမလွန်နှင့်နှိုင်းယှဉ်လျှင် လောကီဘဝသည် အနည်းငယ် အကျိုးခံစားရုံမျှသာ ဖြစ်ပေသည်။

၂၇။ မယုံကြည်သူများက «ထိုတမန်တော်အပေါ် သို့ သူ့အရှင်ထံမှ တန်ခိုးတော်တစ်ခုခု အဘယ်ကြောင့် မကျရောက်ပါသနည်း»ဟု ပြောဆိုကြသည်။

အသင်ပြောလိုက်ပါ။ စင်စစ်တွင် အလွှာဟ်သည် မိမိအလို ရှိသူကို လမ်းလွဲစေတော်မူပြီး မိမိဘက်သို့ လှည့်လာသူကို လမ်းမှန်ညွှန်ပြတော်မူပေသည်။ ၂၈။ အရှင်မြတ်ဘက်သို့ ပြန်လှည့်ကြသူများဟူသည် ယုံကြည်သူများ၊ သူတို့၏စိတ်နှလုံးများသည် အရှင်မြတ်ကိုတသသတိရခြင်းဖြင့် တည်ငြိမ်အေးချမ်းမှု ရရှိသူများ ဖြစ်ကြလေသည်။ မှတ်ထားကြကုန်။ အလွှာဟ်ကို သတိရတသခြင်းဖြင့်သာ စိတ်နှလုံးများသည် တည်ငြိမ်အေးချမ်းမှုကို ရရှိပေသည်။ ၂၉။ ယုံကြည်ပြီး နောက် ကောင်းမှုများ ကျင့်မူဆောက်တည်သူများအတွက်မူ သတင်းကောင်း ရှိပြီး ကောင်းမြတ်သောနေရာဌာနရှိပေသည်။

၃၀။ ငါအရှင်မြတ်သည် သင့်အား လူမျိုးတစ်မျိုးထံသို့ တမန်တော်အဖြစ် ဤနည်းအတိုင်းပင် စေလွှတ်တော်မူခဲ့သည်။ ယင်းလူမျိုးထက်အလျင်ကလည်း လူမျိုးအမြောက်အများသည်ကျော်လွန်ခဲ့ပြီးဖြစ်သည်။စေလွှတ်ရခြင်းအကြောင်းမှာ သင်သည် ထိုလူမျိုးတို့အပေါ် သင့်ထံသို့ ငါအရှင် ဗျာဒိတ်တော်ချပေးသည်များကို ဖတ်ကြားပြရန်အတွက် ဖြစ်လေသည်။ သို့သော် ဤလူမျိုးတို့သည် ရဟ်မာန်(မဟာကရုဏာတော်အရှင်)ကို ငြင်းပယ်နေလျက်ရှိကြသည်။ အသင်ပြောလိုက်ပါ။ ထိုအရှင်သည်သာလျှင် ငါ့အားဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်ပြီး ထိုအရှင်မှအပ အခြားခဝပ်ကိုးကွယ် ထိုက်သောအရှင် အလျှင်းမရှိ။ ထိုအရှင့်အပေါ် သာလျှင် ငါသည် ယုံပုံအားကိုးပါသည်။ ထို့ပြင် ထိုအရှင့်ထံသို့သာလျှင် ပြန်လည်၍ သွားရမည်ဖြစ်သည်။

၃၁။ အကယ်၍ တောင်များကို ရွှေ့လျားသွားလာနိုင်စေသော၊ သို့မဟုတ် ပထဝီမြေကို အက်ကွဲသွားစေနိုင်သော၊ သို့မဟုတ် သေသူများကိုပင် စကားပြောစေနိုင်သော ကုရ်အာန်ကျမ်းတစ်စောင် ကျရောက်လာခဲ့ပါလျှင်လည်း (သူတို့သည် ယုံကြည်ကြလိမ့်မည်မဟုတ်)အမှန်စင်စစ်တွင် အမိန့်အာဏာ အလုံးစုံကို အလွှာဟ်သာ စိုးပိုင်တော်မူသည်။ သို့ဖြစ်ရာ အကယ်၍ အလွှာဟ် အလိုရှိပါလျှင် လူသားအားလုံးကို လမ်းမှန်ညွှန်ပြတော်မူမည်ဖြစ်ကြောင်းကို ယုံကြည်သူတို့ မသိကြလေသလော။ ငြင်းပယ်သူများအပေါ် သို့၊ သူတို့၏ ငြင်းပယ်မှုကြောင့်ပင်

ဘေးဒုက္ခတစ်ခုမဟုတ်တစ်ခုသည် အမြဲမပြတ် ဆိုက်ရောက်နေလျက်ရှိသည်။ သို့မဟုတ် သူတို့၏မြို့ရွာအနီးဝန်းကျင်၌ ဘေးဒုက္ခကျရောက်နေ လျက်ရှိသည်။ အလ္လာဟ်အရှင်မြတ်၏ကတိတော် ရောက်ရှိလာသည့်တိုင်အောင် ပင်။ စင်စစ်တွင် အလ္လာဟ်သည် ကတိတော်ကို လုံးဝမဖောက်ဖျက်ပေ။ **၃၂။** အသင့်အလျင်တုန်း ကလည်း ရစူလ်တမန်တော်များသည် လောင်ပြောင်ခြင်းကို မုချဧကန် ခံခဲ့ကြရလေ သည်။ ငါအရှင်သည် ငြင်းပယ်သူများကို လှန်ထားတော်မူခဲ့သည်။ ထို့နောက်မှ ငါအရှင်သည် ၎င်းတို့ကို အရေးယူတော်မူခဲ့သည်။ ငါအရှင်၏အပြစ်ဒဏ်သည် မည်သို့ရှိခဲ့သည်ကို ကြည့်ပါလေ။

၃၃။ လူတိုင်းလူတိုင်း၏လုပ်ရပ်ကို စာရင်းယူတော်မူသောအရှင်သည် (ဘာမျှမတတ်စွမ်းနိုင်သော အခြားကိုးကွယ်ရာများနှင့် တူနိုင်ပါမည်လော။) လူတို့ သည် အလ္လာဟ်နှင့်တုဖက် ကိုးကွယ်ရာများ ပြုလုပ်ထားကြသည်။ အသင်ပြော လိုက်ပါ။ ထိုကိုးကွယ်ရာများ၏အမည်များကို ပြောပြကြပါ။ သို့တည်းမဟုတ် ကမ္ဘာမြေပထဝီတွင် အလ္လာဟ်အရှင်မြတ်သိမထားသော ကိစ္စရပ်နှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အား သတင်းပေးလိုကြသလော။ သို့မဟုတ် အပေါ်ယံစကား များကိုသာ ပြောဆိုနေကြသလော။ ထိုသို့မဟုတ်။ စင်စစ်တွင် ငြင်းပယ်သူများ ၏အမြင်တွင် သူတို့၏လှည့်ဖြားမှုများကို လှပတင့်တယ်သယောင် ပြသခြင်းခံ ရပေသည်။ သူတို့သည် လမ်းမှန်တရားမှ တားဆီးခြင်းကိုလည်း ခံခဲ့ကြရသည်။ **၃၄။** မည်သူကိုမဆို အလ္လာဟ်က လမ်းလွဲစေတော်မူလိုက်လျှင် ထိုသူ့အဖို့ လမ်းမှန် ပြသပေးမည့်သူတစ်ဦးမျှ ရှိတော့မည်မဟုတ်။ ထိုသူတို့အဖို့ လောကီဘဝတွင် လည်း ပြစ်ဒဏ်ရှိသည်။ စင်စစ်တွင် နောင်တမလွန်၏ပြစ်ဒဏ်မှာမူ ပို၍ပြင်း ထန်ပေ လိမ့်မည်။ ထိုသူတို့အဖို့ အလ္လာဟ်ထံမှ ကယ်တင်ပေးမည့်သူ တစ်ဦးမျှ ရှိမည်မ ဟုတ်။

၃၅။ အလ္လာဟ်ကို ကြောက်ရွံ့ရိုသေသော မုသကီများကို ကတိပေး ထားသော ဂျန္နသ်သုခဘုံ၏ဝိသေသမှာ ဤသို့ဖြစ်၏။ ယင်းဥယျာဉ်များ၏ အောက် ခြေဘက်မှ စမ်းရေချောင်းများ စီးတွေနေမည်။ ယင်းဥယျာဉ်၏သစ်သီးဝလံများနှင့်

အရိပ်သည် ထာဝရတည်ရှိနေမည်။ ဤသည် အလ္လာဟ်ကို ကြောက်ရွံ့ရှိသေကြသူများ၏ နိဂုံးချုပ်ရလဒ်ဖြစ်သည်။ ငြင်းပယ်ကြသူတို့၏နိဂုံးချုပ်ရလဒ် မှာမူကား ငရဲမီးပင် ဖြစ်ပေသည်။

၃၆။ ငါအရှင်မြတ်က ကျမ်းဂန်ချီးမြှင့်ပေးထားသောသူများသည် အသင့်ပေါ်သို့ ကျရောက်လာသောကျမ်းဂန်ကြောင့် ပျော်ရွှင်လျက်ရှိကြသည်။ ထိုအုပ်စုများတွင် ကျမ်းမြတ်၏အချို့အစိတ်အပိုင်းကို ငြင်းပယ်သူလည်း ရှိသည်။ အသင် ပြောလိုက်ပါ။ ငါသည် အလ္လာဟ်ကိုသာ ခဝပ်ကိုးကွယ်မှုပြုရန်နှင့် ထိုအရှင်နှင့်အတူ အခြားတစ်စုံတရာကို တုဖက်ကိုးကွယ်မှုမပြုရန် အမိန့်ပေးခြင်းခံရသည်။ ငါသည် ထိုအရှင့်ဘက်သို့သာ ဖိတ်ခေါ်လျက်ရှိပြီး ထိုအရှင့်ဘက်သို့သာ ပြန်လည်သွားရမည် ဖြစ်သည်။ **၃၇။** ဤနည်းအတိုင်းပင် ငါအရှင်သည် ယင်းကျမ်းမြတ်ကို စီရင်ဆုံးဖြတ်ပေးသောအရာအဖြစ်၊ အရဗီဘာသာဖြင့်၊ ချပေးတော်မူခဲ့သည်။ အသင့်ထံသို့ အသိပညာ ရောက်လာပြီးသည့်နောက်လည်း အကယ်၍ အသင်သည် သူတို့၏စိတ်အလိုရမ္မက်များနောက်သို့ လိုက်ပါလျှင် အလ္လာဟ်ဘက်မှ သင့်အား ကူညီစောင်မပေးမည့်သူလည်း တွေ့ရမည်မဟုတ်၊ ကယ်တင်ပေးမည့်သူလည်း တွေ့ရမည်မဟုတ်ပေ။

၃၈။ ငါအရှင်မြတ်သည် သင့်အလျင်တုန်းကလည်း ရစူလ်တမန်တော်အမြောက်အများကို ဇကန်မုချ စေလွှတ်တော်မူခဲ့သည်။ ထို့နောက် ၎င်းတို့အား ဇနီးကြင်ရာများနှင့် သားသမီးများ ချီးမြှင့်တော်မူခဲ့သည်။ ရစူလ်တမန်တော် တစ်ပါးပါးသည် အလ္လာဟ်၏ခွင့်ပြုချက်မပါဘဲနှင့် သက်သေလက္ခဏာတော် တစ်ခုခုကိုယူလာရန် မဖြစ်နိုင်ပေ။ ကတိတော်တိုင်းအတွက် ရေးမှတ်ထားပြီး ဖြစ်လေသည်။ **၃၉။** အလ္လာဟ်သည် မိမိအလိုတော်ရှိသောအရာကို ဖယ်ရှားတော်မူပြီး မိမိအလိုတော်ရှိသောအရာကို တည်တံ့စေတော်မူလေသည်။ မိခင်စာအုပ်(အရာရာကို ရေးမှတ်ထားသော လောင်းဟေ့မဟ်ဖူးဇ်)သည် အရှင်အထံတော်၌ ရှိပေသည်။

၄၀။ ငါအရှင် သူတို့ကို ကတိပေးထားတော်မူသောအရာ အချို့ကို အသင့်အား ငါအရှင်ပြသတော်မူသည်ဖြစ်စေ၊ သင့်ကို ငါအရှင် ကွယ်လွန်စေတော်

မူသည်ဖြစ်စေ သင့်ပေါ်တွင် ပို့ချရန်သာ တာဝန်ရှိပေသည်။ စာရင်းစစ်ဆေးရန်တာဝန်သည် ငါအရှင့်ပေါ်၌သာ ရှိသည်။ ငါအရှင်မြတ်သည် မြေပထဝီကို ၎င်း၏ဘေးပတ်ဝန်းကျင်များမှ ယုတ်လျော့အောင် ပြုလုပ်လာနေသည်ကို သူတို့ မတွေ့မမြင်ကြပါသလော။ အလ္လာဟ်သည် စီရင်ဆုံးဖြတ်တော်မူပြီး ထိုအရှင်၏စီရင်ဆုံးဖြတ်ချက်ကို ဖယ်ရှားနိုင်သူ အလျှင်းမရှိ။ ထိုအရှင်သည် လျင်မြန်စွာ စာရင်းစစ်တော်မူသောအရှင် ဖြစ်လေသည်။ **၄၂။** သူတို့ထက်အလျင်ကလူများ သည်လည်း အကြံအစည်များပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် အကြံအစည်အလုံး စုံသည် အလ္လာဟ်ထံတွင်သာ ရှိပေသည်။ လူတိုင်းလူတိုင်း ဘာလုပ်နေသ လဲဆိုသည်ကို ထိုအရှင်မြတ်က သိတော်မူသည်။ နောင်တမလွန်၏အိမ်သည် မည်သူ့အတွက်ဖြစ်ကြောင်းကို ငြင်းပယ်သူတို့သည် များမကြာမီ သိရှိကြရလိမ့်မည်။

၄၃။ ငြင်းပယ်သောသူတို့က «အသင်သည် ရဒူလ်တမန်တော်မဟုတ်» ဟု ပြောဆိုကြသည်။ အသင်ပြောလိုက်ပါ။ ငါနှင့်အသင်တို့ကြားတွင် အလ္လာဟ်သည် သက်သေအဖြစ် လုံလောက်တော်မူသည်။ ထို့ပြင် ကျမ်းဂန်၏အသိပညာရှိသောသူ၏သက်သေသည်လည်း လုံလောက်ပေသည်။

၁၄။ စူရဟ် အိဝ်ရာဟီးမ််။

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလစ်၌၊ လာမ်၊ ရာ။ ဤသည် သင့်ထံသို့ ငါအရှင်ချပေးတော်မူသော ကျမ်းမြတ်ဖြစ်သည်။ ချပေးရခြင်းအကြောင်းမှာ သင်သည် လူတို့အား သူတို့၏ဖန်ဆင်းမွေးမြူရှင်၏အမိန့် တော်ဖြင့် အမှောင်ထုများမှ အလင်းဆီသို့၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ ချီးမွမ်းဖွယ်ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်မြတ်၏လမ်းတော်သို့ ဆောင်ကြဉ်းရန်အတွက် ဖြစ်လေသည်။ **၂။** အကြင်အလ္လာဟ်အရှင်မြတ်၏ လမ်းသို့ဖြစ်သည်။ မိုးကောင်းကင်များတွင် ရှိရှိသမျှနှင့် မြေပထဝီတွင်

ရှိရှိသမျှတို့သည် ထိုအရှင်၏ပိုင်ဆိုင်မှုများ ဖြစ်သည်။ ငြင်းပယ်သူများအတွက်မှာမူ ပြင်းထန်သော ပြစ်ဒဏ်၏ပျက်စီးမှု ရှိပေသည်။ **၃။** ထိုသူတို့သည် နောင်တမလွန် ဘဝထက် လောကီဘဝသက်တမ်းကို ပို၍ ချစ်ခင်မြတ်နိုးကြသည်။ သူတို့သည် အလွှာဟ်လမ်းတော်မှ တားဆီးပိတ်ပင်ကြသည်။ ထိုလမ်းတွင် ကွေကောက်မှုကို ရှာဖွေကြသည်။ ဤသူတို့သည် အလွန်ဝေးသောလမ်းမှားတွင် ကျရောက်သွားချေပြီ။

၄။ ငါအရှင်သည် မည်သည့်ရစရာလိတမန်တော်ကိုမဆို သူမျိုးနွယ်၏ ဘာသာစကားဖြင့်သာ စေလွှတ်တော်မူသည်။ သို့မှသာ ထိုမျိုးနွယ်ဝင်တို့အား ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုနိုင်ပေမည်။ ထို့နောက် အလ္လာဟ်သည် မိမိအလိုရှိသူကို လမ်းလွဲစေတော်မူပြီး၊ မိမိအလိုရှိသူကို လမ်းမှန်ညွှန်ပြတော်မူသည်။ ထို အရှင်သည် တန်ခိုးတော်နှင့်လွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်သည်။

၅။ ငါအရှင်မြတ်သည် မူစာအား ငါအရှင်၏သက်သေလက္ခဏာတော်များနှင့်အတူ ဇကေနမုချ စေလွှတ်တော်မူခဲ့သည်။ သင်၏အမျိုးသားများကို အမှောင်ထုများမှ အလင်းဆီသို့ ထုတ်ဆောင်လော့၊ ထို့ပြင် သူတို့အား အလ္လာဟ်၏ နေ့ရက် များအား ပြန်လည်သတိရစေလော့ဟု အမိန့်ပေးခဲ့သည်။ စင်စစ်တွင် ထိုနေ့ရက်များတွင် ခွန်အားတရားလက်ဂိုင်ထားသူနှင့် ကျေးဇူးသိတတ်သူအဖို့ သက် သေလက္ခ ဏာများ မုချ ရှိပေသည်။

၆။ တစ်ခါတွင် မူစာသည် မိမိ၏အမျိုးသားတို့အား ဤသို့ ပြောကြားလေသည်။ သင်တို့အပေါ်တွင် အလ္လာဟ်ရှင်ပြုထားသောကျေးဇူးတော် ကိုပြန်လည်သတိရကြပါ။အရှင်မြတ်သည်သင်တို့ကိုဖိရဇ်အောင်၏အနွယ်ဝင်တို့ထံမှ ကယ်တင်တော်မူခဲ့သည်။ သူတို့က သင်တို့ကို ပြင်းထန်သောဒုက္ခများ သက် ရောက်စေခဲ့သည်။ သင်တို့၏သားယောကျ်ားများကို သတ်ဖြတ်ပြီး သင်တို့၏အမျိုး သမီးများကို အသက်ရှင်ပျက်ထားခဲ့ကြသည်။ ထိုအဖြစ်အပျက်တွင် သင်တို့၏ အရှင်ထံတော်မှ ကြီးမားသောစမ်းသပ်မှုတစ်ရပ်ရှိခဲ့လေသည်။ **၇။** တစ်ခါတွင်

သင်တို့၏အရှင်သခင်သည် သင်တို့အား ဤသို့ အသိပေးတော်မူခဲ့သည်။ အကယ်၍ သင်တို့သည် ကျေးဇူးသိတတ်ကြပါလျှင် ငါအရှင်သည် သင်တို့ကို မုချ တိုး၍ ချီးမြှင့်ပေးသနားတော်မူမည်။ အကယ်၍ သင်တို့သည် ကျေးဇူးကန်းကြပါ လျှင်မူ ငါအရှင်၏ပြစ်ဒဏ်သည် သေချာပေါက် ပြင်းထန်လှပေသည်။ ၈။ မူစာက ပြောခဲ့သည်။ အကယ်၍ သင်တို့ ငြင်းဆန်ကြပြီး ကမ္ဘာမြေပထဝီတွင် ရှိသမျှလူအားလုံး သည်လည်း ငြင်းဆန်ကြလျှင်လည်း အလ္လာဟ်ကမူ လိုလားတောင့်တမှုမှ ကင်းတော်မူသော၊ ချီးမွမ်းဖွယ်ဂုဏ်တော်များနှင့် ပြည့်စုံတော်မူ သောအရှင် ဖြစ်သည်။

၉။ အသင်တို့ထက်အလျင်က ရှိခဲ့ဖူးကြသည့်သူများဖြစ်သော နူဟ်၏ မျိုးနွယ်၊ အားဒ်မျိုးနွယ်၊ ဆမူးဒ်မျိုးနွယ်နှင့် ၎င်းတို့၏နောက်တွင် ရှိခဲ့ကြသူတို့၏ သတင်းသည် အသင်တို့ထံသို့ မရောက်လာခဲ့ပါသလော။ ထိုသူတို့အား အလ္လာဟ်မှ အပ မည်သူမျှ မသိချေ။ သူတို့ထံသို့ ငါအရှင်၏ရစူလ်တမန်တော်များသည် ထင်ရှား သောသက်သေလက္ခဏာများ ယူဆောင်၍ ရောက်ရှိလာခဲ့ကြရာ သူတို့က လက် များကို မိမိတို့၏ပါးစပ်ထဲထည့်ပြီး ငါတို့သည် သင်တို့အားပေးလွှတ်လိုက်သည့်အ ရာများကို မယုံကြည်ကြပါ၊ ငါတို့အား သင်တို့ ဖိတ်ခေါ်နေသည့်အရာနှင့်စပ်လျဉ်း၍ ငါတို့သည် ယုံမှားသံသယ၌သာ မုချဇကန်ရှိကြသည်ဟု ပြောဆိုခဲ့ကြလေသည်။

၁၀။ သူတို့၏ရစူလ်တမန်တော်များက ပြောဆိုကြသည်။ ဘာလဲ၊ သင် တို့သည် မိုးကောင်းကင်များနှင့် မြေပထဝီကို စတင်ဖန်ဆင်းတော်မူသော အလ္လာဟ် အရှင်မြတ်နှင့်စပ်လျဉ်း၍ ဒွိဟသံသယဖြစ်ကြပါသလော။ ထိုအရှင်သည် သင်တို့ အား သင်တို့၏ပြစ်မှုများမှ ခွင့်လွှတ်ချမ်းသားပေးရန်၊ သတ်မှတ်ထားသောအချိန် ကာလတိုင် သင်တို့ကို ဆိုင်းငံ့ပေးရန် ဖိတ်ခေါ်နေတော်မူသည်။ ထိုအခါ သူတို့က ဤသို့ တုံ့ပြန်ကြလေသည်။ သင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားများသာလျှင် ဖြစ်ကြသည်။ အသင်တို့၏ဆန္ဒမှာ ကျွန်ုပ်တို့၏အဘဘိုးဘေးများ ကိုးကွယ်ခဲ့သည့် အရာများမှ ကျွန်ုပ်တို့အား တားဆီးပိတ်ပင်ရန်သာ ဖြစ်သည်။ သို့ဖြစ်ရာ သင်တို့ သည် ကျွန်ုပ်တို့ထံ ထင်ရှားသောအထောက်အထားယူလာကြပါ။

၁၁။ သူတို့၏ရစူလ်တမန်တော်များက သူတို့အား ပြောဆိုကြသည်။

ငါတို့သည် အသင်တို့ကဲ့သို့ လူသားများသာဖြစ်ကြသည်မှာ မှန်ပေသည်။ သို့သော် အလ္လာဟ်သည် မိမိ၏အစေတော်များအနက်မှ မိမိနှစ်သက်သူအပေါ် ကျေးဇူးပြုတော်မူပေသည်။ အလ္လာဟ်၏အမိန့်တော်မပါဘဲနှင့် ကျွန်ုပ်တို့သည် သင်တို့ထံသို့ တန်ခိုးပြာဋိဟာယူဆောင်လာရန် ကျွန်ုပ်တို့၌ အခွင့်အာဏာမရှိပေ။ ယုံကြည်သူတို့သည် အလ္လာဟ်အပေါ်၌သာ ယုံပုံလွဲအပ်သင့်ပေသည်။ **၁၂။** ကျွန်ုပ်တို့သည် အလ္လာဟ်အပေါ် ယုံပုံလွဲအပ်မှုမပြုစရာ ဘာအကြောင်းရှိပါသနည်း။ ထိုအရှင်မြတ်ကပင် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏လမ်းကို ညွှန်ပြပေးတော်မူခဲ့သည်။ ကျွန်ုပ်တို့ကို အသင်တို့ ပေးကြသည့်ဒုက္ခများအပေါ် ကျွန်ုပ်တို့သည် မုချ သည်းခံကြရတော့မည်။ ယုံပုံလွဲအပ်သူ တို့သည် အလ္လာဟ်အပေါ်၌သာ ယုံပုံလွဲအပ်ထိုက်ပေသည်။

၁၃။ ငြင်းပယ်သူတို့က မိမိတို့၏ရစရာလိတမန်တော်များအား «ငါတို့သည် အသင်တို့အား ငါတို့၏နယ်မြေမှ မုချ မောင်းထုတ်ပစ်မည်၊ သို့မဟုတ် သင်တို့သည် ငါတို့၏သာသနာထဲသို့ မုချ ပြန်လည်ဝင်ရောက်ရမည်»ဟု ပြောဆိုခဲ့ကြလေသည်။ ထိုအခါ ထိုရစရာလိတမန်တော်များ၏အရှင်က သူတို့ထံ ငါအရှင်သည် မတရားလုပ်သူများကို မုချဇကာ ဖျက်ဆီးပစ်တော်မူမည်ဟု ဗျာဒိတ်တော်ချပေးခဲ့သည်။ **၁၄။** သူတို့၏နောက်တွင် ငါအရှင်သည် အသင်တို့အား မြေပထဝီတွင် မုချ နေရာပေးတော်မူမည်။ ဤသည် ငါအရှင့်ရှေ့တော်မှောက်တွင် ရပ်ရမည်ကို စိုးရိမ်သောသူ၊ ငါအရှင်ခြိမ်းခြောက်ထားသောပြစ်ဒဏ်ကို ကြောက်ရွံ့သောသူအဖို့သာ ဖြစ်ပေသည်။

၁၅။ သူတို့သည် အဆုံးအဖြတ်လိုချင်ခဲ့ကြရာ ခေါင်းမာသော၊ မောက်မာသော သူတိုင်းသည် ပျက်စီးဆုံးရှုံးခဲ့ချေပြီ။ **၁၆။** သူ့ရှေ့တွင် ဂျဟန္နမ်ငရဲဘုံ ရှိသည်။ သူသည် ပြည်ပုပ်ရေတိုက်ကျွေးခြင်း ခံရပေမည်။ **၁၇။** သူသည် ယင်းပြည်ပုပ်ရေကို တစ်ကျိုက်စီ သောက်မျိုလိမ့်မည်။ သို့သော် ယင်းပြည်ပုပ်ရေကို လည်ချောင်းမှ ခဲယဉ်းစွာ မျိုချရလိမ့်မည်။ သေခြင်းတရားသည် နေရာတိုင်းမှ သူ့ထံရောက်လာလိမ့်မည်။ သို့သော် သူသည် သေနိုင်လိမ့်မည်မဟုတ်။ သူ့ရှေ့တွင် ပြင်းထန်လှသောအပြစ်ဒဏ်သည် ရှိလိမ့်မည်။

၁၈။ မိမိတို့၏အရှင်ကို ငြင်းပယ်ကြသူတို့၏ ကောင်းမှုကုသိုလ်များ၏ ပမာသည် ပြာနှင့်တူပေသည်။ ယင်းပြာကို လေမုန်တိုင်းကျသောနေ့တွင် လေသည် ပြင်းထန်စွာ တိုက်ခတ်လိုက်လေသည်။ သူတို့သည် မိမိတို့ရှာဖွေခဲ့သည်များအနက်မှ မည်သည့်တစ်စုံတစ်ရာကိုမျှ ရနိုင်ကြလိမ့်မည်မဟုတ်။ ဤသည်အလွန်ဝေးလံသောလမ်းမှားမှုပင် ဖြစ်လေသည်။ **၁၉။** အလ္လာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို မှန်ကန်တိကျစွာ အမှန်ပင် ဖန်ဆင်းထားသည်ကို အသင်မမြင်တွေ့ပါသလော။ အရှင်မြတ် ဆန္ဒရှိလျှင် အသင်တို့ကို ဖျက်ဆီးတော်မူပြီး အဖန်ဆင်းခံအသစ်ကို ယူလာတော်မူပေမည်။ **၂၀။** ထိုသို့ပြုလုပ်ရန် အလ္လာဟ်အတွက် အခက်အခဲလည်း မရှိပေ။

၂၁။ သူတို့အားလုံးသည် အလ္လာဟ်ရှေ့တော်မှောက်သို့ ရောက်ရှိလာကြမည်သာဖြစ်သည်။ ထိုအခါ အားနည်းသူတို့က မောက်မာပလွားသူများအား «ငါတို့သည် အသင်တို့၏နောက်လိုက်များ ဖြစ်ခဲ့ကြပေရာ အသင်တို့သည် ငါတို့အား အလ္လာဟ် အပြစ်ဒဏ်မှ တစ်စုံတစ်ရာ ကာကွယ်ပေးကြပါမည်လော»ဟု ပြောဆိုကြမည်။ ၎င်းတို့က ပြန်လည်ဖြေကြားကြမည်။ အကယ်၍ အလ္လာဟ်သည် ငါတို့ကို လမ်းမှန်ပြခဲ့ပါလျှင် ငါတို့သည်လည်း အသင်တို့ကို သေချာပေါက် လမ်းမှန်ပြခဲ့မည်သာ။ ယခုမူ ငါတို့သည် စိုးရိမ်ကြောင့်ကြသည်ဖြစ်စေ၊ သည်းခံသည်ဖြစ်စေ ဘာအကြောင်းမျှ ထူးမည်မဟုတ်တော့ပေ။ ငါတို့အတွက် လွတ်မြောက်ဖို့ ဘာနည်းလမ်းမျှမရှိတော့ပေ။

၂၂။ အရေးကိစ္စ စီရင်ဆုံးဖြတ်၍ ပြီးသွားသည့်အခါ ရှိုင်သွာန်က ဤသို့ပြောလိမ့်မည်။ အလ္လာဟ်သည် အသင်တို့အား မှန်ကန်သောကတိကို မုချဇောက်ပေးတော်မူခဲ့သည်။ ကျွန်ုပ်သည်လည်း အသင်တို့ကို ကတိပေးခဲ့သည်။ သို့သော် ကျွန်ုပ်သည် အသင်တို့ကိုပေးခဲ့သောကတိကို ဖောက်ဖျက်ခဲ့သည်။ စင်စစ်တွင် အသင်တို့အပေါ်၌ ကျွန်ုပ်၏ မည်သည့်အာဏာမျှမရှိခဲ့ပါ။ ကျွန်ုပ်သည် အသင်တို့ကို ဖိတ်ခေါ်ရုံသာဖိတ်ခေါ်ခဲ့ပေရာ အသင်တို့သည် ကျွန်ုပ်၏ဖိတ်ခေါ်ချက်ကို လက်ခံသဘောတူခဲ့ကြသည်။ သို့ဖြစ်ရာ သင်တို့သည် ကျွန်ုပ်ကို အပြစ်မတင်ကြနှင့်။

ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ကြပါ။ ကျွန်ုပ်သည် အသင်တို့ကို ကယ်တင်မည့်သူ မဟုတ်သကဲ့သို့ အသင်တို့သည်လည်း ကျွန်ုပ်အား ကယ်တင်မည့်သူများ မဟုတ်ကြပေ။ သည့်အလျင်က အသင်တို့ ကျွန်ုပ်အား အလွှာဟ်နှင့်တွဖက်လုပ်ထားသည်ကိုလည်း ကျွန်ုပ် ငြင်းပယ်သည်။ မတရားလုပ်သူများအဖို့ နာကျင်ဖွယ်ရာအပြစ်ဒဏ်သည် မုချ ရှိပေသည်။

၂၃။ သို့ရာတွင် ယုံကြည်ပြီးနောက် ကောင်းမှုများ ကျင့်ဆောင်သူတို့သည် အောက်ဘက်တွင် စမ်းရေချောင်းများ စီးဆင်းနေသည့် ဥယျာဉ်များအတွင်းသို့ ဝင်ရောက်စေခြင်းခံကြရမည်။ သူတို့သည် သူတို့၏အရှင့်အမိန့်တော်ဖြင့် ယင်းဥယျာဉ်များတွင် အမြဲထာဝရ နေထိုင်ကြရမည်။ ယင်းဥယျဉ်များတွင် သူတို့အချင်းချင်း နှုတ်ခွန်းဆက်သမှုသည် စလာမ်(ငြိမ်းချမ်းသာယာမှုကျရောက်ပါစေ)ဟူ၍ ဖြစ်ပေမည်။

၂၄။ အလွှာဟ်သည် သန့်ပြန့်သောစကားကို မည်သို့ ဥပမာခိုင်းနှိုင်းပြတော်မူသည်ကို အသင် မသိမြင်ပါသလော။ ထိုသန့်ပြန့်စင်ကြယ်သောစကားသည် သန့်ပြန့်သောသစ်ပင်တစ်ပင်နှင့် တူပေသည်။ ယင်းသစ်ပင်၏အမြစ်သည် မြေတွင်မြဲမြံခိုင်ခံ့လျက်ရှိပြီး အကိုင်းအလက်များသည် မိုးအထိရောက်နေသည်။ **၂၅။** ယင်းသစ်ပင်သည် သူ့အရှင်မြတ်၏ အမိန့်တော်ဖြင့် အချိန်တိုင်း အသီးပေးလျက်ရှိသည်။ အလွှာဟ်သည် လူတို့ တရားရယူနိုင်ရန်အတွက် ဥပမာများကို ပြသတော်မူလေသည်။ **၂၆။** ညစ်ညမ်းသောစကားရပ်၏ ဥပမာသည် မကောင်းသော သစ်ပင်တစ်ပင်နှင့် တူပေသည်။ ယင်းသစ်ပင်သည် မြေအပေါ်ယံမှပင် နှုတ်ပစ်ခြင်းခံရလေရာ ခိုင်မြဲမှု အလျှင်းမရှိတော့ပေ။

၂၇။ အလွှာဟ်သည် ယုံကြည်သောသူများကို ခိုင်မြဲသောစကားရပ်ဖြင့် လောကီဘဝ၌ရော၊ နောင်တမလွန်ဘဝ၌ပါ ခိုင်မြဲစေတော်မူသည်။ မတရားလုပ်သူများကိုမူ အလွှာဟ်သည် လမ်းလွဲစေတော်မူသည်။ အလွှာဟ်သည် မိမိအလိုရှိရာကို ပြုလုပ်တော်မူသည်။

၂၈-၂၉။ အလွှာဟ်၏ကျေးဇူးတော်ကို ကုဖရ်ငြင်းပယ်မှုဖြင့် လဲလှယ်ခဲ့

ကြပြီး မိမိတို့၏မျိုးနွယ်ဝင်တို့ကို ပျက်စီးရာဌာန၊ ဂျဟန္နမ်ငရဲဘုံသို့ အရောက်ပို့ခဲ့ကြသူများကို အသင် မတွေ့မြင်ပါသလော။ သူတို့သည် ယင်းငရဲဘုံသို့ ဝင်ရောက်ကြရပေမည်။ ယင်းငရဲဘုံသည် အလွန်ဆိုးရွားလှသော နေရာထိုင်ခင်း ဖြစ်ပေသည်။ **၃၀။** သူတို့သည် လူတို့အား အလွှာဟ်လမ်းတော်မှ လွှဲချော်သွားအောင် လုပ်ဆောင်ရန်အတွက် အလွှာဟ်နှင့်ဂုဏ်ရည်တူများ ပြုလုပ်ခဲ့ကြသည်။ အသင် ပြောလိုက်ပါ။ အသင်တို့သည် အကျိုးခံစားထားကြကုန်။ အသင်တို့၏ နောက်ဆုံးစခန်းသည် ငရဲမီးပင် မုချဇကာန် ဖြစ်ပေတော့သည်။

၃၁။ သက်ဝင်ယုံကြည်ကြသော ငါအရှင်၏အစေတော်များအား ပြောကြားပါ။ စွလာသ်ဆောက်တည်ကြကုန်၊ မည်သည့်အရောင်းအဝယ်နှင့် မည်သည့်ရင်းနှီးကျွမ်းဝင်မှုမျှ အသုံးဝင်မည်မဟုတ်သောနေ့တစ်နေ့ ရောက်မလာမီအလျင်၊ ငါအရှင် သူတို့ကို ပေးကမ်းထားသည့်ဥစ္စာပစ္စည်းများအနက်မှ လျှို့ဝှက်စွာဖြစ်စေ၊ ပေါ်ပေါ်ထင်ထင်ဖြစ်စေ လှူဒါန်းသုံးစွဲကြကုန်။

၃၂။ အလွှာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်းဆင်းတော်မူသောအရှင် ဖြစ်ပေသည်။ အရှင်မြတ်သည်ပင် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူသည်။ တစ်ဖန် ထိုမိုးရေဖြင့် သစ်သီးဝလံအမျိုးမျိုးကို အသင်တို့အဖို့ ရိက္ခာအဖြစ် ပေါက်ရောက်စေတော်မူသည်။ သဘော်များသည်လည်း အရှင်မြတ်၏အမိန့်တော်ဖြင့် ပင်လယ်တွင် သွားလာနိုင်ရန်အတွက် အသင်တို့အဖို့ ယင်းသဘော်များကို ငါအရှင်က ထိန်းချုပ်ပေးတော်မူခဲ့သည်။ အသင်တို့အဖို့ မြစ်ချောင်းများကိုလည်း နိုင်နင်းစေတော်မူခဲ့သည်။ **၃၃။** ထို့ပြင် နေနှင့်လကိုလည်း အမြဲမပြတ်သွားလာစေလျက် အသင်တို့အတွက် နိုင်နင်းစေတော်မူခဲ့သည်။ ထို့ပြင် အသင်တို့အဖို့ ည၌နှင့်နေ့ကိုလည်း နိုင်နင်းစေတော်မူခဲ့သည်။ **၃၄။** ထို့ပြင် အသင်တို့အား အသင်တို့ တောင်းသမျှထဲကလည်း ပေးကမ်းတော်မူသည်။ အကယ်၍ အသင်တို့သည် အလွှာဟ်၏ကျေးဇူးတော်များကို ရေတွက်မည်ဆိုလျှင် ရေတွက်နိုင်ကြလိမ့်မည်မဟုတ်။ စင်စစ်တွင် လူသားသည် အလွန်မတရားသူ၊ အလွန်ကျေးဇူးကန်းသူပင် ဖြစ်လေသည်။

၃၅။ တစ်ခါတွင်အိဗ်ရာဟီမ်ကဤသို့လျှောက်ထားပန်ကြားခဲ့လေသည်။ အို၊ ကျွန်တော်မျိုး၏အရှင်၊ ဤမြို့ကို ငြိမ်းချမ်းသာယာသောမြို့အဖြစ် ပြုလုပ်ပေးတော်မူပါ။ ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏သားသမီးများကို ရုပ်တုများကို ကိုးကွယ်မိခြင်းမှ ကင်းဝေးစွာ ထားတော်မူပါ။ **၃၆။** အို၊ အရှင်မြတ်၊ ထိုရုပ်တုများသည် လူအမြောက်အမြားကို လမ်းလွဲစေခဲ့ကြပါသည်။ သို့ဖြစ်ရာ မည်သူမဆို ကျွန်တော်မျိုးအား နောက်လိုက်မှုပြုပါက ထိုသူသည် ကျွန်တော်မျိုး၏အုပ်စုအနက်မှ ဖြစ်မည်။ မည်သူမဆို ကျွန်တော်မျိုးအား အမိန့်ဖီဆန်ပါက စင်စစ်တွင် အရှင်မြတ်သည် အလွန် ခွင့်လွှတ်တော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင်ပင် ဖြစ်ပေသည်။

၃၇။ အို- ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးသည် မိမိ၏ သားသမီးအချို့ကို အရှင်မြတ်၏မြင့်မြတ်သောအိမ်တော်အနီး၊ လယ်ယာကိုင်းကျွန်းမရှိသော တောင်ကြားဒေသတွင် အမှန်ပင် နေထိုင်စေခဲ့ပါသည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ သူတို့သည် စွလာသ်ဆောက်တည်ကြရန်အတွက် ဖြစ်ပါသည်။ သို့ဖြစ်ရာ လူတို့၏ စိတ်နှလုံးများကို သူတို့ဘက်သို့ ယိမ်းညွှတ်စေတော်မူပါ။ ထို့ပြင် သူတို့ ကျေးဇူးသိတတ်ကြရန်အတွက် သူတို့အား သစ်သီးဝလံများ ချီးမြှင့်ပေးသနားတော်မူပါ။

၃၈။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့လျှို့ဝှက်ထားသည်များကိုရော၊ ထုတ်ဖော်ကြသည်များကိုပါ သိတော်မူပါသည်။ အရှင်မြတ်အတွက် ကမ္ဘမြေပထဝီတွင်ရော၊ မိုးကောင်းကင်တွင်ပါ မည်သည့် တစ်စုံတစ်ရာမျှ ဖုံးကွယ်မနေပါ။ **၃၉။** ချီးမွမ်းထောမနာ အပေါင်းသည် အလ္လာဟ် အဖို့သာတည်း။ အရှင်မြတ်သည် ကျွန်တော်မျိုးအား အသက်အရွယ်ကြီးရင့်နေပါလျက် အစ္စမာအီလ်နှင့် အိစ္စဟာက်တို့ကို ချီးမြှင့်တော်မူခဲ့သည်။ ကျွန်တော်မျိုး၏အရှင်သည် တောင်းဆုကို နားထောင်တော် မူသောအရှင် မုချဧကန် ဖြစ်တော်မူသည်။ **၄၀။** အို-အရှင်မြတ်၊ ကျွန်တော်မျိုးအား စွလာသ် စွဲစွဲမြဲမြဲ ဆောက်တည်သူအဖြစ် ပြုလုပ်ပေးတော်မူပါ။ ကျွန်တော်မျိုး၏သားမြေးတို့အနက်မှလည်း ပြုလုပ်ပေး

တော်မူပါ။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုး၏ တောင်းဆုကို လက်ခံတော်မူပါ။ **၄၁။** အို-ကျွန်တော်မျိုးတို့၏အရှင်၊ စာရင်းစစ်ဆေးမှုပြု မည့်နေ့တွင် ကျွန်တော်မျိုး၊ ကျွန်တော်မျိုး၏မိဘနှစ်ပါးနှင့် မုအ်မင်္ဂလာတို့ကို ခွင့်လွှတ် ချမ်းသာပေးတော်မူပါ။

၄၂။ အလ္လာဟ်သည် မတရားသောသူတို့ ပြုလုပ်လျက်ရှိသည်များကို မသိဘူးဟု အသင် လုံးဝမထင်လိုက်နှင့်။ စင်စစ်တွင် အရှင်မြတ်က သူတို့ကို မျက်လုံးများ မျက်ဖြူဆိုက်မည့်နေ့တိုင်အောင် ဆိုင်းငံ့ထားတော်မူခြင်းသာ ဖြစ်ပေသည်။ **၄၃။** ထိုနေ့တွင် သူတို့သည် ဦးခေါင်းများကို မော့၍ ပြေးလွှားနေကြမည်။ သူတို့သည် မျက်တောင်မခတ်ဘဲ ရှိကြမည်။ သူတို့၏စိတ်နှလုံးများသည်လည်း သတိရှိကြမည်မဟုတ်ပေ။

၄၄။ အသင်သည် လူတို့အား သူတို့ထံ အပြစ်ဒဏ်ရောက်ရှိလာမည့်နေ့ နှင့်စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါ။ ထိုနေ့ရောက်လျှင် မတရားလုပ်ခဲ့သူများက «အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့အား အချိန်ကာလအနည်းငယ် ထပ် ဆိုင်းပေးတော်မူပါ။ ကျွန်တော်မျိုးတို့သည် အရှင့်ဖိတ်ခေါ် ချက်ကို လက်ခံကြပါ မည်။ ရာဇူလ်တမန်တော်မျိုးကိုလည်း နောက်လိုက်မှုပြုပါမည်»ဟု လျှောက်တင်ကြ လိမ့်မည်။ ထိုအခါကျလျှင် အသင်တို့သည် သည့်အလျင်က မိမိတို့ထံ၌ မည်သို့မျှ ကျဆင်းယိုယွင်းမှု ကျရောက်လိမ့်မည်မဟုတ်ဟု ကျိန်ဆိုပြောဆိုခဲ့ကြသည် မဟုတ်လော(ဟု ပြောဆိုဖြေကြားခြင်းခံကြရမည်)။ **၄၅။** အသင်တို့သည် ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ခဲ့သောသူများ၏ ဥယျာဉ်များတွင် နေခဲ့ကြသည်။ ၎င်းတို့ကို ငါအရှင် မည်သို့မည်ပုံပြုခဲ့သလဲဟူသည့်အချက်မှာလည်း အသင်တို့အတွက် ထင်ရှားခဲ့ပြီးဖြစ် သည်။ ထို့ပြင် ငါအရှင်သည် သင်တို့ကို ဥပမာများဖြင့်လည်း ပုံဆောင်ပြခဲ့သည်။ **၄၆။** သူတို့သည် မိမိတို့၏ အကြံအစည်များကို အစွမ်းကုန် ကြံစည်ခဲ့ကြသည်။ သူတို့၏ အကြံအစည်များသည် တောင်များကို ရွှေ့လျားတိမ်းပါးသွားစေနိုင်ကာမူ အလ္လာဟ်ရှေ့မှောက်တွင်သာ ရှိပေသည်။

၄၇။ အလ္လာဟ်သည် မိမိ၏တမန်တော်များကို ပြုထားသော ကတိတော်

ကို ဖောက်ဖျက်လိမ့်မည်ဟု အသင် လုံးဝ မထင်လေနှင့်။ အလ္လာဟ်သည် အလွန်လွှမ်းမိုးနိုင်တော်မူသော၊ လက်တုံ့ပြန်တော်မူသောအရှင် မုချဖြစ်ပေသည်။ **၄၈။** ထိုနေ့တွင် ဤမြေပထဝီသည် အခြားမြေပထဝီနှင့် လဲလှယ်ခြင်းခံရမည်။ ထို့ပြင် မိုးကောင်းကင်များလည်း (လဲလှယ်ခြင်းခံရမည်။) အားလုံးသည် အလွန်လွှမ်းမိုးနိုင် နင်းတော်မူသော၊ တစ်ပါးတည်းသော အလ္လာဟ်၏ ရှေ့မှောက်တွင် ခစားကြရပေမည်။ **၄၉။** ထိုနေ့တွင် အပြစ်သားများကို သံကြိုးများဖြင့် ခတ်ထားလျက်ရှိသည်ကို သင်တွေ့ရမည်။ **၅၀။** သူတို့၏အဝတ်များသည် ကတ္တရာစေးများဖြင့် အတိပြီး၍ မီးသည် သူတို့၏ မျက်နှာကို လွှမ်းခြုံလောင်မြိုက်လျက် ရှိပေမည်။ **၅၁။** ထိုသို့ပြုခြင်းမှာ လူတစ်ဦးချင်းကို သူပြုခဲ့သည့်အရာ၏ အစားပေးရန်အတွက် ဖြစ်သည်။ အလ္လာဟ်သည် စာရင်းအင်း လျင်မြန်စွာ စစ်ဆေးတော်မူမည့်အရှင် စင်စစ်ဇကန် ဖြစ်ပေသည်။ **၅၂။** ဤသည် လူအားလုံးအတွက် ကြေညာချက် တစ်ခုဖြစ်သည်။ အကြောင်းမှာ ထိုကြေညာချက်ဖြင့် သူတို့ကို သတိပေးခြိမ်းခြောက်ရန်နှင့် ထိုအရှင်မြတ်ကသာ ကိုးကွယ်ခံထိုက်သည့် တစ်ပါးတည်းသော အရှင်ဖြစ်ကြောင်းကို သူတို့ သိကြရန်၊ ထို့ပြင် အသိဉာဏ်ရှိသူများအနေဖြင့် သံဝေဂတရား ရယူကြရန် ဖြစ်ပေသည်။

၁၅။ စူရာဟ်ဟိဂ်ျရ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလိဖ် လာမ် ရာ၊ ဤသည် ကျမ်းဂန်နှင့် ရှင်းလင်းသော ကုရ်အာန်၏ အာယသ်တော်များဖြစ်သည်။ ★ **၂။** သွေဖည်ငြင်းပယ်ခဲ့သူများက မိမိတို့သည် လက်ခံသူများ ဖြစ်ခဲ့ကြလျှင် ကောင်းလေစွတဲ့ဟု တမ်းတမည့်အချိန်တစ်ချိန် ရောက်ရှိလာပေမည်။ **၃။** သူတို့ကို အသင်လွှတ်ထားလိုက်ပါ။ စားကြပါစေ၊ စည်းစိမ်ခံစားကြပါစေ၊ မျှော်လင့် ချက်က သူတို့ကို မေ့မေ့လျော့လျော့ထားပါစေ၊ သူတို့

မကြာမီသိလာကြလိမ့်မည်။ **၄။** ငါအရှင်မြတ် ဖျက်ဆီးတော်မူခဲ့သည့် ရွာတိုင်း ရွာတိုင်းအတွက် သတ်မှတ်ချိန်တစ်ခု ရေးမှတ်ထား ပြီးဖြစ်သည်။ **၅။** မည်သည့် အုပ်စုမျှ သူ၏ သတ်မှတ်ချိန်ထက် ကျော်လွန်သည်လည်း ရှိမည်မဟုတ်၊ နောက်ကျ သည်လည်း ရှိမည်မဟုတ်ပေ။

၆။ သူတို့က «အို-ဆုံးမသြဝါဒ (ကုရ်အာန်) ချပေးခြင်းခံရသူ၊ သင် သည် မုချရူးသွပ်သူတစ်ဦးသာဖြစ်သည်»ဟု ပြောခဲ့ကြသည်။ **၇။** အကယ်၍ သင် သည် မှန်ကန်ပါလျှင် ကျွန်ုပ်တို့ထံသို့ ကောင်းကင်တမန်များကို ဘာကြောင့် ခေါ် ဆောင်မလာသနည်း။(ဟု ပြောခဲ့ကြသည်။) **၈။** ငါအရှင်မြတ်သည် ကောင်းကင် တမန်များကို မှန်ကန်သော စီရင်ချက်အတွက်သာ ဆင်းသက်စေတော်မူပေသည်။ ထိုအချိန်ကျလျှင် ၎င်းတို့သည် ဆိုင်းငံ့ခွင့်ကို ရကြတော့မည်မဟုတ်ပေ။

၉။ ငါအရှင်မြတ်သည်သာလျှင် အဆုံးအမ(ကုရ်အာန်)ကို ချပေးသနား တော်မူခဲ့ပြီး ငါအရှင်မြတ်သည်သာလျှင် ယင်း(ကုရ်အာန်)ကို မုချ ထိန်းသိမ်းတော် မူမည့်အရှင် ဖြစ်သည်။ **၁၀။** အသင့်မတိုင်မီက အုပ်စုများတွင်လည်း ငါအရှင်မြတ် သည် တမန်တော်များကို စေလွှတ်တော်မူခဲ့သည်။ **၁၁။** သူတို့ထံ လာခဲ့သမျှသော တမန်တော်များကို သူတို့က ပြက်ချော်ပြောင်လှောင်မှုသာ ပြုခဲ့ကြသည်။ **၁၂။** ငါအ ရှင်မြတ်သည် အပြစ်ကျူးလွန်သူများ၏ နှလုံးများတွင် ယင်း(ပြောင်လှောင်မှု)ကို ဤနည်းအတိုင်း ထည့်သွင်းတော်မူသည်။ **၁၃။** သူတို့သည် ထို(ကျမ်းမြတ်)အပေါ် တွင် ယုံကြည်ကြမည်မဟုတ်ပေ။ ယခင်က လူတို့၏ လမ်းစဉ်သည်လည်း ဤနည်း အတိုင်းပင် ရှိခဲ့သည်။ **၁၄။** အကယ်၍ ငါအရှင်မြတ်သည် သူတို့အတွက် မိုးကောင်း ကင်တံခါးတစ်ခုကို ဖွင့်ပေးခဲ့ပြီး ၎င်းတို့သည် ထိုတံခါးမှ တက်ရောက်ကြလျှင်လည်း၊ **၁၅။** သူတို့က «ငါတို့၏မျက်စိများသည် လှည့်စားခြင်း ခံလိုက်ရပြီ၊ သို့သာမက ငါတို့သည် မှော်ပညာဖြင့် ပြုစားခြင်းခံလိုက်ရပြီ»ဟု မုချပြောကြပေလိမ့်မည်။

၁၆။ ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်တွင် စခန်း (ကြယ်တာ ယာ) များကို ပြုလုပ်တော်မူထားသည်။ ထို့ပြင် ကြည့်သူများအဖို့ ယင်းစခန်းများကို အလှဆင်ထားသည်။ **၁၇။** ထို့ပြင် ငါအရှင်မြတ်သည် နှင်ထုတ်ခြင်းခံရသော

ရှိုင်သွာန်များမှ ယင်းစခန်းများကို ကာကွယ်ထိန်းသိမ်းထားသည်။ **၁၈။** သို့သော် ခိုးကြောင်ခိုးဝှက်ဖြင့် (တက်၍) နားထောင်သူ၏နောက်သို့ လင်းထိန်သော မီးတောက်က ထက်ကြပ်မကွာ လိုက်လေသည်။

၁၉။ ထို့ပြင် ငါအရှင်မြတ်သည် မြေကို ဖြန့်ကျက်တော်မူခဲ့သည်။ ထို့နောက် ယင်းအပေါ်တွင် တောင်များကို စိုက်ထူလိုက်သည်။ ထို့နောက် ယင်း(မြေ)တွင် အရာတိုင်းကို စနစ်တကျ ပေါက်ရောက်စေတော်မူသည်။ **၂၀။** ငါအရှင်မြတ်သည် ယင်း(မြေ)တွင် သင်တို့အတွက်နှင့် သင်တို့ ကျွေးမွေးထောက်ပံ့သည်မဟုတ်သောသူများအတွက် အသက်မွေးဝမ်းကျောင်း နိုင်မည့်အရာများကို ဖန်တီးပေးတော်မူခဲ့သည်။

၂၁။ ငါအရှင်မြတ်ထံပါးတွင် မရှိသော ဘက္ကာတိုက်ဟူ၍ မရှိပေ။ ငါအရှင်မြတ်သည် သတ်မှတ်ထားသော အတိုင်းအတာမျှကိုသာ ထိုထဲမှ ချပေးတော်မူသည်။ **၂၂။** ထို့ပြင် ငါအရှင်သည် ရေသယ်ဆောင်သောလေများကို စေလွှတ်တော်မူသည်။ ထို့နောက် ငါအရှင်မြတ်သည် မိုးကောင်းကင်မှ၊ ရေကိုချပေးတော်မူပြီး သင်တို့ကို တိုက်ကျွေးတော်မူသည်။ အသင်တို့သည် ယင်းရေကို စုဆောင်းထားနိုင်ကြသည်မဟုတ်ပေ။

၂၃။ စင်စစ်တွင် ငါအရှင်မြတ်သာလျှင် ရှင်သန်စေတော်မူသည်။ ငါအရှင်မြတ်သာလျှင် သေစေတော်မူသည်။ ငါအရှင်မြတ်သာလျှင် အမြဲကျန်ခဲ့မည်။ **၂၄။** ငါအရှင်မြတ်သည် သင်တို့အနက် ရှေ့ကသူများကိုလည်း သိတော်မူသည်။ နောက်ကသူများကိုလည်း သိတော်မူသည်။ **၂၅။** အသင့်အရှင်မြတ်သည် ၎င်းတို့ကို မုချဇကန် စုရုံးတော်မူမည်။ ထိုအရှင်သည် အလွန်အမြော်အမြင်ရှိတော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်သည်။ **၂၆။** ငါအရှင်မြတ်သည် လူသားကို နံသော၊ အသံမြည်သော ရွံ့ပုပ်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ **၂၇။** ထိုမတိုင်ခင်က ငါအရှင်မြတ်သည် ဂျင်နကို မီးတောက်မှ ဖန်ဆင်းတော်မူခဲ့သည်။

၂၈။ တစ်ချိန်သောအခါတွင် အသင့်အရှင်မြတ်က «ငါသည် နံသော၊ အသံမြည်သော ရွံ့ပုပ်ဖြင့် လူသားကို ဖန်ဆင်းတော်မူမည်»ဟု ကောင်းကင်တမန်

များကို မိန့်တော်မူသည်။ **၂၉။** အရှင်မြတ်သည် သူ့ကို ပြည့်စုံအောင် လုပ်ပြီးသော အခါ၊ ထို့နောက် သူ့ထဲတွင် ငါအရှင်မြတ်၏ ဝိညာဉ်ကို မှုတ်သွင်းလိုက်သောအခါ သင်တို့သည် သူ့အတွက် ဦးချလိုက်ကြကုန်(ဟု မိန့်ခဲ့သည်)။ **၃၀။** သို့ဖြစ်ရာ ကောင်းကင်တမန် အားလုံးသည် ဦးချခဲ့ကြသည်။ **၃၁။** သို့သော် အိဗ်လီစ်မှာမူ ဦးချသူများတွင် ပါဝင် ရန် ငြင်းဆိုခဲ့သည်။ **၃၂။** အရှင်မြတ်က မိန့်တော်မူသည်။ အို-အိဗ်လီးစ်၊ သင်သည် အဘယ်အတွက်ကြောင့် ဦးချသူများတွင် မပါဝင်ခဲ့သနည်း။ **၃၃။** သူကဆိုသည်။ နံသော၊ အသံမြည်သော ရွှံ့ပုပ်ဖြင့် အရှင်မြတ် ဖန်ဆင်း တော်မူခဲ့သည့်လူသားကို ကျွန်တော်မျိုး ဦးမချနိုင်ပါ။

၃၄။ အရှင်မြတ်က မိန့်တော်မူသည်။ သို့ဆိုလျှင် ဤနေရာမှ ထွက်သွား လော့။ သင်သည် ဧကန်စင်စစ် နှင်ထုတ်ခြင်းခံရသူဖြစ်သည်။ **၃၅။** ထို့ပြင် အစားပေးမည့်နေ့တိုင်အောင် သင့်ပေါ်တွင် ကျိန်စာသင့်နေပေမည်။ **၃၆။** သူက လျှောက်ထားသည်။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ သို့ဆိုလျှင် ပြန်လည်ရှင်ထကြ ရမည့်နေ့တိုင်အောင် ကျွန်တော်မျိုးအား ဆိုင်းငံ့ခွင့်ပေးတော်မူပါ။ **၃၇။** အရှင်မြတ် က မိန့်တော်မူသည်။ ကောင်းပြီ၊ သင်သည် ဆိုင်းငံ့ခွင့် ရသွားချေပြီ။ **၃၈။** (သို့သော်) သတ်မှတ်ထားသော အချိန်နေ့ရက်အထိသာ ဖြစ်သည်။

၃၉။ သူကပြောသည်။ အရှင်မြတ်သည် ကျွန်တော်မျိုးအား လမ်းလွဲ အောင်လုပ်ခဲ့ပေရာ ကျွန်တော်မျိုးသည် မြေကမ္ဘာတွင် ၎င်းတို့အတွက် (မကောင်းမှု များကို) လှပအောင်ခြယ်သ၍ ပြပေမည်။ ထို့ပြင် ၎င်းတို့အားလုံးကို လမ်းမှားအောင် မုချလုပ်ဆောင်ပေမည်။**၄၀။**သို့သော်သူတို့ထဲမှသီသန့်ရွေးထုတ်တော်မူလိုက်သည့် အရှင်မြတ်၏ အစေတော်များမပါပေ။

၄၁။ အရှင်မြတ်က အမိန့်ရှိတော်မူသည်။ ဤသည် ငါအရှင်မြတ်ထံသို့ ရောက်သော လမ်းဖြောင့်ဖြစ်သည်။ **၄၂။** စင်စစ်တွင် ငါအရှင်၏ အစေတော်များ ပေါ်တွင် အသင့်လွှမ်းမိုးမှု ရှိလိမ့်မည်မဟုတ်။ သို့သော် လမ်းမှားသူများထဲမှ သင့်နောက်ကို လိုက်ကြသူများကလွဲ၍ (ဖြစ်သည်။) **၄၃။** သူတို့အားလုံးအတွက် ချိန်းချက်ကတိပြုထားသည့်နေရာမှာ ဂျဟန္နမ်ငရဲဘုံပင် ဖြစ်သည်။ **၄၄။** ယင်းငရဲဘုံ

တွင် တံခါးခုနစ်ပေါက် ရှိသည်။ တံခါးတိုင်းအတွက် ထို(ငရဲကျ)သူများထဲမှ တစ်စုစီ ခွဲထားပြီးသား ဖြစ်သည်။

၄၅။ အလ္လာဟ်ကို ကြောက်ရွံ့သောသူများသည် ဥယျာဉ်များ၊ စမ်းချောင်းများတွင် မုချဧကန် ရှိပေလိမ့်မည်။ **၄၆။** ထိုထဲတွင် သင်တို့သည် ငြိမ်းချမ်းစွာဖြင့် ဝင်ရောက်ကြကုန်။ **၄၇။** ငါအရှင်မြတ်သည် သူတို့၏ စိတ်နှလုံးများထဲမှ အကောက်အတေးများကို ထုတ်ပစ်တော်မူလိုက်မည်။ အားလုံးသည် သလွန်များပေါ်တွင် ညီအစ်ကိုများပမာ မျက်နှာချင်းဆိုင်၍ ထိုင်နေကြမည်။ **၄၈။** ထိုနေရာတွင် ၎င်းတို့သည် မည်သည့် ဒုက္ခမျှ ရောက်ကြမည်မဟုတ်ပေ။ ထိုထဲမှ မောင်းနှင်ထုတ်ခြင်းကိုလည်း ခံရမည်မဟုတ်ကြပေ။ **၄၉။** ငါအရှင်မြတ်သည် ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ သနားကြင်နာတော်မူသောအရှင်ဖြစ်ကြောင်း ငါအရှင်၏အစေတော်များအား ပြောပြလိုက်ပါ။ **၅၀။** ထို့နောက် ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် အလွန်နာကျင်ဖွယ် ပြစ်ဒဏ်ဖြစ်သည်(ကိုလည်း ပြောပြလိုက်ပါ)။

၅၁။ ထို့နောက် သူတို့ကို အိဗ်ရာဟီးမ်၏ ဧည့်သည်များအကြောင်း ပြောပြလိုက်ပါ။ **၅၂။** တစ်ခါတွင် သူတို့က သူ့ထံသို့ လာ၍ စလာမ်ဆက်သကြသည်။ အိဗ်ရာဟီးမ်က «ကျွန်ုပ်သည် သင်တို့ကို ကြောက်ရွံ့စိုးရိမ်ပါသည်»ဟု ပြောလေသည်။ **၅၃။** ၎င်းတို့က သင်မစိုးရိမ်ပါနှင့်၊ သင်သည် အလွန်အသိပညာရှိသော သားတော်တစ်ပါးကို ရမည့်အကြောင်း ကျွန်ုပ်တို့ သတင်းကောင်းပေးပါသည်»ဟု ပြောကြသည်။ **၅၄။** အိဗ်ရာဟီးမ်က ပြောသည်။ သင်တို့သည် ကျွန်ုပ်ကို ဤအသက်အရွယ် ကြီးရင့်ခါမှ ကလေးရမည့်အကြောင်း သတင်းကောင်းပေးကြသလော။ သင်တို့ မည်သည့်အရာနှင့်ပတ်သက်၍ ကျွန်ုပ်ကို သတင်းကောင်းပေးနေကြသနည်း။ **၅၅။** ၎င်းတို့က ပြောကြသည်။ ကျွန်ုပ်တို့သည် သင့်ကို အမှန်နှင့်တကွ သတင်းကောင်း ပေးခြင်း ဖြစ်သည်။ သို့ဖြစ်ရာ သင်သည် မက်ကင်းသူများတွင် မပါဝင်ပါလေနှင့်။ **၅၆။** အိဗ်ရာဟီးမ်က ပြောသည်။ မိမိအရှင်၏ ကရုဏာတော်မှ မက်ကင်းမည့်သူဟူ၍ လမ်းလွဲသူများမှတစ်ပါး အခြား မည်သူရှိမည်နည်း။

၅၇။ ထို့နောက် သူက မေးသည်။ (အို)စေလွှတ်ခြင်းခံရသူတို့၊ သင်တို့

ဘာကိစ္စနှင့် လာကြသနည်း။ **၅၈။** ၎င်းတို့က ပြောကြသည်။ ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်သော အုပ်စုတစ်စုဆီသို့ စေလွှတ်ခြင်းခံရသည်။ **၅၉။** သို့သော် လူးသွ်၏ မိသားစုကိုမူ၊ သူတို့အားလုံးကို ကျွန်ုပ်တို့ ကယ်တင်လိုက်မည်။ **၆၀။** သို့သော် သူ၏ ဇနီးကိုမူ ကျန်ရစ်ခဲ့သူများတွင် အပါအဝင်ဖြစ်စေရန် ကျွန်ုပ်တို့ (အလွှာဟ်အမိန့်တော်ဖြင့်) ဆုံးဖြတ်ထားပြီးဖြစ်သည်။

၆၁။ ထို့နောက် စေလွှတ်ခြင်းခံရသော ကောင်းကင်တမန်များက လူးသွ်၏ မျိုးနွယ်ထံ ရောက်သော် **၆၂။** သူက «သင်တို့သည် သူစိမ်းများဖြစ်သည်»ဟု ပြောလေသည်။ **၆၃။** သူတို့ကပြောသည်။ မဟုတ်။ အမှန်တော့ ကျွန်ုပ်တို့သည် သူတို့သံသယဝင်နေသောအရာကို သင့်ထံသို့ ယူဆောင်လာခြင်း ဖြစ်သည်။ **၆၄။** ကျွန်ုပ်တို့သည် သင့်ထံသို့ အမှန်တရားဖြင့် လာခဲ့ကြသည်။ ကျွန်ုပ်တို့သည် လုံးဝမှန်ကန်သူများ ဖြစ်သည်။ **၆၅။** သို့ရှိရာ သင်သည် ညဉ့်၏ အစိတ်အပိုင်းတစ်ခုတွင် မိမိ၏ မိသားစုနှင့်တကွ ထွက်သွားပါလေ။ သင်သည် သူတို့နောက်မှ နေ၍ သွားပါ။ သင်တို့အနက် မည်သူမျှ နောက်ကို လှည့်မကြည့်ရပေ။ သင်တို့ကို အမိန့်ရှိထားသော နေရာသို့ သွားလိုက်ကြကုန်။ **၆၆။** နံနက်ရောက်သည်နှင့် ဤသူတို့၏ အမြစ်သည် ဖြတ်တောက်ခြင်းခံရမည်ဟု ငါအရှင်မြတ်က လူးသွ်ကို ဗျာဒိတ်တော် ချပေးတော်မူခဲ့သည်။

၆၇။ ထို့နောက် မြို့သားများသည် ဝမ်းမြောက်ပျော်ရွှင်စွာ လာခဲ့ကြသည်။ **၆၈။** သူက ပြောသည်။ ဤသည် ကျွန်ုပ်၏ ဧည့်သည်များဖြစ်သည်။ သင်တို့ ကျွန်ုပ်ကို သိက္ခာမချကြနှင့်။

၆၉။ သင်တို့ အလွှာဟ်ကို ကြောက်ကြကုန်။ ကျွန်ုပ်ကို သိက္ခာမချကြနှင့်။ **၇၀။** သူတို့က ပြောကြသည်။ လူခပ်သိမ်းတို့ကို (ဧည့်သည်အဖြစ် လက်မခံရန်) အသင့်ကို ကျွန်ုပ်တို့ တားမြစ်ထားသည် မဟုတ်လား။ **၇၁။** သူက ပြောသည်။ အသင်တို့ ဆန္ဒဖြည့်ဆည်းလိုကြသည်ဆိုလျှင် ဤကျွန်ုပ်၏ သမီးများရှိပေသည်။ (သူတို့နှင့် လက်ထပ်လိုက်ကြပါ။)

၇၂။ သင့်အသက်ကို တိုင်တည်သည်။ သူတို့သည် မိမိတို့၏ ယစ်မူးမှု

တွင် မိန်မောနေလျက် ရှိကြသည်။ **၇၃။** နံနက်နေတက်ချိန်တွင် ကျယ်လောင်သော ဟစ်သံက သူတို့ကို ဖမ်းဆီးအရေးယူခဲ့သည်။ **၇၄။** ထို့နောက် ငါအရှင်သည် ထိုရွာကို အထက်အောက် ပြောင်းပြန်လှန်ပစ်တော်မူခဲ့သည်။ ထို့နောက် သူတို့အပေါ်တွင် ကျောက်စရစ်ခဲမိုး ရွာချတော်မူခဲ့သည်။ **၇၅။** ဤထဲတွင် သံဝေဂအမြင်ဖြင့် ကြည့်သူများအတွက် သက်သေလက္ခဏာများ စင်စစ်ဖကန် ရှိပေသည်။ **၇၆။** ဤရွာသည် (လူအများသွားလာသော) ဖြောင့်သော လမ်းပေါ်တွင် ရှိသည်။ **၇၇။** ယုံကြည် သူများအဖို့ ဤထဲတွင် လက္ခဏာတော်များ မုချဖကန် ရှိပေသည်။

၇၈။ ထို့နောက် (သစ်တောထူထပ်သော) အိုင်ကာဟ်တွင်နေထိုင်ကြသူများသည်လည်း တကယ်ပင် မတရားကျူးလွန်သူများ ဖြစ်ခဲ့ကြသည်။ **၇၉။** ငါအရှင်မြတ်သည် သူတို့ကို လက်တုံ့ပြန်ခဲ့သည်။ ဤရွာနှစ်ရွာသည် ထင်ရှားသော လမ်းမပေါ်တွင် ရှိခဲ့သည်။ **၈၀။** ဟိဂျ်ရ်တွင် နေထိုင်သောသူများသည်လည်း ရစူလ်တမန်တော်များကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ **၈၁။** ငါအရှင်မြတ်သည် သူတို့ကို မိမိ၏ လက္ခဏာတော်များကို ပေးခဲ့သည်။ သို့သော် သူတို့သည် ထိုလက္ခဏာတော်များမှ မျက်နှာလွှဲ၍ နေခဲ့ကြသည်။ **၈၂။** သူတို့သည် တောင်များကို ဘေးရန်ကင်းစွာ ဖောက်ထွင်း၍ အိမ်များ ပြုလုပ်ကြသည်။ **၈၃။** သူတို့ကို နံနက်အချိန်တွင် ပြင်းထန်သော ဟစ်သံက လာရောက်ဖမ်းဆီး အရေးယူ ခဲ့သည်။ **၈၄။** သို့ရာတွင် သူတို့ ရှာဖွေဆည်းပူးခဲ့သောအရာများသည် သူတို့အတွက် ဘာမျှ အသုံးမဝင်ခဲ့ပေ။

၈၅။ ငါအရှင်မြတ်သည် မိုးများ၊ မြေနှင့် ထိုနှစ်ခုကြားတွင် ရှိသော အရာများကို မှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ကိယာမသ်နေ့သည် မုချ ရောက်လာလိမ့်မည်။ သင်သည် ကောင်းစွာ ခွင့်လွှတ်၍နေပါ။ **၈၆။** သင်၏ အရှင်မြတ်သည် အားလုံးကို ဖန်ဆင်းသည့်အရှင်၊ အကြွင်းမဲ့သိတော်မူသော အရှင် မုချဖကန် ဖြစ်သည်။

၈၇။ ငါအရှင်မြတ်သည် သင့်အား ထပ်ဖန်တလဲလဲ ရွတ်ဖတ်ရသော ပါဒ ခုနစ်ခုနှင့် ကုရ်အာန်ကျမ်းတော်ကို ပေးသနားတော်မူခဲ့သည်။ **၈၈။** ငါအရှင်မြတ်က သူတို့အသီးသီးကို ပေးထားသော လောကီပစ္စည်းဥစ္စာများကို အသင်သည်

မော်၍ပင် မကြည့်နှင့်။ ထို့ပြင် သူတို့အပေါ်တွင် သောကမဖြစ်လေနှင့်။ အသင်သည် ယုံကြည်သူများအဖို့ (ကရဏာ၏) အတောင်ကို နိမ့်ချထားပါ။ **၈၉။** ထို့ပြင် «ကျွန်ုပ်သည် ထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦး ဖြစ်သည်»ဟု အသင်ပြောပါ။ **၉၀။** ထိုနည်းတူ ငါအရှင်မြတ်သည် အစိတ်အပိုင်းများ ခွဲခြားလိုက်ကြသူများပေါ်တွင်လည်း (ကျမ်းဂန်)ချပေးတော်မူခဲ့သည်။ **၉၁။** သူတို့သည် မိမိတို့ကုရ်အာန်ကို အပိုင်းပိုင်း လုပ်လိုက်ကြသည်။ **၉၂-၉၃။** ငါအရှင်မြတ်သည် သူတို့အားလုံးကို သူတို့၏ လုပ်ရပ်များနှင့်ပတ်သက်၍ မုချ စစ်ဆေးမေးမြန်းတော်မူမည်ဟု သင့်အရှင်မြတ်ကို သက်သေထူ၍ ကျိန်ဆိုသည်။

၉၄။ အသင့်အား အမိန့်ပေးထားသည်များကို အထင်အရှား ဟောကြားပါ။ ထို့ပြင် ယှဉ်တွဲကိုးကွယ်သူများကို ဥပေက္ခာပြုထားပါ။ **၉၅။** ငါအရှင်မြတ်သည် ထိုလှောင်ပြောင်သူများကို (ကိုင်တွယ်ရန်) အသင့်အတွက် လုံလောက်တော်မူသည်။ **၉၆။** သူတို့သည် အလ္လာဟ်နှင့် ယှဉ်တွဲ၍ အခြားဘုရားကို ကိုးကွယ်ရာအဖြစ် သတ်မှတ်ကြသည်။ သူတို့ မကြာမီ သိသွားကြလိမ့်မည်။ **၉၇။** သူတို့၏ ပြောဆိုမှုများကြောင့် အသင် စိတ်ကျဉ်းကျပ်သည်ကို ငါအရှင်သိတော်မူသည်။ သို့ရှိရာ သင်သည် မိမိအရှင်မြတ်ကို ချီးမွမ်းထောမနာပြု၍ ဘာဝနာစီးဖြန်းနေပါလေ။ အသင်သည် ဦးချဝပ်တွားသူများတွင် ပါဝင်ပါလေ။ သေချာပေါက်ဖြစ်မည့်ကိစ္စ မိမိထံသို့ ရောက်လာသည်အထိ သင်သည် မိမိအရှင်မြတ်ကို ကိုးကွယ်၍ နေပါ။

၁၆။ စူရဟ်နဟ်လ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလ္လာဟ်၏ အမိန့်တော် ရောက်လာခဲ့ပြီဖြစ်ရာ ထိုအတွက် အသင်တို့သည် အလျင်မလိုကြနှင့်။ သူတို့ ယှဉ်တွဲကိုးကွယ်လျက်ရှိသော အရာများမှ အလ္လာဟ်သည် သန့်ပြန့်စင်ကြယ် မြင့်မားတော်မူသည်။ **၂။** အရှင်မြတ်သည် မိမိ၏

အစေတော်များအနက်မှ မိမိအလိုရှိသူအပေါ်သို့ အသက်ရှင် သန်မူပေးသော ဗျာဒိတ်တော်ဖြင့် ကောင်းကင်တမန်များကို မိမိ၏ အမိန့်တော်ဖြင့် ဆင်းသက်စေတော်မူသည်။ ထိုအမိန့်တော်မှာ «ငါအရှင်မြတ်ကလွဲပြီး အခြားခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်းကို သတိပေးနှိုးဆော်ကြကုန်» ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ငါအရှင် မြတ်ကို ကြောက်ရွံ့ကြကုန်။ **၃**။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို မှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်။ အရှင်မြတ်သည် သူတို့ ယှဉ်တွဲကိုးကွယ်သောအရာများမှ မြင့်မားတော်မူသည်။

၄။ အရှင်မြတ်သည် လူသားကို သုက်ရည်တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ယင်းလူသားသည် ရုတ်တရက် ထင်ထင်ရှားရှား ငြင်းခုံသူဖြစ်လာသည်။ **၅**။ ထို့နောက် အရှင်မြတ်သည် ခြေလေးချောင်းတိရစ္ဆာန်များကို ဖန်ဆင်းတော်မူသည်။ ထိုထဲတွင် သင်တို့အဖို့ အအေးဒဏ်ကို ကာကွယ်ပေးသော အဝတ်အစားရှိသည်။ အခြားအကျိုးထူးများလည်း ရှိသေးသည်။ ထိုထဲမှ အသင်တို့စားလည်း စားကြသည်။ **၆**။ ထို့ပြင် ထိုတိရစ္ဆာန်များကို ညနေခင်းချိန်တွင် သင်တို့ ပြန်ခေါ်လာသောအခါနှင့် နံနက်ခင်းချိန်တွင် သင်တို့ လွှတ်ပေးလိုက်သောအခါတွင် သင်တို့အဖို့ လှပသော မြင်ကွင်းရှိသည်။ **၇**။ ထို့ပြင် ထိုတိရစ္ဆာန်များသည် သင်တို့၏ ဝန်စည် များကို ထမ်းပိုး၍ အသင်တို့ ခက်ခက်ခဲခဲဖြင့်သာ ရောက်ရှိနိုင်သောနေရာကို ပို့ဆောင်ပေးလေသည်။ သင်တို့၏ အရှင်မြတ်သည် အလွန်ယုယကြင် နာတော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင် မုချဇကန် ဖြစ်သည်။ **၈**။ ထို့ပြင် သင်တို့ စီးနင်းနိုင်ရန်နှင့် အလှတန်ဆာဆင်ရန်အတွက် အရှင်မြတ်သည် သင်တို့အဖို့ မြင်း၊ လား၊ မြည်းတိရစ္ဆာန်များကို ဖန်ဆင်းပေးတော်မူခဲ့သည်။ ထို့ပြင် သင်တို့မသိသေးသောအရာများကိုလည်း ဖန်ဆင်းတော်မူသည်။

၉။ လမ်းဖြောင့်ကို ပြသရန်မှာ အလွှာဟ်ပေါ်တွင်သာ တာဝန်ရှိပေသည်။ လမ်းများတွင် အချို့လမ်းကောက်များလည်း ရှိသည်။ အကယ်၍ အရှင်မြတ်သာ အလိုရှိပါက သင်တို့အားလုံးကို လမ်းမှန် မုချ ပြတော်မူလိုက်မည် ဖြစ်သည်။

၁၀။ ထိုအရှင်မြတ်သည်သာ မိုးကောင်းကင်မှ ရေကို ရွာချပေးတော်မူ

သည်။ ထိုထဲမှ အသင်တို့ သောက်ကြသည်။ ယင်း(မိုးရေ)ဖြင့်ပင် အပင်များ ပေါက်ရောက်ကြသည်။ ထိုအပင်များတွင် သင်တို့သည် သင်တို့၏ တိရစ္ဆာန်များကို ကျောင်းကြသည်။ **၁၁။** ထိုအရှင်မြတ်သည် ယင်းရေဖြင့် သင်တို့၏လယ်ယာများ၊ သဖန်သီး၊ စွန်ပလွံသီး၊ စပျစ်နှင့် အသီးအစုံကို ပေါက်ရောက်စေတော်မူသည်။ ဆင်ခြင်တွေးခေါ် သူများအဖို့ ထိုထဲတွင် သက်သေလက္ခဏာ အမှန်ပင် ရှိပေသည်။

၁၂။ ထိုအရှင်မြတ်သည် ညနှင့်နေ့ကို၊ နေနှင့်လကို သင်တို့အား အလုပ် အကျွေးပြုရန် ခိုင်းစေထားတော်မူသည်။ ကြယ်တာရာများသည်လည်း ထိုအရှင် မြတ်၏ အမိန့်တော်ဖြင့် ထိန်းချုပ်ခြင်းခံထားရသည်။ စဉ်းစားဆင်ခြင်ကြသူများအဖို့ ထိုထဲတွင် သက်သေလက္ခဏာများ အမှန်ပင် ရှိပေသည်။ **၁၃။** ထို့ပြင် မြေပထဝီတွင် အရှင်မြတ် ဖန်ဆင်းထားတော်မူသော အရောင်မျိုးစုံအရာများသည်လည်း (အရှင့် အမိန့်တော်အရ) သင်တို့ကို အလုပ်အကျွေးပြုလျက်ရှိသည်။ တရားရလိုသူများအဖို့ ထိုထဲတွင် သက်သေလက္ခဏာ အမှန်ပင် ရှိပေသည်။ **၁၄။** ထို့ပြင် အရှင်မြတ် သည်သာလျှင် သင်တို့အကျိုးအတွက် ပင်လယ်ကို နာခံစေခဲ့သည်။ ထိုထဲမှ သင် တို့သည် လတ်ဆတ်သော အသားကို စားကြရန်နှင့် ထိုထဲမှ သင်တို့ ဝတ်ဆင်သည့် လက်ဝတ်ရတနာများကို ထုတ်ကြရန်ဖြစ်သည်။ ထို့ပြင် ထို(ပင်လယ်)ထဲတွင် လှေ သဘော်များသည် ရေကို ခွဲလျက်သွားနေသည်ကို သင်တို့ တွေ့မြင်ကြရပေသည်။ သို့ပြုထားရခြင်းကား သင်တို့သည် ထိုအရှင်မြတ်၏ ကျေးဇူးတရားများကို ရှာဖွေ ရန်နှင့် ကျေးဇူးတင်ရန် ဖြစ်သည်။

၁၅။ ထို့ပြင် မြေပထဝီသည်အသင်တို့အဖို့ ယိမ်းယိုင်လှုပ်ရမ်းမနေစေရန် အတွက် အရှင်မြတ်က တောင်များကို စိုက်ထူထားတော်မူသည်။ ထို့နောက် သင်တို့သည် လိုရာစခန်းသို့ ရောက်နိုင်အောင် မြစ်ချောင်းများ၊ လမ်းများကို အရှင် မြတ်က စီမံထားတော်မူသည်။ **၁၆။** ထို့ပြင် (လမ်းများကို သိနိုင်ရန်) သင်္ကေတများ စွာကို ပြုပေးထားသည်။ ကြယ်တာရာများဖြင့်လည်း သူတို့သည် လမ်းကိုသိနိုင်ကြ သည်။

၁၇။ သို့ရှိရာ (အရာအားလုံးကို) ဖန်ဆင်းတော်မူသောသူနှင့် ဘာတစ်ခု

မျှ မဖန်ဆင်းသူတို့သည် တူနိုင်ကြပါသလော။ သင်တို့ မစဉ်းစားကြသလော။ **၁၈။** အကယ်၍ သင်တို့သည် အလ္လာဟ်၏ကျေးဇူးတော်များကို ရေတွက်ကြပါက ရေတွက်နိုင်ကြမည်မဟုတ်ပေ။ အလ္လာဟ်သည် အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင် မုချ ဖြစ်ပေသည်။ **၁၉။** ထို့ပြင် အလ္လာဟ်သည် သင်တို့ လျှို့ဝှက်သည်ကိုရော၊ သင်တို့ ထုတ်ဖော်သည်ကိုပါ သိတော်မူသည်။

၂၀။ အလ္လာဟ်ကိုစွန့်၍ သူတို့ဟစ်ခေါ်နေသော ဘုရားများသည် မည်သည့်အရာကိုမျှ မဖန်ဆင်းနိုင်ကြပေ။ သူတို့ကိုယ်တိုင်ပင်လျှင် ဖန်ဆင်းခံများဖြစ်ကြသည်။ **၂၁။** သူတို့သည် အသက်မရှိသော သက်မဲ့များဖြစ်ကြသည်။ မည်သည့်အခါ ပြန်လည်ရှင်ပြန်ထစေခြင်းခံရမည်ကိုပင် သူတို့ မသိကြပေ။ **၂၂။** သင်တို့ ခဝပ်ကိုးကွယ်ရမည့်အရှင်သည် တစ်ပါးတည်းသာ ဖြစ်သည်။ သို့ရာတွင် နောင်တမလွန်ကို မယုံကြည်သူများ၏ စိတ်နှလုံးများသည် ငြင်းပယ်လျက်သာ ရှိကြသည်။ သူတို့ သည် မာနတက်နေကြသည်။ **၂၃။** အလ္လာဟ်သည် သူတို့လျှို့ဝှက်သည်များကိုလည်း စင်စစ်ဧကန် သိတော်မူသည်။ သူတို့ပေါ်ပေါ်ထင်ထင် ပြုသည်များကိုလည်း သိတော်မူသည်။ အရှင်မြတ်သည် မာနတက်နေသူများကို အမှန်ပင် မနှစ်မြို့ပေ။

၂၄။ သူတို့အား «အသင်တို့၏ အရှင်မြတ်သည် မည်သည့်အရာကို ချပေးသနားတော်မူခဲ့သနည်း»ဟု ပြောသောအခါ သူတို့က «လွန်လေခဲ့သူများ၏ ဒဏ္ဍာရီများဖြစ်သည်»ဟု ပြောကြလေသည်။ **၂၅။** ထိုသို့(ပြောဆိုခြင်း) ကြောင့် သူတို့သည် ကိယာမသ် ရှင်ပြန်ထရမည့်နေ့တွင် မိမိတို့၏ ဝန်ထုပ်ဝန်ပိုးများကိုလည်း အပြည့်အဝ ထမ်းရွက်ကြရမည်ဖြစ်ပြီး၊ မသိနားမလည်ဘဲ သူတို့လမ်းလွဲအောင်လုပ်ခဲ့သူများ၏ ဝန်ထုပ်ဝန်ပိုးများကိုပါ ထမ်းရွက်ကြရပေလိမ့်မည်။ သတိပြုကြကုန်။ သူတို့ထမ်းရွက်သောအရာသည် အဘယ်မျှ ဆိုးရွားလိုက်လေသနည်း။

၂၆။ သူတို့ထက်အလျင်က သူများသည်လည်း ကြံစည်ခဲ့ကြသည်။ သို့သော်လည်း သူတို့ဆောက်လုပ်သော (အကြံအစည်) အဆောက်အအုံကို

အလ္လာဟ်သည် အမြစ်မှ လှန်ပစ်တော်မူခဲ့သည်။ ထို့နောက် အမိုးသည်လည်း သူတို့အပေါ် သို့ပြိုကျခဲ့သည်။ ထို့ပြင် အပြစ်ဒဏ်သည် သူတို့မထင်မှတ်ထားသောနေရာမှ သူတို့ထံရောက်လာခဲ့သည်။ **၂၇။** ထို့နောက် ရှင်ပြန်ထရမည့်နေ့တွင် အလ္လာဟ်သည် သူတို့ကို သေးသိမ်စေဦးမည်။ ထို့နောက် အလ္လာဟ်က ဤသို့ မိန့်တော်မူမည်။ ငါအရှင်မြတ်နှင့်အတူ သင်တို့ယှဉ်တွဲခဲ့သော ဘုရားများသည် အဘယ်မှာနည်း၊ ယင်း ဘုရားများနှင့် စပ်လျဉ်း၍ သင်တို့သည် ပြဿနာရှာခဲ့ကြသည်။ ပညာရှီးမြင့်ခံရသော သူများကမူ (ထို့နေ့တွင်) ဤသို့ လျှောက်ထားကြလိမ့်မည်။ သေးသိမ်မှုနှင့် အပြစ်ဒဏ်သည် ယနေ့ ငြင်းပယ်ခဲ့သူများအပေါ်တွင် ရှိလိမ့်မည်။

၂၈။ သူတို့သည် (ငြင်းပယ်ခြင်းဖြင့်) မိမိတို့ကိုယ်ကို နှိပ်စက်လျက်ရှိနေစဉ် ကောင်းကင်တမန်များက သူတို့၏ အသက်ကို နှုတ်သိမ်းခဲ့ကြသည်။ ထိုအချိန်ကျလျှင် သူတို့က «ကျွန်ုပ်တို့သည် မကောင်းမှုကို လုပ်ဆောင်လေ့ရှိခဲ့ကြသည်မဟုတ်ပေ»ဟု အမိန့်နာခံသောစကားမျိုးကို ပြောကြပေလိမ့်မည်။ (ၔင်းတို့ကို အမိန့်ရှိမည်။) ဘာကြောင့် မဟုတ်ရမည်နည်း။ သင်တို့လုပ်ခဲ့ကြသည့် အရာများကို အလ္လာဟ်က အကြွင်းမဲ့သိတော်မူသည်။ **၂၉။** ထို့ကြောင့် ထာဝရနေရန်အတွက် ငရဲဘုံ၏တံခါးများတွင် ဝင်ကြပေတော့။ မာနထောင်လွှားကြသူများအတွက် ဤသည် အဘယ်မျှ ဆိုးရွားသောနေရာထိုင်ခင်း ဖြစ်လိုက်လေသနည်း။

၃၀။ သို့ရာတွင် အလ္လာဟ်ကို ကြောက်သောသူများအား «သင်တို့၏ အရှင်မြတ်က မည်သည့်အရာကို ချပေးတော်မူခဲ့သနည်း»ဟု ပြောသည့်အခါ သူတို့က လျှောက်ထားမည်။ အကောင်းချည်းသာ ချပေးတော်မူခဲ့သည်။ ကောင်းမှုပြုခဲ့သူများအဖို့ လောကီတွင်လည်း ကောင်းခြင်းရှိမည်။ နောင်တမလွန်၏ အိမ်မှာမူ ပို၍ကောင်းသည်။ အလ္လာဟ်ကို ကြောက်သောသူများ၏ အိမ်တော်သည် အဘယ်မျှ ကောင်းမြတ်လိုက်သနည်း။ **၃၁။** သူတို့ဝင်ရောက်မည့် ဥယျာဉ်များသည် ထာဝရဖြစ်လိမ့်မည်။ ယင်း၏အောက်ခြေဘက်တွင် မြစ်ချောင်းများ စီးဆင်းနေမည်။ ယင်းနေရာတွင် သူတို့ အလိုရှိသည်ကို ရကြပေလိမ့်မည်။ အလ္လာဟ်ကို ကြောက်သောသူများအား အလ္လာဟ်သည် ဤသို့ပင် အစားပေးတော်မူသည်။ **၃၂။** သူတို့

သည် သန့်ပြန့်စင်ကြယ်လျက်ရှိကြစဉ် ကောင်းကင်တမန်များက သူတို့၏ အသက်များကို နှုတ်သိမ်းခဲ့ကြသည်။ ကောင်းကင်တမန်များက ၎င်းတို့ကို ပြောကြ လိမ့်မည်။ သင်တို့အပေါ် ငြိမ်းချမ်းသာယာမှု ကျရောက်ပါစေသား။ သင်တို့ပြုလျက်ရှိခဲ့ကြသော အရာများ၏အစားအဖြစ် သင်တို့သည် ဂျန္နသ်ဥယျာဉ်သို့ ဝင်ကြလေကုန်။

၃၃။ ဤ (ငြင်းပယ်) သူတို့သည် ၎င်းတို့ထံ ကောင်းကင်တမန်များ လာရောက်ခြင်း သို့မဟုတ် အသင့်အရှင်မြတ်၏ အမိန့်တော်ရောက်ရှိလာခြင်းကိုပင် လျှင် စောင့်ဆိုင်းလျက် ရှိကြသလော။ သူတို့အလျင်က ရှိခဲ့ကြသူများသည်လည်း ဤအတိုင်းပင် လုပ်ခဲ့ကြသည်။ အလ္လာဟ်သည် သူတို့ကို မတရားလုပ်တော်မူခဲ့သည်မဟုတ်။ သူတို့သည် ကိုယ့်ကိုယ်ကိုယ်သာ မတရားလုပ်ခဲ့ကြခြင်း ဖြစ်သည်။ **၃၄။** ထို့ကြောင့် သူတို့လုပ်ဆောင်ခဲ့သော မကောင်းမှုသည် သူတို့ပေါ် ကျရောက်ခဲ့သည်။ ထို့ပြင် သူတို့လှောင်ပြောင်လေ့ရှိခဲ့သောအရာသည် သူတို့ကို ဝန်းရံလိုက်သည်။ **၃၅။** အခြားအရာကို အလ္လာဟ်နှင့်တုဖက် ကိုးကွယ်ခဲ့သူများသည် ဤသို့ ပြောကြသည်။ အကယ်၍အလ္လာဟ်သာ ဆန္ဒရှိခဲ့ပါက ကျွန်ုပ်တို့သည်လည်းကောင်း၊ ကျွန်ုပ်တို့၏ ဘိုးဘေးများသည်လည်းကောင်း ထိုအရှင်မြတ်မှတစ်ပါး အခြား မည်သည့်အရာကိုမျှ တုဖက်ကိုးကွယ်ခဲ့မည်မဟုတ်ပေ။ ထို့ပြင် အရှင်မြတ်၏ အမိန့်တော်မပါဘဲ မည်သည့်အရာကိုမျှ ကျွန်ုပ်တို့ ဟရာမ်ဟူ၍ ပိတ်ပင်တားမြစ်ခဲ့မည်လည်း မဟုတ်ပေ။ သူတို့အလျင်က ရှိခဲ့ကြသူများသည်လည်း ဤအတိုင်းပင် လုပ်ခဲ့ကြသည်။ သို့သော်လည်း ရစူလ်တမန်တော်ပေါ်တွင် ရှင်းလင်းစွာ ပို့ချရန်သာ တာဝန်ရှိပေ သည်။

၃၆။ စင်စစ်တွင် ငါအရှင်မြတ်သည် လူမျိုးစုတိုင်းတွင် ရစူလ်တမန်တော်တစ်ပါးအား စေလွှတ်တော်မူပြီး သင်တို့သည် အလ္လာဟ်ကို ကိုးကွယ်ကြကုန်၊ သွာဂူးသ် (ရှိုင်သွာန်နှင့် ရှုပ်တု)ကို ရှောင်ကြဉ်ကြကုန်ဟု (ပြောကြားစေတော်မူခဲ့သည်။) ထို့နောက် သူတို့ထဲတွင် အချို့ကို အလ္လာဟ်က လမ်းပြတော်မူခဲ့သည်။ အချို့အပေါ်တွင်မူ လမ်းမှားမှုသည် အတည်ဖြစ်သွားခဲ့သည်။ သို့ဖြစ်ရာ (တမန်တော်များကို) ငြင်းဆိုခဲ့သောသူများ၏ နိဂုံးသည် မည်သို့ဖြစ်ခဲ့သနည်းဟူသည်ကို

ကဿာမြေတွင် သင်တို့ လိုက်လံကြည့်ရှုကြကုန်။ **၃၇။** အကယ်၍ အသင်သည် ဤသူများ လမ်းမှန်ရရှိသွားရန် ဆန္ဒပြင်းပြပါလျှင်လည်း အမှန်တွင် အလွှာဟ်သည် မိမိလမ်းလွဲအောင် လုပ်လိုက်သူကို (သူတို့၏ဆိုးသွမ်းမှုကြောင့်) လမ်းမှန်ပြတော်မမူပေ။ သူတို့ အတွက် ကူညီမည့်သူလည်း မရှိပေ။

၃၈။ သူတို့က အလွှာဟ်သည် သေဆုံးသွားသူများကို ပြန်လည်ရှင်ထစေမည်မဟုတ်ဟု အလွှာဟ်ကို တိုင်တည်ကာ ပြင်းပြင်းထန်ထန် ကျိန်ဆိုပြောကြသည်။ ဘာကြောင့် မဟုတ်ရမည်နည်း။ ဤသည် အလွှာဟ်က ပြည့်ဝစေမည်ဟု တာဝန်ယူထားသော ကတိပင်ဖြစ်သည်။ သို့သော် လူအများစုက မသိကြချေ။ **၃၉။** (ပြန်ရှင်ထစေမည်ဟူသော ကတိပေးထားခြင်းမှာ) သူတို့ကွဲလွဲလျက်ရှိသောအရာကို သူတို့ရှေ့တွင် ထင်ရှားသွားစေရန်နှင့် မိမိတို့သည် လိမ်လည်ခဲ့သူများ ဖြစ်ကြောင်းကို ငြင်းပယ်ခဲ့ကြသူများ သိသွားကြစေရန် ဖြစ်သည်။ **၄၀။** ထို့ပြင် ငါအရှင်မြတ်သည် တစ်စုံတစ်ရာကို ဖြစ်ပေါ်စေရန်ရည်ရွယ် သောအခါ ငါအရှင့်ဘက်မှ ဖြစ်စေဟူသော စကားတော်ကို မိန့်လိုက်ရုံဖြင့် ထိုအရာ သည် ဖြစ်ပေါ်လာရလေသည်။

၄၁။ အကြင်သူများသည် မတရားပြုခြင်းကို ခံရပြီးနောက် အလွှာဟ်အတွက် ပြောင်းရွှေ့နေထိုင်ခဲ့ကြ၏။ ငါအရှင်မြတ်သည် ၎င်းတို့အဖို့ လောကတွင်လည်း အမှန်တကယ် ကောင်းသောနေရာကို ပေးတော်မူမည်။ နောင်တမလွန်၏ အကျိုးကား အကြီးမားဆုံး ဖြစ်ပေသည်။ ဤသူများသိလျှင် ကောင်းပေစွ။ **၄၂။** ယင်းသူတို့ သည် သည်းခံမြဲမြံကြသူများ၊ မိမိတို့၏ အရှင်ပေါ်တွင်သာ ယုံပုံအား ထားကြသူများ ဖြစ်ကြပေသည်။

၄၃။ (အို-တမန်တော်) ငါအရှင်မြတ်သည် သင့်အလျင်ကလည်း လူသားများကိုသာ တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့သည်။ ၎င်းတို့ထံ ငါအရှင်က ဗျာဒိတ်တော်များကို ပေးတော်မူခဲ့သည်။ ဤသည်ကို သင်တို့မသိကြလျှင် သိသူများကို မေးမြန်းကြကုန်။ **၄၄။** ထိုတမန်တော်များကို ထင်ရှားသော အထောက်အထားများနှင့် ကျမ်းဂန်များကို ပေး၍ စေလွှတ်တော်မူခဲ့ သည်။ (အို-တမန်တော်)

ငါအရှင်သည် သင့်အပေါ်၌လည်း ဤကုရ်အာန်ကို ချပေးသနားတော်မူခဲ့သည်။ အကြောင်းမှာ လူတို့ထံချပေးခြင်းခံရသောအရာကို သူတို့ရှေ့တွင် ထင်ရှားစွာရှင်းပြရန်နှင့် သူတို့စဉ်းစားဆင်ခြင်ရန်အတွက် ဖြစ်သည်။

၄၅။ သို့ရှိရာမကောင်းသောအကြံအစည်များကိုကြံစည်နေသူများသည် အလ္လာဟ်က ၎င်းတို့ကို မြေမျိုစေလိုက်မည်ကိုလည်းကောင်း၊ သို့မဟုတ် သူတို့မသိသောနေရာမှ သူတို့ထံ အပြစ်ဒဏ်ကို ယူဆောင်လာမည်ကိုလည်းကောင်း စိုးရိမ်ပူပန်ခြင်းမရှိဘဲ နေကြလေသလော။ **၄၆။** သို့မဟုတ် သူတို့ လျှောက်လမ်းသွားလာနေစဉ် သူတို့ကို ဖမ်းဆီးလိုက်မည်ကို မစိုးရိမ်ကြသလော။ အကြောင်းမှာ သူတို့သည် အရှင်မြတ်အား ချည့်နဲ့အောင် မလုပ်ဆောင်နိုင်ကြပေ။ **၄၇။** သို့မဟုတ် သူတို့ကို တဖြည်းဖြည်းဆုတ်ယုတ်စေသောနည်းဖြင့် အရေးယူမည်ကို မစိုးရိမ်ကြသလော။ အသင်တို့၏အရှင်မြတ်သည် အလွန်ချစ်ခင် ယုယတော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင် မုချဖြစ်တော်မူသည်။

၄၈။ အလ္လာဟ်ဖန်ဆင်းထားသည့် အရာဟူသမျှတို့၏ အရိပ်သည် အလ္လာဟ်ကို ပျံဝပ်ဦးချလျက် ယာဘက်၊ ဝဲဘက်သို့ ယိမ်းညွှတ်လျက်ရှိသည်ကို သူတို့မမြင်ကြလေသလော။ ထို့ပြင် ထိုအရာအားလုံးသည် ချည့်နဲ့မှုကို ဖော်ဆောင်လျက်ရှိကြပေသည်။ **၄၉။** မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသော သက်ရှိအရာဟူသမျှနှင့် ကောင်းကင်တမန်များသည် အလ္လာဟ်ကိုသာ ဦးချလျက်ရှိကြသည်။ သူတို့သည် မာနမထောင်လွှားကြပေ။ **၅၀။** သူတို့သည် မိမိတို့အပေါ်တွင်ရှိသော မိမိတို့၏အရှင်ကို ကြောက်ရွံ့ကြသည်။ ထို့နောက် သူတို့သည် ခိုင်းစေခြင်းခံရသော အရာကိုသာလျှင် လုပ်ဆောင်ကြသည်။

၅၁။ အလ္လာဟ်က မိန့်တော်မူသည်။ ကိုးကွယ်ရာအရှင်နှစ်ပါး မပြုကြလေနှင့်။ အရှင်မြတ်သည် ကိုးကွယ်ခံထိုက်သည့် တစ်ပါးတည်းသောအရှင် ဖြစ်သည်။ သို့ဖြစ်ရာ ငါအရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြကုန်။ **၅၂။** မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသည် ထိုအရှင်မြတ်၏ ပိုင်ဆိုင်မှုဖြစ်သည်။ အခြေအနေတိုင်းတွင် ထိုအရှင်၏ အမိန့်ကို နာခံဖို့သာ အရေးကြီးသည်။ သို့ဖြစ်ပါလျက်

သင်တို့သည် အလွှာဟ်အပြင် အခြားသူများကို ကြောက်ရွံ့ကြသလော။

၅၃။ ထို့ပြင် သင်တို့ထံတွင်ရှိသော စည်းစိမ်ဟူသမျှသည် အလွှာဟ်ဘက်မှ ဖြစ်သည်။ သင်တို့တွင် ဒုက္ခတစ်စုံတစ်ခုကျရောက်လျှင် ထိုအရှင်မြတ်ထံသို့သာ ဟစ်အော်အကူအညီတောင်းကြသည်။ **၅၄။** ပြီးနောက် အရှင်မြတ်က သင်တို့ထံမှ ဒုက္ခကို ဖယ်ရှားပေးလိုက်လျှင် သင်တို့ထဲမှ အုပ်စုတစ်စုသည် ရုတ်တရက် မိမိအရှင်မြတ်နှင့် အခြားအရာကို တွဲဖက်ကိုးကွယ်လေတော့ သည်။ **၅၅။** ဤသို့ပြုခြင်းမှာ ငါအရှင်မြတ် သူတို့ကို ပေးသနားထားသော ကျေးဇူး တော်များကို ကျေးဇူးကန်းရန်အတွက် ဖြစ်ပေသည်။ ကောင်းပြီ။ အနည်းငယ် စည်းစိမ်ခံစား လိုက်ကြဦး။ သင်တို့ မကြာမီ သိသွားကြလိမ့်မည်။ **၅၆။** သူတို့သည် ငါအရှင်မြတ် ၎င်းတို့ကို ချီးမြှင့်ထားသော အရာများထဲမှ သူတို့ကိုယ်တိုင်ပင် မသိသော အရာများအတွက် ဝေစုသတ်မှတ်ကြသည်။ အလွှာဟ်ကို သက်သေထူ၏။ သင်တို့ စွပ်စွဲလိုဆည်ထားသော အရာများနှင့်ပတ်သက်၍ သင်တို့သည် မုချ အမေးအမြန်း ခံကြရပေမည်။

၅၇။ ထို့ပြင် သူတို့သည် အလွှာဟ်အတွက်တော့ သမီးများကို သတ်မှတ်ပေးကြသည်။ အလွှာဟ်သည် သန့်ပြန့်စင်ကြယ်တော်မူပါသည်။ သူတို့ အတွက်မှာမူ သူတို့အလိုဆန္ဒနှင့်အညီ (သားများကို) သတ်မှတ်ကြသည်။ **၅၈။** သူတို့ထဲက တစ်ဦးတစ်ယောက်သည် သမီးမိန်းကလေး(ဓွေးဖွားကြောင်း)နှင့် သတင်းကောင်းပေးခြင်းခံရသောအခါ သူ၏မျက်နှာသည် မည်းသွားလေသည်။ ထို့ပြင် စိတ်တွင်းမှကြိတ်မနိုင်ခဲမနိုင်ဖြစ်၍ နေသည်။ **၅၉။** သူသတင်းကောင်း ပေးခြင်းခံရသော အရာ၏ မကောင်းမှုကြောင့် သူသည် လူတို့မမြင်အောင် ပုန်းလျှိုးကွယ်လျှိုး သွားလာလေသည်။ ထို့နောက် သိက္ခာမဲ့မှုကို ကြိတ်ခံပြီး ယင်း(သမီး)ကို မိမိထံတွင် ထားရမည်လော သို့မဟုတ် မြေကြီးတွင် မြှုပ်ပစ်လိုက်ရမည်လော(ဟု တွေး၍ နေလေသည်)။ သတိပြုကြလေကုန်၊ သူတို့စီရင်သတ်မှတ်ထားသောအရာသည် အဘယ်မျှ ဆိုးရွားလိုက်ပါဘိနည်း။ **၆၀။** မကောင်းသော ပုံပမာသည် နောင်တမလွန်ကို မယုံကြည်သူတို့တွင်သာ ရှိသည်။ အမြင့်မားဆုံးသော ပုံပမာသည်ကား အလွှာဟ်

အတွက်သာလျှင် ဖြစ်သည်။ ထိုအရှင်မြတ်သည် အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။

၆၀။ အကယ်၍ အလ္လာဟ်သည် လူတို့၏မတရားမှုကြောင့် သူတို့အား (ချက်ချင်း) အပြစ်ဒဏ်စီရင်ပါမူ မြေကမ္ဘာပေါ်တွင် မည်သည့်သက်ရှိကိုမျှ ချန်ထားမည်မဟုတ်တော့ပေ။ သို့သော်လည်း အရှင်မြတ်သည် ၎င်းတို့ကို သတ်မှတ်ထားသော အချိန်ကာလထိ ဆိုင်းငံ့ခွင့် ပေးထားတော်မူသည်။ သူတို့၏ သတ်မှတ်ထားသော အချိန်ကာလ ရောက်လာပြီဆိုလျှင် သူတို့သည် အချိန်အနည်းငယ်မျှပင် ရှေ့တိုးနောက်ဆုတ်လုပ်၍ ရမည်မဟုတ်တော့ပေ။

၆၂။ ထို့ပြင် သူတို့သည် မိမိတို့ကိုယ်တိုင် မနှစ်သက်သည့်အရာကို အလ္လာဟ်အတွက် သတ်မှတ်ကြကုန်၏။ ထို့ပြင် ကောင်းမှုများသည် သူတို့အဖို့ ဖြစ်သည်ဟု သူတို့၏ နှုတ်လျှာများက လိမ်ညာပြောဆိုကြ၏။ သူတို့အတွက် အပါယ်ငရဲ မုချဧကန် ရှိ၏။ ထို့ပြင် သူတို့သည် ယင်းထဲတွင် မုချဧကန် ပို့ဆောင်ခြင်း ခံကြရမည်ဖြစ်သည်။ **၆၃။** အလ္လာဟ်အား သက်သေထူသည်။ ငါအရှင်သည် အသင့်အလျှင် လူမျိုးအသီးသီးထံသို့ တမန်တော်များ စေလွှတ်တော်မူခဲ့သည်။ ထို့နောက်တစ်ဖန် ရှိုင်သွာန်သည် သူတို့အား သူတို့၏ကျင့်ဆောင်မှုများကို လှပသယောင်ဖြစ်အောင် လုပ်၍ပြသခဲ့သည်။ သို့နှင့် ယင်းရှိုင်သွာန်သည် ယနေ့၌ သူတို့၏အပေါင်းအပါ ဖြစ်နေသည်။ သူတို့အဖို့ ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်ရှိ၏။ **၆၄။** သူတို့ ကွဲလွဲလျက်ရှိနေကြသည်များကို သူတို့အား ရှင်းပြရန်အတွက် ငါအရှင်သည် အသင့်ထံ ကျမ်းတော်ကို ချပေးတော်မူခဲ့သည်။ ယင်းကျမ်းတော်သည် အီမာန်ယုံကြည်သူတို့အဖို့ လမ်းမှန်တရားနှင့် ကရုဏာတော်လည်း ဖြစ်သည်။

၆၅။ အလ္လာဟ်သည် ကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့သည်။ တစ်ဖန် မိုးရေဖြင့် ကမ္ဘာမြေကို သေပြီးသည့်နောက်တွင် ရှင်စေတော်မူခဲ့သည်။ ထိုထဲတွင် ကြားနာသူတို့အဖို့ အလွန်ကြီးကျယ်သော သက်သေလက္ခဏာ မုချဧကန် ရှိသည်။

၆၆။ ထို့ပြင် ခြေလေးချောင်းသတ္တဝါတို့၌ အသင်တို့အဖို့ သံဝေဂတရား

ဇကန်မုချ ရှိ၏။ ငါအရှင်သည် ၎င်းတို့၏ ဝမ်းဗိုက်များရှိ အစာအကြွင်းအကျန်နှင့်သွေး၏ ကြားမှ နို့ရည်အစစ်ကို အသင်တို့အား တိုက်ကျွေးတော်မူ၏။ သောက်သုံးသူများအတွက် အရသာကောင်းမွန်၏။ ထို့ပြင် စွန်ပလွံသီးများနှင့် စပျစ်သီးများမှလည်း၊ အသင်တို့သည် မူးယစ်စေသော အရာများကိုလည်းကောင်း၊ ကောင်းမြတ်သော စားဖွယ်ရာများကို လည်းကောင်း ပြုလုပ်ကြ၏။ ထိုထဲတွင် အသိဉာဏ်ရှိသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာရှိ၏။

၆၈။ ထို့ပြင် အသင်၏ အရှင်သခင်က ပျားကောင်ထံသို့ တောင်များ၊ သစ်ပင်များ၊ လူတို့တည်ဆောက်ကြသော အဆောက်အအုံများ၌ အိမ်များ ဆောက်လုပ်ရန် ဗျာဒိတ်တော်မူခဲ့သည်။ **၆၉။** တစ်ဖန် အသီးအနှံ အမျိုးမျိုးတို့၏ ဝတ်ရည်များကို စုပ်ယူလော့။ ထို့နောက် မိမိ၏ အရှင်သခင်၏ ဖြောင့်ဖြူးသောလမ်း များအပေါ် လျှောက်လော့။ ယင်းပျားကောင်၏ ဝမ်းဗိုက်မှ အရောင်အမျိုးမျိုးရှိသော သောက်စရာများ ထွက်၏။ ယင်းတွင် လူတို့အဖို့ ပျောက်ကင်းချမ်းသာမှု ရှိ၏။ စဉ်းစားဆင်ခြင်တတ်သူတို့အဖို့ ဤထဲ၌ သက်သေလက္ခဏာ အမှန်ပင် ရှိ၏။

၇၀။ အလွှာဟ်သည် အသင်တို့ကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည်ပင် အသင်တို့အား သေစေတော်မူမည်။ ထို့ပြင် အသင်တို့အနက် အချို့သည် သူငယ်ပြန်သောအရွယ်သို့ ပြန်ရောက်စေခြင်းခံရသူ များလည်း ရှိပေသည်။ သူတို့သည် သိပြီးနောက် ဘာကိုမျှ မသိကြတော့ချေ။ အလွှာဟ်သည် အလွန်သိတော်မူသောအရှင်၊ အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် မုချဇကန်ဖြစ်သည်။

၇၁။ ထို့ပြင် အလွှာဟ်သည် အသင်တို့အနက် အချို့ကို အချို့ထက် ရိက္ခာ၌ သာပို၍ ပေးသနားတော်မူခဲ့သည်။ သို့ရှိရာ သာပိုပေးခြင်းခံရသူတို့သည် မိမိတို့၏ ရိက္ခာကို မိမိတို့၏ ကျေးကျွန်များအား မိမိတို့နှင့် တန်းတူဖြစ်သွားစေရန် မပေးကမ်းကြပေ။ သို့ဖြစ်ရာ သူတို့သည် အလွှာဟ်၏ကျေးဇူးတော်ကို ငြင်းပယ်နေကြသလော။

၇၂။ ထို့ပြင် အလွှာဟ်သည် အသင်တို့အဖို့ အသင်တို့အထဲမှပင်

ဇနီးကြင်ရာ များကို ပြုလုပ်ခဲ့သည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့၏ ဇနီးကြင်ရာများမှ အသင်တို့အဖို့ သားများ၊ မြေးများကို ပြုလုပ်ခဲ့သည်။ တစ်ဖန် အရှင်မြတ်သည် အသင်တို့စားသုံးရန် သန့်ပြန့်သောအရာများကို ပေးခဲ့သည်။ သို့ပါလျက် သူတို့သည် မမှန်ကန်သောအရာများကို ယုံကြည်ပြီး အလ္လာဟ်၏ ကျေးဇူးတော်များကို ငြင်းပယ်ကြမည်လော။ **၇၃။** သူတို့သည် အလ္လာဟ်ကိုစွန့်၍ သူတို့အတွက် မိုးကောင်းကင်များနှင့် ပထဝီမြေရှိ မည်သည့်ရိက္ခာကိုမျှ ပိုင်ဆိုင်ခြင်း လည်းမရှိ၊ တတ်စွမ်းနိုင်ခြင်းလည်းမရှိသည့် အရာများကို ကိုးကွယ်နေကြသည်။ **၇၄။** သို့ရှိရာ အသင်တို့သည် အလ္လာဟ်နှင့် စပ်လျဉ်းပြီး ဥပမာ ပုံဆောင်ချက်များကို မဖော်ပြကြနှင့်။ စင်စစ်တွင် အလ္လာဟ်သည် သိရှိတော်မူပြီး အသင်တို့ကမူ မသိရှိကြချေ။

၇၅။ အလ္လာဟ်သည် ကျေးကျွန်တစ်ယောက် အကြောင်း ဥပမာပေး၏။ ထိုကျွန်သည် မည်သည့်အရာကိုမျှ ကိုယ်ပိုင်ရွေးချယ်နိုင်စွမ်းမရှိချေ။ ထို့ပြင် ငါအရှင်က မိမိ၏ထံတော်မှ ကောင်းမြတ်သောရိက္ခာချီးမြှင့်ထားသော သူ တစ်ဦး ရှိ၏။ ထိုသူသည် ယင်းရိက္ခာများမှ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ပေါ်စွာလည်း ကောင်း သုံးစွဲလျှဒါန်း၏။ သူတို့သည် တူညီနိုင်ကြမည်လော။ ချီးမွမ်းထောမနာ ခြင်းအပေါင်းသည် အလ္လာဟ်အဖို့သာ ဖြစ်သည်။ သို့ရာတွင် သူတို့အနက် အများစု တို့သည် မသိရှိကြချေ။

၇၆။ ထို့ပြင် အလ္လာဟ်သည် လူနှစ်ဦး၏ နောက်ထပ်ဥပမာတစ်ခုကို ပေးခဲ့သည်။ ထိုလူနှစ်ဦးအနက် တစ်ဦးမှာ ဆွံ့အသူ ဖြစ်ပြီး မည်သည့်ကိစ္စကိုမျှ မဆောင်ရွက်နိုင်ချေ။ သူသည် မိမိ၏သခင်အပေါ်၌ ဝန်ထုပ်ဝန်ပိုး တစ်ခု ဖြစ်နေပေသည်။ သခင်က သူ့အား မည်သည့်ဘက်သို့ပင် စေလွှတ်ခဲ့သည်ဖြစ်စေ သူသည် မည်သည့် အလုပ်ကိုမျှ တည့်မတ်စွာ မလုပ်နိုင်ပေ။ ဤသူသည် မျှတမှု တရားကို သင်ကြားပေးသည့်သူ၊ ကိုယ်တိုင်လည်း ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ တည်ရှိနေသောသူနှင့် တူညီနိုင်ပါမည်လော။

၇၇။ မိုးကောင်းကင်များနှင့် မြေပထဝီ၌ လျှို့ဝှက်ဖုံးကွယ်နေသော

အရာများကို အလ္လာဟ်သည်သာ စိုးပိုင်တော်မူသည်။ ထို့ပြင် ကိယာမသ် ရှင်ပြန်ထမည့်အရေးကိစ္စသည် မျက်စိတစ်မှိတ် သို့မဟုတ် ထို့ထက်ပင်ပို၍ မြန်ဆန်မည်။ စင်စစ်တွင် အလ္လာဟ်သည် အရာခပ်သိမ်းကို စွမ်းဆောင်နိုင်တော်မူသော အရှင်ပင် ဖြစ်တော်မူ၏။

၇၈။ အလ္လာဟ်သည်ပင် အသင်တို့အား အသင်တို့၏ မိခင်များ၏ ဝမ်းမှ ထုတ်ဆောင်တော်မူခဲ့သည်။ ထိုစဉ်အခါက အသင်တို့သည် တစ်စုံတစ်ရာကိုမျှ မသိကြပေ။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ ကျေးဇူးသိတတ်စေကြရန် အသင်တို့အဖို့ နား၊ မျက်စိများနှင့် စိတ်နှလုံးတို့ကို ပြုလုပ်ပေးတော်မူခဲ့သည်။

၇၉။ သူတို့သည် ကောင်းကင်ဝေဟင်၌ အမိန့်နာခံလျက် ရှိသော ငှက်များကို မမြင်ကြလေသလော။ ယင်းတို့အား အလ္လာဟ်ကသာလျှင် ထိန်းချုပ်ထားတော်မူသည်။ ယုံကြည်သူတို့အဖို့ ထိုထဲတွင် သက်သေလက္ခဏာများ မုချရှိ၏။ **၈၀။** အလ္လာဟ်သည် အသင်တို့အဖို့ အသင်တို့၏ နေအိမ်များကို အေးချမ်းသာယာသော နေရာများအဖြစ် ပြုပေးထားတော်မူ၏။ ထို့ပြင် အသင်တို့အဖို့ ခြေလေးချောင်း တိရစ္ဆာန်များ၏ သားရေများဖြင့် အိမ်များ ပြုလုပ်ပေးတော်မူ၏။ ယင်းအိမ်များကို အသင်တို့သည် မိမိတို့ခရီးထွက်သည့်နေ့နှင့် စခန်းချသည့်နေ့များတွင် ပေါ့ပေါ့ပါးပါး တွေ့မြင်ကြရ၏။ ထို့ပြင် ယင်းတို့၏ သိုးမွေးများ၊ သားမွေးများနှင့် အမွေးအမှင်များဖြင့် အိမ်သုံးပစ္စည်းများ၊ အကျိုးပြုပစ္စည်းများကို ကာလတစ်ခုအထိ ပြုလုပ်ပေးခဲ့သည်။

၈၁။ ထို့ပြင် အလ္လာဟ်သည် အသင်တို့အတွက် မိမိဖန်ဆင်းထားသော အရာများ၏ အရိပ်များကိုလည်း ပြုလုပ်ခဲ့သည်။ အသင်တို့အတွက် တောင်များတွင် ခိုလှုံရာနေရာများ ပြုလုပ်ထားခဲ့သည်။ အသင်တို့အတွက် အပူဒဏ်မှ ကာကွယ်ပေးသော အဝတ်အထည်များကိုလည်း ပြုလုပ်ပေးခဲ့သည်။ စစ်တိုက်ရာတွင် အသင်တို့အား ကာကွယ်ပေးသည့် ချုပ်ဝတ်တန်ဆာများကိုလည်း ပြုလုပ်ပေးခဲ့သည်။ အလ္လာဟ်သည် အသင်တို့ အမိန့်နာခံကြရန်အတွက် အသင်တို့အပေါ် မိမိကျေးဇူးတော်ကို ပြည့်စုံစေတော်မူခဲ့သည်။

၈၂။ သို့ရှိရာ အကယ်၍ သူတို့သည် မျက်နှာလွှဲသွားကြပါမူ အသင့် အပေါ်၌ ရှင်းလင်းထင်ရှားစွာ ပို့ချမှုတာဝန်သာ ရှိတော့သည်။ **၈၃။** သူတို့သည် အလ္လာဟ်၏ ကျေးဇူးတော်ကို သိရှိကြပါလျက် ငြင်းပယ်ကြ၏။ စင်စစ်တွင် သူတို့အနက် အများစုသည် ကျေးဇူးကန်းသူများ ဖြစ်ကြသည်။

၈၄။ ထို့ပြင် ထိုနေ့တွင် ငါအရှင်မြတ်သည် အွမ္မသ်အုပ်စုတိုင်း၌ သက် သေတစ်ဦးကို ရပ်စေတော်မူမည်။ ငြင်းပယ်သူများမှာမူ လမ်းမှန် ညွှန်ပြပေးခြင်း ခံရမည်လည်း မဟုတ်။ သူတို့ထံမှ သောင်ဗဟ်အမှားဝန်ခံမှုကို လက်ခံခြင်းခံရမည် လည်း မဟုတ်ပေ။ **၈၅။** မတရားကျူးလွန်သူတို့သည် အဇာဗ်ပြစ်ဒဏ်ကို မြင် တွေ့ကြသောအခါ သူတို့ထံမှ ထိုပြစ်ဒဏ်ကို လျော့ပေါ့ပေး ခံရမည်လည်းမဟုတ်၊ သူတို့သည် ဆိုင်းငံ့ခွင့်လည်း ပေးခြင်း ခံရမည်မဟုတ်ပေ။

၈၆။ တွဲဖက်ကိုးကွယ်မှုပြုခဲ့သူတို့သည် မိမိတို့၏ ကိုးကွယ်ရာများ အား မြင်တွေ့ကြရသောအခါ ပြောမည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ဤသူတို့သည် အရှင့်အား စွန့်၍ ကျွန်တော်မျိုးတို့ ဟစ်ခေါ်တသခဲ့ကြသော ကျွန်တော်မျိုးတို့၏ တွဲဖက်ကိုးကွယ်ရာများပင် ဖြစ်ပါသည်။ ထိုအခါ ယင်းကိုးကွယ်ရာတို့က "အသင် တို့သည်သာ လူလိမ်များ ဖြစ်ကြသည်"ဟူသော စကားရပ်အား သူတို့အပေါ် သို့သာ ပုံချလိုက်ကြမည်။ **၈၇။** ထို့ပြင် ထိုနေ့၌ သူတို့သည် အလ္လာဟ်၏ရှေ့တော် မှောက်၌ ငိုက်စိုက်ကြသွားကြပေမည်။ သူတို့၏ မဟုတ်မမှန်စွပ်စွဲမှုများလည်း သူတို့ထံမှ ကွယ်ပျောက်သွားကြပေမည်။ **၈၈။** သူတို့သည် ငြင်းပယ်ကြပြီး လူတို့အား အလ္လာဟ်လမ်းတော်မှ တားမြစ်ခဲ့ကြ၏။ ငါအရှင်မြတ်သည် သူတို့ပြုလုပ် ကြသော ဖျက်လိုဖျက်ဆီးမှုအစား သူတို့အား ပြစ်ဒဏ်ပေါ် ပြစ်ဒဏ်ဆင့်လျက်ပေး တော်မူမည်ဖြစ်သည်။

၈၈။ ငါအရှင်သည် အုပ်စုတိုင်း၌ သူတို့အနက်မှပင် သက်သေ တစ်ဦးစီ ထူတော်မူမည်။ ထို့နောက် ငါအရှင်သည် အသင့်အား သူတို့နှင့် ဆန့်ကျင်၍ သက် သေအဖြစ် ထားတော်မူမည်။ ငါအရှင်သည် ကျမ်းဂန်ကို အသင့်အပေါ်သို့ အရာ အားလုံး၏ ရှင်းလင်းချက်အဖြစ် ချပေးတော်မူခဲ့သည်။ ယင်းကျမ်းတော်သည်

လိုက်နာသူတို့အဖို့ တရားလမ်းမှန်၊ ကရဏာတရားနှင့် ဝမ်းမြောက်ဖွယ် သတင်းလည်း ဖြစ်ပေသည်။

၉၀။ အလ္လာဟ်သည် တရားမျှတရန်၊ ကောင်းကောင်းမွန်မွန် ဆက်ဆံရန်နှင့် ဆွေမျိုးရင်းချာတို့ကို ပေးကမ်းရန် မုချ အမိန့်ပေးတော်မူပြီး ရှက်ဖွယ်ကိစ္စရပ်များ၊ မကောင်းမှုများနှင့် ပိုက်ဆံမှုများမှ တားမြစ်တော်မူသည်။ အလ္လာဟ်သည် အသင်တို့အား သတိသံဝေဂတရားရရန်အလို့ငှာ ဆုံးမတော်မူသည်။

၉၁။ မိမိတို့အချင်းချင်း ကတိပြုကြသောအခါ အလ္လာဟ်နှင့် ပြုခဲ့သော ကတိကို ပြည့်ဝအောင် ဆောက်ရွက်ကြကုန်။ ကျိန်ဆိုမှုများကို အခိုင်အမာပြုပြီး နောက် မချိုးဖျက်ကြနှင့်။ အသင်တို့သည် အလ္လာဟ်အား မိမိတို့အပေါ် အာမခံပေးသူအဖြစ် သတ်မှတ်ခဲ့ကြပြီး ဖြစ်သည်။ အလ္လာဟ်သည် အသင်တို့ ပြုလုပ်သမျှကို မုချဇကာန် သိရှိတော်မူသည်။ **၉၂။** အသင်တို့သည် အကြင်အမျိုးသမီးကဲ့သို့ မဖြစ်ကြနှင့်။ သူမသည် မိမိကိုယ်တိုင် ကြိုးစားပန်းစား ငင်ထားသော ချည်မျှင်များကို ခိုင်ခံ့သွားပြီးနောက်မှ အစိတ်စိတ်အပိုင်းပိုင်း ဖျက်ဆီးခဲ့သည်။ အသင်တို့သည် အုပ်စုတစ်စုက နောက်အုပ်စုထက် တိုးတက်သွားဖို့ရန် အတွက်မျှနှင့်မိမိတို့၏ ကျိန်ဆိုချက်များကို အချင်းချင်း ကြားတွင် ခုတုံးလုပ်၍ အမြတ်ထုတ်စရာအကြောင်းခံအဖြစ် မပြုလုပ်ကြနှင့်။ အမှန်တွင် အလ္လာဟ်သည် ထိုအရာကို အကြောင်းခံ၍ အသင်တို့ကို စမ်းသပ်တော်မူခြင်း ဖြစ်သည်။ အလ္လာဟ်သည် ကိယာမသ် ရှင်ပြန်ထရမည့်နေ့တွင် အသင်တို့ ကွဲလွဲလျက်ရှိနေကြသည်များကို ရှင်းလင်းထင် ရှားစွာ ဖော်ပြတော်မူပေမည်။

၉၃။ အကယ်၍ အလ္လာဟ်အလိုရှိလျှင် အသင်တို့ကို အုပ်စုတစ်စုတည်း အမှန်ပင် ပြုလုပ်တော်မူမည်။ သို့သော် အရှင်မြတ်သည် မိမိအလိုရှိသူကို လမ်းလွဲစေ တော်မူပြီး မိမိအလိုရှိသူကို လမ်းမှန်ပြသတော်မူသည်။ ထို့ပြင် အသင်တို့သည် မိမိတို့ပြုမူခဲ့သည်များနှင့် ပတ်သက်၍ မုချမေးမြန်းခံရပေမည်။

၉၄။ ထို့ပြင် ခြေသည် မြဲမြံသွားပြီးနောက်မှ ချွတ်ချော်မသွားရလေအောင် အသင်တို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို မိမိတို့အချင်းချင်း လှည့်ဖြား

သည့်အရာအဖြစ် မပြုလုပ်ကြနှင့်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်လမ်းတော်မှ တားဆီးခဲ့သည့်အတွက် ပြစ်ဒဏ်ခံစားကြရပေမည်။ ထို့ပြင် အသင်တို့အတွက် ကြီးကျယ်လှသော ပြစ်ဒဏ်ရှိပေသည်။ **၉၅။** ထို့ပြင် အသင်တို့သည် အလ္လာဟ်နှင့်ပြုထားသောကတိကို အကျိုးအမြတ် အနည်းငယ်အတွက် မရောင်းချကြနှင့်။ အကယ်၍ အသင်တို့သိကြလျှင် အလ္လာဟ်ထံရှိသည့်အရာသည် အသင်တို့အဖို့ အကောင်းဆုံး ဖြစ်သည်။

၉၆။ အသင်တို့ထံ ရှိနေသောအရာများသည် ကုန်ခန်းသွားမည်ဖြစ်ပြီး အလ္လာဟ်ထံ ရှိသောအရာများသည် အမြဲကျန်ရှိနေမည်ဖြစ်သည်။ ထို့ပြင် ခန္တီတရား လက်ကိုင်ထားသူတို့အား သူတို့၏ ကောင်းမြတ်သောကျင့်ဆောင်မှုများအစား မုချ ဇကာန် အစားပေးတော်မူမည်ဖြစ်သည်။ **၉၇။** မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ကောင်းမှုတစ်ခုခုပြုလုပ်ခဲ့သော် သူသည်မုအ်မင်နှ်ယုံကြည်သူဖြစ်လျှင် ငါအရှင်မြတ်သည် ထိုသူအား သန့်ရှင်းစင်ကြယ်သော ဘဝရှင်သန်မှုဖြင့် ဇကာနပင် ရှင်သန်စေတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းသူတို့အား ၎င်းတို့ပြုလုပ်လျက်ရှိနေသော အရာများ၏ အကောင်းဆုံးသောအစားကို ပေးသနားတော်မူမည်။

၉၈။ သို့ရှိရာ အသင်သည် ကုရ်အာန်ကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်သောအခါ နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်မိစ္ဆာကောင်မှ အလ္လာဟ်ထံ ခိုလှုံပါ။ **၉၉။** အီမာန်ယုံကြည်ပြီး မိမိတို့၏အရှင်အား ယုံပုံလွဲအပ်ကြသော သူတို့အပေါ်၌ ထိုရှိုင်သွာန်၏သြဇာအာဏာ လုံးဝမသက်ရောက်ပေ။ **၁၀၀။** ရှိုင်သွာန်မိစ္ဆာကောင်၏ သြဇာအာဏာသည် သူနှင့် အဆွေခင်ပွန်း ဖွဲ့သူများ၊ တွဲဖက်ကိုးကွယ်သော သူများအပေါ်၌သာ သက်ရောက်ပေသည်။

၁၀၁။ ထို့ပြင် ငါအရှင်သည် အာယသ်တစ်ခုနေရာတွင် နောက်တစ် အာယသ်ဖြင့် ပြောင်းလဲပေးတော်မူသောအခါ အလ္လာဟ်သည် မိမိချပေးနေသည့် အရာကို အသိဆုံးဖြစ်တော်မူ၏။ သူတို့က လုပ်ကြံတီထွင်သည်ဟု အသင့်အား ပြောဆိုကြသည်။ စင်စစ်တွင် သူတို့အနက် အများစုသည် မသိရှိကြပေ။ **၁၀၂။** အသင်ပြောပါ။ အီမာန်ရှင်များအား မြဲမြံကြံ့ခိုင်စေရန်အတွက်၊ ထို့ပြင် အမိန့်နာခံ

သူတို့အတွက် တရားလမ်းမှန်နှင့် သတင်းကောင်းလည်း ဖြစ်ရန်အတွက် ရှူဟုလ် ကုဒုစ်(ဂျိပ်ရာအီးလ်)က အသင့်အရှင်သခင်ထံမှ ထိုအာယတ်တော်ကို မှန်ကန်စွာ ချပေးခဲ့ခြင်း ဖြစ်သည်။

၁၀၃။ ယင်းကုရ်အာန်ကို လူတစ်ဦးက သင်ပေးသည်ဟု သူတို့ပြောကြသည်ကို ငါအရှင် သိတော်မူသည်။ (သင်ပေးသောသူဟု) သူတို့ ဆက်နွှယ်ကြသောသူ၏ စကားမှာ အဂျမီဖြစ်သည်။ (အရဗီမဟုတ်ပေ။) ဤကုရ်အာန်သည် ရှင်းလင်းထင်ရှားသော အရဗီဘာသာစကား ဖြစ်သည်။ **၁၀၄။** အလ္လာဟ်၏ အာယသ်တော်များအား မယုံကြည်ကြသောသူတို့ကို အလ္လာဟ်က မည်သည့်အခါမှ တရားလမ်းမှန်ပြတော်မူမည်မဟုတ်သည့်အပြင် သူတို့အတွက် နာကျင်ဖွယ် ပြစ်ဒဏ်လည်း မုချဇကန်ရှိသည်။ **၁၀၅။** အလ္လာဟ်၏ အာယသ်တော်များအား မယုံကြည်ကြသောသူတို့သည်သာ လိမ်လည်သောစကားကို ထွင်ကြသည်။ သူတို့သာ လျှင် လူလိမ်များ ဖြစ်ကြသည်။

၁၀၆။ အကြင်သူသည် အီမာန်ယုံကြည်ပြီးနောက်မှ အလ္လာဟ်အား ငြင်းဆန်သူ ဖြစ်၏။ သို့သော် သူ၏ စိတ်နှလုံးသည် အီမာန်ခိုင်မြဲလျက်နှင့်ရှိနေစဉ် (ငြင်းပယ်ရန်) အတင်းအဓမ္မစေခိုင်းခြင်းခံရသူ မပါပေ။ သို့သော် အကြင်သူသည် ငြင်းဆန်ခဲ့လျှင် ထိုသို့သောသူများအပေါ် အလ္လာဟ်၏ အမျက်တော် ရှိမည်။ ထို့ပြင် သူတို့အတွက် ပြစ်ဒဏ် ရှိမည်။ **၁၀၇။** ဤသည် ၎င်းတို့က လောကီသက်တမ်းကို လောကုတ္တရာထက် ပိုမိုနှစ်သက်ကြသည့်အတွက် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်သည် ငြင်းဆန်သူတို့အား လမ်းပြတော်မမူပေ။ **၁၀၈။** ဤသူတို့သည် အလ္လာဟ်က သူတို့၏ စိတ်နှလုံးများ၊ နားများ၊ မျက်စိများအပေါ် တံဆိပ်ခတ် နှိပ်လိုက်သူများ ဖြစ်သည်။ ထိုသူများသည်ပင် မေ့လျော့နေသူများ ဖြစ်ကြသည်။ **၁၀၉။** နောင်တမလွန်တွင် သူတို့သည် ဆုံးရှုံးမည့်သူများ ဇကာပင် ဖြစ်မည်။

၁၁၀။ ထို့နောက်တစ်ဖန် အသင့်အရှင်သည် အကြင်သူများအတွက်၊ သူတို့သည် စမ်းသပ်စစ်ဆေးခံရပြီးနောက်တွင် ဟိဂျ်ရသ်ပြောင်းရွှေ့ခဲ့ကြသည်။ ထို့နောက် ဂျိဟာဒ်လုပ်ခဲ့ကြပြီး ကြံ့ကြံ့ခံ ရပ်တည်ခဲ့ကြသည်။ သို့ရှိရာ ထိုအကြောင်း

ခြင်းရာများ ဖြစ်ပြီးနောက် အသင့်အရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။ **၁၁၀။** ထိုနေ့တွင် လူတိုင်းသည် ကိုယ့်အတွက်ကိုသာ အရေးဆိုလျက် လာရောက်ကြမည်။ လူတိုင်းသည် မိမိပြုကျင့်ခဲ့သည်များ၏ အစားကို ပြည့်ပြည့်ဝဝ ပေးဆပ်ခြင်း ခံရမည်။ ထို့ပြင် သူတို့အပေါ် မတရားအပြုခံကြရမည် မဟုတ်ပေ။

၁၁၂။ အလ္လာဟ်သည် ရွာတစ်ရွာတွင် နေထိုင်နေသူများ၏ ဥပမာကို ပုံဆောင်ပြ တော်မူသည်။ ထိုရွာမှာ အေးချမ်းတည်ငြိမ်စွာ ရှိသည်။ သူတို့ထံ သူတို့၏ စားနပ် ရိက္ခာမှာ နေရာစုံမှ ဖောသီစွာ ရောက်ရှိလေ့ရှိ၏။ ထို့နောက်တစ်ဖန် သူတို့သည် အလ္လာဟ်၏ နိအ်မသ်ပေးကမ်းမှုများကို ကျေးဇူးကန်းကြလေသော် အလ္လာဟ်က သူတို့အား သူတို့ပြုမူကြသည်များကြောင့် ဆာလောင်မှုနှင့် ကြောက်ရွံ့မှုအရသာကို မြည်းစမ်းစေခဲ့သည်။ **၁၁၃။** သူတို့ထံသို့ သူတို့ထဲမှပင် တမန်တော်တစ်ပါး ရောက်လာသောအခါ သူတို့က ငြင်းဆန်ကြ၏။ ထိုအခါ သူတို့အား ပြစ်ဒဏ်က ဖမ်းဆီးလိုက်သည်။ သူတို့သည် မတရားကျူးလွန်သူများပင် ဖြစ်ကြ၏။

၁၁၄။ သို့နှင့် အလ္လာဟ်က အသင်တို့ကို ဟလာလ်နှင့် သန့်ပြန့်သည်ကို ပေးသနားတော်မူခဲ့၏။ ထိုအထဲမှ စားသောက်ကြကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် အလ္လာဟ်အား ခဝပ်ဆည်းကပ်ကြသည်ဆိုလျှင် အလ္လာဟ်၏ စည်းစိမ်များအပေါ် ကျေးဇူးသိတတ်လေကုန်။ **၁၁၅။** အရှင်သည် အသင်တို့အပေါ်တွင် အသေကောင်၊ သွေး၊ ဝက်သားတို့ကို ဟရာမ်အဖြစ် သတ်မှတ်ထားတော်မူသည့်အပြင် အလ္လာဟ်၏နာမတော်မှအပ အခြားအရာ၏အမည်နာမကို တသခြင်းခံရသည့်အရာများကိုသာ ဟရာမ်အဖြစ် သတ်မှတ်ထားတော်မူသည်။ သို့ရာတွင် မလွှဲမရှောင်နိုင်တော့သည့်အခြေအနေကို ဆိုက်ရောက်သွားသူသည်မက်မောသူလည်းမဟုတ်၊ အတိုင်းထက်ကျော်လွန်သူလည်းမဟုတ်ဘဲ စားခဲ့ပါလျှင် အလ္လာဟ်သည် အကြိမ်ကြိမ် ခွင့်လွှတ်တော်မူသော၊ အလွန်သနား ကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသည်။

၁၁၆။ အသင်တို့သည် မိမိတို့၏ နှုတ်လျှာများဖြင့် လုပ်ကြံထားသော လိမ်လည်မှုကို အခြေခံ၍ အလွှာဟ်အပေါ် လုပ်ကြံစွပ်စွဲကြရန် ဤသည် ဟလာလ် ဖြစ်သည်၊ ဤသည်က ဟရာမ်ဖြစ်သည်ဟု မပြောဆိုကြနှင့်။ အလွှာဟ်အပေါ် လုပ်ကြံစွပ်စွဲသူများသည် အောင်မြင်မှုရရှိကြမည်မဟုတ်။ **၁၁၇။** အကျိုးအနည်းငယ်ကို သူတို့ စံစားကြပါစေ။ သူတို့အတွက် နာကျင်ဖွယ် ပြစ်ဒဏ်ရှိသည်။

၁၁၈။ ထို့ပြင် ငါအရှင်သည် ယဟူဒီတို့အပေါ်၌ အသင့်အား ငါအရှင် အလျင်က ပြောပြခဲ့သည့်အရာများကို ဟရာမ်အဖြစ် သတ်မှတ်ပိတ်ပင်ခဲ့သည်။ ငါအရှင်သည် သူတို့အား မတရားလုပ်တော်မမူပေ။ သို့သော် သူတို့ကသာ မိမိတို့ကိုယ်ကို မတရားပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

၁၁၉။ ထို့နောက်တစ်ဖန် အသင့်အရှင်သည် အကြင်သူတို့အဖို့ ဖြစ်သည်။ သူတို့သည် မသိမှိုက်မဲစွာဖြင့် မကောင်းမှုကို ကျူးလွန်ခဲ့ကြသည်။ ထို့နောက် တွင်မူ သောင်ဗဟ်ဝန်ချတောင်းပန်မှုပြုကြပြီး မိမိကိုယ်ကို ပြုပြင်လိုက်ကြသည်။ သို့ဆိုလျှင် အသင့်အရှင်သည် သည့်နောက်တွင် အလွန်ချမ်းသာခွင့်လွှတ်တော် မူသော အရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်သည်။

၁၂၀။ စင်စစ်တွင် အိဗ်ရာဟီးမ်သည် သီးခြားအွမ္မသ်တစ်ခုဖြစ်ခဲ့သည်။ သူသည် အလွှာဟ်အမိန့်နာခံသူ၊ အလွှာဟ်ဘက်သို့သာ ယိမ်းညွတ်သူ ဖြစ်ခဲ့သည်။ သူသည် တုဖက်နိုင်းယှဉ်ကိုးကွယ်သော မုရှ်ရိုက်များအနက်မှ မဟုတ်ပေ။ **၁၂၁။** သူသည် အရှင်မြတ်၏ကျေးဇူးတရားများကို သိတတ်သူလည်း ဖြစ်သည်။ အရှင်မြတ်က သူ့အား ရွေးချယ်ကာ ဖြောင့်မတ်မှန်ကန်သောလမ်းဘက်သို့ လမ်းညွှန်တော်မူခဲ့သည်။ **၁၂၂။** ငါအရှင်သည် သူ့အား လောကီဒွန်နွယ်ဘတွင် လည်းကောင်းမြတ်ခြင်းကို ပေးသနားတော်မူခဲ့ပြီး တမလွန်၌လည်း သူသည် သူတော်ကောင်းများအနက်မှ ဖြစ်မည်။ **၁၂၃။** ထို့နောက်တစ်ဖန် ငါအရှင်သည် အသင့်ထံသို့ အလွှာဟ်တစ်ပါးတည်းဘက်သို့သာ ယိမ်းညွတ်နေသူ အိဗ်ရာဟီးမ်၏ လမ်းစဉ်အပေါ် နောက်လိုက်ရန် ဗျာဒိတ်တော်မူခဲ့သည်။ သူသည် တုဖက်နိုင်းယှဉ် ကိုးကွယ်သော မုရှ်ရိုက်များအနက်မှ မဟုတ်ခဲ့ပေ။

၁၂၄။ စဗ်သ်(စနေဥပုသ်)နေ့ကို ယင်းနေ့နှင့် စပ်လျဉ်း၍ ကွဲလွဲခဲ့ကြသော သူတို့အပေါ် သာ သတ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။ အသင့်အရှင်သည် ၎င်းတို့ ကွဲလွဲနေကြသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကိယာမသ်ရှင်ပြန်ထရမည့်နေ့၌ သူတို့ကြားတွင် ဆုံးဖြတ်ပေးတော်မူမည်ဖြစ်သည်။

၁၂၅။ အသင်သည် မိမိအရှင်သခင်၏ လမ်းစဉ်ဘက်သို့ အမြော်အမြင်နှင့် ကောင်းသောဆုံးမစကားတို့ဖြင့် ဖိတ်ခေါ်ပါ။ သူတို့အား အကောင်းဆုံးသော နည်းလမ်းဖြင့်သာ အခြေအတင်ဆွေးနွေးပါ။ အသင့်အရှင်သည် မိမိလမ်းစဉ်မှ တိမ်းပါးသွားသူတို့အား အမှန်ပင် အသိဆုံးဖြစ်သည်။ အရှင်မြတ်သည် လမ်းမှန်တရားအပေါ် လျှောက်လှမ်းနေသူများကိုလည်း အသိဆုံးပင် ဖြစ်သည်။

၁၂၆။ အကယ်၍ အသင်တို့သည် အစားပြန်ယူကြမည်ဆိုလျှင် အသင်တို့အား ပြုမူခဲ့သည့်အတိုင်းအတာမျှလောက်သာ ပြန်လည်အစားယူကြလေကုန်။ အကယ်၍ အသင်တို့သည် သည်းခံခွင့်လွှတ်လိုက်ကြလျှင် ယင်းသည် သည်းခံသူတို့အဖို့ အလွန်ကောင်းမြတ်ပေသည်။ **၁၂၇။** အသင် သည်းခံပါ။ အသင့်၏ သည်းခံမှုသည် အလွှာဟ်စွမ်းအားပေးမှုဖြင့်သာ ဖြစ်သည်။ ထို့ပြင် အသင်သည် သူတို့အပေါ် ပူဆွေးဝမ်းနည်းမှု မဖြစ်လေနှင့်။ သူတို့ပြုလုပ်နေသော အကြံအစည်များကြောင့်လည်း စိတ်ကျဉ်းကျပ်မှု မဖြစ်လေနှင့်။ **၁၂၈။** အလွှာဟ်အရှင်မြတ်သည် သတ္တဝါတရားထားသူများ၊ ကောင်းမှုပြုသူများနှင့် အတူတကွ မုချဧကန် ရှိတော်မူပေသည်။

၁၇။ စူရပ်ဗနီအိစ္စရာအီးလ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ထိုအရှင်သည် သန့်ပြန့်စင်ကြယ်တော်မူသည်။ အရှင်မြတ်သည် တစ်ညတွင် မိမိ၏ အစေတော်ကို မိမိ၏ သက်သေလက္ခဏာ အချို့ ပြသရန်အလို့ငှာ

မတ်စ်ဂျေ့ဒ်ဗာရာမ်မှ၊ အဝေးဆုံးရှိဗလီထိတိုင် ခေါ်ဆောင်သွားတော်မူခဲ့သည်။ ငါအရှင်မြတ်သည် ယင်းဗလီ၏ ပတ်ဝန်းကျင်ကို ဗရကသ်မင်္ဂလာ ချီးမြှင့်ထားခဲ့သည်။ အရှင်မြတ်သည် အလွန်ကြားတော်မူသောအရှင်၊ အလွန်မြင်တော်မူသော အရှင် မုချဇကန် ဖြစ်သည်။

၂။ ငါအရှင်သည် မူစာကို ကျမ်းဂန်ပေး၍ ယင်းကျမ်းကို အိစ္စရာအီလ်လူမျိုးတို့အတွက် တရားလမ်းညွှန်အဖြစ် ပေးတော်မူခဲ့သည်။ ထို့နောက် ငါအရှင်က လွှဲ၍ အခြားမည်သူ့ကိုမျှ ကာကွယ်စောင့်ရှောက်သူအဖြစ် မပြုလုပ်ကြနှင့်(ဟု မိန့်တော်မူခဲ့သည်။) **၃။** အသင်တို့သည် နူဟ်နှင့်အတူ သင်္ဘောတွင် ငါအရှင် စီးနင်းစေခဲ့သောသူများ၏သားသမီးများဖြစ်သည်။ သူသည်အလွန်ကျေးဇူးသိတတ်သော ကျေးကျွန် အမှန်ပင် ဖြစ်သည်။

၄။ ငါအရှင်သည် အိစ္စရာအီလိအမျိုးသားတို့အား အသင်တို့သည် (ဆီးရီးယား) မြေတွင် နှစ်ကြိမ်တိုင် ဖျက်လိုဖျက်ဆီးပြုလုပ်ကြမည်ဟု ကျမ်းဂန်ထဲတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ကြီးမားသည့်ပုန်ကန်မှုကြီး မုချပြုလုပ်ကြမည်။ **၅။** တစ်ဖန် ထိုကတိနှစ်ခုအနက်မှ ပထမကတိရောက်ရှိလာသောအခါ ငါအရှင်သည် အသင်တို့ထံ အလွန်အားအင်တောင့်တင်းသော အစေတော်များကို စေလွှတ်ခဲ့သည်။ သို့နှင့် သူတို့သည် အိမ်များအတွင်း ဝင်ရောက်ကြကုန်၏။ ကတိတော်သည် အတည် ဖြစ်သွားပေတော့သည်။ ထို့နောက်တစ်ဖန် ငါအရှင်သည် သင်တို့အတွက် သူတို့အပေါ် ပြန်လည်အောင်နိုင်မှု ချီးမြှင့်ခဲ့သည်။ ထို့ပြင် အသင်တို့အား ဥစ္စာပစ္စည်းနှင့် သားသမီးများဖြင့်လည်း ကူညီခဲ့သည်။ ထို့ပြင် အသင်တို့အား အလွန်ကြီးမားများပြားသည့်အုပ်စုကြီးအဖြစ် ပြုလုပ်ပေးတော်မူခဲ့သည်။ **၇။** အကယ်၍ အသင်တို့သည် ကောင်းမြတ်သည့်အလုပ်ကို လုပ်ကြပါမူ မိမိတို့အဖို့သာလျှင် အကောင်းလုပ်ကြခြင်း ဖြစ်သည်။ ထို့ပြင် အကယ်၍ အသင်တို့သည် မကောင်းသည့်လုပ်ရပ်ကို လုပ်ကြလျှင်လည်း မိမိတို့အဖို့သာ မကောင်းမှုလုပ်ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ နောက်ကတိတော်အချိန် ရောက်လာပါမူ ငါအရှင်သည် နောက်အစေတော်များအား စေလွှတ်တော်မူမည်။ သူတို့သည် အသင်တို့၏ မျက်နှာများကို

ပျက်ယွင်းအောင်ပြုလုပ်ပြီး (ဗိုင်သုလ်မက္ကဒိစ်)ဗလီဝတ်ကျောင်း တော်တွင်းသို့ ပထမအကြိမ်က ဝင်ရောက်ခဲ့သည့်အတိုင်း ဝင်ရောက်ကြမည်။ ထို့ပြင် သူတို့သည် မိမိတို့ လွှမ်းမိုးအစိုးရနိုင်သောအရာတို့အား ဖျက်ဆီးပစ်ကြပေမည်။ **၈။** အသင်တို့၏ အရှင်က အသင်တို့အပေါ် ကရုဏာပြုရန် မဝေးတော့ပြီ။ အကယ်၍ အသင်တို့သည် ယင်းလုပ်ရပ်ကိုပင် ထပ်မံ၍ ပြုလုပ်ကြပါမူ ငါအရှင်သည်လည်း ယင်းလုပ်ရပ်ကို ထပ်မံ၍ ပြုလုပ်တော်မူမည်။ ငါအရှင်သည် ငြင်းဆန်သူတို့အဖို့ အပါယ်ငရဲကို အကျဉ်းထောင်အဖြစ် ပြုလုပ်ထားတော်မူသည်။

၉။ ဤကုရ်အာန်သည် အဖြောင့်မတ်ဆုံးလမ်းကို မုချ ညွှန်ပြသည်။ ထို့ပြင် ကောင်းမြတ်မှုများ ကျင့်ဆောင်သည့် ယုံကြည်သူတို့အား ၎င်းတို့အဖို့ ကြီးမားသော အကျိုးကုသိုလ်ရှိကြောင်း သတင်း ကောင်းပါးသည်။ **၁၀။** ထို့ပြင် တမလွန်ကို မယုံကြည်သူတို့မှာမူ ငါအရှင်သည် ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်ကို အဆင်သင့် လုပ်ထားကြောင်း (သတင်းကောင်း ပါးသည်။)

၁၁။ လူသည် ကောင်းမှုကို တောင်းခံရမည့်အစား မကောင်းမှုကို တောင်းခံ၏။ လူသည် အလွန်အလျင်စလို လုပ်သူပင် ဖြစ်သည်။ **၁၂။** ငါအရှင်သည် ညဉ့်နှင့် နေ့ကို လက္ခဏာနှစ်ရပ်အဖြစ် ပြုတော်မူ၏။ တစ်ဖန် ငါသည် ညဉ့်၏ လက္ခဏာကို ပယ်ဖျက်လိုက်ပြီး နေ့၏ လက္ခဏာကိုမူ အသင်တို့၏ အရှင်သခင်ထံမှ အသင်တို့သည် ကျေးဇူးတရားကို ရှာဖွေရန်၊ နှစ်များ၏အရေအတွက်နှင့် တွက်ချက်မှုကို သိရှိကြရန်အတွက် တောက်ပစေလိုက်သည်။ ငါအရှင်သည် အရာတိုင်းကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်မိန့်ကြားတော်မူပေသည်။

၁၃။ ထို့ပြင် ငါအရှင်က လူတိုင်း၏ နဖူးစာကံကြမ္မာကို သူ၏ လည်ပင်း၌ ချည်နှောင်ထားခဲ့ပြီး ဖြစ်သည်။ ငါအရှင်သည် ကိယာမသံနေ့တွင် ၎င်းသူအတွက် စာအုပ်တစ်အုပ်ကို ထုတ်ဆောင်တော်မူမည်။ သူသည် ယင်းစာအုပ်ကို ဖွင့်လျက် သားတွေ့ရမည်။ **၁၄။** အသင့် စာအုပ်ကို အသင်ဖတ်ပါ။ ယနေ့တွင် ကိုယ့်စာရင်းအင်းအတွက် ကိုယ်တိုင်ကပင် လုံလောက်ပေသည်။ **၁၅။** မည်သူမဆို လမ်းမှန်တရားအပေါ် လျှောက်လှမ်းမည်ဆိုလျှင် မိမိအတွက်သာလျှင် လျှောက်လှမ်းခြင်း

သာ ဖြစ်သည်။ ထို့ပြင် မည်သူမဆို လမ်းလွဲသွားမည်ဆိုလျှင်လည်း မိမိ၏ ဆုံးရှုံးမှု အတွက်သာလျှင် လမ်းလွဲခြင်းသာ ဖြစ်သည်။ မည်သည့် ဝန် သယ်ပိုးသူတစ်ဦးကမျှ အခြားသူတစ်ဦးဦး၏ ဝန်ကို သယ်ပိုးရမည် မဟုတ်။ ထို့ပြင် ငါအရှင်သည် တမန်တော်တစ်ပါးပါးကို မစေလွှတ်ရသေးမချင်း ဘယ်သောအခါမှ ပြစ်ဒဏ်ခတ်တော်မမူပေ။

၁၆။ ငါအရှင်သည် မည်သည့်မြို့ရွာကိုမဆို ဖျက်ဆီးပစ်ရန် ရည်ရွယ်တော်မူသည့်အခါ ထိုမြို့ရွာရှိ ချမ်းသာချောင်လည်သူတို့အား အမိန့်ပေး တော်မူလေသည်။ သူတို့သည် ထိုရွာ၌ အမိန့်ဖီဆန်ကြကုန်၏။ ထိုအခါ သူတို့အပေါ် အမိန့်တော်သည် အတည်ဖြစ်သွားတော့၏။ ထို့နောက် ငါအရှင်သည် ထိုရွာကို ဖျက်ဆီးပစ်လိုက်လေတော့သည်။ **၁၇။** ငါအရှင်သည် တမန်တော်နူးဟ်၏ နောက်တွင် လူမျိုးနွယ်အများအပြားကို ဖျက်ဆီးပစ်တော်မူခဲ့သည်။ ထို့ပြင် အသင့်အရှင် သည် မိမိ၏ ကျေးကျွန်များ၏ ပြစ်ဒဏ်များကို အပြည့်အဝ သိတော်မူသည်။ ထို့နောက် အားလုံးကို မြင်နေတော်မူသည်။ **၁၈။** မည်သူမဆို လောကီကို အလိုရှိလျှင် ငါအရှင်သည် ၎င်းသူကို ဤလောက၌ပင် ပေးလိုသလာက် ပေးသနားတော်မူသည်။ ထို့နောက် သူ့အတွက် အပါယ်ငရဲကို သတ်မှတ်တော်မူလိုက်မည်။ သူသည် အခြေအနေမလှသူ၊ နှင်ထုတ်ခံရသူအဖြစ် ဝင်ရောက်ရမည် ဖြစ်သည်။ **၁၉။** မည်သူမဆို တမလွန်ကို အလိုရှိပြီး ယင်းအတွက် ညီမျှသော ကြိုးပမ်းမှုကိုလည်း ပြုမည်၊ သူသည် မုအ်မင်နလည်းဖြစ်မည်ဆိုလျှင် ဤသို့ သောသူတို့၏ ကြိုးပမ်းမှုသည် လက်ခံခြင်းခံရပေမည်။

၂၀။ ဤသူတို့ကိုလည်း ပေးကမ်းတော်မူသည်။ ထိုသူတို့ကိုလည်း ပေးကမ်းတော်မူသည်။ အသင့်အရှင်၏ ပေးကမ်းချီးမြှင့်မှု (နှင့်ပတ်သက်၍ ဆိုရပါမူ) ငါအရှင်သည် ပေးကမ်းလေသည်။ ထို့ပြင် အသင့်အရှင်၏ ပေးကမ်းမှုသည် မည်သူ့အပေါ်၌မျှ ပိတ်ထားခြင်းမရှိပေ။**၂၁။** ငါအရှင်သည် သူတို့ကို တစ်ဦးအပေါ် တစ်ဦး မည်သို့ သာပိုမြင့်မြတ်မှု ချီးမြှင့်ထားသည်ကို အသင်ကြည့်ပါ။ စင်စစ်တွင် တမလွန်သည် အဆင့်အတန်းအားဖြင့် ပို၍ ကြီးမားပြီး မြင့်မြတ်မှုအားဖြင့်လည်း

ပို့ချကြီးများသည်။

၂၂။ အသင်သည် အလွှာဟ်နှင့်အတူ အခြားအရာတစ်ခုခုကို ကိုးကွယ်ရာအဖြစ် မပြုလုပ်နှင့်။ ပြုလုပ်လျှင် အသင်သည် ပြစ်တင်ရှုတ်ချခံရသူ၊ ခိုကိုးရာမဲ့သူအဖြစ် ကျန်သွားရလိမ့်မည်။ **၂၃။** ထို့ပြင် အသင်၏ အရှင်သခင်က အမိန့်ပြဋ္ဌာန်းလိုက်သည်။ အသင်တို့သည် အရှင်မှအပ အခြားတစ်စုံတစ်ရာကို ခဝပ်မှ မပြုကြရလေနှင့်။ မိဘနှစ်ပါးကို ကောင်းမွန်စွာ ဆက်ဆံကြကုန်။ အကယ်၍ မိဘနှစ်ပါး အနက် တစ်ပါးဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ အသင့်ရှေ့၌ အိုမင်းသော အရွယ်သို့ ရောက်လျှင် အသင်သည် သူတို့အား အို-ဟုပင် မပြောနှင့်။ မိဘအား ငေါက်ငမ်းခြင်း မပြုနှင့်။ ၎င်းတို့အား သိမ်မွေ့ချိုသာစွာ ပြောဆိုဆက်ဆံပါ။ **၂၄။** ထို့ပြင် မိဘရှေ့တွင် ကရုဏာပြ၍ ကျိုးနွံနှိမ့်ချပါ။ ထို့ပြင် ဤသို့ တောင်းဆုပြုပါ။ အို-အရှင်မြတ်၊ ထိုမိဘနှစ်ပါးသည် ကျွန်တော်မျိုးကို ငယ်စဉ်က ပြုစုပျိုးထောင်ခဲ့ကြသကဲ့သို့ အရှင်မြတ်ကလည်း သူတို့အပေါ် သနားကြင်နာတော်မူပါ။ **၂၅။** အသင့်အရှင် သခင်သည် အသင်တို့၏ စိတ်နလုံးများအထဲ၌ ရှိနေသည့်အရာကို အသိဆုံးဖြစ်တော်မူသည်။ အကယ်၍ အသင်တို့သည် မွန်မြတ်သူများဖြစ်ကြလျှင် အရှင်မြတ်သည် အမှားဝန်ခံသောင်ဗဟ်ပြုသူများကို အလွန်ခွင့်လွှတ်တော်မူသော အရှင် ဖြစ်တော်မူ သည်။

၂၆။ အသင်သည် ဆွေမျိုးသားချင်းအား သူ့ရပိုင်ခွင့်ကို ပေးလိုက်ပါ။ ထို့ပြင် ဆင်းရဲသားနှင့် ခရီးသည်ကိုလည်း (သူတို့ရဲ့ ရပိုင်ခွင့်ကိုပေးပါ။) အလဟဿမဖြုန်းတီးနှင့်။ **၂၇။** အလဟဿဖြုန်းတီးသူများသည် ရှိုင်သွာန်၏ ညီနောင်များ မုချဇကန် ဖြစ်သည်။ ရှိုင်သွာန်သည် မိမိအရှင်သခင်ကို အလွန်ကျေးဇူးကန်းသူ ဖြစ်သည်။ **၂၈။** အကယ်၍ အသင်သည် မိမိအရှင်သခင်ထံမှ မျှော်လင့်နေသော ကျေးဇူး တရားကို စောင့်မျှော်နေရသည့်အတွက်ကြောင့် ၎င်းတို့ကို ကျောခိုင်းလိုက် ရသည်ဆိုလျှင် အသင်သည် သူတို့ အား နူးညံ့သိမ်မွေ့သောစကားကို ဆိုပါ။

၂၉။ အသင်သည် မိမိလက်ကို လည်ကုပ်တွင် ချည်မထားနှင့်။ လက်ကို လုံးဝကြီးလည်း ဖွင့်မထားနှင့်။ ထိုသို့ပြုမူပါလျှင် အသင်သည် ရှုတ်ချခံရသူ၊

လက်မှိုင်ချသူအဖြစ် နေရလိမ့်မည်။ **၃၀။** စင်စစ်တွင် အသင့်အရှင်သည် မိမိအလိုရှိသူအား ရိက္ခာကို မြားမြောင်စွာ ပေးသနားတော်မူသည်။ မိမိအလိုရှိသူကို ကျပ်တည်းစေတော်မူသည်။ အရှင်မြတ်သည် မိမိ၏ အစေတော်များကို သိရှိတော်မူသောအရှင်၊ မြင်တော်မူသောအရှင် ဇကနမုချ ဖြစ်သည်။

၃၁။ အသင်တို့သည် ဆင်းရဲမှာကို စိုးရိမ်ပြီး မိမိတို့၏သားသမီးများကို မသတ်ပစ်ကြနှင့်။ ငါအရှင်သည် သူတို့ကိုရော၊ အသင်တို့ကိုပါ ရိက္ခာပေးသနားတော်မူသည်။ စင်စစ်တွင် သူတို့ကို သတ်ဖြတ်ခြင်းသည် အလွန်ကြီးလေးသောပြစ်မှုပင် ဖြစ်သည်။ **၃၂။** ထို့ပြင် အသင်တို့သည် တရားမဝင်ကာမလိုက်စားခြင်းအနားကို မချဉ်းကပ်ကြနှင့်။ ယင်းသည် အရှက်မဲ့သည့်ကိစ္စရပ်ဖြစ်ပြီး မကောင်းသောလမ်း ဖြစ်သည်။

၃၃။ အလ္လာဟ်က အထွတ်အမြတ်ထားထားသည့် အသက်ကို မှန်ကန်သည့် အကြောင်းပြချက်မရှိဘဲ မသတ်ဖြတ်ကြနှင့်။ မည်သူမဆို မတရားအသတ်ခံရလျှင် ငါအရှင်သည် သူ၏ အုပ်ထိန်းသူအမွေခံကို အခွင့်အရေးပေးသနားတော်မူလိုက် သည်။ သို့ဖြစ်ရာ သူသည် သတ်ဖြတ်ရာတွင် အတိုင်းထက်လွန်ကျူးမှု မရှိစေရ။ ၎င်းအား ကူညီပေးရမည်။

၃၄။ ဘမဲ့ကလေးများ၏ ဥစ္စာ ပစ္စည်းများအနားသို့ သူတို့အရွယ်ရောက်သည်အထိ အသင်တို့သည် အကောင်းဆုံးပုံစံမှလွဲ၍ အခြားပုံစံနှင့် မချဉ်းကပ်ကြနှင့်။ ကတိတည်ကြကုန်။ ကတိနှင့် စပ်လျဉ်းပြီး မုချ မေးမြန်းခံရပေမည်။ **၃၅။** ထို့ပြင် ချိန်တွယ်သောအခါ အပြည့်အဝချိန်တွယ်ကြပါ။ မှန်ကန်သောချိန်ခွင်ဖြင့် ချိန်တွယ်ကြကုန်။ ဤသည် အကောင်းဆုံး နည်းလမ်းဖြစ်ပြီး ၎င်း၏ ရလဒ်သည် လည်း အကောင်းဆုံးဖြစ်သည်။

၃၆။ မိမိမသိသောအရာ၏ နောက်သို့ မလိုက်လေနှင့်။ နား၊ မျက်စိ၊ စိတ်နလုံးအသီးသီးနှင့်ပတ်သက်ပြီး လူသားအား မုချဇကန် မေးမြန်းမည်ဖြစ်သည်။ **၃၇။** ထို့ပြင် ပထဝီမြေတွင် မောက်မာပလွှားစွာ မလျှောက်နှင့်။ စင်စစ်တွင် အသင်သည် ပထဝီမြေကို ခွဲမပစ်နိုင်ပေ၊ အသင်သည် တောင်များ၏ ရှည်လျားမှုကိုလည်း

မရောက်ရှိနိုင်ပေ။ **၃၈။** ဤမကောင်းသောလုပ်ရပ်အပေါင်းသည် အသင့်အရှင်ထံ တော်ပါး၌ မနှစ်မြို့ဖွယ်ရာများပင် ဖြစ်သည်။

၃၉။ ဤသည် အသင့်အရှင်က အသင့်ထံ ဗျာဒိတ်တော်ပို့ချခဲ့သော အမြော်အမြင်နှင့် ပြည့်စုံသော အရာများပင် ဖြစ်သည်။ ထို့ပြင် အလွှာဟ်နှင့်အတူ အခြားမည် သည့်အရာကိုမျှ ကိုးကွယ်ရာအဖြစ် မပြုလုပ်နှင့်။ သို့မဟုတ်က အသင် သည် အပါယ်ငရဲတွင် ပြစ်တင်ရှုတ်ချခံရသူ၊ နှင်ထုတ်ခံရသူအဖြစ် ပစ်ချခြင်းခံရ ပေမည်။

၄၀။ ဘာလဲ၊ အသင်တို့၏ အရှင်က အသင်တို့ကို သားယောကျ်ားလေး များ ရွေးချယ်ပေးပြီး မိမိအတွက်ကိုမူ ကောင်းကင်တမန်များမှ သမီးမိန်းကလေး များ ပြုလုပ်တော်မူခဲ့ပါသလော။ စင်စစ်တွင် အသင်တို့သည် အလွန်ကြီးကျယ်ပြင်း ထန်သည့်စကားကို ဆိုကြခြင်းပင် ဖြစ်သည်။ **၄၁။** ထို့ပြင် ငါအရှင်သည် သတိတရား ရယူကြရန် ဤကုရ်အာန်ထဲတွင် အမျိုးမျိုးသောနည်းလမ်းဖြင့် တင်ပြထားသည်။ သို့သော်လည်း သူတို့၏ ရှုရှာဥပေက္ခာပြုခြင်းသာ ပိုတိုးလာခဲ့သည်။ **၄၂။** အသင် ပြောပါ။ အကယ်၍ ဤလူများ ပြောကြသကဲ့သို့ အလွှာဟ်နှင့်အတူ အခြားကိုးကွယ် ရာ အရှင်သာရှိခဲ့ပါမူ သူတို့သည် အရှိရှိပလွင့်ရှင်ဘက်သို့ လမ်းစ မုချထုတ်ကြ မည်ပင်။ **၄၃။** အလွှာဟ်သည် သန့်ရှင်းစင်ကြယ်ပြီး ၎င်းတို့ပြောနေကြသည်များမှ အလွန်မြင့်မားတော်မူသောအရှင်ဖြစ်သည်။ **၄၄။** မိုးခုနစ်ထပ်၊ မြေပထဝီနှင့် ယင်းနှစ်ခုအတွင်း ရှိသမျှအရာတို့သည် အရှင်မြတ်၏ သန့်ပြန့်စင်ကြယ်တော်မူ ကြောင်းကို တသလျက်ရှိနေကြသည်။ မည်သည့်အရာမဆို အရှင်မြတ်ကို ချီးမွမ်းမူ နှင့်တကွ သန့်ပြန့်စင်ကြယ်ကြောင်း မြွက်ဟနေကြသည်ချည်း ဖြစ်သည်။ သို့သော် လည်း အသင်တို့သည် ၎င်းတို့၏ သတ်စ်ဗီးဟ်-သန့်ပြန့်စင်ကြယ်ကြောင်း မြွက်ဟမှု ကို နားမလည်ကြပေ။ အရှင်မြတ်သည် အလွန်သည်းခံတော်မူသောအရှင်၊ အလွန် ချမ်းသာခွင့်လွှတ်တော်မူသော အရှင် မုချဇကန် ဖြစ်သည်။

၄၅။ ကျမ်းမြတ်ကုရ်အာန်ကို အသင် ရွတ်ဖတ်သောအခါ ငါအရှင်သည် ဖုံးကွယ်နေသော အကာအဆီးတစ်ခုကို အသင်နှင့် နောင်တမလွန်ကို မယုံကြည်သူ

များ၏အကြားတွင် ပြုလုပ်တော်မူလိုက်ပေသည်။ **၄၆။** ယင်းကုရ်အာန်ကို နားမ လည်နိုင်ရန်အတွက် ငါအရှင်သည် သူတို့၏စိတ် နှလုံးများအပေါ်တွင် အဖုံးအအုပ် ဖုံးထားတော်မူသည်။ သူတို့၏ နားများတွင် လေးလံမှုကို ထည့်သွင်းတော်မူလိုက် သည်။ အသင်သည် ကုရ်အာန်ကျမ်းတွင် သင့်အရှင်တစ်ပါးတည်းကို သတိရတသ သောအခါတွင် သူတို့သည် စက်ဆုပ်သဖြင့် ကျောခိုင်းထွက်ခွာသွား ကြသည်။

၄၇။ ထိုသူတို့သည် အသင့်ဘက်သို့ နားစွင့်သည့်အခါတွင်လည်း သူတို့ သည် ဘာအတွက် နားစွင့်နေကြသည်ကိုရော၊ သင်တို့သည် စုန်းပြုစားခြင်းခံထား ရသူနောက်သို့သာ လိုက်နေကြသည်ဟု မတရားကျူးလွန်သူတို့က အချင်းချင်း တိုး တီးစွာပြောဆိုကြသည့်အခါတွင်ပါ ငါအရှင် ကောင်းစွာ သိရှိတော်မူသည်။ **၄၈။** သူတို့သည် အသင့်အား အဘယ်ကဲ့သို့သော ပမာများဖြင့် ခိုင်းနှိုင်းပြကြသည်ကို အသင်ကြည့်ပါလေ။ ထို့ကြောင့် သူတို့သည် လမ်းလွဲသွားကြလေပြီ။ ဘာလမ်းစ တစ်ခုကိုမျှ ရကြမည်မဟုတ် တော့ပေ။

၄၉။ သူတို့က ကျွန်ုပ်တို့သည် အရိုးများအဖြစ်သို့ရောက်သွားပြီး ကြေမွသွားသော အခါ အသစ်တစ်ဖန် ပြည်လည်ဖန်ဆင်းခြင်းကိုခံကြမည်လောဟု ပြောဆိုကြသည်။ **၅၀။** အသင်ပြောလိုက်ပါ။ သင်တို့သည် ကျောက်ခဲ သို့မဟုတ် သံဖြစ်လိုက်ကြကုန်။ **၅၁။** သို့မဟုတ် အသင်တို့စိတ်ထဲတွင် ထို့ထက်ပင် ပို၍ မာကြောသည်ဟု ထင်မြင်ယူဆသောအရာဖြစ်လိုက်ကြကုန်။ ထိုအခါ သူတို့က ကျွန်ုပ်တို့ကို မည်သူက ပြန်လည်ရှင်ထစေမည်နည်းဟု ပြောဆိုကြလိမ့်မည်။ အသင်ပြောလိုက်ပါ။ အသင်တို့အား ပထမအကြိမ်စတင်၍ ဖန်ဆင်းခဲ့သောအရှင် မြတ်ပင် ဖြစ်ပေသည်။ ထိုအခါ သူတို့သည် မိမိတို့၏ဦးခေါင်းများကို လှုပ်ခါပြီး ဤ သည် ဘယ်တော့ဖြစ်မည်နည်းဟု မေးကြဦးမည်။ အသင်ပြောလိုက်ပါ။ ထိုအချိန် သည် နီးကပ်ကောင်းနီးကပ်လျက် ရှိပေသည်။ **၅၂။** ထိုအရှင်က အသင်တို့ကို ခေါ်သည့်နေ့တွင် သင်တို့သည် ထိုအရှင်မြတ်ကို ချီးမွမ်းလျက် ထူးကြပေလိမ့်မည်။ ထို့နောက် သင်တို့သည် လောက၌ အချိန်ကာလအနည်းငယ်သာ နေခဲ့ကြသည်ဟု ထင်ကြပေလိမ့်မည်။

၅၃။ ငါအရှင်၏ အစေတော်များအား အသင်ပြောကြားပါ။ သင်တို့သည် အကောင်းဆုံးသောစကားကိုသာ ဆိုကြရမည်။ ရှိုင်သွာန်သည် သူတို့အကြားတွင် မုချနှောင့်ယှက်ဖျက်ဆီးလေ့ရှိသည်။ စင်စစ်တွင် ရှိုင်သွာန်သည် လူသားအဖို့ ထင်ရှားသော ရန်သူပင် ဖြစ်ပေသည်။

၅၄။ အသင်တို့၏ အရှင်သည် သင်တို့ကို အသိဆုံးဖြစ်တော်မူသည်။ အကယ်၍ အရှင်မြတ်သည် ဆန္ဒရှိက သင်တို့အား ကရုဏာပြုတော်မူပေမည်။ သို့မဟုတ် ဆန္ဒရှိက သင်တို့အား အပြစ်ဒဏ်ခတ်တော်မူမည်။ ငါအရှင်သည် သင့်အား သူတို့အပေါ် (အတင်းလက်ခံအောင် လုပ်ဖို့)တာဝန်ခံအဖြစ် စေလွှတ်တော်မူခဲ့သည် မဟုတ်ပေ။ **၅၅။** အသင့်အရှင်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှ သောသူတို့ကို အသိဆုံးဖြစ်တော်မူသည်။ ငါအရှင်သည် အချို့သော နဗီတမန်တော်များကို အချို့သောနဗီတမန်တော်များထက် အမှန်ပင် သာပိုစေတော်မူခဲ့သည်။ ငါအရှင်သည် ဒါဝူဒ်အား ဇဗူရ်ကျမ်း ချီးမြှင့်တော်မူခဲ့သည်။

၅၆။ အသင်ပြောလိုက်ပါ။ အလ္လာဟ်ကိုစွန့်၍ ကိုးကွယ်ရာအဖြစ် အသင်တို့ထင်မြင်ယူဆခဲ့သည့်အရာများကို ဟစ်ခေါ်ကြကုန်။ ထိုအရာများသည် အသင်တို့ထံမှ မည်သည့်ဘေးဒုက္ခကိုမျှ ဖယ်ရှားနိုင်သည့်အခွင့်အာဏာကို မပိုင်ဆိုင်ကြပေ။ ထိုဘေးဒုက္ခကို ပြောင်းလွှဲနိုင်ကြသည်လည်းမဟုတ်ပေ။ **၅၇။** သူတို့ ဟစ်ခေါ်တသနေကြသောအရာများ ကိုယ်တိုင်သည်ပင်လျှင် မိမိတို့အနက်မည်သူသည် အရှင်မြတ်နှင့် ပို၍နီးကပ်မလဲဟူ၍ အရှင်မြတ်နှင့် နီးကပ်ဖို့ ရှာဖွေနေကြသည်။ ထို့ပြင် သူတို့သည် အရှင်မြတ်၏ကရုဏာတော်ကို မျှော်ကိုးပြီး အရှင်မြတ်၏ ပြစ်ဒဏ်ကို ကြောက်ရွံ့နေကြသည်။ ဧကန်စင်စစ် သင့်အရှင်၏ပြစ်ဒဏ်သည် အမှန်တကယ်လည်း ကြောက်ရွံ့စရာပင်ဖြစ်သည်။

၅၈။ မည်သည့်မြို့ရွာကိုမဆို ငါအရှင်မြတ်သည် ကိယာမသ်နေ့မတိုင်မီ ဖျက်ဆီးပစ်တော်မူမည်၊ သို့မဟုတ် ပြင်းထန်စွာ အပြစ်ဒဏ်ခတ်တော်မူမည်သာ ဖြစ်ပေသည်။ ဤသည် စာအုပ်တွင် ရေးမှတ်ထားပြီးသား ဖြစ်သည်။

၅၉။ တန်ခိုးများကို ငါအရှင် ချမပေးခြင်းမှာ အခြားအကြောင်း

ကြောင့်မဟုတ်၊ ရှေးယခင်ကလူတို့က ယင်းတန်ခိုးများကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည့်အတွက်ကြောင့်သာ ဖြစ်သည်။ ငါအရှင်သည် ဆမူဒ်မျိုး နွယ်ဝင်များအား အသိတရားရစေရန်အတွက် ကုလားအုတ်မ ချီးမြှင့်တော်မူခဲ့သော်လည်း သူတို့က ယင်းကုလားအုတ်မကို မတရားပြုလုပ်(သတ်ဖြတ်)ခဲ့ကြသည်။ ငါအရှင်သည် သတိပေးနှိုးဆော်ရန်အတွက်သာလျှင် တန်ခိုးများကို စေလွှတ်တော်မူခြင်းဖြစ်သည်။

၅၉။ တစ်ခါတွင် ငါအရှင်သည် သင့်အား သင့်အရှင်သည် လူတို့အား ဝန်းရံထားတော်မူသည်ဟု မိန့်ကြားတော်မူခဲ့သည်။ အသင့်အား ငါအရှင် ပြသတော်မူခဲ့သောအိပ်မက်နှင့် ကျမ်းမြတ်ကုရ်အာန်တွင် ရှုတ်ချခြင်းခံထားရသော သစ်ပင်ကို ငါအရှင်သည် လူတို့အတွက် စမ်းသပ်မှုတစ်ရပ်အဖြစ်သာလျှင် ပြုလုပ်တော်မူခဲ့သည်။ ငါအရှင်သည် သူတို့အား သတိပေးနှိုးဆော်သော်လည်း ထိုသတိပေးနှိုးဆော်ချက်သည် သူတို့၏ ဆိုးသွမ်းမှုကိုသာ သာပို၍ တိုးသွားစေတော့သည်။

၆၁။ တစ်ခါတွင် ငါအရှင်မြတ်က ကောင်းကင်တမန်များအား သင်တို့သည် အာဒမ်ကို စဂျဒဟ်ဦးချလော့ဟု အမိန့်ပေးတော်မူခဲ့ရာ သူတို့အားလုံးက ဦးချခဲ့ကြသည်။ သို့သော် အိဗ်လိစ်က ဦးမချခဲ့ပေ။ ၎င်းက လျှောက်တင်သည်။ အရှင်မြတ်သည် ရွှံ့စေးဖြင့် ဖန်ဆင်းတော်မူခဲ့သောသူကို ကျွန်တော်က ဦးချရပါ မည်လောဟု လျှောက်တင်ခဲ့သည်။ **၆၂။** သူက ဤသို့ လျှောက်တင်ပြန်သည်။ ကျွန်တော်မျိုးထက်ပို၍ အရှင်မြတ် ထူးကဲမြင့်မြတ်စေတော်မူခဲ့သော ဤသူအား အရှင်မြတ် ရှုတော်မူပါဦး။ အကယ်၍သာ အရှင်မြတ်သည် ကျွန်တော်မျိုးကို ကိယာမသ်နေ့တိုင် ဆိုင်းငံ့ပေးတော်မူပါလျှင် ကျွန်တော်မျိုးသည် သူ၏သားမြေးများအနက် အနည်းငယ်သော သူတို့မှအပ ကျန်အားလုံးကို မုချ ဝါးမျိုပစ်ပါမည်။

၆၃။ ထိုအခါ အရှင်မြတ်က မိန့်ကြားတော်မူသည်။ အသင်သွားလော့၊ သူတို့အနက်မှ အသင့်နောက်လိုက်သူ(နှင့်)သင်တို့အားလုံးအတွက် ဂျဟန္နမ်ငရဲဘုံသည် ပြည့်ဝသောအစားဖြစ်ပေမည်။ **၆၄။** သူတို့အနက်မှ အသင် တတ်စွမ်းနိုင်သူကို မိမိ၏အသံဖြင့် ခြေချော်အောင်လုပ်လော့။ ထို့ပြင် အသင်သည် သူတို့

အပေါ် မိမိ၏ မြင်းတပ်နှင့် ခြေလျင်တပ်တို့ဖြင့် ချီတက်လော့။ ထို့ပြင် ဥစ္စာပစ္စည်းများနှင့် သားသမီးများတွင် သူတို့နှင့်အတူ ဖက်စပ်ပါဝင်လော့။ ထို့ပြင် သူတို့အားကတိတွေပေးလော့။ စင်စစ်တွင် ရှိုင်သွာန်၏ကတိစကားသည် လှည့်ဖြားမှု တစ်ခုသာ ဖြစ်သည်။ **၆၅။** ငါအရှင်မြတ်၏အစေတော်များအပေါ်တွင်မူ အသင်၏ ဩဇာလုံးဝသက်ရောက်လိမ့်မည်မဟုတ်။ (အို-တမန်တော်)သင့်အရှင်သည် ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်အဖြစ် လုံလောက်ပေသည်။

၆၆။ အသင်တို့၏ အရှင်သည် သင်တို့အဖို့ ပင်လယ်တွင် သင်္ဘောများကို သွားလာလှုပ်ရှားစေတော်မူသည်။ အကြောင်းမှာ သင်တို့သည် အရှင်မြတ်၏ ရိက္ခာကို ရှာဖွေနိုင်ရန်အတွက် ဖြစ်သည်။ စင်စစ်တွင် ထိုအရှင်သည် အသင်တို့ကို အလွန်တရာ သနားကြင်နာတော်မူသော အရှင်ပင် ဖြစ်သည်။ **၆၇။** ပင်လယ်ပြင်တွင် သင်တို့ထံသို့ ဘေးဒုက္ခဆိုက်ရောက် လာသောအခါ အရှင်မြတ်သာကျန်ရစ်ခဲ့ပြီး အသင်တို့ ဟစ်ခေါ်တသကြသောအခြားသောကိုးကွယ်ရာများသည် ကွယ်ပျောက်သွားလေတော့သည်။ ထိုအရှင်က သင်တို့အား ကုန်းပေါ်သို့ ကယ်တင်ပေးလိုက်သောအခါတွင် သင်တို့သည် ထိုအရှင်အား မျက်နှာလွှဲသွားကြပြန်သည်။ လူသားသည် အလွန်ကျေးဇူးကန်သူပင် ဖြစ်ပေသည်။

၆၈။ ထိုအရှင်မြတ်သည် (ကုန်းပေါ်သို့ခေါ်ဆောင်လာပြီးနောက်) သင်တို့အား မြေမျိုစေခြင်းကိုသော်လည်းကောင်း၊ သင်တို့အပေါ်သို့ ကျောက်ခဲမုန်တိုင်းစေလွှတ်ခြင်းကိုသော်လည်းကောင်း မလုပ်ဘူးဟုတွက်၍ သင်တို့ စိတ်အေးလက်အေးနေနေကြသလော။ ထိုသို့ဖြစ်ခဲ့လျှင် သင်တို့သည် မိမိတို့အဖို့ ကာကွယ်စောင့်ရှောက်ပေးမည့်သူ တစ်ဦးတစ်ယောက်ကိုမျှ တွေ့ရမည်မဟုတ်ပေ။ **၆၉။** သို့တည်းမဟုတ် အရှင်မြတ်သည် သင်တို့အား ထိုပင်လယ်ထဲသို့ နောက်တစ်ကြိမ် ပြန်ပို့ပြီး သင်တို့၏ သွေဖည်ငြင်းပယ်မှုကြောင့် သင်တို့အပေါ် လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူကာ သင်တို့အား နစ်မြုပ်စေမည်မဟုတ်ဟု တွက်၍ သင်တို့သည် စိတ်အေးလက်အေး နေနေကြသလော။

၇၀။ ငါအရှင်သည် လူသားကို အမှန်ပင် ဂုဏ်မြှင့်ပေးတော်မူခဲ့သည်။

ငါအရှင်သည် ၎င်းတို့ကို ကုန်မြေနှင့် ပင်လယ်တွင် စီးနင်းစေတော်မူခဲ့သည်။ ထို့နောက် သူတို့အား သန့်ပြန့်သောစားနပ်ရိက္ခာများကိုလည်း ချီးမြှင့်တော်မူခဲ့သည်။ ထို့ပြင် သူတို့အား ငါအရှင်၏မြောက်များစွာသောအဖန်ဆင်းခံများထက် သာပိုထွက်မြတ်စေတော်မူခဲ့သည်။

၇၀။ လူတိုင်းအား သူတို့၏ခေါင်းဆောင်နှင့်တကွ ငါအရှင် ခေါ်ယူတော်မူမည့်နေ့တွင် လက်ယာလက်၌ မှတ်တမ်းစာအုပ်ပေးအပ်ခြင်းခံရသောသူတို့သည် မိမိတို့၏မှတ်တမ်းစာအုပ်များကို ဖတ်ကြလိမ့်မည်။ ထိုသူတို့သည် စိုးစဉ်းမျှပင် မတရားလုပ်ခြင်း ခံကြရလိမ့်မည်မဟုတ်ပေ။ **၇၂။** မည်သူမဆို ဤလောကီဘဝတွင် (အမှန်တရားကို မမြင်ဘဲ) မျက်စိကန်းသူဖြစ်ခဲ့ပါက ထိုသူသည် နောင်တမလွန်ဘဝတွင်လည်း မျက်စိကန်းသူ၊ လမ်းမှန်တရားမှ အလွန် ဝေးကွာသူဖြစ်လိမ့်မည်။

၇၃။ အသင့်ထံသို့ ငါအရှင် ဗျာဒိတ်ပေးတော်မူခဲ့သည့် အမိန့်တော်များမှ အသင့်အား တိမ်းပါးစေပြီး ယင်းဗျာဒိတ်တော်မှလွဲ၍ အခြားသောအမိန့်ကို ငါအရှင့်အပေါ် လုပ်ကြံလိုဆယ်ပြောဆိုရန် သူတို့သည် အသင့်အား လုပ်အံ့ဆဲဆဲ ဖြစ်ခဲ့ကြသည်။ အသင်သည် ထိုသို့လုပ်လိုက်မည်ဆိုလျှင် သူတို့သည် အသင့်အား မိတ်ဆွေအဖြစ်သတ်မှတ်လိုက်ကြပေမည်။ **၇၄။** အကယ်၍သာ ငါအရှင်သည် အသင့်အား ခိုင်မြဲစွာ မထားခဲ့ပါလျှင် အသင်သည် သူတို့ဘက်သို့ အနည်းငယ် ယိမ်းယိုင်အံ့ဆဲဆဲ ဖြစ်သွားခဲ့ပေမည်။ **၇၅။** ထိုသို့ ယိမ်းယိုင်ခဲ့ပါလျှင် ငါအရှင်သည် အသင့်အား ရှင်ခြင်းနှင့် သေခြင်း၏ ပြစ်ဒဏ်နှစ်ဆကို မုချ မြည်းစမ်းစေတော်မူမည်။ ထို့နောက်တွင် ငါအရှင်နှင့်ဆန့်ကျင်ကာ အသင့်အား ကူညီစောင်မပေးမည့်သူ တစ်ဦးတစ်ယောက်ကိုမျှ အသင်တွေ့ရလိမ့် မည်မဟုတ်ပေ။

၇၆။ အမှန်စင်စစ် သူတို့သည် အသင့်အား ဤတိုင်းပြည်မှ နှင်ထုတ်ပစ်ရန် ခြောက်လှန့်ဖို့ ကြိုးစားလျက်ရှိကြသည်။ ထိုသို့ဖြစ်ခဲ့လျှင် သူတို့လည်း အသင့် နောက်တွင် ကာလအနည်းငယ်မျှသာ နေကြရပေလိမ့်မည်။ **၇၇။** (တမန်တော်ကိုနှင်ထုတ်သည့် လူမျိုးများသည် ဖျက်ဆီးခြင်းခံရသည်မှာ) အသင့်အလျောက် ငါအရှင်စေလွှတ်ခဲ့သော တမန်တော်များနှင့်စပ်လျဉ်း၍ ရှိခဲ့သည့် ငါအရှင်၏ ဓလေ့

လမ်းစဉ်ပင်ဖြစ်သည်။ ငါအရှင်၏ဓလေ့လမ်းစဉ်တွင် အသင်သည် မည်သည့် အပြောင်းအလဲကိုမျှ တွေ့မြင်ရလိမ့်မည်မဟုတ်ပေ။

၇၈။ အသင်သည် နေမွန်းလွဲချိန်မှစ၍ ညဉ့်မှောင်ချိန်အထိ စွလာသ် ဆောက်တည်ပါ။ ထို့ပြင် မိုးသောက်ချိန်စွလားသ်ကိုလည်း ဆောက်တည်ပါလေ။ စင်စစ်တွင် မိုးသောက်ချိန်စွလားသ်သည် ကောင်းကင်တမန်များ လာရောက်ပါဝင်ပေသည်။

၇၉။ ထို့ပြင် ညဉ့်အချိန်တွင် သဟဂျ်ဂျတ်စွလာသ်ကိုလည်း မိမိအဖို့ အပိုတာဝန်တစ်ရပ်အဖြစ် ဆောက်တည်ပါလေ။ အသင့်အရှင်သည် အသင့်အား မကာမုမဟ်မူးဒ်သို့ ပို့ဆောင်တော်မူပေမည်ဟု မျှော်လင့်ရသည်။

၈၀။ အသင်သည် ဤသို့ လျှောက်ထားပါလေ။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအား မှန်ကန်သောဝင်ရောက်ခြင်းမျိုးဖြင့် ဝင်ရောက်စေတော်မူပါ။ ထို့နည်းတူ မှန်ကန်သော ထွက်စေခြင်းမျိုးဖြင့် ထွက်စေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအဖို့ မိမိအထံတော်မှ ကူညီစောင်မပေးမည့်အင်အားကို ချီးမြှင့်တော်မူပါ။ **၈၁။** ထို့ပြင် အသင်သည် ဤသို့ ပြောကြားပါ။ အမှန်တရားရောက်လာခဲ့ပြီ။ အမှားသည် ပျောက်ကွယ်သွားခဲ့လေပြီ။ အမှားသည် ပျောက်ကွယ်မည့် အရာသာ မုချဇကန် ဖြစ်ပေသည်။

၈၂။ ငါအရှင်သည် ကျမ်းမြတ်ကုရ်အာန်တွင် ယုံကြည်သူတို့အဖို့ ရောဂါများမှ ပျောက်ကင်းချမ်းသာမှုနှင့် ကရုဏာတော်ကို ချပေးသနားတော်မူပေသည်။ သို့သော် မတရားကျူးလွန်သူများအတွက်မှာမူ ဆုံးရှုံးနစ်နာမှုကိုသာ ပို၍ တိုးပွား သွားစေသည်။

၈၃။ လူသားအပေါ် ငါအရှင် ကျေးဇူးပြုတော်မူသောအခါ သူသည် မျက်နှာလွှဲ၍ ကျောခိုင်းသွားလေသည်။ သို့သော် ယင်းလူသားထံ ဘေးဒုက္ခ ဆိုက်ရောက်လေသော် သူသည် မျှော်လင့်ချက်ကင်းမဲ့သူ ဖြစ်သွားလေတော့သည်။ **၈၄။** အသင်ပြောလိုက်ပါ။ လူတိုင်းသည် ကိုယ့်နည်းလမ်းနှင့်ကိုယ် ကျင့်မူနေကြပေသည်။ မည်သူသည် လမ်းအမှန်ဆုံးသူဖြစ်သည်ကိုတော့ အသင့်အရှင်သာ

အသိဆုံး ဖြစ်တော်မူပေသည်။

၈၅။ သူတို့သည် ရူဟ်ဝိညာဉ်နှင့်ပတ်သက်၍ အသင့်အား မေးမြန်းကြသည်။ အသင်ပြောလိုက်ပါ။ ရူဟ်ဝိညာဉ်သည် ငါ၏အရှင်မြတ်၏အမိန့်တော်အရ ဖြစ်ပေသည်။ အသင်တို့သည် အနည်းငယ်မျှသောအသိပညာကိုသာ ချီး မြှင့်ခံထားကြရလေသည်။

၈၆။ အကယ်၍ ငါအရှင် ဆန္ဒရှိတော်မူလျှင် သင့်ထံသို့ ငါအရှင် ချပေးထားတော်မူသည့်အရာအားလုံးကို ပြန်လည်ရုပ်သိမ်းလိုက်တော်မူပေမည်။ ထို့နောက် အသင်သည် ငါအရှင်နှင့်ဆန့်ကျင်၍ အသင့်အား ကူညီစောင်မပေးမည့်သူတစ်ဦးကိုမျှ တွေ့ရလိမ့်မည်မဟုတ်ပေ။ **၈၇။** သို့ရာတွင် အသင့်အရှင်၏မဟာကရုဏာတော်ကြောင့်သာလျှင် (မရုပ်သိမ်းခြင်း)ဖြစ်သည်။ စင်စစ်တွင် အသင့်ပေါ်တွင်ရှိသော ထိုအရှင်၏ကျေးဇူးတော်သည် အလွန်ကြီးမားလှပေသည်။ **၈၈။** အသင်ပြောလိုက်ပါ။ အကယ်၍ လူအားလုံးနှင့် ဂျင်နအားလုံး ပူးပေါင်းကြပြီး ဤကုရ်အာန်ကျမ်းမြတ် နှင့်တူသော ကျမ်းကို ယူဆောင်လာရန် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းကြမည် ဆိုလျှင်လည်း ထိုကုရ်အာန်ကျမ်းမြတ်နှင့် တူဆင်သောကျမ်းကို ယူဆောင်လာနိုင် ကြလိမ့်မည်မဟုတ်ပေ။

၈၉။ စင်စစ် ငါအရှင်မြတ်သည် လူသားတို့အဖို့ ဤကုရ်အာန်ကျမ်းတွင် အကြောင်းအရာမျိုးစုံကို နည်းလမ်းအမျိုးမျိုးဖြင့် ရှင်းလင်းပြထားတော်မူသည်။ သို့သော်လည်း လူအများစုသည် ငြင်းပယ်မှုအပေါ်တွင်သာ ခေါင်းမာလျက်ရှိကြသည်။ **၉၀။** သူတို့က ပြောဆိုခဲ့ကြသည်။ အသင်သည် ကျွန်ုပ်တို့အဖို့ မြေပထဝီမှ စမ်းရေချောင်းတစ်ချောင်း စီးထွက်လာအောင် မပြုလုပ်သမျှကာလပတ်လုံး ကျွန်ုပ်တို့သည် အသင့်အား လုံးဝ ယုံကြည်ကြမည်မဟုတ်။ **၉၁။** သို့မဟုတ် အသင့်ထံတွင် စွန်ပလွံနှင့်စပျစ်ပင် ဥယျာဉ်ခြံတစ်ခြံရှိရမည်။ ထိုဥယျာဉ်၏အလယ်မှ စမ်းရေချောင်းများ အများအပြား စီးထွက်လာအောင် ပြုလုပ်ပြရမည်။ **၉၂။** သို့မဟုတ် အသင်ပြောခဲ့သလို ကျွန်ုပ်တို့အပေါ်၌ မိုးကောင်းကင်ကို အပိုင်းပိုင်း လုပ်၍ပြုတ်ကျလာ အောင်လုပ်ပြရမည်။ သို့မဟုတ် အလ္လာဟ်နှင့် ကောင်းကင်တမန်များကို

ကျွန်ုပ်တို့၏ရှေ့မှောက်သို့ ခေါ်ဆောင်လာရမည်။ **၉၃။** သို့မဟုတ် အသင့်ထံတွင် ရွှေဖြင့်ဆောက်လုပ်ထားသော အိမ်တစ်လုံးရှိရမည်။ သို့မဟုတ် အသင်သည် မိုးကောင်းသို့ တက်သွားရမည်။ ထိုသို့တက်ရာတွင်လည်း အသင်သည် မိုးကောင်းကင်မှ ကျွန်ုပ်တို့ ဖတ်ရွတ်နိုင်မည့်ကျမ်းစာတစ်စောင်ကို ယူချလာခြင်းမပြုသမျှ အသင်၏တက်သွားခြင်းကိုလည်း ကျွန်ုပ်တို့ လုံးဝ ယုံကြည်လိမ့်မည်မဟုတ်။ အသင်ပြောလိုက်ပါ။ ငါ၏အရှင်သည် စင်ကြယ်သန့်ရှင်းတော်မူပါသည်။ ငါသည် လူသားတမန်တော်တစ်ဦး မျှသာ ဖြစ်ပါသည်။

၉၄။ လူသားတို့ထံသို့ လမ်းမှန်တရား ရောက်ရှိလာသောအခါ ယုံကြည်ခြင်းမှ သူတို့ကို အခြားဘယ်အရာကမှ တားဆီးသည်မဟုတ်၊ အလွှာဟ်သည် လူသားကို တမန်တော်အဖြစ် စေလွှတ်ခဲ့ပါသလားဟူသော ပြောကြားချက်ကပင် တားဆီးခဲ့ခြင်းဖြစ်သည်။ **၉၅။** အသင်ပြောလိုက်ပါ။ အကယ်၍သာ ကမ္ဘာ့မြေပထဝီပေါ်တွင် ကောင်းကင်တမန်များ အေးဆေးစွာ သွားလာလှုပ်ရှားနေကြပါလျှင် ငါအရှင်သည် သူတို့အပေါ် သို့ မိုးကောင်းကင်မှ ကောင်းကင်တမန်တစ်ပါးကို ရဋ္ဌာလ်တမန်တော်အဖြစ် မုချ စေလွှတ်မည်သာ ဖြစ်သည်။ **၉၆။** အသင်ပြောလိုက်ပါ။ အလွှာဟ်သည် ငါနှင့် သင်တို့အကြားတွင် အသိသက်သေအဖြစ် လုံလောက်တော်မူပါသည်။ ထိုအရှင်သည် မိမိ၏အစေခံများကို အကြွင်းမဲ့သိတော်မူသော၊ အကြွင်းမဲ့မြင်တော်မူသောအရှင် ဇကနိစင်စစ် ဖြစ်သည်။

၉၇။ အလွှာဟ် လမ်းမှန်ညွှန်ပြသူသာလျှင် လမ်းမှန်ရရှိသူဖြစ်၍ အလွှာဟ် လမ်းမှားစေတော်မူလိုက်သောသူအတွက် အသင်သည် ထိုအရှင်မြတ်မှ အပ အခြားသော ကူညီရှိုင်းပင်သူများကို တွေ့ရလိမ့်မည်မဟုတ်ပေ။ သူတို့ကို ငါအရှင်သည် ကိယာမသဲနေ့တွင် မျက်နှာမှောက်လျက်သား၊ မျက်စိကန်းသူများ၊ ဆွံ့အသူများ၊ နားမကြားသူများအဖြစ် စုရုံးစေတော်မူမည်။ သူတို့၏နေရာဌာနသည် ဂျဟန္နမ်ငရဲဘုံ ဖြစ်မည်။ ယင်းငရဲမီးသည် အရှိန်လျော့သွားတိုင်း ငါအရှင်သည် ထိုသူတို့၌ မီးတောက်မီးလျှံကို ပိုမို တိုးပွားစေတော်မူမည်။ **၉၈။** ဤသည် သူတို့၏ အစားပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါအရှင်မြတ်၏ သက်သေလက္ခဏာ

တော်များကို သူတို့က ငြင်းပယ်ခဲ့သည့်အတွက်ကြောင့်နှင့် ငါတို့သည် အရိုးများ သာကျန်ရှိပြီး အစိတ်စိတ်အမြွှာအမြွှာ ဖြစ်သွားကြသောအခါ အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းခံရပြီး ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လောဟု ပြောဆိုခဲ့ကြခြင်းကြောင့် ဖြစ်လေသည်။

၉၉။ မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူ သော အလ္လာဟ်သည် ၎င်းတို့ကဲ့သို့ဖန်ဆင်းခံကို တစ်ဖန်ပြန်လည်ဖန်ဆင်းရန် တတ်စွမ်း နိုင်တော်မူသောအရှင် အမှန်ပင် ဖြစ်သည်ကို သူတို့ မသိမမြင်ကြပါသလော။ ထိုအရှင်သည် သူတို့အတွက် ယုံမှားသံသယလုံးဝကင်းသော ကာလတစ်ခု သတ် မှတ်ထားတော်မူပြီး ဖြစ်လေသည်။ သို့တိုင်လည်း မတရားလုပ်သူများသည် ငြင်းဆန်မှုကိုသာ ပြုလုပ်ကြသည်။

၁၀၀။ အသင်ပြောလိုက်ပါ။ အကယ်၍ အသင်တို့သည် ငါ့အရှင်၏ ကရုဏာ ဘဏ္ဍာတိုက်များကို ပိုင်ဆိုင်ကြလျှင်လည်း အသင်တို့သည် သုံးစွဲလိုက် လျှင် ထိုဘဏ္ဍာတိုက်များ ကုန်ဆုံးသွားမည်ကိုစိုးရိမ်သဖြင့် စေးနဲ့တွန့်တိုကြမည် သာဖြစ်သည်။ စင်စစ်တွင် လူသားသည် အလွန် စေးနဲ့တွန့်တိုသူ ဖြစ်ပေသည်။

၁၀၁။ ငါအရှင်သည် မူစာကို ထင်ရှားသောတန်ခိုးတော်ကိုးပါး အမှန် ပင် ချီးမြှင့်တော်မူခဲ့သည်။ အိစ်ရာအီလီမျိုးနွယ်ဝင်တို့ကို အသင်မေးကြည့်ပါ။ သူတို့ ထံသို့ မူစာရောက်လာသည့်အခါ ဖိရ်အောင်က ပြောသည်။ အို-မူစာ အသင်သည် စုန်းပြုစားခြင်းခံရသူဟု ငါထင်သည်။ **၁၀၂။** ထိုအခါ မူစာက ဖြေကြားခဲ့သည်။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် သည်သာလျှင် လူတို့အား မျက်လုံးဖွင့်ပေးရန်အတွက် ထိုတန်ခိုးတော်များကို ချ ပေးထားတော်မူကြောင်း အသင်ကောင်းကောင်း သိပါသည်။ အို-ဖိရ်အောင်၊ အ သင်သည် ဖျက်ဆီးခံရမည့်သူဟု ငါမှချ ထင်သည်။ **၁၀၃။** ထို့နောက် ဖိရ်အောင် သည် ၎င်းတို့အား တိုင်းပြည်မှ မောင်းထုတ်ပစ်ရန် ကြံရွယ်ခဲ့လေရာ ငါအရှင်သည် ဖိရ်အောင်ကိုရော၊ သူနှင့်အတူရှိခဲ့ကြသူများအားလုံးကိုပါ နစ်မြုပ်ပစ်တော်မူခဲ့ သည်။ **၁၀၄။** သူနောက်တွင် ငါအရှင်မြတ်သည် အိစ်ရာအီလီမျိုးနွယ်ဝင်တို့အား

သင်တို့သည် ဤမြေပထဝီတွင် နေထိုင်ကြလေကုန်။ နောင်တမလွန်နေ့နှင့်စပ်လျဉ်း၍ ချိန်းချက်ထားသော အချိန်ကာလရောက်ရှိလာလျှင် ငါအရှင်သည် အသင်တို့အားလုံးကို စုပေါင်းပြီး ယူဆောင်လာတော်မူပေမည်။

၁၀၅။ ငါအရှင်သည် ကုရ်အာန်ကျမ်းကို အမှန်တရားနှင့်တကွ ချပေးတော်မူခဲ့ပြီး ယင်းကျမ်းသည် အမှန်တရားနှင့်တကွ ကျရောက်လာခဲ့ပေသည်။ ငါအရှင်သည် သင့်အား သတင်းကောင်းပါးသူအဖြစ်နှင့် သတိပေးနှိုးဆော်သူအဖြစ်သာ စေလွှတ်တော်မူခဲ့ခြင်း ဖြစ်သည်။ **၁၀၆။** ငါအရှင်သည် ကုရ်အာန်ကျမ်းကို နည်းနည်းစီခွဲပြီး ချပေးတော်မူခဲ့သည်။ သို့မှ အသင်သည် ယင်းကျမ်းမြတ်ကို လူတို့အား နားနားပြီး ဖတ်ပြနိုင်ပေမည်။ ငါအရှင်သည် ယင်းကုရ်အာန်ကို ဖြည်းဖြည်းချင်းစီ ချပေးသနားတော်မူခဲ့သည်။

၁၀၇။ အသင်ပြောလိုက်ပါ။ အသင်တို့သည် ထိုကုရ်အာန်ကို ယုံကြည်ချင်လည်း ယုံကြည်ကြ။ မယုံကြည်ချင်ရင်လည်း နေကြ။ ယင်းကုရ်အာန့်အလျင်က အသိပညာ ရှိးမြှင့်ခြင်းခံခဲ့ရသူများသည် သူတို့ရှေ့ဝယ် ယင်းကုရ်အာန်ကို ဖတ်ကြားခြင်းခံရလျှင် သူတို့သည် မေးစေ့များအောက်ချပြီး အမှန်ပင် ပျပ်ဝပ်ဦးချကြလေသည်။ **၁၀၈။** သူတို့က ဤသို့လည်း ပြောဆိုကြသည်။ ကျွန်ုပ်တို့၏ အရှင်သည် သန့်ပြန့်စင်ကြယ်တော်မူပါသည်။ အမှန် စင်စစ် ကျွန်ုပ်တို့အရှင်၏ကတိတော်သည် ပြည့်ဝမည်သာ ဖြစ်ပေသည်။ **၁၀၉။** သူတို့သည် မေးစေ့များအောက်ချပြီး ငိုယိုကာ ပျပ်ဝပ်ဦးချကြလေသည်။ ကုရ်အာန်သည် သူတို့၏ကြောက်ရွံ့ရိုသေမှုတွင် ပိုတိုးသွားစေသည်။

၁၁၀။ အသင်ပြောလိုက်ပါ။ အသင်တို့သည် အလ္လာဟ်ဟူ၍ ဟစ်ခေါ်တသကြလေကုန်။ သို့မဟုတ် ရဟ်မာန်ဟူ၍ ဟစ်ခေါ်တသကြလေကုန်။ မည်သို့ပင်တသကြသည်ဖြစ်စေ (တူတူပင်ဖြစ်သည်။) အကြောင်းမှာ ကောင်းမြတ်လှပသော အမည်နာမများသည် အရှင်မြတ်အတွက်သာ ဖြစ်သည်။ အသင်သည် မိမိ၏ စွလာသ်ဝတ်ပြုမှုတွင် အသံကျယ်လောင်စွာလည်း မဖတ်လေနှင့်။ အသံတိုးလွန်းစွာလည်း မဖတ်လေနှင့်။ ထိုနည်းလမ်းနှစ်ခုကြားက လမ်းကို လျှောက်လှမ်းပါလေ။

၁၁၁။ အသင်ပြောလိုက်ပါ။ ချီးမွမ်းထောမနာ အပေါင်းသည် အလ္လာဟ်အရှင်မြတ် အဖို့သာလျှင် ဖြစ်သည်။ ထိုအရှင်သည် သားသမီးတစ်ဦးတစ်ယောက်မျှ ပြုလုပ်ထားတော်မမူခဲ့ပေ။ ထိုအရှင်မြတ်မှာ စိုးမိုးအုပ်ချုပ်မှု၌ ဖက်စပ်ပါဝင်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ အားအင်ချည့်နဲ့မှုကြောင့်ဟူ၍ ထိုအရှင်အား ကူညီပေးရသူလည်း တစ်ဦးတစ်ယောက်မျှမရှိပေ။ အသင်သည် ထိုအရှင်မြတ် ကြီးကျယ်မြင့်မြတ်တော်မူကြောင်းကို မြွက်ဟ၍ နေပါလေ။

၁၈။ စူရဟ် ကဟ်ဖ်။

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန် သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ချီးမွမ်းထောမနာအပေါင်းသည် အလ္လာဟ် အရှင်မြတ်အဖို့သာလျှင် ဖြစ်သည်။ အရှင်မြတ်သည် မိမိ၏အစေတော်အပေါ် ကျမ်းစာအုပ်ကို ချပေးတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ယင်းကျမ်းတော်တွင် မည်သည့်ကွေကောက်မှုကိုမျှ မထားရှိပေ။ **၂။** အလွန် ဖြောင့်မတ်စွာ ရှိပေသည်။ ထိုအစေတော်သည် အရှင်မြတ်ထံတော်မှ ကျရောက်လာမည့် ပြင်းထန်သောပြစ်ဒဏ်နှင့်စပ်လျဉ်းပြီး သတိပေးနှိုးဆော်ရန်နှင့် ကောင်းမြတ်သောကျင့်ဆောင်မှုများ ပြုလုပ်ကြသော ယုံကြည်သူတို့အဖို့ ကောင်းမြတ်သောအကျိုးကုသိုလ်ရှိကြောင်း သတင်းကောင်းပါးရန်အတွက် ဖြစ်ပေသည်။ **၃။** သူတို့သည် ထိုကောင်းမြတ်သောအကျိုးကုသိုလ်တွင် ထာဝရနေထိုင်ကြရမည်။ **၄။** အလ္လာဟ်သည် သားသမီး မွေးထားသည်ဟု ပြောဆိုကြသူတို့အား သတိပေးနှိုးဆော်ရန်အတွက်လည်း ဖြစ်ပေသည်။ **၅။** ဤအချက်နှင့်စပ်လျဉ်း၍ သူတို့ထံတွင် မည်သည့်အသိ တစ်စုံ တစ်ရာမျှ မရှိ၊ သူတို့၏ ဘိုးဘွားများထံတွင်လည်း မည်သည့်အသိပညာမျှ မရှိခဲ့ပေ။ သူတို့၏ ပါးစပ်များမှထွက်လာသော စကားရပ်သည် အလွန်ကြီးလေးလှသည်။ သူတို့သည် မုသား

စကားကိုသာ ပြောဆိုနေကြခြင်း ဖြစ်သည်။

၆။ အကယ်၍ သူတို့သည် ဤကျမ်းတော်ကို မယုံကြည်ခဲ့ကြပါလျှင် အသင်သည် သူတို့နောက်လိုက်ရင်း ဝမ်းနည်းကြေကွဲကာ မိမိကိုယ်မိမိ ပျက်စီးအောင် လုပ်တော့မည်နှင့်တူသည်။ **၇။** စင်စစ်တွင် ငါအရှင်သည် မြေပထဝီတွင် ရှိသမျှသောအရာများကို ယင်းမြေပထဝီအတွက် အလှတန်ဆာအဖြစ် ပြုလုပ်တော်မူခဲ့သည်။ အကြောင်းမှာ လူတို့အနက် မည်သူသည် အကောင်းမွန်ဆုံး ကျင့်ကြံသည်ကို ငါအရှင် စမ်းသပ်တော်မူရန်အတွက် ဖြစ်သည်။ **၈။** ထို့နောက် ငါအရှင်သည် ယင်းမြေပထဝီပေါ်ရှိ အရာအားလုံးကို ပြောင်တလင်းခါသွားသော မြေအဖြစ် မုချ ပြုလုပ်တော်မူပေမည်။

၉။ ဥမင်လိုဏ်ခေါင်းတွင် ခိုအောင်းခဲ့သော၊ သင်ပုန်းတွင် နာမည်ရေးသားပါရှိသော သူတို့သည် ငါအရှင်၏ အံ့သြဖွယ်ကောင်းသော လက္ခဏာတော်များအနက်မှမှုချ ဖြစ်သည်ဟု အသင်ထင်မှတ်ပါသလော။ **၁၀။** တစ်ခါတွင် ထိုလူငယ်တို့သည် ဥမင်လိုဏ်ခေါင်းတွင် ခိုလှုံခဲ့ကြပြီး အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ကို အရှင့်အထံတော်မှ ကရုဏာချီးမြှင့်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့၏ အရေးကိစ္စကို ပြုပြင်တည့်မတ်ပေးတော်မူပါဟု လျှောက်ထားပန်ကြားခဲ့ကြလေသည်။ **၁၁။** သို့ဖြစ်ရာ ငါအရှင်သည် သူတို့အား နှစ်ပေါင်းများစွာတိုင်အောင် နက်ရှိုင်းစွာ အိပ်စက်စေတော်မူခဲ့သည်။ **၁၂။** ထို့နောက် ငါအရှင်သည် သူတို့ကို တစ်ဖန် ပြန်ထစေတော်မူခဲ့သည်။ အကြောင်းမှာ အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုက မိမိတို့ကုန်ဆုံးခဲ့ကြသည့် အချိန်ကာလအတိအကျအား ရေတွက်နိုင်သလဲဆိုသည်ကို ငါအရှင်သိလိုတော်မူသောကြောင့် ဖြစ်သည်။

၁၃။ သူတို့၏ အတ္ထုပ္ပတ္တိအကြောင်းကို သင့်အား ငါအရှင် မှန်ကန်စွာ ပြောပြတော်မူမည်။ သူတို့သည် မိမိတို့၏အရှင်ကို ယုံကြည်ခဲ့ကြသည့် လူငယ်အချို့ပင် ဖြစ်ကြသည်။ ငါအရှင်သည် သူတို့အား တရားလမ်းမှန်ကို တိုး၍ ချီးမြှင့်တော်မူခဲ့သည်။ **၁၄။** ငါအရှင်သည် သူတို့၏စိတ်နလုံးများကို ခိုင်ခံ့စေတော်မူခဲ့သည်။ တစ်ခါတွင် သူတို့က ထရပ်လိုက်ကြပြီး ဤသို့ ပြောဆိုခဲ့ကြသည်။ ကျွန်ုပ်တို့၏

အရှင်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူသည်။ ကျွန်ုပ်တို့သည် ထိုအရှင်မှအပ အခြားမည်သည့်အရာကိုမျှ လုံးဝ ဟစ်ခေါ်တသကြမည်မဟုတ်ပါ။ အကယ်၍ ထိုသို့ လုပ်မိခဲ့ပါလျှင် ကျွန်ုပ်တို့သည် အလွန် မဟုတ်မတရားသောစကားကို ပြောဆိုလိုက်ခြင်း ဖြစ်ပေမည်။ **၁၅။** ကျွန်ုပ်တို့၏ ဤအမျိုးသားတို့သည် ထိုအရှင်မြတ်မှအပ အခြားအရာများကို ကိုးကွယ်ရာ အရှင်များအဖြစ် ပြုလုပ်ထားကြပါသည်။ သူတို့သည် ယင်းကိုးကွယ်ရာတို့နှင့်စပ်လျဉ်းပြီး ထင်ရှားသော အထောက်အထားကို အဘယ်ကြောင့် မယူလာကြသနည်း။ အလ္လာဟ်အပေါ်တွင် မုသားလိမ်လည်လုပ်ကြံ ပြောဆိုသူထက်ပို၍ မတရားသူ မည်သူရှိပါဦးမည်နည်း။

၁၆။ (သူတို့ အချင်းချင်း ပြောကြသည်မှာ) အသင်တို့သည် ထိုသူတို့နှင့်ရော၊ အလ္လာဟ်မှအပ သူတို့ ကိုးကွယ်ကြသောအရာများနှင့်ပါ တစ်သီး တစ်ခြားဖြစ်သွားကြပြီဖြစ်ရာ သင်တို့သည် ဥမင်လိုဏ်ခေါင်းတွင် ဝင်ရောက် ခိုလှုံ ကြပါ။ သင်တို့၏အရှင်သည် သင်တို့အပေါ် မိမိ၏ကရုဏာတော်အား ဖြန့်ကျက်ပေးပါလိမ့်မည်။ ထို့ပြင် သင်တို့၏အရေးကိစ္စ အဆင်ပြေစေရန် စီမံပေးပါလိမ့်မည်။

၁၇။ နေထွက်သောအခါ ယင်းနေသည် သူတို့၏လိုဏ်ဂူမှ လက်ယာဘက်သို့ ယိမ်းစောင်း၍ သွားပြီး၊ နေဝင်သောအခါ ဘယ်ဘက်သို့ ကျော်ထွက်ကာ သူတို့အား ရှောင်ကွင်း၍သွားသည်ကို အသင်တွေ့မြင်ရပေမည်။ ထို့ပြင် သူတို့သည် ထိုလိုဏ်ဂူတွင် ကျယ်ဝန်းသောနေရာ၌ ရှိခဲ့ကြသည်။ ဤသည် အလ္လာဟ်၏ သက်သေလက္ခဏာတော်များအနက်မှ ဖြစ်သည်။ အလ္လာဟ် လမ်းမှန်ညွှန်ပြသော သူသာလျှင် လမ်းမှန်ရရှိသူဖြစ်ပြီး၊ အလ္လာဟ်က လမ်းမှားစေလိုက်သူအား လမ်းမှန်ပြပေးမည့် မိတ်ဆွေတစ်ဦးတစ်လေမျှ အသင်တွေ့ မြင်ရလိမ့်မည် မဟုတ်တော့ပေ။

၁၈။ သူတို့သည် နိုးကြားနေသူများဟု အသင် ထင်မှတ်သွားလိမ့်မည်။ အမှန်မှာ သူတို့သည် အိပ်ပျော်နေသူများ ဖြစ်ကြပေသည်။ ငါအရှင်သည် သူတို့ကို (သူတို့၏နံဘေးများကို) လက်ယာဘက်နှင့် လက်ဝဲဘက်သို့ လှည့်ပေးနေတော်မူခဲ့

သည်။ သူတို့၏ခွေးသည် လိုဏ်ဂူဝတွင် လက်နှစ်ဖက်ကို ဖြန့်ခင်းထိုင်နေလျက်ရှိခဲ့သည်။ အကယ်၍သာ အသင်သည် သူတို့ကို ချောင်းကြည့်လိုက်ပါလျှင် အသင်သည် သူတို့ထံမှ လှည့်၍ ထွက်ပြေးမည့်အပြင် အသင့်ထဲတွင် သူတို့၏ ကြောက်ရွံ့စိတ် ပြည့်လျှံသွားခဲ့ပေမည်။

၁၉။ ငါအရှင်သည် သူတို့အချင်းချင်း မေးမြန်းကြရန်အတွက် ဤနည်းအတိုင်း သူတို့ကို နိုးထစေတော်မူခဲ့သည်။ သူတို့အနက်မှ တစ်ဦးက သင်တို့သည် အချိန်ကာလမည်မျှလောက် အိပ်စက်ခဲ့ကြသနည်းဟု မေးမြန်းခဲ့ရာ အချို့က ကျွန်ုပ်တို့သည် တစ်ရက် သို့မဟုတ် တစ်ရက်၏အချို့အစိတ်အပိုင်းလောက်သာ အိပ်စက်ခဲ့ကြသည်ဟု ပြောဆိုလေသည်။ ထိုအခါ အချို့က ပြောသည်။ အသင်တို့ အိပ်ပျော်ခဲ့ကြသော အချိန်ကာလကို အသင်တို့၏ အရှင်သာလျှင် အသိဆုံးဖြစ်တော်မူပေသည်။ သို့ဖြစ်ရာ သင်တို့သည် မိမိတို့အနက်မှ တစ်ဦးဦးကို ဤငွေဒင်္ဂါး ပေး၍ မြို့ထဲသို့ စေလွှတ်လိုက်ပါ။ သူသည် မြို့ထဲတွင် အသန့်ပြန့်ဆုံးအစားအစာ ဘယ်မှာရနိုင်မလဲဟု ကြည့်ရှုပြီး အသင်တို့အဖို့ စားစရာအချို့ ယူဆောင်လာပါ။ ထို့ပြင် သူသည် သိမ်သိမ်မွေ့မွေ့သွားပါ။ အသင်တို့၏သတင်းကို မည်သူ့ကိုမျှ မသိစေနှင့်။ **၂၀။** အကယ်၍ သူတို့သည် အသင်တို့သတင်းကို ရရှိသွားကြလျှင် အသင်တို့ကို ခဲဖြင့် ပေါက်သတ်ပစ်ကြလိမ့်မည်။ သို့မဟုတ် သူတို့သာသနာအတွင်းသို့ သင်တို့ကို ပြန်လည်သွတ်သွင်း ကြလိမ့်မည်။ ထိုသို့ဖြစ်ခဲ့လျှင် အသင်တို့သည် ဘယ်တော့မှ အောင်မြင်ကြမည် မဟုတ်တော့ပေ။

၂၁။ ဤနည်းအတိုင်းပင် ငါအရှင်သည် လူတို့အား သူတို့၏သတင်းကို ကြားသိစေတော်မူလိုက်သည်။ သို့မှသာ အလ္လာဟ်၏ကတိတော်သည် မှန်ကန်ကြောင်းနှင့် ကိယာမသ်နှင့်စပ်လျဉ်းပြီး သံသယအလျှင်းမရှိကြောင်းကို သူတို့ သိရှိသွားကြပေမည်။ ထိုအခါတွင် လူတို့သည် ထိုလူငယ်များ၏ကိစ္စနှင့်စပ်လျဉ်းပြီး ငြင်းခုံနေခဲ့ကြသည်။ ထိုအခါ (အချို့က) အသင်တို့သည် ထိုလူငယ်များ၏ လိုဏ်ဂူတွင် အဆောက်အအုံတစ်ခု ဆောက်လုပ်ကြပါဟု ပြောဆိုကြသည်။ သူတို့အရှင်သည် သူတို့နှင့်စပ်လျဉ်း၍ အသိဆုံးဖြစ်တော်မူပေသည်။ မိမိတို့၏အ

ရေးကိစ္စတွင် ဩဇာအာဏာရှိကြသူတို့ကမူ ငါတို့သည် ထိုလူငယ်တို့၏ လိုက်ဂူ တွင် မတ်စ်ဂျိဒ် ဝတ်ကျောင်းတော်တစ်လုံး မုချ ဆောက်လုပ်ကြမည်ဟု ပြောဆိုခဲ့ ကြသည်။

၂၂။ အချို့က ထိုလူငယ်တို့မှာ သုံးဦးဖြစ်ပြီး စတုတ္ထမြောက်သည် သူတို့၏ ခွေးဖြစ်သည်ဟု ပြောကြလိမ့်မည်။ အချို့ကမူ ထိုလူငယ်တို့မှာ ငါးဦးဖြစ် ပြီး ဆဋ္ဌမမြောက်သည် သူတို့၏ခွေးဖြစ်သည်ဟု ရမ်းဆ၍ ပြောကြလိမ့်မည်။ အချို့က ထိုလူငယ်တို့မှာ ခုနစ်ဦးဖြစ်ပြီး အဋ္ဌမမြောက်သည် သူတို့၏ခွေးဖြစ် သည်ဟု ပြောကြလိမ့်မည်။ အသင်ပြောလိုက်ပါ။ သူတို့၏အရေအတွက်ကို အသင့် အရှင်သာလျှင် အသိဆုံး ဖြစ်တော်မူပေသည်။ လူအနည်းငယ်သာလျှင် သူတို့၏ အရေအတွက်ကို သိကြသည်။ သို့ဖြစ်ရာ အသင်သည် ထိုလူငယ်တို့နှင့် ပတ် သက်၍ အပေါ်ယံထက်ပိုပြီး ငြင်းခုံဆွေးနွေးခြင်း မပြုပါလေနှင့်။ ထို့ပြင် ထိုလူ ငယ်တို့နှင့် ပတ်သက်၍ သူတို့အနက်မှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မမေးမြန်း ပါလေနှင့်။

၂၃။ အသင်သည် အလုပ်ကိစ္စတစ်ခုနှင့် စပ်လျဉ်းပြီး ကျွန်ုပ်သည် ထိုအလုပ်ကိစ္စကို မနက်ဖြန်လုပ်လိုက်မည်ဟု လုံးဝ မပြောလေနှင့်။ **၂၄။** သို့သော် အလွန်တိုအလိုတော်ရှိလျှင် (ပြုလုပ်ပါမည်ဟုသာ ပြောပါ)။ အသင်သည် မိမိ၏ အရှင်ကို မေ့သွားသောအခါ ပြန်လည်သတိရလိုက်ပါ။ ထို့ပြင် ဤသို့ ပြောဆိုပါ။ ငါ၏အရှင်သည် ငါ့အား သည့်ထက်ပိုပြီး ကောင်းခြင်းနှင့်နီးသောလမ်းကို ညွှန်ပြ လိမ့်မည်ဟု မျှော်လင့်မိပါသည်။

၂၅။ ထိုလူငယ်တို့သည် ဥမင်လိုဏ်ခေါင်းတွင် နှစ်ပေါင်းသုံးရာ နေခဲ့ကြ ပြီး(တချို့လူများက နှစ်ရေတွက်ရာတွင်) ကိုးနှစ် ထပ်ပေါင်းကြသည်။ **၂၆။** အသင် ပြောလိုက်ပါ။ သူတို့ကုန်ဆုံးခဲ့ကြသောအချိန်ကာလကို အလွှာဟ်သာလျှင် အသိ ဆုံးဖြစ်တော်မူသည်။ မိုးကောင်းကင်များနှင့် မြေပထဝီတွင် ဖုံးကွယ်နေသောအရာ များ၏ အသိသည် အလွှာဟ်ထံ၌သာ ရှိပေသည်။ ထိုအရှင်သည် အဘယ်မျှ မြင် တော်မူသောအရှင်၊ အဘယ်မျှ ကြားတော်မူသောအရှင် ဖြစ်လိုက်ပါဘိ။ သူတို့အဖို့

ထိုအရှင်မြတ်မှအပ အခြား ကူညီရှိင်းပင်းမည့်သူ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ ထို့ပြင် အရှင်မြတ်သည် မိမိ၏အမိန့်အာဏာတွင် တစ်ဦးတစ်ယောက်ကိုမျှ ဖက်စပ်ပါဝင်သူအဖြစ် သတ်မှတ်ထားသည်လည်းမရှိပေ။

၂၇။ အသင့်ထံသို့ ဗျာဒိတ်တော်ချပေးခြင်းခံရသော အသင့်အရှင်၏ ကျမ်းဂန်ကို ဖတ်ကြားပြပါလေ။ အရှင်မြတ်၏စကားတော်များကို ပြောင်းလဲနိုင်သူ ဟူ၍ မည်သူမျှမရှိ။ အသင်သည် ထိုအရှင်မြတ်မှအပ အခြားသောခိုကိုးရာဟူ၍ လည်း အလျှင်းရှာတွေ့မည်မဟုတ်ပေ။ **၂၈။** အသင်သည် မိမိကိုယ်ကို ချုပ်တည်း၍ အကြင်သူများနှင့်အတူ နေပါလေ။ ထိုသူတို့သည် မိမိတို့အရှင်၏ ကျေနပ်နှစ်သက်မှုကိုသာ ရည်စူးပြီး ထိုအရှင်ကို နံနက်နှင့်ညနေတွင် ဟစ်ခေါ်သတိရတာသကြေလေသည်။ ထို့နောက် လောကီဘဝသက်တမ်း၏လှုပတင့်တယ်မှုအတွက်နှင့် အသင်သည် မိမိ၏မျက်စိနှစ်လုံးကို သူတို့ထံမှ ဖယ်ရှားမပစ်လိုက်ပါနှင့်။ အသင်သည် အကြင်သူ၏ စကားကိုလည်း နားမထောင်ပါလေနှင့်။ ငါအရှင်သည် ထိုသူ၏စိတ်နှလုံးကို ငါ့အားသတိရ တသခြင်းမှ မေ့လျော့စေတော်မူထားသည်။ ထို့နောက် သူသည် မိမိစိတ်အလိုနောက်သို့သာ လိုက်နာသည်။ ထို့ပြင် သူ၏လုပ်ရပ်များသည် စည်းဘောင်ကျော်လွန်နေလျက်ရှိသည်။

၂၉။ အသင်ပြောကြားပါလေ။ ဤသည် အသင်တို့၏အရှင်ထံမှ အမှန်တရား ဖြစ်ပေသည်။ သို့ဖြစ်ရာ မည်သူမဆို ယုံကြည်လိုက ယုံကြည်နိုင်ပြီး၊ မယုံကြည်လိုက ငြင်းပယ်နိုင်သည်။ ငါအရှင်သည် မတရားလုပ်သူ များအဖို့ ငရဲမီးကို မုချ အသင့်ပြင်ဆင်ထားတော်မူသည်။ ယင်းငရဲမီး၏ တိုင်များသည် သူတို့အား ဝန်းရံထားပေလိမ့်မည်။ အကယ်၍ သူတို့သည် ရေတောင်းခံကြလျှင် ဆီအနည်ကဲ့သို့သောရေကို တိုက်ကျွေးခြင်းခံကြရမည်။ ယင်းရေသည် မျက်နှာများကို မီးကင်ပစ်လိမ့်မည်။ ထိုရေသည် အဘယ်မျှ ဆိုးရွားလိုက်သောရေဖြစ်၍ ထိုငရဲဘုံသည်လည်း အဘယ်မျှ ဆိုးရွားလိုက်သောနေရာ ဖြစ်လိုက်ပါဘိ။

၃၀။ ဇကန်စင်စစ် အီမာန်ယုံကြည်ပြီး ကောင်းမှုများ ဆောက် တည်ခဲ့ကြသောသူတို့နှင့်စပ်လျဉ်း၍မူ စင်စစ်တွင် ငါအရှင်သည် ကောင်းမြတ်သောလုပ်ရပ်

လုပ်သူတို့၏အကျိုးကုသိုလ်ကို လုံးဝ အချည်းနှီးလုပ်မည်မဟုတ်ပေ။ **၃၁။** ထိုသို့သောသူများအဖို့မှာ အောက်ခြေတွင် စမ်းရေချောင်းများ စီးတွေနေလျက်ရှိသော ထာဝရဥယျာဉ်များ ရှိပေမည်။ ယင်းဥယျာဉ်ဘုံထဲတွင် သူတို့သည် ရွှေလက်ကောက်များဖြင့် ဆင်မြန်းပေးခြင်းခံရမည်။ ထို့ပြင် သူတို့သည် ပါးလွှာသောပိုးဖျင်နှင့် ထူသောပိုးဖျင်မှပြုလုပ်ထားသော အစိမ်းရောင်အဝတ်များကို ဝတ်ဆင်ကြလိမ့်မည်။ ယင်းဥယျာဉ်ထဲတွင် သူတို့သည် သလွန်များပေါ်၌ မှီလျက်ထိုင်နေကြမည်။ အဘယ်မျှ ကောင်းလိုက်သော အကျိုးကုသိုလ်ဖြစ်လိုက်ပါဘိ။ ထို့ပြင် အဘယ်မျှ ကောင်းလိုက်သောနေရာ ထိုင်ခင်း ဖြစ်လိုက်ပါဘိ။

၃၂။ အသင်သည် သူတို့အား ဥပမာတစ်ခု တင်ပြပါလေ။ လူနှစ်ယောက်ရှိသည်။ သူတို့နှစ်ယောက်အနက်မှ တစ်ယောက်ကို ငါအရှင်က စပျစ်ခြံနှစ်ခြံချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ထိုခြံနှစ်ခြံ၏ဘေးပတ်လည်တွင် စွန်ပလွံပင်များကို ခြံရံပေးထားသည်။ ယင်းခြံနှစ်ခြံ၏ကြားတွင် လယ်တစ်ခုကိုလည်း ထားပေးခဲ့သည်။ **၃၃။** ခြံနှစ်ခြံလုံးသည် အနည်းငယ်မျှပင် လျော့နည်းခြင်းမရှိစေဘဲ အပြည့်အဝ အသီးသီးလျက်ရှိသည်။ ထို့ပြင် ငါအရှင်သည် ထိုခြံနှစ်ခြံ၏စပ်ကြားတွင် ချောင်းတစ်ချောင်းကိုလည်း စီးတွေစေတော်မူခဲ့သည်။ **၃၄။** သူသည် အသီးကောင်းကောင်း ရရှိခဲ့ပေရာ မိမိ၏မိတ်ဆွေအား စကားပြောရင်းနှင့် ငါသည် ဥစ္စာပစ္စည်းအရ အသင့်ထက် ပိုများပြီး လူအရေအတွက်အားဖြင့်လည်း အသင့်ထက်ပို၍ အားကောင်းသည်ဟု ပြောဆိုခဲ့သည်။ **၃၅။** ထို့နောက် သူသည် ကိုယ့်ကိုယ်ကိုယ် မတရားလုပ်သူအဖြစ်နှင့် ဥယျာဉ်ထဲသို့ ဝင်ခဲ့ပြီး ဤသို့ ပြောဆိုခဲ့လေသည်။ ဥယျာဉ်သည် ဘယ်တော့မှ ပျက်စီးတော့မည်မဟုတ်ဟု ကျွန်ုပ်ထင်သည်။ **၃၆။** ကိယာမသ်နေ့သည်လည်း ဆိုက်ရောက်လာလိမ့်မည်ဟု ကျွန်ုပ်မထင်ပေ။ အကယ်၍ ကျွန်ုပ်သည် ကျွန်ုပ်၏အရှင်ထံသို့ ပြန်လည်ပို့ဆောင်ခြင်းခံရလျှင်လည်း ကျွန်ုပ်သည် ယင်းဥယျာဉ်ထက် ပိုကောင်းသောနေရာကို မုချ ရရှိပါလိမ့်မည်။

၃၇။ သူ၏မိတ်ဆွေက သူ့အား စကားပြောရင်း ဤသို့ ပြောဆိုလေသည်။ အသင်သည် မိမိအား မြေကြီးမှဖန်ဆင်းတော်မူသော၊ ထို့နောက် သုက်ရည်တစ်

စက်မှ ဖန်ဆင်းတော်မူသော၊ ထို့နောက် လူသားပကတိဖြစ်အောင် ပြုလုပ်ပေးတော်မူခဲ့သော အရှင်မြတ်ကို ငြင်းပယ်ခဲ့သလော။ **၃၈။** သို့သော်(ကျွန်ုပ်ကမူဤသို့သာ ပြောမည်။) ထိုအရှင်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်ပင် ဖြစ်တော်မူသည်။ ကျွန်ုပ်သည် မိမိ၏ အရှင်နှင့်အတူ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ တွဲဖက်ကိုးကွယ်မည် မဟုတ်ပါ။ **၃၉။** အသင်သည် မိမိ၏ဥယျာဉ် အတွင်းသို့ ဝင်ရောက်ခဲ့စဉ်အခါက အလ္လာဟ်အလိုတော်ရှိရာ ဖြစ်ပေသည်၊ အလ္လာဟ်မှအပ အခြားသူထံတွင် မည်သည့် အင်အားမျှမရှိပါဟူ၍ ဘာကြောင့် မဆိုခဲ့ပါသနည်း။ အကယ်၍ ငါသည် ဥစ္စာပစ္စည်းနှင့် သားသမီးတွင် အသင့်ထက် ပိုနည်းနေသည်ကို အသင်မြင်ပါလျှင်။ **၄၀။** ကျွန်ုပ်၏အရှင်သည် ကျွန်ုပ်အား အသင့်ဥယျာဉ်ခြံထက် ပိုကောင်းသောဥယျာဉ်ကို ချီးမြှင့်တော်မူပြီး အသင့်ဥယျာဉ်အပေါ် သို့မူ မိုးကောင်းကင်မှ ဘေးဥပါဒ်တစ်ခုခုကို စေလွှတ်လိုက်ပြီး ဥယျာဉ်သည် ပြောင်တလင်းခါသည့်မြေအဖြစ်သို့ ပြောင်းလဲသွားမည်ဟု ကျွန်ုပ်မျှော်လင့်သည်။ **၄၁။** သို့မဟုတ် ထိုဥယျာဉ်၏ရေသည် ခန်းခြောက်သွားပြီး၊ အသင်သည် ထိုရေကို ရှာဖွေထုတ်ယူဖို့ လုံးဝ တတ်စွမ်းနိုင်တော့မည်မဟုတ်ဟု ကျွန်ုပ်မျှော်လင့်သည်။

၄၂။ ထို့နောက် သူ၏အသီးများသည် အဏုမြူဗုံးဒဏ်၏ ဝန်းရံမှုအတွင်းသို့ ရောက်ရှိသွားသည်။ သို့နှင့် နံနက်ရောက်သောအခါ သူသည် ဥယျာဉ်အပေါ် သုံးစွဲ ခဲ့သမျှပေါ်တွင် (နောင်တရကြောကွဲပြီး) လက်နှစ်ဖက်ကို ပွတ်သက်လျက် ရှိနေလေသည်။ ဥယျာဉ်မှာမူ အမှီပြုသော စင်နှင့်တကွ ပြိုလဲနေပေပြီ။ သူက ဤသို့ ပြောနေလေသည်။ ငါသည် မိမိအရှင်မြတ်နှင့်အတူ အခြားအရာကို ယှဉ်တွဲ၍ မကိုးကွယ်ခဲ့လျှင် ကောင်းလေစွ။ **၄၃။** သူမှာ အလ္လာဟ်မှတစ်ပါး အခြားအကူအညီပေးမည့် မည်သည့်အုပ်စုမျှ မရှိပေ။ ထို့ပြင် သူသည် ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်နိုင်စွမ်းရှိသူ မဟုတ်ပေ။ **၄၄။** ထိုသို့သောအခါမျိုးတွင် ကူညီစောင့်မနိုင်စွမ်းအလုံးစုံကို စစ်မှန်သော အလ္လာဟ်သာ ပိုင်ဆိုင်တော်မူပေသည်။ ထိုအရှင်မြတ်သည်သာ အကောင်းဆုံး အကျိုးပေးတော်မူသောအရှင်၊ ရလဒ်ကောင်းပေးတော်မူသော အရှင်ဖြစ်သည်။

၄၅။ ထို့နောက် ၎င်းတို့အား လောကီဘဝ၏ ပမာကို ရှင်းပြလိုက်ပါ။ ငါအရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ရွာချပေးတော်မူလိုက်သည်။ ထိုရေဖြင့် မြေပေါ်က အပင်များသည် စိမ်းလန်းစိုပြည်သွားလေသည်။ ထို့နောက် ယင်းအပင်များသည် သွေ့ခြောက် ကြေမွသွားလေရာ လေများသည် ယင်းတို့ကို လွင့်စေသည်။ အလ္လာဟ်သည် အရာတိုင်းပေါ်တွင် တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။ **၄၆။** ဥစ္စာပစ္စည်းနှင့် သားသမီးများသည် လောကီဘဝ၏ လှပတင့်တယ်မှုပင် ဖြစ်သည်။ အမြဲကျန်ရှိမည့် ကောင်းမှုကုသိုလ်များသည် အသင့် အရှင်မြတ်ထံတော်ပါးတွင် အကျိုးအမြတ်အရ ပိုကောင်းပေသည်။ မျှော်လင့်ချက် ထားရန်အတွက်လည်း ပိုကောင်းပေသည်။

၄၇။ အကြင်နေ့တွင် ငါအရှင်မြတ်သည် တောင်များကို ရွေ့လျားစေတော်မူမည်။ ထို့နောက် မြေပထဝီကြီးသည် ဘာမျှမရှိသော လွင်ပြင်ကြီး ဖြစ်နေမည်ကို အသင် တွေ့မြင်ရပေမည်။ ငါအရှင်မြတ်သည် သူတို့အားလုံးကို စုရုံးတော်မူမည်။ သူတို့အနက် တစ်ယောက်ကိုမျှ လွှတ်ပေးမည်မဟုတ်ပေ။ **၄၈။** အားလုံးသည် လိုင်းစီ၍ အသင့်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ သွင်းစေခြင်းခံရပေမည်။ နောက်ဆုံးတော့ ပထမအကြိမ်က သင်တို့ကို ငါအရှင်မြတ် ဖန်ဆင်းတော်မူခဲ့သကဲ့သို့ပင် သင်တို့သည် ငါအရှင်မြတ်ထံတော်သို့ ရောက်လာခဲ့ပေပြီ။ သို့သော်လည်း သင်တို့အတွက် ကတိပေးထားသော အချိန်တစ်ခုကို ငါအရှင်မြတ်က လုံးဝ ပြုလုပ်မည်မဟုတ်ဟု အသင်တို့ ကြွေးကြော်ခဲ့ကြသည်။ **၄၉။** ထို့နောက် မှတ်တမ်းစာအုပ်ကို ရှေ့မှောက်တွင် ထားခြင်းခံရသည့်အခါ အပြစ်ကျူးလွန်သူတို့သည် ထိုစာအုပ်တွင် ပါရှိသောအရာများကို ကြောက်ရွံ့၍ ငါတို့သည် ပျက်စီးရလေခြင်း၊ ဤစာအုပ်သည် အဘယ်သို့သော စာအုပ်နည်း၊ သေးမွားသည့်ကိစ္စကိုရော ကြီးသည့်ကိစ္စကိုပါ တစ်ခုမကျန် အကုန်မှတ်တမ်းတင်ထားလေသည်ဟု ပြောကြမည်ကို အသင်တွေ့မြင်ရပေမည်။ ထို့နောက်သူတို့သည် မိမိတို့လုပ်ဆောင်ခဲ့သော အရာအားလုံးကို ရှေ့မှောက်၌ တွေ့မြင်ရပေမည်။ အသင့်အရှင်မြတ်သည် မည်သူ့ကိုမျှ မတရားလုပ်တော်မမူပေ။

၅၀။ တစ်ခါတွင် ငါအရှင်မြတ်သည် ကောင်းကင်တမန်များအား သင်တို့သည် အာဒမ်ကို ပျံဝဲပဉ်းချကြကုန်ဟု မိန့်တော်မူရာ အိဗ်လီးစ်မှအပ ကျန်ကောင်းကင်တမန်အားလုံးက ဦးချခဲ့ကြသည်။ အိဗ်လီးစ်သည် ဂျင်နတို့အနက်မှ ဖြစ်သည်။ သူသည် မိမိအရှင်၏ အမိန့်ကို ဖီဆန်ခဲ့သည်။ သို့ပါလျက် သင်တို့သည် ငါအရှင်မြတ်ကိုစွန့်၍ ထိုအိဗ်လီစ်နှင့် သူ၏သားစဉ်မြေးဆက်ကို အဆွေခင်ပွန်းများအဖြစ် သတ်မှတ်ကြသလော။ အမှန်မှာ သူတို့သည် သင်တို့၏ ရန်သူဖြစ်သည်။ မတရားသူတွေ (အလ္လာဟ်နေရာ၌) အစားထိုးလိုက်သော အရာသည် လွန်စွာ ဆိုးရွားလှပေသည်။

၅၁။ ငါအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတုန်းကလည်း ထိုရှိုင်သွာန်တို့ကို အသင့်ခေါ်ထားတော်မူခဲ့သည် မဟုတ်ပေ။ သူတို့ကိုယ်တိုင်ကို ဖန်ဆင်းတုန်းကလည်း ငါအရှင်မြတ်သည် သူတို့အား အသင့်မခေါ်ထားခဲ့ပေ။ ၎င်းနောက် ငါအရှင်သည် လမ်းလွဲအောင်လုပ်သူများကို မိမိအား ကူညီထောက်ပံ့သူအဖြစ် ပြုလုပ်တော်မမူခဲ့ပေ။

၅၂။ ထို့ပြင် အကြင်နေ့ကို သတိရကြကုန်။ ယင်းနေ့တွင် အလ္လာဟ်က (မုရှ်ရိဂ်များကို) မိန့်တော်မူမည်။ ငါအရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခံထိုက်သူများဟု အသင်တို့ မှတ်ယူခဲ့ကြသောသူများကို ဟစ်ခေါ်ကြကုန်။ ထိုအခါ ၎င်းတို့က ဟစ်ခေါ်ကြမည်။ သို့သော် သူတို့သည် ၎င်းတို့အား ဘာမျှ အဖြေပေးမည်မဟုတ်။ ငါအရှင်မြတ်သည် သူတို့၏ကြားတွင် (အမှန်းတရား) အကာတစ်ခုကို ပြုတော်မူလိုက်မည်။ **၅၃။** အပြစ်ကျူးလွန်သူများသည် ငရဲမီးကို မြင်တွေ့ရသောအခါ မိမိတို့သည် ထိုထဲတွင် ကျရောက်ရမည်၊ ထိုထဲမှ လွတ်လမ်းတွေ့ကြမည်မဟုတ်ကြောင်းကို သဘောပေါက်သွားကြပေမည်။

၅၄။ ငါအရှင်မြတ်သည် လူတို့ လမ်းမှန်ရရန်အတွက် ဤကုရ်အာန်ထဲတွင် ဥပမာပုံဆောင်ချက် အမျိုးမျိုးကို တင်ပြထားသည်။ သို့ရာတွင် လူသားမှာမူ အငြင်းအခုံလုပ်ရာတွင် အရာရာတိုင်းထက် ပိုပေသည်။ **၅၅။** လူတို့ထံတွင် လမ်းညွှန်တရားရောက်လာပြီးသောအခါ (ထိုအပေါ်) သက်ဝင်ယုံကြည်ရန်နှင့်

မိမိတို့အရှင်ထံတွင် အမှားဝန်ချတောင်းပန်ရန် သူတို့ကို တားမြစ်ထားသောအရာမှာ အခြားမဟုတ်ပေ။ သူတို့ထံသို့ ရှေးယခင်က သူများအပေါ် ရောက်ခဲ့သော အဖြစ်အပျက်များ ဆိုက်ရောက်လာရန် သို့မဟုတ် ပြစ်ဒဏ်သည် သူတို့ ရှေ့မှောက်သို့ ရောက်လာရန် (တောင်းဆိုခြင်း)ပင်ဖြစ်သည်။

၅၆။ ငါအရှင်မြတ်သည် ရဂူလိတမန်တော်များကို စေလွှတ်ရခြင်းမှာ (ယုံကြည်သူများကို) သတင်းကောင်းပေးရန်နှင့် (ငြင်းပယ်သူများကို) သတိပေးခြိမ်းခြောက်ရန်အတွက် ဖြစ်သည်။ ထို့နောက် သွေဖည်သူများသည် အမှန်တရားကို အရေးနိမ့်စေရန်အတွက် အမှားမျိုးစွာကို အမှီပြု၍ အငြင်းအခုံပြုကြသည်။ ထို့နောက် သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ သူတို့ကို သတိပေးခြိမ်းခြောက်ထားသော အရာကိုလည်းကောင်း လှောင်ပြောင်စရာပြုလိုက်ကြသည်။ **၅၇။** မိမိအရှင်မြတ်၏ အာယသ်တော်များဖြင့် ဆုံးမခြင်းခံရသောအခါ မျက်နှာလွှဲလိုက်ပြီး မိမိလက်က လုပ်ဆောင်ခဲ့သည်များကို မေ့ပစ်လိုက်သူထက် ပို၍ မတရားလုပ်သူ မည်သူရှိမည်နည်း။ အမှန်တွင် ငါအရှင်မြတ်သည် သူတို့၏ စိတ်နှလုံးများပေါ်တွင် အဖုံးဖုံးလိုက်သည်။ ထို့ကြောင့် သူတို့သည် (ကုရ်အာန်ကို) နားမလည်ကြပေ။ ထို့ပြင် သူတို့၏နားများတွင် လေးလံမှုကို ပြုတော်မူလိုက်သည်။ အကယ်၍ သင်သည် လမ်းမှန်ဘက်သို့ ဖိတ်ခေါ်လျှင်လည်း သူတို့သည် လမ်းမှန်ဘက်သို့ မည်သည့်အခါမျှ လာမည်မဟုတ်ပေ။

၅၈။ အသင့်အရှင်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်ကရုဏာပြုတော်မူသောအရှင် ဖြစ်ပေသည်။ အကယ်၍သာ အရှင်မြတ်သည် ၎င်းတို့ ရှာဖွေဆည်းပူးခဲ့သော အရာများကြောင့် ၎င်းတို့အား အရေးယူတော်မူပါလျှင် သူတို့ကို အဆောတလျင်ပြစ်ဒဏ်ပေးတော်မူလိုက်မည်သာဖြစ်ပေမည်။ သို့သော်လည်း သူတို့အဖို့ သတ်မှတ်ထားသော အချိန်တစ်ချိန် ရှိပြီးဖြစ်လေရာ ထိုပြစ်ဒဏ်မှ လွတ်မြောက်ရန်အတွက် အရှင်မြတ်မှတစ်ပါး သူတို့သည် မည်သည့်ခိုလှုံရာကိုမျှ တွေ့ရှိကြမည်မဟုတ်ပေ။ **၅၉။** ဤရွာများသည် မတရားလုပ်ကြသောအခါ ငါအရှင်မြတ်သည် သူတို့ကို ဖျက်ဆီးတော်မူလိုက်သည်။ သူတို့

ပျက်စီးရန်အတွက် ငါအရှင်မြတ်သည် အချိန်တစ်ချိန် သတ်မှတ်ထားတော်မူသည်။ **၆၀။** တစ်ခါတွင် မူစာသည် မိမိ၏လူငယ်(တပည့်)ကို ပြောသည်။ ငါသည် နှစ်များစွာကုန်လျှင် ကုန်ပါစေ၊ ပင်လယ်နှစ်ခုဆုံသည့် နေရာရောက်သည်အထိ သွားနေမည်။ **၆၁။** သူတို့နှစ်ဦးသည် ပင်လယ်နှစ်ခုဆုံရာကို ရောက်သောအခါ မိမိတို့၏ ငါးကို မေ့သွားခဲ့သည်။ ထို့နောက် ငါးသည် ပင်လယ်ထဲတွင် လိုက်ခေါင်းတစ်ခုသဖွယ် လမ်းလုပ်သွားသည်။ **၆၂။** ၎င်းတို့နှစ်ဦးသည် ရှေ့သို့ ကျော်သွားသောအခါ မူစာက မိမိ၏လူငယ်အား ငါတို့၏ နံနက်စာယူခဲ့၊ ငါတို့သည် ဤခရီးတွင် အမှန်တကယ်ပင် လွန်စွာ ပင်ပန်းခဲ့ပေပြီဟု ပြောလေသည်။

၆၃။ တပည့်က ပြောသည်။ ကျွန်ုပ်တို့သည် ကျောက်ဆောင်ပေါ်တွင် နားခဲ့ကြသည်ကို သတိရပါသလော။ ထိုစဉ်က ငါး(အကြောင်း ကိုယ်တော့်ကို ပြောပြရန်)မေ့သွားခဲ့သည်။ ထိုအကြောင်းပြောပြရန် မေ့လျော့အောင် လုပ်လိုက်သူမှာ ရှိုင်သွာန်ပင် ဖြစ်သည်။ ထိုငါးသည် ပင်လယ်ထဲတွင် ဆန်းကြယ်စွာ မိမိလမ်းကို ပြုလုပ်သွားခဲ့သည်။ **၆၄။** မူစာက ပြောသည်။ ငါတို့ရှာနေသည်မှာ ထိုနေရာပင် ဖြစ်သည်။ သို့နှင့် သူတို့နှစ်ဦးသည် မိမိတို့ခြေရာများကို ကြည့်၍ ပြန်လှည့်လာခဲ့ကြသည်။ **၆၅။** ထိုအခါ ၎င်းတို့သည် ငါအရှင်မြတ်၏ အစေတော်များအနက်မှ အစေတော်တစ်ဦးကို တွေ့ခဲ့ကြသည်။ ယင်းအစေတော်အား ငါအရှင်မြတ်သည် မိမိ၏ ကရုဏာတော်ကို ချီးမြှင့်ထားသည်။ ထို့ပြင် ၎င်းအား ငါအရှင်မြတ်ဘက်မှ ပညာတစ်မျိုးကို သင်ပေးတော်မူထားသည်။

၆၆။ မူစာက ၎င်းကို ပြောသည်။ အသင်ရရှိထားသော ဆင်ခြင်တုံတရား ပညာထဲမှ ကျွန်ုပ်အား သင်ပေးရန်အတွက် ကျွန်ုပ်သည် အသင့်နောက်ကို လိုက်နိုင်ပါသလော။ **၆၇။** သူကပြောသည်။ သင်သည် ကျွန်ုပ်နှင့်အတူ လုံးဝ သည်းခံနိုင်မည်မဟုတ်ပေ။ **၆၈။** အသင် အပြည့်အဝမသိသော အရာပေါ်တွင် အသင်သည် သည်းခံ၍လည်း မည်သို့ နေနိုင်မည်နည်း။ **၆၉။** မူစာက ပြောသည်။ အလွှာဟ်အလိုတူပါက သင်သည် ကျွန်ုပ်အား သည်းခံသူအဖြစ် တွေ့မြင်ရပေမည်။ ထို့ပြင် ကျွန်ုပ်သည် သင်၏ မည်သည့်အမိန့်ကိုမျှ ဖီဆန်မည်လည်း မဟုတ်ပါ။ **၇၀။** ၎င်းက ပြောသည်။

ကောင်းပြီ။ အကယ်၍ သင်သည် ကျွန်ုပ်နှင့်အတူ လိုက်မည်ဆိုလျှင် ကျွန်ုပ်ကိုယ်တိုင်က သင့်ကို တစ်စုံတစ်ခုနှင့်ပတ်သက်၍ မပြောပြသရွေ့ သင်သည် ကျွန်ုပ်အား မည်သည့်ကိစ္စနှင့်ပတ်သက်၍မျှ မမေးပါနှင့်။

၇၀။ သို့နှင့် သူတို့နှစ်ဦးသည် ထွက်ခွာသွားကြလေသည်။ နောက်ဆုံးတွင် နှစ်ဦးသား ရွာက်သဘော်တစ်စင်းတွင် စီးနင်းလိုက်ပါရာ ထိုပုဂ္ဂိုလ်က ရွာက်သဘော်ကို အပေါက်ဖောက်လိုက်သည်။ မူစာကပြောသည်။ သင်သည် သဘော်စီးနင်းသူများ နစ်မြုပ်သွားစေရန်အတွက် အပေါက်ဖောက်လိုက်သလော၊ သင်သည် အန္တရာယ်ကြီးသောကိစ္စကို လုပ်လိုက်ခြင်းပင်ဖြစ်သည်။ **၇၂။** ၎င်းက ပြောသည်။ သင်သည် ကျွန်ုပ်နှင့်အတူ နေ၍ လုံးဝသည်းခံနိုင်မည်မဟုတ်ဟု ကျွန်ုပ် မပြောခဲ့သလော။ **၇၃။** မူစာကပြောသည်။ ကျွန်ုပ်၏ မေ့လျော့မှုအပေါ်တွင် ကျွန်ုပ်အား အရေးမယူပါနှင့်။ ထို့ပြင် ကျွန်ုပ်၏ကိစ္စကို ပိုမို ခက်ခဲသွားအောင် မလုပ်ပါနှင့်။ **၇၄။** ထို့နောက် သူတို့နှစ်ဦးသည် ထွက်ခွာလာပြန်သည်။ နောက်ဆုံးတွင် သူတို့သည် သူငယ်တစ်ဦးနှင့် တွေ့ဆုံရာ ထိုပုဂ္ဂိုလ်သည် ယင်းသူငယ်ကို သတ်လိုက်လေသည်။ မူစာက ပြောလေတော့သည်။ သင်သည် သူတစ်ပါးအသက်ကို သတ်ဖြတ်ထားခြင်းမရှိသည့် အပြစ်မဲ့သော အသက်တစ်ချောင်းကို သတ်လိုက်လေသလော။ သင်သည် အလွန်ဆိုးရွားသောအမှုကို ကျူးလွန်လိုက်ခြင်းပင်ဖြစ်သည်။

★၇၅။ ၎င်းက ပြောသည်။ သင်သည် ကျွန်ုပ်နှင့်အတူနေ၍ လုံးဝသည်းခံနိုင်မည်မဟုတ်ဟု ကျွန်ုပ် မပြောခဲ့သလော။ **၇၆။** မူစာက ပြောသည်။ အကယ်၍ ကျွန်ုပ်သည် သည့်နောက် တစ်ခုခုနှင့် ပတ်သက်၍ အသင့်အား မေးမြန်းခဲ့သည်ရှိ သော် ကျွန်ုပ်ကို သင်နှင့်အတူ လိုက်ပါခွင့် မပြုလေတော့နှင့်။ သင်သည် ကျွန်ုပ်အား ခွင့်လွှတ်နိုင်သည့် အဝိုင်းအတာ၏ အဆုံးစွန်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ **၇၇။** ထို့ နောက် သူတို့နှစ်ဦးသည် ထွက်ခွာလာပြန်သည်။ နောက်ဆုံး ရွာတစ်ရွာကို ရောက် သွားသည်။ ရွာသားများထံ အစားအစာတောင်းခံကြရာ သူတို့သည် ဧည့်ခံခြင်းကို ငြင်းဆိုလိုက်ကြသည်။ ထို့နောက် သူတို့နှစ်ဦးသည် ပြိုကျအဲ့ဆဲဆဲဖြစ်နေသော တံတိုင်းတစ်ခုကို တွေ့ကြရာ ထိုပုဂ္ဂိုလ်က ယင်းတံတိုင်းကို တည့်မတ်

အောင် လုပ်လိုက်သည်။ မူစာက ပြောသည်။ အကယ်၍ အသင်သည် ဆန္ဒရှိပါက ဤ အလုပ်ပေါ်တွင် အခကြေးငွေယူနိုင်ပေသည်။ **၇၈။** ၎င်းက ပြောသည်။ ဤသည် သင်နှင့် ကျွန်ုပ် ခွဲခွာရမည့်အချိန် ရောက်လာပြီ။ အသင် သည်းခံ၍ မနေနိုင်ခဲ့သော ကိစ္စများ၏ အဖြစ်မှန်ကို ကျွန်ုပ် သင့်အား ပြောပြလိုက်မည်။

၇၉။ ရွက်သဘော်နှင့်ပတ်သက်၍ပြောရလျှင် ယင်းရွက်သဘော်သည် ပင်လယ်ထဲတွင် အလုပ်လုပ်ကြသော သူဆင်းရဲတချို့၏ ရွက်သဘော်ဖြစ်သည်။ ထိုရွက်သဘော်ကို အပြစ်အနာအဆာဖြစ်စေဖို့အတွက် ကျွန်ုပ် ရည်ရွယ်ခဲ့ သည်။ (အကြောင်းမှာ) သူတို့ရှေ့တွင် ဘုရင်တစ်ပါးရှိသည်။ ထိုဘုရင်သည် (ကောင်း သည့်) ရွက်သဘော်တိုင်းကို မတရားလုယူလိုက်လေ့ရှိသည်။

၈၀။ သူငယ်နှင့်ပတ်သက်၍ ပြောရလျှင် သူ၏မိဘနှစ်ပါးသည် ယုံကြည် သူများဖြစ်ကြသည်။ သူငယ်သည် ထိုမိဘနှစ်ပါးကို ဆိုးသွမ်းသောင်းကျန်းပြီး ကျေးဇူးကန်းမည်ကို ကျွန်ုပ်စိုးရိမ်ခဲ့သည်။ **၈၁။** သို့ဖြစ်သောကြောင့် သူတို့၏အရင် မြတ်က သူတို့အား ထိုသူငယ်ထက် ကောင်းသည့်၊ ကြင်နာယုယမှုတွင်လည်း ထိုသူငယ်ထက် သာပိုသည့်၊ သန့်ပြန့်သည့် သားသမီးကို အစားထိုး ချီးမြှင့်ရန် ကျွန်ုပ်ရည်ရွယ်ခဲ့သည်။

၈၂။ တံတိုင်းနှင့်ပတ်သက်၍ ပြောရလျှင် ယင်းတံတိုင်းသည် ဤမြို့တွင် နေသော ဖတဆိုးကလေးနှစ်ဦး၏ တံတိုင်းဖြစ်သည်။ ထိုတံတိုင်းအောက်တွင် သူတို့၏ ရတနာသိုက်ရှိသည်။ သူတို့နှစ်ဦး၏ ဖခင်သည်လည်း သူ့ခွန်သူမြတ်တစ်ဦး ဖြစ်သည်။ ထို့ကြောင့် ဤကလေးနှစ်ဦး ကြီးပြင်းပြီးနောက် မိမိတို့ ရတနာသိုက်ကို ထုတ်ယူရန် အသင့်အရှင်မြတ်က ရည်ရွယ်တော်မူခဲ့သည်။ ဤသည်မှာ အသင့် အရှင်မြတ်၏ ကရုဏာကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် မည်သည့်ကိစ္စကိုမျှ ကိုယ့်သဘောနှင့်ကိုယ် မလုပ်ခဲ့ပါ။ ဤသည် အသင်သည်းခံ၍ မနေနိုင်ခဲ့သော အနက်သဘောများဖြစ်သည်။

၈၃။ ဇုလ်ကရ်နိုင်နှင့် ပတ်သက်၍ သူတို့သည် အသင့်အား မေးမြန်း ကြလေသည်။ အသင်ပြောလိုက်ပါ။ ကျွန်ုပ်သည် သူတို့၏ အခြေအနေတချို့ကို

အသင်တို့အား ပြောပြမည်။ **၈၄။** ငါအရှင်မြတ်သည် မြေပေါ်တွင် သူ့အား အုပ်ချုပ်မှု အာဏာကို ပေးထားတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် သူ့အား အရာတိုင်း၏ အသိပညာနှင့် နည်းလမ်းများကို ပေးသနားတော်မူခဲ့သည်။

၈၅။ ထို့ကြောင့် သူသည် လမ်းတစ်လမ်းနောက်ကို လိုက်ခဲ့သည်။ **၈၆။** နောက်ဆုံး သူသည် နေဝင်ရာနေရာကို ရောက်သောအခါ နေသည် ရှဲ့ပုပ်(ကဲ့သို့ အနက်ရောင်)အိုင်တစ်အိုင်ထဲတွင် နစ်မြုပ်ဝင်သည်ဟု သူမြင်ခဲ့ရသည်။ ထို့နောက် သူသည် ထိုနေရာ၌ လူတစ်စုကို တွေ့ခဲ့သည်။ ငါအရှင်မြတ်က (သူ့ကို) မိန့်တော်မူသည်။ အို-ဇုလ်ကရ်နိုင်န်၊ သင်သည် သူတို့ကို အပြစ်ပေးလိုက ပေးနိုင်ပြီး၊ သူတို့ကို ကောင်းစွာဆက်ဆံလိုက ဆက်ဆံနိုင်ပေသည်။ **၈၇။** သူကပြောသည်။ (သူတို့အနက်) မတရားလုပ်သောသူကိုမူ ကျွန်ုပ်တို့သည် အပြစ်ဒဏ်ပေးမည်။ ထို့နောက် ၎င်းသည် သူ့အရှင်၏ ထံတော်သို့ ပို့ခြင်းခံရမည်။ အရှင်မြတ်က သူ့ကို ပြင်းထန်သော အပြစ်ဒဏ်ခတ်တော်မူမည်။ **၈၈။** သို့ရာတွင် ယုံကြည်သက်ဝင်ပြီး ကောင်းမှုကုသိုလ်ပြုမူသူကမူ ကောင်းသော အစားကို ရရှိမည်။ ကျွန်ုပ်တို့သည်လည်း သူ့အား လွယ်ကူသော အမိန့်ကို ပေးမည်။

၈၉။ ထို့နောက် သူသည် လမ်းတစ်လမ်းနောက်ကို လိုက်ခဲ့ပြန်သည်။ **၉၀။** နောက်ဆုံး သူသည် နေထွက်ရာနေရာကို ရောက်သောအခါ နေသည် လူမျိုးတစ်မျိုးတို့အပေါ်တွင် ထွက်ပြူနေသည်ဟု သူမြင်ခဲ့ရသည်။ ယင်းလူမျိုးတို့ အပေါ်တွင် နေ(၏အပူရှိန်)မကျရောက်ရန် ငါအရှင်သည် အကာအကွယ် ပြုပေးထားတော်မမူခဲ့ပေ။ **၉၁။** ဤအတိုင်းပင် ဖြစ်ခဲ့သည်။ ငါအရှင်သည် ဇုလ်ကရ်နိုင်န်တွင် ရှိသော အသိပညာဗဟုသုတများကို အပြည့်အဝသိတော်မူသည်။

၉၂။ ထို့နောက် သူသည် လမ်းတစ်လမ်းနောက်ကို လိုက်ခဲ့သည်။ **၉၃။** နောက်ဆုံး သူသည် တောင်နှစ်လုံးကြားသို့ ရောက်သောအခါ ယင်းအနားတွင် ဘာစကားမှ နားမလည်ကြသည့် လူမျိုးတစ်မျိုးကို တွေ့မြင်ရသည်။ **၉၄။** ၎င်းတို့က ပြောကြသည်။ အို-ဇုလ်ကရ်နိုင်န်၊ ယအ်ဂျူးဂျ်နှင့် မအ်ဂျူးဂျ်သည် ဤနယ်တစ်ဝိုက်တွင် ဖျက်ဆီးသောင်းကျန်းသူများ ဖြစ်ကြပေသည်။ သို့ရှိရာ အသင်သည် သူတို့နှင့်

ကျွန်ုပ်တို့ကြားတွင် တံတိုင်းတစ်ခု ကာဆီးပေးရန် ကျွန်ုပ်တို့အနေနှင့် အသင့်အား အခွန်အခတချို့ ပေးရမည်လော။

၉၅။ ဇုလ်ကရ်နိုင်နိုင်က ပြောသည်။ ကျွန်ုပ်၏အရှင်က ကျွန်ုပ်အား ချီးမြှင့်ထားသောအရာသည် အလွန် များပြားလှပါသည်။ သို့ဖြစ်သောကြောင့် သင်တို့သည် ကျွန်ုပ်အား (ကိုယ်လက်) အင်အားနှင့်သာ အကူအညီပေးကြကုန်။ သို့ဆိုလျှင် ကျွန်ုပ်သည် သင်တို့နှင့် သူတို့ကြားတွင် ခိုင်ခံ့သော တံတိုင်းတစ်ခု တည်ဆောက်ပေးလိုက်မည်။ **၉၆။** သင်တို့သည် သံထည်များကို ယူလာကြကုန်။ နောက်ဆုံးတွင် သူသည် (တောင်နှစ်လုံးကြားတွင်ရှိသော နေရာလွတ်ကို သံနှင့်ဖြည့်၍) တောင်နှစ်လုံးနှင့် ညီညာအောင် လုပ်ပြီးသောအခါ ယခု မီးတိုက်ကြကုန်ဟု ပြောလေသည်။ နောက်ဆုံး ယင်း(တံတိုင်း)ကို မီးခဲဖြစ်အောင် လုပ်လိုက်ပြီးသော အခါတွင် ပျော်နေသော ကြေးနီကို ယူလာကုန်၊ ဤအပေါ် လောင်းချလိုက်မည်ဟု ပြောလေသည်။ **၉၇။** ထိုသို့ဖြင့် ယအ်ဂျူးဂျ် နှင့် မအ်ဂျူးဂျ် တို့သည် ယင်းတံတိုင်းကို ကျော်လည်း မတက်နိုင်ကြ၊ အပေါက်လည်း မဖောက်နိုင်ကြပေ။ **၉၈။** ဇုလ်ကရ်နိုင်နိုင် ကပြောသည်။ ဤ (သို့တံတိုင်းလုပ်နိုင်ခြင်း) သည် ကျွန်ုပ်၏ အရှင်မြတ်၏ ကရုဏာ ပင်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်၏ အရှင်မြတ် ကတိပြုထားသော အချိန်ရောက်လာသည့်အခါတွင် အရှင်မြတ်သည် ယင်းတံတိုင်းကို အမှုန့်ချေ၍ မြေနှင့်တစ်ပြေးညီ လုပ်တော်မူလိုက်မည်။ ကျွန်ုပ်၏ အရှင်မြတ်၏ ကတိတော်သည် မုချအမှန်ပင် ဖြစ်သည်။ **၉၉။** ထိုနေ့တွင် ငါအရှင်မြတ်သည် ၎င်းတို့အား တစ်ခုနှင့်တစ်ခု ရိုက်ခတ်လျက်ရှိသော လိုင်းလုံးများပမာ ပြုတော်မူမည်။ ထို့နောက် တံပိုးခရာမှုတ်ခြင်း ခံရသောအခါ ငါအရှင်မြတ်သည် အားလုံးကို တစ်ပေါင်းတည်း စုရုံးတော်မူမည်။ **၁၀၀။** ထိုနေ့တွင် ငါအရှင်မြတ်သည် သွေဖည်သူများရှေ့သို့ ငရဲဘုံကို မျက်ဝါးထင်ထင် ယူဆောင်လာတော်မူမည်။ **၁၀၁။** သူတို့၏ မျက်စိများသည် (လောကမှာတုန်းက) ငါအရှင်မြတ်၏ အဆုံးအမများကို မမြင်နိုင်လောက်အောင် အဖုံးအကာ၌ ရှိခဲ့ကြ၏။ ထို့ပြင် သူတို့သည် ကြားလည်း မကြားနိုင်ခဲ့ကြချေ။

၁၀၂။ သွေဖည်ငြင်းပယ်သူတို့သည် ငါအရှင်မြတ်ကို စွန့်၍ ငါအရှင်

မြတ်၏ ကျွန်များကို မိမိတို့၏ ကာကွယ်ရှင်များအဖြစ် သတ်မှတ်နိုင်ကြလိမ့်မည်ဟု ထင်မှတ်ထားကြသလော။ ငါအရှင်မြတ်သည် ထိုသို့သော သွေဖည်ငြင်းဆန်သူများကို ဧည့်ခံရန် ငရဲဘုံကို အမှန်ပင် စီစဉ်ထားတော်မူသည်။ **၁၀၃။** အသင်ပြောလိုက်ပါ။ မိမိတို့လုပ်ရပ်များတွင် အဆုံးရှုံးဆုံးသူများမှာ အဘယ်သူများဖြစ်သည်ကို ကျွန်ုပ် သင်တို့အား ပြောပြရမည်လော။ **၁၀၄။** ထိုသူများမှာ ၎င်းတို့၏ ကြိုးစားမှုသည် လောကီဘဝတွင် အချည်းနှီးဖြစ်သွားခဲ့လေပြီ။ ထို့ပြင် သူတို့သည် ကိုယ့်ကိုယ်ကို အလုပ်ကောင်းလုပ် နေကြသည်ဟု ထင်မှတ်လျက်ရှိကြပေသည်။ **၁၀၅။** ထိုသူများသည် မိမိတို့အရှင်မြတ်၏ လက္ခဏာတော်များကို လည်းကောင်း၊ အရှင်မြတ်နှင့် တွေ့ဆုံရမည်ကိုလည်းကောင်း သွေဖည်ငြင်းဆန်ခဲ့ကြရာ ၎င်းတို့၏ လုပ်ရပ်များသည် အချည်းနှီး ဖြစ်သွားခဲ့ပေပြီ။ ရှင်ပြန်ထကြရမည့်နေ့တွင် ငါအရှင်မြတ်သည် ၎င်းတို့အား မည်သို့မျှ အလေးပေးမည်မဟုတ်ပေ။ **၁၀၆။** ဤသည် ၎င်းတို့အတွက် အစားဖြစ်မည့် ဂျဟန္နမ်ငရဲဘုံဖြစ်သည်။ အကြောင်းမှာ ၎င်းတို့သည် ငြင်းပယ်ခဲ့ကြသည်။ ငါအရှင်မြတ်၏ မုကွပါဠိတော်များနှင့် တမန်တော်များကို လှောင်ပြောင်စရာများအဖြစ်လည်း ပြုခဲ့ကြသည်။

၁၀၇။ ယုံကြည်ပြီးနောက် ကောင်းမှုများ ပြုကျင့်သူများအတွက် ဧည့်ခံစရာမှာမူ ဖိရ်ဒေါင်းစဉ်ဃျာဉ် ဖြစ်လိမ့်မည်။ **၁၀၈။** ၎င်းတို့သည် ထိုဥယျာဉ်ထဲတွင် ထာဝရနေရလိမ့်မည်။ သူတို့သည် ထိုနေရာမှ အခြားနေရာသို့ သွားလိုကြမည်မဟုတ်ပေ။ **၁၀၉။** အသင်ပြောကြားပါ။ အကယ်၍ ငါ့အရှင်မြတ်၏ မုကွပါဠိတော်များကို ရေးရန်အတွက် ပင်လယ်သမုဒ္ဒရာက မင်ရည်ဖြစ်သွားပါမူ ငါ့အရှင်မြတ်၏ မုကွပါဠိတော်များကို ရေးခြမကုန်မီမှာပင် ပင်လယ်သမုဒ္ဒရာက ကုန်ခန်းသွားပေမည်။ ထို့ပြင် ငါတို့သည် ထိုပင်လယ်သမုဒ္ဒရာကို ကူညီအားဖြည့်ရန်အတွက် ထိုကဲ့သို့ နောက်ထပ် ပင်လယ်သမုဒ္ဒရာကို ယူဆောင်လာလျှင်လည်း (အလ္လာဟ်၏ မုကွပါဠိတော်ကား ကုန်မည်မဟုတ်ပေ။)

၁၁၀။ အသင်ပြောကြားပါ။ ငါသည် သင်တို့ကဲ့သို့ လူသားတစ်ဦးမျှသာ ဖြစ်သည်။ သင်တို့၏ ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသာဖြစ် ကြောင်း

ငါ့ထံသို့ ဝဟီဗျာဒိတ်တော်လာပေသည်။ သို့ရှိရာ မိမိအရှင်မြတ်နှင့် တွေ့ဆုံရမည်ကို မျော်လင့်သူသည် ကောင်းမှုကုသိုလ် ဆောက်တည်ရမည်။ ထို့နောက် မိမိအရှင်မြတ်အား ကိုးကွယ်ရာ၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တွဲဖက် ခြင်းမပြုရပေ။

၁၉။ စူရဟ်မရ်ယမ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ကာဖ် ဟာ ယာ အိုင်းန် စွာဒ်။ **၂။** ဤသည် သင့်အရှင်မြတ်က မိမိ၏အစေတော် ဇကရီယာပေါ်တွင် ပြုခဲ့သော ကရုဏာ အကြောင်းဖြစ်သည်။ **၃။** တစ်ခါတွင် သူသည် မိမိ၏အရှင်မြတ်အား တိုးတိုးစွာ ဟစ်ခေါ်ခဲ့သည်။ **၄။** သူက လျှောက်ထားခဲ့သည်။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ကျွန်တော်မျိုး၏ အရိုးများသည် ချည့်နဲ့သွားပါပြီ။ ဦးခေါင်းတွင် ဆံပင်များလည်း ဖြူဖွေးသွားပါပြီ။ ထို့နောက် အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်သည် အရှင်မြတ်ထံပါးမှ တောင်းခံ၍ မည်သည့် အခါမျှ လက်မဲ့မဖြစ်ခဲ့ပါ။ **၅။** ကျွန်တော်မျိုးသည် မိမိနောက်တွင် ဆွေမျိုးများနှင့် စပ်လျဉ်း၍ စိုးရိမ်ပါသည်။ ထို့ပြင် ကျွန်တော်မျိုး၏ ဇနီးမှာလည်း အမြဲဖြစ်သည်။ ထို့ကြောင့် အရှင်မြတ်သည် မိမိဘက်မှ သီးသန့် ကျွန်တော်မျိုးအတွက် ဤကဲ့သို့သော အမွေခံကို ပြုပေးသနားတော်မူပါ။ **၆။** ထို သူသည် ကျွန်တော်မျိုးနှင့် ယအ်ကူးဗ်၏ သားသမီးများ၏ နေရာကို ဆက်ခံနိုင်ရပေမည်။ ထို့ပြင် အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ သူ့အား အရှင်မြတ်နှစ်သက်သူအဖြစ်လည်း ပြုပေးတော်မူပါ။

၇။ အို-ဇကရီယာ၊ ငါအရှင်သည် သင့်အား ယဟ်ယာမည်တွင်သော သားတော်တစ်ပါး ဖွားမြင်မည့် သတင်းကောင်းပေးတော်မူသည်။ ငါအရှင်မြတ်သည် ယခင်က သူ့အမည်ရှိသောသူ တစ်ဦးတစ်ယောက်ကိုမျှ မဖန်ဆင်းခဲ့ပေ။ **၈။** သူက

ပြောသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးထံတွင် မည်သို့ သားရေထာနာဖွားမြင်နိုင်မည်နည်း။ ကျွန်တော်မျိုး၏ ဇနီးမှာ အမြဲဖြစ်သည်။ ထို့ပြင် ကျွန်တော်မျိုးသည်လည်း အိုမင်းခြင်း၏ အဆုံးစွန်သော အဆင့်ကို ရောက်နေပါပြီ။

၉။ အရှင်မြတ်က မိန့်တော်မူသည်။ ဤအတိုင်းပင်ဖြစ်မည်။ သင့်အရှင်က မိန့်တော်မူသည်။ ဤသည် ငါအရှင်အတွက် လွယ်ကူသည်။ သည့်မတိုင်ခင် သင်သည် ဘာမျှမရှိခဲ့ တုန်းကလည်း ငါအရှင်က သင့်ကို ဖန်ဆင်းတော်မူခဲ့သည်။ **၁၀။** ဇကရိယာက လျှောက်ထားသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအတွက် လက္ခဏာတစ်ခုခု သတ်မှတ်ပေးတော်မူပါ။ အမိန့်လာရှိသည်။ သင်၏ လက္ခဏာမှာ သင်သည် ကျန်းမာရေးကောင်းလင့်ကစား သုံးညတိုင်တိုင် လူတို့နှင့် စကားပြောနိုင်မည်မဟုတ်။ **၁၁။** ထို့နောက် သူသည် ဝတ်ပြုဆောင်မှ ထွက်၍ မိမိ၏ အမျိုးသားများရှေ့သို့ လာခဲ့သည်။ ထို့နောက် သင်တို့သည် အလွှာဟ် သန့်ပြန့်စင်ကြယ်တော်မူကြောင်း နံနက်နှင့် ညနေတွင် ဘာဝနာစီးဖြန်းကြကုန်ဟု သူက ၎င်းတို့အား ခြေဟန်လက်ဟန်ဖြင့် ပြောလေသည်။

၁၂။ (ယဟ်ယာမွေးဖွားပြီး ကြီးပြင်းသောအခါ ငါအရှင်က မိန့်တော်မူသည်။) အို-ယဟ်ယာ၊ ကျမ်းဂန်ကို ခိုင်မြဲစွာ ကိုင်လိုက်ပါ။ ငါအရှင်မြတ်သည် သူ့ကို ငယ်စဉ်ဘဝမှာပင် အမြော်အမြင်လည်း ချီးမြှင့်တော်မူခဲ့သည်။ **၁၃။** ထို့ပြင် စိတ်နှလုံးနူးညံ့မှုနှင့် သန့်ပြန့်မှုကိုလည်း မိမိထံတော်ပါးမှ ချီးမြှင့်တော်မူခဲ့သည်။ ထိုမျှမကသေး၊ သူသည် အပြစ်များမှ ရှောင်ကြဉ်သူလည်း ဖြစ်သည်။ **၁၄။** ထို့ပြင် မိမိမိဘနှစ်ပါးအား ပြုစုစောင့်ရှောက်သူဖြစ်သည်။ သူသည် ဆိုးသွမ်းသူ၊ အမိန့်ဖီဆန်သူ မဟုတ်ပေ။ **၁၅။** သူအပေါ်တွင် သူမွေးဖွားသည့်နေ့တွင်လည်းကောင်း၊ သူသေဆုံးမည့်နေ့တွင် လည်းကောင်း၊ သူပြန်လည်ရှင်ထမည့်နေ့တွင်လည်း ကောင်း (အလွှာဟ်ဘက်မှ) ငြိမ်းချမ်းသာယာမှု ကျရောက်မည်။

၁၆။ ထို့ပြင် ဤကျမ်းဂန်မှ မရ်ယမ်၏အကြောင်းကို ပြောပါ။ တစ်ခါတွင် သူသည် မိမိမိသားစုမှ ထွက်ခွာ၍ အရှေ့ဘက်ရှိနေရာတစ်ခုသို့ သွားခဲ့သည်။ **၁၇။** ထို့နောက် သူသည် မိမိနှင့် ၎င်းတို့ကြားတွင် ကန့်လန့်ကာတစ်ခုကို ချလိုက်သည်။

ထိုအခါ ငါအရှင်မြတ်သည် သူ့ထံသို့ မိမိ၏ စေတမန်တစ်ပါးကို စေလွှတ်တော်မူခဲ့သည်။ ထိုစေတမန်သည် ပကတိလူသားပုံစံဖြင့် သူ့ရှေ့မှာ ပေါ်လာခဲ့သည်။ **၁၈။** မရ်ယမ်ကပြောသည်။ အကယ်၍ သင်သည် အလွှာဟ်ကို ကြောက်သူဖြစ်ပါလျှင် ကျွန်မသည် ကရုဏာရှင်ထံတွင် သင့်ရန်မှ ခိုလှုံသည်။ **၁၉။** စေတမန်က ပြောသည်။ ကျွန်ုပ်သည် သင့်အရှင်က လွှတ်လိုက်သည့် စေတမန်ဖြစ်သည်။ သင့်အား သန့်ပြန့်သောကလေး ပေးရန်အတွက် (လာခြင်း) ဖြစ်သည်။ **၂၀။** မရ်ယမ်က ပြောသည်။ ကျွန်မမှာ အဘယ်သို့ ကလေးရှိနိုင်မည်နည်း။ အမှန်တွင် ကျွန်မကို မည်သည့် လူသားတစ်ဦးတစ်ယောက်ကမျှ ထိတို့ခဲ့ခြင်းပင် မရှိပေ။ ထို့ပြင် ကျွန်မသည် မိန်းမပျက်လည်း မဟုတ်ပေ။ **၂၁။** စေတမန်က ပြောသည်။ ဤအတိုင်းဖြစ်သွားပေမည်။ သင့်အရှင်က မိန့်တော်မူသည်။ ဤသည် ငါအရှင်မြတ်အတွက် လွယ်ကူသောကိစ္စဖြစ်သည်။ (ဤသို့ပြုရခြင်းမှာ) ထိုကလေးကို လူတို့အဖို့ လက္ခဏာတစ်ရပ်အဖြစ် ပြုလုပ်တော်မူရန်နှင့် ငါအရှင်မြတ်ဘက်မှ ကရုဏာအဖြစ် ပြုတော်မူရန် အတွက် ဖြစ်သည်။ ဤကိစ္စသည် ဆုံးဖြတ်ပြီးသား ဖြစ်သည်။

၂၂။ ထို့နောက် မရ်ယမ်သည် ထိုကလေးအား ကိုယ်ဝန်ဆောင်လိုက်သည်။ (မွေးဖွားခါနီးတွင်) ကိုယ်ဝန်ကိုသယ်ဆောင်လျက် လူတို့နှင့်သီးခြားဖြစ်သောဝေးသည့်နေရာတစ်ခုကို ထွက်သွားခဲ့သည်။ **၂၃။** ထို့နောက် ဗိုက်နာခြင်းဝေဒနာက သူမကို စွန်ပလွံပင်ဆီသို့ ခေါ်ဆောင်သွားခဲ့လေသည်။ သူမက ပြောသည်။ ကျွန်မသည် ဤမတိုင်မီကပင် သေဆုံးခဲ့လျှင်ကောင်းလေစွ။ မေ့ပျောက်သွားပြီးဖြစ်သော အရာ ဖြစ်သွားခဲ့လျှင် ကောင်းလေစွ။

၂၄။ ထို့နောက် စေတမန်က သူ့အောက်ဘက်ရှိ နေရာတစ်ခုမှ သူ့အား အသံပြုလေသည်။ သောကမဖြစ်လေနှင့်။ သင့်အရှင်မြတ်သည် သင့်အောက်ဘက်တွင် စမ်းချောင်းတစ်ခုကို ဖန်ဆင်းလိုက်ပြီ။ **၂၅။** ထို့နောက် စွန်ပလွံပင်ကိုင်းကို မိမိဘက်သို့ လှုပ်ခါလိုက်ပါ။ ယင်းမှ လတ်ဆတ်ပြီး မှည့်သည့် စွန်ပလွံသီးများ ကြွေကျလိမ့်မည်။ **၂၆။** ယခုစားပါ။ သောက်ပါ။ မျက်စိကို အေးမြစေပါ။ လူတို့အနက် တစ်ဦးတစ်ယောက်ကို တွေ့လျှင် ယနေ့ ကျွန်မသည် ကရုဏာတော်ရှင်အတွက်

ဥပုသ်စောင့်ရန် အဓိဋ္ဌာန်ပြုထားသည်၊ ထို့ကြောင့် ကျွန်မသည် မည်သည့်လူသား နှင့်မျှ စကားပြောမည်မဟုတ်ပါဟု (လက်ဟန်ခြေဟန်ဖြင့်) ပြောပါ။

၂၇။ ထို့နောက် သူသည် ကလေးကို ပွေ့ချီ၍ မိမိ၏ မျိုးနွယ်ဆီသို့ လာခဲ့သည်။ ၎င်းတို့က ပြောကြသည်။ အို-မရ်ယမ်၊ သင်သည် ကြီးမားသော ကိစ္စကို ကျူးလွန်ခဲ့ပြီ။ **၂၈။** အို-ဟာရွန်၏နှမ၊ သင်၏ဖခင်သည်လည်း မကောင်းသောသူ မဟုတ်ခဲ့ပေ။ သင်၏မိခင်သည်လည်း မိန်းမပျက်မဟုတ်ခဲ့ပေ။

၂၉။ ထိုအခါ မရ်ယမ်က ကလေးဘက်သို့ ညွှန်ပြသည်။ ၎င်းတို့က ပြောကြသည်။ ငါတို့သည် ပုခက်တွင်း၌ ရှိသော နို့စို့ရွယ် ကလေးကို မည်သို့စကား ပြောရမည်နည်း။ **၃၀။** (ထိုအခါ) ကလေးက ပြောသည်။ ကျွန်ုပ်သည် အလ္လာဟ်၏ အစေတော် ဖြစ်သည်။ အရှင်မြတ်က ကျွန်ုပ်အား ကျမ်းဂန်ကို ပေးတော်မူခဲ့သည်။ ထို့နောက် နဗီတမန်တော်အဖြစ် ပြုတော်မူခဲ့သည်။ **၃၁။** ထို့ပြင် ကျွန်ုပ်သည် မည်သည့်နေရာတွင် ရှိနေပါစေ ကျွန်ုပ်အား မင်္ဂလာရှိသူ အဖြစ်ပြုပေးတော်မူခဲ့သည်။ ထို့နောက် ကျွန်ုပ်သည် သက်ရှိထင်ရှား ရှိနေသရွေ့ စွဲလာသ်ဝတ်ပြုရန်နှင့် ဇကာသ်အလှူဒါန်းပြုရန် အမိန့်ပေးတော်မူခဲ့သည်။ **၃၂။** ထိုမျှမက ကျွန်ုပ်အား မိခင်ကို ပြုစုစောင့်ရှောက်သူအဖြစ် ပြုတော်ခဲ့သည်။ ကျွန်ုပ်အား ဆိုးသွမ်းသူ၊ ကံဆိုးမိုးမှောင်ကျသူအဖြစ် ပြုတော်မမူခဲ့ပေ။ **၃၃။** ထို့ပြင် ကျွန်ုပ်အပေါ် ဝယ် ကျွန်ုပ် မွေးသည့်နေ့တွင်လည်းကောင်း၊ ကျွန်ုပ်သေဆုံးမည့်နေ့တွင်လည်းကောင်း၊ ကျွန်ုပ် ပြန်လည်ရှင်ထစေခြင်း ခံရမည့်နေ့တွင်လည်းကောင်း (အလ္လာဟ်ဘက် တော်မှ) ငြိမ်းချမ်းသာယာမှု ကျရောက်လေသတည်း။

၃၄။ ဤသည် မရ်ယမ်၏သား အီစာဖြစ်သည်။ (သူ၏အဖြစ်မှန်နှင့် ပတ်သက်၍) လူတို့ငြင်းခုံနေကြသော အမှန်စကားဖြစ်သည်။ **၃၅။** သားသမီးထား ခြင်းသည် အလ္လာဟ်၏ဂုဏ်တော်နှင့် မအပ်စပ်ပေ။ အရှင်မြတ်သည် သန့်ပြန့် စင်ကြယ်တော်မူသည်။ အရှင်မြတ်က ကိစ္စတစ်ခုကို ရည်ရွယ်ပြီဆိုလျှင် ထိုအရာကို ဖြစ်စေဟု မိန့်လိုက်ရုံဖြင့် ယင်းအရာသည် ဖြစ်သွားပေသည်။

၃၆။ အလ္လာဟ်သည် သင်တို့နှင့် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူသည့်

အရှင်ဖြစ်ရာ ထိုအရှင်မြတ်ကိုသာ ကိုးကွယ်ကြကုန်။ ဤသည် ဖြောင့်သောလမ်းပင် ဖြစ်သည်။ **၃၇။** ထို့နောက်လည်း ယင်းတို့ထဲမှ အုပ်စုအသီးသီးတို့သည် အကွဲအလွဲ လုပ်ခဲ့ကြသည်။ သို့ရှိရာ ကြီးကျယ်သောနေ့ ဆိုက်ရောက်လာသောအခါ သွေဖည် ငြင်ဆန်ခဲ့သူများအဖို့ ကြီးမားသော ပျက်စီးမှုသည် ရှိပေလိမ့်မည်။ **၃၈။** သူတို့ ငါအရှင်မြတ်ထံ လာသည့်နေ့ကျလျှင် အလွန်ကြားသည့်သူများ၊ အလွန်မြင်သည့် သူများ ဖြစ်သွားကြမည်။ သို့သော် မတရားလုပ်သူများသည် ယနေ့ ထင်ရှားသော လွဲမှားမှုတွင် ရှိနေသည်။

၃၉။ (အို-တမန်တော်) ကိစ္စရပ်တိုင်းကို ဆုံးဖြတ်မည့်နေ့၊ ဝမ်းနည်း ကြေကွဲရမည့်နေ့နှင့်စပ်လျဉ်း၍ သူတို့အား သတိပေးပါလေ။ သူတို့သည် မေ့လျော့ နေကြသည်။ မယုံကြည်ကြပေ။ **၄၀။** အရှင်မြတ်သည်သာ ကမ္ဘာမြေနှင့် ယင်းအပေါ် တွင်နေကြသော သူများ၏ အမွေခံ မုချဇကာန် ဖြစ်မည်။ ထို့ပြင် သူတို့အားလုံးသည် ငါအရှင်မြတ်ထံသို့သော လှည့်ပြန်လာကြရမည်။

၄၁။ ဤကျမ်းဂန်မှ အိပ်ရာဟီမ်၏ အကြောင်းကိုလည်း ပြောပါလေ။ သူသည် သစ္စာရှင် နဗီတမန်တော်တစ်ပါး ဖြစ်ခဲ့သည်။ **၄၂။** တစ်ခါတွင် သူသည် မိမိ၏ ဖခင်အား ဤသို့ပြောလေသည်။ အို-ဖခင်၊ အသင်သည် ကြားလည်း မကြား နိုင်၊ မြင်လည်းမမြင်နိုင်သည့်အပြင် မိမိအတွက် ဘာမျှ အသုံးမဝင်သည့် အရာကို ဘာကြောင့် ကိုးကွယ်သနည်း။ **၄၃။** အို-ဖခင်၊ ဖခင်ဆီကို မလာသည့် အသိ ပညာတစ်ခု ကျွန်ုပ်ထံလာခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်၏ နောက်ကို လိုက်ပါ။ ကျွန်ုပ် သည် ဖခင်ကို လမ်းဖြောင့်လမ်းမှန် ပြပါမည်။ **၄၄။** အို-ဖခင်၊ ရှိုင်သွာန်မိုစ္စာကောင်ကို မကိုးကွယ်ပါနှင့်။ ရှိုင်သွာန်သည် ကရုဏာတော်ရှင် (အလ္လာဟ်)၏ အမိန့်ကို ဖီဆန် ခဲ့သည်။ **၄၅။** အို-ဖခင်၊ ကရုဏာတော်ရှင်ထံမှ ပြစ်ဒဏ်သည် ဖခင်အပေါ် သက် ရောက်မည်ကို ကျွန်ုပ်စိုးရိမ်ပါသည်။ ထိုအခါကျလျှင် ဖခင်သည် ရှိုင်သွာန်မိစ္စာ ကောင်၏ အဆွေခင်ပွန်း ဖြစ်၍သွားပေလိမ့်မည်။

၄၆။ (ထိုအခါ) ဖခင်ကပြောသည်။ အို-အိပ်ရာဟီမ်၊ သင်သည် ငါ၏ ကိုးကွယ်ရာ ဘုရားများကို မျက်နှာလွှဲကျောခိုင်းသလော။ မှတ်ထားပါလေ။

အကယ်၍ အသင်သည် ရပ်တန်းကမရပ်ပါက ငါသည် သင့်ကို ကျောက်ခဲဖြင့် ပေါက်သတ်ပစ်မည်။ ယခုသင်သည် ငါ့ထံမှ အမြဲအတွက် ထွက်သွားလေတော့။ **၄၇။** အိပ်ရာဟီးမိကပြောသည်။ အသင့်အပေါ် ငြိမ်းချမ်းသာယာမှု ကျရောက်ပါစေ။ ကျွန်ုပ်သည် ကျွန်ုပ်၏အရှင်မြတ်ထံတွင် အဖေ့အတွက် ခွင့်လွှတ်ချမ်းသာ တောင်းခံပေးပါမည်။ ထိုအရှင်သည် ကျွန်ုပ်အား အမှန်ပင် ချစ်ခင်သနားတော်မူပေသည်။ **၄၈။** ကျွန်ုပ်သည် အသင်တို့ကိုလည်းကောင်း၊ အလ္လာဟ်ကိုစွန့်၍ သင်တို့ကိုးကွယ်လျက်ရှိသော အရာများကိုလည်းကောင်း စွန့်ခွာပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ အရှင်ကို ဟစ်ခေါ်ပါသည်။ ကျွန်ုပ်သည် မိမိအရှင်မြတ်ကို ဟစ်ခေါ်ခြင်းဖြင့် လက်မဲ့ဖြစ်မည်မဟုတ်ဟု မျှော်လင့်သည်။

၄၉။ သူသည် ၎င်းတို့ကိုလည်းကောင်း၊ အလ္လာဟ်ကိုစွန့်၍ ၎င်းတို့ဟစ်ခေါ်လျက်ရှိသောအရာများကိုလည်းကောင်း စွန့်ခွာလိုက်သောအခါ ငါအရှင်သည် သူ့အား အစွမ်ဘားက်နှင့် ယအ်ကူးပ် (ဟူ၍ သားတော်နှစ်ပါး) ကို ချီးမြှင့်တော်မူခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံးကို ငါအရှင်က နဗီအဖြစ် မြှောက်စားတော်မူခဲ့သည်။ **၅၀။** ထို့ပြင် ၎င်းတို့အား ငါအရှင်သည် မိမိ၏ကရုဏာတော်ကို ချီးမြှင့်ခဲ့သည်။ ထိုမျှမက ငါအရှင်သည် ၎င်းတို့အား အဆင့်မြင့်မားသည့် နာမည်ကောင်းကိုလည်း ချီးမြှင့်တော်မူခဲ့သည်။

၅၁။ ထို့နောက် အသင်သည် ကျမ်းဂန်ထဲမှ မူစာ၏ အကြောင်းကို ပြောပါလေ။ သူသည် အရွေးချယ်ခံ ပုဂ္ဂိုလ် ဇကန်အမှန် ဖြစ်ခဲ့သည်။ ထို့ပြင် သူသည် ရစူလ်ရော၊ နဗီပါ ဖြစ်ခဲ့သည်။ **၅၂။** ငါအရှင်မြတ်သည် ၎င်းအား သိနတောင်၏ ယာဘက်ခြမ်းမှ အသံပြုခဲ့သည်။ ငါအရှင်မြတ်သည် ၎င်းအား တီးတိုးစကားပြော ဖော်အဖြစ် နီးစပ်မှုပေးခဲ့သည်။ **၅၃။** ထို့နောက် ငါအရှင်မြတ်သည် မိမိ၏ကရုဏာတော်ဖြင့် သူ၏ နောင်တော် ဟာရွန်ကို နဗီအဖြစ် ချီးမြှင့်တော်မူခဲ့သည်။

၅၄။ ထို့ပြင် အသင်သည် ကျမ်းဂန်မှ အိစ်မာအီးလ်၏ အကြောင်းကို ပြောပါလေ။ သူသည် ကတိသစ္စာတည်ခဲ့သူဖြစ်သည်။ ထို့ပြင် ရစူလ်နဗီတမန်တော်တစ်ပါးလည်း ဖြစ်ခဲ့သည်။ **၅၅။** ထိုမျှမက သူသည် မိမိအိမ်သူအိမ်သားများကို

စွလာသ် ဝတ်ပြုရန်၊ ဇကားသ်ဒါနကြေးပေးဆောင်ရန်လည်း အမိန့်ပေးလေ့ရှိခဲ့သည်။ သူသည် မိမိအရှင်ထံပါးတွင် နစ်သက်ခံရသူတစ်ဦး ဖြစ်ခဲ့သည်။ **၅၆။** ထို့နောက် အသင်သည် ကျမ်းဂန်မှ အိဒ်ရီးစ်၏အကြောင်းကို ပြောပြပါလေ။ သူသည် သစ္စာဝါဒီတစ်ဦး၊ နဗီတစ်ပါး စင်စစ်ဇကန် ဖြစ်ခဲ့သည်။ **၅၇။** ငါအရှင်မြတ်သည် ငုင်းအား အဆင့်အတန်းမြင့်မားသော နေရာကို ပို့ဆောင်ပေးတော်မူခဲ့သည်။ **၅၈။** ထိုသူများသည် အာဒမ်၏သားသမီးများမှ ငါအရှင် ကျေးဇူးပြုတော်မူခဲ့သော နဗီတမန်တော် များ ဖြစ်ကြသည်။ ငုင်းတို့အနက်မှ အချို့သည် နူးဟ်နှင့်အတူ (ရွက်သင်္ဘော်တွင်) ငါအရှင် လိုက်ပါစီးနင်းစေခဲ့သူများ၏ သားသမီးဖြစ်ကြသည်။ အချို့မှာ အိဗ်ရာဟီးမ် နှင့်အိစ်မာအီးလ်တို့၏ သားသမီးများမှ ဖြစ်ကြသည်။ ဤသူများမှာ ငါအရှင် လမ်းမှန်ပြသတော်မူပြီး ရွေးချယ် မြွောက်စားတော်မူခဲ့သူများ ဖြစ်ကြသည်။ ကရုဏာတော်ရှင် (အလ္လာဟ်)၏ မုကွပါဋိတော်များအား သူတို့ရှေ့ဝယ် ဖတ်ကြား ခြင်းခံရသောအခါ ငုင်းတို့သည် ငိုလျက် ဝပ်တွား ဦးချလိုက်ကြသည်။

၅၉။ သူတို့နောက်တွင် စွလာသ်ကို ဖျက်ဆီး၍ စိတ်ဆန္ဒများ၏ နောက်သို့ လိုက်ကြသူများသည် သူတို့နေရာတွင် နေရာယူခဲ့ကြသည်။ ငုင်းတို့သည် လမ်းများလိုက်ခဲ့မှု၏ ရလဒ်ကို မကြာမီ တွေ့မြင်ကြရပေမည်။ **၆၀။** သို့သော် အမှား ဝန်ချတောင်းပန်၍ ယုံကြည်မှုသဒ္ဒါတရားထားကာ ကောင်းမှုကုသိုလ်ဆောက် တည်ခဲ့ကြသူများမှာကား ဂျန္နသ်ဥယျာဉ်သို့ ဝင်ကြရမည်။ သူတို့သည် အနည်းငယ်မျှပင် မတရားလုပ်ခြင်းခံရမည်မဟုတ်ပေ။

၆၁။ (သူတို့ဝင်ရောက်ရမည့် ဥယျာဉ်မှာ) ကရုဏာတော်ရှင်က မိမိ၏ အစေတော်များအား အကွယ်မှနေ၍ ကတိပြုထားသော ထာဝရဥယျာဉ်များဖြစ်မည်။ ထိုအရှင်မြတ်၏ ကတိတော်သည် မုချတည်မည့် ကတိတော်ဖြစ်သည်။ **၆၂။** ထိုဥယျာဉ်ထဲတွင် ငုင်းတို့သည် ငြိမ်းချမ်းသောစကားမှတစ်ပါး အခြားမည်သည့် အချည်းနှီးစကားကိုမျှ ကြားရမည်မဟုတ်ပေ။ ထို့ပြင် ယင်းဥယျာဉ်၌ သူတို့သည် နံနက်နှင့်ညနေတွင် မိမိတို့၏ ရိကွာများကို ရရှိကြပေမည်။ **၆၃။** ထိုဥယျာဉ်ကို ငါအရှင်မြတ်သည် မိမိ၏အစေတော်များထဲမှ ငါအရှင့်အား ကြောက်ရွံ့ကြသူများ

အား အမွေအဖြစ် ပေးတော်မူမည်။

၆၄။ ကျွန်ုပ်တို့(ကောင်းကင်တမန်များ)သည် အသင့်အရှင်မြတ်၏ အမိန့်တော်ဖြင့်သာ ဆင်းသက်ကြသည်။ ကျွန်ုပ်တို့၏ ရှေ့၊ နောက်နှင့် ထိုအကြား တွင် ရှိသမျှသည် ထိုအရှင်၏ပိုင်ဆိုင်မှုပင် ဖြစ်သည်။ ထို့ပြင် အသင့်အရှင်မြတ်သည် မမေ့လျော့သွားတတ်သည့် အရှင်မဟုတ်ပေ။

၆၅။ အရှင်မြတ်သည် မိုးကောင်းကင်များ၊ ကမ္ဘာမြေပထဝီနှင့် ထိုနှစ်ခု အကြားရှိအရာများကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်ပေရာ အသင်သည် ထိုအရှင့်ကိုသာ ခဝပ်ကိုးကွယ်ပါ။ ထိုအရှင်အား ကိုးကွယ်ခြင်းအပေါ် မြဲမြံစွာရပ် တည်နေပါ။ ထိုအရှင်နှင့် ဂုဏ်ရည်တူသူတစ်ဦးဦးကို အသင်သိရှိပါသလော။

၆၆။ လူသားက ကျွန်ုပ် သေဆုံးသွားသောအခါ တစ်ဖန် အသက်ပြန်ရှင် ၍ သချိုင်းအတွင်းမှ ထွက်ရပါမည်လောဟု ပြောဆိုသည်။ **၆၇။** ငါအရှင်သည် သည့်အလျင် သူဘာမျှ မရှိခဲ့စဉ်အခါက သူ့အား ဖန်ဆင်းတော်မူခဲ့သည်ကို သူသတိ မရ လေသလော။ **၆၈။** အသင့်အရှင်ကို တိုင်တည်ပြောမည်။ ငါအရှင် မြတ်သည် သူတို့ကိုရော၊ ရှိုင်သွာန်များကိုပါ မုချ စုရုံးတော်မူမည်။ ထို့နောက် သူတို့အား လုံးကို ဂျဟန္နမ်ငရဲဘုံ ဘေးပတ်လည်တွင် ပုဆစ်ဒူးတုပ်လျက် အသင့်ရောက်ရှိ စေတော်မူမည်။

၆၉။ ထို့နောက်တစ်ဖန် ငါအရှင်မြတ်သည် အုပ်စုတိုင်းမှ ရဟ်မာန်-ကရ ကာတော်ရှင်နှင့် အပြင်းထန်ဆုံး ဆန့်ကျင်ပုန်ကန်သူတို့အား သီးခြား ထုတ်ယူတော် မူမည်။ **၇၀။** ထို့နောက် ဂျဟန္နမ်ငရဲဘုံထဲသို့ ဝင်ရောက်ဖို့ အထိုက်တန်ဆုံးသော သူကိုလည်း ငါအရှင် အသိဆုံးဖြစ်တော်မူသည်။ **၇၁။** အသင်တို့အနက်မှ လူတိုင်း လူတိုင်းသည် ယင်းငရဲဘုံပေါ်မှ ဖြတ်ကျော်သွားရမည့်သူချည်းသာ ဖြစ်သည်။ ဤသည် အသင့်အရှင်ပေါ်တွင် ဆုံးဖြတ်ပြီးဖြစ်သော တာဝန်တစ်ရပ်သည်။ **၇၂။** ထို့နောက် ငါအရှင်သည် ငါအရှင့်အား ကြောက်ရွံ့ကြသူများကို လွတ်မြောက်စေ တော်မူပြီး မတရားကျူးလွန်သူများကိုမူ ထိုထဲတွင် ပုဆစ်ဒူးတုပ်လျက် စွန့်ပစ်ထား တော်မူမည်။

၇၃။ သူတို့၏ရှေ့မှောက်တွင် ငါအရှင်မြတ်၏ ရှင်းလင်းထင်ရှားသော အာယသ်တော်များကို ဖတ်ကြားပြသောအခါ သွေဖည်ငြင်းပယ်ကြသူတို့က ယုံကြည်သူတို့အား တို့အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် အခြေအနေပိုကောင်းပြီး၊ မည်သည့်အုပ်စု၏ ထိုင်ပိုင်းသည် သာပို၍ ကောင်းမြတ်သနည်းဟု ပြောဆိုကြသည်။ **၇၄။** ငါအရှင်သည် သူတို့ထက်အလျင်က သူတို့ထက် ပို၍ ဥစ္စာပစ္စည်းကြွယ်ဝကြသည့်၊ သူတို့ထက်ပို၍ ကြည့်ကောင်းရွှေကောင်းရှိကြသည့် မြောက်များစွာသော လူမျိုးများကို ဖျက်ဆီးပစ်တော်မူခဲ့သည်။

၇၅။ အသင်ပြောလိုက်ပါ။ လမ်းမှားတွင်ရှိသူ မည်သူကိုမဆို အလွှာဟ်သည် လှန်ထားတော်မူပေသည်။ နောက်ဆုံး သူတို့အား ကတိပေးထားသော အရာဖြစ်သည့် ပြစ်ဒဏ် သို့မဟုတ် ကိယာမသ်ကို တွေ့မြင်ကြသောအခါတွင် မည်သူ၏နေရာသည် ပို၍ ဆိုးပြီး၊ မည်သူ၏ တပ်ဖွဲ့သည် ပို၍ ချည့်နဲ့သည်ကို သူတို့ သိသွားကြပေလိမ့်မည်။

၇၆။ အလွှာဟ်သည် တရားလမ်းမှန်ကို ဆုပ်ကိုင်ထားကြသူတို့အား တရားလမ်းမှန်ရမူတွင် ပိတိုးပွားစေတော်မူသည်။ စင်စစ်တွင် အမြဲတစေ ကျန်ရှိနေမည်ဖြစ်သော ကောင်းမှုသီလများသည်သာ အသင့်အရှင်ထံတွင် ကုသိုလ်အကျိုးအားဖြင့် ပို၍ ကောင်းမြတ်ပြီး၊ ရလဒ်အားဖြင့်လည်း ပို၍ ကောင်းသည်။

၇၇။ ငါအရှင်၏ အာယသ်တော်များကို ငြင်းပယ်သည့်အပြင် ကျွန်ုပ်သည် ဥစ္စာပစ္စည်းနှင့် သားသမီးများလည်း ချီးမြှင့်ခြင်းခံရဦးမည်ဟု ပြောဆိုသောသူကို အသင်တွေ့မြင်ပါသလော။ **၇၈။** ဘာလဲ အကွယ်တွင်ရှိသည်ကို သူက ချောင်းကြည့်ထားသလော။ သို့မဟုတ် ရဟ်မာန်-ကရုဏာတော်ရှင်ထံမှ ကတိတစ်ခုခု ရယူထားသလော။ **၇၉။** (သူထင်သလို) လုံးဝမဟုတ်။ ငါအရှင်သည် သူပြောနေသည်များကို ရေးမှတ်ထားတော်မူမည်။ ထို့နောက် သူ့အား အပြစ်ဒဏ်တွင် သာပို၍ တိုးပေးတော်မူဦးမည်။ **၈၀။** သူပြောဆိုသည်များအား အမွေဆက်ခံသူမှာ ငါအရှင်မြတ်ပင် ဖြစ်မည်။ သူသည် ငါအရှင့်ထံသို့ တစ်ဦးတည်း လာရပေမည်။

၈၁။ ထို့ပြင် သူတို့သည် မိမိတို့အဖို့ အကူအညီဖြစ်ရန်အတွက်

အလွှာဟ်မှအပ အခြားအရာများကို ကိုးကွယ်ရာများအဖြစ် ပြုလုပ်ခဲ့ကြသည်။ **၈၂။** လုံးဝ ဖြစ်မည်မဟုတ်။ ထိုကိုးကွယ်ရာများသည် သူတို့၏ ကိုးကွယ်မှုကို မကြာမီ ငြင်းပယ်လိုက်ကြပေလိမ့်မည်။ ထို့ပြင် သူတို့၏ ဆန့်ကျင်ဘက်များ ဖြစ်သွားကြပေလိမ့်မည်။

၈၃။ အသင်မမြင်တွေ့သလော။ ငါအရှင်သည် သွေဖည်ငြင်းပယ်သူများအပေါ် ရှိုင်သွာန်များကို လွှတ်ထားတော်မူခဲ့သည်ဖြစ်ရာ ယင်းရှိုင်သွာန်များသည် သူတို့အား ကောင်းကောင်းကြီး လှုံ့ဆော်လျက်ရှိကြသည်။ **၈၄။** ထို့ကြောင့် အသင်သည် သူတို့နှင့်ပတ်သက်၍ မလောပါနှင့်။ ငါအရှင်သည် သူတို့အား ပြီးပြတ်အောင် ရေတွက်နေတော်မူပေသည်။ **၈၅။** ထိုနေ့တွင် ငါအရှင်သည် မုသကီသူတော်စင်များကို ရဟ်မာန်-ကရုဏာတော်ရှင်ထံသို့ ဧည့်သည်တော်များအဖြစ် စုရုံးစေတော်မူမည်။ **၈၆။** ထို့နောက် ငမိုက်သားများကို ဂျဟန္နမ်ငရဲဘုံဘက်သို့ ရေငတ်မွတ်သိပ်စေလျက် မောင်းနှင်တော်မူမည်။ **၈၇။** ရဟ်မာန်-ကရုဏာတော်ရှင်ထံမှ ကတိတစ်စုံ တစ်ရာ ရရှိထားသောသူမှအပ မည်သူမျှ ကြားဝင်အသနားခံပေးခွင့်ကို ရရှိကြမည်မဟုတ်။

၈၈။ ရဟ်မာန်-ကရုဏာတော်ရှင်တွင် သားသမီးရှိသည်ဟု သူတို့က ပြောခဲ့ကြသည်။ **၈၉။** အသင်တို့သည် အလွန် ဆိုးရွားသောစကားကို ပြောဆိုလိုက်ခြင်းဖြစ်သည်။ **၉၀။** ထိုပြောစကားကြောင့် မိုးကောင်းကင်များသည် အက်ကွဲအံ့ဆဲဆဲ၊ မြေပထဝီသည် အစိတ်စိတ်ဖြစ်အံ့ဆဲဆဲ၊ တောင်များသည် ပြိုလဲကျအံ့ဆဲဆဲ ဖြစ်ကုန်ကြသည်။ **၉၁။** ရဟ်မာန် (ကရုဏာတော်ရှင်) ထံတွင် သားသမီးရှိသည်ဟု သူတို့ ယိုးစွပ်ခဲ့သောကြောင့်ပင်။ **၉၂။** သားသမီးရှိခြင်းသည် ရဟ်မာန်-ကရုဏာတော်ရှင်နှင့် အပ်လည်းမအပ်စပ်ပေ။

၉၃။ မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသူအားလုံးသည် ရဟ်မာန် (ကရုဏာတော်ရှင်) ထံသို့ အစေခံအဖြစ် လာရောက်ရမည့်သူချည်းသာ ဖြစ်သည်။ **၉၄။** ဇကန်စင်စစ် သူတို့၏ အရေအတွက်သည် အရှင်မြတ်ထံတော်တွင် ရှိပြီး၊ အရှင်မြတ်သည် သူတို့အား ကောင်းစွာ ရေတွက်ထားတော်မူသည်။ **၉၅။**

သူတို့အားလုံးသည် ကိယာမသ်နေ့တွင် အရှင်မြတ်ထံသို့ တစ်ဦးချင်းစီ လာရောက် ရပေလိမ့်မည်။ **၉၆။** ဇကနစင်စစ် အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုသိလများ ကျင့်ဆောင်ခဲ့ကြသော သူတို့အတွက် ရဟ်မာန်(ကရုဏာတော်ရှင်)သည် ချစ်ကြည်မြတ်နိုးမှုကို များမကြာမီ ပြုပေးသနားတော်မူပေမည်။

၉၇။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် ထိုကုရ်အာန်ကို အသင်၏ ဘာသာစကားဖြင့် လွယ်ကူအောင် ပြုလုပ်ပေးတော်မူခဲ့ခြင်းမှာ အသင်သည် ယင်းကုရ်အာန်ဖြင့် အကြောက်တရားရှိသူများအား သတင်းကောင်းပေးရန်နှင့် အလွန်အငြင်းအခုံသန်ကြသော အမျိုးသားတို့အား သတိပေးနှိုးဆော်ရန်အတွက် ဖြစ်လေသည်။ **၉၈။** သူတို့ထက်အလျင်က မြောက်မြားစွာသော လူမျိုးများကို ငါအရှင် ဖျက်ဆီးတော်မူခဲ့သည်။ အသင်သည် သူတို့အနက်မှ တစ်ဦးတစ်ယောက်လောက်ကို တွေ့ရှိရပါသလော။ သို့မဟုတ် သူတို့၏ အသံသဲ့သဲ့လောက်ကိုပင် ကြားရပါသေးသလော။

၂၀။ စူရဟ် သွာဟာ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ သွာဟာ။ **၂။** ငါအရှင်သည် အသင်အတိဒုက္ခရောက်စေဖို့အတွက် ကုရ်အာန်ကျမ်းကို ချပေးတော်မူခဲ့သည်မဟုတ်။ **၃။** သို့သော် အရှင်မြတ်အား ကြောက်ရွံ့ရိုသေသူအတွက် ဆုံးမသြဝါဒအဖြစ်သာ ချပေးတော်မူခဲ့ခြင်း ဖြစ်သည်။ **၄။** မြေပထဝီနှင့်၊ မြင့်စွင့်သော မိုးကောင်းကင်များကို ဖန်ဆင်းတော်မူသောအရှင့်ထံမှ ချပေးခြင်းခံရသည်။ **၅။** ရဟ်မာန်(ကရုဏာတော်ရှင်)သည် အရိရှ်ပလ္လင်တော်ထက် ဝယ် စံမြန်းတော်မူသည်။ **၆။** မိုးကောင်းကင်များတွင်ရှိရှိသမျှ၊ မြေပထဝီတွင် ရှိရှိသမျှ၊ ထိုနှစ်ခုအကြားတွင် ရှိရှိသမျှနှင့် မြေအောက်၌ ရှိရှိသမျှတို့သည် ထိုအရှင်၏ ပိုင်ဆိုင်မှုများပင် ဖြစ်သည်။

၇။ အကယ်၍ အသင်သည် အသံကျယ်စွာ စကားပြောလျှင်လည်း

အရှင်မြတ်သည် တိုးတီးစွာ ပြောဆိုသောစကားကိုရော၊ ထို့ထက်ပင်ပို၍ လျှို့ဝှက်သောစကားကိုလည်း သိတော်မူသည်။ **၈။** ထိုအရှင်သည်သာ ခပ်ကိုးကွယ်ခံထိုက်သော အလွှာဟ် ဖြစ်တော်မူသည်။ အရှင်မြတ်မှတစ်ပါး အခြားခပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိ။ အမွန်မြတ်ဆုံးသော နာမတော်များသည် အရှင့်အဖို့သာ လျှင် ဖြစ်သည်။

၉။ မူစာ၏ အကြောင်းအရာသည် အသင့်ထံသို့ ရောက်ရှိလာခဲ့ပါသလော။ **၁၀။** တစ်ခါတွင် သူသည် မီးကိုတွေ့မြင်လေသော် မိမိ၏ အိမ်သူအိမ်သားတို့အား ပြောလေသည်။ အသင်တို့ နေရစ်ခဲ့ကြ။ ဇကန်စင်စစ် ငါသည် မီးတစ်ခုကိုတွေ့ မြင်ရသည်။ ငါသည် အသင်တို့ထံသို့ ထိုမီးမှ မီးကျီးမီးခဲတစ်ခဲကို ယူလာကောင်းယူလာနိုင်မည်။ သို့မဟုတ် ငါသည် ထိုမီးအနီးတွင် လမ်းညွှန်တစ်စုံတစ်ရာ ရရှိကောင်းရရှိနိုင်မည်။

၁၁။ ထို့နောက် သူသည် ထိုမီး၏အနီးသို့ ရောက်လာသောအခါ အို-မူစာဟု အသံပြုခြင်းခံရလေသည်။ **၁၂။** ဇကန်စင်စစ် ငါအရှင်သည်သာ အသင်၏ အရှင်သခင်ဖြစ်သည်။ သို့ဖြစ်ရာ အသင့်၏ဖိနပ်နှစ်ဖက်ကို ချွတ်လိုက်ပါ။ ဇကန်စင်စစ် အသင်သည် သွုဝါမည်သော၊ မြင့်မြတ်သော တောင်ကြားအရပ်ကို ရောက်ရှိနေပေသည်။ **၁၃။** ငါအရှင်သည် အသင့်အား ရွေးချယ်တော်မူလိုက်ပြီဖြစ်ရာ အသင်သည် မိမိထံသို့ ဗျာဒိတ်တော်ချပေးခြင်းခံရသည်များကို အာရုံစိုက်ပြီး နားထောင်လော့။ **၁၄။** ဇကန်စင်စစ် ငါအရှင်သည်သာ ခပ်ကိုးကွယ်ခြင်းခံထိုက်သည့် အလွှာဟ်ဖြစ်သည်။ ငါအရှင်မှအပ အခြားသော ကိုးကွယ်ထိုက်သည့်အရှင် အလျှင်းမရှိ။ ထို့ကြောင့် ငါ့ကိုသာ အသင်ခပ်ကိုး ကွယ်လော့။ ထို့ပြင် ငါ့အား သတိရဖို့အတွက် စွလာသ်ဆောက်တည်လော့။ **၁၅။** ဇကန်စင်စစ် ကိယာမသ်သည် ရောက်ရှိလာပေမည်။ လူတိုင်းလူတိုင်းသည် မိမိကြိုးပမ်းဆောင်ရွက်ခဲ့သည်များ၏ အကျိုးကို ရရှိခံစားနိုင်ဖို့အတွက် ငါအရှင်သည် ထိုကိယာမသ်နေ့ကို (ကိုယ်တိုင်တောင် မသိလုနီးနီးဖြစ်လောက်အောင်) လျှို့ဝှက်ဖုံးကွယ်ထားတော်မူသည်။ **၁၆။** သို့ဖြစ်ရာ ယင်းနေ့ကို မယုံကြည်ဘဲ မိမိ၏ စိတ်အလိုရမ္မက်နောက်သို့ လိုက်သူ

သည် အသင့်အား ယင်းနေ့မှ မေ့လျော့စေလိုက်ခြင်းမျိုး လုံးဝ မဖြစ်စေနှင့်။ သို့မဟုတ်လျှင် အသင်လည်း ပျက်စီးသွားပေလိမ့်မည်။

၁၇။ အို-မူစာ၊ အသင်၏ လက်ယာလက်ထဲတွင်ရှိသော ဤအရာမှာ အဘယ်နည်း။ **၁၈။** မူစာက ဖြေကြားသည်။ ဤသည် ကျွန်တော်မျိုး၏ တောင်ဝှေး ဖြစ်ပါသည်။ ကျွန်တော်မျိုးသည် ထိုတောင်ဝှေးကို အမှီသဟဲပြုပါသည်။ ကျွန်တော်မျိုး၏ ဆိတ်များအတွက် ထိုတောင်ဝှေးဖြင့် သစ်ရွက်ခွေပါသည်။ ထို့ပြင် ယင်း တောင်ဝှေးတွင် ကျွန်တော်မျိုးအဖို့ အခြားသော လိုအပ်ချက်များလည်း ရှိပါသေး သည်။ **၁၉။** အရှင်မြတ်က မိန့်ကြားတော်မူသည်။ အို-မူစာ၊ ထိုတောင်ဝှေးကို ပစ်ချလိုက်။ **၂၀။** ထိုအခါ မူစာသည် ယင်းတောင်ဝှေးအား ပစ်ချလိုက် လေရာ ရုတ်တရက် ထိုတောင်ဝှေးသည် ပြေးလွှားနေသော မွေတစ်ကောင် ဖြစ်သွားလေ တော့သည်။ **၂၁။** အရှင်မြတ်က မိန့်ကြားတော်မူသည်။ ထိုမွေကို ဖမ်းကိုင်လိုက်ပါ။ မကြောက်နှင့်။ ငါအရှင်သည် ထိုမွေအား သူ၏မူလအခြေအနေသို့ ပြန်လည်ရောက် စေတော်မူပေမည်။

၂၂။ ထို့နောက် အသင်၏လက်ကို သင်၏ချိုင်းနှင့် ကပ်လိုက်ပါ။ ယင်းလက်သည် လင်းဝင်းတောက်ပလျက်၊ ဘာအပြစ်အနာအဆာမျှ မရှိဘဲ ထွက် လာလိမ့်မည်။ ဤသည် ဒုတိယမြောက် သက်သေလက္ခတစ်ရပ် ဖြစ်သည်။ **၂၃။** သို့ဖြင့် ငါအရှင်သည် အသင့်အား ငါအရှင်၏ ကြီးမားသောသက်သေလက္ခဏာ တော်များအနက်မှ အချို့ကို ပြသတော်မူရန်အတွက် ဖြစ်သည်။ **၂၄။** ဖိရ်အောင်နဲထံ သို့ အသင်သွားပါ။ ဧကန်စင်စစ် သူသည် စည်းဘောင်ကျော်လွန်နေပြီ။

၂၅။ မူစာက လျှောက်ထားသည်။ အို-ကျွန်တော်မျိုး၏အရှင်သခင်၊ ကျွန်တော်မျိုး၏ရင်ကို ကျယ်ဝန်းစေတော်မူပါ။ **၂၆။** ထို့ပြင် ကျွန်တော်မျိုး၏ အရေးကိစ္စကို လွယ်ကူစေတော်မူပါ။ **၂၇။** ထို့ပြင် ကျွန်တော်မျိုး၏ လျှာမှ အထုံးကို ဖြေပေးတော်မူပါ။ **၂၈။** သို့မှ ကျွန်တော်မျိုး၏စကားကို သူတို့ နားလည်နိုင်မည်။ **၂၉။** ထို့ပြင် ကျွန်တော်မျိုးအဖို့ ကျွန်တော်မျိုး၏ မိသားစုအနက်မှပင် ကူညီရိုင်းပင်း သူတစ်ဦး ခန့်အပ်ပေးတော်မူပါ။ **၃၀။** ကျွန်တော်မျိုး၏နောင်တော် ဟာရူန်ကို။ **၃၁။**

သူ၏အကြောင်းခံဖြင့် ကျွန်တော်မျိုး၏ခါးကို ကြံ့ခိုင်စေတော်မူပါ။ **၃၂။** ထိုပြင် သူအား ကျွန်တော်မျိုး၏ အလုပ်ကိစ္စတွင် ပါဝင်စေတော်မူပါ။ **၃၃။** ကျွန်တော်မျိုးတို့သည် အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို များစွာ မြွက်ဟနိုင်ကြရန်နှင့် **၃၄။** အရှင်မြတ်အား မြားမြောင်စွာ သတိရတသနိုင်ကြရန်အတွက် ဖြစ်ပါသည်။ **၃၅။** ဇကော့စင်စစ် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား တွေ့မြင်နေတော်မူပါသည်။ **၃၆။** အရှင်မြတ်က မိန့်ကြားတော်မူလေသည်။ အို-မူစာ၊ အသင့်အား သင်၏တောင်းဆိုချက်ကို ပေးလိုက်ပေပြီ။

၃၇။ ဇကော့စင်စစ် ငါအရှင်သည် အသင့်အပေါ်တွင် နောက်ထပ်တစ်ကြိမ် ကျေးဇူးပြုတော်မူခဲ့ဖူးသည်။ **၃၈။** တစ်ခါတွင် ငါအရှင်သည် အသင့်မိခင်ထံသို့ ဗျာဒိတ်တော်ချပေးတော်မူအပ်သောအရာကို ဗျာဒိတ်တော် ချပေးတော်မူခဲ့သည်။ **၃၉။** ယင်းမှာ ထိုမူစာအား သေတ္တာထဲတွင်ထည့်လော့။ ထို့နောက် ယင်းသေတ္တာအား မြစ်ထဲပစ်ချလော့။ မြစ်သည် သူအား ကမ်းခြေသို့ ဆိုက်ရောက်စေလိမ့်မည်။ ထိုအခါ ငါအရှင်၏ ရန်သူလည်းဖြစ်၊ သူ၏ရန်သူလည်းဖြစ်သူက သူအား ဆယ်ယူသွားလိမ့်မည်။ ထို့နောက် (အို-မူစာ) ငါအရှင်သည် အသင့်အပေါ် သို့ မိမိအထံတော်မှ ချစ်ခြင်းမေတ္တာကို ချပေးတော်မူခဲ့သည်။ အသင်သည် ငါအရှင်၏ မျက်မှောက်၌ပင် ကြည့်ရှုစောင့်ရှောက်မှုကို ခံရရန်အတွက် ဖြစ်လေသည်။ **၄၀။** တစ်ခါတွင် အသင်၏ အစ်မသည် လမ်းလျှောက်လျက် ရောက်လာပြီး ဤကလေးငယ်အား ကောင်းစွာ ပြုစုစောင့်ရှောက်နိုင်မည့်သူကို အသင်တို့အား ကျွန်မ ညွှန်ပြရမည်လောဟု ပြောလေသည်။ သို့နှင့် ငါအရှင်သည် အသင့်အား အသင့်မိခင်ထံသို့ ပြန်လည်ပို့ဆောင်ပေးတော်မူခဲ့သည်။ သူမ၏ မျက်စိအေးမြစေရန်နှင့် သူမသည် ပူဆွေးသောက မဖြစ်စေရန်အတွက် ဖြစ်လေသည်။ ထို့နောက်တွင် အသင်သည် လူတစ်ဦးကို သတ်ဖြတ်မိခဲ့လေရာ ငါအရှင်သည် အသင့်အား ထိုပူဆွေးသောကမှ လွတ်မြောက် စေတော်မူခဲ့သည်။ ထို့နောက် ငါအရှင်သည် အသင့်အား အကြီး အကျယ်စမ်းသပ်တော်မူခဲ့သည်။ ထို့နောက် အသင်သည် မဒီယန်မြို့သားတို့ထံတွင် နှစ်အချို့ နေထိုင်ခဲ့သည်။ ထို့နောက် အို-မူစာ၊ အသင်သည် သတ်မှတ်ထားသော

အချိန်တွင် ပြန်လည်ရောက်ရှိလာခဲ့သည်။

၄၁။ ထို့နောက် ငါအရှင်သည် အသင့်ကို ငါအရှင့်အတွက် ရွေးချယ်တော်မူခဲ့သည်။ **၄၂။** အသင်ရော အသင့်နောင်တော်ပါ ငါအရှင်၏ သက်သေလက္ခဏာတော်များနှင့်တကွ သွားပါ။ ငါအရှင့်ကို တသသတိရမှုတွင် မပေါ့လျော့ကြလေနှင့်။ **၄၃။** အသင်တို့နှစ်ဦးသည် ဖိရဝ်အောင့်ထံသို့ သွားကြပါ။ သူသည် လွန် စွာ ဆိုးသွမ်းနေသည်။ **၄၄။** ထို့နောက် အသင်တို့နှစ်ဦးသည် သူ့အား နူးညံ့သိမ်မွေ့သောစကားကို ပြောဆိုကြကုန်။ သူ တရားရကောင်း ရသွားနိုင်သည်။ သို့မဟုတ် ကြောက်သွားကောင်း ကြောက်သွားနိုင်သည်။

၄၅။ သူတို့နှစ်ဦးက လျှောက်ထားကြသည်။ အို-ကျွန်တော်မျိုးတို့၏ အရှင်၊ သူသည် ကျွန်တော်မျိုးတို့အပေါ်တွင် မတရားလုပ်လိုက်မည်၊ သို့မဟုတ် မိုက်ရိုင်းစော်ကားမည်ကို စိုးရိမ်ပါသည်။ **၄၆။** အရှင်မြတ်က မိန့်ကြားတော်မူသည်။ အသင်တို့နှစ်ဦး မစိုးရိမ်ကြလေနှင့်။ ဇကန်စင်စစ် ငါအရှင်သည် အသင်တို့နှစ်ဦးနှင့် အတူ ရှိသည်။ ကြားနေတော်မူသည်။ မြင်နေတော်မူသည်။ **၄၇။** သို့ဖြစ်ရာ အသင်တို့နှစ်ဦးသည် သူ့ထံသို့ သွားကြပြီးလျှင် ဤသို့ ပြောကြကုန်။ ဇကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အရှင်စေလွှတ်လိုက်သည့် တမန်တော်နှစ်ပါး ဖြစ်သည်။ ထို့ကြောင့် အသင်သည် အစ္စရာအီလ်မျိုးနွယ်များကို ကျွန်ုပ်တို့နှင့်အတူ သွားခွင့်ပြုပါ။ သူတို့ကို ဒုက္ခမပေးတော့နှင့်။ စင်စစ် ကျွန်ုပ်တို့သည် အသင့်အရှင်ထံမှ သက်သေလက္ခဏာ တစ်ရပ်ကို ယူဆောင်လာခဲ့ကြပါသည်။ ငြိမ်းချမ်းသာယာမှုဟူသည် တရားလမ်းမှန်အပေါ် လျှောက်လှမ်းသူအဖို့သာလျှင် ဖြစ်ပေသည်။ ဇကန်စင်စစ် ပြစ်ဒဏ်သည် အမှန်တရားကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ပြီး ကျောခိုင်းသူအပေါ် သို့ ကျရောက်မည်ဟူ၍ ကျွန်ုပ်တို့ထံသို့ ဝဟီဗျာဒိတ်တော် မုချ ကျရောက်လာသည်။ **၄၉။** ထိုအခါ ဖိရဝ်အောင်ခ်က ပြောသည်။ အို-မူစာ အသင်တို့နှစ်ဦး၏ အရှင်သခင် ဆိုသည်မှာ မည်သူနည်း။ **၅၀။** မူစာက ပြောသည်။ ကျွန်ုပ်တို့၏ အရှင်သခင်မှာ အရာခပ်သိမ်းအား သူတို့နှင့် ဆီလျော်သော ရုပ်ဆင်း သဏ္ဌာန်ကို ချီးမြှင့်တော်မူပြီးနောက် လမ်းညွှန်တော်မူသောအရှင် ဖြစ်ပေသည်။ **၅၁။**

ဖိရ်အောင်နိုက ပြောသည်။ သို့ဆိုလျှင် ရှေးယခင်က လူမျိုးတို့၏ အခြေအနေ သည် မည်သို့ရှိသနည်း။ **၅၂။** မူစာက ပြောသည်။ ထိုအရာ၏အသိသည် ကျွန်ုပ်၏ အရှင်သခင်ထံတွင် မှတ်တမ်းစာအုပ်တစ်ခု၌ ရှိပေသည်။ ကျွန်ုပ်၏အရှင်သခင်သည် မှားယွင်းသည်လည်းမရှိ။ မေ့လျော့သည်လည်း မရှိ။

၅၃။ ထိုအရှင်မြတ်သည်ပင် အသင်တို့အဖို့ မြေပထဝီကို အခင်းအဖြစ် ပြုလုပ်ပေးတော်မူခဲ့သည်။ ထို့ပြင် အသင်တို့အဖို့ ထိုမြေပထဝီတွင် လမ်းများဖော က်လုပ်ပေးတော်မူခဲ့သည်။ ထို့ပြင် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူ ခဲ့သည်။ တစ်ဖန် ငါအရှင်မြတ်သည် ထိုမိုးရေဖြင့် အမျိုးမျိုးအစားစားသော ပေါက် ပင်ပေါင်းစုံကို ပေါက်ရောက်စေတော်မူခဲ့သည်။ **၅၄။** အသင်တို့ စားကြကုန်။ အသင် တို့၏ တိရစ္ဆာန်များကိုလည်း ကျောင်းကြကုန်။ ဇကန်စင်စစ် ဉီးနှောက်အသိဉာဏ် ရှိသူများအဖို့ ဤအချက်တွင် သက်သေလက္ခဏာတော်များ မုချရှိပေသည်။ **၅၅။** ယင်းမြေကြီးမှပင် ငါအရှင်သည် အသင်တို့ကို ဖန်ဆင်းတော်မူခဲ့သည်။ ယင်းမြေကြီး ထဲသို့ပင် အသင်တို့အား ပြန်လည်ပို့ဆောင်တော်မူမည်။ ယင်းမြေကြီးမှပင် အသင် တို့အား နောက်ထပ်တစ်ကြိမ် ပြန်လည်ထွက်စေတော်မူမည်။

၅၆။ ဇကန်စင်စစ် ငါအရှင်သည် ဖိရ်အောင်အား ငါအရှင်၏ သက်သေ လက္ခဏာတော်အလုံးစုံကို ပြသတော်မူခဲ့ပေငြားလည်း သူသည် မဟုတ်မမှန်ဟု ဆို၍ ငြင်းဆိုခဲ့လေသည်။ **၅၇။** သူက ပြောခဲ့သည်။ အိုး-မူစာ၊ အသင်သည် မိမိ၏ စုန်းအတတ်ပညာဖြင့် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ တိုင်းပြည်မှ နှင်ထုတ်ရန်အတွက် လာခဲ့လေသလော။ **၅၈။** သို့ဆိုလျှင် ကျွန်ုပ်လည်း အသင့်ထံ အလားတူ စုန်းအ တတ်ပညာကိုပင် ယူဆောင်လာပေမည်။ ကျွန်ုပ်တို့နှင့် အသင့်ကြားတွင် (ပြိုင်ပွဲ အတွက်) ကတိတစ်ခု ပြုလုပ်ပါ။ ထိုကတိကို ကျွန်ုပ်တို့လည်း ဖောက်ဖျက်မည် မဟုတ်။ အသင်လည်း မဖောက်ဖျက်လေနှင့်။ ထိုယှဉ်ပြိုင်ပွဲသည် ညီညာသော ကွင်းပြင်တစ်ခုတွင် ဖြစ်မည်။

၅၉။ မူစာက ပြောသည်။ အသင်တို့နှင့် ချိန်းချက်မည့်နေ့သည် ပွဲလမ်း သဘင်နေ့ပင် ဖြစ်သည်။ ထို့ပြင် နေတက်ချိန်တိုင်အောင် လူအများကိုလည်း စုရုံး

စေရမည်။ **၆၀။** ထို့နောက် ဖိရ်အောင်သည် ထိုနေရာမှ လှည့်ပြန်သွားပြီး မိမိ၏ အကြံအစည်များကို စုရုံးကာ တစ်ဖန် ယှဉ်ပြိုင်ရန်အတွက် လာခဲ့သည်။ **၆၁။** မူစာက ထိုမှော်ဆရာတို့အား ပြောသည်။ အသင်တို့ အကျိုးယုတ်ပါစေ။ အလွှာဟ် အပေါ်တွင် လိမ်လည်လှုပ်ကြဲ့ မပြောကြလေနှင့်။ ထိုသို့ လုပ်လျှင် အရှင်မြတ်သည် အသင်တို့ကို ပြစ်ဒဏ်ဖြင့် ဖျက်ဆီးပစ်တော်မူလိမ့်မည်။ စင်စစ်တွင် လိမ်လည် လုပ်ကြံ့ပြောသူသည် ဆုံးရှုံးနစ်နာမည်သာ။

၆၂။ ထို့နောက် မှော်ဆရာတို့သည် သူတို့၏ အရေးကိစ္စတွင် အချင်းချင်း ကွဲလွဲခဲ့ကြပြီး တိုးတီးစွာ ဆွေးနွေးတိုင်ပင်ခဲ့ကြပြန်သည်။ **၆၃။** သူတို့က ပြောကြသည်။ ဤသူနှစ်ဦးသည် သေချာပေါက် မှော်ဆရာများဖြစ်ကြသည်။ သူတို့ နှစ်ဦးသည် မိမိတို့၏ မှော်အတတ်ပညာဖြင့် အသင်တို့အား အသင်တို့၏ တိုင်းပြည်မှ နှင်ထုတ်ရန်၊ အသင်တို့၏ အကောင်းဆုံးသောအယူဝါဒလမ်းစဉ်ကို ဖျက်ဆီးပစ်ရန် ရည်ရွယ်နေကြသည်။ **၆၄။** ထို့ကြောင့် အသင်တို့၏ ကြံစည်ချက်များကို စုစည်းလိုက်ကြပြီးလျှင် တစည်းတလုံး လာကြလေကုန်။ ယနေ့ အနိုင်ရသူသာလျှင် အမှန်တကယ် အောင်မြင်မှုရရှိသူ ဖြစ်ပေမည်။

၆၅။ သူတို့က ပြောကြသည်။ အို-မူစာ၊ အသင် ပစ်ချမည်လော၊ သို့မဟုတ် ကျွန်ုပ်တို့က ဦးစွာ ပစ်ချရမည်လော။ **၆၆။** မူစာက ပြောသည်။ အသင်တို့သာ ဦးစွာ ပစ်ချကြလေကုန်။ ထိုအခါ ရုတ်တရက် သူတို့၏ကြိုးများနှင့် သူတို့၏ တောင်ဝှေးများသည် သူတို့၏ မှော်အတတ်ပညာကြောင့် မူစာ၏ အမြင်တွင် ပြေးလွှားနေသည်ဟု ထင်ရလေသည်။ **၆၇။** ထိုအခါ မူစာသည် မိမိ၏ စိတ်ထဲတွင် အနည်းငယ် စိုးရိမ်သွားခဲ့သည်။ **၆၈။** ငါအရှင်မြတ် မိန့်ကြားတော်မူသည်။ အသင် မစိုးရိမ်လေနှင့်။ ဇကန်စင်စစ် အသင်သာလျှင် အောင်နိုင်သူ ဖြစ်ပေလိမ့်မည်။ **၆၉။** အသင့်၏ ညာဘက်လက်ထဲတွင်ရှိသောအရာကို ပစ်ချလိုက်ပါ။ ထိုအရာသည် သူတို့ ပြုလုပ်ခဲ့သည်များကို ဝါးမြိုပစ်လိုက်လိမ့်မည်။ သူတို့ ပြုလုပ်ခဲ့သည်များမှာ မှော်ဆရာ၏ လှည့်ဖျားမှုမျှသာ ဖြစ်ပေသည်။ မှော်ဆရာသည် မည်သည့်နေရာကပဲလာလာ ဘယ်တော့မှ အောင်မြင်မှုရမည်မဟုတ်ပေ။ **၇၀။** ထို့

နောက် မော်ဆရာများသည် ပျံဝပ်ဦးချလိုက်ကြပြီးလျှင် ကျွန်ပ်တို့သည် ဟာရွန်နှင့် မူစာတို့၏ အရှင်သခင်ကို ယုံကြည်ကြပါပြီဟု ပြောခဲ့ကြသည်။

၇၀။ ထိုအခါ ဖိရိအောင်က ပြောလေသည်။ အသင်တို့အား ငါခွင့်မပြုသေးမီ သူအား ယုံကြည်လက်ခံလိုက်ကြလေသလော။ ဇကန်စင်စစ် သူသည် အသင်တို့ကို မော်အတတ်ပညာ သင်ကြားပေးခဲ့သည့် အသင်တို့၏ ဆရာအကြီးအကဲပင် ဖြစ်သည်။ သို့ဖြစ်ရာ ယခု ငါသည် အသင်တို့၏ လက်များနှင့် အသင်တို့၏ ခြေထောက်များကို ဘယ်ညာလွှဲပြောင်းပြီး ဖြတ်တောက်ပစ်မည်။ ထို့ပြင် အသင်တို့ကို စွန်ပလွံကိုင်းများပေါ်တွင် လက်ဝါးကပ်တိုင် မုချ တင်ပစ်မည်။ ငါတို့ထဲတွင် မည်သူ၏ ပြစ်ဒဏ်သည် ပို၍ ပြင်းထန်ပြီး၊ ပို၍ တည်မြဲသည်ကို အသင်တို့ မုချ သိသွားကြပေမည်။

၇၂။ မော်ဆရာများက ပြောကြသည်။ ကျွန်ပ်တို့သည် မိမိတို့ထံသို့ ရောက်ရှိလာခဲ့သည့် သက်သေအထောက်အထားများထက်၊ မိမိတို့အား ဖန်ဆင်းတော်မူသော အရှင်မြတ်ထက် အသင့်အား လုံးဝ ဦးစားပေးမည်မဟုတ်ပါ။ သို့ဖြစ်ရာ အသင် လုပ်ချင်တာလုပ်ပါ။ အသင် လုပ်နိုင်သမျှမှာလည်း ဤလောကီဘဝသက်တမ်းအတွင်းသာ ဖြစ်သည်။ **၇၃။** ဇကန်စင်စစ် ကျွန်ပ်တို့သည် မိမိတို့၏ အရှင်သခင်အား သက်ဝင်ယုံကြည်လိုက်ကြပြီ။ အကြောင်းမှာ ကျွန်ပ်တို့၏ အပြစ်များကိုလည်းကောင်း၊ အသင် ကျွန်ပ်တို့အား အတင်းအကျပ် စေခိုင်းခဲ့သည့် မော်အတတ်နှင့်စပ်လျဉ်း၍လည်းကောင်း အရှင်မြတ်သည် ကျွန်ပ်တို့အား ခွင့်လွှတ်ချမ်းသာပေးရန်အတွက် ဖြစ်လေသည်။ အလွှာဟ်သည်သာလျှင် ပို၍ ကောင်းပြီး၊ ပို၍ တည်မြဲပါသည်။

၇၄။ ဇကန်စင်စစ် မည်သူမဆို မိမိ၏အရှင်သခင်ထံသို့ ရာဇဝတ်သားအဖြစ်လာခဲ့သည်ရှိသော် ထိုသူအတွက် ဂျဟန္နမ်ငရဲဘုံသာ ရှိသည်။ သူသည် ထိုထဲတွင် သေဆုံးမည်လည်းမဟုတ်၊ ရှင်သန်မည်လည်းမဟုတ်။ **၇၅။** သို့ရာတွင် မည်သူမဆို သက်ဝင်ယုံကြည်သူအဖြစ်နှင့် ကောင်းမှုသိလများကိုလည်း ကျင့်ဆောင်၍ လာခဲ့ပါမူ ထိုသူတို့အဖို့မှာ မြင့်မားသောအဆင့်အတန်းများ ရှိပေသည်။

၇၆။ အောက်ခြေဘက်တွင် စမ်းချောင်းများ စီးတွေ့နေသည့် ထာဝရဥယျာဉ်များ ဖြစ်သည်။ သူတို့သည် ထိုထဲတွင် အမြဲထာဝရနေထိုင်ကြရမည်။ ဤသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းအောင် လုပ်ခဲ့သူအဖို့ အကျိုးကုသိုလ်ပင် ဖြစ်ပေသည်။

၇၇။ ဇကန်စင်စစ် ငါအရှင်မြတ်သည် မူစာထံသို့ ဝဟီဗျာဒိတ်တော်ချပေးတော်မူခဲ့သည်။ ငါအရှင်မြတ်၏ကျေးကျွန်များကို ညအချိန်တွင် ခေါ်ပြီး ထွက်သွားပါ။ ထို့နောက် သူတို့အဖို့ ပင်လယ်တွင် ခြောက်သွေ့သောလမ်းကို ပြုလုပ်လိုက်ပါ။ နောက်မှ လိုက်မီမှာကိုလည်း အသင်မကြောက်နှင့်။ နစ်မြုပ်မှာကိုလည်း မစိုးရိမ်လေနှင့်။ **၇၈။** ဖိရိုအောင်သည် မိမိ၏ စစ်တပ်များနှင့်တကွ သူတို့၏နောက်သို့ လိုက်လေသည်။ ထို့နောက်တွင် သူတို့အား ပင်လယ်မှရေများသည် လွှမ်းမိုးခဲ့သည့် အတိုင်းပင် လွှမ်းမိုးလိုက်လေတော့သည်။ **၇၉။** ဖိရိုအောင်သည် မိမိ၏မျိုးနွယ်များကို လမ်းလွဲအောင်ပြုလုပ်ခဲ့သည်။ သူသည် လမ်းမှန်ကို မပြသခဲ့ပေ။

၈၀။ အို-အစ္စရာအီလ်မျိုးနွယ်ဝင်အပေါင်းတို့၊ ငါအရှင်သည် အသင်တို့အား အသင်တို့၏ရန်သူထံမှ ကယ်တင်တော်မူခဲ့သည်။ ထို့ပြင် အသင်တို့အား တူးရ်တောင်၏ညာဘက်တွင် ချိန်းချက်တော်မူခဲ့သည်။ ထို့ပြင် အသင်တို့အပေါ်တွင် မန္နနှင့် စလ်ဝါကို ချပေးတော်မူခဲ့သည်။ **၈၁။** ငါအရှင် အသင်တို့အား ချီးမြှင့်တော်မူသည့် သန့်ပြန့်စင်ကြယ်သော စားနပ်ရိက္ခာများကို စားကြလေကုန်။ ထိုကိစ္စတွင် စည်းဘောင်မကျော်ကြလေနှင့်။ သို့မဟုတ်ပါက အသင်တို့အပေါ်တွင် ငါအရှင်၏အမျက်တော် ကျရောက်ပေလိမ့်မည်။ ငါအရှင်၏ အမျက်တော်သင့်သူသည် ပျက်စီးပြီသာဖြစ်သည်။ **၈၂။** မည်သူမဆို အမှားဝန်ချတောင်းပန်မည်၊ သက်ဝင်ယုံကြည်မည်၊ ကောင်းမှုသီလကျင့်ဆောင်မည်၊ တရားလမ်းမှန်ပေါ်တွင် လျှောက်လှမ်းမည်ဆိုလျှင် ဇကန်စင်စစ် ငါအရှင်သည် ထိုသို့သောသူအား အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည့်အရှင် ဖြစ်ပေသည်။

၈၃။ အို-မူစာ၊ အသင်၏ အမျိုးသားများကိုထားခဲ့ပြီး အလျင်အမြန်လာရအောင် အသင့်အား မည်သည့်အရာက လှုံ့ဆော်လိုက်ပါသနည်း။ **၈၄။** မူစာက လျှောက်တင်သည်။ သူတို့လည်း ကျွန်တော်မျိုး၏ နောက်တွင်ပင် လိုက်ပါခဲ့

ကြပါသည်။ အို-အရှင်၊ အရှင်မြတ် ကျေနပ်နှစ်သက်တော်မူရန်အတွက် ကျွန်တော်မျိုးသည် အရှင့်ထံသို့ အလျင်အမြန်လာခဲ့ခြင်း ဖြစ်ပါသည်။ **၈၅။** အရှင်မြတ်က မိန့်ကြားတော်မူသည်။ ဇကန်စင်စစ် ငါအရှင်မြတ်သည် အသင်၏နောက်တွင် အသင်၏အမျိုးသားများကို စမ်းသပ်မှုတစ်ခုထဲသို့ ကျရောက်စေတော်မူခဲ့သည်။ စာမိရီသည် သူတို့အား လမ်းလွဲအောင် လှုပ်လိုက်လေပြီ။

၈၆။ ထို့နောက် မူစာသည် မိမိ၏ အမျိုးသားများထံသို့ အမျက်ဒေါသထွက်ကာ ဝမ်းနည်းကြေကွဲလျက် ပြန်လာခဲ့လေသည်။ သူက ပြောလေသည်။ အို-ငါ၏ အမျိုးသားတို့၊ အသင်တို့၏အရှင်သခင်သည် အသင်တို့အား ကောင်းမြတ်သောကတိတော်တစ်ခု ပေးတော်မူခဲ့သည်မဟုတ်လော။ အသင်တို့ပေါ်တွင် အချိန်တော်တော် ရှည်လျားသွားခဲ့သလော၊ သို့မဟုတ် အသင်တို့၏အရှင်သခင်ထံတော်မှ အမျက်ဒေါသသည် အသင်တို့အပေါ်သို့ ကျရောက်လာရန် အလိုရှိသည့်အတွက် ကြောင့်ပင် ကျွန်ုပ်၏ကတိကို ဖောက်ဖျက်လိုက်ခြင်းလော။

၈၇။ သူတို့က ပြောခဲ့ကြသည်။ ကျွန်ုပ်တို့သည် အသင်နှင့်ထားရှိထားသော ကတိအား မိမိတို့သဘောဆန္ဒဖြင့် ဖောက်ဖျက်ခဲ့ကြသည်မဟုတ်ပါ။ စင်စစ်တွင် ကျွန်ုပ်တို့သည် ကိစ္စသို့လူမျိုးများ၏ လက်ဝတ်လက်စားများ ထမ်းရွက်စေခြင်းကို ခံခဲ့ကြရသည်။ သို့ရှိရာ ကျွန်ုပ်တို့သည် ထိုလက်ဝတ်လက်စားများကို ပစ်ချခဲ့ကြသည်။ ထိုနည်းအတိုင်းပင် စာမိရီလည်း ပစ်ချခဲ့သည်။ **၈၈။** ထို့နောက် ၎င်း စာမိရီသည် သူတို့အတွက် နွားအော်သံထွက်သည့် နွားငယ်လေးတစ်ကောင်၏ ပုံစံရှိသော ရုပ်တုတစ်ခုကို သွန်းလောင်းထုတ်ယူလာခဲ့လေသည်။ ထိုအခါ သူတို့က ပြောကြသည်။ ဤသည်ပင် အသင်တို့၏ ကိုးကွယ်ရာအရှင်၊ မူစာ၏ ကိုးကွယ်ရာအရှင် ဖြစ်သည်။ မူစာသည် ထိုအရှင်အား မေ့သွားခဲ့လေပြီ။ **၈၉။** သူတို့ မတွေ့မြင်ကြသလော။ ထိုနွားငယ်သည် သူတို့၏ မည်သည့်စကားကိုမျှလည်း မပြန်ကြားနိုင်။ သူတို့အဖို့ ဆိုးကျိုးလည်းမပြုနိုင်၊ ကောင်းကျိုးလည်းမပြုနိုင်ပေ။

၉၀။ ဇကန်စင်စစ် ဟာရွန်သည် သူတို့အား ယခင်က ပြောကြားခဲ့သည်။ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့သည် ထိုနွားငယ်၏ အကြောင်းခံဖြင့် လမ်းလွဲ

သွားကြပေပြီ။ အသင်တို့၏ အရှင်သခင်မှာ ရတ်မာန်-ကရုဏာတော်ရှင်သာ ဖြစ်ပေရာ ကျွန်ုပ်၏နောက်သို့ လိုက်ကြကုန်။ ကျွန်ုပ်၏ အမိန့်ကို နာခံကြကုန်။ **၉၁။** သူတို့က ပြောခဲ့ကြသည်။ မူစာသည် ကျွန်ုပ်တို့ထံသို့ ပြန်မလာမချင်း ကျွန်ုပ်တို့သည် ဤနွားရုပ်အား ကိုးကွယ်မှုပေါ်တွင်သာ နေနေကြမည်။

၉၂-၉၃။ မူစာက ပြောသည်။ အို-ဟာရွန်၊ အသင်သည် ၎င်းတို့ လမ်းမှား ခဲ့ကြသည်ကို တွေ့မြင်သောအခါ ငါ့နောက်သို့ လိုက်မလာရလေအောင် အသင့် အား မည်သည့်အရာက တားဆီးခဲ့ပါသနည်း။ ငါ့အမိန့်ကို အသင် ဇီဆန်တာလား။ **၉၄။** ဟာရွန်က ပြောသည်။ အို-ကျွန်ုပ်၏ မိခင်၏သား၊ ကျွန်ုပ်၏ မုတ်ဆိတ်နှင့် ကျွန်ုပ်၏ ဦးခေါင်းကို မဆွဲကိုင်ထားပါနှင့်။ အသင်သည် ကျွန်ုပ်အား "အသင်သည် ငါ့စကားကိုတောင် ဂရုမစိုက်ဘဲ အစ္စရာအီလ်မျိုးနွယ်ဝင်များကြားတွင် သွေးကွဲ အောင် ပြုလုပ်ခဲ့သည်"ဟု ပြောဆိုမည်ကို ကျွန်ုပ် စိုးရိမ်ခဲ့သည်။

၉၅။ မူစာက မေးသည်။ အို-စာမိရီ၊ အသင့်ကိစ္စက ဘယ်လိုဖြစ်တာလဲ။ **၉၆။** သူက ပြောသည်။ ကျွန်ုပ်သည် အခြားသူများ မမြင်တွေ့ခဲ့သောအရာကို တွေ့မြင်ခဲ့ပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် စေတမန်၏ ခြေရာမှ မြေကြီးလက်တစ် ဆုပ်ကို ယူခဲ့သည်။ ထို့နောက် ယင်းမြေကြီးကို ထိုနွားငယ်ရုပ်တုထဲသို့ ပစ်ထည့် လိုက်သည်။ ကျွန်ုပ်၏ စိတ်သည် ကျွန်ုပ်အား ဤအတိုင်းပင် ဖြားယောင်းခဲ့ပါသည်။ **၉၇။** မူစာက ပြောသည်။ အသင်ထွက်သွားပါ။ ယခု အသင့်အဖို့ ဘဝသက်တမ်းတစ် လျှောက်လုံးတွင် ကျွန်ုပ်ကိုမထိရ ဟူ၍ ပြောဆိုနေရခြင်းပင် ဖြစ်မည်။ ထို့ပြင် အသင့်အဖို့ နောက်ထပ် ကတိတစ်ခုလည်း ရှိသေးသည်။ ထိုကတိသည် အသင်နှင့် လုံးဝ လွဲလိမ့်မည်မဟုတ်။ အသင် အဆက်မပြတ်ကိုးကွယ်လျက်ရှိခဲ့သည့် အသင် ၏ ကိုးကွယ်ရာအရှင်ကို ကြည့်ပါ။ ငါသည် ၎င်းကို မုချမီးရှို့ပစ်မည်။ ထို့နောက် ၎င်းအား မြစ်ထဲတွင် သေချာပေါက်ကြဲပစ်မည်။ **၉၈။** အသင်တို့၏ ကိုးကွယ်ရာ အရှင်မှာ အလ္လာဟ်သာလျှင် ဖြစ်သည်။ ထိုအရှင်မြတ်မှအပ အခြားကိုးကွယ်ခံ ထိုက်သော အရှင် အလျှင်းမရှိ။ အရှင်မြတ်သည် အသိတော်ဖြင့် အရာခပ်သိမ်းကို လွှမ်းခြုံထားသည်။

၉၉။ ထိုနည်းအတိုင်းပင် ငါအရှင်သည် အသင့်အား ရေးလွန်လေပြီးသူများ၏ အကြောင်းအရာများကို ပြောပြတော်မူသည်။ စင်စစ် ငါအရှင်သည် အသင့်အား ငါအရှင့်ဝံတော်မှ ဆုံးမသြဝါဒတော်ကျမ်းကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ **၁၀၀။** မည်သူမဆို ထိုကျမ်းမှ မျက်နှာလွှဲခဲ့လျှင် သူသည် ကိယာမသ်နေ့တွင် ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်ရမည် ဖြစ်သည်။ **၁၀၁။** သူတို့သည် ထိုထဲတွင် အမြဲထာဝရ နေရမည်။ ထိုဝန်ထုပ်သည် ကိယာမသ်နေ့တွင် သူတို့အဖို့ အလွန်ဆိုးရွားသော ဝန်ထုပ် ဖြစ်လိမ့်မည်။ **၁၀၂။** ထိုနေ့တွင် တံပိုးခံရာကို မှုတ်ခြင်းခံရပေလိမ့်မည်။ ထို့နောက် ငါအရှင်သည် ကြောက်ရွံ့စိတ်ကြောင့် မျက်စိပြာနေသူများအဖြစ်နှင့် ရာဇဝတ်သားများကို စုရုံးစေတော်မူမည်။ **၁၀၃။** အသင်တို့သည် ဆယ်ရက်မျှသာ နေခဲ့ကြသည်ဟု သူတို့အချင်းချင်း တိုးတီးစွာ ပြောဆိုကြလိမ့်မည်။ **၁၀၄။** သူတို့ ပြောဆိုနေသည်များကို ငါအရှင် အသိဆုံးဖြစ်တော်မူသည်။ သူတို့အနက်က အသိဉာဏ် အရှိဆုံးသောသူက အသင်တို့သည် တစ်ရက်မျှသာ နေထိုင်ခဲ့သည်ဟု ပြောဆိုလိမ့်မည်။

၁၀၅။ သူတို့သည် အသင့်အား တောင်များနှင့်စပ်လျဉ်း၍ မေးမြန်းကြသည်။ အသင်ပြောလိုက်ပါ။ ကျွန်ုပ်၏အရှင်သခင်သည် ထိုတောင်များကို လုံးဝလွင့်ပျံသွား စေတော်မူပေမည်။ **၁၀၆။** ထို့နောက် မြေပထဝီကို ညီညာသော ဟင်းလင်းပြင်ကြီးအဖြစ် ကျန်ရစ်စေတော်မူမည်။ **၁၀၇။** ထိုမြေပထဝီတွင် အသင်သည် မည်သည့် ချိုင့်ဝှမ်းကိုမျှ တွေ့ရမည်မဟုတ်။ မည်သည့် ကုန်းမြင့်ကိုမျှလည်း တွေ့ရမည်မဟုတ်။ **၁၀၈။** ထိုနေ့တွင် အားလုံးသည် ဆင့်ခေါ်သူ၏နောက်သို့ ကွေ့ကောက်ခြင်းလုံးဝ မရှိဘဲ တန်းနေအောင် လိုက်ကြလိမ့်မည်။ ရဟ်မာန်-ကရုဏာတော်ရှင်၏ ရှေ့တော်မှောက်တွင် အသံအားလုံးသည် ငြိမ်သက်သွားလိမ့်မည်။ တိုးတိုးပြောသံမှအပ အခြားဘာကိုမျှ အသင်ကြားရလိမ့်မည်မဟုတ်။

၁၀၉။ ထိုနေ့တွင် ကြားဝင်အသနားခံပေးခြင်းသည် အကျိုးပေးလိမ့်မည်မဟုတ်။ သို့သော် ရဟ်မာန်ကရုဏာတော်ရှင်က ခွင့်ပြုပေးပြီး စကားပြောဆိုဖို့ နှစ်သက်ထားပြီးသောသူ၏ ကြားဝင်အသနားခံပေးခြင်းကသာ အကျိုးရှိလိမ့်မည်။

၁၁၀။ အရှင်မြတ်သည် အားလုံး၏ ရှေ့နောက် အခြေအနေ အလုံးစုံကို သိတော်မူသည်။ သို့ရာတွင် သူတို့သည် အရှင်မြတ်၏ ထိုအသိကို ဝန်းခြံ၍ မသိနိုင်ကြပေ။ **၁၁၁။** မျက်နှာအားလုံးသည် ထာဝရရှင်သန်နေတော်မူသော၊ အစဉ်အမြဲ တည်ရှိတော်မူသော အရှင်မြတ်၏ ရှေ့မှောက်တွင် ကိုင်းညွှတ်လျက် ရှိကြမည်။ မတရားမှုအကုသိုလ်ကို ထမ်းရွက်လာသူမှာမူ ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရမည်ဖြစ်သည်။ **၁၁၂။** သို့ရာတွင် မည်သူမဆို ယုံကြည်သူအဖြစ်နှင့် ကောင်းမှုသီလများကျင့်ဆောင်မည်ဆိုပါက ထိုသူသည် မည်သည့် အနိုင်ကျင့်မှုကိုမျှ စိုးရိမ်ရမည်မဟုတ်။ မည်သည့် လျော့နည်းစေခြင်းကိုမျှလည်း စိုးရိမ်ရမည်မဟုတ်။

၁၁၃။ ဤနည်းအတိုင်းပင် ငါအရှင်သည် ထိုကုရ်အာန်ကျမ်းဂန်ကို အရဗီဘာသာစကားအဖြစ်နှင့် ချပေးတော်မူခဲ့သည်။ ထို့ပြင် လူတို့ ကြောက်ရွံ့လာကြရန်နှင့် သူတို့၏စိတ်ထဲတွင် အသိတရား ဖြစ်ပေါ်စေရန် ငါအရှင်မြတ်သည် ယင်းကျမ်းထဲတွင် ခြိမ်းခြောက်မှုများကို နည်းအမျိုးမျိုးဖြင့် တင်ပြတော်မူခဲ့သည်။ **၁၁၄။** သို့ဖြစ်ရာ ဘုရင်အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်သည် မြင့်မြတ်လှတော်မူပါသည်။ အသင်သည် ကုရ်အာန်ကို လက်ခံရယူရာတွင် အသင့်ထံကျရောက်နေသော အရှင်မြတ်၏ ဝဟီဗျာဒိတ်တော် မပြီးပြည့်မီ အလျင်စလို မလုပ်လေနှင့်။ ထို့နောက် ဤသို့ ဆုမွန်တောင်းခံပါ။ အို-ကျွန်တော်မျိုး၏အရှင်သခင်၊ ကျွန်တော်မျိုးအား အသိပညာ တိုးပွားပေးတော်မူပါ။

၁၁၅။ ဇကန်စင်စစ် ငါအရှင်မြတ်သည် အာဒမ်ထံသို့ ယခင်က အမိန့်တော် ထုတ်ပြန်ခဲ့သော်လည်း သူသည် မေ့လျော့သွားခဲ့သည်။ ငါအရှင်သည် အာဒမ်တွင် ခိုင်မာသောဆုံးဖြတ်ချက်ကို မတွေ့ခဲ့ရပေ။ **၁၁၆။** တစ်ခါတွင် ငါအရှင်သည် ကောင်းကင်တမန်များအား သင်တို့သည် အာဒမ်ကို ဦးချကြလေကုန်ဟု မိန့်တော်မူခဲ့ရာ သူတို့က ဦးချခဲ့ကြသည်။ သို့သော် အိဗ်လီစ်သည် ငြင်းဆန်ခဲ့သည်။ **၁၁၈။** သို့ဖြစ်ရာ ငါအရှင်က မိန့်ကြားတော်မူခဲ့သည်။ အို-အာဒမ်၊ ဇကန်စင်စစ် ဤအိဗ်လီစ်သည် အသင်နှင့် အသင့်ဇနီး၏ ရန်သူဖြစ်လေရာ သူသည် အသင်တို့နှစ်ဦးအား ဂျန္နသ်သုခဘုံမှ ထွက်အောင်လုပ်သည့်အဖြစ်မျိုး လုံးဝ မဖြစ်စေနှင့်။

သို့ဖြစ်ခဲ့လျှင် အသင်သည် ကံဆိုးသွားပေလိမ့်မည်။

၁၁၈။ ယင်းသုခဘုံထဲတွင် အသင့်အဖို့ ဆာလောင်ခြင်းလည်း ရှိမည်မဟုတ်။ အဝတ်အစားမဲ့ရခြင်းလည်း ဖြစ်မည်မဟုတ်။ **၁၁၉။** ထိုထဲတွင် အသင်သည် ရေငတ်မည်လည်းမဟုတ်၊ နေပူလောင်မည်လည်းမဟုတ်။ **၁၂၀။** ထို့ နောက် ရှိုင်သွာန်သည် သူ့အား သွေးဆောင်ဖြားယောင်းပြီး ပြောလေသည်။ အို-အာဒမ်၊ ငါသည် အသင့်အား ထာဝရသစ်ပင်နှင့် ဘယ်တော့မှ ချည့်နဲ့ပျက်စီး သွားမည်မဟုတ်သော စိုးမိုးအုပ်ချုပ်မှုကို ညွှန်ပြရမည်လော။ **၁၂၁။** သို့နှင့် သူတို့ဇနီး မောင်နှံနှစ်ဦးသည် ထိုသစ်ပင်၏အသီးကို စားသုံးလိုက်သည်နှင့် သူတို့နှစ်ဦး၏ အရှက်များသည် သူတို့ရှေ့တွင် ပေါ်သွားလေတော့သည်။ သူတို့နှစ်ဦးသည် မိမိတို့ကိုယ်ကို ဂျန္နသ်သုခဘုံ၏ သစ်ရွက်များဖြင့် ဖုံးအုပ်ကြလေတော့သည်။ အာဒမ်သည် မိမိ၏ အရှင်သခင်၏အမိန့်ကို ဖီဆန်မိခဲ့လေရာ လမ်းလွဲခဲ့လေသည်။ **၁၂၂။** ထို့နောက် သူ၏အရှင်သခင်သည် သူ့အား ရွေးချယ်တော်မူခဲ့သည်။ သို့ဖြင့် သူ၏ ဝန်ချတောင်းပန်မှုကို လက်ခံတော်မူလိုက်ပြီး လမ်းမှန်ညွှန်ပြတော်မူခဲ့ သည်။

၁၂၃။ အရှင်မြတ်က မိန့်ကြားတော်မူသည်။ အသင်တို့နှစ်ဦးစလုံးသည် ဤနေရာမှ ဆင်းသွားကြလေကုန်။ အသင်တို့သည် တစ်ဦးနှင့်တစ်ဦး ရန်သူဖြစ်မည်။ အကယ်၍ အသင်တို့ထံသို့ အရှင့်ထံတော်မှ တရားလမ်းမှန်ရောက်လာလျှင် ငါအရှင်၏ တရားလမ်းမှန်နောက်သို့ လိုက်သူသည် လမ်းမှားလိမ့်မည် လည်းမဟုတ်ပေ။ ကံဆိုးမည်လည်း မဟုတ်ပေ။ **၁၂၄။** သို့သော် မည်သူမဆို ငါအရှင်၏ ဆုံးမဩဝါဒမှ မျက်နှာလွှဲခဲ့ပါမူ သူ့အဖို့ ကျပ်တည်းသောဘဝရှင်သန်မှု ရှိလိမ့်မည်။ ထို့ပြင် ကိယာမသံနေ့တွင် ငါအရှင်သည် သူ့အား မျက်မမြင်အဖြစ် ရှင်ပြန်ထစေတော်မူမည်။ **၁၂၅။** သူက လျှောက်တင်လိမ့်မည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးသည် မျက်စိမြင်သူတစ်ဦးဖြစ်ခဲ့ပါလျက် အဘယ်ကြောင့် ကျွန်တော်မျိုးအား မျက်မမြင်အဖြစ် ရှင်ပြန်ထစေတော်မူခဲ့ပါသနည်း။ **၁၂၆။** အရှင်မြတ်က မိန့်ကြားတော်မူမည်။ ဤနည်းအတိုင်းပင် အသင့်ထံသို့ ငါအရှင်၏ သက်သေလက္ခဏာတော်များ ရောက်လာခဲ့သောအခါက အသင်သည် ထိုသက်သေလက္ခဏာ

တော်များကို ဂရုမမူမေ့ပစ်ခဲ့သည်။ ထိုနည်းအတိုင်းပင် ယနေ့ အသင်လည်း ဂရုမမူမေ့ပစ်စေခြင်းကို ခံရမည်။ **၁၂၇။** စည်းဘောင်ကိုကျော်လွန်ပြီး မိမိ၏အရှင်သခင်၏ သက်သေလက္ခဏာတော်များကို မယုံကြည်ခဲ့သူကို ငါအရှင်သည် ဤနည်းအတိုင်းပင် အစားပေးတော်မူပေမည်။ ဇာနခ်စင်စစ် နောင်တမလွန်၏ ပြစ်ဒဏ်သည် ပို၍ ပြင်းထန်ပြီး၊ ပို၍ တည်မြဲပေသည်။

၁၂၈။ သူတို့ထက်အလျင်က မြောက်မြားစွာသော လူမျိုးများကို ငါအရှင် ဖျက်ဆီးပစ်တော်မူခဲ့ရာ သူတို့အား အသိတရားမရရှိစေပါသလော။ သူတို့သည် ၎င်းလူမျိုးတို့၏ မြို့ရွာများတွင် သွားလာနေလျက်ရှိသည်။ စင်စစ်တွင် ဆင်ခြင်တုံတရားရှိသူတို့အဖို့ ဤအချက်တွင် သက်လေလက္ခဏာများ မုချရှိပေသည်။

၁၂၉။ အကယ်၍သာ အသင့်အရှင်ထံတော်မှ အမိန့်တော်တစ်ရပ်သည် အလျင်ကတည်းက သတ်မှတ်ထားခဲ့ပြီးမဟုတ်ခဲ့ပါလျှင်၊ အချိန်ကာလတစ်ခုသည် သတ်မှတ်ထားပြီး မဟုတ်ခဲ့ပါလျှင် မုချ အဆုံးအဖြတ်ပြီးသွားလောက်ပေပြီ။ **၁၃၀။** သို့ဖြစ်ရာ အသင်သည် သူတို့ပြောဆိုကြသည်များကို သည်းခံပါ။ ထို့ပြင် နေမထွက်မီနှင့် နေမဝင်မီအချိန်များတွင် ချီးမွမ်းမှုနှင့်တကွ အသင့်အရှင်မြတ် သန့်ပြန်စင်ကြယ်ကြောင်းကို မြွက်ဟပါလေ။ ညဉ့်အချိန်များနှင့် နေ့၏အစွန်းများတွင်လည်း အရှင်မြတ် သန့်ပြန်စင်ကြယ်ကြောင်း မြွက်ဟပါလေ။ သို့ဖြစ်ရာ အသင်သည် (အရှင်မြတ်၏ချီးမြှင့်မှုဖြင့်)ကျေနပ်ကောင်း ကျေနပ်ပေလိမ့်မည်။

၁၃၁။ မယုံကြည်သူတို့အနက်မှ အချို့အုပ်စုများကို ငါအရှင် အကျိုးခံစားခွင့်ပေးထားသော အရာများဘက်သို့ အသင်သည် မျက်လုံးမော်၍ပင် မကြည့်လေနှင့်။ ထိုအရာများသည် လောကီဘဝ၏ပကာသနများသာ ဖြစ်ပြီး၊ ငါအရှင်သည် သူတို့အား စမ်းသပ်တော်မူရန်အတွက် ပေးထားခြင်း ဖြစ်သည်။ အသင့်အရှင်က ပေးသော ရိက္ခာသည်သာလျှင် ပိုကောင်းပြီး၊ ပိုတည်မြဲပေသည်။ **၁၃၂။** အသင်သည် စွလာသ်ဆောက်တည်ကြရန် မိမိ၏လူများအား အမိန့်ပေးပါလေ။ အသင်ကိုယ်တိုင်လည်း ထိုစွလာသ်အပေါ် မြဲမြံစွာ တည်တံ့၍ နေပါလေ။ ငါအရှင်သည်အသင့်ထံမှစားနပ်ရိက္ခာတစ်စုံတစ်ရာတောင်းခံတော်မူသည်မဟုတ်။

ငါအရှင်ကသာလျှင် အသင့်အား စားနပ်ရိက္ခာချီးမြှင့်တော်မူပေသည်။ အကောင်းဆုံးသောအကျိုးဆက်သည် အလွှာဟ်ကို ကြောက်ရွံ့ရိုသေ သူများအတွက်သာလျှင် ဖြစ်ပေသည်။

၁၃၃။ သူတို့က မုဟမ္မဒ်သည် သူ့အရှင်ထံတော်မှ သက်သေလက္ခဏာတော်တစ်ခုခုကို ငါတို့ထံ အဘယ်ကြောင့် မယူဆောင်လာပါသနည်းဟု ပြောဆိုခဲ့ကြသည်။ ဘာလဲ၊ ရှေးကျမ်းစာအုပ်များတွင်ရှိသော အထောက်အထား သည် သူတို့ထံသို့ မရောက်လာခဲ့ပါသလော။ **၁၃၄။** အကယ်၍ ငါအရှင်သည် သူတို့အား သည့်ထက်အလျင် ပြစ်ဒဏ်တစ်စုံတစ်ခုဖြင့် ဖျက်ဆီးပစ်တော်မူခဲ့ပါလျှင် သူတို့သည် မုချ ဤသို့ ပြောဆိုကြပေလိမ့်မည်။ အိုး-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့ထံသို့ တမန်တော်တစ်ပါးပါးကို အဘယ်ကြောင့် မစေလွှတ်ခဲ့ပါသနည်း။ သို့စေလွှတ်ခဲ့ပါလျှင် ကျွန်ုပ်တို့သည် ဂုဏ်သေးသိမ်၍ အရှက်တကွဲအကျိုးနည်း မဖြစ်ရမီအလျင် အရှင့် သက်သေလက္ခ ဏာတော်များကို လိုက်နာခဲ့ကြမည်သာ ဖြစ်သည်။ **၁၃၅။** အသင်ပြောလိုက်ပါ။ လူတိုင်းသည် စောင့်မျှော်နေသူများဖြစ်ကြပေရာ အသင်တို့လည်း စောင့်မျှော် နေကြပါ။ မည်သူသည် ဖြောင့်မတ်မှန်ကန်သောလမ်းရရှိခဲ့ကြသည်၊ မည်သူက တရားလမ်းမှန်ရရှိခဲ့သည်ကို အသင်တို့ များမကြမီ သိရပေလိမ့်မည်။

၂၁။ စူရတ် အန်ဝိယာအ်။

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

★ **၁။** လူသားတို့အား စစ်ဆေးရန် အချိန်ကာလသည် နီးကပ်၍လာခဲ့လေပြီ။ သူတို့သည် မျက်နှာလွှဲလျက် ပေါ့ဆမှုဌ်ပင် ရှိနေကြသည်။ **၂။** သူတို့၏အရှင်ထံမှ ဆုံးမဩဝါဒအသစ်တစ်ခုခု သူတို့ထံသို့ ရောက်ရှိလာလေတိုင်း သူတို့သည် ပြက်ရောပြောင်လှောင်၍သာ နားထောင်ကြသည်။ **၃။** သူတို့၏

စိတ်နလုံးများသည် မေ့မေ့လျော့လျော့ရှိနေကြသည်။ ယင်းမတရားကျူးလွန်သူတို့က ဤသူသည် အသင်တို့ကဲ့သို့ လူသားတစ်ဦးသာဖြစ်ပေရာ သင်တို့သည် သိသိကြီးနှင့် သူ၏စုန်း ပယောဂထဲသို့ ကျရောက်ကြပါမည်လောဟု တိုးတိုးတိတ်တိတ်ဖြင့် လှို့ဝှက်စွာ ပြောဆိုခဲ့ကြသည်။ **၄။** နဗီတမန်တော်က ပြောလေသည်။ ငါ့အရှင်သည် မိုးကောင်း ကင်တွင်ဖြစ်စေ၊ မြေပထဝီတွင်ဖြစ်စေ စကားရပ်တိုင်းကို သိတော်မူပေသည်။ စင်စစ် ထိုအရှင်သည် အကြင်းမဲ့ကြား တော်မူသော၊ အကြင်းမဲ့သိတော်မူသောအရှင် ဖြစ်သည်။

၅။ သို့သော်လည်း ၎င်းတို့က ထိုကုရ်အာန်ကျမ်းသည် ကယောင်ချောက်ချား မြင်မက်သောအိပ်မက်ဖြစ်သည်ဟု ပြောဆိုကြသည်။ ထိုမျှ မကသေး၊ ထိုကုရ်အာန်ကို မုဟမ္မဒ်က လုပ်ကြံဖန်တီးခဲ့သည်ဟု သူတို့ ပြောဆိုကြသည်။ ထိုမျှ မကသေး၊ သူသည် ကဗျာဆရာတစ်ဦးဖြစ်သည်ဟုလည်း ပြောဆိုကြသည်။ သူသည် ကျွန်ုပ်တို့ထံသို့ ရှေးယခင်က ရဏ္ဍလ်တမန်တော်များ စေလွှတ်ခြင်းခံခဲ့ရသကဲ့သို့ သက်သေလက္ခဏာတစ်ခုခုကို ယူဆောင်လာရလိမ့်မည်။ **၆။** သူတို့ထက် အလျင်က ငါအရှင် ဖျက်ဆီးပစ်တော်မူခဲ့သည့်မြို့ရွာသားတွေတောင် မယုံကြည်ခဲ့ကြသည် ဖြစ်ရာ သူတို့က ယုံကြည်ကြပါမည်လော။

၇။ ငါအရှင်သည် အသင့်ထက်အလျင်က မည်သည့်ရဏ္ဍလ်တမန်တော်ကိုမဆို လူသားများအနက်မှပင် စေလွှတ်တော်မူခဲ့ပြီး၊ သူတို့ထံသို့ ဝဟီဗျာဒိတ်တော် ချပေးတော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်တို့ မသိရှိကြပါလျှင် ကျမ်းရပုဂ္ဂိုလ်များအား မေးမြန်းကြည့်ကြကုန်။ **၈။** ထို့ပြင် ငါအရှင်သည် ထိုရဏ္ဍလ်တမန်တော်များကို အစားအစာ မစားသောက်သော ခန္ဓာကိုယ်များအဖြစ်လည်း မပြုလုပ်ခဲ့ပေ။ ထို့ပြင် သူတို့သည် အမြဲထာဝရနေရသူများလည်း မဖြစ်ခဲ့ကြပေ။ **၉။** ထို့နောက် ငါအရှင်သည် ထိုရဏ္ဍလ်တမန်များနှင့် ပြုထားတော်မူသောကတိကို တည်ခဲ့၍ သူတို့နှင့်တကွ ငါအရှင် အလိုတော်ရှိသူတို့အား ကယ်တင်တော်မူခဲ့ပြီး စည်းဘောင် ကျော်လွန်သူတို့ကို ဖျက်ဆီးပစ်တော်မူခဲ့သည်။

၁၀။ စင်စစ်ငါအရှင်သည်အသင်တို့အဖို့သတိပေးနှိုးဆော်ချက်ပါရှိသော

ကျမ်းဂန်တစ်ဆောင်ကို သင်တို့ထံ ချပေးသနားတော်မူခဲ့သည်။ သို့ပါလျက် အသင်တို့ မသိနားမလည်ကြလေသလော။ **၁၁။** မတရားကျူးလွန်သည့် မြောက်များစွာသော မြို့ရွာများကို ငါအရှင်သည် ဖျက်ဆီးပစ်တော်မူခဲ့သည်။ ထို့နောက်တွင် ငါအရှင်မြတ်သည် သူတို့၏နောက်တွင် အခြားသောမျိုးနွယ်များကို ပေါ်ထွန်းစေတော်မူခဲ့သည်။ **၁၂။** ယင်းမြို့ရွာသားတို့သည် ငါအရှင်၏ ပြစ်ဒဏ်ရောက်လာသည်ကို မြင်တွေ့ကြရသည့်အခါ ထိုပြစ်ဒဏ်မှ ထွက်ပြေးကြလေတော့သည်။ **၁၃။** အသင် တို့ ထွက်မပြေးကြလေနှင့်။ အသင်တို့သည် မိမိတို့၏ စည်းစိမ်များနှင့် နေအိမ်များ ဘက်သို့ ပြန်လာခဲ့ကြကုန်။ အသင်တို့သည် မေးမြန်းခြင်းခံရကောင်း ခံရပေလိမ့် မည်။ **၁၄။** ထိုအခါ ယင်းမြို့သားတို့က သြော်-ဖြစ်မှ ဖြစ်ရလေခြင်း၊ အမှန်စင်စစ် ငါတို့သည်သာ မတရားကျူးလွန်သူများ ဖြစ်ခဲ့ကြပါပေတကားဟု ပြောဆိုခဲ့ကြသည်။ **၁၅။** သူတို့သည် ထိုအတိုင်း ဟစ်အော်မြဲ ဟစ်အော်နေခဲ့ကြသည်။ နောက်ဆုံးတွင် ငါအရှင်သည် သူတို့အား ရိတ်သိမ်းလိုက်သောလယ်ပမာ၊ ငြိမ်းသတ်လိုက်သောမီးပမာ ပြုလုပ်တော်မူခဲ့သည်။

၁၆။ ငါအရှင်သည် မိုးကောင်းကင်နှင့် မြေပထဝီကိုလည်းကောင်း၊ ထိုနှစ်ခုကြားရှိ အရာခပ်သိမ်းကိုလည်းကောင်း ကစားစရာအဖြစ် ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ပေ။ **၁၇။** အကယ်၍သာ ငါအရှင်သည် ကစားစရာ ပြုလုပ်ရန် ဆန္ဒရှိတော်မူပါလျှင် ငါအရှင့်အထံတော်၌သာ မုချပြုလုပ်တော်မူမည် ဖြစ်သည်။ အကယ်၍ ငါအရှင် ထိုသို့ ပြုလုပ်တော်မူမည်ဆိုလျှင်ပေါ့။ **၁၈။** ထိုသို့မဟုတ်၊ စင်စစ်တွင် ငါအရှင်သည် အမှန်ကို အမှားအပေါ် ပစ်ပေါက်တော်မူရာ အမှန်သည် အမှား၏ဦးနှောက်ကို ထွက်သွားစေသဖြင့် အမှားသည် ရုတ်ချည်း ပပျောက်သွားလေတော့သည်။ အသင်တို့အဖို့ မိမိတို့၏ပြောစကားများကြောင့် ပျက်စီးခြင်းသာ ရှိပေသည်။

၁၉။ မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသူတို့ကို ထိုအရှင် မြတ်ပင် ပိုင်ဆိုင်တော်မူပေသည်။ ထိုအရှင့်ထံပါး၌ ရှိသူတို့သည် ထိုအရှင့်အား ခဝပ်ကိုးကွယ်ခြင်းမပြုလို၍ မာန်မာနမထောင်ကြပေ။ ငြီးငွေ့ခြင်းလည်းမရှိကြပေ။

၂၀။ သူတို့သည် နေ့ညဉ့်မပြတ် ထိုအရှင်၏သန့်ရှင်းစင်ကြယ်မှုကို မြွက်ဆိုနေလျက် ရှိကြသည်။ သူတို့သည် မောပန်း၍မသွားကြပေ။

၂၁။ သို့ပါလျက် ထိုမယုံကြည်သူတို့သည် မြေမှ ကိုးကွယ်ရာများ ပြုလုပ်ထားကြလေသလော။ ယင်းတို့သည် တစ်စုံတစ်ရာကို ရှင်စေနိုင်ပါသလော။ **၂၂။** အကယ်၍ ထို(မိုးနှင့်မြေ)နှစ်ခုတွင် အလွှာဟ်မှအပ အခြားသောကိုးကွယ်ရာ အရှင်များ ရှိခဲ့ပါလျှင် ထိုနှစ်ခုစလုံးသည် မှုချ ပျက်စီးသွားမည်သာဖြစ်သည်။ သို့ဖြစ်ရာ အရှရှိပလွှင်ကို စိုးပိုင်တော်မူသော၊ အလွှာဟ်သည် ၎င်းတို့ လုပ်ကြံစွပ်စွဲကြသည်တို့မှ သန့်ရှင်းစင်ကြယ်တော်မူပါသည်။ **၂၃။** ထိုအရှင်သည် မိမိပြုလုပ်သမျှ နှင့်စပ်လျဉ်း၍ မေးမြန်းခြင်း ခံရမည်မဟုတ်၊ သူတို့သာလျှင် မေးမြန်းခြင်းခံ ကြရပေမည်။

၂၄။ သို့ပါလျက်၎င်းတို့သည်ထိုအရှင်မှအပအခြားသောကိုးကွယ်ရာများ ပြုလုပ်ထားကြပါသလော။ အသင်ပြောလိုက်ပါ။ အသင်တို့၏ အထောက်အထားကို ယူလာကြလေကုန်။ ဤသည် ငါနှင့်အတူရှိသူတို့နှင့် ငါ့အလျင်ကရှိခဲ့ကြသူတို့၏ စကားပင်ဖြစ်သည်။ သို့သော်လည်း သူတို့အနက်မှ အများစုသည် အမှန်ကို မသိနားမလည်ကြပေ။ သူတို့သည် မျက်နှာ လွှဲ၍ပင် ရှိခဲ့ကြသည်။ **၂၅။** အသင့်အ လျင်က ငါအရှင် စေလွှတ်တော်မူခဲ့သော ရာဇူလ်တမန်တော်တိုင်းထံသို့ ငါအရှင် သည် ဤဝဟီဗျာဒိတ်တော်ကို ချပေးတော်မူခဲ့သည်ချည်းသာ ဖြစ်သည်။ ယင်းဗျာ ဒိတ်တော်မှာ ငါအရှင်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် မရှိ၊ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင့်ကိုသာ ခဝပ်ကိုးကွယ်ကြလေကုန်ဟူ၍ ဖြစ်သည်။

၂၆။ ရဟ်မာန်ကရုဏာတော်ရှင်သည် (ကောင်းကင်တမန်များကို) သားသမီးပြုလုပ်ထားတော်မူ သည်ဟု သူတို့က ပြောဆိုကြသည်။ ထိုအရှင်သည် သန့်ပြန့်စင်ကြယ်တော်မူပါသည်။ ထိုသို့အလျှင်းမဟုတ်။ (အမှန်မှာ ကောင်းကင် တမန်များသည်) မြင့်မြတ်သောအစေတော်များသာ ဖြစ်ကြပေသည်။ **၂၇။** ၎င်း ကောင်းကင်တမန်များသည်ထိုအရှင့်ရှေ့ကျော်၍စကားပြောဆိုနိုင်ကြသည်မဟုတ် ပေ။ ထို့ပြင် သူတို့သည် ထိုအရှင်၏အမိန့်တော်အတိုင်းသာလျှင် လုပ်ဆောင်လျက်

ရှိကြပေသည်။ **၂၈။** အလ္လာဟ်သည် ၎င်းတို့၏ ရှေ့နောက် အခြေအနေအားလုံးကို သိတော်မူပေသည်။ သူတို့သည် အလ္လာဟ် သဘောတူကျေနပ်သောသူမှအပ အခြားမည်သူ့အတွက်မျှ ကြားဝင်အသနားခံပေး ကြမည်မဟုတ်။ စင်စစ်တွင် ၎င်းတို့သည် ထိုအရှင်၏အရှိန်အဝါကြောင့် ကြောက်ရွံ့လျက်ရှိကြပေမည်။ **၂၉။** သူတို့အနက်မှ မည်သူမဆို ကျွန်ုပ်သည်လည်း ထိုအရှင်မြတ်အပြင် ကိုးကွယ်ရာအရှင်ဖြစ်သည်ဟု ပြောဆိုပါက ငါအရှင်သည် ထိုသူ့အား ဂျဟန္နမ်ငရဲဘုံ၏ပြစ်ဒဏ်ပေးတော်မူမည်။ မတရားကျူးလွန်သူများကို ငါအရှင်သည် ဤနည်းအတိုင်းပင် ပြစ်ဒဏ်ပေးတော်မူပေသည်။

၃၀။ ငြင်းပယ်သူတို့ မတွေ့မြင်ကြပါသလော။ မိုးကောင်းကင်များနှင့် မြေပထဝီသည် ပိတ်လျက်ရှိခဲ့သည်။ ထို့နောက် ငါအရှင်သည် ယင်းနှစ်ခုစလုံးကို ဖွင့်တော်မူလိုက်သည်။ ငါအရှင်သည် ရေဖြင့် သက်ရှိအရာအားလုံးကို ဖန်ဆင်းတော်မူခဲ့သည်။ သို့တစေလည်း သူတို့သည် မယုံကြည်ကြပါသလော။

၃၁။ မြေပထဝီသည် သူတို့နှင့်အတူ လှုပ်ခါယိမ်းယိုင်၍ မသွားစေရန် ငါအရှင်သည် ယင်းမြေပထဝီတွင် တောင်များကို ဖန်ဆင်းထားတော်မူသည်။ ထို့ပြင် လူတို့ လိုရာလမ်းသွားနိုင်ကြရန်အတွက် ထိုတောင်များတွင် ကျယ်ဝန်းသော လမ်းများ ပြုလုပ်ပေးတော်မူထားသည်။ **၃၂။** ထို့နောက် ငါအရှင်သည် မိုးကောင်းကင်အား လုံခြုံသောအမိုးအဖြစ် ပြုလုပ်ထားတော်မူသည်။ သို့တစေလည်း သူတို့သည် ထိုမိုးကောင်းကင်၏ သက်သေလက္ခဏာများမှ မျက်နှာလွှဲလျက် ရှိနေကြသည်။ **၃၃။** ည၌၊ နေ့နှင့် နေ၊လတို့ကို ဖန်ဆင်းတော်မူခဲ့သော အရှင်သည်လည်း ထိုအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ယင်းအရာအားလုံးတို့သည် ဂြိုဟ်နက္ခတ်လမ်း အသီးသီးတွင် လှည့်ပတ်သွားလာ လှုပ်ရှားနေလျက် ရှိကြပေသည်။

၃၄။ အသင့်အလျင်ကလည်း ငါအရှင်သည် မည်သည့်လူသားတစ်ဦးကိုမျှ ထာဝရရှင်သန်ခြင်းကို ပေးတော်မမူခဲ့ပေ။ အကယ်၍ အသင်တောင် သေဆုံးခဲ့ပါလျှင် သူတို့သည် ထာဝရနေကြရမည့်သူများ ဖြစ်ကြပါဦးမည်လော။ **၃၅။** သက်ရှိတိုင်းသည် သေခြင်း၏အရသာကို မြည်းစမ်းကြရလိမ့်မည်။ ငါအရှင်သည် အသင်

တို့အား ကောင်းသောအခြေအနေနှင့်ရော၊ မကောင်းသောအခြေအနေနှင့်ပါ ကြုံဆုံစေ၍ စမ်းသပ်တော်မူပေမည်။ သင်တို့အားလုံးသည် ငါအရှင့်ထံသို့သာ ပြန်လာကြရမည်။

၃၆။ ငြင်းပယ်သူတို့သည် အသင့်ကို တွေ့မြင်ကြသောအခါ အသင့်အား ပြောင်လှောင်စရာအဖြစ် ပြုလုပ်ခဲ့ကြသည်။ အသင်တို့၏ကိုးကွယ်ရာဘုရားများအကြောင်း ပြောဆိုနေသူမှာ ဤသူပင်လော။ အမှန်စင်စစ်တွင် ထိုသူတို့သည် ရဟ်မာန်ကရုဏာတော်ရှင်အကြောင်းပြောခြင်းကို ငြင်းဆန်သူများ ဖြစ်ကြသည်။

၃၇။ လူသားသည် အလျင်လိုသောဇီဇဖြင့် ဖန်ဆင်းထားခြင်း ခံရသည်။ ငါ၏လက္ခဏာတော်များကို သင်တို့အား ငါအရှင် များမကြာမီ ပြသတော်မူမည်။ သို့ဖြစ်ရာ သင်တို့သည် ငါ့ထံမှ အလျင်မလိုကြလေနှင့်။ **၃၈။** ထို့ပြင် ၎င်းတို့က အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများဖြစ်ကြပါလျှင် ဤကတိသည် ဘယ်တော့ရောက်လာမည်နည်းဟု ပြောဆိုကြသည်။ **၃၉။** ငြင်းပယ်သူများသည် မိမိတို့၏မျက်နှာများမှ လည်းကောင်း၊ မိမိတို့၏ နောက်ကျောများမှလည်းကောင်း ဝေးမီးအား ဖယ်ရှားနိုင်ကြလိမ့်မည်မဟုတ်သည့်အပြင် ဘာအကူအညီမှလည်း ရရှိကြလိမ့်မည်မဟုတ်သော အချိန်အကြောင်း သိကြလျှင် ကောင်းလေစွ။ **၄၀။** စင်စစ်တွင် ထိုဝေဝီများသည် သူတို့ထံသို့ ရုတ်တရက် ရှောင်တခင် ရောက်လာပြီး သူတို့အား တွေဝေသွားစေလိမ့်မည်။ ထိုအခါ သူတို့သည် ယင်းမီးကို တွန်းလှန်ဖယ်ရှားနိုင်လိမ့်မည်လည်းမဟုတ်။ ထို့ပြင် ဆိုင်းငံ့ခွင့်ကိုလည်း ရရှိကြလိမ့်မည်မဟုတ်။ **၄၁။** အသင့်ထက်အလျင်က ရစူလ်တမန်တော်များသည်လည်း လှောင်ပြောင်ခြင်းကို ခံခဲ့ကြရပြီးပြီ။ ထို့နောက် ယင်းရစူလ်တမန်တော်များအား လှောင်ပြောင်ခဲ့ကြသူများကို သူတို့ပြောင်လှောင်ခဲ့ကြသော အရာကပင် ဝိုင်းရံလိုက်လေတော့သည်။

၄၂။ အသင်ပြောကြားပါ။ နေ့နှင့်ညဥ့်တွင် အသင်တို့အား ရဟ်မာန်ကရုဏာတော်ရှင်(၏ပြစ်ဒဏ်ခတ်ခြင်း)မှ မည်သူက ကာကွယ်မည်နည်း။ အမှန်တွင် သူတို့သည် မိမိတို့၏အရှင်မြတ်ကို သတိရတာသခြင်းမှ မျက်နှာလွှဲနေ

ကြသည်။ **၄၃။** ငါအရှင့်အပြင် သူတို့အား ကာကွယ်စောင့်ရှောက်ပေးမည့် အခြားသောဘုရားများ ရှိကြပါသလား။ ထိုဘုရားများသည် မိမိတို့ကိုယ်တိုင်ကိုပင် ကူညီရန် မတတ်စွမ်းနိုင်ကြပေ။ ထို့ပြင် ငါအရှင်နှင့်ဆန့်ကျင်၍ တစ်ဦးတစ်ယောက်၏အကူအညီပေးခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။

၄၄။ အမှန်မှာ ငါအရှင်သည် သူတို့နှင့် သူတို့၏အဘ ဘိုးဘေးများအား လောကီစည်းစိမ်များ ပေးတော်မူခဲ့သည်။ အဘယ်မျှဟူမူ သူတို့သည် ထိုအခြေအနေ၌ပင် သက်တမ်းရှည်လျားသွားခဲ့လေသည်။ ငါအရှင်သည် မြေပထဝီကို သူ၏ဘေးပတ်လည်မှ ယုတ်လျော့အောင်ပြုလုပ်လာနေသည်ကို သူတို့မမြင်တွေ့ကြသလော။ ဘာလဲ၊ သူတို့သည် အောင်မြင်သူများ ဖြစ်ကြပါမည်လော။

၄၅။ အသင်ပြောလိုက်ပါ။ ငါသည် ဝဟီဗျာဒီတ်တော်ဖြင့် အသင်တို့အား သတိပေးနှိုးဆော်နေခြင်းမျှသာ ဖြစ်သည်။ နားပင်းသူများမှာမူ သတိပေးနှိုးဆော်ခြင်းခံကြရသည့်အခါ ဟစ်ခေါ်ခြင်းကိုပင် မကြားကြချေ။ **၄၆။** အကယ်၍ အသင့်အရှင်၏ ပြစ်ဒဏ်မှ အင်္ဂေ့အသက်လောက်ပင် သူတို့အား ထိသွားခဲ့ပါမူ သူတို့ကသြော်-ဖြစ်မှ ဖြစ်ရလေခြင်း၊ အမှန်စင်စစ် ကျွန်ုပ်တို့သည်သာ မတရားကျူးလွန်သူများ ဖြစ်ကြပါသည်ဟု မုချ ပြောဆိုကြပေလိမ့်မည်။

၄၇။ ငါအရှင်သည် ကိယာမသ်နေ့တွင် တရားမျှတသောချိန်ခွင်များထားရှိတော်မူမည်ဖြစ်ရာ မည်သူတစ်ဦးတစ်ယောက်မှ အနည်းငယ်စိုးစဉ်းမျှမတရားအလုပ်ခံရလိမ့်မည်မဟုတ်။ မုန်ညင်းစေ့တစ်စေ့ခန့်မျှလောက်ရှိသောလုပ်ရပ်ဖြစ်ပါစေ ငါအရှင်သည် ရှေ့မှောက်သို့ ယူဆောင်လာတော်မူမည်။ စာရင်းစစ်ဆေးရန်အတွက် ငါအရှင်သည်ပင် လုံလောက်ပေသည်။

၄၈။ ဇကနိစင်စစ် ငါအရှင်သည် မူစာနှင့် ဟာရွန်အား အမှားနှင့်အမှန်ခွဲခြားပေးသော၊ အလင်းရောင်ဖြစ်သော၊ ကြောက်ရွံ့သူများအဖို့ ဆုံးမသြဝါဒတစ်ရပ်ဖြစ်သော(သောင်ရသ်)ကျမ်းကို ချပေးသနားတော်မူခဲ့သည်။ **၄၉။** ထိုကြောက်ရွံ့သူတို့သည် မိမိတို့၏အရှင်အား မမြင်ရဘဲနှင့် ကြောက်ရွံ့ရိုသေကြသည်။ ထို့ပြင် ကိယာမသ်နေ့ကို ကြောက်ရွံ့ထိတ်လန့်ကြသည်။ **၅၀။** ဤကုရ်အာန်သည် ငါအရှင်

ချပေးတော်မူသော၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ဆုံးမသြဝါဒတော်ဖြစ်ပေသည်။ သို့တစေလည်း အသင်တို့သည် ယင်းဆုံးမသြဝါဒကို ငြင်းပယ်ကြသူများ ဖြစ်ကြဦးမည်လော။

၅၁။ ဇကာမုချ ငါအရှင်သည် အိဗ်ရာဟီမ်အား သည့်အလျင်က သူ၏ လမ်းမှန်တရားကို ချီးမြှင့်တော်မူခဲ့သည်။ ငါအရှင်သည် သူ့အကြောင်း ကောင်းစွာ သိတော်မူပေသည်။ **၅၂။** တစ်ခါတွင် သူက မိမိ၏ဖခင်နှင့် အမျိုးသားတို့အား အသင်တို့ စွဲမြဲစွာကိုးကွယ်နေသော ဤရုပ်တုတွေသည် အဘယ်အရာများနည်းဟု မေးမြန်းခဲ့သည်။ **၅၃။** ထိုအခါ ၎င်းတို့က ကျွန်ုပ်တို့သည် မိမိတို့၏ အဘဘိုးဘေးများက ဤရုပ်တုများကို ကိုးကွယ်လျက်ရှိခဲ့ကြသည်ကို တွေ့မြင်ခဲ့ကြသည်ဟု ဖြေကြားခဲ့ကြသည်။ **၅၄။** ထိုအခါ အိဗ်ရာဟီမ်က အသင်တို့ရော အသင်တို့၏ အဘဘိုးဘေးများပါ ထင်ရှားသော လမ်းလွဲမှုတွင် ရှိခဲ့ကြသည်ဟု ပြောဆိုခဲ့သည်။

၅၅။ သူတို့က ပြောကြသည်။ အသင်သည် ကျွန်ုပ်တို့ထံသို့ အမှန်တရားကို ယူဆောင်လာခဲ့သလော၊ သို့မဟုတ် ကျွန်ုပ်တို့အား ကျီစယ်နောက်ပြောင်နေပါသလော။ **၅၆။** အိဗ်ရာဟီမ်က ပြောသည်။ ထို့သို့မဟုတ်၊ စင်စစ်တွင် အသင်တို့၏အရှင်မှာ မိုးကောင်းကင်များနှင့် မြေထဝီကို ဖန်ဆင်းမွေးမြူသော အရှင်ဖြစ်တော်မူသည်။ ထိုအရှင်ကပင် ယင်းအရာများကို စတင်ဖန်ဆင်းတော်မူခဲ့သည်။ ကျွန်ုပ်သည် ဤအချက်အား သက်သေခံသူများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ **၅၇။** အလ္လာဟ်အား တိုင်တည်ပါသည်။ ငါသည် အသင်တို့ ပြန်သွားကြပြီးနောက် အသင်တို့၏ရုပ်တုများနှင့်စပ်လျဉ်း၍ အစီအမံတစ်ခု မုချပြုလုပ်မည်။ **၅၈။** ထို့နောက် သူသည် ယင်းရုပ်တုများအနက်မှ အကြီးဆုံးတစ်ခုကို ချန်လုပ်၍ ကျန်ရုပ်တုများကို အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် ပြုလုပ်လိုက်လေသည်။ အကြောင်းမှာ လူတို့သည် ထိုရုပ်တုအကြီးထံ လာရောက် စုံစမ်းမေးမြန်းကြရန်အတွက် ဖြစ်သည်။

၅၉။ လူတို့က မေးမြန်းကြလေသည်။ ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို မည်သူက ဤသို့ပြုလုပ်ခဲ့ပါသနည်း။ မုချထိုသူသည် မတရားကျူးလွန်သူတစ်ဦးသာ ဖြစ်ပေသည်။ **၆၀။** အချို့က ပြောကြသည်။ အိဗ်ရာဟီမ်ဟု ခေါ်တွင်သော လူငယ်

တစ်ဦးသည် ထိုဘုရားများအကြောင်း ဝေဖန်ပြောဆိုနေသည်ကို ကျွန်ုပ်တို့ ကြားခဲ့ပါသည်။ **၆၁။** ထိုအခါ ၎င်းတို့က ပြောကြသည်။ သို့ဖြစ်လျှင် သူ့အား လူအများရှေ့မှောက်သို့ အားလုံးကြည့်ရှုနိုင်ကြရန် ခေါ်ဆောင်လာကြပါ။ **၆၂။** ထို့နောက် ၎င်းတို့က မေးကြသည်။ အို-အိဗ်ရာဟင်မ်၊ ငါတို့၏ကိုးကွယ်ရာဘုရားများကို အသင်သည် ဤသို့ပြုလုပ်ခဲ့ပါသလော။ **၆၃။** အိဗ်ရာဟင်မ်က ဖြေကြားသည်။ တကယ်တော့ သူတို့အနက်မှ အကြီးဆုံးဖြစ်သော ဤရုပ်တုကသာ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ အကယ်၍ ထိုရုပ်တုများ စကားပြောတတ်ကြပါလျှင် သူတို့ကိုသာ မေးကြည့်လိုက်ကြပါ။

၆၄။ ထိုအခါ ၎င်းတို့သည် မိမိတို့ကိုယ်ကို ပြန်လည်တွေးတောစဉ်းစားခဲ့ကြပြီးနောက် စင်စစ်တွင် အသင်တို့သည်သာ အမှားကျူးလွန်ခဲ့ကြသူများဖြစ်ကြသည်ဟု အချင်းချင်း ပြောဆိုခဲ့ကြလေသည်။ **၆၅။** ထို့နောက် မိမိတို့၏ဦးခေါင်းများကို အောက်သို့စိုက်ချက် (အို-အိဗ်ရာဟင်မ်) ဤရုပ်တုများသည် စကားမပြောနိုင်သည်ကို အသင်အသိပင် ဖြစ်သည်(ဟုပြောကြလေသည်)။ **၆၆။** ထိုအခါ အိဗ်ရာဟင်မ်က ပြောသည်။ သို့ဆိုလျှင် အသင်တို့သည် အလွှာဟ်ကိုစွန့်၍ မိမိတို့အား ကောင်းကျိုး၊ ဆိုးကျိုး ဘာတစ်ခုမှ မပေးနိုင်သော အရာများကို ခဝပ်ကိုးကွယ်နေကြပါသလား။ **၆၇။** အသင်တို့အတွက်ရော၊ အလွှာဟ်ကို စွန့်၍ အသင်တို့ကိုးကွယ်နေကြသည့်အရာများအတွက်ပါ စိတ်ပျက်စရာကောင်းလိုက်လေခြင်း။ အသင်တို့သည် မသိနားမလည်ကြပါသလော။

၆၈။ ထိုအခါ ၎င်းအမျိုးသားတို့က အကယ်၍ အသင်တို့သည် တစ်စုံတရာ ပြုလုပ်ဖို့ရှိသည်ဆိုလျှင် သူ့အား မီးတင်ရှို့ပြီး သင်တို့၏ကိုးကွယ်ရာဘုရားများကို ကူညီလိုက်ကြကုန်ဟု ပြောဆိုခဲ့ကြသည်။ **၆၉။** ထိုအခါ ငါအရှင်မြတ်က အို-မီး၊ အသင်သည် အိဗ်ရာဟင်မ်အတွက် အေးမြစွာနှင့် သာယာစွာ ရှိလော့ဟု မိန့်ကြားတော်မူခဲ့သည်။ **၇၀။** သူတို့က အိဗ်ရာဟင်မ်နှင့်စပ်လျဉ်းပြီး မကောင်းသော အကြံအစည်ကို ကြံရွယ်ခဲ့ကြရာ ငါအရှင်သည် သူတို့၏အကြံအစည်ကို အထမမြောက်အောင် လုပ်တော်မူလိုက်သည်။

၇၁။ ထို့နောက် ငါအရှင်သည် ကမ္ဘာသူကမ္ဘာသားတို့အဖို့ ကျက်သရေမင်္ဂလာ ချီးမြှင့်ထားတော်မူသည့် နယ်မြေဘက်သို့ ထိုအိပ်ရာဟီမိန့် လူးသွင်တို့အား ကယ်တင်တော်မူခဲ့လေသည်။ **၇၂။** ထို့ပြင် ငါအရှင်သည် သူအား အိစ်ဟားက်(မည်သောသားတစ်ပါး)နှင့်ယအ်ကူးပ်ကို ချီးမြှင့်တော်မူခဲ့သည်။ တစ်ယောက်ချင်းကို သူတော်စင်များအဖြစ် ငါအရှင် ပြုလုပ်ပေးတော်မူခဲ့သည်။ **၇၃။** ငါအရှင်သည် သူတို့အား ငါအရှင်၏အမိန့်တော်ဖြင့် တရားလမ်းမှန် ညွှန်ပြသော ရှေ့ဆောင်ရှေ့ရပ်များအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်သည် သူတို့ထံသို့ ကောင်းမှုသီလများ ပွားများကြရန်၊ စွဲလာသ်ဆောက်တည်ကြရန်နှင့် ဇကားသ်ပေးဆောင်ကြရန် ဗျာဒိတ်တော်များ ထုတ်ပြန်ခဲ့သည်။ သူတို့သည် ငါအရှင့်ကိုသာ ခဝပ်ကိုးကွယ်သူများ ဖြစ်ခဲ့ကြပေသည်။

၇၄။ ငါအရှင်သည် လူးသွင်အား ဉာဏ်အမြော်အမြင်နှင့် အသိပညာချီးမြှင့်တော်မူခဲ့သည်။ ထို့ပြင် စက်ဆုပ်ရွံရှာဖွယ်ရာအမှုများကို ကျူးလွန်နေကြသည့် မြို့ရွာမှလည်း သူအား ကယ်တင်တော်မူခဲ့သည်။ ဇကန်စင်စစ် ၎င်းမြို့ရွာသားတို့သည် အလွန်ညစ်ညမ်းသောအမှုကို ကျူးလွန်လေ့ရှိခဲ့ကြသည်။ ထို့ပြင် အမိန့်ဖီဆန် ဆိုးယုတ်သူများ ဖြစ်ခဲ့ကြလေသည်။ **၇၅။** ထို့ပြင် ငါအရှင်သည် (လူးသွင်ကို) ငါအရှင်၏ ကရုဏာတော်အတွင်း ဝင်ရောက်စေတော်မူခဲ့သည်။ စင်စစ် သူသည် သူတော်စင်တို့အနက်မှ တစ်ဦးအပါအဝင် ဖြစ်လေသည်။

၇၆။ အသင်သည် နူးဟ်၏ အကြောင်းအရာကိုလည်း သတိရပါ။ သူသည် ထို့ထက်အလျင်ကပင် ဟစ်ခေါ် ပန်ကြား ခဲ့လေရာ ငါအရှင်သည် သူ၏ပန်ကြားချက်ကို လက်ခံတော်မူခဲ့သည်။ ထို့နောက် သူနှင့်သူ၏ဘက်တော်သားများကို ကြီးကျယ်သော ပူပန်သောကမှ ကယ်တင်တော် မူခဲ့သည်။ **၇၇။** ထို့ပြင် ငါအရှင်သည် နူးဟ်အား ငါအရှင်၏သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သော အမျိုးသားများမှ ကူညီစောင့်မတော်မူခဲ့သည်။ ဇကန်စင်စစ် သူတို့သည် အလွန်ဆိုးသွမ်းသော အမျိုးသားများဖြစ်ကြပေရာ ငါအရှင်သည် သူတို့အားလုံးကို နစ်မြုပ်စေတော်မူခဲ့သည်။

၇၈။ ထို့ပြင် အသင်းသည် ဒါဂူဒ်နှင့် စုလိုင်မာန်တို့၏ အကြောင်းအရာကိုလည်း သတိရပါ။ တစ်ခါတွင် သူတို့နှစ်ဦးသည် လယ်ယာနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ခဲ့ကြသည်။ ဖြစ်ပုံမှာ မျိုးနွယ်တစ်စု၏ ဆိတ်များသည် ယင်းလယ်၌ ညဉ့်အချိန် ဝင်ရောက်ဖျက်ဆီးခဲ့ကြသည်။ ငါအရှင်သည် သူတို့၏စီရင်ဆုံးဖြတ်မှုကို ရှုစားနေလျက် ရှိခဲ့ပေသည်။ **၇၉။** သို့ဖြစ်ရာ ငါအရှင်သည် စုလိုင်မာန်အား ယင်းအမှုကို သိနားလည်စေတော်မူခဲ့သည်။ နှစ်ဦးစလုံးကို ငါအရှင်သည် ဉာဏ်အမြော်အမြင်နှင့် အသိပညာ ချီးမြှင့်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်သည် တောင်များကို ဒါဂူဒ်၏သြဇာခံများအဖြစ် ပြုလုပ်ပေးတော်မူခဲ့ရာ ယင်းတောင်များသည် သူနှင့်အတူ သတ်စီဗိတ်ဘာဝနာ စီးဖြန်းလျက်ရှိကြသည်။ ထို့အတူ ၄င်းများအပေါ် လည်း သြဇာညောင်းစေတော်မူခဲ့သည်။ ထိုသို့ဖြစ်အောင် ငါအရှင် ပြုလုပ်တော်မူသည်။ **၈၀။** ထို့ပြင် ငါအရှင်သည် အသင်တို့ အကျိုးအတွက် ထိုဒါဂူဒ်အား စစ်ဝတ်စုံလုပ်နည်းအတတ်ကို သင်ကြားပေးတော်မူခဲ့သည်။ အကြောင်းမှာ ယင်းစစ်ဝတ်စုံများသည် အသင်တို့အား စစ်ပွဲတွင် ကာကွယ်ပေးနိုင်ရန်အတွက် ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ကျေးဇူးသိတတ်သူများ ဖြစ်ကြပါသလော။

၈၁။ ငါအရှင်သည် ပြင်းထန်စွာ တိုက်ခတ်သောလေကို စုလိုင်မာန်အား ထိန်းချုပ်ခွင့် ပေးတော်မူခဲ့သည်။ ယင်းလေသည် ငါအရှင်မြတ် ကျက်သရေမင်္ဂလာအဖြာဖြာ ခညောင်းစေတော်မူထားသော နယ်မြေသို့ သူအမိန့်ဖြင့် တိုတ်ခတ်သွားလာလေသည်။ အမှန်စင်စစ် ငါအရှင်သည် အရာခပ်သိမ်းကို သိတော်မူသောအရှင် ဖြစ်ပေသည်။ **၈၂။** ထို့ပြင် ငါအရှင်သည် ယင်းစုလိုင်မာန်ကို ရှိုင်သွာန်တို့အပေါ်တွင်လည်း သြဇာညောင်းစေတော်မူခဲ့သည်။ ယင်းရှိုင်သွာန်များ သည် သူအတွက် ပင်လယ်တွင် ရေငုပ်ပေးကြသည်။ အခြားသောအလုပ်များကိုလည်း ပြုလုပ်ပေးကြသည်။ ဇကန်စင်စစ် ငါအရှင်သည် ထိုရှိုင်သွာန်များကို ထိန်းသိမ်းထားတော်မူသည်။

၈၃။ ထို့ပြင် အသင်းသည် အိုင်ယူးဗ်၏ အကြောင်းအရာကိုလည်း သတိရပါ။ တစ်ခါတွင် သူက မိမိ၏အရှင်ထံတွင် ဟစ်ခေါ်၍ ဇကန်စင်စစ်

ကျွန်တော်မျိုးတွင် ရောဂါစွဲကပ်သွားပါပြီ၊ အရှင်မြတ်သည် သနားကြင်နာသူအားလုံး ထက် အသနားကြင်နာဆုံးသောအရှင် ဖြစ်တော်မူပါသည်ဟု ပန်ကြားခဲ့လေသည်။ **၈၄။** ငါအရှင်သည် သူ၏ပန်ကြားချက်ကို လက်ခံတော်မူခဲ့ပြီး သူ့မှာစွဲကပ်လျက် ရှိသော ဘေးဥပဒ်ရောဂါကို ပျောက်ကင်းစေတော်မူခဲ့သည်။ ထို့ပြင် သူ့အား သူ၏မိသားစုနှင့်အတူ နောက်ထပ်အလားတူကိုလည်း ချီးမြှင့်တော်မူခဲ့သည်။ ထိုသို့ပြုခြင်းမှာ ငါအရှင်မြတ်ဘက်တော်မှ ကရုဏာတော်ကြောင့်လည်းကောင်း၊ ခဝပ်ကိုးကွယ်မှုပြုသူတို့အဖို့ သတိသံဝေဂတရားတစ်ရပ် ဖြစ်စေဖို့လည်းကောင်း ဖြစ်ပေသည်။

၈၅။ ထို့ပြင် အသင်သည် အိစ္စမာအီးလ်၊ အိဒ်ရီးစ်နှင့် ဇွလ်ကိဖ်လ်တို့၏ အကြောင်းအရာကိုလည်း သတိရပါ။ သူတို့အားလုံးသည် ခွန်တရားထားရှိသူများ ထဲမှ ဖြစ်ကြပေသည်။ **၈၆။** ထို့ပြင် ငါအရှင်သည် သူတို့ကို ငါအရှင်၏ ကရုဏာတော် အတွင်း ဝင်ရောက်စေတော်မူခဲ့သည်။ အမှန်စင်စစ် သူတို့သည် ကောင်းမှုပွားများ သူများထဲမှ ဖြစ်ကြပေသည်။ **၈၇။** ထို့ပြင်အသင်သည် ငါးရှင်(ယူနွတ်စ်)၏ အကြောင်းအရာကိုလည်း သတိရပါ။ တစ်ခါတွင် သူသည် မိမိ၏အမျိုးသားများ အပေါ် အမျက်ဒေါသဖြစ်ကာ ထွက်သွားခဲ့လေသည်။ ငါအရှင်သည် သူ့ကို လုံးဝ ကိုင်တွယ်လိမ့်မည်မဟုတ်ဟု သူက ထင်မှတ်ခဲ့သည်။ ထို့နောက် သူသည် အမှောင် ထုများအတွင်း၌ ဤသို့ အသနားခံပန်ကြားခဲ့လေသည်။ အရှင်မြတ်မှအပ အခြား ခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိပါ၊ အရှင်မြတ်သည် သန့်ပြန်စင်ကြယ် တော်မူပါသည်၊ ဧကန်စင်စစ် ကျွန်တော်မျိုးသည်သာလျှင် အပြစ်ရှိသူ ဖြစ်ပါသည်။ **၈၈။** ထိုအခါ ငါအရှင်သည် သူ၏ပန်ကြားချက်ကို လက်ခံတော်မူခဲ့ပြီး သူ့အား ပူပန်သောကဖြစ်ခြင်းမှ ကယ်တင်တော်မူခဲ့သည်။ ဤနည်းအတိုင်းပင် ငါအရှင် သည် ယုံကြည်သူများကို ကယ်တင်တော်မူလေ့ရှိသည်။

၈၉။ ထို့ပြင် အသင်သည် ဇကရီယာ၏ အကြောင်းအရာကိုလည်း သတိရပါ။ တစ်ခါတွင် သူသည် မိမိ၏အရှင်အား ဟစ်ခေါ်၍ အို-ကျွန်တော်မျိုး ၏အရှင်၊ ကျွန်တော်မျိုးအား တစ်ဦးတည်းသာ စွန့်မထားပါနှင့်။ အရှင်မြတ်သည်

အကောင်းဆုံးသော အမွေစားအမွေခံ ဖြစ်ပါသည်ဟု ပန်ကြားခဲ့လေသည်။ **၉၀။** ထိုအခါ ငါအရှင်သည် သူ၏ပန်ကြားချက်ကို လက်ခံတော်မူခဲ့ပြီး သူ့အား ယဟ်ယာကို ချီးမြှင့်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်သည် သူ့အဖို့ သူ၏ဇနီးကြင်ရာကိုကောင်းမွန်အောင်ပြုပြင်ပေးတော်မူခဲ့သည်။ စင်စစ်တွင် သူတို့သည် ကောင်းမှုအလုပ်များတွင် အပြေးအလွှားပြုလုပ်လေ့ရှိကြသည်။ ထို့ပြင် ငါအရှင်မြတ်ကို မျှော်လင့်လျက်၊ ကြောက်ရွံ့လျက် ဟစ်ခေါ်တသကြသည်။ သူတို့သည် ငါအရှင့်ရှေ့တော်မှောက်တွင် ကျိုးနွံသူများလည်း ဖြစ်ကြပေသည်။

၉၁။ အသင်သည် အရှက်ဂုဏ်သိက္ခာကို စောင့်စည်းထိန်း သိမ်းခဲ့သော အမျိုးသမီး၏ အကြောင်းကိုလည်း သတိရပါ။ ငါအရှင်သည် ထိုအမျိုးသမီး ထဲတွင် မိမိထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့သည်။ ငါအရှင်သည် သူမနှင့် သူမ၏သားကို လောကသားများအဖို့ သက်သေလက္ခဏာတော်တစ်ရပ် အဖြစ် ပြုလုပ်တော်မူခဲ့သည်။

၉၂။ ဤအွမ္မသ်အုပ်စုသည် အသင်တို့၏ တစ်ခုတည်းသော အွမ္မသ် အုပ်စုဖြစ်ပြီး ငါအရှင်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်သည်။ သို့ဖြစ်ရာ သင်တို့သည် ငှဲ့ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ **၉၃။** ထို့နောက် သူတို့သည် မိမိတို့အချင်းချင်းပင် မိမိတို့၏သာသနာကို အစိတ်စိတ် အပိုင်းပိုင်း ပြုလုပ်ခဲ့ကြသည်။ အားလုံးသည် ငါအရှင့်ထံသို့သာ ပြန်လှည့်လာကြရမည့်သူများ ဖြစ်ကြသည်။ **၉၄။** သို့ဖြစ်ရာ မည်သူမဆို ယုံကြည်သူအဖြစ်နှင့် ကောင်းမှုများ ပွားများခဲ့မည်ဆိုပါက သူ၏ကြိုးစားအားထုတ်မှုသည် အသိအမှတ် မပြုဘဲ အလျှင်း ထားခြင်းခံရမည်မဟုတ်။ ငါအရှင်သည် ထိုကြိုးစားအားထုတ်မှုကို မုချ ရေးမှတ်ထားတော်မူသည်။

၉၅။ ငါအရှင် ဖျက်ဆီးပစ်လိုက်သော မြို့ရွာသားများသည် ပြန်လှည့်လာရန် လုံးဝ မဖြစ်နိုင်တော့ပေ။ **၉၆။** နောက်ဆုံးတွင် ယအ်ဂျူဂျ်နှင့် မအ်ဂျူဂျ်တို့ ပိတ်ဆို့ခံထားရသော အကာအဆီးသည် ဖွင့်ချခြင်းခံလိုက်ရသော အခါတွင် ထိုယအ်ဂျူဂျ်နှင့် မအ်ဂျူဂျ်တို့သည် ကုန်းမြင့်တိုင်းမှ အလျင်အမြန် ထွက်လာကြ

လိမ့်မည်။ **၉၇။** မှန်ကန်သောကတိတော်သည် နီးကပ်၍ လာသောအခါ ငြင်းပယ်ခဲ့ကြသောသူတို့၏ မျက်လုံးများသည် အပြူးသား ဖြစ်ကျန်နေလိမ့်မည်။ သြော်-ဖြစ်မှ ဖြစ်ရလေခြင်း။ ကျွန်ုပ်တို့သည် ဤနေ့ကို ဂရုမထားဘဲ မေ့လျော့နေခဲ့ကြသည်။ စင်စစ်တွင် ကျွန်ုပ်တို့သည်သာ မတရားကျူး လွန်သူများ ဖြစ်ခဲ့ကြသည်ဟု ပြောဆိုကြပေလိမ့်မည်။

၉၈။ ဧကန်မုချ အသင်တို့နှင့် အသင်တို့ ကိုးကွယ်နေကြသည့် အရာများ အားလုံးသည် ဂျဟန္နမ်ငရဲဘုံ၏ လောင်စာများ ဖြစ်ကြလိမ့်မည်။ အသင်တို့သည် ထိုငရဲဘုံသို့ ဆိုက်ရောက်ကြရမည့်သူများ ဖြစ်ကြပေသည်။ **၉၉။** အကယ်၍သာ ဤအရာတို့သည် ကိုးကွယ်ရာဘုရားအစစ်အမှန်များ ဖြစ်ကြပါလျှင် ထိုငရဲဘုံသို့ ဆိုက်ရောက်ကြမည်မဟုတ်ပေ။ (ကိုးကွယ်သူနှင့်ကိုးကွယ်ခံ) အားလုံးတို့သည် ထိုငရဲဘုံတွင် ထာဝရနေကြမည့်သူများ ဖြစ်ကြသည်။ **၁၀၀။** ထိုငရဲဘုံတွင် သူတို့အဖို့ အော်ဟစ်ညည်းညူခြင်းသာ ရှိပေမည်။ သူတို့သည် ယင်းငရဲဘုံတွင် ဘာကိုမျှ ကြားကြရလိမ့်မည် မဟုတ်ပေ။ **၁၀၁။** ဧကန်စင်စစ် ငါအရှင့်ထံတော်မှ အလျင်ကတည်းက သူတို့အတွက် ကောင်းခြင်းသတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည့်သူများမှာမူ ထိုငရဲ ဘုံမှ ကင်းဝေးစေခြင်းကို ခံကြရပေမည်။ **၁၀၂။** သူတို့သည် ယင်းငရဲဘုံ၏ လေသံကို သဲ့သဲ့မျှပင် ကြားကြရလိမ့်မည်မဟုတ်။ သူတို့သည် မိမိတို့စိတ်ကြိုက်စည်းစိမ်များတွင် အမြဲထာဝရ နေထိုင်ကြပေမည်။ **၁၀၃။** အကြီးကျယ်ဆုံး ထိတ်လန့်စရာကပင်လျှင် သူတို့ကို ပူပန်သောက ရောက်စေမည်မဟုတ်ပေ။ ကောင်းကင်တမန်များသည် သူတို့အား ဤသည် အသင်တို့ကို ချိန်းချက်ထားသည့် နေ့ပင်ဖြစ်သည်ဟု ပြောဆိုကာ ကြိုဆိုကြပေလိမ့်မည်။

၁၀၄။ ထိုနေ့တွင် ငါအရှင်သည် ရေးသားထားသောမှတ်တမ်းစာရွက်ကို လိပ်ခေါက်သကဲ့သို့ မိုးကောင်းကင်ကို လိပ်ခေါက်တော်မူမည်။ ငါအရှင်သည် ပထမအကြိမ်စတင်၍ ဖန်ဆင်းတော်မူခဲ့သကဲ့သို့ပင် ပြန်လည်ဖန်ဆင်း တော်မူမည်။ ဤသည် ငါ့အရှင့်ပေါ်၌ ကတိတော်ဖြစ်ပေရာ ငါအရှင်သည် ထိုကတိတော်အတိုင်း မုချပြုလုပ်တော်မူပေမည်။ **၁၀၅။** ဧကန်မုချ ငါအရှင်သည် ဇဗူးရ်ကျမ်းတွင်

ဆုံးမသြဝါဒပြီးနောက် ရေးသားတော်မူသည်မှာ မြေပထဝီကို ငါအရှင်၏ ကောင်းမြတ်သောအစေတော်များကသာ အမွေဆက်ခံကြရမည်ဟူ၍ ဖြစ်ပေသည်။ **၁၀၆။** အမှန်စင်စစ် ခဝပ်ကိုးကွယ်မှုပြုကြသောလူတို့အဖို့ ဤအချက်တွင် ကြီးမားသော သတင်းစကားတစ်ခု ရှိပေသည်။

၁၀၇။ ငါအရှင်သည် အသင့်ကို ကမ္ဘာသူကမ္ဘာသားတို့အဖို့ ကရုဏာတော် အဖြစ်နှင့်သာ စေလွှတ်တော်မူခဲ့ပေသည်။ **၁၀၈။** အသင်ပြောလိုက်ပါ။ အမှန်စင်စစ် အသင်တို့၏ကိုးကွယ်ရာ အရှင်သည် တစ်ပါးတည်းသောအရှင်သာလျှင် ဖြစ်ပေသည်ဟု ငါ့ထံသို့ ဝဟီဗျာဒိတ်တော် ချပေးခြင်းခံရသည်။ သို့ဖြစ်ရာ အသင်တို့သည် အမိန့်နာခံသူများ ဖြစ်ကြပါမည်လော။ **၁၀၉။** အကယ်၍ သူတို့ ကျောခိုင်းသွားကြပါမူ အသင်ပြောလိုက်ပါ။ ကျွန်ုပ်သည် အသင်တို့ကို တစ်ပြေးညီ အသိပေးကြေညာခဲ့ပြီးပြီ။ အသင်တို့အား ကတိပေးထားသည့် ကိစ္စ(ပြစ်ဒဏ်)သည် နီးသလား၊ သို့မဟုတ် ဝေးသလားဆိုသည်ကို ကျွန်ုပ်မသိရှိပါ။ **၁၁၀။** ဧကန်စင်စစ် ထိုအရှင်သည် ထင်ရှားသောစကားရပ်ကိုလည်း သိရှိတော်မူသည်။ အသင်တို့ ဖုံးကွယ်ထားသည့်စကားရပ်ကိုလည်း သိရှိတော်မူသည်။ **၁၁၁။** ကျွန်ုပ် အတိအကျမသိပါ။ ထိုသို့ဆိုင်းငံ့ထားပေးခြင်းသည် အသင်တို့အဖို့ စမ်းသပ်မှုတစ်ရပ်လည်း ဖြစ်နိုင်သည်၊ သို့မဟုတ် အကျိုးခံစားဖို့အတွက် အချိန်တစ်ခုအထိ ဆိုင်းငံ့ပေးထားခြင်းလည်း ဖြစ်နိုင်သည်။ **၁၁၂။** နဗီတမန်တော်က လျှောက်ထားပန်ကြားခဲ့သည်။ အို-ကျွန်တော်မျိုး၏အရှင်၊ မှန်ကန်စွာ စီရင်ဆုံးဖြတ်ပေးတော်မူပါ။ ကျွန်ုပ်တို့၏အရှင်သည် ရဟ်မာန် ကရုဏာတော်ရှင်ဖြစ်ပေသည်။ အသင်တို့ ပြောဆိုနေကြသည့် စကားရပ်များအပေါ်တွင်လည်း ထိုအရှင့်ကိုသာ ကျွန်ုပ်တို့အကူအညီတောင်းခံသည်။

၂၂။ စူရဟ် ဟရိ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အို-လူအပေါင်းတို့၊ အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အ
ရှင်မြတ်အား ကြောက်ရွံ့ရိုသေကြလေကုန်။ ဇကန်စင်စစ် ကိယာမသ်၏ ငလျင်လှုပ်
ခတ်မှုသည် အလွန်ကြီးကျယ်သည့် အရာပင်ဖြစ်သည်။ **၂။** ယင်းငလျင်လှုပ်ခတ်ခြင်း
ကို အသင်တို့တွေ့မြင်ကြသောနေ့တွင် နို့တိုက်မိခင်တိုင်းသည် မိမိ၏နို့စို့နေသော
ကလေးကို မေ့လျော့သွားပေမည်။ ကိုယ်ဝန်ဆောင်ထား သူတိုင်းသည် ကိုယ်ဝန်
လျော်ကျပေမည်။ လူတို့ မူးယစ်နေကြသည်ဟု အသင်တွေ့မြင်ရလိမ့်မည်။ သို့
သော် သူတို့သည် မူးယစ်နေကြသည် မဟုတ်ပေ။ အမှန်တကယ်တော့ အလ္လာဟ်၏
ပြစ်ဒဏ်သည် အလွန် ပြင်းထန်လှပေသည်။ **၃။** လူတို့အနက် အချို့သည် ဘာအသိ
ပညာမျှမရှိဘဲ အလ္လာဟ်နှင့် စပ်လျဉ်း၍ အငြင်းအခုံလုပ်ကြသည်။ ထို့နောက်သူ
သည် ဆိုးသွမ်းပုန်ကန်သော ရှိုင်သွန်တိုင်း၏နောက်သို့ လိုက်သွားလေသည်။ **၄။**
ထိုရှိုင်သွာန်နှင့်ပတ်သက်၍ ဤသို့သတ်မှတ် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ မည်သူ မဆို
ထိုရှိုင်သွာန်အား မိတ်ဆွေလုပ်ပါက သူသည် ၎င်းအား လမ်းလွဲအောင် လုပ်ပေမည်၊
ထို့ပြင် သူ့အား ဂျဟန္နမ်ဝဲရဲမီး၏ပြစ်ဒဏ်သို့ လမ်းပြလိမ့်မည်။

၅။ အို-လူသားတို့၊ အကယ်၍ အသင်တို့သည် ပြန်လည်ရှင်ထရမည့်ကိစ္စ
နှင့်စပ်လျဉ်း၍ ဒွိဟသံသယဖြစ်နေကြပါလျှင် (စဉ်းစားကြည့်ကြကုန်) ငါအရှင်
သည် အသင်တို့အား မြေကြီးမှ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက်တစ်ဖန်
သုက်ရည်ဖြင့်၊ တစ်ဖန် သွေးခဲဖြင့်၊ တစ်ဖန် အင်္ဂါစုံလင် ပုံကျသောအသားတုံးနှင့်
အင်္ဂါမစုံ ပုံမကျသောအသားတုံးဖြင့် အဆင့်ဆင့် ဖန်ဆင်းတော်မူခဲ့သည်။ ငါအရှင့်
တန်ခိုးတော်အား အသင်တို့ ရှေ့ဝယ်ထင်ရှားစေရန်အတွက် ဖြစ်သည်။ ထို့ပြင်
ငါအရှင်သည် သားအိမ်များတွင် ငါအရှင် အလိုတော်ရှိသည့်အရာကို သတ်မှတ်
ထားသည့်အချိန်ကာလတိုင်အောင် တည်စေတော်မူသည်။ ထို့နောက် ငါအရှင်
သည် အသင်တို့အား ကလေးသူငယ်အဖြစ် အပြင်ထွက်လာစေသည်။ ထို့နောက်

အသင်တို့သည် လူလားမြောက်သောအရွယ်သို့ ရောက်နိုင်ကြရန် (အသင်တို့ကို မွေးမြူတော်မူသည်။)အသင်တို့အနက်အချို့သည် အရွယ်မရောက်မီပင် ကွယ်လွန်သေဆုံးသွားသည်။ အချို့သည် အယုတ်ညံ့ဆုံးသော အသက်အရွယ်ထိ ပို့ဆောင်ခြင်းခံရသည်။ အကြောင်းမှာ သူသည် သိရှိပြီးနောက်မှ ဘာမျှ မသိတော့စေရန်အတွက် ဖြစ်ပေသည်။ မြေပထဝီသည် ခြောက်သွေ့လျက်ရှိသည်ကို အသင်တွေ့မြင်ရမည်။ ယင်းမြေကြီးအပေါ် ငါအရှင်သည် မိုးရေကို ရွာသွန်းစေတော်မူလိုက်သည့်အခါ ယင်းမြေသည် စိမ်းလန်းစိုပြည် လာလေသည်။ တိုးပွားဖောင်းကားလာသည်။ နှစ်မြို့စဖွယ်ကောင်းသော အသီးအနှံအမျိုးမျိုးကို ပေါက်ရောက်ပေးလေသည်။ **၆။** ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်သည်သာလျှင် စစ်မှန်တော်မူသော အရှင်ဖြစ်ခြင်း၊ သေသူများကို ရှင်စေတော်မူသော အရှင်ဖြစ်ခြင်း၊ အရာခပ်သိမ်းအပေါ် တတ်စွမ်းနိုင်တော်မူသောအရှင်ဖြစ်ခြင်းကြောင့် ဖြစ်ချေသည်။ **၇။** ထို့ပြင် ကိယာမသ်နေ့သည် ယုံမှားသံသယမရှိ မုချ ဆိုက်ရောက်လာမည့်အရာ ဖြစ်ခြင်းကြောင့်၊ အလ္လာဟ်သည် သင်္ချိုင်းအတွင်းမှ လူများကို ရှင်ပြန်ထစေတော်မူမည့်အရှင်ဖြစ်ကြောင့် ဖြစ်ချေသည်။

၈။ လူတို့တွင် မည်သည့်အသိပညာမျှလည်းမရှိ၊ မည်သည့်လမ်းမှန်တရားမျှလည်းမရှိ၊ မည်သည့်လင်းဝင်းထင်ရှားသော ကျမ်းဂန်မျှလည်းမရှိဘဲ အလ္လာဟ်နှင့်စပ်လျဉ်း၍ အငြင်းအခုံလုပ်သူအချို့လည်း ရှိကြသည်။ **၉။** မောက်မာပလွှားလျက် ဤသို့အငြင်းအခုံလုပ်ကြခြင်းမှာ လူတို့ကို အလ္လာ့ဟ်လမ်းတော်မှ လမ်းလွဲစေရန်အတွက် ဖြစ်သည်။ ထိုသို့သောသူအဖို့ လောကီဘဝတွင် သေးသိမ်မှုရှိပြီး ကိယာမသ်နေ့တွင်မူ ငါအရှင်သည် သူ့အား လောင်မြိုက်နေ သောမီး၏ ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည်။ **၁၀။** ဤသည် အသင့်လက်က ကြိုတင်ပို့ထားခဲ့သော မကောင်းမှုများကြောင့် ဖြစ်သည်။ ဧကန်စင်စစ် အလ္လာဟ်သည် မိမိ၏အစေတော်များကို မတရားလုပ်သောအရှင် မဟုတ်ပေ။

၁၁။ လူတို့တွင် အစွန်အဖျား၌ရပ်၍ အလ္လာ့ဟ်ကို ခဝပ်ကိုးကွယ်မှုပြုသူလည်း ရှိသည်။ သူ့ထံ ကောင်းကျိုးဆိုက်ရောက်လာသည်ရှိသော် ထိုခဝပ်မှုအပေါ် မြဲမြံစွာ ရပ်တည်နေလေသည်။ အကယ်၍ စမ်းသပ်မှုဒုက္ခတစ်စုံတစ်ရာနှင့် ကြုံလိုက်ရသည်ရှိသော် မျက်နှာလွှဲ၍သွားလေတော့သည်။ ထိုသူသည် လောကီ

ကိုရော၊ နောင်တမလွန်ကိုပါ လက်လွတ်ဆုံးရှုံးခဲ့လေပြီ။ ဤသည်ပင် ထင်ရှားသော ဆုံးရှုံးမှု ဖြစ်ပေသည်။

၁၂။ သူသည် အလ္လာဟ်ကို စွန့်၍ မိမိအား ဆိုးကျိုးလည်းမပေးနိုင်၊ ကောင်းကျိုးလည်း မပေးနိုင်သောအရာများကို ဟစ်ခေါ်တသနေသည်။ ဤသည်ပင် အဆုံးစွန်သောလမ်းမှားမှု ဖြစ်လေသည်။ **၁၃။** သူသည် ကောင်းကျိုးထက် ဆိုးကျိုးက ပို၍နီးစပ်သောအရာများကို ဟစ်ခေါ်နေခြင်းသာ ဖြစ်သည်။ ယင်းအကိုးကွယ်ခံသည် အဘယ်မျှ ဆိုးရွားသော ကြည့်ရှုစောင်မသူ၊ အဘယ်မျှ ဆိုးရွားသော မိတ်ဆွေဖြစ်လိုက်ပါဘိ။**၁၄။**ဇကန်စင်စစ်အလ္လာဟ်သည်အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုသီလပွားများကြသောသူများကို အောက်ဘက်မှ စမ်းရေချောင်းများစီးဝင်တွလျက်ရှိသော ဥယျာဉ်များအတွင်းသို့ ဝင်ရောက်စေတော်မူမည်။ ဇကန်စင်စစ် အလ္လာဟ်သည် မိမိအလိုတော်ရှိရာကို ပြုလုပ်တော်မူပေသည်။

၁၅။ မည်သူမဆို အလ္လာဟ်သည် သူ(မုဟမ္မဒ်)အား လောကီတွင်ရော၊ နောင်တမလွန်တွင်ပါ အကူအညီပေးလိမ့်မည်မဟုတ်ဟု ထင်မှတ်နေပါလျှင် သူသည် ကြိုးတစ်ချောင်းကို မိုးကောင်းကင်အထိ ဆန့်တန်းလိုက်ပါ။ ထို့နောက် ယင်းကြိုး(ဖြင့် ကောင်းကင်ပေါ်တက်၍ အကူအညီလာရာလမ်းကြောင်း)ကို ဖြတ်တောက်ပစ်လိုက်ပါ။ ထို့နောက် မိမိ၏ အကြံအစည်သည် မိမိ၏ အမျက်ဒေါသစိတ်တို့အား ပြေပျောက်သွားစေသလားဆိုသည်ကို ကြည့်ရှုပါလေ။ **၁၆။** ဤနည်းအတိုင်းပင် ငါအရှင်သည် ကုရ်အာန်ကျမ်းကို ရှင်းလင်းထင်ရှားသော သက်သေလက္ခဏာတော်များအဖြစ် ချပေးတော်မူခဲ့သည်။ ဇကန်စင်စစ် အလ္လာဟ်သည် မိမိအလိုတော်ရှိသူကို လမ်းမှန်တရား ညွှန်ပြတော်မူလေသည်။

၁၇။ မုဒ်မင်နှ်ဖြစ်စေ၊ ယဟူဒီဖြစ်စေ၊ စွာဓီဖြစ်စေ၊ နတ်စွဲရာနီဖြစ်စေ၊ မဂျူစီဖြစ်စေ၊ အလ္လာဟ်နှင့်အတူ အခြားအရာကို တွဲဖက်ကိုးကွယ်သူများဖြစ်စေ ၎င်းတို့အားလုံးကြားတွင် အလ္လာဟ်သည် ရှင်ပြန်ထကြရမည့်နေ့တွင် မုချ စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်သည်။ စင်စစ်ဇကန် အလ္လာဟ်သည် အရာအားလုံးအပေါ် သက်သေဖြစ်တော်မူသည်။

၁၈။ အသင်မတွေ့မြင်သလော။ မိုးကောင်းကင်များတွင် ရှိသူများ၊ မြေပထဝီတွင်ရှိသူများ၊ နေ လ ကြယ်တာရာများ၊ တောင်များ၊ သစ်ပင်များ၊

သက်ရှိသတ္တဝါများ၊ လူတို့အနက် များစွာသောသူများ၊ ပြစ်ဒဏ်ကျရောက်ရန် အတည်ဖြစ်ပြီးသူတို့ထဲမှ များစွာသော သူများသည် အလ္လာဟ်ကို ပျပ်ဝပ်ဦးချကြသည်။ မည်သူကိုမဆို အလ္လာဟ်သည် ဂုဏ်သိက္ခာကျအောင် လုပ်လိုက်ပါလျှင် ထိုသူ့အား ဂုဏ်တက်အောင်လုပ်နိုင်သူ မည်သူမျှ ရှိမည်မဟုတ် ပေ။ စင်စစ်ဧကန် အလ္လာဟ်သည် မိမိအလိုရှိတော်မူသည်ကို လုပ်ဆောင်တော်မူ ပေသည်။

၁၉။ ဤ(ယုံကြည်သူနှင့်သွေဖည်သူ) အုပ်စုနှစ်စုသည် မိမိတို့အရှင်နှင့် ပတ်သက်၍ အငြင်းအခုံပြုကြသည့် အုပ်စုနှစ်စုဖြစ်သည်။ သွေဖည်သူများ အတွက် မှာမူ မီးအကျီကို ဆင်ယင်ပေးခြင်းခံရမည်။ သူတို့၏ ဦးခေါင်းများပေါ်မှ အဆုံး အစွန် ပူလောင်သောရေကို လောင်းချခြင်းခံရမည်။ **၂၀။** ထိုရေကြောင့် သူတို့၏ ဝမ်းတွင်းက အစိတ်အပိုင်းများနှင့် သူတို့၏ သားရေများ အရည်ပျော်သွားပေလိမ့်မည်။ **၂၁။** ထို့ပြင် သူတို့အတွက် သံတုတ်ကြီးများ ရှိပေလိမ့်မည်။ သူတို့သည် နာကျင်မှုကြောင့် ထိုငရဲထဲမှ ထွက်ရန် ရည်ရွယ်သည့်အခါတိုင်း သူတို့ကို ထိုငရဲထဲ သို့ပင် ပြန်လည်ပို့ဆောင်ခြင်းခံရမည်။ သင်တို့သည် မီး၏ ပြစ်ဒဏ်ကို မြည်းစမ်းကြ ပေလော့။

၂၂။ ယုံကြည်ခြင်းသဒ္ဓါတရားထားပြီးလျှင် ကောင်းမှုများပွားများခဲ့သူ များကို အလ္လာဟ်သည် အောက်ခြေတွင် စမ်းချောင်းများ စီးဆင်းနေမည့် ဥယျာဉ် များသို့ ဝင်ရောက်စေတော်မူမည်။ ၎င်းတို့သည် ထိုထဲတွင် ရွှေလက်ကောက်များ၊ ပုလဲများ ဆင်မြန်းပေးခြင်း ခံရပေမည်။ ထိုထဲ၌ သူတို့၏ အဝတ်အထည်များမှာ ပိုးထည်များ ဖြစ်လိမ့်မည်။ **၂၄။** သူတို့သည် သန့်ပြန့်သော စကားတော်ဘက်သို့ လမ်းပြခြင်းခံခဲ့ကြရသည်။ ထို့ပြင် သူတို့သည် ချီးမွမ်းထောမနာခြင်း ခံထိုက်တော် မူသော အရှင်၏ လမ်းဘက်သို့ ပြသခြင်းကိုလည်း ခံခဲ့ကြရသည်။

၂၅။ သွေဖည်ငြင်းဆန်ပြီးလျှင် အလ္လာ့ဟ်လမ်းတော်မှလည်းကောင်း၊ အတွင်းမှာနေထိုင်သူဖြစ်စေ အပြင်ကလာသူဖြစ်စေ လူအားလုံးအတွက် ငါအရှင် မြတ်က တစ်ပြေးညီပြုလုပ်ထားတော်မူသော ထွတ်မြတ်သည့် ဗလီကျောင်းတော် မှလည်းကောင်း ပိတ်ဆို့တားဆီးသူတို့နှင့် ယင်းထွတ်မြတ်သည့် ဗလီကျောင်း

တော်တွင် မတရားသဖြင့် လွဲမှားသောတရားကို လိုလားသူတို့အား ငါအရှင်သည် နာကျင်ဖွယ်ပြစ်ဒဏ် ခတ်တော်မူမည်။

၂၆။ တစ်ခါတွင် ငါအရှင်မြတ်သည် အိဗ်ရာဟီးမ်ကို ထို(ကအ်ဗဟ်) ကျောင်းတော်၏ နေရာကို ပြသတော်မူခဲ့သည်။ (ထို့နောက် ဤသို့ ညွှန်ကြားတော်မူခဲ့သည်။) ငါအရှင်မြတ်နှင့်အတူ အခြားမည်သည့်အရာကိုမျှ တွဲဖက်မကိုးကွယ်လေနှင့်။ ထို့ပြင် သွဝါဖ်လှည့်ပတ်သူများ၊ ဆည်းကပ်မှုအတွက် မတ်တတ်ရပ်သူများ၊ ရုကူအ်ဦးညွှတ်သူများ၊ စဂ်ဒဟ်ဝပ်တွားသူများအတွက် ငါအရှင်၏ အိမ်တော်ကို သန့်ပြန့်အောင်ထားလော့။

၂၇။ ထို့ပြင် လူတို့တွင် ဟဂ်ျအတွက် ကြေညာလော့။ ၎င်းတို့သည် သင့်ထံသို့ ခြေကျင်လမ်းလျှောက်၍လည်းကောင်း၊ ဝေးလံသော လမ်းများမှ ခရီးထွက်လာရသော(ကြောင့်) ပိန်လှီသွားပြီဖြစ်သည့် ကုလားအုတ်များ ဖြင့်လည်းကောင်း လာကြမည်။ **၂၈။** အကြောင်းမှာ သူတို့အတွက် အကျိုးရှိသည့် နေရာများတွင် ပါဝင်ရောက်ရှိရန်နှင့် သတ်မှတ်ထားသော ရက်များတွင် သူတို့အား အရှင်မြတ်ပေးထားသော ခြေလေးချောင်းတိရစ္ဆာန်များပေါ်တွင် အလ္လာဟ်၏နာမတော်ကို တသ(၍ လှီးဖြတ်) ကြရန်ဖြစ်သည်။ သို့ရှိရာ သင်တို့လည်း ထိုသားကောင်များထဲမှ စားကြကုန်။ သူဆင်းရဲများကိုလည်း ကျွေးမွေးကြကုန်။ **၂၉။** ထို့နောက် (ဟဂ်ျလုပ်) သူတို့သည် မိမိတို့၏ အညစ်အကြေးများကို သုတ်သင်ရှင်းလင်းရပေမည်။ ထို့နောက် မိမိတို့၏ အဓိဋ္ဌာန်များကို ဖြည့်စွက်ရပေမည်။ ထို့ပြင် ရှေးကျသော အိမ်တော် ကြီးကို လှည့်ပတ်သွဝါးဖ်လုပ်ရပေမည်။

၃၀။ ဤအချက်များကို နှလုံးသွင်းကြလေကုန်။ ထို့ပြင် အကြင်သူသည် အလ္လာဟ်က အထွတ်အမြတ်ထားရမည်ဟု သတ်မှတ်ထားသော အရာများကို လေးစားပါလျှင်ဤသည်၎င်း၏အရှင်မြတ်ထံပါးတွင်လွန်စွာကောင်းမွန်လှပေသည်။ ထို့ပြင် အသင်တို့အပေါ် ဖတ်ကြားပြထားသော တိရစ္ဆာန်များမှအပ ကျန်တိရစ္ဆာန်များသည် သင်တို့အဖို့ ခွင့်ပြုချက်ပေးထားပြီး ဖြစ်သည်။ သို့ရှိရာ ရုပ်တုဆင်းတုများ၏ ညစ်ညမ်းမှုမှ ရှောင်ကြဉ်ကြကုန်။ ထို့ပြင် မုသားစကားကို ရှောင်ကြဉ်ကြကုန်။

၃၀။ အလ္လာဟ်ဘက်သို့သာ တစ်စိတ်တစ်လက်တည်းဖြင့် ဦးတည်၍ နေကြကုန်။ အရှင်မြတ်နှင့်အတူ မည်သည့်အရာကိုမျှ တွဲဖက်မကိုးကွယ်ကြလေနှင့်။ မည်သူမဆို အလ္လာဟ်နှင့်အတူ အခြားအရာကို တွဲဖက်ကိုးကွယ်ခဲ့ပါမူ ထိုသူသည် မိုးပေါ်မှ ပြုပ်ကျသွားသူတစ်ဦးနှင့် တူပေသည်။ ထို့နောက်တွင်တော့ ငှက်များက သူ့ကို ထိုးဆိတ်သုတ်ယူသွားပေမည်။ သို့မဟုတ် လေက ၎င်းကို ဝေးလံသော နေရာတစ်ခုသို့ တိုက်ခတ်လွှင့်ပစ်လိုက်ပေမည်။

၃၂။ ထိုအချက်များအားလုံးကို သတိမူကြကုန်။ မည်သူမဆို အလ္လာဟ် သတ်မှတ်ထားသော အထိမ်းအမှတ်တော်များကို လေးစားပါမူ ယင်းသည် စိတ်နလုံးထဲမှ အလ္လာဟ်၏ အကြောက်တရားကြောင့်ပင် ဖြစ်သည်။ **၃၃။** သင်တို့သည် သတ်မှတ်ထားသော အချိန်ကာလတစ်ခုထိ ယင်း(တိရစ္ဆာန်များထဲ) မှ အကျိုးအမြတ်ရယူနိုင်ပေသည်။ ထို့နောက် ယင်းတိရစ္ဆာန်များကို ဂိုဒ်းဖြတ်ရန် ထိုရှေးဟောင်းအိမ်တော်(ကအ်ဗဟ်၏ ပရဝဏ်)သို့ ယူဆောင်သွားရမည်။

၃၄။ ငါအရှင်မြတ်သည် အုပ်စုတိုင်းအတွက် သားကောင်လိုးဖြတ်ခြင်းအမိန့်ကို ပညတ်တော်မူခဲ့သည်။ အကြောင်းမှာ ၎င်းတို့အား ပေးထားသည့် သိုးဆိတ် ကျွဲနွားသတ္တဝါများပေါ်တွင် အလ္လာဟ်၏ နာမတော်ကို တသကြွရန် ဖြစ်သည်။ သို့ဖြစ်ရာ သင်တို့ကိုးကွယ်ရမည့် အရှင်မှာ တစ်ပါးတည်းသောအရှင် ဖြစ်သည်။ ထိုအရှင်မြတ်ကိုသာ နာခံကြကုန်။ ထို့နောက် အလ္လာဟ်အတွက် ကျိုးနှံမှုထားသူများကို သတင်းကောင်းပေးပါလေ။ **၃၅။** သူတို့၏ရှေ့တွင် အလ္လာဟ်ကို တသခြင်းခံရသောအခါ သူတို့၏နှလုံးများအပေါ်တွင် ကြောက်စိတ်လွှမ်းမိုးသွားပေသည်။ ထို့ပြင် သူတို့သည် ကြုံလာသောဒုက္ခပေါ်တွင် သည်းခံကြသည်။ စွလားသ်ဝတ်ပြုကြသည်။ သူတို့အား ငါအရှင် ချီးမြှင့်ထားသည်များထဲမှလည်း လှူဒါန်းကြသည်။

၃၆။ လိုးဖြတ်ရန် ကုလားအုတ်၊ ကျွဲ၊ နွားများကို ငါအရှင်မြတ်က သင်တို့အဖို့ အလ္လာဟ်၏ အထိမ်းအမှတ်တော်များတွင် သတ်မှတ်တော်မူခဲ့သည်။ သင်တို့အတွက် ယင်းထဲတွင် ကောင်းခြင်းရှိသည်။ ထိုသားကောင်များကို စီတန်းထား

သောအခါတွင် ယင်းတို့အပေါ်၌ အလ္လာဟ်ကို တသကြကုန်။ (လိုးဖြတ်ပြီးနောက်) နံဘေးသည် မြေပေါ်သို့ ကျသွားလျှင် ယင်းသားကောင်မှ ကိုယ်တိုင်လည်း (အသား) စားကြကုန်။ မတောင်းဘဲနေသော သူဆင်းရဲနှင့် တောင်းရမ်းသောသူ ဆင်းရဲများကိုလည်း ကျွေးမွေးကြကုန်။ သင်တို့ ကျေးဇူးသိတတ်ကြဖို့အတွက် ငါအရှင်မြတ်သည် ထိုတိရစ္ဆာန်များကို ဤနည်းအတိုင်း သင်တို့လက်အောက်တွင် နာခံစေခဲ့သည်။ **၃၇။** အလ္လာဟ်ထံပါးသို့ ထိုသားကောင်များ၏ အသားသည် လည်းကောင်း၊ သွေးသည်လည်းကောင်း လုံးဝ မရောက်ပေ။ သို့သော် သင်တို့ထံမှ အလ္လာဟ်ကို ကြောက်ခြင်းတည်းဟူသော သက္ကဝါတရားသာလျှင် အရှင်မြတ် ထံသို့ ရောက်ရှိပေသည်။ ဤနည်းအတိုင်း အရှင်မြတ်က ထိုတိရစ္ဆာန်များကို သင်တို့လက်အောက်တွင် နာခံစေခဲ့သည်။ အကြောင်းမှာ သင်တို့အား လမ်းပြ သတော်မူခဲ့သည့်အပေါ် သင်တို့က အလ္လာဟ်ကြီးကျယ်တော်မူကြောင်း ရွတ်ဆို တသကြရန်အတွက် ဖြစ်သည်။ ထို့ပြင် သင်သည် ကောင်းမှုကုသိုလ် ကျင့်မူသူများ အား သတင်းကောင်းပေးပါလေ။

၃၈။ ဇကန်စင်စစ် အလ္လာဟ်သည် ယုံကြည်သူများအား ကာကွယ်ပေး တော်မူသည်။ အလ္လာဟ်သည် သစ္စာဖောက်သူတိုင်း၊ ကျေးဇူးကန်းသူတိုင်းကို နှစ်သက်တော်မမူပေ။ **၃၉။** တိုက်ခိုက်ခြင်းခံရသူများသည် (ပြန်လည်ခုခံတိုက်ရန် အတွက်) ခွင့်ပြုချက်ရသွားပေပြီ။ အကြောင်းမှာ သူတို့သည် မတရားပြုကျင့်ခြင်း ခံခဲ့ရသည်။ စင်စစ်ဇကာ် အလ္လာဟ်သည် ၎င်းတို့အား ကူညီတော်မူရန် မုချ တတ်စွမ်းနိုင်တော်မူသည်။ **၄၀။** ၎င်းတို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူရှင်မှာ အလ္လာဟ်ဖြစ်သည်ဟု ပြောခြင်းကြောင့်ပင်လျှင် မိမိတို့နေအိမ်များမှ မတရားသဖြင့် နှင်ထုတ်ခြင်းခံခဲ့ရသည်။ အကယ်၍ အလ္လာဟ်သည် လူတို့အား တစ်ဦးကို တစ်ဦး ဖြင့် တွန်းလှန်တော်မူခြင်း မရှိလျှင် တရားအားထုတ်ရာဌာနများ၊ ခရစ်ယာန် ဝတ်ပြုကျောင်းများ၊ ဂျူးဝတ်ပြုကျောင်းများနှင့် အလ္လာဟ်ကို များစွာ တသလျက်ရှိ သော ဗလီဝတ်ကျောင်းများသည် မုချ ဖြိုဖျက်ခြင်းခံရမည် ဖြစ်သည်။ အလ္လာဟ် သည် မိမိ(၏)သာသနာ) အား ကူညီသူကို မုချ ကူညီတော်မူသည်။ ဇကန်စင်စစ်

အလ္လာဟ်သည် အလွန်အင်အားကြီးတော်မူသော၊ နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်ဖြစ်ပေသည်။

၄၁။ အကယ်၍ ငါအရှင်မြတ်သည် ၎င်းတို့အား ကမ္ဘာပေါ်တွင် အုပ်ချုပ်မှုအာဏာ ပေးတော်မူလိုက်လျှင် သူတို့သည် စွက်လားသ်ဆောက်တည်ကြမည်။ ဇကာသ် ဒါနကြေးပေးလှူကြမည်။ ထို့ပြင် ကောင်းရာကို အမိန့်ပေး၍ မကောင်းရာမှ တားမြစ်ကြမည်။ ကိစ္စတိုင်း၏ အချုပ်နိဂုံးသည် အလ္လာဟ်၏ ပိုင်စိုးမှုအောက်တွင်သာ ရှိသည်။

၄၂။ (အိုး-တမန်တော်) အကယ်၍ သူတို့သည် အသင့်အား မဟုတ်မမှန်ဟု ငြင်းပယ်ကြလျှင် သူတို့မတိုင်ခင်က နူးဟ်၏ အမျိုးသားများ၊ အားဒ်အမျိုးသားများနှင့် ဆမူးဒ်အမျိုးသားများကလည်း (မိမိတို့တမန်တော်များကို) မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြပေသည်။ **၄၃။** ထို့ပြင် အိဗ်ရာဟီး၏ အမျိုးသားများ၊ လူးဋ်၏ အမျိုးသားများ **၄၄။** ၎င်းနောက် မဒ်ယန်မြို့သားများသည်လည်း (ငြင်းပယ်ခဲ့ကြသည်။) မူစာသည်လည်း မဟုတ်မမှန်ဟု ငြင်းဆိုခြင်းခံခဲ့ရသည်။ ထို့နောက် ငါအရှင်မြတ်သည် သွေဖည်သူများကို (အပြစ်ပေးခြင်းမှ) ရွှေ့ဆိုင်းထားတော်မူလိုက်သည်။ ပြီးနောက်သော်မှ၎င်းတို့ကို ငါအရှင်ကဖမ်းဆီးကွပ်မျက်တော်မူခဲ့သည်။ သို့ရှိရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် မည်သို့ရှိခဲ့သနည်း။

၄၅။ ငါအရှင်မြတ်သည် ရွာပေါင်းအမြောက်အများကို ၎င်းတို့ မတရားကျူးလွန်နေခိုက် ဖျက်ဆီးတော်မူခဲ့သည်။ သို့ရှိရာ ထိုရွာများသည် အမိုးပေါ် ပြိုး၍ ကျနေခဲ့သည်။ မြောက်မြားစွာသော ရေတွင်းများသည် ပျက်စီးယိုယွင်းနေလျက်ရှိပေသည်။ ခိုင်ခံ့သောနန်းတော်ကြီးများသည်လည်း (လူသူကင်းမဲ့ ပျက်စီးလျက်ရှိနေသည်။) **၄၆။** ဤသူတို့သည် နားလည်နိုင်သော စိတ်နလုံးများ ရရှိရန် သို့မဟုတ် ကြားနိုင်သော နားများရရှိရန် မြေပထဝီတွင် လှည့်ပတ်ကြည့်ရှုခြင်း မပြုကြလေသလော။ အမှန်မှာ မျက်စိများက ကန်းကြသည်မဟုတ်၊ ရင်ဘတ်ထဲတွင် ရှိသော စိတ်နလုံးများကသာ ကန်းနေကြခြင်း ဖြစ်သည်။

၄၇။ ဤသူတို့သည် ပြစ်ဒဏ်ကို အဆောတလျင် ချပေးရန် သင့်ထံတွင်

တောင်းဆိုနေကြသည်။ အမှန်တွင် အလ္လာဟ်သည် မိမိကတိတော်ကို လုံးဝ ဖောက်ဖျက်တော်မူမည်မဟုတ်။ အသင့်အရှင်မြတ်ထံတွင် တစ်ရက်တာကာလ သည် အသင်တို့ရေတွက်ကြသော နှစ်ပေါင်းတစ်ထောင်ကဲ့သို့ ဖြစ်သည်။ **၄၈။** မြောက်မြားစွာသော ရွာများကို ယင်းရွာများသည် မတရားမှု ကျူးလွန်နေပါလျက် ငါအရှင်မြတ်က (အပြစ်ပေးခြင်းမှ) ရွှေ့ဆိုင်းထားတော်မူသည်။ ပြီးနောက်မှ ငါအရှင်မြတ်က ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ အားလုံးသည် ငါအရှင်မြတ်ထံ တော်သို့သာ လှည့်ပြန်၍ လာကြရပေမည်။

၄၉။ (အို-တမန်တော်) အသင်ပြောပါ။ အို-လူသားတို့၊ ကျွန်ုပ်သည် သင်တို့အတွက် ရှင်းလင်းထင်ရှားသော သတိပေးနှိုးဆော်သူ တစ်ဦးဖြစ်သည်။ **၅၀။** သို့ဖြစ်ရာ အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုကုသိုလ် ဆောက် တည်သူများ အဖို့မှာကား ခွင့်လွှတ်ချမ်းသာပေးမှုနှင့် ဂုဏ်တင့်တယ် လှသောရိကွာ ရှိပေသည်။ **၅၁။** ငါအရှင်မြတ်၏ လက္ခဏာတော်များကို နှိမ့်ချရန် ကြိုးစားသောသူများသည် ငရဲသားများသာ ဖြစ်ကြသည်။

၅၂။ အသင့်အလျင်က ငါအရှင် စေလွှတ်တော်မူခဲ့သော ရစူလ်၊ နဗီ တမန်တော်တိုင်းသည် (အလ္လာဟ်ပေးသော မုက္ခပါဠ်တော်များကို) ရွတ်ဖတ် သည့် အခါ ရှိုင်သွာန်သည် သူ၏ဖတ်ရွတ်မှုနှင့်အတူ (သွေဖည်သူများ၏ နှလုံးများတွင်) အဟန့်အတားထည့်လေသည်။ ထို့နောက် အလ္လာဟ်သည် ရှိုင်သွာန်ထည့်သည့် အရာများကို ပယ်ဖျက်တော်မူပြီး မိမိ၏မုက္ခပါဠ်တော်များကို ခိုင်မြဲစေတော်မူသည်။ အလ္လာဟ်သည် အကြွင်းမဲ့သိတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်ပေသည်။ **၅၃။** အကြောင်းမှာ ရှိုင်သွာန်ထည့်လိုက်သောအရာကို နှလုံးတွင်ရောဂါရှိသူများနှင့် နှလုံးခက်ထန် သူများအဖို့ စမ်းသပ်စရာပြုတော်မူရန် အတွက် ဖြစ်သည်။ အမှန်စင်စစ် မတရားကျူးလွန်သူများသည် ဆန့်ကျင်မှုတွင် အလွန်ဝေးလံစွာ ရောက်သွားခဲ့ချေပြီ။ **၅၄။** ထို့ပြင် အသိပညာရရှိထားသူများက ဤ(မုက္ခပါဠ်တော်)သည် အသင့်အရှင်မြတ်ထံမှ လာသော အမှန်တရားဖြစ်သည်ဟု သိရှိပြီးနောက် ယင်းအပေါ် သက်ဝင်ယုံကြည်ပြီး သူတို့နှလုံးများက ယင်း၏ရှေ့

မှောက်တွင် ယိမ်းညွှတ်သွားကြရန်အတွက် ဖြစ်သည်။ အလ္လာဟ်သည် ယုံကြည်သူများအား ဖြောင့်မတ်သောလမ်းသို့ မုချ ညွှန်ပြပေးတော်မူပေသည်။

၅၅။ သွေဖည်ငြင်းပယ်သူများမှာမူ ၎င်းတို့ထံ ကိယာမသ်သည် ရုတ်တရက် ရောက်လာသည်အထိ၊ သို့မဟုတ် ကောင်းခြင်းမရှိသောနေ့၏ ပြစ်ဒဏ်သည် သူတို့ထံ ရောက်လာသည်အထိ ယင်းသူတို့သည် ၎င်း(မုက္ခပါဠိတော်)ကို ဒွိဟသံ သယဖြစ်လျက်သာ အစဉ်မပြတ် ရှိနေပေလိမ့်မည်။ **၅၆။** ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှုအာဏာကို အလ္လာဟ်သာ ပိုင်ဆိုင်လိမ့်မည်။ သူတို့အကြားတွင် အရှင်မြတ်ကဆုံးဖြတ်ပေးတော်မူမည်။ အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုသီလ ကျင့် ဆောင်ခဲ့ကြသူများမှာကား စည်းစိမ်တို့ဖြင့်အတိပြီးသော ဥယျာဉ်များတွင် ရှိကြ မည်။ **၅၇။** သွေဖည်ပြီးနောက် ငါအရှင်မြတ်၏ မုက္ခပါဠိတော်များကို မဟုတ်မမှန်ဟု ငြင်းဆိုသူများအတွက်မှာမူ သေးသိမ်စေမည့် ပြစ်ဒဏ်ရှိပေသည်။

၅၈။ ၎င်းနောက် အိုးအိမ်ကို စွန့်၍ အလ္လာဟ်၏လမ်းတော်သို့ ထွက်ခဲ့ကြပြီး အသတ်ခံခဲ့ရသူများ သို့မဟုတ် သေဆုံးသွားခဲ့ကြသူများအား အလ္လာဟ်သည် ကောင်းမွန်သောရိက္ခာ မုချ ချီးမြှင့်တော်မူမည်။ စင်စစ်ဧကန် အလ္လာဟ်သည် အကောင်းဆုံး ရိက္ခာပေးတော်မူသည့်အရှင် ဖြစ်တော်မူသည်။ **၅၉။** အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ကျေနပ်နှစ်သက်မည့် နေရာကို မုချ ဝင်ရောက်စေတော်မူမည်။ အမှန်စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့သိတော်မူသော၊ ခန္တီတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသည်။

၆၀။ ဤကား ဖြစ်ခဲ့ချေပြီ။ ထို့ပြင် (မှတ်ထားကြကုန်။) မည်သူမဆို မိမိအားနစ်နာအောင်လုပ်ခဲ့သလောက်ပင် ပြန်၍ (အစားအဖြစ်) နစ်နာအောင် ပြန်လုပ်ခဲ့မည်။ ထို့နောက်တွင် သူ့အပေါ် စော်ကားခြင်းခံရပါမူ အလ္လာဟ်သည် ၎င်းအား မုချကူညီတော်မူလိမ့်မည်။ စင်စစ်တွင် အလ္လာဟ်သည် ခွင့်လွှတ်တော်မူသော လွတ် ငြိမ်းချမ်းသာခွင့်ပေးတော်မူသော အရှင်ဖြစ်တော်မူသည်။

၆၁။ ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်သည် ညဉ့်ကို နေ့ထဲတွင် ထည့်တော်မူပြီး နေ့ကို ညဉ့်ထဲတွင် ထည့်တော်မူသော (စွမ်းအားရှင်ဖြစ်သော)ကြောင့် ဖြစ်

သည်။ ထို့ပြင် အလ္လာဟ်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့သိမြင်တော်မူသော အရှင်ဖြစ်သော ကြောင့်ပင်။ **၆၂။** ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်သာလျှင် မှန်ကန်တော်မူပြီး အရှင်မြတ်ကို စွန့်၍ သူတို့ဟစ်ခေါ် တသနေသော အရာများသည် မှားယွင်းသောကြောင့် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်သာလျှင် အားလုံးထက် မြင့်မားတော်မူသော၊ ကြီးကျယ်တော်မူသော အရှင်ဖြစ်သောကြောင့်ပင်။

၆၃။ အလ္လာဟ်သည် မိုးကောင်းကင်မှ ရေကိုရွာချပေးသောကြောင့် မြေပထဝီသည် စိမ်းလန်းစိုပြည်သွားသည်ကို အသင်မမြင်သလော။ စင်စစ်တွင် အလ္လာဟ်သည် အလွန်သနားကြင်နာတော်မူသော၊ အကြွင်းမဲ့ ကြားသိတော်မူသော အရှင် ဖြစ်တော်မူသည်။ **၆၄။** မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသည် ထိုအရှင်၏ ပိုင်ဆိုင်မှု ဖြစ်သည်။ စင်စစ်တွင် အလ္လာဟ်သည်သာ လိုလားတောင့်တမှုကင်းပြီး ချီးမွမ်းထောမနာအလုံးစုံနှင့် ထိုက်တန်တော်မူသော အရှင်ဖြစ်တော်မူသည်။

၆၅။ အလ္လာဟ်သည် မြေပထဝီတွင် ရှိသမျှသောအရာကိုလည်းကောင်း၊ ပင်လယ်ပြင်တွင် အရှင်မြတ်၏ အမိန့်တော်ဖြင့် သွားလာနေသော သင်္ဘောများကို လည်းကောင်း အသင်တို့အဖို့ နာခံစေခဲ့သည်ကို အသင်မမြင်သလော။ ထို့ပြင် မိုးသည် အရှင်မြတ်၏ အမိန့်မပါဘဲ မြေပထဝီပေါ်သို့ မကျရောက်နိုင်အောင် ထိုအရှင်မြတ်က ထိန်းချုပ်ထားတော်မူသည်။ စင်စစ်ဧကန် အလ္လာဟ်သည် လူတို့အား အလွန်ချစ်ခင်သနားတော်မူသော၊ အလွန်ကရုဏာရှိတော်မူသော အရှင်ဖြစ်တော်မူသည်။ **၆၆။** ထိုအရှင်မြတ်သာလျှင် သင်တို့အား အသက်ရှင်စေသည်။ ထို့နောက် ထိုအရှင်သည်သာလျှင် သင်တို့ကို သေစေတော်မူမည်။ ထို့နောက် ထိုအရှင်မြတ်ကသာ သင်တို့အား ပြန်လည် ရှင်စေတော်မူမည်ဖြစ်သည်။ စင်စစ်ဧကန် လူသားသည် ကျေးဇူးကန်းသူပင် ဖြစ်သည်။

၆၆။ ငါအရှင်မြတ်သည် အုပ်စုဝင်တိုင်းကို သူတို့လျှောက်လှမ်းကြမည့် လမ်းစဉ်တစ်ခုစီ ပြုလုပ်ပေးတော်မူခဲ့သည်။ သို့ရှိရာ ဤကိစ္စနှင့်ပတ်သက်၍ သူတို့သည် အသင်နှင့် အငြင်းအခုံမလုပ်သင့်ကြပေ။ သင်သည် မိမိအရှင်မြတ်ဘက်သို့

ဖိတ်ခေါ်၍နေပါ။ စင်စစ် အသင်သည် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်တွင် မုချ ရှိနေပေသည်။ **၆၈။** အကယ်၍ သူတို့က သင်နှင့် အငြင်းအခုံလုပ်လာပါလျှင် အလ္လာဟ်သည် သင်တို့၏ ပြုမူဆောင်ရွက်ချက်များကို အသိဆုံးဖြစ်တော်မူ သည်ဟု ပြောလိုက်ပါလေ။ **၆၉။** အလ္လာဟ်သည် ကိယာမသ်နေ့တွင် သင်တို့ ကွဲလွဲနေသည့် ကိစ္စရပ်များကို သင်တို့အကြား စီရင်ဆုံးဖြတ်ပေးတော်မူမည်။ **၇၀။** အလ္လာဟ်သည် မိုးနှင့်မြေတွင် ရှိသမျှကို သိတော်မူကြောင်းကို အသင်မသိသလော။ ဤအရာအား လုံးသည် မှတ်တမ်းစာအုပ်တစ်အုပ်ထဲတွင် မှတ်သားထားပြီးဖြစ် သည်။ ဤကိစ္စအားလုံးသည် အလ္လာဟ်အတွက် အမှန်ပင် လွယ်ကူလှပေသည်။

၇၁။ သူတို့သည် အလ္လာဟ်ကို စွန့်၍ အကြင်အရာများကို ကိုးကွယ်ကြ သည်။ ယင်းအရာများ(ကိုးကွယ်ခံထိုက်ကြောင်း)နှင့် ပတ်သက်၍ အလ္လာဟ်သည် မည်သည့်အထောက်အထားမျှ ချပေးတော်မမူထားပေ။ သူတို့ကိုယ်တိုင်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ မသိချေ။ မတရားကျူးလွန် သူများအဖို့ ကူညီစောင်မမည့် သူဟူ၍ တစ်ဦးမျှ ရှိမည်မဟုတ်။ **၇၂။** ငါအရှင်မြတ်၏ ပြတ်သားထင်ရှားသော မုက္ခပါဠိတော်များကို ၎င်းတို့ရှေ့၌ ဖတ်ကြားခြင်းခံရသောအခါ သွေဖည်သူများ၏ မျက်နှာပေါ်တွင် စက်ဆုပ်မှုကို အသင်သိမြင်ရမည်။ သူတို့သည် မိမိတို့အပေါ် ငါအရှင်၏ မုက္ခပါဠိတော်များကို ဖတ်ကြားပြနေသူများအား တိုက်ခိုက်လုမတတ်ပင် ဖြစ်သည်။ အသင်ပြောလိုက်ပါ။ ငါသည် ထို့ထက်ပို၍ (အသင်တို့) စက်ဆုပ်မည့် အရာကို အသင်တို့အား သတင်းပေးရမည်လော။ (ယင်းအရာမှာ) မီးဖြစ်သည်။ အလ္လာဟ်သည် သွေဖည်သူများကို ယင်းမီးနှင့်ပတ်သက်၍ ကတိပြုတော်မူ ထားသည်။ ထိုနေရာသည် လွန်စွာဆိုးရွားသော နေရာထိုင်ခင်းဖြစ်ချေသည်။

၇၃။ အို-လူအပေါင်းတို့၊ ဥပမာတစ်ခုတင်ပြမည်။ ယင်းဥပမာကို သေချာနားထောင်ကြကုန်။ အလ္လာဟ်ကို စွန့်၍ သင်တို့ ဟစ်ခေါ်တသနေသော အရာများသည် အားလုံးစုပေါင်း၍ ကြံကြလျှင်လည်း ယင်ကောင်တစ်ကောင်ကို တောင် မဖန်ဆင်းနိုင်ကြပေ။ အကယ်၍ ယင်ကောင်က သူတို့ထံမှ တစ်စုံတစ်ခု သုတ်ယူသွားလျှင်လည်း သူတို့သည် ထိုအရာကို ပြန်လည် လုမယူနိုင်ကြပေ။

အကူအညီ တောင်းခံသူလည်း ချည့်နဲ့သူ၊ အကူအညီတောင်းခံခြင်းခံရသူလည်း ချည့်နဲ့သူပင် ဖြစ်သည်။ **၇၄။** သူတို့သည် အလ္လာဟ်၏ တန်ဖိုးကို သိထိုက်သလောက် မသိခဲ့ကြပေ။ ဇကနစင်စစ် အလ္လာဟ်သည် အင်အားကြီးမားတော်မူသော၊ နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်ဖြစ်တော်မူသည်။ **၇၅။** အလ္လာဟ်သည် ကောင်းကင်တမန်များထဲမှရော လူတို့ထဲမှပါ စေတမန်များကို ရွေးချယ်တော်မူသည်။ စင်စစ်တွင် အလ္လာဟ်သည် အလွန်ကြားတော်မူသော၊ အလွန်မြင်တော်မူသော အရှင်ဖြစ်သည်။ **၇၆။** သူတို့ရှေ့၌ ရှိသည့်အရာနှင့် သူတို့နောက်၌ ရှိသည့် အရာတို့ကို အရှင်မြတ်က သိတော်မူသည်။ ကိစ္စတိုင်းသည် အရှင်မြတ်ထံသို့သာ လှည့်ရပေသည်။

၇၇။ အို-အီမာန်ဝင်ယုံကြည်သူအပေါင်းတို့၊ ရုကူအ် ဦးညွှတ်ကြကုန်။ စဂျဒဟ် ဝပ်တွားကြကုန်။ ထို့ပြင် အသင်တို့၏အရှင်ကို ကိုးကွယ်ဆည်းကပ်ကြကုန်။ ထို့နောက် ကောင်းမှုပြုကြကုန်။ သို့မှသာ သင်တို့ အောင်မြင်ကြပေလိမ့်မည်။ **၇၈။** ထို့ပြင် အသင်တို့သည် အလ္လာဟ်၏ လမ်းတော်တွင် သက်စွန့်ကြိုးပမ်းရန် တာဝန်ရှိသည်နှင့်အညီ သက်စွန့်ကြိုးပမ်းကြကုန်။ အရှင်မြတ်ကပင် သင်တို့ကို ရွေးချယ်တော်မူခဲ့သည်။ ထို့ပြင် ဘာသာတော်နှင့်ပတ်သက်လျှင် သင်တို့အပေါ်၌ မည်သည့် ခက်ခဲမှုကိုမျှ မလုပ်ခဲ့ပေ။ မိမိတို့၏ဖခင် အိပ်ရာဟီးမ်၏ လမ်းစဉ်ကို စွဲမြဲစွာဆုပ်ကိုင်ကြကုန်။ သူသည် ဤမတိုင်ကလည်း သင်တို့အား မွတ်စ်လင်မ်ဟု မှည့်ခေါ်ခဲ့သည်။ ဤ(ကုရ်အာန်) ထဲ၌လည်း (သင်တို့အား မွတ်စ်လင်မ်ဟု မှည့်ခေါ်ထားသည်။) အကြောင်းမှာ တမန်တော်သည် သင်တို့အပေါ် သက်သေဖြစ်၍ သင်တို့သည်လည်း လူတို့အပေါ် သက်သေဖြစ်ကြရန်အတွက် ဖြစ်သည်။ သို့ရှိရာ သင်တို့သည် စွလားသ်ဆောက်တည်ကြကုန်။ ဇကားသ်ဒါနကြေးပေးဆောင်ကြကုန်။ ထို့ပြင် အလ္လာဟ်ကို မြဲမြံစွာ ကိုင်ထားကြကုန်။ ထိုအရှင်မြတ်သည် သင်တို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ဖြစ်သည်။ သို့ဖြစ်ရာ ထိုအရှင်မြတ်သည် အဘယ်မျှကောင်းသည့် စောင့်ရှောက်ရှင်၊ အဘယ်မျှကောင်းသည့် ကူညီရှင်ဖြစ်လိုက်လေခြင်း။

၂၃။ စူရပ်မုအိမိနုန်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

★ **၁။** အကြင်ယုံကြည်သူများသည် သေချာပေါက် အောင်မြင်သွားချေပြီ။ **၂။** ၎င်းတို့သည် မိမိတို့၏စွလားသံဝတ်ပြုမှုဌ ရိုကျိုးသူများ ဖြစ်ကြသည်။ **၃။** ၎င်းတို့သည် အချည်းနှီးကိစ္စရပ်များမှ မျက်နှာလွှဲသူများ ဖြစ်ကြသည်။ **၄။** ထို့ပြင် သူတို့သည် ဇကာသံဒါနကြေးပေးလှူကြသည်။ **၅-၆။** ထို့ပြင် သူတို့သည် မိမိတို့၏ ဇနီးများနှင့် ကျွန်မများအပေါ်ကလွဲ၍ ကျန်သည့်နေရာများတွင် မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြသည်။ သို့ဆိုလျှင် ဤသူများသည် ပြစ်တင်ထိုက်သူများ မဟုတ်ပေ။ **၇။** သို့ရာတွင် ထိုအမျိုးသမီးများမှအပ ကျန်မိန်းမများကို လိုက်စားသူများသည် စည်းဘောင်ကျော်သူများ ဖြစ်ကြပေသည်။ **၈။** ၎င်းနောက် (ထိုသက်ဝင်ယုံကြည်)သူတို့သည် အပ်နှံပစ္စည်းများနှင့် မိမိတို့၏ ကတိများကို စောင့်ထိန်းသူများ ဖြစ်ကြသည်။ **၉။** ထို့ပြင် သူတို့သည် မိမိတို့၏ စွလာသ်များကို စွဲမြဲစွာ ထိန်းသိမ်း ဆောက်တည်ကြသည်။ **၁၀။** ထိုသူများသည်သာလျှင် အမွေဆက်ခံမည့် သူများဖြစ်ကြသည်။ **၁၁။** သူတို့သည် ဖိရ်ဒေါင်းစဉ်ဃျာဉ်ကို အမွေဆက်ခံကြရမည့် သူများ ဖြစ်ကြပေသည်။ ထိုထဲတွင် သူတို့သည် ထာဝရနေကြရပေမည်။

၁၂။ ငါအရှင်မြတ်သည် လူသားကို မြေကြီး၏ အဆီအနှစ်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ **၁၃။** ထို့နောက် ငါအရှင်မြတ်သည် သူ့အား ကလလရှည်ကြည်အဖြစ် လုံခြုံသောနေရာ၌ ထားတော်မူသည်။ **၁၄။** ထို့နောက် ငါအရှင်မြတ်သည် ယင်းကလလရှည်ကြည်ကို သွေးခဲအဖြစ် ဖန်ဆင်းတော်မူသည်။ ထို့နောက် ယင်းသွေးခဲကို အသားတုံးအဖြစ် ဖန်ဆင်းတော်မူသည်။ ထို့နောက် ယင်းအသားတုံးကို အရိုးအဖြစ် ဖန်ဆင်းတော်မူသည်။ ထို့နောက် ယင်းအရိုးကို ငါအရှင်မြတ်က အသားဖြင့် ဆင်မြန်းတော်မူသည်။ ၎င်းနောက်တစ်ဖန် သူ့ကို ငါအရှင်မြတ်က အခြား ဖန်ဆင်းမှုပုံစံတစ်ခုဖြင့် ကြီးထွားစေတော်မူသည်။ သို့ရှိရာ အကောင်းဆုံး

အလှဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်သည် ဂုဏ်အင်မင်္ဂလာနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူပေသည်။ **၁၅။** ထို့နောက် သင်တို့သည် မုချသေဆုံးကြရမည်။ **၁၆။** ထို့နောက်တစ်ဖန် ကိယာမသ်နေ့ကျလျှင် သင်တို့သည် ပြန်လည်ရှင်ထစေခြင်း ခံကြရမည်။

၁၇။ ဇကန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အပေါ်တွင် လမ်းခုနစ်လမ်း အထပ်ထပ် ဖန်ဆင်းတော်မူခဲ့သည်။ ငါအရှင်မြတ်သည် အဖန်ဆင်းခံများကို မေ့လျော့နေသူမဟုတ်ပေ။ **၁၈။** ငါအရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို အတိုင်းအတာဖြင့်ရွာချပေးတော်မူပြီးယင်းရေကို မြေတွင်တည်တံ့စေတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းရေကို ပြန်လည်ရုပ်သိမ်းရန်လည်း တတ်စွမ်းနိုင်တော်မူသည်။ **၁၉။** ထို့နောက် ယင်းရေဖြင့် ငါအရှင်မြတ်သည် သင်တို့အဖို့ စွန်ပလွံ့ခြံများ၊ စပျစ်ခြံများကို ပေါက်ရောက်စေတော်မူသည်။ ယင်းခြံများတွင် သင်တို့အတွက် သစ်သီးဝလံများစွာ ရှိပေသည်။ ထိုထဲမှ သင်တို့ စားကြသည်။ **၂၀။** ထို့ပြင် သိနတောင်တွင် ပေါက်သော သစ်ပင်တစ်မျိုးကိုလည်း ဖန်ဆင်းတော်မူခဲ့သည်။ ယင်းသစ်ပင်သည် ဆီကိုလည်းကောင်း၊ စားသုံးသူများအတွက် ဟင်းလျာကိုလည်းကောင်း ထွက်စေသည်။ **၂၁။** ထို့ပြင် သင်တို့အတွက် ခြေလေးချောင်း တိရစ္ဆာန်များတွင် သင်ခန်းစာရှိပေသည်။ ငါအရှင်သည် သင်တို့အား ယင်းတိရစ္ဆာန်တို့၏ ဝမ်းဗိုက်ထဲမှ (နို့ကို) တိုက်ကျွေးတော်မူသည်။ ယင်းထဲတွင် သင်တို့အတွက် အကျိုးများစွာ ရှိသည်။ ထို့ပြင် ယင်းထဲမှ သင်တို့ စားလည်းစားကြသည်။ **၂၂။** ထို့ပြင် ယင်းတိရစ္ဆာန်များနှင့် သဘော်ပေါ်တွင် သင်တို့ စီးနင်းကြသည်။

၂၃။ ငါအရှင်မြတ်သည် နူးဟ်ကို ၎င်း၏ အမျိုးသားများဆီသို့ စေလွှတ်တော်မူခဲ့သည်။ သို့ရိုရာ သူက (မိမိအမျိုးသားများကို) ပြောသည်။ အိုး-ငါ၏အမျိုးသားတို့၊ အလ္လာဟ်ကို ကိုးကွယ်ကြကုန်။ ထိုအရှင်ကလွဲ၍ အသင်တို့မှာ အခြားကိုးကွယ်ရာအရှင် မရှိပေ။ အသင်တို့ မကြောက်ကြလေသလော။ **၂၄။** ထိုအခါ သူ၏အမျိုးသားများထဲမှ ဘွေဖည်ငြင်းဆန်သူများက ပြောကြသည်။ ဤသူသည် အသင်တို့ထက် ကြီးကဲမြင့်မြတ်ကြောင်းကို ပြလိုသည့် သင်တို့ကဲ့သို့သော သာမန်

လူသားတစ်ဦးမျှသာ ဖြစ်သည်။ အကယ်၍ အလ္လာဟ်က အလိုရှိပါမူ ကောင်းကင်တမန်များကို ဆင်းသက်စေတော်မူမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ရှေးယခင် ဘိုးဘေးများထံတွင် ဤသည်ကို မကြားခဲ့ကြဖူးချေ။ **၂၅။** ဤသူသည် ရူးသွပ်နေသူ တစ်ဦးမျှသာဖြစ်သည်။ ထို့ကြောင့် အချိန်တစ်ခုထိ သင်တို့ စောင့်ကြည့်ကြကုန်။

၂၆။ နူးဟ်ကပြောသည်။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုကြသည့်အတွက် ကျွန်တော်မျိုးအား ကူညီတော်မူပါ။ **၂၇။** သို့ရှိရာ ငါအရှင်မြတ်သည် ၎င်းအား ဤသို့ ဗျာဒိတ်တော် ချပေးတော်မူခဲ့သည်။ သင်သည် ငါအရှင်မြတ်၏ စောင့်ကြည့်မှုအောက်တွင် ငါအရှင်မြတ်၏ ဗျာဒိတ်တော်နှင့်အညီ သင်္ဘောတစ်စင်း တည်ဆောက်ပါ။ ထို့နောက် ငါအရှင်မြတ်၏ အမိန့်တော်လာရှိသောအခါ၊ မြေမှ ရေများ ပန်းထွက်လာသောအခါ သင်သည် ယင်းသင်္ဘောတွင် တိရစ္ဆာန်တိုင်းမှ တစ်စုံစီကို လည်းကောင်း၊ အသင်၏ အိမ်သူအိမ်သားများအနက်မှ အမိန့်တော် ထုတ်ပြန်ထားပြီးဖြစ်သောသူများမှအပ ကျန်မိသားစုကိုလည်းကောင်း တင်ဆောင်ပါ။ ထိုမတရားကျူးလွန်သူများနှင့်ပတ်သက်၍မူ ငါအရှင်မြတ်အား မလျှောက်ထားနှင့်။ သူတို့သည် မုချ နစ်မြုပ်မည့်သူများဖြစ်ကြသည်။

၂၈။ ထို့နောက် အသင်ရော အသင်နှင့်အတူပါကြသူများပါ သင်္ဘောပေါ်တွင် ထိုင်ပြီးကြလျှင် ဤသို့ ပြောဆိုပါ။ မတရားကျူးလွန်သူများမှ ကျွန်ုပ်တို့အား ကယ်တင်တော်မူသော အလ္လာဟ်သည် ချီးမွမ်းခြင်းအပေါင်းကို ခံထိုက်တော်မူပေသည်။ **၂၉။** ထို့ပြင် ဤသို့ပြောဆိုပါ။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအား မင်္ဂလာရှိသောဆင်းသက်ခြင်းမျိုးဖြင့် ဆင်းသက်စေတော်မူပါ။ အရှင်မြတ်သည် အကောင်းဆုံး ဆင်းသက်စေတော်မူသောအရှင် ဖြစ်တော်မူ ပေသည်။ **၃၀။** ဤအဖြစ်အပျက်များတွင် လက္ခဏာတော်များ အမှန်ပင် ရှိပေသည်။ ဇကာစင်စစ် ငါအရှင်မြတ်သည် (မိမိအစေခံများကို) မုချ စမ်းသပ်တော်မူပေသည်။

၃၁။ ထို့နောက် ငါအရှင်မြတ်သည် သူတို့၏နောက်တွင် အခြားအုပ်စု

တစ်စုကို ဖန်ဆင်းတော်မူခဲ့သည်။ **၃၂။** ငါအရှင်မြတ်သည် သူတို့ထံ သူတို့ထဲမှပင် တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့သည်။ (ယင်းတမန်တော်ကပြောသည်။) အလွှာဟ်ကိုသာ အသင်တို့ ကိုးကွယ်ကြကုန်။ ထိုအရှင်မှတစ်ပါး အသင်တို့မှာ အခြား ကိုးကွယ်ရာအရှင် မရှိပေ။ အသင်တို့ မကြောက်ကြသလော။ **၃၃။** သူ၏ အမျိုးသားများထဲမှ သွေဖည်ကြသော၊ နောင်တမလွှန်နှင့် ကြုံဆုံရမည်ကို မဟုတ်မမှန်ဟု ပြောဆိုကြသော၊ လောကီဘဝတွင် ငါအရှင်က သူတို့အား စည်းစိမ်အပြည့်အဝ ပေးထားသော အကြီးအကဲတို့က ဤသို့ပြောခဲ့ကြသည်။ ဤသူသည် သင်တို့ကဲ့သို့ သာမန်လူတစ်ဦးမျှသာ ဖြစ်သည်။ သင်တို့စားကြသည့်အရာကို စား သည်။ သင်တို့ သောက်ကြသည့်အရာကို သောက်သည်။ သင်တို့သည် မိမိတို့ကဲ့သို့ လူသားတစ်ဦးကို နာခံမည်ဆိုလျှင် သင်တို့သည် မုချ ဆုံးရှုံးနစ်နာကြလိမ့်မည်။

၃၄။ အသင်တို့သည် သေဆုံးပြီးနောက် မြေကြီးဖြစ်၍ အရိုးသာကျန် သွားသောအခါ မြေထဲမှ မုချ ပြန်လည်ထုတ်ခြင်းခံရမည်ဟု သူက အသင်တို့အား ကတိပြုသလော။ **၃၆။** ဝေးလေစွ၊ ဝေးလေစွ။ အသင်တို့ ကတိပြုခြင်းခံရသော အရာသည် လုံးဝမဖြစ်နိုင်။ **၃၇။** ဘဝဆိုသည်မှာ ငါတို့၏ လောကီဘဝသာရှိသည်။ (ဤဘဝတွင်သာ) ငါတို့သေကြသည်။ ရှင်ကြသည်။ ငါတို့သည် ပြန်လည်ရှင် ထခြင်းခံရမည့်သူများ မဟုတ်ပေ။ **၃၈။** ဤသူသည် အခြားမဟုတ်၊ အလွှာဟ်အပေါ် မဟုတ်မမှန် လိမ်ဆယ်ပြောဆိုသူသာ ဖြစ်သည်။ ငါတို့သည် သူ့ကို ယုံကြည်မည့် သူများ မဟုတ်ပေ။

၃၉။ တမန်တော်က ပြောသည်။ အို-ကျွန်တော်မျိုး၏ အရှင်၊ ၎င်းတို့ သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုကြသည့်အပေါ် ကျွန်တော် မျိုးအား ကူညီတော်မူပါ။ **၄၀။** အရှင်မြတ်က မိန့်တော်မူသည်။ မကြာမီ သူတို့ နောင်တရကြလိမ့်မည်။ **၄၁။** သို့နှင့် မှန်ကန်သော ကတိတော်နှင့်အညီ ၎င်းတို့အား စူးရှကျယ်လောင်အသံက ဖမ်းဆီးအရေးယူခဲ့သည်။ သို့ရှိရာ ငါအရှင်မြတ်က ၎င်းတို့အား အမှိုက်သရိုက်များကဲ့သို့ ပြုတော်မူလိုက်သည်။ မတရားကျူးလွန်သော သူများအတွက် ဝေးလေခြင်း။

၄၂။ ငါအရှင်မြတ်သည် ၎င်းတို့၏နောက်တွင် အခြားအုပ်စုများကို ဖန်ဆင်းတော်မူခဲ့သည်။ **၄၃။** (မဟုတ်မမှန်ဟုပြောဆိုခဲ့ကြသော) မည်သည့်အုပ်စုမဆို ၎င်းတို့(ပျက်စီးရန်)အတွက် သတ်မှတ်ခြင်းခံထားရသော အချိန်ထက် စောလည်း မစောကြပေ။ နောက်လည်း မကျကြပေ။ **၄၄။** ထို့နောက် ငါအရှင်မြတ်သည် မိမိ၏တမန်တော်များကို အဆက်မပြတ် စေလွှတ်တော်မူခဲ့သည်။ အုပ်စုတစ်စုစုထံ သူတို့၏ တမန်တော် ရောက်လာလေတိုင်း သူတို့က ယင်းတမန်တော်ကို မဟုတ်မမှန်ဟု ပြောဆိုစွပ်စွဲခဲ့ကြသည်ချည်းသာ။ သို့ရှိရာ ငါအရှင်မြတ်ကလည်း တစ်စု၏ နောက်သို့ တစ်စုကို လိုက်စေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား (တရားရစရာ) ပုံပြင်ဒဏ္ဍာရီများ ဖြစ်သွားအောင် လုပ်တော်မူလိုက်သည်။ မယုံကြည်သူများအတွက် ဝေးလေခြင်း။

၄၅-၄၆။ ထို့နောက် ငါအရှင်မြတ်သည် မူစာနှင့် သူ့နောင်တော် ဟာရွန်ကို ငါအရှင်မြတ်၏ လက္ခဏာတော်များ၊ ထင်ရှားသော အထောက်အထားများဖြင့် ဖိရ်အောင်နှိန်နှင့် သူ၏အကြီးအကဲများဆီသို့ စေလွှတ်တော်မူခဲ့သည်။ သို့သော်လည်း သူတို့သည် မာနထောင်လွှားခဲ့ကြသည်။ သူတို့သည် မာနတက်နေသူများဖြစ်ခဲ့ကြသည်။ **၄၇။** ၎င်းတို့က ပြောကြသည်။ အမှန်တွင် သူတို့နှစ်ဦး၏ အမျိုးသားများသည် ငါတို့ကို ကျွန်ခံနေကြပါလျက် ငါတို့သည် ငါတို့ကဲ့သို့ သာမန်လူသားနှစ်ဦးကို ယုံရမည်လော။ **၄၈။** သို့နှင့် ၎င်းတို့သည် သူတို့နှစ်ဦးအား မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြရာ ၎င်းတို့သည် ဖျက်ဆီးခံရသူများတွင် ပါဝင်သွားခဲ့ကြသည်။ **၄၉။** သူတို့ တရားလမ်းမှန် ရရှိဖို့အတွက် ငါအရှင်သည် မူစာကို ကျမ်းဂန် ပေးသနား တော်မူခဲ့သည်။

၅၀။ ထို့ပြင် ငါအရှင်မြတ်သည် မရ်ယမ်၏သားနှင့် သူ့မိခင်ကို လက္ခဏာတော်တစ်ရပ်အဖြစ် ပြုတော်မူခဲ့သည်။ ထို့နောက် ငါအရှင်သည် ၎င်းတို့နှစ်ဦးအား တည်ငြိမ်ပြီး စမ်းရေချောင်းရှိသည့် နေရာမြင့်တစ်ခုတွင် ခိုလှုံခွင့် ပေးတော်မူခဲ့သည်။

၅၁။ အို- တမန်တော်အပေါင်းတို့၊ စင်ကြယ်သန့်ပြန့်သောအရာများကို စားသုံးကြကုန်။ ထို့ပြင် ကောင်းမှုသီလ ကျင့်ဆောင်ကြကုန်။ ဇကန်စင်စစ် ငါအရှင်

သည် သင်တို့၏ လုပ်ဆောင်ချက်များကို အကြွင်းမဲ့သိတော်မူသည်။ **၅၂။** ဤသည် အသင်တို့၏ သာသနာဖြစ်သည်။ (အားလုံးအတွက်) တစ်ခုတည်း သောသာသနာဖြစ်သည်။ ငါသည် အသင်တို့၏ အရှင်ဖြစ်ပေရာ ငါအရှင့်ကိုသာ ကြောက်ကြကုန်။

၅၃။ ထို့နောက် လူတို့သည် သာသနာတော်ကို အချင်းချင်းတွင် အကွဲကွဲလုပ်လိုက်ကြသည်။ အုပ်စုတိုင်းသည် မိမိတို့မှာ ရှိသည့်အရာအပေါ် ပျော်မွေ့နေလျက် ရှိကြသည်။ **၅၄။** သို့ရှိရာ သူတို့အား သူတို့၏ မိုက်မဲမှုတွင် အချိန်တစ်ခုထိပစ်ထားလိုက်ပါလေ။ **၅၅-၅၆။** ငါအရှင်မြတ်က သူတို့အား ဥစ္စာပစ္စည်းနှင့် သားသမီးရတနာ ပေးထားခြင်းကို သူတို့အား ငါအရှင်က ကောင်းခြင်းများကို ဆောလျင်စွာ ပေးလိုက်သည်ဟု သူတို့ထင်နေကြသလော။ အလျှင်းမဟုတ်။ သူတို့ မသိကြခြင်း သာလျှင် ဖြစ်သည်။

၅၇။ အမှန်စင်စစ် အကြင်သူများသည် မိမိတို့အရှင်မြတ်၏ အရှိန်အဝါကို ကြောက်ရွံ့ကြသည်။ **၅၈။** ထို့ပြင် မိမိတို့အရှင်မြတ်၏ မုက္ခပါဠိတော်များကို ယုံကြည်ကြသည်။ **၅၉။** ထို့နောက် မိမိတို့အရှင်မြတ်နှင့် အခြားအရာကို တွဲဖက်ခြင်းမပြုကြချေ။ **၆၀။** ထို့ပြင် သူတို့သည် မိမိတို့အရှင်မြတ်ဆီသို့ လှည့်ပြန်၍ သွားရမည်ဟု စိတ်နှလုံးများက ကြောက်ရွံ့လျက် ပေးကမ်းသည့် အရာများကို ပေးကမ်းကြသည်။ **၆၁။** ဤသူတို့သည် ကောင်းမှုပြုရာတွင် အပြိုင်အဆိုင် ပြုလုပ်နေကြသည်ဖြစ်ရာ သူတို့သာလျှင် ကောင်းခြင်းများဆီသို့ ဦးစွာရောက်မည့် သူများဖြစ်ကြသည်။ **၆၂။** ငါအရှင်မြတ်သည် မည်သူ့ကိုမျှ သူတတ်နိုင်သည်ထက် ပို၍ တာဝန်မပေးပေ။ ထို့ပြင် ငါအရှင်မြတ်ထံတွင် (အားလုံး၏အခြေအနေကို) အမှန်အတိုင်းပြောမည့်မှတ်တမ်းစာအုပ်ရှိသည်။ သူတို့သည်မတရားပြုခြင်းခံကြရမည်မဟုတ်ပေ။

၆၃။ သို့သော်လည်း သူတို့၏ စိတ်နှလုံးများသည် ဤအချက်ကို မေ့လျော့နေကြသည်။ ထို့ပြင် သူတို့လုပ်လေ့ရှိသည့် အခြားလုပ်ရပ်များလည်း သူတို့မှာ ရှိသေးသည်။ **၆၄။** နောက်ဆုံးတွင် ငါအရှင်မြတ်သည် ၎င်းတို့ထဲမှ စည်းစိမ်ရှင်များကို ပြစ်ဒဏ်ဖြင့် အရေးယူဖမ်းဆီးတော်မူသောအခါ သူတို့သည် ဟစ်အော်ကြပေလိမ့်မည်။ **၆၅။** ယနေ့ သင်တို့ အော်မနေကြနှင့်။ သင်တို့သည်

ငါအရှင်မြတ်ဘက်တော်မှ မည်သည့်အကူအညီကိုမျှ ရမည်မဟုတ်ပေ။ **၆၆။** သင်တို့ကို ငါအရှင်၏ မုကွပါဠိတော်များကို ဖတ်ကြားပြသခြင်း ခံရတုန်းက သင်တို့သည် ကျောခိုင်း၍ ပြေးလေ့ရှိခဲ့ကြသည် **၆၇။** မာနထောင်လွှားလျက်။ (ပမာဆို သော်) အသင်တို့သည် ပုံပြင်ပြောသူကို စွန့်ထားကြသကဲ့သို့ပင်။

၆၈။ ထို့နောက် သူတို့သည် ယင်းမုကွပါဠိတော်ကို မဆင်ခြင်ကြသလော။ သို့မဟုတ် သူတို့၏ ရှေးယခင်က ဘိုးဘေးတို့ထံ မလာခဲ့သော အရာသည် သူတို့ထံသို့ လာခဲ့သလော။ **၆၉။** သို့မဟုတ် သူတို့သည် မိမိတို့တမန်တော်ကို (အစကတည်းက) မသိခဲ့ကြသလော။ ထို့ကြောင့် သူ့ကို ငြင်းပယ်ကြသလော။ **၇၀။** သို့မဟုတ် ၎င်းတွင် ရူးသွပ်မှုဝေဒနာစွဲကပ်နေသည်ဟု သူတို့က ပြောကြသလော။ အလျှင်းမဟုတ်။ အမှန်မှာ သူသည် ၎င်းတို့ထံ အမှန်တရားဖြင့် လာခဲ့သည်။ သူတို့အနက် အများစုမှာ အမှန်တရားကို စက်ဆုပ်ကြသည်။ **၇၁။** အကယ်၍သာ အမှန်တရားသည် ၎င်းတို့၏ စိတ်ဆန္ဒများနောက်ကို လိုက်ခဲ့ပါမူ မိုးကောင်းကင်များနှင့် မြေပထဝီအပါအဝင် ယင်းနှစ်ခုထဲတွင် ရှိသမျှအရာများသည် မုချပျက်စီးသွားပေမည်။ ထိုသို့မဟုတ်၊ အမှန်မှာ ငါအရှင်မြတ်သည် သူတို့ထံသို့ သူတို့အတွက် အဆုံးအမကိုပို့ဆောင်ပေးတော်မူခဲ့သည်။ သူတို့ကမူ မိမိတို့အတွက် (လာရှိသော) အဆုံးအမကို မျက်နှာလွှဲလျက် ရှိကြသည်။ **၇၂။** သို့မဟုတ် အသင်သည် ၎င်းတို့ထံမှ အခွန်အခကို တောင်းခံသလော။ (မဟုတ်ပေ။) အမှန်မှာ အသင့်အရှင်မြတ်က ပေးသော အစားသည် ပို၍ ကောင်းပေသည်။ ထိုအရှင်မြတ်သည် ရိကျွာပေးသူများတွင် အကောင်းဆုံးဖြစ်တော်မူသည်။ **၇၃။** စင်စစ်တွင် သင်သည် ၎င်းတို့အား ဖြောင့်မတ်မှန်ကန်သော လမ်းဘက်သို့ ဖိတ်ခေါ်နေလေသည်။ **၇၄။** နောင်တမလွန်ဘဝကို မယုံကြည်သူများမှာမူ ထိုတရားလမ်းမှန်မှ လွှဲဖယ်သွားကြသူများ ဖြစ်ကြသည်။

၇၅။ အကယ်၍ ငါအရှင်သည် သူတို့အား ကရုဏာပြုတော်မူပြီး သူတို့အပေါ် ကျရောက်လျက်ရှိသော ဘေးဒုက္ခကို ဖယ်ရှားပေးလိုက်လျှင်လည်း သူတို့သည် မိမိတို့၏ ဆိုးသွမ်းမှုတွင်သာ တဝဲလည်လည် ရှိကြမည်ဖြစ်သည်။ **၇၆။**

ဇကန်စင်စစ် ငါအရှင်သည် သူတို့အား ပြစ်ဒဏ်ဖြင့် အရေးယူတော်မူခဲ့သော်လည်း သူတို့သည် မိမိတို့အရှင်သခင်၏ ရှေ့မှောက်တွင် မကျိုးနွံခဲ့ကြပေ၊ တိုးလျှိုးတောင်းပန်ခဲ့ခြင်းလည်း မလုပ်ခဲ့ကြပေ။ **၇၇။** နောက်ဆုံးတွင် ငါအရှင်သည် သူတို့အပေါ် တွင် အလွန်ပြင်းထန်သောပြစ်ဒဏ်တံခါးကို ဖွင့်လွှတ်လိုက်သောအခါ သူတို့သည် ရုတ်တရက် မျှော်လင့်ချက်ကင်းမဲ့သူများ ဖြစ်သွားကြလေတော့သည်။

၇၈။ ထိုအရှင်မြတ်သည်ပင် အသင်တို့အဖို့ နားများ၊ မျက်စိများနှင့် စိတ်နလုံးများကို ဖန်ဆင်းပေးတော်မူခဲ့သည်။ အသင်တို့သည် အနည်းငယ်မျှသာ ကျေးဇူးတင်ကြလေသည်။ **၇၉။** ထိုအရှင်မြတ်သည်ပင် အသင်တို့ကို မြေပထဝီတွင် ပျံ့နှံ့စေတော်မူခဲ့သည်။ ထိုအရှင့်ထံသို့သာလျှင် အသင်တို့ ပြန်လည်ရောက်ရှိကြမည်။ **၈၀။** ထိုအရှင်မြတ်သည်ပင် ရှင်စေတော်မူသည်။ သေစေတော်မူသည်။ ညနှင့် နေ့တို့၏ ပြောင်းလဲဖြစ်ပေါ် မှုသည် ထိုအရှင့်လက်တော်၌သာ ရှိတော်မူသည်။ သို့တိုင် အသင်တို့ နားမလည်ကြလေသလော။

၈၁။ သို့သာမက သူတို့သည် ရှေးယခင်ကလူများ ပြောဆိုခဲ့ကြသည်ကိုသာ ပြောဆိုကြသည်။ **၈၂။** သူတို့က ပြောကြသည်။ ကျွန်ုပ်တို့သည် သေဆုံးသွားပြီးနောက် မြေကြီးနှင့် အရိုးများသာကျန်သည့်အခါ တစ်ဖန် ပြန်လည်ရှင်ထစေခြင်းကို ခံကြရမည်လော။ **၈၃။** ကျွန်ုပ်တို့ရော ယခင်က ကျွန်ုပ်တို့၏ဘိုး၊ ဘေးများပါ ဤသည်ကိုပင် ကတိပေးခြင်းခံခဲ့ကြရသည်။ စင်စစ်တွင် ဤသည် ရှေးလူတို့၏ ပုံပြင်များမှအပ အခြားမဟုတ်။

၈၄။ အသင်မေးလိုက်ပါ။ အကယ်၍ အသင်တို့ သိကြသည်ဆိုလျှင် မြေပထဝီနှင့် ထိုထဲတွင် ရှိသမျှသောသူတို့ကို မည်သူ စိုးပိုင်သနည်း။ **၈၅။** အလွှာဟ်သာ စိုးပိုင်တော်မူသည်ဟု သူတို့ ဖြေကြလိမ့်မည်။ အသင်ပြောလိုက်ပါ။ သို့ပါလျက် အသင်တို့ မစဉ်းစားမဆင်ခြင်ကြလေသလော။ **၈၆။** အသင်မေးလိုက်ပါ။ မိုးကောင်းကင်ခုနစ်ထပ်ကို စိုးပိုင်တော်မူသောအရှင်၊ ကြီးကျယ်လှသော အရှိရှိ ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်မှာ မည်သူနည်း။ **၈၇။** အလွှာဟ်သာဖြစ်သည်ဟု သူတို့ ဖြေကြလိမ့်မည်။အသင်ပြောပါ။ သို့ပါလျက်အသင်တို့မကြောက်ရွံ့ကြလေသလော။

၈၈။ အသင်မေးလိုက်ပါ။ အကယ်၍ အသင်တို့ သိရှိကြသည်ဆိုလျှင် အရာခပ်သိမ်း၏ လုပ်ပိုင်ခွင့်အာဏာကို လက်ဝယ်ပိုင်ဆိုင်ထားသောအရှင်မှာ မည်သူနည်း။ ထို အရှင်သည်သာ ခိုလှုံခွင့်ပေးနိုင်တော်မူပြီး၊ ထိုအရှင်နှင့်ဆန့်ကျင်ပြီး မည်သူမျှ ခိုလှုံခွင့်မပေးနိုင်ပေ။ **၈၉။** သူတို့က "အလ္လာဟ်သာ ဖြစ်သည်"ဟု ဖြေကြလိမ့်မည်။ အသင်ပြောလိုက်ပါ။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ အပြုစားခံနေကြပါသနည်း။

၉၀။ အမှန်မှာ ငါအရှင်သည် သူတို့ထံသို့ အမှန်တရား ယူဆောင်လာတော်မူခဲ့သည်။ ဇကန်စင်စစ် သူတို့သည် လူလိမ်လူညာများသာ ဖြစ်ကြသည်။ **၉၁။** အလ္လာဟ်သည် မည်သူ့ကိုမျှ သားသမီးအဖြစ် ပြုလုပ်တော်မူခဲ့သည်မဟုတ်။ ထိုအရှင်မြတ်နှင့်အတူ အခြားကိုးကွယ်ခံထိုက်သောအရှင်ဟူ၍လည်း လုံးဝမရှိ။ ထိုသို့ရှိခဲ့ပါလျှင် ကိုးကွယ်ရာအရှင်တိုင်းသည် မိမိဖန်ဆင်းထားသည်များကို ခေါ်ဆောင်ထွက်ခွာသွားကာ တစ်ဦးအပေါ်တစ်ဦး မုချချီတက်တိုက်ခိုက်ပေမည်။ အလ္လာဟ်သည် သူတို့ လုပ်ကြံပြောဆိုကြသည်များမှ သန့်ပြန့်စင်ကြယ်တော်မူပါသည်။ **၉၂။** အရှင်မြတ်သည် အကွယ်ကိုရော၊ မျက်မှောက်ကိုပါ သိတော်မူသောအရှင် ဖြစ်သည်။ အရှင်မြတ်သည် သူတို့ တွဲဖက်ကိုးကွယ်နေကြသည်များထက် မြင့်စွင့်လှတော်မူပေသည်။

၉၃။ အသင်ပြောပါ။ အို-ကျွန်တော်မျိုး၏အရှင်သခင်၊ အကယ်၍ အရှင်မြတ်သည် သူတို့အား ကတိပေးထားသည်များကို ကျွန်တော်မျိုးအား ပြသတော်မူပါလျှင်၊ **၉၄။** အို-အရှင်၊ မတရားမှုကျူးလွန်ကြသူများတွင် ကျွန်တော်မျိုးအား မပါဝင်စေတော်မူပါနှင့်။ **၉၅။** ဇကန်စင်စစ် သူတို့အား ငါအရှင်ကတိပေးထားသည်များကို အသင့်အား ပြသတော်မူရန် ငါအရှင်သည် တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်သည်။

၉၆။ အသင်သည် မကောင်းမှုကို အကောင်းဆုံးသောနည်းဖြင့် တွန်းလှန်ပါလေ။ ငါအရှင်မြတ်သည် သူတို့ လုပ်ကြံပြောဆိုနေသည်များကို အသိဆုံးဖြစ်တော်မူသည်။ **၉၇။** အသင်သည် ဤသို့ ဧလျောက်ထားပန်ကြားပါ။ အို-ကျွန်တော်

မျိုး၏အရှင်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတွင် ရှိုင်သွာန်မိစ္ဆာကောင်များ၏ စေ့ဆော်ချက်များမှ ခိုလှုံခွင့်တောင်းခံပါသည်။ **၉၈။** အိုး-ကျွန်တော်မျိုး၏အရှင်၊ ထိုရှိုင်သွာန်မိစ္ဆာများ ကျွန်တော်မျိုးထံသို့ ရောက်ရှိလာသည့်အဖြစ်မျိုးမှလည်း ကင်းလွတ်ရန် အရှင်မြတ်ထံတော်ပါးတွင် ခိုလှုံခွင့်တောင်းခံပါသည်။

၉၉။ နောက်ဆုံးတွင် သူတို့ထဲက တစ်ဦးဦးထံသို့ သေခြင်းတရားရောက်လာသောအခါမှသာ သူက ဤသို့ ပြောလေသည်။ အိုး-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအား ပြန်လွှတ်တော်မူပါ။ **၁၀၀။** ကျွန်တော်မျိုးစွန့်ထားခဲ့သော လောကသို့ ပြန်သွားပြီး ကောင်းမှုကုသိုလ် ကျင့်ဆောင်နိုင်ရန်ဖြစ်ပါသည်။ လုံးဝ မဖြစ်နိုင်။ ဤသည် သူပြောမည့် စကားတစ်ခွန်းမျှသာ ဖြစ်သည်။ ထို့ပြင် သူတို့၏ ရှေ့တွင် သူတို့ ပြန်လည်ရှင်ထစေခြင်းခံရမည့်နေ့တိုင်အောင် အကာအကွယ်တစ်ခု ရှိပေမည်။ **၁၀၁။** ထို့နောက် တံပိုးခရာမှုတ်သောအခါ ထိုနေ့တွင် သူတို့အချင်းချင်း ကြား၌ ဆွေမျိုးတော်စပ်ခြင်းလည်း ရှိတော့မည်မဟုတ်။ တစ်ဦးကိုတစ်ဦး မေးမြန်းကြတော့မည်လည်းမဟုတ်။ **၁၀၂။** ချိန်ခွင်အလေးချိန်သာသွားသူတို့သာလျှင် အောင်မြင်မှုရရှိသူများ ဖြစ်ကြပေမည်။ **၁၀၃။** ချိန်ခွင်အလေးချိန်ပေါ့လျော့သွားသူတို့မှာမူ ကိုယ့်ကိုယ်ကိုယ်ပင် ဆုံးရှုံးနစ်နာအောင်ပြုလုပ်ခဲ့ကြသူများဖြစ်ကြပေရာ ဂျဟန္နမ်ငရဲဘုံတွင် အမြဲထာဝရနေကြရမည်။ **၁၀၄။** သူတို့၏မျက်နှာများကို ငရဲမီးက လောင်ကျွမ်းနေမည်။ ထို့ပြင် သူတို့သည် ထိုထဲတွင် သွားများပေါ်နေလောက် အောင်ပင် မျက်နှာရွဲ့စောင်းစူပုပ်နေလိမ့်မည်။

၁၀၅။ အသင်တို့ရှေ့မှောက်တွင် ငါအရှင်၏အာယသ်တော်များကို ဖတ်ကြားပြသသောအခါ အသင်တို့သည် ထိုအာယသ်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်မဟုတ်လော။ **၁၀၆။** သူတို့က လျှောက်ထားကြမည်။ အိုး-ကျွန်တော်မျိုးတို့၏အရှင်သခင်၊ ကျွန်တော်မျိုးတို့၏ ကံဆိုးခြင်းသည် ကျွန်တော်မျိုးတို့အပေါ် လွှမ်းမိုးခဲ့ပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် လမ်းလွဲသူများလည်း ဖြစ်ခဲ့ကြပါသည်။ **၁၀၇။** အိုး-ကျွန်တော်မျိုးတို့၏အရှင်သခင်၊ ကျွန်တော်မျိုးတို့ကို ဤငရဲဘုံမှ ထုတ်ပေးတော်မူပါ။ အကယ်၍ ကျွန်တော်တို့သည် ထိုအတိုင်းထပ်မံ၍

ပြုလုပ်ခဲ့ကြပါမူ ကျွန်တော်မျိုးတို့သည် မုချ မတရားကျူးလွန်သူများ ဖြစ်ကြပါမည်။ **၁၀၈။** အရှင်မြတ်က မိန့်ကြားတော်မူမည်။ အသင်တို့သည် ထိုထဲတွင် သေးသိမ်စွာ နေကြကုန်။ ငါအရှင့်အား စကားလာမပြောကြနှင့်။

၁၀၉။ ငါအရှင်၏ အစေတော်များတွင် အုပ်စုတစ်စုရှိသည်။ သူတို့က ဤသို့ လျှောက်ထားပန်ကြားကြသည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ခဲ့ပါပြီ၊ ထို့ကြောင့် ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူပါ။ ကျွန်တော်မျိုးတို့အား သနားကြင်နာတော်မူပါ။ စင်စစ် အရှင်မြတ်သည်သာလျှင် အကောင်းဆုံး သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါသည်။ **၁၁၀။** သို့သော် အသင်တို့သည် ထိုသူတို့အား လှောင်စရာအဖြစ် ပြုလုပ်ခဲ့ကြသည်။ အဘယ်မျှဟူမူ အသင်တို့သည် ငါအရှင်အား တသသတိရမှုကို မေ့မစ်လိုက်ကြသည်။ ထို့ပြင် အသင်တို့သည် သူတို့အပေါ် ရယ်မောခဲ့ကြသည်။ **၁၁၁။** ဇကန်စင်စစ် ယနေ့ ငါအရှင်သည် သူတို့တစ်တွေ့ သည်းခံခဲ့ကြသည့်အတွက်ကြောင့် သူတို့အား ကုသိုလ်အကျိုးခံစားခြင့်လိုက်လေပြီ။ ဇကန်စင်စစ် သူတို့သာလျှင် အောင်မြင်သူများဖြစ်ကြလေသည်။

၁၁၂။ အရှင်မြတ်က မိန့်ကြားတော်မူမည်။ အသင်တို့သည် မြေပထဝီတွင် နှစ်အရေအတွက်အားဖြင့် မည်မျှနေထိုင်ခဲ့ကြသနည်း။ **၁၁၃။** သူတို့က လျှောက်တင်ကြမည်။ ကျွန်ုပ်တို့သည် တစ်ရက် သို့မဟုတ် တစ်ရက်လျော့လျော့ နေထိုင်ခဲ့ကြပါသည်။ ရေတွက်ကြသူ(ကောင်းကင်တမန်များ)အား မေးမြန်းကြည့်တော်မူပါ။ **၁၁၄။** အရှင်မြတ်က မိန့်ကြားတော်မူမည်။ အသင်တို့သည် အချိန်ကာလအနည်းငယ်မျှသာ နေထိုင်ခဲ့ကြသည်။ အသင်တို့ သိကြလျှင် ကောင်းလေစွ။

၁၁၅။ ငါအရှင်သည် အသင်တို့အား ရည်ရွယ်ချက်မဲ့ ဖန်ဆင်းတော်မူခဲ့သည်ဟု၊ အသင်တို့သည် ငါအရှင့်ထံသို့ ပြန်လည်ရောက်ရှိကြရ မည်မဟုတ်ဟု အသင်တို့ ထင်မှတ်ကြသလော။ **၁၁၆။** ဘုရင်အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်သည် အလွန် မြင့်မြတ်လှတော်မူပါသည်။ ထိုအရှင်မြတ်မှအပ အခြားခဝပ်

ကိုးကွယ်ခံထိုက်သောအရှင် အလျှင်းမရှိ၊ အရှင်မြတ်သည် မြင့်မြတ်သော အရှိရှိ ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင် ဖြစ်ပေသည်။ **၁၁၇။** မည်သူမဆို အလွှာဟ် နှင့်အတူ အခြားကိုးကွယ်ရာတစ်စုံတစ်ခုကို ဘာအထောက်အထားမျှလည်းမရှိဘဲ နှင့် ဟစ်ခေါ်တသခဲ့ပါမူ သူ၏စာရင်းအင်းသည် သူ့အရှင် အထံတော်၌ ရှိပေသည်။ ဇကန်စင်စစ် ငြင်းပယ်သူတို့သည် အောင်မြင်မှုရရှိကြလိမ့်မည်မဟုတ် ပေ။ **၁၁၈။** အသင်သည် ဤသို့ လျှောက်ထားပန်ကြားပါ။ အို-ကျွန်တော်မျိုး၏အရှင်၊ လွတ်ငြိမ်း ချမ်းသာခွင့် ပေးတော်မူပါ။ သနားကြင်နာတော်မူပါ။ အရှင်မြတ်သည်သာလျှင် အကောင်းဆုံး သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါသည်။

၂၄။ စူရတ် နူးရ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဤသည် ကဏ္ဍတော်တစ်ခုဖြစ်သည်။ ငါအရှင်သည် ယင်းကဏ္ဍကို ချပေးတော်မူခဲ့ပြီး သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည်။ ထိုကဏ္ဍထဲတွင် အသင်တို့ အသိတရားရကြရန်အတွက် ရှင်းလင်းထင်ရှားသော အာယသ်တော်များကို ချပေး တော်မူခဲ့သည်။ **၂။** ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သောအမျိုးသမီးနှင့် အမျိုး သားတို့အနက်မှ တစ်ဦးချင်းကို ကြိမ်ဒဏ်အချက်ပေါင်း တစ်ရာစီ ရိုက်ကြလေကုန်။ အကယ်၍ အသင်တို့သည် အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည် ကြသည်ဆိုလျှင် အလ္လာဟ်၏သာသနာ့ကိစ္စတွင် သူတို့နှစ်ဦးအပေါ် သနားကြင်နာ မှုမဖြစ်သင့်ပေ။ သူတို့နှစ်ဦးအား ပြစ်ဒဏ်ပေးသောအခါသက်ဝင်ယုံကြည်သူတစ်စု သည် အသင့်ရောက်ရှိနေရပေမည်။ **၃။** ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သော အမျိုးသားသည် ကာမေသုမိစ္ဆာစာရကံကျူးလွန်သော အမျိုးသမီးကိုသာ၊ သို့မ ဟုတ် အခြားအရာကို အလ္လာဟ်နှင့်တုဖက်ကိုးကွယ်သောအမျိုးသမီးကိုသာ လက် ထပ်ထိမ်းမြားရမည်။ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သောအမျိုးသမီးကိုလည်း

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သောအမျိုးသားကသာ သို့မဟုတ် အခြားအရာကို အလွှာတ်နှင့်တုဖက်ကိုးကွယ်သောအမျိုးသားကသာ လက်ထပ်ထိမ်းမြားရမည်။ သက်ဝင်ယုံကြည်သူများ အပေါ်တွင် ထိုကိစ္စသည် တားမြစ်ထားပြီး ဖြစ်လေသည်။

၄။ အပြစ်ကင်းစင်သော အမျိုးသမီးများအား စွပ်စွဲပြောဆိုပြီးနောက် သက်သေလေးဦး မတင်ပြနိုင်သောသူများကို အသင်တို့သည် ကြိမ်ဒဏ်ရှုစ်ဆယ် ရိုက်ကြလေကုန်။ ထို့ပြင် သူတို့၏သက်သေခံချက်ကို ဘယ်တော့မျှ လက်မခံကြလေနှင့်။ ထိုသူများသည်သာ အမိန့်ဖီဆန်သူများ ဖြစ်ကြပေသည်။ **၅။** သို့ရာတွင် ထိုကိစ္စပြီးနောက် အမှားဝန်ချတောင်းပန်ပြီး ကိုယ့်ကိုယ်ကိုယ် ပြုပြင်လိုက်ကြသော သူများကိုမူ အလွှာဟ်သည် တကယ်ပင် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။

၆။ မိမိတို့၏ ဇနီးမိန်းမများအား စွပ်စွဲပြောဆိုကြပြီးနောက် မိမိတို့မှအပ အခြားသော သက်သေများမရှိသော လင်ယောကျ်ားတစ်ဦးတစ်ယောက်အနေနှင့် သက်သေထွက်ဆိုရမည့်နည်းလမ်းမှာ မိမိသည် မှန်ကန်သူဖြစ်ပါသည်ဟု လေးကြိမ်တိုင်တိုင် အလွှာဟ်ကို တိုင်တည်ကျိန်ဆိုပြောရခြင်းဖြစ်သည်။ **၇။** ပဉ္စမအကြိမ်၌မူ အကယ်၍ မိမိသည် လိမ်လည်ပြောဆိုသူဖြစ်ခဲ့ပါလျှင် မိမိအပေါ် သို့ အလွှာဟ်၏ ကျိန်စာ သင့်ပါစေဟု ပြောဆိုရမည်။ **၈။** ဇနီးမိန်းမထံမှ ပြစ်ဒဏ်ကို ဖယ်ရှားပေးမည့် နည်းလမ်းမှာ ထိုလင်ယောကျ်ားသည် လိမ်လည်ပြောဆိုသူဖြစ်ပါသည်ဟု အမျိုးသမီးက လေးကြိမ်တိုင်တိုင် အလွှာဟ်ကို တိုင်တည်ကျိန်ဆိုပြောရခြင်းဖြစ်သည်။ **၉။** ပဉ္စမအကြိမ်၌မူ အကယ်၍ ထိုလင်ယာကျ်ားသည် အမှန်ပြောဆိုသူ ဖြစ်ခဲ့ပါလျှင် မိမိအပေါ်သို့ အလွှာဟ်၏ အမျက်တော်ကျရောက်ပါစေဟု ပြောဆိုရမည်။ **၁၀။** အသင်တို့အပေါ်တွင် အလွှာဟ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သာမရှိခဲ့ပါလျှင် (အသင်တို့ သောက ရောက်နေရမည်။) ဇကနစင်စစ် အလွှာဟ်သည် ဝန်ချတောင်းပန်အသနားခံမှုကို အလွန်လက်ခံတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်သည်။

၁၁။ ဇကနစင်စစ် မုသားစွပ်စွဲချက်ကို ဖြန့်ချိခဲ့သူများမှာ အသင်တို့

ထဲက လူတစ်စုပင် ဖြစ်သည်။ ထိုကိစ္စသည် အသင်တို့အတွက် အဆိုးဟု မထင်မှတ်ကြလေနှင့်။ စင်စစ်တွင် ထိုကိစ္စသည် အသင်တို့အတွက် အကောင်းပင် ဖြစ်သည်။ သူတို့အနက်မှ တစ်ဦးတိုင်းစီအဖို့ သူရှာဖွေဆည်းပူးခဲ့သည့်အပြစ်ဒဏ်ရှိပေသည်။ သူတို့အနက်မှ ထိုမုသားစွပ်စွဲမှုတွင် ဝေစုအများဆုံးတာဝန်ယူခဲ့သူအဖို့မှာမူ အလွန်ကြီးမားသောပြစ်ဒဏ် ရှိပေသည်။

၁၂။ ထိုမုသားစွပ်စွဲချက်ကို အသင်တို့ ကြားသိခဲ့ရစဉ်အခါက ယုံကြည်သောအမျိုးသား၊ အမျိုးသမီးများသည် မိမိတို့အချင်းချင်း အဘယ်ကြောင့် ကောင်းသောထင်မြင်ယူဆချက် မထားခဲ့ကြပါသနည်း။ ဤသည် ထင်ရှားသော မုသားစွပ်စွဲချက်ပင်ဖြစ်သည်ဟု အဘယ်ကြောင့် မပြောခဲ့ကြသနည်း။ **၁၃။** သူတို့သည် သက်သေလေးဦးကို အဘယ်ကြောင့် မတင်ပြခဲ့ကြသနည်း။ သူတို့သည် သက်သေများ မတင်ပြနိုင်ကြခဲ့ပေရာ အလ္လာဟ်ထံတော်ပါးတွင် သူတို့သည်သာ လူလိမ်လူညာများ ဖြစ်ကြပေသည်။

၁၄။ အကယ်၍ အသင်တို့ပေါ်၌ လောကီဘဝနှင့် နောင်တမလွန်ဘဝတွင် အလ္လာဟ်၏ကျေးဇူးတော်နှင့် ကရုဏာတရားသာ မရှိခဲ့ပါလျှင် အသင်တို့ နစ်မွန်းခဲ့ကြသောကိစ္စများကြောင့် အသင်တို့အပေါ်တွင် အလွန်ကြီးလေးသော ပြစ်ဒဏ် ကျရောက်ခဲ့မည်သာ ဖြစ်သည်။ **၁၅။** ထိုအချိန်က အသင်တို့သည် ထိုကိစ္စကို မိမိတို့၏ နှုတ်လျှာများဖြင့် ဆင့်ပြန်ပြောဆိုနေခဲ့ကြသည်။ အသင်တို့ ဘာတစ်ခုမျှ မသိထားသောကိစ္စရပ်ကို အသင်တို့၏ ပါးစပ်များဖြင့် ပြောဆိုနေခဲ့ကြသည်။ ထိုကိစ္စကို သာမန်ကိစ္စတစ်ခုဟု အသင်တို့ ထင်မှတ်ခဲ့ကြသည်။ စင်စစ်တွင် ထိုကိစ္စသည် အလ္လာဟ်ထံတော်ပါးတွင် အလွန်ကြီးလေးသောကိစ္စ ဖြစ်သည်။ **၁၆။** ထိုကိစ္စကို အသင်တို့ ကြားသိခဲ့ကြစဉ်အခါက ကျွန်ုပ်တို့သည် ဤကိစ္စမျိုးကို မပြောဆိုသင့်။ အလ္လာဟ်ထံခိုလှုံပါသည်။ ဤသည် အလွန်ကြီးကျယ်လှသော သွားပုပ်လေလွင့် စွပ်စွဲချက်မျှသာဖြစ်သည်ဟု အဘယ်ကြောင့် အသင်တို့ မပြောခဲ့ကြသနည်း။ **၁၇။** အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် နောက်နောင် ထိုအပြုအမူမျိုး ထက်မလုပ်ကြဖို့ အသင်တို့အား အလ္လာဟ်

ဆုံးမတော်မူသည်။ **၁၈။** အလ္လာဟ်သည် အသင်တို့အဖို့ အမိန့်ပညတ်တော်များကို ရှင်းရှင်းလင်းလင်း မိန့်ကြားတော်မူပေသည်။ အလ္လာဟ်သည် အကြွင်းမဲ့သိတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။

၁၉။ အမှန်စင်စစ် သက်ဝင်ယုံကြည်ကြသူများအတွင်း၌ ရှက်ဖွယ်လိလိ ကိစ္စရပ်များ ပြန့်ပွားရန် လိုလားနှစ်သက်ကြသောသူများအဖို့ လောကီတွင်ရော၊ နောင်တမလွန်တွင်ပါ နာကျင်ဖွယ် ပြစ်ဒဏ်ရှိပေသည်။ အလ္လာဟ်သည် သိတော်မူပြီး အသင်တို့ကမူ မသိကြပေ။ **၂၀။** အလ္လာဟ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သာ အကယ်၍ အသင်တို့အပေါ်တွင် မရှိခဲ့ပါလျှင်၊ ထို့ပြင် အလ္လာဟ်သည် အလွန် သနားကြင်နာတော်မူသောအရှင်၊ အလွန် ကရုဏာကြီးမားတော်မူသော အရှင် မဟုတ်ခဲ့ပါလျှင် (အသင်တို့ထံ ပြစ်ဒဏ်ကျရောက်ခဲ့ပြီး ဖြစ်ချေမည်။)

၂၁။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ရှိုင်သွာန်မိစ္ဆာ၏ ခြေရာများ နောက်သို့ မလိုက်ကြလေနှင့်။ မည်သူမဆို ရှိုင်သွာန်မိစ္ဆာ၏ ခြေရာများနောက်သို့ လိုက်ခဲ့ပါမူ ထိုရှိုင်သွာန်သည် ရှက်ဖွယ်ကိစ္စနှင့် မကောင်းသောကိစ္စကို လုပ်ရန်သာ ညွှန်ကြားပေလိမ့်မည်။ အကယ်၍ အလ္လာဟ်၏ ကျေးဇူးတော်နှင့် အရှင်မြတ်၏ ကရုဏာတော်သာ မရှိခဲ့ပါလျှင် အသင်တို့ထဲက မည်သူတစ်ဦးတစ်ယောက်မျှ ဘယ်တော့မှ စင်ကြယ်သန့်ရှင်းနိုင်မည်မဟုတ်။ သို့သော် အလ္လာဟ်သည်သာ မိမိ အလိုရှိတော်မူသောသူအား စင်ကြယ်သန့်ရှင်းစေတော်မူပေသည်။ အလ္လာဟ်သည် အကြွင်းမဲ့ကြားတော်မူသော၊ အရာရာကို သိတော်မူသောအရှင် ဖြစ်ပေသည်။

၂၂။ အသင်တို့ထဲမှ ဂုဏ်သိက္ခာနှင့် ချောင်လည်မှု ရှိသောသူများသည် ဆွေမျိုးသားချင်းများ၊ သူဆင်းရဲများနှင့် အလ္လာဟ်လမ်းတော်တွင် အိုးအိမ်စွန့်ခွာ ပြောင်းရွှေ့လာကြသောသူများအား ပေးကမ်းမှုမပြုတော့ပါဘူးဟု မကျိန်ဆိုကြ လေနှင့်။ အသင်တို့ ခွင့်လွှတ်လိုက်ကြကုန်။ လျစ်လျူရှုလိုက်ကြကုန်။ အလ္လာဟ် အသင်တို့ကို ခွင့်လွှတ်ချမ်းသာပေးမှာကို အသင်တို့ မလိုလားကြသလော။ အလ္လာဟ်သည် အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။

၂၃။ ကာအိန္ဒြေစောင့်ထိန်းသော၊ ရိုးရိုးသားသားနေတတ်သော၊ မုအ်မင်နှ်အမျိုးသမီးများအား ယိုးစွပ်ကြသောသူများသည် လောကီ၊ လောကုတ္တရာ နှစ်ဌာနလုံးတွင် ကရုဏာတော်မှ ကင်းဝေးစေခြင်းကို ခံလိုက်ကြရပြီ။ ထို့ပြင် သူတို့အတွက် အလွန်ကြီးမားသော ပြစ်ဒဏ်ရှိပေသည်။ **၂၄။** ထိုနေ့တွင် သူတို့၏ နှုတ်လျှာများ၊ သူတို့၏လက်များနှင့် သူတို့၏ ခြေထောက်များသည် သူတို့ပြုလုပ်ခဲ့ကြသည်များနှင့်စပ်လျဉ်း၍ သက်သေခံကြလိမ့်မည်။ **၂၅။** ထိုနေ့တွင် အလ္လာဟ်သည် သူတို့အား သူတို့နှင့်ထိုက်တန်သောအစားကို ပြည့်ပြည့် ဝဝ ချီးမြှင့်တော်မူမည်။ ထို့နောက် အလ္လာဟ်သည်သာလျှင် စစ်မှန်တော်မူသော၊ ထင်ရှားစေတော်မူသော အရှင်ဖြစ်ကြောင်းကို သူတို့ မုချ သိသွားကြပေလိမ့်မည်။

၂၆။ ယုတ်ညံ့သောအမျိုးသမီးများသည် ယုတ်ညံ့သောအမျိုးသားများအတွက်ဖြစ်၍ ယုတ်ညံ့သောအမျိုးသားများသည်လည်း ယုတ်ညံ့သောအမျိုးသမီးများအတွက် ဖြစ်ပေသည်။ သန့်ပြန့်သောအမျိုးသမီးများသည် သန့်ပြန့်သောအမျိုးသားများအတွက်ဖြစ်၍ သန့်ပြန့်သောအမျိုးသားများသည်လည်း သန့်ပြန့်သော အမျိုးသမီးများအတွက် ဖြစ်သည်။ ထိုသူများသည် သူတို့၏စွပ်စွဲပြောဆိုချက်များမှ ကင်းရှင်းကြသူများ ဖြစ်ကြသည်။ သူတို့အတွက် ခွင့်လွှတ်ချမ်းသာမှုနှင့် မွန်မြတ်သော စားနပ်ရိက္ခာရှိပေသည်။

၂၇။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏အိမ်များမှအပ အခြားအိမ်များအတွင်းသို့ ခွင့်တောင်းခြင်းနှင့် အိမ်သူအိမ်သားများအပေါ် စလာမ်မေတ္တာပို့သခြင်းမပြုသမျှကာလပတ်လုံးမဝင်ရောက်ကြလေနှင့်။ ဤသည် အသင်တို့အဖို့ အကောင်းဆုံးဖြစ်ပေသည်။ သို့ဖြင့် အသင်တို့ သတိရှိစေရန်အတွက် ဖြစ်သည်။ **၂၈။** အကယ်၍ အသင်တို့သည် ထိုအိမ်များအတွင်း၌ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရလျှင် အသင်တို့အဖို့ အခွင့်မရမချင်း ထိုအိမ်များအတွင်းသို့ မဝင်ရောက်ကြလေနှင့်။ အကယ်၍ အသင်တို့အား ပြန်သွားလိုက်ပါဦးဟု ပြောလျှင် အသင်တို့ ပြန်လိုက်ကြကုန်။ ဤသည် အသင်တို့အဖို့ အမွန်မြတ်ဆုံးဖြစ်သည်။ အလ္လာဟ်သည် အသင်တို့ ပြုလုပ်နေသည်များကို အကြွင်းမဲ့သိတော်မူ

သောအရှင် ဖြစ်ပေသည်။ **၂၉။** လူမနေသောအိမ်များတွင် အသင်တို့၏ ဥစ္စာပစ္စည်း တစ်စုံတစ်ရာလည်းရှိပါက ထိုအိမ်များအတွင်းသို့ ဝင်ရောက်ခြင်းတွင် အသင်တို့အ ပေါ်၌ အပြစ်တစ်စုံတစ်ရာမရှိ။ အလ္လာဟ်သည် အသင်တို့ ထုတ်ဖော်သည်များ ကိုရော၊ အသင်တို့ ဖုံးကွယ်သည်များကိုပါ သိတော်မူပေသည်။

၃၀။ အသင်သည် သက်ဝင်ယုံကြည်သူအမျိုးသားများအား ဤသို့ ပြော ကြားပါ။ မိမိတို့၏ မျက်လွှာများကို နှိမ့်ချထားကြကုန်။ မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြကုန်။ ဤသည် သူတို့အဖို့ အသန့်ပြန့်ဆုံး ဖြစ်ပေမည်။ ဇကနစင်စစ် အလ္လာဟ်သည် သူတို့ ပြုလုပ်နေသည်များကို အကြွင်းမဲ့သိတော်မူသည်။

၃၁။ အသင်သည် သက်ဝင်ယုံကြည်သောအမျိုးသမီးများအား ဤသို့ ပြောကြားပါ။ မိမိတို့၏ မျက်လွှာများကို နှိမ့်ချထားကြကုန်။ မိမိတို့၏ အရှက်အင်္ဂါ များကို ထိန်းသိမ်းကြကုန်။ ပေါ်၍နေတတ်သော အလှအပမှ တစ်ပါး ကျန်အလှအပ များကို မဖော်ကြနှင့်။ မိမိတို့၏ဦးခေါင်းခြုံလွှာများကို မိမိတို့၏ရင်ဘတ်များအပေါ် သို့ ချထားကြကုန်။ မိမိတို့၏ အလှအပကို မိမိတို့လင်ယောကျ်ားများ၊ သို့မဟုတ် မိမိတို့၏ ဖခင်များ၊ သို့မဟုတ် မိမိတို့ လင်ယောကျ်ားများ၏ ဖခင်များ၊ သို့မဟုတ် မိမိတို့၏ သားများ၊ သို့မဟုတ် မိမိတို့၏ လင်ယောကျ်ားများ၏ သားများ၊ သို့မဟုတ် မိမိတို့၏ အစ်ကို မောင်များ၊ သို့မဟုတ် မိမိတို့၏ အစ်ကို မောင်များ၏သားများ၊ သို့မဟုတ် မိမိတို့၏ အစ်မ ညီမများ၏သားများ၊ သို့မဟုတ် မိမိတို့၏ မိန်းမချင်းများ၊ သို့မဟုတ် မိမိတို့ပိုင် ကျေးကျွန်များ၊ သို့မဟုတ် အမျိုးသားများအနက်မှ တက်မက် စိတ်မရှိသော လက်အောက်ငယ်သားအမျိုးသားများ၊ သို့မဟုတ် မိန်းမများ၏ အတွင်းကိစ္စများကို မသိနားမလည်ကြသေးသော ကလေးသူငယ်များမှအပ အခြား သူများ၏ ရှေ့တွင် မဖော်ကြနှင့်။ ထို့ပြင် မိမိတို့၏ ဖုံးနေသောအလှအပများကို အခြားသူသိရှိရန် ခြေများကို ဆောင့်၍ မနင်းကြနှင့်။ အို-အီမာန်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့အားလုံးသည် အလ္လာဟ်ဘက်သို့ ပြန်လှည့်ကြလေကုန်။ အသင်တို့ အောင်မြင်မှုရကောင်း ရလိမ့်မည်။

၃၂။ အသင်တို့အနက်မှ အိမ်ထောက်ဘက်မရှိသောသူများကို လက်

ထပ်ထိမ်းမြားပေးကြကုန်။ ထို့အတူ အသင်တို့၏ ကျွန်-ကျွန်မများအနက်မှ ထိမ်းမြားမှုပြုဖို့ သင့်တော်သောသူများကိုလည်း လက်ထပ်ထိမ်းမြားပေးကြကုန်။ အကယ်၍ သူတို့သည် ဆင်းရဲသားများဖြစ်ကြလျှင် အလ္လာဟ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် သူတို့ကို ကြွယ်ဝချမ်းသာအောင် ပြုလုပ်ပေးတော်မူပေမည်။ အလ္လာဟ်သည် ကျယ်ဝန်းစွာ ချီးမြှင့်တော်မူသော၊ အကြင်းမဲ့သိတော်မူသော အရှင်ဖြစ်သည်။

၃၃။ လက်ထပ်ထိမ်းမြားဖို့ အခွင့်အလမ်းမရကြသောသူများမှာမူ အလ္လာဟ်သည် မိမိ၏ကျေးဇူးတော်ဖြင့် သူတို့အား ချမ်းသာကြွယ်ဝအောင်လုပ်ပေးသည်အထိ ကာအိန္ဒြေကို စောင့်ထိန်းရမည်။ အသင်တို့၏ ကျေးကျွန်များအနက်မှ (ကျွန်ဘဝမှ လွတ်မြောက်ရန်) စာချုပ်ချုပ်ဆိုလိုသူများအား အကယ်၍ သူတို့ထဲတွင် ထိုအရည်အချင်းကို အသင်တို့သိရပါက စာချုပ်ချုပ်ဆိုပေးကြကုန်။ အသင်တို့အား အလ္လာဟ် ချီးမြှင့်ပေးထားသည့် ငွေကြေးဥစ္စာထဲမှ သူတို့ကိုလည်း ပေးကမ်းကြကုန်။ အကယ်၍ အသင်တို့၏ ကျေးကျွန်မများသည် ကာအိန္ဒြေစောင့်စည်းရန် လိုလားကြပါလျှင် အသင်တို့သည် လောကီဘဝ၏အကျိုးအမြတ် အနည်းငယ်ရဖို့အတွက် သူမတို့အား မကောင်းသောအလုပ်ကို အတင်းအကျပ်မလုပ်ခိုင်းကြလေနှင့်။ မည်သူမဆို သူ(မ)တို့အား အတင်းအကျပ်စေခိုင်းခဲ့သည်ရှိသော် ဇကနိစင်စစ် အလ္လာဟ်သည် သူ(မ)တို့ အတင်းအကျပ်စေခိုင်းခံရပြီးသည့်နောက်တွင်လည်း အလွန် ခွင့်လွှတ် ချမ်းသာပေးတော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။

၃၄။ ဇကနိစင်စစ် ငါအရှင်သည် အသင်တို့ထံသို့ ရှင်းလင်းထင်ရှားသော အာယသ်တော်များ၊ အသင်တို့အလျင်က လူများ၏ဥပမာများနှင့် အကြောက်တရားထား ရှိသူများအဖို့ ဆုံးမသြဝါဒတို့ကို ချပေးတော်မူခဲ့သည်။

၃၅။ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီ၏ အလင်းရောင်ဖြစ်သည်။ အရှင်မြတ်၏ အလင်းရောင်၏ပမာမှာ ဤသို့ဖြစ်သည်။ နံရံအတွင်း၌ လိုဏ်ခေါင်းတစ်ခုရှိပေသည်။ ထိုလိုဏ်ခေါင်းထဲတွင် ဆီမီးတစ်ခုရှိသည်။ ထိုဆီမီးသည် မှန်အိမ်တစ်ခုတွင်ရှိသည်။ ထိုမှန်အိမ်သည် လင်းဝင်းတောက်ပသော ကြယ်တစ်လုံးနှင့် တူပေသည်။ ထိုဆီမီးသည် မင်္ဂလာနှင့်ပြည့်စုံသော သစ်ပင်မှ သံလွင်ဆီ

ဖြင့် ထွန်းရလေသည်။ ထိုသစ်ပင်သည် အရှေ့အရပ်ကလည်းမဟုတ်၊ အနောက်အရပ်က လည်းမဟုတ်။ ထိုသစ်ပင်၏အသီးသည် မီးနှင့်မထိဘဲနှင့်ပင် သူ့အလိုလို လင်းလုနီးနီး ဖြစ်နေသည်။ အလင်းရောင်ပေါ်တွင် အလင်းရောင် ထပ်လျက်ရှိသည်။ အလ္လာဟ်သည် မိမိအလိုရှိသူကို မိမိ၏ထိုအလင်းရောင်ဘက်သို့ လမ်းညွှန်တော်မူပေသည်။ အလ္လာဟ်သည် လူတို့အဖို့ ဥပမာများကို တင်ပြတော်မူသည်။ အလ္လာဟ်သည် အရာခပ်သိမ်းကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်ပေသည်။

၃၆။ ယင်းမီးအိမ်သည် ဤသို့သော အိမ်များအတွင်း၌ ရှိလေသည်။ ၎င်းအိမ်များကို မြှင့်တင်ဖို့၊ ၎င်းအိမ်များတွင် အရှင်မြတ်၏ နာမတော်ကို သတိရတသဖို့ အလ္လာဟ်က မိန့်ကြားထားတော်မူသည်။ ၎င်းအိမ်များတွင် ထိုအရှင်မြတ် သန့်ပြန့်စင်ကြယ်တော်မူကြောင်းကို နံနက်၊ည‌နေ မြွက်ဆိုလျက်ရှိကြသည်။ **၃၇။** ဤသို့သော အမျိုးသားများက။ ၎င်းတို့ကို မည်သည့်ကုန်သွယ်မှုနှင့် မည်သည့် အရောင်း အဝယ်ကမျှ အလ္လာဟ်ကို သတိရတသခြင်း၊ စွမ်လာသ်ဆောက်တည်ခြင်းနှင့် ဇကာသ်ပေးဆောင်ခြင်းတို့မှ မေ့လျော့သွားစေခြင်းမျိုး မရှိကြပေ။ ထိုအမျိုးသားတို့သည် စိတ်နှလုံးများနှင့် မျက်စိများ ကပြောင်းကပြန်ဖြစ်ကုန်မည့်နေ့တစ်နေ့ကို ကြောက်ရွံ့စိုးရိမ်လျက်ရှိကြသည်။ **၃၈။** အလ္လာဟ်သည် သူတို့ကျင့်မှုခဲ့သည်များ၏ အကောင်းဆုံးသော အကျိုးကုသိုလ်ကို သူတို့အား ချီးမြှင့်တော်မူရန်နှင့် သူတို့ အား မိမိ၏ကျေးဇူးတော်ဖြင့် သာပိုချီးမြှင့်ရန် ဖြစ်လေသည်။ အလ္လာဟ်သည် မိမိ အလိုတော်ရှိသူအား စာရင်းအင်းမရှိ ချီးမြှင့်တော်မူပေသည်။

၃၉။ သွေဖည်ငြင်းပယ်ကြသောသူတို့ ကျင့်မူဆောင်ရွက်ခဲ့သောလုပ်ရပ်များ၏ ပမာသည် လွင်ပြင်တွင်ရှိသော တံလျှပ်နှင့်တူဆင်ပေသည်။ ရေဆာလောင်နေသူသည် ထိုတံလျှပ်ကို ရေထင်၍ အနားသို့လာလေရာ ဘာတစ်ခုမျှ မတွေ့ခဲ့ရသည့်အပြင် ထိုအနီးတွင် အလ္လာဟ်ကိုသာ တွေ့လိုက်ရလေသည်။ သို့နှင့် အလ္လာဟ်သည် သူနှင့် စာရင်းအပြည့်အဝ ရှင်းလိုက်လေတော့သည်။ အလ္လာဟ်သည် လျင်မြန်စွာ စာရင်းရှင်းတော်မူသောအရှင် ဖြစ်လေသည်။ **၄၀။** သို့မဟုတ် နက်ရှိုင်းသောပင်လယ်အတွင်းရှိ အမှောင်ထုများနှင့် ဆင်တူပေသည်။

သူ၏လိုင်းတံပိုးအပေါ် လိုင်းတံပိုး လွှမ်းမိုးလျက်ရှိသည်။ အပေါ်မှ မိုးတိမ်များက လည်း လွှမ်းမိုးထားလျက်ရှိသည်။ အမှောင်ထုအပေါ် အမှောင်ထု အထပ်ထပ်ဖြစ်နေပေရာ တစ်ဦးတစ်ယောက်သည် မိမိ၏လက်ကို ထုတ်ကြည့်လျှင်ပင် ယင်းလက်ကို တွေ့မြင်နိုင်မည် မဟုတ်။ စင်စစ်တွင် အလွှာဟ်က အလင်းရောင်မပေးသော သူအဖို့ ဘာအလင်းရောင်မျှ ရှိတော့မည်မဟုတ်ပေ။

၄၁။ အသင်မမြင်တွေ့ပေသလော။ ဇကန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိရှိသမျှသောသူတို့နှင့် အတောင်ပံများဖြန့်၍ ဝဲပျံနေသောငှက်များသည် အလွှာဟ် သန့်ပြန့်စင်ကြယ်တော်မူကြောင်း ဘာဝနာစီးဖြန်းနေကြပေသည်။ အားလုံးတို့သည် မိမိ၏ စွလာသ်နှင့် မိမိ၏ဘာဝနာစီးဖြန်းမှုကို သိရှိကြပြီးဖြစ်သည်။ အလွှာဟ်သည် သူတို့ ပြုလုပ်နေသည်များကို အကြွင်းမဲ့သိတော်မူပေသည်။ **၄၂။** မိုးကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှုကို အလွှာဟ်သာ ပိုင်ဆိုင်တော်မူသည်။ အလွှာဟ်ထံသို့သာလျှင် အားလုံး ပြန်လည်ရောက်ရှိကြရမည်။

၄၃။ အသင်မမြင်တွေ့ပေသလော။ ဇကန်စင်စစ် အလွှာဟ်သည် မိုးတိမ်များကို မောင်းနှင်တော်မူသည်။ တစ်ဖန် ယင်းမိုးတိမ်များကို အချင်းချင်း ပေါင်းစပ်တော်မူသည်။ တစ်ဖန် ယင်းမိုးတိမ်များကို အထပ်ထပ်ဖြစ်စေတော်မူသည်။ ထို့နောက်တွင် မိုးရေသည် ထိုမိုးတိမ်များအကြားမှ ထွက်လာသည်ကို အသင်မြင်ရလေသည်။ ထို့ပြင် အရှင်မြတ်သည် မိုးကောင်းကင်မှ ထိုမိုးကောင်းကင်ရှိ တောင်များအတွင်းမှ မိုးသီးများကို ရွာသွန်းစေတော်မူသည်။ တစ်ဖန် မိမိအလိုရှိသူအပေါ် ထိုမိုးသီးကို ပြုတ်ကျစေတော်မူပြီး၊ မိမိအလိုရှိသူထံမှ ထိုမိုးသီးကို ဖယ်ရှားပေးတော်မူသည်။ ထိုမိုးတိမ်၏ လျှပ်ပြက်ရောင်သည် စက္ခုအလင်းများကို သုတ်ယူသွားမလားတောင် အောက်မေ့ရပေသည်။ **၄၄။** အလွှာဟ်သည် ညနှင့် နေ့ကို ပြောင်းလဲဖြစ်ပေါ်စေတော်မူသည်။ ဇကန်စင်စစ် ဤအချက်တွင် မျက်စိရှင်များအတွက် သင်ခန်းစာတစ်ရပ် မုချရှိပေသည်။

၄၅။ အလွှာဟ်သည် သက်ရှိသတ္တဝါတိုင်းအား ရေဖြင့် ဖန်ဆင်း

တော်မူခဲ့သည်။ တစ်ဖန် ထိုသတ္တဝါများတွင် အချို့သည် မိမိဝမ်းဗိုက်ဖြင့် တွားသွားပြီး အချို့သတ္တဝါများသည် ခြေနှစ်ချောင်းဖြင့် သွားလာသည်။ အချို့သတ္တဝါများသည် ခြေလေးချောင်းဖြင့် သွားလာသည်။ အလ္လာဟ်သည် မိမိအလိုရှိရာကို ဖန်ဆင်းတော်မူသည်။ ဇကန်စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းအပေါ် တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။ **၄၆။** ဇကန်စင်စစ် ငါအရှင်သည် ရှင်းရှင်းလင်းလင်း ထုတ်ဖော်တင်ပြသော အာယသ်တော်များကို ချပေးတော်မူခဲ့သည်။ အလ္လာဟ်သည် မိမိအလိုရှိသူအား ဖြောင့်မတ်သော တရားလမ်းမှန်သို့ ညွှန်ပြပို့ဆောင်တော်မူပေသည်။

၄၇။ ထိုသူတို့က ကျွန်ုပ်တို့သည် အလ္လာဟ်နှင့် ရစူလ်တမန်တော်ကို သက်ဝင်ယုံကြည်ကြပါပြီ၊ အမိန့်တော်ကို နာခံကြပါပြီဟု ပြောဆိုကြသည်။ ထို့နောက်တွင် သူတို့ထဲမှ လူတစ်စုသည် ကျောခိုင်းသွားကြလေသည်။ ထိုသူတို့သည် သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။ **၄၈။** သူတို့အကြားတွင် စီရင်ဆုံးဖြတ်ပေးရန်အတွက် အလ္လာဟ်ဘက်သို့လည်းကောင်း၊ ထိုအရှင့်တမန်တော်ဘက်သို့လည်းကောင်း သူတို့အား ဖိတ်ခေါ်သောအခါ သူတို့ထဲမှ လူတစ်စုသည် မျက်နှာလွှဲသွားကြပြန်သည်။ **၄၉။** အကယ်၍ သူတို့အတွက် အခွင့်အရေးရှိမည်ဆိုလျှင် သူတို့သည် တမန်တော်ဘက်သို့ အမိန့်နာခံသူများအဖြစ်နှင့် ရောက်လာကြလေသည်။ **၅၀။** သူတို့၏ စိတ်နလုံးများတွင် ရောဂါရှိနေသလော၊ သို့မဟုတ် သူတို့သည် ဒွိဟသံသယဖြစ်နေကြသလော၊ သို့မဟုတ် အလ္လာဟ်နှင့် ထိုအရှင့်တမန်တော်သည် သူတို့အပေါ် မတရားလုပ်မည်ကို သူတို့ စိုးရိမ်နေကြသလော။ အလျှင်းမဟုတ်၊ စင်စစ်တွင် သူတို့သည် မတရားကျူးလွန်သူများသာ ဖြစ်ကြလေသည်။

၅၁။ အီမာန်ယုံကြည်ကြသောသူများသည် သူတို့၏အကြားတွင် စီရင်ဆုံးဖြတ်ပေးရန်အတွက် အလ္လာဟ်ဘက်သို့လည်းကောင်း၊ ရစူလ်တမန်တော့် ဘက်သို့လည်းကောင်း ဖိတ်ခေါ်ခြင်းခံရသောအခါ သူတို့၏ပြောစကားမှာ ကျွန်ုပ်တို့ သည်ကြားကြပါပြီ၊ ကျွန်ုပ်တို့သည် အမိန့်နာခံပါပြီဟူ၍ ပြောဆိုခြင်းပင် ဖြစ်ပေသည်။

သူတို့သည်သာလျှင် အောင်မြင်မှုရရှိသူများ ဖြစ်ကြပေသည်။ **၅၂။** မည်သူမဆို အလ္လာဟ်နှင့် ထိုအရှင်တမန်တော်၏ အမိန့်ကို နာခံမည်၊ အလ္လာဟ်ကို ကြောက်ရွံ့မည်၊ ထိုအရှင့်အမိန့်ကို ဖီဆန်ခြင်းမှ ရှောင်ကြဉ်မည်ဆိုပါမူ ထိုသို့သောသူများသာလျှင် အောင်မြင်သူများ ဖြစ်ကြပေသည်။

၅၃။ သူတို့သည် အလ္လာဟ်ကို တိုင်တည်ပြီး အကယ်၍ အသင်သာသူတို့ကို အမိန့်ပေးခဲ့ပါလျှင် သူတို့သည်လည်း မုချ ထွက်ကြပါမည်ဟု အစွမ်းကုန်ကျိန်ဆိုပြောခဲ့ကြသည်။ အသင်ပြောလိုက်ပါ။ မကျိန်ဆိုကြလေနှင့်။ တရားစည်းမျဉ်းအရ အမိန့်နာခံဖို့သာ လိုအပ်သည်။ ဇကန်စင်စစ် အလ္လာဟ်သည် အသင်တို့ပြုမူသည်များကို ကောင်းစွာ သိတော်မူသည်။ **၅၄။** အသင်ပြောကြားပါ။ အလ္လာဟ်အမိန့်ကို နာခံကြကုန်။ ရစူလ်တမန်တော်အမိန့်ကိုလည်း နာခံကြကုန်။ အကယ်၍ အသင်တို့သည် ကျောခိုင်းသွားကြခဲ့လျှင် ထိုတမန်တော်အပေါ်တွင် သူကိုပေးထားသောတာဝန်သာရှိပြီး အသင်တို့ပေါ်တွင်လည်း အသင်တို့အား ပေးထားသောတာဝန်သာ ရှိပေသည်။ အကယ်၍ အသင်တို့သည် ထိုတမန်တော်အမိန့်ကို နာခံကြလျှင် တရားလမ်းမှန်ရကြပေလိမ့်မည်။ ရစူလ်တမန်တော်အပေါ်တွင် ထင်ထင်ရှားရှား ပို့ချရန်သာ တာဝန်ရှိပေသည်။

၅၅။ အသင်တို့အနက်မှ အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုများကျင့်ဆောင်သောသူများကို အလ္လာဟ်က ဤသို့ ကတိပေးထားတော်မူသည်။ ဇကန်စင်စစ် အရှင်မြတ်သည် ယခင်ကလူများအား အုပ်ချုပ်မှုအာဏာချီးမြှင့်ခဲ့သည့်နည်းတူ သူတို့ကိုလည်း မြေပထဝီတွင် အုပ်ချုပ်မှုအာဏာချီးမြှင့် တော်ပေမည်။ ထို့ပြင် သူတို့အတွက် မိမိနှစ်သက်တော်မူထားသော သာသနာကို မြဲမြံတည်တံ့စေတော်မူမည်။ ထို့ပြင် သူတို့ ကြောက်ရွံ့စိုးရိမ်၍ နေခဲ့ရပြီးနောက်တွင် အရှင်မြတ်သည် ငြိမ်းချမ်းမှုဖြင့် ပြောင်းလဲပေးတော်မူမည်။ သူတို့သည် ငါအရှင် မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြလိမ့်မည်။ ငါအရှင်နှင့်အတူ အခြား တစ်စုံတစ်ရာကို တွဲဖက်ကိုးကွယ်ကြမည်မဟုတ်ပေ။ ထို့နောက်တွင်လည်း သွေဖည်ငြင်းပယ်ကြလျှင် သူတို့သာ အမိန့်ဖီဆန်သူများ ဖြစ်ကြပေသည်။

၅၆။ စွလာသ်ဆောက်တည်ကြကုန်။ ဇကားသ်ပေးဆောင်ကြကုန်။ ရစူလ်တမန်တော်၏အမိန့်ကို နာခံကြကုန်။ သို့မှ အသင်တို့သည် ကရုဏာပြုခြင်းခံကြရပေမည်။ **၅၇။** သွေဖည်ငြင်းပယ်ကြသူများသည် ကမ္ဘာမြေပထဝီတွင် အလ္လာဟ်ကို ချည့်နဲ့အောင်လုပ်နိုင်လိမ့်မည်ဟု အသင် လုံးဝမထင်လိုက်လေနင့်။ သူတို့နေထိုင် ရမည့်နေရာမှာ ဂျဟန္နမ်ငရဲဘုံပင် ဖြစ်သည်။ ယင်းငရဲဘုံသည် အဘယ်မျှ ဆိုးရွားလိုက်ပါဘိ။

၅၈။ အိုး-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ကျေးကျွန်များနှင့် အသင် တို့ထဲက အရွယ်မရောက်သေးသော ယောကျ်ားလေးများသည် အချိန်သုံးချိန်တွင် ဝင်ခွင့်တောင်းကြရမည်။ ဖဂျရ်စွလာသ်မတိုင်မီအချိန်၊ အသင်တို့အဝတ်အစားများ ချွတ်ထားလေ့ရှိကြသည့် နေ့လယ်အချိန်၊ အိရှာစွလာသ်ပြီး အချိန်တို့ဖြစ်သည်။ဤအချိန်သုံးချိန်သည်အသင်တို့အရှက်လစ်လပ်နေတတ်သည့် အချိန်များ ဖြစ်သည်။ ထိုသုံးချိန်မှအပ ကျန်အချိန်များ၌အသင်တို့အပေါ် တွင်လည်း အပြစ်မရှိပေ။ သူတို့အပေါ်တွင်လည်း အပြစ်မရှိပေ။ အသင်တို့သည် တစ်ဦးထံ တစ်ဦး မြားမြောင်စွာ ဝင်ထွက်သွားလာလေ့ရှိသူများ ဖြစ်ကြပေသည်။ အလ္လာဟ်သည် ဤနည်းအတိုင်းပင် အသင်တို့အဖို့ အာယသ်တော်များကို ရှင်းလင်းစွာ မိန့်ကြားတော်မူသည်။ အလ္လာဟ်သည် အကြင်းမဲ့သိတော်မူသော၊ ဉာဏ်အမြော် အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။ **၅၉။** အသင်တို့အနက်က ကလေးများသည် အရွယ်ရောက်သွားကြလျှင် သူတို့ထက်ရှေ့ကလူများ ဝင်ခွင့်တောင်းခံကြရသည့်နည်းတူ သူတို့လည်း ဝင်ခွင့်တောင်းခံကြရမည်။ အလ္လာဟ်သည် ဤနည်းအတိုင်းပင် အသင်တို့အဖို့ မိမိ၏ အာယသ်တော်များကို ရှင်းလင်းစွာ မိန့်ကြားတော်မူသည်။ အလ္လာဟ်သည် အကြင်းမဲ့သိတော်မူသော၊ ဉာဏ်အမြော် အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။ **၆၀။** လက်ထပ်ထိမ်းမြားရန် မျှော်လင့်ချက်မရှိတော့သည့် အသက်အရွယ်ကြီးသွားသော အမျိုးသမီးများသည် အလှအပကို ဖော်ပြခြင်းမပြုဘဲ မိမိတို့၏ ခြုံထည်အဝတ်များကို ချွတ်ထားလျှင် ဘာအပြစ်မျှ မဖြစ်ချေ။ သို့သော် ဤသည်မှ ရှောင်ကြဉ်လျှင်တော့ သူတို့အဖို့ ပို၍

ကောင်းသည်။ အလ္လာဟ်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်ပေသည်။

၆၁။ မိမိတို့ အိမ်များမှဖြစ်စေ၊ မိမိတို့ ဖခင်များ၏အိမ်များမှဖြစ်စေ၊ မိမိတို့ မိခင်များ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ ညီအစ်ကိုများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ အစ်မနမများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ ဘကြီးဘထွေးများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ အရီးကြီး အရီးလေးများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ ဦးရီးများ၏အိမ်များမှဖြစ်စေ၊ မိမိတို့ အဒေါ်များ၏အိမ်များမှဖြစ်စေ၊ မိမိတို့ သော့ပိုင်ဆိုင်ထားသောအိမ်များမှဖြစ်စေ၊ မိမိတို့ မိတ်ဆွေများ၏ အိမ်များမှဖြစ်စေ စားသောက်ခြင်းသည် မျက်မမြင်အပေါ်တွင်လည်း ဘာအပြစ်မျှ မဖြစ်ပေ။ ခြေမသန်သူအပေါ်တွင်လည်း ဘာအပြစ်မျှ မဖြစ်ပေ။ နာမကျန်းဖြစ်နေသူအပေါ်တွင်လည်း ဘာအပြစ်မျှ မဖြစ်ပေ။ အသင်တို့အပေါ်တွင်လည်း ဘာအပြစ်မျှ မဖြစ်ပေ။ အသင်တို့သည် စုပေါင်းပြီး စားသောက်ကြသည်ဖြစ်စေ၊ သီးခြားစီ စားသောက်ကြသည်ဖြစ်စေ အသင်တို့အပေါ်တွင် ဘာအပြစ်မျှ မရှိချေ။ သို့သော် အိမ်များအတွင်းသို့ ဝင်ရောက်ကြသောအခါတွင်မူ မိမိတို့လူများအပေါ် အလျှော်တံထိတော်မူမင်္ဂလာအပေါင်း၊ ကောင်းချီးအပေါင်းနှင့်ပြည့်စုံသည့် စလာမ်မေတ္တာပို့သကြကုန်။ အလ္လာဟ်သည် အသင်တို့ နားလည်နိုင်ကြရန်အတွက် ဤနည်းအတိုင်းပင် အာယသ်တော်များကို ရှင်းလင်းစွာ ထုတ်ဖော်မိန့်ကြားတော်မူသည်။

၆၂။ အမှန်စင်စစ် အီမာန်ယုံကြည်သူများဟူသည် အလ္လာဟ်နှင့် အရှင့်တမန်တော်ကို သက်ဝင်ယုံကြည်ကြသောသူများ၊ စုပေါင်းဆောင်ရွက်ရသောကိစ္စတစ်ခုခုတွင် တမန်တော်နှင့်အတူ ရှိကြသောအခါ တမန်တော်ထံမှ ခွင့်ပန်ကြားမှုမပြုမချင်း ထွက်မသွားကြသူများပင် ဖြစ်ကြသည်။ အသင့်ထံမှ ခွင့်ပန်ကြားသောသူများသာလျှင် အလ္လာဟ်နှင့် အရှင့်တမန်တော်ကို သက်ဝင်ယုံကြည်သူများ ဖြစ်ကြပေသည်။ ထို့ကြောင့် အကယ်၍ သူတို့သည် မိမိတို့၏ ကိစ္စတစ်ခုခုကြောင့် အသင့်ထံမှ ခွင့်ပန်ကြားလျှင် အသင်အလိုရှိသူကို ခွင့်ပေးလိုက်ပါ။ ထို့နောက် သူတို့အတွက် အလ္လာဟ်ထံမှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးပါ။

ဇကန်စင်စစ် အလ္လာဟ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။

၆၃။ ရစူလ်တမန်တော်အား ဟစ်ခေါ်ခြင်းကို အသင်တို့အကြားတွင် တစ်ဦးကိုတစ်ဦး အချင်းချင်း ဟစ်ခေါ်ခြင်းမျိုးကဲ့သို့ မပြုလုပ်ကြလေနှင့်။ အသင်တို့ ထဲမှ တစ်ဦးကိုတစ်ဦး အကာအကွယ်ယူပြီး တိတ်တဆိတ် ခိုးထွက်သွားကြသူများကို အလ္လာဟ်သည် ဇကန်မုချ သိတော်မူသည်။ သို့ဖြစ်ရာ တမန်တော်၏ အမိန့်ကို ဆန့်ကျင်သူတို့သည် မိမိတို့ထံ စမ်းသပ်မှုတစ်ခုခု ဆိုက်ရောက်လာမည်ကို လည်းကောင်း၊ သို့မဟုတ် မိမိတို့ထံ ပြင်းထန်သောအပြစ်ဒဏ် သက်ရောက်လာမည်ကိုလည်းကောင်း စိုးရိမ်ရပေမည်။ **၆၄။** သတိပြုကြကုန်။ မိုးကောင်းကင်များနှင့် မြေထဝီတွင် ရှိရှိသမျှအရာ အားလုံးကို အလ္လာဟ်သာ ပိုင်ဆိုင်တော်မူသည်။ အလ္လာဟ်သည် အသင်တို့၏ လက်တလောအခြေအနေကိုလည်း မှချ သိတော်မူသည်။ ထိုအရှင့်ထံသို့ လူများ ပြန်လည်ရောက်ရှိရမည့်နေ့တွင်လည်း အရှင်မြတ်သည် သူတို့ပြုလုပ်ခဲ့သည်များကို သူတို့အား အသိပေးတော်မူမည်။ အလ္လာဟ်သည် အရာခပ်သိမ်းကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်ပေသည်။

၂၅။ စူရဟ် ဖုရ်ကာန်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဖုရ်ကာန်(အမှားအမှန် ခွဲခြားပေးသောကျမ်း)ကို မိမိ၏အစေတော်အပေါ် ချပေးသနားတော်မူသောအရှင်သည် ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါသည်။ ထိုအစေတော်သည် လောကသားအပေါင်းတို့အတွက် သတိပေးနှိုးဆော်သူဖြစ်ရန်အတွက် ဖြစ်ပေသည်။ **၂။** မိုးကောင်းကင်များနှင့် မြေထဝီ၏ အုပ်ချုပ်မှုအာဏာကို ထိုအရှင်သာ ပိုင်ဆိုင်တော်မူသည်။ ထိုအရှင်သည် သားသမီးတစ်ဦးတစ်ယောက်မျှ ပြုလုပ်တော်မမူခဲ့ပေ။ အုပ်ချုပ်မှုအာဏာတွင် ထိုအရှင်နှင့်

ဖက်စပ်ပါဝင်သူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိ။ ထိုအရှင်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူပြီး ထိုအရာတိုင်းကို အတိုင်းအဆတစ်ခု သတ်မှတ်ထား တော်မူခဲ့သည်။ **၃။** လူတို့သည် အလွှာဟ်မှအပ အခြားသောအရာကို ကိုးကွယ် ရာများအဖြစ် ပြုလုပ်ထားကြသည်။ ထိုကိုးကွယ်ရာများသည် တစ်စုံတစ်ရာကို မဖန်ဆင်းနိုင်ကြသည်နှင့်အပြင် သူတို့ကိုယ်တိုင်သည်ပင် ဖန်ဆင်းခြင်းကိုခံထားရသည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်အတွက် မည်သည့်ဆိုးကျိုးကိုမျှ မပိုင်ဆိုင်ကြသကဲ့သို့ မည်သည့် ကောင်းကျိုးကိုမျှလည်း မပိုင်ဆိုင်ကြပေ။ တစ်ဦးတစ်ယောက်၏သေခြင်းကို မပိုင်ဆိုင်ကြသကဲ့သို့ တစ်ဦးတစ်ယောက်၏ ရှင်ခြင်းကိုလည်း မပိုင်ဆိုင်ကြပေ။ သေပြီးနောက် ရှင်ပြန်ထစေခြင်းကိုလည်း မပိုင်ဆိုင်ကြပေ။

၄။ ငြင်းပယ်သူများက ဤကုရ်အာန်သည် ထိုမုဟမ္မဒ် လုပ်ကြံဖန်တီးထားသော မုသားမျှသာဖြစ်သည်၊ ဤကိစ္စတွင် အခြားသောမျိုးနွယ်များက သူ့ကို ကူညီရိုင်းပင်းခဲ့ကြသည်ဟု ပြောဆိုခဲ့ကြသည်။ စင်စစ်တွင် ထိုသို့ပြောသူတို့သည် မတရားမှုနှင့် မုသားကို ကျူးလွန်လိုက်ကြလေပြီ။ **၅။** သူတို့က ဤသို့လည်း ပြောကြသည်။ ဤကုရ်အာန်သည် ဤလူ ရေးမှတ်စေခဲ့သော ရှေးလူတို့၏ အခြေအမြစ်မရှိသောပုံပြင်များသာဖြစ်သည်။ ယင်းပုံပြင်များကို သူ့အပေါ် နံနက်နှင့်ညနေ ဖတ်ကြားခြင်းခံရသည်။ **၆။** အသင်ပြောလိုက်ပါ။ ဤကျမ်းကို မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသော လျှို့ဝှက်ချက်ကို သိတော်မူသောအရှင်မြတ်က ချပေးတော်မူခဲ့ပေသည်။ ဇကန်စင်စစ် ထိုအရှင်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။

၇။ သူတို့က ပြောကြသည်။ ဤသည် မည်သို့သောရဏ္ဍလတမန်တော်ပါလိမ့်။ အစားအစာလည်း စားသည်။ ဈေးများတွင်လည်း သွားလာနေသည်။ သူနှင့်အတူနေ၍ သတိပေးနှိုးဆော်နိုင်မည့် ကောင်းကင်တမန်တစ်ပါးပါးကို ဘာကြောင့် သူ့ထံသို့ စေလွှတ်ခြင်းမခံရပါသနည်း။ **၈။** သို့တည်းမဟုတ် သူ့ထံသို့ ဘဏ္ဍာတိုက်တစ်ခုခု ဘာကြောင့် ချပေးခြင်းမခံရပါသနည်း။ သို့မဟုတ် သူစားသုံးနိုင်မည့် ဥယျာဉ်ခြံတစ်ခြံ သူ့ထံတွင် ဘာကြောင့်မရှိရသနည်း။ ထို့ပြင် မတရားကျူး

လွန်သူတို့က အသင်တို့သည် စုန်းပယောဂထိထားသူတစ်ဦးနောက်သို့သာ လိုက်နေကြသည်ဟု ပြောဆိုခဲ့ကြသည်။ **၉။** သူတို့သည် အသင့်အတွက် မည်ကဲ့သို့သော ပုံဆောင်ချက်များ ခိုင်နှိုင်းခဲ့ကြည်သည်ကို အသင်ရှုပါလေ။ သို့ဖြစ်ရာ သူတို့သည် လမ်းလွဲသွားခဲ့ကြရုံသာမက မည်သည့်လမ်းမှန်ကိုမျှ တွေ့ရှိကြတော့မည်မဟုတ်ပေ။

၁၀။ အရှင်မြတ်သည် ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါသည်။ ထိုအရှင်သည် အလိုတော်ရှိပါလျှင် ထို့ထက်ပင် ပို၍ ကောင်းမွန်သော ဥယျာဉ်များကို ချီးမြှင့်တော်မူပေမည်။ ယင်းဥယျာဉ်၏အောက်ခြေမှ စမ်းချောင်းများ စီးတွေနေလျက်ရှိမည်။ ထို့ပြင် အသင့်အတွက် နန်းတော်များကိုလည်း ချီးမြှင့်တော်မူပေမည်။ **၁၁။** စင်စစ်တွင် သူတို့သည် ကိယာမသ်နေ့ကို ငြင်းပယ်ခဲ့ကြသည်ဖြစ်ရာ ငါအရှင်သည် ကိယာမသ်နေ့ကို ငြင်းပယ်သူ တို့အတွက် မီးတောက်မီးလျှံကို အသင့်ပြင်ဆင်ထားတော်မူပေသည်။ **၁၂။** သူတို့သည် ယင်းမီးကို အဝေးမှ မြင်တွေ့သောအခါ ထိုငရဲမီး၏ အမျက်ဒေါသထွက်သံနှင့် မြည်ဟိန်းသံကို ကြားကြရလိမ့်မည်။ **၁၃။** ထို့နောက် သူတို့သည် ယင်းငရဲမီးထဲတွင် ကျဉ်းမြောင်းသော နေရာတစ်ခု၌ တုပ်နှောင်လျက် ပစ်ချခြင်းကိုခံရသည့်အခါ ထိုနေရာတွင် သူတို့သည် သေခြင်းကို ဟစ်ခေါ်ကြလိမ့်မည်။ **၁၄။** ယနေ့ အသင်တို့သည် တစ်ခုတည်းသော သေခြင်းကို မဟစ်ခေါ်ကြလေနှင့်။ မြောက်မြားစွာသောသေခြင်းကို ဟစ်ခေါ်ကြလေကုန်။ **၁၅။** အသင်ပြောလိုက်ပါ။ ဤပြစ်ဒဏ်သည် ပို၍ကောင်းသလော၊ သို့မဟုတ် အလွှာဟ်အား ကြောက်ရွံ့ရိုသေကြသူများ ကတိပေးခြင်းခံရသော ထာဝရဥယျာဉ်ဘုံနန်းသည် ပို၍ကောင်းသလော။ သူတို့အဖို့ ကောင်းသောအကျိုးနှင့် နေရာထိုင်ခင်းရှိပေသည်။ **၁၆။** ယင်းဥယျာဉ်ဘုံတွင် သူတို့အဖို့ သူတို့အလိုရှိသမျှ ရရှိမည်။ သူတို့သည် ထိုထဲတွင် ထာဝရနေကြရမည်။ ဤသည် အသင့်အရှင် အပေါ်၌ လုပ်ကိုလုပ်ရမည့် ကတိတော်ပင် ဖြစ်ပေသည်။

၁၇။ ထိုနေ့တွင် အရှင်မြတ်သည် သူတို့ကိုရော၊ အလွှာဟ်ကို စွန့်၍ သူတို့ ကိုးကွယ်ကြသည့်အရာများကိုပါ စုရုံးတော်မူပြီး အသင်တို့သည် ငါ၏

ဤအစေတော်များကို လမ်းလွဲအောင်လုပ်ခဲ့ကြပါသလော၊ သို့မဟုတ် သူတို့ကိုယ်တိုင်ကပင် လမ်းလွဲခဲ့ကြခြင်းလောဟု မေးမြန်းတော်မူမည်။ **၁၈။** ထိုအခါ ၎င်းတို့က လျှောက်တင်ကြမည်။ အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်စင်တော်မူပါသည်။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်မှအပ အခြားအရာများကို ကာကွယ်စောင့်ရှောက်သူများအဖြစ် မပြုလုပ်ဝံ့ကြပါ။ သို့သော် အရှင်မြတ်သည် သူတို့နှင့် သူတို့၏ အဘ၊ ဘိုးဘေးများအား လောကီစည်းစိမ် ချီးမြှင့်တော်မူခဲ့ပါသည်။ အဘယ်မျှဟူမူ သူတို့သည် ဆုံးမသြဝါဒကို မေ့သွားခဲ့ကြပြီး ပျက်စီးသူများ ဖြစ်သွားခဲ့ကြပါသည်။ **၁၉။** သို့ဖြစ်ရာ ထိုကိုးကွယ်ရာများသည် အသင်တို့၏ပြောစကားများကို မဟုတ်မမှန်ဟု ငြင်းပယ်လိုက်ကြပြီ။ ယခု အသင်တို့သည် လွှဲရှောင်နိုင်ကြတော့မည်လည်းမဟုတ်၊ ဘာအကူအညီမျှလည်း ရနိုင်ကြတော့မည်မဟုတ်။ အသင်တို့အနက်က မည်သူမဆို မတရားကျူးလွန်ခဲ့ပါက ငါအရှင်သည် သူ့အား ကြီးလေးသော ပြစ်ဒဏ်ကို မုချမြည်းစမ်းစေတော်မူမည်။

၂၀။ ငါအရှင် အသင့်အလျှင်က စေလွှတ်တော်မူခဲ့သော ရာဂုလ်တမန်တော်အပေါင်းတို့သည်လည်း မုချ အစားအစာ စားသုံးခဲ့ကြသည်။ ဈေးများတွင် သွားလာခဲ့ကြသည်။ ငါအရှင်သည် အသင်တို့ကို အချင်းချင်း စမ်းသပ်ရာအဖြစ် ပြုလုပ်တော်မူခဲ့သည်ဖြစ်ရာ အသင်တို့သည် သည်းခံကြပါမည်လော။ အသင့်အရှင်သည် အရာခပ်သိမ်းကို မြင်တော်မူသောအရှင် ဖြစ်သည်။

★ **၂၁။** ငါအရှင်နှင့် တွေ့ဆုံရမည့်အရေးကို မစိုးရိမ်ကြသောသူတို့က ကျွန်ုပ်တို့အပေါ် ကောင်းကင်တမန်များ အဘယ်ကြောင့် စေလွှတ်ခြင်းမခံရပါသနည်း၊ သို့မဟုတ် ကျွန်ုပ်သည် မိမိတို့၏အရှင်ကို အဘယ်ကြောင့် မမြင်ကြရပါသနည်းဟု ပြောဆိုခဲ့ကြသည်။ စင်စစ်တွင် သူတို့သည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့ကြရုံသာမက ဆိုးသွမ်းမှုတွင် အကြီးအကျယ် ဘောင်ကျော်လွန်ခဲ့ကြသည်။ **၂၂။** ကောင်းကင်တမန်များကို သူတို့ တွေ့မြင်ကြသောနေ့တွင် ပြစ်မှုကျူးလွန်သူတို့အဖို့ ဘာသတင်းကောင်းမျှ ရှိမည်မဟုတ်။ ထို့ပြင် သူတို့သည် ကင်းပါရစေ၊ ကင်းဝေးပါရစေဟု ပြောဆိုနေကြလိမ့်မည်။ **၂၃။** ငါအရှင်သည် သူတို့ ပြုလုပ်

ခဲ့သမျှသော ကျင့်ဆောင်မှုများဘက်သို့ လာတော်မူပြီးနောက် ထိုကျင့် ဆောင်များကို ပြန့်ကျဲနေသော မြေမှန့်များပမာ ပြုလုပ်ပစ်တော်မူမည်။ **၂၄။** ထိုနေ့တွင် ဂျန္နသ်သုခဘုံသားတို့သည် အကောင်းဆုံးသောနေရာဌာနတွင် ရှိကြလိမ့်မည်။ အလွန်ကောင်းမွန်သော အပန်းဖြေရာနေရာတွင် ရှိကြလိမ့်မည်။

၂၅။ ယင်းနေ့တွင် မိုးကောင်းကင်သည် မိုးတိမ်မှ ကွဲထွက်သွားလိမ့်မည်။ ထို့ပြင် ကောင်းကင်တမန်များသည် အဆက်မပြတ် ဆင်းသက်စေခြင်းကို ခံကြရမည်။ **၂၆။** ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှုအစစ်အမှန်သည် ရဟ်မာန် ကရုဏာတော်အရှင် အဖို့သာလျှင် ဖြစ်ပေမည်။ ထိုနေ့သည် ငြင်းပယ်သူတို့အဖို့ အလွန်ခက်ခဲပြင်းထန်သောနေ့ ဖြစ်လိမ့်မည်။ **၂၇။** ယင်းနေ့တွင် မတရားကျူးလွန်သူသည် မိမိ၏လက်တွေကို ကိုက်ဝျက် ဤသို့ ပြောဆိုပေလိမ့်မည်။ ဩော်-ငါသည် ရစူလ်တမန်တော်နှင့်အတူ လမ်းမှန် ကိုလိုက်ခဲ့လျှင် ကောင်းလေစွတကား။ **၂၈။** ဩော်-ဖြစ်မှဖြစ်ရလေခြင်း၊ ငါသည် မည်သူမည်ဝါကို မိတ်ဆွေမလုပ်ခဲ့လျှင် ကောင်းလေစွတကား။ **၂၉။** သူသည် ငှဲထံသို့ ဆုံးမသြဝါဒရောက်လာပြီးသည့်နောက်မှ ငှဲအား လမ်းလွဲစေခဲ့သည်။ ရှိုင်သွာန်သည် လူသားတို့အား အကူအညီမပေးဘဲ စွန့်ထားသူပင် ဖြစ်လေသည်။ **၃၀။** ထို့ပြင် ရစူလ်တမန်တော်က လျှောက်တင်မည်။ အို-ကျွန်တော်မျိုး၏အရှင်၊ အမှန်စင်စစ် ကျွန်တော်၏ အမျိုးသားတို့သည် ဤကုရ်အာန်ကျမ်းမြတ်ကို လျစ်လျူရှုခဲ့ကြပါသည်။ **၃၁။** ဤနည်းအတိုင်းပင် ငါအရှင်သည် နဗီတမန်တော်တိုင်းအတွက် ဒုစရိုက်သမားများအနက်မှ ရန်သူများ ပြုလုပ်ထားတော်မူခဲ့သည်။ အသင့်အရှင်သည် လမ်းမှန် ညွှန်ကြားပြသရန်နှင့် ကူညီဆောင်မရန် လုံလောက်တော်မူပေသည်။

၃၂။ ငြင်းပယ်သူတို့က ကျမ်းမြတ်ကုရ်အာန်သည် ထို(မုဟမ္မဒ်)အပေါ်၌ အစအဆုံး တစ်စုတစ်စည်းတည်း ဘာကြောင့် ချပေးခြင်းမခံရသနည်းဟု ပြောဆိုကြသည်။ ဤကဲ့သို့(နည်းနည်းဆီ ချပေးတော်မူခြင်းအားဖြင့်) ငါအရှင်သည် အသင်၏စိတ်နှလုံးကို ကြံခိုင်စေတော်မူရန်ဖြစ်သည်။ ငါအရှင်သည် ယင်းကုရ်အာန်ကို တဖြည်းဖြည်း နည်းနည်းစီ ချပေးတော်မူခဲ့သည်။ **၃၃။** သူတို့သည် အဘယ်

မျှလောက် အံ့ဩဖွယ်ကောင်းသောမေးခွန်းများကို အသင့်ရှေ့မှောက် ယူဆောင်လာကြပါစေ၊ ငါအရှင်သည် ထိုမေးခွန်းများ၏မှန်ကန်သောအဖြေနှင့် အကောင်းဆုံးသောရှင်းလင်းချက်ကို အသင့်ကို ပြောပြတော်မူမည်။ **၃၄။** ထိုသူတို့သည်ပင် ဂျဟန္နမ်ငရဲဘုံသို့ မျက်နှာမှောက်လျက်သား ဆွဲခေါ်လာခြင်းခံကြရမည့်သူများ ဖြစ်သည်။ သူတို့သည် နေရာထိုင်ခင်းအားဖြင့် အဆိုးဆုံးသူများဖြစ်ကြရုံမက လမ်းမှန်တရားမှ အလွန် ဝေးကွာသူများလည်း ဖြစ်ကြသည်။

၃၅။ ဇကာန်စင်စစ် ငါအရှင်သည် မူစာကို ကျမ်းဂန် ချီးမြှင့်တော်မူခဲ့ပြီး၊ သူနှင့်အတူ သူ့နောင်တော် ဟာရွန်ကို ကူညီရှိုင်းပင်သူအဖြစ် ပြုလုပ်တော်မူခဲ့သည်။ **၃၆။** ထို့နောက် ငါအရှင်က ငြင်းပယ်ကြသောအမျိုးသားတို့ထံ ငါအရှင်၏သက်သေ လက္ခဏာတော်များကို ယူ၍ သွားကြလေကုန်ဟု သူတို့နှစ်ဦးအား အမိန့်ပေးတော်မူခဲ့သည်။ ထို့နောက် ငါအရှင်သည် ၎င်းအမျိုးသားများကို လုံးဝ ဖျက်ဆီးပစ်တော်မူခဲ့သည်။ **၃၇။** နူးဟ်၏အမျိုးသားများကိုလည်း သူတို့သည် ရစူလ်တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်လိုက်ကြသည့်အခါ ငါအရှင်သည် ရေနစ်မြုပ်စေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်သည် သူတို့အား လူသားတို့အဖို့ သက်သေလက္ခဏာတစ်ရပ်အဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်သည် မတရားကျူးလွန်သူတို့အတွက် နာကျင်စေသောပြစ်ဒဏ်ကို အသင့် ပြင်ဆင်ထားတော်မူသည်။ **၃၈။** အားဒ်မျိုးနွယ်၊ ဆမူဒ်မျိုးနွယ်၊ ရတ်စ္စမြို့သားများနှင့် ၎င်းတို့အကြားတွင်ရှိခဲ့သော မြောက်မြားစွာသောမျိုးနွယ်များကိုလည်း ငါအရှင် ဖျက်ဆီးတော်မူခဲ့သည်။ **၃၉။** ငါအရှင်သည် ထိုမျိုးနွယ်အသီးသီးတို့ကို ဥပမာ ပုံဆောင်ချက်များ ပြသတော်မူခဲ့သည်။ ထို့နောက်တွင် ငါအရှင်သည် ထိုမျိုးနွယ် အားလုံးတို့ကို ဖျက်ဆီးပစ်တော်မူခဲ့သည်။ **၄၀။** အမှန်စင်စစ် ဤသူတို့သည် အလွန် ဆိုးရွားစွာကျောက်ခဲမိုးရွာချခြင်းခံခဲ့ရသည့်ရွာမှ ဖြတ်သန်းသွားခဲ့ကြသည်။ သူတို့သည် ထိုရွာကို မြင်တွေ့ခဲ့ကြသည်မဟုတ်ပါလော။ စင်စစ်တွင် သူတို့သည် တစ်ဖန်ပြန်လည် ရှင်ထရမှာကို မျှော်လင့်မထားခဲ့ကြပေ။

၄၁။ သူတို့သည် အသင့်ကို တွေ့မြင်ကြသောအခါ ပြောင်လှောင်ကြ

သည်။ အလ္လာဟ်က ရစူလ်တမန်တော်အဖြစ် စေလွှတ်လိုက်သူမှာ ဤသူပင်လော။ **၄၂။** အကယ်၍သာ ကျွန်ုပ်တို့သည် မိမိတို့၏ကိုးကွယ်ရာဘုရားများအပေါ် တွင် စွဲမြဲကြံ့ခိုင်စွာ မရှိခဲ့ကြပါလျှင် ဤသူသည် ကျွန်ုပ်တို့အား ထိုဘုရားများမှ ကင်းဝေးအောင်ပြုလုပ်ပြီးလောက်ပေပြီ။ သူတို့သည် အပြစ်ဒဏ်ကို တွေ့မြင်ကြသောအခါ မည်သူသည် ပို၍ လမ်းလွဲနေသည်ကို မကြာမီ သိရှိသွားကြပေမည်။

၄၃။ မိမိ၏စိတ်အလိုရမ္မက်ကို မိမိ၏ကိုးကွယ်ရာဘုရားအဖြစ် ပြုလုပ်ထားသူကို အသင် တွေ့မြင်ခဲ့ပါသလော။ သို့ဖြစ်ရာ အသင်သည် သူ့အားတာဝန်ယူမည်လော။ **၄၄။** သူတို့ထဲက အများစုသည် ကြားကြသည်၊ နားလည်ကြ သည်ဟု အသင် ထင်မှတ်နေပါသလော။ သူတို့သည် တိရစ္ဆာန်များပမာသာ ဖြစ် ကြရုံမက ထို့ထက်ပင်ပို၍ လမ်းလွဲသူများ ဖြစ်ကြပေသည်။

၄၅။ အသင့်အရှင်သည် အရိပ်ကို မည်ကဲ့သို့ ပြန့်စေတော်မူသည်ကို အသင် မတွေ့မြင်ပါသလော။ အကယ်၍ ထို အရှင် ဆန္ဒရှိပါလျှင် ယင်းအရိပ်ကို တည်ငြိမ်နေအောင် ပြုလုပ်တော်မူပေမည်။ ထို့နောက် ငါအရှင်သည် နေကို ထိုအ ရိပ်အပေါ် ညွှန်ပြသောအရာအဖြစ် ပြုလုပ်တော်မူခဲ့သည်။ **၄၆။** ထို့နောက် ငါအရှင်သည် ယင်းအရိပ်ကို မိမိထံသို့ တဖြည်း ဖြည်း ဆွဲယူရုပ်သိမ်းတော်မူသည်။ **၄၇။** ထိုအရှင်မြတ်သည်ပင် အသင်တို့အဖို့ ညဉ့်ကို အကာအကွယ်အဖြစ်၊ အိပ်စက်ခြင်းကို အနားယူစရာအဖြစ် ပြုလုပ်တော် မူသော အရှင် ဖြစ်သည်။ ထို့ပြင် နေ့ကို ရှင်ပြန်ထရာအချိန်အဖြစ် ထိုအရှင်မြတ်ကပင် ပြုလုပ်ထားတော်မူသည်။ **၄၈။** မိမိ၏ ကရုဏာတော်(မိုး)အလျင် လေများကို ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ် တော်မူသောအရှင်မှာလည်း ထိုအရှင်ပင် ဖြစ်သည်။ ထို့ပြင် ငါအရှင်သည် မိုး ကောင်းကင်မှ စင်ကြယ်သန့်ပြန့်စေသောမိုးရေကို ချပေးသနားတော်မူသည်။ **၄၉။** ထိုမိုးရွေဖြင့် ငါအရှင်သည် သေနေသောမြေကို ရှင်သန်လာစေရန်နှင့်၊ ငါအရှင် ဖန်ဆင်းတော်မူထားသည့် မြောက်များစွာသော တိရစ္ဆာန်များနှင့် လူများကို ထိုရေ တိုက်ကျွေးတော်မူရန်အတွက် ဖြစ်ပေသည်။

၅၀။ ငါအရှင်သည် သူတို့ တရားရကြရန်အတွက် ထိုအချက်ကို သူတို့

အကြားတွင် ပုံစံအမျိုးမျိုးဖြင့် ရှင်းပြတော်မူခဲ့သည်။ သို့တစေလည်း လူအများစုသည် ကျေးဇူးကန်းခဲ့ကြသည်သာတည်း။ **၅၁။** အကယ်၍သာ ငါအရှင် အလိုတော်ရှိခဲ့ပါလျှင် မြို့ရွာတိုင်းတွင် သတိပေးနှိုးဆော်သူတစ်ဦးစီကို စေလွှတ်တော်မူမည်ဖြစ်သည်။ **၅၂။** သို့ဖြစ်ရာ အသင်သည် ငြင်းပယ်သူတို့၏စကားကို မလိုက်နာလေနှင့်။ သူတို့အား ဤကုရ်အာန်ကျမ်းမြတ်ဖြင့် အကြီးအကျယ် ဂျိဟာဒ်လုပ်ပါ။

၅၃။ ထိုအရှင်မြတ်သည်ပင် ပင်လယ်နှစ်ခုကို ပေါင်းစပ်တော်မူသော အရှင် ဖြစ်သည်။ ဤပင်လယ်တစ်ခု၏ရေသည် ချိုမြိန်သော၊ ရေငတ်ပြေစေသော ရေဖြစ်ပြီး ထိုပင်လယ်တစ်ခု၏ရေသည် ခါးချဉ်နပ်သည်။ အရှင်မြတ်သည် ထိုပင်လယ်နှစ်ခုအကြားတွင် အကာတစ်ခုကို ထားတော်မူပြီး ခိုင်မာသော အတားအဆီးတစ်ခုကို ပြုလုပ်ထားတော်မူသည်။ **၅၄။** ထိုအရှင်မြတ်သည်ပင် ရေဖြင့် လူသားကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ထိုလူသားအား ဆွေမျိုးသားချင်း တော်စပ်သူများ၊ ထိမ်းမြားမှုဖြင့် တော်စပ်သူများအဖြစ် ပြုလုပ်ပေးတော်မူခဲ့သည်။

၅၅။ သူတို့သည် အလ္လာဟ်ကို စွန့်၍ မိမိတို့အား ကောင်းကျိုးလည်း မပေးနိုင်သော၊ ဆိုးကျိုးလည်းမပေးနိုင်သောအရာများကို ခဝပ်ကိုးကွယ်နေကြသည်။ ငြင်းပယ်သူကမူ မိမိ၏အရှင်နှင့်ဆန့်ကျင်ဘက် ကူညီရိုင်းပင်းသူ ပြုလုပ်ထားလေသည်။ **၅၆။** ငါအရှင်သည် အသင့်အား သတင်းကောင်းပါးသူအဖြစ်၊ သတိပေးနှိုးဆော်သူအဖြစ်သာ စေလွှတ်တော်မူခဲ့ပေသည်။ **၅၇။** အသင်ပြောလိုက်ပါ။ ငါသည် ဤပို့ချမှုအပေါ် သင်တို့ထံမှ အဖိုးအခ တစ်စုံ တစ်ရာ တောင်းခံသည်မဟုတ်ပေ။ သို့ရာတွင် မည်သူမဆို အလိုရှိပါက မိမိ၏ အရှင်၏လမ်းကို ရွေးချယ်နိုင်သည်။

၅၈။ အသင်သည် ဘယ်တော့မှ သေဆုံးတော်မူမည်မဟုတ်သော၊ ထာဝရရှင်သန်နေတော်မူသည့်အရှင်မြတ်အပေါ် ယုံပုံအားထားပါလေ။ ထိုအရှင်အား ချီးမွမ်းမှုနှင့်တကွ သတ်စ်ဗီဟ်ဘာဝနာ စီးဖြန်းပါလေ။ ထိုအရှင်သည် မိမိ၏ကျေးကျွန်များ၏ ပြစ်မှုများကို သိနေတော်မူသောအရှင်အဖြစ် လုံလောက်ပေသည်။ **၅၉။** အရှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် မြေပထဝီကိုလည်းကောင်း၊ ထိုနှစ်ခု

အကြားရှိ အရာခပ်သိမ်းကိုလည်းကောင်း ခြောက်ရက်တွင် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် အရရှိုပလွင်တော်ဝယ် စံမြန်းတော်မူခဲ့သည်။ အရှင်မြတ်သည် ကရုဏာတော်ရှင် ဖြစ်တော်မူသည်။ ထိုအရှင်နှင့်စပ်လျဉ်း၍ အသိကြွယ်ဝသူတစ်ဦးဦးကို မေးကြည့်ပါ။ **၆၀။** ရဟ်မာန် ကရုဏာတော်ရှင်အား ပျံဝပ်ဦးချကြပါဟု သူတို့ကို ပြောကြားလျှင် သူတို့က ရဟ်မာန် ကရုဏာတော်ရှင်ဟူသည် အဘယ်အရာနည်း၊ ငါတို့သည် အသင် ဦးချခိုင်းသောအရာကို ဦးချရမည်လောဟု ပြန်လည် ပြောဆိုခဲ့ကြလေသည်။ ထို့နောက် သူတို့၏ စက်ဆုပ်မှုသည် ပို၍ပင် တိုးပွားသွား လေတော့သည်။

၆၁။ မိုးကောင်းကင်၌ ငြိုဟ်နက္ခတ်များကိုပြုလုပ်ဖန်ဆင်းတော်မူပြီး၊ ယင်းမိုးကောင်းကင်တွင် ဆီးမီး(နေ)တစ်ခုနှင့် လင်းဝင်းတောက်ပသော လကို ပြုလုပ်ဖန်ဆင်းထားတော်မူသောအရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါသည်။ **၆၂။** ထိုအရှင်မြတ်ကပင် သင်ခန်းစာရယူလိုသူအဖို့၊ သို့မဟုတ် ကျေးဇူးသိတတ်သူဖြစ်လိုသူအဖို့ ညနှင့်နေ့ကို တစ်ခုစီနောက်တစ်ခု အလှည့်ကျ သွားလာသောအရာအဖြစ် ပြုလုပ်တော်မူခဲ့သည်။

၆၃။ ရဟ်မာန် ကရုဏာတော်ရှင်၏ အစေတော်များဟူသည် မြေပေါ်တွင် ကျိုးနွံစွာ လမ်းလျှောက်ကြသူများဖြစ်ကြသည်။ အသိဉာဏ်မဲ့သူတို့က သူတို့အား စကားပြောကြာသောအခါ သူတို့သည် ငြိမ်းချမ်းသောစကားကို ပြောဆိုကြသည်။ **၆၄။** မိမိတို့၏အရှင်သခင်၏ရှေ့မှောက်တွင် ပျံဝပ်ဦးချကြလျက်၊ မတ်တတ်ရပ်ကြလျက် ညတာကုန်ဆုံးကြသူများ ဖြစ်ကြသည်။ **၆၅။** သူတို့သည် ဤသို့တောင်းဆုပြုကြသူများ ဖြစ်ကြသည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ထံမှ ဂျဟန္နမ်ငရဲမီး၏ပြစ်ဒဏ်ကို ဖယ်ရှားပေးတော်မူပါ။ ဇကန်စင်စစ် ယင်းဂျဟန္နမ်ငရဲမီး၏ပြစ်ဒဏ်သည် အလုံးစုံ ပျက်စီးမှုပင် ဖြစ်ပါသည်။ **၆၆။** ဇကန်စင်စစ် ယင်းဂျဟန္နမ်ငရဲမီးသည် အလွန် ဆိုးရွားသော စခန်းချရာနေရာနှင့် အလွန်ဆိုးရွားသော နေထိုင်ရာနေရာ ဖြစ်ပါသည်။ **၆၇။** သူတို့ သည် သုံးစွဲကြသောအခါ ဖြုန်းတီးခြင်းလည်းမပြုကြ။ စေးနဲတွန့်တိုခြင်းလည်းမပြုကြ။ ထိုနှစ်ခုအကြား

အလယ်အလတ် သုံးစွဲကြသူများ ဖြစ်ကြသည်။

၆၈။ အလ္လာဟ်နှင့်အတူ အခြားသောကိုးကွယ်ရာတစ်စုံတစ်ခုကို ဟစ်ခေါ်တသမှုမပြုကြသူများ ဖြစ်ကြသည်၊ ထို့ပြင် အလ္လာဟ်က တားမြစ်ထားသော အသက်ဇီဝိန်ကိုလည်း တရားသဖြင့်မှအပ သတ်ဖြတ်ခြင်းမပြုကြသူများ၊ ကာမေသုမိစ္ဆာစာရကံကိုလည်း မကျူးလွန်ကြသူများ ဖြစ်ကြသည်။ ထိုပြစ်မှုများကို ကျူးလွန်သူသည် အလွန်ကြီးလေးသောပြစ်ဒဏ်နှင့် တွေ့ကြုံရမည်။ **၆၉။** ကိယာမသ်နေ့တွင် ထိုသူ၏ပြစ်ဒဏ်သည် အဆတိုးတိုး၍ သွားပေမည်။ ထို့ပြင် သူသည် ယင်းပြစ်ဒဏ်တွင် ဂုဏ်သေးသိမ်စွာ ရှိနေလိမ့်မည်။ **၇၀။** သို့ရာတွင် မည်သူမဆို အမှားဝန်ချတောင်းပန်ပြီး သက်ဝင်ယုံကြည်မည်၊ ထို့နောက် ကောင်းမှုသီလကို ကျင့်မှုဆောက်တည်မည်ဆိုလျှင်တော့ အလ္လာဟ်သည် ထိုသူတို့၏ မကောင်းမှုများကို ကောင်းမှုများနှင့် လဲလှယ်ပေးတော်မူပေမည်။ ဇကန်စင်စစ် အလ္လာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။ **၇၁။** အမှားဝန်ချတောင်းပန်ပြီးနောက် ကောင်းမှုသီလ ပွားများသူသည် အမှန်စင်စစ်တွင် အလ္လာဟ်ဘက်သို့ ပြန်လှည့်လာသူပင် ဖြစ်ပေသည်။

၇၂။ သူတို့သည် မုသားလုပ်ရပ်တွင် သွားရောက်မပါဝင်ကြသူများ ဖြစ်ကြသည်။ ထို့ပြင် သူတို့သည် အကျိုးမဲ့သောကိစ္စတစ်ခုအနီးမှ ဖြတ်သန်းသွားကြသောအခါ အိန္ဒြေရှိသူများပီပီ ဖြတ်သန်းသွားကြသည်။ **၇၃။** ထိုသူတို့သည် မိမိတို့၏အရှင်၏ အာယသ်တော်များဖြင့် ဆုံးမသြဝါဒပေးခြင်းကို ခံကြရသောအခါ ယင်းအာယတ်တော်များအပေါ် နားပင်းကြသူများ၊ မျက်စိကန်းသူများအဖြစ် မကျရောက်လာကြပေ။ **၇၄။** သူတို့သည် ဤသို့ တောင်းဆုပြုကြသူများ ဖြစ်ကြ သည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုး တို့အား မိမိတို့၏ဇနီးမိန်းမများနှင့် သားသမီးများထံမှ မျက်စိအေးမြကြည်လင်မှုကို ချီးမြှင့်ပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့ကို သူတော်စင်များ၏ ရှေ့ဆောင်ရှေ့ရပ်အဖြစ် ပြုလုပ်ပေးတော်မူပါ။

၇၅။ (ရဟ်မာန် ကရုဏာတော်ရှင်၏)ထိုသို့သော အစေတော်များသည်

သည်းခံရပ်တည်ခဲ့ကြသည့်အတွက်ကြောင့် (သုခဘုံတွင်)အဆောင်များ အစားပေးခြင်းခံရမည်။ သူတို့သည် ယင်းအဆောင်များအတွင်း၌နှုတ်ခွန်းဆက်စကားများ၊ငြိမ်းချမ်းပါစေဟူသော တောင်းဆုများဖြင့် ကြိုဆိုခြင်းခံကြရပေမည်။ **၇၆။** သူတို့သည် ယင်းအဆောင်များတွင် ထာဝရနေထိုင်ကြရမည်။ ထို့ပြင် ယင်းအဆောင်များသည် အလွန်ကောင်းမွန်သော စခန်းချရာနေရာ၊ အလွန်ကောင်းမွန်သော နေထိုင်ရာနေရာ ဖြစ်ပေတော့သည်။ **၇၇။** အသင်ပြောလိုက်ပါ။ အကယ်၍ အသင်တို့ ဟစ်ခေါ်တသ ကိုးကွယ်ခြင်းမပြုကြလျှင်လည်း ငါ့အရှင်သည် အသင်တို့ကို ဂရုမစိုက်ပေ။ အသင်တို့သည် ငြင်းပယ်ခဲ့ကြပြီးဖြစ်လေရာ ထိုငြင်းပယ်မှု(၏ ပြစ်ဒဏ်)သည် များမကြာမီ အသင်တို့နှင့်အတူ ခွဲမရအောင် ပူးတွဲလျက်ရှိပေလိမ့်မည်။

၂၆။ စူရဟ် ရှိ့အရာအ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ သွာ၊ စီမ်၊ မီမ်။ **၂။** ဤသည် ထင်ရှားသောကျမ်း၏ အာယသ်တော်များပင် ဖြစ်ပေသည်။ **၃။** ၎င်းတို့သည် ယုံကြည်သူများ မဖြစ်လာခြင်းကြောင့် အသင်သည် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးပစ်တော့မည့်အလားပင်။ **၄။** အကယ်၍ ငါအရှင်အလို တော်ရှိလျှင် သူတို့အပေါ် မိုးကောင်းကင်မှ သက်သေလက္ခဏာတော်တစ်ပါးချပေးတော်မူမည်။ ထိုအခါ သူတို့၏လည်ကုပ်များသည် ယင်းလက္ခဏာတော်၏ ရှေ့မှောက်တွင် ကိုင်းညွှတ်လာကြမည်သာ။ **၅။** စင်စစ်တွင် သူတို့ထံသို့ ရဟ်မာန်ကရုဏာတော်ရှင်ထံမှ ဆုံးမသြဝါဒအသစ်တစ်ခုခု ရောက်ရှိလာတိုင်း သူတို့သည် မျက်နှာလွှဲခဲ့ကြသည်ချည်းသာ ဖြစ်သည်။ **၆။** သူတို့သည် ယခု ငြင်းပယ်လိုက်ကြပြီဖြစ်ရာ သူတို့ လှောင်ပြောင်ခဲ့ကြသည့်ကိစ္စရပ်၏ အဖြစ်မှန်ကို သူတို့သည် များမကြာမီ သိကြရလိမ့်မည်။

၇။ သူတို့သည် မြေပထဝီကို မတွေ့မြင်ကြပါသလော။ ငါအရှင်သည်

ယင်းမြေတွင် အဘယ်မျှလောက် များပြားလှစွာသော ကောင်းမွန်သည့်အရာ အမျိုးမျိုးကို ပေါက်ရောက်စေတော်မူခဲ့ပါသနည်း။ **၈။** ဧကန်စင်စစ် ဤအချက်တွင် သက်သေလက္ခတော်တစ်ရပ် မုချ ရှိနေပေသည်။ သို့သော် သူတို့အနက်မှ အများ စုသည် ယုံကြည်သူများ မဟုတ်ခဲ့ကြပေ။ **၉။** ဧကန်စင်စစ် အသင့်အရှင်သည် အလွန်တရာ လွှမ်းမိုးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်သည်။

၁၀။ တစ်ခါတွင် အသင့်အရှင်သည် မူစာအား သင်သည် မတရား ကျူးလွန်နေသော အမျိုးသားများထံသို့ သွားလော့ဟု ဟစ်ခေါ် မိန့်ကြားတော်မူခဲ့ သည်။ **၁၁။** ဖိရ်အောင်နှ်၏အမျိုးသားများထံ။ သူတို့သည် မကြောက်ရွံ့ကြလေသ လော။ **၁၂။** မူစာက လျှောက်တင်လေသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ သူတို့သည် ကျွန်တော်မျိုးအား ငြင်းပယ်လိုက်ကြမည်ကို ကျွန်တော်မျိုး စိုးရိမ်မိပါသည်။ **၁၃။** ကျွန်တော်မျိုးသည် စိတ်ကျဉ်းကျပ်သည့်အပြင် ကျွန်တော်မျိုး၏နှုတ်လျှာသည် လည်း သွက်လက်ခြင်းမရှိပါ။ သို့ပါသောကြောင့် အရှင်မြတ်သည် ဟာရူန်ထံသို့ လည်း ဝဟီဗျာဒိတ်တော် ချပေးတော်မူပါ။ **၁၄။** ကျွန်တော်မျိုးအပေါ်တွင် သူတို့နှင့် ပတ်သက်သော အပြစ်တစ်ခုရှိထားသည်ဖြစ်ရာ သူတို့သည် ကျွန်တော်မျိုးအား သတ်ဖြတ်ကြမည်ကိုလည်း စိုးရိမ်မိပါသည်။

၁၅။ ထိုအခါ အလ္လာဟ်က မိန့်တော်မူသည်။ အလျှင်းမဖြစ်စေရ။ အသင် တို့နှစ်ဦးသည် ငါအရှင်၏ လက္ခဏာတော်များနှင့်အတူ သွားကြကုန်။ ဧကန်စင်စစ် ငါအရှင်သည် အသင်တို့နှင့်အတူ နားထောင်နေတော်မူသောအရှင် ဖြစ်ပေသည်။ **၁၆။** အသင်တို့နှစ်ဦးသည် ဖိရ်အောင်နှ်ထံသို့သွားပြီး ပြောကြားကြကုန်။ ငါတို့သည် လောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ရစူလ်တမန်များ ဖြစ်ကြသည်။ **၁၇။** သင်သည် အစ္စရာအီလီမျိုးနွယ်ဝင်များကို ငါတို့နှင့်အတူ သွားခွင့် ပြုပါလေ။ **၁၈။** ဖိရ်အာင်နှ်က ပြောသည်။ ငါသည် အသင့်အား ကလေးဘဝ၌ မိမိ ထံတော်ပါးတွင်ထား၍ မွေးမြူစောင့်ရှောက်ခဲ့သည်မဟုတ်လော။ ထို့ပြင် သင်သည် မိမိသက်တမ်း၏ နှစ်ပေါင်းများစွာကို ကျွန်ုပ်တို့ထံတွင် နေထိုင်ခဲ့သည်မဟုတ်လော။

၁၉။ ထို့နောက် အသင်းသည် မိမိပြုလုပ်ခဲ့သောထိုပြစ်မှုကိုလည်း ကျူးလွန်ခဲ့သည် မဟုတ်လော။ စင်စစ် အသင်းသည် ကျေးဇူးကန်းသူများအနက်မှ တစ်ဦးဖြစ်လေ သည်။

၂၀။ မူစာက ဖြေကြားခဲ့သည်။ ထိုအချိန်က ကျွန်ုပ်သည် ယင်းအမှုကို မေ့မှား၍ ပြုလုပ်ခဲ့မိခြင်း ဖြစ်သည်။ **၂၁။** ထို့နောက် ကျွန်ုပ်သည် အသင်တို့အား ကြောက်ရွံ့ခဲ့သောအခါ အသင်တို့ထံမှ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ထို့နောက် ကျွန်ုပ်၏အရှင်သည် ကျွန်ုပ်အား ဉာဏ်အမြော်အမြင်ကို ချီးမြှင့်တော်မူပြီး ကျွန်ုပ် အား ရစူလ်တမန်တော်များအနက်မှ တစ်ဦးအဖြစ် ပြုလုပ်တော်မူခဲ့သည်။ **၂၂။** အစ္စရာအီလ်မျိုးနွယ်ဝင်တို့ကို ကျွန်ုပ်ပြုထားခြင်းသည် ကျွန်ုပ်အပေါ် အသင်ဂုဏ် ဖော်နေသော ကျေးဇူးပင်လော။

၂၃။ ထိုအခါ ဖိရ်အောင်နိုက မေးမြန်းသည်။ လောကခပ်သိမ်းကို ဖန် ဆင်းမွေးမြူတော်မူသောအရှင်ဟူသည် အဘယ်နည်း။ **၂၄။** မူစာက ဖြေကြားသည်။ အကယ်၍ အသင်တို့သည် ယုံကြည်လိုသူများ ဖြစ်ကြပါလျှင် ထိုအရှင်သည် မိုးကောင်းကင်များနှင့် မြေပထဝီကိုလည်းကောင်း၊ ထိုနှစ်ခုအကြားရှိ အရာခပ်သိမ်း ကိုလည်းကောင်း ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်သည်။ **၂၅။** ဖိရ်အောင်နိုက မိမိ၏ အနီးအနားတွင် ရှိသူများအား အသင်တို့ မကြားကြဘူးလားဟု ပြောဆိုခဲ့ လေ သည်။ **၂၆။** ထိုအခါ မူစာက ပြောသည်။ ထိုအရှင်သည် အသင်တို့၏အရှင်လည်း ဖြစ်သည်။ အသင်တို့၏ ရှေးအဘဘိုးဘေးတို့၏ အရှင်လည်း ဖြစ်ပေသည်။ **၂၇။** ဖိရ်အောင်နိုက ပြောသည်။ ဇကန်စင်စစ် အသင်တို့ထံသို့ စေလွှတ်ခြင်းခံရသော ရစူလ်တမန်တော်သည် မုချ ရူးသွပ်နေသူသာ ဖြစ်သည်။ **၂၈။** မူစာက ပြောသည်။ အကယ်၍ အသင်တို့သည် အသိဉာဏ်ရှိကြပါလျှင် ထိုအရှင်သည် အရှေ့အရပ်နှင့် အနောက်အရပ်ကိုလည်းကောင်း၊ ထိုနှစ်ခုအကြားရှိအရာခပ်သိမ်းကိုလည်းကောင်း ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်ပေသည်။ **၂၉။** ဖိရ်အောင်နိုက ပြောသည်။ အကယ်၍ အသင်သည် ငါမှအပ အခြားသူကို ကိုးကွယ်ရာအရှင်အဖြစ် ပြုလုပ်ခဲ့ ပါလျှင် ဇကန်စင်စစ် ငါသည် အသင့်အား အကျဉ်းချထားလိုက်မည်။ **၃၀။** မူစာက

ပြောသည်။ အကယ်၍ငါသည် အသင့်ထံထင်ရှားသောသက်သေအထောက်အထား တင်ပြလျှင်လည်း ထိုသို့ လုပ်ပါမည်လော။ **၃၁။** ဖိရ်အောင်နက ပြောသည်။ အကယ်၍ အသင်သည် အမှန်ပြောဆိုသူတစ်ဦး ဖြစ်ပါလျှင် ထိုသက်သေအထောက် အထားကို ယူဆောင်လာလော့။ **၃၂။** ထိုအခါ မူစာသည် မိမိ၏တောင်ငှေးကို ပစ်ချ လိုက်လေရာ ရုတ်တရက် ထိုတောင်ငှေးသည် ထင်ရှားသော မြွေနဂါးကြီး တစ်ကောင် ဖြစ်သွားခဲ့လေသည်။ **၃၃။** ထို့နောက် သူသည် မိမိ၏လက်ကို ဆွဲထုတ် လိုက်ရာ ရုတ်တရက် ထိုလက်သည် ကြည့်ရှုသူတို့အဖို့ ထွန်းတောက်လျက်ရှိနေ ခဲ့သည်။ **၃၄။** ထိုအခါ ဖိရ်အောင်နက မိမိ၏အနီးအပါးရှိ မှူးကြီးမတ်ရာတို့အား ပြောလေသည်။ အမှန်စင်စစ် ဤသူသည် အလွန် ကျွမ်းကျင်သော မှော်ဆရာတစ်ဦး သာ ဖြစ်ပေသည်။ **၃၅။** သူသည် မိမိ၏မှော်အတတ်ဖြင့် အသင်တို့ကို အသင်တို့၏ တိုင်းပြည်မှ နှင်ထုတ်ရန် ကြံရွယ်လျက်ရှိပေသည်။ ထို့ကြောင့် အသင်တို့သည် ဘာအကြံပြုကြမည်နည်း။

၃၆။ မှူးကြီးမတ်ရာတို့က လျှောက်တင်ကြသည်။ သူ့ကိုရော၊ သူ့အစ်ကို ကိုပါ ဆိုင်းငံ့ထားပေးလိုက်ပါ။ ထို့နောက် မြို့ရွာအသီးသီးသို့ မင်းစေများစေလွှတ် ပါ။ **၃၇။** ထိုမင်းစေတို့သည် ကျွမ်းကျင်သော မှော်ဆရာများကို ဘုရင့်ထံ တော်ပါးသို့ ခေါ်ဆောင်လာကြပါလိမ့်မည်။ **၃၈။** သို့ဖြစ်ရာ မှော်ဆရာတို့သည် သတ်မှတ်ထား သောနေ့၏ ချိန်းဆိုထားသောအချိန်တွင် စုဝေးစေခြင်းခံကြရသည်။ **၃၉။** ထို့နောက် လူတို့အား ပြောဆိုထားသည်မှာ အသင်တို့လည်း စုရုံးရောက်ရှိကြရမည်။ **၄၀။** သို့မှ သာ အကယ်၍ မှော်ဆရာများ အောင်နိုင်ခဲ့ကြသည်ရှိသော် ငါတို့သည် သူတို့ နောက်သို့ လိုက်နိုင်ကြပေမည်။ **၄၁။** မှော်ဆရာများ ရောက်ရှိလာကြသောအခါ သူတို့က ဖိရ်အောင်နဲထံတွင် လျှောက်တင်ကြလေသည်။ အကယ်၍ ကျွန်ုပ်တို့ အောင်နိုင်ခဲ့ကြပါလျှင် ကျွန်ုပ်တို့အတွက် ဆုလာဘ်တစ်စုံတစ်ရာ ရှိပါသလော။ **၄၂။** ဖိရ်အောင်နက ဖြေကြားသည်။ ရှိပေသည်။ ထို့ပြင် အသင်တို့သည် ထိုသို့ဖြစ်ခဲ့ ပါလျှင် မုချ ငါ၏အနီးအပါးတွင် နေထိုင်ရသူများအနက်မှ ဖြစ်သွားကြပေလိမ့်မည်။

၄၃။ မူစာက ထိုမှော်ဆရာများအား အသင်တို့ ပစ်ချမည့်အရာများကို

ပစ်ချကြလေကုန်ဟု ပြောဆိုခဲ့လေသည်။ **၄၄။** ထိုအခါ မှော်ဆရာတို့သည် မိမိတို့၏ ကြိုးများနှင့် တောင်ဝှေးများကို ပစ်ချလိုက်ကြပြီး ဖိရ်အောင်န်၏ ဘုန်း တန်းခိုးတော်ကို တိုင်တည်ပါသည်၊ ဧကန်စင်စစ် ကျွန်ုပ်တို့သည်သာလျှင် အောင်နိုင်သူများ ဖြစ်ကြ ပေမည်ဟု ပြောဆိုခဲ့ကြလေသည်။ **၄၅။** ထို့နောက် မူစာသည် မိမိ၏ တောင်ဝှေးကို ပစ်ချလိုက်လေရာ ရုတ်တရက် ထိုတောင်ဝှေးသည်(မြွေနဂါးကြီးဖြစ်သွားပြီး) ထိုမှော်ဆရာတို့ လှည့်စားထားသည့်အရာများကို ဝါးမျိုပစ်လိုက်လေ တော့သည်။ **၄၆။** ထိုအခါ မှော်ဆရာတို့သည် မှောက်လဲ၍ ပျပ်ဝပ်ဦးချကြလေသည်။ **၄၇။** ကျွန်ုပ်တို့သည် လောကခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ယုံကြည်ကြပါပြီဟု ပြောဆိုခဲ့ကြလေသည်။ **၄၈။** ထိုအရှင်သည် မူစာနှင့် ဟာရူန်တို့၏ အရှင်သခင်ပင် ဖြစ်တော်မူသည်။

၄၉။ ထိုအခါ ဖိရ်အောင်န်က ပြောလေသည်။ အသင်တို့ကို ငါ ခွင့်မပြုမီ အလျင် အသင်တို့သည် သူ့အား ယုံကြည်လိုက်ကြပါသလော။ အမှန်စင်စစ် သူ သည် အသင်တို့ကို မှော်အတတ် သင်ကြားပေးခဲ့သော ဆရာကြီးတစ်ပါးပင် ဖြစ်ပေ သည်။ သို့ဖြစ်ရာ ယခုပင် အသင်တို့သည် အကြောင်းသိရှိကြပေမည်။ မုချ ငါသည် အသင်တို့၏ လက်များနှင့် ခြေများကို ဝဲယာလွှဲ၍ ဖြတ်တောက်ပစ်မည်။ ထို့ပြင် အသင်တို့အားလုံးကို ကားစင်တင်ပြီးသတ်မည်။ **၅၀။** ထိုအခါ မှော်ဆရာများက အဖြေပေးခဲ့ကြသည်။ ဘာပြဿနာမျှမရှိပါ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အရှင်သခင်ထံသို့ ရောက်ရှိကြမည့်သူများပင် ဖြစ်ကြပေသည်။ **၅၁။** အမှန်စင်စစ် ကျွန်ုပ်တို့သည် ပထမဦးဆုံး ယုံကြည်ကြသူများ ဖြစ်ကြပေရာ ကျွန်ုပ်တို့၏ အရှင်သည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ကြပါသည်။

၅၂။ ထို့နောက် ငါအရှင်သည် မူစာထံသို့ ဝဟီဗျာဒိတ်တော် ချပေး တော်မူခဲ့သည်။ အသင်သည် ငါ၏အစေတော်များကိုခေါ်ပြီး ညအချိန်တွင် ထွက် သွားပါ။ အမှန်စင်စစ် အသင်တို့သည် အနောက်မှ လိုက်လံခြင်းကို ခံကြရမည့်သူများ ဖြစ်ကြသည်။ **၅၃။** ထို့နောက် ဖိရ်အောင်သည် အမြို့မြို့ အနယ် နယ်သို့ မင်းစေများ

စေလွှတ်ခဲ့သည်။ **၅၄။** အမှန်စင်စစ် ဤသူတို့သည် အနည်းငယ် မျှသော လူအုပ်စုကလေး ဖြစ်သည်။ **၅၅။** ထို့ပြင် သူတို့သည် ငါတို့ကို အမျက်ဒေါသ ထွက်စေခဲ့ကြသည်။ **၅၆။** စင်စစ် ငါတို့သည် အသင့်ဖြစ်နေသောအုပ်စုကြီးတစ်စု ဖြစ်သည်။ **၅၇။** ထို့နောက် ငါအရှင်မြတ်သည် သူတို့အား ဥယျာဉ်ခြံများနှင့် စမ်း ချောင်းများမှ ထုတ်ပစ်တော်မူခဲ့သည်။ **၅၈။** ဘဏ္ဍာတိုက်များနှင့် ခမ်းနားသိုက် မြိုက်သော နေအိမ်များမှလည်း။ **၅၉။** ဤအတိုင်းပင်ဖြစ်ခဲ့သည်။ ငါအရှင်သည် အစ္စရာအီလီမျိုးနွယ်တို့အား ယင်းပစ္စည်းများ၏ အမွေခံများအဖြစ် ပြုလုပ်တော်မူခဲ့ သည်။

၆၀။ ထို့နောက် သူတို့သည် ၎င်းအစ္စရာအီလီမျိုးနွယ်တို့အား နေထွက် ချိန်တွင် နောက်မှ လိုက်မီခဲ့ကြသည်။ **၆၁။** ထို့နောက် အုပ်စုနှစ်စုလုံးသည် တစ်ဖက် ကိုတစ်ဖက် တွေ့မြင်ကြလေသောအခါ မူစာ၏အပေါင်းအပါတို့က ဧကန်စင်စစ် ကျွန်ုပ်တို့သည် အဖမ်းခံကြရလေပြီဟု ပြောဆိုခဲ့ကြလေသည်။ **၆၂။** မူစာက ပြော လေသည်။ လုံးဝမဟုတ်။ အမှန်စင်စစ် ကျွန်ုပ်၏အရှင်သည် ကျွန်ုပ်နှင့်အတူ ရှိနေတော်မူ သည်။ အရှင်မြတ်သည် ကျွန်ုပ်အား လမ်းညွှန်တော်မူပါလိမ့်မည်။ **၆၃။** ထို့နောက် ငါအရှင်သည် မူစာထံသို့ အသင်သည် မိမိ၏တောင်ဝှေးဖြင့် ပင်လယ်ကို ရိုတ်ခတ်ပါလေဟု ဝဟီဗျာဒိတ်တော် ချပေးတော်မူခဲ့သည်။ သို့ဖြစ်ရာ ပင်လယ် သည် ကွဲ၍သွားပြီး အစိတ်အပိုင်းတစ်ခုတိုင်းသည် ကြီးမားသောတောင်ကြီးပမာ ဖြစ်သွားခဲ့လေသည်။ **၆၄။** အခြားအုပ်စုကိုလည်း ငါအရှင်သည် ထိုနေရာအနီးသို့ ပို့ဆောင်တော်မူခဲ့သည်။ **၆၅။** ငါအရှင်သည် မူစာကိုရော၊ သူ၏အပေါင်းအပါများ ကိုရော အားလုံး ကို ကယ်တင်တော်မူခဲ့သည်။ **၆၆။** ထို့နောက် အခြားသောသူများကို နှစ်မြှုပ်ပစ်တော်မူခဲ့သည်။ **၆၇။** ဧကန်စင်စစ် ဤဖြစ်ရပ်တွင် သက်သေလက္ခဏာ တစ်ရပ် မုချ ရှိပေသည်။ သို့သော် သူတို့အနက်အများစုသည် ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။ **၆၈။** အမှန်စင်စစ် အသင်၏အရှင်သည် အလွန်တရာ လွှမ်းမိုးတော်မူ သော၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။

၆၉။ အသင်သည် သူတို့အား အိဗ်ရာဟီမ်၏အကြောင်းအရာကို ပြောပြ

လိုက်ပါ။ **၇၀။** တစ်ခါတွင် သူသည် မိမိ၏ဖခင်နှင့် မိမိ၏မျိုးနွယ်ဝင်တို့အား သင်တို့သည် အဘယ်အရာကို ဆည်းကပ်ကိုးကွယ်ကြပါသနည်းဟု မေးမြန်းခဲ့လေသည်။ **၇၁။** သူတို့က အဖြေပေးခဲ့ကြသည်။ ကျွန်ုပ်တို့သည် ရုပ်တုများကို ဆည်းကပ်ကိုးကွယ်ကြသည့်အပြင် ထိုရုပ်တုများအပေါ်၌သာ အမြဲမပြတ် တွယ်ကပ် လျက်ရှိကြပါသည်။ **၇၂။** ထိုအခါ အိဗ်ရာဟီမ်က မေးမြန်းလေသည်။ ထိုရုပ်တုများသည် အသင်တို့ ဟစ်ခေါ်တသကြသောအခါ ကြားကြပါသလော။ **၇၃။** သို့မဟုတ် အသင်တို့ကို ကောင်းကျိုးပေးနိုင်ပါသလော၊ သို့မဟုတ် ဆိုးကျိုးပြုနိုင်ပါသလော။ **၇၄။** ထိုအမျိုးသားတို့က အဖြေပေးကြသည်။ ထိုသို့ အလျှင်းမဟုတ်ပါ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဘ ဘိုးဘေးများအား ဤအတိုင်းပြုလုပ်ကြသည်ကို တွေ့မြင်ခဲ့ကြရပါသည်။

၇၅။ အိဗ်ရာဟီမ်က ပြောသည်။ အသင်တို့သည် မိမိတို့ ကိုးကွယ်ဆည်းကပ်လျက်ရှိကြသောအရာများကို တွေ့မြင်ခဲ့ကြပါသလော။ **၇၆။** အသင်တို့ရော၊ အသင်တို့၏ ရှေးအဘ ဘိုးဘေးတို့ရော။ **၇၇။** စင်စစ်တွင် လောကခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်မှအပ ထိုအရာများသည် ငါ၏ရန်သူများသာဖြစ်ကြသည်။ **၇၈။** အရှင်မြတ်သည်ပင် ငါ့အား ဖန်ဆင်းတော်မူခဲ့ပြီး၊ ထိုအရှင်မြတ်သည်ပင် ငါ့အား လမ်းမှန်ညွှန်ပြတော်မူခဲ့သည်။ **၇၉။** အရှင်မြတ်သည်ပင် ငါ့အား ကျွေးမွေးတော်မူသည်။ အရှင်မြတ်သည်ပင် ငါ့အား တိုက်ကျွေးတော်မူသည်။ **၈၀။** ငါ နာမကျန်းဖြစ်သောအခါ ထိုအရှင်မြတ်ကပင် ငါ့အား ပျောက်ကင်းချမ်းသာစေတော်မူသည်။ **၈၁။** ထိုအရှင်မြတ်သည်ပင် ငါ့အား သေစေတော်မူသည်။ ထို့နောက် တစ်ဖန် ပြန်ရှင်စေတော်မူသည်။ **၈၂။** ထိုအရှင်မြတ်သည်ပင် အစားပေးမည့်နေ့တွင် ငါ၏မှားယွင်းချက်များကို ခွင့်လွှတ်တော်မူမည်ဟု ငါမျှော်လင့်သည်။

၈၃။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးအား ဉာဏ်ပညာ ချီးမြှင်တော်မူပါ။ ကျွန်တော်မျိုးအား သူတော်စင်များနှင့် အတူ ပေါင်းဖက်ပါဝင်စေတော်မူပါ။ **၈၄။** နောင်လာနောက်သား များတွင် ကျွန်တော်မျိုး၏ ကောင်းသတင်း မွှေးပျံ့စေတော်မူပါ။ **၈၅။** ကျွန်တော်မျိုးအား စည်းစိမ်နှင့်

ပြည့်စုံသော ဂျန္ဓသ်သုခဘုံ၏ အမွေစားအမွေခံအဖြစ် ပြုလုပ်ပေးတော်မူပါ။ **၁၆။** ထို့ပြင် ကျွန်တော်မျိုး၏ဖခင်ကို ခွင့်လွှတ်တော်မူပါ။ အမှန်စင်စစ် သူသည် လမ်းလွဲသူတို့တွင် အပါအဝင်ဖြစ်ခဲ့ပါသည်။ **၁၇။** လူတို့ ပြန်လည်ရှင်ထရ မည့်နေ့တွင် ကျွန်တော်မျိုးအား အရှက်တကွဲ ဖြစ်စေတော်မမူပါနှင့်။ **၁၈။** ထိုနေ့တွင် ငွေကြေး လည်းအသုံးဝင်မည်မဟုတ်၊ သားသမီးများသည်လည်း အသုံးဝင်မည်မဟုတ်။ **၁၉။** သို့ရာတွင် အလွှာဟ်ထံသို့ စင်ကြယ်သန့်ရှင်းသောစိတ်နလုံးကိုယူ၍ လာသောသူ သာလျှင် လွတ်ငြိမ်းချမ်းသာခွင့်ရပေမည်။

၂၀။ ဂျန္ဓသ်သုခဘုံသည် အလွှာဟ်ကို ကြောက်ရွံ့ရိုသေသူတို့၏ အနီး သို့ ယူဆောင်လာခြင်းခံရမည်။ **၂၁။** ဂျဟန္နမ်ငရဲဘုံသည်လည်း လမ်းလွဲသူတို့၏ ရှေ့ဝယ် ထင်ရှားစေခြင်းကို ခံရမည်။ **၂၂-၂၃။** သူတို့အား အလွှာဟ်ကိုစွန့်၍ အသင်တို့ ကိုးကွယ်ခဲ့ကြသည့် ကိုးကွယ်ရာများသည် အဘယ်မှာနည်း၊ ထိုအရာ များသည် အသင်တို့ကို ကူညီနိုင်ကြပါသလော၊ သို့မဟုတ် ကိုယ့်ကိုယ်ကိုယ် ကယ်တင်နိုင်ကြပါသလောဟု ပြောဆိုခြင်းခံကြရမည်။ **၂၄။** ထို့နောက် သူတို့ရော၊ လမ်းလွဲသူများပါ ယင်းငရဲဘုံ၌ ဇောက်ထိုးပစ်ချခြင်းခံကြရမည်။ **၂၅။** အိပ်လီးစ်၏ တပ်သားအားလုံးတို့သည်လည်း (ပစ်ချခံရမည်)။ **၂၆။** သူတို့သည် ယင်းငရဲဘုံ၌ အငြင်းအခုံလုပ်ရင်း ပြောဆိုကြပေမည်။ **၂၇။** အလွှာဟ်အရှင်မြတ်ကို တိုင်တည် ပါသည်။ ဇကနစင်စစ် ကျွန်ုပ်တို့သည်သာ ထင်ရှားသော လမ်းလွဲမှု၌ ရှိခဲ့ကြသည်။ **၂၈။** အကြောင်းမှာ ကျွန်ုပ်တို့သည် အသင်တို့အား လောကခပ်သိမ်းအား ဖန်ဆင်းဖွဲ့မြူတော်မူသောအရှင်နှင့် တန်းတူညီတူ ပြုလုပ်ခဲ့ကြသည်။ **၂၉။** ပြစ်မှုဒုစရိုက် သမားများကသာလျှင် ကျွန်ုပ်တို့ကို လမ်းလွဲအောင်လုပ်ခဲ့ကြခြင်း ဖြစ်သည်။ **၁၀၀။** ယခုသော် ကျွန်ုပ်တို့အတွက် ကြားဝင်အသနားခံပေးမည့်သူပဟူ၍ မည်သူမျှမရှိ တော့ပေ။ **၁၀၁။** ချစ်ခင်ရင်း နှီးသော မိတ်ဆွေဟူ၍လည်း တစ်ဦးမျှ မရှိတော့ပေ။

၁၀၂။ ကျွန်ုပ်တို့သည် လောကသို့ တစ်ဖန် ပြန်သွားခွင့်ရလျှင် ကောင်း လေစွ၊ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည်လည်း ယုံကြည်သူများအနက်မှ ဖြစ်ကြပါ လိမ့်မည်။ **၁၀၃။** အမှန်စင်စစ် ဤအချက်တွင် သက်သေလက္ခဏာတစ်ရပ် မှချ

ရှိပေသည်။ သို့သော် သူတို့အနက်မှ အများစုသည် ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။ **၁၀၄။** ဧကန်စင်စစ် အသင့်အရှင်သည် အလွန် လွှမ်းမိုးတော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင်ဖြစ်သည်။

၁၀၅။ နူးဟ်၏အမျိုးသားများသည် ရစူလ်တမန်များကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ **၁၀၆။** တစ်ခါတွင် သူတို့ကို သူတို့၏နောင်တော်နူးဟ်က «အသင်တို့သည် အလ္လာဟ်ကို မကြောက်ရွံ့ကြပါသလော»ဟု ပြောဆိုခဲ့လေသည်။ **၁၀၇။** အမှန်စင်စစ် ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချရသော ရစူလ်တမန်တော် တစ်ပါး ဖြစ်သည်။ **၁၀၈။** သို့ဖြစ်ရာ သင်တို့သည် အလ္လာဟ်ကို ကြောက်ရွံ့ကြကုန်။ ငါ့စကားကို နားထောင်ကြကုန်။ **၁၀၉။** ငါသည် ဤပို့ချချက်အပေါ် အသင်တို့ထံမှ မည်သည့်အဖိုးအခမျှ တောင်းခံသည်မဟုတ်။ ငါ့အား အဖိုးအခပေးရန်တာဝန်မှာ လောကခပ်သိမ်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင့်အပေါ်၌သာ ရှိပေသည်။

၁၁၀။ သို့ဖြစ်ရာ သင်တို့သည် အလ္လာဟ်ကို ကြောက်ရွံ့ကြ။ ငါ့စကားကို နားထောင်ကြကုန်။ **၁၁၁။** ထိုအခါ ၎င်းအမျိုးသားတို့က ပြောကြသည်။ အသင့် နောက်သို့ ဂုဏ်သေးသိမ်သူတို့သာ လိုက်ကြသည်ဖြစ်ရာ ငါတို့က အသင့်ကို ယုံကြည်ကြရမည်လော။ **၁၁၂။** ထိုအခါ နူးဟ်က ပြောလေသည်။ သူတို့လုပ်ကိုင် နေသည်များကို ငါဘယ်လို သိနိုင်မည်နည်း။

၁၁၃။ ၎င်းတို့ကို စာရင်းစစ်ကြောရန်မှာ ကျွန်ုပ်၏အရှင်မြတ်၏ တာဝန် ဖြစ်သည်။ အသင်တို့သိကြလျှင် ကောင်းလေစွ။ **၁၁၄။** ထို့ပြင် ကျွန်ုပ်သည် ယုံကြည်သူများကို မောင်းထုတ်မည် မဟုတ်ပေ။ **၁၁၅။** ကျွန်ုပ်သည် ထင်ထင်ရှား ရှား သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်သည်။

၁၁၆။ ၎င်းတို့က ပြောကြသည်။ အို-နူးဟ်၊ အကယ်၍ သင်သည် မရပ်တန့်ပါက ငါတို့သည် သင့်အား ခဲဖြင့် မုချ ပေါက်သတ်ကြရပေမည်။ **၁၁၇။** နူဟ်က ပြောသည်။ အို-ကျွန်တော်မျိုး၏ အရှင်၊ ကျွန်တော်မျိုး၏ အမျိုးသားတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုကြသည်။ **၁၁၈။** သို့ရှိရာ အရှင်မြတ် သည် သူတို့နှင့် ကျွန်တော်မျိုး၏ ကြားတွင် ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးတော်

မူပါ။ ထို့ပြင် ကျွန်တော်မျိုးနှင့်အတူ ကျွန်တော်မျိုး၏နောက်လိုက် မုအ်မင်နမ်များကို ကယ်တင်တော်မူပါ။ **၁၁၉။** ထို့နောက် ငါအရှင်မြတ်သည် သူနှင့်တကွ သူ့နောက်လိုက်များကိုပါ ဝန်အပြည့်တင်ထားသော သင်္ဘောတွင် ကယ်တင်တော်မူခဲ့သည်။ **၁၂၀။** ထို့နောက် ကျန်သည့်သူများကို ငါအရှင်က နစ်မြုပ်စေတော်မူခဲ့သည်။ **၁၂၁။** ဤဖြစ်စဉ်တွင် မုချဇကန် လက္ခဏာတော်များ ရှိသည်။ သို့ရာတွင် သူတို့အနက် အများစုသည် မယုံကြည်ကြပေ။ **၁၂၂။** စင်စစ်ဇကန် အသင်၏ အရှင်မြတ်သည်သာ အလွန်နိုင်နင်းလွန်မိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၁၂၃။ အားဒ်မျိုးနွယ်သည် တမန်တော်များကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ **၁၂၄။** တစ်ခါတွင် သူတို့၏နောင်တော် ဟူးဒ်က သူတို့အား ဤသို့ပြောဆိုခဲ့သည်။ အသင်တို့သည် အလွှာဟ်ကို မကြောက်ကြလေသလော။ **၁၂၅။** ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါး ဖြစ်သည်။ **၁၂၆။** သို့ရှိရာ သင်တို့သည် အလွှာဟ်ကို ကြောက်ရွံ့ကြကုန်။ ထို့နောက် ငါ၏အမိန့်ကို နာခံကြကုန်။ **၁၂၇။** ဤကိစ္စပေါ်တွင် ငါသည် သင်တို့ထံမှ အဖိုးအခကို မတောင်းခံပေ။ ငါ့အားအဖိုးအခပေးရန်မှာ လောကအပေါင်း၏ အရှင်သခင်၏ တာဝန်သာ ဖြစ်သည်။ **၁၂၈။** အသင်တို့သည် ကုန်းမြင့်တိုင်းတွင် အထိမ်းအမှတ် အဆောက်အဦတည်ဆောက်၍ အချည်းနှီးလုပ်ကြလေသလော။ **၁၂၉။** သင်တို့သည် အမြဲနေထိုင်ကြရမည့်နှယ် ကြီးကျယ်ခမ်းနားသော အဆောက်အအုံကြီးများကို တည်ဆောက်ကြသည်။ **၁၃၀။** ထို့ပြင် အသင်တို့သည် တစ်ဦးတစ်ယောက်ကို ဖမ်းဆီးအရေးယူသောအခါ ရက်စက်စွာ ဖမ်းဆီးအရေးယူကြသည်။ **၁၃၁။** သို့ဖြစ်ရာ သင်တို့သည် အလွှာဟ်ကို ကြောက်ကြကုန်။ ထို့ပြင် ငါ၏ အမိန့်ကို နာခံကြကုန်။ **၁၃၂။** ထို့ပြင် အသင်တို့ သိရှိသော အရာဖြင့် သင်တို့အား ကူညီထောက်ပံ့သည့် အရှင်ကို ကြောက်ရွံ့ကြကုန်။ **၁၃၃။** ထိုအရှင်မြတ်သည် အသင်တို့အား ခြေလေးချောင်း တိရစ္ဆာန်များ၊ သားသမီး များဖြင့် ကူညီတော်မူခဲ့သည်။ **၁၃၄။** ထို့ပြင် ဥယျာဉ်များ၊ စမ်းချောင်းများဖြင့်။ **၁၃၅။** ငါသည် အသင်တို့အပေါ်တွင် ကြီးမားသောနေ့၏

ပြစ်ဒဏ်ကို စိုးရိမ်မိပါသည်။

၁၃၆။ ၎င်းတို့က ပြောကြသည်။ သင်သည် ကျွန်ုပ်တို့အား ဆုံးမသည်ဖြစ်စေ၊ မဆုံးမသည်ဖြစ်စေ တူတူပင် ဖြစ်ချေသည်။ **၁၃၇။** ဤသည် ရှေးယခင်က လူတို့၏ အကျင့်ဓလေ့ဖြစ်သည်။ **၁၃၈။** ငါတို့သည် ပြစ်ဒဏ်ခတ်ခံရမည့်သူများ မဟုတ်ကြပေ။ **၁၃၉။** သို့နှင့် ၎င်းတို့က ဟူးဒ်ကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ သို့ရှိရာ ငါအရှင်မြတ်က ၎င်းတို့အား ဖျက်ဆီးတော်မူခဲ့သည်။ ဤဖြစ်စဉ်တွင် မုချဧကန် (တရားရလိုသူများအတွက်) သက်သေလက္ခဏာရှိသည်။ သူတို့ထဲက အများစုသည် မယုံကြည်ခဲ့ပေ။ **၁၄၀။** စင်စစ်ဧကန် အသင်၏ အရှင်မြတ်သည်သာ အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၁၄၁။ ဆမူးဒ်အမျိုးသားများသည်လည်း တမန်တော်များကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ **၁၄၂။** တစ်ခါတွင် သူတို့၏နောင်တော် စွာလေ့ဟ်က သူတို့အား ဤသို့ ပြောဆိုခဲ့သည်။ အသင်တို့သည် အလ္လာဟ်ကို မကြောက်ကြလေသလော။ **၁၄၃။** ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါး ဖြစ်သည်။ **၁၄၄။** သို့ရှိရာ သင်တို့သည် အလ္လာဟ်ကို ကြောက်ရွံ့ကြကုန်။ ထို့နောက် ငါ၏အမိန့်ကို နာခံကြကုန်။ **၁၄၅။** ဤကိစ္စပေါ်တွင် ငါသည် သင်တို့ထံမှ အဖိုးအခကို မတောင်းခံပေ။ ငါ့အားအဖိုးအခပေးရန်မှာ လောကအပေါင်း၏ အရှင်သခင်၏ တာဝန်သာဖြစ်သည်။ **၁၄၆။** အသင်တို့သည် ဤနေရာ၌ရှိသော စည်းစိမ်များတွင် (ထာဝရ) အေးချမ်းစွာ လွှတ်ထားခြင်းခံရမည်လော။ **၁၄၇။** ဥယျာဉ်များနှင့် စမ်းချောင်းများတွင်။ **၁၄၈။** ထို့ပြင် လယ်ယာများတွင်လည်းကောင်း၊ အသီးများ ပြွတ်၍ တွဲကျလျက်ရှိသော စွန်ပလွံခြံများတွင်လည်းကောင်း။ **၁၄၉။** ထို့ပြင် သင်တို့သည် တောင်များကို ဖောက်ထွင်း၍ မော်ကြွားလျက် အိမ်များကို ဆောက်လုပ်ကြသည်။ **၁၅၀။** သို့ရှိရာ သင်တို့သည် အလ္လာဟ်ကို ကြောက်ရွံ့ကြကုန်။ ထို့နောက် ငါ၏အမိန့်ကို နာခံကြကုန်။ **၁၅၁။** စည်းဘောင်ကျော်လွန်သူများ၏ အမိန့်ကို မနာခံကြလေနှင့်။ **၁၅၂။** ၎င်းတို့သည် မြေပထဝီတွင် ဖျက်ဆီးသောင်းကျန်းကြ

သည်။ ပြုပြင်မှု မလုပ်ကြပေ။

၁၅၃။ ၎င်းတို့က ဤသို့ ပြန်ပြောကြသည်။ အသင့်ကို တစ်ဦး တစ်ယောက်က ပြုစားထားခြင်းသာ ဖြစ်သည်။ **၁၅၄။** အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသာမန်တစ်ဦးမျှသာ ဖြစ်သည်။ အသင်မှန်ပါလျှင် ကျွန်ုပ်တို့ထံ အထောက်အထား တစ်စုံတစ်ခု ယူလာပါလေ။ **၁၅၅။** စွာလေ့ဟ်က ပြောသည်။ ဤသည် ကုလားအုတ်မ ဖြစ်သည်။ ယင်းကုလားအုတ်မအတွက် ရေသောက်ရန် အလှည့် တစ်လှည့်ရှိရမည်။ သင်တို့၏(ကုလားအုတ်များ) အတွက် ရေသောက်ရန် အလှည့်မှာ သီးသန့်ရက်တစ်ရက် ဖြစ်မည်။ **၁၅၆။** ထို့ပြင် သင်တို့သည် မကောင်းသော ရည်ရွယ်ချက်ဖြင့် ယင်းကုလားအုတ်မကို ထိပင်မထိကြနှင့်။ မဟုတ်လျှင် အသင်တို့အား ကြီးကျယ်သောနေ့၏ ပြစ်ဒဏ်က ဖမ်းဆီးလိုက်မည်ဖြစ်သည်။ **၁၅၇။** သို့ရာတွင် သူတို့သည် ယင်းကုလားအုတ်မကို သတ်ဖြတ်လိုက်ကြသည်။ ထို့ကြောင့် သူတို့သည် နောင်တရခဲ့ကြရသည်။ **၁၅၈။** ၎င်းနောက် သူတို့အား ပြစ်ဒဏ်က ဖမ်းဆီးအရေးယူခဲ့သည်။ ဧကန်စင်စစ် ဤဖြစ်စဉ်တွင် သက်သေလက္ခဏာတော် တစ်ရပ် မုချ ရှိပေသည်။ သူတို့ထဲက အများစုသည် မယုံကြည်ခဲ့ပေ။ **၁၅၉။** စင်စစ်ဇကန် အသင်၏ အရှင်မြတ်သည်သာ အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၁၆၀။ လူးသ်၏အမျိုးသားများသည် တမန်တော်များကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ **၁၆၁။** တစ်ခါတွင် သူတို့၏နောင်တော် လူးသ်က သူတို့အား ဤသို့ပြောဆိုခဲ့သည်။ အသင်တို့သည် အလွာဟ်ကို မကြောက်ကြလေသလော။ **၁၆၂။** ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါး ဖြစ်သည်။ **၁၆၃။** သို့ရှိရာ သင်တို့သည် အလွာဟ်ကို ကြောက်ရွံ့ကြကုန်။ ထို့နောက် ငါ၏ အမိန့်ကို နာခံကြကုန်။ **၁၆၄။** ဤကိစ္စပေါ်တွင် ငါသည် သင်တို့ထံမှ အဖိုးအခ မတောင်းခံပေ။ ငါ့အား အဖိုးအခပေးရန်မှာ လောကခပ်သိမ်း၏ အရှင်သခင်၏ တာဝန်သာ ဖြစ်သည်။ **၁၆၅။** အသင်တို့သည် လောကီသားများအနက် အမျိုးသားများထံသို့ (ကာမဂုဏ်ခံစားရန်) သွားကြလေလော။ **၁၆၆။** အသင်တို့အတွက်

အသင်တို့၏ အရှင်မြတ်က ဖန်ဆင်းပေးထားသော သင်တို့၏ဇနီးများကိုမူ သင်တို့က စွန့်ထားကြသလား။ အမှန်တွင် သင်တို့သည် စည်းဘောင်ကျော်သူများ ဖြစ်ကြသည်။

၁၆၇။ ထိုအမျိုးသားတို့က ပြောခဲ့ကြသည်။ အိုး-လူးသ်၊ အကယ်၍ သင်သည် မရပ်တန့်ပါက ငါတို့သည် သင့်အား (ရွာမှ) နှင်ထုတ်ပစ်ရလိမ့်မည်။ **၁၆၈။** လူးသ်ကပြောသည်။ ငါသည် သင်တို့၏ လုပ်ရပ်ကို လွန်စွာ ရွံရှာသူ ဖြစ်သည်။ **၁၆၉။** အိုး-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ၎င်းတို့၏ လုပ်ရပ်များမှ ကျွန်တော်မျိုးကို လည်းကောင်း၊ ကျွန်တော်မျိုး၏ မိသားစုကိုလည်းကောင်း ကယ်တင်တော်မူပါ။ **၁၇၀။** သို့ရှိရာ ငါအရှင်မြတ်သည် သူနှင့် သူ့မိသားစု အားလုံးကို ကယ်တင်တော်မူခဲ့သည်။ **၁၇၁။** သို့သော် အဖွားအိုတစ်ဦးမှာကား နောက်၌ ကျန်ရစ်ခဲ့သူတို့တွင် ပါဝင်သွားခဲ့လေသည်။ **၁၇၂။** ထို့နောက် ငါအရှင်မြတ်သည် ကျန်သည့် သူများကို ဖျက်ဆီးတော်မူခဲ့သည်။ **၁၇၃။** ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့ အပေါ် မိုးတစ်မျိုးကို ရွာချတော်မူခဲ့သည်။ သတိပေးနှိုးဆော်ခံရသူတို့အပေါ် ရွာချခြင်းခံရသော မိုးမှာ လွန်စွာ ဆိုးရွားလှဘိတကား။ **၁၇၄။** ဇကာစင်စစ် ဤဖြစ်စဉ်တွင် သက်သေလက္ခဏာတစ်ရပ် မုချ ရှိသည်။ သို့သော် သူတို့ထဲက အများစုသည် မယုံကြည်ခဲ့ပေ။ **၁၇၅။** စင်စစ်ဇကာန် အသင်၏ အရှင်မြတ်သည်သာ အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၁၇၆။ အိုင်ကာဟ်(ကနိုင်တောအုပ်)မှာ နေထိုင်သူများသည် တမန်တော်များကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ **၁၇၇။** တစ်ခါတွင် ရှိုအိုင်ဗ်က သူတို့အား ဤသို့ ပြောဆိုခဲ့သည်။ အသင်တို့သည် အလွှာဟ်ကို မကြောက်ကြလေသလော။ **၁၇၈။** ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါး ဖြစ်သည်။ **၁၇၉။** သို့ရှိရာ သင်တို့သည် အလွှာဟ်ကို ကြောက်ရွံ့ကြကုန်။ ထို့နောက် ငါ၏ အမိန့်ကို နာခံကြကုန်။ **၁၈၀။** ဤကိစ္စပေါ်တွင် ငါသည် သင်တို့ထံမှ အဖိုးအခကို မတောင်းခံပေ။ ငါ့အားအဖိုးအခပေးရန်မှာ လောကခပ်သိမ်း၏ အရှင်သခင်၏ တာဝန်သာ ဖြစ်သည်။ **၁၈၁။** အသင်တို့သည် အခြေအတွယ်ကို ပြည့်ဝအောင် လုပ်ကြကုန်။ (သူများကို) နစ်နာအောင် လုပ်သူများမဖြစ်ကြနှင့်။ **၁၈၂။** ဖြောင့်မတ်

မှန်ကန်သော ချိန်ခွင်နှင့် ချိန်ကြကုန်။ **၁၈၃။** လူတို့၏ပစ္စည်းများကို လျော့အောင် မလုပ်ကြနှင့်။ ထို့ပြင် မြေပထဝီတွင် လှည့်ပတ်သောင်းကျန်းခြင်း မပြုကြနှင့်။ **၁၈၄။** ထို့ပြင် အသင်တို့ကိုလည်းကောင်း၊ ရှေးယခင်က မျိုးဆက်များကို လည်းကောင်း ဖန်ဆင်း တော်မူခဲ့သော အရှင်ကို ကြောက်ရွံ့ကြကုန်။

၁၈၅။ ၎င်းတို့ကပြောကြသည်။ သင့်ကို တစ်ဦးတစ်ယောက်က ပြုစား ထားလိုက်ပြီ။ **၁၈၆။** ထို့ပြင် အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးမျှသာ ဖြစ်သည်။ ကျွန်ုပ်တို့သည် သင့်အား လူလိမ်လူညာတစ်ဦးဟု ထင်မှတ်ကြပေသည်။ **၁၈၇။** အသင်မှန်သည်ဆိုလျှင် ကျွန်ုပ်တို့အပေါ်သို့ မိုးကောင်းကင်မှ အစိတ်အပိုင်း တစ်ခုခုကို ကျအောင်လုပ်လိုက်ပါ။ **၁၈၈။** ရှိုအိုင်းဗ်ကပြောသည်။ ငါ၏အရှင်သည် သင်တို့၏လုပ်ဆောင်မှုများကို အသိဆုံးဖြစ်တော်မူသည်။ **၁၈၉။** သို့သော် သူတို့က ရှိုအိုင်းဗ်ကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြရာ တိမ်တိုက်များ ကျရောက်လာသောနေ့၏ ပြစ်ဒဏ်သည် ၎င်းတို့အား ဖမ်းဆီးအရေးယူခဲ့သည်။ ယင်းသည် ကြီးကျယ်သော နေ့၏ ပြစ်ဒဏ်ပင် ဖြစ်သည်။ **၁၉၀။** ဧကန်စင်စစ် ဤဖြစ်စဉ်တွင် သက်သေ လက္ခဏာတော်တစ်ရပ် မုချ ရှိသည်။ သို့သော် သူတို့ထဲက အများစုသည် မယုံ ကြည်ခဲ့ကြပေ။ **၁၉၁။** စင်စစ်ဧကန် အသင်၏ အရှင်မြတ်သည်သာ အလွန်နိုင်နင်း လွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၁၉၂။ အမှန်စင်စစ် ဤ(ကုရ်အာန်) သည် စကြဝဋ္ဌာအပေါင်း၏ အရှင် မြတ်က ချပေးသနားထားသော ကျမ်းဂန်ဖြစ်သည်။ **၁၉၃။** ယုံကြည်စိတ်ချရသော ကောင်းကင်စေတမန်က ယင်းကျမ်းကို ယူဆောင်၍ ဆင်းလာခဲ့ခြင်း ဖြစ်သည်။ **၁၉၄။** အသင်၏ နှလုံးပေါ်၌ (ချပေးခဲ့သည်။) အသင်သည် လူတို့အား သတိပေးနှိုး ဆော်သူတစ်ဦး ဖြစ်ရန်အတွက် ဖြစ်သည်။ **၁၉၅။** ရှင်းလင်းပြတ်သားသော အရဗီ စကားဖြင့်(ချပေးခဲ့သည်)။ **၁၉၆။** ထို(ကုရ်အာန်)ကျမ်း၏ အကြောင်းသည် ရှေးယခင်က ကျမ်းများ တွင်လည်း ဖော်ပြပါရှိသည်။ **၁၉၇။** အိစ်ရာအီးလ်လူမျိုးတို့၏ ပညာရှင်များက ထိုအကြောင်းကို သိရှိနေခြင်းသည် ၎င်းတို့အတွက် အထောက် အထားတစ်ရပ် မဟုတ်သလော။

၁၉၈။ အကယ်၍ ငါအရှင်မြတ်သည် ဤကျမ်းကို အရဗ်လူမျိုးမဟုတ်သူ တစ်ဦးဦးပေါ်မှာ ချပေးတော်မူခဲ့မည်ဆိုလျှင် **၁၉၉။** ထို့နောက် ယင်းသူက ၎င်းတို့

ရှေ့တွင် ထိုကျမ်းကို ဖတ်ကြားပြခဲ့မည်ဆိုလျှင် သူတို့သည် ယင်းကျမ်းကို ယုံကြည် ကြမည်မဟုတ်ပေ။ ၂၀၀။ ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် အပြစ်ကျူးလွန် သူများ၏ စိတ်နှလုံးများတွင် ယင်းမယုံကြည်မှုကို ထည့်သွင်းတော်မူခဲ့သည်။ ၂၀၁။ သူတို့သည် နာကျင်ဖွယ်ပြစ်ဒဏ်ကို မမြင်ရမချင်း သက်ဝင်ယုံကြည် ကြမည်မဟုတ် ပေ။ ၂၀၂။ ထိုပြစ်ဒဏ်သည် သူတို့ထံ ရုတ်တရက် ရောက်လာပေမည်။ ၂၀၃။ သူတို့ သိပင် သိလိုက်ကြမည် မဟုတ်ပေ။ ထိုအခါ ၎င်းတို့သည် ကျွန်ုပ်တို့အား အချိန်ရွှေ့ဆိုင်းပေးနိုင်မည်လောဟု ပြောကြလိမ့်မည်။

၂၀၄။ ဤသူတို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်တော်ကို ဆောလျင်စွာ တောင်းဆိုနေကြသလော။ ၂၀၅။ ပြောစမ်းပါဦး။ ငါအရှင်မြတ်သည် ၎င်းတို့အား နှစ်အချို့ထိ စည်းစိမ်များ စီစဉ်ပေးထားမည်ဆိုလျှင်။ ၂၀၆။ ထို့နောက်မှ ၎င်းတို့အား ကတိပြုထားသောအရာ ရောက်ရှိလာခဲ့ပါမူ ၂၀၇။ ၎င်းတို့ရရှိခဲ့သော စည်းစိမ်များ သည် သူတို့အတွက် မည်သို့မျှ အသုံးဝင်မည်မဟုတ်ပေ။ ၂၀၈။ ငါအရှင်မြတ် ဖျက်ဆီးတော်မူခဲ့သည့် ရွာတိုင်းတွင် ထိုရွာသူရွာသားများအား (မပျက်စီးမီ)သတိ ပေးနှိုးဆော်သူများ မုချရှိခဲ့သည်။ ၂၀၉။ သူတို့အား ဟောကြားဆုံးမရန်အတွက် (ဖြစ်သည်။) ငါအရှင်မြတ်သည် မတရားလုပ်တော်မူသောအရှင် မဟုတ်ပေ။ ၂၁၀။ ဤကုရ်အာန်ကို ရှိုင်သွာန်များက ယူ၍ ဆင်းလာခဲ့ကြသည်မဟုတ်ပေ။ ၂၁၁။ ကုရ်အာန်ကို ယူ၍ဆင်းသက်ခြင်းသည် သူတို့နှင့် ထိုက်လည်း မထိုက်ပေ။ သူတို့ တတ်လည်း မတတ်နိုင်ကြပေ။ ၂၁၂။ သူတို့သည် ဗျာဒိတ်တော်ကို နားထောင်ခြင်းမှ တားမြစ်ခြင်းခံရသည်။

၂၁၃။ သို့ဖြစ်ရာ အသင်သည် အလ္လာဟ်နှင့်အတူ အခြားဘုရား တစ်ပါး ပါးကို တွဲဖက်ကိုးကွယ်မှု မပြုလေနှင့်။ မဟုတ်လျှင် သင်သည် အပြစ်ဒဏ်ခတ်ခြင်း ခံရသူများတွင် ပါဝင်သွားလိမ့်မည်။ ၂၁၄။ ထို့ပြင် သင်သည် မိမိ၏ နီးစပ်သော ဆွေမျိုးများကို သတိပေးနှိုးဆော်ပါ။ ၂၁၅။ ထို့နောက် သင်သည် မိမိ၏ နောက်သို့ လိုက်ကြကုန်သော ယုံကြည်သူများကို ကြင်နာယုယ သိမ်မွေ့စွာ ဆက်ဆံပါ။ ၂၁၆။ အကယ်၍ ၎င်းတို့က သင့်အား ဖီဆန်ကြလျှင် ကျွန်ုပ်သည် သင်တို့၏လုပ်ရပ်များမှ ကင်းလွတ်ပါ၏ဟု ပြောပါလေ။ ၂၁၇။ ထို့ပြင် သင်သည် နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင်အား ယုံပုံအားကိုးပါလေ။ ၂၁၈။ ထိုအရှင်

သည် အသင်မတ်တတ်ရပ်(၍ ဝတ်ပြု)နေသော အခါ၌လည်း အသင့်အား မြင်တော်မူသည်။ **၂၁၉။** ဦးချသူများနှင့်အတူ အသင် လှုပ်ရှားနေသည်ကိုလည်း (မြင်တော်မူသည်။) **၂၂၀။** ထိုအရှင်မြတ်သည် အလွန် ကြားတော်မူသော၊ အလွန်သိတော်မူသော အရှင်ဖြစ်သည်။

၂၂၁။ ရှိုင်သွာန်များသည် မည်သူ့အပေါ်သို့ ဆင်းသက်ကြသည်ကို အသင်တို့အား ကျွန်ုပ် ပြောပြရမည်လော။ **၂၂၂။** အလွန်လိမ်ညာသူတိုင်း၊ အပြစ်ကျူးလွန်သူတိုင်းအပေါ်တွင် (ဆင်းသက်သည်)။ **၂၂၃။** သူတို့သည် (ရှိုင်သွာန်များ၏စကားကို) နားစွင့်၍ နေကြသည်။ သူတို့အများစုသည် လုလိမ်လှည့်ညာများ ဖြစ်ကြသည်။ **၂၂၄။** ထို့ပြင် ကဗျာဆရာများ၏ နောက်ကိုမူ လမ်းပျောက်နေသူများသာ လိုက်ကြသည်။ **၂၂၅။** သူတို့သည် တောင်ကြားတိုင်းတွင် ခြေဦးတည်ရာ သွားနေကြသည်ကို အသင် မတွေ့သလော။ **၂၂၆။** ထို့ပြင် သူတို့သည် မိမိတို့မလုပ်သည့် အရာများကို ပြောဆိုကြသည်။ **၂၂၇။** သို့သော် ယုံကြည်မှုသဒ္ဓါတရား ထားပြီး နောက် ကောင်းမှုလုပ်ဆောင်သူများ၊ အလွှာဟ်ကို များစွာသတိရ တသကြသူများ၊ မိမိတို့အပေါ် မတရားပြုခြင်းခံရပြီးနောက် ပြန်လည် လက်စားချေကြသူများ မပါဝင်ကြပေ။ မတရားကျူးလွန်သူများသည် သူတို့ မည်သည့်နေရာသို့ လှည့်ပြန်သွားရမည်ကို မကြာမီ သိသွားကြလိမ့်မည်။

၂၇။ စူရဟ်နမ်လ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ သွာစီးန်၊ ဤသည် ကုရ်အာန်၏၊ ရှင်းလင်းထင်သော ကျမ်း၏ မုကွပါဠိတော်များ ဖြစ်သည်။ **၂။** အကြင် ယုံကြည်သူများအတွက် လမ်းညွှန်နှင့် သတင်းကောင်း ဖြစ်သည်။ သူတို့သည် စွလာသ်ဆောက်တည်ကြသည်။ ဇကားသ်ဒါနကြေးပေးလှူကြသည်။ သူတို့သည်သာလျှင် နောင်မလွန်ကို ယုံကြည်ကြသည်။ **၄။** နောင်တမလွန်ကို မယုံကြည်သူများအတွက် ငါအရှင်သည် ၎င်းတို့၏

လုပ်ဆောင်ချက်များကို ၎င်းတို့၏အမြင်တွင် လုပအောင် ပြုတော်မူလိုက်သည်။ ထို့ကြောင့် သူတို့သည် တဝဲလည်လည် ဖြစ်နေကြသည်။ **၅။** ဤသူများအတွက် ဆိုးရွားသော ပြစ်ဒဏ်ရှိသည်။ ထိုပြင် နောင်တမလွန်ဘဝတွင် သူတို့သာ အဆုံးရှုံး အနစ်နာဆုံးသူများ ဖြစ်ကြမည်။ **၆။** ဇကာစင်စစ် အသင်သည် အလွန် အမြော် အမြင်ကြီးသော၊ အလွန်သိတော်မူသော အရှင်ထံမှ ဤကုရ်အာန်ကို ချီးမြှင့်ခြင်း ခံရသည်။

၇။ တစ်ခါတွင် မူစာသည် မိမိ၏ မိသားစုကို ပြောသည်။ ငါသည် မီးတစ်ခုကို တွေ့မြင်ခဲ့သည်။ ထိုနေရာမှ သင်တို့ထံသို့ သတင်းတစ်ခုခုယူလာမည်။ သို့မဟုတ် သင်တို့ မီးလုံနှိုင်ရန် ငါသည် တောက်လောင်လျက်ရှိသော မီးခဲတစ်ခုကို ယူလာမည်။ **၈။** သူသည် ယင်းမီးအနားကိုလာသောအခါ ဤသို့ အသံပြုခြင်း ခံရသည်။ မီးထဲ၌ ရှိသူသည်လည်းကောင်း၊ မီးအနားတွင် ရှိသူသည်လည်းကောင်း မင်္ဂလာရှိလှသည်။ စကြဝဠာအပေါင်း၏ အရှင်မြတ်သည် သန့်ပြန်စင်ကြယ် တော်မူလှသည်။ **၉။** အို-မူစာ၊ ငါအရှင်သည် နိုင်နင်းလွန်မိုးတော်မူသော၊ အမြော် အမြင်နှင့် ပြည့်စုံတော်မူသော အလ္လာဟ်ပင် ဖြစ်တော်မူသည်။ **၁၀။** အသင်၏ တောင်ဝှေးကို ပစ်ချလိုက်ပါ။ ယင်းတောင်ဝှေးသည် မြွေတစ်ကောင်ကဲ့သို့ လှုပ်ရှား နေသည်ကို တွေ့မြင်ရသော် သူသည် ကျောခိုင်း၍ ပြေးလေသည်။ နောက်လှည့်၍ ပင် မကြည့်တော့ပေ။ အို-မူစာ၊ မကြောက်နှင့်။ ငါအရှင်မြတ်၏ ရှေ့တော်မှောက်တွင် တမန်တော်များသည် ကြောက်ရွံ့လေ့မရှိကြပေ။ **၁၁။** သို့သော် မတရားမှု ကျူးလွန် မိသူ၊ ထို့နောက် သူသည် မကောင်းမှုပြီးနောက် ယင်းကိုပြောင်းလဲ၍ ကောင်းမှုပြု လိုက်ပါက ငါအရှင်မြတ်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၁၂။** ပြီးနောက် အသင်သည် မိမိ၏လက်ကို မိမိ၏ ချိုင်းကြားတွင် ထည့်လိုက်ပါ။ သို့ဆိုလျှင် လက်သည် မပြစ်အနာအဆာမပါဘဲ တောက်ပလျက် ထွက်လာပေလိမ့်မည်။ **၁၃။** (ဤအချက် နှစ်ချက်အပါအဝင်) လက္ခဏာတော် ကိုးရပ်နှင့်တကွ အသင်သည် ဖိရ်အောင်နှင့်နှင့် သူ့မျိုးနွယ်ထံသို့ သွားပါ။ ၎င်းတို့သည် အမိန့် ဖီဆန်ကျူးလွန်သူများ ဖြစ်ကြသည်။

၁၃။ ငါအရှင်မြတ်၏ လက္ခဏာတော်များသည် သူတို့ထံသို့ မျက်ဝါးထင်ထင် ရောက်လာသောအခါ၊ ၎င်းတို့က ဤသည် ထင်ရှားသော ပယောဂပင်ဖြစ်သည်ဟု ပြောခဲ့ကြသည်။ **၁၄။** ၎င်းတို့၏ စိတ်နလုံးများက ယုံကြည်ကြပါလျက် ၎င်းတို့သည် မတရားသောအားဖြင့်၊ မာနထောင်လွှားသော အားဖြင့် ထိုလက္ခဏာတော်များကို ငြင်းလိုက်ကြသည်။ သို့ရှိရာ ဖျက်ဆီးသောင်းကျန်းသူများ၏ နိဂုံးသည် မည်သို့ဖြစ်ခဲ့သည်ကို အသင်ကြည့်လိုက်ပါ။

၁၅။ ငါအရှင်မြတ်သည် ဒါဂူဒ်ကိုလည်းကောင်း၊ စုလိုင်မာန်ကို လည်းကောင်း အသိပညာ ချီးမြှင့်တော်မူခဲ့သည်။ သူတို့နှစ်ဦးက လျှောက်ထားခဲ့ကြသည်။ ချီးမွမ်းထောမနာအလုံးစုံသည် အလွှာဟ်အတွက်သာလျှင် ဖြစ်သည်။ အရှင်မြတ်သည် မိမိအားယုံကြည်သည့် အစေခံများစွာပေါ်တွင် ကျွန်တော်မျိုးတို့အား သာလွန်မှု ချီးမြှင့်တော်မူခဲ့သည်။ **၁၆။** ထို့နောက် စုလိုင်မာန်သည် ဒါဂူဒ်၏ အရိုက်အရာကို ဆက်ခံခဲ့ပြီးနောက် ဤသို့ ပြောခဲ့သည်။ အို-လူတို့၊ ငါတို့သည် ၎က်စကားကို သင်ပေးခြင်း ခံခဲ့ရသည်။ အရာအားလုံးကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ဤသည် ထင်ရှားပေါ်လွင်သော ကျေးဇူးတော်ပင် ဖြစ်သည်။

၁၇။ ထို့နောက် စုလိုင်မာန်အတွက် ဂျင်န်၊ လူသား၊ ၎က်များဖြစ်သော သူ၏တပ်များကို စုရုံးခြင်းခံရသည်။ ၎င်းတို့အားလုံးကို အဖွဲ့များခွဲ၍ ဖွဲ့စည်းထားသည်။ **၁၈။** နောက်ဆုံးတွင် သူတို့သည် ပုရွက်ဆိတ်တို့၏ လှုပ်ရှားမြောင်းကို ရောက်သောအခါ ပုရွက်ဆိတ်တစ်ကောင်က (သူမျိုးနွယ်အား) ပြောလေသည်။ အို- ပုရွက်ဆိတ်အပေါင်းတို့၊ စုလိုင်မာန်နှင့်သူ၏တပ်သည် မသိကြဘဲ အသင်တို့ကို နင်းချေမသွားမိစေရန် သင်တို့သည် မိမိတို့အိမ်များထဲသို့ ဝင်ကြကုန်။ **၁၉။** ထိုအခါ ပုရွက်ဆိတ်၏စကားကြောင့် စုလိုင်မာန်က ပြုံးရယ်ပြီးလျှင် ဤသို့ ဆုတောင်းလေသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏မိဘနှစ်ပါးအားလည်းကောင်း အရှင်မြတ် ပြုထားသော ကျေးဇူးတော်များအပေါ် ကျေးဇူးသိတတ်နိုင်စွမ်း ကျွန်တော်မျိုးအား ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်နှစ်သက်သည့် ကောင်းမှုကို ပြုကျင့်နိုင်စွမ်းလည်း ချီးမြှင့်တော်မူပါ။

၎င်းနောက် ကျွန်တော်မျိုးအား အရှင်မြတ်၏ကရုဏာတော်ဖြင့် အရှင်မြတ်၏ သူတော်ကောင်းအစေခံများတွင် ထည့်သွင်းပေးတော်မူပါ။

၂၀။ ထို့နောက် သူသည် ငှက်များကို လိုက်လံစစ်ဆေး ကြည့်ရှုပြီးနောက် ပြောလေသည်။ ငါသည် ဘီးတောင်ပိုငှက်ကို ဘာကြောင့်များ မတွေ့ရသနည်း။ သို့မဟုတ် သူသည် ပျက်ကွက်နေသလော။ ၂၁။ ငါသည် သူ့ကို ပြင်းထန်သော ပြစ်ဒဏ် မုချခတ်တော်မူမည်။ သို့မဟုတ် သူ့ကို မုချ လည်လှီးပစ်တော်မူမည်။ သို့မဟုတ် သူသည် ငါ့ထံသို့ (ပျက်ကွက်ရသည့်အကြောင်း) ထင်ရှားသည့် အထောက်အထားတစ်ရပ်ကို ယူဆောင်လာရလိမ့်မည်။ ၂၂။ သိပ်မကြာလိုက် မီမှာပင် ဘီးတောင်ပိုငှက်က (ရောက်လာ၍) လျှောက်တင်သည်။ ကိုယ်တော်မသိ သည့် အကြောင်းတစ်ရပ်ကို ကျွန်တော်မျိုး သိလာခဲ့ရသည်။ ကျွန်တော်မျိုးသည် ရှီဗာတို့နှင့် ပတ်သက်၍ သေချာသည့် သတင်းတစ်ရပ်ကို ကိုယ်တော့်ထံ ယူဆောင် လာပါသည်။ ၂၃။ ကျွန်တော်မျိုးသည် ၎င်းရှီဗာတို့ကို အုပ်ချုပ်မင်းလုပ်နေသော မိန်းမတစ်ဦးကို မြင်ခဲ့သည်။ သူသည် အရာဝတ္ထုမျိုးစုံကိုလည်း ရရှိထား သည်။ သူ့မှာ ကြီးမားသော ပလ္လင်တစ်ခုလည်းရှိသည်။ ၂၄။ သူနှင့် သူ့အမျိုးသား တို့သည် အလ္လာဟ်ကို စွန့်၍ နေကို ဦးချနေကြသည်ကို ကျွန်တော်မျိုး တွေ့ခဲ့ပါသည်။ ရှိုင်သွာန်သည် ၎င်းတို့၏ လုပ်ရပ်ကို ၎င်းတို့၏အမြင်တွင် လှပအောင်လုပ်ထားပြီး သူတို့အား လမ်းမှန်တရားမှ ပိတ်ဆို့ထားသည်။ ထို့ကြောင့် သူတို့သည် လမ်းမှန်ကို မမြင်နိုင်ကြချေ။ ၂၅။ မိုးကောင်ကင်များနှင့် မြေပထဝီတွင် မြုပ်ကွယ်လျက်ရှိသော အရာများကို ထုတ်ဖော်တော်မူသော၊ အသင်တို့ ဖုံးကွယ်ထားသည်များကို လည်း ကောင်း၊ အသင်တို့ ထုတ်ဖော်ကြသည်များကိုလည်းကောင်း သိတော်မူသော အလ္လာဟ်ကို သူတို့ ဦးမချကြရန် (ရှိုင်သွာန်က လှုံ့ဆော်ထားသည်။) ၂၆။ အလ္လာဟ် သာလျှင် (ကိုးကွယ်ရာအရှင်) ဖြစ်သည်။ ထိုအရှင်မှလွဲ၍အခြားကိုးကွယ်ထိုက်သော အရှင်မရှိပေ။ ထိုအရှင်မြတ်သည် ကြီးကျယ်သော ပလ္လင်ကို စိုးပိုင်တော်မူသော အရှင် ဖြစ်ပေသည်။ ၂၇။ စုလိုင်မာန်က ပြောသည်။ အသင်သည် အမှန်ပြောသလော သို့မဟုတ် လိမ်ညာပြောသလောဟူသည်ကို ငါတို့ ယခု ကြည့်ကြမည်။ ၂၈။ အသင်

သည် ငါ၏ ဤစကို ယူသွား၍ ၎င်းတို့ထံ ပစ်ချပြီးလျှင် သူတို့ထံမှ လှည့်ထွက်လာကာ သူတို့မည်သို့တုံ့ပြန်သည်ကို စောင့်ကြည့်ခဲ့လော့။ **၂၉။** ထိုအခါ ဘုရင်မက ပြောသည်။ အိုး-မျူးမတ်အပေါင်းတို့၊ ကျွန်မထံသို့ ဂုဏ်သရေရှိသော စာတစ်စောင် ပေးပို့ခြင်း ခံရသည်။ **၃၀။** ယင်းစာသည် စုလိုင်မာန်ထံမှ ဖြစ်သည်။ ယင်းစာသည် အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမားတော်မူသော အလွှာဟ်၏ နာမတော်ဖြင့် အစပြုထားသည်။ **၃၁။** (စာထဲတွင်ရေးထားသည်မှာ) သင်တို့သည် ငါ့အပေါ် ဂုဏ်မမှောက်ကြနှင့်။ ထို့ပြင် သင်တို့သည် ငါ့ထံသို့ နာခံသူများအဖြစ်နှင့် လာကြကုန်(ဟု ဖြစ်သည်)။ **၃၂။** ဘုရင်မက ပြောသည်။ အိုး-မျူးမတ်အပေါင်းတို့၊ ကျွန်မ၏ အရေးကိစ္စနှင့်စပ်လျဉ်းပြီး အကြံပြုကြကုန်။ သင်တို့သည် ကျွန်မအနားတွင် အသင့်မရှိနေသမျှကာလပတ်လုံး ကျွန်မသည် မည်သည့် ကိစ္စကိုမျှ ပြတ်ပြတ်သားသား ဆုံးဖြတ်သည်မဟုတ်ပေ။ **၃၃။** ၎င်းတို့က ပြောကြသည်။ ကျွန်တော်မျိုးတို့သည် အားအင်ရှိကြသူများ၊ ပြင်းထန်စွာ တိုက်ခိုက်နိုင်ကြသူများဖြစ်သည်။ အဆုံးအဖြတ်မှာမူ ဘုရင်မကြီးသဘောပင်။ ထို့ကြောင့် မည်သို့အမိန့်ပေးရမည်ကို ဘုရင်မကြီးအနေဖြင့်သာ ဆင်ခြင်တော်မူပါ။ **၃၄။** ဘုရင်မက ပြောသည်။ ဘုရင်တို့သည် မြို့ရွာတစ်ခုခုကို ဝင်ပြီဆိုလျှင် ယင်းမြို့ ရွာကို ဖျက်ဆီးလေ့ရှိကြပြီး မြို့ရွာ၏ ဂုဏ်သရေရှိ မြို့သူမြို့သားများကို သိက္ခာမဲ့အောင် လုပ်တတ်ကြသည်။ ဤအတိုင်းပင် ၎င်းတို့လည်း ပြုကြလိမ့်မည်။ **၃၅။** ကျွန်မသည် ၎င်းတို့ထံ လက်ဆောင်ပဏ္ဏာပို့၍ သံတမန်များ မည်သို့ အကြောင်းပြန်သည်ကို စောင့်ကြည့်မည်။

၃၆။ သံတမန်သည် စုလိုင်မာန်ထံ ရောက်သောအခါ သူက ဤသို့ မိန့်လေသည်။ အသင်တို့သည် ငါ့အား ဥစ္စာပစ္စည်းဖြင့် ကူညီလိုကြသလော။ ငါ့အား အလွှာဟ်ပေးထားသောအရာများသည် အသင်တို့ကို ပေးထားသောအရာများထက် ပိုကောင်းလှသည်။ အသင်တို့သာ အသင်တို့၏ လက်ဆောင်ပဏ္ဏာများဖြင့် မော်ကြွားလျက် ရှိကြသည်။ **၃၇။** အသင် သူတို့ထံ ပြန်လေတော့။ ယခု ငါတို့သည် သူတို့ ခုခံနိုင်မည်မဟုတ်သော စစ်တပ်များဖြင့် သူတို့ထံ ချီတက်မည်။ ထို့နောက် သူတို့ကို ယင်းနေရာမှ သိက္ခာချ၍ နှင်ထုတ်မည်။ ၎င်းတို့သည် သေးသိမ်ကြရ

လိမ့်မည်။ **၃၈။** စုလိုင်မာန်က ပြောသည်။ အို-မျူးမတ်အပေါင်းတို့၊ ၎င်းတို့သည် ငါထံသို့ နာခံသူများအဖြစ် ရောက်မလာမီအလျင် ထိုမိန်းမ၏ ပလ္လင်ကို ငါထံ မည်သူ ယူလာပေးမည်နည်း။ **၃၉။** အင်အားကြီးမားသော ဂျင်နီတစ်ဦးက ပြော သည်။ ကိုယ်တော်သည် မိမိနေရာမှ မထမီပင် ကျွန်တော်မျိုးသည် ယင်းပလ္လင်ကို ကိုယ်တော့်ဆီ ယူလာပါမည်။ ကျွန်တော်မျိုးသည် ဤကိစ္စအတွက် တကယ်ပင် အင်အားလည်းရှိသူ၊ သစ္စာလည်း ရှိသူ ဖြစ်ပါသည်။ **၄၀။** ကျမ်းအသိရရှိထားသော ပုဂ္ဂိုလ်က ပြောလေသည်။ ကိုယ်တော် မျက်တောင်မခတ်မီပင် ကျွန်တော်မျိုးသည် ယင်းပလ္လင်ကို ကိုယ်တော့်ဆီ ယူလာပါမည်။ စုလိုင်မာန်သည် မိမိထံတွင် ပလ္လင် ရောက်ရှိနေသည်ကို မြင်ရသောအခါတွင် ဤသို့ ပြောလေသည်။ ဤသည် ငါ၏ အရှင်မြတ်၏ ကျေးဇူးတော်ပင်ဖြစ်သည်။ ထိုသို့ကျေးဇူးပြုထားခြင်းမှာ ငါသည် ကျေးဇူးတင်သလော သို့မဟုတ် ကျေးဇူးကန်းသလောဟူသည်ကို စမ်းသပ်ရန် အတွက် ဖြစ်သည်။ မည်သူမဆို ကျေးဇူးတင်လျှင် မိမိအကျိုးအတွက်သာ ကျေးဇူး တင်ခြင်းဖြစ်သည်။ မည်သူမဆို ကျေးဇူးကန်းပါက ငါ၏အရှင်မြတ်သည် လိုလား တောင့်တမှုမှ ကင်းတော်မူသော၊ ရက်ရောတော်မူသော အရှင်ဖြစ်သည်။ **၄၁။** စုလိုင်မာန်က ပြောသည်။ ထိုမိန်းမ၏ပလ္လင်ကို ပုံစံပြောင်းလဲလိုက်ကြကုန်။ သူ သည် အစစ်အမှန်ကို သိနိုင်သလော သို့မဟုတ် အစစ်အမှန်ကို မသိသူတို့ အနက် ကလော ဟူသည်ကို ငါတို့ကြည့်ကြမည်။ **၄၂။** ဘုရင်မရောက်လာသောအခါ ဤသည် အသင်မ၏ ပလ္လင်လောဟု မေးခြင်းခံရလေရာ သူက ဤပလ္လင်သည် ထိုပလ္လင်ပင် ဖြစ်မည်ထင်သည်ဟု ပြန်လည်ဖြေကြားလေသည်။ ကျွန်မတို့သည် ဤမတိုင်မီကပင် (အသင်၏မှန်ကန်မှုကို) သိရှိထားပြီး ဖြစ်ပါ သည်။ ကျွန်မတို့သည် အမိန့်နာခံသူများ ဖြစ်ကြသည်။ **၄၃။** အလွှာဟ်ကိုစွန့်၍ သူကိုးကွယ်ခဲ့သော အရာ များက သူ့ကို တားဆီးပိတ်ပင်ခဲ့ခြင်း ဖြစ်သည်။ သူသည် သွေဖည်သူများအနက်က ဖြစ်ခဲ့သည်။ **၄၄။** သူ့အား ဤနန်းဆောင်အတွင်းသို့ ဝင်ပါဟု ပြောကြားခဲ့ရာ သူသည် မြင်လိုက်သည့်အရာကို နက်သောရေဟု ထင်မှတ်သောကြောင့် ခြေသလုံး နှစ်ဖက်ကို ဖော်လိုက်သည်။ ထိုအခါ စုလိုင်မာန် က ပြောသည်၊ ဤသည်ဖန်များဖြင့်

ပြင်ဆင်မွမ်းမံထားသော နန်းဆောင်ဖြစ်သည်။ ဘုရင်မက ပြောသည်၊ အို-ကျွန်တော်မျိုးမ၏အရှင်၊ အမှန်တော့ ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ခဲ့မိပါသည်။ ယခု ကျွန်မသည် စုလိုင်မာန်နှင့်အတူ စကြဝဠာအပေါင်း၏ အရှင်၊ အလ္လာဟ်ကို သက်ဝင်ယုံကြည်နာခံပါပြီ။

၄၅။ ငါအရှင်မြတ်သည် ဆမူဒ်အမျိုးသားတို့ထံ သူတို့၏နောင်တော်စွာလေ့ဟ်ကို စေလွှတ်တော်မူခဲ့သည်။ အသင်တို့သည် အလ္လာဟ်ကို ကိုးကွယ်ကြကုန် (ဟု ဖိတ်ခေါ်ရန်ဖြစ်သည်။) ထိုအခါ သူတို့သည် အငြင်းအခုံပြုကြသော အုပ်စုနှစ်စု ဖြစ်သွားလေတော့သည်။ **၄၆။** သူက ပြောသည်၊ အို-ငါ၏ အမျိုးသားတို့၊ သင်တို့သည် ကောင်းမှုထက်အလျင် မကောင်းမှုကို ဘာကြောင့် အလျင်လိုနေကြသနည်း။ အသင်တို့သည် ကရုဏာပြုခြင်းခံကြရရန်အတွက် အလွှာဟ်ထံပါးတွင် ခွင့်လွှတ်ချမ်းသာခွင့် ဘာကြောင့် မတောင်းကြသနည်း။ **၄၇။** ၎င်းတို့က ပြောကြသည်၊ ငါတို့သည် သင်နှင့် သင့်အပေါင်းအပါတို့ကို မင်္ဂလာမရှိသူများဟု ထင်မှတ်ကြသည်။ ၎င်းက ပြောသည်၊ သင်တို့၏ မကောင်းသည့်ကံကြမ္မာသည် အလ္လာဟ်ထံတော်ပါးတွင် ရှိသည်။ အသင်တို့သာလျှင် အစမ်းသပ်ခံနေကြရသည်။

၄၈။ မြို့ထဲတွင် ဤသို့သော လူကိုးဦးရှိသည်။ ၎င်းတို့သည် မြေတွင် ဖျက်ဆီးသောင်းကျန်းမှုကို လုပ်ကြသည်။ ပြုပြင်မှုကို မလုပ်ကြပေ။ **၄၉။** ၎င်းတို့က ပြောကြသည်၊ ကျွန်ုပ်တို့သည် စွာလေ့ဟ်ကိုလည်းကောင်း၊ သူ့မိသားစုကိုလည်းကောင်း တိတ်တိတ်ကလေး လုပ်ကြံသတ်ဖြတ်လိုက်မည်ဟု အလ္လာဟ်ကို တိုင်တည်၍ အသင်တို့ ပြောကြကုန်။ ထို့နောက် ကျွန်ုပ်တို့သည် သူ၏အမွေစားအမွေခံများအား သင့်မိသားစုများသေဆုံးချိန်တွင် ကျွန်ုပ်တို့ မရှိခဲ့ကြပေ၊ ကျွန်ုပ်တို့သည် အမှန်ကို ဆိုပါသည်ဟု ပြောလိုက်မည်။ **၅၀။** ၎င်းတို့က ကြံစည်မှုတစ်ခု ပြုလုပ်ခဲ့ကြသည်။ ငါအရှင်မြတ်ကလည်း ကြံစည်မှုတစ်ခု ပြုလုပ်တော်မူခဲ့သည်။ ယင်းကို ၎င်းတို့သိပင်မသိ လိုက်ကြချေ။ **၅၁။** သို့ရှိရာ ၎င်းတို့၏ ကြံစည်မှု၏ ရလဒ်သည် မည်သို့ဖြစ်သွားသည်ကို ကြည့်လိုက်ပါ။ ငါအရှင်မြတ်သည် ထိုအုပ်စုကိုလည်းကောင်း၊ ၎င်းတို့၏ တစ်မျိုးသားလုံးကိုလည်းကောင်း ဖျက်ဆီးတော်မူလိုက်သည်။

၅၂။ သို့ရှိရာ ဤသည် သူတို့၏မတရားမှုကြောင့် လူသူကင်းမဲ့ ပျက်စီးယိုယွင်း လျက်ရှိသော အိမ်ရာများဖြစ်သွားခဲ့သည်။ ယင်းထဲတွင် အသိပညာရှိသူများအတွက် သင်ခန်းစာတစ်ရပ် မုချ ရှိပေသည်။ **၅၃**။ ငါအရှင်မြတ်သည် သက်ဝင်ယုံကြည်သူများကို ကယ်တင်တော်မူခဲ့သည့် အလွှာဟ်ကို ကြောက်ရွံ့ရှိသေသူများ ဖြစ်ခဲ့ကြသည်။

၅၄။ ထို့ပြင် ငါအရှင်မြတ်သည် လူးသွ်ကို တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့သည်။ တစ်ခါတွင် သူသည် မိမိ၏အမျိုးသားများကို ဤသို့ ပြောလေသည်။ အသင်တို့သည် သိမြင်ကြပါလျက် အရှက်ကင်းမဲ့သည့်အမှုကို ကျူးလွန်ကြသလော။ **၅၅**။ အသင်တို့သည် မိမိတို့ဆန္ဒကို ဖြည့်ဆည်းရန်အတွက် မိန်းမများကို စွန့်၍ ယောကျ်ားများထံ သွားနေကြသလော၊ ထိုမျှမကသေးပေ။ အသင်တို့သည် မိုက်မဲသူများပင် ဖြစ်ကြပေသည်။

၅၆။ ထို့နောက် သူ့အမျိုးသားများ၏ အဖြေမှာ ဤသို့ ပြောခြင်းသာ ဖြစ်ခဲ့သည်။ သင်တို့သည် လူးသွ်၏မိသားစုကို မိမိတို့ရွာမှာ နှင်ထုတ်ကြကုန်။ ဤသူများသည် သန့်ပြန့်ချင်ယောင်ဆောင်နေကြသူများ ဖြစ်ကြသည်။

၅၇။ ထို့နောက် ငါအရှင်မြတ်သည် လူးသွ်နှင့် သူ၏လူများကို ကယ်တင်တော်မူခဲ့သည်။ သို့သော် သူဇနီးကိုမူ ငါအရှင်သည် ကျန်ခဲ့သူများတွင် သတ်မှတ်တော်မူခဲ့သည်။ **၅၈**။ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်တွင် ကြောက်မက်ဖွယ် မိုးကို ရွာချတော်မူခဲ့သည်။ သတိပေးခြင်းခံရပြီးသူများအပေါ်တွင် ရွာသောမိုးမှာ အဘယ်မျှဆိုးရွားလှလေခြင်း။ **၅၉**။ (အိုဒ်-တမန်တော်၊) အသင်ပြောပါ၊ ချီးမွမ်းထောမနာ အလုံးစုံသည် အလွှာဟ်အတွက်ဖြစ်သည်။ ထို့ပြင် ငြိမ်းချမ်းမှုမင်္ဂလာသည် အရှင်မြတ် ရွေးချယ်တော်မူလိုက်သည့် အစေခံများအပေါ်တွင် ကျရောက်ပါစေ။ အလွှာဟ်သည် ပို၍ကောင်းသလော သို့မဟုတ် ၎င်းတို့တွဲဖက်ကိုးကွယ်ကြသော အရာများသည် ပို၍ ကောင်းသလော။

★**၆၀**။ မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းပြီး၊ အသင်တို့အတွက် မိုးကောင်းကင်မှ ရေကို ချပေးတော်မူကာ ယင်းရေဖြင့် စိမ်းလန်းစိုပြည်

သာယာသော ဥယျာဉ်ခြံများကို ပေါက်ရောက်စေတော်မူသောအရှင်က (ပို့ကောင်းသလော။)သင် တို့သည် ယင်းအပင်များကို ပေါက်ရောက်အောင် လုပ်နိုင်စွမ်းမရှိကြပေ။ (သို့ရှိရာ)အလ္လာဟ်နှင့်အတူ အခြားကိုးကွယ်ထိုက်သည့် ဘုရားရှိသလော။ မရှိပေ။ အမှန်မှာ သူတို့သည် လမ်းမှန်မှ လွဲချော်နေသူများသာ ဖြစ်ကြသည်။ **၆၁။** ထို့ပြင် မြေပထဝီကို တည်တံ့အောင် လုပ်ထားတော်မူသောအရှင်၊ ယင်းမြေပထဝီတွင် မြစ်ချောင်းများကို စီးတွေစေတော်မူသောအရှင်၊ ခိုင်မြဲသောတောင်များကို မြေပေါ်တွင် စိုက်ထူထား တော်မူသောအရှင်၊ ပင်လယ်နှစ်ခုကြားတွင် အကာတစ်ခုပြုလုပ်ထားတော်မူသော အရှင်က (ပို့ကောင်းသလော)။ (သို့ရှိရာ)အလ္လာဟ်နှင့် အတူ အခြားကိုးကွယ်ထိုက်သည့် ဘုရားရှိသလော။ မရှိပေ။ အမှန်မှာ သူတို့ အများစုသည် မသိနားမလည် ကြပေ။

၆၂။ သို့မဟုတ် အတိဒုက္ခရောက်နေသူ၏ ဟစ်အော်သံကို လက်ခံအဖြေပေးတော်မူပြီး သူ၏ဒုက္ခကို ဖယ်ရှားပေးတော်မူသောအရှင်၊ သင်တို့အား မြေပထဝီတွင် ကိုယ်စားလှယ်အဖြစ် ပြုပေးတော်မူသောအရှင်က (ပို့ကောင်းသလော။) အလ္လာဟ်နှင့်အတူ အခြားကိုးကွယ်ထိုက်သည့်ဘုရား ရှိသလော။ သင်တို့သည် အနည်းငယ်သာ တရားရယူကြသည်။ **၆၃။** သို့မဟုတ် ကုန်းမြေနှင့် ပင်လယ်၏ အမှောင်ထုတွင် အသင်တို့ကို လမ်းပြသတော်မူသောအရှင်၊ လေများကို မိမိကရုဏာတော် (မိုး၏) ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ် တော်မူသောအရှင်က (ပို့ကောင်းသလော။) အလ္လာဟ်နှင့်အတူ အခြားကိုးကွယ်ထိုက်သည့် ဘုရားရှိသလော။ အလ္လာဟ်သည် ၎င်းတို့တွဲဖက်ကိုးကွယ်သောအရာများမှ လွန်စွာ မြင့်မားလှတော်မူပေသည်။ **၆၄။** သို့မဟုတ် ဖန်ဆင်းမှုကို အစပြု၍ ယင်းအဖန်ဆင်းခံများကို ပြန်လည်ဖန်ဆင်းတော်မူမည့်အရှင်၊ သင်တို့အား မိုးကောင်းကင်နှင့် မြေပထဝီမှ ရိက္ခာပေးသနားတော်မူသောအရှင်က (ပို့ကောင်းသလော။) အလ္လာဟ်နှင့်အတူ အခြားကိုးကွယ်ထိုက်သည့် ဘုရားရှိသလော။ အသင်တို့ မှန်ကန်ကြသည်ဆိုလျှင် သင်တို့၏ အထောက်အထားယူလာကြပါဟု အသင်ပြောပါလေ။

၆၅။ အသင်ပြောပါ၊ မိုးကောင်းကင်များနှင့် မြေပထဝီတွင် အလ္လာဟ်

ကလွဲ၍ မည်သူမျှ အကွယ်ကို မသိပေ။ လူတို့သည် သူတို့မည်သည့်အချိန် ပြန်လည်ရှင်ပြန်ထစေခြင်းခံရမည်ကိုပင် မသိကြချေ။ **၆၆။** အမှန်တွင် နောင်တမလွန်နှင့် ပတ်သက်၍ ထို(သွေဖည်)သူများ၏ ပညာသည် ရှုပ်ထွေးသွားချေပြီ။ ထိုမျှမက သူတို့သည် ယင်းတမလွန်ကို သံသယဝင်နေကြသည်။ သို့သာမက သူတို့သည် ယင်းတမလွန်နှင့် ပတ်သက်၍ အကန်းများ ဖြစ်နေကြသည်။ **၆၇။** သွေဖည်ငြင်းပယ်သူများက ပြောကြသည်၊ ငါတို့နှင့် ငါတို့၏ ဘိုးဘေးများသည် မြေကြီးများဖြစ်သွားပြီးလျှင် မြေထဲမှ ပြန်လည် ထုတ်ဆောင်ခြင်းခံကြရမည်လော။ **၆၈။** ငါတို့သည်လည်းကောင်း၊ ယခင်က ငါတို့ဘိုးဘေးများသည်လည်းကောင်း ဤသို့ ကတိပေးခြင်းခံခဲ့ရသည်။ အမှန်တွင် ဤသည် ရှေးယခင်က သူများ၏ ပုံပြင်ဒဏ္ဍာရီများသာ ဖြစ်သည်။ **၆၉။** အသင်ပြောပါ၊ အပြစ်ကျူးလွန်ခဲ့သူများ၏ နိဂုံးသည် မည်သို့ ဖြစ်ခဲ့သနည်းဟူသည်ကို သင်တို့သည် မြေပထဝီတွင် လည်ပတ် ကြည့်ကြကုန်။

၇၀။ သင်သည် သူတို့အပေါ် ပူပန်သောက မဖြစ်လေနှင့်။ သူတို့၏ အကြံအစည်များအပေါ်တွင် စိတ်မကျဉ်းကျပ်လေနှင့်။ **၇၁။** သူတို့က ပြောကြသည်။ အကယ်၍ သင်သည် မှန်သည်ဆိုလျှင် ဤကတိသည် မည်သည့်အခါတွင် ပြည့်မည်နည်း။ **၇၂။** အသင်ပြောလိုက်ပါ၊ အသင်တို့ အလျင်စလို တောင်းဆိုထားသော ပြစ်ဒဏ်ထဲမှ အချို့သည် သင်တို့၏ အနီးကို ရောက်နေပြီဖြစ်မည်။ **၇၃။** ထို့ပြင် အမှန်စင်စစ် အသင့်အရှင်မြတ်သည် လူတို့အပေါ်တွင် အလွန်ကျေးဇူးကြီးမားလှသော အရှင်ဖြစ်သည်။ သို့သော် သူတို့အနက် အများစုသည် ကျေးဇူးမသိတတ်ကြပေ။ **၇၄။** ဇကန်စင်စစ် အသင့်အရှင်မြတ်သည် ၎င်းတို့ ရင်ထဲ၌ ဖုံးကွယ်ထားသည်ကိုလည်းကောင်း၊ ထုတ်ဖော်သောအရာကို လည်းကောင်း မုချ သိတော်မူသည်။ **၇၅။** မိုးကောင်းကင်နှင့် မြေပထဝီတွင် ဖုံးကွယ်နေသမျှအရာ အားလုံးသည် ထင်ရှားသော စာအုပ်၌ ရှိပြီးသားဖြစ်သည်။

၇၆။ ဇကန်စင်စစ် ဤကုရ်အာန်သည် အိစ်ရာအီလ်မျိုးနွယ်တို့ရှေ့တွင် သူတို့ ကွဲလွဲခဲ့သောအရာများစွာကို တင်ပြထားသည်။ **၇၇။** ဇကန်အမှန် ဤကျမ်းဂန်သည် ယုံကြည်သူများအဖို့ လမ်းညွှန်နှင့် ကရုဏာတော်ပင် ဖြစ်သည်။ **၇၈။** အမှန်စင်စစ် အသင့်အရှင်မြတ်သည် ၎င်းတို့ကြားတွင် မိမိ၏အမိန့်တော်ဖြင့် စီရင်ဆုံးဖြတ်

တော်မူမည်။ ထိုအရှင်မြတ်သည် အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်သိ တော်မူသော အရှင်ဖြစ်သည်။ **၇၉။** သို့ဖြစ်ရာ သင်သည် အလွှာဟ်ပေါ် ယုံပုံ အားကိုးပါ။ ဇကန်စင်စစ် သင်သည် ထင်ရှားသော အမှန်တရားပေါ်တွင် ရှိနေ ပေသည်။ **၈၀။** အသင်သည် သေသူများကို ကြားစေနိုင်မည် မဟုတ်။ ထိုနည်းတူ နားပင်းနေသူများသည် ကျောခိုင်း၍ သွားလိုက်ကြသောအခါ ၎င်းတို့အား ကြားစေ နိုင်မည်မဟုတ်ပေ။ **၈၁။** ထိုမျှမကသေး။ သင်သည် မျက်ကန်းများကိုလည်း လမ်း မှားမှ ကယ်တင်၍ လမ်းပြနိုင်မည်မဟုတ်ပေ။ အသင်သည် ငါအရှင်မြတ်၏ မုက္ခပါဠ် တော်များအပေါ် ယုံကြည်၍ အမိန့်နာခံသူများကိုသာ ကြားစေနိုင်သည်။

၈၂။ ထိုပြင် ငါအရှင်မြတ်၏ စကားတော်ပြည့်ဝသည့်အချိန်သည် သူတို့ အပေါ်သို့ ရောက်လာသည့်အခါ ငါအရှင်သည် ၎င်းတို့အတွက် မြေကြီးထဲမှ သတ္တဝါတစ်ကောင်ကို ထွက်စေတော်မူမည်။ လူတို့သည် ငါအရှင်မြတ်၏ မုက္ခပါဠ် တော်များကို မယုံကြည်ခဲ့ကြပေဟု ယင်းသတ္တဝါက သူတို့ကို စကားပြောလိမ့်မည်။ **၈၃။** အကြင်နေ့တွင် ငါအရှင်မြတ်သည် အုပ်စုတိုင်းမှ ငါအရှင်၏ မုက္ခပါဠ်တော်များကို မဟုတ်မမှန်ဟု ပြောခဲ့ကြသော တစ်အုပ်စုစီကို စုရုံးတော်မူမည်။ ထို့နောက် ၎င်းတို့သည် အုပ်စုခွဲခြားသတ်မှတ်ခြင်း ခံရမည်။ **၈၄။** နောက်ဆုံး သူတို့ ရောက်လာ ကြသောအခါ အရှင်မြတ်က မိန့်တော်မူမည်၊ အသင်တို့သည် အပြည့်အဝမသိကြဘဲ ငါအရှင်၏ မုက္ခပါဠ်တော်များကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသလော သို့မဟုတ် ဘာလုပ်ခဲ့ကြသနည်း။

၈၅။ သူတို့ မတရားလုပ်ခဲ့ကြသည့်အတွက်ကြောင့်ပင် သူတို့အပေါ်၌ အမိန့်တော်သည် အတည်ဖြစ်သွားခဲ့ပြီဖြစ်လေရာ သူတို့သည် စကားပြောဆိုနိုင် ကြမည် မဟုတ်တော့ပေ။ **၈၆။** သူတို့ မမြင်တွေ့ကြပေသလော။ ဇကန်စင်စစ် ငါအရှင်သည် သူတို့အနားယူနိုင်ကြရန်အတွက် ညဉ့်ကိုလည်းကောင်း၊ သူတို့ မြင်နိုင်ကြရန်အတွက် နေ့ကိုလည်းကောင်း ပြုလုပ်တော်မူခဲ့သည်။ ဇကန်စင်စစ် အီမာန်ယုံကြည်သူတို့အတွက် ဤအချက်တွင် သက်သေလက္ခဏာများ မုချရှိပေ သည်။

၈၇။ တံပိုးခရာမှုတ်မည့်နေ့တွင် အလ္လာဟ်အလိုရှိသောသူမှအပ မိုး ကောင်းကင်များတွင် ရှိရှိသမျှသူအားလုံးနှင့် မြေပထဝီတွင် ရှိရှိသမျှသူအားလုံးတို့

သည် အထိတ်တလန့်ဖြစ်သွားကြမည်။ အားလုံးသည် ကျိုးနွံစွာဖြင့် ထိုအရှင်ထံသို့ လာကြမည်။ **၈၈။** အသင်သည် တောင်များကို တွေ့မြင်၍ ယင်းတောင်များသည် တည်မြဲနေသည်ဟု ထင်မှတ်နေသည်။ စင်စစ်တွင် ထိုတောင်များသည် မိုးတိမ်များ လွင့်ပါးသကဲ့သို့ လွင့်ပါးသွားလိမ့်မည်။ ဤသည် အရာခပ်သိမ်းကို ကျွမ်းကျင် လိမ္မာစွာ ပြုလုပ်တော်မူသော အလ္လာဟ်၏လက်ရာပင် ဖြစ်သည်။ ဇကန်စင်စစ် အရှင်မြတ်သည် အသင်တို့ ပြုလုပ်နေသည်များကို အကြွင်းမဲ့သိတော်မူသည်။ **၈၉။** မည်သူမဆို ကောင်းမှုသီလကို ယူဆောင်လာပါက သူ့အဖို့ ထိုထက်ပိုကောင်းသော အကျိုးကုသိုလ် ရှိပေသည်။ထို့ပြင် သူတို့သည် ထိုနေ့၏ ထိတ်လန့်ခြင်းမှ ကင်းလွတ်သူများ ဖြစ်ကြပေမည်။ **၉၀။** မကောင်းမှုအကုသိုလ် ယူဆောင်လာသော သူတို့မှာမူ ဂျဟန္နမ်ငရဲဘုံတွင် မျက်နှာမှောက်လျက်သား ပစ်ချခြင်း ခံကြရမည်။ အသင်တို့သည် မိမိတို့ ပြုမူခဲ့သည်များကိုသာ အစားပြန်ရခြင်း ဖြစ်ပေသည်။

၉၁။ ကျွန်ုပ်အား အမိန့်ပေးခြင်းခံထားရသည်မှာ ဤမြို့တော်အား ထွတ်မြတ်စေတော်မူသောအရှင်မြတ်ကိုသာ အသင်ခပ်ကိုးကွယ်ပါ။ အရာ အားလုံးသည် ထိုအရှင်၏ ပိုင်ဆိုင်မှုများသာ ဖြစ်သည်ဟူ၍ ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်သည် အမိန့်နာခံသူများအနက်မှ တစ်ဦးအပါအဝင်ဖြစ်ရန်လည်း အမိန့်ပေး ခြင်းခံထားရသည်။ **၉၂။** ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ကြားပြရန်လည်း အမိန့်ပေး ခြင်းခံရသည်။ မည်သူမဆို တရားလမ်းမှန်ပေါ် လျှောက်လှမ်းလျှင် မိမိအကျိုး အတွက်သာ တရားလမ်းမှန်ပေါ် လျှောက်လှမ်းခြင်း ဖြစ်သည်။ မည်သူမဆို လမ်းလွဲခဲ့ပါမူ အသင်ပြောလိုက်ပါ။ ဇကန်စင်စစ် ကျွန်ုပ်သည် သတိပေးနှိုးဆော်သူ တစ်ဦးမျှသာ ဖြစ်သည်။ **၉၃။** ထို့နောက် အသင်ပြောပါ။ ချီးမွမ်းထောမနာ အပေါင်းသည် အလ္လာဟ်အတွက်သာလျှင် ဖြစ်ပေသည်။ အရှင်မြတ်သည် မိမိ၏ သက်သေလက္ခဏာတော်များကို အသင်တို့အား များမကြာမီ ပြသတော်မူမည်ဖြစ် ရာ အသင်တို့သည် ထိုသက်သေ လက္ခဏာတော်များကို သိရှိကြပေမည်။ အသင့် အရှင်သည် အသင်တို့ပြုမူနေကြ သည်များကို မသိသောအရှင် မဟုတ်ပါ။

၂၈။ စူရဟ် ကစ္စာ့စ္စ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ သွာ၊ စီးန်၊ မီးမ်။ **၂။** ဤသည် ထင်ရှားသောကျမ်း၏ အာယသ်တော်များ ဖြစ်သည်။ **၃။** ငါအရှင်သည် ယုံကြည်သူများအကျိုးအတွက် မူစာနှင့် ဖိရ်အောင်န်၏ အကြောင်းအရာအချို့ကို အသင့်အား တိကျမှန်ကန်စွာ တင်ပြတော်မူသည်။ **၄။** ဧကန်စင်စစ် ဖိရ်အောင်န်သည် တိုင်းပြည်တွင် ဆိုးသွမ်းမိုက်မဲလာခဲ့ပြီ။ ထို့ပြင် သူသည် တိုင်းသူပြည်သားများကို အုပ်စုအသီးသီး ခွဲခြမ်းပစ်ကာ သူတို့ထဲက တစ်စုကို အားအင်ချည့်နဲ့အောင်လုပ်ထားခဲ့သည်။ သူတို့၏ သားယောကျ်ားလေးများကို သတ်ဖြတ်ပြီး သူတို့၏ အမျိုးသမီးများကိုမူ အသက်ရှင်လျက်ထားသည်။ ဧကန်စင်စစ် သူသည် ဖျက်ဆီးသောင်းကျန်းသူများအနက်မှ ဖြစ်ခဲ့သည်။ **၅။** သို့သော် ငါအရှင်အလိုတော်ရှိသည်မှာ တိုင်းပြည်တွင် အားအင်ချည့်နဲ့အောင်လုပ်ခြင်းခံကြရသူများအပေါ် ကျေးဇူးပြုတော်မူရန်၊ သူတို့အား ရှေ့ဆောင်ရှေ့ရပ်များအဖြစ် ပြုလုပ်တော်မူရန်နှင့် သူတို့အား အမွေစားအမွေခံများအဖြစ် ပြုလုပ်တော်မူရန် ဖြစ်သည်။ **၆။** ထို့ပြင် တိုင်းပြည်တွင် သူတို့အား အာဏာပေးတော်မူရန်နှင့် ဖိရ်အောင်န်၊ ဟာမာန်နှင့် သူတို့နှစ်ဦး၏ စစ်တပ်များအား သူတို့ကြောက်ရွံ့စိုးရိမ်နေသောအရာကို ပြသတော်မူရန်အတွက်လည်း အလိုရှိတော်မူခဲ့သည်။

၇။ ငါအရှင်သည် မူစာ၏ မိခင်ထံ အသိထည့်ပေးတော်မူခဲ့သည်။ အသင်သည် သူ့အား နို့တိုက်ပါ။ သူနှင့်စပ်လျဉ်း၍ စိုးရိမ်ရသောအခါ သူ့အား မြစ်ထဲသို့ ပစ်လိုက်ပါ။ အသင် မကြောက်နှင့်။ မစိုးရိမ်နှင့်။ ဧကန်စင်စစ် ငါအရှင်သည် သူ့အား အသင့်ထံသို့ ပြန်လည်ပို့ဆောင်ပေးတော်မူမည်။ ထို့ပြင် သူ့အား ရစူလ်တမန်တော်များအနက်မှလည်း ပြုလုပ်ပေးတော်မူဦးမည်။ **၈။** ထို့နောက်တွင် ဖိရ်အောင်န်၏ အိမ်သူအိမ်သာများသည် သူ့အား ကောက်ယူခဲ့ကြသည်။ သူတို့အဖို့ ရန်သူနှင့် ဝမ်းနည်းကြေကွဲစရာ ဖြစ်လာစေရန်အတွက် ဖြစ်သည်။ ဧကန်စင်စစ်

ဖိရ်အောင်နှ်၊ ဟာမာန်နှင့် သူတို့နှစ်ဦး၏ စစ်တပ်များသည် မှားခဲ့ကြလေသည်။ **၉။** ဖိရ်အောင်နှ်၏ဇနီးကြင်ရာက ပြောသည်။ ဤကလေးသည် ကျွန်မအတွက်ရော၊ အသင့်အတွက်ပါ မျက်စိအေးမြဖွယ်ရာလေး ဖြစ်သည်။ သူ့အား မသတ်ကြပါနှင့်။ သူသည် ကျွန်ုပ်တို့အား အကျိုးပြုလာနိုင်ပါသည်။ သို့မဟုတ် ကျွန်ုပ်တို့သည် သူ့အား သားအဖြစ် မွေးစားလိုက်ကြမည်။ သူတို့သည် ဘာမျှ နားမလည်ခဲ့ကြပေ။

၁၀။ မူစာ၏ မိခင်၏ စိတ်နလုံးသည် (စိတ်ချမ်းသာမှုမှ) ဗလာဖြစ်သွားခဲ့သည်။ သူကို ယုံကြည်သူတို့တွင် အပါအဝင်ဖြစ်စေရန်အတွက် ငါအရှင်သည် အကယ်၍ သူ၏စိတ်နလုံးကို ခိုင်မြဲအောင်ပြုလုပ်တော်မမူခဲ့ပါလျှင် သူသည် ထိုကိစ္စကို ထုတ်ဖော်ပြောဆိုလုနီးနီး ဖြစ်သွားခဲ့ပေပြီ။ **၁၁။** ထို့နောက် သူသည် မူစာ၏အစ်မအား ကလေးနောက်မှ လိုက်ကြည့်လေ့ဟု ပြောခဲ့သည်။ သို့နှင့် မူစာ၏ အစ်မသည် သူစိမ်းပုံစံဖြင့် သူ့အား ကြည့်နေခဲ့သည်။ ဤသည်ကို ၎င်း (ဖိရ်အောင်နှ်နှင့် စစ်တပ်များ) မသိခဲ့ကြပေ။ **၁၂။** ငါအရှင်သည် မူလကပင် နီးထိန်းသည်များကို မူစာမှ တားမြစ်ထားတော်မူခဲ့သည်ဖြစ်ရာ ထိုမိန်းကလေးက ပြောသည်။ ကလေးငယ်ကို အသင်တို့အတွက် မွေးမြူစောင့်ရှောက်ပေးမည့်အပြင် ထိုကလေးအတွက် ကောင်းကျိုးလိုလားသည့် မိသားစုဝင်များကို အသင်တို့ကို ကျွန်မ ညွှန်ပြရမည်လော။ **၁၃။** ထို့နောက် ငါအရှင်သည် သူ့အား သူမိခင်ထံသို့ပြန်လည်ပို့ဆောင်ပေးတော်မူခဲ့သည်။ သူ(မ)၏ မျက်စိအေးမြစေရန်အတွက်နှင့် ဝမ်းနည်းပူးဆွေးမှု မဖြစ်ရန်အတွက် ဖြစ်သည်။ ထို့ပြင် အလွှာဟ်၏ကတိတော်သည် မှန်ကန်သည်ကို သူ(မ) သိသွားရန်အတွက် ဖြစ်သည်။ သို့သော် လူအများစုကမူ မသိကြပေ။ **၁၄။** ထို့နောက် မူစာသည် လူပျိုအရွယ်သို့ရောက်ရှိပြီး၊ အသိဉာဏ် ပြည့်ဝလာသောအခါ ငါအရှင်သည် သူ့အား ဉာဏ်အမြော်အမြင်နှင့် အသိပညာကို ချီးမြှင့်တော်မူခဲ့သည်။ ငါအရှင်သည် ကောင်းမှုပြုသူများကို ဤနည်းအတိုင်း အစားပေးတော်မူပေသည်။

၁၅။ ထို့နောက် သူသည် မြို့သူမြို့သားများ မေ့မေ့လျော့လျော့ ဖြစ်နေသည့်အချိန်တွင် မြို့တွင်းသို့ ဝင်ရောက်လာခဲ့လေရာ ရန်ဖြစ်နေကြသောလူနှစ်ဦး

ကို တွေ့မြင်လေသည်။ တစ်ဦးမှာ သူ့မျိုးနွယ်မှဖြစ်၍ နောက်တစ်ဦးမှာ ရန်သူ့မျိုးနွယ်မှ ဖြစ်သည်။ ထိုအခါ သူ၏အုပ်စုမှဖြစ်သောသူသည် သူ၏ရန်သူအုပ်စုမှဖြစ်သောသူနှင့် ဆန့်ကျင်၍ မိမိကို ကူညီရန် အကူအညီတောင်းလေသည်။ သို့နှင့် မူစာသည် သူ့အား ရိုက်ပုတ်လိုက်ရာ အဆုံးစီရင်ပြီးသား ဖြစ်သွားခဲ့လေသည်။ ထိုအခါ သူက ပြောသည်။ ဤသည် ရှိုင်သွာန်၏ လုပ်ရပ်ထဲမှ ဖြစ်သည်။ ဧကန်စင်စစ် ယင်းရှိုင်သွာန်သည် လမ်းမှားသို့ ထင်ရှားစွာ ပို့ဆောင်သော ရန်သူပင်ဖြစ်သည်။ **၁၆။** ထို့နောက် မူစာက အို-ကျွန်တော်မျိုး၏အရှင်၊ ဧကန်စင်စစ် ကျွန်တော်မျိုးသည် မိမိကိုယ်ကို မိမိ နှိပ်စက်မိပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါဟု လျှောက်ထားပန်ကြားခဲ့ရာ အရှင်မြတ်သည် သူ့အား ခွင့်လွှတ်တော်မူခဲ့သည်။ ဧကန်စင်စစ် အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။ **၁၇။** သူက ထပ်မံလျှောက်ထားသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအပေါ် ကျေးဇူးပြုတော်မူခဲ့သည်ဖြစ်ရာ ကျွန်တော်မျိုးသည် ပြစ်မှုကျူးလွန်သူများအား အကူအညီပေးသောသူ နောက်ဘယ်တော့မှ ဖြစ်မည်မဟုတ်ပါ။

၁၈။ ထို့နောက် မူစာသည် မြို့ထဲတွင် ကြောက်ရွံ့စိုးရိမ်လျက်၊ အခြေအနေကို စောင့်ကြည့်လျက် မနက်နိုးထလာခဲ့လေရာ မနေ့က သူ့ထံမှ အကူအညီတောင်းခံခဲ့သူသည် ယခုလည်း ထပ်မံ၍ ဟစ်အော်အကူအညီတောင်းနေပြန်သည်။ မူစာက ထိုသူ့အား ဧကန်စင်စစ် အသင်သည် ထင်ရှားသော လမ်းလွဲသူတစ်ဦးပင်ဖြစ်သည်ဟု ပြောခဲ့သည်။ **၁၉။** ထို့နောက် မူစာသည် မိမိတို့နှစ်ဦးစလုံး၏ရန်သူဖြစ်သောသူကို ဖမ်းရန် ကြံရွယ်လိုက်သောအခါ ထိုသူက ပြောလေသည်။ အို-မူစာ၊ အသင်သည် မနေ့က လူတစ်ယောက်ကို သတ်ဖြတ်ခဲ့သည့်နည်းတူ ကျွန်ုပ်ကို သတ်ဖြတ်လိုပါသလော။ စင်စစ် အသင်သည် မြေပေါ်တွင် လူဆိုးတစ်ဦးဖြစ်ရန်သာ အလိုရှိနေသည်။ စေ့စပ်ညှိနိုင်းပေးသူတစ်ဦးဖြစ်ရန် အသင်မလိုလားပေ။ **၂၀။** ထို့နောက် မြို့အစွန်အဖျားမှ လူတစ်ဦးသည် အပြေးအလွှားရောက်လာပြီး အို-မူစာမှူးကြီးမတ်ရာတို့သည် အသင့်အား သတ်ပစ်ကြရန် ဆွေးနွေးတိုင်ပင် လျက်ရှိကြ

သည်။ ထို့ကြောင့် အသင်ထွက်သွားပါ။ ဇကန်စင်စစ် ကျွန်ုပ်သည် အသင်၏ ကောင်းကျိုးကို လိုလားသူတစ် ဦးဖြစ်ပါသည်ဟု ပြောခဲ့သည်။ **၂၁။** ထိုအခါ မူစာသည် ထိုမြို့မှ ကြောက်ရွံ့စိုးရိမ်လျက်၊ အခြေအနေ စောင့်ကြည့်လျက် ထွက်လာခဲ့သည်။ သူက လျှောက်ထား ပန်ကြားခဲ့သည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအား မတရားသောသူများ၏ အန္တရာယ်မှ ကယ်တင်တော်မူပါ။

၂၂။ ထို့နောက် မူစာသည် မဒ်ယန်မြို့ဘက်သို့ ဦးတည်လိုက်သောအခါ ဤသို့ ပြောလေသည်။ ကျွန်ုပ်၏အရှင်သည် ကျွန်ုပ်အား ဖြောင့်မတ်မှန်ကန်သော လမ်းကို ပြသတော်မူမည်ဟု မျှော်လင့်ပါသည်။ **၂၃။** ထို့နောက် သူသည် မဒ်ယန်၏ ရေရှိရာသို့ ရောက်လာသောအခါ လူတစ်စုသည် ထိုနေရာတွင် ရေတိုက်နေကြသည်ကို တွေ့မြင်လေသည်။ ထိုလူစုနှင့် သီးခြားအမျိုးသမီးနှစ်ဦးကိုလည်း တွေ့ရသည်။ သူတို့နှစ်ဦးသည် မိမိတို့၏တိရစ္ဆာန်များကို တားဆီးပြီးရပ်နေကြ သည်။ မူစာကမေးသည်။ အသင်တို့နှစ်ဦး၏ အဖြစ်သည် မည်သို့ဖြစ်နေပါသနည်း။ သူတို့နှစ်ဦးက ဖြေကြားသည်။ ဤသိုးထိန်းတို့သည် သူတို့၏တိရစ္ဆာန်များကို ပြန်လည် ဖယ်ထုတ်မသွားသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် ရေတိုက်ကျွေးခြင်း မပြုနိုင်ကြပါ။ ကျွန်ုပ်တို့၏ဖခင်ကြီးသည် အလွန် အိုမင်းရင့်ရော်နေသောအဖိုးအို ဖြစ်ပါသည်။ **၂၄။** ထိုအခါ မူစာသည် သူတို့နှစ်ဦး၏တိရစ္ဆာန်များကို ရေတိုက်ပေးလိုက်သည်။ တစ်ဖန် အရိပ်ရှိရာဘက်သို့ လှည့်ထွက်လာခဲ့ပြီး လျှောက်ထားပြန် သည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ဇကန်စင်စစ် ကျွန်တော်မျိုးသည် မိမိဘက်သို့ အရှင်ချပေးတော်မူသည့် မည်သည့်ကောင်းခြင်းကိုမဆို လိုလားတောင့်တရသူ ဖြစ်ပါသည်။

၂၅။ ထို့နောက် ယင်းအမျိုးသမီးနှစ်ဦးအနက်မှ တစ်ဦးသည် မူစာထံသို့ အရှက်သိကျွာရှိစွာ လျှောက်လှမ်းလာပြီး ကျွန်မ၏ဖခင်သည် ကျွန်မတို့ အတွက် အသင်ရေတိုက်ပေးလိုက်သည့်အစားကို ကျေးဇူးပြန်ဆပ်ရန်အတွက် အသင့်အား ခေါ်ခိုင်းလိုက်ပါသည်ဟု ပြောလေသည်။ ထို့နောက် မူစာသည် ၎င်းထံသို့ ရောက်လာသောအခါ ၎င်းအား ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့ရာ ၎င်းက အသင် မစိုးရိမ်ပါနှင့်။ အသင်သည် မတရားလုပ်သောသူများ၏ အန္တရာယ်မှ လွတ်မြောက်ခဲ့လေပြီဟု

ပြောဆိုခဲ့သည်။ **၂၆။** ထိုအမျိုးသမီးနှစ်ဦးအနက်မှ တစ်ဦးက ပြောသည်။ အို-ဖခင်၊ သူ့အား အလုပ်ခန့်လိုက်ပါ။ ဖခင် အလုပ်ခန့်သင့်သည့် အကောင်းဆုံးသောသူမှာ ခွန်အားရှိပြီး သစ္စာရှိသူပင် ဖြစ်သည်။ **၂၇။** ဖခင်က ပြောသည်။ ဇကန်စင်စစ် ငါသည် အသင့်အား ငါ၏ ဤသမီးနှစ်ဦးအနက်မှ တစ်ဦးနှင့် ထိမ်းမြားပေးလိုသည်။ သို့သော် စည်းကမ်းချက်မှာ အသင်သည် ကျွန်ုပ်ထံတွင် ရှစ်နှစ် အလုပ်လုပ်ပေးရမည်။ အကယ်၍ ဆယ်နှစ်ပြည့်အောင် အလုပ်လုပ်ခဲ့ပါလျှင် ဤသည် အသင့်ဘက်မှ (အကူအညီ)ဖြစ်မည်။ အသင့်ကို အကျပ်အတည်းဖြစ်အောင်လုပ်ဖို့ ငါမလိုလားပါ။ အလွယ်ဟ်အလိုတော်ရှိပါလျှင် ငါသည် လူကောင်းတစ်ဦးဖြစ်ကြောင်း အသင်မကြာမီ တွေ့ရပါလိမ့်မည်။ **၂၈။** မူစာက ပြောသည်။ ဤသည် ကျွန်ုပ်နှင့် အသင့်ကြားတွင် အတည်ဖြစ်သွားလေပြီ၊ ထိုကာလနှစ်ခုအနက်မှ ဘယ်တစ်ခုကိုမဆို ကျွန်ုပ် ပြည့်အောင်လုပ်ခဲ့ပါလျှင် ကျွန်ုပ်အပေါ်တွင် မည်သို့မျှ အတင်းအကျပ်မရှိစေရ။ အလွှာဟ်သည် ကျွန်ုပ်တို့ ပြောဆိုနေသည်များအပေါ် သက်သေဖြစ်တော်မူပါသည်။

၂၉။ မူစာသည် သတ်မှတ်ချိန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပြီး နောက် မိမိ၏မိသားစုနှင့်အတူ ထွက်ခွာလာခဲ့လေရာ သွူရိတောင်ဘက်မှ မီးရောင်တစ်ခုကို တွေ့မြင်ခဲ့သည်။ သူက မိမိ၏မိသားစုအား ပြောသည်။ စောင့်ဆိုင်း၍ နေရစ်ကြလေကုန်။ ဇကန်စင်စစ် ကျွန်ုပ်သည် မီးရောင်တစ်ခုကို တွေ့မြင်ခဲ့သည်။ ကျွန်ုပ်သည် ထိုမီးရောင်ရှိရာမှ သတင်းတစ်ခုခု၊ သို့မဟုတ် အသင်တို့ မီးလှုံနိုင်ကြရန်အတွက် မီးကျီးခဲတစ်ခဲခဲကို ယူလာကောင်း ယူလာခဲ့မည်။ **၃၀။** ထို့နောက် သူသည် မီးရှိရာသို့ ရောက်ရှိလာသောအခါ လျှို့မြောင်၏ညာဘက်အစွန်းမှ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသောနေရာတွင်ရှိသော သစ်ပင်မှ အသံကြားခဲ့ရသည်။ အို-မူစာ၊ ဇကန်စင်စစ် ငါအရှင်သည်ပင် လောကခပ်သိမ်းအား ဖန်ဆင်းမွေးမြူတော်မူသော အလွှာဟ် ဖြစ်တော်မူသည်။ **၃၁။** အသင့်တောင်ဝှေးကို ပစ်ချလိုက်ပါ။ ထို့နောက် ယင်းတောင်ဝှေးသည် မြွေပမာ တွန့်လိမ်လှုပ်ရှားနေသည်ကို မြင်လေသော် သူသည် နောက်သို့လှည့်ထွက် သွားလေတော့သည်။ ပြန်လှည့်မလာတော့

ပေ။ အို-မူစာ၊ ရှေ့သို့လာခဲ့ပါ။ မကြောက်ပါနှင့်။ စင်စစ် အသင်သည် ဘေးကင်း သူတစ်ဦး ဖြစ်လေသည်။ **၃၂။** အသင့်လက်ကို ရင်ကြားသို့ ထည့်လိုက်ပါ။ ထိုလက်သည် ဘာအပြစ်အနာဆာမျှမရှိဘဲ လင်းဝင်း တောက်ပလျက် ထွက်လာပေမည်။ ထို့ပြင် ကြောက်ရွံ့စိုးရိမ်မှုကင်းသွားအောင် အသင့်လက်ကို ကိုယ်ပေါ်မှာ ပူးကပ်ထားလိုက်ပါ။ ဤနှစ်ခုသည် အသင့်အရှင်ထံတော်မှ ဖိရ်အောင်နှင့် သူ၏ မှူးမတ်တို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာတော်နှစ်ရပ် ဖြစ်ပေသည်။ ဧကန်စင်စစ် သူတို့သည် အမိန့်ဖီဆန်ကြသောသူများ ဖြစ်ကြပေသည်။ **၃၃။** မူစာက လျှောက်တင်သည်။ အို-အရှင်၊ ကျွန်တော်မျိုးသည် သူတို့ထဲမှ လူတစ်ဦးကို သတ်ဖြတ်မိခဲ့သည်ဖြစ်ရာ သူတို့ ကျွန်တော်မျိုးအား ပြန်သတ်ကြမည်ကို စိုးရိမ်မိပါသည်။ **၃၄။** ကျွန်တော့်၏နောင်တော် ဟာရူန်သည် ကျွန်တော့်ထက်ပို၍ စကားပီ သကောင်းမွန်အောင်ပြောနိုင်သူ ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် ကျွန်တော်မျိုးအား ထောက်ခံပြောဆိုနိုင်ရန်အတွက် ကူညီရိုင်းပင်းသူအဖြစ် သူ့ကိုပါ ကျွန်တော်မျိုးနှင့်အတူ စေလွှတ်တော်မူပါ။ **၃၅။** အရှင်မြတ်က မိန့်ကြားတော်မူသည်။ ငါအရှင်သည် အသင်၏နောင်တော်ဖြင့် အသင်၏ လက်ရုံးကို အားဖြည့်ပေးတော်မူမည်။ ထို့ပြင် အသင်တို့နှစ်ဦးအား လွှမ်းမိုးမှုပေးတော်မူမည်။ သူသည် အသင်တို့ နှစ်ဦးကို ထိပါးနိုင်ကြမည်မဟုတ်။ ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များ ကြောင့်ဖြစ်သည်။ အသင်တို့နှစ်ဦးနှင့် အသင်တို့နောက်သို့ လိုက်ကြသူများသာလျှင် အောင်နိုင်သူများ ဖြစ်ကြပေလိမ့်မည်။

၃၆။ ထို့နောက် မူစာသည် ငါအရှင်၏ သက်သေလက္ခဏာတော်များ နှင့်တကွ သူတို့ထံသို့ ရောက်လာသောအခါ သူတို့က ဤသည် လုပ်ကြံဖန်တီး ထားသော မှော်အတတ်သာ ဖြစ်သည်။ ဤစကားမျိုးကို ကျွန်ုပ်တို့၏ ရှေးဘိုးဘေး များထံမှလည်း ကျွန်ုပ်တို့ မကြားခဲ့ဖူးကြပါဟု ပြောဆိုခဲ့ကြသည်။ **၃၇။** မူစာက ပြောသည်။ ကျွန်ုပ်၏အရှင်သည် မည်သူကတော့ မိမိအထံတော်မှ တရားလမ်းမှန်ကို ဆောင်ကြဉ်းလာ၍၊ မည်သူကတော့ နောင်တမလွန်၏ အိမ်တော်ကို ရရှိမည်ဆိုသည်ကို အသိဆုံးဖြစ်တော်မူသည်။ ဧကန်စင်စစ် မတရားလုပ်ကြသူများသည်

အောင်မြင်မှုရရှိကြမည်မဟုတ်ပေ။ **၃၈။** ဖိရိအောင်နိကာ ပြောသည်။ အို-မျူးမတ်တို့၊ အသင်တို့အဖို့ ကျွန်ုပ်မှတစ်ပါး အခြားသောကိုးကွယ်ရာတစ်ပါးပါးရှိသည်ဟု ကျွန်ုပ်မသိ။ အို-ဟာမာန်၊ ငါ့အတွက် ရွှံ့မြေကို မီးဖုတ်ပါ၊ ပြီးနောက် ငါ့အတွက် မြင့်မားသော မျှော်စင်တစ်ခုကို ဆောက်လုပ်ပါ။ ငါသည် မူစာ၏ကိုးကွယ်ရာအရှင်ကို ချောင်းကြည့်ကောင်း ချောင်းကြည့်နိုင်မည်။ ဇကန်စင်စစ် ထိုမူစာသည် လူလိမ်တစ်ဦးဖြစ်သည်ဟုသာ ငါထင်သည်။

၃၉။ သူနှင့် သူ၏စစ်တပ်များသည် မြေပထဝီတွင် မတရားသဖြင့် မာန်မာနထောင်လွှားခဲ့ကြသည်။ သူတို့သည် ငါအရှင့်ထံသို့ ပြန်လည်ရောက်ရှိကြရလိမ့်မည်မဟုတ်ဟု ထင်မှတ်ခဲ့ကြသည်။ **၄၀။** သို့ဖြစ်ရာ ငါအရှင်သည် သူနှင့် သူ၏စစ်တပ်ကို ဖမ်းဆီးအရေးယူတော်မူခဲ့ပြီး ပင်လယ်ထဲတွင် သူတို့အား ပစ်ချတော်မူခဲ့သည်။ မတရားလုပ်သူတို့၏ နိဂုံးသည် မည်သို့ရှိခဲ့သည်ကို အသင်ကြည့်ပါလေ။ **၄၁။** ငါအရှင်သည် သူတို့အား ငရဲဘုံသို့ဖိတ်ခေါ်သော ရှေ့ဆောင်ရှေ့ရပ်များအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ကိယာမသ်နေ့ကျလျှင် သူတို့သည် အကူအညီရကြ မည်မဟုတ်ပေ။ **၄၂။** ထို့ပြင် ငါအရှင်သည် ဤလောကတွင်လည်း သူတို့ကို ကရုဏာတော်မှ တောက်လျှောက် ဝေးကွာစေတော်မူခဲ့သည်။ ကိယာမသ်နေ့တွင်လည်း သူတို့သည် အခြေအနေဆိုးသောသူများအနက်မှ ဖြစ်ကြပေမည်။ **၄၃။** ရှေးယခင်ကလူမျိုးများကို ဖျက်ဆီးတော်မူခဲ့ပြီးနောက်တွင် လူတို့အဖို့ သံဝေဂတရား ရယူဖွယ်ရာများအဖြစ်လည်းကောင်း၊ တရားလမ်းညွှန် အဖြစ်လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်း၊ ငါအရှင်သည် မူစာအား ကျမ်းဂန်ကို မုချချီးမြှင့်တော်မူခဲ့သည်။ လူတို့ တရားရယူကောင်း ရယူနိုင်ရန်အတွက်ဖြစ်သည်။

၄၄။ ငါအရှင်သည် မူစာအား အမိန့်ပညတ်တော်များ ချီးမြှင့်စဉ်အခါက အသင်သည် တောင်၏အနောက်ဘက်တွင် ရှိမနေခဲ့ပေ။ ထို့ပြင် အသင့်ရောက်ရှိနေခဲ့သူများအနက်မှလည်း အသင်မပါခဲ့ပေ။ **၄၅။** သို့သော် ငါအရှင်သည် မြောက်မြားစွာသော မျိုးဆက်များကို ပေါ်ပေါက်စေတော်မူခဲ့သည်။ ထို့နောက် သူတို့ပေါ်တွင် နှစ်ကာလပေါင်းများစွာလည်း ကျော်လွန်ခဲ့သည်။ အသင်သည် မဒ်ယန်သား

တို့အား ငါအရှင်၏အာယသ်တော်များကို ဖတ်ကြားပြရအောင်လည်း ထိုမဒ်ယန်သားများနှင့်အတူ အသင်နေထိုင်ခဲ့ဖူးသည်မဟုတ်။ သို့သော် ငါအရှင်သည်သာ(ဤသတင်းကို) ပို့တော်မူသောအရှင် ဖြစ်ပေသည်။ **၄၆။** မူစာကို ငါအရှင်ဟစ်ခေါ်ခဲ့စဉ်အခါကလည်း သွူရ်တောင်၏နံဘေးတွင် အသင်ရှိမနေခဲ့ပေ။ သို့သော် (ဤသို့ပြောပြခြင်းမှာ) အသင့်အရှင်ထံမှ ကရုဏာတော်ပင်ဖြစ်သည်။ အသင့်အလျင်က သတိပေးနှိုးဆော်သူတစ်ဦးတလေမှ လာဖူးခဲ့ခြင်းမရှိသေးသောအုပ်စုကို အသင် သတိပေးနှိုးဆော်ရန်အတွက် ဖြစ်သည်။ သို့မှ သူတို့သည် တရားရကောင်း ရနိုင်ကြပေမည်။

၄၇။ အကယ်၍သာ သူတို့အပေါ်တွင် သူတို့ကျူးလွန်ခဲ့သောပြစ်မှုများကြောင့် ဒုက္ခတစ်စုံတစ်ရာရောက်လာသောအခါ သူတို့က အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်၏အာယသ်တော်များကို ကျွန်တော်မျိုးတို့ လိုက်နာနိုင်ကြရန်နှင့် ယုံကြည်သူများထဲတွင် ကျွန်တော်မျိုးတို့လည်း အပါအဝင်ဖြစ်ရန် ကျွန်တော်မျိုးတို့ထံသို့ ရစူလ်တမန်တော်တစ်ပါးပါးကို ဘာကြောင့်မစေလွှတ်ခဲ့ပါသနည်းဟု စောဒကမတက်ကြလျှင် (ငါအရှင်သည် တမန်တော်ကို စေလွှတ်မည်မဟုတ်ပေ။) **၄၈။** ထို့နောက် ငါအရှင့်ထံတော်မှ အမှန်တရားသည် သူတို့ထံသို့ ရောက်ရှိလာသောအခါ သူတို့က ဤတမန်တော်သည် မူစာရသည့်အရာများကို ဘာကြောင့်မရခဲ့သနည်းဟု ပြောဆိုခဲ့ကြသည်။ မူစာရခဲ့သည့်အရာများကို သူတို့သည် သည့်အလျင်ကပင် ငြင်းပယ်ခဲ့ကြသည်မဟုတ်လော။ သူတို့က ပြောကြသည်။ နှစ်ကျမ်းစလုံးသည် တစ်ကျမ်းကိုတစ်ကျမ်း ကူညီထောက်ခံသည့် မှော်အတတ်ဖြစ်သည်။ ထို့နောက် သူတို့က ပြောကြသည်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အားလုံးကို ငြင်းပယ်သူများ ဖြစ်ကြသည်။

၄၉။ အသင်ပြောလိုက်ပါ။ အကယ်၍ အသင်တို့သည် အမှန်ပြောဆိုသူများ ဖြစ်ကြပါလျှင် တရားလမ်းမှန်ညွှန်ပြရာတွင် ထိုနှစ်ကျမ်းထက် ပိုကောင်းသော ကျမ်းတစ်ကျမ်းကို အလွှာ့ဟ်ထံတော်မှ ယူဆောင်လာကြကုန်။ ကျွန်ုပ်သည် ထိုကျမ်းကို လိုက်နာမည်။ **၅၀။** အကယ်၍ အသင်ပြောသည့်အတိုင်း သူတို့မလုပ်

နိုင်ကြလျှင် သူတို့သည် မိမိတို့၏ စိတ်အလိုရမ္မက်နောက်သို့သာ လိုက်နေသူများ ဖြစ်ကြောင်း အသင်မှတ်ထားလိုက်ပါ။ အလ္လာဟ်၏လမ်းညွှန်မှုမပါဘဲ မိမိ၏ စိတ်အလိုရမ္မက်နောက်သို့ လိုက်သောသူထက် သာပို၍ လမ်းလွဲသူ မည်သူရှိပါဦး မည်နည်း။ ဧကန်စင်စစ် အလ္လာဟ်သည် မတရားလုပ်သောသူများကို တရားလမ်းမှန် ညွှန်ပြတော်မမူပေ။ **၅၁။** စင်စစ် ငါအရှင်မြတ်သည် သူတို့တရားရယူနိုင်ကြရန် အတွက် ငါအရှင်၏စကားတော်များကို သူတို့ထံ အဆက်မပြတ် ပို့တော်မူခဲ့သည်။ **၅၂။** သည့်အလျင်က ငါအရှင်ကျမ်းဂန်ချီးမြှင့်ခဲ့သောသူတို့သည် ဤကုရ်အာန်ကျမ်း ကို မုချ ယုံကြည်ကြပေသည်။ **၅၃။** ထိုကုရ်အာန်ကို သူတို့အား ဖတ်ကြားပြသောအခါ သူတို့က ကျွန်ုပ်တို့သည် ဤကျမ်းကို သက်ဝင်ယုံကြည်ကြပါပြီ။ ဤကျမ်းသည် ကျွန်ုပ်တို့၏အရှင်ထံမှ အမှန်တရားပင် ဖြစ်သည်။ ကျွန်ုပ်တို့သည် သည့်အလျင် ကတည်းက ဤကျမ်းကို လက်ခံနာယူသူများ ဖြစ်ခဲ့ကြပါသည်ဟု ပြောကြသည်။ **၅၄။** ထိုသူတို့သည် သည်းခံခဲ့ကြသည့်အတွက်ကြောင့်လည်းကောင်း၊ အဆိုးကို အကောင်းဖြင့် တွန်းလှန်ခဲ့ကြသည့်အတွက်ကြောင့်နှင့် သူတို့အား ငါအရှင်ချီးမြှင့် ထားသည်များအနက်မှ လှူဒါန်းသုံးစွဲခဲ့ကြသည့်အတွက်တို့ကြောင့်ပင် သူတို့သည် အကျိုးကုသိုလ်နှစ်ဆ ချီးမြှင့်ခြင်းခံကြရမည့်သူများ ဖြစ်ကြပေသည်။ **၅၅။** သူတို့ သည် အကျိုးမဲ့သောစကားကို ကြားကြသောအခါ ယင်းစကားဘက်မှ မျက်နှာလွှဲ လိုက်ပြီး ဤသို့ ပြောကြသည်။ ကျွန်ုပ်တို့၏ လုပ်ရပ်များသည် ကျွန်ုပ်တို့အဖို့ဖြစ်ပြီး အသင်တို့၏လုပ်ရပ်များသည် အသင်တို့အဖို့ ဖြစ်သည်။ အသင်တို့အပေါ် ငြိမ်းချမ်း သာယာမှု ကျရောက်ပါစေ။ အသိပညာမဲ့သူများနှင့် ကျွန်ုပ်တို့ မပတ်သက်လိုကြပါ။ **၅၆။** ဧကန်စင်စစ် အသင်သည် မိမိနှစ်သက်လိုလားသောသူကို တရားလမ်းမှန် ညွှန်ပြနိုင်သည်မဟုတ်။ သို့သော် အလ္လာဟ်သာလျှင် မိမိအလိုတော်ရှိသူအား တရားလမ်းမှန် ညွှန်ပြတော်မူပေသည်။ တရားလမ်းမှန်ကို လက်ခံနာယူနိုင်သူများ ကိုလည်း အရှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူသည်။

၅၇။ သူတို့က အကယ်၍ ကျွန်ုပ်တို့သည် အသင်နှင့်အတူ ဤတရား လမ်းမှန် နောက်သို့ လိုက်ကြပါလျှင် ကျွန်ုပ်တို့သည် မိမိတို့၏တိုင်းပြည်မှ အလစ်

သုတ်ယူခြင်း ခံကြရပေလိမ့်မည်ဟု ပြောဆိုခဲ့ကြသည်။ ငါအရှင်သည် ဘေးရန်ကင်းသော၊ မြင့်မြတ်သောနယ်မြေတွင် သူတို့ကို နေရာပေးခဲ့သည်မဟုတ်ပါလော။ အမျိုးမျိုးသော သစ်သီးဝလံများသည် ငါအရှင့်ထံတော်မှ စားနပ်ရိက္ခာအဖြစ် ထိုမြင့်မြတ်သောနယ်မြေသို့ သယ်ယူပို့ဆောင်ခြင်းခံရလေသည်။ သို့သော် လူအများစုသည် မသိနားမလည်ကြပေ။ **၅၈။** မိမိတို့၏ ဝင်ငွေများဖြင့် မော်ကြွားရွှင်မြူးခဲ့သော မြောက်များစွာသော မြို့ရွာများကို ငါအရှင် ဖျက်ဆီးတော်မူခဲ့သည်။ ဤသည်ထိုသူတို့၏ မြို့ရွာများပင် ဖြစ်သည်။ သူတို့၏နောက်တွင် ယင်းမြို့ရွာများသည် အနည်းငယ်မျှသာ စည်ပင်သာယာခဲ့သည်။ ငါအရှင်မြတ်သည်သာလျှင် အမွေဆက်ခံတော်မူသောအရှင် ဖြစ်တော်မူခဲ့ပေသည်။ **၅၉။** အသင်၏အရှင်သည် မြို့ရွာများအနက်အဓိကအကျဆုံးသောနေရာတွင် ငါအရှင်၏အာယသ်တော်များကို ဖတ်ကြားပြသမည့် ရာဇူလ်တမန်တော်တစ်ပါးပါးကို မစေလွှတ်သမျှကာလပတ်လုံး ယင်းမြို့ရွာများကို ဖျက်ဆီးတော်မမူခဲ့ပေ။ ငါအရှင်သည် မြို့သူရွာသားများ မတရားလုပ်သူများဖြစ် ရှိနေကြသောအခါမှသာ ယင်းမြို့ရွာများကို ဖျက်ဆီးတော်မူလေ့ရှိခဲ့သည်။

၆၀။ အသင်တို့အား ချီးမြှင့်ထားသည့်အရာဟူသမျှသည် လောကီဘဝ၏ အသုံးအဆောင်ပစ္စည်းများနှင့် ထိုလောကီဘဝ၏ အလှတန်ဆာများသာ ဖြစ်သည်။ အလွှာဟ်ထံတွင်ရှိသောအရာများမှာမူ အကောင်းဆုံးနှင့် အတည်မြဲဆုံး ဖြစ်ပေသည်။ သို့ပါလျက် အသင်တို့ နားမလည်ကြပါသလော။ **၆၁။** ငါအရှင်က ကောင်းသောကတိကို ပေးထား၍ ထိုကတိကို သေချာပေါက်ရမည့်သူသည် အကြင်သူနှင့် တူနိုင်ပါမည်လော။ ထိုသူကို ငါအရှင်သည် လောကီဘဝတွင်သာ အကျိုးခံစားခွင့်ပြုထားပြီး သူသည် ကိယာမသ်နေ့တွင် အသင့်ခေါ်ဆောင်လာခြင်းလည်း ခံရမည်။

၆၂။ ထို့နေ့တွင် အရှင်မြတ်သည် သူတို့အား ဟစ်ခေါ်တော်မူပြီး အသင်တို့ ထင်မှတ်ခဲ့ကြသည့် ငါအရှင်၏တွဲဖက်များသည် အဘယ်မှာနည်းဟု မေးမြန်းတော်မူမည်။ **၆၃။** ငါအရှင့်အမိန့်တော် အတည်ဖြစ်ထားသောသူတို့က

လျှောက်ထားကြပေမည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ဤသည် ကျွန်တော်မျိုးတို့က လမ်းလွဲအောင်လုပ်ခဲ့ကြသူများပင် ဖြစ်ကြပါသည်။ ကျွန်တော်မျိုးတို့ကိုယ်တိုင် လမ်းလွဲခဲ့သည့်နည်းတူ သူတို့ကိုလည်း လမ်းလွဲအောင်လုပ်ခဲ့ကြပါသည်။ ကျွန်တော်မျိုးတို့သည် သူတို့နှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း အရှင်မြတ်ထံ လျှောက်ထားအပ်ပါသည်။ သူတို့သည် ကျွန်တော်မျိုးတို့အား ကိုးကွယ်ခဲ့ကြသည် မဟုတ်ပါ။

၆၄။ သူတို့အား အသင်တို့၏ တွဲဖက်ကိုးကွယ်ရာများကို ခေါ်လိုက်ကြကုန်ဟု အမိန့်ပေးခြင်းခံရမည်။ ထိုအခါ သူတို့က ထိုတွဲဖက်ကိုးကွယ်ရာများကို ခေါ်ကြလိမ့်မည်။ သို့သော် သူတို့အား အဖြေပေးကြမည်မဟုတ်။ သူတို့သည် ပြစ်ဒဏ်ကို တွေ့မြင်ကြမည်။ သူတို့သည် တရားလမ်းမှန်ပေါ် လျှောက်လှမ်းခဲ့ကြပါလျှင် ကောင်းလေစွ။ **၆၅။** ထိုနေ့တွင် အရှင်မြတ်သည် သူတို့အား ဟစ်ခေါ်ပြီး အသင်တို့သည် တမန်တော်များကို မည်သို့ အဖြေပေးခဲ့ကြသနည်းဟု မေးမြန်းတော်မူမည်။ **၆၆။** ထို့နေ့တွင် အလုံးစုံသောသတင်းများသည် သူတို့ထံမှ ပျောက်ကွယ်သွားပေမည်။ သူတို့အချင်းချင်း မေးမြန်းနိုင်ကြမည်လည်းမဟုတ်။ **၆၇။** သို့ရာတွင် မည်သူမဆို အမှားဝန်ချတောင်းပန်မည်၊ သက်ဝင်ယုံကြည်မည်၊ ကောင်းမှုဆောက်တည်မည်ဆိုလျှင် သူသည် အောင်မြင်မှုရရှိသူများတွင် အပါအဝင်ဖြစ်မည်ဟု မျှော်လင့်ရပေသည်။

၆၈။ အသင်၏အရှင်သည် မိမိအလိုရှိတော်မူသည်ကို ဖန်ဆင်းတော်မူပြီး အလိုရှိတော်မူသောသူကို ရွေးချယ်တော်မူသည်။ ရွေးချယ်ခွင့်သည် သူတို့ထံတွင် မရှိပေ။ အလွှာဟ်သည် သူတို့ တွဲဖက်ကိုးကွယ်သည်များမှ သန့်ပြန့်စင်ကြယ်တော်မူသည့်အပြင် မြင့်မြတ်လှတော်မူသည်။ **၆၉။** အသင်၏အရှင်သည် သူတို့၏စိတ်အတွင်း၌ ဖုံးကွယ်ထားသည်များကိုရော၊ သူတို့ထုတ်ဖော်ကြသည်များကိုပါသိတော်မူသည်။ **၇၀။** ထိုအရှင်မှာ အလွှာဟ်ပင် ဖြစ်တော်မူသည်။ အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိ။ လောကီနှင့် လောကုတ္တရာနှစ်ဌာနလုံးတွင် ချီးမွမ်းခြင်းအပေါင်းသည် ထိုအရှင့်အဖို့သာလျှင် ဖြစ်သည်။ စီရင်ဆုံးဖြတ်မှုအာဏာကိုလည်း ထိုအရှင်သာ ပိုင်ဆိုင်တော်မူသည်။ ထိုအရှင့်ထံ

သို့သာ အသင်တို့ ပြန်လည်ပို့ဆောင်ခြင်း ခံကြရမည်။

၇၁။ အသင်မေးလိုက်ပါ။ ကျွန်ုပ်ကို အသင်တို့ ပြောပြကြပါ။ အကယ်၍ အလ္လာဟ်သည် အသင်တို့ပေါ်တွင် ညအား ကိယာမသ်နေ့တိုင်အောင် တည်မြဲအောင်ပြုလုပ်လိုက်ပါလျှင် အလ္လာ့ဟ်အပြင် မည်သည့်ကိုးကွယ်ရာအရှင်က အသင်တို့ထံသို့ အလင်းရောင်ကို ဆောင်ကြဉ်းလာနိုင်ပါမည်နည်း။ အသင်တို့ မကြားကြလေသလော။ **၇၂။** အသင်မေးလိုက်ပါ။ ကျွန်ုပ်ကို အသင်တို့ ပြောပြကြပါ။ အကယ်၍ အလ္လာဟ်သည် အသင်တို့ပေါ်တွင် နေ့အား ကိယာမသ်နေ့တိုင်အောင် တည်မြဲအောင်ပြုလုပ်လိုက်ပါလျှင် အလ္လာ့ဟ်အပြင် မည်သည့်ကိုးကွယ်ရာအရှင်က အသင်တို့အနားယူနိုင်ရန်အတွက် အသင်တို့ထံ ညကို ဆောင်ကြဉ်းလာနိုင်ပါမည်နည်း။ အသင်တို့မတွေ့မြင်ကြလေသလော။ **၇၃။** အရှင်မြတ်သည် မိမိ၏ကရုဏာတော်ဖြင့် အသင်တို့အတွက် ညနှင့်နေ့အား အသင်တို့ အနားယူရန်နှင့် အရှင် မြတ်၏စားနပ်ရိက္ခာကိုရှာဖွေကြရန် ပြုလုပ်ပေးထားတော်မူသည်။ အသင်တို့ ကျေးဇူးသိတတ်ကြရန်ဖြစ်လေသည်။

၇၄။ ထိုနေ့တွင် အရှင်မြတ်သည် သူတို့အား ဟစ်ခေါ်တော်မူပြီး အသင်တို့ ကြွေးကြော်ခဲ့ကြသော တွဲဖက်ကိုးကွယ်ရာအရှင်များဟူသည် အဘယ်မှာနည်းဟု မေးမြန်းတော်မူမည်။ **၇၅။** ငါအရှင်သည် အုပ်စုတိုင်းအနက်မှ သက်သေတစ်ဦးစီကို ဆွဲထုတ်တော်မူပြီး မိမိတို့၏ သက်သေအထောက်အထားကို တင်ပြကြလေကုန်ဟု မိန့်ကြားတော်မူမည်။ ထိုအခါ အမှန်တရားသည် အလ္လာ့ဟ်ထံတွင်သာရှိကြောင်း သူတို့ သိရှိသွားကြပေမည်။ ထို့ပြင် သူတို့ လုပ်ကြံဖန်တီးလေ့ရှိခဲ့သည့်အရာများသည် သူတို့ထံမှ ကွယ်ပျောက်သွားပေမည်။

၇၆။ ကာရူန်သည် မူစာ၏ မျိုးနွယ်ဝင်များအနက်မှ ဖြစ်ခဲ့သည်။ ထို့နောက် သူသည် လူတို့အပေါ် ဆိုးသွမ်းမောက်မာခဲ့သည်။ ငါအရှင်သည် သူ့အား အဘယ်မျှလောက် ရွှေငွေဘဏ္ဍာများ ချီးမြှင့်ခဲ့သည်ဟူမူ ထိုဘဏ္ဍာ၏သော့များသည် အင်အားကြီးသောလူတစ်စုကိုပင် လေးလံသွားစေသည်။ တစ်ခါတွင် သူ၏အမျိုးသားတို့က သူ့အား ပြောဆိုခဲ့ကြသည်။ အသင်ဂုဏ်မမောက်လေနှင့်။ ဧကန်

စင်စစ် အလ္လာဟ်သည် ဂုဏ်မောက်သူများကို နှစ်သက်တော်မမူပေ။ **၇၇။** သင့်ကို အလ္လာဟ် ချီးမြှင့်ထားသည့်ဥစ္စာပစ္စည်းများတွင် နောင်တမလွန်ဘဝအကျိုးကိုလည်း ရှာဖွေပါ။ လောကီဘဝမှ မိမိ၏ဝေစုကိုလည်း မမေ့လျော့လေနှင့်။ အသင့်ကို အလ္လာဟ်က ကျေးဇူးပြုတော်မူထားသကဲ့သို့ အသင်လည်း သူတစ်ပါးကို ကျေးဇူးပြုပါ။ တိုင်းပြည်တွင် ဖျက်လိုဖျက်ဆီးလုပ်ဖို့ မကြိုးစားလေနှင့်။ ဧကန်စင်စစ် အလ္လာဟ်သည် ဖျက်လိုဖျက်ဆီးလုပ်သူများကို နှစ်သက်တော်မမူပေ။

၇၈။ ထိုအခါ သူက ငါသည် ဤဥစ္စာများကို မိမိ၏အသိပညာ တစ်ခုကြောင့် ရရှိခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။ အလ္လာဟ်သည် သူ့အလျင်က သူ့ထက်ပို၍ အင်အားကြီးသော၊ သူ့ထက်ပို၍ အုပ်စုတောင့်သော လူမျိုးစု အမြောက်အမြားအား ဖျက်ဆီးပစ်တော်မူခဲ့သည်ကို သူမသိလေသလော။ ရာဇဝတ်သားများအား သူတို့၏ အပြစ်များနှင့်စပ်လျဉ်း၍ မေးနေစရာပင် မလိုပေ။

၇၉။ သို့နှင့် သူသည် မိမိ၏အမျိုးသားများရှေ့သို့ အခမ်းအနားနှင့်တကွ ထွက်လာခဲ့သည်။ လောကီဘဝကိုသာ လိုလားကြသူများက ပြောကြသည်။ ကာရူန်ကိုပေးထားသည့်အရာများကို ကျွန်ုပ်တို့ရလျှင် ကောင်းလေစွ၊ စင်စစ်သူသည် အလွန် နဖူးစာကောင်းသောသူ ဖြစ်သည်။ **၈၀။** အသိပညာရရှိထားသော သူတို့ကမူ ဤသို့ ပြောကြလေသည်။ အသင်တို့ ပျက်စီးပါစေ၊ သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုသီလပွားများခဲ့ကြသူတို့အဖို့ အလ္လာဟ် ချီးမြှင့်မည့်အကျိုးကုသိုလ်သည် သာပို၍ ကောင်းသည်။ သည်းခံကြသူများသာ ယင်းအကျိုးကုသိုလ်ကို ရရှိကြပေမည်။

၈၁။ သို့ဖြစ်ရာ ငါအရှင်သည် ထိုကာရူန်ကို သူ၏အိမ်နှင့်တကွ မြေမျိုစေတော်မူခဲ့သည်။ အလ္လာဟ်မှလွဲ၍ သူ့အား အကူအညီပေးမည့် မည်သည့်အုပ်စုမှ ပေါ်မလာခဲ့ပေ။ သူတို့သည် မိမိကိုယ်ကိုပင် ကာကွယ်နိုင်ကြသူများ မဟုတ်ကြပေ။ **၈၂။** ယမန်နေ့က သူ့လိုမျိုးဖြစ်ချင်ခဲ့ကြသူများက ပြောကြလေသည်။ သြော်-အလ္လာဟ်သည် မိမိ၏အစေတော်များအနက်မှ မိမိအလိုရှိသူအား စားနပ်ရိက္ခာချောင်လည်စေတော်မူပြီး၊ မိမိအလိုရှိသူအား ကျပ်တည်းစေတော်မူသည်။

ကျွန်ုပ်တို့အပေါ်တွင် အလွှာဟ်သာ ကျေးဇူးပြုတော်မမူခဲ့ပါလျှင် ကျွန်ုပ်တို့ကို လည်း မြေမျိုစေတော်မူခဲ့မည်သာ ဖြစ်သည်။ ဩဩ- ငြင်းပယ်သူတို့သည် မအောင် မြင်ကြပါပေတကား။

၁၃။ ဤနောင်တမလွန်၏ ဗိမာန်တော်ကို ငါအရှင်သည် မြေပထဝီတွင် မောက်မာပလွားမူကိုမနှစ်သက်ကြသော၊ ဖျက်လိုဖျက်ဆီးမှုကို မနှစ်သက်ကြသော သူတို့အား ချီးမြှင့်တော်မူမည်။ နိဂုံးကောင်းခြင်းသည် အလွှာဟ်ကို ကြောက်ရွံ့သူ တို့အဖို့သာ ဖြစ်ပေသည်။ **၁၄။** ကောင်းမှုယူဆောင်လာသောသူအဖို့ ထို့ထက်ပို ကောင်းသော အကျိုးကုသိုလ် ရှိပေသည်။ မကောင်းမှုယူဆောင်လာသူ၊ မကောင်း မှုကျူးလွန်ခဲ့ကြသူများသည် မိမိတို့ပြုမူခဲ့ကြသည်နှင့်အညီအမျှသာ အစားပေးခြင်း ကို ခံကြရပေမည်။

၁၅။ ဇကနိစင်စစ် အသင့်အပေါ် ကုရ်အာန်ကျမ်းကို ပြဋ္ဌာန်းပေးတော်မူခဲ့ သောအရှင်သည် အသင့်အား လှည့်ပြန်ရမည့်နေရာသို့ သေချာပေါက် ပြန်လည်ပို့ ဆောင်တော်မူမည်။ အသင်ပြောပါ။ မည်သူက တရားလမ်းမှန်ကို ယူဆောင်လာ၍ မည်သူသည် ထင်ရှားသောလမ်းလွဲမှုတွင် ရှိနေသည်ကို ကျွန်ုပ်၏အရှင်က အသိ ဆုံးဖြစ်တော်မူသည်။ **၁၆။** မိမိထံသို့ ကျမ်းမြတ်ကုရ်အာန် ချပေးခြင်းခံရလိမ့် မည်ဟု အသင် မျှော်လင့်ထားခဲ့သည်မဟုတ်ပေ။ သို့သော် အသင့်အရှင်ထံတော်မှ ကရုဏာတော်ပင် ဖြစ်သည်။ သို့ဖြစ်သောကြောင့် အသင်သည် ငြင်းပယ်သူများ အား ကူညီရိုင်းပင်းသူ လုံးဝမဖြစ်လေနှင့်။ **၁၇။** အလွှာဟ်၏ အာယသ်တော်များ သည် အသင့်ထံသို့ ချပေးခြင်းခံရပြီးသည့်နောက်တွင် သူတို့သည် ထိုအာယသ် တော်များမှ အသင့်အား တားဆီးဟန့်တားထားခြင်း မဖြစ်စေရ။ အသင့်အရှင် ဘက်သို့ လူတို့အား ဖိတ်ခေါ်ပါ။ တွဲဖက်ကိုးကွယ်သူများထဲတွင် အသင်လုံးဝ မပါလေနှင့်။ **၁၈။** အလွှာဟ်နှင့်အတူ အခြားမည်သည့်ကိုကွယ်ရာကိုမျှ ဟစ်ခေါ် တသမူ မပြုလေနှင့်။ ထိုအရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ် ထိုက်သောအရှင် အလျှင်းမရှိ။ အရှင်မြတ်မှတစ်ပါး အရာခပ်သိမ်းသည် ပျက်စီးသွားမည့်အရာများသာ ဖြစ်သည်။ ထိုအရှင်မြတ်သည်သာ အမိန့်အာဏာအလုံးစုံကို ပိုင်ဆိုင်တော်မူသည်။

ထိုအရှင်ထံသို့သာ အသင်တို့ ပြန်လည်ရောက်ရှိကြပေမည်။

၂၉။ စူရပ် အန်ကဗူးသ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်သနားကြင်နာ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလိဖ်၊ လာမ်၊ မီးမ်။ **၂။** ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်ခဲ့ကြပါပြီဟုပြောလိုက်ရုံမျှဖြင့် စမ်းသပ်ခြင်းမခံကြရတော့ဘဲ လွှတ်ပေးခြင်းခံရလိမ့်မည်ဟု လူသားတို့ ထင်မှတ်နေကြသလော။ **၃။** ဇကန်စင်စစ် ငါအရှင်သည် သူတို့ထက် အလျင်ကလူများကိုလည်း စမ်းသပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အလ္လာဟ်သည် မှန်ကန်စွာ ပြောဆိုပြုမူကြသူများကို မုချသိတော်မူမည်။ လူလိမ်လူညာများကိုလည်း မုချ သိတော်မူမည်။

၄။ မကောင်းမှုဒုစရိုက် ကျူးလွန်နေကြသူများသည် ငါအရှင့်ထံမှ လွတ်သွားနိုင်လိမ့်မည်ဟု ထင်မှတ်ကြသလော။ သူတို့၏အဆုံးအဖြတ်သည် အဘယ်မျှ ဆိုးရွားလိုက်ပါဘိ။ **၅။** မည်သူမဆို အလ္လာဟ်နှင့်တွေ့ဆုံရမည်ကို မျှော်လင့်ခဲ့ပါမူ (မှတ်ထားရမည်မှာ) အလ္လာဟ်သတ်မှတ်ထားသောအချိန်သည် မုချ ဆိုက်ရောက်လာပေမည်။ ထိုအရှင်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်သည်။ **၆။** ကြိုးစားအားထုတ်သူသည် မိမိအကျိုးအတွက်သာ ကြိုးစားအားထုတ်ခြင်း ဖြစ်သည်။ ဇကန်စင်စစ် အလ္လာဟ်သည် လောကသားများကို လိုအပ်တော်မူသော အရှင်မဟုတ်ပေ။ **၇။** သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုသီလ ပွားများခဲ့ကြသောသူများကိုမူ ငါအရှင်သည် သူတို့၏ပြစ်မှုဒုစရိုက်များကို ဖယ်ရှားပေးတော်မူမည်။ ထို့ပြင် သူတို့ ကျင့်မူခဲ့ကြသည်များထက် ပိုကောင်းသော အကျိုးကို အစားပေးတော်မူပေမည်။

၈။ ဇကန်စင်စစ် ငါအရှင်သည် လူသားအား ဤသို့ လေးလေးနက်နက် မှာတမ်းပြုတော်မူသည်။ သူသည် မိမိ မိဘနှစ်ပါးကို ကောင်းစွာဆက်ဆံရမည်။

အကယ်၍ ထိုမိဘနှစ်ပါးအနေဖြင့် အသင့်အား ငါအရှင်နှင့်အတူ အသင် မသိသော တစ်စုံတစ်ရာကို တွဲဖက်ကိုးကွယ်ရန် ဖိအားပေးလာလျှင် အသင်သည် သူတို့နှစ်ဦး၏အမိန့်ကို မလိုက်နာလေနှင့်။ ငါအရှင့်ထံသို့သာ အသင်တို့အားလုံး ပြန်လာကြရမည်။ ထိုအခါ ငါအရှင်သည် အသင်တို့ ပြုလုပ်ခဲ့သည်များကို အသင်တို့အား အသိပေးတော်မူပေမည်။ **၉။** သက်ဝင်ယုံကြည်ပြီး ကောင်းမှုသိလများ ကျင့်ဆောင်ခဲ့သူများကိုမူ ငါအရှင်သည် သူမွန်သူမြတ်များတွင် ထည့်သွင်းပေးတော်မူမည်။

၁၀။ လူတို့အနက် တချို့ရှိသည်။ ကျွန်ုပ်တို့သည် အလ္လာဟ်ကို ယုံကြည်ကြသည်ဟု သူတို့ကပြောဆိုသည်။ တစ်ဖန် အလ္လာဟ်လမ်းတော်တွင် ဒုက္ခပေးခြင်းခံရသောအခါ လူတို့၏ဒုက္ခပေးမှုကို အလ္လာဟ်၏အပြစ်ဒဏ်ဟု မှတ်ယူကြလေသည်။ သို့သော် အသင့်အရှင်ထံမှ အကူအညီတစ်ခုခု ရောက်လာလျှင်မူ ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူတူဖြစ်သည်ဟု ပြောဆိုကြလေသည်။ အလ္လာဟ်သည် လူ့ဝပ်သိမ်းတို့၏စိတ်နှလုံးများတွင် ရှိသည်တို့ကို အသိဆုံးသောအရှင် မဟုတ်ပါသလော။ **၁၁။** စင်စစ် အလ္လာဟ်သည် သက်ဝင်ယုံကြည်သူတို့အား မုချ သိအောင်လုပ်တော်မူမည်။ ထို့နည်းတူစွာ မွတ်စ်လင်မ်အယောင်ဆောင်များကိုလည်း မုချသိအောင် လုပ်တော်မူမည်။

၁၂။ ငြင်းပယ်သောသူတို့က ယုံကြည်သောသူများကို ပြောဆိုကြသည်။ အသင်တို့သည် ကျွန်ုပ်တို့၏လမ်းစဉ်ကို လိုက်နာကြပါ။ ကျွန်ုပ်တို့သည် အသင်တို့၏ အပြစ်များကို ထမ်းရွက်ပေးပါမည်။ အမှန်တွင် သူတို့သည် ထိုယုံကြည်သူတို့၏ ပြစ်မှုများအနက်မှ အနည်းမျှကိုပင် ထမ်းရွက်ကြမည့်သူများ မဟုတ်ကြပေ။ အမှန် စင်စစ် သူတို့သည် လိမ်လည်ပြောဆိုသူများသာ ဖြစ်ကြသည်။ **၁၃။** သူတို့သည် မိမိတို့၏ ဝန်ထုပ်များကိုရော၊ မိမိတို့၏ဝန်ထုပ်များနှင့်အတူ အခြားသော ဝန်ထုပ်များကိုပါ မုချ ထမ်းရွက်ကြရလိမ့်မည်။ ထို့ပြင် သူတို့သည် ကိယာမသ် နေ့တွင် မိမိတို့ လိမ်လည်လိုဆယ်ခဲ့သည့်အရာများနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းကိုလည်း မုချ ခံကြရလိမ့်မည်။

၁၄။ ဇကန်စင်စစ် ငါအရှင်သည် နူးဟ်ကို သူ၏အမျိုးသားများထံသို့

ရစူလ်တမန်တော်အဖြစ် စေလွှတ်ခဲ့ရာ သူသည် ၎င်းတို့တွင် နှစ်ပေါင်းကိုးရာ ငါးဆယ်တိုင်တိုင် နေထိုင်ခဲ့သည်။ ထို့နောက် ၎င်းတို့အား ရေလွှမ်းမိုးမှုက ဖမ်းဆီး ကွပ်မျက်ခဲ့လေသည်။ သူတို့သည် မတရားလုပ်သူများ ဖြစ်ခဲ့ကြသည်။ **၁၅။** ထို့နောက် ငါအရှင်သည် နူးဟ်ကိုရော၊ သဒ်ဘ်၌ ပါရှိခဲ့သောသူတို့ကိုပါ ကယ်တင်တော်မူခဲ့သည်။ ထိုပြင် ယင်းအဖြစ်အပျက်ကို ငါအရှင်သည် လောကသားတို့အဖို့ သက်သေလက္ခဏာတော်တစ်ရပ်အဖြစ် ပြုလုပ်တော်မူခဲ့သည်။

၁၆။ အိဗ်ရာဟီးမ်ကိုလည်း(ဧစလွှတ်တော်မူခဲ့သည်။) တစ်ခါတွင် သူက မိမိ၏အမျိုးသားတို့အား ပြောဆိုခဲ့သည်။ သင်တို့သည် အလ္လာဟ်ကို ခဝပ်ကိုးကွယ်ကြပါ။ ထိုအရှင်အား ကြောက်ရွံ့ကြပါ။ အကယ်၍ သင်တို့ သိရှိကြလေသော် ဤသည် သင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။ **၁၇။** စင်စစ်တွင် သင်တို့သည် အလ္လာဟ်ကို စွန့်၍ ရုပ်တုများကိုသာ ခဝပ်ကိုးကွယ်နေကြခြင်း ဖြစ်သည်။ မုသားကို လီဆည်လုပ်ကြံနေကြခြင်းသာ ဖြစ်သည်။ အလ္လာဟ်ကို စွန့်၍ သင်တို့ ကိုးကွယ်နေကြသည့်အရာများသည် သင်တို့အဖို့ စားနပ်ရိက္ခာကို ပိုင်ဆိုင်ကြသည် မဟုတ်။ ထို့ကြောင့် သင်တို့သည် အလ္လာဟ်ထံတွင်သာ စားနပ်ရိက္ခာကို ရှာဖွေကြပါ။ ထိုအရှင်ကို ကိုးကွယ်ကြပါ။ ထိုအရှင်ကို ကျေးဇူးသိတတ်ကြပါ။ သင်တို့သည် ထိုအရှင်ထံတော်သို့သာ ပြန်သွားကြရပေမည်။ **၁၈။** အကယ်၍ သင်တို့သည် ငြင်းပယ်လိုက်ကြပါလျှင် သင်တို့ထက်အလျင်ကလည်း မြောက်မြားစွာသော လူမျိုးများသည် ငြင်းပယ်ခဲ့ကြပြီး ဖြစ်သည်။ ရစူလ်တမန်တော်အပေါ်တွင်မူ ထင်ထင်ရှားရှား ပို့ချရန် တာဝန်သာ ရှိပေသည်။

၁၉။ အလ္လာဟ်သည် ဖန်ဆင်းမှုကို မည်သို့ စတင်တော်မူ၍၊ တစ်ဖန် ယင်းဖန်ဆင်းမှုကို မည်သို့ ပြန်လည်ပြုလုပ်တော်မူသည်ကို လူတို့ မတွေ့မြင်ကြပါသလော။ ဧကန်စင်စစ် ဤကိစ္စသည် အလ္လာဟ် အပေါ် အလွန် လွယ်ကူလှပေသည်။ **၂၀။** အသင်ပြောလိုက်ပါ။ သင်တို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာကြပြီး အလ္လာဟ်သည် ဖန်ဆင်းမှုကို မည်သို့ စတင်ခဲ့သည်ကို ကြည့်ရှုကြလေကုန်။ တစ်ဖန် အလ္လာဟ်သည် နောက်ထပ်တစ်ကြိမ် ပြန်လည်ဖန်ဆင်းတော်မူဦးမည်။

အမှန်စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။ ၂၁။ အရှင်မြတ်သည် မိမိအလိုရှိသူကို ပြစ်ဒဏ်ပေးတော်မူပြီး မိမိအလိုရှိသူကို သနားကြင်နာတော်မူသည်။ သင်တို့အားလုံးသည် ထိုအရှင်ထံသို့သာ ပြန်လည် ပို့ဆောင်ခြင်း ခံကြရပေမည်။ ၂၂။ သင်တို့သည် ကမ္ဘာမြေပေါ်တွင်ရော၊ မိုးကောင်းကင်၌ပါ အလ္လာဟ်ကို ချည့်နဲ့အောင် မလုပ်နိုင်ကြပေ။ သင်တို့အဖို့ အလ္လာဟ်မှပ သင်တို့၏ကိစ္စအဝဝကို ပြီးစီးအောင်ပြုလုပ်ပေးမည့်သူနှင့် ကူညီစောင့်မမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ၂၃။ အလ္လာဟ်၏သက်သေလက္ခဏာတော်များနှင့်၊ အရှင်မြတ်ကို တွေ့ဆုံရခြင်းကို ငြင်းပယ်ကြသောသူတို့သာလျှင် ငါအရှင်၏ ကရုဏာတော်မှ မက်ကင်းကြပေသည်။ ထိုသူတို့အဖို့ နာကျင်စေသော ပြစ်ဒဏ် ရှိပေသည်။

၂၄။ ထိုအခါ အိပ်ရာဟီးမ်၏အမျိုးသားတို့က သူ့အား သတ်ပစ်ကြ၊ သို့မဟုတ် မီးတင်ရှို့ကြဟု ပြောဆိုခြင်းမှတစ်ပါး အခြားဘာအဖြေမှ မရှိခဲ့ပေ။ သို့ဖြစ်ရာ အလ္လာဟ်က သူ့အား မီးမှ ကယ်တင်တော်မူခဲ့သည်။ ဇကန်စင်စစ် ဤဖြစ်ရပ်တွင် ယုံကြည်ကြသောသူတို့အဖို့ သက်သေလက္ခဏာတော်များ မုချ ရှိပေသည်။ ၂၅။ အိပ်ရာဟီးမ်က ပြောလေသည်။ အလ္လာဟ်ကိုစွန့်၍ အသင်တို့ ပြုလုပ်ထားကြသည့် ရုပ်တုများမှာ လောကီဘဝတွင် သင်တို့အချင်းချင်းကြားရှိ မေတ္တာတရားကြောင့်သာလျှင် ဖြစ်သည်။ ထို့နောက် ကိယာမသ်နေ့တွင် အသင်တို့အချင်းချင်း တစ်ဦးကတစ်ဦးကို ငြင်းပယ်ကြလိမ့်မည်။ ထို့ပြင် အချင်းချင်း တစ်ဦးကိုတစ်ဦး ကျိန်ဆဲကြလိမ့်မည်။ ဂျဟန္နမ်ဝဲရဲဘုံသည် သင်တို့၏ ခိုလှုံရာနေရာဖြစ်မည်။ ထို့ပြင် သင်တို့အဖို့ ကူညီစောင့်မပေးမည့်သူလည်း တစ်ဦးမျှ ရှိမည်မဟုတ်ပေ။ ၂၆။ ထို့နောက် လူးသ်သည် ထိုအိပ်ရာဟီးမ်ကို ယုံကြည်ခဲ့လေသည်။ အိပ်ရာဟီးမ်က ပြောသည်။ ဇကန်စင်စစ် ကျွန်ုပ်သည် နေရပ်စွန့်ခွာပြီး မိမိ၏အရှင်ထံသို့ ဟိဂျ်ရသ် လုပ်ပါမည်။ ထိုအရှင်သည် အလွန် လွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် အလွန် ပြည့်စုံတော်မူသောအရှင် ဖြစ်သည်။ ၂၇။ ငါအရှင်သည် သူ့အား အစ္စဟားက်နှင့် ယအ်ကူးဗ်ကို ချီးမြှင့်တော်မူခဲ့သည်။ သူ၏ သားမြေးတို့တွင်

နဗူဝသ်နှင့် ကျမ်းဂန်ကို ထားပေးတော်မူခဲ့သည်။ သူ့အား သူ၏အကျိုးကို လောကီတွင် ချီးမြှင့်တော်မူခဲ့သည်။ နောင်တမလွန်တွင်လည်း သူသည် သူမွန်သူမြတ်တို့တွင် မုချ အ ပါအဝင်ဖြစ်ပေမည်။

၂၈။ လူးသွ်ကို(လည်း စေလွှတ်တော်မူခဲ့သည်။) တစ်ခါတွင် သူသည် မိမိ၏ အမျိုးသားတို့အား ပြောခဲ့သည်။ ဇကန်စင်စစ် အသင်တို့သည် လောကသားတို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ အသင်တို့အလျင်က မကျူးလွန်ခဲ့ဖူးသည့် စက်ဆုပ်ရွံရှာဖွယ်အမှုကို မုချ ကျူးလွန်နေကြပေသည်။ **၂၉။** အသင်တို့သည် အမျိုးသားများထံ လာကြပါသလော။ ခရီးသွားများကို ဓားပြတိုက်ကြပါသလော။ ထို့ပြင် အသင်တို့သည် မိမိတို့၏ ထိုင်ပိုင်းတွင် မကောင်းမှုကို ကျူးလွန်ကြလေသလော။ ထိုအခါ ၎င်း၏အမျိုးသားများက အသင်သည် မှန်ကန်စွာ ပြောဆိုသူတစ်ဦးဖြစ်ပါလျှင် ကျွန်ုပ်တို့ပေါ်သို့ အလွှာဟ်ပြစ်ဒဏ်ကို ယူဆောင်လာပါဟု ပြောဆိုကြရုံမှတစ်ပါး အခြားဘာအဖြေမှ ပေးနိုင်ခဲ့ခြင်းမရှိပေ။ **၃၀။** ထိုအခါ လူးသွ်က လျှောက်ထားလေသည်။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ဖျက်လိုဖျက်ဆီးလုပ်ကြသော လူများနှင့်ဆန့်ကျင်ဘက် ကူညီစောင်မတော်မူပါ။

၃၁။ ထို့နောက် ငါအရှင်၏စေတမန်များသည် အိဗ်ရာဟီးမ်ထံသို့ သတင်းကောင်းယူဆောင်လာကြသောအခါ သူတို့က ကျွန်ုပ်တို့သည် ဤမြို့ရွာသားများကို ဖျက်ဆီးပစ်ကြမည်။ ဇကန်စင်စစ် ဤမြို့ရွာသားများသည် အလွန်မတရားကျူးလွန်သူများ ဖြစ်ကြပေသည်(ဟု ပြောဆိုခဲ့သည်)။ **၃၂။** ထိုအခါ အိဗ်ရာဟီးမ်က ထိုမြို့ရွာတွင် လူးသွ်လည်း ရှိနေပါသည်ဟု ပြောဆိုလေရာ ၎င်းစေတမန်တို့က ထိုမြို့ရွာတွင် မည်သူနေထိုင်လျက်ရှိသည်ကို ကျွန်ုပ်တို့ ကောင်းစွာသိရှိကြသည်။ ဇကန်စင်စစ် ကျွန်ုပ်တို့သည် သူ့ကိုရော၊ သူ့အိမ်သားများကိုပါ ကယ်တင်ကြပေမည်။ သို့သော် သူ၏ ဇနီးမိန်းမတော့ မပါပေ။ သူသည် နောက်တွင် ကျန်ရစ်ခဲ့သူများအနက် တစ်ဦးအပါအဝင် ဖြစ်ပေလိမ့်မည်(ဟု ပြောခဲ့ကြသည်)။ **၃၃။** ထို့နောက် ငါအရှင်၏စေတမန်များသည် လူးသွ်ထံသို့ ရောက်ရှိလာကြသော

အခါ သူသည် ၎င်းတို့ကြောင့် စိတ်မချမ်းမြေ့ဖြစ်သွားခဲ့ရပြီး ၎င်းတို့ကြောင့် စိတ်ကျဉ်းကျပ်သွားခဲ့လေသည်။ ထိုအခါ ၎င်းတို့က ဤသို့ ပြောကြလေသည်။ အသင်မကြောက်ပါနှင့်။ မစိုးရိမ်ပါနှင့်။ ကျန်ပ်တို့သည် အသင့်ကိုရော၊ အသင်၏ မိသားစုကိုပါ မုချ ကယ်တင်ပေမည်။ သို့သော် သင့်ဇနီး တော့ မပါပေ။ သူသည် နောက်တွင် ကျန်ရစ်ခဲ့သူများအနက်မှ ဖြစ်ပေလိမ့်မည်။ **၃၄။** ကျန်ပ်တို့သည် ဤမြို့ ရွာသားများအပေါ် သူတို့၏ မကောင်းမှုကျူးလွန်ခြင်းများကြောင့်ပင် မိုးကောင်းကင်မှ ပြစ်ဒဏ်တစ်ခုကို ချပေးမည်။ **၃၅။** ထို့နောက် ငါအရှင်သည် ဦးနှောက်အသိဉာဏ်ရှိသူများအဖို့ ယင်းမြို့ရွာမှ ထင်ရှားသော လက္ခဏာတချို့ကို ချန်လှပ်ထားပေးတော်မူခဲ့သည်။

၃၆။ မဒ်ယန်မြို့သို့လည်း သူတို့၏နောင်တော် ရှူအိုင်ဗ်ကို (စေလွှတ်တော်မူခဲ့သည်။) သူက ဤသို့ ပြောခဲ့လေသည်။ အို-ငါ၏အမျိုးသားတို့၊ သင်တို့သည် အလွှာဟ်ကိုသာ ခဝဝ်ကိုးကွယ်ကြကုန်။ နောက်ဆုံးနေ့ကို မျှော်လင့်စိုးရိမ်ကြကုန်။ မြေပထဝီတွင် အဖျက်လုပ်ငန်းများ ဖြန့်ချိသူများ မဖြစ်ကြလေနှင့်။ **၃၇။** သို့သော် ၎င်းတို့က သူ့အား မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်လိုက်ကြလေရာ မြေလျင်သည် သူတို့အား ကွပ်မျက်ခဲ့လေသည်။ ထိုအခါ သူတို့သည် မိမိတို့၏ နေအိမ်များအတွင်း၌ မှောက်လျက်သား ဖြစ်ကျန်နေခဲ့ကြလေသည်။

၃၈။ အားဒ်နှင့် ဆမူးဒ်အမျိုးသားတို့ကိုလည်း (ငါအရှင် ဖျက်ဆီးပစ်တော်မူခဲ့သည်။) သူတို့၏နေအိမ်များ၏ အခြေအနေသည် အသင်တို့အဖို့ ထင်ရှားခဲ့လေပြီ။ ရှိင်သွာန်သည် သူတို့၏လုပ်ရပ်များအား သူတို့၏အမြင်တွင် လှပတင့်တယ်အောင်ပြုလုပ်ပြီး သူတို့အား လမ်းမှန်တရားမှ တားဆီးခဲ့လေသည်။ စင်စစ်တွင် သူတို့သည် အသိအမြင်ရှိသူများ ဖြစ်ခဲ့ကြပေသည်။

၃၉။ ကာရွန်၊ ဖိရ်အောင်နှင့် ဟာမာန်တို့ကိုလည်း (ငါအရှင် ဖျက်ဆီးပစ်တော်မူခဲ့သည်။) မူစာသည် သူတို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာတော်များကို ယူဆောင်လာခဲ့ရာ သူတို့သည် မြေပထဝီတွင် မောက်မာပလွှားခဲ့ကြသည်။ အမှန်တွင် သူတို့သည် ငါအရှင့်ထံမှ ထွက်ပြေးလွတ်မြောက်နိုင်သူများ မဟုတ်ခဲ့

ကြပေ။ **၄၀။** ငါအရှင်သည် သူတို့ တစ်ဦးတိုင်းကို ထိုသူ၏ပြစ်မှုကြောင့် ကွပ်မျက်တော်မူခဲ့သည်။ ငါအရှင်သည် သူတို့အနက်မှ အချို့သူတို့အပေါ် ကျောက်ခဲပါသော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့သည်။ သူတို့အနက်မှ အချို့သူတို့ကို အလွန် ပြင်းထန်သောအသံက ကွပ်မျက်ခဲ့သည်။ သူတို့အနက်မှ အချို့သူတို့ကို ငါအရှင်သည် မြေမျိုစေတော်မူခဲ့သည်။ သူတို့အနက်မှ အချို့သူတို့ကို ငါအရှင်သည် ရေနစ်စေတော်မူခဲ့သည်။ အလွှာဟ်သည် သူတို့အပေါ် လုံး၀ မတရားလုပ်ခဲ့သည် မဟုတ်ပေ။ သို့သော် သူတို့သည် ကိုယ့်ကိုယ်ကိုယ်သာ မတရားလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။

၄၁။ အလွှာဟ်ကို စွန့်၍ အခြားအရာများကို ကူညီစောင်မသူများအဖြစ် ပြုလုပ်ထားကြသူတို့၏ ဥပမာသည် ပင့်ကူနှင့် အလားတူပေသည်။ ပင့်ကူသည် အိမ်တစ်ခုကို ပြုလုပ်သည်။ အိမ်များအားလုံးတွင် အချည်နှဲ့ဆုံးသောအိမ်မှာ ပင့်ကူ၏အိမ်ပင် ဖြစ်သည်။ သူတို့ သိရှိကြလျှင် ကောင်းလေစွ။ **၄၂။** ဇကန်စင်စစ် အလွှာဟ်သည် မိမိကိုစွန့်၍ သူတို့ ဟစ်ခေါ်တသနေကြသော မည်သည့် အရာကို မဆို သိရှိတော်မူပေသည်။ ထိုအရှင်သည် အလွန် နိုင်နင်းလွန်မိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် အလွန် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။ **၄၃။** ဤသည် လူတို့အကျိုးအတွက် ငါအရှင် ခိုင်းနှိုင်းပြသတော်မူသော ပုံဆောင်ချက်များပင် ဖြစ်ပေသည်။ သို့သော် ယင်းပုံဆောင်ချက်များကို အသိပညာရှိသူတို့သာ နားလည်ကြပေသည်။ **၄၄။** အလွှာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို တိကျမှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်။ ဇကန်စင်စစ် ဤအချက်တွင် ယုံကြည်သူတို့အဖို့ သက်သေလက္ခဏာတစ်ရပ် မှချ ရှိနေပေသည်။

★ **၄၅။** အသင်သည် မိမိထံသို့ ဗျာဒိတ်တော်ချပေးခြင်းခံရသည့် ကုရ်အာန်ကျမ်းဂန်ကို ရွတ်ဖတ်ပါလေ။ ထို့ပြင် စွလာသ်၀တ်ပြုဆောက်တည်ပါလေ။ ဇကန်စင်စစ် စွလာသ်၀တ်ပြုမှုသည် စက်ဆုပ်ရွံရှာဖွယ်ရာကိစ္စနှင့် မကောင်းမှုများမှ တားဆီးပေးသည်။ မုချဇကန် အလွှာဟ်ကို အောက်မေ့တသသတိရခြင်းသည် အကြီးမြတ်ဆုံးဖြစ်ပေသည်။ အသင်တို့ပြုမူနေသည်များကို အလွှာဟ်သိတော်

မူသည်။ **၄၆။** အသင်တို့သည် ကျမ်းရသူတို့နှင့် ကောင်းမွန်ယဉ်ကျေးသော နည်းလမ်းဖြင့်သာ အချေအတင် ပြောဆိုကြလေကုန်။ သို့ရာတွင် သူတို့အနက်မှ တရားမျှတမှုမရှိ သောသူတို့ကိုမူ ပြတ်သားစွာ ပြောဆိုနိုင်သည်။ အသင်တို့သည် ဤသို့ ပြောဆိုကြကုန်။ ကျွန်ုပ်တို့သည် မိမိတို့ထံသို့ ချပေးခြင်းခံရသော ကျမ်းဂန်ကိုရော၊ အသင်တို့ထံ ချပေးခြင်းခံရသော ကျမ်းဂန်ကိုပါ ယုံကြည်ကြပါသည်။ ကျွန်ုပ်တို့၏ ကိုးကွယ်ရာအရှင်နှင့် အသင်တို့၏ ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသာ ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအရှင်၏ အမိန့်ကိုသာ နာခံကြပါသည်။

၄၇။ ဤနည်းအတိုင်းပင် ငါအရှင်သည် အသင့်ထံသို့ ကျမ်းဂန်ကို ချပေးတော်မူခဲ့သည်။ ငါအရှင် ကျမ်းဂန်ချီးမြှင့်ခဲ့သောသူတို့ကမူ ယင်းကျမ်းကို ယုံကြည်ကြသည်။ ထိုသူတို့အနက်မှလည်း အချို့သည် ယင်းကျမ်းကို ယုံကြည်ကြသည်။ စင်စစ်တွင် ငြင်းပယ်သူတို့သည်သာလျှင် ငါအရှင်၏ အာယသ်တော်များကို ငြင်းပယ်ကြလေသည်။ **၄၈။** အသင်သည် ဤကျမ်းအလျင်က မည်သည့်ကျမ်းကိုမျှ ရွတ်ဖတ်သည်မဟုတ်။ မည်သည့်ကျမ်းကိုမျှလည်း မိမိ၏လက်ယာလက်ဖြင့် မရေးသားခဲ့ပေ။ ထိုသို့ဖြစ်ခဲ့ပါလျှင် အမှားလိုက်စားကြသူတို့သည် ဒွိဟသံသယ တွင်မုချ ကျရောက်သွားကြပေမည်။ **၄၉။** ထိုသို့မဟုတ်၊ စင်စစ်တွင် ဤကျမ်းသည် အသိပညာချီးမြှင့်ထားခြင်းခံရသူတို့၏ စိတ်နှလုံးများတွင် ထင်ရှားစွာရှိနေသော အာယသ်တော်များပင် ဖြစ်ပေသည်။ ဧကန်စင်စစ် မတရားကျူးလွန်သူတို့သာလျှင် ငါအရှင်၏ အာယသ်တော်များကို ငြင်းပယ်ကြပေသည်။

၅၀။ "သူ့အရှင်ထံတော်မှ သက်သေလက္ခဏာတော်များသည် အဘယ့်ကြောင့် သူ့အပေါ် ကျရောက်လာခြင်းမရှိသနည်း"ဟု သူတို့က ပြောဆိုကြသည်။ အသင်ပြောလိုက်ပါ။ သက်သေလက္ခဏာတော်များသည် အလ္လာ့ဟ်ထံတော်ပါး၌သာ ရှိပေသည်။ စင်စစ် ငါသည် ထင်ထင်ရှားရှား သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်ပေသည်။ **၅၁။** ငါအရှင်သည် သူတို့ရှေ့ဝယ် ဖတ်ကြားခြင်းခံရလျက်ရှိသော ကျမ်းဂန်ကို အသင့်အပေါ် ချပေးတော်မူခဲ့ခြင်းသည်ပင်လျှင် သူတို့အတွက် မလုံလောက်ပေဘူးလား။ ဧကန်စင်စစ် ထိုကျမ်းတွင် ယုံကြည်သူတို့အဖို့ ကရုဏာတော်နှင့် သတိပေးချက် မုချ ရှိပေသည်။ **၅၂။** အသင်ပြောလိုက်ပါ။ အလ္လာဟ်သည် ငါနှင့် အသင်တို့အကြားတွင် သက်သေအဖြစ် လုံလောက်တော်မူသည်။ အရှင်

မြေတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှအရာခပ်သိမ်းကို သိရှိတော်မူပေသည်။ အမှားကို ယုံကြည်ပြီးနောက် အလွှာဟ်ကို ငြင်းပယ်ကြသောသူတို့သည်သာလျှင် ဆုံးရှုံးပျက်စီးသူများ ဖြစ်ကြပေသည်။

၅၃။ သူတို့သည် သင့်ထံတွင် ပြစ်ဒဏ်ကို အလျင်စလို တောင်းခံနေလျက်ရှိကြသည်။ သတ်မှတ်ထားပြီးဖြစ်သော အချိန်ကာလတစ်ခုသာ မရှိခဲ့ပါလျှင် သူတို့ထံသို့ ပြစ်ဒဏ် မုချ ဆိုက်ရောက်ခဲ့ပြီး ဖြစ်ပေမည်။ ထိုပြစ်ဒဏ်သည် သူတို့ထံသို့ ရုတ်တရက် ရှောင်တခင် ရောက်ကို ရောက်လာပေမည်။ သူတို့သည် သိပင် သိလိုက်ကြမည်မဟုတ်ပေ။ **၅၄။** သူတို့သည် သင့်ထံတွင် ပြစ်ဒဏ်ကို အလျင်စလို တောင်းခံနေကြသည်။ ဇကန်စင်စစ် ဂျဟန္နမ်ငရဲဘုံသည် ငြင်းပယ်သူတို့အား ဝန်းရံထားလျက် ရှိပေသည်။ **၅၅။** အကြင်နေ့တွင် ပြစ်ဒဏ်သည် သူတို့အား သူတို့၏ အပေါ်မှရော၊ သူတို့၏ ခြေအောက်မှရော ဖုံးလွှမ်းလိုက်ပေမည်။ ထို့နောက် အသင်တို့ ပြုလုပ်ခဲ့သည်များကို မြည်းစမ်းကြလေကုန်ဟု ပြောဆိုခြင်းခံရပေမည်။

၅၆။ ငါအရှင်၏ ယုံကြည်သောအစေတော်အပေါင်းတို့၊ ဇကန်စင်စစ် ငါအရှင်၏ မြေပထဝီသည် ကျယ်ဝန်းလှသည်ဖြစ်ရာ ငါအရှင့်ကိုသာ ခဝပ်ကိုးကွယ်ကြလေကုန်။ **၅၇။** သက်ရှိသတ္တဝါတိုင်းသည် သေခြင်းတရား၏အရသာကို မြည်းစမ်းရမည်သာ။ ထို့နောက် အသင်တို့သည် ငါအရှင့်ထံသို့သာ ပြန်လည်ပို့ဆောင်ခြင်း ခံကြရပေမည်။ **၅၈။** ယုံကြည်ပြီးနောက် ကောင်းမှုများ ပွားများကြသောသူတို့ကိုမူ ငါအရှင်သည် ဂျန္နသ်သုခဘုံ၏ မြင့်စွင့်သောအဆောင်များတွင် နေရာချပေးတော်မူမည်။ ယင်းအဆောင်များ၏ အောက်ဘက်မှ စမ်းချောင်းများ စီးဝင်နေလိမ့်မည်။ သူတို့သည် ယင်းအဆောင်များတွင် အမြဲထာဝရ နေကြရမည်။ ကောင်းမှုပြုကြသော သူတော်စင်တို့၏အကျိုးသည် အဘယ်မျှ ကောင်းလိုက်ပါဘိ။ **၅၉။** ကောင်းမှုပြုကြသော ထိုသူတော်စင်များသည် ခွန်အီတရားထားကြသူများ၊ မိမိတို့၏အရှင်အပေါ် ယုံပုံအားထားကြသောသူများ ဖြစ်ကြပေသည်။ **၆၀။** မြောက်မြားစွာသော တိရစ္ဆာန်တို့သည် မိမိတို့၏စားနပ်ရိက္ခာကို သယ်ဆောင်သွားလာကြသည်မဟုတ်ပေ။ အလွှာဟ်ကပင် ထိုတိရစ္ဆာန်များကိုရော၊ အသင်တို့ကိုပါ စားနပ်ရိက္ခာ ချီးမြှင့်တော်မူပေသည်။ ထိုအရှင်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်ပေသည်။

၆၁။ အကယ်၍ အသင်သည် သူတို့အား "မိုးကောင်းကင်များနှင့် မြေ ထဝီကို မည်သူက ဖန်ဆင်းသနည်း၊ နေနှင့်လကို မည်သူက ထိန်းချုပ်ထားသနည်း" ဟု မေးမြန်းခဲ့ပါလျှင် သူတို့က "အလ္လာဟ်ပင် ဖြစ်သည်"ဟု မုချ ဖြေကြလိမ့်မည်။ သို့ပါလျက် သူတို့သည် အဘယ်သို့ လှည့်သွားကြပါသနည်း။ **၆၂။** အလ္လာဟ် ကသာလျှင် မိမိ၏အစေတော်များအနက်မှ အလိုတော်ရှိသူကို စားနပ်ရိက္ခာ ကျယ်ဝန်းစွာ ပေးသနားတော်မူပြီး အလိုတော်ရှိသူကို ကျပ်တည်းစေတော်မူသည်။ စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်ပေသည်။ **၆၃။** အကယ်၍ အသင်သည် သူတို့အား "မိုးကောင်းကင်မှ ရေကို မည်သူက ချပေးသနည်း၊ တစ်ဖန် ထိုရေဖြင့် သေပြီးသားဖြစ်သော မြေကို မည်သူက ပြန်ရှင်စေသနည်း"ဟု မေးမြန်းခဲ့ပါလျှင် သူတို့က "အလ္လာဟ်ပင်ဖြစ်သည်" ဟု မုချ ဖြေကြလိမ့်မည်။ အသင်ပြောလိုက်ပါ။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အဖို့သာ တည်း။ သို့သော် သူတို့အနက်မှ အများစုသည် မသိနားမလည်ကြပေ။

၆၄။ ဤလောကီဘဝသက်တမ်းသည် ပျော်မြူးဖွယ်ရာနှင့် ကစားစရာမှ အပ အခြားမဟုတ်ပြီ။ ဇကနစင်စစ် နောင်တမလွန်အိမ်သည်သာလျှင် စစ်မှန်သော ရှင်သန်ရာနေရာ ဖြစ်ပေသည်။ သူတို့ သိကြလျှင် ကောင်းလေစွ။ **၆၅။** သို့ဖြစ်ရာ သူတို့သည် သင်္ဘော်၌ စီးနင်းကြသောအခါ သာသနာကို ထိုအရှင့် အတွက်သာ သီးသန့်ပြုလုပ်လျက် အလ္လာဟ်အား ဟစ်ခေါ်တသကြလေသည်။ ထို့နောက် အရှင် မြတ်သည် သူတို့အား ကယ်တင်၍ ကုန်းမြေသို့ ခေါ်ဆောင်လိုက်သောအခါတွင်မူ သူတို့သည် ချက်ချင်းပင် တွဲဖက်ကိုးကွယ်မှုပြုကြလေတော့သည်။ **၆၆။** သူတို့ကို ငါအရှင် ချီးမြှင့်တော်မူသည့် ကျေးဇူးတရားကို ကျေးဇူးကန်းကြရန်နှင့်၊ ရက်အနည်း ငယ် အကျိုးခံစားရန်အတွက် ဖြစ်လေသည်။ သို့ဖြစ်ရာ သူတို့သည် မကြာမီ သိကြလိမ့်မည်။

၆၇။ ဇကနစင်စစ် ငါအရှင်သည် ဘေးရန်ကင်းငြိမ်းသော ဟရာမ်နယ် နိမိတ် ပြုလုပ်တော်မူခဲ့သည်ကို သူတို့ မတွေ့မြင်ကြပေသလော။ သူတို့၏ ပတ် ဝန်းကျင်ရှိလူတို့သည် အလစ်သုတ်ယူခြင်း ခံနေကြရသည်။ သူတို့သည် အမှားကို ယုံကြည်လက်ခံပြီး အလ္လာဟ်၏ကျေးဇူးတော်ကိုမူ ကျေးဇူးကန်းကြလေသလော။ **၆၈။** အလ္လာဟ်အပေါ် မုသားကို လုပ်ကြံလိုဆယ်ပြောဆိုသူ၊ သို့မဟုတ် အမှန်တရား

သည် သူထံ ရောက်ရှိလာပြီးသည့်နောက်မှ ယင်းအမှန်တရားကို မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်သူထက် ပို၍ မတရားသူ မည်သူရှိပါဦးမည်နည်း။ ငြင်းပယ်သူတို့၏ နေထိုင်ရာဌာနသည် ဂျဟန္နမ်ငရဲဘုံတွင် ရှိသည်မဟုတ်ပါလော။ **၆၉။** ငါအရှင်မြတ်အတွက် သက်စွန့်ဆံဖျား ကြိုးစားအားထုတ်ကြသောသူတို့အား ငါအရှင်သည် မိမိ၏ လမ်းများအား မုချ ညွှန်ကြားပြသတော်မူမည်။ ဇကန်စင်စစ် အလ္လာဟ်သည် ကောင်းမှုပြုသူများနှင့်အတူ မုချ ရှိတော်မူပေသည်။

၃၀။ စူရဟ် ရူးမ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလစ်ဖ်၊ လာမ်၊ မီမ်။ **၂။** ရောမနိုင်ငံသားတို့သည် စစ်ရေး ရှုံးနိမ့်ခဲ့ကြ ချေပြီ။ **၃။** နီးကပ်ဆက်စပ်လျက်ရှိသော တိုင်းပြည်တွင်။ သို့သော် သူတို့သည် မိမိတို့၏ ရှုံးနိမ့်ခဲ့ရမှု၏နောက်တွင် များမကြာမီ အောင်နိုင်ကြပေလိမ့်မည်။ **၄။** နှစ် အနည်းငယ်အတွင်း၌။ ကိစ္စအဝဝသည် ယခင်ကရော၊ နောင်တွင်ရော အလ္လာဟ် လက်တော်တွင်သာ ရှိပေသည်။ ထိုနေ့တွင် ယုံကြည်သူတို့သည် ပျော်ရွှင်ဝမ်း မြောက်ကြပေမည်။ **၅။** အလ္လာဟ်၏အကူအညီဖြင့်။ အရှင်မြတ်သည် မိမိအလို တော်ရှိသူကို ကူညီတော်မူသည်။ ထိုအရှင်သည် အလွန် လွှမ်းမိုးတော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။ **၆။** အလ္လာဟ်၏ ကတိတော် ပင် ဖြစ်သည်။ အလ္လာဟ်သည် မိမိ၏ကတိတော်ကို ဖောက်ဖျက်တော်မမူပေ။ သို့သော် လူအများစုသည် မသိကြပေ။ **၇။** သူတို့သည် လောကီဘဝသက်တမ်း၏ အပေါ်ယံကိုသာ သိကြသည်။ နောင်တမလွန်ဘဝကိုမူကား သူတို့သည် မေ့လျော့ နေလျက် ရှိကြသည်။

၈။ သူတို့သည် မိမိတို့၏ စိတ်နလုံးအတွင်း၌ မစဉ်းစားမဆင်ခြင်ကြ လေသလော။ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် မြေထဓိကို၊ ထို့ပြင် ယင်းနှစ် ခုကြားရှိ အရာခပ်သိမ်းကို မှန်ကန်တိကျစွာ သတ်မှတ်ထားသော ကာလတစ်ခု အထိသာ ဖန်ဆင်းတော်မူထားပေသည်။ ဇကန်စင်စစ် လူအများစုသည် မိမိတို့၏

အရှင်နှင့် တွေ့ဆုံကြရမည်ကို ငြင်းပယ်သူများ ဖြစ်ကြပေသည်။ **၉။** သူတို့သည် ကမ္ဘာပေါ်တွင် လှည့်ပတ်သွားလာခြင်း မပြုခဲ့ကြလေသလော။ သို့လှည့်ပတ်သွားလာပါလျှင် သူတို့ထက်အလျင်ကရှိခဲ့ကြသောသူတို့၏နောက်ဆုံးအကျိုးဆက်သည် မည်သို့ ရှိခဲ့သည်ကို တွေ့မြင်ကြရပေမည်။ ၎င်းတို့သည် သူတို့ထက်ပိုပြီး အင်အားကြီးမားခဲ့ကြသည်။ မြေကို ထွန်ယက် စိုက်ပျိုး၍ ဤသူများထက်ပို၍ စည်ပင်သာယာအောင် ပြုလုပ်ခဲ့ကြသည်။ သူတို့ထံသို့ သူတို့၏ ရဏ္ဍလ်တမန်တော်များသည် ထင်ရှားသောသက်သေလက္ခဏာတော်များကို ယူဆောင်လာခဲ့ကြသည်။ သို့ရှိရာ အလွှာဟ်သည် သူတို့အား လုံးဝ မတရားလုပ်တော်မမူပေ။ သို့သော် သူတို့သည် သာလျှင် ကိုယ့်ကိုယ်ကိုယ် မတရားလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။ **၁၀။** ထို့နောက်တွင် မကောင်းမှုကို ပြုလုပ်ခဲ့ကြသူတို့၏ နောက်ဆုံးအကျိုးဆက်သည် အဆိုးပင် ဖြစ်ခဲ့သည်။ အကြောင်းမှာ သူတို့သည် အလွှာဟ်၏ သက်သေလက္ခဏာ တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြရုံသာမက ယင်းသက်သေလက္ခဏာတော်များကို ပြောင်လှောင်ခဲ့ကြပေသေးသည်။

၁၁။ အလွှာဟ်သည် ဖန်ဆင်းခံများကို စတင်၍ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက်တစ်ဖန် ယင်းအဖန်ဆင်းခံများကို နောက်ထပ်တစ်ကြိမ် ပြန်လည် ဖန်ဆင်းတော်မူမည်။ ထို့နောက် အသင်တို့သည် ထိုအရှင့်ထံသို့သာ ပြန်လည်ရောက်ရှိကြရပေမည်။ **၁၂။** ကိုယာမသ် ဆိုက်ရောက်လာသည့်နေ့တွင် အပြစ်ဒုစရိုက်သားတို့သည် မျှော်လင့်ချက်ကင်းမဲ့သွားကြပေလိမ့်မည်။ **၁၃။** သူတို့ တွဲဖက်ကိုးကွယ်ခဲ့ကြသည့် အရာများအနက်မှ သူတို့အတွက် ကြားဝင်အသနားခံပေးမည့်သူလည်း ရှိလိမ့်မည်မဟုတ်။ သူတို့ ကိုယ်တိုင်ကပင် ယင်းတွဲဖက်ကိုးကွယ်ရာများကို ငြင်းပယ်ပစ်လိုက်ကြပေမည်။ **၁၄။** ကိယာမသ် ဆိုက်ရောက်လာသည့်နေ့တွင် လူတို့သည် အကွဲကွဲအပြားပြား ဖြစ်သွားကြပေမည်။ **၁၅။** အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုများပွားများခဲ့ကြသောသူတို့သည် ဥယျာဉ်ခြံတစ်ခုတွင် ပျော်ရွှင်ဝမ်းသာနေကြပေမည်။ **၁၆။** သွေဖည်ငြင်းပယ်ပြီး ငါအရှင်၏ သက်သေလက္ခဏာတော်များနှင့် နောင်တမလွန်နှင့် တွေ့ဆုံရမည်ကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသော သူတို့မှာမူ ပြစ်ဒဏ်တွင် အသင့်ရောက်ရှိစေခြင်းခံကြရမည်။ **၁၇။** သို့ဖြစ်ရာ အသင်တို့သည် ညနေခင်းအချိန်သို့ ရောက်ရှိလာသောအခါတွင်လည်းကောင်း၊ နံနက်ခင်းအချိန်သို့

ရောက်ရှိလာသောအခါတွင်လည်းကောင်း အလွှာဟ်အရှင်မြတ် သန့်ပြန့်စင်ကြယ်
ကြောင်းကို မွှက်ဆိုပါလေ။ **၁၈။** မိုးကောင်းကင်များတွင်လည်းကောင်း၊ မြေပထဝီ
တွင်လည်းကောင်း၊ မွန်းတိမ်းပြီးနောက်ပိုင်းနှင့် နေ့လယ်ခင်းသို့ အသင်တို့ ဝင်
ရောက်သောအခါတို့တွင်လည်းကောင်း ချီးမွမ်းထောမနာပေါင်းသည် ထိုအရှင့်အဖို့
သာ ဖြစ်ပေသည်။

၁၉။ အရှင်မြတ်သည် သက်ရှိကို သက်မဲ့မှ ထုတ်ယူတော်မူပြီး သက်မဲ့
ကို သက်ရှိမှ ထုတ်ယူတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် မြေကြီးကို သေပြီး
နောက် ပြန်လည်ရှင်သန်စေတော်မူသည်။ ဤနည်းအတိုင်းပင် အသင်တို့သည်
လည်း ထွက်စေခြင်း ခံကြရပေမည်။ **၂၀။** ထိုအရှင်မြတ်၏ သက်သေလက္ခဏာ
တော်များတွင် အရှင်မြတ်သည် အသင်တို့ကို မြေကြီးဖြင့် ဖန်ဆင်းတော်မူခြင်း
လည်း ပါဝင်ပေသည်။ ထို့နောက် အသင်တို့သည် ရုတ်တရက် လူသားများ ဖြစ်
လာကြပြီး ပျံ့နှံ့သွားကြသည်။ **၂၁။** ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များ
တွင် အရှင်မြတ်သည် အသင်တို့အား အသင်တို့၏ အမျိုးအစားအနက်မှပင် ကြင်ရာ
ကြင်ဘက်များကို ဖန်ဆင်းတော်မူခြင်းလည်း ပါဝင်ပေသည်။ အသင်တို့သည်
ထိုကြင်ရာကြင်ဘက်များထံတွင် တည်ငြိမ်အေးချမ်းမှု ရရှိကြရန်အတွက် ဖြစ်သည်။
ထို့ပြင် အရှင်မြတ်သည် အသင်တို့ကြားတွင် ချစ်ခြင်းမေတ္တာနှင့် ကရုဏာကို
ထည့်သွင်းပေးတော်မူသည်။ ဇကန်စင်စစ် ဤအချက်တွင် စဉ်းစားဆင်ခြင်ကြသူ
များအဖို့ သက်သေလက္ခဏာများ မုချ ရှိနေသည်။

၂၂။ ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် မိုးကောင်းကင်
များနှင့် မြေပထဝီကို ဖန်ဆင်းခြင်း၊ အသင်တို့၏ ဘာသာစကားများနှင့် အသင်တို့၏
အသွေးအရောင်များ ကွဲပြားခြားနားခြင်းလည်း ပါဝင်ပေသည်။ ဇကန်စင်စစ်
ဤအချက်တွင် အသိပညာရှိသူတို့အဖို့ သက်သေလက္ခဏာများ မုချ ရှိနေသည်။
၂၃။ ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် ညဉ့် အသင်တို့၏အိပ်စက်
ခြင်းနှင့် နေ့ခွဲ အသင်တို့ ထိုအရှင်၏ ကျေးဇူးတော်ရိက္ခာကို ရှာဖွေခြင်းလည်း ပါဝင်
ပေသည်။ ဇကန်စင်စစ် ဤအချက်တွင် နားထောင်သူများအဖို့ သက်သေ
လက္ခဏာများ မုချ ရှိနေသည်။ **၂၄။** ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်
များတွင် ဤအချက်လည်း ပါဝင်သည်။ အရှင်မြတ်သည် အသင်တို့ကို လျှပ်ပြက်

ခြင်းအား ကြောက်ရွံ့စရာအဖြစ်လည်းကောင်း၊ မျှော်လင့်စရာအဖြစ်လည်းကောင်း ပြသတော်မူသည်။ အရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူပြီး ယင်းမိုးရေဖြင့် သေပြီးသားမြေကို ရှင်သန်စေတော်မူသည်။ ဇကနစင်စစ် ဤအချက်တွင် ဦးနှောက်အသိဉာဏ်ကို အသုံးချသူတို့အဖို့ သက်သေလက္ခဏာများ မှချ ရှိနေသည်။

၂၅။ ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် မိုးကောင်းကင်နှင့် မြေပထဝီသည် အရှင်မြတ်၏ အမိန့်တော်ဖြင့် ရပ်တည်နေခြင်းလည်း ပါဝင်ပေသည်။ တစ်ဖန် အရှင်မြတ်သည် အသင်တို့အား တစ်ကြိမ်မျှ ဟစ်ခေါ်တော်မူရုံဖြင့် အသင်တို့သည် ချက်ချင်းပင် မြေကြီးအတွင်းမှ ထွက်လာကြရပေမည်။ **၂၆။** မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသူဟူသမျှကို အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ အားလုံးတို့သည် ထိုအရှင်၏အမိန့်တော်ကိုသာ နာခံကြရသည်။ **၂၇။** ထို အရှင်မြတ်သည်ပင် ပထမအကြိမ် စတင်ဖန်ဆင်းမှုကို ပြုလုပ်တော်မူခဲ့ပြီး ထိုအရှင် မြတ်သည်ပင် နောက်ထပ်တစ်ကြိမ် ထပ်မံ ဖန်ဆင်းတော်မူမည်။ နောက်ထပ် တစ်ကြိမ် ထပ်မံဖန်ဆင်းခြင်းသည် အရှင်မြတ်အဖို့ သာပို၍ လွယ်ကူပေသည်။ ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ထူးကဲမြင့်မြတ်လှစွာသော ဂုဏ်ထူးဝိသေသများသည် အရှင်မြတ်အဖို့သာ ဖြစ်ပေသည်။ ထိုအရှင်သည် အလွန် လွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် အလွန် ပြည့်စုံတော်မူသောအရှင် ဖြစ်သည်။

၂၈။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့ကိုယ်တိုင်၏ ဖြစ်ရပ်မှပင် ပုံပမာတစ်ခုကို ခိုင်းနှိုင်းပြတော်မူသည်။ အသင်တို့ ပိုင်ဆိုင်ကြသော ကျေးကျွန်များအနက် ငါအရှင် အသင်တို့အား ချီးမြှင့်ထားသောဥစ္စာပစ္စည်းများတွင် အသင် တို့နှင့် ဖက်စပ်ပါဝင်သူများ ရှိကြသည်။ ထိုဥစ္စာပစ္စည်းတွင် ထိုကျေးကျွန်နှင့် အသင်တို့သည် တန်းတူညီတူလည်း ဖြစ်ကြသည်။ အသင်တို့သည် မိမိတို့ အချင်းချင်း ပူပန်ကြသကဲ့သို့ သူတို့ကိုလည်း ပူပန်ကြရသည်။ ဤနည်းအတိုင်းပင် ငါအရှင်သည် အသိဉာဏ်ကို အသုံးချသူတို့အဖို့ အာယသ်တော်များကို ရှင်းလင်း ထင်ရှားစွာ မိန့်ကြားတော်မူပေသည်။ **၂၉။** စင်စစ်တွင် မတရားကျူးလွန်ကြသူတို့ သည် ဘာအထောက်အထားမျှမရှိဘဲ မိမိတို့၏ အတွေးအထင်များ နောက်သို့ လိုက်ကြသည်။ အလွှာဟ်က လမ်းလွဲစေလိုက်သောသူကို မည်သူက လမ်းမှန်ညွှန်

ပြန်ိင်ပါဦးမည်နည်း။ ထိုသူတို့အဖို့ ကူညီစောင်မပေးမည့်သူလည်း တစ်ဦးမျှ ရှိလိမ့်မည်မဟုတ်ပေ။

၃၀။ သို့ဖြစ်ရာ အသင်သည် မိမိ၏မျက်နှာကို ထိုသာသနာဘက်သို့ တစ်စိတ်တစ်လက်တည်း လှည့်ထားပါလေ။ ဤသည် လူတွေကို အလ္လာဟ်ဖန်ဆင်းထားတော်မူသော သဘာဝမွန်နှင့်ကိုက်ညီသော သာသနာပင် ဖြစ်လေသည်။ အလ္လာဟ်ဖန်ဆင်းထားသောအရာတွင် ဘာအပြောင်းအလဲမျှ မရှိ။ ဤသည်သာ လျှင် ဖြောင့်မတ်မှန်ကန်သော သာသနာဖြစ်သည်။ သို့သော်လည်း လူအများစုသည် မသိနားမလည်ကြပေ။ **၃၁။** ထိုအရှင်မြတ်ဘက်သို့ အာရုံပြုကြပြီး ထိုအရှင့်ကိုသာ ကြောက်ရွံ့ကြကုန်။ ထို့ပြင် စွမ်းသတ်ဆောက်တည်ကြကုန်။ တွဲဖက်ကိုးကွယ်ကြသူများအနက်မှ အပါအဝင် မဖြစ်ကြလေနှင့်။ **၃၂။** ယင်းတွဲဖက်ကိုးကွယ်ကြသူတို့သည် မိမိတို့၏ သာသနာကို အစိတ်စိတ် အဝိုင်းဝိုင်း ပြုလုပ်ခဲ့ကြပြီး ဂိုဏ်းဂဏအများမျိုးမျိုး ဖြစ်သွားခဲ့ကြလေသည်။ ဂိုဏ်းဂဏတစ်ခုတိုင်းသည် မိမိတို့ထံတွင်ရှိသော လမ်းစဉ်ပေါ်တွင် ကျေနပ်ပီတိဖြစ်လျက် ရှိကြပေသည်။

၃၃။ လူတို့ထံ ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်လာသောအခါ သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင့်ကိုသာ အာရုံပြုလျက် ဟစ်ခေါ်တသကြလေသည်။ တစ်ဖန် အရှင်မြတ်သည် သူတို့အား မိမိထံတော်ပါးမှ ကရုဏာကျေးဇူးတော်တစ်ရပ်ကို မြည်းစမ်းစေတော်မူသောအခါ သူတို့အနက်မှ အုပ်စုတစ်စုသည် ချက်ချင်းပင် မိမိတို့၏အရှင်နှင့်အတူ အခြားအရာကိုပါ တွဲဖက်ကိုးကွယ်ကြလေတော့သည်။ **၃၄။** ငါအရှင် သူတို့ကို ခီးမြှင့်ထားသည်များကို ကျေးဇူးကန်းကြရန်အတွက် ဖြစ်သည်။ သို့ဖြစ်ရာ ရက်အနည်းငယ် အကျိုးခံစားကြလေကုန်။ သင်တို့သည် မကြာမီ သိကြရလိမ့်မည်။ **၃၅။** ဘာလဲ၊ ငါအရှင်သည် သူတို့အပေါ် အကိုးအကားတစ်ခု ချပေးထားတော်မူသဖြင့် ယင်းအကိုးအကားက ထိုအရှင်နှင့်အတူ အခြားအရာကိုပါ တွဲဖက်ကိုးကွယ်ဖို့ ပြောဆိုနေပါသလော။

၃၆။ ငါအရှင်သည် လူတို့အား ကရုဏာကျေးဇူးတော်တစ်ခုကို မြည်းစမ်းစေလိုက်သောအခါ သူတို့သည် ယင်းကျေးဇူးတော်ဖြင့် ပျော်ရွှင်သွားကြလေသည်။ သို့သော် သူတို့၏လုပ်ရပ်များကြောင့် သူတို့ထံ ဘေးဒုက္ခတစ်ခုခု ဆိုက်ရောက်လာလေသော် သူတို့သည် ချက်ချင်းပင် မျှော်လင့်ချက် ကင်းမဲ့သွားကြလေ

တော့်သည်။ **၃၇။** ဇကန်စင်စစ် အလ္လာဟ်သည် မိမိအလိုရှိသူကို စားနပ်ရိက္ခာ ကျယ်ဝန်းစွာ ချီးမြှင့်တော်မူပြီး၊ မိမိအလိုရှိသူကို ကျပ်တည်းစေတော်မူသည်ကို သူတို့ မတွေ့မြင်ကြပါသလော။ အမှန်စင်စစ် ဤအချက်တွင် ယုံကြည်ကြသူတို့ အဖို့ သက်သေလက္ခဏာများ မုချရှိနေသည်။ **၃၈။** သို့ဖြစ်ရာ သွေးရင်းသားရင်း တို့အား သူတို့၏အခွင့်အရေးကို ပေးဆောင်လော့။ ထို့ပြင် ဆင်းရဲသားနှင့် ခရီးသည် ကိုလည်း ပေးကမ်းလော့။ ဤသည် အလ္လာဟ်၏ ကျေနပ်နှစ်သက်မှုကို လိုလားကြ သူတို့အဖို့ အကောင်းဆုံးပင် ဖြစ်သည်။ ဤသို့သောသူတို့သာလျှင် အောင်မြင်မှုရရှိ သူများ ဖြစ်ကြပေသည်။ **၃၉။** လူတို့၏ ဥစ္စာပစ္စည်းများတွင် တိုးပွားသွားစေရန် အတွက် အသင်တို့ပေးကြသည့် အတိုးအညွှန့်သည် အလ္လာဟ်ထံတွင် တိုးပွားသည် မဟုတ်ပေ။ သို့သော် အလ္လာဟ်၏ ကျေနပ်နှစ်သက်မှုကို လိုလား၍ အသင်တို့သည် ဇကာသ်ပေးကြပါမူ၊ ဤသူတို့သည်သာလျှင် အလ္လာဟ်ထံတွင် မိမိတို့၏ဥစ္စာ ပစ္စည်းကို တိုးပွားအောင်လုပ်သူများ ဖြစ်ကြပေသည်။

၄၀။ အသင်တို့ကို ဖန်ဆင်းတော်မူသောအရှင်မှာ အလ္လာဟ်သာလျှင် ဖြစ်တော်မူသည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား စားနပ်ရိက္ခာ ပေးသ နားတော်မူသည်။ တစ်ဖန် အသင်တို့ကို သေစေတော်မူသည်။ တစ်ဖန် အသင်တို့ကို ရှင်စေတော်မူသည်။ အသင်တို့၏ တွဲဖက်ကိုးကွယ်ရာများတွင် ထိုကိစ္စများအနက်မှ တစ်စုံတစ်ခုကို ပြုလုပ်နိုင်သူ ရှိပါသလား။ စင်စစ်တွင် ထိုအရှင်သည် သူတို့ တွဲဖက်ကိုးကွယ်ကြသည်များမှ သန့်ပြန့်စင်ကြယ်တော်မူပြီး မြင့်မြတ်လှတော်မူပေ သည်။ **၄၁။** လူတို့၏ လက်များက ဆည်းပူးခဲ့သော မကောင်းမှုများကြောင့် ကုန်းမြေနှင့် ပင်လယ်တွင် ပျက်စီးမှုများ ပျံ့နှံ့ဖြစ်ပေါ်ခဲ့ပေပြီ။ သို့ဖြင့် အလ္လာဟ်သည် သူတို့အား သူတို့ကျူးလွန်ခဲ့ကြသည့်ပြစ်မှုအချို့၏အရသာကို မြည်းစမ်းစေတော်မူ သည်။ သို့မှသာ သူတို့သည် ပြန်လှည့်လာကြပေမည်။ **၄၂။** အသင်ပြောလိုက်ပါ။ သင်တို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာကြပြီး အလျင်က ရှိခဲ့ကြသော သူတို့၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ ရှိခဲ့သည်ကို ကြည့်ရှုကြလေကုန်။ သူတို့အနက်က အများစုသည် တွဲဖက်ကိုးကွယ်မှု ပြုခဲ့ကြသူများ ဖြစ်ခဲ့ကြပေသည်။

၄၃။ သို့ဖြစ်ရာ သင်သည် အလ္လာဟ်ထံတော်မှ ရွှေ့ပြောင်းမှု အလျင်း ရှိမည်မဟုတ်သောနေ့ ဆိုက်ရောက်မလာမီအလျင် မိမိ၏မျက်နှာကို ဖြောင့်မတ်

မှန်ကန်သော သာသနာဘက်သို့ တည့်မတ်စွာ ထားရှိပါလေ။ ထိုနေ့တွင် လူတို့သည် တကွဲတပြားစီ ဖြစ်သွားကြပေမည်။ **၄၄။** မည်သူမဆို ငြင်းပယ်ခဲ့ပါက သူ၏ ငြင်းပယ်မှုသည် သူ့အပေါ် သာ ကျရောက်ပေမည်။ မည်သူမဆို ကောင်းမှုပွားများခဲ့ပါက ထိုသူတို့သည် မိမိတို့၏အကျိုးအတွက်သာလျှင် ဆောင်ရွက် နေကြခြင်း ဖြစ်ပေသည်။ **၄၅။** ယုံကြည်ခဲ့ကြပြီးနောက် ကောင်းမှုများ ပွားများခဲ့ကြသောသူတို့အား အလွှာဟ်သည် မိမိ၏ကျေးဇူးတော်ဖြင့် အကျိုးကုသိုလ် ချီးမြှင့်ရန်အတွက် ဖြစ်ပေသည်။ ဇကန်စင်စစ် ထိုအရှင်မြတ်သည် ငြင်းပယ်သူတို့ကို နှစ်သက်တော် မမူပေ။

၄၆။ ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် ဤအချက်လည်း ပါဝင်ပေသည်။ အရှင်မြတ်သည် လေအား ရှေ့ပြေးသတင်းကောင်းအဖြစ် လည်းကောင်း၊ အသင်တို့အား မိမိ၏ကရုဏာတော်ကို မြည်းစမ်းစေရန်အတွက် လည်းကောင်း၊ သင်္ဘောများသည် အရှင်မြတ်၏ အမိန့်တော်ဖြင့် သွားလာနိုင်ကြရန် အတွက်လည်းကောင်း၊ အသင်တို့သည် အရှင်မြတ်၏ ကျေးဇူးရိကျွာကို ရှာဖွေကြရန်အတွက်လည်းကောင်း၊ အသင်တို့သည် ကျေးဇူးသိတတ်ကြရန်အတွက်လည်း ကောင်း စေလွှတ်တော်မူသည်။ **၄၇။** ဇကန်စင်စစ် ငါအရှင်သည် အသင့်ထက် အလျင်က ရဂုလ်တမန်တော်များကို သူတို့၏ အမျိုးသားများထံသို့ စေလွှတ်တော် မူခဲ့သည်။ သို့ဖြစ်ရာ ထိုတမန်တော်များသည် သူတို့ထံသို့ ထင်ရှားသော သက်သေ လက္ခဏာတော်များကို ယူဆောင်၍ ရောက်ရှိလာခဲ့ကြသည်။ ထို့နောက် ငါအရှင် သည် ပြစ်မှုဒုစရိုက်ကျူးလွန်သူတို့ကို လက်စားချေတော်မူခဲ့သည်။ ယုံကြည်သူတို့ကို ကူညီစောင်မရန်မှာ ငါအရှင်၏ တာဝန်ပင် ဖြစ်သည်။

၄၈။ အလွှာဟ်သည်ပင် လေများကို စေလွှတ်တော်မူသောအရှင် ဖြစ်ပေသည်။ ထိုအခါ ယင်းလေများသည် မိုးတိမ်များကို သယ်ဆောင်သွားကြသည်။ တစ်ဖန် အလွှာဟ်သည် မိမိအလိုတော်ရှိသည့်အတိုင်း ယင်းမိုးတိမ်ကို မိုးကောင်းကင်တွင် ဖြန့်ကျက်တော်မူသည်။ ထို့နောက် ယင်းမိုးတိမ်ကို အထပ်ထပ် ပြုလုပ်တော်မူလေသည်။ ထို့နောက် ယင်းမိုးတိမ်များ၏အကြားမှ မိုးရေကျလာသည်ကို အသင်တွေ့မြင်ရလေသည်။ ထို့နောက် အရှင်မြတ်သည် ယင်းမိုးရေကို မိမိ၏ အစေတော်များအနက်မှ အလိုရှိသူထံသို့ ပို့ဆောင်ပေးလိုက်သောအခါ ထိုသူတို့

သည် ချက်ချင်းပင် ပျော်ရွှင်သွားကြလေတော့သည်။ **၄၉။** စင်စစ်တွင် သူတို့သည် ထိုမိုးမရွာမီ၊ ပျော်ရွှင်မှုမဖြစ်မီအလျင်က မျှော်လင့်ချက်ကင်းမဲ့သူများ မုချ ဖြစ်ခဲ့ကြပေသည်။ **၅၀။** အလွှာဟ်ကရုဏာတော်၏ အမှတ်လက္ခဏာများကို အသင်ကြည့်ပါလေ။ အရှင်မြတ်သည် သေပြီးသားမြေကို မည်ကဲ့သို့ ပြန်လည်ရှင်သန်စေပါသနည်း။ ဇကန်စင်စစ် ထိုအရှင်မြတ်သည်ပင် သူသေများကို ပြန်ရှင်စေတော်မူမည့်အရှင် ဖြစ်သည်။ ထိုအရှင်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။ **၅၁။** အကယ်၍ ငါအရှင်သည် လေတစ်မျိုးကို စေလွှတ်တော်မူ၍၊ ယင်းလယ်ယာသည် ဂါသွားသည်ကို သူတို့ တွေ့မြင်ခဲ့ကြလျှင် ထို့နောက်တွင် သူတို့သည် မုချ ငြင်းပယ်ကြပေမည်။ **၅၂။** သို့ဖြစ်ရာ အသင်သည် သူသေများကို ကြားစေနိုင်မည်မဟုတ်ပေ။ နားပင်းသူတို့ကိုလည်း သူတို့ ကျောခိုင်းလှည့်ထွက်သွားကြသည့်အခါ မိမိ၏ဟစ်ခေါ်သံကို ကြားစေနိုင်သည်မဟုတ်ပေ။ **၅၃။** ထို့အတူ အသင်သည် မျက်ကန်းများကို သူတို့၏ လမ်းလွဲမှမှ ထုတ်ဆောင်၍ လမ်းမှန်ညွှန်ပြနိုင်မည်မဟုတ်။ အသင်သည် ငါအရှင်၏ အာယသ်တော်များကို ယုံကြည်သူကိုသာလျှင် ကြားစေနိုင်ပေသည်။ သို့ဖြစ်ရာ ထိုသူတို့သာလျှင် အမိန့်နာခံသူများ ဖြစ်ကြပေသည်။

၅၄။ အလွှာဟ်သည်ပင် အသင်တို့ကို ချည့်နဲ့ရာမှ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် ယင်းချည့်နဲ့မှု၏နောက်တွင် အင်အားကို ချီးမြှင့်တော်မူသည်။ တစ်ဖန် ယင်းအင်အား၏နောက်တွင် ချည့်နဲ့မှုနှင့် အိုမင်းရင့်ရော်မှုကို ဖြစ်ပေါ်စေတော်မူသည်။ အရှင်မြတ်သည် အလိုရှိရာကို ဖန်ဆင်းတော်မူသည်။ ထိုအရှင်သည် အကြွင်းမဲ့ သိတော်မူသောအရှင်၊ အရာရာ စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်ပေသည်။ **၅၅။** ကိယာမသ် ဆိုက်ရောက်လာသည့်နေ့တွင် ပြစ်မှုဒုစရိုက်ကျူးလွန်သူတို့က မိမိတို့သည် တစ်နာရီထက်ပို၍ နေခဲ့ကြသည်မဟုတ်ဟုကျိန်ဆိုပြီး ပြောကြလိမ့်မည်။ ဤနည်းအတိုင်းပင် သူတို့သည် လှည့်စားခြင်းခံခဲ့ကြရလေသည်။ **၅၆။** အသိပညာနှင့် အီမာန်ပုံကြည်ချက် ချီးမြှင့်ထားခြင်းခံရသူတို့ကမူဤသို့ ပြောကြလေသည်။ ဇကန်စင်စစ် အလွှာဟ်၏ မှတ်တမ်းတော်တွင် သင်တို့သည် ပြန်လည်ရှင်ပြန်ထမည့်နေ့တိုင်အောင် နေခဲ့ကြပေသည်။ သို့ဖြစ်ရာ ဤသည်ပင် ပြန်လည်ရှင်ပြန်ထသည့်နေ့ ဖြစ်ပေသည်။ သို့သော် အသင်တို့ မသိရှိခဲ့ကြပေ။

၅၇။ ထိုနေ့တွင် မတရားမှုကျူးလွန်ခဲ့ကြသူများကို သူတို့၏ အကြောင်းပြချက်သည် အကျိုးပေးလိမ့်မည်မဟုတ်သည့်အပြင် သူတို့သည် တောင်းပန်ဖို့အတွက်လည်း ပြောဆိုခြင်း ခံကြရလိမ့်မည်မဟုတ်ပေ။

၅၈။ ဇကန်စင်စစ် ငါအရှင်သည် ဤကုရ်အာန်ကျမ်းတွင် လူတို့အဖို့ ဥပမာပုံဆောင်ချက် အမျိုးစုံကို တင်ပြထားတော်မူသည်။ အကယ်၍ အသင်သည် သူတို့ထံသို့ သက်သေလက္ခဏာတစ်စုံတစ်ရာ ယူဆောင်လာခဲ့လျှင်လည်း မယုံကြည်ကြသောသူတို့က "အသင်တို့သည် အမှားပေါ်တွင် ရှိနေကြသူများသာ ဖြစ်ကြသည်"ဟု ပြောဆိုကြပေမည်။ **၅၉။** ဤနည်းအတိုင်းပင် ငါအရှင်သည် အသိတရားမရှိသောသူတို့၏ စိတ်နှလုံးများပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူပေသည်။ **၆၀။** သို့ဖြစ်ရာ အသင်သည် ခွန်အီတရားလက်ကိုင်ထားပါလေ။ ဇကန်စင်စစ် အလ္လာဟ်၏ ကတိတော်သည် မှန်ကန်သည်ဖြစ်ရာ မယုံကြည်သောသူတို့ကြောင့် အသင်သည် သည်းမခံနိုင်သောအဖြစ်မျိုးကို မရောက်စေပါနှင့်။

၃၁။ စူရဟ် လွတ္တမာန်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလစ်ဖ်၊ လာမ်၊ မီမ်။ **၂။** ဤသည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော ကျမ်းဂန်၏ အာယသ်တော်များ ဖြစ်သည်။ **၃။** ကောင်းမှုပြုလုပ်သူတို့အဖို့ တရားလမ်းညွှန်နှင့် ကရုဏာတော် ဖြစ်ပေသည်။ **၄။** ယင်းကောင်းမှုပြုလုပ်သူတို့ဟူသည် စွာလာသ်ဆောက်တည်ကြသည်။ ဇကားသ်ပေးဆောင်ကြသည်။ သူတို့သည် နောင်တမလွန်ကို ယုံကြည်ကြသည်။ **၅။** ဤသူများသည် မိမိတို့အရှင်မြတ်၏ ဖြောင့်မတ်သောလမ်းပေါ်တွင် ရှိကြသည်၊ ထို့ပြင် ဤသူများသာ အောင်မြင်မှုရရှိသူများ ဖြစ်ကြသည်။

၆။ လူတို့တွင် အချို့သူများသည် ဘာအသိပညာမျှ မရှိဘဲ အခြားသူများကို အလ္လာဟ်၏လမ်းတော်မှ လွှဲဖယ်စေရန်အတွက်လည်းကောင်း၊ လှောင်ပြောင်ရန်အတွက်လည်းကောင်း အချည်းနှီး အကျိုးမရှိသောစကားရပ်များကို ဝယ်ယူကြ

လေသည်။ ဤသို့သောသူများအတွက် သေးသိမ်စေမည့် ပြစ်ဒဏ်ရှိသည်။ **၇။** ၎င်းအပေါ်၌ ငါအရှင်မြတ်၏ မုကွပါဠိတော်များကို ဖတ်ကြားပြသခြင်း ခံရသည့်အခါ သူသည် မကြားသည့်ဟန်ဖြင့်၊ နားလေးသည့်ဟန်ဖြင့် မာနထောင်လွှားလျက် လှည့်ထွက်သွားသည်။ သို့ရှိရာ သူ့ကို နာကျင်ဖွယ်ပြစ်ဒဏ် ခံစားရမည့်အကြောင်း သတင်းကောင်းပါးလိုက်ပါ။ **၈။** ဇကန်အမှန် ယုံကြည်သက်ဝင်ပြီးလျှင် ကောင်းမှုများ ကျင့်မူခဲ့သူများအတွက် စည်းစိမ်အပြည့်ရှိသော ဥယျာဉ်များ မုချ ရှိပေသည်။ **၉။** ထိုထဲတွင် သူတို့သည် ထာဝရနေကြရမည်။ ဤသည် အလွှာဟ်၏ နိုင်မာသော ကတိဖြစ်သည်။ အရှင်မြတ်သည် အလွန်နိုင်နင်းလှမ်းမိုးတော်မူသော၊ အလွန်အမြော်အမြင် ကြီးတော်မူသော အရှင်ဖြစ်သည်။

၁၀။ အလွှာဟ်သည် အသင်တို့မြင်ကြရသောတိုင်များ မပါဘဲနှင့် မိုးကောင်းကင်များကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် မြေပထဝီသည် အသင်တို့နှင့် ယှဉ်မမနေစရန်အတွက် အရှင်မြတ်သည် မြေပထဝီတွင် ခိုင်မြဲသောတောင်များကို စိုက်ထူထား တော်မူသည်။ ထို့ပြင် ယင်းမြေပထဝီတွင် သက်ရှိသတ္တဝါမျိုးစုံကိုလည်း ဖြန့်ကျက် ထားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် မိုးပေါ်မှ ရေကို ချပေးတော်မူသည်။ ထို့နောက် မြေကြီးမှ ကောင်းသည့်အရာ အမျိုးအစားတိုင်းကို ပေါက်စေတော်မူ သည်။ **၁၁။** ဤသည် အလွှာဟ်၏ ဖန်ဆင်းမှုဖြစ်သည်။ အလွှာဟ် အပြင် ကျန်သည့်သူများသည် ဘာများဖန်ဆင်းထားသနည်းဟူသည်ကို ငါ့အားပြ ကြကုန်။ အမှန်တွင် မတရားမှု ကျူးလွန်သူများသည် ထင်ရှားသော လမ်းမှားမှု၌ ရှိနေပေသည်။

၁၂။ ငါအရှင်မြတ်သည် လွတ္တမာန်ကို အမြော်အမြင် ချီးမြှင့်တော်မူခဲ့သည်။ (ထို့နောက်ငင်းအား မိန့်တော်မူသည်။) သင်သည် အလွှာဟ်ကို ကျေးဇူးတင်ပါ။ ကျေးဇူးတင်သူသည် မိမိအဖို့သာ ကျေးဇူးတင်ခြင်းဖြစ်သည်။ မည်သူမဆို ကျေးဇူးကန်းပါမူ အလွှာဟ်သည် လိုလားတောင့်တမှုကင်းတော်မူသော၊ ချီးမွမ်းခြင်း ခံထိုက်တော်မူသော အရှင်ဖြစ်သည်။ **၁၃။** တစ်ခါတွင် လွတ္တမာန်သည် မိမိ၏ သား အား ဆုံးမသောအားဖြင့် မိန့်ကြားသည်။ အို-ငါ့သား၊ အလွှာဟ်နှင့်အတူ အခြား အရာကို တွဲဖက်ကိုးကွယ်ခြင်း မပြုလေနှင့်။ ဇကန်စင်စစ် အလွှာဟ်နှင့် အခြား အရာကို တွဲဖက်ပြုခြင်းသည် ကြီးမားသောမတရားမှု ဖြစ်သည်။

၁၄။ ထို့ပြင် ငါအရှင်မြတ်သည် လူသားကို သူ့မိဘနစ်ပါးနှင့် ပတ်သက်၍ မှာကြားတော်မူခဲ့သည်။ သူ၏မိခင်သည် ချည့်နဲ့ချည့်နဲ့မှုအပေါ် ချည့်နဲ့ချည့်နဲ့မှုကို ခံစားခဲ့ရပြီး သူ့ကို ဝမ်းတွင်းမှာထားခဲ့သည်။ ထို့နောက် နှစ်နှစ်အတွင်းမှာ သူနို့ပြတ်သည်။ အသင်သည် ငါအရှင်မြတ်ကို ကျေးဇူးတင်လော့။ ထို့ပြင် မိမိမိဘနစ်ပါးကိုလည်း ကျေးဇူးတင်လော့။ ငါအရှင်မြတ်ထံသို့ပင် အသင်တို့ ပြန်လှည့်လာရမည်။ **၁၅။** အကယ်၍ အသင်မသိသော အရာတစ်ခုကို ငါအရှင်နှင့် တွဲဖက်ကိုးကွယ်ရန် ယင်း မိဘနစ်ပါးက သင့်အား အတင်းအကျပ် ခိုင်းစေလာလျှင် သင်သည် ၎င်းတို့၏ အမိန့်ကို မနာခံလေနှင့်။ သို့သော် လောကတွင် သူတို့နှစ်ဦးနှင့် ကောင်းစွာဆက်ဆံပါလေ။ ထို့ပြင် သင်သည် ငါအရှင့်ဘက်ကို လှည့်သောသူ၏ လမ်းကိုလိုက်ပါ။ ထို့နောက် သင်တို့အားလုံးသည် ငါအရှင့်ထံပါးသို့ လှည့်လာရမည်။ ထိုအခါ အသင်တို့ လုပ်ဆောင်ခဲ့သည်များနှင့်ပတ်သက်၍ ငါအရှင်သည် သင်တို့အား အသိပေးတော်မူမည်။

၁၆။ အို-ချစ်သား၊ မုန်ညင်းစေ့ခန့်မျှသာရှိသော အရာတစ်ခုသည် ကျောက်တုံးတစ်တုံးထဲတွင် ရှိနေသည်ဖြစ်စေ၊ သို့မဟုတ် မိုးကောင်းကင်များ၌ ရှိနေသည်ဖြစ်စေ၊ သို့မဟုတ် မြေပထဝီ၌ရှိနေသည်ဖြစ်စေ အလ္လာဟ်သည် ထိုအရာကို ယူဆောင်လာတော်မူမည်။ မုချဇကန် အလ္လာဟ်သည် အလွန်သိမ်မွေ့တော်မူသော၊ အကြွင်းမဲ့သိမြင်တော်မူသောအရှင် ဖြစ်သည်။ **၁၇။** အို-ချစ်သား၊ စွဲလမ်းသ်ဆောက်တည်ပါ။ ကောင်းသောကိစ္စနှင့်ပတ်သက်၍ ဆုံးမပါ။ မကောင်းမှုမှ တားမြစ်ပါ။ ကြုံရသည့်ဒုက္ခအပေါ် သည်းခံပါ။ ဤသည် အမှန်ပင် ဇွဲလုံ့လနှင့်ဆိုင် သောကိစ္စများအနက်မှ ဖြစ်သည်။ **၁၈။** ထို့ပြင် လူတို့ရှေ့တွင် (မာနကြောင့်) မျက်နှာကြောတင်းမထားနှင့်။ မြေပြင်ပေါ်တွင် ထောင်လွှားး၍ မလျှောက်နှင့်။ အမှန်စင်စစ် အလ္လာဟ်သည် မည်သည့် မာနထောင်လွှားသူကိုမျှ၊ ဂုဏ်မောက်သူကိုမျှ နှစ်သက်တော်မမူပေ။ **၁၉။** ထို့ပြင် လမ်းလျှောက်ရာတွင် အလယ်အလတ်ကို ရွေးချယ်ပါ။ ထို့ပြင် အသင့်အသံကို နိမ့်ချထားပါ။ စင်စစ်ဇကန် အဆိုးဝါးဆုံး အသံသည် မြည်း၏အသံဖြစ်သည်။

၂၀။ အသင်တို့ မတွေ့မြင်ကြသလော။ အလ္လာဟ်သည် မိုးကောင်းကင်များတွင် ရှိသောအရာများနှင့် မြေပထဝီတွင် ရှိသောအရာများကို အသင်တို့

အား အလုပ်အကျွေး ပြုစေတော်မူခဲ့သည်။ မိမိ၏ အတွင်းအပြင် စည်းစိမ်များကို သင်တို့အပေါ် ဖောဖောသီသီ ပေးတော်မူခဲ့သည်။ လူတို့ထဲတွင် အသိပညာလည်း မရှိ၊ လမ်းမှန်တရားလည်းမရှိ၊ ထွန်းလင်းသော ကျမ်းဂန်လည်းမရှိဘဲ အလွှာဟ်နှင့် အငြင်းအခုံ ပြုသူများလည်း ရှိကြသည်။ **၂၁။** ထို့ပြင် သူတို့အား "သင်တို့သည် အလွှာဟ်ချပေးတော်မူထားသောအရာကို လိုက်နာကြကုန်"ဟု ပြောသောအခါ ၎င်းတို့က "မဟုတ်၊ ကျွန်ုပ်တို့သည် မိမိတို့၏ ဘိုးဘေးများကို တွေ့ခဲ့သည့်အတိုင်းသာ လိုက်နာကြမည်"ဟု ပြောကြသည်။ ရှိုင်သွာန်သည် ၎င်းတို့အား တောက်လောင်နေသော ပြစ်ဒဏ်ဘက်သို့ ဖိတ်ခေါ်လျှင်လည်း (သူနောက်ကို လိုက်ကြမည်လော။)

၂၂။ မည်သူမဆို အမိန့်နာခံလျက် မိမိ၏မျက်နှာကို အလွှာဟ်ဘက်သို့ မူလိုက်မည်။ ထို့ပြင် ကောင်းမှုသီလ ကျင့်ဆောင်သူလည်း ဖြစ်မည်ဆိုလျှင် သူသည် ခိုင်မြဲသောကြိုးကို ကိုင်လိုက်သည်မည်၏။ ကိစ္စတိုင်း၏ နိဂုံးသည် အလွှာဟ်ဘက်သို့သာ ရောက်ရှိမည်။ **၂၃။** မည်သူမဆို ငြင်းဆန်ပါမူ ထိုသူ၏ ငြင်းဆန်မှုသည် အသင့်ကို သောကမရောက်စေပါနှင့်။ သူတို့သည် ငါအရှင်မြတ်ထံ ပြန်လှည့်လာရမည်။ ထိုအခါ ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ငါအရှင်သည် ၎င်းတို့အား သတင်းပေးတော်မူမည်။ မုချဇကန် အလွှာဟ်သည် နလုံးများတွင် ရှိသော အရာများကို အကြွင်းမဲ့ သိတော်မူသည်။ **၂၄။** ငါအရှင်သည် ၎င်းတို့အား အချိန်အနည်းငယ်ထိ အကျိုးခံစားစေမည်။ ထို့နောက်တွင် သူတို့အား ပြင်းထန်သော ပြစ်ဒဏ်ဘက်သို့ အတင်းဆွဲယူလာတော်မူမည်။

၂၅။ အကယ်၍ အသင်သည် သူတို့အား "မိုးကောင်းကင်များနှင့် မြေပထဝီကို မည်သူဖန်ဆင်းသနည်း"ဟု မေးမြန်းပါလျှင် သူတို့က "အလွှာဟ်ဖြစ်သည်"ဟု မုချဖြေကြလိမ့်မည်။ အသင်ပြောပါ။ ချီးမွမ်းထောမနာအလုံးစုံသည် အလွှာဟ်အတွက်သာ ဖြစ်သည်။ သို့သော်လည်း သူတို့အနက် အများစုသည် မသိကြပေ။ **၂၆။** မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသည် အလွှာဟ်၏ ပိုင်ဆိုင်မှုသာ ဖြစ်သည်။ ဇကန်အမှန် အလွှာဟ်သည် လိုလားတောင့် တမှုကင်းမဲ့ တော်မူသော၊ ချီးမွမ်းထိုက်တော်မူသော အရှင်ဖြစ်သည်။ **၂၇။** အကယ်၍ မြေပြင်တွင်ရှိသမျှသော အပင်များသည် ကလောင်တံဖြစ်သွားပြီး သမုဒ္ဒရာသည် နောက်ထပ် သမုဒ္ဒရာခုနစ်ခုနှင့်အတူ မင်ရည်ဖြစ်သွားလျှင်လည်း အလွှာဟ်၏ စကားတော်များသည် (ရေးလို့)

ကုန်ဆုံးမည် မဟုတ်ပေ။ မုချဇကန် အလွှာဟ်သည် အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်သည်။

၂၈။ သင်တို့အားလုံးကို ဖန်ဆင်းခြင်း၊ ပြန်ရှင်ထအောင် လုပ်ခြင်းသည် လူတစ်ဦးတည်းကို လုပ်ရသကဲ့သို့ပင် ဖြစ်သည်။ ဇကန်စင်စစ် အလွှာဟ်သည် အလွန်ကြားတော်မူသော၊ အလွန်သိမြင်တော်မူသော အရှင်ဖြစ်သည်။ **၂၉။** အသင်မမြင်သလော၊ အလွှာဟ်သည် ညဉ့်ကို နေ့ထဲတွင် ထည့်ပြီး နေ့ကို ညဉ့်ထဲတွင် ထည့်တော်မူသည်။ ထို့ပြင် နေ၊ လတို့ကို ထိန်းချုပ် ခိုင်းစေထားသည်ဖြစ်ရာ အားလုံးသည် သတ်မှတ်ထားသော အချိန်တစ်ချိန်ဆီသို့ သွားလျက်ရှိသည်။ ထို့ပြင် အလွှာဟ်သည် အသင်တို့၏ လုပ်ဆောင်မှုဟူသရွေ့ကို သိတော်မူသည်။ **၃၀။** ထိုသို့ဖြစ်ရခြင်းမှာ အလွှာဟ်သည် မှန်ကန်သောကြောင့်ဖြစ်ပြီး အလွှာဟ်ကို စွန့်၍ လူတို့ ဟစ်ခေါ်တသနေသောအရာများသည် မှားသောကြောင့် ဖြစ်သည်။ ထို့ပြင် အလွှာဟ်သည် လွန်စွာမြင့်မားတော်မူသော၊ ကြီးကျယ်တော်မူသောအရှင် ဖြစ်သောကြောင့် ဖြစ်သည်။

၃၁။ အသင်မမြင်သလော။ သဒော်သည် ပင်လယ်ထဲတွင် အလွှာဟ်၏ ကျေးဇူးတော်ဖြင့် သွားလျက်ရှိသည်။ အရှင်မြတ်သည် အသင်တို့အား မိမိ၏ လက္ခဏာတော်အချို့ကို ပြသရန်အတွက် ဖြစ်သည်။ ဇကန်စင်စစ် သည်းခံမြဲမြံသူများအဖို့၊ ကျေးဇူးသိတတ်သူများအဖို့ ဤတွင် လက္ခဏာများ မုချရှိပေသည်။ **၃၂။** တိမ်တိုက်ပမာ လှိုင်းလုံးများသည် ၎င်းတို့အပေါ် လွှမ်းမိုးသွားသောအခါ ၎င်းတို့သည် အလွှာဟ်တစ်ပါးတည်းကိုသာ ယုံကြည်လျက် အရှင်မြတ်အား ဟစ်အော်တသကြသည်။ ထို့နောက် အရှင်မြတ်က ၎င်းတို့ကို ကယ်တင်၍ ကုန်းမြေဘက်သို့ ပို့ပေးတော်မူလိုက်သောအခါ သူတို့အနက် အချို့ကတော့ မျှတမှုပေါ်တွင် ရှိကြသည်။ (ကျန်သောသူများမှာ ရှရိုက်လုပ်ကြတော့သည်။) ငါအရှင်မြတ်၏ လက္ခဏာတော်များကို ငြင်းဆန်သောသူများမှာ ကတိမတည်သူများ၊ ကျေးဇူးကန်းသူများသာ ဖြစ်ကြသည်။

၃၃။ အို-လူတို့၊ မိမိတို့အရှင်ကို ကြောက်ရွံ့ကြကုန်။ ထို့ပြင် မည်သည့် ဖခင်မှ မိမိ၏သားအတွက် အစားပေးနိုင်မည်မဟုတ်သော၊ မည်သည့် သားကမျှ လည်း မိမိ၏ဖခင်အတွက် အစားပေးနိုင်မည်မဟုတ်သော နေ့ကိုလည်း ကြောက်ကြ

ကုန်။ ဧကန်မုချ အလ္လာဟ်၏ကတိတော်သည် မှန်လှပေသည်။ သို့ဖြစ်ရာ လောကီ ဘဝသည် သင်တို့အား မလှည့်စားမိစေနှင့်။ ထို့ပြင် အကြီးမားဆုံး လှည့်စား သူ (ရှိုင်သွာန်) သည်လည်း သင်တို့အား အလ္လာဟ်နှင့် ပတ်သက်၍ မလှည့်စားစေနှင့်။ ဧကန်စင်စစ် ပြန်ရှင်ထမည့်နေ့၏အသိသည် အလ္လာဟ်ထံတွင်သာ ရှိပေသည်။ အရှင်မြတ်ကသာ မိုးကို ရွာသွန်းစေတော်မူသည်။ ထိုအရှင်မြတ်သည် သားအိမ် အတွင်း၌ ရှိသည့်အရာကို သိတော်မူသည်။ မနက်ဖြန် ဘာကို ရှာဖွေဆည်းပူးမည် နည်းဟူသည်ကိုလည်း မည်သူမျှ မသိပေ။ မည်သည့်မြေတွင် သေဆုံးမည်ကို လည်း မည်သူမျှ မသိပေ။ အမှန်စင်စစ် အလ္လာဟ်သည်သာ အလွန်သိတော်မူသော၊ အလုံးစုံကို သိတော်မူသောအရှင်ဖြစ်သည်။

၃၂။ စူရဟ် စဂျ်ဒဟ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလိဖ် လာမ် မီးမ်။ **၂။** ဤသည် လောကခပ်သိမ်း၏အရှင့် ဘက်တော်မှ ချပေး ခြင်းခံရသော ကျမ်းဖြစ်သည်။ ယင်း၌ သံသယ ဖြစ်ဖွယ်မရှိပေ။ **၃။** တမန်တော်က ယင်းကျမ်းကို လီဆယ်လုပ်ကြံလိုက်သည်ဟု ၎င်းတို့က ပြောကြသလော။ ထိုသို့မဟုတ်၊ အမှန်တွင် ဤသည် အသင့်အရှင်မြတ်ထံတော်မှ အမှန်တရားဖြစ်သည်။ အသင့်အလျင်က မည်သည့် သတိပေးနှိုးဆော်သူမျှ ရောက် လာခဲ့ခြင်း မရှိသော အုပ်စုအား သတိပေးနှိုးဆော်ရန်အတွက်ဖြစ်သည်။ ၎င်းတို့ လမ်းမှန်ရရှိစေဖို့အတွက် ဖြစ်ပေသည်။

၄။ အလ္လာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကိုလည်းကောင်း၊ ယင်းနှစ်ခုကြားရှိ အရာများကို လည်းကောင်း ခြောက်ရက်အတွင်း ဖန်ဆင်းတော်မူ ခဲ့သည်။ ထို့နောက် အရှင်မြတ်သည် အရရှိတော်ပေါ်၌ စံမြန်းတော်မူသည်။ ထိုအရှင်မြတ်မှတစ်ပါး အသင်တို့အတွက် ကူညီစောင်မမည့်သူလည်းမရှိ။ ကြားဝင် အသနားခံပေးမည့်သူလည်းမရှိ။ သို့တိုင်အောင် သင်တို့သည် တရားမရယူကြ သလော။ **၅။** အရှင်မြတ်သည် မိုးမှ မြေအထိ ကိစ္စတိုင်းကို စီစဉ်တော်မူသည်။ ထို့

နောက် ယင်းကိစ္စသည် အသင်တို့၏ ရေတွက်ချက်အရ နှစ်တစ်ထောင်နှင့်ညီမျှသော နေ့တစ်နေ့တွင် အရှင်မြတ်ထံသို့ ပြန်တက်လေသည်။ **၆။** ထိုအရှင်မြတ်သည် အကွယ်နှင့် မျက်မှောက်ကို သိတော်မူ သော၊ ဘုန်းတန်ခိုးနှင့် လွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာ တော်မူသော အရှင်ဖြစ်သည်။ **၇။** အရှင်မြတ်သည် ဖန်ဆင်းတော်မူလိုက်သည့်အရာတိုင်းကို ကောင်းမွန်စွာ ဖန်ဆင်းတော်မူခဲ့သည်။ အရှင်မြတ်သည် လူသားကို ရွှံ့စေးမှ စတင်ဖန်ဆင်းတော်မူခဲ့သည်။ **၈။** ထို့နောက် ယင်းလူသား၏မျိုးဆက်ကို သေးသိမ်သော အရည်၏ အနှစ်မှ ဖြစ်ပေါ်စေသည်။ **၉။** ထို့နောက် အရှင်မြတ်က ယင်းလူသား၏ အစိတ်အပိုင်းများကို သေချာစနစ်ကျအောင် ပြုတော်မူသည်။ ထို့နောက် သူ့ထဲတွင် ဝိညာဉ်ကို မှတ်သွင်းတော်မူသည်။ ထို့ပြင် သင်တို့အတွက် နား၊ မျက်လုံးများနှင့် နှလုံးကို ဖန်ဆင်းပေးတော်မူသည်။ သင်တို့သည် အနည်းငယ်သာ ကျေးဇူးတင်ကြသည်။

၁၀။ ၎င်းတို့ကပြောကြသည်၊ ကျွန်ုပ်တို့သည် မြေထဲတွင် ပျောက်ကွယ်သွားပြီးနောက် အစမှပြန်၍ ဖန်ဆင်းခြင်းခံရမည်လော။ အမှန်မှာ သူတို့သည် မိမိတို့၏အရှင်နှင့် တွေ့ဆုံရမည်ဟူသောအချက်ကို ငြင်းပယ်သူများ ဖြစ်ကြသည်။ **၁၁။** အသင်ပြောပါ၊ အသင်တို့အပေါ်တွင် ခန့်အပ်ခြင်းခံထားရသော သေမင်းတမန်သည် သင်တို့၏အသက်ကို နုတ်သိမ်းမည်။ ထို့နောက် သင်တို့သည် မိမိတို့၏ အရှင်မြတ်ထံသို့ လှည့်ပြန်ကြရပေမည်။ **၁၂။** အပြစ်ကျူးလွန်သူများသည် မိမိတို့၏ အရှင်မြတ်ထံပါးတွင် ခေါင်းငိုက်စိုက်ချလျက် "အို-ကျွန်တော်မျိုးတို့၏ အရှင်၊ ကျွန်တော်မျိုးတို့သည် မြင်ကြပါပြီ၊ ကြားကြပါပြီ၊ ထို့ကြောင့် ကျွန်တော်မျိုးတို့အား ပြန်လွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့သည် ကောင်းမှုသီလ ကျင့်ဆောင်ကြပါမည်၊ ကျွန်တော်မျိုးတို့သည် အမှန်တကယ် ယုံကြည်ကြပါပြီ"ဟု (ဧလျာက်ထားနေကြမည်ကို) အသင်တွေ့မြင်ရလျှင် ကောင်းလေစွ။ **၁၃။** အကယ်၍ ငါအရှင်မြတ်သည် အလိုရှိပါက တစ်ဦးတိုင်းကို လမ်းမှန်တရား ပေးတော်မူမည်။ သို့သော်လည်း ငါသည် ငရဲဘုံကို ဂျင်နီနှင့် လူသားတို့ဖြင့် မုချ ဖြည့်တော်မူမည်ဟူသော ငါအရှင်၏ အမိန့်တော်သည် အတည်ဖြစ်ခဲ့ပေပြီ။ **၁၄။** သို့ဖြစ်ရာ ဤနေ့နှင့် တွေ့ဆုံရမည်ကို အသင်တို့ မေ့ပစ်ခဲ့သည့်အတွက် ယခု မြည်းစမ်းကြလေကုန်။ ဇကေနစင်စစ် ငါအရှင်မြတ်သည်လည်း သင်တို့ကို မေ့ပစ်လိုက်ပြီဖြစ်ရာ သင်တို့သည် မိမိတို့၏

ပြုမူဆောင်ရွက်ချက်များကြောင့် ထာဝရပြစ်ဒဏ်ကို မြည်းစမ်းကြပေတော့။

၁၅။ ငါအရှင်မြတ်၏ မုကွပါဠိတော်များကို ယုံကြည်သူများမှာ ယင်းမုကွပါဠိတော်များဖြင့် သတိပေးခြင်းခံရသောအခါ ဦးချလျက် ကျသွားကြသူများ၊ မာနမထောင်လွှားဘဲ မိမိတို့အရှင်၏ သန့်ပြန့်စင်ကြယ်မှုကို မြွက်ဟကြသူများသာ ဖြစ်ကြသည်။ **၁၆။** ၎င်းတို့၏ နံဘေးများသည် အိပ်ရာများမှ ကင်းကွာလျက် ရှိကြသည်။ သူတို့သည် မိမိတို့အရှင်မြတ်ကို ကြောက်ရွံ့လျက်၊ မျှော်လင့်လျက် ဟစ်ခေါ်တသ ကြသည်။ ထို့ပြင်၎င်းတို့အား ငါအရှင်ချီးမြှင့်ထားသောအရာများမှ လှူဒါန်းကြသည်။ **၁၇။** ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များ၏ အစားအနေဖြင့် ငါအရှင်သည် ၎င်းတို့အဖို့ မျက်စိအေးမြစေမည့် အဘယ် အဘယ်အရာများ ဖုံးကွယ်ထားသည်ကို မည်သူမျှ မသိပေ။

၁၈။ သက်ဝင်ယုံကြည်သူသည် အမိန့်ဖီဆန်သူကဲ့သို့ ဖြစ်နိုင်ကောင်း သလော။ မတူညီနိုင်ကြပေ။ **၁၉။** အီမာန်ယုံကြည်ပြီးလျှင် ကောင်းမှုများ ကျင့်ဆောင်သူတို့အဖို့မှာကား ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များကြောင့် ၎င်းတို့သည် ဥယျာဉ်များ၌ အတည်တကျ နေရာထိုင်ခင်းများဖြင့် ဧည့်ခံခြင်းခံရမည်။ **၂၀။** အမိန့်ဖီဆန်သူများအဖို့မှာမူ နေရာထိုင်ခင်းသည် ငရဲဖြစ် မည်။ သူတို့သည် ထိုထဲမှ ထွက်ရန်ရည်ရွယ်သည့်အခါတိုင်း အထဲသို့ ပြန်လည် ပို့ဆောင်ခြင်း ခံရမည်။ ထို့ပြင် "သင်တို့ မဟုတ်မမှန်ဟု ငြင်းဆိုခဲ့သော ငရဲမီး၏ ပြစ်ဒဏ်ကို မြည်းစမ်းကြပေတော့" ဟု ၎င်းတို့အား ပြောခြင်းခံရမည်။ **၂၁။** ငါအရှင် မြတ်သည် ဤဖီဆန်သူများအား ၎င်းတို့ အမှန်တရားဘက်သို့ ပြန်လှည့်လာလိုလာငြား ကြီးလေးသောပြစ်ဒဏ် မတိုင်မီ သေးငယ်သောပြစ်ဒဏ်ကို အလျင် မြည်းစမ်းစေမည်။ **၂၂။** မိမိအရှင်မြတ်၏ မုကွပါဠိတော်များဖြင့် ဆိုဆုံးမမှု ခံရပြီး နောက် ယင်းမုကွပါဠိတော်များကို ဥပေက္ခာပြုသူထက် ပို၍ မတရားလုပ်သူ မည်သူ ရှိပါဦးမည်နည်း။ ငါအရှင်မြတ်သည် ဤသူများကို မုချ လက်စားချေတော်မူမည်။

၂၃။ ငါအရှင်မြတ်သည် မူစာကို ကျမ်းဂန်ချီးမြှင့်ခဲ့သည်။ သို့ဖြစ်ရာ သင်သည်လည်း ဤကျမ်းဂန် ရရှိခြင်းကို လုံးဝ သံသယ မဖြစ်နှင့်။ ငါအရှင်မြတ်သည် ယင်းကျမ်းဂန်ကို အိစရာအီလမျိုးနွယ်တို့အတွက် လမ်းညွှန်တရားအဖြစ် ပြုပေးတော်မူခဲ့သည်။ **၂၄။** ငါအရှင်မြတ်သည် ၎င်းတို့အနက် အချို့ကို သူတို့ သည်းခံမြဲမြံ

ခဲ့ကြသောအခါ ဤသို့သော ခေါင်းဆောင်များအဖြစ် ပြုတော်မူခဲ့သည်။ ယင်းခေါင်းဆောင်များသည် ငါအရှင်၏ အမိန့်တော်ဖြင့် လူတို့ကို လမ်းပြသည်။ ထို့ပြင် သူတို့သည် ငါအရှင်မြတ်၏ မုက္ခပါဠိတော်များကိုလည်း ယုံကြည်ကြသည်။ **၂၅။** ပြန်ရှင်ထရမည့်နေ့တွင် အသင့်အရှင်မြတ်သည် ၎င်းတို့ အကွဲအလွဲ ဖြစ်လျက်ရှိခဲ့သော ကိစ္စတွင် ၎င်းတို့အကြား၌ ဆုံးဖြတ်တော်မူမည်။ **၂၆။** ငါအရှင်မြတ်သည် သူတို့မတိုင်မီက အဘယ်မျှသောအုပ်စုတို့ကို ဖျက်ဆီးခဲ့သနည်း။ သူတို့ကိုယ်တိုင် ယင်းပျက်စီးခဲ့သူတို့၏ အိမ်ရာများတွင် သွားလာလျက်ရှိကြသည်။ ဤအချက်သည် သူတို့ကို တရားလမ်းမှန် မပြသလေသလော။ အမှန်ပင် ဤကိစ္စတွင် လက္ခဏာတော်များ ရှိသည်။ ဤသူတို့သည် မကြားကြသလော။

၂၇။ ၎င်းတို့ မတွေ့မြင်ကြသလော။ ငါအရှင်မြတ်သည် ရေကို ခြောက်သွေ့လျက်ရှိသော မြေဘက်သို့ မောင်းနှင်ယူဆောင်လာတော်မူပြီး ယင်းရေဖြင့် သူတို့၏တိရစ္ဆာန်များသည်လည်းကောင်း၊ သူတို့ကိုယ်တိုင်သည်လည်းကောင်း စားသုံးကြသည့် လယ်ယာများကို ပေါက်ရောက်စေတော်မူသည်။ ၎င်းတို့ မတွေ့မြင်ကြသလော။ **၂၈။** သူတို့က "အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင် ဤအဆုံးအဖြတ်သည် မည်သည့်အခါတွင် ဖြစ်မည်နည်း"ဟု ပြောခဲ့ကြသည်။ **၂၉။** အသင်ပြောပါ၊ ဆုံးဖြတ်သည့်နေ့ကျလျှင် သွေဖည်သူများအား ၎င်းတို့၏ ယုံကြည်လက်ခံမှုသည် အကျိုးပေးမည်မဟုတ်တော့ပေ။ ထို့ပြင် သူတို့သည် ဆိုင်းငံ့ခြင်းလည်း ခံကြရမည်မဟုတ်တော့ပေ။ သို့ရှိရာ သင်သည် ၎င်းတို့အား ဥပေက္ခာပြု၍ နေပါ။ ထို့နောက် စောင့်၍နေပါ။ သူတို့လည်း စောင့်နေကြသည်။

၃၃။ စူရပ်အဟ်ဇာဗ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အို-တမန်တော်၊ အလ္လာဟ်ကို ကြောက်ပါ။ သွေဖည်သူများနှင့် မွတ်စ်လင်မ်အယောင်ဆောင်များကို မနာခံလေနှင့်။ စင်စစ်ဇကာန် အလ္လာဟ်သည် အလွန်သိတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူ

သည်။ ၂။ ထို့နောက် အသင့်အရှင်မြတ်ထံပါးမှ သင့်ထံသို့ ဗျာဒိတ်တော် ချပေးသည့် အရာကိုသာ နောက်လိုက်မှုပြုပါ။ အလ္လာဟ်သည် သင်တို့၏ပြုမူဆောင်ရွက်ချက်များကို အကြွင်းမဲ့သိတော်မူသည်။ ၃။ ထို့ပြင် အလ္လာဟ်အပေါ် ယုံပုံအားကိုးပါ။ အလ္လာဟ်သည် ကူညီစောင့်ရှောက်တော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည်။

၄။ အလ္လာဟ်သည် မည်သည့်လူသား၏ ရင်ထဲမှာမျှ နှလုံးနှစ်ခုကို လုပ်ထားတော်မူခြင်းမရှိ။ ထို့ပြင် အသင်တို့က မိမိတို့၏ ဇနီးမိန်းမများအား "အသင်မသည် ငါ့အပေါ်တွင် ငါ၏မိခင်ကဲ့သို့ပင် ဖြစ်သည်"ဟု ပြော၍ ကိုယ့်အပေါ် ကိုယ် သင်တို့ တားမြစ်ပိတ်ပင်လိုက်သည့် သင်တို့၏ ဇနီးများကိုလည်း အရှင်မြတ်သည် သင်တို့၏ မိခင်(အရင်း) ဖြစ်သွားအောင် ပြုတော်မူသည်မဟုတ်ပေ။ ထို့အတူ သင်တို့၏ မွေးစားသားများကိုလည်း သင်တို့၏ သားအရင်းဖြစ်သွားအောင် ပြုလုပ်တော်မမူပေ။ ဤသည်တို့သည် သင်တို့၏ ပါးစပ်က စကားများသာ ဖြစ်သည်။ အလ္လာဟ်သည် အမှန်စကားကို ဆိုတော်မူပြီး တရားလမ်းမှန်ကိုသာ ပြတော်မူပေသည်။ ၅။ မွေးစား သားများကို သူတို့၏ဖခင်အရင်းအချာများနှင့် ဆက်နွယ်၍ ခေါ်ကြကုန်။ ဤသည် အလ္လာ့ဟ်ထံပါးတွင် ပို၍ တရားမျှတပေသည်။ အကယ်၍ သင်တို့သည် သူတို့၏ ဖခင်များကို မသိရပါမူ သူတို့သည် သင်တို့၏ (သာသနာ့) ညီနောင်များ၊ သင်တို့၏ မိတ်ဆွေများ ဖြစ်သည်။ သင်တို့သည် ရည်ရွယ်ချက်မပါဘဲမှား၍ပြုမိသော ကိစ္စပေါ်တွင် အပြစ်တစ်စုံတစ်ရာမရှိပေ။ သို့သော် အသင်တို့၏ စိတ်နှလုံးများက ရည်ရွယ်ပြီးလုပ်သောကိစ္စပေါ်တွင်မူ (အပြစ်ရှိသည်)။ အလ္လာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနားတော်မူသော အရှင်ဖြစ်သည်။

၆။ နဗီတမန်တော်၏ အခွင့်အရေးသည် မုအ်မင်နှ်များပေါ်တွင် သူတို့၏ အသက်များထက်ပင် သာပိုပေသည်။ နဗီတမန်တော်၏ ကြင်ရာများသည် သူတို့၏ မိခင်များဖြစ်သည်။ (အမွေဆက်ခံခွင့်တွင်) ဆွေမျိုးရင်းချာများသည် အလ္လာဟ်၏ ကျမ်းတော်အရ အခြားယုံကြည်သူများ၊ ရွှေ့ပြောင်းလာသူများထက်စာလျှင် အချင်းချင်း ပို၍ နီးစပ်ကြသည်။ သို့သော် သင်တို့သည် မိမိတို့မိတ်ဆွေများကို ကျေးဇူးပြုလိုက (မှာတမ်းခဲ့၍) ပြုနိုင်သည်။ ဤသည် ကျမ်းဂန်ထဲတွင် ရေးထားပြီး ဖြစ်သည်။

၇။ တစ်ခါတွင် ငါအရှင်မြတ်သည် နဗီတမန်တော်များထံမှလည်းကောင်း၊ အသင့်ထံမှလည်းကောင်း၊ နူးဟ်၊ အိဝ်ရာဟီမ်၊ မူစာ၊ မရ်ယမ်၏သားအဲစာတို့ထံမှလည်းကောင်း ကတိကဝတ် ရယူတော်မူခဲ့သည်။ ငါအရှင်မြတ်သည် ၎င်းတို့အားလုံးထံမှ ခိုင်မာသော ကတိပဋိညာဉ်ကို ယူတော်မူခဲ့သည်။ **၈။** အကြောင်းမှာ မှန်ကန်သောသူများကို သူတို့၏မှန်ကန်မှုနှင့် ပတ်သက်၍ မေးမြန်းရန်အလို့ငှာ ဖြစ်သည်။ အရှင်မြတ်သည် ငြင်းဆန်သွေဖည်သူများအတွက် နာကျင်ဖွယ်ပြစ်ဒဏ်ကို စီစဉ်ထားတော်မူသည်။

၉။ အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့အပေါ်၌ ရှိသော အလ္လာဟ်၏ကျေးဇူးတော်များကို သတိရကြကုန်။ တစ်ခါတွင် သင်တို့ထံ စစ်တပ်များ ချီတက်လာခဲ့ကြသည်။ ထိုအခါ ငါအရှင်သည် ၎င်းတို့အပေါ်တွင် လေပြင်းကို လည်းကောင်း၊ သင်တို့မတွေ့ရသော စစ်တပ်များကိုလည်းကောင်း စေလွှတ်တော်မူခဲ့သည်။ အလ္လာဟ်သည် သင်တို့ ပြုမူဆောင်ရွက်လျက်ရှိသောအရာများကို တွေ့မြင်နေတော်မူသည်။ **၁၀။** တစ်ခါတွင် စစ်တပ်များသည် သင်တို့၏အထက်ဘက်မှလည်းကောင်း၊ သင်တို့၏အောက်ဘက်မှ လည်းကောင်း ချီတက်လာခဲ့ကြသည်။ ထိုအခါ မျက်လုံးများသည် ပြူးကျယ်သွားခဲ့ကြသည်။ ထို့ပြင် နှလုံးများသည် လည်ချောင်းများသို့ ရောက်သွားခဲ့သည်။ ထို့နောက် သင်တို့သည် အလ္လာဟ်နှင့် ပတ်သက်၍ အမျိုးမျိုး ထင်မြင်ခဲ့ကြသည်။ **၁၁။** ထိုအချိန်က ယုံကြည်သူတို့သည် စမ်းသပ်ခံခဲ့ကြရသည်။ ပြင်းပြင်းထန်ထန် တုန်လှုပ်ခဲ့ကြသည်။

၁၂။ ထိုအချိန်တွင် မွတ်စ်လင်မ်အယောင်ဆောင်များနှင့် နှလုံးများတွင် ရောဂါရှိသူများက "ငါတို့အား အလ္လာဟ်နှင့် အလ္လာဟ်တမန်တော် ပေးထားသော ကတိသည် လှည့်ဖြားမှုသက်သက်သာဖြစ်သည်" ဟု ပြောခဲ့ကြသည်။ **၁၃။** ထိုအခိုက် သူတို့ထဲမှ အုပ်စုတစ်စုက ပြောသည်။ အို-ယဆ်ရိ၀်မြို့သားတို့၊ သင်တို့အတွက် ရပ်တည်စရာနေရာ မရှိတော့ပေ။ သို့ဖြစ်ရာ သင်တို့လှည့်ပြန်သွားကြတော့။ ထို့ပြင် သူတို့ထဲမှ အုပ်စုတစ်စုက တမန်တော်ထံတွင် မိမိတို့အိမ်သည် မလုံခြုံပါဟု ပြော၍ အခွင့်တောင်းကြသည်။ အမှန်တွင် ယင်းအိမ်တို့သည် မလုံခြုံသည်မဟုတ်ပေ။ **၁၄။** သူတို့သည် ထွက်ပြေးရန်သာ ကြံရွယ်ကြခြင်း ဖြစ်သည်။ အကယ်၍ မဒီနဟ်၏ ပတ်ပတ်လည်မှ ရန်သူများဝင်ပြီး သောင်းကျန်းဖျက်ဆီးရာတွင် ပါဝင်ရန်

သူတို့အား ဖိတ်ခေါ်ပါက သူတို့သည် အနည်းငယ်မျှသာ ဆိုင်းငံ့ပြီး ထိုထဲတွင် မုချ ပါဝင်လိုက်ကြပေလိမ့်မည်။ **၁၅။** သူတို့သည် ဤမတိုင်မီက "မိမိတို့သည် ကျောခိုင်း၍ ပြေးကြမည်မဟုတ်ပါ"ဟု အလ္လာဟ်ကို ကတိပေးထားခဲ့ကြသည်။ အလ္လာဟ်နှင့် ပြုထားသော ကတိနှင့် စပ်လျဉ်း၍ မေးမြန်းစစ်ကြောခြင်းခံရပေမည်။ **၁၆။** အသင်ပြောပါ၊ အကယ်၍ သင်တို့သည် သေခြင်းတရားမှ သို့မဟုတ် အသတ်ခံရခြင်းမှ ရှောင်ပြေးကြလျှင် ဤသို့ပြေးခြင်းသည် သင်တို့အတွက် မည်သို့မျှ အကျိုးထူးမည် မဟုတ်ပေ။ ထိုအခါကျလျှင် သင်တို့သည် ခဏသာ အကျိုးခံစားခွင့် ရကြမည်။ **၁၇။** အသင်ပြောပါ၊ အလ္လာဟ်သည် သင်တို့အား နစ်နာစေလိုလျှင် သို့မဟုတ် သင်တို့အား ကရုဏာပြုလိုလျှင် မည်သူက သင်တို့ကို အလ္လာ့ဟ်ထံမှ ကာကွယ်ပေးမည်နည်း။ သူတို့သည် မိမိတို့အဖို့ အလ္လာဟ်မှတစ်ပါး အခြားစောင့်ရှောက်မည့်အရှင်၊ ကူညီမည့်အရှင် တွေ့ကြမည်မဟုတ်ပေ။

၁၈။ သင်တို့အနက်မှ နှောင့်ယှက်ဟန့်တားသူများကိုလည်းကောင်း၊ မိမိတို့၏ ညီနောင်များအား ကျွန်ုပ်တို့ထံ လာပါဟု ပြောသူများကိုလည်းကောင်း အလ္လာဟ် သိတော်မူသည်။ သူတို့သည် တိုက်ပွဲသို့ အနည်းမျှသာ လာကြပေသည်။ **၁၉။** သူတို့သည် သင်တို့အပေါ် တွန့်တိုကြသည်။ သို့နှင့် ကြောက်မက်ဖွယ်ရာ ကြုံလာလျှင် ၎င်းတို့သည် သေခါနီးလူကဲ့သို့ သင်တို့အား မျက်ကလူးဆန်ပျာ ကြည့်နေကြသည်ကို သင်တို့တွေ့ကြရမည်။ ထို့နောက် စိုးရိမ်စရာပြယ်သွားသော အခါ သူတို့သည် ဥစ္စာလောဘတက်၍ သင်တို့ကို နတ်လျှာထက်ထက်နှင့် ပြောဆို တွေ့ဆုံကြသည်။ သူတို့သည် မယုံကြည်ခဲ့ကြသည့်အတွက် အလ္လာဟ်က သူတို့၏ လုပ်ဆောင်မှုများကို အချည်းနှီး ဖြစ်စေတော်မူလိုက်သည်။ ဤသည် အလ္လာဟ် အတွက် လွယ်ကူပေသည်။ **၂၀။** စစ်တပ်များသည် ယခုတိုင် မပြန်ကြသေးဟု သူတို့က ထင်မှတ်နေကြသည်။ အကယ်၍ စစ်တပ်များ ရောက်လာခဲ့ပါက သူတို့သည် ကျေးလက်ဒေသတွင် နေ၍ အသင်တို့အကြောင်းများကို မေးမြန်းနေကြလျှင် ကောင်းလေစွဟု တောင့်တကြမည်။ အကယ်၍ သူတို့သည် အသင်တို့နှင့်အတူ ရှိနေခဲ့ကြလျှင်လည်း အနည်းငယ်သာ တိုက်ခိုက်ကြမည်။

၂၁။ သင်တို့အနက် အလ္လာဟ်နှင့် နောင်တမလွန်ကို မျှော်လင့်၍ အလ္လာဟ်ကို မြားစွာသတိရတသသောသူအတွက် အလ္လာ့ဟ်တမန်တော်တွင်

ကောင်းသောစံနမူနာ ရှိပေသည်။ **၂၂။** ယုံကြည်သူတို့သည် စစ်တပ်များကို တွေ့သောအခါ ဤသည် အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်က ကျွန်ုပ်တို့ကို ကတိပြုထားသောအရာသာ ဖြစ်သည်။ အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်သည် မှန်ကန်လှပေသည်။ ဤမြင်ကွင်းသည် သူတို့၏ ယုံကြည်မှုနှင့် နာခံမှုကိုသာ တိုးပွားစေလိုက်သည်။ **၂၃။** ယုံကြည်သူတို့တွင် အလ္လာဟ်နှင့်ပြုထားသည့် မိမိတို့၏ ကတိကို ပြည့်ဝအောင် တည်သူများလည်း ရှိကြသည်။ သို့ရှိရာ သူတို့ထဲတွင် အချို့သည် မိမိတို့၏ အမိဋ္ဌာန်ကို ပြည့်ဝအောင် လုပ်ခဲ့ပေပြီ။ အချို့မှာမူ စောင့်ဆိုင်းနေလျက် ရှိကြသည်။ သူတို့သည် (မိမိတို့ရည်ရွယ်ချက်တွင်) အနည်းငယ်မျှ အပြောင်းအလဲမလုပ်ကြပေ။ **၂၄။** ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်သည် သစ္စာဝါဒီများကို သူတို့၏ သစ္စာတရား၏ အစားပေးရန်နှင့် အလိုတော်ရှိပါက မွတ်စ်လင်မ်အယောင်ဆောင်များကို ပြစ်ဒဏ်ခတ်တော်မူရန်၊ သို့မဟုတ် ၎င်းတို့၏ တောင်းပန်ဝန်ချမှုကို လက်ခံတော်မူရန်အလို့ငှာ ဖြစ်သည်။ ဇကာန်စင်စစ် အလ္လာဟ်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၂၅။ ထို့နောက် အလ္လာဟ်သည် သွေဖည်သူများအား ၎င်းတို့၏ ဒေါသနှင့်အတူတကွ ပြန်လှည့်စေတော်မူခဲ့သည်။ သို့ဖြစ်ရာ ၎င်းတို့သည် မည်သည့်ကောင်းခြင်းကိုမျှ မရခဲ့ကြပေ။ ထို့ပြင် အလ္လာဟ်သည် ယုံကြည်သူများဘက်မှနေ၍ တိုက်ခိုက်ရန် လုံလောက်တော်မူခဲ့သည်။ အလ္လာဟ်သည် အားအင်ကြီးမားတော်မူသော၊ အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်ဖြစ်သည်။ **၂၆။** ရန်သူများကို ကူညီခဲ့သော ကျမ်းရသူများကို အလ္လာဟ်သည် သူတို့၏ ရဲတိုက်များမှ ထွက်စေတော်မူခဲ့သည့်အပြင် သူတို့၏နလုံးများတွင် ကြောက်စိတ်ကို ထည့်တော်မူလိုက်သည်။ သင်တို့သည် သူတို့ထဲမှ အုပ်စုတစ်စုကို သတ်ဖြတ်သုတ်သင်ပြီး အုပ်စုတစ်စုကိုမူ ဖမ်းဆီးချုပ်နှောင်နေကြသည်။ **၂၇။** ထို့နောက် ၎င်းတို့၏ မြေကိုလည်းကောင်း၊ အိမ်ရာများကိုလည်းကောင်း၊ ဥစ္စာပစ္စည်းများကိုလည်းကောင်း၊ အသင်တို့ ခြေမချခဲ့ဖူးသည့် ၎င်းတို့၏ မြေကိုလည်းကောင်း အရှင်မြတ်သည် သင်တို့အား အမွေအဖြစ် ပေးတော်မူခဲ့သည်၊ အလ္လာဟ်သည် အရာတိုင်းကို တက်စွမ်းနိုင်တော်မူသော အရှင်ဖြစ်သည်။

၂၈။ အို-တမန်တော်၊ အသင့်ဇနီးများကို ပြောပါ၊ အကယ်၍ အသင်တို့

သည် လောကီဘဝကိုလည်းကောင်း၊ လောကီပကာသနကိုလည်းကောင်း လိုလားကြလျှင် လာကြကုန်၊ ငါသည် သင်တို့အား ဥစ္စာပစ္စည်းပေး၍ ကောင်းစွာ သွားခွင့်ပြုလိုက်မည်။ **၂၉။** အကယ်၍ အသင်တို့သည် အလွှာဟ်နှင့် အလွှာဟ် တမန်တော်ကိုလည်းကောင်း၊ နောင်တမလွန်ဌာနကို လည်းကောင်း လိုလားကြပါမူ အလွှာဟ်သည် အသင်မတို့ထဲက ကောင်းမှုသီလ ကျင့်ဆောင်သူများအတွက် ကြီးကျယ်သော အကျိုးကျေးဇူးများကို စီစဉ်ထားတော်မူသည်။ **၃၀။** အိုး-တမန်တော့်ဇနီးတို့၊ အသင်တို့ထဲက အရှက်ကင်းမဲ့မှုကို ပေါ်ပေါ်ထင်ထင် ကျူးလွန်သူကို အပြစ်ဒဏ်နှစ်ဆ ပေးခြင်းခံရမည်။ ဤသည် အလွှာဟ်အတွက် လွယ်ကူပေသည်။

★ **၃၁။** ထို့ပြင် သင်မတို့အနက် အလွှာဟ်နှင့် အလွှာဟ်တမန်တော်၏ အမိန့်ကို နာခံပြီး ကောင်းမှုပြုမူသူကို ငါအရှင်မြတ်သည် အကျိုးနှစ်ဆပေးတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် သူ့အဖို့ ဂုဏ်သိက္ခာရှိသော ရိကွာကို စီစဉ်ထားတော်မူသည်။ **၃၂။** အိုး-တမန်တော်၏ ဇနီးမိန်းမတို့၊ အသင်တို့သည် အခြားအမျိုးသမီးများကဲ့သို့ မဟုတ်ပေ။ အကယ်၍ အသင်တို့သည် အလွှာဟ်ကို ကြောက်ကြပါလျှင် နလုံးထဲတွင် ရောဂါရှိသူ(အခြားယောကျ်ားများ)က မက်ဆန္ဒ မထားရလေအောင် အသင်တို့၏ လေသံကို ကန့်ကလဲ့ မပြောကြလေနှင့်။ ထို့ပြင် အသင်တို့သည် ကောင်းသောစကားကို ဆိုကြပါ။

၃၃။ ထို့ပြင် အသင်တို့သည် မိမိတို့အိမ်တွင်းမှာ မြဲမြဲနေကြကုန်။ ရှေးယခင်အမိုက်ခေတ်ကအတိုင်း ခန္ဓာကိုယ်အလှကို ဖော်၍ အပြင်မထွက်ကြနှင့်။ ထို့ပြင် စွလာသ်ဝတ်ပြုကြကုန်၊ ဇကားသ်ဒါနကြေးပေးဆောင်ကြကုန်။ ထို့ပြင် အလွှာဟ်နှင့် အလွှာဟ်တမန်တော်၏ အမိန့်ကို နာခံကြကုန်။ အလွှာဟ်သည် သင်တို့အိမ်တော်သူ အိမ်တော်သားများထံမှ မစင်ကြယ်မှုကို ဖယ်ရှားပေးပြီး သင်တို့အား အပြည့်အဝ သန့်ပြန့်စေရန် လိုလားတော်မူသည်။ **၃၄။** ထို့ပြင် သင်မတို့၏ အိမ်များတွင် ဖတ်ကြားခြင်းခံရလျက်ရှိသော မုက္ခပါဠိတော်များ၊ အမြော်အမြင်များကို နာယူမှတ်သားကြကုန်။ ဇကန်မုချ အလွှာဟ်သည် အလွန်သိမ်မွေ့တော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်သည်။

၃၅။ ဇကန်စင်စစ် အမိန့်နာခံသူ အမျိုးသား အမျိုးသမီးများ၊ သက်ဝင်ယုံကြည်သူ အမျိုးသား အမျိုးသမီးများ၊ အလွှာဟ်အတွက် ရိုကျိုးသူ အမျိုးသား

အမျိုးသမီးများ၊ မုန်ကန်သူ အမျိုးသား အမျိုးသမီးများ၊ သည်းခံသူ အမျိုးသား အမျိုးသမီးများ၊ ကျိုးနွံသူ အမျိုးသား အမျိုးသမီးများ၊ အလှူဒါနပြုသူ အမျိုးသား အမျိုးသမီးများ၊ ဥပုသ်စောင့်သူ အမျိုးသား အမျိုးသမီးများ၊ မိမိတို့၏ အရှက် အင်္ဂါများကို ထိန်းသိမ်းကြသော အမျိုးသား အမျိုးသမီးများ၊ အလွှာဟ်ကို များစွာ သတိရတသူ အမျိုးသား အမျိုးသမီးများ၊ ယင်းသူတို့အားလုံးအတွက် အလွှာဟ် သည် ခွင့်လွှတ်ချမ်းသာမှုနှင့်၊ ကြီးကျယ်သော အကျိုးကျေးဇူး စီစဉ်ထားတော်မူ သည်။

၃၆။ အလွှာဟ်နှင့် အလွှာဟ်တမန်တော်က ကိစ္စတစ်ရပ်ရပ်တွင် အဆုံး အဖြတ်ပေးလိုက်လျှင် ယင်းကိစ္စတွင် မည်သည့် မုအ်မင်မ် အမျိုးသား အမျိုး သမီးအတွက်မျှ ရွေးချယ်ခွင့် မရှိတော့ပေ။ မည်သူမဆို အလွှာဟ်နှင့် အလွှာဟ် တမန်တော်ကို ဖီဆန်ပါက သူသည် ထင်ရှားသော လမ်းမှားမှု၌ ကျရောက်သွားပေပြီ။

၃၇။ တစ်ခါတွင် အလွှာဟ်ကျေးဇူးပြုထားသော၊ အသင်လည်း ကျေးဇူး ပြုထားသူကို အသင်က "သင်သည် မိမိဇနီးသည်ကို မပြတ်စဲဘဲ ဆက်ပေါင်းနေပါ၊ ထို့ပြင် အလွှာဟ်ကို ကြောက်ပါ"ဟု ပြောနေခဲ့သည်။ ထို့ပြင် သင်သည် အလွှာဟ်က ထုတ်ဖော်တော်မူမည့် ကိစ္စကို မိမိစိတ်ထဲတွင် ဖုံးကွယ်ထားခဲ့သည်။ ထိုမျှမက သင်သည် လူတို့ကို ကြောက်ခဲ့သည်။ အမှန်တွင် အလွှာဟ်အား ပို၍ပင် ကြောက်ရွံ့ ထိုက်သည်။ ထို့နောက် ဇိုင်ဒ်သည် မိမိဇနီးနှင့် ပြတ်စဲပြီးသောအခါ ငါအရှင်သည် ယင်းမိန်းမအား အသင်နှင့် ထိမ်းမြားပေးတော်မူခဲ့သည်။ အကြောင်းမှာ မိမိတို့၏ မွေးစားသားများသည် သူတို့၏ ဇနီးများနှင့် ပြတ်စဲပြီးသောအခါ (ယင်းမိန်းမများနှင့် လက်ထပ်ရန်) မုအ်မင်နှ်ယုံကြည်သူတို့အပေါ်တွင် ကျပ်တည်းမှု တစ်စုံတစ်ရာ မရှိ ရန်အတွက် ဖြစ်သည်။ အလွှာဟ်၏ အမိန့်တော်သည် မုချ အကောင်အထည် ပေါ်မည်ဖြစ်သည်။

၃၈။ နဗီတမန်တော်အပေါ်တွင် သူ့အဖို့ အလွှာဟ်သတ်မှတ်ပေးလိုက် သည့် ကိစ္စတွင် မည်သည့် အကျပ်အတည်းမျှ မရှိပေ။ တမန်တော်များနှင့် ပတ်သက်၍ အလွှာဟ်၏ ဓလေ့တော်သည် ရှေးယခင်ကတည်းက ဤအတိုင်းပင် ဖြစ်ခဲ့သည်။ ထို့ပြင် အလွှာဟ်၏ အမိန့်တော်သည် ယတိပြတ်ဆုံးဖြတ်ပြီးသား ဖြစ်သည်။ **၃၉။** သူတို့သည် အလွှာဟ်၏ သတင်းစကားများကို ပို့ချကြသည်။ ထို့ပြင်

သူတို့သည် အရှင်မြတ်ကိုသာ ကြောက်ကြသည်။ အလွှာဟ်မှအပ မည်သူ့ကိုမျှ မကြောက်ကြပေ။ အလွှာဟ်သည် စာရင်းစစ်ကြောရန် လုံလောက်တော်မူသည်။ **၄၀။** မုဟမ္မဒ်သည် သင်တို့အမျိုးသားများထဲမှ မည်သူ၏ ဖခင်မျှ မဟုတ်ပေ။ သို့သော် သူသည် အလွှာဟ်၏တမန်တော်၊ နောက်ဆုံးပိတ်တမန်တော် ဖြစ်သည်။ အလွှာဟ်သည် အရာတိုင်းကို သိတော်မူသောအရှင်ဖြစ်သည်။

၄၁။ အို-ယုံကြည်သူအပေါင်းတို့၊ အလွှာဟ်ကို များစွာသတိရကြကုန်။ **၄၂။** ထို့ပြင် နံနက်နှင့် ညနေတွင် အရှင်မြတ် သန့်ပြန့်စင်ကြယ်ကြောင်း ရွတ်ဆိုကြကုန်။ **၄၃။** ထိုအရှင်မြတ်နှင့် အရှင်မြတ်၏ ကောင်းကင်တမန်များသည် အသင်တို့အပေါ်တွင် ကရုဏာမေတ္တာပို့သကြသည်။ အကြောင်းမှာ သင်တို့အား အမှောင်ထုများမှ အလင်းသို့ဆောင်ရန်အတွက် ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် ယုံကြည်သူများအား အလွန်ကြင်နာ သနားတော်မူ သော အရှင်ဖြစ်သည်။ **၄၄။** အရှင်မြတ်ကို ၎င်းတို့ တွေ့ဆုံကြသည့်နေ့တွင် ၎င်းတို့ အား ကြိုဆိုနှုတ်ဆက်မည့် စကားမှာ စလာမ် ဟူ၍ ဖြစ်မည်။ ထို့ပြင် အရှင်မြတ်သည် ၎င်းတို့အဖို့ ဂုဏ်ရှိသော အကျိုးကျေးဇူးကို စီစဉ်ထားတော်မူသည်။

၄၅။ အို-တမန်တော်၊ ငါအရှင်မြတ်သည် အသင့်အား သက်သေ အဖြစ်လည်းကောင်း၊ သတင်းကောင်းပါးသူအဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော် သူအဖြစ်လည်းကောင်း စေလွှတ်တော်မူခဲ့သည်။ **၄၆။** ထို့ပြင် အလွှာဟ်အမိန့် တော်ဖြင့် အရှင့်ဘက်သို့ ဖိတ်ခေါ်သူအဖြစ်လည်းကောင်း၊ အလင်းပေးသော မီးရှူးတိုင်အဖြစ်လည်းကောင်း (စေလွှတ်တော်မူခဲ့သည်။) **၄၇။** ထို့နောက် သင် သည် ယုံကြည်သူတို့အား သူတို့သည် အလွှာဟ်ဘက်တော်မှ ကြီးမားသော ကျေးဇူးတော်ကို ရရှိမည်ဖြစ်ကြောင်း သတင်းကောင်းပေးလိုက်ပါ။ **၄၈။** အသင်သည် သွေဖည်ငြင်းပယ်သူများနှင့် မှတ်စ်လင်မ်အယောင်ဆောင်များ၏စ ကားကို နားမထောင်လေနှင့်။ သူတို့၏ဒုက္ခပေးမှုကို လျစ်လျူရှုပါ။ ထို့ပြင် အလွှာဟ် အပေါ် ယုံပုံအားကိုးပါ။ အလွှာဟ်သည် ယုံပုံအားကိုးရန် လုံလောက် တော်မူသော အရှင် ဖြစ်ပေသည်။ **၄၉။** အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ယုံကြည်သော အမျိုးသမီးများနှင့် ထိမ်းမြားပြီးနောက် သူတို့အား ပေါင်းသင်းမှုမပြု ရသေးမီအလျင် ကွာရှင်းကြပါလျှင် သူတို့အပေါ်တွင် အိဒ်ဒတ်ရက်ဆိုင်းငံ့မှုကို

အသင်တို့ ရေတွက်ရန်မလိုပေ။ သို့ဖြစ်ရာ သူတို့အား ပစ္စည်းအနည်းငယ်ပေး၍ ကောင်းမွန်စွာ လွှတ်ပေးလိုက်ကြကုန်။

၅၁။ အိုး-တမန်တော်၊ အသင့်အနေနှင့် မဟရ်-ထိမ်းမြားကြေးပေးခဲ့သော အသင်၏ကြင်ရာများ၊ အသင့်အား အလ္လာဟ်က လက်ရပစ္စည်းအဖြစ် ချီးမြှင့်တော်မူခဲ့သဖြင့် အသင်ပိုင်ဆိုင်ခဲ့သော ကျွန်မများ၊ အသင်နှင့်အတူ ဟိဂျ်ရသ် ရွှေ့ပြောင်းခဲ့ကြသော သင့်ဘကြီး၊ ဘထွေးများ၏သမီးများ၊ သင့်အဒေါ်ကြီး၊ အဒေါ်လေးများ၏ သမီးများ၊ သင့်ဦးကြီး ဦးလေးများ၏သမီးများ၊ သင့်အရီးကြီး အရီးလေးများ၏ သမီးများကို ငါအရှင်သည် အသင့်အဖို့ ဟလာလ်တရားဝင် ပြုလုပ်ပေးတော်မူ၏။ ထို့ပြင် သက်ဝင်ယုံကြည်သော အမျိုးသမီးတစ်ဦးသည် မိမိကိုယ်ကို အကယ်၍ နဗီတမန်တော်မြတ်အား ပေးအပ်ခဲ့၍ တမန်တော်ကလည်း ထိုအမျိုးသမီးနှင့် ထိမ်းမြားရန် လိုလားခဲ့ပါလျှင် ထိုအမျိုးသမီးကိုလည်း (သင့်အတွက် ငါအရှင်သည် တရားဝင်ပြုလုပ်ပေးထား တော်မူ၏။) ဤခွင့်ပြုချက်မှာ အခြားသက်ဝင်ယုံကြည်သူတို့အဖို့ မဟုတ်ဘဲ အသင့်အဖို့သာ အထူးဖြစ်သည်။ ထိုသူတို့အပေါ်၌ သူတို့၏ ဇနီးမိန်းမများ၊ သူတို့၏ ကျွန်မများနှင့်ပတ်သက်၍ ငါအရှင် ထုတ်ပြန်သတ်မှတ်တော်မူခဲ့သော အမိန့် ပညတ်တော်များကို ငါအရှင်သည် မုချ သိတော်မူ၏။ (အသင့်အဖို့ ယင်းအထူးအမိန့် တော် ထုတ်ပြန်တော်မူခြင်းမှာ) အသင့်အပေါ်၌ ကျပ်တည်းမှု တစ်စုံတစ်ရာမရှိရန် အတွက်ပင် ဖြစ်ပေသည်။ စင်စစ် အလ္လာဟ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာညှာတာတော် မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသည်။

၅၁။ အသင်သည် ထိုကြင်ရာများအနက် မိမိအလိုရှိသူအားဖယ်ထား၍ မိမိအလိုရှိသူအား မိမိအပါး၌ ထားရှိနိုင်ပေသည်။ ထိုနည်းတူစွာ အသင်သည် ဘေးဖယ်ထားခဲ့သူအား အလိုရှိခဲ့လျှင်လည်း ပြန်လည်ထားနိုင်သည်။ အသင့်အပေါ်၌ အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။ ဤသည် ထိုကြင်ရာတို့၏ မျက်စိအေးမြရန်၊ သူတို့သောကမဖြစ်ကြရန်၊ အသင်ပေးသမျှနှင့် သူတို့အားလုံးနှစ်သိမ့်ကျေနပ်ကြရန် ပို၍ပင် နီးစပ်၏။ အလ္လာဟ်သည် အသင်တို့၏ စိတ်နလုံးများ၌ ရှိသမျှတို့ကို ကောင်းစွာ သိရှိတော်မူ၏။ စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့ သိတော်မူသော၊ အလွန်တရာ သည်းခံတော်မူသော အရှင်ဖြစ်တော်မူပေသည်။ **၅၂။** ဤအမျိုးသမီးများအပြင်

အခြားအမျိုးသမီးများသည် အသင့်အဖို့ တရားမဝင်တော့ပြီ။ ထိုနည်းတူစွာ လက်ရှိကြင်ရာများ၏အစား အခြားအမျိုးသမီးများ၏လုပမှုသည် အသင့်အား နှစ်သက်စေလျှင်လည်း ထိုသူတို့နှင့် ပြောင်းလဲ(ထိမ်းမြား)နိုင်ခွင့် မရှိချေ။ သို့ရာတွင် အသင်ပိုင်ဆိုင်သောကျွန်မများကိုမူကား (ပြောင်းလဲနိုင်ခွင့်ရှိ၏)။ စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းတို့ကို စောင့်ကြပ်နေတော်မူသော အရှင်ဖြစ်တော်မူပေသည်။

၅၃။ အို- အိမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အစားအစာ စားသုံးရန် ခွင့်ပြုခြင်းခံကြရသည်မှတစ်ပါး အခြားအခြေအနေတွင် နဗီတမန်တော်မြတ်၏ အိမ်များတွင် မဝင်ကြကုန်လင့်။ ဝင်ရောက်သည့်အခါတွင်လည်း အစားအသောက် ကျက်သည့်အချိန်ကို စောင့်ဆိုင်းမနေရသည့် ပုံစံမျိုးနှင့် ဝင်ရောက်ကြကုန်။ သို့သော် အသင်တို့သည် ဖိတ်ခေါ်ခြင်းခံကြရသောအခါတွင် ဝင်ရောက်ကြလေကုန်။ ထို့နောက် စားသောက်ပြီးသွားလျှင်လည်း ထၫြပန်ခဲ့ကြလေကုန်။ စကားလက်ဆုံကြပြီး ထိုင်မနေကြလေနှင့်။ အမှန်စင်စစ် ထိုသို့ပြုခြင်းသည် တမန်တော်ကို စိတ်ဒုက္ခဖြစ်စေသည်။ သို့သော် တမန်တော်သည် အသင်တို့ကို အားနာတော်မူ၏။ သို့ရာတွင် အလ္လာဟ်သည် အမှန်တရားအတွက် မည်သူ့ကိုမျှ အားနာတော်မမူပေ။ တမန်တော်၏ကြင်ရာတော်များထံ ပစ္စည်းတစ်စုံတစ်ရာကို တောင်းကြသောအခါ ကန့်လန့်ကာ၏ နောက်ကွယ်မှ တောင်းကြလေကုန်။ ဤသည် အသင်တို့၏ စိတ်နလုံးများအတွက်ရော၊ ထိုကြင်ရာတော်များ၏စိတ်နလုံးများအတွက်ပါ ပိုမို၍ သန့်ရှင်းစင်ကြယ်ပေသည်။ စင်စစ် အလ္လာဟ်၏ ရစူလ်တမန်တော်အား စိတ်ဒုက္ခပေးပိုင်ခွင့် အသင်တို့တွင် လုံးဝမရှိ၊ ထို့ပြင် တမန်တော် မရှိသည့်နောက်တွင် တမန်တော်၏ ကြင်ရာတော်များနှင့် မည်သည့်အခါ၌မျှ ထိမ်းမြားပိုင်ခွင့် လည်းမရှိပေ။ ဇကန်စင်စစ် ဤသည် အလ္လာဟ်ထံတော်တွင် အလွန်ကြီးလေးသော အပြစ်ပင် ဖြစ်ပေသည်။ **၅၄။** အသင်တို့သည် တစ်စုံတစ်ရာကို ထုတ်ဖော်ကြသည် ဖြစ်စေ၊ သို့မဟုတ် ထိုအရာကို ဖုံးကွယ်ထားကြသည်ဖြစ်စေ အလ္လာဟ်သည် အရာ ခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်ဖြစ်တော်မူသည်။

၅၅။ တမန်တော်၏ကြင်ရာတော်များအပေါ် ဝယ် မိမိတို့ဖခင်များ၏ ရှေ့သို့ထွက်ခြင်း၊ မိမိတို့ သားများ၏ရှေ့သို့ထွက်ခြင်း၊ မိမိတို့ အစ်ကိုများ၊ မောင်

များ၏ရှေ့သို့ထွက်ခြင်း၊ မိမိတို့၏အစ်ကိုများ မောင်များ၏ သားများရှေ့သို့ထွက်ခြင်း၊ မိမိတို့၏အစ်မနှမများ၏ သားများရှေ့သို့ထွက်ခြင်း၊ မိမိတို့မိန်းမအချင်းချင်း ရှေ့သို့ထွက်ခြင်း၊ မိမိတို့ပိုင်သော ကျွန်မများ၏ ရှေ့သို့ထွက်ခြင်းတို့သည် မည်သို့မျှ အပြစ်မဖြစ်ချေ။ (အို-ကြင်ရာတော်အပေါင်းတို့၊) အသင်တို့သည် အလွှာဟ်ကို ကြောက်ရွံ့ကြလေကုန်။ ဇကန်စင်စစ် အလွှာဟ်သည် အရာခပ်သိမ်းအပေါ် အသိသက်သေဖြစ်တော်မူသည်။

၅၆။ ဇကန်စင်စစ် အလွှာဟ်နှင့် အရှင်မြတ်၏ ကောင်းကင်တမန်များသည် တမန်တော်အပေါ်ဝယ် ကောင်းချီးမင်္ဂလာ ပို့သကြကုန်၏။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည်လည်း တမန်တော်အပေါ်ဝယ် ကောင်းချီးမင်္ဂလာ ပို့သကြလေကုန်။ ထို့ပြင် စလာမ်မေတ္တာပို့သခြင်းကိုလည်း အလွန်ပြုကြလေကုန်။ **၅၇။** ဇကန်စင်စစ် အလွှာဟ်နှင့် ထိုအရှင့်တမန်တော်အား စိတ်ဒုက္ခပေးကြသော သူတို့အား အလွှာဟ်သည် လောကီဘဝတွင်ရော၊ နောင်တမလွန်ဘဝတွင်ပါ ကရုဏာတော်မှ ကင်းဝေးစေတော်မူသည့်အပြင် ၎င်းတို့အဖို့ ဂုဏ်ရည်သေးသိမ်စေသောပြစ်ဒဏ်ကိုလည်း အဆင်သင့်ပြုလုပ်ထားတော်မူသည်။ **၅၈။** ထို့ပြင် သက်ဝင်ယုံကြည်သူ အမျိုးသား အမျိုးသမီးများအား ပြစ်မှုတစ်ခုခုကို သူတို့ကျူးလွန်ထားခြင်းမရှိဘဲနှင့် စိတ်ဒုက္ခပေးကြသော သူတို့မှာကား မတရားယိုးစွပ်မှုနှင့် ထင်ရှားသောပြစ်မှုကို ထမ်းရွက်ခဲ့ကြလေပြီ။

၅၉။ အို-နဗီတမန်တော်၊ အသင်သည် မိမိ၏ ကြင်ရာတော်များ၊ မိမိ၏သမီးတော်များ၊ သက်ဝင်ယုံကြည်သူတို့၏ ဇနီးမိန်းမများအား သူတို့သည် မိမိတို့၏အပေါ်ရုံ ဝတ်ရုံများကို မိမိတို့(ဦးခေါင်း၊ မျက်နှာနှင့် ရင်ဘတ်)အပေါ်၌ အနည်းငယ် တွဲလဲချထားကြရမည်ဟု ပြောကြားပါလေ။ ဤသည် သူတို့အား ခွဲခြားမှတ်မိရန် ပိုမို၍ နီးစပ်၏။ သို့ဖြစ်ပေရာ သူတို့သည် နောင့်ယှက်ခြင်းခံကြရမည် မဟုတ်တော့ပေ။ အလွှာဟ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။ **၆၀။** အကယ်၍ အယောင်ဆောင် မွတ်စ်လင်မ်များ၊ စိတ်တွင်းဝယ် ရောဂါဝေဒနာရှိနေသူများနှင့် မဒီနာမြို့တွင်း၌ သတင်းအမှားလွှင့်သူတို့သည် (ထိုလုပ်ရပ်မှ) မရပ်စဲခဲ့ကြလျှင် ဇကန်စင်စစ် ငါအရှင်သည် အသင့်အား ၎င်းတို့အပေါ်ဝယ် လွှမ်းမိုးစေတော်မူမည်။

ထို့နောက် သူတို့သည် အသင်နှင့်အတူ မဒီနဟ်မြို့၌ အနည်းငယ်မျှသောကာလသာ နေထိုင်ကြရပေလိမ့်မည်။ **၆၁။** ကရုဏာတော်မှကင်းဝေးစေခြင်းကို ခံကြရသူများအဖြစ်နှင့်။ သူတို့ကို မည်သည့်နေရာမှာပဲတွေ့တွေ့ ဖမ်းဆီးခြင်းခံကြရပေမည်။ ထို့ပြင် ပြင်းထန်စွာ သတ်ဖြတ်ခြင်းကိုခံကြရပေမည်။ **၆၂။** ဤသည် ရှေးခေတ်က လွန်လေပြီးခဲ့သော သူတို့နှင့်ပတ်သက်၍ အလ္လာဟ်၏ စည်းမျဉ်းဥပဒေပင်။ စင်စစ် အသင်သည် အလ္လာဟ်၏ စည်းမျဉ်းဥပဒေတွင် မည်သည့်ပြောင်းလဲမှုကိုမျှ အလျှင်းတွေ့ရှိလိမ့်မည်မဟုတ်ပေ။

၆၃။ လူတို့သည် ကိယာမသ်ရှင်ပြန်ထမည့်အချိန်နှင့် စပ်လျဉ်း၍ အသင့်အား မေးမြန်းကြသည်။ အသင်ပြောလိုက်ပါ။ ယင်းအချိန်ကာလ၏ အသိပညာသည် အလ္လာဟ်ထံတွင်သာရှိသည်။ အသင်ဘယ်လိုလုပ်သိမလဲ။ စင်စစ် ရှင်ပြန်ထမည့် အချိန်ကာလသည် နီးကပ်လျက် ရှိနေနိုင်သည်။ **၆၄။** ဧကန်စင်စစ် အလ္လာဟ်သည် သွေဖည်ငြင်းပယ်ကြသောသူတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့သည့်အပြင် သူတို့အဖို့ တဟုန်းဟုန်း တောက်လောင်လျက်ရှိသော မီးတောက်မီးလျှံကို အဆင်သင့်ပြုလုပ်၍ ထားတော်မူသည်။ **၆၅။** သူတို့သည် ထိုမီးထဲတွင် အမြဲထာဝရ နေထိုင်ကြရမည်။ သူတို့သည် ကာကွယ်စောင့်ရှောက်ပေးမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်ကိုမျှ တွေ့ရှိကြမည်မဟုတ်။ ကူညီပေးမည့် သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ တွေ့ရှိကြမည်မဟုတ်ပေ။ **၆၆။** ငရဲမီးထဲတွင် သူတို့၏ မျက်နှာများ လုံလှော်ခြင်းခံကြရမည့်နေ့တွင် သူတို့က ပြောကြလိမ့်မည်။ ဩော်- ငါတို့သည် အလ္လာဟ်၏ အမိန့်ကို လိုက်နာခဲ့ကြလျှင်၊ ရစူလ်တမန်တော်၏ အမိန့်တော်ကို လိုက်နာခဲ့ကြလျှင် ကောင်းလေစွတကား။ **၆၇။** ထို့နောက် သူတို့က လျှောက်ထားကြပေမည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ဧကန်စင်စစ် ကျွန်တော်မျိုးတို့သည် မိမိတို့၏ခေါင်းဆောင်များနှင့် မိမိတို့၏ အကြီးအကဲများ၏ စကားကို နာခံမိခဲ့ကြရာ သူတို့သည် ကျွန်တော်မျိုးတို့အား တရားလမ်းမှန်မှ လွဲချော်သွားစေခဲ့ ကြပါသည်။ **၆၈။** အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ၎င်းတို့အား ပြစ်ဒဏ်နှစ်ဆပေးတော်မူပါ။ ထို့ပြင် သူတို့အား ကရုဏာတော်မှ အလွန့်အလွန် ကင်းဝေးစေတော်မူပါ။"

၆၉။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မူစာအား

စိတ်ဒုက္ခပေးခဲ့ကြသောသူများကဲ့သို့ မဖြစ်ကြလေနှင့်။ ထို့နောက် အလ္လာဟ်သည် မူစာအား သူတို့၏ ပြောဆိုစွပ်စွဲချက်များမှ အပြစ်ကင်းကြောင်း ထင်ရှားစေတော်မူခဲ့၏။ စင်စစ် သူသည် အလ္လာဟ်ထံတော်ပါးတွင် ဂုဏ်ရှိသူ ဖြစ်ခဲ့ပေသည်။ **၇၀။** အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်ကို ကြောက်ရွံ့ကြလေကုန်။ ဖြောင့်မတ်မှန်ကန်သောစကားကို ပြောဆိုကြလေကုန်။ **၇၁။** အရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြုမူကျင့်ဆောင်ချက်များကို ပြုပြင်ပေးသနားတော်မူပေမည်။ ထို့ပြင် အသင်တို့အဖို့ အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်တော်မူ ပေမည်။ စင်စစ် မည်သူမဆို အလ္လာဟ်နှင့် အရှင့်တမန်တော်၏ အမိန့်တော်ကို လိုက်နာပါမူ ထိုသူသည် မုချ အကြီးအကျယ် အောင်မြင်လေပြီ။

၇၂။ ဇကန်စင်စစ် ငါအရှင်မြတ်သည် အမာနသ်တာဝန်ကို မိုးကောင်းကင်များ၊ မြေပထဝီနှင့် တောင်များ၏ရှေ့ဝယ် ချပြတော်မူခဲ့ရာ ၎င်းတို့သည် ယင်းတာဝန်ကို ငြင်းဆန်ခဲ့ကြကုန်သည်။ ထို့ပြင် ယင်းတာဝန်ကို ထမ်းဆောင်ရန် ကြောက်ရွံ့ စိုးရိမ်ခဲ့ကြကုန်သည်။ သို့ရာတွင် လူသားမှာမူကား ယင်းတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဇကန်စင်စစ် ထိုလူသားသည် အလွန်မတရားသူ၊ လွန်စွာ အသိတရားကင်းမဲ့သူပင် ဖြစ်ပေသည်။ **၇၃။** နောက်ဆုံးတွင် အလ္လာဟ်သည် အယောင်ဆောင်မွတ်စ်လင်မ်အမျိုးသား အမျိုးသမီးများ၊ တစ်စုံတစ်ရာကို အလ္လာဟ်နှင့် ယှဉ်တွဲကိုးကွယ်သူ အမျိုးသား၊ အမျိုးသမီးများကို ပြစ်ဒဏ်ပေးတော်မူရန်အတွက်နှင့် သက်ဝင်ယုံကြည်သူအမျိုးသား အမျိုးသမီးများဘက်သို့ အာရုံပြုတော်မူရန်အတွက် ဖြစ်လေသည်။ အလ္လာဟ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

၃၄။ စူရဟ် စဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မိုးကောင်းကင်များတွင် ရှိရှိသမျှနှင့် ပထဝီမြေတွင် ရှိရှိသမျှတို့ကို ပိုင်ဆိုင်တော်မူသော အလ္လာဟ်သည် ချီးမွမ်းထောမနာခြင်း အပေါင်းတို့ကို ခံယူထိုက်တော်မူသည်။ ထိုနည်းတူစွာ တမလွန်ဘဝတွင်လည်း ထိုအရှင်သာလျှင် ချီးမွမ်းထောမနာခြင်း အလုံးစုံတို့ကို ခံယူထိုက်တော်မူသည်။ အရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်ပေသည်။ **၂။** အရှင်မြတ်သည် ပထဝီမြေအတွင်းသို့ ဝင်သောအရာများ၊ ယင်းပထဝီမြေအတွင်းမှ ထွက်သောအရာများ၊ မိုးကောင်းကင်မှ သက်ဆင်းသောအရာများနှင့် ယင်းမိုးကောင်းကင်သို့ တက်သွားသော အရာများကို သိရှိတော်မူ၏။ အရှင်မြတ်သည် အလွန်တရာ သနားကြင်နာတော်မူသောအရှင်၊ အလွန်တရာ ခွင့်လွှတ် ချမ်းသာပေးတော်မူသောအရှင် ဖြစ်တော်မူပေသည်။

၃။ သွေဖည်ငြင်းပယ်သောသူတို့က "ရှင်ပြန်ထရမည့် အချိန်ကာလသည် ကျွန်ုပ်တို့ထံ ဆိုက်ရောက်လာမည်မဟုတ်"ဟု ဆိုကြသည်။ အသင်ပြောကြားပါလေ။ ကျွန်ုပ်၏အရှင်၊ အကွယ်၌ရှိသည်တို့ကို သိမြင်တော်မူသောအရှင်ကို တိုင်တည်ပြောမည်။ ယင်းရှင်ပြန်ထမည့်အချိန်ကာလသည် အသင်တို့ထံ မုချဆိုက်ရောက်လာမည်။ မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း အဏုမြူခန့်မျှသော အရာသည်ပင်လျှင် အရှင်မြတ်၏အသိမှ ကွယ်ပျောက်နေသည်ဟူ၍ မရှိပေ။ ယင်းအဏုမြူထက် သေးငယ်သော အရာဖြစ်စေ၊ ထိုထက်ကြီးသော အရာဖြစ်စေ ထင်ရှားသော မှတ်တမ်းစာအုပ်တွင် (ရေးသားထားပြီး) ဖြစ်လေသည်။ **၄။** အကြောင်းမှာ အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုသိလများ ကျင့်ဆောင်ခဲ့ကြသောသူတို့အား အရှင်မြတ်သည် အစားပေးတော်မူရန် ဖြစ်သည်။ ထိုကဲ့သို့သော သူတို့အဖို့မှာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် မြင့်မြတ်သောစားနပ်ရိက္ခာ ရှိပေသည်။ **၅။** သို့ရာတွင် ငါအရှင်မြတ်၏ အာယသ်တော်များကို ချည့်နဲ့အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသူတို့အတွက်မှာမူ ဘေးအန္တရာယ်ထဲ မှ

ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်ရှိပေမည်။ **၆။** အသင့်အရှင်ထံမှ အသင့်ထံသို့ ချပေးခြင်းခံရသော ကုရ်အာန်ကျမ်းသည် အမှန်ဖြစ်ကြောင်းနှင့် ထိုကျမ်းသည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ ချီးမွမ်းခြင်းအပေါင်းကို ခံယူထိုက်တော်မူသောအရှင်၏ လမ်းသို့ ညွှန်ပြကြောင်းကို အသိပညာ ချီးမြှင့်ပေးခြင်း ခံခဲ့ကြရသော သူတို့က သိမြင်ကြပေသည်။

၇။ သွေဖည်ငြင်းပယ်သော သူတို့က ပြောဆိုခဲ့ကြသည်။ ကျွန်ုပ်တို့သည် အသင်တို့အား လူတစ်ဦးအကြောင်း ပြောပြရမည်လော။ ထိုသူက "အသင်တို့သည် လုံးဝမွမွကြေအောင် ချေပစ်ခြင်းခံခဲ့ကြရပြီးသောအခါ အသစ်ပြန်၍ ဖန်ဆင်းခြင်းကို ခံကြရမည်"ဟု အသင်တို့ကို သတင်းပေးသည်။ **၈။** ယင်းသွေဖည်သူများက "ထိုသူသည် အလှှာ်ဟ်အပေါ်၌ မုသားကို လုပ်ကြံဖြေဆိုလေသလော၊ သို့မဟုတ် ထိုသူ၌ ရူးသွပ်ခြင်းဝေဒနာ ရှိနေ သလော"ဟူ၍လည်း ပြောကြသည်။ ထိုသို့အလျှင်းမဟုတ်။ စင်စစ်တွင် နောင်တမလွန်ဘဝကို မယုံကြည်သောသူတို့သည်သာလျှင် ပြစ်ဒဏ်၌လည်းကောင်း၊ ဝေးလံသောလမ်းမှားမှု၌လည်းကောင်း ရှိနေကြပေသည်။ **၉။** သူတို့၏ရှေ့နှင့်နောက်တွင် ရှိနေသော မိုးကောင်းကင်နှင့် ပထဝီမြေကို သူတို့တစ်တွေ့ မမြင်ကြလေသလော။ အကယ်၍သာ ငါအရှင်အလိုရှိတော်မူပါလျှင် ၎င်းတို့အား မြေမျိုစေတော်မူပေမည်။ သို့မဟုတ် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးကောင်းကင်၏ အပိုင်းအစများကို ပြုတ်ကျစေတော်မူပေမည်။ ဇကန်စင်စစ် (ငါအရှင်မြတ်ဘက်သို့) ပြန်လှည့်ကြသော အစေခံတိုင်းအဖို့ ဤအချက်တွင် သက်သေလက္ခဏာတော်တစ်ရပ် မချ ရှိပေသည်။

၁၀။ ဇကန်စင်စစ် ငါအရှင်သည် ဒါဝူဒ်အား မိမိအထံတော်မှ ကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ အို-တောင်တို့၊ အသင်တို့သည် ဒါဝူဒ်နှင့် အတူ ငါအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြကုန်လော့။ ထိုနည်းတူစွာ ငှက်တိရစ္ဆာန်များကိုလည်း (ဤအတိုင်းပင် ငါအရှင်က မိန့်ကြားတော်မူခဲ့သည်။) ထို့ပြင် ငါအရှင်သည် ဒါဝူဒ်အဖို့ သံကို ပျော့ပျောင်းစေတော်မူခဲ့သည်။ **၁၁။** (အို-ဒါဝူဒ်) အသင်သည် ပြည့်စုံ ကျယ်ဝန်းသော သံချပ်အင်္ကျီရှည်များကို ပြုလုပ်ပါလေ။ (သံကွင်းများကို) ဆက်ရာတွင် သင့်မြတ်အောင် ချိန်ဆခန့်မှန်း၍ ပြုလုပ်ပါလေ။ ထို့နောက် အသင်တို့သည် ကောင်းမှုသီလကို ကျင့်ဆောင်ကြလေကုန်၊

ဇကန်စင်စစ် ငါအရှင်သည် အသင်တို့ ပြုမူနေသမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသောအရှင် ဖြစ်တော်မူပေသည်။

၁၂။ ငါအရှင်မြတ်သည် လေအား စုလိုင်မာန်၏အထိန်းချုပ်ခံအဖြစ် ပြုလုပ်ပေးတော်မူခဲ့သည်။ ယင်းလေ၏ နံနက်လမ်းခရီးမှာ တစ်လဖြစ်၍ ညနေလမ်းခရီးမှာလည်း တစ်လပင်ဖြစ်ခဲ့၏။ ထို့ပြင် ငါအရှင်သည် စုလိုင်မာန်အဖို့ ကြေးနီချောင်းကို စီးဆင်းစေတော်မူခဲ့၏။ ဂျင်နတ်တို့အနက် အချို့မှာ သူ၏ရှေ့မှောက်တွင် သူအရှင်၏ အမိန့်တော်နှင့် အလုပ်လုပ်ကိုင်ကြသည်။ ထိုဂျင်နမ်များအနက် မည်သူမဆို ငါအရှင်မြတ်၏ အမိန့်တော်မှ သွေဖည်လျှင် ငါအရှင်သည် ၎င်းအား တဟုန်းဟုန်းတောက်လောင်လျက်ရှိသော မီးပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည်။ **၁၃။** ထိုဂျင်နမ်များသည် သူအလိုရှိသော၊ ကြီးကျယ်သော အဆောက်အအုံများ၊ ရုပ်တုများ၊ ရေကန်ကြီးများတမျှရှိသော ဇလုံများ၊ မပြောင်းမရွှေ့နိုင်သော အိုးကြီးများကို သူ့အတွက် ပြုလုပ်ပေးကြသည်။ အို-ဒါဝူဒ်၏ အိမ်သူအိမ်သားတို့၊ အသင်တို့သည် ကျေးဇူးသိတတ်သော အနေနှင့် ကောင်းမှုပြုကြလေကုန်။ ငါအရှင်မြတ်၏ အစေတော်များတွင် ကျေးဇူးသိတတ်ကြသောသူတို့မှာ နည်းပါးလှပေသည်။

၁၄။ ထို့နောက် ငါအရှင်မြတ်သည် ထိုစုလိုင်မာန်၏ အပေါ်တွင် သေခြင်း တရားကို ပြဋ္ဌာန်းတော်မူလိုက်သည့်အခါ သူကွယ်လွန်သေဆုံးပြီးဖြစ်ကြောင်းကို ဂျင်နတို့ မသိခဲ့ကြပေ။ သူ၏ တောင်ဝှေးကို စားလျက်ရှိသည့် ခြင်္ကောင်ကသာ သူတို့အား သိစေခဲ့သည်။ ထို့နောက် သူလဲ၍ ကျသွားခဲ့သောအခါ ဂျင်နများက အကယ်၍သာ မိမိတို့သည် အကွယ်ကို သိရှိခဲ့ကြလျှင် ဤဂုဏ်ရည်သေးသိမ်စေသောဒုက္ခ၌ ဆက်လက်၍ နေခဲ့ကြရမည် မဟုတ်ကြောင်းကို သိသွားကြလေတော့သည်။

၁၅။ စဗာမျိုးနွယ်ဝင်တို့အဖို့ သူတို့၏ နေထိုင်ရာဒေသ၌ပင် သက်သေလက္ခဏာတစ်ရပ် ရှိခဲ့သည်။ ညာဘက်နှင့် ဘယ်ဘက်တွင် ဥယျာဉ်နှစ်ခုရှိခဲ့သည်။ အသင်တို့သည် မိမိတို့၏ အရှင်၏ စားနပ်ရိက္ခာကို စားသုံးကြလေကုန်။ ထို့ပြင် ထိုအရှင်အား ကျေးဇူးတင်ရှိကြလေကုန်။ ဤသည် အလွန်ကောင်းသော မြို့ဖြစ်သည်။ ထို့ပြင် (ဤအရှင်မှာလည်း) အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသော

အရှင်ဖြစ်ပေသည်။ **၁၆။** သို့သော် သူတို့သည် မျက်နှာလွှဲခဲ့ကြပေရာ ငါအရှင်မြတ်သည် သူတို့အပေါ်၌ အရင်မရောကာတာမှ ပြင်းစွာစီးဆင်းသောရေကို လွှတ်ပေးတော်မူခဲ့၏။ ထို့နောက် ငါအရှင်သည် သူတို့အား သူတို့၏ဥယျာဉ်နှစ်ခု၏အစား အခြားဥယျာဉ်နှစ်ခုကို လဲလှယ်၍ ပေးတော်မူခဲ့၏။ ထိုဥယျာဉ်နှစ်ခုမှာ အရသာမကောင်းသော သစ်သီးဝလံများ၊ ထင်းရှူးပင်များနှင့် ဆီးပင်အနည်းငယ်မျှရှိသော ဥယျာဉ်နှစ်ခုပင် ဖြစ်ခဲ့လေသည်။ **၁၇။** သူတို့၏ ကျေးဇူးကန်းမှုကြောင့် သူတို့အား ငါအရှင် အစားပေးတော်မူခဲ့ခြင်း ဖြစ်သည်။ ငါအရှင်သည် ကျေးဇူးကန်းသောသူတို့ကိုသာလျှင် ဤသို့သောအစား ပေးတော်မူလေ့ရှိပေသည်။

၁၈။ ငါအရှင်က သုခချမ်းသာဖြင့် ပြည့်စုံစေတော်မူခဲ့သော မြို့ရွာများနှင့် ထိုသူတို့၏အကြားတွင် ငါအရှင်သည် ထင်ရှားမြင်သာသော မြို့ရွာများကို စည်ကားစေတော်မူခဲ့၏။ ထို့ပြင် ငါအရှင်သည် ထိုမြို့ရွာများ၌ ခရီးစခန်းများကိုလည်း သတ်မှတ် ပေးတော် မူခဲ့သည်။ အသင်တို့သည် ယင်းမြို့ရွာများတွင် ဘေးအန္တရာယ်ကင်းငြိမ်းစွာ နေ့ရော ည၌ပါ ခရီးသွားလာကြလေကုန်။ **၁၉။** ထိုအခါ သူတို့က "အိုကျွန်တော်မျိုး တို့၏အရှင်၊ ကျွန်တော်မျိုးတို့၏ ခရီးလမ်းများအကြားတွင် ကွာဝေးမှုကိုပြုပေးတော်မူပါ"ဟု လျှောက်ထားခဲ့ကြပြီး မိမိတို့ကိုယ်ကို နှိပ်စက်ကလူ ပြုခဲ့ကြပေရာ ငါအရှင် သည် သူတို့အား ဒဏ္ဍာရီပုံပြင်များဖြစ်အောင် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် သူတို့အား လုံးဝ အစိတ်စိတ်အမြွှာမြွှာ ဖြစ်စေတော်မူခဲ့သည်။ ဇကန်စင်စစ် သည်းခံသူတိုင်း၊ ကျေးဇူးသိတတ်သူတိုင်းအဖို့ ဤဖြစ်ရပ်တွင် သက်သေလက္ခဏာများ မုချရှိပေသည်။

၂၀။ ဇကန်စင်စစ် အီဗင်လီစ်သည် လူတို့အပေါ်တွင်ထားရှိသော မိမိ၏ထင်မြင်ယူဆချက်ကို မှန်ကန်ကြောင်း တွေ့ရှိခဲ့လေသည်။ အကြောင်းမှာ အီမာန်ယုံကြည်သူများအနက်မှ အုပ်စုတစ်စုမှအပ ကျန်သူတို့သည် သူ့နောက်သို့ လိုက်ခဲ့ကြသောကြောင့်ပင်။ **၂၁။** ထိုအီဗင်လီစ်သည် သူတို့အပေါ်၌ လွှမ်းမိုးနိုင်ခဲ့ခြင်းမှာ ငါအရှင်မြတ်သည် ဘယ်သူက နောင်တမလွန်ဘဝကို ယုံကြည်၍ ဘယ်သူက နောင်တမလွန်ဘဝနှင့် စပ်လျဉ်း၍ ဒွိဟသံသယရှိနေသည်ကို ခွဲခြားသိတော်မူရန် အတွက်သာဖြစ်သည်။ အသင့်အရှင်သည် အရာခပ်သိမ်းတို့အပေါ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ဖြစ်ပေသည်။ **၂၂။** အသင်ပြောကြားပါလေ။ အလွှာဟ်

အပြင် ကိုးကွယ်ရာအရှင်များဖြစ်ကြသည်ဟု အသင်တို့ ထင်မှတ်ခဲ့ကြသောသူတို့အား ဟစ်ခေါ်ကြလေကုန်။ ထိုသူတို့သည် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌ လည်းကောင်း၊ မြူမှုန်ခန့်မျှပင် ပိုင်ဆိုင်ကြသည် မဟုတ်ပေ။ ထို့ပြင် ထိုနှစ်ခု၌ ၎င်းတို့၏ ဖက်စပ်မှုဟူ၍လည်း လုံးဝ မရှိပေ။ ထို့ပြင် အရှင်မြတ်အား ရိုင်းပင်းကူညီသူဟူ၍လည်း သူတို့ထဲတွင် တစ်ဦးတစ်ယောက်မျှပင် မရှိချေ။ **၂၃။** အရှင်မြတ် ခွင့်ပြုတော်မူသောသူမှအပ အခြားမည်သူ တစ်ဦးတစ်ယောက်၏ ကြားဝင်အသနားခံပေးမှုမျှ အရှင့်ထံတော်ပါးတွင် အကျိုးရှိမည်မဟုတ်ပေ။ နောက်ဆုံးတွင် သူတို့၏ စိတ်နှလုံးများမှ ကြောက်ရွံ့ထိတ်လန့်မှု ပပျောက်သွားလေသောအခါ "အသင်တို့၏ အရှင်သည် ဘာကို မိန့်ကြားတော်မူခဲ့ပါသနည်း"ဟု သူတို့က အချင်းချင်းမေးမြန်းကြပေမည်။ "အမှန်ကို မိန့်ကြားတော်မူခဲ့သည်"ဟု သူတို့က ပြန်ကြားကြပေမည်။ ထိုအရှင်သည် မြင့်မြတ်ကြီးကျယ်တော်မူသောအရှင် ဖြစ်တော်မူပေသည်။ **၂၄။** အသင်မေးမြန်းပါလေ။ မည်သူသည် အသင်တို့အား မိုးကောင်းကင်များနှင့် မြေပထဝီမှ စားနပ်ရိက္ခာ ချီးမြှင့်ပါသနည်း။ အသင်ကပဲ "အလ္လာဟ်အရှင်မြတ်ပင် ချီးမြှင့်ပေးသနားတော်မူသည်"ဟု ဖြေကြားပါလေ။ ကျွန်ုပ်တို့သော်လည်းကောင်း၊ အသင်တို့သော်လည်းကောင်း တရားလမ်းမှန်ပေါ်တွင် သို့မ ဟုတ် ထင်ရှားသော လမ်းမှားမှုတွင် သေချာပေါက် ရှိနေကြပေသည်။ **၂၅။** အသင်ပြောလိုက်ပါ၊ ငါတို့ ကျူးလွန်ခဲ့ကြသော ပြစ်မှုများနှင့်စပ်လျဉ်း၍ အသင်တို့ စစ်ဆေးမေးမြန်းခြင်း ခံကြရမည်မဟုတ်၊ ငါတို့သည်လည်း အသင်တို့ ပြုမူနေကြသည်များနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းခံကြရမည် မဟုတ်ပေ။ **၂၆။** အသင်ပြောကြားပါ။ ကျွန်ုပ်တို့၏ အရှင်သည် ကျွန်ုပ်တို့အား စုရုံးတော်မူပေမည်။ ထို့နောက် အရှင်မြတ်သည် ကျွန်ုပ်တို့အကြားတွင် မှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူပေမည်။ အရှင်မြတ်သည် မှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူသော၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်ပေသည်။ **၂၇။** အသင်ပြောကြားပါ။ အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရာများအဖြစ် သတ်မှတ်ပြီး အသင်တို့ ကိုးကွယ်နေကြသည့်အရာများကို ငါ့အား ပြသကြလေကုန်၊ (အသင်တို့ထင်သလို) လုံးဝမဟုတ်ပေ၊ စင်စစ်တွင် ထိုအရှင်သည် နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အလ္လာဟ်ပင် ဖြစ်တော်မူသည်။

၂၈။ ငါအရှင်သည် အသင့်အား လူခပ်သိမ်းတို့အဖို့ ဝမ်းမြောက်ဖွယ်ရာသတင်း ပြောကြားသူအဖြစ်၊ သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူခဲ့ခြင်း ဖြစ်သည်။ သို့သော် လူအများစုသည် မသိနားမလည်ကြပေ။ **၂၉။** အကယ်၍ အသင်တို့သည် မှန်ကန်ကြသည်ဆိုလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါ၌ ဖြစ်မြောက်မည်နည်းဟု သူတို့က ပြောကြသည်။ **၃၀။** အသင်ပြောလိုက်ပါ။ အသင်တို့အတွက် အထူးနေ့တစ်နေ့ကို ချိန်းချက်ထားသည် ဖြစ်ပေရာ အသင်တို့သည် ခေတ္တခဏမျှပင် ယင်းချိန်းချက်ထားသောနေ့မှ နောက်ဆုတ်နိုင်ကြမည်လည်း မဟုတ်၊ ရှေ့တိုးနိုင်ကြမည်လည်း မဟုတ်ပေ။

၃၁။ သွေဖည် ငြင်းပယ်သောသူတို့က ကျွန်ုပ်တို့သည် ဤကုရ်အာန်ကျမ်းမြတ်ကိုလည်း လုံးဝယုံကြည်ကြမည်မဟုတ်၊ ဤကုရ်အာန်ကျမ်းမြတ် အလျင် ရှိခဲ့သော ကျမ်းများကိုလည်း လုံးဝယုံကြည်ကြမည်မဟုတ်ဟု ပြောဆိုခဲ့ကြသည်။ အသင့်အား မြင်စေချင်မိသည်။ မတရားကျူးလွန်ခဲ့ကြသူတို့သည် မိမိတို့၏ အရှင့် ရှေ့တော်မှောက်တွင် မတ်တတ်ရပ်စေခြင်းကို ခံကြရ၍ အချင်းချင်း တစ်ဦးကို တစ်ဦး အပြစ်ဖို့နေကြမည်။ နောက်လိုက်ငယ်သားတို့က အကြီးအကဲတို့အား "အကယ်၍ အသင်တို့သာ မရှိခဲ့ကြလျှင် ကျွန်ုပ်တို့သည် အီမာန်ယုံကြည်သူများ မုချ ဖြစ်ခဲ့ကြမည်"ဟု ပြောဆိုကြပေမည်။ **၃၂။** အကြီးအကဲများက နောက်လိုက် ငယ်သားတို့အား ပြန်လည်ပြောဆိုကြပေမည်။ အသင်တို့ထံ တရားလမ်းမှန် ရောက်ရှိလာပြီးနောက်တွင် ကျွန်ုပ်တို့သည် အသင်တို့အား ထိုတရားလမ်းမှန်မှ ပိတ်ပင်တားဆီးခဲ့ကြသလော၊ ထိုသို့မဟုတ်၊ စင်စစ်တွင် အသင်တို့သည်သာ ပြစ်မှုကျူးလွန်သူများ ဖြစ်ခဲ့ကြပေသည်။ **၃၃။** ထိုအခါ နောက်လိုက်ငယ်သားတို့က အကြီးအကဲများအား ပြောမည်။ အလျှင်းမဟုတ်၊ စင်စစ်တွင် နေ့ညဉ့်မပြတ်သော အသင်တို့၏ ကြံစည်မှုများကပင် ပိတ်ပင်တားမြစ်ခဲ့သည်။ ကျွန်ုပ်တို့သည် အလ္လာဟ်ကို ငြင်းပယ်ကြရန်နှင့်၊ ထိုအရှင်နှင့်အတူ ဂုဏ်ရည်တူများ ပြုလုပ်ကြရန် အသင်တို့က ကျွန်ုပ်တို့အား အမိန့်ပေးတိုက်တွန်းခဲ့ကြပေသည်။ သူတို့သည် ပြစ်ဒဏ်ကို မြင်ကြသောအခါ စိတ်ထဲတွင် ကြိတ်၍နောင်တရကြပေမည်။ ထို့နောက် ငါအရှင်သည် ငြင်းပယ်သူတို့၏ လည်ကုပ်များတွင် လည်ကွင်းများကို စွပ်ပေးတော်မူပေမည်။ သူတို့သည် မိမိတို့ ပြုမူခဲ့ကြသည်များနှင့်အညီသာ အစားပေး

ခြင်းကို ခံကြရခြင်းဖြစ်သည်။

၃၄။ ငါအရှင်သည်မြို့ရွာတစ်ရွာရွာတွင် သတိပေးနှိုးဆော်သူတစ်ဦးဦးကို စေလွှတ်တော်မူလိုက်တိုင်း ထိုမြို့ရွာရှိ စည်းစိမ်ရှင်တို့က "ဇကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့ပေး၍ စေလွှတ်ခြင်းခံကြရသည့်အရာများကို ငြင်းပယ်သူများဖြစ်ကြသည်"ဟု ပြောဆိုခဲ့ကြသည်ချည်းသာ ဖြစ်သည်။ **၃၅။** ထို့ပြင် သူတို့က "ကျွန်ုပ်တို့သည် အသင်တို့ထက် ပစ္စည်းဥစ္စာနှင့် သားသမီး ပေါများကြွယ်ဝသူများ ဖြစ်ကြပေရာ ကျွန်ုပ်တို့သည် ပြစ်ဒဏ်ပေးခြင်း ခံကြရမည့်သူများမဟုတ်ပေ"ဟု ပြောဆိုခဲ့ကြလေသည်။ **၃၆။** အသင်ပြောလိုက်ပါ။ ဇကန်စင်စစ် ကျွန်ုပ်၏အရှင်သည် မိမိအလိုရှိသောသူအား စားနပ်ရိက္ခာ ချောင်လည်စေတော်မူ၍ မိမိအလိုရှိသောသူအား ကျပ်တည်းစေတော်မူ၏။ သို့သော် လူအများစုသည် မသိနားမလည်ကြပေ။ **၃၇။** အသင်တို့၏ ပစ္စည်းဥစ္စာများနှင့် အသင်တို့၏ သားသမီးများသည် အသင်တို့အား ငါအရှင့်ထံတော်သို့ အဆင့်အတန်းအားဖြင့် နီးကပ်စေမည့်အရာများ မဟုတ်ပေ။ သို့သော် မည်သူမဆို အီမာန်ယုံကြည်ပြီး ကောင်းမှုကို ကျင့်ဆောင်ခဲ့ပါမူ ထိုသူတို့အဖို့ သူတို့ ကျင့်ဆောင်ခဲ့သည်များ၏ အကျိုးကုသိုလ် ဆတိုးရှိသည့်အပြင် သူတို့သည် မြင့်စွင့်သောအဆောင်များတွင် တည်ငြိမ်အေးချမ်းစွာ ရှိကြပေမည်။ **၃၈။** ငါအရှင်၏ အာယသ်တော်များကို ပျက်ပြားအောင် ကြိုးစားအားထုတ်နေကြသူများမှာမူ ပြစ်ဒဏ်တွင် ကျရောက်စေခြင်းခံကြရမည့်သူများ ဖြစ်ကြပေသည်။ **၃၉။** အသင်ပြောကြားပါ။ ဇကန်စင်စစ် ကျွန်ုပ်၏အရှင်သည် မိမိ၏ အစေတော်များအနက် စားနပ်ရိက္ခာ ချောင်လည်စေလိုတော်မူသော သူအား ချောင်လည်စေတော်မူ၍ ကျပ်တည်းစေလိုတော်မူသော သူအား ကျပ်တည်းစေတော်မူ၏။ ထို့ပြင် အသင်တို့ သုံးစွဲလိုက်သည့်အရာတိုင်းကို အရှင်မြတ်သည် နောက်တွင် အစားထိုးပေးတော်မူမည်။ ထိုအရှင်သည် ရိက္ခာချီးမြှင့်တော်မူသော အကောင်းဆုံး အရှင်ဖြစ်ပေသည်။

၄၀။ ထိုနေ့တွင် အရှင်မြတ်သည် သူတို့အားလုံးကို စုရုံးတော်မူပြီးနောက် ကောင်းကင်တမန်များအား "ဤသူတို့သည် အသင်တို့အား ခဝပ်ကိုးကွယ်ခဲ့ကြလေသလော"ဟု မေးမြန်းတော်မူပေမည်။ **၄၁။** ကောင်းကင်တမန်များက လျှောက်တင်ကြမည်။ အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါသည်။ ကျွန်တော်မျိုးတို့သည်

အရှင်မြတ်နှင့်သာ ပတ်သက်ဆက်နွယ်သူများ ဖြစ်ကြပါသည်။ ၎င်းတို့နှင့် မပတ်သက်ကြပါ။ စင်စစ်တွင် သူတို့သည် ဂျင်နီသတ္တဝါများကိုသာ ခဝပ်ကိုးကွယ်ခဲ့ကြခြင်းဖြစ်ပါသည်။ သူတို့ထဲက အများစုသည် ဂျင်နီသတ္တဝါများကို ယုံကြည်ခဲ့ကြပါသည်။ **၄၂။** သို့ဖြစ်ရာ ယနေ့ အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး ကောင်းကျိုးလည်း ပြုနိုင်မည်မဟုတ်၊ ဆိုးကျိုးလည်း ပြုနိုင်မည်မဟုတ်။ မတရားလုပ်ခဲ့ကြသူများအား ငါအရှင်ပိန်နှံကြားတော်မူမည်။ အသင်တို့ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသော ငရဲမီးဖါပြစ်ဒဏ်ကို မြည်းစမ်းကြလေတော့ကုန်။

၄၃။ ငါအရှင်၏ ထင်ရှားသော အာယသ်တော်များကို သူတို့အား ဖတ်ကြားပြသောအခါ သူတို့က ဤသူသည် အသင်တို့၏ အဘ၊ဘိုးဘေးများ ဆည်းကပ်ကိုးကွယ်ခဲ့ကြသည့် အရာများမှ အသင်တို့အား ပိတ်ပင်တားဆီးလိုသူ တစ်ဦးသာလျှင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်ပြင် ဤကုရ်အာန်သည် လုပ်ကြံဖန်တီးထားသော မုသားစကားတစ်ရပ်သာလျှင် ဖြစ်သည်ဟူ၍လည်း ပြောဆိုခဲ့ကြသည်။ ထို့ပြင် ငြင်းပယ်ခဲ့ကြသောသူတို့သည် သူတို့ထံသို့ အမှန်တရားရောက်လာသောအခါတွင် ဤသည် ထင်ရှားသော မှော်အတတ် ပညာတစ်ရပ်သာ ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ **၄၄။** စင်စစ်တွင် ငါအရှင်သည် သူတို့ ဖတ်ကြား သင်ယူနိုင်ကြလေအောင် သူတို့အား (ကုရ်အာန်ထက်အလျင်) ကျမ်းဂန်များ ချီးမြှင့်ပေးသနားတော်မူခဲ့သည် လည်းမရှိပေ။ ထို့ပြင် သူတို့ထံသို့ သတိပေးနှိုးဆော်သူ တစ်ဦးဦးကို လည်း အသင့်ထက်အလျင်က ငါအရှင် စေလွှတ်တော်မူခဲ့သည် မဟုတ်ပေ။ **၄၅။** သူတို့ထက်အလျင်က လူများသည်လည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ ယခုရှိနေသူများသည် ရှေးလူတို့အား ငါအရှင်ချီးမြှင့်ပေးသနားတော်မူခဲ့သည့်အရာထဲမှ ဆယ်ပုံ တစ်ပုံကိုပင် ရရှိခဲ့ကြသည် မဟုတ်ပေ။ သို့တိုင်အောင် ရှေးသူတို့သည် ငါအရှင့်တမန်တော်များအား မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် မည်သို့ရှိခဲ့သနည်း။

၄၆။ အသင်ပြောပါ။ ငါသည် အသင်တို့အား ကိစ္စတစ်ခုကိုသာ တိုက်တွန်းနှိုးဆော်ချင်သည်။ ယင်းမှာ အသင်တို့သည် အလ္လာဟ်အတွက် တစ်ယောက်စီဖြစ်စေ၊ နှစ်ယောက်စီဖြစ်စေ ထကြွပြီးလျှင် စဉ်းစားဆင်ခြင်ကြလေကုန်။ အသင်တို့၏အဖော်ဖြစ်သူ (တမန်တော်)တွင် ရူးသွပ်ခြင်းဝေဒနာမရှိပေ။ သူသည် အသင်

တို့အား ပြင်းထန်သော ပြစ်ဒဏ်မကျရောက်မီ ကြိုတင်သတိပေး နှိုးဆော်သူ တစ်ဦးသာလျှင် ဖြစ်ချေသတည်း။ **၄၇။** အသင် ပြောကြားပါ။ ကျွန်ုပ်သည် အသင်တို့ ထံမှ အဖိုးအခတစ်စုံတစ်ရာ တောင်းခဲ့သည်ဆိုလျှင်လည်း ထိုအဖိုးအခသည် အသင်တို့အတွက်သာလျှင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်အတွက် အဖိုးအခမှာ အလ္လာဟ်ထံတွင်သာ ရှိပေသည်။ စင်စစ် ထိုအရှင်သည် အရာခပ်သိမ်း အပေါ် အသိသက်သေ ဖြစ်တော်မူသည်။ **၄၈။** အသင်ပြောကြားပါ။ ဧကန်စင်စစ် ကျွန်ုပ်၏ အရှင်သည် အမှန်တရားဖြင့် အမှားကို ပစ်ပေါက်တော်မူမည်။ အရှင်မြတ် သည် အကွယ်၌ရှိသမျှတို့ကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်ပေ သည်။ **၄၉။** အသင်ပြောကြားပါ။ အမှန်တရား ရောက်ရှိလာခဲ့ပြီဖြစ်ရာ အမှားသည် အစပြုနိုင် တော့မည်လည်းမဟုတ်၊ ပြန်ကျော့နိုင်တော့မည်လည်းမဟုတ်တော့ပေ။ **၅၀။** အသင်ပြောကြားပါ။ အကယ်၍ ကျွန်ုပ်သည် လမ်းမှားပေါ်တွင်ရှိပါမူ ထိုလမ်း မှားမှု၏ ဆိုးကျိုးသည် ကျွန်ုပ်အပေါ်သို့သာ ကျရောက်မည်။ အကယ်၍ ကျွန်ုပ် သည် တရားလမ်းမှန်ပေါ်တွင် ရှိပါမူ ကျွန်ုပ်၏ အရှင်က ကျွန်ုပ်ထံသို့ ဝဟီဗျာဒိတ် တော် ချပေးတော်မူသောကြောင့်ပင် ဖြစ်သည်။ အရှင်မြတ်သည် အလွန်တရာ ကြားသိတော်မူသော၊ အလွန်တရာ နီးကပ်စွာရှိတော်မူသော အရှင်ပင် ဖြစ်တော် မူပေသည်။

၅၁။ သူတို့သည် အထိတ်တလန့်ဖြစ်လျက်ရှိကြပြီး ထွက်ပြေးလွတ် မြောက်နိုင်ခြင်းမရှိဘဲ အနီးအနားမှာပင် ဖမ်းဆီးကွပ်မျက်ခြင်းခံရသည့်အဖြစ်ကို အသင့်အား မြင်စေချင်မိသည်။ **၅၂။** ထိုအခါ ကျွန်တော်မျိုးတို့သည် ထိုအရာကို ယုံကြည်ကြပါပြီဟု သူတို့ပြောကြမည်။ သို့သော် သူတို့သည် ဤမျှ ဝေးလံသော နေရာမှ အဘယ်မှာလျှင် ရယူနိုင်ကြမည်နည်း။ **၅၃။** သူတို့သည် ဤကျမ်းကို သည့်အလျင်ကပင် ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် မသိမမြင်ဘဲ ဝေးလှံသောနေရာမှ ရမ်းဆပြောဆိုခဲ့ကြသည်။ **၅၄။** သို့သော် ယခင်က သူတို့နှင့်အလားတူသူများ အား ပြုလုပ်ခဲ့သည့်နည်းတူ သူတို့နှင့် သူတို့ ဆန္ဒရှိသည့်အရာများ၏ အကြားတွင် အကာအဆီးတစ်ခု ပြုလုပ်ခြင်းခံရပေမည်။ ဧကန်စင်စစ် သူတို့သည် ယုံမှားသံသ ယဖြစ်စေသော ဒွိဟသံသယ၌ပင် ရှိခဲ့ကြပေသည်။

၃၅။ စူရဟ် ဇာဆွိရ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ချီးမွမ်းခြင်းအပေါင်းသည် မိုးကောင်းကင်များနှင့် မြေပထဝီကို တီထွင်ဖန်ဆင်းတော်မူသော၊ အတောင်ပံ နှစ်ခုစီ၊ သုံးခုစီ၊ လေးခုစီရှိသော ကောင်းကင်တမန်တို့အား စေတမန်များအဖြစ် ခန့်အပ်တော်မူသော အလ္လာဟ်အဖို့သာ ဖြစ်ပေသည်။ အရှင်မြတ်သည် ဖန်ဆင်းမှုဌ် မိမိအလိုရှိသည့်အရာကို တိုးပွားစေတော်မူသည်။ ဇကန်စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းကို စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်ပေသည်။ **၂။** လူတို့အဖို့ အလ္လာဟ် ဖွင့်ပေးတော်မူသော ကရုဏာတော်ကို ပိတ်ပင်တားဆီးနိုင်သူဟူ၍ မည်သူမျှမရှိ။ အရှင်မြတ်က ပိတ်ပင်တားဆီးလိုက်သောအရာကိုလည်း ဖွင့်ပေးနိုင်သူဟူ၍ အရှင်မှလွဲ၍ မည်သူမျှမရှိ။ အရှင်မြတ်သည် အလွန် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

၃။ အို-လူသားတို့၊ အသင်တို့အပေါ်တွင်ရှိသော အလ္လာဟ်၏ကျေးဇူးတော်များကို သတိရကြလေကုန်။ အသင်တို့အား မိုးကောင်းကင်နှင့် မြေပထဝီမှ စားနပ်ရိက္ခာပေးသည့် ဖန်ဆင်းရှင်ဟူ၍ အလ္လာဟ်အပြင် အခြားရှိပါသေးသလော။ အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိ။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ လှည့်စေခြင်းကို ခံနေကြရသနည်း။ **၄။** အကယ်၍ သူတို့သည် အသင့်အား မုသာဝါဒီဟု စွပ်စွဲငြင်းပယ်ကြပါလျှင်၊ အသင့်အလျင်ကလည်း တမန်တော်များသည် မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခြင်းကို ခံခဲ့ကြရသည်။ အရေးကိစ္စဟူသမျှသည် အလ္လာဟ်ထံသို့သာလျှင် ပြန်လည်ရောက်ကြရပေမည်။

၅။ အို-လူသားတို့၊ ဇကန်စင်စစ် အလ္လာဟ်၏ ကတိတော်သည် မှန်ကန်ပေသည်။ သို့ဖြစ်ရာ လောကီဘဝ၏ အသက်ရှင်ခြင်းသည် အသင်တို့အား မလှည့်ဖြားစေပါနှင့်၊ ထို့ပြင် လှည့်စားသူ (ရှိုင်သွာန်) သည်လည်း အသင်တို့အား အလ္လာဟ်နှင့် ပတ်သက်၍ မလှည့်ဖြားစေပါနှင့်။ **၆။** ဇကန်စင်စစ် ရှိုင်သွာန်သည် အသင်တို့၏

ရန်သူပင်ဖြစ်ပေရာ ၎င်းအား ရန်သူအဖြစ်သာ မှတ်ယူကြလေကုန်။ ထိုရှိုင်သွာန်သည် မိမိ၏ဘက်သားများအား ငရဲဘုံသားများတွင် အပါအဝင် ဖြစ်စေရန်သာ ဖိတ်ခေါ်လေသည်။ **၇။** သွေဖည်ငြင်းပယ်ကြသောသူတို့အဖို့ ပြင်းထန်သောပြစ်ဒဏ်ရှိပေသည်။ အီမာန်ယုံကြည်၍ ကောင်းမှုကျင့်ဆောင်ခဲ့ကြသောသူများအတွက်မှာမူ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးမားသောအကျိုးကုသိုလ် ရှိပေ သည်။

၈။ သို့ဖြစ်ပေရာ မိမိ၏ မကောင်းမှုများကို မိမိ၏အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်ပြသခြင်းခံရပြီး ယင်းမကောင်းသောအကျင့်အမူများကို အကောင်းဟူ၍ ထင်မြင်နေသူသည် (အလွှာဟ်ဘက်မှ လမ်းမှန်ရထားသူနှင့် တူနိုင်ပါမည်လော)။ ဇကန်စင်စစ် အလွှာဟ်သည် မိမိအလိုရှိသူအား လမ်းမှားတွင် ထားတော်မူ၍ မိမိအလိုရှိသူအား တရားလမ်းမှန်ကို ပြတော်မူသည်။ ထို့ကြောင့် သူတို့အပေါ် ဝမ်းနည်းစိတ်မကောင်းဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ပျက်စီးအောင်မလုပ်ပါနှင့်။ ဇကန်စင်စစ် အလွှာဟ်သည် သူတို့ပြုမူနေသမျှကို အကြွင်းမဲ့ သိတော်မူသော အရှင်ဖြစ်ပေသည်။ **၉။** အလွှာဟ်သည်ပင် လေများကို စေလွှတ်တော်မူသော အရှင်ဖြစ်သည်။ ထို့နောက် ယင်းလေများသည် မိုးတိမ်များကို သယ်ဆောင်၍ သွားကြလေ၏။ ထို့နောက် ငါအရှင်သည် သေလျက်ရှိသော နယ်မြေဒေသများသို့ ယင်းမိုးတိမ်များကို ပို့ဆောင်တော်မူသည်။ ထို့နောက် ငါအရှင်သည် သေနေသော မြေကို ထိုရေဖြင့် ပြန်လည်ရှင်သန်စေတော်မူ၏။ သေပြီးနောက် တစ်ဖန်ရှင်ပြန်ထခြင်းသည်လည်း ဤနည်းအတိုင်းပင် ဖြစ်ပေမည်။ **၁၀။** မည်သူမဆို ဂုဏ်သိက္ခာကို အလိုရှိသည်ဆိုလျှင် အလုံးစုံသော ဂုဏ်သိက္ခာသည် အလွှာဟ်ထံတွင်သာ ရှိပေသည်။ စင်ကြယ်သန့်ပြန်သောစကားရပ်များသည် အရှင့်အထံတော်သို့ တက်လေသည်။ ထို့ပြင် ကောင်းမှုသီလက ထိုစင်ကြယ်သန့်ပြန်သော စကားရပ်များကို အပေါ်သို့ ပို့ဆောင်သည်။ သို့သော် မကောင်းသော အကြံအစည်များကို ကြံစည်နေသောသူတို့အဖို့မှာမူ ပြင်းထန်သောပြစ်ဒဏ် ရှိပေမည်။ သူတို့၏ အကြံအစည်များသည်လည်း ပျက်ပြားသွားကြပေမည်။

၁၁။ အလွှာဟ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူသည်။ ထို့နောက် သုက်ရည်ဖြင့်။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား စုံတွဲများပြုလုပ်တော်မူခဲ့သည်။ မည်သည့် မိန်းမတစ်ဦးတစ်ယောက်မျှပင် အရှင်မြတ်သိတော်

မမူဘဲ ကိုယ်ဝန်ဆောင်ခြင်းလည်းမရှိ၊ သားဖွားခြင်းလည်းမရှိပေ။ ထို့အတူ အသက်ရှည်သူ တစ်ဦးတစ်ယောက်၏ အသက်ကို ရှည်စေခြင်းသည်လည်းကောင်း၊ တစ်ဦးတစ်ယောက်၏ အသက်ကို တိုစေခြင်းသည်လည်းကောင်း မှတ်တမ်းစာအုပ်တွင် မှု၍ ရေးမှတ်ထားပြီး ဖြစ်သည်။ ဇကန်စင်စစ် ဤကိစ္စသည် အလ္လာဟ်အတွက် အလွန် လွယ်ကူသောကိစ္စ ဖြစ်သည်။

၁၂။ ပင်လယ်နှစ်ခုသည် မတူကြပေ။ ဤတစ်ခု၏ ရေသည် ချိုသည်။ ရေငတ်ပြေစေသည်။ ထိုရေကို သောက်သုံးရာတွင်လည်း လွယ်ကူ၍ အဝင်ကောင်းသည်။ ဤတစ်ခု၏ရေမှာမူ ငန်၍ ခါးသည်။ သို့တိုင်အောင် အသင်တို့သည် ပင်လယ်နှစ်ခုလုံးမှ လတ်ဆတ်သော အသားကို စားသုံးကြသည်။ ထို့ပြင် အသင်တို့ ဝတ်ဆင်ကြသည့် လက်ဝတ်လက်စား တန်ဆာများကို ထုတ်ယူကြသည်။ ထို့ပြင် သဘော်များသည် ပင်လယ်ရေကိုခွဲ၍ သွားလာလျက် ရှိသည်ကို အသင်တွေ့မြင်ရပေမည်။ ထိုသို့ပြုထားပေးခြင်းမှာ ထိုအရှင်၏ ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကို အသင်တို့ရှာဖွေရန်နှင့် အသင်တို့ ကျေးဇူးတင်ကြရန်အတွက် အတွက်ဖြစ်သည်။ **၁၃။** အရှင်မြတ်သည် ညဉ့်ကို နေ့၏အတွင်းသို့ ဝင်စေတော်မူ၍ နေ့ကို ညဉ့်အတွင်း သို့ ဝင်စေတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် နေနှင့် လကို ထိန်းချုပ်ထားတော်မူသည်။ အားလုံးသည် သတ်မှတ်ပြဋ္ဌာန်းထားသော အချိန်ကာလတိုင်အောင် လှုပ်ရှားသွားလာလျက် ရှိကြသည်။ ဤသည် အသင်တို့၏အရှင် အလ္လာဟ်ပင် ဖြစ်တော်မူသည်။ စိုးမိုးအုပ်ချုပ်မှုအာဏာကို အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ သို့သော် ထိုအရှင့်အား စွန့်၍ အသင်တို့ ဟစ်ခေါ်တသလျက် ရှိကြသော သူတို့မှာမူ စွန်ပလွံစေ့၌ ကပ်လျက်ရှိသော အမြွေးခန့်မျှကိုပင် ပိုင်ဆိုင်ကြသည်မဟုတ်ပေ။ **၁၄။** အ ကယ်၍ သူတို့ကို အသင်တို့ ဟစ်ခေါ်ကြလျှင်လည်း အသင်တို့၏ဟစ်ခေါ်သံကို သူတို့ကြားကြမည် မဟုတ်ပေ။ အကယ်၍ ကြားခဲ့ကြလျှင်လည်း အသင်တို့အား ပြန်၍ ထူးနိုင်ကြမည်မဟုတ်ပေ။ သို့သာမက ကိယာမသဲ့ရှင်ပြန်ထမည့်နေ့တွင် သူတို့သည် အသင်တို့၏ တွဲဖက်ကိုးကွယ်မှုအား ငြင်းပယ်လိုက်ကြပေလိမ့်မည်။ အရာခပ်သိမ်းကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်ကဲ့သို့ အသင့်အား မည်သူ မျှ ပြောပြနိုင်လိမ့်မည်မဟုတ်။

၁၅။ အို-လူသားတို့၊ အသင်တို့သည်သာလျှင် အလ္လာဟ်ကို လိုလား

တောင့်တကြရသူများ ဖြစ်ကြသည်။ အလွှာဟ်ကတော့ လိုလားတောင့်တခြင်း လုံးဝ ကင်းတော်မူသော၊ ချီးမွမ်းခြင်းအပေါင်းကို ခံယူထိုက်တော်မူသော အရှင်ဖြစ်ပေသည်။ **၁၆။** အကယ်၍ အရှင်မြတ်အလိုရှိတော်မူလျှင် အသင်တို့အား ဖျက်ဆီးတော်မူ၍ အခြားအဖန်ဆင်းခံအသစ်ကို ဖန်ဆင်းတော်မူနိုင်သည်။ **၁၇။** ဤကိစ္စသည် အလွှာဟ်အဖို့ ဘာမျှ ခဲယဉ်းသောကိစ္စမဟုတ်ပေ။ **၁၈။** မည်သည့် ဝန်ထုပ်ထမ်းသော သူ တစ်ဦးတစ်ယောက်ကမျှ သူတစ်ပါး၏ဝန်ထုပ်ကို သယ်ပိုးထမ်းရွက်မည်မဟုတ်။ အကယ်၍ ဝန်ထုပ်ကို ထမ်းရွက်ထားသူတစ်ဦးသည် တစ်စုံတစ်ယောက်အား မိမိ၏ဝန်ထုပ်ကိုပါ ထမ်းရွက်ပေးဖို့ ဟစ်ခေါ်လျှင်လည်း ထိုဟစ်ခေါ်ခြင်းခံရသူသည် ၎င်း၏ ဆွေရင်းသားရင်း ဖြစ်ခဲ့သည့်တိုင်အောင် ထိုဝန်ထုပ်မှ အနည်းငယ်မျှကိုပင် ကူထမ်းပေးမည် မဟုတ်ပေ။ စင်စစ်တွင် အသင်သည် မိမိတို့၏ အရှင်မြတ်အား မတွေ့ မြင်ရဘဲနှင့် ကြောက်ရွံ့ကြသော၊ စွဲလာသ် ဆောက်တည်ကြသောသူတို့ကိုသာလျှင် သတိပေးနှိုးဆော်နိုင်ပေသည်။ မည်သူမဆို စင်ကြယ်သန့်ရှင်းအောင်လုပ်ခဲ့ပါမူ ထိုသူသည် မိမိအကျိုးအတွက်သာ စင်ကြယ်သန့်ရှင်းအောင်လုပ်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် နောက်ဆုံးပြန်ကြရမည့် နေရာမှာ အလွှာဟ်ထံတော်ပါးသို့သာ ဖြစ်သည်။

၁၉။ မျက်စိကန်းသူနှင့် မျက်စိမြင်သောသူသည် မတူညီပေ။ **၂၀။** အမှောင်နှင့် အလင်းသည်လည်း မတူညီပေ။ **၂၁။** အရိပ်အာဝါသနှင့် နေ၏အပူရှိန်သည်လည်း မတူညီပေ။ **၂၂။** အသက်ရှင်သူများနှင့် သေသူများသည်လည်း မတူညီကြပေ။ ဇကန်စင်စစ် အလွှာဟ်သည် မိမိအလိုရှိသူအား ကြားစေတော် မူသည်။ သို့သော် အသင်သည် သချိုင်းများတွင် ရှိသူတို့အား ကြားစေနိုင်သည် မဟုတ်ပေ။ **၂၃။** အသင်သည် သတိပေးနှိုးဆော်သူ တစ်ဦးမျှသာဖြစ်၏။ **၂၄။** ဇကန်စင်စစ် ငါအရှင်သည် အသင့်အား အမှန်တရားနှင့်တကွ သတင်းကောင်းပါးသူအဖြစ်၊ သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူခဲ့သည်။ ဇကန်စင်စစ် မည်သည့်အုပ်စုတွင်မဆို သတိပေးနှိုးဆော်သူ တစ်ဦး ပွင့်ပေါ်ခဲ့သည်ချည်းသာ ဖြစ်သည်။

၂၅။ အကယ်၍ သူတို့သည် အသင့်အား မုသာဝါဒီဟု စွပ်စွဲခြင်းပယ်ကြလျှင် သူတို့ထက်အလျင်က လူများကလည်း (မိမိတို့၏တမန်တော်များကို) ငြင်းပယ်ခဲ့ကြပေသည်။ သူတို့ထံသို့ သူတို့၏ရဒူလ်တမန်တော်များသည် ထင်ရှား

သောအထောက်အထားများ၊ ကျမ်းငယ်များ၊ အလင်းပြကျမ်းကြီးများကို ယူဆောင်လာခဲ့ကြသည်။ **၂၆။** ထိုနောက် ငါအရှင်သည် လက်မခံသူများကို အရေးယူကွပ်မျက်တော်မူခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်၏ အရေးယူမှုသည် မည်သို့ ရှိခဲ့ပါသနည်း။ **၂၇။** အသင် မမြင်တွေ့ခဲ့ပါသလော။ ဇကန်စင်စစ် အလွှာဟ်သည် မိုးကောင်းကင်မှ မိုးရေကို ချပေးတော်မူပြီး တစ်ဖန် ငါအရှင်သည် ယင်းမိုးရေဖြင့် အရောင်အသွေးအမျိုးမျိုးရှိသော သစ်သီးဝလံများကို ပေါက်ရောက်စေတော်မူသည်။ ထို့ပြင် တောင်များတွင် အဖြူရောင်၊ အနီရောင်နှင့် အရောင်အမျိုးမျိုးရှိသော အစိတ်အပိုင်းများ ရှိကြသည်။ အလွန်မည်းနက်သော အစိတ်အပိုင်းများလည်းရှိသည်။ **၂၈။** ထိုနည်းအတိုင်းပင် လူများ၊ တိရစ္ဆာန်များ၊ ခြေလေးချောင်းသတ္တဝါများတွင်လည်း အရောင်အဆင်းအမျိုးမျိုးရှိကြသည်။ အလွှာဟ်၏ အစေတော်များအနက်မှ အသိပညာရှိသူများသာလျှင် အလွှာဟ်ကို ကြောက်ရွံ့ကြပေသည်။ ဇကန်စင်စစ် အလွှာဟ်သည် အလွန်လွှမ်းမိုးတော်မူသော၊ အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသော အရှင် ဖြစ်ပေသည်။

၂၉။ ဇကန်စင်စစ် အလွှာဟ်၏ ကျမ်းဂန်ကို ဖတ်ရွတ်ကြသောသူများ၊ စွဲလာသံဆောက်တည်ကြသူများ၊ ငါအရှင် ချီးမြှင့်ထားသည့်အရာများထဲမှ လှူ၊ ဝှက်စွာရော၊ ထင်ပေါ်စွာပါ လှူဒါန်းသုံးစွဲကြသူများသည် ဘယ်သောအခါမျှ ဆုံးရှုံးမည်မဟုတ်သော ရောင်းဝယ်ဖောက်ကားမှုကို မျှော်လင့်လျက်ရှိကြပေသည်။ **၃၀။** အလွှာဟ်သည် သူတို့အား သူတို့၏ အကျိုးကုသိုလ်ကို အပြည့်အဝ ပေးတော်မူမည့်အပြင် မိမိ၏ကျေးဇူးတော်ဖြင့် သူတို့အား အပိုဆုလည်း ချီးမြှင့်တော်မူပေမည်။ အမှန်စင်စစ် အလွှာဟ်သည် အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အသိအမှတ်ပြုလက်ခံတော်မူသောအရှင် ဖြစ်ပေသည်။ **၃၁။** အသင့်ထံသို့ ငါအရှင် ဗျာဒိတ်တော်မူခဲ့သည့် ကျမ်းဂန်သည် လုံးဝအမှန်ဖြစ်သည်။ သူ့ထက်အ လျင်က ရှိခဲ့သောကျမ်းဂန်များကို ထောက်ခံပေးသောကျမ်းလည်း ဖြစ်သည်။ ဇကန်စင်စစ် အလွှာဟ်သည် မိမိ၏အစေတော်များကို အကြွင်းမဲ့ သိတော်မူသော၊ အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်ပေသည်။ **၃၂။** ငါအရှင်သည် မိမိ၏ အစေတော်များအနက်မှ ငါအရှင် ရွေးချယ်တော်မူလိုက်သောသူများအား ဤကျမ်းဂန်ကို အမွေအဖြစ် ချီးမြှင့်တော်မူခဲ့သည်။ သို့သော် သူတို့အနက် အချို့သည် ကိုယ့်ကိုယ်ကိုယ်

မတရားလုပ်သောသူ ဖြစ်သည်။ သူတို့အနက် အချို့သည် အလယ်အလတ်လမ်းစဉ်ကို လိုက်သောသူ ဖြစ်သည်။ သူတို့အနက် အချို့သည် အလွှာဟ်အမိန့်တော်ဖြင့် ကောင်းမှုများတွင် ရှေ့ဆုံးသို့ ရောက်သူ ဖြစ်သည်။ ဤသည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ပင် ဖြစ်ပေသည်။ **၃၃။** အမြဲထာဝရ နေထိုင်ရမည့် ဥယျာဉ်များပင်။ သူတို့သည် ယင်းဥယျာဉ်များတွင် ဝင်ရောက်ကြရမည်။ ထိုထဲတွင် သူတို့သည် ရွှေလက်ကောက်များနှင့် ပုလဲများ ဆင်မြန်းပေးခြင်းခံရမည်။ ထိုထဲတွင် သူတို့၏ အဝတ်အစားသည် ပိုးထည်ဖြစ်မည်။ **၃၄။** သူတို့က ဤသို့ ပြောဆိုကြပေမည်။ ချီးမွမ်းခြင်းအပေါင်းသည် ကျွန်ုပ်တို့ထံမှ ပူပန်သောကကို ဖယ်ရှားပေးတော်မူသော အရှင်မြတ်အဖို့သာ ဖြစ်ပေသည်။ ဇကန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်အသိအမှတ်ပြုတော်မူသောအရှင် မုချ ဖြစ်ပေသည်။ **၃၅။** အရှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ကျွန်ုပ်တို့ကို အမြဲနေရ မည့်နေရာဌာနတွင် နေရာချ ပေးတော်မူခဲ့သည်။ ထိုထဲတွင် ကျွန်ုပ်တို့သည် ပင်ပန်းခြင်းလည်း မရှိပေ။ ထိုထဲတွင် ကျွန်ုပ်တို့သည် ငြီးငွေ့ခြင်းလည်း မရှိပေ။

၃၆။ ငြင်းပယ်ခဲ့ကြသူတို့အတွက်မှာမူ ဂျဟန္နမ်ဝေါဘုံ၏မီး ရှိပေသည်။ သူတို့သည် သေဆုံးသွားနိုင်အောင် အမိန့်ပြဋ္ဌာန်းခြင်းခံရမည်လည်းမဟုတ်။ သူတို့ထံမှ ဝေါဘုံ၏ပြစ်ဒဏ်ကို လျော့ပေါ့ပေးခြင်း ခံရမည်လည်းမဟုတ်။ ငါအရှင်သည် ငြင်းပယ်သူတိုင်းကို ဤနည်းအတိုင်းပင် အစားပေးတော်မူပေသည်။ **၃၇။** ထိုထဲတွင် သူတို့သည် အော်ဟစ်၍ "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ကျွန်တော်မျိုးတို့ကို ထုတ်ပေးတော်မူပါ။ ကျွန်တော်မျိုးတို့ ပြုလုပ်လေ့ရှိခဲ့ကြသည့်လုပ်ရပ်တွေမဟုတ်ဘဲ အခြားကောင်းမှုလုပ်ရပ်များကို ပြုလုပ်ကြပါမည်" ဟု ပြောဆိုကြမည်။ ငါအရှင်သည် အသင်တို့အား စဉ်းစားဆင်ခြင်လိုသူတစ်ယောက် အနေနှင့် စဉ်းစားဆင်ခြင်နိုင်လောက်သည့် သက်တမ်းကို ပေးတော်မူခဲ့သည်မဟုတ်လော။ ထို့ပြင် အသင်တို့ထံသို့ သတိပေးနှိုးဆော်သူလည်း ရောက်ရှိလာခဲ့သည် မဟုတ်လော။ ထို့ကြောင့် ယခုမြည်းစမ်းကြပေတော့။ မတရားကျူးလွန်ကြသူတို့အဖို့ ကူညီရှိုင်း ပင်းမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်။

၃၈။ ဇကန်စင်စစ် အလွှာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီ၏

အကွယ်ကို သိတော်မူသောအရှင် ဖြစ်သည်။ အမှန်စင်စစ် ထိုအရှင်သည် စိတ်နှလုံးအတွင်း၌ ရှိသည်တို့ကိုလည်း အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်သည်။ **၃၉။** ထိုအရှင်မြတ်သည်ပင် အသင်တို့အား မြေပထဝီတွင် ကိုယ်စားလှယ်များအဖြစ် ပြုလုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ မည်သူမဆို ငြင်းပယ်ခဲ့ပါမူ သူ၏ငြင်းပယ်မှုသည် သူ့အပေါ်၌သာ ကျရောက်ပေမည်။ ငြင်းပယ်ကြသူတို့အဖို့ သူတို့၏ ငြင်းပယ်မှုသည် သူတို့၏အရှင်သခင်ထံတွင် မုန်းတီးစက်ဆုပ်မှုကိုသာလျှင် တိုးပွားစေမည့်အရာ ဖြစ်သည်။ ငြင်းပယ်ကြသူတို့အဖို့ သူတို့၏ ငြင်းပယ်မှုသည် နစ်နာဆုံးရှုံးမှုကိုသာလျှင် ပိုမို တိုးပွားစေမည်။

၄၀။ အသင်ပြောလိုက်ပါ။ အလ္လာဟ်ကို စွန့်၍ အသင်တို့ ဟစ်ခေါ်တသနေကြသော တွဲဖက်ကိုးကွယ်ရာများကို နည်းနည်းလောက် ကြည့်ကြပါဦး။ အသင်တို့ ငုံ့ကိုပြကြပါ။ မြေပထဝီ၏ မည်သည့်အစိတ်အပိုင်းကို သူတို့ ဖန်ဆင်းထားတာ ရှိသနည်း။ သို့မဟုတ် မိုးကောင်းကင်များတွင် သူတို့၏ ဖက်စပ်ပါဝင်မှု တစ်စုံတစ်ရာရော ရှိပါသလား။ သို့မဟုတ် ငါအရှင်က သူတို့အား ကျမ်းဂန်တစ်စောင် ချီးမြှင့်ထားသဖြင့် သူတို့သည် ယင်းကျမ်းဂန်၏ အထောက်အထားတစ်ခုခုအပေါ်တွင် ရပ်တည်နေကြသလော။ ထိုသို့အလျှင်းမဟုတ်။ စင်စစ်တွင် မတရားကျူးလွန်သူတို့သည် အချင်းချင်း လိမ်လည်လှည့်ဖြားသောစကားများမှတစ်ပါး အခြားအရာကို ကတိပေးကြသည်မဟုတ်ပေ။ **၄၁။** ဇကာစင်စစ် အလ္လာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ရွေ့လျားတိမ်းပါး မသွားရလေအောင် ထိန်းထားတော်မူသည်။ အကယ်၍ ယင်းနှစ်ခု ရွေ့လျားတိမ်းပါးသွားခဲ့လျှင် ထိုအရှင်မှအပ မည်သူကမျှ ယင်းနှစ်ခုကို ထိန်းထားနိုင်မည်မဟုတ်။ အမှန်စင်စစ် အလ္လာဟ်သည် ခွင့်လွှတ်တရားနှင့် ပြည့်စုံတော်မူသော၊ အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင် ဖြစ်ပေသည်။

၄၂။ သူတို့က အကယ်၍သာ ကျွန်ုပ်တို့ထံသို့ သတိပေးနှိုးဆော်သူတစ်ဦးဦး ရောက်လာခဲ့ပါလျှင် မိမိတို့သည် သာသနာဝင်အုပ်စုတိုင်းထက် သာပို၍လမ်းမှန်တရားကို လက်ခံနာယူသူများ ဖြစ်ကြပါမည်ဟု အလ္လာဟ်ကို တိုင်တည်၍ အစွမ်းကုန် ကျိန်ဆိုခဲ့ကြသည်။ တစ်ဖန် သူတို့ထံသို့ သတိပေးနှိုးဆော်သူတစ်ဦး ရောက်ရှိလာသောအခါတွင်မူ သူတို့၏ မုန်းတီးစက်ဆုပ်မှုကိုသာ တိုးပွားသွားစေခဲ့

လေသည်။ **၄၃။** ကမ္ဘာပေါ်တွင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုနှင့် မကောင်းသော ကြံစည်မှုကိုသာ (တိုးပွားသွားစေခဲ့သည်။) မကောင်းကြံမှု၏ ဘေးရန်သည် မကောင်းကြံစည်သူတို့ အပေါ်၌သာ ပြန်ကျပေသည်။ ဘာလဲ၊ သူတို့သည် ရှေးယခင် ကလူတို့ ကြုံကြိုက်ခဲ့သော အဖြစ်အပျက်မျိုးကိုသာ စောင့်မျှော်နေကြပါသလော။ အသင်သည် အလ္လာဟ်၏ လုပ်ရိုးလုပ်စဉ်တွင် အပြောင်းအလဲတစ်စုံတစ်ရာကိုမျှ လုံးဝတွေ့ရလိမ့်မည်မဟုတ်။ အလ္လာဟ်၏ လုပ်ရိုးလုပ်စဉ်သည် လွှဲဖယ်သွား သည်ကိုလည်း အသင်လုံးဝ တွေ့ရလိမ့်မည်မဟုတ်။ **၄၄။** သူတို့သည် ကမ္ဘာပေါ်တွင် လှည့်လည်သွားလာကြပြီး သူတို့ထက်အလျင်က ရှိခဲ့ကြသူတို့၏ နောက်ဆုံးအကျိုးဆက် မည်သို့ရှိခဲ့သည်ကို မကြည့်ရှုကြသလော။ ထိုယခင်က လူတို့သည် သူတို့ထက်ပို၍ အင်အား တောင့်တင်းခဲ့ကြသည်။ သို့သော် မိုးကောင်းကင်များတွင်ရော၊ မြေပထဝီတွင်ရော ဘယ်အရာကမျှ အလ္လာ့ဟ်အား ချည့်နဲ့သွား အောင်မလုပ်နိုင်ခဲ့ ပေ။ အမှန်စင်စစ် ထိုအရှင်သည် အကြွင်းမဲ့ သိတော်မူသော၊ အရာရာကို တတ်စွမ်းနိုင်တော်မူသော အရှင်ဖြစ်သည်။ **၄၅။** အကယ်၍သာ အလ္လာဟ်သည် လူတို့အား သူတို့၏ မကောင်းသောလုပ်ရပ်များကြောင့် အရေးယူကွပ်မျက်တော်မူပါလျှင် အရှင်မြတ်သည် မြေပထဝီ၏ကျောပေါ်တွင် မည်သည့် သက်ရှိသတ္တဝါကိုမျှ ချန်လှပ်ထားတော်မူမည်မဟုတ်ပေ။ သို့သော် အရှင်မြတ်သည် သူတို့ကို သတ်မှတ်ပြီးဖြစ်သော အချိန် ကာလတိုင်အောင် ဆိုင်းငံ့ပေးထားတော်မူသည်။ ထို့နောက် သူတို့၏အချိန်ကာလ ပြည့်သွားသော အခါတွင်မူ အလ္လာဟ်သည် မိမိ၏အစေတော်များကို အကြွင်းမဲ့မြင် တွေ့တော်မူခဲ့သော အရှင်ဖြစ်ပေသည်။ (သို့ဖြစ်ရာ ထိုအလျောက် အစားပေးတော်မူမည်။)

၃၆။ စူရဟ် ယာစီးန်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ယာစီးန်။ **၂။** ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းမြတ်ကို တိုင်တည်၍ ဆိုမည်။ **၃။** ဧကန်စင်စစ် သင်သည် ရစူလ်တမန်တော်

များတွင် မုချ တစ်ဦးအပါအဝင် ဖြစ်သည်။ **၄**။ ဖြောင့်မတ်သောလမ်းပေါ်တွင် ရှိနေပေသည်။ **၅**။ အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်မြတ်ထံတော်မှ ချပေးခြင်းခံရသောအရာဖြစ်သည်။ **၆**။ အသင်သည် အကြင်အမျိုးသားများကို သတိပေးနှိုးဆော်ရန်အတွက် ဖြစ်ပေသည်။ ၎င်းတို့၏ အဘဘိုးဘေးများသည် သတိပေးနှိုးဆော်ခြင်း မခံခဲ့ကြရသည်ဖြစ်ရာ သူတို့သည် ဘာမျှမသိကြပေ။

၇။ သူတို့အနက် လူအများစုအပေါ် အမိန့်တော်သည် အတည်ဖြစ်သွားခဲ့ပြီဖြစ်လေရာ သူတို့သည် ယုံကြည်ကြတော့မည် မဟုတ်ပေ။ **၈**။ ဇကန်စင်စစ် ငါအရှင်မြတ်သည် သူတို့၏ လည်ကုပ်များတွင် လည်ကွင်းများကို စွပ်ထားတော်မူခဲ့ရာ ယင်းလည်ကွင်းများသည် မေးစေ့များအထိပင် ရောက်နေသည်။ သို့ဖြစ်သောကြောင့် သူတို့သည် ဦးခေါင်းမော့လျက်ဖြစ်နေကြသည်။ **၉**။ ထို့နောက် ငါအရှင်သည် သူတို့၏ရှေ့တွင် အကာအဆီးတစ်ခုနှင့် သူတို့၏နောက်တွင် အကာအဆီးတစ်ခု ပြုလုပ်ထားတော်မူသည်။ တစ်ဖန် ငါအရှင်သည် သူတို့အား လွှမ်းခြုံထားတော်မူလိုက်လေရာ သူတို့သည် မမြင်နိုင်ကြတော့ပေ။ **၁၀**။ အသင်သည် သူတို့အား သတိပေးနှိုးဆော်သည်ဖြစ်စေ၊ သတိမပေး မနှိုးဆော်သည်ဖြစ်စေ၊ သူတို့အဖို့ အတူတူပင်ဖြစ်သည်။ သူတို့ ယုံကြည်ကြလိမ့်မည်မဟုတ်ပေ။ **၁၁**။ ဆုံးမသြဝါဒအပေါ် လျှောက်လှမ်းပြီး၊ ရဟ်မာန်-ကရုဏာတော်ရှင်ကို မမြင်တွေ့ရဘဲ အကွယ်မှ ကြောက်ရွံ့သောသူကိုသာလျှင် အသင် သတိပေးနှိုးဆော်နိုင်ပေမည်။ သို့ဖြစ်ရာ အသင်သည် ထိုသူအား ခွင့်လွှတ်ချမ်းသာမှုနှင့် မြင့်မြတ်သော အကျိုးကုသိုလ်ရရှိမည့်အကြောင်း သတင်းကောင်းပါးလိုက်ပါ။

၁၂။ ဇကန်စင်စစ် ငါအရှင်သည် သေသူများကို ပြန်လည်ရှင်စေတော်မူမည်။ ထို့ပြင် ငါအရှင်သည် သူတို့ ကြိုတင်ပို့နှင့်ထားသည်များကိုရော၊ နောက်တွင် သူတို့ ထားခဲ့ကြသည်များကိုပါ ရေးမှတ်နေတော်မူသည်။ ငါအရှင်သည် အရာခပ်သိမ်းကို ထင်ရှားသော မှတ်တမ်းစာအုပ်တွင် တိတိကျကျ မှတ်တမ်းတင်ထားပေသည်။

၁၃။ သင်သည် သူတို့အား အကြင်မြို့ရွာသားတို့၏ နမူနာကို ပြောပြပါလေ။ တစ်ခါတွင် ထိုမြို့ရွာသားများထံသို့ ရဋ္ဌလ်တမန်တော်များ ရောက်ရှိ

လာခဲ့လေသည်။ **၁၄။** ထိုအခါက ငါအရှင်သည် သူတို့ထံသို့ ရဟူလ်တမန်တော် နှစ်ပါးကို စေလွှတ်တော်မူခဲ့ရာ သူတို့က ထိုနှစ်ပါးကို မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်ခဲ့ကြသည်။ ထို့နောက် ငါအရှင်သည် တတိယရဟူလ်တမန်တော်တစ်ပါးဖြင့် အင်အားထောက်ပံ့ပေးခဲ့သည်။ ထိုအခါ ယင်းရဟူလ်တမန်တော်များက "ဇကနစင်စစ် ကျွန်ုပ်တို့သည် အသင်တို့ထံ စေလွှတ်ခြင်းခံရသော ရဟူလ်တမန်တော်များ ဖြစ်ကြသည်"ဟု ပြောဆိုခဲ့ကြသည်။ **၁၅။** မြို့ရွာသားတို့က "အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားများသာဖြစ်ကြသည်။ ရဟ်မာန်-ကရုဏာတော်ရှင်သည် ဘာတစ်ခုမျှ ချပေးတော်မူခဲ့သည်မဟုတ်။ အသင်တို့သည် မှားပြောဆိုနေကြခြင်းသာဖြစ်ကြသည်"ဟု ပြောဆိုခဲ့ကြသည်။ **၁၆။** ရဟူလ်တမန်တော်တို့က ဖြေကြားသည်။ ဇကနစင်စစ် ကျွန်ုပ်တို့သည် အသင်တို့ထံ စေလွှတ်ခြင်းခံရသော ရဟူလ်တမန်တော်များ ဖြစ်ကြောင်းကို ကျွန်ုပ်တို့၏ အရှင်သည် ကောင်းစွာ သိရှိတော်မူပေသည်။ **၁၇။** ကျွန်ုပ်တို့၏တာဝန်မှာ ထင်ထင်ရှားရှား ပို့ချပေးရန်သာ ဖြစ်သည်။ **၁၈။** မြို့ရွာသား တို့က ပြောကြသည်။ ဇကနစင်စစ် အသင်တို့သည် မကောင်းသော နိမိတ်များဖြစ်သည်ဟု ကျွန်ုပ်တို့ ထင်သည်။ အကယ်၍ အသင်တို့သည် ရပ်တန်းကမရပ်ကြလျှင်ကျွန်ုပ်တို့သည်အသင်တို့အား ခဲများဖြင့်မုချပစ်ပေါက်သတ်ကြမည်။ ထို့ပြင် ကျွန်ုပ်တို့ ထံမှ ပြင်းထန်သော ပြစ်ဒဏ်သည် အသင်တို့ထံ မုချ သက်ရောက်ပေလိမ့်မည်။ **၁၉။** ရဟူလ်တမန်တော်တို့က ပြောခဲ့ကြသည်။ သင်တို့၏ မကောင်းသောနိမိတ်သည် သင်တို့နှင့်သာ အတူတကွ ရှိပေသည်။ အသင်တို့သည် ဆုံးမသြဝါဒပေးခြင်း ခံကြရရုံမျှဖြင့်(မကောင်းသောနိမိတ်ကောက်ကြသလော)။ စင်စစ်တွင် အသင်တို့သည် စည်းဘောင်ကျော်လွန်ကြသူများသာ ဖြစ်ကြပေသည်။

၂၀။ ထို့နောက် မြို့အစွန်မှ လူတစ်ဦးသည် အပြေးအလွှားရောက်လာပြီး ဤသို့ ပြောခဲ့လေသည်။ အို-ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ သင်တို့သည် ရဟူလ်တမန်တော်များ၏နောက်သို့ လိုက်ကြကုန်။ **၂၁။** သင်တို့ထံမှ ဘာအဖိုးအခမျှ လည်းမတောင်းခံကြသည့်အပြင် ကိုယ်တိုင် တရားလမ်းမှန်ပေါ်တွင် ရှိနေကြသော သူတို့၏နောက်သို့ လိုက်ကြလေကုန်။ ★ **၂၂။** ကျွန်ုပ်အား ဖန်ဆင်းတော်မူခဲ့သော အရှင်ကို ကျွန်ုပ်မကိုးကွယ်စရာ ဘာအကြောင်းရှိမည်နည်း။ သင်တို့သည် ထိုအရှင့်ထံသို့သာ ပြန်လည်ပို့ဆောင်ခြင်းခံကြရပေမည်။ **၂၃။** ထိုအရှင့်ကို စွန့်၍

အခြားအရာများကို ကိုးကွယ်ရာအရှင်များအဖြစ် ကျွန်ုပ်ပြုလုပ်ရမည်လော။ အကယ်၍ ရဟ်မာန်-ကရုဏာတော်ရှင်သည် ကျွန်ုပ်အား ဘေးဒုက္ခတစ်ခုခု သက်ရောက်စေရန် ရည်ရွယ်တော်မူပါလျှင်ထိုအရာများ၏ကြားဝင်အသနားခံပေးမှုသည် ကျွန်ုပ်အဖို့ ဘာမျှအသုံးဝင်လိမ့်မည်မဟုတ်။ ထို့ပြင် ကျွန်ုပ်ကို ကယ်တင်ပေးနိုင်ကြမည်လည်း မဟုတ်ပေ။ **၂၄။** ထိုသို့လုပ်မိလျှင် ကျွန်ုပ်သည် ထင်ရှားသောလမ်းမှားမှုတွင် မုချရောက်ရှိသွားပေလိမ့်မည်။ **၂၅။** ကျွန်ုပ်သည် သင်တို့၏ အရှင်ကို ယုံကြည်ခဲ့ပြီဖြစ်ရာ သင်တို့သည် ကျွန်ုပ်၏စကားကို နားထောင်ကြလေကုန်။ **၂၆-၂၇။** ထိုသူအား "သင်သည် ဂျန္ဆသ်သုခဘုံသို့ ဝင်ရောက်လော့" ဟု ပြောဆိုသောအခါ သူက ဤသို့ပြောလေသည်။ "သြော်-ကျွန်ုပ်၏အရှင်သည် ကျွန်ုပ်အား လွတ်ငြိမ်းချမ်းသာ ခွင့်ပေးလိုက်ကြောင်းနှင့် ကျွန်ုပ်အား ဂုဏ်ရှိသူတို့ထဲတွင် အပါအဝင်ဖြစ်စေတော်မူလိုက်ကြောင်းတို့ကို။ ကျွန်ုပ်၏အမျိုးသားတို့ သိကြလျှင် ကောင်းလေစွ။

၂၈။ ထိုသူ၏နောက်တွင် ငါအရှင်သည် သူ့အမျိုးသားအပေါ် မိုးကောင်းကင်မှ စစ်တပ်တစ်တပ်ကို စေလွှတ်တော်မူခဲ့သည်မဟုတ်၊ စေလွှတ်တော်မူစရာလည်း မလိုအပ်ခဲ့ပေ။ **၂၉။** ပြင်းထန်သောဟစ်အော်သံတစ်ချက်သာ ဖြစ်ခဲ့သည်။ ထို့နောက် သူတို့သည် ရုတ်ချည်းပင် အသက်ဇီဝိန်ချုပ်ငြိမ်းသွားခဲ့ကြလေတော့သည်။ **၃၀။** ထိုအစေတော်များအပေါ် ဝမ်းနည်းကြေကွဲစရာ ကောင်းလှပါဘိ။ သူတို့ထံသို့ မည်သည့်ရဏူလ်တမန်တော်မဆို ရောက်လာခဲ့သည်ရှိသော် သူတို့သည် ယင်းရဏူလ် တမန်တော်ကို ပြောင်လှောင်ခဲ့ကြသည်ချည်းသာ ဖြစ်သည်။ **၃၁။** သူတို့ မမြင်တွေ့ကြပါသလော။ ငါအရှင်သည် သူတို့ထက်အလျင်က မြောက်များစွာသော လူမျိုးတို့ကို ဖျက်ဆီးပစ်တော်မူခဲ့သည်။ ထိုလူမျိုးတို့သည် သူတို့ထံသို့ ပြန်လာကြမည်မဟုတ်တော့ပေ။ **၃၂။** အားလုံးသည် ငါအရှင့်ထံတော်သို့ စုရုံးချောက်ရှိရမည်။

၃၃။ သူတို့အဖို့ သက်သေလက္ခဏာတော်တစ်ရပ်မှာ မြေသေပင် ဖြစ်ပေသည်။ ငါအရှင်သည် ယင်းမြေသေကို ပြန်ရှင်စေပြီးနောက် ယင်းမြေမှ ကောက်ပဲသီးနှံကို ထွက်စေတော်မူသည်။ ထို့နောက် သူတို့သည် ယင်းကောက်ပဲသီးနှံမှ စားသုံးလျက်ရှိကြသည်။ **၃၄။** ထို့ပြင် ငါအရှင်သည် ယင်းမြေ၌ စွန်ပလွံခြံများနှင့် စပျစ်ခြံများကို ပြုလုပ်တော်မူသည်။ ထို့ပြင် ယင်းမြေတွင် ငါအရှင်သည် စိမ့်စမ်း

များကို စီးဆင်းစေတော်မူသည်။ **၃၅။** ထိုအပင်မှ အသီးများကို သူတို့တစ်တွေ စားသုံးရန်အတွက် ဖြစ်လေသည်။ ထိုအသီးများကို သူတို့၏ လက်များက ပြုလုပ်ခဲ့သည်မဟုတ်ပေ။ သို့တိုင်အောင် သူတို့သည် ကျေးဇူးမတင်ကြလေသလော။ **၃၆။** အကြင်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်ပြန့်စင်ကြယ်တော်မူပါသည်။ ထိုအရှင်သည် မြေတွင်ပေါက်ရောက်သော အရာများတွင်လည်းကောင်း၊ လူတို့ကိုယ်တိုင်ကိုလည်းကောင်း၊ သူတို့ မသိကြသည့်အရာများကိုလည်းကောင်း၊ အရာအားလုံးကို ဖို၊ မစုံတွဲ အမျိုးမျိုး ဖန်ဆင်းထားတော်မူသည်။

၃၇။ သူတို့အဖို့ သက်သေလက္ခဏာတော်တစ်ရပ်မှာ ညပင် ဖြစ်သည်။ ငါအရှင်သည် ထိုညမှ နေ့ကို ချွတ်ခွာ၍ ယူလိုက်တော်မူရာ သူတို့သည် အမှောင်ထဲတွင် နေကြရလေတော့သည်။ **၃၈။** ထို့နောက် နေသည်(လည်း သက်သေလက္ခဏာတော် တစ်ရပ်ဖြစ်သည်။) သူသည် မိမိသွားရာလမ်းကြောင်းအတိုင်း သွားလာလျက်ရှိသည်။ ဤသည် အလွန် နိုင်နင်းလွှမ်းမိုးတော်မူသော၊ အကြွင်းမဲ့သိတော်မူသောအရှင်၏ တိုင်းတာသတ်မှတ်ချက်ပင် ဖြစ်ပေသည်။ **၃၉။** လသည် (လည်း သက်သေလက္ခဏာတော်တစ်ရပ် ဖြစ်သည်။) ငါအရှင်သည် ယင်းလအတွက် စခန်းများ သတ်မှတ်ထားတော်မူခဲ့ရာ နောက်ဆုံးတွင် သူသည် ခြောက်သွေ့နေသော စွန်ပလွံကိုင်းကဲ့သို့ ပြန်ဖြစ်သွားလေတော့သည်။ **၄၀။** နေသည် လကို မမီနိုင်ပေ။ ညသည်လည်း နေ့ကို မကျော်နိုင်ပေ။ အားလုံးသည် ဂြိုလ်နက္ခတ်လမ်းကြောင်းတစ်ခုစီတွင် ကူးခတ်သွားလာလျက် ရှိကြပေသည်။

၄၁။ သူတို့အဖို့ သက်သေလက္ခဏာတော်တစ်ရပ်မှာ ငါအရှင်သည် သူတို့၏ သားမြေးတို့ကို ကုန်အပြည့်တင်ထားသော သင်္ဘောပေါ်၌ စီးနင်းလိုက်ပါစေတော်မူခြင်းပင်ဖြစ်သည်။ **၄၂။** ငါအရှင်သည် သူတို့အဖို့ ထိုသင်္ဘောကဲ့သို့ပင် အခြား စီနင်းနိုင်သောအစီးအနင်းများကိုလည်း ဖန်ဆင်းထားတော်မူသည်။ **၄၃။** အကယ်၍ ငါအရှင် ဆန္ဒရှိလျှင် သူတို့ကို နှစ်မြှုပ်ပစ်တော်မူပေမည်။ ထို့နောက် သူတို့အား ကူညီရှိုင်းပင်းမည့်သူဟူ၍လည်း တစ်ဦးမျှ ရှိမည်မဟုတ်။ သူတို့သည် ကယ်တင်ခြင်း ခံကြရမည်လည်းမဟုတ်တော့ပေ။ **၄၄။** သို့သော် ဤသည် ငါအရှင်၏ ကရုဏာတော်ပင် ဖြစ်သည်။ သတ်မှတ်ထားသောအချိန်ကာလတိုင်အောင် အကျိုးခံစားစေခြင်းလည်း ဖြစ်သည်။

၄၅။ သူတို့အား "သင်တို့သည် မိမိတို့၏ရှေ့မှောက်တွင်ရှိသောအရာ နှင့်၊ မိမိတို့၏ နောက်တွင်ရှိသောအရာကို ကြောက်ရွံ့ကြလေကုန်၊ သို့မှ သင်တို့ သည် သနားကြင်နာခြင်း ခံကြရမည်" ဟု ပြောကြားသောအခါ။ **၄၆။** ထို့ပြင် သူတို့ ထံသို့ သူတို့၏ အရှင်သခင်ထံမှ မည်သည့်လက္ခဏာတော်တစ်ခုခုဖြစ်စေ ရောက်ရှိ လာလေတိုင်း သူတို့သည် မျက်နှာလွှဲခဲ့ကြသည်ချည်းသာ ဖြစ်ပေသည်။ **၄၇။** သူတို့အား "သင်တို့သည် အလွှာဟ် ချီးမြှင့်ထားသည့်အရာများအနက်မှ လှူဒါန်းသုံး စွဲကြလေကုန်"ဟု ပြောကြားသောအခါ ငြင်းပယ်ကြသူတို့သည် ယုံကြည်သူတို့အား ဤသို့ ပြောကြလေသည်။ အကယ်၍ အလွှာဟ်အလိုတော်ရှိပါလျှင် အရှင်မြတ် ကိုယ်တော်တိုင် ကျွေးမွေးမည်ဖြစ်သောသူများကို ကျွန်ုပ်တို့က ကျွေးမွေးရပါမည် လော။ ဇကန်စင်စစ် အသင်တို့သည် ထင်ရှားသော လမ်းမှားမှုတွင် ရှိနေကြပေ သည်။ **၄၈။** ထို့ပြင် သူတို့က "အကယ်၍ သင်တို့သည် အမှန်ပြောသူများ ဖြစ်ကြပါ လျှင် ဤကတိသည် ဘယ်တော့ အတည်ဖြစ်မည်နည်း"ဟု ပြောဆိုကြသည်။ **၄၉။** စင်စစ်တွင် သူတို့သည် အချင်းချင်း အငြင်းပွားလျက်ရှိနေကြခိုက်တွင် သူတို့အား ကွပ်မျက်ပစ်မည့် ပြင်းထန်သော ဟစ်အော်သံတစ်သံကို စောင့်မျော် နေကြခြင်းသာ ဖြစ်သည်။ **၅၀။** ထိုသို့ကြုံပြီးနောက်တွင် သူတို့သည် တစ်စုံတစ်ရာ မှာတမ်းစကား ပြန်ိင်ကြမည်လည်းမဟုတ်၊ မိမိတို့၏ မိသားစုများထံသို့လည်း ပြန်သွားနိုင်ကြတော့ မည် မဟုတ်ပေ။ **၅၁။** တံပိုးခရမှတ်သောအခါ သူတို့သည် သချိုင်းများမှ တစ်မဟုတ်ချင်းထွက်၍ မိမိတို့၏အရှင်ထံသို့ အလျင်အမြန် သွားကြရ ပေမည်။ **၅၂။** သူတို့က ပြောကြလိမ့်မည်။ ဪ-ဖြစ်မှဖြစ်ရလေခြင်း၊ ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ ၏ သချိုင်းမှ မည်သူက နိုးထစေလိုက်ပါသနည်း။ ဤသည် ရဟ်မာန်-ကရုဏာ တော်ရှင် ကတိပြုထားသော ကတိတော်ပင် ဖြစ်သည်။ ရစူလ်တမန်တော် များသည် အမှန်ကို ပြောကြားခဲ့ကြပေသည်။ **၅၃။** ပြင်းထန်သော အော်သံတစ်ချက်သာ ဖြစ်သွားမည်။ ထိုအခါ ချက်ချင်းပင် သူတို့အားလုံးသည် စုရုံးပြီး ငါအရှင့်ရှေ့တော် သို့ တင်သွင်းခြင်းခံကြရပေမည်။

၅၄။ ယနေ့တော့ မည်သူမျှ တစ်စုံတစ်ရာ မတရားလုပ်ခြင်း ခံကြရ မည်မဟုတ်။ ထို့ပြင် သင်တို့သည် မိမိတို့ ပြုလုပ်ခဲ့သည်များကိုသာ အစားပြန်ပေး ခြင်း ခံကြရမည် ဖြစ်သည်။ **၅၅။** ဇကန်စင်စစ် ဂျန္နသ်သုခဘုံသားတို့သည် ယနေ့

မိမိတို့၏ လုပ်ငန်းဆောင်တာများတွင် မွေ့လျော်ပျော်ရွှင်လျက် ရှိကြမည်။ **၅၆။** သူတို့နှင့် သူတို့၏ ဇနီးကြင်ရာတို့သည် အရိပ်အာဝါသအောက်တွင် သလွန်များပေါ်၌ မှီလျက်ထိုင်နေကြမည်။ **၅၇။** ယင်းဂျန္နသ်တွင် သူတို့အဖို့ သစ်သီးဝလံများလည်း ရှိမည်။ ထို့ပြင်သူတို့အဖို့ သူတို့တောင်းသမျှလည်း ရရှိကြပေမည်။ **၅၈။** သနားကြင်နာတော်မူသော အရှင်သခင်ထံတော်မှ စလာမ်(ငြိမ်းချမ်းပါစေ)ဟု ပြောဆိုခြင်းလည်း ခံကြရပေမည်။

၅၉။ အို-ပြစ်မှုဒုစရိုက်သမားတို့၊ သင်တို့သည် ယနေ့ တသီးတခြားနေကြကုန်လော့။ **၆၀။** အို-အာဒမ်၏ သားသမီးအပေါင်းတို့၊ ငါအရှင်သည် သင်တို့အား "ရှိုင်သွာန်ကို မကိုးကွယ်ကြလေနှင့်၊ ဇကန်စင်စစ် ထိုရှိုင်သွာန်သည် သင်တို့အဖို့ထင်ရှားသော ရန်သူပင်ဖြစ်သည်"ဟုကြပ်ကြပ် သတိပေးခဲ့သည်မဟုတ်လော။ **၆၁။** "ငါအရှင့်ကိုသာ ကိုးကွယ်ကြကုန်၊ ဤသည်သာလျှင် ဖြောင့်မတ်သောလမ်းဖြစ်ပေသည်"ဟု ငါအရှင်အမိန့်မပေးခဲ့သလော။ **၆၂။** ဇကန်စင်စစ် ထိုရှိုင်သွာန်သည် သင်တို့ထဲမှ များစွာသော အုပ်စုများကို လမ်းလွဲစေခဲ့ပြီးပြီ။ ဘာလဲ၊ သင်တို့နားမလည်ကြသလော။ **၆၃။** ဤသည် အသင်တို့အား ကတိပေးချိန်းဆိုထားသော ဂျဟန္နမ်ငရဲဘုံပင် ဖြစ်သည်။ **၆၄။** မိမိတို့၏ မယုံကြည်သွေဖည်ခဲ့မှု၏အစား ယနေ့ ယင်းငရဲဘုံသို့ ဝင်ရောက်ကြ လေကုန်။ **၆၅။** ယနေ့ ငါအရှင်သည် သူတို့၏ ပါးစပ်များကို တံဆိတ်ခတ်နှိပ်တော်မူလိုက်မည်ဖြစ်ရာ သူတို့၏ လက်များက ငါအရှင့်အား စကားပြောကြလိမ့်မည်။ ထို့ပြင် သူတို့၏ ခြေထောက်များက သူတို့ပြုလုပ်ခဲ့သည်များကို သက်သေခံကြလိမ့် မည်။

၆၆။ အကယ်၍ ငါအရှင် အလိုတော်ရှိလျှင် သူတို့၏ မျက်လုံးများကိုပင် ကန်းစေတော်မူခဲ့မည် ဖြစ်သည်။ ထိုအခါ သူတို့သည် လမ်းဘက်သို့ ပြေးသွားကြသော်လည်း အဘယ်မှာလျှင် တွေ့မြင်နိုင်ကြမည်နည်း။ **၆၇။** အကယ်၍ ငါအရှင် အလိုတော်ရှိခဲ့လျှင် သူတို့၏ နေရာ၌ပင် သူတို့၏ရုပ်ပုံသဏ္ဌာန်ကို ဖျက်ပစ်တော်မူမည်ဖြစ်သည်။ ထိုအခါ သူတို့သည် ရှေ့လည်းသွားနိုင်ကြတော့မည်မဟုတ်၊ နောက်လည်း ဆုတ်နိုင်ကြတော့မည်မဟုတ်။ **၆၈။** ငါအရှင်သည် တစ်ဦးတစ်ယောက်အား အသက်အရွယ် အိုမင်းရင့်ရော်စေလိုက်သောအခါ ထိုသူ၏ ဖန်ဆင်းမှုတွင် ပြောင်းပြန်ဖြစ်စေတော်မူသည်။ သို့ဖြစ်ပါလျက် သူတို့တစ်တွေ့ မစဉ်းစား

ကြလေသလော။

၆၉။ ငါအရှင်သည် သူ(မုဟမ္မဒ်)ကို ကဗျာလင်္ကာ သင်ကြားပေးတော်မူခဲ့သည်မဟုတ်။ ကဗျာလင်္ကာသည် သူနှင့်လည်း မည်သို့မျှ မအပ်စပ်။ စင်စစ်ဤသည် ဆုံးမဩဝါဒတော်တစ်ရပ်နှင့် ထင်ရှားသော ကုရ်အာန်ကျမ်းမြတ်သာ ဖြစ်ပေသည်။ **၇၀။** အသက်ရှင်နေသူကို သတိပေးနှိုးဆော်ရန်အတွက်နှင့် ငြင်းပယ်သူတို့အပေါ် ဝယ် စွဲချက်အတည်ဖြစ်သွားရန်အတွက်လည်း ဖြစ်လေသည်။

၇၁။ သူတို့ မတွေ့မြင်ကြလေသလော။ ဇကန်စင်စစ် ငါအရှင်၏လက်တော်ဖြင့် ပြုလုပ်တော်မူခဲ့သောအရာများတွင် ငါအရှင်သည် သူတို့အတွက် ကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်များကိုလည်း ဖန်ဆင်းပေးတော်မူခဲ့သည်။ သို့နှင့် သူတို့သည် ယင်းတိရစ္ဆာန်များ၏ ပိုင်ရှင်များ ဖြစ်သွားခဲ့ကြလေသည်။ **၇၂။** ထို့ပြင် ငါအရှင်သည် ယင်းတိရစ္ဆာန်များကို သူတို့၏ အမိန့်နာခံသူများအဖြစ် ပြုလုပ်ပေးတော်မူခဲ့ရာ ထိုတိရစ္ဆာန်များအနက်မှ အချို့သည် သူတို့၏အစီးအနင်း ဖြစ်ကြသည်။ အချို့ကို သူတို့ စားသုံးကြလေသည်။ **၇၃။** ထို့ပြင် ယင်းတိရစ္ဆာန်များတွင် သူတို့အဖို့ အခြားအကျိုးကျေးဇူးများလည်း ရှိသည်။ သောက်သုံးဖွယ်ရာ(နို့)များလည်း ရှိသည်။ သို့တိုင်အောင် သူတို့သည် ကျေးဇူးမသိတတ်ကြလေသလော။ **၇၄။** သူတို့သည် ကူညီရှိင်းပင်ခြင်း ခံကြရလေမလားဟူသော မျှော်လင့်ချက်ဖြင့်၊ အလွှာဟ်ကိုစွန့်ပြီး အခြားအရာများကို ကိုးကွယ်ရာအရှင်များအဖြစ် ပြုလုပ်ခဲ့ကြသည်။ **၇၅။** သို့သော် ထိုကိုးကွယ်ရာများသည် သူတို့ကို ကူညီဖို့ မတတ်စွမ်းနိုင်ကြသည့်အပြင် သူတို့၏ စစ်တပ်အဖြစ်နှင့် ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာခြင်း ခံကြရပေမည်။ **၇၆။** သို့ဖြစ်ရာ သူတို့၏ပြောစကားသည် သင့်အား စိတ်မဆင်းရဲစေနှင့်။ ဇကန်စင်စစ် ငါအရှင်သည် သူတို့ လျှို့ဝှက်ထားသည်များကိုရော၊ သူတို့ထင်ရှားစေသည်များကိုပါ မုချသိတော်မူပေသည်။

၇၇။ လူသားသည် မမြင်တွေ့ပါသလော။ ဇကန်စင်စစ် ငါအရှင်သည် သူ့ကို သုက်ရည်တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် သူသည် ချက်ချင်းပင် ထင်ထင်ရှားရှား ပြဿနာလုပ်သူ ဖြစ်သွားလေတော့သည်။ **၇၈။** ထိုလူသားက ငါအရှင့်အတွက် နမူနာတစ်ခုပြခဲ့ပြီး မိမိဖန်ဆင်းခြင်းခံရသောအဖြစ်ကိုတော့ မေ့သွားခဲ့သည်။ "ဆွေးမြည့်နေပြီဖြစ်သော အရိုးများကို မည်သူက အသက်ရှင်စေ

မည်နည်း"ဟု သူက ပြောဆိုခဲ့လေသည်။ **၇၉။** အသင်ပြောလိုက်ပါ။ ယင်းကို ပထမ အကြိမ်တုန်းက ဖန်ဆင်းတော်မူခဲ့သော အရှင်ကပင် အသက်ပြန်ရှင် စေတော်မူ မည်။ ထိုအရှင်သည် ဖန်ဆင်းမှုအပေါင်းကို ကောင်းစွာ သိတော်မူသောအရှင် ဖြစ် ပေသည်။ **၈၀။** အရှင်မြတ်သည်ပင် အသင်တို့အဖို့ စိမ်းစိုသော သစ်ပင်မှ မီးကို ဖန်ဆင်းပေးတော်မူခဲ့သည်။ ထို့နောက် သင်တို့သည် ထိုသစ်ပင်မှ မီးမွှေးကြ လေသည်။ **၈၁။** မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူခဲ့ သောအရှင် သည် သူတို့ကဲ့သို့အလားတူ ပြန်ဖန်ဆင်းဖို့ မတတ်စွမ်းနိုင်ပါသလော။ ဘာကြောင့် မတတ်စွမ်းနိုင်ရမည်နည်း။ သေချာပေါက် တတ်စွမ်းနိုင်ပေသည်။ ထိုအရှင်သည် အကြွင်းမဲ့ သိတော်မူသော ဖန်ဆင်းရှင်ဖြစ်တော်မူပေသည်။ **၈၂။** အရှင်မြတ် ၏လုပ်ပုံကိုင်ပုံမှာ အရှင်မြတ်သည် တစ်စုံတစ်ရာကို ဆန္ဒတော်ရှိလျှင် ထိုအရာအား ဖြစ်စေဟု မိန့်ကြားလိုက်ရုံမျှဖြင့် ထိုအရာသည် ဖြစ်လာရလေသည်။ **၈၃။** သို့ဖြစ်ရာ အရာခပ် သိမ်း၏ စိုးမိုးအုပ်ချုပ်မှုကို လက်ဝယ်ပိုင်ဆိုင်ထားတော်မူသောအရှင်မြတ် သည် စင်ကြယ်သန့်ရှင်းတော်မူပါသည်။ ထိုအရှင့်ထံသို့သာ သင်တို့ ပြန်လည် ရောက်ရှိ ကြရပေမည်။

၃၇။ စူရဟ် စွာဖ်ဖားသ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အနေအထား ကျနစွာ တန်းစီမတ်တတ်ရပ်ကြသော ကောင်းကင် တမန်များအား သက်သေထူတော်မူသည်။ **၂။** တစ်ဖန် ငေါက်ငန်းလျက် မောင်းနှင် ကြသူတို့အား သက်သေထူတော်မူသည်။ **၃။** တစ်ဖန် ဆုံးမသြဝါဒတော်ကို ဖတ် ကြားပြသူတို့အား သက်သေထူတော်မူသည်။ **၄။** ဇကာစင်စစ် သင်တို့၏ ဆည်းကပ် ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသာရှိသည်။ **၅။** အရှင်မြတ်သည် မိုးကောင်း ကင်များနှင့် မြေပထဝီအပါအဝင် ထိုနှစ်ခုအကြားရှိ အရာခပ်သိမ်းတို့ကိုလည်း ကောင်း၊ နေထွက်ရာအရပ်များကိုလည်းကောင်း ဖန်ဆင်းမွေးမြူတော်မူသော အရှင်ပင် ဖြစ်သည်။

၆။ ကောန်စင်စစ် ငါအရှင်သည် အောက်ဆုံးမိုးကောင်းကင်ကို ကြယ်တာရာများ၏ အလှအပဖြင့် တန်ဆာဆင်ယင်တော်မူခဲ့သည်။ **၇။** ထို့ပြင် ဆိုးသွမ်းသော ရှိုင်သွာန်တိုင်းမှ ကာကွယ်ရန်အတွက် ယင်းကြယ်တာရာများကို ပြုလုပ်ထားခြင်းဖြစ်သည်။

၈။ ထိုရှိုင်သွာန်များသည် အထက်ကောင်းကင်ဘက်သို့ နားစွင့်နိုင်ခြင်းမရှိကြသည့်အပြင် ဘက်ပေါင်းစုံမှ ပစ်ပေါက်ခြင်းကို ခံကြရသည်။ **၉။** မောင်းထုတ်ရန်အတွက် (ထိုသို့ပစ်ပေါက်ခြင်းဖြစ်သည်။) ထို့ပြင် သူတို့အဖို့ ထာဝစဉ်မြဲသော အပြစ်ဒဏ်လည်းရှိပေသည်။ **၁၀။** သို့ရာတွင် စကားတစ်ခုခုကို ရုတ်တရက် အလစ်သုတ်ယူသော ရှိုင်သွာန်ကိုမူ တောက်လောင်သော မီးတောက်တစ်ခုက နောက်မှ လိုက်လေသည်။

၁၁။ သို့ရှိရာ သူတို့ကို မေးမြန်းပါလေ။ ငါအရှင်ဖန်ဆင်းထားသည့် အခြားအရာများကို ဖန်ဆင်းခြင်းက ပို၍ ခက်ခဲသလော၊ သို့မဟုတ် သူတို့အား ဖန်ဆင်းခြင်းက ပို၍ခက်ခဲသလော။ စင်စစ် ငါအရှင်သည် သူတို့ကို စေးကပ်သော ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ **၁၂။** အသင်ကတော့ အံ့သြနေပြီး သူတို့ကတော့ လှောင်ပြောင်နေလျက်ရှိကြသည်။ **၁၃။** သူတို့အား သတိပေးဆုံးမသောအခါ တရားမရယူကြပေ။ **၁၄။** သူတို့သည် သက်သေလက္ခဏာတစ်ခုခုကို တွေ့မြင်ကြသောအခါ ပြောင်လှောင်ကြလေတော့သည်။ **၁၅။** ထို့ပြင် သူတို့က ဤသို့ ပြောခဲ့ကြသည်။ ဤသည် ထင်ရှားသော မှော်အတတ်သာ ဖြစ်သည်။ **၁၆။** ကျွန်ုပ်တို့ သေဆုံးကြပြီး၊ မြေကြီးနှင့် အရိုးများဖြစ်သွားကြသောအခါ ကျွန်ုပ်တို့သည် ပြန်လည်ရှင်ထစေခြင်းကို ခံကြရမည်လော။ **၁၇။** ကျွန်ုပ်တို့၏ ရှေးအဘ၊ ဘိုးဘေးများရောလား။ **၁၈။** အသင်ပြောလိုက်ပါ။ ဟုတ်တယ်။ သင်တို့သည် သေးသိမ်သူများလည်းဖြစ်ကြပေဦးမည်။

၁၉။ ပြင်းထန်သော အသံတစ်ခုသာလျှင် ဖြစ်ပေမည်။ ထိုအခါ သူတို့ကြည့်နေကြပေလိမ့်မည်။ **၂၀။** သူတို့က ဩော်-ဖြစ်မှဖြစ်ရလေခြင်း၊ ဤသည် အစားပေးမည့်နေပင် ဖြစ်လေသည်ဟု ပြောဆိုကြပေမည်။ **၂၁။** ဤသည် အသင်တို့ မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည့် အဆုံးအဖြတ်ပေးမည့် နေ့ပင်ဖြစ်သည်။ **၂၂-၂၃။** မတရားပြုလုပ်ကြသူများကိုရော၊ သူတို့၏အပေါင်းအပါများ

ကိုရော၊ အလ္လာဟ်ကိုစွန့်၍ သူတို့ ကိုးကွယ်ခဲ့ကြသည့် အရာများကိုရော စုရုံးကြလေကုန်။ ထို့နောက် သူတို့အားလုံးကို ငရဲဘုံ၏လမ်းကို ပြသကြလေကုန်။ **၂၄။** သူတို့ကို ရပ်တန့်ထားကြလေကုန်။ ဧကန်စင်စစ် သူတို့သည် မေးမြန်းခြင်းကို ခံကြရဦးမည်။ **၂၅။** ဘယ်လိုဖြစ်ကြသလဲ။ အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းမှု မပြုကြပါလား။ **၂၆။** အမှန်တကယ်တော့ ဤနေ့တွင် သူတို့သည် အမိန့်နာခံသူများ ဖြစ်သွားကြပေပြီ။

၂၇။ ထို့နောက် သူတို့သည် တစ်ဦးဘက် တစ်ဦးလှည့်ကာ (ဝေဖန်ပြစ်တင်သောအားဖြင့်) အမေးအဖြေ ပြုလုပ်ကြမည်။ **၂၈။** (နောက်လိုက်များက ခေါင်းဆောင်များအား) "ဧကန်စင်စစ် သင်တို့သည် ကျွန်ုပ်တို့ထံသို့ ညာဘက်မှ လာရောက်လေ့ရှိခဲ့ကြပေသည်"ဟု ပြောဆိုကြမည်။ **၂၉။** ထိုအခါ (ခေါင်းဆောင်) သူတို့က အဖြေပေးကြပေမည်။ ထိုသို့မလျှင်းမဟုတ်။ အသင်တို့ကသာ မယုံကြည်ခဲ့ကြခြင်း ဖြစ်သည်။ **၃၀။** ထို့ပြင် သင်တို့အပေါ်တွင် ကျွန်ုပ်တို့၏ ဩဇာအာဏာ လွှမ်းမိုးသည်လည်း မဟုတ်ခဲ့ပေ။ အသင်တို့ကိုယ်တိုင်ကပင် အလွန်ဆိုးသွမ်းသူများ ဖြစ်ခဲ့ကြပေ သည်။ **၃၁။** ကျွန်ုပ်တို့အပေါ်တွင် ကျွန်ုပ်တို့အရှင်၏ အမိန့်တော်သည် အတည်ဖြစ် ခဲ့ချေပြီ။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် ထိုအရသာကို မြည်းစမ်းကြရပေတော့မည်။ **၃၂။** ကျွန်ုပ်တို့သည် အသင်တို့ကို လမ်းလွဲအောင်လုပ်ခဲ့ကြသည်။ အမှန်စင်စစ် ကျွန်ုပ် တို့ကိုယ်တိုင်လည်း လမ်းလွဲသူများ ဖြစ်ခဲ့ကြသည်။ **၃၃။** ဧကန်စင်စစ် သူတို့အားလုံးသည် ထိုနေ့တွင် ပြစ်ဒဏ်၌ အတူတကွ ခံစားရမည့်သူများ ဖြစ်ကြပေသည်။

၃၄။ ငါအရှင်သည် ပြစ်မှုကျူးလွန်သူများကို ဤနည်းအတိုင်းပင် ပြုလုပ်တော်မူပေသည်။ **၃၅။** ဧကန်စင်စစ် "သူတို့အား အလ္လာဟ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်မရှိဟု ပြောကြားလျှင် သူတို့သည် မာန်မာနထောင်လွှားလေ့ရှိကြပေသည်။ **၃၆။** ထို့နောက် သူတို့က "ဧကန်စင်စစ် ကျွန်ုပ်တို့သည် ရူးနေသော ကဗျာဆရာတစ်ဦး၏ပြောစကားကြောင့် ကျွန်ုပ်တို့၏ ကိုးကွယ်ရာအရှင်များကို စွန့်လွှတ်လိုက်ရပါမည်လော"ဟု ပြောဆိုကြသည်။ **၃၇။** စင်စစ်တွင်တော့ သူသည် အမှန်တရားကို ယူဆောင်လာခဲ့သည့်အပြင် ရစူလ်တမန်တော်များ ကြိုတင်ဟောခဲ့သည်များကိုလည်း ထောက်ခံပေးသူ ဖြစ်ပေသည်။ **၃၈။** ဧကန်စင်စစ် အသင်တို့

သည် နာကျင်ဖွယ်ရာ အပြစ်ဒဏ်ကို မုချ မြည့်စမ်းရမည့်သူများ ဖြစ်ကြပေသည်။ **၃၉။** အသင်တို့သည် မိမိတို့ပြုလုပ်ခဲ့သည်များ၏အစားကိုသာ ပေးခြင်းခံရတာဖြစ်သည်။

၄၀။ သို့ရာတွင် အလွှာဟ်၏ အရွေးချယ်ခံ အစေတော်များမှာမူ။ **၄၁။** သူတို့အဖို့ သတ်မှတ်ပြီးဖြစ်သော စားနပ်ရိက္ခာ ရှိပေသည်။ **၄၂။** သစ်သီးဝလံများ ရှိပေသည်။ သူတို့သည် ဂုဏ်သိက္ခာအပြည့်နှင့် ရှိကြပေမည်။ **၄၃။** စည်းစိမ်နှင့်ပြည့်စုံသော ဥယျာဉ်ခြံများတွင်။ **၄၄။** သလွန်များပေါ်တွင် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိကြမည်။

၄၅။ သွင်သွင်စီးလျက်ရှိသောအရက်ဖြင့် ဖြည့်ထားသော ခွက်များသည် သူတို့ရှေ့တွင် လှည့်ပတ်ဆက်သခြင်းခံနေရပေမည်။ **၄၆။** ဖြူဖွေးကြည်လင်ပြီး သောက်သုံးသူများအဖို့ အရသာနှင့် ပြည့်စုံပေမည်။ **၄၇။** ထိုအရက်ကြောင့် ခေါင်းခဲခြင်းလည်း ရှိမည်မဟုတ်။ ထိုအရက်ကြောင့် သူတို့သည် အသိဉာဏ် ပျက်စီးမည်လည်းမဟုတ်ပေ။ **၄၈။** ထို့ပြင် သူတို့ထံပါးတွင် မျက်စိကို အောက်နှိမ့် ချထားသော၊ မျက်စိပြူးကျယ်၍လှပသော ကြင်ရာများလည်း ရှိကြပေမည်။ **၄၉။** ထိုအမျိုးသမီးတို့သည် လျှို့ဝှက်ဖုံးအုပ်ထားသော ဥများပမာ ဖြစ်ကြပေသည်။

၅၀။ ထို့နောက် သူတို့သည် တစ်ဦးဘက်သို့ တစ်ဦးမျက်နှာလည့်၍ အပြန်အလှန် မေးမြန်းကြမည်။ **၅၁။** သူတို့အနက်မှ ပြောသူတစ်ဦးက ပြောမည်။ ကျွန်ုပ်တွင် အဖော်တစ်ဦး ရှိခဲ့သည်။ **၅၂။** ၎င်းက ကျွန်ုပ်အား ဤသို့မေးမြန်း လေ့ရှိခဲ့သည်။ ဇကန်စင်စစ် အသင်သည် ယုံကြည်ထောက်ခံသူများထဲမှ တစ်ဦးဖြစ် လေသလော။ **၅၃။** ကျွန်ုပ်တို့ သေကြေပျက်စီးသွားပြီးနောက် မြေကြီးနှင့် အရိုးများ အဖြစ်သို့ ရောက်ပြီးသောအခါ ကျွန်ုပ်တို့သည် အစားပေးခြင်းကို ခံကြရဦးမည် လော။ **၅၄။**(ထိုအခါ ဂျန္နသ်တွင် အတူနေကြသော) သူ၏အဖော်က ပြောလိမ့် မည်။ သင်တို့သည် လှမ်း၍ ကြည့်လိုကြပါသလော။ **၅၅။** ထို့နောက် သူသည် လှမ်း၍ကြည့်လိုက်သောအခါ (မိမိ၏) ထိုမိတ်ဆွေကို ဂျဟန္နမ်၏အလယ်တွင် တွေ့မြင်ရပေမည်။ **၅၆။** ထိုအခါ သူက ယင်းမိတ်ဆွေအား ဤသို့ပြောလိမ့်မည်။ အလ္လာဟ်ကို တိုင်တည်ပါသည်။ မုချ အသင်သည် ကျွန်ုပ်ကိုပါ ဖျက်ဆီးလုနီးနီး ဖြစ်ခဲ့သည်။ **၅၇။** အကယ်၍ ကျွန်ုပ်၏အရှင်၏ ကျေးဇူးတော်သာ မရှိခဲ့ပါလျှင်

ကျွန်ပ်သည်လည်း ဖမ်းဆီးခေါ်ဆောင်လာခြင်းခံရသူတို့တွင် မှချ ပါဝင်ခဲ့မည်ဖြစ်သည်။ **၅၈။** ယခုကျွန်ုပ်တို့ (ဥယျာဉ်ဘုံသားများ)သည် မသေဆုံးကြတော့ဘူး မဟုတ်လား။ **၅၉။** (လောကဘဋ္ဌ) ကျွန်ုပ်တို့၏ ပထမအကြိမ် သေဆုံးခဲ့ခြင်းမှအပ။ ထို့ပြင်ယခု ကျွန်ုပ်တို့သည် အပြစ်ပေးခြင်းကိုလည်း မခံကြရတော့ဘူးမဟုတ်လား။ **၆၀။** ဇကန်စင်စစ် ဤသည်ပင်လျှင် ကြီးကျယ်သောအောင်မြင်မှုကြီး ဖြစ်ပေသည်။ **၆၁။** အလုပ်လုပ်သူတို့သည် ဤကဲ့သို့သော အောင်မြင်မှုရဖို့အတွက်ပင် အလုပ်လုပ်သင့်ကြပေသည်။

၆၂။ ဤဧည့်ခံပွဲသည် ပိုကောင်းသလော၊ သို့မဟုတ် ဇက္ကူးမ်သစ်ပင်သည် ပိုကောင်းသလော။ **၆၃။** ဇကန်စင်စစ် ငါအရှင်သည် မတရားကျူးလွန်ကြသူတို့အတွက် ယင်းဇက္ကူးမ်သစ်ပင်ကို စမ်းသပ်မှုတစ်ရပ်အဖြစ် ပြုလုပ်တော်မူခဲ့သည်။ **၆၄။** ဇကန်စင်စစ် ထိုသစ်ပင်မှာ ဂျဟန္နမ်ငရဲဘုံ၏အရင်း၌ ပေါက်ရောက်သော သစ်ပင်တစ်ပင် ဖြစ်သည်။ **၆၅။** ထိုသစ်ပင်၏ အသီးသည် ရှိုင်သွာန်များ၏ ဦးခေါင်းများနှင့် တူဆင်ပေသည်။ **၆၆။** သူတို့သည် ထိုသစ်ပင်မှ မှချ စားသုံးကြရပေမည်။ ထို့ပြင် ယင်းသစ်ပင်ဖြင့်သာ ဝမ်းဗိုက်များကို ဖြည့်ကြရပေမည်။ **၆၇။** တစ်ဖန် သူတို့သည် ထိုသစ်ပင်စားပြီးနောက် ပွက်ပွက်ဆူနေသောရေကို ရောစပ်တိုက်ကျွေးခြင်း ခံကြရမည်။ **၆၈။** ထို့နောက် သူတို့သည် ဂျဟီးမ်-ဂရဲသို့ မှချ ပြန်သွားကြရမည်။ **၆၉။** ဇကန်စင်စစ် သူတို့သည် မိမိတို့၏ အဘဘိုးဘေးများ လမ်းလွဲနေကြသည်ကို တွေ့ခဲ့ကြသည်။ **၇၀။** ထို့နောက် သူတို့သည် ထိုအဘဘိုးဘေးများ၏နောက်သို့ ဖဝါးခြေထပ် ပြေးလိုက်ခဲ့ကြသည်။ **၇၁။** သူတို့ထက်အလျင်က ရှေးလူတို့ထဲမှလည်း အများစုသည် လမ်းလွဲခဲ့ကြသည်။ **၇၂။** ဇကန်စင်စစ် ငါအရှင်သည် သူတို့ထဲတွင်လည်း သတိပေးနှိုးဆော်သူများကို စေလွှတ်တော်မူခဲ့သည်။ **၇၃။** သို့ဖြစ်ရာ သတိပေးနှိုးဆော်ခြင်း ခံခဲ့ကြရသူတို့၏ နောက်ဆုံးနိဂုံးသည် မည်သို့ ရှိခဲ့သည်ကို အသင်ရှုပါလော။ **၇၄။** သို့ရာတွင် အလွှာဟ်၏ အရွေးချယ်ခံ အစေတော်များမှာမူ (လွတ်မြောက်ခဲ့ကြသည်)။

၇၅။ ဇကန်စင်စစ် နူးဟ်သည် ငါအရှင့်အား ဟစ်ခေါ်ခဲ့သည်။ စင်စစ် ငါအရှင်သည် အကောင်းဆုံး ဖြေကြားတော်မူသော အရှင်ဖြစ်သည်။ **၇၆။** ထို့နောက် ငါအရှင်သည် သူ့ကိုရော၊ သူ့လူများကိုပါ ကြီးကျယ်လှသော ပူပန်

သောကမှ ကယ်တင်တော်မူခဲ့သည်။ **၇၇။** ထို့နောက် ငါအရှင်သည် သူ၏သားစဉ်မြေးဆက်ကိုသာ (မဖျက်ဆီးဘဲ) ကျန်ရစ်စေတော်မူခဲ့သည်။ **၇၈။** ထို့နောက် ငါအရှင်သည် သူ၏လမ်းစဉ်ပေါ်တွင် နောင်လာနောက်သားများအနက်မှ အုပ်စုတစ်စုကို ချန်ထားတော်မူခဲ့သည်။ **၇၉။** လောကသားများအားလုံးတွင် နူးဟ်အပေါ် စလာမ်ငြိမ်းချမ်းသာယာမှုကျရောက်ပါစေ။ **၈၀။** ငါအရှင်သည် ကောင်းမှုပြုသူများကို ဤအတိုင်းပင် အစားပေးတော်မူသည်။ **၈၁။** စင်စစ် သူသည် ငါအရှင်၏ ယုံကြည်သော အစေတော်များထဲမှ ဖြစ်ပေသည်။ **၈၂။** ထို့နောက် ငါအရှင်သည် အခြားသူများကို နှစ်မြှုပ်ပစ်တော်မူခဲ့သည်။

၈၃။ ထိုနူးဟ်၏ လမ်းစဉ်သို့ လိုက်ကြသူများတွင် အိဗ်ရာဟီးမ်သည်လည်း မုချအပါအဝင် ဖြစ်သည်။ **၈၄။** တစ်ခါတွင် သူသည် မိမိ၏အရှင်ထံသို့ ကင်းစင်သော စိတ်နှလုံးဖြင့် လာခဲ့သည်။ **၈၅။** တစ်ခါတွင် သူသည် မိမိ၏ ဖခင်နှင့် မိမိ၏ အမျိုးသားများကို ဤသို့ပြောခဲ့လေသည်။ အသင်တို့သည် အဘယ်အရာကို ကိုးကွယ်နေကြပါသနည်း။ **၈၆။** သင်တို့သည် အလ္လာဟ်ကို စွန့်၍ စိတ်ကြိုက်လုပ်ကြံ ဖန်တီးထားသောကိုးကွယ်ရာများကို လိုလားကြပါသလော။ **၈၇။** လောကအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့်စပ်လျဉ်း၍ အသင်တို့၏ထင်မြင်ယူဆချက်သည် မည်သို့ ရှိပါသနည်း။

၈၈။ ထို့နောက် အိဗ်ရာဟီးမ်သည် ကြယ်တာရာများကို တစ်ချက်ကြည့်သည်။ **၈၉။** ထို့နောက် ကျွန်ုပ်သည် နာမကျန်းသူ ဖြစ်သည်ဟု ပြောခဲ့သည်။ **၉၀။** ထိုအခါ လူတို့သည် သူ့အား ကျောခိုင်း၍ လှည့်ထွက်သွားခဲ့ကြသည်။ **၉၁။** သို့ရှိရာ သူသည် သူတို့၏ ရုပ်တုများဆီသို့ ဝင်ခဲ့ပြီးနောက် ၎င်းတို့အား (ဤသို့) ပြောလေသည်။ သင်တို့သည် မစားကြသလော။ **၉၂။** သင်တို့ မည်သို့ဖြစ်ကြသနည်း၊ စကားမပြောကြပါလား။ **၉၃။** ထို့နောက်သူသည် ၎င်းရုပ်တုများကို အားနှင့်မာန်နှင့် ရိုက်ခွဲလေသည်။ **၉၄။** ထို့နောက် လူတို့သည် သူ့ထံသို့ အပြေးအလွှား ရောက်လာကြတော့သည်။

၉၅။ အိဗ်ရာဟီမ်က ပြောသည်။ အသင်တို့သည် မိမိတို့ကိုယ်တိုင် ထွင်းထုထားသော အရာကို ကိုးကွယ်ကြသလော။ **၉၆။** အလ္လာဟ်သည် သင်တို့ကို ရော သင်တို့ပြုလုပ်ထားသောအရာများကိုပါ ဖန်ဆင်းတော်မူခဲ့သည် ။ **၉၇။**

၎င်းတို့က ပြောကြသည်။ အသင်တို့သည် ထိုအိဗ်ရာဟီမ်အတွက်အဆောက်အအုံ တစ်ခု ဆောက်လုပ်ကြကုန်။ ထို့နောက် သူ့ကို တောက်လောင်သော မီးထဲသို့ ပစ်ထည့်လိုက်ကြကုန်။ **၉၈။** သို့နှင့် ၎င်းတို့က သူ့ကိုကြံစည်ရန် ရည်ရွယ်ခဲ့ကြသည်။ သို့သော် ငါအရှင်သည် သူတို့ကိုသာ နိမ့်ကြအောင် လုပ်တော်မူခဲ့သည်။ **၉၉။** ထို့နောက် အိဗ်ရာဟီမ်က ပြောသည်။ ကျွန်ုပ်သည် မိမိအရှင်ထံသို့ သွားတော့မည်။ အရှင်မြတ်က ကျွန်ုပ်ကို လမ်းပြတော်မူလိမ့်မည်။ **၁၀၀။** အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအား သားကောင်းရတနာများ ပေးသနားတော်မူပါ။ **၁၀၁။** သို့ရှိရာ ငါအရှင်မြတ်သည် သူ့အား ခွန္တီတရားရှိသော သားတော်တစ်ပါး၏ သတင်းကောင်း ပါးတော်မူခဲ့သည်။

၁၀၂။ ထို့နောက် သူသည် ၎င်းနှင့်အတူ သွားလာပြေးလွှားသည့် အရွယ်သို့ ရောက်သောအခါ သူကပြောသည်။ အို-ငါ့သားလေး၊ ငါသည်အသင့်ကို လည်လှီးနေသည်ဟု အိပ်မက်ထဲတွင် တွေ့မြင်ခဲ့သည် ။ သို့ဖြစ်ရာ သင်သည် မည်သို့သဘောရသနည်း။ ၎င်းကပြောသည်။ အို-ဖခင်၊ အသင်အမိန့်တော်ရသည့် အတိုင်း ဆောင်ရွက်ပါ။ အလ္လာဟ်အလိုတော်ရှိပါက သင်သည် ကျွန်ုပ်အား သည်းခံ သူတစ်ဦးအဖြစ် တွေ့ရပါလိမ့်မည်။ **၁၀၃။** သို့နှင့် နှစ်ဦးသားသည် အမိန့်တော်ကို နာခံလိုက်ကြသောအခါ၊ ထို့ပြင် အိဗ်ရာဟီမ်က သူ့ကို နဖူးပေါ် မှောက်လျက် လဲ့ချပြီးသောအခါ၊ **၁၀၄။** ငါအရှင်မြတ်က ၎င်းအား အသံပြုတော်မူခဲ့သည်၊ အို-အိဗ် ရာဟီမ်၊ **၁၀၅။** သင်သည် အိပ်မက်ကို အမှန်ဖြစ်အောင် လုပ်လိုက်ပြီ။ စင်စစ် ငါအရှင်မြတ်သည် ကောင်းမြတ်သူများကို ဤသို့ပင် အစားပေးတော်မူသည်။ **၁၀၆။** ဤသည် အမှန်ပင် ထင်ရှားမြင်သာသော စမ်းသပ်မှုတစ်ရပ်ဖြစ်သည် ။ **၁၀၇။** ထို့နောက် ငါအရှင်မြတ်သည် သူ့အား ကြီးမားမြင့်မြတ်သော သားကောင်တစ်ကောင် ဖြင့် အစားထိုး လဲလှယ်ပေးတော်မူလိုက်သည်။ **၁၀၈။** ငါအရှင်မြတ်သည် နောင်လာ နောက်သားတို့တွင် သူ့လမ်းအတိုင်း အုပ်စုတစ်စုကို ထားရစ်တော်မူခဲ့သည်။ **၁၀၉။** အိဗ်ရာဟီမ်အပေါ်တွင် ငြိမ်းချမ်းမှု ကျရောက်ပါစေ။ **၁၁၀။** ငါအရှင်မြတ်သည် ကောင်းမြတ်သူများကို ဤသို့ပင် အစားပေးတော်မူသည် ။ **၁၁၁။** စင်စစ် သူသည် ငါအရှင်မြတ်၏ မုအ်မင်နှ် အစေခံများအနက်မှ တစ်ဦးဖြစ်သည်။ **၁၁၂။** ထို့နောက် ငါအရှင်မြတ်သည် သူ့အား သူတော်ကောင်းများအနက်မှ နဗီတမန်တော်တစ်ပါးဖြစ်

သည့် အိစ်ဟားက်၏ သတင်းကောင်း ပေးတော်မူခဲ့သည်။ **၁၁၃။** ထို့ပြင် ငါအရှင်မြတ်သည် သူ့ကိုရော အစ် ဟားက်ကိုပါ ဗရကသ်မင်္ဂလာချီးမြှင့်တော် မူခဲ့သည်။ ထို့နောက် ၎င်းတို့နှစ်ဦး၏ မျိုးဆက်ထဲတွင် ကောင်းမြတ်သောသူလည်း ရှိသလို၊ မိမိအပေါ် ထင်ရှားစွာမတရား ပြုသူလည်း ရှိပေသည်။

၁၁၄။ ထို့ပြင် ငါအရှင်မြတ်သည် မူစာနှင့်ဟာရွန်ကို ကျေးဇူးပြုတော် မူခဲ့သည်။ **၁၁၅။** ထို့ပြင်သူနှင့် သူ၏မျိုးနွယ်ကို ကြီးမားသော ဘေးဒုက္ခမှ ကယ်တင် တော်မူခဲ့သည်။ **၁၁၆။** ငါအရှင်မြတ်သည် ၎င်းတို့အား ကူညီခဲ့ရာ သူတို့သာ အောင်နိုင်လွှမ်းမိုးသူများ ဖြစ်ခဲ့ကြသည်။ **၁၁၇။** ငါအရှင်မြတ်သည် ၎င်းတို့နှစ်ဦး အား ထင်ရှားပြတ်သားသော ကျမ်းဂန်ကို ပေးတော်မူခဲ့သည်။ **၁၁၈။** ထို့အပြင် ငါအရှင်မြတ်သည် သူတို့နှစ်ဦးအား တရားလမ်းမှန်ကို ပြသတော်မူခဲ့သည်။ **၁၁၉။** ငါအရှင်မြတ်သည် နောင်လာနောက်သားတို့တွင် သူတို့နှစ်ဦး၏ လမ်းစဉ်ပေါ်၌ အုပ် စုတစ်စုကို ထားရစ်တော်မူခဲ့သည်။ **၁၂၀။** မူစာနှင့် ဟာရွန်ပေါ်တွင် ငြိမ်းချမ်းမှု ကျ ရောက်စေသတည်း။ **၁၂၁။** ငါအရှင်မြတ်သည် ကောင်းမြတ်သူများကို ဤသို့ပင် အစားပေးတော်မူသည်။ **၁၂၂။** စင်စစ်သူတို့နှစ်ဦးသည် ငါအရှင်မြတ်၏ မုအ်မင်န် အစေခံများအနက်မှ ဖြစ်ကြသည်။

၁၂၃။ ထို့ပြင် အိလ်ယာစ်သည်လည်း နဗီတမန်တော်များအနက်က ဖြစ်သည်။ **၁၂၄။** တစ်ခါတွင် သူသည် မိမိ၏အမျိုးသားများကို ပြောသည်။ **၁၂၅။** အသင်တို့ မကြောက်ကြသလော၊ အသင်တို့သည် အကောင်းဆုံး ဖန်ဆင်းရှင်ကို စွန့်၍ ဘအလ်(အမည်ရှိ ဘုရားရုပ်တု)ကို ဟစ်ခေါ်တသကြသလော။ **၁၂၆။** အလ္လာဟ်ကို (စွန့်လွှတ်ကြသလော) ထိုအရှင်သည် သင်တို့၏အရှင်လည်းဖြစ် သည်။ သင်တို့၏ ရှေးယခင်က ဘိုးဘေးများ၏ အရှင်လည်း ဖြစ်သည်။ **၁၂၇။** သို့ရှိ ရာ ၎င်းတို့သည် သူ့အား လူလိမ်လူညာဟု ပြောဆိုကြပေရာ သူတို့သည် ဖမ်းဆီး အရေးယူခြင်း ခံကြရပေမည်။ **၁၂၈။** သို့သော် အလ္လာဟ်၏ သီးသန့် အစေခံများ(မှာ အရေးယူ ဖမ်းဆီးခံရမည်မဟုတ်)။ **၁၂၉။** ငါအရှင်မြတ်သည် နောင်လာနောက်သား တို့တွင် သူလမ်းအတိုင်း အုပ်စုတစ်စုကို ထားရစ်တော်မူခဲ့သည်။ **၁၃၀။** အိလ်ယာစ် အပေါ်တွင် ငြိမ်းချမ်းမှု ကျရောက်ပါစေသတည်း။ **၁၃၁။** ငါအရှင်မြတ်သည် ကောင်း မြတ်သူများကို ဤသို့ပင် အစားပေးတော်မူသည်။ **၁၃၂။** စင်စစ်သူသည် ငါအရှင်

မြတ်၏ မုအ်မင်နှ် အစေခံများအနက်မှ တစ်ဦးဖြစ်သည်။

၁၃၃။ ထို့ပြင် လူးသွ်သည်လည်း နဗီတမန်တော်များအနက်က ဖြစ်သည်။ **၁၃၄။** တစ်ခါတွင် ငါအရှင်သည် သူ့ကိုလည်းကောင်း သူ၏လူများကိုလည်းကောင်း လွတ်မြောက်စေတော်မူခဲ့သည် ။ **၁၃၅။** သို့သော် အဖွားအိုတစ်ဦးမှာမူ နောက်ကျန်ရစ်သူများတွင် ပါဝင်ခဲ့သည် ။ **၁၃၆။** ထို့နောက် ငါအရှင်မြတ်သည် အခြားသူများကို ဖျက်ဆီးတော်မူခဲ့သည်။ **၁၃၇။** သင်တို့သည် သူတို့၏ ရွာများမှ မနက်ခင်းတွင် ဖြတ်သန်းကြသည်။ **၁၃၈။** ညဉ့်တွင်လည်း ဖြတ်သန်းကြသည်။ သို့ရှိရာ သင်တို့သည် နားမလည်ကြသလော။

၁၃၉။ ထို့ပြင် အမှန်စင်စစ် ယူနွတ်စ်သည်လည်း တမန်တော်များအနက်မှ ဖြစ်ခဲ့သည်။ **၁၄၀။** တစ်ခါတွင် သူသည် ထွက်ပြေးသွားခဲ့ပြီး ဝန်အပြည့်တင်ထားသော သင်္ဘောပေါ်သို့ ထွက်ပြေးသွားခဲ့သည်။ **၁၄၁။** ထို့နောက် မဲနှိုက်ကြရာ သူသည် ရှုံးနိမ့်သူများတွင် ဖြစ်ခဲ့သည်။ **၁၄၂။** ထို့နောက် ငါးက သူ့ကို မျိုလိုက်သည်။ သူသည် ကိုယ့်ကိုယ်ကိုယ် ပြစ်တင် နေခဲ့သည် ။ **၁၄၃။** အကယ်၍ သူသည် အလ္လာဟ် သန့်ပြန့်စင်ကြယ်ကြောင်း မြွက်ဆိုသူသာ မဟုတ်ခဲ့ပါလျှင်၊ **၁၄၄။** လူတို့ပြန်လည် ရှင်ထစေခြင်းခံရမည့်နေ့အထိ သူသည် ယင်းငါး၏ဝမ်းဗိုက်တွင်သာ ရှိနေပေလိမ့်မည် ။ **၁၄၅။** ထို့နောက် ငါအရှင်မြတ်သည် သူ့အား ဘာမျှမရှိသည့် ကွင်းပြင်သို့ ပစ်ထုတ်တော်မူလိုက်ရာ သူသည် အားအင်ချည့်နဲ့လျက် ရှိခဲ့သည်။ **၁၄၆။** ငါအရှင်မြတ်သည် သူ့အပေါ်တွင် အနွယ်ရှိသော အပင်တစ်ပင်ကို ပေါက်စေတော်မူလိုက်သည်။ **၁၄၇။** ငါအရှင်မြတ်သည် သူ့အား တစ်သိန်း သို့မဟုတ် ထိုထက်များသော လူအုပ်စုထံသို့ စေလွှတ်တော်မူခဲ့သည်။ **၁၄၈။** ထို့နောက် ၎င်းတို့သည် အီမာန်ယုံကြည်ခဲ့ကြရာ ငါအရှင်မြတ်သည် သူတို့အား အချိန်ကာလ တစ်ခုထိ အကျိုးခံစားခွင့်ပေးတော်မူခဲ့သည်။

၁၄၉။ အသင် သူတို့အား မေးမြန်းပါ။ အသင်တို့အရှင်အတွက်မူ သမီးများဖြစ်ပြီး သင်တို့အတွက်မှာမူ သားများဖြစ်ကြသလော။ **၁၅၀။** ငါအရှင်မြတ်သည် ၎င်းတို့၏ မျက်မှောက်တွင် ကောင်းကင်တမန်များကို မိန်းမများအဖြစ် ဖန်ဆင်းခဲ့သလော။ **၁၅၁-၁၅၂။** သတိပြုကြကုန်။ ၎င်းတို့က "အလ္လာဟ်မှာ သားသမီးများ ရှိသည်ဟု" လုပ်ကြံ၍ ပြောကြခြင်းမျှသာဖြစ်သည်။ အမှန်တွင် ၎င်းတို့သည်

လူလိမ်များ ဖြစ်ကြသည်။ **၁၅၃။** အလွှာဟ်သည် သားများနှင့် ယှဉ်လျှင် သမီးများကို ရွေးချယ်ခဲ့သလော။ **၁၅၄။** အသင်တို့ မည်သို့ဖြစ်သွားကြသနည်း။ မည်သို့ဆုံးဖြတ်နေကြသနည်း။ **၁၅၅။** ထို့ပြင် သင်တို့သည် စဉ်းစားဆင်ခြင်ခြင်း မပြုကြလေသလော။ **၁၅၆။** သို့မဟုတ် သင်တို့ထံတွင် ထင်ရှားသော အထောက်အထားရှိသလော။ **၁၅၇။** အကယ်၍ သင်တို့သည် မှန်ကန်ကြပါမူ မိမိတို့ကျမ်းစာအုပ်ကို ယူလာကြကုန်။

၁၅၈။ ထို့ပြင် သူတို့က ထိုအရှင်မြတ်နှင့် ဂျင်နတို့သည် အမျိုးတော်ကြသည်ဟု သတ်မှတ်လိုက်ကြသည်။ စင်စစ်တွင် ဂျင်နများကိုယ်တိုင်ကပင် မိမိတို့သည် အမှန်ပင် ဖမ်းဆီးခေါ်ဆောင်လာခြင်းခံရမည်ကို ကောင်းကောင်းကြီး သိကြသည်။ **၁၅၉။** အလွှာဟ်သည် သူတို့ပြောဆိုသည့် အရာများမှ သန့်ပြန့်စင်ကြယ်တော်မူသည်။ **၁၆၀။** သို့သော် အလွှာဟ်၏ သီးသန့်အစေခံများသည် (လုံခြုံလိမ့်မည်။) **၁၆၁။** အကြောင်းမှာ အသင်တို့သည်လည်းကောင်း အသင်တို့ ကိုးကွယ်သောအရာများသည်လည်းကောင်း၊ **၁၆၂။** အလွှာဟ်ထံမှ မည်သူ့ကိုမျှ လမ်းလွဲအောင်လုပ်နိုင်ကြမည်မဟုတ်။ **၁၆၃။** ငရဲထဲတွင် လောင်ကျွမ်းမည့် သူများကိုသာလျှင် (လုပ်နိုင်မည်။) **၁၆၄။** (ကောင်းကန်တမန်များက ဤသို့ ပြောကြသည်။) ငါတို့အနက် တစ်ဦးတိုင်းအတွက် သတ်မှတ်ထားသော နေရာတစ်ခုစီရှိသည်။ **၁၆၅။** ငါတို့သည် အလွှာဟ်ရှေ့မှောက်တွင် တန်းစီ၍ နေကြသူများ ဖြစ်သည်။ **၁၆၆။** ငါတို့သည် ထိုအရှင်မြတ် သန့်ပြန့်စင်ကြယ်ကြောင်း မြွက်ဆိုနေကြသူများ ဖြစ်သည်။

၁၆၇။ ထို့နောက် ဤ(ရိုရိုက်လုပ်ခဲ့) သူများက ပြောလေ့ရှိကြခဲ့ကြသည်။ **၁၆၈။** အကယ်၍ ငါတို့ထံတွင် အလျင်ကသူများ၏ သင်ကြားမှုများ ရှိမည်ဆိုလျှင်၊ **၁၆၉။** ငါတို့သည်လည်း အလွှာဟ်၏ သီးသန့်အစေခံများ ဖြစ်ကြပေမည်။ **၁၇၀။** ထို့နောက် ၎င်းတို့က ငြင်းဆိုလိုက်ကြပေရာ သူတို့သည် မကြာမီသိကြလိမ့်မည်။ **၁၇၁။** ငါအရှင်မြတ်၏ အစေခံတမန်တော်များအတွက် ငါအရှင်သည် အလျင်ကတည်းက ဤသို့ ဆုံးဖြတ်ပြီး ဖြစ်သည်။ **၁၇၂။** အမှန်စင်စစ် သူတို့သာလျှင် အကူအညီရ၍ အောင်မြင်ကြပေလိမ့်မည်။ **၁၇၃။** ထို့ပြင် ငါအရှင်၏ စစ်တပ်သာလျှင် အောင်မြင်လိမ့်မည်။ **၁၇၄။** သို့ဖြစ်ရာ အချိန်ကာလတစ်ခုထိ သူတို့ကို ရှောင်ဖယ်၍ နေလိုက်ပါ။ **၁၇၅။** အသင် သူတို့ကို ကြည့်နေပါ။ သူတို့လည်း မကြာမီ မြင်ကြရ

ပေမည်။

၁၇၆။ သူတို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်တော်ကို အလျင်လိုနေကြသလော။ **၁၇၇။** သို့ရာတွင် သူတို့၏ခြံဝင်း၌ ပြစ်ဒဏ်တော် ကျရောက်သည့်အခါတွင် သတိပေးနှိုးဆော်ခြင်းခံခဲ့ရသည့် သူများ၏ နံနက်ခင်းသည် အလွန်ဆိုးရွားလှပေသည်။ **၁၇၈။** သို့ဖြစ်ရာ အချိန်ကာလတစ်ခုထိ သူတို့ကို ရှောင်ဖယ်၍ နေလိုက်ပါ။ **၁၇၉။** အသင် သူတို့ကို ကြည့်နေပါ။ သူတို့လည်း မကြာမီ မြင်ကြရပေမည်။ **၁၈၀။** အသင်အား ဖန်ဆင်းမွေးမြူတော်မူသော ဂုဏ်သိက္ခာရှင်သည် ၎င်းတို့ပြောဆိုသော အရာများမှ သန့်ပြန့်စင်ကြယ်တော်မူပေသည်။ **၁၈၁။** တမန်တော်များအပေါ်တွင် ငြိမ်းချမ်းမှု မင်္ဂလာကျရောက်စေသား။ **၁၈၂။** ထို့ပြင် ချီးမွမ်းခြင်းအပေါင်းသည် စကြဝဠာခပ်သိမ်း၏အရှင်သခင် အလ္လာဟ်အတွက်သာလျှင် ဖြစ်ပေသတည်း။

၃၈။ စူရပ်စွာဒ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးများ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ စွာဒ်။ ဆုံးမသြဝါဒနှင့် ပြည့်နှက်နေသော ကုရ်အာန်ကို ငါအရှင်သက်သေထူတော်မူ၏။ **၂။** သွေဖည်ကြကုန်သော သူများသည် (အမှန်တရားနောက်သို့ မလိုက်ကြခြင်းမှာ) အခြားအကြောင်း ကြောင့်မဟုတ်၊ ဂုဏ်မောက်မာမှုနှင့် ဆန့်ကျင်လိုစိတ်တို့ကြောင့် ဖြစ်သည်။ **၃။** ငါအရှင်မြတ်သည် သူတို့မတိုင်မီက များစွာသော မျိုးနွယ်တို့ကို ဖျက်ဆီးတော်မူခဲ့သည်။ ထိုအခါ ၎င်းတို့က ဟစ်အော်ခဲ့ကြသည်။ သို့ရာတွင် ထိုအချိန်သည် လွတ်မြောက်မည့် အချိန်မဟုတ်တော့ပေ။

၄။ မိမိတို့ထဲမှပင် သတိပေးနှိုးဆော်သူတစ်ဦး မိမိတို့ထံ လာခဲ့ခြင်းကို သူတို့က အံ့အားသင့်ကြသည်။ ထို့နောက် သွေဖည်ငြင်းပယ်သူများက ပြောကြသည်။ ဤသူသည် မှော်အတတ်ပညာရှင် လူလိမ်သာ ဖြစ်သည်။ **၅။** ဤသူသည် ဘုရားအများနေရာတွင် ဘုရားတစ်ဆူတည်းကို သတ်မှတ်လိုက်သလော၊ ဤသည် အလွန်အံ့သြစရာပင် ဖြစ်သည်။ **၆။** ထို့နောက် သူတို့အနက် ခေါင်းဆောင်များက

(ဤသို့ပြောလျက်) ထွက်သွားကြသည်။ သင်တို့သည် သွား၍ မိမိတို့၏ဘုရားများ အပေါ်တွင် မြဲမြံစွာရပ်တည်နေကြကုန်။ ဤသည် ရည်ရွယ်ချက်နှင့်လုပ်သော ကိစ္စပင် ဖြစ်သည်။ **၇။** ငါတို့သည် ဤသည်ကို လွန်ခဲ့သော သာသနာ၌လည်း မကြားခဲ့ဖူးပေ။ ဤသည် လုပ်ကြံထားသော ကိစ္စပင် ဖြစ်သည်။ **၈။** ငါတို့အနက် ဤသူ့အပေါ် မှာသာလျှင် ကျမ်းတော်ကျရောက်သလော။ ဧကန်စင်စစ် ဤသူတို့သည် ငါအရှင်မြတ်၏ အဆုံးအမတော်များကို သံသယဖြစ်နေကြသည်။ သို့သာမက သူတို့သည် ယခုတိုင်အောင် ငါအရှင်၏ ပြစ်ဒဏ်ကို မမြည်းစမ်းကြရသေးချေ။

၉။ အလွန်ဘုန်းတန်ခိုးကြီးမားတော်မူသော၊ အလွန်ပေးကမ်းတော်မူသော အသင့်အရှင်၏ ကရုဏာဘဏ္ဍာတိုက်များသည် သူတို့ထံ၌ ရှိနေသလော။ **၁၀။** သို့မဟုတ် မိုးကောင်းကင်များတွင်ရှိသောအရာများ၊ မြေတွင်ရှိသောအရာများနှင့် ထိုနှစ်ခုကြားတွင် ရှိသောအရာများသည် ၎င်းတို့၏ အုပ်ချုပ်မှုအာဏာအောက်တွင် ရှိသလော။ သို့ဆိုလျှင် သူတို့သည် လှေကားများထောင်၍ တက်သွား(ပြီးလျှင် အမိန့်တော်ကျရောက်ခြင်းကို တားဆီး) ကြကုန်။ **၁၁။** စစ်တပ်များအနက် ဤတပ်စုသည်လည်း ဤနေရာတွင် စစ်ရှုံးရပေမည်။ **၁၂။** ၎င်းတို့မတိုင်မီက နူးဟ်၏ အမျိုးသားများသည်လည်းကောင်း၊ အားဒ်မျိုးနွယ်သည်လည်းကောင်း၊ သံငုတ်များရှင်ဖိရ်အောင်နသည် လည်းကောင်း **၁၃။** ဆမူးဒ်အမျိုးသားများသည်လည်းကောင်း၊ လူးသွ်၏ အမျိုးသားများသည်လည်းကောင်း၊ တောအုပ်တွင် နေခဲ့ကြသောသူများသည်လည်းကောင်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ ဤသူများသည် အုပ်စုကြီးများ ဖြစ်ခဲ့ကြသည်။ **၁၄။** သူတို့အားလုံးသည် တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့သောကြောင့် ငါအရှင်၏ ပြစ်ဒဏ်သည် ကျရောက်ခဲ့ပေသည်။ **၁၅။** ဤသူများသည် ဆိုင်းငံ့ခြင်း ရှိမည်မဟုတ်သော ကြောက်မက်ဖွယ် အသံတစ်သံကို စောင့်နေကြခြင်းသာ ဖြစ်သည်။ **၁၆။** ၎င်းတို့က "အို-ကျွန်တော်မျိုးတို့၏အရှင်၊ စာရင်းစစ်ကြောမည့်နေ့မတိုင်မီ ကျွန်တော်တို့၏ ဝေစုကို အလျင်အမြန် ပေးတော်မူလိုက်ပါ"ဟု ပြောကြသည်။

၁၇။ သူတို့ပြောသမျှပေါ်တွင် အသင် သည်းခံပါ။ ထို့ပြင် ငါအရှင်မြတ်၏ အင်အားရှိသော အစေခံ ဒါဝူးဒ်ကို သတိရပါ။ မုချ သူသည် (အလ္လာဟ်ဘက်သို့) အလွန်အာရုံပြုသောသူ ဖြစ်သည်။ **၁၈။** ငါအရှင်မြတ်သည် တောင်များအား

သူ့အမိန့်ကို နာခံစေခဲ့သည်။ ယင်းတောင်တို့သည် သူနှင့်အတူ အလွှာဟ်၏ သန့်ပြန့်စင်ကြယ်မှုကို နံနက်နှင့် ညနေတွင် ဘာဝနာစီးဖြန်းကြသည်။ **၁၉။** ထို့ပြင် ၎င်းများကိုလည်း စု၍ သူ့အား နာခံစေခဲ့သည်။ အားလုံးသည် အလွှာဟ်ဘက်သို့ အာရုံပြုသူများ ဖြစ်ကြသည်။ **၂၀။** ထို့ပြင် ငါအရှင်မြတ်သည် သူ၏အချုပ်အာဏာကို ခိုင်မြဲစေခဲ့ သည်။ ထို့ပြင် သူ့အား အမြော်အမြင်နှင့် အရေးကိစ္စများတွင် ဆုံးဖြတ်နိုင် စွမ်းကို ချီးမြှင့်တော်မူခဲ့သည်။

၂၁။ တံတိုင်းကိုကျော်၍ ဝတ်ပြုဆောင်ထဲသို့ ဝင်ရောက်လာခဲ့သော အမှုသည်များ၏ အကြောင်းအရာသည် အသင့်ထံ ရောက်ရှိခဲ့သလော။ **၂၂။** သူတို့ သည် ဒါဂူးဒ်ထံကို ရောက်လာကြသောအခါ သူသည် ထိတ်လန့်သွားခဲ့သည်။ ၎င်း တို့က ပြောကြသည်။ မကြောက်ပါနှင့်။ ကျွန်ုပ်တို့သည် အမှုသည်များ ဖြစ်ကြသည်။ တစ်ဦးက တစ်ဦးအပေါ် ကျူးကျော်စော်ကားခဲ့သည်။ သို့ရှိရာ သင်သည် ကျွန်ုပ်တို့ ၏အကြားတွင် မှန်ကန်စွာ စီရင်ဆုံးဖြတ်ပေးပါ။ မတရားမလုပ်ပါနှင့်။ ထို့ပြင် ကျွန်ုပ် တို့ကို လမ်းမှန်ပြပေးပါ။

၂၃။ ဤသူသည် ကျွန်ုပ်၏ နောင်တော်ဖြစ်သည်။ သူ့ထံတွင် သိုး ကိုးဆယ့်ကိုးကောင် ရှိသည်။ ကျွန်ုပ်ထံတွင်တော့ သိုးတစ်ကောင်တည်း ရှိသည်။ သို့ရှိရာ သူက "ထိုသိုးတစ်ကောင်ကိုလည်း ငါ့ထံလွှဲအပ်လိုက်"ဟု ကျွန်ုပ်အား ပြော သည်။ သူသည် ကျွန်ုပ်အား အနိုင်ပြောဆိုခဲ့သည်။ **၂၄။** ဒါဂူးဒ်က ပြောသည်။ သူ သည် သင့်သိုးကို မိမိသိုးများနှင့်အတူ ပေါင်းစည်းလိုက်ဖို့ တောင်းဆိုခြင်းသည် အမှန်ပင် သင့်ကို မတရားပြုလိုက်ခြင်းပင် ဖြစ်သည်။ အစုရှင်များတွင် များစွာသော သူတို့သည် တစ်ဦးကိုတစ်ဦး မတရားပြုလေ့ရှိကြသည်။ သို့သော် ယုံကြည်မှု သဒ္ဓါတရားထားပြီးနောက် ကောင်းမှုပြုကျင့်သူတို့ကလွဲ၍ ဖြစ်သည်။ ဤသို့သော သူများသည် အလွန်နည်းပါးလှသည်။ ဒါဂူးဒ်က ငါအရှင်သည် သူ့အား စပ်းသပ် တော်မူခဲ့သည်ဟု ထင်ပြီးနောက် သူသည် မိမိအရှင်ထံပါးတွင် ခွင့်လွှတ် ချမ်းသာ ခွင့် တောင်းခံပြီး ဦးချပ်တွားလိုက်သည်။ ထို့နောက် အလွှာဟ်ဘက်ကို လှည့်ခဲ့ သည်။ **၂၅။** ထို့နောက် ငါအရှင်မြတ်သည် သူ၏ ယင်း(အမှား)ကို ခွင့်လွှတ်တော်မူခဲ့ သည်။ ဇကန်စင်စစ် ငါအရှင်မြတ်ထံပါးတွင် သူ့အတွက် နီးစပ်မှုနှင့် ကောင်းသော နေရာထိုင်ခင်းရှိသည်။

၂၆။ အို-ဒါဂူဒ်၊ ငါအရှင်မြတ်သည် အသင့်အား မြေကမ္ဘာတွင် ကိုယ်စားလှယ်(အုပ်ချုပ်သူ) အဖြစ် ခန့်အပ်တော်မူလိုက်သည်။ သို့ရှိရာ သင်သည် လူတို့အကြားတွင် မျှတစွာ ဆုံးဖြတ်ပါလေ။ စိတ်ဆန္ဒ၏နောက်ကို မလိုက်လေနှင့်။ မဟုတ်လျှင် အသင့်အား အလ္လာဟ်လမ်းတော်မှ လွှဲမှားသွားစေလိမ့်မည်။ အလ္လာဟ်၏ လမ်းတော်မှ လွှဲမှားသွားသောသူများအဖို့ ပြင်းထန်သော ပြစ်ဒဏ်ရှိပေသည်။ အကြောင်းမှာ သူတို့သည် စာရင်းစစ်ကြောမည့်နေ့ကို မေ့ပစ်ခဲ့ကြသောကြောင့် ဖြစ်သည်။

၂၇။ ငါအရှင်မြတ်သည် မိုးကိုလည်းကောင်း၊ မြေကိုလည်းကောင်း ယင်းနှစ်ခုကြားတွင်ရှိသောအရာများကို လည်းကောင်း အလကားအချည်းနှီး သက်သက် ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ပေ။ ဤသည် သွေဖည်သူများ၏ အထင်သာ ဖြစ်သည်။ သို့ရှိရာ သွေဖည်သူများအတွက် ငရဲမီး၏ပျက်စီးခြင်း ရှိပေသည်။ **၂၈။** ငါအရှင်မြတ်သည် ယုံကြည်မှုသဒ္ဓါတရားထားပြီးလျှင် ကောင်းမှုပြုကျင့်ခဲ့သော သူများကို မြေပထဝီတွင် ဖျက်ဆီးသောင်းကျန်းသူများကဲ့သို့ လုပ်ရမည်လော။ သို့မဟုတ် ငါအရှင်မြတ်သည် အလ္လာဟ်ကို ကြောက်ပြီး အပြစ်ရှောင်ရှားသူများကို လူဆိုးများကဲ့သို့ ပြုလုပ်တော်မူရမည်လော။ **၂၉။** ဤသည် ငါအရှင်မြတ်က သင့်အပေါ်တွင် ချပေးတော်မူသော မင်္ဂလာရှိသည့် ကျမ်းဂန်ဖြစ်သည်။ ချပေးရသည့် အကြောင်းမှာ ၎င်းတို့သည် ထိုကျမ်း၏ မုက္ခပါဌ်တော်များကို စဉ်းစားဆင်ခြင်ရန်နှင့် အသိဉာဏ်ရှိသူများသည် ယင်းကျမ်းမှ တရားရယူကြရန်အတွက် ဖြစ်သည်။

၃၀။ ထို့နောက် ငါအရှင်မြတ်သည် ဒါဂူးဒ်အား စုလိုင်မာန်(မည်သော သားရတနာ)ကို ချီးမြှင့်တော်မူခဲ့သည်။ သူသည် အကောင်းဆုံးအစေခံနှင့် မိမိအရှင်မြတ်ထံပါးသို့ အလွန် လှည့်သောသူဖြစ်သည်။ **၃၁။** တစ်ခါတွင် ညနေချိန်၌ သူ့ရှေ့မှောက်တွင် အပြေး သန်သော မြင်းကောင်းများကို ဆက်သခြင်းခံခဲ့ရသည်။ **၃၂။** ထိုအခါ သူက ပြော သည်။ ငါသည် မိမိအရှင်မြတ်အား သတိရသောကြောင့်ပင် ဥစ္စာပစ္စည်း(မြင်းများ)ကို နှစ်သက်ခုံမင်ခဲ့သည်။ နောက်ဆုံးတွင် နေသည် အကာ အကွယ်နောက်သို့ ပျောက်ကွယ်သွားသောအခါ၊ **၃၃။** (သူကပြောသည်) ထိုမြင်းများကို ငါ့ထံယူလာကြကုန်။ ထို့နောက် သူသည် မြင်း၏ ခြေသလုံးများ၊ လည်ပင်း

များကို ပွတ်သပ်လေတော့သည်။

၃၄။ ငါအရှင်မြတ်သည် စုလိုင်မာန်ကို စမ်းသပ်တော်မူခဲ့သည်။ ငါအရှင်သည် သူ၏ ပလ္လင်ပေါ်တွင် ခန္ဓာတစ်ခုကို ပစ်ချတော်မူခဲ့သည်။ ထို့နောက်သူသည် အလွှာဟ်ဘက်သို့ လှည့်ခဲ့သည်။ **၃၅။** ၎င်းက လျှောက်ထားသည်။ အိုး-ကျွန်တော်မျိုး၏ အရှင်၊ ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုး၏ နောက်တွင် မည်သူမျှ မရထိုက်သော အုပ်ချုပ်မှုအာဏာကို ကျွန်တော်မျိုးအား ချီးမြှင့်တော်မူပါ။ အရှင်မြတ်သည် အမှန်ပင် အလွန်ပေးသနားတော်မူသော အရှင်ဖြစ်သည်။ **၃၆။** သို့ရှိရာ ငါအရှင်မြတ်သည် လေအား သူ၏ အမိန့်ကို နာခံစေခဲ့သည်။ ယင်းလေသည် သူအလိုရှိရာသို့ သူ၏ အမိန့်တော်ဖြင့် ညင်သာစွာ တိုက်ခတ်၍ သွားလေသည်။ **၃၇။** ထို့ပြင် ဆိုးသွမ်းသော ဂျင်နီများကိုလည်း သူ၏ အမိန့်ကို နာခံစေခဲ့သည်။ ယင်းတို့တွင် ဆောက်လုပ်ရေးကျွမ်းကျင်သူများနှင့် ရေငုတ်ကျွမ်းကျင်သူများ အမျိုးမျိုး ပါဝင်ကြသည်။ **၃၈။** သံကြိုးများဖြင့် တုပ်နှောင်ထားသော အချို့ ဂျင်နီများလည်း ပါဝင်ကြသည်။ **၃၉။** ဤသည် ငါအရှင်မြတ်၏ ပေးကမ်းမှု ဖြစ်သည်။ သို့ဖြစ်ရာ သင်သည် စာရင်းအင်းမရှိ ကျေးဇူးပြုလိုသူကို ပြုနိုင်သည်။ မပေးကမ်းလိုသူကို မပေးကမ်းဘဲလည်း နေနိုင်သည်။ **၄၀။** ထို့ပြင် သူအတွက် ငါအရှင်မြတ်ထံတွင် နီးကပ်မှုနှင့် ကောင်းသော နေရာထိုင်ခင်း ရှိလေသည်။

၄၁။ ထို့ပြင် ငါအရှင်မြတ်၏ အစေခံ အိုက်ယူးဗ်ကို သတိရပါ။ တစ်ခါတွင် သူသည် မိမိအရှင်အား (ဤသို့) ဟစ်ခေါ်ခဲ့သည်။ ရှိုင်သွာန်သည် ကျွန်တော်မျိုးအား ဒုက္ခနှင့် နာကျင်မှုဒဏ်ကို ပေးခဲ့သည်။ **၄၂။** (ငါအရှင်က သူ့ကို မိန့်တော်မူခဲ့သည်။) သင်သည် ခြေဖြင့်ပေါက်လိုက်ပါ။ ဤသည် ချိုးရန်နှင့် သောက်သုံးရန် ရေအေးဖြစ်သည်။ **၄၃။** ထို့ပြင် ငါအရှင်မြတ်သည် သူ့အား သူ၏မိသားစုနှင့် ယင်းမိသားစုနှင့်အတူ နောက်ထပ် ထိုမျှလောက်ကိုလည်း ငါအရှင့်ဘက်မှ ကရုဏာတော်အဖြစ်၊ အသိဉာဏ်ရှိသူများအတွက် တရားရပူဖွယ်ရာအဖြစ် ပေးသနားတော်မူခဲ့သည်။ **၄၄။** ထို့နောက် သင်သည် မိမိ၏လက်ထဲတွင် အခက်အလက်များ လက်တစ်ဆုပ်စာ ယူ၍ ယင်းဖြင့် ရိုက်ပါလေ။ ကျိန်ဆိုချက်ကို မချိုးဖျက်လေနှင့်။ အမှန်တကယ် ငါအရှင်မြတ်သည် သူ့အား မြဲမြံသူအဖြစ် ပြုပေးတော်မူခဲ့သည်။ သူသည် အလွန်ကောင်းမြတ်သော အစေခံ၊ မိမိအရှင်မြတ်ထံတော်သို့ အလွန်လှည့်

သောသူ ဖြစ်သည်။

၄၅။ ထို့ပြင် ငါအရှင်မြတ်၏ အစေခံများဖြစ်သော အိဗ်ရာဟီးမ်၊ အစ္စဟားက်၊ ယအ်ကူးဗ်တို့ကို သတိရပါ။ သူတို့သည် (အလ္လာဟ်အမိန့်နာခံရာတွင်) အားအင်ကြီးမားသူများ (သာသနာနှင့်ပတ်သက်၍) အမြော်အမြင်ရှိသူများ ဖြစ်ကြသည်။ **၄၆။** ငါအရှင်မြတ်သည် သူတို့ကို ထူးခြားချက်တစ်ခုဖြင့် သီးသန့်ပြုတော်မူခဲ့သည်။ ယင်းထူးခြားချက်မှာ နောင်တမလွန်ကို သတိရခြင်းတည်းပင်။ **၄၇။** ထို့ပြင် သူတို့သည် ငါအရှင်မြတ်ထံပါးတွင် လက်ရွေးစင် အစေခံများအနက်မှ ဖြစ်သည်။ **၄၈။** ထို့ နောက်အသင်သည် အိစ္စမာအီးလ်၊ အလ်ယစအ်နှင့် ဇုလ်ကိဖ်လ်တို့ကို သတိရပါ လေ။ သူတို့အားလုံးသည် သူတော်ကောင်းများ ဖြစ်ကြသည်။

၄၉။ ဤသည် ဆုံးမစကားဖြစ်သည်။ အမှန်ပင် အလ္လာဟ်ကို ကြောက်သူများအဖို့ ကောင်းသော နေရာထိုင်ခင်းသည် မုချ ရှိပေသည်။ **၅၀။** ၎င်းတို့အတွက် တံခါးများ ပွင့်လျက်ရှိသော ထာဝရဥယျာဉ်များ ဖြစ်လိမ့်မည်။ **၅၁။** သူတို့သည် ယင်းထဲတွင် မှီအုံးများဖြင့် မှီလျက်ထိုင်နေကြလိမ့်မည်။ ထို့ပြင် များစွာသော အသီးအနှံများ၊ သောက်စရာများကို မှာယူနေကြလိမ့်မည်။ **၅၂။** သူတို့ထံတွင် ခင်ပွန်းကလွဲ၍ မည်သူ့ကိုမျှ မကြည့်သော၊ သက်တူရွယ်တူ ဇနီးကြင်ရာများလည်း ရှိပေလိမ့်မည်။ **၅၃။** ဤသည် စာရင်းစစ်ကြောမည့်နေ့ ရောက်လျှင် ရမည်ဟု သင်တို့အားကတိပေးထားသော အရာများဖြစ်သည်။ **၅၄။** ဤသည် မည်သည့်အခါမျှ ကုန်ဆုံးပျက်သုဉ်းမည်မဟုတ်သော ငါအရှင်မြတ်၏ ပေးကမ်းချီးမြှင့်မှု ဖြစ်သည်။

၅၅။ (နောက်တစ်ဖက်တွင်) ဤသို့ရှိမည်။ ဆိုးသွမ်းသူများအဖို့ ဆိုးရွားသော နေရာထိုင်ခင်းရှိမည်။ **၅၆။** ယင်းနေရာမှာ ဂျဟန္နမ်ဖြစ်မည်။ ထိုထဲတွင် သူတို့လားရလိမ့်မည်။ အဘယ်မျှ ဆိုးရွားသော နေရာဖြစ်လိုက်လေခြင်း။ **၅၇။** ဤသည် ပူလောင်သောရေနှင့် ပြည်ပုပ်ဖြစ်သည်။ ယင်းကို သူတို့မြည်းစမ်းကြပေတော့။ **၅၈။** ဤကဲ့သို့ အမျိုးအစားတူသောအခြားအရာများလည်း ရှိပေဦးမည်။ **၅၉။** (သူတို့သည် မိမိတို့၏ နောက်လိုက်များလည်း ဝင်လာကြသည်ကို မြင်သောအခါ အချင်းချင်း ပြောကြမည်။) ဤသည် သင်တို့နှင့်အတူ ဝင်ရောက်လာသော အုပ်စုတစ်စု ဖြစ်သည်။ သူတို့အတွက် ကောင်းသော ကြိုဆိုခြင်းမရှိပါစေနှင့်။ သူတို့သည် ငရဲမီးထဲသို့ ကျရောက်မည့်သူများ ဖြစ်ကြသည်။ **၆၀။** ၎င်းတို့ကလည်း (ကျိန်ဆဲသူ

များအား ပြန်) ပြောကြမည်။ သင်တို့အတွက်သာလျှင် ကောင်းသော ကြိုဆိုခြင်း မရှိပါစေနှင့်၊ သင်တို့သာလျှင် ဤဒုက္ခကို ငါတို့ရှေ့သို့ ယူဆောင်လာခဲ့ကြသည်။ ယခုတော့ဖြင့် နေရမည့်နေရာသည် လွန်စွာ ဆိုးရွားလှလေခြင်း။ **၆၁။** ၎င်းတို့က လျှောက်ထားကြ လိမ့်မည်။ အိုး-ကျွန်တော်မျိုးတို့၏အရှင်၊ ဤဒုက္ခကို ကျွန်ုပ်တို့ရှေ့သို့ ပို့ဆောင်ခဲ့သူများအား ငရဲထဲတွင် ပြစ်ဒဏ်နှစ်ဆတိုး၍ ပေးတော်မူပါ။ **၆၂။** ထို့နောက် ၎င်းတို့က ပြောကြမည်။ လူဆိုးများဟု ငါတို့ မှတ်ယူခဲ့ကြသူများကို ငါတို့သည် ဤနေရာတွင် ဘာကြောင့် မတွေ့ရသနည်း။ **၆၃။** ငါတို့သည် သူတို့အား လှောင်ပြောင်မိခဲ့ကြသာ လော။ သို့မဟုတ် သူတို့ကို မမြင်ဘဲ မျက်စိလျှံနေသလော။ **၆၄။** ဇကန်စင်စစ် ငရဲသားတို့အချင်းချင်း အငြင်းအခုံဖြစ်မည့် ဤကိစ္စသည် မှချဖြစ်လိမ့်မည်။

၆၅။ အသင်ပြောပါ။ ကျွန်ုပ်သည် သတိပေးနှိုးဆော်သူ တစ်ဦးမျှသာ ဖြစ်သည်။ တစ်ပါးတည်းသောအရှင်၊ နိုင်နင်းလွှမ်းမိုးတော်မူသောအရှင် အလွှာဟ်မှ လွဲ၍ အခြားခဝပ်ကိုးကွယ်ထိုက်သည့် အရှင်မရှိပေ။ **၆၆။** အရှင်မြတ်သည် မိုးကောင်းကင်များ၊ မြေပထဝီနှင့် ယင်းမိုးမြေကြားရှိအရာများ၏ အရှင်သခင်ဖြစ်သည်။ အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်ချမ်းသာခွင့်လွှတ်တော်မူသော အရှင်ဖြစ်သည်။ **၆၇။** အသင်ပြောကြားပါ။ ဤသည် ကြီးကျယ်သော သတင်းဖြစ်သည်။ **၆၈။** ယင်းကို အသင်တို့က မျက်နှာလွှဲ၍ နေနေကြသည်။ **၆၉။** ငါသည် အထက်ကောင်းကင်ဘုံတွင် ရှိသောသူတို့ အချင်းချင်း ငြင်းခုံနေကြသည်ကို မသိရှိပါ။ **၇၀။** ငါသည် ထင်ရှားသော သတိပေးနှိုးဆော်သူဖြစ်သောကြောင့်သာ ငါ့ထံသို့ ဝဟီဗျာဒိတ်တော်လာခြင်း ဖြစ်ပေသည်။

၇၁။ တစ်ခါတွင် အသင့်အရှင်သည် ကောင်းကင်တမန်များအား (ဤသို့) မိန့်ကြားသည်။ ငါအရှင်သည် ရွှံ့မြေစေးမှ လူသားတစ်ဦးကို ဖန်ဆင်းတော်မူမည်။ **၇၂။** ထို့နောက် ယင်းလူသားကို သေချာမွမ်းမံပြီး၍ ဝိညာဉ်မှတ်သွင်းပြီးသောအခါ သင်တို့သည် သူ့ကို ဦးချလိုက်ကြကုန်။ **၇၃။** သို့ရှိရာ ကောင်းကင်တမန်အားလုံးက ဦးချခဲ့သည်။ **၇၄။** သို့သော် အိဗ်လီးစ်ကမူ မာနတက်ခဲ့သည်။ ထို့နောက် သူသည် သွေဖည်သူများတွင် အပါအဝင် ဖြစ်သွားခဲ့လေသည်။ **၇၅။** အရှင်မြတ်က မိန့်တော်မူသည်။ အိုး-အိဗ်လီးစ်၊ ငါအရှင်က မိမိလက်တော်ဖြင့် ဖန်ဆင်းထားသော

သူကို ဦးချခြင်းမှ သင့်ကို အဘယ်အရာက တားဆီးခဲ့သနည်း။ အသင်သည် မာန တက်ခဲ့သလော။ သို့မဟုတ် သင်သည် အဆင့်မြင့်သူများထဲမှလော။ **၇၆။** ၎င်းက ပြောသည်။ ကျွန်တော်သည် အာဒမ်ထက် မြတ်ပါသည်။ အရှင်မြတ်က ကျွန်တော် မျိုးအား မီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ သူကိုမူ ရွံ့စေးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ **၇၇။** အရှင်မြတ်က အမိန့်ရှိသည်။ သင်သည် ဤနေရာမှ ထွက်သွားလော့။ သင်သည် နှင်ချခံရသူဖြစ်သည်။ **၇၈။** ထို့ပြင် သင့်အပေါ်တွင် ငါအရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးခြင်းသည် အစားပေးမည့်နေ့တိုင်အောင် ရှိပေလိမ့်မည်။

၇၉။ အိဗ်လီးစ်ကပြောသည်။ အို-ကျွန်တော်မျိုး၏ အရှင်၊ ကျွန်တော်မျိုး အား လူသားတို့ တစ်ဖန်ပြန်ရှင်ရမည့်နေ့တိုင်အောင် ဆိုင်းငံ့ခွင့် ပေးတော်မူပါ။ **၈၀။** အရှင်မြတ်က မိန့်တော်မူသည်။ သင့်ကို ဆိုင်းငံ့ခွင့် ပေးလိုက်ပြီ။ **၈၁။** သတ်မှတ် ထားသော နေ့၏ အချိန်အထိ။ **၈၂။** သူက ပြန်လျှောက်သည်။ အရှင်မြတ်၏ ဂုဏ် သိက္ခာကို တိုင်တည်ပါသည်။ ကျွန်တော်မျိုးသည် သူတို့အားလုံးကို လမ်းလွဲအောင် လုပ်မည်။ **၈၃။** အရှင်မြတ်က သီးသန့်ပြုထားသော အရှင်မြတ်၏ အစေခံများမှအပ ဖြစ်သည်။ **၈၄။** အရှင်မြတ်က မိန့်တော်မူသည်။ သို့ဆိုလျှင် ဤသည် အမှန်စကား ဖြစ်သည်။ ငါအရှင်သည် အမှန်စကားကိုသာ မိန့်တော်မူလေ့ရှိသည်။ **၈၅။** (ယင်း စကား၌) ငါအရှင်သည် အသင်ဖြင့်လည်းကောင်း၊ သူတို့အနက် သင့်နောက်ကို လိုက်ကြသောသူများဖြင့် လည်းကောင်း ဂျဟန္နမ်ငရဲကို မုချ ဖြည့်တင်းတော်မူမည်။

၈၆။ အသင်ပြောပါ။ ကျွန်ုပ်သည် ဤ(အစွယ်လာမ့်ဖိတ်ခေါ်မှု) အပေါ်တွင် သင်တို့ထံမှ မည်သည့်အဖိုးအခကိုမျှ မတောင်းခံပါ။ ထို့ပြင် ကျွန်ုပ်သည် ဟန်ဆောင်သူတစ်ဦးလည်း မဟုတ်ပါ။ **၈၇။** ဤသည် လောကီသားများအတွက် အဆုံးအမသာလျှင် ဖြစ်သည်။ **၈၈။** ထို့နောက် သင်တို့သည် များမကြာမီ ယင်း (ကျမ်းတော်)၏ သတင်းပေးစကားများကို သိကြလိမ့်မည်။

၃၉။ စူရတ်ဗုမရ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးများ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဤကျမ်းသည် အလွန်တန်ခိုးကြီးများသော၊ အမြော်အမြင်နှင့် ပြည့်စုံသော အလ္လာဟ်ဘက်မှ ချပေးခြင်းခံရသော ကျမ်းဂန်ဖြစ်သည်။ **၂။** အမှန်စင်စစ် ငါအရှင်မြတ်သည် ဤကျမ်းဂန်ကို အသင့်ထံသို့ မှန်ကန်စွာ ချပေးတော်မူခဲ့သည်။ သို့ရှိရာ သင်သည် အလ္လာဟ်အတွက် သာသနာကို သီးသန့်ပြု၍ ထိုအရှင်မြတ်ကို သာလျှင် ကိုးကွယ်ပါ။ **၃။** သတိပြုကြကုန်။ သာသနာတော်သည် အလ္လာဟ်အတွက်သာလျှင် သီးသန့်ဖြစ်သည်။ အလ္လာဟ်မှအပ အခြားသောအရာများကို မိမိတို့၏ ကာကွယ်စောင့်ရှောက်သူများအဖြစ် ပြုလုပ်ထားကြသူတို့က(ဤသို့ ပြောကြသည်။) ထိုအရာများသည် ငါတို့အား အလ္လာဟ်ထံပါးသို့ နီးကပ်စေရန် အတွက်သာ ငါတို့သည် သူတို့အား ကိုးကွယ်ကြခြင်းဖြစ်သည်။ ဇကန်စင်စစ် အလ္လာဟ်သည် သူတို့ ၏အကြားတွင် ၎င်းတို့ကွဲလွဲခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ မုချ စီရင်ဆုံဖြတ်တော်မူလိမ့်မည်။ လိမ်လည်သောသူ၊ အမှန်တရားကို လက်မခံသော သူမျိုးကို အလ္လာဟ်သည် တရားလမ်းမှန် ပြတော်မမူပေ။

၄။ အကယ်၍ အလ္လာဟ်သည် သားပြုလုပ်လိုပါက မိမိ၏ အဖန်ဆင်းခံများအနက်မှ မိမိအလိုရှိသူကို (သားအဖြစ်) ရွေးတော်မူလိုက်မည် ဖြစ်သည်။ အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူပေသည်။ ထိုအရှင်သည် တစ်ပါးတည်းသော၊ အရာရာကို နိုင်နင်းလွှမ်းမိုးတော်မူသော အလ္လာဟ်ဖြစ်သည်။ **၅။** ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို မှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်။ အရှင်မြတ်သည် ညဉ့်ကို နေ့ပေါ်တွင် ရစ်ပတ်တော်မူပြီး နေ့ကို ညဉ့်ပေါ်တွင် ရစ်ပတ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် နေနှင့် လကို ထိန်းချုပ်ထားတော်မူသည်။ တစ်ခုတိုင်းသည် သတ်မှတ်ထားသောအချိန်တိုင် သွားနေလျက် ရှိသည်။ သတိပြုကြကုန်။ အရှင်မြတ်သည် အလွန်တန်ခိုးကြီးများတော်မူသော၊ အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသော အရှင်ဖြစ်သည်။

၆။ အရှင်မြတ်သည် သင်တို့အား အသက်တစ်ချောင်းမှ ဖန်ဆင်းတော်

မူပြီးနောက် ထိုအသက်တစ်ချောင်းမှပင် သူ၏အဖော်ကို ဖန်ဆင်းတော်မူသည်။ ထိုအရှင်မြတ်ကသာလျှင် သင်တို့အတွက် တိရစ္ဆာန်အထီးအမ ရှစ်မျိုးကို ဆင်းသက်စေတော်မူသည်။ အရှင်မြတ်သည် သင်တို့အား သင်တို့၏ မိခင်တို့၏ ဝမ်းဗိုက်များတွင် အမောင်ထုသုံးခုအတွင်း ပုံစံတစ်မျိုးပြီးတစ်မျိုး ပြုလုပ်တော်မူသည်။ ဤသည်သင်တို့၏အရှင် အလွှာဟ်ပင် ဖြစ်သည်။ အုပ်ချုပ်မှုအလုံးစုံသည် အရှင်မြတ်၏ ပိုင်ဆိုင်မှုသာ ဖြစ်သည်။ အရှင်မြတ်ကလွဲ၍ အခြားခဝပ်ကိုးကွယ် ထိုက်သည့် အရှင်မရှိပေ။ သို့ဖြစ်ရာ သင်တို့သည် အဘယ်သို့ လွှဲဖယ်ခြင်း ခံကြရသနည်း။

၇။ အကယ်၍ သင်တို့ သွေဖည်ငြင်းပယ်ကြလျှင်လည်း အလွှာဟ်သည် သင်တို့အား လိုအပ်သည်မဟုတ်ပေ။ အရှင်မြတ်သည် မိမိအစေခံများ သွေဖည်ကြသည်ကို မနှစ်သက်ပေ။ အကယ်၍ သင်တို့ ကျေးဇူးတင်ကြပါမူ အရှင်မြတ်သည် သင်တို့ ယင်းကဲ့သို့ ကျေးဇူးတင်ကြသည်ကို နှစ်သက်တော်မူသည်။ ထို့နောက် မည်သည့်ဝန်ထမ်းသူမျှ အခြားဝန်ထမ်းသူ၏ ဝန်ထုတ်ကို ထမ်းရမည်မဟုတ်ပေ။ ထို့နောက် သင်တို့သည် မိမိတို့အရှင်မြတ်ထံသို့သာ လှည့်ပြန်၍ သွားကြရမည်။ ထိုအခါ သင်တို့၏ ပြုမူဆောင်ရွက်ချက်များကို အရှင်မြတ်သည် သင်တို့အား ပြောပြတော်မူမည်။ ဇကန်စင်စစ် အရှင်မြတ်သည် စိတ်နှလုံးများ၏ စကားများကို အလွန်သိတော်မူသည်။

၈။ လူသားသည် ဒုက္ခတစ်စုံတစ်ရာ ရောက်သောအခါ မိမိအရှင်မြတ်ထံတော်သို့ လှည့်၍ အရှင်မြတ်ကို ဟစ်ခေါ်တသလေသည်။ ထို့နောက် အရှင်မြတ်က ၎င်းအား မိမိထံပါးမှ စည်းစိမ်တစ်ခုခု ပေးတော်မူလိုက်လျှင် သူသည် မူလက အလွှာဟ်ကို အော်ဟစ်တသလျက်ရှိနေသည့် အကြောင်းရင်း(ဒုက္ခ)ကို မေ့သွားသည်။ ထို့နောက် သူသည် အခြားသူများကို အရှင်မြတ်၏ လမ်းတော်မှ လွှဲဖယ်ရန် အတွက် အခြားအရာများကို အလွှာဟ်နှင့် တန်းတူ သတ်မှတ်လေတော့သည်။ (အို-တမန်တော်) အသင်ပြောကြားပါ။ သင်သည် မိမိ၏ သွေဖည်မှုမှ အနည်းငယ် အကျိုးအမြတ်ခံစားလိုက်ပါ။ မုချ သင်သည် ငရဲသားဖြစ်သည်။ **၉။** (အထက်က သွေဖည်သူသည် ပို၍ ကောင်းမြတ်သလော) သို့မဟုတ် အကြင်သူ(က ပို၍ကောင်းမြတ်သ) လော။ ထိုသူသည် ညဉ့်အချိန်တွင် ဦးချလျက်လည်းကောင်း၊ မတ်တတ်ရပ်လျက် လည်းကောင်း အလွှာဟ်ကို ရိုကျိုးနေသည်။ ထို့ပြင် နောင်တမ

လွန်ကို ကြောက်ရွံ့သည်။ ထို့နောက် မိမိအရှင်မြတ်၏ ကရုဏာတော်ကို မျှော်လင့်သည်။ အသင်ပြောပါ။ သိသူနှင့် မသိသူသည် တူနိုင်ပါသလော။ အသိဉာဏ်ရှိသူများသာ အဆုံးအမကို နာယူကြသည်။

၁၀။ အသင်ပြောပါ။ အို-အိမာန်ယုံကြည်သော ငါ၏အစေခံတို့၊ မိမိတို့အရှင်ကို ကြောက်ရွံ့ကြကုန်။ ဤလောကီတွင် ကောင်းမှု ပြုကျင့်သူများအတွက် ကောင်းသောအစားရှိသည်။ ထို့ပြင် အလ္လာဟ်၏ မြေသည် ကျယ်ဝန်းလှသည်။ အမှန်စင်စစ် သည်းခံမြဲမြံသူများသည် မိမိတို့၏ ကုသိုလ်အကျိုးများကို အတိုင်းအဆမရှိ ရရှိပေမည်။ **၁၁။** အသင်ပြောပါ။ ကျွန်ုပ်သည် အလ္လာဟ်အတွက် သာသနာကို သီးသန့်ပြု၍ ထိုအရှင်ကိုသာ ကိုးကွယ်ရန်အတွက်အမိန့်ပေးခြင်း ခံထားရသည်။ **၁၂။** ထို့ပြင် ကျွန်ုပ်သည် အားလုံးထက်အလျင် မွတ်စ်လင်မ်ဖြစ်ရန် အမိန့်ပေးခြင်း ခံထားရသည်။ **၁၃။** အသင်ပြောပါ။ ကျွန်ုပ်သည် မိမိအရှင်မြတ်၏ အမိန့်ကို ဖီဆန်ပါမူ ကျွန်ုပ်သည် ကြောက်မက်ဖွယ်နေ့၏ ပြစ်ဒဏ်ကို ကြောက်ပါသည်။ **၁၄။** အသင်ပြောပါ။ ကျွန်ုပ်သည် အလ္လာဟ်အတွက် သာသနာကို သီးသန့်ပြု၍ ထိုအရှင် ကိုသာ ကိုးကွယ်ပါသည်။

၁၅။ သို့ရှိရာ သင်တို့သည် ထိုအရှင်မြတ်ကို စွန့်၍ ကြိုက် နှစ်သက်သည့်သူကို ကိုးကွယ်ကြကုန်။ အသင်ပြောလိုက်ပါ။ အမှန်တကယ် ဆုံးရှုံး သူသည် မိမိကိုယ်ကိုလည်းကောင်း မိမိ မိသားစုကိုလည်းကောင်း တစ်ဖန်ပြန်လည် ထရမည့်နေ့တွင် ဆုံးရှုံးလိုက်ရသူပင် ဖြစ်သည်။ သတိပြုကြကုန်။ ဤသည် ထင်ရှားသော ဆုံးရှုံးမှုပင် ဖြစ်သည်။ **၁၆။** သူတို့အတွက် သူတို့အပေါ်တွင်လည်းကောင်း သူတို့အောက်တွင်လည်းကောင်း မီးတိမ်တိုက်များရှိပေမည်။ ဤအရာဖြင့် အလ္လာဟ်သည် မိမိအစေခံများကို ခြိမ်းခြောက်သည်။ အို-ငါ၏ အစေခံတို့၊ သို့ဖြစ်ရာ ငါ့အရှင်ကို ကြောက်ကြကုန်။

၁၇။ အကြင်သူတို့သည် ရှိုင်သွာန်ကို ကိုးကွယ်ခြင်းမှ ရှောင်ခဲ့ပြီး အလ္လာဟ်ဘက်သို့ လှည့်ခဲ့ကြ၏။ သူတို့အတွက် သတင်းကောင်း ရှိပေသည်။ သို့ရှိရာ သင်သည် ငါ၏ အစေခံများကို သတင်းကောင်းပါးလိုက်ပါ။ **၁၈။** ထိုအစေခံများသည် စကားကို သေချာနားထောင်ပြီး ထိုထဲမှ အကောင်းဆုံးနောက်ကို လိုက်ကြသူများ ဖြစ်ကြသည်။ အလ္လာဟ်လမ်းမှန်ပြသောသူများမှာ ထိုသူများပင်ဖြစ်ကြ

သည်။ ထို့ပြင် အသိဉာဏ်ရှိသူများသည် ဤသူများသာလျှင် ဖြစ်ကြသည်။

၁၉။ ပြစ်ဒဏ်ခံရရန် အတည်ဖြစ်ပြီးနောက် ငရဲမီးထဲရောက်နေသူကို သင်သည် ကယ်တင်နိုင်မည်လော။ **၂၀။** သို့သော် မိမိတို့အရှင်ကို ကြောက်ရွံ့သူတို့ အတွက်မှာမူ အထက်အောက် ဆင့်ကဲ တည်ဆောက်ထားသော လသာဆောင်များ ရှိလိမ့်မည်။ အောက်ခြေတွင် ချောင်းများလည်း စီးဆင်းနေလိမ့်မည်။ ဤသည် အလ္လာဟ်၏ ကတိတော်ဖြစ်သည်။ အလ္လာဟ်သည် မိမိ၏ ကတိတော်ကို မဖောက် ဖျက်ပေ။ **၂၁။** အသင်မမြင်သလော။ အလ္လာဟ်သည် မိုးပေါ်မှ ရေကိုချပေးတော်မူ သည်။ ထို့နောက် ယင်းရေကို မြေပြင်၏စမ်းချောင်းများတွင် စီးဆင်းစေတော်မူသည်။ ထို့နောက် ယင်းမှ အမျိုးမျိုးသော လယ်ယာများကို ပေါက်ရောက်စေသည်။ ထို့နောက် ယင်းလယ်ယာများကို ခြောက်သွေ့သွားလျှင် သင်တို့သည် အဝါရောင် အဖြစ် တွေ့ရသည်။ ထို့နောက် ယင်းခြောက်သွေ့သွားသောအရာကို အပိုင်းပိုင်း ကျိုးပြတ်သွားအောင်လုပ်တော်မူသည်။ စင်စစ်ဤတွင်အသိဉာဏ်ရှိသူများအတွက် တရားရယူဖွယ်ရာ ရှိပေသည်။

၂၂။ သို့ဖြစ်ရာ အကြင်သူ၏ရင်ကို အလ္လာဟ်က အစွလာမ်အတွက် ဖွင့်ပေးတော်မူခဲ့ပြီး သူသည် မိမိအရှင်ဘက်မှ အလင်းရောင် တစ်ခုပေါ်တွင် ရှိနေသူဖြစ်ရာ (သူသည် နလုံးသားက အစွလာမ်ကို လက်မခံခဲ့သောသူနှင့် တူနိုင် ပါမည်လော)။ အလ္လာဟ်ကို သတိရတသခြင်းမပြုဘဲ စိတ်နှလုံး မာကြောခက်ထန် နေသူတို့အဖို့မှာမူ ပျက်စီးခြင်းရှိပေသည်။ ထိုသို့သောသူတို့သည် ထင်ရှားသော လမ်းမှားတွင် ရှိနေကြပေသည်။ **၂၃။** အလ္လာဟ်သည် အကောင်းဆုံး စကားဖြစ် သော၊ အချင်းချင်း တစ်ခုနှင့်တစ်ခု ဆင်တူသော၊ အကြိမ်ကြိမ် မိန့်ကြားထားသော ကျမ်းတစ်ဆူကို ချပေးတော်မူခဲ့သည်။ မိမိတို့၏အရှင်ကို ကြောက်ရွံ့ရှိသေကြသော သူတို့၏ အသားအရေများသည် ထိုကျမ်းကိုကြားရသောအခါ ကြက်သီးမွေးညှင်း ထလာလေသည်။ ထို့နောက် သူတို့၏ အသားအရေများနှင့် သူတို့၏ စိတ်နှလုံးများ သည် နူးညံ့ပျော့ ပျောင်းသွားကာ အလ္လာဟ်ကို တသသတရမှသာဂ်သို့ အာရုံလှည့် လေတော့သည်။ ဤသည် အလ္လာဟ်၏ တရားလမ်းညွှန်ဖြစ်ပြီး အရှင်မြတ်သည် မိမိအလိုရှိသောသူအား ထိုတရားလမ်းညွှန်ဖြင့် လမ်းပြတော်မူသည်။ အလ္လာဟ်က လမ်းလွဲစေလိုက်သောသူအား လမ်းမှန်ပြနိုင်သူဟူ၍ မည်သူမျှမရှိ။

၂၄။ သို့ဖြစ်ရာ ကိယာမသ်နေ့တွင် ပြင်းထန်သော ပြစ်ဒဏ်များကို မိမိမျက်နှာဖြင့် ကာကွယ်ခံယူမည့်သူသည် (လမ်းမှန်တရားရပြီးနောက် ဂျန္ဆသ်ဝင် ရောက်ရမည့်သူနှင့် တူနိုင်ပါမည်လော)။ ထို့ပြင် ယင်းမတရားသောသူတို့အား "အသင်တို့ ရှာဖွေဆည်းပူးခဲ့ကြသည်များ၏အရသာကို မြည်းစမ်းကြလေကုန်"ဟု ပြောဆိုခြင်း ခံရမည်ဖြစ်၏။ **၂၅။** သူတို့အလျင်က လူများသည်လည်း မဟုတ်မမှန် ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေရာ ပြစ်ဒဏ်သည် သူတို့ ထင်ပင်မထင်ထားသော နေရာမှ သူတို့ထံ ရောက်ရှိလာခဲ့သည်။ **၂၆။** သို့နှင့် အလ္လာဟ်သည် လောကီ ဘဝတွင်လည်း သူတို့အား ဂုဏ်အသရေနိမ့်ကျမှုကို မြည်းစမ်းစေတော်မူခဲ့သည်။ နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်မှာ သာပို၍ ကြီးမားပေသည်။ သူတို့ သိကြလျှင် ကောင်းလေစွ။

၂၇။ ဇကန်စင်စစ် ငါအရှင်သည် ဤကုရ်အာန်ကျမ်းတွင် လူတို့ တရားရ ကြရန်အတွက် အမျိုးမျိုးသော ပုံဆောင်ချက်များကို တင်ပြထားတော်မူသည်။ **၂၈။** အရဗီဘာသာစကားနှင့်ဖြစ်သော၊ အကွေ့အကောက်ကင်းသော ကုရ်အာန်ကျမ်း ဖြစ်သည်။ သူတို့အနေနှင့် အလ္လာဟ်ကို ကြောက်ရွံ့ကြရန်အတွက် ဖြစ်သည်။ **၂၉။** အလ္လာဟ်သည် ဥပမာပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းပြတော်မူသည်။ လူတစ်ဦးရှိ ၏။ သူသည် တစ်ဦးနှင့်တစ်ဦး မသင့်မြတ်ကြသော ပိုင်ရှင်အများအပြား၏ ပိုင် ဆိုင်မှု အောက်တွင်ရှိသော ကျေးကျွန်ဖြစ်သည်။ နောက်လူတစ်ဦးမှာ ပိုင်ရှင်တစ် ဦးတည်းက ပိုင်သောကျေးကျွန် ဖြစ်သည်။ ထိုနှစ်ဦးတို့၏ အခြေအနေသည် တူနိုင်ပါမည်လော။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အဖို့သာလျှင် ဖြစ်သည်။ သို့သော် လူအများစုသည် မသိနားမလည်ကြပေ။ **၃၀။** အသင်လည်း ကွယ်လွန်သေ ဆုံးမည့်သူဖြစ်သကဲ့သို့ သူတို့လည်း ကွယ်လွန် သေဆုံးကြမည့်သူများ မှချ ဖြစ်ကြပေသည်။ **၃၁။** ထို့နောက် အသင်တို့သည် ကိယာမသ်-ရှင်ပြန်ထမည့်နေ့တွင် မိမိတို့၏ အရှင်ထံတော်ပါးတွင် အငြင်းအခုံ ပြုလုပ်ကြပေမည်။

★၃၂။ အလ္လာဟ်အပေါ်တွင် မုသားလိမ်လည်ပြောဆိုသည့်အပြင် မိမိထံသို့ အမှန်တရားရောက်လာသောအခါ ငြင်းပယ်လိုက်သောသူထက် ပို၍ မတရားသောသူ မည်သူရှိပါဦးမည်နည်း။ ဤသို့သော ငြင်းပယ်သူများအဖို့ ဂျဟန္နမ် ငရဲဘုံတွင် နေရာထိုင်ခင်း မရှိသလော။ **၃၃။** သို့ရာတွင် အမှန်တရားကို ယူဆောင်

လာခဲ့သည့်အပြင် ယင်းအမှန်တရားကို ဟုတ်မှန်ကြောင်း ယုံကြည်ထောက်ခံခဲ့သောသူတို့သာလျှင် အလွှာဟ်ကို အစစ်အမှန်ကြောက်ရွံ့သူများ ဖြစ်ကြပေ သည်။ **၃၄။** သူတို့သည် မိမိတို့၏ အရှင်ထံတွင် ဆန္ဒရှိသမျှကို ရကြပေမည်။ ဤသည်ကောင်းမှုပြုသူတို့၏ အကျိုးကုသိုလ်ပင် ဖြစ်ပေသည်။ **၃၅။** အလွှာဟ်သည် သူတို့ကျင့်မှုခဲ့သော မကောင်းမှုများကို ပပျောက်စေတော်မူပြီး သူတို့ကျင့်မှုခဲ့သော ကောင်းမှုများ၏ အကျိုးကုသိုလ်ကို သူတို့အား အစားပေးတော်မူရန်အတွက်ပင် ဖြစ်လေသည်။

၃၆။ အလွှာဟ်သည် မိမိ၏အစေတော်အဖို့ လုံလောက်တော်မူသည် မဟုတ်ပါလော။ သို့ပါလျက် သူတို့သည် အသင့်အား အလွှာဟ်အပြင် အခြားသော သူများဖြင့် ခြိမ်းခြောက်နေကြသည်။ အလွှာဟ်က လမ်းလွဲအောင်လုပ်လိုက်သောသူအား တရားလမ်းမှန် ညွှန်ပြနိုင်သူဟူ၍ မည်သူမျှမရှိတော့ပေ။ **၃၇။** အလွှာဟ်ဘက်မှ တရားလမ်းမှန် ညွှန်ပြလိုက်သောသူအားလည်း လမ်းလွဲအောင်လုပ်နိုင်သူဟူ၍ မည်သူမျှမရှိပေ။ အလွှာဟ်သည် နိုင်နင်းလွှမ်းမိုးတော်မူသော၊ တုန့်ပြန်အရေးယူတော်မူသောအရှင် မဟုတ်ပါလော။

၃၈။ အသင်သည် သူတို့အား "မိုးကောင်းကင်များနှင့် မြေပထဝီမြေကို မည်သူ ဖန်ဆင်းခဲ့သနည်း" ဟု မေးမြန်းလျှင် "အလွှာဟ်သာဖြစ်သည်" ဟု သူတို့က မုချ ဖြေကြလိမ့်မည်။ အသင်မေးကြည့်ပါ။ "ပြောကြစမ်းပါဦး။ အကယ်၍ အလွှာဟ်သည် ငါ့အား တစ်စုံတစ်ရာ ဘေးဒုက္ခပေးလိုတော်မူခဲ့ပါလျှင် အလွှာဟ်အပြင် အသင်တို့ ဟစ်ခေါ်တသနေသည့်အရာများက ထိုဘေးဒုက္ခကို ဖယ်ရှားပေးနိုင်ကြမည်လော"။ သို့တည်းမဟုတ် အရှင်မြတ်သည် ငါ့အား ကရုဏာ တစ်စုံတစ်ရာ ပြုလိုတော်မူခဲ့ပါလျှင် ထိုအရာများသည် အရှင်မြတ်၏ ကရုဏာတော်ကို တားဆီးပိတ်ပင်နိုင်ကြမည်လော။" အသင်ပြောကြားပါ။ ကျွန်ုပ်အဖို့ အလွှာဟ်သာလျှင် လုံလောက်တော်မူသည်။ ယုံပုံအားထားသူတို့သည် ထိုအရှင်အပေါ် တွင်သာ ယုံပုံအားထား ကြပေသည်။ **၃၉-၄၀။** အသင်ပြောကြားပါ။ အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့သည်လည်း လက်တလောအခြေအနေအတိုင်းပင် လုပ်ဆောင်နေကြကုန်။ ကျွန်ုပ် သည်လည်း လက်တလောအခြေအနေအတိုင်း လုပ်ဆောင်နေမည်။ မည်သူ့ထံသို့ ဂုဏ်ရည်သေးသိမ်စေသော ပြစ်ဒဏ်ရောက်ရှိလာ၍ မည်သူ၏

အပေါ်တွင် ထာဝစဉ် တည်မြဲသောပြစ်ဒဏ် သက်ရောက်လာမည်ကို အသင်တို့ မကြာခင်သိသွားကြလိမ့်မည်။ **၄၁။** ဇကန်စင်စစ် ငါအရှင်သည် လူတို့အကျိုးအတွက် အသင့်အပေါ် ဤကျမ်းကို တိကျမှန်ကန်စွာ ချပေးသနားတော်မူခဲ့သည်။ သို့ဖြစ်ရာ တရားလမ်းမှန် ရယူသူသည် မိမိ၏အကျိုးအတွက်သာ ရယူခြင်းဖြစ်မည်။ လမ်းမှားလိုက်သူသည် လည်း မိမိ၏ဆိုးကျိုးအတွက်သာ လမ်းမှားလိုက်ခြင်း ဖြစ်မည်။ အသင်သည် သူတို့ အပေါ်တွင် တာဝန်ခံမဟုတ်ပေ။

၄၂။ အလ္လာဟ်သည် သေဆုံးရန် အချိန်ရောက်သော အသက်ဇီဝိန်များကိုလည်းကောင်း မသေဆုံးသေးဘဲ အိပ်စက်နေသောသူများ၏အသက်ဇီဝိန်များကိုလည်းကောင်း နုတ်သိမ်းတော်မူသည်။ ထို့နောက် သေဆုံးရန် စီရင်ဆုံးဖြတ်တော်မူပြီးဖြစ်သော အသက်ဇီဝိန်များကို အရှင်မြတ်က တားဆီးချုပ်ကိုင်ထားတော်မူလိုက်ပြီး ကျန်အသက်ဇီဝိန်များကိုမူ သတ်မှတ်ထားသော အချိန်ကာလတိုင်အောင် ပြန်လွှတ်ထားတော်မူသည်။ ဇကန်စင်စစ် စဉ်းစားဆင်ခြင်သူတို့အဖို့ ဤအချက်တွင် သက်သေလက္ခဏာများ မုချ ရှိပေသည်။ **၄၃။** သူတို့သည် အလ္လာဟ်ကို စွန့်၍ အခြားသူများအား ကြားဝင်အသနားခံပေးသူများအဖြစ် သတ်မှတ်ထားကြသလော။ အသင်ပြောလိုက်ပါ။ ထိုသူတို့သည် မည်သည့်တစ်စုံ တစ်ရာကိုမျှ ပိုင်ဆိုင်ခြင်း မရှိကြသည့်အပြင် မည်သည့်တစ်စုံတစ်ရာကိုမျှ မသိနားမလည်ကြလျှင်လည်း သတ်မှတ်ကြပါမည်လော။ **၄၄။** အသင်ပြောကြားပါ။ ကြားဝင်အသနားခံမှုအလုံးစုံကို အလ္လာဟ်သာ ပိုင်ဆိုင်တော်မူသည်။ မိုးကောင်းကင်များနှင့် မြေပထဝီကို စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်း ထိုအရှင့်ထံတွင်သာ ရှိသည်။ တစ်ဖန် ထိုအရှင့်ထံသို့သာ အသင်တို့ ပြန်လည်ရောက်ရှိကြရပေမည်။ **၄၅။** အလ္လာဟ်တစ်ပါးတည်း အကြောင်းကိုသာ ပြောကြားခြင်းခံရသည့်အခါတွင် နောင်တမလွန်ဘဝကို သက်ဝင်ယုံကြည်ခြင်း မရှိကြသော သူတို့၏စိတ်နလုံးများသည် စက်ဆုပ်သွားကြလေသည်။ သို့ရာတွင် အရှင်မြတ်မှတစ်ပါး အခြားသူများ၏ အကြောင်းကို ပြောကြားခြင်းခံရသည့်အခါတွင်မူ သူတို့သည် ရုတ်ချည်းဆိုသလို ဝမ်းမြောက်သွားကြလေသည်။ **၄၆။** အသင် ဤသို့ လျှောက်ထားပန်ကြားပါ။ အို-အလ္လာဟ်၊ မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသော၊ အကွယ်နှင့် မျက်မှောက်ကို သိတော်မူသောအရှင်၊ အရှင်မြတ်သည် မိမိကျွန်တို့၏အကြားတွင် သူတို့အချင်းချင်း ကွဲလွဲ

လျက်ရှိခဲ့ကြသည်များနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်ပါသည်။ **၄၇။** အကယ်၍ မတရားမှု ကျူးလွန်ကြသူတို့ထံတွင် ကမ္ဘာမြေတွင် ရှိရှိသမျှသော ပစ္စည်းဥစ္စာ အလုံးစုံတို့အပြင် ထိုမျှလောက် နောက်ထပ်ရှိလျှင်လည်း သူတို့သည် ကိယာမသဲ-ရှင်ပြန်ထမည့်နေ့တွင် ဆိုးရွားပြင်းထန်လှသော ပြစ်ဒဏ်မှ လွတ်မြောက်ရန်အတွက် ယင်းဥစ္စာပစ္စည်းအားလုံးကို လျော်ကြေးအဖြစ်ပေးကြမည်သာ ဖြစ် သည်။ ထို့ပြင် သူတို့ရှေ့တွင် သူတို့ မထင်မှတ်ခဲ့ကြသော အရာများသည် အလျှာ်ဟ် အထံတော်မှ ထင်ရှားပေါ်လွင်လာပေမည်။ **၄၈။** ထို့ပြင် သူတို့ဆည်းပူးခဲ့ကြသော ပြစ်မှုဒုစရိုက်များသည် သူတို့ရှေ့တွင် ပေါ်လွင်ထင်ရှားလာမည့်အပြင် သူတို့ လှောင်ပြောင်ခဲ့သည့်ပြစ်ဒဏ်သည် သူတို့အား ဝန်းရံလိုက်ပေမည်။

၄၉။ လူသားသည် ဘေးဒုက္ခတစ်ခုနှင့် ကြုံတွေ့ရသောအခါ ငါအရှင့်အား ဟစ်ခေါ်တသလေသည်။ ထို့နောက် ငါအရှင်မြတ်သည် သူ့အား မိမိအထံတော်မှ ကျေးဇူးတော်တစ်ခုခုကို ချီးမြှင့်ပေးသနားတော်မူသောအခါ ယင်းလူသားက "ကျွန်ုပ်သည် ဤအရာကို (မိမိကိုယ်ပိုင်) အသိပညာတစ်ခုကြောင့်သာ ရရှိခဲ့ခြင်းဖြစ်သည်"ဟု ပြောဆိုလေသည်။ အမှန်တော့ ဤသည် စမ်းသပ်မှုတစ်ရပ်ပင် ဖြစ်သည်။ သို့သော်လည်း သူတို့အနက်အများစုသည် မသိနားမလည်ကြပေ။ **၅၀။** သူတို့ထက် အလျင်က ရှိခဲ့သူများသည်လည်း ထိုစကားကို ပြောဆိုခဲ့ဖူးကြသည်။ သို့သော်လည်း သူတို့ဆည်းပူးခဲ့သည်များသည် သူတို့အဖို့ ဘာမျှ အသုံးမဝင်ခဲ့ပေ။ **၅၁။** သို့ဖြစ်ရာ သူတို့ ရှာဖွေဆည်းပူးခဲ့သည့် မကောင်းမှုများသည် သူတို့ထံ သက်ရောက်လာခဲ့လေတော့သည်။ ထိုနည်းတူစွာ ဤသူတို့အနက် မတရားကျူးလွန်ခဲ့ကြသော သူတို့အပေါ်တွင်လည်း သူတို့ရှာဖွေဆည်းပူးခဲ့သည့် မကောင်းမှုများသည် များမကြာမီ သက်ရောက်လာပေမည်။ သူတို့သည် ငါအရှင့်အား မစွမ်းဆောင်နိုင်အောင် ပြုစွမ်းနိုင်ကြသူများမဟုတ်ပေ။ **၅၂။** သူတို့ မသိကြသလော။ ဇကနစင်စစ် အလျှာ်ဟ်သည် စားနပ်ရိက္ခာ ချောင်လည်စေလိုတော်မူသောသူအား ချောင်လည်စေတော်မူပြီး စားနပ်ရိက္ခာ ကျပ်တည်းစေလိုတော်မူသော သူအား ကျပ်တည်းစေတော်မူသည်။ ဇကနစင်စစ် သက်ဝင်ယုံကြည်ကြသော သူတို့အဖို့ ဤအချက်တွင် သက်သေအထောက်အထားများ မုချ ရှိပေသည်။

၅၃။ အသင်ပြောကြားပါ။ အို- ကိုယ့်ကိုယ်ကိုယ် မတရားကျူးလွန်မိခဲ့ကြ

သော ငါ၏ အစေတော်အပေါင်းတို့၊ အလ္လာဟ်၏ ကရုဏာတော်မှ မျှော်လင့်ချက်မကင်းမဲ့ကြလေနှင့်။ ဇကန်စင်စစ် အလ္လာဟ်သည် ပြစ်မှုအားလုံးကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပေသည်။ ဇကန်စင်စစ် အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်ဖြစ်ပေသည်။ **၅၄။** ထို့ပြင် အသင်တို့ထံ ပြစ်ဒဏ် ဆိုက်ရောက်၍ မလာမီအလျင် သင်တို့အရှင်ဘက်သို့ ပြန်လှည့်ကြကုန်။ ထိုအရှင့်အမိန့်ကို နာခံကြကုန်။ ပြစ်ဒဏ်ဆိုက်ရောက်လာပြီဆိုလျှင် အသင်တို့သည် ဘာအကူအညီမျှ ရရှိကြတော့မည် မဟုတ်ပေ။ **၅၅။** ထို့ပြင် အသင်တို့ မသိလိုက်ရဘဲ ရုတ်တရက် အသင်တို့ထံသို့ ပြစ်ဒဏ် ဆိုက်ရောက်၍ မလာမီအလျင် သင်တို့သည် မိမိတို့၏ အရှင့်ထံတော်မှ ထုတ်ပြန်တော်မူခြင်းခံခဲ့ရသော အရာထဲမှ အကောင်းဆုံးကို လိုက်နာကြလေကုန်။ **၅၆။** အကြောင်းမှာ "တစ်ဦးတစ်ယောက်က ဩော်- ဝမ်းနည်းရလေခြင်း။ ကျွန်ုပ်သည် အလ္လာဟ်ဘက်တွင် ပျက်ကွက်လစ်ဟင်း ပေါ့ဆခဲ့သည်။ ဇကန်စင်စစ် ကျွန်ုပ်သည် ပြောင်လှောင်သရော်သူတို့တွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်"ဟူ၍ မပြောဆိုရလေအောင်ဖြစ်သည်။ **၅၇။** သို့မဟုတ် တစ်ဦးတစ်ယောက်က "အကယ်၍သာ အလ္လာဟ်သည် ကျွန်ုပ်အား လမ်းညွှန်တော်မူခဲ့ပါလျှင် ကောင်းလေစွ။ ကျွန်ုပ်လည်း အလ္လာဟ်ကို ကြောက်ရွံ့သူတို့တွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့ပေမည်"ဟူ၍ မပြောရလေအောင် ဖြစ်သည်။ **၅၈။** သို့မဟုတ် တစ်ဦးတစ်ယောက်သည် ပြစ်ဒဏ်ကို တွေ့မြင်သောအခါကျမှ "အကယ်၍သာ ကျွန်ုပ်သည် လောကသို့ တစ်ဖန်ပြန်၍သွားနိုင်လျှင် ကောင်းလေစွ။ ထိုအခါ ကျွန်ုပ်သည်လည်း အကောင်းပြုသူတို့တွင် အပါအဝင်ဖြစ်ပေမည်"ဟူ၍ မပြောရလေအောင် ဖြစ်သည်။ **၅၉။** လုံးဝရမည်မဟုတ်ပေ။ ငါအရှင်၏ အာယသ်တော်များသည် အသင့်ထံသို့ မုချရောက်ရှိလာခဲ့သော်လည်း အသင်သည် ယင်းအာယသ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ပေသည်။ ထို့ပြင် မာန်မာနထောင်လွှားခဲ့ပေသည်။ အသင်သည် သွေဖည်ငြင်းပယ်သူတို့တွင် အပါအဝင် ဖြစ်ခဲ့ပေသည်။ **၆၀။** အလ္လာဟ်အပေါ် မုသားလိမ်လည် ပြောဆိုခဲ့ကြသောသူတို့၏ မျက်နှာများသည် ကိယာမသ်-ရှင်ပြန်ထမည့်နေ့တွင် မည်း၍နေမည်ကို အသင်တွေ့မြင်ရပေမည်။ မာန်မာနထောင်လွှားသူများအဖို့ ဂျဟန္နမ်ငရဲဘုံတွင် နေရာထိုင်ခင်း ရှိသည်မဟုတ်လော။ **၆၁။** အလ္လာဟ်

ကို ကြောက်ရွံ့ခဲ့ကြသောသူများကိုမူ အလ္လာဟ်သည် အောင်မြင်မှုနှင့် တကွ လွတ်မြောက်စေတော်မူပေမည်။ သူတို့ထံ မည်သည့်ဘေးဒုက္ခမျှ ဆိုက်ရောက်မည် မဟုတ်ပေ။ သူတို့သည် ဝမ်းနည်းပူဆွေးကြရမည်လည်း မဟုတ်ပေ။

၆၂။ အလ္လာဟ်သည် အရာရာကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်သည့်အပြင် အရှင်မြတ်သည်ပင် အရာခပ်သိမ်း၏ အရေးကိစ္စအလုံးစုံကို ဆောင်ရွက်တော်မူသော အရှင်ဖြစ်ပေသည်။ **၆၃။** မိုးကောင်းကင်များနှင့် မြေပထဝီ၏သော့များကို အရှင်မြတ်သာ ပိုင်ဆိုင်တော်မူပေသည်။ အလ္လာဟ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်ခဲ့ကြသူတို့သည် ဆုံးရှုံးသူများ ဖြစ်ကြပေမည်။ **၆၄။** အသင်မေးမြန်းပါ။ အို-အသိပညာကင်းမဲ့သူတို့၊ အလ္လာဟ်အပြင် အခြားအရာများကို ဆည်းကပ်ကိုးကွယ်ဖို့ ငါ့အား အသင်တို့ တိုက်တွန်းကြလေသလော။ **၆၅။** ဇကာန်စင်စစ် အသင်နှင့် အသင့်အလျင်က သူများထံသို့ ဝဟီအမိန့်တော် ထုတ်ပြန်ထားသည်မှာ "အကယ်၍ အသင်သည် အခြားအရာကို အလ္လာဟ်နှင့် တွဲဖက်ကိုးကွယ်ခြင်းအမှုကို ကျူးလွန်ခဲ့ပါလျှင် အသင်၏ ပြုမူကျင့်ဆောင်ချက်တို့သည် မုချအချည်းနှီးဖြစ်သွားမည်ဖြင့် အသင်သည် ဆုံးရှုံးသူတို့တွင်လည်း မုချ အပါအဝင်ဖြစ်ချေမည်" ဟူ၍ဖြစ်သည်။ **၆၆။** အသင်သည် အလ္လာဟ်ကိုသာ ဆည်းကပ်ကိုးကွယ်ပါ။ ထို့ပြင် ကျေးဇူးသိတတ်သောသူတို့တွင် အပါအဝင်ဖြစ်ပါလေ။

၆၇။ သူတို့သည် အလ္လာဟ်အား တန်ဖိုးထားသင့်သလောက် တန်ဖိုးမထားခဲ့ကြပေ။ စင်စစ် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် ကမ္ဘာမြေတစ်ခုလုံးသည် အရှင်မြတ်၏ လက်တစ်ဆုပ်စာသာ ရှိပေမည်။ မိုးကောင်းကင်များသည် အရှင်မြတ်၏ လက်ယာလက်တော်တွင်းဝယ် လိပ်ထားလျက် ရှိကြမည်။ အရှင်မြတ်သည် သူတို့ တွဲဖက်ကိုးကွယ်ကြသည်များမှ စင်ကြယ်သန့်ရှင်းတော်မူ၍ ယင်းအရာများထက် မြင့်မားလှတော်မူပေသည်။ **၆၈။** တံပိုးခရာမှုတ်သောအခါ အလ္လာဟ် အလိုရှိသောသူမှအပ မိုးကောင်းကင်များတွင် ရှိရှိသမျှသောသူများနှင့် မြေပထဝီတွင် ရှိရှိသမျှသောသူတို့သည် သတိမေ့သွားကြလိမ့်မည်။ တစ်ဖန် ယင်းတံပိုးကို မှုတ်ပြန်သော် အားလုံးတို့သည် ရုတ်တရက် ထရပ်ပြီး ကြည့်နေကြပေမည်။ **၆၉။** ထို့ပြင် မြေပထဝီသည် သူ့အရှင်၏ ရောင်ခြည်တော်ကြောင့် လင်းထိန်သွားပေမည်။ မှတ်တမ်းစာအုပ်များကို အဆင်သင့်ထားရှိလိုက်မည်။

တမန်တော်များနှင့် သက်သေများကို ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာခြင်း ခံကြရမည်။ ထို့နောက် လူတို့၏ အကြားတွင် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်ပေးခြင်းခံရမည်။ သူတို့သည် မတရားပြုလုပ်ခြင်း ခံကြရမည်မဟုတ်ပေ။ **၇၀။** လူတိုင်းလူတိုင်းသည် မိမိတို့ ကျင့်မူပြုလုပ်ခဲ့ကြသည်များ၏အစားကို ပြည့်ပြည့်ဝဝ ပေးဆပ်ခြင်းခံကြရပေမည်။ အရှင်မြတ်သည် သူတို့ပြုလုပ်နေသည်များကို အသိဆုံးဖြစ်တော်မူပေသည်။

၇၁။ ထို့နောက် သွေဖည်ငြင်းပယ်ခဲ့ကြသူတို့သည် ဂျဟန္ဒမ်ငရဲဘုံသို့ အုပ်စုလိုက် အုပ်စုလိုက် မောင်းနှင်ခြင်းခံကြရပေမည်။ နောက်ဆုံး ယင်းဂျဟန္ဒမ်ငရဲဘုံသို့ သူတို့ ရောက်ရှိလာကြသောအခါ ငရဲဘုံ၏တံခါးများ ဖွင့်ပေးခြင်းခံရပေမည်။ ယင်းငရဲဘုံကို စောင့်ကြပ်သူများက သူတို့အား မေးမြန်းကြမည်။ အသင်တို့အား သင်တို့၏အရှင်၏ အာယသ်တော်များကို ဖတ်ကြားပြသသည့်၊ ဤနေ့နှင့် ဆုံစည်းရမည့်အကြောင်းကို သတိပေးနှိုးဆော်သည့် သင်တို့ထဲက တမန်တော်များသည် အသင်တို့ထံသို့ ရောက်မလာခဲ့လေသလော။ ထိုအခါ သူတို့က "ရောက်လာခဲ့ပါသည်၊ သို့သော် သွေဖည်ငြင်းပယ်သူတို့အပေါ်၌ ပြစ်ဒဏ်အမိန့်သည် အတည်ဖြစ်ခဲ့ချေပြီ"ဟု ပြောဆိုကြပေမည်။ **၇၂။** ထိုအခါ သူတို့အား "ဂျဟန္ဒမ်ငရဲဘုံ၏ တံခါးများအတွင်းသို့ အမြဲထာဝစဉ် နေထိုင်ကြသူများအဖြစ်နှင့် ဝင်ရောက်ကြလေကုန်"ဟူ၍ ပြောဆိုခြင်းခံရပေမည်။ မာန်မာနထောင်လွှားကြသူတို့၏ နေရာထိုင်ခင်းသည် အဘယ်မျှ ဆိုးရွားလိုက်ပါဘိ။

၇၃။ မိမိတို့၏အရှင်အား ကြောက်ရွံ့ကြသောသူတို့မှာမူ ဂျန္ဒသ်သုခဘုံသို့ အုပ်စုလိုက်၊ အုပ်စုလိုက် ပို့ဆောင်ခြင်းခံကြရပေမည်။ နောက်ဆုံး သူတို့သည် ယင်းဂျန္ဒသ်သုခဘုံသို့ ရောက်ရှိလာခဲ့ကြပေမည်။ ယင်းသုခဘုံ၏ တံခါးများသည် ဖွင့်ပေးခြင်းခံရမည်။ ယင်းသုခဘုံကို စောင့်ကြပ်သောကောင်းကင်တမန်တို့က သူတို့အား အသင်တို့အပေါ် ငြိမ်းချမ်းသာယာမှု ကျရောက်ပါစေ။ အသင်တို့ ကောင်းစွာပြုကျင့်ခဲ့ကြသည်။ ယင်းဂျန္ဒသ်သုခဘုံသို့ အမြဲထာဝစဉ်အတွက် ဝင်ရောက်ကြလေကုန်ဟု ပြောဆိုကြပေမည်။ **၇၄။** ထိုအခါ သူတို့က ပြောဆိုကြမည်။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာ့ဟ်အဖို့သာ ဖြစ်သည်။ အရှင် မြတ်သည် ကျွန်တော်မျိုးတို့နှင့်ပတ်သက်၍ မိမိထားရှိတော်မူခဲ့သော ကတိကို မှန်ကန်စွာပြု

တော်မူခဲ့သည်။ ထို့နောက် ကျွန်တော်မျိုးတို့ အလိုရှိရာ နေရာများ၌ နေထိုင်နိုင်ကြသည့် ဤဂျန္နသ်သုခဘုံမြေကိုလည်း ကျွန်တော်မျိုးတို့အား အမွေဆက်ခံစေတော်မူခဲ့သည်။ ကောင်းမှုကျင့်ဆောင်သူတို့၏ အကျိုးကုသိုလ်သည် အဘယ်မျှ ကောင်းလိုက်ပါဘိ။ **၇၅**။ ကောင်းကင်တမန်များသည် အရှင်ရှုပ်လွှင်တော်၏ ပတ်လည်၌ ဝန်းရံလျက် မိမိတို့၏အရှင်အား ချီးမွမ်းထောမနာပြုခြင်းနှင့်တကွ စင်ကြယ်သန့်ရှင်းတော်မူကြောင်း ဘာဝနာစီးဖြန်းလျက်ရှိကြသည်ကို အသင် တွေ့ မြင်ရပေမည်။ ထို့ပြင် လူသားတို့အကြားတွင် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်ခြင်းခံရ လိမ့်မည်။ ထို့နောက် ချီးမွမ်းခြင်းအပေါင်းသည် လောကခပ်သိမ်း၏ အရှင်အဖို့သာ ဖြစ်ပေသည်ဟု ပြောဆိုခြင်းခံရမည်။

၄၀။ စူရဟ် မုအ်မင်နိ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဟာ၊ မီမ်။ **၂**။ ဤကျမ်းသည် အလွန် နိုင်နင်းလွှမ်းမိုးတော်မူသော၊ အသိပညာနှင့် ပြည့်စုံတော်မူသော အလ္လာဟ်ထံမှ ချပေးသနားတော်မူခြင်းခံရသော ကျမ်းပင် ဖြစ်သည်။ **၃**။ အရှင်မြတ်သည် ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ ဝန်ချတောင်းပန်ခြင်းကို သဘောတူ လက်ခံတော်မူသော၊ ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူသော၊ ကျေးဇူးတရားများကို ပိုင်ဆိုင်တော်သော အရှင် ဖြစ်တော်မူသည်။ အရှင်မြတ်မှအပ အခြားခဝဉ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိ။ ထို့အရှင့်ထံသို့သာ ပြန်လည်ရောက်ကြရမည်။

၄။ သွေဖည်ငြင်းပယ်ကြသောသူတို့သာလျှင် အလ္လာဟ်၏ အာယသ်တော်များနှင့်စပ်လျဉ်း၍ အငြင်းအခုံလုပ်လေ့ရှိကြသည်။ သို့ဖြစ်ရာ တိုင်းပြည်နိုင်ငံများတွင် ၎င်းတို့၏ လှည့်ပတ်သွားလာမှုကြောင့် အသင်သည် အလှည့်ဖြားမခံရမိစေနှင့်။ **၅**။ သူတို့ထက်အလျင်ကလည်း နူးဟ်၏ အမျိုးသားများနှင့် သူတို့၏နောက်ပိုင်းအုပ်စုများသည် အမှန်တရားကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ ထို့ပြင် အုပ်စုတိုင်းသည် မိမိတို့၏ တမန်တော်အား လုပ်ကြံရန် ကြံရွယ်

ခဲ့ကြသည်။ အမှန်ကို ပယ်ဖျက်ရန်အတွက် အမှားဖြင့် အငြင်းအခုံ ပြုခဲ့ကြလေသည်။ ထို့ကြောင့် ငါအရှင်သည် သူတို့အား ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်၏ အရေးယူမှုသည် မည်သို့ရှိခဲ့သနည်း။ ၆။ ဤနည်းအတိုင်းပင် သွေဖည်ငြင်းပယ်သူတို့သည် မုချ ငရဲသားများ ဖြစ်ကြကြောင်း အသင့်အရှင်၏ အမိန့်တော်သည် အတည်ဖြစ်သွားခဲ့ချေပြီ။

၇။ အရ်ရှ်ပလ္လင်တော်ကို ထမ်းရွက်ထားသော ကောင်းကင်တမန်များနှင့် ထိုအရ်ရှ်ပလ္လင်တော်၏ ဘေးပတ်လည်တွင် ရှိကြသောကောင်းကင်တမန်များသည် မိမိတို့၏အရှင်အား ချီးမွမ်းထောမနာပြုလျက် အရှင်မြတ်စင်ကြယ် သန့်ရှင်းတော်မူကြောင်း ဘာဝနာစီးဖြန်းလျက် ရှိကြသည်။ ထို့ပြင် ၎င်းတို့သည် အရှင်မြတ်အား အီမာန်ယုံကြည်ကြသည်။ ထို့နောက် ၎င်းတို့သည် အီမာန်ယုံကြည်သောသူတို့အဖို့ ဤသို့ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေး ကြသည်။ အို-ကျွန်တော်မျိုးတို့၏ အရှင်၊ အရှင်မြတ်၏ ကရုဏာတော်နှင့် အရှင်မြတ် ၏အသိပညာသည် အရာခပ်သိမ်းကို လွှမ်းခြုံလျက်ရှိပါသည်။ သို့ဖြစ်ပေရာ အရှင့်ထံဝန်ချတောင်းပန်ခဲ့ ကြပြီး အရှင့်လမ်းကို လိုက်ခဲ့ကြသောသူများအား ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ ထို့ပြင် သူတို့အား ဂျဟန္နမ်ငရဲဘုံ၏ ပြစ်ဒဏ်မှလည်း ကင်းလွတ်စေတော်မူပါ။ ၈။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ သူတို့ကို အရှင်မြတ် ကတိပြုတော်မူခဲ့သည့် ဥယျာဉ်များသို့လည်း သူတို့အား ဝင်ရောက်စေတော်မူပါ။ ထို့ပြင် သူတို့၏ ဖခင်များ၊ သူတို့၏ ဇနီးကြင်ရာများနှင့် သူတို့၏သား၊ မြေးများ အနက်မှ သင့်လျော်သောသူများကိုလည်း ဝင်ရောက်စေတော်မူပါ။ ဧကန်စင်စစ် အရှင်မြတ်သည် အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့် စုံတော်မူသော အရှင်ဖြစ်ပေသည်။ ၉။ ထို့ပြင် ၎င်းတို့အား မကောင်းမှုများမှလည်း လွတ်ကင်းစေတော်မူပါ။ စင်စစ် ထိုနေ့တွင် အရှင်မြတ်သည် မည်သူ့ကိုမဆို မကောင်းမှုများမှ လွတ်ကင်းစေတော်မူခဲ့ ပါလျှင် အရှင်မြတ်သည် ထိုသူ့အား သနားကရုဏာပြုတော်မူလိုက်ခြင်းသာ ဖြစ်ပေသည်။ ဤသည်ပင်လျှင် ကြီးကျယ် သော အောင်မြင်မှုကြီး ဖြစ်ပေသည်။

၁၀။ စင်စစ် သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့သည် ဤသို့ ဟစ်ခေါ်ပြောဆိုခြင်းကို ခံကြရပေမည်။ ယခု အသင်တို့သည် မိမိတို့ကိုယ်ကို မုန်းတီးစက်ဆုပ်သည်ထက် အလ္လာဟ်က အသင်တို့အား ပို၍ပင် ရွံရှာစက်ဆုပ်တော်မူသည်။

အသင်တို့အား အီမာန်ယုံကြည်မှုဘက်သို့ ဖိတ်ခေါ်စဉ်အခါက အသင်တို့သည် ငြင်းပယ်ခဲ့ကြသည်။ **၁၁။** ထိုအခါ သူတို့က လျှောက်ထားပန် ကြားကြမည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား နှစ်ကြိမ် အသက်သေစေတော်မူပြီး၊ နှစ်ကြိမ်အသက်ရှင်စေတော်မူခဲ့ပါသည်။ ယခုမူ ကျွန်တော်မျိုးသည် မိမိတို့၏ အပြစ်များကို ဝန်ခံကြပါပြီ။ သို့ဖြစ်ပါ၍ လွတ်မြောက်ရန် နည်းလမ်းတစ်စုံတစ်ရာ ရှိပါသလော။ **၁၂။** အသင်တို့ပေါ်တွင် ဤသို့ဖြစ်ရခြင်းမှာ အလ္လာဟ်တစ်ဆူတည်းဘက်သို့ ဖိတ်ခေါ်သောအခါ အသင်တို့သည် ငြင်းပယ် လေ့ရှိခဲ့ကြပြီး အခြားတစ်စုံတစ်ရာကို ထိုအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်လျှင်မူ အသင်တို့ယုံကြည် လက်ခံလေ့ရှိခဲ့ကြသောကြောင့် ဖြစ်သည်။ စီရင်ဆုံးဖြတ်မှုအာဏာသည် အလွန်ကြီးကဲမြင့်မြတ်လှတော်မူသော အလ္လာ့ဟ်ထံတွင်သာ ရှိပေသည်။

၁၃။ အရှင်မြတ်သည် မိမိ၏ သက်သေလက္ခဏာတော်များကို အသင်တို့အား ပြသတော်မူသည်။ အသင်တို့အဖို့ မိုးကောင်းကင်မှ စားနပ်ရိက္ခာကို ချပေးသနားတော်မူသည်။ သို့သော် အရှင်မြတ်ဘက်သို့ ပြန်လှည့်သော သူသာလျှင် ဆုံးမသြဝါဒကို လက်ခံနာယူလေ့ရှိပေသည်။ **၁၄။** သို့ဖြစ်ပေရာ သွေဖည်ငြင်းပယ်သူများ မနှစ်မြို့ကြလျှင်လည်း အသင်တို့သည် သာသနာကို အလ္လာဟ်အတွက်သာလျှင် သီးသန့်ပြု၍ ထိုအရှင်မြတ်ကိုသာလျှင် တသကြလေကုန်။ **၁၅။** အရှင်မြတ်သည် ဂုဏ်ရည်အဆင့်အတန်းများ မြင့်မားသော၊ အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသော အရှင်ဖြစ်ပေသည်။ အရှင်မြတ်သည် မိမိ၏အစေတော်များ အနက်မှ မိမိအလိုရှိသူအပေါ် ဝဟီဗျာဒိတ်တော်ချပေးတော်မူပေသည်။ အကြောင်းမှာ တွေ့ဆုံရမည့်နေ့နှင့်စပ်လျဉ်း၍ လူတို့အား သတိပေးနှိုးဆော်ရန်အတွက် ဖြစ်ပေသည်။ **၁၆။** ထိုနေ့တွင် သူတို့သည် ရှေ့တော်မှောက်သို့ ထွက်လာကြရပေမည်။ သူတို့၏ မည်သည့်အရာမျှ အလ္လာ့ဟ်ထံတွင် ဖုံးကွယ်နေမည်မဟုတ်ပေ။ စိုးမိုးအုပ်ချုပ်မှုအာဏာကို ယနေ့ မည်သူ ပိုင်ဆိုင်သနည်း။ တစ်ပါးတည်းဖြစ်တော်မူသော၊ အရာရာကို နိုင်နင်းလွှမ်းမိုးထားတော်မူသော အလ္လာဟ်သာ ပိုင်ဆိုင်တော်မူပေသည်။ **၁၇။** ယနေ့ လူတိုင်း လူတိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးခဲ့သည့်အရာ၏ အစားကိုသာ ပေးခြင်းခံကြရပေမည်။ ယနေ့ မည်သည့် မတရားမှုမျှ ရှိမည်မဟုတ်။ ဧကန်စင်စစ် အလ္လာဟ်သည် လျင်မြန်စွာ စာရင်း စစ်ဆေးတော်မူမည့် အရှင်ဖြစ်ပေ

သည်။

၁၈။ နီးကပ်၍လာနေသော (ကိယာမသ်) နေ့နှင့်စပ်လျဉ်း၍ သူတို့အား သတိပေးနှိုးဆော်ပါ။ ထိုနေ့တွင် စိတ်နလုံးများသည် လည်မျိုသို့ပင် ရောက်လာကြလိမ့်မည်။ သူတို့သည် ပူဆွေးသောကကို ကြိတ်၍မျိုသိပ်လျက်ရှိကြမည်။ မတရားကျူး လွန်သူတို့ အဖို့ ရင်နှီးသော မိတ်ဆွေဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်။ သြဇာညောင်းသော ကြားဝင် အသနားခံပေးသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်။ **၁၉။** အရှင်မြတ်သည် မျက်စိများ၏ သစ္စာမဲ့မှုကိုလည်း သိတော်မူသည်။ စိတ်နလုံးများက လျှို့ဝှက်ထားသည်များကိုလည်း သိတော်မူသည်။ **၂၀။** အလ္လာဟ်သည် တရားသဖြင့် စီရင်ဆုံးဖြတ်တော်မူ ပေသည်။ အရှင်မြတ်အား စွန့်၍ သူတို့ဟစ်ခေါ်တသနေကြသည့်အရာများမှာမူ မည်သည့် အရာကိုမျှ စီရင်ဆုံးဖြတ်နိုင်ကြမည်မဟုတ်ပေ။ ဇကန်စင်စစ် အလ္လာဟ်သည်သာ လျှင် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့ မြင်တော်မူသောအရှင်ဖြစ်ပေသည်။

၂၁။ သူတို့သည် မိမိတို့ထက်အလျင်က ရှိခဲ့ကြသူတို့၏ နောက်ဆုံးနံဂုံး မည်သို့ဖြစ်ခဲ့သည်ကို တွေ့မြင်ရအောင် ကမ္ဘာမြေပေါ်တွင် လှည့်လည်သွားလာခြင်း မပြုကြလေသလော။ ထိုရှေးလူတို့သည် ခွန်အားဗလအားဖြင့်လည်းကောင်း၊ မြေ ပထဝီတွင် ချန်ရစ်ခဲ့ကြသော ခြေရာလက်ရာအားဖြင့်လည်းကောင်း သူတို့ထက် ပိုမို ထူးကဲသူများ ဖြစ်ခဲ့ကြပေသည်။ ထို့နောက် အလ္လာဟ်သည် သူတို့၏ ပြစ်မှုဒုစ ရိုက်များကြောင့်ပင် သူတို့အား ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ အလ္လာဟ်၏ ပြစ်ဒဏ်မှ သူတို့အား ကယ်တင်ပေးမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိခဲ့ပေ။ **၂၂။** ထိုသို့ ဖြစ်ခဲ့ရခြင်းမှာ သူတို့၏ တမန်တော်များသည် သူတို့ထံ ထင်ရှားသော သက်သေသာဓက အထောက်အထားများ ဆောင်ယူခဲ့သောအခါ သူတို့က ငြင်း ပယ်ခဲ့ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်က သူတို့ကို ဖမ်းဆီးအရေး ယူတော်မူခဲ့ခြင်း ဖြစ်သည်။ ဇကန်စင်စစ် အရှင်မြတ်သည် အလွန် အင်အားကြီးမား တော်မူသော၊ ပြင်းထန်စွာ ပြစ်ဒဏ် စီရင်တော်မူသောအရှင် ဖြစ်ပေသည်။

၂၃။ ဇကန်စင်စစ် ငါအရှင်သည် မူစာအား ငါအရှင်၏ သက်သေလက္ခဏာတော်များနှင့် ထင်ရှားသော အထောက်အထားကိုပေး၍ စေလွှတ်တော်မူခဲ့သည်။ **၂၄။** ဖိရ်အောင်န်၊ ဟာမာန်နှင့် ကာရွန်တို့ထံ။ ထိုအခါ သူတို့က ဤသူသည်

မှော်ဆရာတစ်ဦး၊ အလွန် လိမ်လည်ပြောဆိုသူတစ်ဦးဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ **၂၅။** ထိုနောက် မူစာသည် ငါအရှင့်ထံမှ အမှန်တရားကိုယူဆောင်၍ သူတို့ထံ ရောက်ရှိလာသောအခါ သူတို့က အသင်တို့သည် မူစာနှင့်အတူလိုက်၍ သက်ဝင်ယုံကြည်ခဲ့ကြသောသူတို့၏ သားယောကျ်ားလေးများကို သတ်ဖြတ်ကြကုန်။ သူတို့၏ မိန်းမများကိုမူ အသက်ရှင်လျက်ထားကြကုန်ဟု ပြောဆိုခဲ့ကြသည်။ သွေဖည်ငြင်းပယ်သောသူတို့၏ အကြံအစည်သည် ဘာမျှအရာမထင်ပေ။

၂၆။ ဖိရိအောင်နိုက ပြောသည်။ အသင်တို့သည် မူစာကို သတ်ပစ်ရန် ငါ့အား ခွင့်ပြုလိုက်ကြကုန်။ သူအရှင်ကို သူဟစ်ခေါ်စမ်းပါစေ။ သူသည် အသင်တို့၏ သာသနာကို ပြောင်းလဲပစ်လိုက်မည်ကို၊ သို့မဟုတ် တိုင်းပြည်၌ ပျက်စီးရာပျက်စီးကြောင်းများ ဖြစ်ပေါ်စေမည်ကို ငါ စိုးရိမ်သည်။ **၂၇။** မူစာက ပြောကြားသည်။ ဇကနိစင်စစ် ကျွန်ုပ်သည် စာရင်းအင်း စစ်ဆေးမေးမြန်းမည့်နေ့ကို သက်ဝင်ယုံကြည်ခြင်းမရှိသော၊ မာန်မာနထောင်လွှားသူတိုင်း၏ ဘေးရန်မှ ကျွန်ုပ်၏အရှင်နှင့် အသင်တို့၏အရှင်ထံတွင် ခိုလှုံထားပြီးဖြစ်သည်။

၂၈။ ထို့နောက် ဖိရိအောင်နိ၏ ဆွေမျိုးသားချင်းများထဲမှ မိမိ၏ ယုံကြည်မှုကို လျှို့ဝှက်ထားသော သက်ဝင်ယုံကြည်သူအမျိုးသားတစ်ဦးက ပြောခဲ့သည်။ ကျွန်ုပ်၏ အရှင်သခင်သည် အလွှာဟ်ဖြစ်ပါသည်ဟု ပြောဆိုရုံမျှဖြင့် လူတစ်ဦးကို အသင်တို့ သတ်ဖြတ်ကြပါမည်လော။ စင်စစ်တွင် ထိုသူသည် အသင်တို့ထံတွင် အသင်တို့၏ အရှင်ထံတော်မှ ထင်ရှားသော သက်သေအထောက်အထားများကိုလည်း ယူဆောင်လာခဲ့သည်။ အကယ်၍ သူသည် လိမ်ညာသူဖြစ်ခဲ့လျှင် သူ၏ အလိမ်အညာသည် သူ့အပေါ် သို့သာ ကျရောက်မည်။ အကယ်၍ သူသည် မှန်ကန်သူဖြစ်ခဲ့ပါမူ သူကတိပေးထားသောအရာ၏ တစ်စိတ်တစ်ဒေသသည် အသင်တို့ထံမုချ သက်ရောက်ပေလိမ့်မည်။ စည်းဘောင်ကျော်လွန်သူ၊ မဟုတ်မမှန်ဟု စွပ်စွဲလိမ်ညာသူကို ဇကနိစင်စစ် အလွှာဟ်သည် တရားလမ်းမှန် ညွှန်ပြတော်မမူပေ။ **၂၉။** အိုး-ကျွန်ုပ်၏ အမျိုးသားတို့၊ ယနေ့မူ အသင်တို့တွင် အုပ်ချုပ်မှုအာဏာရှိနေသဖြင့် အသင်တို့သည် တိုင်းပြည်အတွင်း လွှမ်းမိုးကြီးစိုးလျက် ရှိနေကြပေသည်။ သို့သော် အလွှာဟ်၏ ပြစ်ဒဏ်သည် ကျွန်ုပ်တို့ထံ ဆိုက်ရောက်လာခဲ့သည်ရှိသော် ကျွန်ုပ်တို့အား ထိုပြစ်ဒဏ်မှလွတ်မြောက်အောင် မည်သူက ကူညီပါမည်

နည်း။ ထိုအခါ ဖိရ်အောင်နှ်က ပြောလေသည်။ ကျွန်ုပ် ထင်မြင်သည်ကိုသာ အသင်တို့အား ကျွန်ုပ် အကြံပေးခြင်းဖြစ်သည်။ ကျွန်ုပ်သည် အသင်တို့အား သင့်လျော်မှန်ကန်သော လမ်းကိုသာ ညွှန်ကြားနေခြင်းဖြစ်သည်။

၃၀။ ထိုသက်ဝင်ယုံကြည်သူက ပြောသည်။ အို-ကျွန်ုပ်၏ အမျိုးသားတို့၊ ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့အပေါ်၌ အခြားသောအုပ်စုများနည်းတူ ဆိုးရွားသောနေ့ဆိုက်ရောက်လာမည်ကို စိုးရိမ်မိသည်။ **၃၁။** နူးဟ်၏ အမျိုးသားများ၊ အားဒ်အမျိုးသားများ၊ ဆမူးဒ်အမျိုးသားများနှင့် သူတို့နောက်တွင် ပေါ်ထွန်းခဲ့သော အမျိုးသားများအပေါ် ဆိုက်ရောက်ခဲ့သည့်နေ့မျိုးကို (စိုးရိမ်သည်။) အလ္လာဟ်သည် (မိမိ)အစေတော်များအပေါ် မည်သည့်မတရားမှုကိုမျှ မလိုလားပေ။ **၃၂။** အို-ကျွန်ုပ်၏အမျိုးသားတို့၊ ဧကန်စင်စစ် ကျွန်ုပ်သည် အော်ဟစ်နေရမည့်နေ့နှင့် ပတ်သက်၍လည်း အသင်တို့အပေါ် စိုးရိမ်မိသည်။ **၃၃။** ထိုနေ့တွင် အသင်တို့သည် ကျောခိုင်း၍ ထွက်ပြေးကြပေမည်။ အလ္လာဟ်(၏ပြစ်ဒဏ်)မှ အသင်တို့အား ကယ်တင်ပေးမည့်သူ တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။ အလ္လာဟ်က လမ်းလွဲစေလိုက်သောသူအား လမ်းမှန်ပြပေးနိုင်သူ မရှိတော့ပေ။

၃၄။ သည့်အလျင်ကလည်း ယူစွဖ်သည် အသင်တို့ထံ သက်သေအထောက်အထားများ ယူဆောင်ခဲ့သည်။ သို့သော်လည်း အသင်တို့သည် သူ ယူဆောင်လာခဲ့သည်များနှင့်စပ်လျဉ်း၍ ဒွိဟသံသယ၌ပင် ရှိမြဲရှိနေခဲ့ကြသည်။ နောက်ဆုံး သူကွယ်လွန်သွားသောအခါမှ အသင်တို့က အလ္လာဟ်သည် သူ့နောက်တွင် ရစူလ်-တမန်တော်တစ်ပါးပါးကို လုံးဝစေလွှတ်တော့မည်မဟုတ်ဟု ပြောဆိုခဲ့ကြသည်။ အလ္လာဟ်သည် စည်းဘောင်ကျော်လွန်သူ၊ ဒွိဟသံသယဖြစ်သူအား ဤနည်းအတိုင်းပင် လမ်းလွဲစေတော်မူပေသည်။ **၃၅။** သူတို့သည် ဘာအထောက်အထားတစ်ခုတစ်လေမျှ မိမိတို့ထံ ရောက်မလာခဲ့ဘဲ အလ္လာဟ်၏ သက်သေလက္ခဏာတော်များနှင့်စပ်လျဉ်း၍ အငြင်းအခုံ ပြုကြလေသည်။ ဤသို့ ပြုခြင်းသည် အလ္လာ့ဟ်ထံတွင်ရော၊ သက်ဝင်ယုံကြည်သူများထံတွင်ပါ အလွန် စက်ဆုပ်စရာကောင်းသောကိစ္စ ဖြစ်ပေသည်။ ဤနည်းအတိုင်းပင် မာန်မာနထောင်လွှားသောသူ၊ ဆိုးသွမ်းသောသူ၏ စိတ်နှလုံးတစ်ခုလုံးပေါ်တွင် အလ္လာဟ်သည် တံဆိပ်ခတ်နှိပ်တော်မူပေသည်။

၃၆။ ဖိရ်အောင်နှ် ပြောသည်။ အို- ဟာမာန် ငါသည် မိုးကောင်းကင်၏ တံခါးများဆီကို ရောက်ရှိနိုင်ဖို့ ငါ့အတွက် မျှော်စင်တစ်ခု တည်ဆောက်လော့။ **၃၇။** မိုးကောင်းကင်၏ လမ်းတွေဆီကို ရောက်ပြီး မူစာ၏ကိုးကွယ်ရာအရှင်အား ငါချောင်းကြည့်မည်။ အမှန်စင်စစ် မူစာသည် လူလိမ်လူညာတစ်ဦးဟုသာ ငါ မုချ ထင်မြင်ယူဆသည်။ ဖိရ်အောင်နှ်၏ အမြင်တွင် သူ၏ မကောင်းမှုသည် ဤနည်း အတိုင်းပင် လှပတင့်တယ်အောင် ပြုလုပ်ပေးခြင်း ခံခဲ့ရလေသည်။ လမ်းမှန်မှလည်း တားဆီးခြင်းခံ ခဲ့ရလေသည်။ ဖိရ်အောင်နှ်၏ အကြံအစည်သည် ပျက်စီးခဲ့သည်ချည်း သာဖြစ်သည်။ **၃၈။** သက်ဝင်ယုံကြည်ခဲ့သည့်သူက ပြောသည်။ အို-ကျွန်ုပ်၏ အမျိုး သားတို့၊ ကျွန်ုပ်၏နောက်သို့ အသင်တို့ လိုက်ကြလေကုန်။ ကျွန်ုပ်သည် အသင်တို့ အား တရားလမ်းမှန် ပြသပေးမည်။ **၃၉။** အို-ကျွန်ုပ်၏အမျိုးသားတို့၊ ဤလောကီဘဝ သက်တမ်းသည် အနည်းငယ်အကျိုးခံစားမှုမျှသာ ဖြစ်ပေသည်။ စင်စစ် နောင်တမ လွန်ဘဝကမူ အမြဲနေရမည့်နေရာမှာ ဖြစ်သည်။ **၄၀။** မကောင်းမှုတစ်ခု ကျူးလွန် ခဲ့သူသည် ထိုမကောင်းမှုနှင့်အညီအမျှကိုသာ အစားပေးခြင်း ခံရမည်။ သို့ရာတွင် မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ယုံကြည်သူအဖြစ်နှင့် ကောင်းမှုသီလ ကျင့်ဆောင်ခဲ့ပါမူ ထိုသူတို့သာလျှင် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည်။ ယင်းထဲတွင် စာရင်းအင်းမရှိ စားနပ်ရိက္ခာချီးမြှင့်ခြင်းကို ခံကြရပေမည်။ **၄၁။** ပြီးနောက် အို- ကျွန်ုပ်၏အမျိုးသားတို့၊ ဘယ်လိုဖြစ်ကြတာတုန်း။ ကျွန်ုပ်သည် အသင်တို့အား လွတ်မြောက်ရာသို့ ဖိတ်ခေါ်နေပါသည်။ အသင်တို့ကမူ ကျွန်ုပ်အား ငရဲမီးသို့ ဖိတ်ခေါ်နေကြသည်။ **၄၂။** ကျွန်ုပ်အနေနှင့် အလ္လာဟ်ကို သွေဖည်ငြင်းပယ် ရန်နှင့် ကျွန်ုပ် ဘာတစ်ခုမျှမသိထားသောအရာအား အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ် ရန် အသင်တို့က ကျွန်ုပ်အား ဖိတ်ခေါ်နေကြသည်။ ကျွန်ုပ်ကမူ အသင်တို့အား အလွန် နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသော အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်လျက်ရှိပေသည်။ **၄၃။** ဧကန်စင်စစ် ကျွန်ုပ်အား အသင်တို့ ဖိတ်ခေါ်နေသောအရာများသည် ဤပစ္စုပ္ပန်လောက၌လည်း ဟစ်ခေါ် တသရန် မထိုက်ပေ။ အာခိရသ် တမလွန်ဘဝ၌လည်း ဟစ်ခေါ်တသရန် မထိုက် ပေ။ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ ပြန်ကြရပေမည်။ စည်း ကမ်းကျူးလွန်သောသူတို့မှာကား ငရဲသားများပင် ဖြစ်ကြပေသည်။ **၄၄။** ကျွန်ုပ်တို့

ဏ် ပြောစကားများကို အသင်တို့ မကြာမီ ပြန်သတိရရှိကြပေမည်။ ကျွန်ုပ်မှာမူ မိမိ၏အရေးကိစ္စကို အလျှော်ဟ်ထံသို့ လွှဲအပ်ပါသည်။ ဇကန်စင်စစ် အလျှော်ဟ်သည် မိမိအစေတော်များကို ကောင်းစွာ မြင်နေတော်မူသောအရှင် ဖြစ်ပေသည်။

၄၅။ ထိုနောက် အလျှော်ဟ်သည် ထိုသက်ဝင်ယုံကြည်သူအား သူတို့၏ မကောင်းသောအကြံအစည်များမှ ကယ်တင်တော်မူခဲ့ပြီး ဖိရိအောင်န်၏ ခွေးရံသင်းပင်းများကိုမူကား ဆိုးရွားသောပြစ်ဒဏ်က ဝန်းရံခဲ့လေသည်။ **၄၆။** (ယင်းပြစ်ဒဏ်မှာ) ငရဲမီးဖြစ်သည်။ သူတို့သည် ယင်းငရဲမီးပေါ်တွင် နံနက်၊ ညနေ တင်ဆက်ခြင်းခံကြရသည်။ ထို့ပြင် ကိယာမသ်ဆိုက်ရောက်မည့်နေ့တွင် ဖိရိအောင်န်၏ ခွေးရံသင်းပင်းများအား အပြင်းထန်ဆုံးသောပြစ်ဒဏ်တွင် ထည့်ကြလေကုန်။

၄၇။ သူတို့သည် ငရဲမီး၌ အငြင်းအခုံ ပြုလုပ်ကြသောအခါတွင် အားနည်းသူတို့က အကြီးအကဲများအား ဇကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့၏ နောက်လိုက်များပင် ဖြစ်ခဲ့ကြပေရာ၊ အသင်တို့သည် ကျွန်ုပ်တို့ထံမှ ငရဲမီးတစ်စိတ်တစ်ဒေသကို သက်သာအောင်လုပ်ပေးကြမည်လောဟု ပြောဆိုကြပေမည်။ **၄၈။** အကြီးအကဲများက ပြန်ဖြေကြမည်။ ဇကန်စင်စစ် ကျွန်ုပ်တို့အားလုံးသည်ပင် ယင်းငရဲမီး၌ ရှိနေကြပေပြီ။ အလျှော်ဟ်သည် မိမိ၏အစေတော်များ အကြားတွင် စီရင်ဆုံးဖြတ်တော်မူပြီးလေပြီ။ **၄၉။** ငရဲမီးထဲတွင်ရှိကြသူတို့သည် ဂျဟန္နမ် ငရဲထိန်းများအား အသင်တို့၏အရှင်ထံတွင် ကျွန်ုပ်တို့အား ပြစ်ဒဏ်မှ တစ်ရက်ကလေး လောက် လျော့ပေါ့ပေးပါရန် ပန်ကြားပေးကြပါဟု ပြောဆိုကြလိမ့်မည်။ **၅၀။** ထိုအခါ ငရဲထိန်းများက မေးမည်။ အသင်တို့၏ တမန်တော်များသည် အသင်တို့ထံ ထင်ရှားသော သက်သေလက္ခဏာတော်များ ယူဆောင်လာခဲ့ကြသည် မဟုတ်လော။ ၎င်းတို့က ဖြေကြားမည်။ အမှန်ပင် ယူဆောင်ခဲ့ကြပါသည်။ ထိုအခါ ငရဲထိန်းများက "သို့ဖြစ်လျှင် အသင်တို့ဘာသာ ပန်ကြားကြလေကုန်"ဟု ပြောဆိုကြမည်။ စင်စစ်တွင် သွေဖည်ငြင်းပယ်သောသူတို့၏ ပန်ကြားချက်သည် အချည်းနှီးပင် ဖြစ်ပေတော့သည်။

၅၁။ ဇကန်စင်စစ် ငါအရှင်သည် မိမိရစူလ် တမန်တော်များနှင့် သက်ဝင်ယုံကြည်သူတို့အား လောကီဘဝတွင်လည်း ကူညီစောင်မတော်မူလျက်ရှိသည်။ သက်သေများရပ်ကြမည့်နေ့တွင်လည်း ကူညီစောင်မတော်မူဦးမည်။ **၅၂။** ထိုနေ့

တွင် မတရားမှုကျူးလွန်သူတို့အား သူတို့၏ ဆင်ခြေများသည် အကျိုးပေးမည် မဟုတ်။ ထို့ပြင် သူတို့အဖို့ ကရုဏာတော်မှ ကင်းဝေးခြင်းသာ ရှိပေမည်။ ထို့ပြင် သူတို့အဖို့ ဆိုးရွားလှသော နေရာဌာနလည်းရှိပေမည်။ **၅၃။** ဇကန်စင်စစ် ငါအရှင်သည် မူစာအား တရားလမ်းညွှန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ထို့နောက် အစွရာအီလ်မျိုးနွယ်ဝင်တို့အား ကျမ်းဂန်ကို အမွေပေးတော်မူခဲ့သည်။ **၅၄။** အသိဉာဏ်ရှိသူတို့အဖို့ တရားလမ်းညွှန်နှင့် ဆုံးမသြဝါဒအဖြစ် (ပေးခဲ့ခြင်း ဖြစ်သည်။) **၅၅။** သို့ဖြစ်ရာ အသင်သည် သည်းခံ၍နေပါ၊ ဇကန်စင်စစ် အလ္လာဟ်၏ ကတိတော်သည် မှန်ကန်ပေသည်။ ထို့နောက် အသင်သည် မိမိ၏အပြစ်နှင့် ပတ်သက်၍ လွတ်ငြိမ်းချမ်းသာ ခွင့်တောင်းခံပါလေ။ နံနက်၊ ညနေတွင် မိမိ၏အရှင်အား ချီးမွမ်းထောမနာပြုလျက် အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို ဘာဝနာစီးဖြန်း၍ နေပါ။

၅၆။ ဇကန်စင်စစ် မိမိတို့ထံ ဘာအထောက်အထားမျှ ရောက်လာခဲ့ခြင်း မရှိဘဲ အလ္လာဟ်၏ အာယသ်တော်များနှင့်စပ်လျဉ်း၍ အငြင်းပွားလျက် ရှိကြသော သူတို့၏ စိတ်နလုံးများတွင် မာန်တက်နေခြင်းသာ ရှိပေသည်။ သူတို့သည် ထိုအဆင့်သို့ရောက်နိုင်သူများ မဟုတ်ကြပေ။ သို့ဖြစ်ရာ အသင်သည် အလ္လာဟ်ထံ ခိုလှုံခွင့် တောင်းခံပါ။ ဇကန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့ မြင်တော်မူသောအရှင် ဖြစ်ပေသည်။

၅၇။ ဇကန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းခြင်းသည် လူတို့အား ဖန်ဆင်းခြင်းထက် ပို၍ ကြီးကျယ်သောကိစ္စ ဖြစ်သည်။ သို့သော် လူအများစုသည် မသိနားမလည်ကြပေ။ **၅၈။** မျက်မမြင်နှင့် မျက်မြင်သည် မတူနိုင်ပေ။ ထိုနည်းအတိုင်းပင် သက်ဝင်ယုံကြည်ပြီး ကောင်းမှုသီလများ ကျင့်ကြံသူတို့နှင့် မကောင်းမှုကျူးလွန်သောသူတို့သည်လည်း မတူနိုင်ကြပေ။ အသင်တို့ သည် စဉ်းစားဆင်ခြင်မှု နည်းလှပေသည်။ **၅၉။** ဇကန်စင်စစ် ကိယာမသ်ရှင်ပြထမည့် နေ့သည် မုချ ရောက်ကိုရောက်လာပေမည်။ ထိုကိစ္စတွင် သံသယဖြစ်စရာ အလျှင်း မရှိ။ သို့သော်လည်း လူအများစုသည် မယုံကြည်ကြပေ။

၆၀။ အသင်တို့၏အရှင်က မိန့်ကြားတော်မူသည်။ ငါအရှင်မြတ်ထံတော်တွင် ဆုတောင်းကြလေကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ တောင်းဆုများကို

လက်ခံတော်မူမည်။ ဇကန်စင်စစ် ငါအရှင်မြတ်ကို ဆည်းကပ်ကိုးကွယ်ခြင်းမှ မောက်မာကြွေသောသူတို့မှာမူ ဂျဟန္နမ်ငရဲဘုံသို့ များမကြာမီ ဝုဏ်အသရေကင်းမဲ့စွာ ဝင်ရောက်ကြရပေမည်။ **၆၀။** အလ္လာဟ်သည်ပင် အသင်တို့ အနားယူနိုင်ကြရန် အတွက် ညည်ဉ့်ကို ပြုလုပ်တော်မူခဲ့ပြီး နေ့ကိုမူ မြင်နိုင်စွမ်းပေးသောအရာအဖြစ် ပြုလုပ်ထားတော်မူသည်။ ဇကန်စင်စစ် အလ္လာဟ်သည် လူသားတို့အပေါ် အလွန် ကျေးဇူးကြီးမားတော်မူသောအရှင်ဖြစ်ပေသည်။ သို့သော်လည်း လူအများစုသည် ကျေးဇူးမသိတတ်ကြပေ။**၆၂**။ဤသည်အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော၊ အရာအားလုံးကို ဖန်ဆင်းတော်မူသောအရှင် အလ္လာဟ်ပင် ဖြစ်တော်မူသည်။ အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိ။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ လှည့်ဖြားခြင်း ခံနေကြသနည်း။ **၆၃**။ အလ္လာဟ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်လေ့ရှိကြသူတို့သည်လည်း ထိုနည်းအတိုင်းပင် လှည့်ဖြားခြင်းကို ခံကြရပေသည်။

၆၄။ အလ္လာဟ်သည်ပင် အသင်တို့အဖို့ မြေပထဝီကို နေထိုင်ရာအဖြစ်၊ မိုးကောင်းကင်ကို အမိုးအဖြစ် ပြုလုပ်ပေးတော်မူသောအရှင် ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည်ပင် အသင်တို့၏ ပုံပန်းသဏ္ဌာန်ကို အလှပဆုံး ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အသင်တို့အား ကောင်းမွန်သောအရာများထဲမှ စားနပ်ရိက္ခာချီးမြှင့်တော်မူခဲ့သည်။ ဤသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်ပင် ဖြစ်ပေသည်။ လောကခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် အလ္လာဟ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။ **၆၅**။ ထိုအရှင်သည် အမြဲထာဝရ ရှင်နေတော်မူသောအရှင်ဖြစ်ပြီး ထိုအရှင်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိပေ။ သို့ဖြစ်ရာ သင်တို့သည် သာသနာကို ထိုအရှင့်အတွက်သာ သီးသန့်ပြုလုပ်ကြလျက် ထိုအရှင့်ကို ဟစ်ခေါ်တသကြလေကုန်။ ချီးမွမ်းထောမနာအပေါင်းသည် လောကခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အတွက်သာလျှင် ဖြစ်ပေသည်။

၆၆။ အသင်ပြောလိုက်ပါ။ ငါ့အရှင်ထံမှ ထင်ရှားသော သက်သေလက္ခဏာတော်များ ရောက်လာသောအခါ အလ္လာဟ်ကို စွန့်၍ အသင်တို့ ဟစ်ခေါ်တသနေသည့်အရာများကို ငါ့အနေနှင့် ကိုးကွယ်မှုမပြုရန် တားမြစ်ပိတ်ပင်ခြင်း

ခံရလေသည်။ ထို့ပြင် ငါသည် ကိုယ့်ကိုယ်ကိုယ် လောကခပ်သိမ်း၏အရှင်သခင်ထံ လွှဲအပ်ရန် အမိန့်ပေးခြင်းခံခဲ့ရသည်။ **၆၇။** ထိုအရှင်မြတ်သည် အသင်တို့ကို မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် သုက်ရည်ဖြင့်၊ ထို့နောက် သွေးခဲဖြင့်၊ ထို့နောက်တွင် အသင်တို့အား ကလေးအသွင်ဖြင့် ထုတ်ဆောင်တော်မူသည်။ ထို့နောက် သင်တို့အား ခန္ဓာသန်စွမ်းကြံ့ခိုင်သည့် အရွယ်သို့ ရောက်ရှိစေတော်မူသည်။ ထို့နောက် အသင်တို့အား အိုမင်းသောအရွယ်သို့ရောက်စေရန် ထားတော်မူသည်။ ထိုပြင် အသင်တို့အနက်မှ အချို့သည် သည့်ထက်အလျင် သေဆုံးသွားကြလေသည်။ ထိုပြင် အသင်တို့အား သတ်မှတ်ထားသော အချိန်ကာလတိုင်အောင် ရောက်ရှိစေရန် ထားတော်မူသည်။ အသင်တို့ စဉ်းစားဆင်ခြင်ကြရန် အတွက်ဖြစ်လေသည်။ **၆၈။** ထိုအရှင်မြတ်သည်ပင် ရှင်စေ၊ သေစေတော်မူသော အရှင်ဖြစ်သည်။ အရှင်မြတ်သည် အရေးကိစ္စတစ်ခုကို ဆုံးဖြတ်လိုက်ပြီဆိုလျှင် ထိုအရာကို ဖြစ်စေဟု ပြောလိုက်ရုံမျှဖြင့် ထိုအရာသည် ဖြစ်လာရလေသည်။

၆၉။ အလ္လာဟ်၏အာယသ်တော်များတွင် ပြဿနာလုပ်နေကြသူများကို အသင်မမြင်တွေ့ပါသလော။ သူတို့သည်အဘယ်သို့လှည့်ထွက်သွားနေကြသနည်း။ **၇၀။** ထိုသူတို့သည် ကျမ်းတော်ကိုရော၊ ငါအရှင်၏ ရဿူလ်တမန်တော်များကို ငါအရှင်ပေးပြီး စေလွှတ်လိုက်သည့်အရာများကိုပါ မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့သည် မကြာမီ သိကြပေမည်။ **၇၁။** ထိုအချိန်တွင် သူတို့၏ လည်ကုပ်များတွင် လည်ကွင်းများနှင့် သံကြိုးများရှိမည်။ သူတို့သည် တရွတ်တိုက်ဆွဲခေါ်ခြင်း ခံကြရမည်။ **၇၂။** ပွက်ပွက်ဆူလျက်ရှိသော ရေနွေးပူထဲ၌၊ ထို့နောက် သူတို့သည် မီးလောင်တိုက်သွင်းခြင်းခံကြရမည်။ **၇၃-၇၄။** ထို့နောက် သူတို့အား ပြောကြားမည်။ အလ္လာဟ်ကို စွန့်၍ သင်တို့ တွဲဖက်ကိုးကွယ်မှုပြုခဲ့ကြသည့်အရာများသည် အဘယ်မှာနည်း။ သူတို့က ဖြေကြမည်။ ထိုအရာများသည် ကျနော်တို့ထံမှ ပျောက်သွားကြပါပြီ။ စင်စစ်တွင် ကျနော်တို့သည် သည့်အလျင်က မည်သည့်အရာကိုမျှ ဟစ်ခေါ်တသမူ မပြုခဲ့ကြပါ။ အလ္လာဟ်သည် ငြင်းပယ်သူတို့ကို ဤနည်းအတိုင်းပင် လမ်းလွဲစေတော်မူပေသည်။ **၇၅။** ဤသည် မြေပထဝီတွင် သင်တို့ မတရားသဖြင့် ပျော်ရွှင်မြူးထူးလျက်ရှိခဲ့ကြသောကြောင့်နှင့် သင်တို့မောက်မာပလွားခဲ့ကြသည့် အတွက်ကြောင့်လည်း ဖြစ်ပေသည်။ **၇၆။** အသင်တို့သည်

ထာဝရနေထိုင်ကြမည့်သူများအဖြစ်နှင့် ဂျဟန္ဓမ်-ငရဲဘုံတံခါးပေါက်များကို ဝင်ရောက်ကြလေကုန်။ ယင်းဂျဟန္ဓမ်သည် မောက်မာပလွှားသူတို့အဖို့ အဘယ်မျှ ဆိုးရွားသော နေရာထိုင်ခင်း ဖြစ်လိုက်ပါဘိ။

၇၇။ သို့ဖြစ်ရာ အသင် သည်းခံပါလေ။ ဧကန်စင်စစ် အလ္လာဟ်၏ကတိတော်သည် အမှန်ပင် ဖြစ်သည်။ သူတို့အား ငါအရှင်ပြုထားသည့် ကတိတော်၏ အချို့အစိတ်အပိုင်းကို ငါအရှင်သည် အသင့်အား ပြသတော်မူသည်ဖြစ်စေ၊ သို့မဟုတ် အသင့်အား သေဆုံးစေတော်မူသည်ဖြစ်စေ သူတို့သည် ငါအရှင့်ထံတော်သို့သာ ပြန်လည်ရောက်ရှိလာကြရပေမည်။

၇၈။ ဧကန်စင်စစ် ငါအရှင်သည် အသင့်ထက်အလျင်က မြောက်မြားစွာသော ရစူလ်တမန်တော်များကို စေလွှတ်တော်မူခဲ့သည်။ သူတို့အနက်မှ အချို့၏ အခြေအနေများကို သင့်အား ငါအရှင် ပြောပြတော်မူခဲ့ပြီး၊ သူတို့၏အခြေအနေများကို အသင့်အား ငါအရှင်မပြောပြခဲ့သော တမန်တော်များလည်း ရှိသည်။ မည်သည့် ရစူလ်တမန်တော်မျှ အလ္လာဟ်၏ခွင့်ပြုချက်မပါဘဲ တန်ခိုးတော်တစ်ရပ်ရပ်ကို ယူဆောင်လာနိုင်စွမ်းမရှိပေ။ အလ္လာဟ်၏အမိန့်တော် ရောက်ရှိလာသောအခါ အမှန်တရားနှင့်အညီ စီရင်ဆုံးဖြတ်ခြင်းခံရပေမည်။ ထိုအချိန်တွင် အမှားလိုက်စားခဲ့သူတို့သည် ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြရပေမည်။

၇၉။ အလ္လာဟ်သည် အသင်တို့အဖို့ ခြေလေးချောင်းတိရစ္ဆာန်များကို ဖန်ဆင်းပေးတော်မူခဲ့သည်။ ထိုအနက်မှ အချို့ကို အသင်တို့ စီးနင်းကြရန်နှင့် အချို့ကို အသင်တို့ စားသုံးကြရန် ဖြစ်သည်။ **၈၀။** ထိုတိရစ္ဆာန်များတွင် အသင်တို့အဖို့ အခြားသော အကျိုးကျေးဇူးများလည်း ရှိပေသည်။ ထို့ပြင် အသင်တို့သည် ထိုတိရစ္ဆာန်များ၏အကြောင်းခံဖြင့် မိမိတို့ စိတ်ဆန္ဒရှိရာအရပ်သို့ ရောက်ရှိနိုင်ကြရန်အတွက်လည်း ဖြစ်သည်။ အသင်တို့သည် ထိုတိရစ္ဆာန်များ အပေါ်တွင်ရော၊ သင်္ဘောများအပေါ်တွင်ရော တင်ဆောင်ခြင်းကို ခံကြရလေသည်။ **၈၁။** အရှင်မြတ်သည် နောက်ထပ် သက်သေလက္ခဏာတော်များကိုလည်း အသင်တို့အား ပြသတော်မူပေသည်။ သို့ဖြစ်ရာ သင်တို့သည် အလ္လာဟ်၏ အဘယ် အဘယ် သက်သေလက္ခဏာတော်များကို ငြင်းပယ်ကြမည်နည်း။

၈၂။ သူတို့သည် မိမိတို့အလျင်က ရှိခဲ့ကြသူတို့၏ နောက်ဆုံးနိဂုံး

မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုဖို့အတွက် ကမ္ဘာပေါ်တွင် လှည့်လည်သွားလာမှု မပြုကြလေသနည်း။ ထိုအလျင်ကလူတို့သည် သူတို့ထက်လည်း ပိုများခဲ့သည်။ သူတို့ထက်လည်း အင်အားပိုတောင့်တင်းခဲ့သည်။ မြေပထဝီတွင် သူတို့ထက်ပို၍ အကြွင်းအကျန်များ ထားရစ်ခဲ့သည်။ သို့တစေလည်း သူတို့ ရှာဖွေဆည်းပူးခဲ့သည့် အရာများသည် သူတို့အဖို့ဘာမျှအသုံးမဝင်ခဲ့ပေ။ **၈၃။** သူတို့၏ရစူလ်တမန်တော်များသည် သူတို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာတော်များ ယူဆောင်လာသော အခါ သူတို့သည် မိမိတို့ထံတွင် ရှိနေသော အသိပညာအပေါ် မော်ကြွားခဲ့ကြသည်။ ထို့နောက် သူတို့ လှောင်ပြောင်ခဲ့သည့်ပြစ်ဒဏ်ကပင် သူတို့အား ဝန်းရံလိုက်လေတော့သည်။ **၈၄။** ထို့နောက် ငါအရှင်၏ပြစ်ဒဏ်ကို သူတို့မြင်တွေ့ကြသည့်အခါ ကျွန်ုပ်တို့သည် အလွှာဟ်တစ်ပါးတည်းကိုသာ ယုံကြည်ကြပါပြီ။ ထိုအရှင်မြတ်နှင့် အတူ တွဲဖက်ကိုးကွယ်ခဲ့သည်များကို ငြင်းပယ်လိုက်ပါပြီဟု သူတို့က ပြောကြလေသည်။ **၈၅။** သူတို့သည် ငါအရှင်၏ ပြစ်ဒဏ်ကို တွေ့မြင်လိုက်ကြပြီဖြစ်လေရာ သူတို့၏ ယုံကြည်မှုသည် သူတို့အား ဘာအကျိုးမျှ မပေးတော့ပေ။ ဤသည် အလွှာဟ်၏ အစေတော်များတွင် ကျင့်သုံးလေ့ရှိခဲ့ပြီဖြစ်သော အရှင်မြတ်၏ဓလေ့တော်ပင် ဖြစ်ပေသည်။ ထိုအချိန်တွင် ငြင်းပယ်သူတို့သည် ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြရလေတော့သည်။

၄၁။ စူရပ် ဟာမီးမ် စဂျ်ဒဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလွှာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဟာမီးမ်။ **၂။** ဤသည် အလွန်တရာ ကရုဏာကြီးမားတော်မူသော၊ အလွန်တရာသနားကြင်နာတော်မူသော အရှင့်ထံတော်မှ ချပေးထားတော်မူခြင်းဖြစ်သည်။ **၃။** သူ၏ အာယသ်တော်များသည် အသိရှိသူများအတွက် ရှင်းလင်းစွာ ဖော်ပြထားသောကျမ်းဖြစ်သည်။ အရဗီဘာသာစကားဖြင့် ထုတ်ပြန်ထားသော ကုရ်အာန်ကျမ်းဖြစ်သည်။ **၄။** သတင်းကောင်းပါးသော၊ သတိပေးနှိုးဆော်သောကျမ်းဖြစ်သည်။ သို့သော် သူတို့ထဲက အများစုသည် မျက်နှာလွှဲခဲ့ကြသည်။ သူတို့

နားမထောင်ကြပေ။ **၅။** သူတို့က ပြောခဲ့ကြသည်။ ကျွန်ုပ်တို့၏ စိတ်နလုံးများသည် အသင်ဖိတ်ခေါ် နေသောအရာဘက်မှ ဖုံးကွယ်နေလျက် ရှိသည်။ ထို့ပြင် ကျွန်ုပ်တို့၏ နားများသည်လည်း ပင်းလျက်ရှိသည်။ ကျွန်ုပ်တို့နှင့် အသင်၏အကြားတွင် အကာအဆီးတစ်ခု လည်း ရှိနေပေသည်။ သို့ဖြစ်ရာ အသင့်အလုပ် အသင်လုပ်ပါ။ ကျွန်ုပ်တို့အလုပ် ကျွန်ုပ်တို့ လုပ်မည်။

၆။ အသင်ပြောလိုက်ပါ။ ကျွန်ုပ်သည် အသင်တို့ကဲ့သို့ လူသားတစ်ဦးပင် ဖြစ်သည်။ ကျွန်ုပ်တို့ထံသို့ ဤသို့ဗျာဒိတ်တော် ချပေးခြင်းခံရသည်။ ဇကနစင်စစ် အသင်တို့၏ ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသောကိုးကွယ်ရာအရှင်သာ ဖြစ်သည်။ ထို့ကြောင့် သင်တို့သည် ထိုအရှင့်ဘက်သို့သာ တန်းတန်းမတ်မတ် သွားကြကုန်။ ထိုအရှင့်ထံမှ ခွင့်လွှတ်ချမ်းသာမှုကို တောင်းခံကြလေကုန်။ ထို့ပြင် တွဖက် ကိုးကွယ်မှုပြုကြသူများအဖို့ ပျက်စီးဆုံးရှုံးမှု ရှိပေသည်။ **၇။** ထိုသူတို့သည် ဇကာသ် မပေးဆောင်ကြသူများ၊ နောင်တမလွန်ကို ငြင်းပယ်ကြသူများ ဖြစ်ကြပေသည်။ **၈။** ဇကနစင်စစ် ယုံကြည်ပြီးနောက် ကောင်းမှုသီလများ ပွားများခဲ့ကြသော သူများအဖို့မူ ရပ်တန့်သွားခြင်းမရှိသော ကုသိုလ်အကျိုး ရှိပေသည်။

၉။ အသင်ပြောလိုက်ပါ။ သင်တို့သည် မြေပထဝီကို နစ်ရက်နှင့် ဖန်ဆင်းတော်မူခဲ့သောအရှင်ကို ငြင်းပယ်ကြလေသလော။ ထို့ပြင် သင်တို့သည် ထိုအရှင်နှင့် ဂုဏ်ရည်တူများ ပြုလုပ်ထားကြလေသလော။ ထိုအရှင်သည် လောက ခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်ပေသည်။ **၁၀။** ထိုအရှင်သည် မြေပထဝီပေါ်တွင် တောင်များကို ပြုလုပ်ထားတော်မူခဲ့သည်။ ထို့နောက် ယင်းမြေပထဝီတွင် အကျိုးရှိသောအရာများကို ပေးသနားတော်မူသည်။ ထို့နောက် ထိုမြေပထဝီ၌ သူ၏ အစာအာဟာရများကို သတ်မှတ်တော်မူခဲ့သည်။ ဤအမှုကိစ္စအားလုံးသည် လေးရက်အတွင်း ပြီးစီးသည်။ ဤသည် မေးမြန်းသူများ အဖို့ ပြည့်စုံသွားပေပြီ။ **၁၁။** ထို့နောက် အရှင်မြတ်သည် မိုးကောင်းကင်ဘက်သို့ ကြွတော်မူခဲ့သည်။ ထိုအချိန်က ယင်းမိုးကောင်းကင်သည် မီးခိုးအငွေ့အဖြစ်သာ ရှိနေခဲ့သည်။ ထို့နောက် အရှင်မြတ်သည် ယင်းမိုးကောင်းကင်နှင့် မြေပထဝီအား သင်တို့နှစ်ဦးသည် ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ လာကြလေကုန်ဟု မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ ယင်းနှစ်ခုက ကျွန်တော်မျိုးတို့သည် ကျေကျေနပ်

နပ် လာကြပါပြီဟု လျှောက်တင်ခဲ့ကြလေသည်။ **၁၂။** ထို့နောက် အရှင်မြတ်သည် နှစ်ရက်အတွင်းမှာ ယင်းမိုးကောင်းကင်ကို ခုနစ်ထပ် ပြုလုပ်တော်မူခဲ့ပြီး မိုးကောင်းကင် တစ်ခုတိုင်းစီ၌ ၎င်းနှင့်သက်ဆိုင်သည့် အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် မိုးကောင်းကင် အောက်ဆုံးထပ်ကို မီးအိမ်များ(ကြယ်တာရာများ)ဖြင့် အလှဆင်တော်မူခဲ့သည်။ ထို့ပြင် (ယင်းကြယ်တာရာများဖြင့်) မိုးကောင်းကင်ကို လုံခြုံစေတော်မူခဲ့သည်။ ဤသည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော၊ အရာခပ်သိမ်းကို သိတော်မူသောအရှင်၏ အစီအမံပင် ဖြစ်ပေသည်။

၁၃။ သည့်နောက်လည်း အကယ်၍ သူတို့သည် မျက်နှာလွှဲခဲ့ကြပါလျှင် အသင်ပြောလိုက်ပါ။ ငါသည် အသင်တို့အား အားဒ်နှင့် ဆမူးဒ်အမျိုးသားများအပေါ် ကျရောက်ခဲ့သည့် အပြစ်ဒဏ်မျိုး အသင်တို့အပေါ် ကျရောက်မည်ကို သတိပေးပါသည်။ **၁၄။** တစ်ခါတွင် ယင်းအမျိုးသားများထံသို့ သူတို့၏ ရဒူလ်တမန်တော်များသည် သူတို့၏ အရှေ့မှရော၊ အနောက်မှရော ရောက်ရှိလာကြပြီးလျှင်၊ သင်တို့သည် အလွှာဟ်မှအပ အခြားအရာကို မကိုးကွယ်ကြလေနှင့်(ဟု ဖိတ်ခေါ်ကြလေသည်)။ သူတို့က အဖြေပေးခဲ့ကြသည်။ အကယ်၍ ကျွန်ုပ်တို့၏အရှင် အလိုတော်ရှိပါလျှင် ကောင်းကင်တမန်များကို မုချ စေလွှတ်တော်မူမည်သာဖြစ်သည်။ စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အားပေး၍ စေလွှတ်လိုက်သည့်အရာများကို ငြင်းပယ်ကြသူများ ဖြစ်ကြသည်။

၁၅။ အားဒ်အမျိုးသားတို့မှာမူ မြေပထဝီပေါ်တွင် မတရားသဖြင့် မောက်မာပလွှားခဲ့ကြပြီး ကျွန်ုပ်တို့ထက်ပို၍ အင်အားကြီးမားသူ မည်သူရှိသနည်းဟု ပြောဆိုခဲ့ကြလေသည်။ ဇကနစ်စစ် သူတို့ကို ဖန်ဆင်းထားတော်မူသော အလွှာဟ်သည် သူတို့ထက်ပို၍ အင်အားကြီးမားသည်ကို သူတို့ မမြင်ခဲ့ကြသလော။ သူတို့သည် ငါအရှင်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်လျက်သာ ရှိခဲ့ကြသည်။ **၁၆။** ထိုအခါ ငါအရှင်သည် မင်္ဂလာမရှိသော ရက်အချို့အတွင်း သူတို့အပေါ် ပြင်းထန်သော လေမုန်တိုင်းကို စေလွှတ်တော်မူခဲ့သည်။ ငါအရှင်သည် သူတို့ကို လောကီဘဝသက်တမ်းတွင်လည်း သေးသိမ်စေသောအပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူရန် ဖြစ်ပေသည်။ နောင်တမလွန်၏ ပြစ်ဒဏ်သည် ထို့ထက်ပို၍

သေးသိမ်စေမည့် ပြစ်ဒဏ်ဖြစ်သည်။ သူတို့သည် မည်သည့်အကူအညီမျှလည်း ရရှိ ကြမည်မဟုတ်ပေ။ **၁၇။** ဆမူးဒ်မျိုးနွယ်ကိုမူ ငါအရှင်သည် လမ်းမှန်တရား ညွှန်ပြ တော်မူခဲ့သည်။ သို့သော် သူတို့သည် လမ်းမှန်တရားထက် မျက်စိကန်းခြင်းကိုသာ နှစ်သက်ခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့ရှာဖွေခဲ့သည့် မကောင်းမှုများကြောင့်ပင် သူတို့ကို သေးသိမ်စေသောပြစ်ဒဏ်၏ အော်သံက ကွပ်မျက်ပစ်ခဲ့လေသည်။ **၁၈။** ထို့နောက် ယုံကြည်ပြီးနောက် ငါ့အရှင့်အား ကြောက်ရွံ့ရိုသေကြသူများကို ငါအရှင် သည် ကယ်တင်တော်မူခဲ့သည်။

၁၉။ ထိုနေ့တွင် အလ္လာဟ်၏ ရန်သူများသည် ငရဲမီးဘက်သို့ စုရုံးစေခြင်း ခံကြရမည်။ ထို့နောက် သူတို့သည် တကွဲတပြားစီ လုပ်ခြင်းခံကြရမည်။ **၂၀။** ထို့ နောက် သူတို့သည် ယင်းငရဲမီးအနီးသို့ ရောက်ရှိလာကြသောအခါ သူတို့၏နားများ၊ သူတို့၏ မျက်စိများနှင့် သူတို့၏ အရေပြားများသည် သူတို့နှင့်ဆန့်ကျင်ကာ သူတို့၏ လုပ်ရပ်များကို သက်သေခံကြပေမည်။ **၂၁။** ထိုအခါ သူတို့က မိမိတို့၏ အရေပြား များအား သင်တို့သည် အဘယ်အတွက်ကြောင့် ကျွန်ုပ်တို့နှင့် ဆန့်ကျင်ဘက် သက် သေခံကြပါသနည်းဟု ပြောဆိုကြမည်။ ထိုအခါ ယင်းအရေပြားများက ပြန်ဖြေကြ မည်။ အရာခပ်သိမ်းကို စကားပြောစေတော်မူသော အလ္လာဟ်ကပင် ကျွန်ုပ်တို့ကို စကားပြောစေတော်မူခဲ့ခြင်း ဖြစ်သည်။ ထိုအရှင်သည်ပင် အသင်တို့အား ပထမ အကြိမ်ကလည်း ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ယင်းအရှင်မြတ်ထံသို့သာ အသင် တို့ ပြန်လည်ပို့ဆောင်ခြင်း ခံကြရပေသည်။ **၂၂။** သင်တို့၏နားများ၊ မျက်စိများနှင့် အရေပြားများသည် အသင်တို့နှင့် ဆန့်ကျင်ဘက် သက်သေထွက်ဆိုကြမည်ကို အသင်တို့ ဖုံးကွယ်ထားနိုင်ကြမည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်သည် သင်တို့ ပြုလုပ်နေကြသည်များအနက်မှ အများစုကို မသိရှိဘူးဟု အသင်တို့က ထင်မှတ်ခဲ့ ကြသည်။ **၂၃။** သင်တို့၏အရှင်နှင့်စပ်လျဉ်း၍ အသင်တို့ ထင်မြင်ယူဆခဲ့ကြသည့် ထိုထင်မြင်ယူဆချက်ကပင် သင်တို့ကို ပျက်စီးစေခဲ့လေပြီ။ သို့ဖြစ်ရာ သင်တို့သည် ပျက်စီးဆုံးရှုံးသူများအနက်မှ ဖြစ်သွားကြလေပြီ။ **၂၄။** အကယ်၍ သူတို့ သည်းခံကြ လျှင် ငရဲမီးသည် သူတို့၏ နေထိုင်ရာနေရာ ဖြစ်ပေသည်။ အကယ်၍ သူတို့ တောင်းပန်ကြလျှင်လည်း သူတို့သည် ခွင့်လွှတ်မှုရရှိကြမည်မဟုတ်ပေ။

၂၅။ ငါအရှင်သည် သူတို့အတွက် အပေါင်းအပါအချို့ကို

ဖန်တီးပေးတော်မူခဲ့သည်။ ထိုအပေါင်းအပါတို့သည် ၎င်းတို့၏ ရှေ့နှင့်နောက်တွင် ရှိသမျှအရာများကို လုပတင့်တယ်အောင် လုပ်၍ ပြသကြလေသည်။ သို့ဖြစ်ရာ သူတို့ထက်အလျင်ကရှိခဲ့ကြသည့် ဂျင်နှင့်လူသား အုပ်စုများတွင် အတည်ဖြစ်ခဲ့သည့် အမိန့်တော်သည်ပင် သူတို့အပေါ်လည်း အတည်ဖြစ်သွားခဲ့လေသည်။ ဇကန်စင်စစ် သူတို့သည် ပျက်စီးဆုံးရှုံးသူများ ဖြစ်ခဲ့ကြပေသည်။

၂၆။ ငြင်းပယ်သူတို့က ပြောခဲ့ကြသည်။ အသင်တို့သည် ဤကုရ်အာန်ကို နားမထောင်ကြလေနှင့်။ ထို့ပြင် ယင်းကျမ်းမြတ် ဖတ်ကြားနေချိန်တွင် အနောင့်အယှက်ပေးကြကုန်။ သို့မှသာ အသင်တို့ လွှမ်းမိုးနိုင်ကောင်း လွှမ်းမိုးနိုင်ကြလိမ့်မည်။ **၂၇။** သို့ဖြစ်ရာ ငါအရှင်သည် ငြင်းပယ်သူများအား ပြင်းထန်သော ပြစ်ဒဏ်ကို မုချ မြည်းစမ်းစေတော်မူမည်။ ထို့ပြင် ငါအရှင်သည် သူတို့အား သူတို့လုပ်ခဲ့ကြသည့် လုပ်ရပ်၏ အဆိုးဆုံးသောအစားကို မုချ ပေးတော်မူမည်။ **၂၈။** ဤသည် အလ္လာဟ်ရန်သူတို့ အစားရမည့် ဂျဟန္နမ်ငရဲဘုံပင် ဖြစ်သည်။ ထိုထဲတွင် သူတို့အဖို့ အမြဲထာဝရ နေထိုင်ရာနေရာ ရှိပေမည်။ သူတို့သည် ငါအရှင်၏ အာယသ်တော်များကို ငြင်းပယ်လေ့ရှိခဲ့ကြသည့်အတွက်ကြောင့် အစားရရှိကြခြင်း ဖြစ်သည်။

၂၉။ ငြင်းပယ်ခဲ့ကြသူတို့က ပြောကြမည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ဂျင်နှင့် လူသားတို့အနက်မှ ကျွန်တော်မျိုးတို့အား လမ်းလွဲစေခဲ့ကြသူများကို ကျွန်တော်မျိုးတို့အား ပြသတော်မူပါ။ သူတို့သည် သေးသိမ်နိမ့်ကျသူများ ဖြစ်ကြစေရန် ကျွန်တောမျိုးတို့သည် သူတို့အား မိမိတို့၏ ခြေများအောက်တွင် ထားပါမည်။ **၃၀။** ဇကန်စင်စစ် ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မှာ အလ္လာဟ်ပင်ဖြစ်သည်ဟု ပြောဆိုကြပြီးနောက်၊ ဖြောင့်မတ်ကြံ့ခိုင်စွာ တည်ရှိခဲ့ကြ သောသူတို့အပေါ်တွင်မူ ကောင်းကင်တမန်များ ဆင်းသက်လာကြပြီး ပြောဆိုကြပေမည်။ သင်တို့သည် မကြောက်ကြလေနှင့်။ ပူပန်သောကလည်း မဖြစ်ကြလေနှင့်။ အသင်တို့အား ကတိပေးထားသည့် ဂျန္နသ်သုခဘုံသတင်းကောင်းဖြင့် ပျော်ရွှင်ဝမ်းမြောက်ကြလေကုန်။ **၃၁။** ကျွန်ုပ်တို့သည် လောကီဘဝတွင်ရော၊ နောင်တမလွန်တွင်ပါ သင်တို့၏ မိတ်ဆွေများဖြစ်ကြပေသည်။ ထိုသုခဘုံထဲတွင် သင်တို့အဖို့ စိတ်အလိုရှိသမျှ ရကြမည့်အပြင် ထိုထဲတွင် အသင်တို့ တောင်းဆိုသမျှလည်း ရကြပေမည်။ **၃၂။** အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန် သနားကြင်နာတော်မူ

သော အရှင့်ထံမှ ဧည့်ခံသည့်အနေဖြင့်ဖြစ်သည်။

၃၃။ အလ္လာ့ဟ်ဘက်သို့ ဖိတ်ခေါ်ပြီး ကောင်းမှုသီလ ပွားများသည့်အပြင် ကျွန်ုပ်သည် အမိန့်နာခံသူများထဲမှ ဖြစ်ပါသည်ဟု ပြောသောသူထက် မည်သူ ၏စကားက ပိုကောင်းပါဦးမည်နည်း။ **၃၄။** ကောင်းမှုနှင့် မကောင်းမှုတို့သည် တူညီ သည် မဟုတ်။ အသင်သည် ပိုကောင်းသောအရာဖြင့် တုံ့ပြန်ပါလေ။ ထိုအခါ အသင်နှင့် ရန်ငြိုးရှိသူတို့၏ကြားတွင် မိတ်ဆွေရင်းချာကဲ့သို့ ဖြစ်သွားသည်ကို အသင်တွေ့ရပေမည်။ **၃၅။** သို့သော် ဤအရည်အချင်းကို သည်းခံသောသူများသာ လျှင် ရကြပေသည်။ ထို့ပြင် ဤအရည်အချင်းကို အလွန် နဖူးစာကြီးသူသာ ရရှိပေ သည်။ **၃၆။** အကယ်၍ ရှိုင်သွာန်သည် အသင့်စိတ်ထဲတွင် တစ်စုံတစ်ရာ နှောင့် ယှက်မှုထည့်လျှင် အသင်သည် အလ္လာ့ဟ်ထံတွင် ခိုလှုံခွင့် တောင်းခံပါ။ ဧကန် စင်စစ် ထိုအရှင်သည် အကြွင်းမဲ့ကြားတော်မူသော၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်ပေသည်။

၃၇။ ထိုအရှင်၏ သက်သေလက္ခဏာတော်များတွင် ည၌၊ နေ့၊ နေနှင့် လတို့သည်လည်း အပါအဝင်ဖြစ်ပေသည်။ သင်တို့သည် နေကိုလည်း ဦးမချကြနှင့်။ လကိုလည်း ဦးမချကြနှင့်။ ထိုအရာအားလုံးကို ဖန်ဆင်းထားတော်မူသော အလ္လာဟ်ကိုသာလျှင် ဦးချကြလေကုန်။ အကယ်၍ သင်တို့သည် ထိုအရှင့်ကိုသာ ကိုးကွယ်ကြသည်ဆိုလျှင်ပေါ့။ **၃၈။** အကယ်၍ သူတို့ မောက်မာပလွှားခဲ့ကြလျှင် အသင့်အရှင်ထံတွင် ရှိကြသောသူတို့သည် ထိုအရှင်မြတ် သန့်ပြန့်စင်ကြယ်တော် မူကြောင်း နေ့ရောညပါ မွှက်ဟနေလျက်ရှိကြပေသည်။ သူတို့သည် ငြီးငွေ့သွား ကြသည်ဟူ၍လည်း မရှိကြပေ။

၃၉။ သင်သည် မြေပထဝီကို ညှိုးနွမ်းနေတာ တွေ့ရလိမ့်မည်။ ထိုမြေပထဝီပေါ်တွင် ငါအရှင်သည် မိုးရွာသွန်းပေးလိုက်သောအခါ ယင်းမြေပထဝီ သည် စိမ်းစိုလန်းဆန်းပြီး ဖွံ့ဖြိုးလာလေသည်။ ဤသည် ထိုအရှင်၏ သက်သေလ က္ခဏာတော်များထဲမှ ဖြစ်သည်။ ဧကန်စင်စစ် ထိုမြေပထဝီကို ရှင်စေတော်မူသော အရှင်သည် သူသေများကိုလည်း မုချ ရှင်စေတော်မူမည့်အရှင် ဖြစ်ပေသည်။ စင်စစ် ထိုအရှင်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။

၄၀။ ဇကန်စင်စစ် ငါအရှင်၏ အာယသ်တော်များအား တလွဲအမိပ္ပာယ် ကောက်ယူကြသောသူများသည် ငါအရှင့်ထံမှ ပုန်းကွယ်နေနေကြသည်မဟုတ်ပေ။ သို့ဖြစ်ရာ ဂျာန္နမ်ငရဲဘုံတွင် ပစ်ချခြင်းခံရမည့်သူက ပို၍ ကောင်းမြတ်သလော၊ သို့မဟုတ် ကိယာမသ်နေ့တွင် အန္တရာယ်ကင်းစွာ ရောက်လာသူက ပို၍ကောင်း မြတ်သလော။ အသင်တို့ ကြိုက်ရာလုပ်ကြကုန်။ ဇကန်စင်စစ် ထိုအရှင်သည် အသင်တို့ လုပ်နေသည်များကို အကြွင်းမဲ့ မြင်တော်မူသောအရှင် ဖြစ်ပေသည်။

၄၁။ အလ္လာဟ်၏ ဆုံးမဩဝါဒတော် မိမိတို့ထံသို့ ရောက်လာသော အခါ ငြင်းပယ်ခဲ့ကြသောသူတို့သည်(မုချ ပျက်စီးမည်)၊ ပြစ်ဒဏ်ခံရမည့်သူများ ဖြစ်ကြ သည်။) ဇကန်စင်စစ် ထိုဆုံးမဩဝါဒသည် အလွန် မြင့်မြတ်သောကျမ်းဂန် ဖြစ်ပေ သည်။ **၄၂။** ထိုကျမ်းတွင် အမှားသည် ရှေ့ မှလည်း မလာနိုင်၊ နောက်မှလည်း မလာနိုင်ပေ။ ဥာဏ်အမြော် အမြင်နှင့် ပြည့်စုံတော်မူသော၊ ချီးမွမ်းထောမနာအပါင်း ကို ခံယူထိုက်တော်မူသောအရှင်ထံမှ ချပေးခြင်းခံရသော ကျမ်းဂန်ဖြစ်ပေသည်။ **၄၃။** အသင့်အလျင်က ရစူလ်တမန်တော်များအား ပြောကြားခဲ့သည့်စကားများကို သာ အသင့်အား ပြောကြားခြင်း ဖြစ်သည်။ ဇကန်စင်စစ် အသင့်အရှင်သည် လွတ် ငြိမ်းချမ်းသာခွင့်ကို ပိုင်ဆိုင်တော်မူသောအရှင်၊ ပြင်းပြနာကျင်စေသောပြစ်ဒဏ်ကို လည်း ပိုင်ဆိုင်တော်မူသောအရှင် ဖြစ်ပေသည်။

၄၄။ အကယ်၍သာ ငါအရှင်သည် ယင်းကျမ်းကို အရဗီစကား မဟုတ်သော ကုရ်အာန်အဖြစ် ထုတ်ပြန်တော်မူခဲ့ပါလျှင် သူတို့သည် မုချ ဤသို့ ပြောဆိုကြမည်သာ။ ထိုကျမ်း၏ အာယသ်တော်များကို အဘယ်အတွက်ကြောင့် ရှင်းရှင်းလင်းလင်း မဖော်ပြထားပါသနည်း။ အရစ်တွေပေါ်မှာ အရဗီမဟုတ်သော ဘာသာစကားနှင့် ကျရောက်လာရပါသလော။ အသင်ပြောလိုက်ပါ။ ထိုကျမ်း သည် ယုံကြည်ကြသောသူများအဖို့ လမ်းမှန်တရားနှင့် ရောဂါဝေဒနာ ပျောက်ကင်း ချမ်းသာစေသော ဆေးဝါးဖြစ်သည်။ ယုံကြည်မှုမရှိကြသောသူတို့၏ နားများမှာမူ ပင်းနေကြသည်။ သူတို့သည် ယင်းကျမ်းနှင့်ပတ်သက်၍ ကန်းနေကြသည်။ သူတို့ သည် ဝေးလံသောနေရာမှ ဟစ်ခေါ်ခြင်းခံနေကြရသူများပမာ ဖြစ်ကြပေသည်။

၄၅။ ဇကန်စင်စစ် ငါအရှင်သည် မူစာကို ကျမ်းဂန်ချီးမြှင့်တော်မူခဲ့သည်။ ထို့နောက် ယင်းကျမ်းတွင်လည်း အကွဲအလွဲပြုခြင်းခံခဲ့ရလေသည်။ အကယ်၍သာ

သင့်အရှင်ထံတော်မှ အမိန့်တော်တစ်ရပ်သည် အစကတည်းက ရှိနှင့်ပြီး မဟုတ်ခဲ့ပါလျှင် သူတို့အကြားတွင် စီရင်ဆုံးဖြတ်ပြီး ဖြစ်ခဲ့မည်သာ။ စင်စစ် သူတို့သည် ယင်းကျမ်းဂန်နှင့်စပ်လျဉ်း၍ ဒွိဟဖြစ်စေသော သံသယ၌ ရှိနေကြပေသည်။ **၄၆။** မည်သူမဆို ကောင်းမှုပြုလုပ်ခဲ့ပါက မိမိအဖို့သာ ပြုလုပ်ခဲ့ခြင်း ဖြစ်မည်။ ထို့ပြင် မည်သူမဆို မကောင်းမှုပြုလုပ်ခဲ့ပါက ထိုမကောင်းမှု၏ဆိုးကျိုးသည် သူ့အပေါ်တွင်သာ ကျရောက်ပေမည်။ သင့်အရှင်သည် အစေတော်များကို မတရားလုပ်တော်မူသောအရှင် မဟုတ်ပေ။

★**၄၇။** ကိယာမသ်နှင့် ပတ်သက်သည့် အသိသည် အလွှာဟ်နှင့်သာ သက်ဆိုင်ပေသည်။ အဖူးများမှ ထွက်သည့် သစ်သီးဝလံများသည်လည်းကောင်း၊ အမများ ကိုယ်ဝန်ဆောင်ခြင်းသည်လည်းကောင်း၊ ကလေးမွေးဖွားခြင်းသည်လည်းကောင်း အားလုံးသည် အလွှာဟ်၏ အသိတော်ဖြင့်သာ ဖြစ်ကြသည်။ ယင်းနေ့တွင် အရှင်မြတ်သည် သူတို့အား "ငါအရှင်နှင့်အတူ တွဲဖက်ကိုးကွယ်ရာများ အဘယ်မှာနည်း"ဟု ဟစ်ခေါ်မေးမြန်းတော်မူပေမည်။ ထိုအခါ သူတို့ကိုက ဖြေကြမည်။ ကျွန်တော်မျိုးတို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ သက်သေမခံခဲ့ကြောင်း ကျွန်တော်မျိုးတို့ လျှောက်တင်အပ်ပါသည်။ **၄၈။** သည့်အလျင်က သူတို့ ဟစ်ခေါ်တသခဲ့သည့်အရာများသည် သူတို့ထံမှ ပျောက်ကွယ်သွားလိမ့်မည်။ ထို့ပြင် သူတို့အဖို့ လွတ်မြောက်မည့်နည်းလမ်း တစ်ခုမျှ မရှိတော့ကြောင်း ယုံကြည်သွားကြပေမည်။

၄၉။ လူသားသည် ကောင်းကျိုးချမ်းသာကို တောင်းခံခြင်းမှ ငြီးငွေ့သွားသည်မရှိပေ။ အကယ်၍ သူ့ထံ ဒုက္ခတစ်ခုခု ဆိုက်ရောက်လာလျှင်တော့ သူသည် မျှော်လင့်ချက်ကင်းမဲ့သူ၊ မက်ကင်းသူ ဖြစ်သွားလေတော့သည်။ **၅၀။** အကယ်၍ သူ့ထံသို့ ဒုက္ခတစ်ခုခု ဆိုက်ရောက်ပြီးနောက်တွင် ငါအရှင်သည် သူ့အား ငါအရှင်၏ ကရုဏာတော်ကို မြည်းစမ်းစေတော်မူခဲ့ပါလျှင် သူသည် မုချ ဤသို့ပြောဆိုမည်။ ဤသည် ကျွန်ုပ်၏ ရပိုင်ခွင့်ပင် ဖြစ်သည်။ ကိယာမသ်သည် လည်း ဆိုက်ရောက်လာမည်ဟု ကျွန်ုပ် မထင်။ အကယ်၍ ကျွန်ုပ်သည် မိမိ၏အရှင်ထံသို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံရလျှင်လည်း ထိုအရှင်ထံတွင် ကျွန်ုပ်အဖို့ ကောင်းကျိုးချမ်းသာသည်သာ မုချ ရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ ငါအရှင်သည် ထိုငြင်းပယ်

သူများအား သူတို့ပြုမူခဲ့ကြသည့်လုပ်များကို မုချ ပြောပြတော်မူမည်။ ထို့နောက် ငါအရှင်သည် သူတို့အား ပြင်းထန်သောပြစ်ဒဏ်ကို မုချ မြည်းစမ်းစေတော်မူမည်။

၅၁။ ငါအရှင်သည် လူသားအပေါ်တွင် ကျေးဇူးပြုတော်မူသောအခါ သူသည် မျက်နှာလွှဲကာ အဝေးသို့ ရှောင်ထွက်သွားလေ့ရှိသည်။ သို့သော် သူထံ ဒုက္ခတစ်ခုခု ဆိုက်ရောက်လာလျှင်မူ ရှည်လျားစွာ တောင်းဆုဒုအာပြုသူ ဖြစ်သွားလေတော့သည်။ **၅၂။** အသင်ပြောလိုက်ပါ။ အသင်တို့ ငါ့ကို ပြောကြစမ်း ပါဦး။ အကယ်၍ ဤကုရ်အာန်သည် အလ္လာဟ်ထံမှ ကျရောက်လာခဲ့ခြင်းဖြစ်ပါလျက် သင်တို့သည် ယင်းကုရ်အာန်ကို ငြင်းပယ်လိုက်ကြသည်ဆိုတော့ အလွန်ဝေးလံသော ဆန့်ကျင်မှုတွင် ရှိနေသော ထိုသူထက်ပို၍ လမ်းလွဲသူဟူ၍ နောက်ထပ်မည်သူရှိပါဦးမည်နည်း။

၅၃။ ငါအရှင်သည် သူတို့အား မိုးကုပ်စက်ဝိုင်းများအတွင်းနှင့် သူတို့ကိုယ်တိုင်အတွင်းတွင် ငါအရှင်၏ သက်သေလက္ခဏာတော်များကို ပြသတော်မူပေမည်။ အဘယ်မျှဟူမူ ဤကုရ်အာန်သည် အမှန်ဖြစ်ကြောင်း သူတို့အတွက် ထင်ရှားသွားပေမည်။ သင့်အရှင်သည် အရာခပ်သိမ်းကို မြင်နေတော်မူသောအရှင်ဖြစ်တော်မူသည်ဟူသောအချက်နှင့်ပင် (ဤကုရ်အာန်မှန်ကန်ကြောင်း) လုံလောက်နေပြီမဟုတ်လား။ **၅၄။** သတိပြုကြကုန်။ ဇကန်စင်စစ် သူတို့သည် မိမိတို့၏အရှင်နှင့် တွေ့ဆုံရမည့်အရေးတွင် သံသယဖြစ်နေကြသည်။ သတိပြုကြကုန်။ ဇကန်စင်စစ် ထိုအရှင်သည် အရာခပ်သိမ်းကို ဝန်းရံထားလျက် ရှိတော်မူပေသည်။

၄၂။ စူရပ် ဟာမီးမ် ရှူရာ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနားတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဟာမီးမ်။ **၂။** အိုင်န်၊ စီန်၊ ကာဖ်။ **၃။** တန်ခိုးတော်နှင့် နိုင်နင်း လွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အလ္လာဟ်သည် အသင်နှင့် အသင့်အလျင်က တမန်တော်များထံသို့ ဤနည်းအတိုင်းပင် ဗျာဒိတ်တော် ချပေးတော်မူလေသည်။ **၄။** မိုးကောင်းကင်များတွင် ရှိသမျှနှင့် မြေပထဝီတွင် ရှိသ

မျှသည် ထိုအရှင်၏ ပိုင်ဆိုင်မှုများပင် ဖြစ်ပေသည်။ ထိုအရှင်သည် အားလုံးထက် မြင့်မားတော်မူသော၊ အားလုံးထက် ကြီးမြတ်တော် မူသောအရှင် ဖြစ်ပေသည်။ **၅။** မိုးကောင်းကင်များသည် အပေါ်မှ အက်ကွဲ ပြိုကျလုနီးနီးပင် ဖြစ်လေသည်။ ထို့ပြင် ကောင်းကင်တမန်များသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်အား ရိုးမွှမ်းခြင်းဖြင့် ထိုအရှင် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဟနေ လျက်ရှိကြသည့်အပြင် ကမ္ဘာမြေပထဝီသားတို့အတွက်လည်း လွတ်ငြိမ်းချမ်းသာ ခွင့်တောင်းခံပေးလျက်ရှိကြသည်။ သတိပြုကြကုန်။ ဇကနစင်စစ် အလွှာဟ်သာ လျှင် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန် သနားကြင်နာ တော်မူသောအရှင် ဖြစ်ပေသည်။ **၆။** မိမိမှတစ်ပါး အခြားအရာများကို ကူညီစောင်မ ပေးသူများအဖြစ် သတ်မှတ်ထားကြသူများကို အလွှာဟ်သည် စောင့်ကြည့်လျက် ရှိပေသည်။ သင်သည် ထိုသူတို့အပေါ်တွင် တာဝန်ခံမဟုတ်ပေ။

၇။ ဤနည်းအတိုင်းပင် ငါအရှင်သည် သင့်ထံသို့ အရစီဘာသာစကားဖြင့် ကုရ်အာန်ကျမ်းကို ထုတ်ပြန်ပေးတော်မူခဲ့သည်။ အကြောင်းမှာ သင်သည် မက္ကဟ် မြို့သားများနှင့် ယင်း၏ပတ်ဝန်းကျင်တွင်နေထိုင်ကြသူများကို သတိပေးနှိုးဆော်ရန် အတွက် ဖြစ်လေသည်။ ထို့ပြင် စုရုံးရမည့်နေ့နှင့်စပ်လျဉ်း၍လည်း သူတို့ကို သတိပေးနှိုးဆော်ရန်အတွက် ဖြစ်သည်။ ယင်းနေ့ဆိုက်ရောက်မည်နှင့် ပတ်သက်၍ လုံးဝဒွိဟသံသယဝင်စရာမရှိပေ။ အုပ်စုတစ်စုသည် ဂျန္နသ်သုခဘုံတွင်ရှိ၍ နောက် အုပ်စုတစ်စုသည် ဂျဟန္နမ်ငရဲဘုံတွင် ရှိပေမည်။

၈။ အကယ်၍ အလွှာဟ် အလိုတော်ရှိခဲ့ပါလျှင် သူတို့အားလုံးကို အုပ်စု တစ်စုတည်းအဖြစ် ပြုလုပ်တော်မူခဲ့ပေမည်။ သို့သော် အရှင်မြတ်သည် မိမိနှစ် သက်တော်မူသောသူကို မိမိ၏ကရုဏာထဲသို့ ဝင်ရောက်စေတော်မူသည်။ မတရား ကျူးလွန်ကြသူတို့အဖို့မှာမူ ကာကွယ်စောင့်ရှောက်ပေးမည့်သူ၊ ကူညီစောင်မပေး မည့်သူ တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်။ **၉။** ဘာလဲ၊ သူတို့က ထိုအရှင် မြတ်မှအပ အခြားအရာများကို ကာကွယ်စောင့်ရှောက်သူများအဖြစ် ပြုလုပ်ထား ကြလေသလော။ အမှန်တွင် အလွှာဟ်သာလျှင် ကာကွယ်စောင့်ရှောက်တော်မူ သောအရှင် ဖြစ်သည်။ ထိုအရှင်ကသာလျှင် သူသေများကို ပြန်ရှင်စေတော်မူသည်။ ထိုအရှင်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။

၁၀။ အသင်တို့ အကွဲအလွဲလုပ်သည့် ကိစ္စတိုင်း၏ အဆုံးအဖြတ်သည် အလွှာဟ်အထံတော်၌သာ ရှိပေသည်။ ဤသည် ငါ၏အရှင် အလွှာဟ်ပင် ဖြစ်တော်မူသည်။ ထိုအရှင့်အပေါ်၌သာ ငါသည် ယုံပုံအားကိုးသည်။ ထိုအရှင့်ထံသို့သာ ငါလှည့်သည်။

၁၁။ ထိုအရှင်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင် ဖြစ်သည်။ အရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏အမျိုးအစားထဲမှပင် ကြင်ဖော်ကြင်ဖက်များကို ဖန်ဆင်းတော်မူသည်။ တိရစ္ဆာန်များတွင်လည်း စုံတွဲများကို ဖန်ဆင်းတော်မူသည်။ ထိုသို့ပြုပြင်ခြင်းအားဖြင့် အရှင်မြတ်သည် အသင်တို့အား မျိုးပွားစေတော်မူသည်။ ထိုအရှင်နှင့်တူသောအရာဟူ၍ ဘာတစ်ခုမျှ မရှိ။ ထိုအရှင်သည် အကြင်းမဲ့ကြားတော်မူသော၊ အကြင်းမဲ့ မြင်တော်မူသောအရှင် ဖြစ်ပေသည်။ **၁၂။** မိုးကောင်းကင်များနှင့် မြေပထဝီ၏ သော့တံများသည် ထိုအရှင့်ထံ၌သာ ရှိပေသည်။ အရှင်မြတ်သည် စားနပ်ရိက္ခာ ပေါများစွာ ချီးမြှင့်လိုသူကို ချီးမြှင့်ပြီး၊ ကျပ်တည်းစေလိုသူကို ကျပ်တည်းစေတော်မူသည်။ ထိုအရှင်သည် အရာတိုင်းကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်သည်။ **၁၃။** ထိုအရှင်သည် နူးဟ်အား အမိန့်ပေးတော်မူခဲ့သောသနာကိုပင် အသင်တို့အတွက်လည်း ပြဋ္ဌာန်းတော်မူခဲ့သည်။ ထိုသာသနာကိုပင် အသင့်ထံသို့ ငါအရှင် ထုတ်ပြန်တော်မူခဲ့သည်။ ထို့ပြင် အိဗ်ရာဟီမ်၊ မူစာနှင့် အီစာတို့ကိုလည်း ထိုသာသနာကိုပင် လိုက်နာရန် အမိန့်ပေးတော်မူခဲ့သည်။ ထိုအမိန့်မှာ သင်တို့သည် သာသနာကို တည့်မတ်စွာ ထားကြလေကုန်။ ထိုသာသနာတွင် အကွဲအလွဲ မလုပ်ကြလေနှင့် ဟူ၍ ဖြစ်သည်။ အသင် ဖိတ်ခေါ်နေသော စကားရပ်သည် တွဲဖက်ကိုးကွယ်မှုပြုကြသူများ အပေါ်တွင် လွန်စွာခက်ခဲကြီးလေးလှပေသည်။ အလွှာဟ်သည် မိမိဘက်သို့ ရွေးချယ်လိုသူကို ရွေးချယ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် မိမိဘက်သို့ လှည့်သူကို တရားလမ်းမှန် ညွှန်ပြတော်မူပေသည်။

၁၄။ သူတို့ ကွဲလွဲခဲ့ကြခြင်းမှာ သူတို့ထံသို့ အသိပညာရောက်ရှိလာပြီးနောက်မှပင် အချင်းချင်း မလိုမုန်းတီးမှုကြောင့် ဖြစ်သည်။ သတ်မှတ်ထားသော အချိန်ကာလတစ်ခုထိတိုင်အောင် (ဆိုင်းငံ့ထားမည်) ဟူသော အမိန့်တော်တစ်ရပ်သာ သင့်အရှင်ထံမှ ကြိုတင်မရှိခဲ့ပါလျှင် သူတို့အကြားတွင် မုချ စီရင်ဆုံးဖြတ်ပြီး ဖြစ်နေလောက်ပြီ။ ဇကန်စင်စစ် သူတို့၏နောက်တွင် ကျမ်းဂန်ချီးမြှင့်ခြင်း ခံခဲ့ကြရ

သူတို့သည် ယင်းကိစ္စနှင့် စပ်လျဉ်း၍ သို့လော သို့လော ဖြစ်စေသော သံသယထဲတွင် သာ ရှိနေကြပေသည်။

၁၅။ သို့ဖြစ်ရာ သင်သည် ထိုသာသနာဘက်သို့သာ ဖိတ်ခေါ်ပါ။ ကိုယ်တိုင်လည်း အမိန့်ပေးခြင်းခံရသည့်အတိုင်း တည့်တည့်မတ်မတ်ရပ်တည်ပါ။ သူတို့၏အလိုရမ္မက်များနောက်သို့ မလိုက်လေနှင့်။ ထို့နောက် ဤသို့ ပြောလိုက်ပါ။ ငါသည် အလွှာဟ်ချပေးတော်မူသည့် မည်သည့်ကျမ်းကိုမဆို ယုံကြည်ပါသည်။ ငါသည် သင်တို့အကြားတွင် တရားမျှတရန် အမိန့်ပေးခြင်းခံရသည်။ အလွှာဟ်သည် ငါ၏အရှင်လည်းဖြစ်သလို အသင်တို့၏အရှင်လည်း ဖြစ်ပေသည်။ ငါတို့၏ လုပ်ရပ်များသည် ငါတို့အဖို့ ဖြစ်မည်။ အသင်တို့၏လုပ်ရပ်များသည် အသင်တို့အဖို့ ဖြစ်မည်။ ငါတို့နှင့် အသင်တို့ကြားတွင် ဘာမျှစကားများစရာ အကြောင်းမရှိ။ အလွှာဟ်သည် ငါတို့အားလုံးကို စုရုံးတော်မူပေမည်။ ထိုအရှင့်ထံသို့သာ ပြန်လည် ရောက်ရှိကြရမည် ဖြစ်သည်။ **၁၆။** အလွှာဟ်ကို လက်ခံပြီးနောက်မှ ထိုအရှင်နှင့် ပတ်သက်၍ အငြင်းအခုံပြုလုပ်ကြသောသူတို့၏ အငြင်းအခုံပြုခြင်းသည် သူတို့၏ အရှင်ထံတွင် ဘောင်မဝင်သောအရာသာဖြစ်ပေမည်။ ထို့ပြင် သူတို့အပေါ်တွင် အမျက်တော် ကျရောက်မည့်အပြင် သူတို့အဖို့ ပြင်းထန်သောပြစ်ဒဏ်လည်း ရှိပေမည်။

၁၇။ အလွှာဟ်သည် ကျမ်းဂန်နှင့် (တရားမျှတမှု) ချိန်ခွင်ကို မှန်ကန်တိကျစွာ ချပေးတော်မူသောအရှင် ဖြစ်ပေသည်။ ကိယာမသ်-ရှင်ပြန်ထရမည့် အချိန်ကာလသည် နီးကပ်ကောင်း နီးကပ်နေမလားဆိုသည်ကို အသင်မည်သို့သိမည်နည်း။ **၁၈။** ထိုကိယာမသ်-ရှင်ပြန်ထရမည့်အချိန်ကို မယုံကြည်ကြသူတို့သည်သာ အလျင်လိုကြပေသည်။ ယုံကြည်ကြသူတို့မှာမူ ယင်းကိယာမသ်ကို ကြောက်ရွံ့ကြသည့်အပြင် ယင်းကိယာမသ်သည် အမှန်တကယ် ဖြစ်မည်ဟုလည်း ယုံကြည်ကြလေသည်။ သတိပြုကြလေကုန်။ ဇကန်စင်စစ် ကိယာမသ်-ရှင်ပြန်ထရမည့်အချိန်နှင့်စပ်လျဉ်း၍ အငြင်းအခုံပြုကြသူတို့သည် ဝေးလံလှသော လမ်းမှားမှုတွင် မှချ ရှိနေကြပေသည်။

၁၉။ အလွှာဟ်သည် မိမိ၏အစေတော်များအတွက် အလွန်နူးညံ့သိမ်မွေ့တော်မူသောအရှင် ဖြစ်ပေသည်။ အရှင်မြတ်သည် စားနပ်ရိက္ခာ

ချီးမြှင့်လိုသူကို ချီးမြှင့်တော်မူသည်။ အရှင်မြတ်သည် အင်အားကြီးများတော်မူသော၊ အလွန် နိုင်နင်းလွန်းမိုးတော်မူသောအရှင် ဖြစ်ပေသည်။ **၂၁။** နောင်တမလွန်၏ လယ်ယာစိုက်ပျိုးမှုကို လိုလားသောသူအား ငါအရှင်သည် သူ၏လယ်ယာစိုက် ပျိုးမှုတွင် တိုးပွားစေတော်မူမည်။ လောကီ၏လယ်ယာစိုက်ပျိုးမှုကို လိုလားသောသူ ကိုမူ ငါအရှင်သည် ထိုလောကီအနက်မှ ပေးတော်မူမည်။ သို့သော် နောင်တမလွန် တွင် သူ့အတွက် မည်သည့်ဝေစုမျှ ရှိမည်မဟုတ်။

၂၁။ ဘာလဲ အလ္လာဟ် ခွင့်ပြုမထားသော သာသနာတစ်ခုခုကို သူတို့အတွက် ပြဋ္ဌာန်းပေးခဲ့ကြသည့် တွဲဖက်ကိုးကွယ်ရာအရှင်များ သူတို့ထံတွင် ရှိကြလေသလော။ အကယ်၍ ဆုံးဖြတ်ပြီးသား အမိန့်တော်တစ်ရပ်သာ ကြိုတင် မရှိခဲ့ပါမူ သူတို့ကြားတွင် မုချစီရင်ဆုံးဖြတ်ခြင်း ခံရပြီးနေလောက်ပြီ။ ဇကန်စင်စစ် မတရားကျူးလွန်ကြသူတို့အတွက် နာကျင်စေသောပြစ်ဒဏ်သည် မုချ ရှိပေသည်။ **၂၂။** မတရားကျူးလွန်ကြသူတို့သည် မိမိတို့ဆည်းပူးခဲ့သည့်လုပ်ရပ်များကြောင့် ကြောက်ရွံ့ထိတ်လန့်နေကြသည်ကို အသင် တွေ့ရပေမည်။ ထိုလုပ်ရပ်များသည် သူတို့အပေါ် မုချ ကျရောက်မည် ဖြစ်သည်။ ယုံကြည်ပြီးနောက် ကောင်းမှုများ ပွားများခဲ့ကြသူတို့မှာမူ ဂျန္နသ်သုခဘုံ၏ ဥယျာဉ်ခြံများတွင် ရှိကြပေမည်။ သူတို့အဖို့ သူတို့၏အရှင်ထံတွင် အလိုရှိသမျှအရာအားလုံး ရှိပေမည်။ ဤသည်သာ ကြီးမားလှ သော ကျေးဇူးတော် ဖြစ်ပေသည်။ **၂၃။** ဤသည် အီမာန်ယုံကြည်ပြီး ကောင်းမှုများ ပွားများခဲ့ကြသည့် မိမိ၏ အစေတော်များအား အလ္လာဟ်က သတင်းကောင်းပါးတော် မူခဲ့သည့် ဝမ်းမြောက်ဖွယ် သတင်းပင် ဖြစ်ပေသည်။ အသင်ပြောလိုက်ပါ။ ငါသည် ဤပို့ချမှုအပေါ် အသင်တို့ထံမှ သားချင်းတော်စပ်မှု၏ ချစ်ခြင်းမေတ္တာမှအပ အခြား အဖိုးအခ တစ်စုံတစ်ရာ မတောင်းခံပေ။ မည်သူမဆို ကောင်းမှုတစ်ခုကို ရှာဖွေ ဆည်းပူးလျှင် ငါအရှင်သည် သူ့အတွက် ထိုထဲတွင် ကောင်းသောအကျိုးကို တိုးပွား၍ ပေးတော်မူမည်။ ဇကန်စင်စစ် အလ္လာဟ်သည် အလွန် ခွင့်လွှတ်ချမ်း သာပေး တော်မူသော၊ အလွန်အသိအမှတ်ပြု လက်ခံတော်မူသောအရှင် ဖြစ်ပေသည်။

၂၄။ ဘာလဲ၊ သူတို့သည် တမန်တော်က အလ္လာဟ်အပေါ် မုသားလုပ်ကြံ ပြောဆိုခဲ့သည်ဟု ပြောကြလေသလော။ အကယ်၍ အလ္လာဟ်သည် အသင့်စိတ်နှ လုံးပေါ်တွင် တံဆိပ်ခတ်နှိပ်လိုက ခပ်နှိပ်လိုက်မည်သာဖြစ်သည်။ အလ္လာဟ်သည်

မိမိ၏ အမိန့်တော်များဖြင့် အမှားကို ပပျောက်စေတော်မူပြီး အမှန်ကို အတည်ပြုတော်မူပေသည်။ ဇကန်စင်စစ် ထိုအရှင်သည် စိတ်နလုံးအတွင်းရှိ စကားများကိုလည်း အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်ပေသည်။ **၂၅။** ထိုအရှင်သည် မိမိ၏ အစေတော်များ၏ ဝန်ချတောင်းပန်မှုကို လက်ခံတော်မူသောအရှင်၊ မကောင်းမှုများကို ခွင့်လွှတ် ချမ်းသာပေးတော်မူသောအရှင်၊ အသင်တို့ ပြုမူသမျှကို သိတော်မူသောအရှင် ဖြစ်ပေသည်။ **၂၆။** ထိုအရှင်သည် ယုံကြည်ပြီးနောက် ကောင်းမှုများ ပွားများခဲ့ကြသောသူတို့၏ တောင်းဆုဒုအာကို လက်ခံတော်မူသည်။ ထို့ပြင် သူတို့အား မိမိကျေးဇူးတော်ဖြင့် တိုး၍ ချီးမြှင့်တော်မူသည်။ သို့ရာတွင် ငြင်းပယ်ကြသူတို့အတွက်မှာမူ ပြင်းထန်သော ပြစ်ဒဏ်ရှိပေသည်။

၂၇။ အကယ်၍သာ အလ္လာဟ်သည် မိမိ၏ အစေတော်များအား စားနပ်ရိက္ခာများ ပေါများစွာ ချီးမြှင့်တော်မူခဲ့ပါလျှင် သူတို့သည် မြေပထဝီတွင် မုချဆိုးသွမ်းသောင်းကျန်းကြမည်သာ။ သို့သော် အရှင်မြတ်သည် မိမိအလိုတော်ရှိသလောက် အတိုင်းအတာကိုသာ ချပေးတော်မူသည်။ ဇကန်စင်စစ် ထိုအရှင်သည် မိမိ၏အစေတော်များကို အကြွင်းမဲ့ သိတော်မူသော၊ အကြွင်းမဲ့ မြင်တော်မူသောအရှင် ဖြစ်ပေသည်။ **၂၈။** ထိုအရှင်မြတ်သည်ပင် လူတို့ မျှော်လင့်ချက်ကင်းမဲ့သွားကြသည့်နောက်တွင် မိုးရေကို ရွာသွန်းပေးတော်မူသည်။ ထို့ပြင် မိမိ၏ ကရုဏာတော်ကို ဖြန့်ကျက်ပေးတော်မူသည်။ ထိုအရှင်သည် ကိစ္စအဝဝကို ပြီးစီအောင် ဆောင်ရွက်ပေးတော်မူသောအရှင်၊ ချီးမွမ်းခြင်းအပေါင်းကို ခံထိုက်တော်မူသောအရှင် ဖြစ်ပေသည်။ **၂၉။** မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းခြင်းနှင့် ထိုနှစ်ခုကြား၌ ဖြန့်ထားတော်မူသော သက်ရှိအပေါင်းတို့သည်လည်း အရှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် အပါအဝင်ဖြစ်ပေသည်။ အရှင်မြတ်သည် အလိုရှိသောအခါ ထိုအရာများကို ပြန်လည်စုရုံးဖို့လည်း တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။

၃၀။ ထို့ပြင် သင်တို့ ဒုက္ခရောက်လျှင် ယင်းဒုက္ခသည် သင်တို့၏ လက်များက လုပ်လိုက်သော လုပ်ရပ်များကြောင့်သာ ဖြစ်သည်။ အရှင်မြတ်သည် များစွာသော အပြစ်တို့ကို ခွင့်လွှတ်တော်မူလိုက်ပေသည်။ **၃၁။** ထို့နောက် သင်တို့သည် မြေပြင်တွင် အလ္လာဟ်၏ ထိန်းချုပ်မှုမှ လွတ်ထွက်မသွားနိုင်ကြပေ။ ထို့ပြင်

အလွှာဟ်မှလွဲ၍ သင်တို့အား စောင့်ရှောက်မည့်သူနှင့် ကူညီပံ့ပိုးမည့်သူဟူ၍ မည်သူမျှ မရှိပေ။

၃၂။ ထို့နောက် ပင်လယ်ထဲ၌ သွားလာလျက်ရှိသော တောင်ကြီးပမာ သင်္ဘောများသည်လည်း အရှင်မြတ်၏ လက္ခဏာတော်များတွင် အပါအဝင် ဖြစ်သည်။ **၃၃။** အကယ်၍ အရှင်မြတ်က အလိုရှိပါက လေကို ရပ်တန့်စေလိုက်မည်။ ထိုအခါ ယင်းသင်္ဘောများသည် ပင်လယ်ပြင်ပေါ်တွင် ရပ်တန့်၍ နေနေလိမ့်မည်။ အမှန်စင်စစ် ဤဆဲတွင် သည်းခံမြဲမြံသော၊ ကျေးဇူးသိတတ်သောသူအဖို့ လက္ခဏာများ ရှိပေသည်။ **၃၄။** သို့မဟုတ် (အရှင်မြတ် အလိုရှိပါက) ၎င်းတို့၏ လုပ်ရပ်များကြောင့် ထိုသင်္ဘောများကို ဖျက်ဆီးတော်မူပြီး များစွာသောသူတို့ကို (မဖျက်ဆီးဘဲ) ခွင့်လွှတ်တော်မူသည်။ **၃၅။** အကြောင်းမှာ ငါအရှင်မြတ်၏ လက္ခဏာတော်များနှင့် ပတ်သက်၍ အငြင်းအခုံလုပ်သူများသည် မိမိတို့အဖို့ ပြေးစရာနေရာမရှိကြောင်းကို သိသွားကြရန် ဖြစ်သည်။

၃၆။ သို့ဖြစ်ရာ သင်တို့ရရှိထားသမျှသည် လောကီဘဝ၏ ဥစ္စာပစ္စည်းမျှသာဖြစ်သည်။အလွှာဟ်ထံပါး၌ရှိသောအရာများမှာမူယုံကြည်သက်ဝင်ပြီးနောက် အလွှာဟ်အပေါ် ယုံပုံအားထားသူများအတွက် ပို၍ကောင်းပြီး ကျန်ရှိနေမည့် အရာလည်း ဖြစ်သည်။

၃၇။ ထိုသူများသည် ကြီးလေးသော ပြစ်မှုများနှင့် ရှက်ဖွယ်ကိစ္စများမှ ရှောင်ကြဉ်ကြသည်။ ထို့ပြင် သူတို့သည် ဒေါသဖြစ်သောအခါ၌လည်း ခွင့်လွှတ်လိုက်တတ်ကြသည်။ **၃၈။** ထို့ပြင် သူတို့သည် မိမိတို့အရှင်မြတ်၏ ဖိတ်ခေါ်မှုကို လက်ခံကြသည်။ စွလားသ်ဆောက်တည်ကြသည်။ အချင်းချင်းတိုင်ပင်၍ မိမိတို့အလုပ်ကို လုပ်ကြသည်။ ထို့ပြင် ငါအရှင် သူတို့အား ပေးကမ်းထားသော အရာများထဲမှလည်း လှူဒါန်းပေးကမ်းကြသည်။ **၃၉။** ထို့နောက် သူတို့သည် အစော်ကားခံရသောအခါတွင် (တရားသဖြင့်) လက်စားပြန်ယူကြသည်။ မကောင်းမှုပြုခြင်း၏ အစားမှာ ထိုကဲ့သို့အလားတူ မကောင်းမှုပင်ဖြစ်သည်။ သို့ရာတွင် အကြင်သူသည် ခွင့်လွှတ်လိုက်ပြီး ပြုပြင်မှုကို လုပ်ပါက သူ၏ အကျိုးကုသိုလ်မှာ အလွှာဟ်တာဝန်ဖြစ်သွားပြီ။ အမှန်စင်စစ် အလွှာဟ်သည် မတရားသူများကို မနှစ်သက်ပေ။ **၄၀။** မည်သူမဆို မတရားအပြုခံရပြီးနောက် လက်တုံ့ပြန်ပါမူ ဤသို့သောသူများသည်

မည်သို့မျှ အပြစ်ဒဏ်ခံရဖွယ် မရှိပေ။ **၄၂။** အပြစ်ဒဏ်ခံထိုက်သူမှာ လူတို့အပေါ် မတရားစော်ကားသူ၊ မြေကျွှာပေါ်တွင် မတရားသဖြင့် ပုန်ကန်သောင်းကျန်းသူ သာလျှင် ဖြစ်သည်။ ထိုသူတို့အဖို့ နာကျင်ဖွယ်ရာ ပြစ်ဒဏ် ရှိပေသည်။ **၄၃။** အကြင်သူသည် သည်းခံပါမူ စင်စစ်ဤသည် ဇွဲသတ္တိရှိသောကိစ္စပင် ဖြစ်သည်။

၄၄။ မည်သူကိုမဆို အလ္လာဟ်က လမ်းလွဲစေလိုက်ပြီဆိုလျှင် ထို့နောက်တွင် သူ့အား ကူညီမည့်သူ မရှိတော့ပေ။ မတရားသူများသည် ပြစ်ဒဏ်ကို မြင်ရသောအခါ "လှည့်ပြန်သွားနိုင်မည့် လမ်းစရှိပါသလား"ဟု ပြောကြမည်ကို အသင် တွေ့မြင်ရလိမ့်မည်။**၄၅။**ထို့ပြင် သူတို့သည်ငရဲဘုံရှေ့သို့ခေါ်ဆောင်လာခြင်းခံရမည် ကိုလည်း သင်တွေ့ရပေမည်။ သူတို့သည် ဂုဏ်သိမ်ငယ်၍ ဦးညွှတ်နေကြလိမ့်မည်။ ခိုးကြောင်ခိုးဝှက်ဖြင့် ကြည့်နေကြလိမ့်မည်။ ထို့နောက် ယုံကြည်သူများက ပြောကြလိမ့်မည်။ ဆုံးရှုံးသူများဟူသည်မှာ တစ်ဖန်ရှင်ထမည့်နေ့တွင် မိမိတို့ကိုယ်ကို လည်းကောင်း၊ မိမိတို့နှင့် ပတ်သက်သည့်သူများကို လည်းကောင်း ဆုံးရှုံးမှုထဲတွင် ထည့်လိုက်ကြသူများသာ ဖြစ်သည်။ သတိပြုကြကုန်။ မတရားကျူးလွန်ခဲ့သူများသည် တည်မြဲသော ပြစ်ဒဏ်ထဲ၌ ရှိပေလိမ့်မည်။ **၄၆။** ထို့ပြင် သူတို့ကို ကူညီမည့် သူလည်း အလ္လာဟ်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ အလ္လာဟ်က လမ်းမှားအောင် လုပ်လိုက်သူတွင် လမ်းစဟူ၍ မရှိတော့ပေ။

၄၇။ သင်တို့သည် အလ္လာဟ်ဘက်မှ ဖယ်ရှားတော်မူမည်မဟုတ်သော နေ့တစ်နေ့ မရောက်လာမီအလျင် မိမိတို့အရှင်၏ ဖိတ်ခေါ်မှုကို လက်ခံကြကုန်။ ထိုနေ့တွင် သင်တို့အဖို့ မည်သည့်ခိုလှုံစရာမျှ ရှိမည်မဟုတ်ပေ။ ထို့ပြင် သင်တို့သည် မည်သည့်အရာနှင့် ပတ်သက်၍မျှ ငြင်းပယ်နိုင်မည်မဟုတ်ပေ။ **၄၈။** သို့ဖြစ်ရာ အကယ်၍ သူတို့သည် မျက်နှာလွဲသွားကြပါမူ ငါအရှင်သည် သင့်အား သူတို့အပေါ် အုပ်ထိန်းသူအဖြစ် စေလွှတ်တော်မူခဲ့သည်မဟုတ်ပေ။ အသင့်တာဝန်မှာ ပို့ချခြင်း သက်သက်သာ ဖြစ်သည်။ ငါအရှင်သည် လူသားအား မိမိ၏ကရုဏာတော်ကို မြည်းစမ်းစေသောအခါ သူသည် ဝမ်းရွှင်လေသည်။ အကယ်၍ သူတို့၏ လုပ်ဆောင်မှုများကြောင့် သူတို့အပေါ် ဒုက္ခကျရောက်လာလျှင် လူသားသည် ကျေးဇူးကန်းလေတော့သည်။

၄၉။ မိုးကောင်းကင်များနှင့် မြေပထဝီ၏ ပိုင်စိုးမှူသည် အလ္လာဟ်အတွက်

သာလျှင် ဖြစ်သည်။ အရှင်မြတ်သည် မိမိအလိုရှိရာကို ဖန်ဆင်းတော်မူသည်။ မိမိအလိုရှိတော်မူသောသူအား သမီးမိန်းကလေး ချီးမြှင့်တော်မူပြီး မိမိအလိုရှိတော်မူသူအား သားယောကျ်ားလေး ချီးမြှင့်တော်မူသည်။ **၅၀။** သို့မဟုတ် သူတို့အတွက် သားရော၊ သမီးပါ စုရုံးပေးတော်မူလိုက်သည်။ ထို့ပြင် အပြုံးဖြစ်စေလိုသူကို ဖြစ်စေတော်မူသည်။ စင်စစ် အရှင်မြတ်သည် အလွန်သိတော်မူသော၊ အရာရာတတ်စွမ်းနိုင်တော်မူသော အရှင်ဖြစ်သည်။

၅၁။ မည်သည့်လူသားမျှ အလွှာဟ်နှင့် စကားပြောဖို့ မတတ်စွမ်းနိုင်ပေ။ သို့သော် ဝဟီဗျာဒိတ်တော်အားဖြင့်သော်လည်းကောင်း၊ သို့မဟုတ် အကာအကွယ်တစ်ခုဏ်အနောက်မှ နေ၍သော်လည်းကောင်း သို့မဟုတ် ကောင်းကင်တမန်တစ်ပါးပါးကို စေလွှတ်ပြီးသော်လည်းကောင်း မိမိအလိုရှိသည်ကို မိမိဏ်ခွင့်ပြုချက်ဖြင့် ဗျာဒိတ်တော်မူခြင်းဖြင့်သော် လည်းကောင်း(ပြောနိုင်သည်။) ဇကန်စင်စစ် အရှင်မြတ်သည် အရာတိုင်းထက် မြင့်မားတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။ **၅၂။** ထိုနည်းတူစွာ ငါအရှင်မြတ်သည် သင့်ထံသို့လည်း ငါအရှင့်အမိန့်တော်ဖြင့် ဝိညာဉ်တစ်ခုကို ဗျာဒိတ်တော်အဖြစ် ချပေးတော်မူခဲ့သည်။ ကျမ်းဂန်ဟူသည်မှာ မည်သည့်အရာနည်း၊ ယုံကြည်ခြင်းဆိုသည်မှာ မည်သည့်အရာနည်း ဟူသည်ကို အသင်မသိခဲ့ပေ။ သို့သော် ငါအရှင်မြတ်က ယင်း(ကုရ်အာန်)ကို လင်းရောင်ခြည်အဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထိုကျမ်းဖြင့် ငါအရှင်သည် မိမိဏ်အစေခံများအနက်မှ အလိုရှိတော်မူသောသူကို လမ်းမှန်ပြတော်မူသည်။ ဇကန်စင်စစ် သင်သည် လမ်းမှန်ဘက်သို့ ပြဿသူဖြစ်သည်။ **၅၃။** မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသောအရာတို့ကို ပိုင်ဆိုင်တော်မူသော အလွှာဟ်ဏ် လမ်းသို့(ပြဿသူဖြစ်သည်။) သတိပြုကြကုန်။ အရေးကိစ္စတိုင်းသည် အလွှာဟ်ဘက်သို့သာ လှည့်ပြန်ကြလိမ့်မည်။

၄၃။ စူရဟ်ဖုခ်ရုဖ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဟာမီးမ်။ **၂။** ရှင်းလင်းထင်ရှားသော ဤကျမ်းဂန်ကို သက်သေထူ
သည်။ **၃။** အသင်တို့နားလည်ရန်အတွက် ငါအရှင်မြတ်သည် ယင်းကျမ်းကို အရဗီ
ဘာသာစကားဖြင့် ပြုတော်မူခဲ့သည်။ **၄။** အမှန်စင်စစ် ဤကျမ်းသည် ငါအရှင်မြတ်
ထံပါးတွင်ရှိသော မူရင်းကျမ်း၌ မြင့်မားလျက်၊ အမြော်အမြင်နှင့် ပြည့်စုံလျက်
ရှိပေသည်။

၅။ အသင်တို့သည် စည်းဘောင်ကျူးလွန်သူများ ဖြစ်ခြင်းကြောင့်
ငါအရှင်သည် သင်တို့ကို ဆုံးမခြင်းမှ ဥပေက္ခာပြုလိုက်ရမည်လော။ **၆။** ငါအရှင်မြတ်
သည် အလျင်ကလူများထံသို့ တမန်တော်ပေါင်း မြောက်မြားစွာကို စေလွှတ်တော်မူ
ခဲ့သည်။ **၇။** သူတို့ထံရောက်ခဲ့သော တမန်တော်များအနက် သူတို့လှောင်ပြောင်ခြင်း
မပြုခဲ့သော တမန်တော်ဟူ၍ မရှိပေ။ **၈။** ထို့ပြင် ငါအရှင်မြတ်သည် သူတို့ထက်
အားအင်ကြီးမားသောသူတို့ကိုပင်လျှင် ဖျက်ဆီးတော်မူခဲ့သည်။ ရှေးလူများ၏
နမူနာများသည် ကျော်လွန်ခဲ့ပေပြီ။

၉။ အကယ်၍ အသင်သည် ၎င်းတို့အား မိုးကောင်းကင်များနှင့် မြေ
ပထဝီကို မည်သူဖန်ဆင်းသနည်းဟု မေးလျှင် သူတို့က ယင်းမိုးမြေတို့ကို အလွန်
တန်ခိုးကြီးမားတော်မူသော၊ အလွန်သိတော်မူသောအရှင်က ဖန်ဆင်းတော်မူသည်
ဟု မုချ ဖြေကြပေလိမ့်မည်။ **၁၀။** ထိုအရှင်သည် သင်တို့အတွက် မြေကို
အခင်းအဖြစ် ပြုပေးတော်မူသည်။ ထို့ပြင် သင်တို့ လမ်းရရှိကြရန် အရှင်မြတ်သည်
ယင်းမြေတွင် သင်တို့အတွက် လမ်းများကို ပြုလုပ်ပေးတော်မူသည်။ **၁၁။**
ထိုအရှင်သည် မိုးကောင်းကင်မှ အတိုင်းအတာတစ်ခုဖြင့် ရေကို ချပေးတော်
မူသည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်းရေဖြင့် သေနေသောမြေကို ရှင်စေ
တော်မူသည်။ ထိုနည်းအတိုင်း သင်တို့လည်း ထုတ်ဆောင်ခြင်းခံရပေမည်။ **၁၂။**
ထို့နောက် အရှင်မြတ်သည် အမျိုးအစားတိုင်းကို ဖို-မ စုံတွဲ ဖန်ဆင်းတော်မူခဲ့သည်။
ထို့ပြင် သင်တို့စီးနင်းနိုင်ကြရန် သင်တို့အတွက် သင်္ဘောများ၊ တိရစ္ဆာန်များကို ဖန်

ဆင်းပေးတော်မူခဲ့သည်။ **၁၃။** အကြောင်းမှာ ယင်းအပေါ်တွင် သင်တို့မြဲမြံ ထိုင်နိုင်ကြပြီး၊ ထိုင်သည့်အခါ သင်တို့သည် မိမိတို့အရှင်၏ ကျေးဇူးတော်ကို သတိရကြရန် ဖြစ်သည်။ ထို့နောက် အသင်တို့ ဤသို့ ပြောဆိုကြရန်အတွက် ဖြစ်သည်။ ဤအရာများကို ကျွန်ုပ်တို့၏ ထိန်းချုပ်မှု အောက်တွင် ပြုပေးတော်မူသော အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်လှတော်မူပေသည်၊ ကျွန်ုပ်တို့သည် ဤအရာများကို နိုင်နင်းကြသူများမဟုတ်ကြပေ။ **၁၄။** ဇကနဲမုချ ကျွန်ုပ်တို့သည် မိမိတို့၏ အရှင်ထံပါးသို့ လှည့်ပြန်ရမည့်သူများ ဖြစ်ကြသည်။

၁၅။ ထို့နောက် သူတို့သည် အရှင်မြတ်၏ အစေခံများအနက်မှပင် အချို့ကို အရှင်မြတ်၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်လိုက်ကြသည်။ စင်စစ် လူသားသည် ထင်ရှားသော ကျေးဇူးကန်းသူပင် ဖြစ်သည်။ **၁၆။** ဘာလဲ၊ အရှင်မြတ်သည် မိမိအဖန်ဆင်းခံများအနက် သမီးမိန်းကလေးများကို နှစ်သက်ပြီး သင်တို့ကိုမူ သားယောကျ်ားပေးရန် ရွေးချယ်တော်မူသလော။ **၁၇။** သူတို့အနက် တစ်ဦးတစ်ယောက်သည် သူကိုယ်တိုင်က ကရုဏာတော်ရှင်ဘက်သို့ ဆက်နွယ်သောအရာ (သမီးမိန်းကလေး)နှင့် ပတ်သက်၍ သတင်းပေးခြင်းခံရသောအခါ သူ၏မျက်နှာသည် မည်းသွားပြီး သူသည် ပူဆွေးသောကတွင် နစ်မွန်းသွားလေတော့သည်။ **၁၈။** လက်ဝတ်ရတနာများတွင် ကြီးပြင်းပြီး ပြဿနာများတွင် စကားမပြောနိုင်သော သမီးမိန်းကလေးကို (သင်တို့က အလ္လာဟ်ဘက်သို့ ဆက်နွယ်ကြသလော။) **၁၉။** ထို့ပြင် သူတို့သည် ကရုဏာတော်ရှင်၏ အစေခံများဖြစ်ကြသော ကောင်းကင်တမန်များကို မိန်းမများဟု သတ်မှတ်ကြသည်။ ယင်းကောင်းကင်တမန်များကို ဖန်ဆင်းစဉ်အခါက သူတို့ရှိနေကြသလော။ သူတို့၏ ထွက်ဆိုမှုများကို ရေးမှတ်ခြင်းခံရပေမည်။ ထို့နောက် သူတို့ကို မေးမြန်းခြင်းခံရမည်။

၂၀။ ထို့ပြင် ၎င်းတို့က အကယ်၍ ရဟ်မာန်ကရုဏာရှင်က အလိုရှိပါမူ ငါတို့သည် ထိုကောင်းကင်တမန်များကို ကိုးကွယ်ကြမည်မဟုတ်ဟု ပြောကြသည်။ ယင်းနှင့်ပတ်သက်၍ သူတို့မှာ အသိမရှိပေ။ သူတို့သည် စင်စစ်တွင် ရမ်းဆ၍ ပြောနေခြင်းသာ ဖြစ်သည်။ **၂၁။** ဘာလဲ၊ ငါအရှင်သည် ဤမတိုင်မီက ၎င်းတို့အား ကျမ်းဂန်တစ်ခုခု ပေးတော်မူခဲ့၍ သူတို့သည် ယင်းကျမ်းကို ခိုင်မြဲစွာ ဆုပ်ကိုင်ထားကြသလော။ **၂၂။** ထိုသို့မဟုတ်။ အမှန်မှာ ၎င်းတို့က ကျွန်ုပ်တို့သည် မိမိတို့၏

ဘိုးဘေးများကို လမ်းစဉ်တစ်ခုပေါ်တွင် တွေ့မြင်ခဲ့ကြရသည်၊ ကျွန်ုပ်တို့သည်လည်း သူတို့၏နောက်သို့ လိုက်နေကြသည်ဟု ပြောကြသည်။ **၂၃။** ထိုနည်းတူ သင့်မတိုင်မီက ငါအရှင်သည် ရွာတစ်ရွာသို့ သတိပေးနှိုးဆော်သူတစ်ဦးကို စေလွှတ်တော်မူတိုင်း ယင်းရွာ၏ သူဌေးများက ငါတို့သည် မိမိတို့၏ ဘိုးဘေးများကို လမ်းစဉ်တစ်ခုပေါ်တွင် တွေ့မြင်ခဲ့ကြရသည်၊ ငါတို့သည်လည်း သူတို့၏နောက်သို့ လိုက်နေကြသည်ဟု ပြောကြသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ဘိုးဘေးများကို လမ်းစဉ်တစ်ခုပေါ်တွင် တွေ့မြင်ခဲ့ကြရသည်၊ ကျွန်ုပ်တို့သည်လည်း သူတို့၏နောက်သို့ လိုက်နေကြသည်ဟု ပြောကြသည်။ **၂၄။** သတိပေးနှိုးဆော်သူက ပြောသည်။ ကျွန်ုပ်သည် သင်တို့က မိမိတို့ဘိုးဘေးများကို တွေ့ခဲ့ရသည့်လမ်းစဉ်ထက် ပို၍ မှန်ကန်သော လမ်းကို သင်တို့ထံ ယူဆောင်လာလျှင်လည်း (သင်တို့သည် ထိုသို့ ပင် ပြုကြမည်လော။) ၎င်းတို့က ငါတို့သည် သင်စေလွှတ်ခြင်းခံလိုက်ရသည့်အရာ ကို ငြင်းဆိုကြသည်ဟု ပြောကြသည်။ **၂၅။** သို့နှင့် ငါအရှင်က သူတို့အား လက်စားချေတော်မူခဲ့သည်။ သို့ဖြစ်ရာ သင်သည် မဟုတ်မမှန်ဟု ပြောဆိုခဲ့သူများ၏ နိဂုံးမှာ မည်သို့ရှိခဲ့သည်ကို ကြည့်ပါလေ။

၂၆။ တစ်ချိန်က အိဗ်ရာဟီးမ်သည် မိမိ၏ဖခင်နှင့် မိမိ၏အမျိုးသား များအား ဤသို့ပြောလေသည်။ ကျွန်ုပ်သည် အသင်တို့ကိုးကွယ်နေသည့်အရာမှ ကင်းလွတ်သည်။ **၂၇။** ကျွန်ုပ်အား ဖန်ဆင်းတော်မူသောအရှင်မှလွဲ၍၊ အကြောင်းမှာ ထိုအရှင်မှာမူ ကျွန်ုပ်အား အမှန်တကယ် လမ်းပြတော်မူလိမ့်မည်။ **၂၈။** ထို့ပြင် အိဗ်ရာဟီးမ်သည် ဤစကားကိုပင် မိမိ၏နောက် မိမိ၏သားသမီးများတွင် ထားရစ်ခဲ့ လေသည်။ အကြောင်းမှာ ၎င်းတို့သည် ယင်းစကားဘက်သို့ လှည့်ကြရန် ဖြစ်သည်။ **၂၉။** သို့သာမက ငါအရှင်သည် ၎င်းတို့ကိုလည်းကောင်း၊ ၎င်းတို့၏ ဘိုးဘေးများ ကိုလည်းကောင်း လောကီစည်းစိမ်များ ပေးတော်မူခဲ့သည်။ နောက်ဆုံးတွင် ၎င်းတို့ ထံ အမှန်တရားနှင့် ရှင်းလင်းစွာ တင်ပြသော တမန်တော် ရောက်လာခဲ့သည်။ **၃၀။** ၎င်းတို့ထံ အမှန်တရား ရောက်လာသောအခါတွင် ၎င်းတို့က ဤသည် မှော်အတတ် ပညာဖြစ်သည်၊ ငါတို့သည် ဤသည်ကို ငြင်းဆိုကြသည်ဟု ပြောလေတော့သည်။

၃၁။ ၎င်းတို့က ဤကျမ်းဂန်သည် ရွာကြီးနှစ်ရွာမှ လူကြီး တစ်ယောက် ယောက်အပေါ်တွင် ဘာကြောင့် မကျရောက်သနည်း။ **၃၂။** ဤသူတို့သည်

သင့်အရှင်၏ ကရုဏာကို ခွဲဝေပေးကြသလော။ လောကီဘဝတွင် ၎င်းတို့၏ ရိက္ခာ ကိုမူ ငါအရှင်က ခွဲဝေတော်မူသည်။ ထို့ပြင် အချင်းချင်း တစ်ဦးကို တစ်ဦးအသုံးချ နိုင်ရန်အတွက် ငါအရှင်သည် တစ်ဦးအပေါ် အခြားတစ်ဦးကို သာပိုမှု ပေးတော်မူ ထားသည်။ သင့်အရှင်၏ကရုဏာသည် သူတို့စုဆောင်းနေသည့်အရာများထက် ပို၍ ကောင်းပေသည်။ **၃၃။** အကယ်၍ လူခပ်သိမ်းတို့သည် တစ်အုပ်စုတည်း (သွေဖည်သူများ) ဖြစ်သွားကြမည်ကို မစိုးရိမ်ရသော် ငါအရှင်သည် ကရုဏာရှင်ကို သွေဖည်သူများအတွက် သူတို့၏ အိမ်အမိုးကို လည်းကောင်း၊ သူတို့တက်ကြသည့် လှေကားများကိုလည်းကောင်း ငွေဖြင့်ပြုပေးတော်မူလိုက်မည်။ **၃၄။** ထို့ပြင် သူတို့အိမ်၏ တံခါးများကိုလည်းကောင်း၊ သူတို့အမှီပြုသည့် ခုတင်များကိုလည်း ကောင်း (ငွေအတိဖြစ်အောင် လုပ်ပေးတော်မူလိုက်မည်။) **၃၅။** ထို့ပြင် ရွှေအတိ ဖြစ်အောင်လည်း လုပ်ပေးတော်မူလိုက်မည်။ ဤအရာများသည် လောကီဘဝ၏ ပစ္စည်းဥစ္စာများသာ ဖြစ်သည်။ အသင့်အရှင်မြတ်ထံပါးတွင် နောင်တမလွန်ဘဝ သည် အလ္လာဟ်ကို ကြောက်ရွံ့သူများအတွက် ဖြစ်ပေသည်။

၃၆။ မည်သူမဆို ကရုဏာတော်ရှင်၏ အဆုံးအမကို မျက်နှာလွှဲပါမူ ငါအရှင်သည် သူ့အပေါ်တွင် ရှိုင်သွာန်တစ်ကောင်ကို လွှမ်းမိုးစေတော်မူလိုက်သည်။ သို့နှင့် ယင်းရှိုင်သွာန်သည် သူ၏ အဖော်ဖြစ်သွားလေတော့သည်။ **၃၇။** ယင်းရှိုင် သွာန်များသည် သူတို့အား လမ်းမှန်မှ တားဆီးနေလေသည်။ ထို့ပြင် ဤသူများသည် မိမိတို့မှာ လမ်းမှန်ရရှိထားသူများဖြစ်သည်ဟု ထင်မှတ်နေကြသည်။ **၃၈။** နောက် ဆုံးတွင် သူသည် ငါအရှင်မြတ်ထံသို့ လာသောအခါကျလျှင် အို-ဖြစ်မှဖြစ်လေခြင်း၊ သင်နှင့် ကျွန်ုပ်အကြားတွင် အရှေ့အရပ်နှင့် အနောက်အရပ်၏ အကွာအဝေး လောက် ကွာဝေးလျှင် ကောင်းလေစွ၊ အကြောင်းမှာ သင်သည် လွန်စွာဆိုးရွားသော အဖော်ပင်ဖြစ်သည်ဟု ပြောဆိုတမ်းတပေလိမ့်မည်။ **၃၉။** အသင်တို့သည် မတရား လုပ်ခဲ့ကြသည့်အတွက် သင်တို့အား မည်သို့မျှ အကျိုးပေးမည်မဟုတ်ပေ။ သင်တို့ သည် ပြစ်ဒဏ်၌ သင်တို့၏ တွဲဖက်ပါဝင်ကြပေလိမ့်မည်။

၄၀။ ထို့နောက် သင်သည် နားကန်းသူများကို ကြားစေနိုင်ပါမည်လော၊ သို့မဟုတ် မျက်ကန်းနှင့်၊ ထင်ရှားသောလမ်းမှားမှု၌ ရှိသူများကို လမ်းပြနိုင်မည် လော။ **၄၁။** အကယ်၍ ငါအရှင်သည် သင့်အား ခေါ်ဆောင်တော်မူလိုက်လျှင်

ငါအရှင်သည် ၎င်းတို့အား မုချလက်စားချေတော်မူမည်။ **၄၂။** သို့မဟုတ် ၎င်းတို့ကို ငါအရှင် ကတိပြုထားသောအရာကို အသင့်အား ပြသတော်မူမည်။ ငါအရှင်သည် ၎င်းတို့အပေါ်တွင် အပြည့်အဝ တတ်စွမ်းနိုင်တော်မူသည်။ **၄၃။** အသင်သည် မိမိထံ ဗျာဒိတ်တော်မူခြင်းခံရသော အရာကို စွဲမြဲစွာဆုပ်ကိုင်ထား လော့။ မုချ သင်သည် ဖြောင့်မတ်သော လမ်းပေါ်တွင် ရှိပေသည်။ **၄၄။** ထို့ပြင် ဤသည် အသင်နှင့် အသင့်အမျိုးသားများအတွက် အဆုံးအမဖြစ်သည်။ သင်တို့သည် မကြာမီ မေးမြန်းခြင်းကို ခံကြရမည်။ **၄၅။** အသင်မေးမြန်းကြည့်ပါ။ သင့်အလျင် ငါအရှင်မြတ် စေလွှတ်တော်မူခဲ့သော ရစူလ်တမန်တော်များအား ရဟ်မာန်ကရုဏာရှင်မှအပ အခြားကိုးကွယ်ခံထိုက်သောအခြားဘုရားများကို ငါအရှင် သတ်မှတ်ခဲ့သလော။

၄၆။ ငါအရှင်သည် မိမိလက္ခဏာတော်များကို ပေး၍ မူစာအား ဖိရ်အောင်နှင့် သူ၏မှူးမတ်များဆီသို့ စေလွှတ်တော်မူခဲ့သည်။ ထို့နောက် သူက ပြောသည်။ ကျွန်ုပ်သည် စကြဝဋ္ဌာ၏ အရှင်သခင်ဘက်မှ စေလွှတ်ခြင်းခံရသော တမန်တော်ဖြစ်သည်။ **၄၇။** သို့နှင့် သူသည် ငါအရှင်၏လက္ခဏာတော်များကို ယူ၍ သူတို့ထံလာသောအခါ သူတို့သည် ထိုလက္ခဏာတော်များအပေါ် ရယ်မောကြလေ တော့သည်။ **၄၈။** ၎င်းတို့ကို ငါအရှင်မြတ် ပြသခဲ့သမျှ လက္ခဏာတိုင်းသည် သူ့အလျင် လက္ခဏာထက် ပို၍ကြီးသည်ချည်းသာ ဖြစ်ပေသည်။ ၎င်းတို့ပြန်လှည့် လာရန်အတွက် ငါအရှင်မြတ်သည် ၎င်းတို့အား ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ **၄၉။** ထို့နောက် ၎င်းတို့က ပြောကြသည်။ အို-မှော်ဆရာ၊ အသင်သည် အရှင်မြတ်က သင့်အား ကတိပြုထားတော်မူသည့်အတိုင်း ငါတို့အတွက် သင့်အရှင်ထံပါးတွင် ဆုတောင်းပေးပါ။ ငါတို့သည် မုချ လမ်းမှန်ပေါ် လာကြပါမည်။ **၅၀။** ထို့နောက် ငါအရှင်သည် ၎င်းတို့ထံမှ ထိုပြစ်ဒဏ်ကို ဖယ်ရှားပေးလိုက်သောအခါ သူတို့သည် မိမိတို့၏ ကတိကို ချိုးဖျက်လေတော့သည်။

၅၁။ ထို့နောက် ဖိရ်အောင်နှ်သည် မိမိ၏အမျိုးသားများကြားတွင် အော်ဟစ်၍ပြောလေသည်။ အို-ငါ၏အမျိုးသားတို့၊ အီဂျစ်၏အုပ်ချုပ်မှုအာဏာသည် ငါ၏ပိုင်ဆိုင်မှုသာ မဟုတ်လော။ ထို့ပြင် ဤမြစ်ချောင်းများသည် ငါ၏အောက်တွင် စီးဆင်းနေသည်။ အသင်တို့ မတွေ့ကြသလော။ **၅၂။** သို့သာမက ငါသည် အကြင်သူထက် ပို၍ မြတ်ပေသည်၊ ယင်းသူသည် သေးသိမ်ပြီး ရှင်းလင်းစွာ

စကားလည်း မပြောနိုင်ပေ။ **၅၃။** သို့ရှိရာ (အကယ်၍ ဤသူသည် တမန်တော်ဆိုလျှင်) သူအပေါ်တွင် အဘယ်ကြောင့် ရွှေလက်ကောက်များ ကျမလာသနည်း။ သို့မဟုတ် ကောင်းကင်တမန်များသည် သူနှင့်အတူ ဘာကြောင့် အစဉ်မပြတ် မလိုက်လာကြသနည်း။ **၅၄။** ထို့နောက် သူသည် မိမိအမျိုးသားများကို အသိဉာဏ် ပျောက်ဆုံးသွားအောင် လုပ်လိုက်သည်။ သို့ရှိရာ ၎င်းတို့က သူ့ကို နာခံခဲ့ကြသည်။ စင်စစ် သူတို့သည် အမိန့်ဖီဆန်သော အမျိုးသားများ ဖြစ်ကြသည်။ **၅၅။** ထို့နောက် သူတို့သည် ငါအရှင့်အား အမျက်ဒေါသထွက်အောင် လုပ်ခဲ့ကြရာ ငါအရှင်သည် သူတို့အား လက်စားချေတော်မူပြီး သူတို့အားလုံးကို နစ်မြုပ်စေတော်မူခဲ့သည်။ **၅၆။** ထို့နောက် ငါအရှင်သည် သူတို့အား နောင်လာနောင်သားများအတွက် အတိတ်၏ ဒဏ္ဍာရီနှင့် သံဝေဂတရားရဖွယ်ရာ နမူနာဖြစ်အောင် ပြုလုပ်တော်မူခဲ့သည်။

၅၇။ ထို့နောက် မရ်ယမ်၏သားကို နမူနာအဖြစ် ပြခြင်းခံရသောအခါ အသင့်အမျိုးသားများသည် ယင်းဥပမာကြောင့် အော်ဟစ်လေတော့သည်။ **၅၈။** ၎င်းတို့က ပြောကြသည်။ ငါတို့၏ဘုရားများက ကောင်းသလော၊ သို့မဟုတ် သူက ကောင်းသလော။ သူတို့သည် ဤသို့ခိုင်းနှိုင်းပြရခြင်းမှာ အသင့်အား အငြင်းအခုံပြုရန်အတွက်သာ ဖြစ်သည်။ **၅၉။** သို့သာမက သူတို့သည် အငြင်းအခုံသမားများသာ ဖြစ်ကြသည်။ စင်စစ်တွင် အီစာသည် ငါအရှင်မြတ်က ကျေးဇူးပြုထားသော အစေခံမျှသာဖြစ်သည်။ ငါအရှင်သည် သူအား အိစ်ရာအီးလ်၏ သားသမီးများအတွက် နမူနာပြုလုပ်တော်မူခဲ့သည်။ **၆၀။** အကယ်၍ ငါအရှင်သည် အလိုရှိပါမူ မြေပြင်ပေါ်တွင် ကိုယ်စားလှယ်ဖြစ်မည့် ကောင်းကင်တမန်များအား အသင်တို့ထဲမှပင် ဖန်ဆင်းတော်မူပေမည်။ **၆၁။** အမှန်စင်စစ် အီစာသည် တစ်ဖန်ရှင်ထကြရမည့် နေ့၏ လက္ခဏာတစ်ခု ဖြစ်သည်။ သို့ရှိရာ သင်တို့သည် ယင်းကိစ္စတွင် သံသယမဖြစ်ကြလေနှင့်။ ထို့နောက် ငါ့နောက်ကို လိုက်ကြကုန်။ ဤသည်သာ ဖြောင့်မတ်မှန်ကန်သော လမ်းဖြစ်သည်။ **၆၂။** ထို့ပြင် ရှိုင်သွာန်သည် သင်တို့အား ယင်းလမ်းမှ မပိတ်ဆို့စေနှင့်။ မုချဇကန် သူသည် သင်တို့၏ ထင်ရှားသော ရန်သူပင်ဖြစ်သည်။

၆၃။ အီစာသည် ထင်ရှားသော သက်သေအထောက်အထားများဖြင့် လာသောအခါ ဤသို့ ပြောခဲ့သည်။ ငါသည် သင်တို့ထံသို့ အမြော်အမြင်ယူ၍ လာခဲ့သည်။ ထို့ပြင် ငါသည် အသင်တို့ ကွဲလွဲနေသော ကိစ္စတချို့ကို ရှင်းလင်းပြရန်

အတွက် ဖြစ်သည်။ သို့ရှိရာ သင်တို့သည် အလ္လာဟ်ကို ကြောက်ကြကုန်။ ထို့ပြင် ငါ၏အမိန့်ကို နာခံကြကုန်။ **၆၄။** စင်စစ်ဧကန် အလ္လာဟ်သာလျှင် ငါအရှင်နှင့် သင်တို့၏အရှင်ဖြစ်သည်။ သို့ဖြစ်ရာ သင်တို့သည် ထိုအရှင်ကိုသာ ကိုးကွယ်ကြကုန်။ ဤသည်သာလျှင် လမ်းမှန်လမ်းဖြောင့် ဖြစ်သည်။ **၆၅။** ထို့နောက် သူတို့ထဲမှ အုပ်စုတို့သည် အချင်းချင်း ကွဲလွဲကြကုန်၏။ သို့ဖြစ်ရာ ယင်းမတရားကျူးလွန်သူများအတွက်မှာမူ နာကျင်ဖွယ်နေ့၏ ပြစ်ဒဏ်ကြောင့် ပျက်စီးခြင်း ရှိပေသည်။

၆၆။ ဤသူတို့သည် သူတို့ သိပင်မသိလိုက်ရဘဲ ရုတ်တရက် သူတို့အပေါ် ကိယာမသ်နေ့ ရောက်လာရန်ကိုသာ စောင့်ဆိုင်းနေကြသည်။ **၆၇။** အလ္လာဟ်ကို ကြောက်ရွံ့သူများမှအပ ကျန်မိတ်ဆွေအားလုံးသည် ထိုနေ့ကျလျှင် အချင်းချင်း ရန်သူဖြစ်သွားကြမည်။ **၆၈။** အို-ငါ၏ကျေးကျွန်အပေါင်းတို့၊ ယနေ့အသင်တို့သည် ကြောက်ရမည်လည်းမဟုတ်၊ ပူဆွေးသောကရောက်ရမည်လည်းမဟုတ်ပေ။ **၆၉။** ထိုသူတို့သည် ငါအရှင်မြတ်၏ မုက္ခပါဠိတော်များကို ယုံကြည်ခဲ့ပြီးနောက် အမိန့်နာခံခဲ့ကြသည်။ **၇၀။** သင်တို့နှင့် သင်တို့၏ဇနီးကြင်ရာများသည် ဝမ်းသာပီတိဖြစ်လျက် ဂျန္ဆသ်ဥယျာဉ်သို့ ဝင်ရောက်ကြကုန်။ **၇၁။** သူတို့ရှေ့တွင် ရွှေလင်ပန်းများ၊ ရေတကောင်းများ လည်ပတ်လျက် ရှိပေလိမ့်မည်။ ထိုနေရာတွင် စိတ်အလိုရှိသမျှနှင့် မျက်လုံးအရသာခံစားစရာ ဟူသမျှ ရှိပေလိမ့်မည်။ သင်တို့သည် ထိုထဲတွင် ထာဝရနေရပေလိမ့်မည်။ **၇၂။** ဤသည် သင်တို့လုပ်ဆောင်လေ့ရှိသော လုပ်ရပ်များကြောင့် သင်တို့ရရှိလိုက်သော ဂျန္ဆသ်ဥယျာဉ် ဖြစ်သည်။ **၇၃။** ထိုထဲတွင် သင်တို့အတွက် သစ်သီးဝလံများ အမြောက်အမြားရှိပေလိမ့်မည်။ ယင်းထဲမှ သင်တို့ စားသုံးကြရပေလိမ့်မည်။

၇၄။ မုချဧကန် အပြစ်သားများသည် ငရဲဘုံတွင် ထာဝရရှိလိမ့်မည်။ **၇၅။** ယင်းပြစ်ဒဏ်သည် သူတို့ထံမှ လျော့ပေါ့ခြင်းခံရမည်မဟုတ်ပေ။ ထို့နောက် သူတို့သည် ယင်းငရဲထဲတွင် မက်ကင်း၍ နေကြလိမ့်မည်။ **၇၆။** ငါအရှင်မြတ်သည် သူတို့အပေါ်တွင် မတရားမလုပ်ခဲ့ပေ။ သို့သာမက သူတို့ကိုယ်တိုင်သာ မတရားလုပ်သူများဖြစ်ကြသည်။ **၇၇။** ထို့နောက် ၎င်းတို့က အော်ဟစ်ကြလိမ့်မည်။ အို-မာလိက်၊ အသင့်အရှင်သည် ကျွန်ုပ်တို့အား အဆုံးသာ စီရင်စေတော်မူလိုက်ပါ။ ကောင်းကင်တမန်များက ပြောလိမ့်မည်။ သင်တို့သည် ဤအတိုင်းသာ နေနေကြ

ရလိမ့်မည်။ **၇၈။** ငါတို့သည် သင်တို့ထံသို့ အမှန်တရားကို ယူ၍ လာခဲ့သည်။ သို့သော် အသင်တို့အနက်မှ အများစုသည် အမှန်တရားကို မနှစ်မြို့ခဲ့ကြပေ။ **၇၉။** သူတို့သည် တစ်စုံတစ်ခုကို အသေအချာလုပ်ဖို့ ဆုံးဖြတ်ထားသလော။ ငါအရှင်မြတ်သည်လည်း တစ်စုံတစ်ရာလုပ်ဖို့ ဆုံးဖြတ်ပြီးသားဖြစ်သည်။ **၈၀။** ငါအရှင်မြတ်သည် သူတို့၏ လျှို့ဝှက်ချက်များနှင့်၊ သူတို့၏ အကြံဉာဏ်များကို နားထောင်နေတော်မူသည်မဟုတ်ဟု သူတို့ထင်နေကြသလော။ ဘာကြောင့်နားမထောင်ရမည်နည်း။ ငါအရှင်မြတ် စေလွှတ်ထားသောသူများသည် သူတို့ထံတွင် ရေးသားလျက်ရှိသည်။

၈၁။ အသင်ပြောပါ။ အကယ်၍ ကရုဏာတော်ရှင်တွင် သားသမီးတစ်စုံတစ်ဦးရှိပါက ကျွန်ုပ်သည် ဦးစွာ ကိုးကွယ်လိုက်မည်။ **၈၂။** မိုးကောင်းကင်များနှင့် မြေပထဝီ၏ အရှင်၊ ပလ္လင်တော်၏အရှင်သည် ၎င်းတို့ပြောဆိုသောအရာများမှ သန့်ပြန့်စင်ကြယ်တော်မူပေသည်။ **၈၃။** သို့ဖြစ်ရာ အသင်သည် သူတို့အား အချည်းနှီးစကားများတွင် နစ်မွန်းပြီး ဆော့ကစားနေပါစေ။ နောက်ဆုံးတွင် သူတို့သည် ကတိပေးခြင်းခံထားရသည့် နေ့ကို တွေ့ကြုံရပေလိမ့်မည်။

၈၄။ ထိုအရှင်မြတ်သည်သာ မိုးကောင်းကင်တွင်ရော၊ မြေပထဝီတွင်ပါ ကိုးကွယ်ခံထိုက်သည့်အရှင်ဖြစ်သည်။ ထိုအရှင်မြတ်သည် အမြော်အမြင်နှင့် ပြည့်စုံတော်မူသော၊ အလွန်သိတော်မူသော အရှင်ဖြစ်သည်။ **၈၅။** မိုးကောင်းကင်များနှင့် မြေပထဝီ၏ အချုပ်အခြာအာဏာကိုလည်းကောင်း၊ ယင်းနှစ်ခုကြား၏ အချုပ်အခြာအာဏာကိုလည်းကောင်း ပိုင်စိုးတော်မူသော အရှင်သည် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံတော်မူလှသည်။ ထို့ပြင် ထိုအရှင်မြတ်ထံတွင်သာ ကိယာမသိနေ့၏ အသိရှိသည်။ ထို့ပြင် သင်တို့သည် ထိုအရှင်မြတ်ထံသို့သာ ပို့ဆောင်ခြင်းခံရမည်။ **၈၆။** အလ္လာဟ်ရှင်မြတ်ကိုစွန့်၍ သူတို့ဟစ်ခေါ်တသကြသောသူများသည် ကြားဝင်အသနားခံခွင့်ကို မပိုင်ဆိုင်ကြပေ။ သို့သော် သိပြီးနောက် အမှန် တရားကို သက်သေခံကြသူများသာ (ကြားဝင်အသနားခံပေးနိုင်ကြသည်။) **၈၇။** အကယ်၍ သင်သည် ၎င်းတို့အား အသင်တို့ကို မည်သူဖန်ဆင်းခဲ့သနည်းဟု မေးလျှင် သူတို့က အလ္လာဟ်ဟု ဖြေကြလိမ့်မည်။ သို့ပါလျက် သူတို့သည် အဘယ်သို့ တိမ်းပါး၍ သွားကြသနည်း။ **၈၈။** ထို့ပြင် အို-ကျွန်တော်မျိုး၏အရှင်မြတ်၊ ဤသူများသည်

ယုံကြည်ကြမည့်သူများ မဟုတ်ပါဟူ၍ တမန်တော် တိုင်တန်းလိုက်သည့် စကားကို လည်း ထိုအရှင်က သိတော်မူသည်။ **၈၉။** သို့ဖြစ်ရာ သင်သည် ၎င်းတို့အား ဥပေက္ခာပြု၍ နေပါ။ ထို့ပြင် သင်တို့ ငြိမ်းချမ်းပါစေဟု ပြောပါ။ မကြာမီ သူတို့ သိသွားကြပေလိမ့်မည်။

၄၄။ စုရတ်ဒုခါန်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဟာမီး၌။ **၂။** ရှင်းလင်းထင်ရှားသော ဤကျမ်းဂန်ကို သက်သေထူသည်။ **၃။** ငါအရှင်သည် ထိုကျမ်းကို မင်္ဂလာရှိသော ညတစ်ည၌ ချပေးတော်မူခဲ့သည်။ စင်စစ်ဇကန် ငါအရှင်သည် သတိပေးနှိုးဆော်သည့်အရှင် ဖြစ်သည်။ **၄။** ထိုညတွင် အမြော်အမြင်နှင့်ဆိုင်သည့် အရေးကိစ္စတိုင်းသည် ဆုံးဖြတ်ခြင်းခံရသည်။ **၅။** ငါအရှင်၏ အမိန့်တော်ဖြင့် ဖြစ်သည်။ ထို့ပြင် ငါအရှင်သည် တမန်တော်ကို စေလွှတ်သည့် အရှင်ဖြစ်သည်။

၆။ အကြောင်းမှာ အသင့်အရှင်ထံပါးမှ ကရုဏာအနေဖြင့် ဖြစ်သည်။ ထိုအရှင်သည်သာ အလွန်ကြားတော်မူသော၊ အလွန်သိတော်မူသော အရှင်ဖြစ်သည်။ **၇။** မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ယင်းနှစ်ခုကြားရှိသော အရာများကိုပါ ပိုင်စိုးတော်မူသော အရှင်ဘက်တော်မှ ဖြစ်သည်။ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြသော် (မှတ်ကြကုန်) **၈။** ထိုအရှင်မြတ်မှလွဲ၍ အခြားခပ်ဝိုးဝိုး ကွယ်ထိုက်သည့်အရှင်မရှိပေ။ ထိုအရှင်သာလျှင် ရှင်စေတော်မူသည်။ ထိုအရှင် သာလျှင် သေစေတော်မူသည်။ အသင်တို့၏အရှင်လည်းဖြစ်ပြီး အသင်တို့၏ ရှေးယခင်က ဘိုးဘေးများ၏ အရှင်လည်း ဖြစ်သည်။

၉။ သို့သာမက သူတို့သည် သံသယအတွင်း၌ ဆော့ကစား နေလျက်ရှိကြသည်။ **၁၀။** သို့ဖြစ်ရာ မိုးကောင်းကင်သည် ထင်ရှားသော အခိုးအငွေ့ဖြင့် ပေါ်လွင်လာမည့်နေ့ကို စောင့်ဆိုင်းနေပါ။ **၁၁။** ယင်းအခိုးအငွေ့သည် လူတို့ကို ဝန်းရံလိုက်မည်။ ဤသည် နာကျင်ဖွယ်ပြစ်ဒဏ်တစ်ခု ဖြစ်သည်။ **၁၂။** အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်ုပ်တို့အပေါ် မှ ပြစ်ဒဏ်ကို ဖယ်ရှားပေးတော်မူလိုက်ပါ။

ကျွန်ုပ်တို့ ယုံကြည်ပါပြီ။ **၁၃။** သူတို့အတွက် ဆုံးမသြဝါဒသည် အဘယ်မှာ ရှိတော့မည်နည်း။ သူတို့ထံသို့ ထင်ထင်ရှားရှား ပြောဆိုဆုံးမသည့် တမန်တော်လာခဲ့ပြီး ဖြစ်သည်။ **၁၄။** ထို့နောက် သူတို့က ယင်းတမန်တော်ကို ကျောခိုင်းခဲ့သည်။ ထို့နောက် ဤသူသည် သင်ကြားပေးခြင်းခံထားရသော အရူးတစ်ယောက်သာ ဖြစ်သည်ဟု ပြောခဲ့ကြသည်။ **၁၅။** ငါအရှင်သည် ခဏတာ ပြစ်ဒဏ်ကို ဖယ်ရှားပေးလိုက်မည်။ (သို့သော်) သင်တို့သည် ယင်းအချေအနေသို့ပင် ပြန်ရောက်လာကြပေလိမ့်မည်။ **၁၆။** ငါအရှင်မြတ်ဘက်မှ အကြီးဆုံးဖမ်းဆီးမှုဖြင့် ဖမ်းဆီးသောနေ့တွင် ငါအရှင်သည် အပြည့်အဝ လက်စားချေတော်မူမည်။

၁၇။ ထို့နောက် ၎င်းတို့မတိုင်မီ ငါအရှင်သည် ဖိရ်အောင်နှစ်၏ အမျိုးသားများကို စမ်းသပ်တော်မူခဲ့သည်။ ထို့နောက် ၎င်းတို့ထံ ဂုဏ်သရေရှိသော တမန်တော်တစ်ပါး လာခဲ့သည်။ **၁၈။** အကြောင်းမှာ အသင်တို့သည် အလွှာဟ်အစေခံများကို ငဲ့လက်သို့ လွှဲအပ်ကြကုန်။ ငါသည် သင်တို့အတွက် ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါး ဖြစ်သည်။ **၁၉။** ထို့ပြင် သင်တို့သည် အလွှာဟ်ရှေ့မှောက်တွင် မမောက်မာကြလေနှင့်။ ငါသည် သင်တို့ရှေ့တွင် ထင်ရှားသော အထောက်အထား တစ်ရပ်ကို တင်ပြမည်။ **၂၀။** ထို့ပြင် သင်တို့က ငဲ့အား ခဲဖြင့် ပေါက်သတ်ခြင်းမပြုရန် ငါသည် သင်တို့နှင့် ငဲ့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်ထံပါးတွင် ခိုလှုံပြီး ဖြစ်သည်။ **၂၁။** အကယ်၍ အသင်တို့သည် မယုံကြည်ကြလျှင် ငါနှင့် သီးခြားနေပါ။

၂၂။ သို့ဖြစ်ရာ မူစာသည် မိမိအရှင်အား ဤသူတို့သည် အပြစ်သားများဖြစ်သည်ဟု အော်ဟစ်တိုင်ကြားခဲ့သည်။ **၂၃။** သို့ရှိရာ သင်သည် ငါ၏အစေခံများကို ခေါ်၍ ညတွင်းချင်း ထွက်သွားပါလေ။ သင့်နောက်ကို လိုက်ခြင်းခံရပေလိမ့်မည်။ **၂၄။** ထို့နောက် သင်သည် ပင်လယ်ကို ငြိမ်သက်စွာ ထားရစ်ခဲ့လိုက်ပါ။ သူတို့၏ တပ်သည် နစ်မြုပ်ကြလိမ့်မည်။ **၂၅။** ၎င်းတို့သည် အဘယ်မျှ ဥယျာဉ်များကို လည်းကောင်း၊ စမ်းချောင်းများကိုလည်းကောင်း စွန့်ထားရစ်ခဲ့ကြသနည်း၊ **၂၆။** ထို့ပြင် (မြောက်မြားစွာသော) လယ်ယာများနှင့် ကောင်းသော အိမ်ရာများကို လည်းကောင်း၊ **၂၇။** ၎င်းတို့ပျော်ရွှင်စွာ ရှိခဲ့ကြသော စည်းစိမ်ပစ္စည်းများကိုလည်းကောင်း (ထားရစ်ခဲ့ကြသည်။) **၂၈။** ဤအတိုင်းဖြစ်ခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် အခြားလူမျိုးများအား ထိုအရာများကို ပိုင်ဆိုင်စေခဲ့သည်။ **၂၉။** သို့ရှိရာ

သူတို့အပေါ်တွင် မိုးလည်း မငို၊ မြေလည်းမငိုခဲ့ပေ။ သူတို့သည် ဆိုင်းငံ့ခွင့်ပင် မရရှိခဲ့ကြပေ။

၂၉။ ထို့နောက် ငါအရှင်မြတ်သည် အိစ္စရာအီလ်မျိုးနွယ်ဝင်များအား ဂုဏ်သိက္ခာ ကျစေသော ပြစ်ဒဏ်မှ ကယ်တင်တော်မူခဲ့သည်။ **၃၀။** ဆိုလိုသည်မှာ ဖိရိအောင်နှံထံမှဖြစ်သည်။ မုချဇကန် သူသည် မာန်တက်နေပြီး စည်းဘောင်ကျော် သူများအနက်မှ ဖြစ်သည်။ **၃၂။** ငါအရှင်မြတ်သည် ၎င်းအိစ္စရာအီလ်မျိုးနွယ်ဝင်တို့အား ပညာအရ လောကီသားများထက် ပို၍ သာလွန်မှု ပေးတော်မူခဲ့သည်။ **၃၃။** ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား ထင်ရှားသော ဆုလာဘ်များပါရှိသော လက္ခဏာများ ကို ပေးတော်မူခဲ့သည်။

၃၄။ ဤသူတို့က ပြောကြသည်။ **၃၅။** ဤသည်သာ ကျွန်ုပ်တို့၏ ပထမသေခြင်း ဖြစ်သည်။ ထို့နောက်တွင် ကျွန်ုပ်တို့သည် ပြန်လည်ရှင်ထစေခြင်း ခံရမည်မဟုတ်ပေ။ **၃၆။** အကယ်၍ သင်တို့သည် မှန်ကန်သူများဖြစ်ပါမူ ကျွန်ုပ်တို့၏ ဘိုးဘေးများကို ခေါ်ဆောင်လာပါ။ **၃၇။** သူတို့က ပိုကောင်းသလော၊ သို့မဟုတ် သုဝဏ်အမျိုးသားများနှင့် သူတို့အလျင်ရှိခဲ့ကြသောသူများက ပိုကောင်းသလော။ ယင်းသူတို့အား ငါအရှင်က ဖျက်ဆီးတော်မူခဲ့သည်။ အမှန်တွင် သူတို့သည် အဓိန့်ဇီဆန်သူများ ဖြစ်ခဲ့ကြသည်။

၃၈။ ငါအရှင်မြတ်သည် မိုးကောင်းကင်များ၊ မြေပထဝီနှင့် ယင်းမိုးမြေကြားတွင် ရှိသောအရာများကို အလကားသက်သက် ဆောက်စားသောအားဖြင့် ဖန်ဆင်းထားသည်မဟုတ်ပေ။ **၃၉။** ငါအရှင်မြတ်သည် ထိုအရာများအား မှန်ကန်သော ရည်ရွယ်ချက်ဖြင့်သာ ဖန်ဆင်းတော်မူခဲ့သည်။ သို့သော် သူတို့ထဲမှ အများစုသည် မသိကြပေ။ **၄၀။** ဇကန်စင်စစ် ဆုံးဖြတ်မည့်နေ့သည် သူတို့အားလုံး၏ သတ်မှတ်ထားသော အချိန်ဖြစ်သည်။ **၄၁။** ယင်းနေ့သည် မည်သည့်ဆွေမျိုးမျှ အခြားဆွေမျိုးအတွက် အသုံးဝင်မည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် ကူညီစောင့်ရှောက်မှုကိုလည်း ခံရမည်မဟုတ်ပေ။ **၄၂။** အလွှာဟ်သနားတော်မူသောသူမှလွဲ၍ ဖြစ်သည်။ မုချ ထိုအရှင်သာလျှင် အလွန်နိုင်နင်းလွှမ်းမိုးတော်မူသော အလွန်သနားတော်မူသော အရှင်ဖြစ်သည်။

၄၃။ ဇက္ကျူမ်အပင်သည် **၄၄။** အပြစ်ကျူးလွန်သူ၏ အစာဖြစ်မည်။ **၄၅။**

ဆီ၏အနည်းကဲ့သို့ဖြစ်သည်။ ယင်းသည် ဗိုက်ထဲတွင် ဆူပွက်လိမ့်မည်။ **၄၆။** ရေပူဆူပွက်သကဲ့သို့ ဖြစ်မည်။ **၄၇။** သူ့ကို ဖမ်းဆီး၍ ဂျဟန္နမ်ငရဲဘုံ၏ အလယ်သို့တိုင် တရွတ်ဆွဲ၍ ခေါ်သွားကြကုန်။ **၄၈။** ထို့နောက် သူဦးခေါင်းပေါ်တွင် ဆူပွက်နေသော ရေပြေစ်ဒဏ်ကို လောင်းချကြကုန်။ **၄၉။** ယင်းအရာကို မြည်းစမ်းလော့။ သင်သည် အလွန်ချစ်ခင်ရသော ဂုဏ်သရေရှိသောသူဖြစ်သည်။ **၅၀။** ဤသည် သင်တို့ သံသယဝင်လေ့ရှိခဲ့သော အရာပင် ဖြစ်သည်။

၅၁။ ဇကနစင်စစ် အလ္လာဟ်ကို ကြောက်ရွံ့သူများသည် အန္တရာယ်ကင်းသော နေရာတွင် ရှိကြလိမ့်မည်။ **၅၂။** ဥယျာဉ်များနှင့် စမ်းချောင်းများတွင်။ **၅၃။** သူတို့သည် ပါးသောပိုးနှင့် ထူသောပိုးတို့ဖြင့်ပြီးသော အဝတ်ကို ဝတ်၍ မျက်နှာချင်းဆိုင်ကာ ထိုင်နေကြလိမ့်မည်။ **၅၄။** ဤအတိုင်းဖြစ်လိမ့်မည်။ ထို့နောက် ငါအရှင်သည် ၎င်းတို့အား မျက်လုံးကျယ်၍ ချောမောလှပသော မိန်းကလေးများနှင့် ထိမ်းမြားပေးတော်မူမည်။ **၅၅။** သူတို့သည် ယင်းဥယျာဉ်တွင် သစ်သီးဝလံမျိုးစုံကို အေးဆေးတည်ငြိမ်စွာဖြင့် မှာယူကြလိမ့်မည်။ **၅၆။** သူတို့သည် ပထမတစ်ကြိမ်က သူတို့မြည်းစမ်းခဲ့သော သေခြင်းတရားကလွဲ၍ ယင်းဥယျာဉ်တွင် သေခြင်းတရားကို (တစ်ဖန်) မြည်းစမ်းကြရတော့မည်မဟုတ်ပေ။ အလ္လာဟ်သည် ၎င်းတို့အား ငရဲပြစ်ဒဏ်မှ ကာကွယ်ပေးတော်မူလိုက်ပြီ။ **၅၇။** ဤသည် အသင့်အရှင်၏ ကျေးဇူးတော်ဖြင့် ဖြစ်လိမ့်မည်။ ဤသည်သာ ကြီးမားသော အောင်မြင်မှု ဖြစ်သည်။

၅၈။ သို့ဖြစ်ရာ လူတို့ အဆုံးအမရယူရန်အတွက် ငါအရှင်သည် ဤကျမ်းကို အသင်၏ ဘာသာစကားဖြင့် လွယ်ကူအောင် လုပ်ပေးတော်မူခဲ့သည်။ **၅၉။** သို့ရှိရာ သင်လည်း စောင့်ဆိုင်းနေပါ။ သူတို့လည်း စောင့်ဆိုင်းနေကြသည်။

၄၅။ စူရတ် ဂျာဆီယဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဟာ၊ မီမ်။ **၂။** ဤသည် အလွန် နိုင်နင်းလွန်မိုးမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အလ္လာဟ်ထံတော်မှ ချပေးခြင်းခံရသော

ကျမ်းဂန်ပင်။ **၃။** ဇကန်စင်စစ် သက်ဝင်ယုံကြည်ကြသူတို့အဖို့ မိုးကောင်းကင်များနှင့် မြေပထဝီတွင် သက်သေလက္ခဏာတော်များ မုချ ရှိပေသည်။ **၄။** အသင်တို့ကို ဖန်ဆင်းခြင်းနှင့် မြေပထဝီတွင် အရှင်မြတ် ဖြန့်ထားတော်မူသောတိရစ္ဆာန်များကို ဖန်ဆင်းခြင်းတွင်လည်း ယုံကြည်ကြသူတို့အဖို့ သက်သေလက္ခဏာများ မုချ ရှိပေသည်။ **၅။** ထို့ပြင် ညည်နှင့် နေ့ကို ပြောင်းလဲဖြစ်ပေါ်စေခြင်း၊ ကောင်းကင်မှ အလွှာဟ်ချပေးထားတော်မူသော စားနပ်ရိက္ခာတည်းဟူသောမိုးရေတွင်၊ တစ်ဖန် ယင်းမိုးရေဖြင့် သေပြီးသားမြေကို ရှင်သန်စေတော်မူခြင်း၊ လေများကို ပြောင်းလဲ တိုက်ခတ်စေတော်မူခြင်းတို့တွင် သိနားလည်ကြသောသူတို့အဖို့ သက်သေ လက္ခဏာများ မုချ ရှိပေသည်။ **၆။** ဤသည် အလွှာဟ်၏ အာယသ်တော်များပင် ဖြစ်သည်။ ငါအရှင်သည် ထိုအာယသ်တော်များကို အသင့်အား တိကျမှန်ကန်စွာ ဖတ်ကြားပြတော်မူသည်။ သို့ဖြစ်ပေရာ အလွှာဟ်နှင့် အရှင်မြတ်၏အာယသ်တော် များမှတစ်ပါး အခြားမည်သည့်စကားကို သူတို့ယုံကြည်ကြမည်နည်း။

၇။ ဤသို့သော မုသားပြောဆိုသူ၊ ပြစ်မှုကျူးလွန်သူတိုင်းအဖို့ အကြီး အကျယ် ပျက်စီးခြင်း ရှိပေသည်။ **၈။** သူသည် မိမိရှေ့တွင် ဖတ်ကြားပြသော အလွှာဟ်၏ အာယသ်တော်များကို နားထောင်သည်။ ထို့နောက် ယင်းအာယသ် တော်များကို မကြားခဲ့သကဲ့သို့ပင် မာန်မာနထောင်လွှားကာ ခေါင်းမာနေခဲ့သည်။ သို့ဖြစ်ရာ အသင်သည် ၎င်းအား အလွန် နာကျင်စေသော ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သတင်းကောင်းပါးလိုက်ပါ။ **၉။** ထို့ပြင် သူသည် ငါအရှင်၏ အာယသ်တော်များ အနက်မှ တစ်စုံတစ်ရာကို သိလိုက်ရသည်နှင့် ယင်းအာယသ်တော်ကို ပြောင် လှောင်စရာအဖြစ် ပြုလုပ်ခဲ့လေသည်။ ထိုကဲ့သို့သောသူတို့အဖို့ ဂုဏ်သေးသိမ်စေ မည့်ပြစ်ဒဏ် ရှိပေသည်။ **၁၀။** သူတို့၏ရှေ့တွင် ဂျဟန္နမ်ငရဲဘုံ ရှိနေပေသည်။ သူတို့ ရှာဖွေဆည်းပူးခဲ့သမျှသောအရာများသည် သူတို့အတွက် ဘာမျှ အသုံးဝင် မည်မဟုတ်။ ထို့ပြင် အလွှာဟ်မှလွဲ၍ ကူညီစောင့်ရှောက်သူများအဖြစ် သူတို့သတ် မှတ်ခဲ့ကြသောသူများသည်လည်း သူတို့အတွက် ဘာမျှအသုံးဝင်မည်မဟုတ်။ ထို့ပြင် သူတို့အဖို့ ကြီးလေးသော ပြစ်ဒဏ်လည်း ရှိပေမည်။ **၁၁။** ဤသည် တရား လမ်းညွှန်ပင် ဖြစ်ပေသည်။ မိမိတို့အရှင်၏ အာယသ်တော်များကို ငြင်းပယ်ကြသော သူတို့အတွက်မှာမူ ဆိုးရွားပြီး နာကျင်စေသော ပြစ်ဒဏ်ရှိပေသည်။

၁၂။ အလ္လာဟ်သည်ပင် ပင်လယ်သမုဒ္ဒရာကို အသင်တို့အတွက် ထိန်းချုပ်ပေးတော်မူခဲ့သည်။ ထိုထဲတွင် သင်္ဘောများသည် အရှင့် အမိန့်တော်ဖြင့် လှုပ်ရှားသွားလာရန်၊ အရှင့်ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကို အသင်တို့ ရှာဖွေနိုင်ကြရန်နှင့် အသင်တို့ ကျေးဇူးတင်ကြရန်အတွက် ဖြစ်လေသည်။ **၁၃။** အရှင်မြတ်သည်ပင် မိုးကောင်းကင်များတွင် ရှိရှိသမျှနှင့် မြေပထဝီတွင် ရှိရှိသမျှ သော အရာအားလုံးကို မိမိအထံတော်မှ အသင်တို့အတွက် ထိန်းချုပ်ပေး တော်မူခဲ့သည်။ ဇကန်စင်စစ် စဉ်းစားဆင်ခြင်ကြသောသူတို့အဖို့ ဤအချက်တွင် သက်သေလက္ခဏာတော်များ မုချ ရှိနေပေသည်။

၁၄။ သူတို့သည် အလ္လာဟ်၏နေ့ရက်များအား မျော်လင့်ခြင်းမရှိကြ သောသူများကို ခွင့်လွှတ်ထားကြကုန်ဟု သက်ဝင်ယုံကြည်သူတို့အား အသင်ပြော လိုက်ပါ။ အကြောင်းမှာ အရှင်မြတ်သည် အုပ်စုတစ်စုအား သူတို့ရာဖွေဆည်း ပူးခဲ့ကြသည်နှင့်အညီ အစားပေးတော်မူရန်အတွက် ဖြစ်လေသည်။ **၁၅။** ကောင်းမှု ပြုသူသည် မိမိအကျိုးအတွက် ကောင်းမှုပြုခြင်းဖြစ်ပြီး မကောင်းမှုပြုသူသည် မိမိ ဆိုးကျိုးအတွက် မကောင်းမှုပြုခြင်း ဖြစ်သည်။ ထို့နောက်တစ်ဖန် ထိုအရှင့်ထံသို့သာ အသင်တို့ ပြန်လည်ရောက်ရှိကြရမည်။

၁၆။ ဇကန်စင်စစ် ငါအရှင်သည် အစ္စရာအီလ်မျိုးနွယ်ဝင်တို့အား ကျမ်းဂန်၊ စီရင်ဆုံးဖြတ်မှုနှင့် နဗီတမန်တော်ဖြစ်ခြင်းဘွဲ့ထူးတို့ကို ချီးမြှင့်ပေးသနား တော်မူခဲ့သည်။ ထိုပြင် ငါအရှင်သည် သူတို့အား သန့်ပြန့်ဝင်ကြယ်သော အစား အစာများကိုလည်း ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ထိုပြင် သူတို့အား တစ်လောက လုံးထက် သာပိုထူးကဲစေတော်မူခဲ့သည်။ **၁၇။** ထိုပြင် ငါအရှင်သည် သူတို့အား သာသနာရေးနှင့်စပ်လျဉ်း၍ ထင်ရှားသော သက်သေလက္ခဏာများကို ပေးသနား တော်မူခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် မိမိတို့ထံ အသိပညာရောက်လာပြီးသည့် နောက်မှ မိမိတို့အချင်းချင်း မနာလိုမုန်းတီးမှုကြောင့် ကွဲလွဲခဲ့ကြခြင်းသာ ဖြစ်သည်။ ဇကန်စင်စစ် အသင့်အရှင်သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် သူတို့ ကွဲလွဲလေ့ ရှိခဲ့ကြသည်များနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူပေမည်။ **၁၈။** ထို့နောက် ငါအရှင်သည် အသင့်အား သာသနာ့လမ်းစဉ်တစ်ခုပေါ်တွင် တည်ရှိစေတော်မူခဲ့ သည်။ သို့ဖြစ်ပေရာ အသင်သည် ထိုလမ်းစဉ်နောက်ကိုသာ လိုက်ပါ။ အသိပညာ

ကင်းမဲ့သောသူတို့၏ အလိုဆန္ဒများနောက်ကို မလိုက်လေနှင့်။ **၁၉။** ဇကနစင်စစ် သူတို့သည် အလွှာဟ်နှင့်ဆန့်ကျင်၍ အသင့်အား မည်သည့်အရာမျှ အကျိုးပေးနိုင်မည်မဟုတ်ပေ။ ဇကနစင်စစ် မတရားသောသူတို့သည်သာ အချင်းချင်း အဆွေခင်ပွန်းများ ဖြစ်ကြသည်။ အလွှာဟ်ကတော့ မိမိအားကြောက်ရွံ့ရှိသေကြသူတို့၏ အဆွေခင်ပွန်း ဖြစ်ပေသည်။ **၂၀။** ဤကျမ်းသည် လူတို့အဖို့ တရားရစေနိုင်သော အရာများဖြစ်၍ ယုံကြည်သောသူတို့အဖို့ တရားလမ်းညွှန်နှင့် ကရုဏာတော် ဖြစ်ပေသည်။

၂၁။ မကောင်းမှုများ ကျူးလွန်ခဲ့ကြသူတို့က ငါအရှင်မြတ်သည် သူတို့အား အီမာန်ယုံကြည်၍ ကောင်းမှုများ ကျင့်ဆောင်ခဲ့ကြသော သူတို့ကဲ့သို့ ပြုလုပ်ပေးပြီး သူတို့အားလုံး၏ ရှင်ခြင်းနှင့် သေခြင်းကို အတူတူပင် မခြားနားအောင် ပြုလုပ်ပေးလိမ့်မည်ဟု ထင်မှတ်နေကြသလော။ သူတို့၏ စီရင်ဆုံးဖြတ်ချက်သည် အဘယ်မျှ ဆိုးရွားလိုက်ပါဘိ။ **၂၂။** အလွှာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဉာဏ်အမြော်အမြင်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ လူတိုင်းလူတိုင်းအား သူတို့ ရှာဖွေဆည်းပူးခဲ့သည်နှင့်အညီ အစားပေးတော်မူရန်အတွက် ဖြစ်လေသည်။ သူတို့သည် မတရားလုပ်ခြင်းကို အလျှင်း ခံကြရမည်မဟုတ်ပေ။

၂၃။ မိမိစိတ်အလိုရမ္မက်ကို မိမိကိုးကွယ်ရာအရှင်အဖြစ် ပြုလုပ်ထားသောသူအား အသင်တွေ့မြင်ပါသလော။ သူတွင် အသိရှိပါလျက်နှင့်ပင် အလွှာဟ်သည် သူ့အား လမ်းမှားသို့ ရောက်စေတော်မူခဲ့သည်။ ထို့ပြင် သူ၏နားနှင့် သူ၏စိတ်နလုံးပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူခဲ့သည်။ ထို့ပြင် သူ၏မျက်စိပေါ်ဝယ် အကာအကွယ် ပြုလုပ်ထားတော်မူခဲ့သည်။ သို့ဖြစ်ရာ ထိုသို့သောသူကို အလွှာဟ်မှ လွှဲ၍ မည်သူကတရားလမ်းမှန်ညွှန်ပြနိုင်ပါမည်နည်း။ အသင်တို့သတိမထားကြသလော။

၂၄။ သူတို့က "အသက်ရှင်ခြင်းဟူသည် ကျွန်ုပ်တို့၏ ဤလောကီဘဝ အသက်ရှင်ခြင်းမှအပ အခြားမရှိ။ ကျွန်ုပ်တို့သည် သေကြသည်။ ရှင်ကြသည်။ ကျွန်ုပ်တို့အား ခေတ်ကာလသည်သာလျှင် သေကြေပျက်စီးစေသည်"ဟု ပြောဆိုခဲ့ကြသည်။ အမှန်တွင် ဤသည်နှင့်စပ်လျဉ်း၍ သူတို့ထံတွင် မည်သည့် အသိပညာမျှပင် မရှိချေ။ သူတို့သည် ထင်မြင်ယူဆနေကြခြင်းသာ ဖြစ်သည်။ **၂၅။** သူတို့ရှေ့ဝယ် ငါအရှင်မြတ်၏ ထင်ရှားသော အာယသ်တော်များကို ဖတ်ကြားသောအခါ သူတို့က

အကယ်၍ အသင်တို့သည် အမှန်ပြောသူများ ဖြစ်ကြလျှင် ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့အား အသက်ပြန်ရှင်အောင်လုပ်ပြီး ခေါ်ယူခဲ့ကြပါဟု ပြောဆိုခြင်းမှတစ်ပါး မည်သည့် ဆင်ခြေမျှ မတတ်နိုင်ခဲ့ကြပေ။ **၂၆။** အသင်ပြောကြားပါ။ အလ္လာဟ်သည်သာ အသင်တို့အား ရှင်စေတော်မူသည်။ ထို့နောက် အသင်တို့အား သေစေတော်မူမည်။ ထို့နောက် ဒွိဟသံသယ အလျှင်းမရှိသော ကိယာမသ်-ရှင်ပြန်ထမည့်နေ့တွင် အသင်တို့အား စုရုံးတော်မူပေမည်။ သို့သော် လူအများစုသည် မသိနားမလည်ကြပေ။ **၂၇။** မိုးကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှုကို အလ္လာဟ် သာလျှင် ပိုင်ဆိုင်တော်မူသည်။ ကိယာမသ်-ရှင်ပြန်ထမည့် အချိန်ကာလ ဆိုက်ရောက်လာမည့်နေ့တွင်မူ အမှားလိုက်စားကြသောသူတို့သည် ပျက်စီးဆုံးရှုံးကြပေမည်။ **၂၈။** အုပ်စုတိုင်း အုပ်စုတိုင်းသည် ဒူးထောက်လျက် ရှိကြသည်ကို အသင် တွေ့မြင်ရပေမည်။ အုပ်စုတိုင်း အုပ်စုတိုင်းသည် မိမိတို့၏ မှတ်တမ်းစာအုပ်ဆီသို့ ခေါ်ခြင်းကို ခံကြရပေမည်။ ယနေ့မူ အသင်တို့သည် မိမိတို့ ကျင့်မူခဲ့ကြသည်များကိုသာ အစားပေးခြင်း ခံကြရပေမည်။ **၂၉။** ဤသည် အသင်တို့နှင့်ပတ်သက်၍ တိကျမှန်ကန်စွာ ပြောပြနေသော ငါအရှင်၏ မှတ်တမ်းစာအုပ်ပင် ဖြစ်သည်။ ဇကန်စင်စစ် ငါအရှင်သည် အသင်တို့ ပြုမူခဲ့ကြသည်များကို ရေးမှတ်ခိုင်းတော်မူခဲ့လေ့ရှိပေသည်။

၃၀။ သို့ဖြစ်ရာ အီမာန်ယုံကြည်၍ ကောင်းမှုသီလများ ကျင့်ဆောင်ခဲ့ကြသူများကိုမူ သူတို့၏အရှင်သည် မိမိကရုဏာတော်တွင်းသို့ ဝင်ရောက်စေတော်မူပေမည်။ ဤသည်ပင်လျှင် ထင်ရှားသော အောင်မြင်မှု ဖြစ်သည်။ **၃၁။** သွေဖည်ငြင်းပယ်ခဲ့ကြသောသူတို့မှာမူ (သူတို့အား ဤသို့ပြောဆိုခြင်းခံရမည်။) ငါအရှင်မြတ်၏ အာယသ်တော်များသည် အသင်တို့ ရှေ့ဝယ် ဖတ်ကြားခြင်းခံခဲ့ရသည်မဟုတ်လော။ သို့တစေလည်း အသင်တို့သည် မာနထောင်လွှားခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် ပြစ်မှုကျူးလွန်သူများလည်း ဖြစ်ခဲ့ကြသည်။ **၃၂။** ထို့ပြင် ဇကန်စင်စစ် အလ္လာဟ်၏ ကတိတော်သည် မှန်ကန်ကြောင်းနှင့် ကိယာမသ်-ရှင်ပြန်ထမည့်နေ့သည် သံသယဖြစ်စရာ အလျှင်းမရှိကြောင်း ပြောကြားခြင်းခံရသောအခါ အသင်တို့က ကိယာမသ်နေ့သည် မည်သည့်အရာနည်းဆိုတာကို ကျွန်ုပ်တို့မသိကြပါ။ ကျွန်ုပ်တို့သည် ထင်ရုံမျှသာ ထင်ပြီး တကယ်ယုံကြည်သူများ မဟုတ်ကြပေဟု ပြောဆိုခဲ့ကြသည်။

၃၃။ သူတို့လုပ်ရပ်များ၏ ဆိုးယုတ်မှုများသည် ပေါ်လွင်လာပေမည်။ ထို့ပြင် သူတို့ ပြောင်လှောင်ခဲ့ကြသော အရာများက သူတို့ကို ဝန်းရံလိုက်ပေမည်။ **၃၄။** ထို့နောက် သူတို့သည် ဤသို့ ပြောဆိုခြင်းခံရပေမည်။ အသင်တို့သည် ဤနေ့နှင့်တွေ့ဆုံရမည်ကို မေ့လျော့ခဲ့ကြသည့်နည်းတူ ငါအရှင်မြတ်သည်လည်း ယနေ့ အသင်တို့အား မေ့လျော့တော်မူမည်။ အသင်တို့၏ ခိုလှုံရာဌာနမှာ ငရဲမီးပင်ဖြစ်သည်။ အသင်တို့အား ကူညီစောင်မပေးမည့်သူဟူ၍လည်း မည်သူမျှ ရှိမည်မဟုတ်ပေ။ **၃၅။** ဤသို့ဖြစ်ရခြင်းမှာ အသင်တို့သည် အလ္လာဟ်၏ အာယသ်တော်များကို ပြောင်လှောင်စရာအဖြစ် ပြုလုပ်ခဲ့ကြသောကြောင့်နှင့် လောကီဘဝသည် အသင်တို့အား ဖြားယောင်းခဲ့သောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရာ ယနေ့ သူတို့သည် ယင်းငရဲမီးမှ ထွက်စေခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။ သူတို့၏ တောင်းပန်ခြင်းကိုလည်း လက်ခံခြင်းခံရမည်မဟုတ်ပေ။

၃၆။ ဧကန်စင်စစ် ချီးမွမ်းခြင်းအပေါင်းသည် မိုးကောင်းကင်များ၏အရှင်သခင်၊ ကမ္ဘာမြေ၏အရှင်သခင်၊ လောကအပေါင်း၏အရှင်သခင် ဖြစ်တော်မူသော အလ္လာ့ဟ်အဖို့သာလျှင် ဖြစ်ပေသည်။ **၃၇။** ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ထူးကဲကြီးကျယ်ခြင်းသည်လည်း ထိုအရှင့်အဖို့သာလျှင် ဖြစ်သည်။ အရှင်မြတ်သည် အလွန် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသည်။

၄၆။ စူရဟ် အဟ်ကားဖ်။

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

★**၁။** ဟာမီးမ်။ **၂။** ဤသည် အလွန် နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အလ္လာ့ဟ်ထံတော်မှ ချပေးသနားတော်မူသော ကျမ်းဂန်ပင် ဖြစ်သည်။ **၃။** ငါအရှင်သည် မိုးကောင်းကင်များနှင့် မြေပထဝီ၊ ထို့ပြင် ယင်းနှစ်ခုအကြားတွင် ရှိရှိသမျှတို့ကို သတ်မှတ်ပိုင်းခြားထားသော အချိန်ကာလအတွက် မှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်။ သို့သော်လည်း သွေဖည်ငြင်း

ပယ်သောသူတို့မှာမူ မိမိတို့အား သတိပေးနှိုးဆော်ခြင်းခံရသည်များမှ မျက်နှာလွှဲလျက်ပင် ရှိကြပေသည်။

၄။ အသင်မေးမြန်းပါ။ ငါ့အား အသင်တို့ ပြောကြစမ်းပါဦး။ အလွှာဟ်မှ တစ်ပါး အသင်တို့ ဟစ်ခေါ်တသနေကြသော အရာများသည် မြေပထဝီတွင် ဘာများ ဖန်ဆင်းခဲ့ကြသနည်း၊ သို့မဟုတ် မိုးကောင်းကင်များ၌ သူတို့၏ ဖက်စပ်ပါဝင်မှုတစ်ခုခု ရှိသလားဆိုသည်ကို ငါ့အား အသင်တို့ ပြကြလေကုန်။ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြပါလျှင် ဤကျမ်းဂန်၏အလျင် ကျရောက်ခဲ့သော ကျမ်းတစ်ကျမ်းကျမ်း၊ သို့မဟုတ် ရှေးအဆက်ဆက်က ဆင်းသက်လာသော အသိပညာတစ်ခုခုကို ငါ့ထံ ယူခဲ့ကြလေကုန်။ **၅။** အလွှာဟ်ကို မဟစ်ခေါ်ဘဲ ကိယာမသ်ရှင်ပြန်ထမည့်နေ့တိုင်အောင် မိမိအား ဖြေကြားမည်မဟုတ်သည့်အပြင် မိမိအား ဟစ်ခေါ်နေသည်ကိုပင် မသိကြသောအရာများကို ဟစ်ခေါ်တသနေသော သူထက်ပို၍ လမ်းလွဲသူဟူ၍ မည်သူရှိပါဦးမည်နည်း။ **၆။** ထို့ပြင် လူတို့စုရုံးခြင်းခံကြရသောအခါ ထိုအရာတို့သည် သူတို့၏ရန်သူများပင် ဖြစ်သွားကြမည့်အပြင် သူတို့၏ ဆည်းကပ်ကိုးကွယ်မှုကိုလည်း ငြင်းပယ်ပစ်လိုက်ကြပေမည်။

၇။ သူတို့ရှေ့တွင် ငါအရှင်၏ ထင်ရှားသော အာယသ်တော်များ ဖတ်ကြားပြသောအခါ သွေဖည်ငြင်းပယ်သောသူတို့သည် သူတို့ထံရောက်ရှိလာသော အမှန်တရားနှင့်စပ်လျဉ်း၍ ဤသည် ထင်ရှားစွာသော မှော်အတတ်ပညာ ဖြစ်သည်ဟုပြောဆိုခဲ့ကြသည်။ **၈။** ဤသူ(မုဟမ္မဒ်)သည် ထိုကုရ်အာန်ကျမ်းကို လုပ်ကြံဖန်တီးထားသည်ဟု သူတို့က ပြောကြသလော။ အသင်ပြောလိုက်ပါ။ အကယ်၍ ငါသည် ယင်းကုရ်အာန်ကျမ်းကို လုပ်ကြံဖန်တီးထားပါလျှင် အသင်တို့သည် ငါ့ကို အလွှာဟ်ထံမှ လုံးဝကယ်တင်နိုင်ကြလိမ့်မည်မဟုတ်ပေ။ အရှင်မြတ်သည် အသင်တို့ ပြောဆိုနေသည်များကို အသိဆုံးပင် ဖြစ်တော်မူသည်။ ငါနှင့် အသင်တို့ကြားတွင် အရှင်မြတ်သည်ပင် လုံလောက်သော သက်သေဖြစ်တော်မူသည်။ အရှင်မြတ်သည် အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်သနားကြင်နာ ညှာတာတော်မူသော အရှင်ဖြစ်တော်မူပေသည်။

၉။ အသင်ပြောကြားပါ။ ငါသည် အသစ်အဆန်းတမန်တော် မဟုတ်ပေ။ ထို့ပြင် ငါနှင့်ပတ်သက်၍ လည်းကောင်း၊ အသင်တို့နှင့် ပတ်သက်၍လည်းကောင်း၊

မည်သို့ ပြုလုပ်ခြင်းခံရမည်ကိုလည်း ငါမသိပေ။ ငါသည် မိမိထံ ထုတ်ပြန်ခြင်းခံရသော ဝဟီဗျာဒိတ်တော်ကိုသာလျှင် လိုက်နာသည်။ စင်စစ် ငါသည် ရှင်းလင်းထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်ပေသည်။ **၁၀။** အသင်ပြောကြားပါ။ အသင်တို့ စဉ်းစားမိကြသလော။ အကယ်၍ ဤကုရ်အာန်ကျမ်းသည် အလွှာဟ်အထံတော်မှ ဖြစ်ပြီး အသင်တို့သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းပယ်လျက်ရှိကြမည်ဆိုလျှင်(အသင်တို့သည် မတရားရာ မကျပေသလော။) ယင်းကုရ်အာန်ကျမ်းတော်ကဲ့သို့သော ကျမ်းဂန်ကို အစ္စရာအီလ်မျိုးနွယ်တို့အနက်မှ သက်သေခံသူတစ်ဦးက သက်သေခံခဲ့ပြီးနောက် သက်ဝင်ယုံကြည်ခဲ့ပြီးဖြစ်၏။ သို့ပါလျက် အသင်တို့မှာမူကား မောက်မာ၍သာ နေခဲ့ကြသည်။ ဇကန်စင်စစ် အလွှာဟ်သည် မတရားမှုကျူးလွန်သောသူတို့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။

၁၁။ အကယ်၍ ထိုကုရ်အာန်သည် ကောင်းမြတ်သောအရာဖြစ်ခဲ့မူ သူတို့သည် ယင်းကုရ်အာန်ဘက်သို့ ကျွန်ုပ်တို့ထက်အလျင် ဦးသွားခဲ့ကြမည်မဟုတ်ပေဟု သွေဖည်ငြင်းပယ်သောသူတို့သည် သက်ဝင်ယုံကြည်သောသူတို့နှင့် ပတ်သက်၍ ပြောဆိုခဲ့ကြသည်။ သူတို့သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ဖြင့် တရားလမ်းမှန် မရခဲ့ကြသဖြင့် ဤသည် အလိမ်အညာအဟောင်းပင် ဖြစ်သည်ဟူ၍ ပြောဆိုကြပေလိမ့်မည်။ **၁၂။** စင်စစ်တွင် ဤကုရ်အာန်ကျမ်းထက်အလျင်တွင် မူစာ၏ကျမ်းဂန်သည် ရှေ့ဆောင်လမ်းပြအဖြစ်၊ ကရုဏာတော်အဖြစ် ရှိခဲ့ပေသည်။ ဤကျမ်းဂန်မှာ ထိုကျမ်းကို ထောက်ခံပေးသော ကျမ်း၊ မတရားမှု ကျူးလွန်ကြသူများအား သတိပေးနှိုးဆော်ရန်အတွက် အရဗီဘာသာစကားဖြင့် ထုတ်ပြန်ထားသောကျမ်း၊ ကောင်းမှုပြုသူတို့အဖို့ သတင်းကောင်း ပေးသောကျမ်း ဖြစ်သည်။ **၁၃။** ဇကန်စင်စစ် ကျွန်တော်မျိုးတို့၏အရှင်သည် အလွှာဟ်ပင်ဖြစ်သည်ဟု ပြောဆိုပြီးနောက် မြဲမြံမြဲမြံမြဲ ရပ်တည်ခဲ့ကြသောသူတို့ အပေါ်တွင် မည်သည့်စိုးရိမ်မှုမျှလည်း ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် ပူပန်သောက ဖြစ်ကြရမည်လည်း မဟုတ်ပေ။ **၁၄။** ထိုသို့သောသူတို့သာလျှင် ဂျန္နသ်သုခဘုံသားများ ဖြစ်ကြသည်။ ထိုထဲတွင် သူတို့သည် ထာဝရနေထိုင် ကြရပေမည်။ ယင်းမှာ သူတို့ကျင့်မူခဲ့ကြသည်များနှင့်အညီ အစားပေးခြင်းပင် ဖြစ်ပေသည်။

၁၅။ ငါအရှင်သည် လူသားအား မိဘနစ်ပါးကို ကောင်းစွာပြုစု ဆက်ဆံရန် လေးနက်စွာ အမိန့်ပေးတော်မူခဲ့သည်။ သူ၏ မိခင်သည် သူ့အား ဆင်းရဲဒုက္ခကြီးစွာ ကိုယ်ဝန်ဆောင်ခဲ့ရသည်။ ထို့ပြင် ဆင်းရဲဒုက္ခကြီးစွာပင် သူ့အား မွေးဖွားခဲ့ရသည်။ သူ့အား ကိုယ်ဝန်ဆောင်ခြင်းနှင့် သူ့အား နို့ဖြတ်ခြင်းသည် လပေါင်း သုံးဆယ်တွင် ဖြစ်သည်။ နောက်ဆုံးတွင် ထိုလူသားသည် လူလားမြောက်သော အရွယ်သို့ ရောက်ရှိ၍ အနှစ်လေးဆယ်သို့ ရောက်လေသောအခါ ဤသို့ ပန်ကြားလျှောက်ထားလေသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုး အပေါ်၌၎ ကျွန်တော်မျိုး၏ မိဘနစ်ပါးအပေါ်၌ ပြုတော်မူခဲ့သော ကျေးဇူးတော်ကို ကျေးဇူးသိတတ်နိုင်စွမ်း ကျွန်တော်မျိုးအား ချီးမြှင့်တော်မူပါ။ ထို့ပြင် အရှင်မြတ် နှစ်သက်သောကောင်းမှုများကို ပြုလုပ်နိုင်စွမ်းလည်း ချီးမြှင့်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအဖို့ ကျွန်တော်မျိုး၏ သားမြေးများတွင် ကောင်းမြတ်သော သားမြေးများ ချီးမြှင့်တော်မူပါ။ ဇကနဒ်စစ် ကျွန်တော်မျိုးသည် အရှင်မြတ်ထံသို့ ပြန်လှည့် ပါပြီ။ ဇကနဒ်စစ် ကျွန်တော်မျိုး သည် အမိန့်နာခံသူတို့တွင် တစ်ဦးအပါအဝင် ဖြစ်ပါပြီ။ **၁၆။** ထိုသူများမှာ သူတို့၏ အကောင်းဆုံးသော ကျင့်မူချက်များကို ငါအရှင် လက်ခံတော်မူပြီး သူတို့၏ပြစ်မှုများကို လျစ်လျူရှုတော်မူလိုက်မည့် သူများဖြစ်ကြသည်။ သူတို့သည် ဂျန္ဆသ်သုခဘုံသားများအနက်မှလည်း ဖြစ်ကြပေမည်။ ယင်းမှာ သူတို့ကို ပေးထားသော မှန်ကန်သော ကတိတော်အရ ဖြစ်ပေသည်။

၁၇။ ထို့ပြင် အကြင်သူသည် မိမိ၏ မိဘနစ်ပါးအား ဤသို့ ပြောဆိုခဲ့၏။ အသင်တို့နှစ်ဦးအဖို့ စိတ်ပျက်စရာပင်။ ကျွန်ုပ်သည် သချိုင်းထဲမှ ပြန်ထွက်စေခြင်း ခံရ မည်ဟု ကျွန်ုပ်ကို ခြောက်လှန့်ကြသလော။ စင်စစ်တွင် ကျွန်ုပ်ထက်အလျင် လူမျိုးပေါင်းများစွာ ကျော်လွန်ခဲ့လေပြီ။ သို့သော်လည်း ထိုမိဘနစ်ပါးကမူ အလွှာဟ် ထံတွင် ဟစ်အော်ငိုကြွေး အကူအညီတောင်းခံကြသည်။ အသင့်အတွက် ပျက်စီး လေခြင်း။ အသင် သက်ဝင်ယုံကြည်လိုက်ပါ။ ဇကနဒ်စစ် အလွှာဟ်၏ကတိတော် သည် မှန်ကန်ပေသည်။ ထိုအခါ သူက "ဤသည် ရှေးလူတို့၏ ပုံပြင်များသာလျှင် ဖြစ်သည်" ဟု ပြောဆိုခဲ့လေသည်။ **၁၈။** ထိုသို့သောသူတို့ပေါ်တွင် သူတို့ထက် အလျင် က ကျော်လွန်ခဲ့သော ဂျင်နီများ၊ လူသားများနှင့်အတူတူပင် အလွှာဟ် အမိန့်တော် (ပြစ်ဒဏ်)သည် အတည်ဖြစ်သွားခဲ့လေတော့သည်။ ဇကနဒ်စစ်

သူတို့သည် ဆုံးရှုံးသူများ ဖြစ်ခဲ့ကြပေသည်။

၁၉။ လူတိုင်း လူတိုင်းအဖို့ မိမိတို့ ကျင့်မှုခဲ့ကြသည်နှင့်အညီ အဆင့်အတန်းများရှိမည်။ ထို့ပြင် အလွှာဟ်သည် သူတို့အား သူတို့၏ ကျင့်မူဆောင်ရွက်ချက်များအတွက် ပြည့်ပြည့်ဝဝ အစားပေးတော်မူရန် ဖြစ်သည်။ သူတို့အပေါ်တွင် မည်သည့်မတရားမှုမျှ ဖြစ်မည်မဟုတ်ပေ။ **၂၀။** သွေဖည်ငြင်းပယ်ကြသူတို့သည် ငရဲမီးဆီသို့ ခေါ်ဆောင်လာခြင်းခံရသောအခါ (ၛင်းတို့အားပြောခြင်းခံရမည်မှာ) အသင်တို့သည် မိမိတို့၏ လောကီဘဝ၌ပင် မိမိတို့၏ ကောင်းမြတ်သောအရာများကို ရယူလိုက်ပြီးဖြစ်သည်။ ထိုအရာများဖြင့် အကျိုးလည်းခံစားခဲ့ကြပေပြီ။ ယနေ့မှာမူ ကမ္ဘာမြေတွင် အသင်တို့ မတရားသဖြင့် မောက်မာပလွှားခဲ့သောကြောင့်၊ အမိန့်ဖီဆန်ခဲ့ကြသောကြောင့် ဂုဏ်သရေသေးသိမ်စေသော ပြစ်ဒဏ်ကို အစားပေးခြင်းခံကြရပေမည်။

၂၁။ အားဒ်အမျိုးသားတို့၏နောင်တော် (ဟူးဒ်)အကြောင်း ပြောပြပါလေ။ တစ်ခါတွင် သူသည် မိမိအမျိုးသားတို့အား အဟ်ကာဖ်အမည်ရှိရွာတွင် သတိပေးနှိုးဆော်ခဲ့သည်။ သူအလျင်ကလည်း သတိပေးနှိုးဆော်သူများ ကျော်လွန်ခဲ့သလို သူနောက်တွင်လည်း လာခဲ့ကြသည်။ သူက ဤသို့ ပြောခဲ့သည်။ အသင်တို့သည် အလွှာဟ်မှတစ်ပါး အခြားဘယ်အရာကိုမျှ မကိုးကွယ်ကြကုန်လေနှင့်။ ဇကန်စင်စစ် ငါသည် အသင်တို့ပေါ်တွင် ကြီးကျယ်သောနေ့၏ ပြစ်ဒဏ်ကို စိုးရိမ်သည်။ **၂၂။** ထိုအမျိုးသားတို့က ပြောဆိုခဲ့ကြသည်။ အသင်သည် ကျွန်ုပ်တို့၏ကိုးကွယ်ရာများမှ ကျွန်ုပ်တို့အား လွှဲဖယ်ပစ်ရန်အတွက် ကျွန်ုပ်တို့ထံ လာခဲ့လေသလော။ သို့ဖြစ်ရာ အကယ်၍ အသင်သည် မှန်ကန်သူတစ်ဦးဖြစ်ပါမူ ကျွန်ုပ်တို့အား အသင်ကတိပေးနေသောအရာကို ကျွန်ုပ်တို့ထံ ယူဆောင်ခဲ့ပါ။ **၂၃။** ဟူဒ်က ပြန်ပြောသည်။ ဤသည်နှင့်စပ်လျဉ်းသော အသိသည် အလွှာဟ်ထံတွင်သာ ရှိပေသည်။ ကျွန်ုပ်သည် ကျွန်ုပ်ကို ပေး၍ စေလွှတ်လိုက်သောသတင်းစကားကိုသာ အသင်တို့ထံသို့ ပို့ချပါသည်။ သို့ရာတွင် အသင်တို့သည် အသိပညာမဲ့သောစကားများကို ပြောဆိုနေသူများဖြစ်ကြောင်း ကျွန်ုပ်တွေ့မြင်ရပေသည်။

၂၄။ ထို့နောက်တွင် ပြစ်ဒဏ်သည် သူတို့နေထိုင်ရာ တောင်ကြားအရပ်ဒေသများသို့ မိုးတိမ်အဖြစ် တရွေ့ရွေ့ဦးတည်လာနေသည်ကို တွေ့မြင်ကြသော

အခါ သူတို့က ဤသည် ကျွန်ုပ်တို့အပေါ် မိုးရွာသွန်းပေးမည့်မိုးတိမ်ပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်တွင် ထိုအရာမှာ အသင်တို့ အလျင်စလို တောင်းဆိုခဲ့ကြသော ပြစ်ဒဏ်ပင် ဖြစ်သည်။ နာကျင်စေသော ပြစ်ဒဏ်ပါရှိသည့် လေပြင်းမုန်တိုင်းတစ်ခုသာ ဖြစ်သည်။ ၂၅။ ထိုလေပြင်းမုန်တိုင်းသည် မိမိအရှင်၏အမိန့်တော်နှင့် အရာအားလုံးကို ဖျက်ဆီးပေမည်။ ထို့နောက် သူတို့၏ နေအိမ်များမှတစ်ပါး ထိုနေရာတွင် အခြားတစ်စုံတစ်ရာကိုမျှ မမြင်ရတော့သည်အထိ (ပျက်စီးခြင်းသို့) သူတို့ရောက်သွားခဲ့ကြလေသည်။ ငါအရှင်သည် ရာဇဝတ်သားများအား ထိုနည်းအတိုင်းပင် အစားပေးတော်မူပေသည်။

၂၆။ ဇကေနစင်စစ် ငါအရှင်သည် အသင်တို့အား ပေးတော်မမူခဲ့သော စွမ်းရည်သတ္တိများကိုပင် သူတို့အား ပေးတော်မူခဲ့သည်။ ငါအရှင်သည် သူတို့အား နား၊ မျက်စိနှင့် စိတ်နှလုံးများကိုလည်း ပေးသနားတော်မူခဲ့သည်။ သို့သော် သူတို့၏ နားများ၊ သူတို့၏ မျက်စိများ၊ သူတို့၏ စိတ်နှလုံးများသည် သူတို့အဖို့ ဘာတစ်ခုမျှ အသုံးမဝင်ခဲ့ပေ။ အကြောင်းမှာ သူတို့သည် အလွှာဟ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်ခဲ့ကြသောကြောင့်ပင်။ ထို့နောက် သူတို့ ပြောင်လှောင်ခဲ့သောအရာကပင် သူတို့အား ဝန်းရံလိုက်လေတော့သည်။ ၂၇။ ဇကေနစင်စစ် ငါအရှင်သည် အသင်တို့၏ ပတ်ဝန်းကျင်ရှိ မြို့ရွာများကိုလည်း ဖျက်ဆီးပစ်တော်မူခဲ့သည်။ သူတို့ ပြန်လှည့်လာကြရန်အတွက် ငါအရှင်သည် သက်သေလက္ခဏာတော်များကို အကြိမ်ကြိမ်အဖန်ဖန် မိန့်ကြားပြသတော်မူခဲ့ပေသည်။ ၂၈။ အလွှာဟ်နှင့် နီးကပ်စေမည့်သူများဟု သတ်မှတ်ကာ အလွှာဟ်ကို စွန့်၍ သူတို့ ကိုးကွယ်ခဲ့ကြသော ကိုးကွယ်ရာဘုရားများသည် သူတို့အား အဘယ်ကြောင့် မကူညီခဲ့ကြသနည်း။ သို့သာမက ထိုကိုးကွယ်ရာများသည် သူတို့ထံမှ ပျောက်ကွယ်သွားခဲ့ကြသည်။ စင်စစ်တွင် ဤသည် သူတို့၏အလိမ်အညာနှင့် သူတို့ လုပ်ကြံဖန်တီးခဲ့သောအရာပင် ဖြစ်ပေသည်။

၂၉။ တစ်ခါတွင် ငါအရှင်သည် ဂျင်နီတစ်စုကို အသင်ရှိရာသို့ ရောက်ရှိစေတော်မူခဲ့ရာ ၎င်းတို့သည် ကုရ်အာန်ကို နားထောင်ခဲ့ကြလေသည်။ တမန်တော်ထံသို့ သူတို့ရောက်ရှိလာကြသောအခါ ဆိတ်ဆိတ်နေကြလေကုန်ဟု သူတို့အချင်းချင်း ပြောဆိုခဲ့ကြသည်။ ထို့နောက် ကုရ်အာန်ဖတ်ကြား၍ ပြီးဆုံးသွားသောအခါ

သူတို့သည် မိမိတို့အမျိုးသားတို့ထံ သတိပေးနှိုးဆော်သူများအဖြစ်နှင့် လှည့်ပြန်ခဲ့ကြလေသည်။

၃၀။ ၎င်းတို့က ဤသို့ ပြောဆိုခဲ့ကြသည်။ အိုး-ကျွန်ုပ်တို့၏အမျိုးသားတို့၊ ဇကန်စင်စစ် ကျွန်ုပ်တို့သည် မူစာ၏နောက်တွင် ချပေးခြင်းခံရသော ကျမ်းဂန်တစ်စောင်ကို ကြားနာခဲ့ကြရပါသည်။ ယင်းကျမ်းသည် သူ့အလျင်ကရှိခဲ့သော ကျမ်းများကို ထောက်ခံလျက်ရှိသည်။ အမှန်တရားနှင့် ဖြောင့်မတ်သော တရားလမ်းဘက်ကို ညွှန်ပြသည်။ **၃၁။** အိုး-ကျွန်ုပ်တို့၏အမျိုးသားတို့၊ အလွှာဟ်ဘက်သို့ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ချက်ကို လက်ခံလိုက်ကြပါ။ သူ့အား သက်ဝင်ယုံကြည်လိုက်ကြပါ။ အရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြစ်မှုများကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပြီး နာကျင်စေသော ပြစ်ဒဏ်မှလည်း အသင်တို့အား ကာကွယ်စောင့်ရှောက်တော်မူပေမည်။ **၃၂။** အလွှာဟ်ဘက်သို့ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ချက်ကို လက်မခံသူမှာမူ အလွှာဟ်ကို ကမ္ဘာမြေဝယ် မစွမ်းဆောင်နိုင်အောင် လုပ်နိုင်သူ မဟုတ်ပေ။ ထို့ပြင် အလွှာဟ်မှအပ သူ့အား ကာကွယ်စောင့်ရှောက်ပေးနိုင်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်။ ထိုသို့သောသူများသည် ထင်ရှားသော လမ်းမှားမှုတွင်ပင် ရှိနေကြပေသည်။

၃၃။ မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူခဲ့ပြီး ထိုအရာများကို ဖန်ဆင်းတော်မူသောကြောင့် ညောင်းညာ မောပန်းတော်မူခြင်းလည်းမရှိခဲ့သော အလွှာဟ်သည် သူသေများကို ပြန်ရှင်ထစေဖို့ စွမ်းနိုင်တော်မူသောအရှင်ဖြစ်တော်မူသည်ကို မစဉ်းစားမဆင်ကြသလော။ အဘယ်ကြောင့် မစွမ်းနိုင်ရမည်နည်း။ ဇကန်စင်စစ် အရှင်မြတ်သည် အရာခပ်သိမ်းကို စွမ်းနိုင်တော်မူသော အရှင်ဖြစ်ပေသည်။ **၃၄။** သွေဖည်ငြင်းပယ်ကြသောသူတို့သည် ငရဲမီးရှေ့သို့ ခေါ်ဆောင်လာခြင်းခံကြရသောအခါ၊ ဤသည် အဟုတ်အမှန်ပင် မဟုတ်လော ဟုမေးမြန်းခြင်းခံကြရပေမည်။ ထိုအခါ သူတို့က ဟုတ်မှန်ပါကြောင်း ကျွန်တော်မျိုးတို့၏ အရှင်ကို တိုင်တည်ပါသည်ဟု လျှောက်တင်ကြမည်။ အရှင်မြတ်က မိန့်ကြားတော်မူမည်။ သို့ဖြစ်လျှင် အသင်တို့ သွေဖည်ငြင်းပယ်ခဲ့ကြသောကြောင့် ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်။

၃၅။ သို့ဖြစ်ပေရာ စိတ်ဓာတ်ခိုင်မာသော ရစူလ်တမန်တော်များ သည်းခံ

ခဲ့ကြသည့်နည်းတူ အသင်လည်း သည်းခံပါလေ။ သူတို့နှင့်ပတ်သက်၍ အလျင်မလိုပါလေနှင့်။ သူတို့ကတိပေးခြင်းခံကြရသော ပြစ်ဒဏ်ကို တွေ့မြင်ကြသောနေ့တွင် သူတို့သည် လောကီဘဝ၌ နေ့အချိန်၏ တစ်နာရီခန့်မျှ အချိန်ထက်ပို၍ မနေထိုင်ခဲ့ကြရပေဟု ထင်မှတ်ကြပေမည်။ ဤသည် ပို့ချချက်ဖြစ်သည်။ သို့ဖြစ်ပေရာ အမိန့်ဖီဆန်သောသူတို့သာလျှင် ဖျက်ဆီးခြင်းကို ခံကြရပေသည်။

၄၇။ စူရဟ် မုဟမ္မဒ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ သွေဖည်ငြင်းပယ်ခဲ့ပြီး အလ္လာဟ်လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြသောသူများ၏ ကျင့်မူဆောင်ရွက်ချက်များကို အလ္လာဟ်သည် အချည်းနီး ဖြစ်စေတော်မူမည်။ **၂။** ထို့ပြင် သက်ဝင်ယုံကြည်ပြီး ကောင်းမှုသီလများ ကျင့်ဆောင်၍ မုဟမ္မဒ်အပေါ်တွင် ချပေးတော်မူခြင်းခံခဲ့ရသည်များကို မိမိတို့၏ အရှင်ထံမှ အစစ်အမှန်ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသောသူတို့ကိုမူ အလ္လာဟ်သည် သူတို့၏ မကောင်းမှုများကို ချေဖျက်ပေးတော်မူမည့်ပြင် သူတို့၏ အခြေအနေကိုလည်း ကောင်းအောင် လုပ်ပေးတော်မူပေမည်။ **၃။** ဤသို့ဖြစ်ရခြင်းမှာ သွေဖည် ငြင်းပယ်သူတို့သည် အမှားနောက်သို့ လိုက်ခဲ့ကြပြီး သက်ဝင်ယုံကြည်သူတို့သည် မိမိတို့အရှင်ထံမှလာသော အမှန်တရားနောက်သို့ လိုက်ခဲ့သည့်အတွက်ကြောင့် ဖြစ်ပေသည်။ အလ္လာဟ်သည်လူတို့အဖို့သူတို့၏ပုံပမာများကိုဤနည်းအတိုင်းပင်ခိုင်းနှိုင်းပြတော်မူပေသည်။

၄။ သို့ဖြစ်ရာ အသင်တို့သည် သွေဖည်ငြင်းပယ်သော သူတို့နှင့်ရင်ဆိုင်ကြသောအခါ လည်ကုပ်များကို ခုတ်ဖြတ်ကြလေကုန်။ နောက်ဆုံးတွင် သူတို့အားကောင်းစွာ သတ်ဖြတ်ပြီးသွားလျှင် သံုးပန်းများကို ကြိုးများဖြင့် ကောင်းစွာတုပ်နှောင်ကြလေကုန်။ ထို့နောက်တွင် ကျေးဇူးပြု၍ ပြန်လွှတ်လိုက ပြန်လွှတ်နိုင်ပြီး လျော်ကြေးယူ၍ ပြန်လွှတ်လိုက ပြန်လွှတ်နိုင်ပေသည်။ စစ်ပြီးသည့်အချိန်ထိတိုင်အောင် ဤအမိန့်အတိုင်း ဖြစ်၏။ အကယ်၍ အလ္လာဟ် အလိုတော်ရှိပါလျှင် သူတို့အား ကိုယ်တိုင်ပင် လက်စားချေအပြစ်ပေးတော်မူခဲ့မည်သာ။ သို့သော်လည်း

အသင်တို့အနက် အချို့ကို အချို့ဖြင့် စမ်းသပ်ရန်အတွက် ဖြစ်ပေသည်။ အလွှာဟ် လမ်းတွင် သတ်ဖြတ်ခြင်းခံခဲ့ကြရသောသူတို့၏ ဆောင်ရွက်ချက်များကို အရှင်မြတ် သည် အချည်းနှီး လုံးဝဖြစ်စေတော်မူမည် မဟုတ်ပေ။ **၅။** အရှင်မြတ်သည် သူတို့ အား လမ်းမှန်သို့ ပို့ပေးတော်မူမည့်အပြင် သူတို့၏ အခြေအနေကိုလည်း ကောင်းမွန်အောင် လုပ်ပေးတော်ဦးမည်။ **၆။** ထို့ပြင် သူတို့အား ကောင်းစွာ အသိပေးထားတော် မူပြီးဖြစ်သည့် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်စေတော်မူမည်။

၇။ အိုး-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလွှာဟ်ကို ကူညီကြလျှင် အရှင်မြတ်သည် အသင်တို့အား ကူညီတော်မူမည့် အပြင် အသင်တို့၏ခြေများကိုလည်း မြဲမြံကြံ့ခိုင်စေတော်မူပေမည်။ **၈။** သွေဖည် ငြင်းပယ်ခဲ့ကြသောသူတို့အတွက်မှာမူ ပျက်စီးခြင်းသာလျှင် ရှိပေမည်။ ထို့ပြင် အရှင်မြတ်သည် သူတို့၏ ကျင့်မူဆောင်ရွက်ချက်များကိုလည်း အချည်းနှီးဖြစ်စေ တော်မူပေမည်။**၉။** ဤသို့ဖြစ်ရခြင်းမှာ သူတို့သည်အလွှာဟ်ချပေးတော်မူခဲ့သည်များ ကို စက်ဆုပ်ခဲ့ကြသောကြောင့်ပင်။ သို့ဖြစ်ရာ အရှင်မြတ်ကလည်းသူတို့၏ ကျင့်မူ ဆောင်ရွက်ချက်များကို အချည်းနှီး ဖြစ်စေတော်မူလိုက်ပေသည်။ **၁၀။** မိမိတို့ အလျင်ကလူများ၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့မည်ပုံရှိခဲ့သည်ကို ကြည့် ရှုရန်အတွက် သူတို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာမှုကို မလုပ်ခဲ့ကြလေ သလော။ အလွှာဟ်သည် ထိုသူတို့အား ဖျက်ဆီးပစ်တော်မူခဲ့သည်။ သွေဖည် ငြင်းပယ်သောသူတို့အတွက်လည်း သူတို့ကဲ့သို့ပင် အဖြစ်အပျက်မျိုး လာပေမည်။ **၁၀။** ဤသို့ဖြစ်ခြင်းမှာ အလွှာဟ်သည် သက်ဝင်ယုံကြည်သူတို့၏ အားကိုးရာအရှင် ဖြစ်၍ သွေဖည်ငြင်းပယ်သောသူတို့ထံတွင်မူ အားကိုးရာအရှင် အလျှင်းမရှိသော ကြောင့် ဖြစ်ပေသည်။

၁၂။ ဇကနစင်စစ် အလွှာဟ်သည် အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုသီလများ ကျင့်ဆောင်ခဲ့ကြသော သူတို့အား အောက်ခြေဘက်တွင် စမ်း ရေချောင်းများစီးတွေလျက်ရှိသော ဥယျာဉ်များအတွင်းသို့ မှုချဝင်ရောက်စေတော်မူ ပေမည်။ ထိုပြင် သွေဖည်ငြင်းပယ်သောသူတို့မှာမူ ခြေလေးချောင်းတိရစ္ဆာန်များ စားသောက်ကြသကဲ့သို့ပင် စည်းစိမ်ခံ၍ စားသောက်နေကြသည်။ သူတို့၏ နေရာ ထိုင်ခင်းမှာ ငရဲမီးသာလျှင် ဖြစ်သည်။ **၁၃။** စင်စစ်သော်ကား အသင့်အား နှင်ထုတ်

ခဲ့သော အသင်၏ မြို့ရွာထက် ပိုမို၍ အင်အားကြီးသော မြို့ရွာများရှိခဲ့သည်။ ထိုမြို့ရွာများကို ငါအရှင်ဖျက်ဆီးတော်မူခဲ့သည်။ သို့ရာတွင် သူတို့အား ကူညီစောင့်မပေးမည့်သူ တစ်ဦးတစ်ယောက်မျှပင် မရှိခဲ့ပေ။

၁၄။ မိမိ၏အရှင်ထံမှ ထင်ရှားသော သက်သေလက္ခဏာပေါ်၌ ရပ်တည်လျက်ရှိသူသည် အကြင်သူနှင့် တူနိုင်ပါမည်လော။ ထိုသူသည် မိမိ၏ မကောင်းမှုကို မိမိအမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ပေးခြင်းခံခဲ့ရပြီး မိမိ၏ စိတ်အလိုဆန္ဒများနောက်သို့ လိုက်ခဲ့သည်။ **၁၅။** အလ္လာဟ်ကို ကြောက်ရွံ့ရိုသေသူများအား ကတိပေးထားသော ဂျန္နသ်သုခဘုံ၏ အခြေအနေမှာ ဤသို့ ဖြစ်သည်။ ထိုထဲတွင် အနံ့အသက် မပြောင်းသော ရေချောင်းများ၊ အရသာပြောင်းလဲသွားခြင်း မရှိသော နို့ချောင်းများ၊ သောက်သုံးသူများအဖို့ အထူးအနံ့ အရသာကောင်းသော အရက်ချောင်းများ၊ ကြည်လင်သန့်ရှင်းစင်ကြယ်သော ပျားရည်ချောင်းများ ရှိကြပေမည်။ ထို့ပြင် သူတို့အဖို့ ထိုထဲတွင် သစ်သီးဝလံမျိုးစုံနှင့် မိမိတို့အရှင်ထံမှ လွတ်ငြိမ်းချမ်းသာခွင့်လည်း ရှိပေမည်။ ဤသူများသည် အကြင်သူတို့နှင့် တူကြပါမည်လော။ ထိုသူတို့သည် ငရဲမီးထဲ၌ အမြဲထာဝရ နေထိုင်ကြရမည်ဖြစ်ပြီး ပွက်ပွက်ဆူလျက် ရှိသောရေကို တိုက်ကျွေးခြင်းခံရသောကြောင့် အူသိမ်အူမများ အပိုင်းပိုင်း ဖြစ်သွားကြပေမည်။

၁၆။ သူတို့ထဲတွင် အသင့်ဘက်သို့ နားစွင့်နေသူအချို့လည်း ရှိကြသည်။ နောက်ဆုံး သူတို့သည် အသင့်ထံမှ ထွက်လာကြသောအခါ အသိပညာရှိးမြှင့်ခံထားရသောသူတို့အား ယခု ဤသူ(မုဟမ္မဒ်)သည် မည်သည့်စကားကို ပြောဆိုခဲ့ပါသနည်းဟု (မသိကျွန်ုပ်ပြု၍) မေးမြန်းကြလေသည်။ ထိုသူများသည်ပင် ၎င်းတို့၏ စိတ်နလုံးများအပေါ် အလ္လာဟ်က တံဆိပ်ခတ်နိုပ်ထားတော်မူသောသူများ၊ စိတ်အလိုဆန္ဒများနောက်သို့ လိုက်ကြသူများ ဖြစ်ကြပေသည်။ **၁၇။** တရားလမ်းမှန်ရရှိခဲ့ကြသော သူတို့ကိုမူ အရှင်မြတ်သည် ပိုမို၍ပင် တရားလမ်းမှန် ပြသတော်မူသည်။ ထို့ပြင် သူတို့အား သူတို့ရမည့် သက္ကဝါတရားကိုလည်း ချီးမြှင့်ပေးသနားတော်မူပေသည်။

၁၈။ သူတို့သည် မိမိတို့ထံ ကိယာမသ်-ရှင်ပြန်ထမည့်အချိန်ကာလ ရုတ်တရက် ဆိုက်ရောက်လာခြင်းကိုသာလျှင် မျှော်လင့်စောင့်ဆိုင်းနေကြခြင်းဖြစ်

သည်။ ကိယာမသ်၏ နိမိတ်လက္ခဏာများမှာမူ ရောက်လာခဲ့ချေပြီ။ သို့ဖြစ်ရာ သူတို့ထံ ကိယာမသ်ရောက်လာပြီဆိုလျှင် သူတို့အဖို့ တရားရယူစရာအခွင့်အရေး မည်သို့ ကျန်ရှိတော့မည်နည်း။ **၁၉။** သို့ဖြစ်ပေရာ အလ္လာဟ်မှတစ်ပါး အခြားခဝပ်ကိုး ကွယ်ခံထိုက်သောအရှင် အလ္လာမရှိကြောင်းကို အသင် ကောင်းစွာသိထားပါ။ ထို့ပြင် မိမိ၏ အပြစ်အတွက်ရော၊ သက်ဝင်ယုံကြည်သူအမျိုးသား၊ အမျိုးသမီးတို့ အတွက်ပါ လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံပါလေ။ အလ္လာဟ်သည် အသင်တို့၏ လှုပ်လှည့်သွားလာမှုနှင့် အသင်တို့၏ ခိုလှုံရာနေရာတို့ကို ကောင်းစွာ သိရှိတော်မူပေသည်။

၂၀။ အီမာန်ယုံကြည်ကြသူတို့က စူရဟ်ကဏ္ဍတစ်ခုခု အဘယ်ကြောင့် မကျရောက်ပါသနည်းဟု ပြောဆိုကြလေသည်။ သို့ရာတွင် ရှင်းလင်းပြတ်သား သော စူရဟ်ကဏ္ဍတစ်ခုခု ချပေးခြင်းခံရပြီး ထိုထဲတွင် စစ်မက်တိုက်ခိုက် ရန်အကြောင်း ဖော်ပြပါရှိသောအခါတွင်မူ စိတ်နလုံးများတွင် ရောဂါဝေဒနာရှိသော သူတို့သည် သေခြင်းတရားဆိုက်ရောက်နေသူ၏ အကြည့်မျိုးနှင့် အသင့်ဘက်သို့ ကြည့်နေကြသည်ကို အသင်တွေ့မြင်ရပေမည်။ ထိုသူတို့အဖို့ (ပျက်စီးမှုသည်) ပို၍ထိုက်တန်ပေသည်။ **၂၁။** အမိန့်နာခံပြီး ကောင်းသောစကားပြောရမည်။ သို့ဖြစ်ရာ အရေးကိစ္စသည် အတည်ဖြစ်သွားသောအခါတွင် အကယ်၍ သူတို့သည် အလ္လာဟ်ကို သစ္စာစောင့်သိခဲ့ကြလျှင် သူတို့အဖို့ အကောင်းဆုံးပင် ဖြစ်ခဲ့မည်သာ။ **၂၂။** အကယ်၍ အသင်တို့သည် ကျောခိုင်းသွားခဲ့ကြသည်ရှိသော် သင်တို့သည် ကမ္ဘာမြေဝယ် ဖျက်လိုဖျက်ဆီးလုပ်ကြခြင်းနှင့် မိမိတို့၏ သားချင်းတော်စပ်မှုများကို ဖြတ်တောက်ခြင်း လုပ်ကြမည်ပင် မဟုတ်လား။ **၂၃။** အလ္လာဟ်က မိမိ၏ကရုဏာ တော်မှ ကင်းဝေးစေတော်မူခဲ့သောသူများမှာ သူတို့ပင် ဖြစ်ကြသည်။ ထို့ပြင် အရှင်မြတ်သည် သူတို့အား နားပင်းစေတော်မူခဲ့သည်။ သူတို့၏ မျက်စိများကို ကန်းစေတော်မူခဲ့သည်။

၂၄။ သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို စဉ်းစားဆင်ခြင်သုံးသပ် ခြင်း မပြုကြလေသလော။ သို့မဟုတ် သူတို့၏ စိတ်နလုံးများပေါ်၌ သော့ခလောက် များ ခတ်ထားလျက် ရှိနေသလော။ **၂၅။** ဇကန်စင်စစ် မိမိတို့အဖို့ တရားလမ်းမှန် ထင်ရှားခဲ့ပြီးနောက်မှ ကျောခိုင်း၍ ပြန်လှည့်သွားကြသောသူတို့ကို ရှိုင်သွန်မိစ္ဆာ

ကောင်သည် ဖြားယောင်းခဲ့ပြီး မက်လုံးပြခဲ့ခြင်းသာ ဖြစ်လေသည်။ **၂၆။** ထိုသို့ဖြစ်ရခြင်းမှာ သူတို့သည် အလ္လာဟ်ချပေးသနားတော်မူသည်များကို စက်ဆုပ်ကြသောသူတို့အား ကျွန်ုပ်တို့သည် အချို့သော အရေးကိစ္စများတွင် အသင်တို့၏စကားကို နာခံကြပါမည်ဟု ပြောဆိုခဲ့ကြသောကြောင့်ပင်။ အလ္လာဟ်သည် သူတို့၏လျို့ဝှက်ချက်များကိုပင် ကောင်းစွာ သိရှိတော်မူသည်။ **၂၇။** ကောင်းကင်တမန်များသည် ထိုသူတို့၏ မျက်နှာများနှင့် သူတို့၏ ကျောကုန်းများကို ရိုက်ပြီး သူတို့၏ အသက်ဒိုဝိန်ကို နှုတ်သိမ်းကြသောအခါတွင် သူတို့၏ အခြေအနေသည် မည်သို့ရှိမည်နည်း။ **၂၈။** ထိုသို့ဖြစ်ရခြင်းမှာ သူတို့သည် အလ္လာဟ်အား အမျက်ဒေါသထွက်စေသည့်လမ်းကို လိုက်နာခဲ့ကြသောကြောင့်နှင့်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို စက်ဆုပ်ခဲ့ကြသောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် သူတို့၏ပြုမူဆောင်ရွက်ချက်များကို အချည်းနှီးပင် ဖြစ်စေတော်မူလိုက်ပေသည်။

၂၉။ စိတ်နလုံးများတွင် ရောဂါဝေဒနာရှိသောသူတို့က အလ္လာဟ်သည် သူတို့၏ ရန်ပြိုးအကောက်အတေးများကို အလျှင်းထုတ်ဖော်လိမ့်မည်မဟုတ်ဟု ထင်မှတ်နေကြသလော။ **၃၀။** အကယ်၍သာ ငါအရှင်အလိုရှိတော်မူပါလျှင် ၎င်းတို့ကို အသင့်အား မုချ ပြသတော်မူလိုက်မည်ဖြစ်သည်။ ထိုအခါ အသင်သည် သူတို့၏ လက္ခဏာအမူအရာဖြင့် သူတို့ကို သိရှိသွားပေမည်။ ထို့ပြင် သူတို့၏ စကားပြောဆိုပုံ စကားအသွားအလာဖြင့်လည်း မုချ သူတို့ကို သိရှိသွားပေမည်။ အလ္လာဟ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်များကို ကောင်းစွာ သိရှိတော်မူပေသည်။

၃၁။ ငါအရှင်သည် အသင်တို့အနက်မှ သက်စွန့်ကြိုးပမ်းဆောင်ရွက်သူများနှင့် ကြံ့ကြံ့ခံသည်းခံကြသူများကို ခွဲခြားသိမြင်ရသည့်တိုင်အောင် အသင်တို့ကို မုချ စမ်းသပ်တော်မူမည်။ ထို့ပြင် အသင်တို့၏ အခြေအနေများကိုလည်း စမ်းသပ်တော်မူမည်။ **၃၂။** မိမိတို့အဖို့ အမှန်တရား ထင်ရှားပြီးသည့်နောက်မှ သွေဖည်ငြင်းပယ်ပြီး အလ္လာဟ်လမ်းမှ တားဆီးခဲ့ပိတ်ပင်ကာ ရစူလ်တမန်တော်အား ဆန့်ကျင်ခဲ့ကြသော သူတို့သည် အလ္လာဟ်ကို စိုးစဉ်းမျှပင် အကျိုးယုတ်စေနိုင်ကြမည် မဟုတ်ပေ။ အရှင်မြတ်ကပင် သူတို့၏ ပြုမူဆောင်ရွက်ချက်များကို အချည်းနှီးဖြစ်စေတော်မူပေမည်။

၃၃။ အို-အီမာန်ယုံကြည်ကြသူအပေါင်းတို့၊ အလ္လာဟ်အမိန့်ကို နာခံကြလေကုန်။ ထို့ပြင် ရစူလ်တမန်တော်၏အမိန့်ကို နာခံကြလေကုန်။ သင်တို့၏ ကျင့်ဆောင် မှုများကို အချည်းနှီးဖြစ်သွားအောင် မလုပ်လိုက်ကြလေနှင့်။ **၃၄။** ဇကန်စင်စစ် အကြင်သူတို့သည် ငြင်းပယ်ခဲ့ကြပြီးနောက် အလ္လာဟ်လမ်းမှ တားဆီး ပိတ်ပင်ခဲ့ကြသည်။ ထို့နောက် ငြင်းပယ်သူများအဖြစ်နှင့်သာ သေဆုံးသွားခဲ့ကြသည် ဆိုလျှင် အလ္လာဟ်သည် ထိုသူတို့ကို လုံးဝ ခွင့်လွှတ်တော်မူမည်မဟုတ်ပေ။ **၃၅။** သို့ဖြစ်ရာ သင်တို့သည် အားမာန်မလျော့လိုက်ကြနှင့်။ ပြေငြိမ်းရေးလုပ်ဖို့လည်း မတောင်းဆို ကြနှင့်။ အသင်တို့သာလျှင် အောင်နိုင်သူများ ဖြစ်ကြပေမည်။ အလ္လာဟ်သည် သင်တို့နှင့်အတူ ရှိနေတော်မူသည်။ ထို့ပြင် ထိုအရှင်သည် သင်တို့၏ ကျင့်မူဆောင် ရွက်ချက်များကို လုံးဝ လျော့နည်းစေတော်မူမည် မဟုတ်ပေ။

၃၆။ တကယ်တော့ လောကီဘဝသက်တမ်းသည် ကစားစရာ၊ စိတ်ဖျော်ဖြေစရာမျှသာ ဖြစ်သည်။ အကယ်၍ သင်တို့သည် ယုံကြည်မည်၊ ထို့နောက် အလ္လာဟ်ကို ကြောက်ကြမည်ဆိုလျှင် အရှင်မြတ်သည် သင်တို့၏အကျိုးကုသိုလ်ကို သင်တို့အား ချီးမြှင့်တော်မူပေမည်။ အရှင်မြတ်သည် သင်တို့ထံမှ သင်တို့၏ ဥစ္စာပစ္စည်းများကို တောင်းခံမည်မဟုတ်ပေ။ **၃၇။** အကယ်၍ အလ္လာဟ်သည် သင်တို့ထံမှ သင်တို့၏ဥစ္စာပစ္စည်းများကို တောင်းခံသည်ရှိသော်၊ ဇွတ်အတင်း တောင်းဆိုလျှင်တောင် အသင်တို့သည် စေနှဲတွန့်တိုကြမည်သာ။ ထို့ပြင် အလ္လာဟ်သည် အသင်တို့၏ အကောက်အတေးများကို ထုတ်ဖော်တော်မူဦးမည်။ **၃၈။** တကယ်ဆို သင်တို့သည် အလ္လာဟ်လမ်းတော်တွင် သုံစွဲရန် ဖိတ်ခေါ်ခြင်းခံကြရသူများ ဖြစ်ကြသည်။ သင်တို့အနက် အချို့သည် စေးနှဲတွန့်တိုကြသည်။ စေးနှဲတွန့်တိုသူသည် ကိုယ့်အတွက်သာကိုယ် စေးနှဲတွန့်တိုခြင်း ဖြစ်ပေသည်။ အလ္လာဟ်သည် လိုလားတောင့်တမှုအပေါင်းမှ ကင်းတော်မူသောအရှင်ဖြစ်ပြီး သင်တို့သာလျှင် လိုလားတောင့်တရသူများ ဖြစ်ကြသည်။ အကယ်၍ သင်တို့သည် မျက်နှာလွှဲသွားကြပါမူ အရှင်မြတ်သည် အသင်တို့နေရာတွင် အခြားလူမျိုးများကို လဲလှယ်အစားထိုးတော်မူပေမည်။ ထို့နောက်တွင် ၎င်းတို့သည် အသင်တို့လိုဖြစ်ကြမည် မဟုတ်ပေ။

၄၈။ စူရတ်အလ်ဖသတ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဇောန်စင်စစ် ငါအရှင်သည် အသင့်အတွက် ထင်ရှားသော အောင်မြင်မှုကို ချီးမြှင့်တော်မူခဲ့သည်။ **၂။** အလ္လာဟ်သည် အသင်၏ ရှေ့၊နောက် အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူရန်၊ မိမိ၏ ကျေးဇူးတော်ကို အသင့်အပေါ်၌ ပြည့်စုံစေတော်မူရန်နှင့် အသင့်အား ဖြောင့်မတ်မှန်ကန်သော လမ်းကို ညွှန်ကြားပြသတော်မူရန်အတွက် ဖြစ်ပေသည်။ **၃။** ထို့ပြင် အလ္လာဟ်သည် အသင့်အား ကြီးမားသော အကူအညီပေးတော်မူရန်အတွက်လည်း ဖြစ်ပေသည်။

၄။ ထိုအရှင်မြတ်သည် ယုံကြည်သူတို့၏ စိတ်နလုံးများအတွင်း၌ စိတ်တည်ငြိမ် အေးချမ်းမှုကို ချပေးတော်မူခဲ့သည်။ အကြောင်းမှာ သူတို့၏ ရှိရင်းစွဲ ယုံကြည်ချက်နှင့်အတူ နောက်ထပ်ယုံကြည်ချက်တွေ ပို၍တိုးပွားသွားစေရန်အတွက် ဖြစ်လေသည်။ မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိကြသော စစ်တပ်များကို အလ္လာဟ်သာ ပိုင်ဆိုင်တော်မူပေသည်။ အလ္လာဟ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။ **၅။** (ထို့ပြင်) အောက်ခြေဘက်တွင် စမ်းရေချောင်းများ စီတွေနေသော ဥယျာဉ်များအတွင်းသို့ ယုံကြည်သူအမျိုးသား၊ အမျိုးသမီးများကို ဝင်ရောက်စေတော်မူရန်အတွက် ဖြစ်ပေသည်။ သူတို့သည် ထိုဥယျာဉ်များတွင် အမြဲထာဝရ နေထိုင်ကြရမည်။ ထို့ပြင် သူတို့၏ အပြစ်များကို ဖယ်ရှားပေးရန်အတွက်လည်း ဖြစ်ပေသည်။ ဤသည် အလ္လာဟ်အထံတော်တွင် ကြီးကျယ်လှသော အောင်မြင်မှုကြီး ဖြစ်လေသည်။ **၆။** အလ္လာဟ်ကို မကောင်းထင်မြင်ကြသည့် မွတ်စ်လင်မ်အယောင်ဆောင် အမျိုးသား အမျိုးသမီးများနှင့် တွဲဖက်ကိုးကွယ်မှုပြုကြသော အမျိုးသား အမျိုးသမီးများကို ပြစ်ဒဏ်ခတ်တော်မူရန်အတွက်လည်း ဖြစ်ပေသည်။ မကောင်းသောဘေးဆိုးသည် သူတို့အပေါ်၌ ကျရောက်မည်။ အလ္လာဟ်သည် သူတို့အပေါ် အမျက်ထွက်တော်မူခဲ့သည်။ သူတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့ပြီ။ ထို့ပြင် သူတို့တွက် ဂျဟန္နမ်ငရဲဘုံကို အသင့်ပြင်ဆင်ထားတော်မူသည်။ ယင်းဂျဟန္နမ်ငရဲ

ဘုံသည် လွန်စွာဆိုးရွားလှသော နေရာထိုင်ခင်းပင် ဖြစ်ပေသည်။ **၇။** မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိကြသော စစ်တပ်များကို အလွှာဟ်သာလျှင် ပိုင်ဆိုင်တော်မူသည်။ အလွှာဟ်သည် တန်ခိုးတော်နှင့် နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်လေသည်။

၈။ ဇကနစင်စစ် ငါအရှင်သည် အသင့်အား သက်သေခံသူ၊ သတင်းကောင်းပေးသူ၊ သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူခဲ့သည်။ **၉။** အသင်တို့သည် အလွှာဟ်နှင့် ထိုအရှင်၏ရစူလ်တမန်တော်ကို ယုံကြည်ကြရန်၊ သူ့အား ကူညီရိုင်းပင်းကြရန်၊ သူ့အား ရိုသေကိုင်းရှိုင်းကြရန်၊ ထိုအရှင်သန့်ပြန့် စင်ကြယ်တော်မူကြောင်း နံနက်နှင့်ညနေတွင် မြွက်ဟကြရန်အတွက်တို့ ဖြစ်သည်။ **၁၀။** ဇကနစင်စစ် အသင်အား ကတိပြုသစ္စာဆိုကြသူများသည် အမှန်တကယ်တွင် အလွှာဟ်အား ကတိပြုသစ္စာဆိုကြခြင်းသာ ဖြစ်ပေသည်။ အလွှာဟ်၏လက်တော်သည် သူတို့၏ လက်များပေါ်တွင် ရှိပေသည်။ မည်သူမဆို ထိုကတိသစ္စာကို ချိုးဖောက်ခဲ့ပါက ယင်း၏ဆိုးကျိုးသည် သူ့အပေါ်သာ ကျရောက်မည် ဖြစ်သည်။ မည်သူမဆို အလွှာဟ်နှင့်ပြုထားသော ကတိသစ္စာကို ပြည့်ဝအောင် ဆောင်ရွက်ခဲ့ပါမူ အရှင်မြတ်သည် သူ့အား ကြီးကျယ်သောအကျိုးကို မကြာမီ ချီးမြှင့်တော်မူပေမည်။

၁၁။ စစ်ပွဲတွင်မလိုက်ဘဲ နောက်၌ ကျန်ရစ်ခဲ့ကြသော ကျေးတောသားများသည် အသင့်အား "ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများနှင့် ကျွန်ုပ်တို့၏ မိသားစုဝင်များက ကျွန်ုပ်တို့အား အလုပ်များစေခဲ့ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးပါ" ဟု ပြောလာကြလိမ့်မည်။ စင်စစ်တွင် သူတို့၏စိတ်နလုံးများအတွင်း၌ မရှိသောအရာကို သူတို့၏ နှုတ်လျှာများဖြင့် ပြောဆိုနေကြခြင်းသာ ဖြစ်သည်။ အသင်ပြောလိုက်ပါ။ အကယ်၍ အလွှာဟ်သည် သင်တို့အား ဒုက္ခတစ်စုံတစ်ရာပေးရန် ရည်ရွယ်တော်မူလျှင်၊ သို့မဟုတ် အသင်တို့အား ကောင်းကျိုးတစ်စုံတစ်ရာပြုရန် ကြံရွယ်တော်မူလျှင် အလွှာဟ်ရှေ့မှောက်တွင် အသင်တို့အတွက် အခွင့်အာဏာတစ်စုံတစ်ရာ ပိုင်ဆိုင်သည့်သူ မည်သူရှိပါမည်နည်း။ စင်စစ်တွင် အလွှာဟ်သည် အသင်တို့ ပြုလုပ်နေကြသည်များကို ကောင်းစွာသိတော်မူသောအရှင် ဖြစ်သည်။ **၁၂။** စင်စစ်တွင် ရစူလ်တမန်နှင့် ယုံကြည်သူ

တို့သည်မိမိတို့၏မိသားစုများထံသို့ဘယ်တော့မှပြန်လာနိုင်ကြတော့မည်မဟုတ်ဟု အသင်တို့က ထင်မှတ်ခဲ့ကြသည်။ ထိုအထင်ကို သင်တို့၏ စိတ်နှလုံးများအတွင်း၌ လှုပတင့်တယ်အောင်ပြသခြင်း ခံခဲ့ရသည်။ အသင်တို့သည် အလွန်မကောင်းသော အထင်ကို ထင်မြင်ခဲ့ကြသည်။ သင်တို့သည် ပျက်စီးဆုံးရှုံးသူများ ဖြစ်သွားခဲ့ကြလေတော့သည်။ **၁၃။** မည်သူမဆို အလွှာဟ်နှင့် ထိုအရှင်ရရှုလ်တမန်တော်ကို မယုံကြည်ခဲ့ပါက ဇကန်မုချ ငါအရှင်သည် ထိုငြင်းပယ်သူတို့အဖို့ တဟုန်းဟုန်း တောက်လောင်နေသော ငရဲမီးကို အသင့်ပြုလုပ်ထားတော်မူသည်။ **၁၄။** မိုး ကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှုသည် အလွှာဟ်၏ ပိုင်ဆိုင်မှုသာ ဖြစ်ပေသည်။ အရှင်မြတ်သည် ခွင့်လွှတ်ချမ်းသာပေးလိုသူကို ပေးတော်မူပြီး၊ အပြစ်ဒဏ်ခတ်လိုသူကို ခတ်တော်မူသည်။ အလွှာဟ်သည်အလွန် ခွင့်လွှတ်တော်မူသော၊ သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။

၁၅။ အသင်တို့သည် လက်ရပစ္စည်းများယူရန် သွားကြသောအခါ စစ်ပွဲတွင်မလိုက်ဘဲ ကျန်ရစ်ခဲ့ကြသူတို့က "ကျွန်ုပ်တို့ကိုလည်း အသင်တို့နှင့်အတူ လိုက်ခွင့်ပြုပါ"ဟု မကြာမီ ပြောလာကြလိမ့်မည်။ သူတို့သည် အလွှာဟ်၏အမိန့်တော်ကို ပြောင်းလဲပစ်ချင်ကြသည်။ အသင်ပြောလိုက်ပါ။ သင်တို့သည် ကျွန်ုပ်တို့နှင့်အတူ လုံးဝလိုက်လို့မရပါ။ ဤအတိုင်း အလွှာဟ်က ကြိုတင်မိန့်ကြားထားတော်မူပြီး ဖြစ်သည်။ ထိုအခါ သူတို့က "သင်တို့သည် ကျွန်ုပ်တို့ကို မနာလိုဝန်တိုကြသည်"ဟု ပြောကြပေလိမ့်မည်။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်တွင် သူတို့သည် နည်းနည်းသာ နားလည်ကြပေသည်။

၁၆။ စစ်ပွဲတွင်မလိုက်ဘဲ ကျန်ရစ်နေခဲ့ကြသည့် ကျေးတောသားများကို အသင်ပြောလိုက်ပါ။ "အသင်တို့သည် အလွန် အင်အားကြီးသော သူများနှင့် တိုက်ခိုက်ရန် များမကြာမီ ဖိတ်ခေါ်ခြင်းခံကြရပေမည်။ သင်တို့သည် သူတို့နှင့် တိုက်ခိုက်ကြရမည်။ သို့မဟုတ် သူတို့သည် အစွလာမ်လက်ခံလာကြမည်။ အကယ်၍ အသင်တို့သည် အမိန့်နာခံကြပါလျှင် အလွှာဟ်သည် သင်တို့အား ကောင်းမြတ်သောအကျိုးကုသိုလ်ကို ချီးမြှင့်တော်မူပေမည်။ အကယ်၍ အသင်တို့သည် သည့်အလျင်က မျက်နာလွှဲခဲ့ကြသည့်အတိုင်း မျက်နာလွှဲကြခဲ့ကြပါမူ အရှင်မြတ်သည် အသင်တို့ကို နာကျင်စေသောပြစ်ဒဏ်ကို ပေးတော်မူမည်။" **၁၇။** မျက်စိမမြင်

သူအပေါ်တွင် (စစ်ပွဲတွင် မလိုက်သောကြောင့်) အပြစ်တစ်စုံတစ်ရာမရှိ။ ခြေမသန်သူအပေါ်တွင်လည်း အပြစ်တစ်စုံတစ်ရာမရှိ။ နာမကျန်းသူအပေါ်တွင်လည်း အပြစ်တစ်စုံတစ်ရာမရှိ။ မည်သူမဆို အလ္လာဟ်နှင့် အရှင့်ရစူလ်တမန်တော်၏ အမိန့်ကို နာခံလျှင် အရှင်မြတ်သည် သူ့အား အောက်ခြေဘက်တွင် စမ်းချောင်းများ စီးတွေလျက်ရှိသော ဥယျာဉ်များအတွင်းသို့ ဝင်ရောက်စေတော်မူမည်။ မည်သူမဆို မျက်နှာလွှဲခဲ့ပါမူ အရှင်မြတ်သည် သူ့အား နာကျင်ဖွယ်ရာပြစ်ဒဏ်ကို ပေးတော်မူမည်။

၁၈။ ယုံကြည်သူတို့သည် သစ်ပင်အောက်တွင် အသင့်အား ကတိသစ္စာပြုကြစဉ်အခါက အလ္လာဟ်သည် သူတို့ကို ကျေနပ်နှစ်သက်တော်မူခဲ့ပြီ။ အလ္လာဟ်သည် သူတို့ စိတ်နလုံးအတွင်း၌ရှိသောအရာကို သိတော်မူခဲ့သည်။ သို့ဖြစ်ရာ အရှင်မြတ်သည် သူတို့အပေါ် သို့ စိတ်တည်ငြိမ်အေးချမ်းမှုကို ချပေးသနားတော်မူခဲ့ပြီး သူတို့အား နီးကပ်လျက်ရှိသော အောင်မြင်မှုကိုလည်း ဆုချီးမြှင့်တော်မူခဲ့သည်။ **၁၉။** မြောက်မြားစွာသော လက်ရပစ္စည်းများကိုလည်း သူတို့ ရယူကြရပေမည်။ အလ္လာဟ်သည် အလွန် နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။ **၂၀။** အလ္လာဟ်သည် မြောက်မြားစွာသော လက်ရပစ္စည်းများကို သင်တို့ ယူရဦးမည်ဟုလည်း သင်တို့အား ကတိပေးထားတော်မူခဲ့ပေရာ ဤအောင်မြင်မှုကို အသင်တို့အား လက်တလော ချီးမြှင့်လိုက်ခြင်း ဖြစ်သည်။ ထို့ပြင် လူတို့လက်များကို အသင်တို့ဘက်မှ တားဆီးပေးတော်မူခဲ့သည်။ ထို့ပြင် ဤအောင်မြင်မှုသည် ယုံကြည်သူတို့အဖို့ သက်သေလက္ခဏာတော်တစ်ရပ်ဖြစ်စေရန်အတွက်နှင့် အသင်တို့အား ဖြောင့်မတ်သောလမ်းကို ညွှန်ပြတော်မူရန်အတွက် ဖြစ်လေသည်။ **၂၁။** ထို့ပြင် ယခု အသင်တို့ တတ်စွမ်းနိုင်ခြင်းမရှိသေးသော နောက်ထပ် အောင်မြင်မှုတစ်ခုလည်း ရှိပေသေးသည်။ အလ္လာဟ်သည် ထို အောင်မြင်မှုကို ဝန်းရံထားတော်မူပြီး ဖြစ်လေသည်။ အလ္လာဟ်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။

၂၂။ အကယ်၍ ငြင်းပယ်ကြသောသူတို့သည် အသင်တို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ကြလျှင် သူတို့သည် မုချ ကျောခိုင်းထွက်ပြေးကြမည်သာ။ တစ်ဖန် သူတို့သည် ကာကွယ်စောင့်ရှောက်ပေးမည့်သူနှင့်၊ ကူညီပေးမည့်သူ တစ်ဦးတစ်ယောက်

မျှ တွေ့ကြလိမ့်မည် မဟုတ်ပေ။ **၂၃။** ဤသည် ရှေးယခင်ကတည်းက ကျင့်သုံးလာသည့် အလ္လာဟ်၏ ဓလေ့တော်ပင် ဖြစ်ပေသည်။ အသင်သည် အလ္လာဟ်၏ ဓလေ့တော်တွင် မည်သည့်ပြောင်းလဲမှုကိုမျှ လုံးဝ တွေ့ရမည်မဟုတ်ပေ။ **၂၄။** ထိုအရှင်မြတ်သည်ပင် အသင်တို့အား ၎င်းတို့အပေါ် အောင်မြင်မှုပေးပြီးနောက် မက္ကာဟ်မြို့အတွင်း၌ သူတို့၏လက်များကို အသင်တို့ဘက်မှ၊ အသင်တို့၏ လက်များကို သူတို့ဘက်မှ တားဆီးပေးတော်မူခဲ့သည်။ အလ္လာဟ်သည် အသင်တို့ ပြုမူသည်များကို မြင်နေတော်မူခဲ့ပေသည်။ **၂၅။** ထိုသူတို့သည် ငြင်းပယ်ခဲ့ကြသူများ၊ သင်တို့အား မြင့်မြတ်သောကျောင်းတော်မှ တားဆီးခဲ့ကြသူများ၊ ကုရ်ဗာနီသား ကောင်ကိုလည်း သူရောက်ရမည့်နေရာသို့ မရောက်အောင် တားဆီးခဲ့ကြသူများ ဖြစ်ကြပေသည်။ အကယ်၍ (မက္ကာဟ်မြို့တွင်ရှိသော) ယုံကြည်သူအမျိုးသား အမျိုးသမီးများကို အသင်တို့သည် မသိလိုက်ဘဲ နင်းချေ(သတ်ဖြတ်)မိလိုက်လို့ အသင်တို့အပေါ် အပြစ်သင်္ကာရောက်လာမည်ကိုသာ မစိုးရိမ်ရလျှင် (ငါအရှင်သည် သင်တို့အားစစ်တိုက်ခွင့်ပေးတော်မူလိုက်မည်။ သို့သော်ခွင့်မပြုခဲ့ရသည့်အကြောင်းမှာ) အလ္လာဟ်သည် မိမိအလိုရှိသူကို မိမိ၏ ကရုဏာတော်အတွင်းသို့ ဝင်ရောက်စေတော်မူရန်အတွက် ဖြစ်လေသည်။ အကယ်၍သာ ထိုမွတ်စ်လင်မ်တို့သည် ငြင်းပယ်သူတို့နှင့် ခွဲခြားသိနိုင်ခဲ့လျှင် မုချ ငါအရှင်သည် သူတို့အနက်မှ ငြင်းပယ်သူတို့ကို နာကျင်စေသောအပြစ်ဒဏ် ပေးတော်မူခဲ့မည်သာ။ **၂၆။** တစ်ခါတွင် ငြင်းပယ်သူတို့သည် မိမိတို့၏စိတ်နှလုံးများအတွင်း၌ အမိုက်ခေတ်၏အစွဲအလန်းကြီးမှုကို ထည့်ခဲ့ကြသည်။ ထို့နောက်တွင် အလ္လာဟ်သည် မိမိထံတော်မှ စိတ်တည်ငြိမ်အေးချမ်းမှုကို မိမိ၏ ရဒူလ်တမန်တော်နှင့် ယုံကြည်သူတို့အပေါ် ချပေးတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် သူတို့အား အလ္လာဟ်ကိုကြောက်ခြင်း ဟူသောတရားအပေါ် တည်မြဲစေတော်မူခဲ့သည်။ သူတို့သည် ယင်းတရားကို ပို၍ပိုင်ဆိုင် ထိုက်သူများ၊ ရထိုက်သူများ ဖြစ်ခဲ့ကြပေသည်။ အလ္လာဟ်သည် အရာခပ်သိမ်းကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်ပေသည်။

၂၇။ ဇကေနစင်စစ် အလ္လာဟ်သည် မိမိ၏ရဒူလ်တမန်တော်ကို အဖြစ်မှန်နှင့် ကိုက်ညီသည့် မှန်ကန်သောအိပ်မက်ကို မြင်မက်စေတော်မူခဲ့သည်။ အကယ်၍ အလ္လာဟ်အလိုတော်ရှိလျှင် အသင်တို့သည် ရိုသေအပ်သော ဝတ်ကျောင်းတော်သို့

အန္တရာယ်ကင်းစွာ၊ မိမိတို့၏ ဦးခေါင်းများကို ရိတ်ကြလျက်၊ ဆံပင်များကို ညှပ်ကြလျက်၊ ဘာမျှ စိုးရိမ်ကြောင့်ကြစရာမလိုဘဲနှင့် မုချဝင်ရောက်ကြရပေမည်။ အလ္လာဟ်သည် အသင်တို့ မသိခဲ့ကြသည့်အရာကို သိတော်မူခဲ့သည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ထိုထက်အလျင်တွင် နီးကပ်သော အောင်မြင်မှုတစ်ခုကို ပြုလုပ်တော်မူခဲ့သည်။

၂၈။ ထိုအရှင်မြတ်သည်ပင် မိမိ၏ရဿူလ်တမန်တော်အား တရားလမ်းညွှန်နှင့် မှန်ကန်သောသာသနာကိုပေး၍ စေလွှတ်တော်မူခဲ့သည်။ ထိုသာသနာကို သာသနာအားလုံးအပေါ် လွှမ်းမိုးစေတော်မူရန်အတွက် ဖြစ်ပေသည်။ အလ္လာဟ်သည် သက်သေအဖြစ် လုံလောက်တော်မူပေသည်။

၂၉။ မုဟမ္မဒ်သည် အလ္လာဟ်တမန်တော်ဖြစ်သည်။ သူနှင့် အတူရှိကြသူတို့သည် ငြင်းပယ်သူတို့အပေါ် ပြင်းထန်သူများဖြစ်ကြပြီး အချင်းချင်းတွင်မူ သနားကြင်နာကြသူများ ဖြစ်ကြပေသည်။ အသင်သည် သူတို့အား ရုကူအ်-ဦးညွှတ်ကြလျက်၊ စဂျဒဟ်-ဦးချကြလျက် အလ္လာဟ်ထံတော်မှ ကျေးဇူးတော်နှင့် ကျေနပ်နှစ်သက်မှုကို ရှာဖွေနေကြသည်ကို တွေ့မြင်ရပေမည်။ စဂျဒဟ်ဦးချမှုကြောင့် သူတို့၏ မျက်နှာများပေါ်တွင် သူတို့၏ အမှတ်လက္ခဏာသည် ထင်ပေါ်နေပေသည်။ ဤသည် သောရာသ်ကျမ်းတွင်ပါရှိသော သူတို့၏ ဝိသေသပင်ဖြစ်သည်။ အင်နှင်္ဂိလ် ကျမ်းတွင်ပါရှိသော သူတို့၏ ဝိသေသမှာ သူတို့သည် လယ်ယာနှင့် ပမာတူသည်။ ယင်းလယ်ယာသည် မိမိ၏ အစို့အညှောက်ကို ထွက်စေခဲ့သည်။ ထို့နောက် ထိုအစို့အညှောက်ကို သန်မာစေသည်။ ထို့နောက် တုတ်ခိုင်လာပြီး မိမိ၏ပင်စည်ပေါ်တွင် တည့်မတ်လာခဲ့လေရာ လယ်သမားများကို အထူးသဘောကျစေခဲ့သည်။ သူတို့ကိုအကြောင်းခံ၍၊ ငြင်းပယ်သူများကို အမျက်ဒေါသထွက်စေရန်အတွက် ဖြစ်လေသည်။ အလ္လာဟ်သည် အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုများ ပွားများသူတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူရန်နှင့် ကြီးကျယ်သော အကျိုးကုသိုလ်ချီးမြှင့်ရန် ကတိ ပေးတော်မူခဲ့ပေသည်။

၄၉။ စူရတ် ဟုဂျုရာသ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အိုဗ်-အီမာန်ယုံကြည်သူအပေါင်းတို့၊ သင်တို့သည် အလ္လာဟ်နှင့် အလ္လာဟ်ရစူလ်တမန်တော်၏ ရှေ့သို့ မကျော်ကြလေနှင့်။ အလ္လာဟ်ကို ကြောက်ရွံ့ကြကုန်။ ဇကာစင်စစ် အလ္လာဟ်သည် အကြွင်းမဲ့ ကြားတော်မူသော၊ သိတော်မူသောအရှင် ဖြစ်ပေသည်။

၂။ အိုဗ်-ယုံကြည်သူအပေါင်းတို့၊ သင်တို့၏ အသံများကို နဗီတမန်တော်၏ အသံထက် မကျယ်ကြစေနှင့်။ အသင်တို့ အချင်းချင်း တစ်ဦးကို တစ်ဦး အသံကျယ်ကျယ်နှင့် ဟစ်ခေါ်ကြသကဲ့သို့ ထိုနဗီတမန်တော်ကို မဟစ်ခေါ်ကြလေနှင့်။ သင်တို့တောင် မသိလိုက်ဘဲ သင်တို့၏ ကုသိုလ်များ ပျက်စီးသွားနိုင်ပေသည်။ **၃။** အလ္လာဟ်တမန်တော်၏ရှေ့တွင် မိမိတို့၏အသံများကို နှိမ့်ချကြသောသူတို့မှာမူ အလ္လာဟ်က သူတို့၏ စိတ်နလုံးများကို သက္ကဝါတရားအတွက် စမ်းစစ်တော်မူထားသောသူများပင် ဖြစ်ကြပေသည်။ ထို့ပြင် သူတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်သော အကျိုးကုသိုလ်လည်း ရှိပေသည်။ **၄။** ဇကာစင်စစ် အသင့်အား အခန်းများ၏အပြင်ဘက်မှ ဟစ်ခေါ်ကြသောသူတို့အနက်မှ အများစုသည် အသိဉာဏ်မရှိသူများ ဖြစ်ကြသည်။ **၅။** အကယ်၍ သူတို့သည် အသင်ကိုယ်တိုင် သူတို့ထံ ထွက်လာသည်အထိ သည်းခံခဲ့ကြပါလျှင် သူတို့အဖို့ အကောင်းဆုံးဖြစ်ခဲ့ပေမည်။ အလ္လာဟ်သည် အလွန် ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ သနားကြင်နာတော်မူသော အရှင်ဖြစ်ပေသည်။

၆။ အိုဗ်- ယုံကြည်သူအပေါင်းတို့၊ အကယ်၍ စာရိတ္တမကောင်းသူတစ်ဦး ဦးသည် သင်တို့ထံသို့ သတင်းတစ်ခု ယူဆောင်လာလျှင် လူတစ်စုကို အသင်တို့ မသိလိုက်ဘဲ ဒုက္ခပေးလိုက်မိနိုင်သောကြောင့် (အလျင်ဆုံး) ထိုသတင်းမှန်၊ မမှန်ကို စူးစမ်းလေ့လာကြလေကုန်။ ထို့နောက်တွင် သင်တို့သည် မိမိတို့၏လုပ်ရပ်အပေါ် နောင်တရကြေကွဲရပေမည်။ **၇။** အသင်တို့ မှတ်ထားကြလေကုန်။ သင်တို့၏ကြားတွင် အလ္လာဟ်ရစူလ်တမန်တော် ရှိနေသည်။ အကယ်၍ ရစူလ်တမန်တော်

သည် မြောက်မြားစွာသော အရေးကိစ္စများတွင် သင်တို့၏ ပြောစကားများကို လိုက်နာပါလျှင် အသင်တို့သာ ဒုက္ခရောက်ကြပေမည်။ သို့သော် အလွှာဟ်သည် အသင်တို့အား အီမာန်ယုံကြည်ချက်၏ ချစ်စိတ်ကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ထိုယုံကြည်ချက်ကို သင်တို့၏ စိတ်နလုံးများတွင် နစ်သက်မြတ်နိုးစေတော်မူခဲ့သည်။ ထို့ပြင် ငြင်းပယ်မှု၊ ပြစ်မှုကျူးလွန်မှုနှင့် အမိန့်ဖီဆန်မှုတို့ကို အသင်တို့အား စက်ဆုပ်ရွံရှာစေတော်မူခဲ့သည်။ ဤသို့သော သူများသာလျှင် လမ်းမှန်ပေါ်တွင် ရှိသူများ ဖြစ်ကြပေသည်။ **၈။** (ယင်းသို့အရည်ချင်းကောင်းများ ရရှိခြင်းသည်) အလွှာဟ်၏ ကျေးဇူးတော်နှင့် ဆုလာဘ်ချီးမြှင့်မှုကြောင့်သာ ဖြစ်သည်။ အလွှာဟ်သည် အလွန်သိတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။

၉။ အကယ်၍ မွတ်စ်လင်မ်တို့၏ အုပ်စုနှစ်စုသည် အချင်းချင်း တိုက်ခိုက်ခဲ့ကြလျှင် သူတို့အကြားတွင် စေ့စပ်ညှိနှိုင်းပေးကြကုန်။ အကယ်၍ သူတို့အနက်မှ တစ်ဖွဲ့သည် နောက်တစ်ဖွဲ့အပေါ် မတရားကျူးကျော်ခဲ့လျှင် သင်တို့သည် ထိုမတရားကျူးကျော်သောအုပ်စုကို အလွှာဟ်အမိန့်တော်ဘက်သို့ ပြန်လှည့်မလာမချင်း တိုက်ခိုက်ကြလေကုန်။ အကယ်၍ သူတို့သည် ပြန်လှည့်လာခဲ့လျှင်မူ သူတို့နှစ်ဖွဲ့အကြားတွင် မျှမျှတတ စေ့စပ်ညှိနှိုင်းပေးကြလေကုန်။ ထို့ပြင် အသင်တို့သည် တရားမျှတကြလေကုန်။ ဇကန်စင်စစ် အလွှာဟ်သည် တရားမျှတသူတို့ကို ချစ်ခင်နှစ်သက်တော်မူပေသည်။ **၁၀။** အီမာန်ယုံကြည် သူများသည် ညီရင်းအစ်ကို များသာ ဖြစ်ကြပေရာ သင်တို့၏ ညီနောင်နှစ်ဦးအကြားတွင် စေ့စပ်ညှိနှိုင်းပေးကြလေကုန်။ ထို့ပြင် အလွှာဟ်ကို ကြောက်ရွံ့ကြလေကုန်။ အသင်တို့သည် သနားကြင်နာခြင်း ခံရကောင်း ခံရပေလိမ့်မည်။

၁၁။ အို-ယုံကြည်သူအပေါင်းတို့၊ အမျိုးသားများသည် အခြားအမျိုးသားများကို လှောင်ပြောင်ခြင်း မပြုကြလေနှင့်။ လှောင်ပြောင်ခြင်းခံရသူများသည် လှောင်ပြောင်သောသူတို့ထက် ပို၍ ကောင်းမြတ်သူများ ဖြစ်နိုင်ပေသည်။ အမျိုးသမီးများသည်လည်း အခြားအမျိုးသမီးများကို လှောင်ပြောင်ခြင်း မပြုကြလေနှင့်။ လှောင်ပြောင်ခြင်းခံရသောအမျိုးသမီးများသည် လှောင်ပြောသော အမျိုးသမီးများထက် ပို၍ ကောင်းမြတ်သူများ ဖြစ်နိုင်ပေသည်။ အချင်းချင်း တစ်ဦးကိုတစ်ဦး

စောင်းမြောင်းကွဲရဲ့ပြစ်တင်မှု မလုပ်ကြလေနှင့်။ အချင်းချင်း တစ်ဦးကိုတစ်ဦး နာမည်ပြောင်များဖြင့် မှည့်ခေါ်မှု မပြုကြလေနှင့်။ အီမာန်ယုံကြည်ပြီးနောက်တွင် ပြစ်မှုတည်းဟူသောအမည်နာမသည် အလွန် ဆိုးရွားလှပေသည်။ မည်သူမဆို ထိုလုပ်ရပ်များမှ ပြန်လှည့်လာခြင်းမရှိပါက ထိုသူတို့သာလျှင် မတရားကျူးလွန်သူများ ဖြစ်ကြပေမည်။

၁၂။ အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ များက်များစွာသော အထင်များမှ ရှောင်ကြဉ်ကြလေကုန်။အဘယ်ကြောင့်ဆိုသောအချို့သောအထင်များသည် အပြစ် ဖြစ်လေသည်။ ထို့ပြင် ထောက်လှမ်းစူးစမ်းမှု မပြုကြနှင့်။ အသင်တို့သည် တစ်ဦးကိုတစ်ဦး နောက်ကွယ်တွင် အတင်းမပြောကြရပေ။ ဘာလဲ၊ အသင်တို့ထဲက တစ်ဦးတစ်ယောက်သည် မိမိညီအစ်ကို၏အသေသားကို စားဖို့နှစ်သက်ပါသလော။ ထိုအသေသားကို အသင်တို့ စက်ဆုပ်ကြမည်သာ ဖြစ်သည်။ ထို့နောက် အသင်တို့သည် အလွှာဟ်ကို ကြောက်ရွံ့ကြလေကုန်။ ဇကန်စင်စစ် အလွှာဟ်သည် အလွန် ခွင့်လွှတ်တော်မူသော၊ သနားကြင်နာတော်မူသော အရှင်ဖြစ်ပေသည်။

၁၃။ အို- လူသားအပေါင်းတို့၊ ဇကန်စင်စစ် ငါအရှင်သည် အသင်တို့အား ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးမှ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အသင်တို့ အချင်းချင်း ခွဲခြားသိမြင်မှတ်မိနိုင်ကြရန်အတွက် ငါအရှင်သည် သင်တို့အား လူမျိုးစုများ၊ မျိုးနွယ်များအဖြစ် ကွဲပြားသွားစေတော်မူခဲ့သည်။ ဇကန်စင်စစ် အလွှာဟ်ထံတွင် အသင်တို့အနက် ဂုဏ်သိက္ခာအရှိဆုံးသောသူမှာ အလွှာဟ်ကို အကြောက်ဆုံးသူပင် ဖြစ်လေသည်။ ဇကန်စင်စစ် အလွှာဟ်သည် အကြွင်းမဲ့သိတော်မူသော၊ အကြွင်းမဲ့ သတင်းရှိတော်မူသော အရှင်ဖြစ်ပေသည်။

၁၄။ အရင်ကျေးတောသားတို့က ကျွန်ုပ်တို့သည် အီမာန်ယုံကြည်ခဲ့ကြပြီဟု ပြောဆိုခဲ့ကြသည်။ အသင်ပြောလိုက်ပါ။ သင်တို့သည် အီမာန်ယုံကြည်ကြသည် မဟုတ်သေးပေ။ သို့ရာတွင် ကျွန်ုပ်တို့သည် အစွမ်းလက်ခံခဲ့ကြပါပြီဟုသာ ပြောဆိုကြလေကုန်။ အီမာန်ယုံကြည်ချက်သည် ယခုတိုင် သင်တို့၏ စိတ်နလုံးများအတွင်းသို့ မဝင်ရောက်သေးပေ။ အကယ်၍ သင်တို့သည် အလွှာဟ်နှင့် အလွှာဟ်ရဿူလ်တမန်တော်၏ အမိန့်ကို နာခံကြပါလျှင် အရှင်မြတ်သည် သင်တို့၏ ကျင့်ဆောင်မှုများမှ တစ်စုံတစ်ရာကိုမျှ လျော့နည်းစေတော်မူမည်မဟုတ်ပေ။ ဇကန်

စင်စစ် အလ္လာဟ်သည် အလွန် ခွင့်လွှတ်တော်မူသော၊ သနားကြင်နာတော်မူသော အရှင်ဖြစ်ပေသည်။ **၁၅။** စင်စစ်တွင် အီမာန်ယုံကြည်သူများဟူသည် အလ္လာဟ်နှင့် အလ္လာဟ်ရာစူလ်တမန်တော်ကို ယုံကြည်ကြသူများ၊ တစ်ဖန် ဒွိဟသံသယ မဖြစ်ကြသူများ၊ အလ္လာဟ်လမ်းတော်တွင် မိမိတို့၏ ဥစ္စာပစ္စည်းများနှင့် အသက်များကို ရင်း၍ ကျိုဟာဒ်လုပ်သူများ ဖြစ်ကြပေသည်။ ထိုသူတို့သာလျှင် သစ္စာရှင်များ ဖြစ်ကြပေသည်။

၁၆။ အသင်ပြောလိုက်ပါ။ ဘာလဲ၊ သင်တို့သည် မိမိတို့၏သာသနာကို အလ္လာဟ်အား အသိပေးနေကြပါသလော။ စင်စစ်တွင် အလ္လာဟ်သည် မိုးကောင်းကင်များတွင်ရှိသမျှနှင့်၊ မြေပထဝီတွင်ရှိသမျှတို့ကို သိတော်မူပေသည်။ ထို့ပြင် အလ္လာဟ်သည် အရာခပ်သိမ်းကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်ပေသည်။ **၁၇။** သူတို့က မိမိတို့သည် အစွလာမ်လက်ခံလိုက်ပြီဟု အသင့်အပေါ် ကျေးဇူး ဂုဏ်ဖော်နေကြသည်။အသင်ပြောလိုက်ပါ။သင်တို့၏အစွလာမ်လက်ခံလိုက်ခြင်းကို ကျွန်ုပ်အပေါ် ဂုဏ်လာမဖော်လေနှင့်။ အကယ်၍ သင်တို့ ပြောတာမှန်ကန်သည် ဆိုလျှင် စင်စစ်တွင် အလ္လာဟ်ကသာ သင်တို့အား အီမာန်ယုံကြည်နိုင်ရန် လမ်းညွှန်ပြတော်မူခဲ့ခြင်းအားဖြင့် သင်တို့အပေါ် ကျေးဇူးပြုတော်မူခဲ့ခြင်း ဖြစ်သည်။ **၁၈။** ဇကန်စင်စစ် အလ္လာဟ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ဖုံးကွယ်နေသော အရာများကို သိတော်မူသည်။ ထို့ပြင် အလ္လာဟ်သည် သင်တို့ပြုမူနေသမျှကို အကြွင်းမဲ့မြင်နေတော်မူသော အရှင်ဖြစ်ပေသည်။

၅၀။ စူရပ်ကားဖ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ကားဖ်။ ထူးကဲမြင့်မြတ်သော ကျမ်းမြတ်ကုရ်အာန်ကို သက်သေထူတော်မူသည်။ **၂။** စင်စစ်တွင် သူတို့ထဲကပင် သတိပေးနှိုးဆော်သူ တစ်ဦးသည် သူတို့ထံသို့ ရောက်ရှိလာခဲ့သည်ကို သူတို့က အံ့သြခဲ့ကြသည်။ သို့ဖြစ်ရာ ငြင်းပယ်သူတို့က ဤသို့ ပြောဆိုခဲ့ကြသည်။ ဤသည် အလွန်အံ့သြဖွယ်ရာပင် ဖြစ်သည်။

၃။ ဘာလဲ၊ ကျွန်ုပ်တို့ သေကြပြီး အရိုးများ ဖြစ်သွားကြသောအခါ (မည်သို့ပြန်ရှင်နိုင်မည်နည်း) ထိုကိစ္စသည် အလွန် ဝေးလံလှသော မဖြစ်နိုင်သော ပြန်လည်ရှင်ထခြင်းပင် ဖြစ်သည်။ **၄**။ မြေကြီးသည် သူတို့ထံမှ ဘယ်လောက် အစိတ်အပိုင်းကို လျော့နည်းစေသည်ကိုပင် ငါအရှင်သိတော်မူသည်။ ငါအရှင့်ထံတွင် အရာခပ်သိမ်းကို ထိန်းသိမ်းထားသောစာအုပ် ရှိပေသည်။ **၅**။ စင်စစ်တွင် သူတို့ထံသို့ အမှန်တရား ရောက်ရှိလာသည့်အခါ သူတို့က ယင်းအမှန်တရားကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြလေသည်။ သို့ဖြစ်ရာ သူတို့သည် ရွှတ်ထွေးသောအခြေအနေတွင် ကျရောက်လျက် ရှိကြသည်။

၆။ သူတို့သည် မိမိတို့အထက်တွင်ရှိသော မိုးကောင်းကင်ကို မကြည့်ခဲ့ကြသလော။ ငါအရှင်သည် ယင်းမိုးကောင်းကင်ကို မည်သို့ ပြုလုပ်ထားပါသနည်း။ ထို့နောက် ယင်းမိုးကောင်းကင်ကို မည်သို့လှပစွာ ဆင်မြန်းထားပါသနည်း။ ထိုပြင် ယင်းမိုးကောင်းကင်တွင် အကွဲအပဟူ၍ အလျှင်းမရှိပေ။ **၇**။ ငါအရှင်သည် မြေပထဝီကို ဖြန့်ခင်းတော်မူခဲ့သည်။ ထို့နောက် ယင်းတွင် တောင်များကို စိုက်ထူတော်မူခဲ့သည်။ ထို့နောက် ယင်းမြေပထဝီတွင် လှပတင့်တယ်သော အရာဝတ္ထုအမျိုးမျိုးကို ပေါက်ရောက်စေတော်မူခဲ့သည်။ **၈**။ အရှင့်ထံသို့ ပြန်လှည့်သည့် အစေတော်တိုင်းအတွက် အသိအမြင်နှင့် သတိတရားရစေရန်အတွက် ဖြစ်လေသည်။ **၉**။ ထိုပြင် ငါအရှင်သည် မိုးကောင်းကင်မှ မင်္ဂလာရှိသောရေကို ချပေးတော်မူခဲ့သည်။ တစ်ဖန် ငါအရှင်သည် ထိုမိုးရေဖြင့် ဥယျာဉ်ခြံများ၊ ရိတ်သိမ်းရသော ကောက်ပဲသီးနှံများကို ပေါက်ရောက်စေတော်မူခဲ့သည်။ **၁၀**။ ရှည်လျားမြင့်မားသော စွန်ပလွံပင်များကိုလည်း (ပေါက်ရောက်စေတော်မူသည်)။ ယင်းစွန်ပလွံပင်များတွင် ပြွတ်၍ သီးနေသော အသီးများရှိသည်။ **၁၁**။ အစေတော်များအတွက် စားနပ်ရိက္ခာအဖြစ် (ပေါက်ရောက်စေခြင်း ဖြစ်သည်)။ ထိုပြင် ငါအရှင်သည် သေနေသော မြေကို ထိုမိုးရေဖြင့် ပြန်ရှင်စေတော်မူခဲ့သည်။ (လူတို့) မြေကြီးအတွင်းမှ (တစ်ဖန်ရှင်သန်၍) ထွက်ခြင်းသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်ပေမည်။

၁၂။ သူတို့ထက်အလျင်ကလည်း နူးဟ်၏အမျိုးသားများ၊ ရတ်စ်မြို့သားများနှင့် ဆမူးဒ်အမျိုးသားများသည် (တမန်တော်များကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ **၁၃**။ ထိုပြင် အားဒ်အမျိုးသားများ၊ ဖိရ်အောင်နှင့်နှင့် လူးသ်၏ညီနောင်

များ။ **၁၄။** အိုက်ကဟ် ကနိုင်သားများ၊ သွဗ္ဗအ်အမျိုးသားများ၊ အားလုံးတို့သည် ရစူလ်တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲခြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်ကတိပေးခဲ့သောအရာသည် သူတို့အပေါ် ကျရောက်ခဲ့လေသည်။ **၁၅။** ငါအရှင်သည် (အသင်တို့အား) ပထမအကြိမ် ဖန်ဆင်းရာတွင် ချည့်နဲ့ခဲ့သလော။ ထိုသို့အလျှင်းမဟုတ်။ စင်စစ်တွင် သူတို့သည် အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းခံရမည်နှင့် စပ်လျဉ်း၍ ဒွိဟသံသယဖြစ်နေကြသည်။

၁၆။ ဇကန်စင်စစ် ငါအရှင်သည် လူသားကို ဖန်ဆင်းထားတော်မူခဲ့သည်ဖြစ်ရာ သူ့စိတ်တွင် မသိမသာပေါ် ပေါက်သောစကားများကိုပင် ငါအရှင်သိတော်မူသည်။ ငါအရှင်သည် သူ၏ လည်ချောင်းသွေးကြောထက်ပင် သူနှင့်ပို၍ နီးကပ်စွာရှိတော်မူသည်။ **၁၇။** မှတ်သားရယူသူ နှစ်ဦးသည် ယင်းလူသား၏ ညာဘက်နှင့် ဘယ်ဘက်တွင် ထိုင်၍ မှတ်သားရယူလျက် ရှိနေပေသည်။ **၁၈။** လူသားပြောဆိုသည့် စကားတိုင်းကို အနားတွင် အသင့်စောင့်ကြပ်နေသူတစ်ဦး ရှိပေသည်။

၁၉။ သေခြင်းတရား၏ ယစ်မူးမှုသည် မှန်ကန်တိကျစွာ ရောက်လာပေမည်။ ဤသည် အသင်ရှောင်ပြေးလေ့ရှိခဲ့သည့် အရာပင်ဖြစ်ပေသည်။ **၂၀။** ထို့နောက် တံပိုးခံရာမှတ်ခြင်းခံရမည်။ ဤသည် ကတိပေးခြိမ်းခြောက်ထားသောနေ့ပင် ဖြစ်လေသည်။ **၂၁။** လူတိုင်း လာကြရမည်။ သူနှင့်အတူ မောင်းနှင်သူတစ်ဦးနှင့် သက်သေခံတစ်ဦးပါရှိမည်။ **၂၂။** ဇကန်စင်စစ် အသင်သည် ဤသည်နှင့်စပ်လျဉ်း၍ မေ့လျော့ပေါ့ဆမှုတွင် ရှိခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်သည် အသင့်အပေါ် မှ အကာအကွယ်ကို ဖယ်ရှားတော်မူလိုက်ပြီ။ ယနေ့ အသင့်၏ အမြင်သည် စူးရှလျက် ရှိပေပြီ။ **၂၃။** သူ၏ အဖော်ဖြစ်သူ ကောင်းကင်တမန်က ကျန်ပ်ထံတွင်ရှိသော ဤမှတ်တမ်းစာအုပ်က အဆင်သင့်ပါပဲဟု ပြောပေမည်။ **၂၄။** ကျေးဇူးကန်းသူ၊ အမှန်ကို ဇွတ်ငြင်းပယ်သူတိုင်းကို ဂျဟန္နမ်ငရဲဘုံထဲ ပစ်ချလော့။ **၂၅။** ကောင်းမှုမှ တားမြစ်သောသူ၊ စည်းဘောင်ကျော်လွန်သူ၊ ဒွိဟသံသယရှိသူတိုင်းကိုလည်း။ **၂၆။** သူသည် အလွှာဟ်နှင့်အတူ အခြားအရာကိုကိုးကွယ်ရာအဖြစ် ပြုလုပ်ခဲ့သူဖြစ်ပေရာ သူ့အား ပြင်းထန်သော ပြစ်ဒဏ်တွင် ပစ်ချလော့။ **၂၇။** ထိုအခါ သူ၏အဖော် ရှိုင်သွာန်က လျှောက်တင်မည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးသည် သူ့အား ဆိုးသွမ်း

မိုက်မဲအောင် ပြုလုပ်ခဲ့သည်မဟုတ်ပါ။ သို့သော် သူကိုယ်တိုင်က ဝေးလံသော လမ်းမှားမှု၌ ရှိခဲ့ခြင်းသာ ဖြစ်ပေသည်။ **၂၈။** ထိုအခါ အရှင်မြတ်က မိန့်ကြားတော်မူပေမည်။ ငါအရှင့်ထံတွင် အငြင်းအခုံ မလုပ်ကြလေနှင့်။ ငါအရှင်သည် ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သင်တို့ကို ကြိုတင်ကတိပေး ခြိမ်းခြောက်ထားပြီး ဖြစ်သည်။ **၂၉။** ငါအရှင့်ထံတွင် စကားကို အပြောင်းအလဲ လုပ်လို့မရပေ။ ငါအရှင်သည် မိမိ၏အစေတော်များကို မတရားလုပ်တော်မူသောအရှင် မဟုတ်ပေ။

၃၀။ ထိုနေ့တွင် ငါအရှင်သည် ဂျဟန္နမ်ငရဲဘုံအား အသင်သည် ပြည့်သွားပြီလောဟု မေးမြန်းတော်မူပေမည်။ ထိုအခါ ယင်းငရဲဘုံက နောက်ထပ်ရှိပါသေးသလားဟု လျှောက်တင်မည်။ **၃၁။** ဂျန္နသ်သုခဘုံသည် အလွှာဟ်ကို ကြောက်ရွံ့ကြသူတို့၏အနီးအနား မလှမ်းမကမ်းသို့ ယူဆောင်လာခြင်း ခံရပေမည်။ **၃၂။** ဤသည် အလွှာဟ်ဘက်သို့ ပြည်လှည့်လာသူတိုင်းနှင့် အလွှာဟ်အမိန့်တော်များကို ထိန်းသိမ်းသူတိုင်းအတွက် ကတိပေးထားခဲ့သောအရာပင် ဖြစ်လေသည်။ **၃၃။** ရဟ်မာန်-ကရုဏာတော်ရှင်အား မမြင်တွေ့ဘဲနှင့်လည်း ကြောက်ရွံ့ခဲ့ပြီး၊ အရှင့်ဘက်သို့ လှည့်သောစိတ်နလုံးဖြင့် လာသူတို့အတွက်ဖြစ်သည်။ **၃၄။** သင်တို့သည် ဂျန္နသ်သုခဘုံသို့ ငြိမ်းချမ်းစွာ ဝင်ရောက်ကြလေကုန်။ ဤသည် အမြဲထာဝရနေရမည့် နေ့ရက်ပင် ဖြစ်လေသည်။ **၃၅။** ထိုထဲတွင် သူတို့အလိုရှိသမျှကို ရကြမည့် အပြင် ငါအရှင့်ထံတွင် အပိုဆုလည်း ရှိပေသေးသည်။

၃၆။ ငါအရှင်သည် သူတို့ထက်အလျင်က မြောက်မြားစွာသော လူမျိုးများကို ဖျက်ဆီးပစ်တော်မူခဲ့သည်။ ထိုသူတို့သည် သူတို့ထက်ပင်ပို၍ ခွန်အားဗလ ကြီးမားခဲ့ကြသည်။ သို့ရာတွင် သူတို့သည် ခိုလှုံရာနေရာ တစ်ခုတလေများ တွေ့ရလေမလားဟု အမြဲတို့မြို့အရွာရွာ လှည့်ပတ်ရှာခဲ့ကြသေးသည်။ **၃၇။** ဇကန်စင်စစ် ဤဖြစ်ရပ်တွင် စိတ်နလုံးသားရှိသောသူအတွက် သို့မဟုတ် စိတ်ပါဝင်စားစွာ အာရုံစိုက်သူအတွက် သံဝေဂယူစရာ မုချ ရှိပေသည်။

၃၈။ ဇကန်စင်စစ် ငါအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကိုလည်းကောင်း၊ ထိုနှစ်ခုအကြားရှိ အရာခပ်သိမ်းတို့ကိုလည်းကောင်း ခြောက်ရက် အတွင်း ဖန်ဆင်းတော်မူခဲ့သည်။ ငါအရှင်အား မည်သည့်ပင်ပန်းနွမ်းနယ်မှုမျှ မထိခဲ့ပေ။ **၃၉။** သို့ဖြစ်ရာ အသင်သည် သူတို့၏ ပြောဆိုမှုများအပေါ် သည်းခံ၍

နေပါလေ။ ထို့ပြင် နေမထွက်မီနှင့် နေမဝင်မီအချိန်များတွင် အသင့်အရှင်အား ချီးမွမ်းထောမနာပြု၍ သန့်ပြန့်စင်ကြယ်တော်မူကြောင်း မြွက်ဟကာ နေပါလေ။ **၄၀။** ညပိုင်းနှင့် စွလာသ်ဝတ်ပြုမှုများ ပြီးနောက်တွင်လည်း ထိုအရှင် စင်ကြယ်သန့်ရှင်း တော်မူကြောင်း မြွက်ဟပါလေ။

၄၁။ အသင် သေသေချာချာ နားထောင်ပါ။ ထိုနေ့တွင် ဟစ်အော်သူသည် နီးကပ်သောနေရာမှ ဟစ်အော်ပေမည်။ **၄၂။** ထိုနေ့တွင် လူတို့သည် ဟစ်အော်သံကို အမှန်တကယ် ကြားရမည်။ (သချိုင်းများမှ) ထွက်လာရမည့်နေ့သည် ထိုနေ့ပင် ဖြစ်လေသည်။ **၄၃။** ဇကန်စင်စစ် ငါအရှင်သည်သာ ရှင်စေတော်မူသော၊ သေစေတော်မူသောအရှင် ဖြစ်တော်မူပြီး ငါအရှင့်ထံသို့သာ အားလုံးပြန်လာကြရပေမည်။ **၄၄။** ထိုနေ့တွင် မြေပထဝီသည် သူတို့အပေါ်မှ ပွင့်ထွက်သွားပြီး သူတို့သည် လျင်မြန်စွာ ထွက်ကြမည်။ ဤသည် ငါအရှင့်အတွက် လွယ်ကူသော စုရုံးခြင်းပင် ဖြစ်ပေသည်။

၄၅။ သူတို့ ပြောဆိုနေကြသည်များကို ငါအရှင် အသိဆုံးဖြစ်သည်။ အသင်သည် သူတို့အား အတင်းအကျပ်ခိုင်းရမည့်သူမဟုတ်ပေ။ သို့ဖြစ်ရာ ငါအရှင်၏ ကတိပေးခြိမ်းခြောက်မှုအား ကြောက်ရွံ့သောသူကို ကုရ်အာန်ကျမ်းမြတ်ဖြင့် ဆုံးမသြဝါဒ ပေးလျက်နေပါ။

၅၁။ စူရတ်ဇာရိယာသ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနားတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဖုံမှုန့်များကို လွင့်ပါးစေသောလေများကို သက်သေထူတော်မူသည်။ **၂။** ဝန်ထမ်းကြသောတိမ်တိုက်များကို သက်သေထူတော်မူသည်။ **၃။** လွယ်ကူညင်သာစွာ သွားကြသောလှေသဘော်များကို သက်သေထူတော်မူသည်။ **၄။** အမိန့်တော်များကို ခွဲဝေပေးသောကောင်းကင်တမန်များကို သက်သေထူတော်မူသည်။ **၅။** ဇကန်စင်စစ် အသင်တို့အား ချိန်းချက်ထားသောကတိသည် မုချအမှန်တကယ်ဖြစ်သည်။ **၆။** (ကောင်းမှု၊ မကောင်းမှု၏) အစားပေးခြင်းသည်

မှချဖြစ်ပေလိမ့်မည်။ **၇။** လမ်းကြောင်းများရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူသည်။ **၈။** ဇကနစင်စစ် အသင်တို့သည် အကွဲအလွဲဖြစ်နေသော စကားရပ်တွင် ရှိနေကြသည်။ **၉။** ထို(ကုရ်အာန်ကိုယုံကြည်ခြင်း)မှ ဖယ်ထုတ်ခြင်းခံရသူသည် ဖယ်ထုတ်ခြင်း ခံရသည်။

၁၀။ ရမ်းဆပြောဆိုကြသူများ ပျက်စီးပါစေသား။ **၁၁။** ၎င်းတို့သည် မသိမိုက်မဲမှုတွင် မေ့လျော့နေသူများ ဖြစ်ကြပေသည်။ **၁၂။** အစားပေးမည့်နေ့သည် ဘယ်တော့လဲဟု သူတို့က မေးမြန်းကြသည်။ **၁၃။** ထိုနေ့သည် ၎င်းတို့ မီးဖြင့်ပြစ်ဒဏ်ပေးခြင်းခံရမည့် နေ့ပင်ဖြစ်သည်။ **၁၄။** မိမိတို့၏ ပြစ်ဒဏ်၏အရသာကို မြည်းစမ်းကြလေကုန်။ ဤသည် အသင်တို့ အလျင်လိုနေခဲ့ကြသည့် အရာပင်ဖြစ်သည်။ **၁၅။** အလွှာဟ်ကို ကြောက်ရွံ့ကြသူတို့သည် ဥယျာဉ်များနှင့် စမ်းချောင်းများတွင် ရှိကြပေမည်။ **၁၆။** သူတို့အား သူတို့၏အရှင် ချီးမြှင့်သည်များကို ယူနေကြမည်။ ဇကနစင်စစ် သူတို့သည် သည်အလျင်က ကောင်းမှုပြုသူများ ဖြစ်ခဲ့ကြပေသည်။ **၁၇။** သူတို့သည် ညတွင် အနည်းငယ်သာ အိပ်စက်လေ့ရှိကြသည်။ **၁၈။** အရုဏ်တက်ချိန်များတွင် သူတို့သည် လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံလေ့ရှိကြသည်။ **၁၉။** သူတို့၏ ပစ္စည်းဥစ္စာများတွင် တောင်းရမ်းသောသူဆင်းရဲနှင့် လက်မဲ့ဖြစ်နေသောသူဆင်းရဲအဖို့ ဝေစုဝေပုံ ရှိလေသည်။

၂၀။ မြေပထဝီတွင် ယုံကြည်သူတို့အဖို့ သက်သေလက္ခဏာများ ရှိပေသည်။ **၂၁။** အသင်တို့ကိုယ်တိုင်ထဲတွင်လည်း ရှိပေသည်။ အသင်တို့ မမြင်ကြလေသလော။ **၂၂။** မိုးကောင်းကင်တွင် သင်တို့၏ စားနပ်ရိက္ခာရှိသည်။ ထို့ပြင် သင်တို့အား ကတိပေးထားသောအရာလည်း ရှိသည်။ **၂၃။** မိုးကောင်းကင်နှင့် မြေပထဝီ၏အရှင်အား သက်သေထူပေသည်။ ထိုအချက်သည် အသင်တို့ စကား ပြောဆိုကြသကဲ့သို့ပင် မုချ အမှန်တကယ် ဖြစ်ပေသည်။

၂၄။ အိပ်ရာဟီမ်၏ဂုဏ်သရေရှိသော ဧည့်သည်များ၏အကြောင်းအရာသည် သင့်ထံ ရောက်ရှိခဲ့ပါသလော။ **၂၅။** တစ်ခါတွင် ထိုဧည့်သည်တော်များသည် သူ့ထံ ဝင်ရောက်လာပြီး စလာမ်ဆက်သကြသည်။ သူကလည်း စလာမ်ပြန်လည်ဆက်သခဲ့ပြီး သူစိမ်းများ ဖြစ်ဟန်တူသည်ဟု ပြောဆိုခဲ့သည်။ **၂၆။** ထို့နောက် သူသည် အိမ်ထဲသို့ဝင်ပြီး ဝဖြိုးသောနွားကင်လေးတစ်ကောင်ကို ယူလာခဲ့သည်။ **၂၇။**

ပြီးနောက် ထိန္ဓားကင်လေးကို သူတို့အား ဆက်သလိုက်သည်။ ထို့နောက် အသင်တို့ မစားသုံးကြဘူးလားဟု မေးမြန်းခဲ့လေသည်။ **၂၈။** ထို့နောက် အိဝ်ရာဟီမ်သည် သူတို့အား စိတ်ထဲတွင် စိုးရိမ်လာခဲ့သည်။ ထိုအခါ သူတို့က ပြောဆိုကြလေသည်။ အသင် မကြောက်ပါနှင့်။ ထို့ပြင် သူတို့သည် သူ့အား အသိပညာနှင့် ပြည့်စုံသော သားရတနာတစ်ပါး ထွန်းကားမည့်အကြောင်း သတင်းကောင်း ပါးခဲ့ကြလေသည်။ **၂၉။** ထိုအချိန် သူဇနီးသည် ပြောဆိုညည်းညူလျက် ရှေ့သို့ရောက်လာပြီး မိမိ၏နဖူးကို လက်ဖြင့်ရိုက်ကာ (ကျွန်မသည်) အဖွားအိုတစ်ဦးပါ၊ မြုံနေသူတစ်ဦးပါဟု ပြောဆိုလေသည်။ **၃၀။** ထိုအခါ သူတို့က ပြောကြသည်။ အသင့်၏အရှင်သည် ဤအတိုင်းပင် မိန့်ကြားတော်မူခဲ့သည်။ ဇကန်စင်စစ် ထိုအရှင်သည် ဉာဏ် အမြော်အမြင်နှင့် ပြည့်စုံတော်မူသော၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်လေသည်။

★ **၃၁။** ထိုအခါ အိဝ်ရာဟီမ်က အို-စေတမန်တို့၊ အသင်တို့တွင် မည်သည့် အရေးကိစ္စရှိနေပါသနည်းဟု မေးမြန်းလေသည်။ **၃၂။** သူတို့က အဖြေပေးကြသည်။ ဇကန်စင်စစ် ကျွန်ုပ်တို့သည် ပြစ်မှုဒုစရိုက်ကျူးလွန်ကြလျက်ရှိသော (လူးသ်၏)အမျိုးသားများထံ စေလွှတ်ခြင်းခံခဲ့ရသည်။ **၃၃။** သူတို့အပေါ် သို့ ခြောက်နေသော မြေကြီးခဲများကို ရွာသွန်းချရန်အတွက် ဖြစ်လေသည်။ **၃၄။** စည်းဘောင်ကျော်လွန်ကြသောသူတို့အဖို့ ထိုကျောက်ခဲများတွင် အသင့်၏အရှင်ထံတော်မှ အမှတ်အသားများ ပါရှိလေသည်။ **၃၅။** ထို့နောက် ငါအရှင်သည် ထိုမြို့ရွာတွင်ရှိ သမျှသော ယုံကြည်သူများကို ထုတ်ယူလွတ်မြောက်စေတော်မူခဲ့သည်။ **၃၆။** ငါအရှင်သည် ထိုမြို့ရွာ၌ မွတ်စ်လင်မ်အိမ်တစ်အိမ်တည်းသာ တွေ့မြင်တော်မူခဲ့သည်။ **၃၇။** ထို့ပြင် ငါအရှင်သည် ထိုမြို့ရွာတွင် နာကျင်စေသောပြစ်ဒဏ်ကို ကြောက်ရွံ့ကြသူတို့အဖို့ သက်သေလက္ခဏာတစ်ရပ်အဖြစ် ချန်ထားတော်မူခဲ့သည်။

၃၈။ မူစာ(၏အကြောင်းအရာ)တွင်လည်း သက်သေလက္ခဏာတစ်ရပ် ရှိပေသည်။ တစ်ခါတွင် ငါအရှင်သည် သူ့အား ထင်ရှားသော သက်သေအထောက်အထားနှင့်တကွ ဖိရိုအောင်နိမ်သို့ စေလွှတ်တော်မူခဲ့သည်။ **၃၉။** သို့သော် သူသည် မိမိ၏ အင်အားကိုအားကိုးပြီး မျက်နှာလွှဲသွားကာ ဤသူသည် မှော်ဆရာလော၊ သို့မဟုတ် အရူးလောဟု ပြောဆိုခဲ့လေသည်။ **၄၀။** သို့ဖြစ်ရာ ငါအရှင်သည်

သူကိုရော၊ သူစစ်တပ်ကိုပါ ဖမ်းဆီးတော်မူပြီး သူတို့ကို ပင်လယ်ထဲတွင် ပစ်ချတော်မူခဲ့သည်။ စင်စစ် သူသည် ပြစ်တင်ရှုတ်ချထိုက်သောသူပင် ဖြစ်လေသည်။ **၄၁။** အာဒံအမျိုးသားများ(၏)အကြောင်းအရာ)တွင်လည်း သက်သေလက္ခဏာတစ်ရပ် ရှိပေသည်။ တစ်ခါတွင် ငါအရှင်သည် သူတို့အပေါ် သို့ ကောင်းကျိုးမပေးသောလေ ပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့သည်။ **၄၂။** ထိုလေသည် သူဖြတ်သန်းသွားသည့် အရာဟူသမျှကို အပိုင်းပိုင်းအစစ အကြွေမွအောင် လုပ်ပြီးသာထားခဲ့လေသည်။ **၄၃။** ဆမူဒ်အမျိုးသားများ(၏)အကြောင်းအရာ)တွင်လည်း သက်သေလက္ခဏာ တစ်ရပ် ရှိပေသည်။ တစ်ခါတွင် သူတို့အား "သင်တို့သည် အချိန်ကာလတစ်ခုထိတိုင် အောင်သာ အကျိုးခံစားကြပေတော့"ဟု ပြောဆိုခြင်းခံခဲ့ရသည်။ **၄၄။** သို့ဖြစ်ရာ မိမိတို့၏ အရှင်၏အမိန့်ကို ပုန်ကန်ဖီဆန်ခဲ့ကြသဖြင့် သူတို့ ကြည့်ရှုလျက်ရှိနေစဉ် မှာပင် အော်သံကြီးသည် သူတို့အား ကျပ်မျက်ခဲ့လေသည်။

၄၅။ ထို့နောက် သူတို့သည် မတ်တတ်ပင် မရပ်နိုင်ခဲ့ကြပေ။ ထို့ပြင် မိမိတို့ကိုယ်ကိုလည်း မကာကွယ်နိုင်ခဲ့ကြပေ။ **၄၆။** ဤမတိုင်ခင်က ငါအရှင်မြတ်သည် နူးဟ်၏ အမျိုးသားများကိုလည်း ဖျက်ဆီးတော်မူခဲ့သည်။ စင်စစ် သူတို့သည် အမိန့် ဖီဆန်သူများ ဖြစ်ခဲ့ကြသည်။

၄၇။ ငါအရှင်မြတ်သည် မိုးကောင်းကင်ကို မိမိ၏ တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းမိုးကောင်းကင်ကို ကျယ်ဝန်းစေတော်မူသော အရှင်ဖြစ်သည်။ **၄၈။** ထို့နောက် ငါအရှင်သည် မြေကို ခင်းကျင်းတော်မူခဲ့သည်။ သို့ဖြစ်ရာ အဘယ်မျှကောင်းအောင် ခင်းကျင်းသူဖြစ်ဘိသနည်း။ **၄၉။** ငါအရှင်မြတ်သည် သင်တို့သတိပြုကြရန်အတွက် အရာတိုင်းကို အစုံလိုက်အစုံလိုက် ဖန်ဆင်းတော်မူခဲ့သည်။ **၅၀။** သို့ရှိရာ သင်တို့သည် အလျှာ်ဟ်ဘက်သို့ ပြေးကြကုန်။ ကျွန်ုပ်သည် ထိုအရှင်ဘက်မှ ထင်ထင်ရှားရှား သတိပေးနှိုးဆော်သူ တစ်ဦး ဖြစ်သည်။ **၅၁။** ထို့ပြင် အလျှာ်ဟ်နှင့်အတူ မည်သည့်အရာကိုမျှ ကိုးကွယ်ရာ အရှင်အဖြစ် မသတ်မှတ်လေနှင့်။ ကျွန်ုပ်သည် ထိုအရှင့်ဘက်မှ ထင်ထင်ရှားရှား သတိပေးနှိုးဆော်သူတစ်ဦး ဖြစ်သည်။

၅၂။ ထိုနည်းတူပင် သူတို့အလျာ်က လူတို့ဆီ လာခဲ့သည့် တမန်တော်တိုင်းကို သူတို့သည် မှော်ဆရာ သို့မဟုတ် သူရူးဟု ပြောခဲ့ကြသည်ချည်းသာ ဖြစ်

သည်။ **၅၃။** ဤကိစ္စနှင့် ပတ်သက်၍ သူတို့သည် အချင်းချင်း မှာတမ်းခဲ့ကြသည်လော။ သို့သာမက ဤသူတို့အားလုံးသည် ဆိုးသွမ်းသူများသာ ဖြစ်ကြသည်။ **၅၄။** သို့ရှိရာ သင်သည် ၎င်းတို့ကို ဥပေက္ခာပြု၍ နေပါ။ အသင့်အား အပြစ်တင်စရာမရှိပေ။ **၅၅။** ထို့နောက် သင်သည် နားလည်အောင် ရှင်းပြနေပါ။ အကြောင်းမှာ နားလည်အောင် ရှင်းပြခြင်းသည် ယုံကြည်သူတို့ကို အကျိုးဖြစ်ထွန်းစေသည်။

၅၆။ ထို့ပြင် ငါအရှင်သည် လူသားနှင့် ဂျင်နကို ဖန်ဆင်းခဲ့ရခြင်းမှာ ငါအရှင့်အား ကိုးကွယ်ရန်အတွက်သာ ဖြစ်သည်။ **၅၇။** ငါအရှင်သည် ၎င်းတို့ထံမှ မည်သည့် ရိက္ခာကိုမျှ အလိုမရှိပေ။ ငါအရှင့်ကို သူတို့က ကျွေးမွေးရန်လည်း ငါအရှင် အလိုမရှိပေ။ **၅၈။** စင်စစ် အလွှာဟ်သည်သာ ရိက္ခာပေးတော်မူသောအရှင်၊ ခိုင်မြဲသော အင်အားရှင် ဖြစ်တော်မူသည်။ **၅၉။** သို့ဖြစ်ရာ မတရားမှုကျူးလွန်သူများအဖို့ (သူတို့မတိုင်မီက) သူတို့၏ မိတ်ဆွေများ၏ အလှည့် ရောက်ရှိခဲ့သကဲ့သို့ပင် သူတို့၏ အလှည့်သည်လည်း ရောက်ရှိလာလိမ့်မည်။ သို့ဖြစ်ရာ သူတို့သည် (ပြစ်ဒဏ်ကို) အလျင်စလို မတောင်းကြနှင့်။ **၆၀။** သွေဖည်သူများအဖို့မှာမူ သူတို့ကတိပြုခြင်းခံထားရသောနေ့တွင် ပျက်စီးမှု ရှိပေသည်။

၅၂။ စူရဟ်သွူရှိ

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ သွူရှိတောင်ကို သက်သေထူသည်။ **၂။** ထို့ပြင် ရေးထားသော ကျမ်းဂန်ကို၊ **၃။** ကျယ်ဝန်းသော စာရွက်ပေါ်တွင်၊ **၄။** ထို့ပြင် စည်ကားလျက်ရှိသော အိမ်တော်ကို သက်သေထူသည်။ **၅။** ထို့ပြင် မြင့်စွင့်သောအမိုးကို သက်သေထူသည်။ **၆။** ထို့ပြင် ဆူပွက်လျက်ရှိသော ပင်လယ်ကို သက်သေထူသည်။ **၇။** အမှန်စင်စစ် အသင့်အရှင်မြတ်၏ ပြစ်ဒဏ်သည် မုချ ကျရောက်ပေမည်။ **၈။** ယင်းကို မည်သူမျှ မဖယ်ရှားနိုင်ပေ။ **၉။** ထိုနေ့တွင် မိုးကောင်းကင်သည် ယိမ်းခါနေလိမ့်မည်။ **၁၀။** တောင်များ ရွေ့လျားခြင်း သွားလိမ့်မည်။ **၁၁။** သို့ရှိရာ ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်ခဲ့ကြသူများအတွက် ပျက်စီးမှု ရှိပေသည်။ **၁၂။** ၎င်းတို့သည်

အချည်းနီးစကားများ၌ နစ်မွန်း၍ နေကြသည်။ **၁၃။** ယင်းနေ့တွင် သူတို့သည် ဂျာနန္ဒမ်မီးဘက်သို့ တွန်းပို့ခြင်း ခံရမည်။ **၁၄။** ဤသည် အသင်တို့က မဟုတ်မမှန်ဟု ပြောဆိုငြင်းပယ်ခဲ့သော မီးပင်ဖြစ်သည်။ **၁၅။** ဤသည် မှော်အတတ်လော၊ သို့မဟုတ် အသင်တို့ မတွေ့မြင်ကြသလော။ **၁၆။** ထိုထဲတွင် ဝင်သွားကြကုန်။ ထို့နောက် သင်တို့သည် သည်းခံသည်ဖြစ်စေ၊ သည်းမခံသည်ဖြစ်စေ ဘာမှ မထူးခြား၊ အတူတူပင် ဖြစ်သည်။ သင်တို့သည် မိမိတို့ပြုခဲ့သည့်အရာများ၏ အစားကိုသာ ရရှိနေခြင်း ဖြစ်သည်။

၁၇။ ဇကန်စင်စစ် အလွှာဟ်ကို ကြောက်ရွံ့သောသူများသည် ဥယျာဉ်များနှင့် စည်းစိမ်များတွင် ရှိပေလိမ့်မည်။ **၁၈။** သူတို့သည် သူတို့အရှင်က ပေးသော အရာများကြောင့် ပျော်ရွှင်ပီတိဖြစ်နေကြလိမ့်မည်။ ထို့နောက် သူတို့၏အရှင်မြတ်က သူတို့အား ငရဲမီးပြစ်ဒဏ်မှ ကယ်တင်တော်မူလိုက်သည်။ **၁၉။** သင်တို့သည် မိမိတို့လုပ်ရပ်များ၏ အကျိုးရလဒ်အဖြစ် အရသာရှိရှိ စားကြ၊ သောက်ကြကုန်။ **၂၀။** လိုင်းများတန်းစီထားသော သလွန်များပေါ်တွင် မှီလျက်။ ထို့ပြင် ငါအရှင်မြတ်သည် မျက်လုံးကျယ်သော ချောမောလှပသည့် မိန်းကလေးများနှင့် သူတို့ကို ထိမ်းမြားပေးတော်မူမည်။

၂၁။ အကြင်သူတို့သည် ယုံကြည်ခဲ့၏။ သူတို့၏ သားသမီးများကလည်း ယုံကြည်ကြပြီး သူတို့၏လမ်းစဉ်ကို လျှောက်ခဲ့ကြ၏။ ငါအရှင်မြတ်သည် ထိုသူတို့နှင့်အတူ သူတို့၏သားသမီးများကို စုရုံးပေးတော်မူမည်။ ထို့နောက် ငါအရှင်သည် ၎င်းတို့၏ လုပ်ဆောင်မှုများမှ မည်သည့်အရာကိုမျှ လျော့တော်မူမည် မဟုတ်ပေ။ လူတိုင်းသည် မိမိ၏ ရှာဖွေဆည်းပူးမှုနှင့် အပေါင်ခံထားရသည်။ **၂၂။** ထို့နောက် ငါအရှင်သည် ၎င်းတို့ကြိုက်နှစ်သက်သော သစ်သီးဝလံနှင့် အသားကို ၎င်းတို့အား အဆက်မပြတ် ပေးနေတော်မူမည်။ **၂၃။** အချည်းနီးအကျိုးမဲ့မှုနှင့် အကုသိုလ်တို့ကင်းသော အရက်ခွက်များအား သူတို့အချင်းချင်း လုယက်ဆွဲငင်ယူနေကြလိမ့်မည်။ **၂၄။** ထို့နောက် သူတို့ထံသို့ ထိန်းသိမ်းထားသော ပုလဲပမာရှိသည့် လုလင်များသည် ဝင်ထွက်သွားလာနေကြမည်။ **၂၅။** သူတို့သည် အချင်းချင်းဘက်သို့ လှည့်၍ အခြေအနေများ မေးမြန်းကြလိမ့်မည်။ **၂၆။** ၎င်းတို့က ပြောကြလိမ့်မည်။ ဤမတိုင်မီက ကျွန်ုပ်တို့သည် မိမိတို့မိသားစုထဲတွင် စိုးရိမ်လျက် ရှိခဲ့ကြသည်။ **၂၇။** ထို့နောက်

အလွှာဟ်သည် ကျွန်ပ်တို့အပေါ်တွင် ကျေးဇူးပြုတော်မူခဲ့ပြီး ကျွန်ပ်တို့အား လောင်ကျွမ်းသွားစေမည့် လေပူ၏ပြစ်ဒဏ်မှ ကယ်တင်တော်မူခဲ့သည်။ **၂၈။** ကျွန်ပ်တို့သည် ဤမတိုင်ခင်က ထိုအရှင်မြတ်ကိုသာ ဟစ်ခေါ်တသလေ့ရှိခဲ့ကြသည်။ မုချဇကန် ထိုအရှင်သည် လွန်စွာ ဆက်ဆံရေးကောင်းတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၂၉။ သို့ရှိရာ သင်သည် ဆုံးမ၍နေပါ။ အသင်သည် အလွှာဟ်ကျေးဇူးကြောင့်မို့ ဗေဒင်ဆရာလည်းမဟုတ်၊ သူရူးလည်း မဟုတ်ပေ။ **၃၀။** သူတို့က ဤသူသည် ကဗျာဆရာဖြစ်သည်၊ သူ့အပါ ခေတ်ကာလ၏ အလှည့်အပြောင်းကို ကျွန်ပ်တို့ စောင့်ဆိုင်းနေကြသည်ဟု ပြောကြသလော။ **၃၁။** အသင်ပြောလိုက်ပါ။ အသင်တို့ စောင့်ဆိုင်းကြကုန်။ ငါသည်လည်း သင်တို့နှင့်အတူ စောင့်ဆိုင်းနေမည့် သူဖြစ်သည်။ **၃၂။** ဘာလဲ၊ သူတို့၏ အသိဉာဏ်သည် သူတို့အား ဤသို့ အမိန့်ပေးသလော သို့မဟုတ် သူတို့သည် ပုန်ကန်သောင်းကျန်းသူများလော။ **၃၃။** ဘာလဲ၊ ဤသူသည် ကုရ်အာန်ကို ကိုယ်တိုင် လုပ်ကြံဖန်တီးခဲ့သည်ဟု သူတို့က ပြောကြသလော၊ အမှန်မှာ သူတို့သည် မယုံကြည်လိုကြခြင်း ဖြစ်သည်။ **၃၄။** သို့ဖြစ်ရာ အကယ်၍ သူတို့သည် မှန်ကန်ကြပါမူ ယင်းကုရ်အာန်ကဲ့သို့ စကားရပ်ကို ယူဆောင်လာကြကုန်။

၃၅။ ဘာလဲ၊ သူတို့သည် ဖန်ဆင်းသူမရှိဘဲ ဖြစ်ပေါ်လာကြသလော။ သို့မဟုတ် သူတို့ကိုယ်တိုင်ပင် ဖန်ဆင်းသူများလော။ **၃၆။** သို့မဟုတ် သူတို့သည် မိုးနှင့် မြေကို ဖန်ဆင်းခဲ့ကြသလော။ သို့သာမက သူတို့သည် မယုံကြည်ကြပေ။ **၃၇။** သို့မဟုတ် သူတို့ထံတွင် အသင့်အရှင်မြတ်၏ ဘဏ္ဍာတိုက်များ ရှိသလော၊ သို့မဟုတ် သူတို့သည် ကွပ်ကဲအုပ်ချုပ်သူများလော။ **၃၈။** သို့မဟုတ် သူတို့ထံတွင် အပေါ်တက်၍ နားထောင်နိုင်သော လေ့ကားရှိသလော။ သို့ဆိုလျှင် သူတို့ထဲက နားထောင်သူသည် ထင်ရှားသော အထောက်အထားကို ယူလာပါ။ **၃၉။** သို့မဟုတ် အလွှာဟ်အတွက်တော့ သမီးများ ဖြစ်၍ သင်တို့အတွက်မှာမူ သားများဖြစ်သလော။

၄၀။ သို့မဟုတ် သင်သည် ၎င်းတို့ထံမှ အဖိုးအခတောင်းသောကြောင့် သူတို့သည် အခွန်အခဒဏ်ကို ခံနေကြရသလော။ **၄၁။** သို့မဟုတ် သူတို့ထံတွင် အကွယ်၏အသိရှိ၍ သူတို့သည် ရေးမှတ်ထားကြလော။ **၄၂။** သို့တည်းမဟုတ်

သူတို့သည် အကြံအစည်တစ်ခုခု ကြံစည်လိုကြသလော။ သို့ရှိရာ သွေဖည်သူများသည် ကိုယ်တိုင်ပင် ကြံစည်ခြင်း ခံရလိမ့်မည်။ သို့မဟုတ် သူတို့ထံတွင် အလွှာဟ်မှ အပ အခြားကိုးကွယ်ရာ အရှင်ရှိသလော။ အလွှာဟ်သည် သူတို့တွဲဖက်ကိုးကွယ်ကြသည်များမှ သန့်ပြန့်စင်ကြယ်တော်မူသည်။

၄၄။ အကယ်၍ သူတို့သည် မိုးကောင်းကင်မှ အစိတ်အပိုင်းများ ကျလာသည်ကို မြင်ကြရလျှင်လည်း ဤသည် တိမ်အလိပ်လိပ်ဖြစ်သည်ဟု ပြောကြမည်။ **၄၅။** သို့ဖြစ်ရာ အသင်သည် ၎င်းတို့အား သူတို့၏အသိစိတ် ပျောက်သွား မည့်နေ့နှင့် တွေ့ကြုံရသည်တိုင်အောင် လွှတ်ထားလိုက်ပါ။ **၄၆။** ထိုနေ့တွင် သူတို့၏ အစီအစဉ်များသည် သူတို့အတွက် အသုံးဝင်မည် မဟုတ်တော့ပေ။ ထို့ပြင် သူတို့သည် မည်သည့် အကူအညီမှလည်း ရမည်မဟုတ်ပေ။ **၄၇။** ထို့နောက် ထိုမတရား ကျူးလွန်သူများအဖို့ ယင်းအပြင် အခြားသော ပြစ်ဒဏ်လည်း ရှိပေသေးသည်။ သို့သော် သူတို့ထဲက အများစုသည် မသိကြပေ။

၄၈။ ထို့နောက် သင်သည် သည်းခံ၍ မိမိအရှင်မြတ်၏ အဆုံးအဖြတ်ကို စောင့်ဆိုင်းပါလေ။ စင်စစ်ဇကန် အသင်သည် ငါအရှင်၏ အရှုအောက်တွင် ရှိပေသည်။ ထို့ပြင် သင်သည် ထသောအခါတွင် မိမိအရှင်မြတ်၏ သန့်ပြန့်စင်ကြယ်ကြောင်းကို ချီးမွမ်းခြင်းနှင့်အတူ မြွက်ဆိုပါလေ။ **၄၉။** ထို့ပြင် ညဉ့်နှင့် ကြယ်များ ပျောက်ကွယ်သည့် အချိန်တွင်လည်း ထိုအရှင် သန့်ပြန့်စင်ကြယ်ကြောင်းကို မြွက်ဆိုပါလေ။

၅၃။ စူရဟ်နဂျ်မ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလွှာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ကြယ်ကို သက်သေထူသည်။ ယင်းကြယ်ပျောက်ကွယ်သွားသောအခါ၊ **၂။** အသင်တို့၏ မိတ်ဆွေသည် လမ်းလွဲနေသူမဟုတ်၊ လမ်းပျောက်နေသူလည်းမဟုတ်ပေ။ **၃။** ထို့ပြင် သူသည် မိမိ၏စိတ်ဆန္ဒဖြင့် ပြောဆိုသည်မဟုတ်ပေ။ **၄။** ဤသည် သူ့အပေါ် ပို့ချခြင်းခံရသော ဗျာဒိတ်တော်ဖြစ်သည်။ **၅။** သူ့ကို

အင်မတန် အင်အားကြီးသူက သင်ကြားပေးခဲ့သည်။ **၆။** ယင်းသူသည် ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်သည်။ ထို့နောက် သူသည် ပေါ်လာခဲ့သည်။ **၇။** သူသည် မြင့်မားသော မိုးကုတ်စက်ဝိုင်းပေါ်တွင် ရှိနေခဲ့သည်။ **၈။** ထို့နောက် သူသည် အနီး ကို တိုးလာခဲ့ သည်။ ထို့နောက် သူသည် ဆင်းလာခဲ့သည်။ **၉။** ထို့နောက် သူသည် လေးကိုင်းနှစ်ခု အတိုင်းအတာမျှ သို့မဟုတ် ထိုထက်ပင်ပို၍ နီးသော အကွာအဝေး၌ ရှိနေခဲ့သည်။ **၁၀။** ထို့နောက် အလ္လာဟ်သည် မိမိအစေခံထံသို့ ဗျာဒိတ်တော်မူသော အရာများကို ဗျာဒိတ်တော်မူသည်။ **၁၁။** တမန်တော်၏စိတ်နလုံးသည် သူ၏အမြင် ကို မဟုတ်မှန်ဟု မငြင်းပယ်ခဲ့ပေ။ **၁၂။** သို့ဖြစ်ရာ သူမြင်ခဲ့သောအရာများအပေါ်တွင် သင်တို့သည် သူ့အား ငြင်းခုံနေကြသလော။ **၁၃။** ထို့နောက် သူသည် ယင်းစေ တမန်အား နောက်တစ်ကြိမ်ဆင်းခဲ့သည်ကိုလည်း မြင်ခဲ့သည်။ **၁၄။** အဆုံး၌ ရှိသောဆီးပင် အနားတွင် **၁၅။** ယင်းအနားတွင်ပင် သက်သောင့်သက်သာနေရမည့် ဥယျာဉ်ရှိသည်။ **၁၆။** ထိုအချိန်၌ ဆီးပင်ပေါ်တွင် ဖုံးလွှမ်းနေသောအရာက ဖုံးလွှမ်း ထားသည်။ **၁၇။** အရှုသည် လွဲချော်မသွားခဲ့ပေ။ ကျော်လွန်လည်း မသွားခဲ့ပေ။ **၁၈။** သူသည် မိမိအရှင်၏ ကြီးမားသော လက္ခဏာတော်များကို တွေ့ခဲ့သည်။

၁၉။ ဘာလဲ၊ သင်တို့သည် လားသ်နှင့် အွဇ်ဇာအကြောင်း တွေးဆ ကြသလော။ **၂၀။** နောက်ထပ် တတိယတစ်ခုဖြစ်သော မနားသ်ကိုရော စဉ်းစားဖူး ကြသလော။ **၂၁။** သို့မဟုတ် သင်တို့အတွက်တော့ သားများဖြစ်ပြီး အလ္လာဟ် အတွက်မှာမူ သမီးများဖြစ်ကြသလော။ **၂၂။** ဤသည် အလွန်မတရားသော ခွဲဝေမှု ပင် ဖြစ်သည်။ **၂၃။** ဤသည် သင်တို့နှင့် သင်တို့၏ ဘိုးဘေးများက မှည့်ခဲ့ကြသော နာမည်များသာ ဖြစ်ကြသည်။ သူတို့အတွက် အလ္လာဟ်သည် မည်သည့်အထောက် အထားမျှမချပေးခဲ့ဖူးပေ။ သူတို့သည် အထင်နှင့် စိတ်ဆန္ဒ သက်သက်နောက်ကိုသာ လိုက်နေကြသည်။ အမှန်တွင် သူတို့ထံသို့ သူတို့အရှင်၏ လမ်းညွှန်မှု ရောက်ရှိ ခဲ့ပြီးပြီ။ **၂၄။** သို့မဟုတ် လူသားသည် သူဆန္ဒထားသည့် အရာတိုင်းကို ရရှိသလော။ **၂၅။** (မရရှိပေ။) အကြောင်းမှာ လောကီနှင့် လောကုတ္တရာသည် အလ္လာဟ်အတွက် သာလျှင် ဖြစ်သည်။

၂၆။ မိုးကောင်းကင်တွင် ဤသို့သောကောင်းကင်တမန်များစွာရှိသည်။ ၎င်းတို့၏ ကြားဝင် အသနားခံမှုသည် မည်သို့မျှ အရာမထင်ပေ။ သို့သော် အလ္လာဟ်

က အလိုရှိတော်မူပြီး ခွင့်ပြုလိုက်သောသူအတွက်သာ အသုံးဝင်နိုင်မည်။ **၂၇။** အမှန်စင်စစ် နောင်တမလွန်ကို မယုံကြည်သူတို့သည် ကောင်းကင်တမန်များအား မိန်းမအမည်ဖြင့် ခေါ်ကြသည်။ **၂၈။** အမှန်တွင် သူတို့ထံတွင် ဤသည်နှင့်ပတ်သက်၍ မည်သည့်အထောက်အထားမျှ မရှိပေ။ သူတို့သည် အထင်အပေါ်လျှောက်လှမ်းနေကြခြင်းသာ ဖြစ်သည်။ အထင်သည် အဖြစ်မှန်အတွက် မည်သို့မျှ အသုံးမဝင်ပေ။ **၂၉။** သို့ဖြစ်ရာ အသင်သည် ငါ၏အဆုံးအမကို မျက်နှာလွှဲပြီး လောကီဘဝမှတစ်ပါး အခြားကို မလိုလားသောသူအား ဥပေက္ခာပြုပါ။ **၃၀။** သူတို့၏ အသိပညာသည် ဤမျှလောက်ကိုသာ ရောက်ကြသည်။ အသင့်အရှင်မြတ်သည် မိမိလမ်းတော်မှ မည်သူလွဲနေသည်၊ မည်သူက လမ်းမှန်ပေါ်တွင် ရှိသည်ကို ကောင်းကောင်းသိတော်မူသည်။

၃၁။ မိုးများနှင့် မြေတွင် ရှိသမျှအရာတိုင်းသည် အလ္လာဟ်၏ ပိုင်ဆိုင်မှုသာ ဖြစ်သည်။ ထို့ကြောင့် အရှင်မြတ်သည် မကောင်းမှုကျူးလွန်သူများအား သူတို့လုပ်ခဲ့သည့်အရာအတွက် အစားပေးတော်မူမည်။ ထို့နောက် ကောင်းမှုလုပ်သူများအား ကောင်းမှုဖြင့် အစားပေးတော်မူမည်။ **၃၂။** ထိုသူတို့သည် ပြစ်မှုကြီးများနှင့် ရှက်ဖွယ်ကိစ္စများမှ ရှောင်ကြဉ်ကြသည်။ သို့သော် ပြစ်မှုလေးများကိုတော့ (တစ်ခါတရံ) ကျူးလွန်မိကြသည်။ အမှန်စင်စစ် အသင့်အရှင်မြတ်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသော အရှင်ဖြစ်သည်။ ထိုအရှင်သည် သင်တို့အား မြေမှ ဖန်ဆင်းခဲ့သည့်အခါကရော၊ အသင်တို့သည် မိမိတို့၏ မိခင်၏ဝမ်းဗိုက်ထဲတွင် သန္ဓေသားအဖြစ် ရှိခဲ့ကြသည့်အခါကရော၊ အရှင်မြတ်သည် အသင်တို့နှင့် ပတ်သက်၍ အသိဆုံးဖြစ်သည်။ သို့ဖြစ်ရာ သင်တို့သည် မိမိတို့ကိုယ်ကို မြင့်မြတ်စင်ကြယ်သန့်ပြန့်လှသည်ဟု မထင်ကြနှင့်။ အရှင်မြတ်သည် မိမိအား ကြောက်ရွံ့သူများကို ကောင်းစွာ သိတော်မူသည်။

၃၃။ အသင်သည် ရှောင်ဖယ်သွားသူကို မြင်သလော။ **၃၄။** သူသည် အနည်းငယ်သာ ပေးသည်။ ထို့နောက် ရပ်တန့်သွားသည်။ **၃၅။** ဘာလဲ၊ သူ့ထံတွင် အကွယ်၏ အသိရှိသဖြင့် သူမြင်နေရလော။ **၃၆။** မူစာ၏ကျမ်းစာများတွင် ရှိသောအရာနှင့်ပတ်သက်၍ သူတို့ထံ သတင်းရောက်ရှိခဲ့သလော။ **၃၇။** ထိုပြင် မိမိ၏စကားကို ပြည့်ဝအောင်လုပ်ခဲ့သော အိဗ်ရာဟီမ်၏(ကျမ်းစာများမှ သတင်း

လည်း ရောက်ရှိခဲ့သလော)။ **၃၈။** (ယင်းသတင်းမှာ ဤသို့ဖြစ်သည်။) မည်သည့် ဝန်ထမ်းသူမှ အခြားသူ၏ ဝန်ထုပ်ကို ထမ်းရမည်မဟုတ်ပေ။ **၃၉။** လူသားသည် သူရွာဖွေထားသည်ကိုသာ ရရှိမည်။ **၄၀။** ထို့ပြင် သူ၏ရွာဖွေမှုကို မကြာမီတွေ့မြင်ရ ပေမည်။ **၄၁။** ထို့နောက် သူသည် အပြည့်အဝ အစားပေးခြင်းခံရမည်။ **၄၂။** ထို့နောက် နောက်ဆုံးတွင် အားလုံးသည် အသင်တို့အရှင်ထံပါးသို့ ရောက်ရှိရပေ မည်။ **၄၃။** အမှန်စင်စစ် ထိုအရှင်မြတ်သာ ရယ်စေ၊ ငိုစေသည်။ **၄၄။** ထိုအရှင်သာ လျှင် သေစေ၊ ရှင်စေသည်။ **၄၅။** ထိုအရှင်သာလျှင် နှစ်မျိုးစလုံးဖြစ်သော ဖိုနှင့် မကို ဖန်ဆင်းတော်မူသည်။ **၄၆။** ပန်းထုတ်ခြင်းခံရသော ကလလရည်ကြည် တစ်စက် ဖြင့် **၄၇။** တစ်ဖန်ပြန်လည် ရှင်ထစေရန်မှာလည်း ထိုအရှင်၏တာဝန်သာ ဖြစ်သည်။ **၄၈။** ထို့ပြင် အရှင်မြတ်သာလျှင် ကြွယ်ဝစေတော်မူ၍ ဥစ္စာဓနရှင် ပြုပေးတော်မူ သည်။ **၄၉။** ထို့ပြင် အရှင်မြတ်သာလျှင် ရှိအ်ရာ(ကြယ်)၏ အရှင်ဖြစ်သည်။

၅၀။ ထို့ပြင် အရှင်မြတ်သာလျှင် ရှေးယခင်က အားဒ်မျိုးနွယ်ကို ဖျက်ဆီးတော်မူခဲ့သည်။ **၅၁။** ထို့ပြင် ဆမူဒ်ကိုလည်း (ဖျက်ဆီးတော်မူခဲ့သည်။) မည်သူ့ကိုမျှ ချန်မထားခဲ့ပေ။ **၅၂။** ယင်းမတိုင်မီက နူးဟ်၏မျိုးနွယ်ကိုလည်း (ဖျက်ဆီးတော်မူခဲ့သည်။) အမှန်စင်စစ် သူတို့သည် မတရားမှုနှင့် သောင်းကျန်းဆိုး သွမ်းမှုကို အလုပ်ဆုံးသူများ ဖြစ်ခဲ့ကြသည်။ **၅၃။** အထက်အောက်ပြောင်းပြန် လှန် ခြင်းခံလိုက်ရသော ရွာများကိုလည်း ထိုအရှင်ကပင် လွှင့်ပစ်တော်မူခဲ့သည်။ **၅၄။** သူတို့အပေါ်၌ လွှမ်းခြုံသွားသောအရာက လွှမ်းခြုံခဲ့သည်။ **၅၅။** သို့ဖြစ်ရာ အသင် သည် မိမိအရှင်မြတ်၏ အဘယ် ကျေးဇူးတော်များအား သံသယဖြစ်မည်နည်း။

၅၆။ ဤ(တမန်တော်)သည်လည်း အလျင်က သတိပေးနှိုးဆော်ခဲ့သူ များကဲ့သို့ပင် သတိပေးနှိုးဆော်သူ တစ်ဦးဖြစ်သည်။ **၅၇။** လျင်မြန်စွာ လာမည့် အချိန်သည် နီးကပ်၍ လာခဲ့ပြီ။ **၅၈။** အလွှာဟ်မှလွဲ၍ မည်သူမျှ ယင်းအရာကို မဖယ်ရှားနိုင်ပေ။ **၅၉။** အသင်တို့ ဤစကားကို အံ့ဩသြနေကြသလော။ **၆၀။** အသင် တို့သည် (လှောင်ပြောင်၍) ရယ်မောကြသလော။ မငိုကြသလော။ **၆၁။** ထို့ပြင် အသင်တို့သည် မာနထောင်လွှားကြသလော။ **၆၂။** အသင်တို့သည် အလွှာဟ် အတွက် ဦးချကြကုန်။ ထို့ပြင် ယင်းအရှင်အတွက်သာလျှင် ခဝပ်ကိုးကွယ်မှုကို ပြုကြကုန်။

၅၄။ စူရဟ်ကမရ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ကိယာမတ်နေ့သည် နီးကပ်၍ လာပြီ။ ထို့နောက် လသည်လည်း ကွဲခဲ့ပြီ။ **၂။** သူတို့သည် မည်သည့်လက္ခဏာကိုပင် မြင်ပါစေ မျက်နှာလွှဲကြပြီး ဤသည် အလျင်ကတည်းက အဆင့်ဆင့် ရောက်ရှိလာသော မှော်အတတ်ပင်ဖြစ်သည်ဟု ပြောကြပေမည်။ **၃။** ၎င်းတို့သည် မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ ထို့ပြင် မိမိတို့စိတ်ဆန္ဒ၏ နောက်ကို လိုက်ခဲ့ကြသည်။ အရာတိုင်းအတွက် သတ်မှတ်ထားသော အချိန်ရှိပေသည်။ **၄။** သံဝေဂတရားပါရှိသော သတင်းသည် ၎င်းတို့ထံ ရောက်ရှိခဲ့ပေပြီ။ **၅။** ယင်းသတင်းတွင် ပြည့်ဝသော အမြော်အမြင်တို့ ပါရှိလေသည်။ သို့သော် သတိပေးမှုများသည် ၎င်းတို့ကို အကျိုးမပေးခဲ့ပေ။ **၆။** သို့ရှိရာ သင်သည် ၎င်းတို့အား ဥပေက္ခာပြု၍ နေပါ။ ဖိတ်ခေါ်သူသည် မနှစ်မြို့စရာဘက်သို့ ဖိတ်ခေါ်သောနေ့တွင် **၇။** မျက်လုံးများ ငိုက်စိုက်ကျ၍ သူတို့သည် ဘက်တိုင်းတွင် ပြန့်ကျဲလျက်ရှိသော ကျိုင်းကောင်များကဲ့သို့ပင် သချိုင်းများမှ ထွက်ကြမည်။ **၈။** ဖိတ်ခေါ်သူဘက်သို့ ပြေးလွှားရ၍ သွားနေကြလိမ့်မည်။ ဤသည် အလွန်ပြင်းထန်သောနေ့ပင် ဖြစ်သည်ဟု သွေဖည်သူများက ပြောကြလိမ့်မည်။

၉။ ၎င်းတို့မတိုင်မီက နူးဟ်၏အမျိုးသားက မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ ၎င်းတို့သည် ငါအရှင်၏ အစေခံကို မဟုတ်မမှန်ဟု ငြင်းဆိုပြီး ဤသူသည် သူ့ူးဖြစ်သည်ဟု ပြောခဲ့ကြသည်။ ထို့ပြင် သူသည် ခြိမ်းခြောက်မှုကို ခံခဲ့ရသည်။ **၁၀။** ထို့နောက် သူသည် မိမိအရှင်အား အို-အရှင်၊ ကျွန်တော်မျိုးသည် ဘာမျှမတတ်နိုင်တော့ပါ။ သို့ဖြစ်ရာ ကျွန်တော်မျိုးအား ကယ်တင်ကူညီတော်မူပါဟု ပြောဆိုလျှောက်ထားခဲ့သည်။ **၁၁။** သို့ဖြစ်ရာ ငါအရှင်မြတ်သည် မိုးကောင်းကင်၏ တံခါးများကို သည်းထန်စွာ ရွာသော မိုးဖြင့် ဖွင့်တော်မူခဲ့သည်။ **၁၂။** ထို့နောက် မြေမှ စမ်းချောင်းများ ခွဲထုတ်တော်မူလိုက်သည်။ ထို့နောက် ရေအားလုံးသည် သတ်မှတ်ပြီးသော အလုပ်တစ်ခုအတွက် ပေါင်းစည်းသွားကြသည်။ **၁၃။** ထို့နောက် ငါအရှင်မြတ်သည် သူ့အား ပျဉ်ချပ်များ၊ သံငုတ်တိုများဖြင့် ဆောက်လုပ်ထားသော

သဘော်ပေါ်တွင် စီးနင်းစေတော်မူလိုက်သည်။ **၁၄။** ယင်းသဘော်သည် ငါအရှင်၏ အရှုအောက်တွင် သွားနေခဲ့သည်။ ဤသည် ကျေးဇူးကန်းခြင်းခံရသောသူအတွက် အတုံ့အစားယူရန် ဖြစ်သည်။ **၁၅။** ထို့နောက် ငါအရှင်မြတ်သည် ယင်းအဖြစ်အပျက်ကို သက်သေလက္ခဝတ်ရပ်အဖြစ် ထားရစ်တော်မူခဲ့သည်။ သို့ဖြစ်ရာ စဉ်းစား၍ တရားယူမည့်သူ ရှိသလော။ **၁၆။** သို့ရှိရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ခြိမ်းခြောက်မှုသည် မည်သည့်ရှိခဲ့သနည်း။ **၁၇။** ထို့နောက် ငါအရှင်မြတ်သည် အဆုံးအမ ရယူနိုင်ရန်အတွက် ကုရ်အာန်ကို လွယ်ကူအောင် လုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အဆုံးအမရယူမည့်သူ တစ်ဦးတစ်ယောက်များ ရှိသလော။

၁၈။ အားဒ်သည်လည်း သတိပေးသူများကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့သည်။ သို့ရှိရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ခြိမ်းခြောက်မှုသည် မည်သို့ရှိခဲ့သနည်း။ **၁၉။** ငါအရှင်မြတ်သည် ၎င်းတို့အပေါ်တွင် အဆက်မပျက် မင်္ဂလာမဲ့နေသော(အလွန်အဆေးပြင်းထန်သော) ရက်တွင် ပြင်းထန်သောလေကို စေလွှတ်တော်မူခဲ့သည်။ **၂၀။** ယင်းလေသည် ဆွဲနှုတ်ထားသော စွန်ပလွံပင်များပမာ လူတို့ကို မၭ ပစ်ပေါက်လေသည်။ **၂၁။** သို့ရှိရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ခြိမ်းခြောက်မှုသည် မည်သို့ရှိခဲ့သနည်း။ **၂၂။** ထို့နောက် ငါအရှင်မြတ်သည် အဆုံးအမရယူနိုင်ရန်အတွက် ကုရ်အာန်ကို လွယ်ကူအောင် လုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အဆုံးအမရယူမည့်သူ တစ်ဦးတစ်ယောက်များ ရှိသလော။

၂၃။ ဆမူဒ်အမျိုးသားများသည်လည်း သတိပေးနှိုးဆော်သူကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုခဲ့သည်။ ၎င်းတို့က ပြောကြသည်။ **၂၄။** ငါတို့သည် ငါတို့ထဲကပင်ဖြစ်သော လူတစ်ဦးနောက်သို့ လိုက်ရမည်လော။ သို့ဆိုလျှင် ငါတို့သည် လမ်းမှားပြီး ရူးသွပ်သူများ ဖြစ်သွားကြမည်။ **၂၅။** ဘာလဲ၊ ငါတို့အားလုံးထဲတွင် သူတစ်ဦးတည်းအပေါ် ကိုးရွေးပြီး ဆုံးမသြဝါဒတော် ကျရောက်သလော။ မဟုတ်။ အမှန်တွင် သူသည် လူလိမ်၊ လူကြွားသာ ဖြစ်သည်။ **၂၆။** သို့ဖြစ်ရာ မည်သူက လူလိမ်၊ လူကြွားဖြစ်သည်ကို နက်ဖြန် သူတို့ သိကြရလိမ့်မည်။ **၂၇။** ငါအရှင်မြတ်သည် သူတို့အား စမ်းသပ်တော်မူရန် ကုလားအုတ်မတစ်ကောင်ကို စေလွှတ်တော်မူမည်။ သို့ဖြစ်ရာ သင်သည် စောင့်ဆိုင်း၍နေပါ။ ထို့ပြင် သည်းခံနေပါ။ **၂၈။** ထို့ပြင် ရေသည် သူတို့အကြားတွင် ခွဲဝေပြီးဖြစ်ကြောင်း၊ အလှည့်အတိုင်း အသီးသီး လာ

ရောက်ရမည့်အကြောင်း အသင်သည် သူတို့အား သတင်းပေးလိုက်ပါ။ **၂၉။** ထို့နောက် သူတို့သည် မိမိတို့လူကို အော်ခေါ်လိုက်ရာ ထိုသူသည် လက်လှမ်း၍ ကုလားအုတ်မကို လှီးဖြတ်လိုက်သည်။ **၃၀။** သို့ရှိရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ခြိမ်းခြောက်မှုသည် မည်သို့ရှိခဲ့သနည်း။ **၃၁။** ငါအရှင်မြတ်သည် ၎င်းတို့အပေါ် ကျယ်လောင်သောအသံတစ်သံကို စေလွှတ်လိုက်ရာ သူတို့သည် ကျွဲ၊ နွားများကို ခြံခတ်ထားသော၊ ခြောက်သွေ့၍ ကြေမွနေသော အပင်ပမာ ဖြစ်သွားခဲ့ကြသည်။ **၃၂။** ငါအရှင်မြတ်သည် အဆုံးအမရယူနိုင်ရန်အတွက် ကုရ်အာန်ကို လွယ်ကူအောင် လုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အဆုံးအမရယူမည့်သူ တစ်ဦးတစ်ယောက်များ ရှိပါသလော။

၃၃။ လူးသ်၏အမျိုးသားများသည် သတိပေးနှိုးဆော်သူအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုခဲ့ကြသည်။ **၃၄။** ငါအရှင်မြတ်သည် ၎င်းတို့အပေါ်တွင် ခဲမိုးရွာသော လေကို စေလွှတ်တော်မူခဲ့သည်။ လူးသ်၏မိသားစုသာလျှင် ယင်းပြစ်ဒဏ်မှ လွတ်မြောက်ခဲ့သည်။ ငါအရှင်မြတ်သည် ၎င်းတို့အား ညဉ့်၏နောက်ဆုံးယံ အချိန်တွင် ကယ်တင်တော်မူခဲ့သည်။ **၃၅။** ဤသည် ငါအရှင်မြတ်ဘက်တော်မှ ကျေးဇူးတစ်ရပ် ဖြစ်သည်။ ကျေးဇူးတင်သူများကို ငါအရှင်သည် ဤသို့ပင် အစားပေးတော်မူလေ့ရှိသည်။ **၃၆။** လူးသ်သည် ၎င်းတို့အား ငါအရှင်၏ ဖမ်းဆီးမှုနှင့် စပ်လျဉ်း၍ သတိပေးခဲ့သော်လည်း သူတို့သည် ထိုသတိပေးချက်များနှင့် ပတ်သက်၍ အငြင်းအခုံ လုပ်ခဲ့ကြသည်။ **၃၇။** ထို့နောက် ၎င်းတို့သည် သူ၏ဇနည့်သည်များနှင့် ပတ်သက်၍ သူ့ကို မြူဆွယ်ခဲ့ကြရာ ငါအရှင်သည် ၎င်းတို့၏ မျက်လုံးများကို ဖျက်ဆီးတော်မူလိုက်သည်။ သို့ရှိရာ သင်တို့သည် ငါ၏ ပြစ်ဒဏ်နှင့် သတိပေးမှုကို မြည်းစမ်းကြပေတော့။ **၃၈။** ထို့နောက် တည်မြဲသော ပြစ်ဒဏ်သည် နံနက်စောစောတွင် သူတို့အပေါ် ကျရောက်လာခဲ့သည်။ **၃၉။** သို့ဖြစ်ရာ သင်တို့သည် ငါ၏ ပြစ်ဒဏ်နှင့် သတိပေးမှုကို မြည်းစမ်းကြပေတော့။ **၄၀။** ငါအရှင်မြတ်သည် အဆုံးအမရယူနိုင်ရန်အတွက် ကုရ်အာန်ကို လွယ်ကူအောင် လုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အဆုံးအမရယူမည့်သူ တစ်ဦးတစ်ယောက်များ ရှိပါသလော။

၄၁။ ထို့နောက် ဖိရ်အောင်န်၏ မျိုးနွယ်ဆီသို့လည်း သတိပေးနှိုးဆော်သူများ ရောက်လာခဲ့သည်။ **၄၂။** ၎င်းတို့သည် ငါအရှင်မြတ်၏ လက္ခဏာတော်

အားလုံးကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြရာ ငါအရှင်မြတ်သည် ၎င်းတို့အား အင်အားကြီးများ၊ တန်ခိုးကြီးထွားသူ၏ ဖမ်းဆီးမှုမျိုးဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။

၄၃။ အသင်တို့၏ သွေဖည်သူများသည် ထိုသူများထက် ပိုသာမြတ်သလော။ သို့မဟုတ် အသင်တို့၏ အပြစ်ကင်းစင်ကြောင်းကို (အလွှာဟ်၏) ကျမ်းဂန်များတွင် ရေးသားထားသလော။ **၄၄။** ငါတို့သည် အောင်နိုင်မည့် အုပ်စုဖြစ်သည်ဟု ၎င်းတို့က ပြောကြသလော။ **၄၅။** ဤအုပ်စုသည် မကြာမီ ရှုံးနိမ့်လိမ့်မည်။ ထို့နောက် ကျောခိုင်း၍ ပြေးကြလိမ့်မည်။ **၄၆။** သို့သာမက ကိယာမသ်နေ့သည် သူတို့ကို ကတိပြုထားသောအချိန် ဖြစ်သည်။ ထို့ပြင် ကိယာမသ်သည် အလွန်ပြင်းထန်သော၊ အလွန်ခါးသီးသော အရာဖြစ်သည်။ **၄၇။** အမှန်စင်စစ် အပြစ်ကျူးလွန်သူများသည် လမ်းမှားမှုနှင့် အသိဉာဏ်ခေါင်းပါးမှုဌ ရှိလေသည်။ **၄၈။** ထိုနေ့တွင် သူတို့သည် ငရဲထဲတွင် မှောက်လျက် ဆွဲချခြင်းခံရမည်။ ငရဲမီး၏ အထိအတွေ့ကို မြည်းစမ်းကြကုန်။

၄၉။ ငါအရှင်မြတ်သည် အရာတိုင်းကို အတိုင်းအတာဖြင့် ဖန်ဆင်းတော်မူသည်။ **၅၀။** ထို့ပြင် ငါအရှင်၏ အမိန့်တော်သည် မျက်စိတစ်မှိတ်ကဲ့သို့ပင် ချက်ချင်းပြည့်ဝသွားမည်။ **၅၁။** ငါအရှင်မြတ်သည် အသင်တို့နှင့် မျိုးတူအုပ်စုများကို ဖျက်ဆီးတော်မူခဲ့သည်။ သို့ရှိရာ တရားရယူမည့်သူ ရှိသလော။ **၅၂။** ထို့ပြင် ၎င်းတို့၏ လုပ်ဆောင်ချက်ဟူသရွေ့သည် ကျမ်းများတွင် ရေးမှတ်ပြီး ဖြစ်သည်။ **၅၃။** အကြီး၊ အသေးကိစ္စတိုင်းသည် ရေးမှတ်ပြီးသွားပြီ။ **၅၄။** အမှန်စင်စစ် အလွှာဟ်ကိုကြောက်ရွံ့သူများသည် ဥယျာဉ်များနှင့် စမ်းချောင်းများတွင် ရှိပေလိမ့်မည်။ **၅၅။** သူတို့သည် အချုပ်အခြာအာဏာအလုံးစုံကို ပိုင်စိုးတော်မူသော အရှင်၏အနားတွင် မှန်ကန်သော၊ ဂုဏ်သိက္ခာရှိသော နေရာထိုင်ခင်းတွင် ထိုင်လျက်ရှိကြပေမည်။

၅၅။ စူရဟ်ရဟ်မာန်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ရဟ်မာန်ကရုဏာတော်ရှင်သည် **၂။** ကုရ်အာန် သင်ပေးတော်မူသည်။ **၃။** ထိုအရှင်သည် လူသားကို ဖန်ဆင်းတော်မူသည်။ **၄။** ယင်းလူသားကို စကား ပြောဆိုနိုင်အောင် သင်ပေးတော်မူခဲ့သည်။ **၅။** နေနှင့် လသည် တွက်ချက်ထားသည့် အတိုင်း ရှိသည်။ **၆။** ထို့ပြင် ကြယ်တာယာနှင့် အပင်တို့သည် စဂျဒဟ်ဦးချကြသည်။ **၇။** ထို့နောက် အရှင်မြတ်သည် မိုးကောင်းကင်ကို မြင့်မားစေတော်မူသည်။ ထို့ နောက် အရှင်မြတ်သည် ချိန်ခွင်ကို ထားတော်မူသည်။ **၈။** သို့ဖြစ်ရာ သင်တို့သည် ချိန်တွယ်ရာတွင် မတရားသဖြင့် မလုပ်ကြနှင့်။ **၉။** သင်တို့သည် တရားမျှတစွာ အချိန်အတွယ်ကို မှန်အောင်လုပ်ကြကုန်။ ချိန်တွယ်ရာတွင် မလျော့ကြနှင့်။

၁၀။ မြေပြင်ကို ထိုအရှင်မြတ်က အဖန်ဆင်းခံများအတွက် ဖန်တီး တော်မူခဲ့သည်။ **၁၁။** ယင်းမြေပြင်တွင် သစ်သီးဝလံများနှင့် အပေါ်တွင် အဖုံးရှိသော စွန်ပလွံပင်များ ရှိသည်။ **၁၂။** ဖွဲနုပါသော ကောက်ပဲသီးနှံနှင့် မွှေးသောပန်းများလည်း ရှိသည်။ **၁၃။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၁၄။** အရှင်မြတ်သည် လူသားအား မြေအိုးပမာ အသံထွက်သော ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ **၁၅။** ထို့နောက် အရှင်မြတ်သည် ဂျင်နမ်များအား မီးတောက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ **၁၆။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၁၇။** အရှင်မြတ်သည် အရှေ့အရပ် နှစ်ခုနှင့် အနောက်အရပ်နှစ်ခု၏ အရှင်သခင်ဖြစ်သည်။ **၁၈။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၁၉။** ထိုအရှင်မြတ် သည် ပင်လယ်နှစ်ခုကို ဆုံဆည်းအောင် လွှတ်တော်မူခဲ့သည်။ **၂၀။** ပင်လယ်နှစ်ခု ကြားတွင် အကာအရံတစ်ခုရှိသည်။ ယင်းအကာအရံကို ပင်လယ်နှစ်ခုက မကျော် ကြပေ။

၂၁။ သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၂၂။** ယင်းပင်လယ်နှစ်ခုမှ ပုလဲနှင့် သွန်ကျောက် ထွက်သည်။

၂၃။ သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆို မည်နည်း။ **၂၄။** ပင်လယ်ထဲတွင် တောင်ကြီးပမာ ရပ်နေသော သင်္ဘောသည်လည်း ထိုအရှင်၏ ပိုင်စိုးမှုအောက်တွင်သာ ရှိသည်။ **၂၅။** သို့ရှိရာ သင်တို့သည် မိမိတို့ အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။

၂၆။ မြေကမ္ဘာပေါ်တွင် ရှိသမျှသောအရာတို့သည် ပျက်စီးမည်ဖြစ်သည်။ **၂၇။** ကြီးကျယ်လှတော်မူသော၊ မြင့်မြတ်လှတော်မူသော အသင့်အရှင်မြတ်သာလျှင် ကျန်ရှိပေမည်။ **၂၈။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများ ကို ငြင်းဆိုမည်နည်း။ **၂၉။** မိုးများနှင့် မြေတွင်ရှိသမျှအရာများသည် ထိုအရှင့်ထံပါး မှသာ တောင်းခံကြသည်။ နေ့တိုင်း ထိုအရှင်မြတ်သည် အလုပ်တွင် ရှိသည်။ **၃၀။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည် နည်း။

၃၁။ အို- လူနှင့်ဂျင်နန်အပေါင်းတို့၊ ငါအရှင်မြတ်သည် အသင်တို့အတွက် မကြာမီ အားလပ်တော့မည်။ **၃၂။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ် ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၃၃။** အို-ဂျင်နန့် လူသားအုပ်စုတို့၊ အကယ်၍ သင်တို့သည် မိုးကောင်းကင်များနှင့် မြေပထဝီ၏ ဧရိယာမှ ထွက်သွား နိုင်ကြလျှင် ထွက်သွားလေကုန်။ သင်တို့တွင် ကြီးမားသော အစွမ်းအစမရှိဘဲ မထွက်နိုင်ကြပေ။ **၃၄။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူး တရားများကို ငြင်းဆိုမည်နည်း။ **၃၅။** သင်တို့အပေါ်တွင် မီးတောက်များနှင့် မီးခိုး များကို လွှတ်ခြင်းခံရမည်။ ထိုအခါ သင်တို့သည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင် ကြမည် မဟုတ်ပေ။ **၃၆။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူး တရားများကို ငြင်းဆိုမည်နည်း။

၃၇။ ထို့နောက် မိုးကောင်းကင်သည် ကွဲပြဲ၍ သားရေကဲ့သို့ နီသွား သည့်အချိန်အခါ (ရောက်ရှိလာမည်။) **၃၈။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ် ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၃၉။** ထိုနေ့တွင် မည်သည့်လူသား၊ မည်သည့် ဂျင်နန်မျှ မိမိ၏ အပြစ်နှင့်ပတ်သက်၍ မေးမြန်းခြင်းခံရမည်မဟုတ်ပေ။ **၄၀။** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆို မည်နည်း။ **၄၁။** အပြစ်ကျူးလွန်သူများကို သူတို့၏ လက္ခဏာများဖြင့် သိရှိရပေမည်။

ထို့နောက် သူတို့သည် ဦးထိပ်ကဆံပင်နှင့် ခြေထောက်များမှ ဖမ်းကိုင်ခြင်း ခံကြရမည်။ **၄၂** သို့ရှိရာ သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၄၃** ဤသည် အပြစ်ကျူးလွန်သူများက မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့သော ဂျာနန္ဓမ်ဝရဲပင် ဖြစ်သည်။ **၄၄** သူတို့သည် ယင်းဝရဲနှင့် ဆူပွက်နေသော ရေကြောင်းတွင် လည်ပတ်သွားလာနေကြမည်။ **၄၅** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။

၄၆ မိမိအရှင်မြတ်၏ ရှေ့တော်မှောက်တွင် ရပ်ရမည်ကို ကြောက်သော သူအတွက် ဥယျာဉ်နှစ်ခု ရှိပေသည်။ **၄၇** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၄၈** ဥယျာဉ်နှစ်ခုလုံးသည် အကိုင်းအလက်များစွာနှင့် ဝေဆာလျက်ရှိမည်။ **၄၉** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၅၀** ယင်းဥယျာဉ်နှစ်ခုကြားတွင် စမ်းချောင်းနှစ်ခု စီးတွေနေမည်။ **၅၁** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၅၂** ဥယျာဉ်နှစ်ခုတွင် အသီးတိုင်းသည် နှစ်မျိုးစီ ရှိမည်။ **၅၃** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၅၄** ၎င်းတို့သည် အတွင်းပိုင်းကို ပိုးအထူသားခံထားသော မွေ့ရာများပေါ်တွင် မှီလျက်ရှိကြမည်။ ထို့နောက် ဥယျာဉ် နှစ်ခု၏ အသီးများသည်လည်း အနူးရလွယ်အောင် ညွှတ်ကျနေလိမ့်မည်။ **၅၅** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၅၆** ယင်းဥယျာဉ်ထဲတွင် အရွက်နှိမ့်ချထားသော မိန်းမပျိုများ ရှိပေမည်။ ယင်းမိန်းမပျိုများကို သူတို့အလျင် မည်သည့်လူသားနှင့်၊ မည်သည့်ဂျင်နကျွ ထိတွေ့မထားဖူးကြပေ။ **၅၇** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၅၈** ယင်းမိန်းမပျိုများသည် ပတ္တမြားနှင့် သန္တာကျောက်ကဲ့သို့ ဖြစ်ကြမည်။ **၅၉** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၆၀** ကောင်းမှု၏ အစားသည် ကောင်းမှုသာ ဖြစ်သည်။ **၆၁** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။

၆၂ ထိုဥယျာဉ်နှစ်ခုအပြင် နောက်ထပ်ဥယျာဉ်နှစ်ခု ရှိသည်။ **၆၃**

ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆို မည်နည်း။ **၆၄။** နှစ်ခုလုံးသည် စိမ်းလန်းလွန်းသောကြောင့် အနက်ဘက်ကို အရောင်သန်းနေသည်။ **၆၅။** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ် ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၆၆။** ယင်းဥယျာဉ်တွင် ပန်းထွက်လျက်ရှိ သော စမ်းချောင်းနှစ်ခု ရှိမည်။ **၆၇။** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ် ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၆၈။** ယင်းဥယျာဉ်တွင် သစ်သီး ဝလံများ၊ စွန်ပလွံပင်များ၊ သလဲသီးများ ရှိလိမ့်မည်။ **၆၉။** ထို့နောက်တွင် သင်တို့ သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၇၀။** ယင်းဥယျာဉ်တွင် ရုပ်ရော၊ နာမ်ရောလှသည့် မိန်းမပျိုများ ရှိလိမ့်မည်။ **၇၁။** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆို မည်နည်း။ **၇၂။** တဲများတွင် ထိန်းသိမ်းထားသော အပျိုလေးများ ဖြစ်ကြမည်။ **၇၃။** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆို မည်နည်း။ **၇၄။** သူတို့အလျင်က ယင်းမိန်းမပျိုများကို မည်သည့်လူသားနှင့်၊ မည်သည့်ဂျင်နီကမျှ ထိတွေ့ခဲ့ဖူးမည် မဟုတ်ပေ။ **၇၅။** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူးတရားများကို ငြင်းဆိုမည်နည်း။ **၇၆။** ၎င်းတို့သည် အစိမ်းရောင်မှိအုံးများ၊ တန်ဖိုးကြီး၍ လှပကောင်းမွန်သော အခင်းများပေါ်တွင် မှီလျက်ရှိကြမည်။ **၇၇။** ထို့နောက်တွင် သင်တို့သည် မိမိတို့အရှင်၏ အဘယ်ကျေးဇူး တရားများကို ငြင်းဆိုမည်နည်း။ **၇၈။** ကြီးကျယ်လှတော်မူသော၊ မြင့်မြတ်လှတော် မူသော အသင့်အရှင်မြတ်၏ နာမ တော်သည် အလွန်မင်္ဂလာနှင့် ပြည့်စုံပေသည်။

၅၆။ စူရယ်ဝါကိအယ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဖြစ်ပေါ်မည့်အရာသည် ဖြစ်ပေါ်လာသောအခါ။ **၂။** ယင်းအရာ ဖြစ်ပေါ် လာမည့်ကိစ္စသည် လုံးဝမုသားမဟုတ်ပေ။ **၃။** ယင်းသည် နိမ့်ကျစေသည့် အရာ၊ မြှင့်တင်ပေးသည့်အရာ ဖြစ်သည်။ **၄။** အကြင်အခါတွင် မြေပထဝီသည်

လူပ်ခါမှုကို ခံရပေမည်။ **၅။** ထို့ပြင် တောင်များသည် ကွဲအက်၍ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားပေမည်။ **၆။** တစ်ဖန် ယင်းအရာများသည် ပြန့်ကျဲနေသော ဖုံမှုန့်များ ဖြစ်သွားမည်။ **၇။** ထို့နောက် သင်တို့သည် အုပ်စုသုံးခု ကွဲသွားပေမည်။

၈။ တစ်ဖန် လက်ယာဘက်သားများ။ ထိုလက်ယာဘက်သားများသည် အဘယ်မျှကောင်းလိုက်ပါဘိ။ **၉။** ဘက်ဝဲဘက်သားများ။ ထိုလက်ဝဲဘက်သားများသည် အဘယ်မျှ မကောင်းလိုက်ပါဘိ။ **၁၀။** ရှေ့သို့ရောက်ရှိသူများသည် ရှေ့သို့ ရောက်ရှိသူများသာ ဖြစ်ကြသည်။ **၁၁။** သူတို့သည် အနီးကပ်ရှိသူများပင် ဖြစ်သည်။ **၁၂။** ဆုလာဘ်များရှိသော ဥယျာဉ်တော်များတွင်။ **၁၃။** သူတို့အနက် ကြီးမားသော အုပ်စုတစ်ခုသည် ရှေးလူများအထဲမှ ဖြစ်မည်။ **၁၄။** ထို့ပြင် အနည်းသောငယ်လူများသာ နောင်းလူတို့အထဲမှ ဖြစ်မည်။

၁၅။ အမြစ်ခိုင်မာသော သလွန်များထက်၀ယ်။ **၁၆။** မှီလျက် မျက်နှာချင်းဆိုင် ထိုင်နေကြမည်။ **၁၇။** သူတို့ထံတွင် ထာ၀စဉ်နေထိုင်ကြမည့်လူလင်ပျိုများ လှည့်ပတ်လျက် ရှိကြမည်။ **၁၈။** ရေခွက်များ၊ ရေတကောင်းများနှင့် သန့်ရှင်းကြည်လင်သော ယမကာခွက်များ ကိုင်ဆောင်ထားလျက် ရှိကြမည်။ **၁၉။** ယင်းယမကာကြောင့် ခေါင်းကိုက်ကြမည်လည်း မဟုတ်၊ အသိမဲ့ သတိလက်လွတ် ဖြစ်ကြမည်လည်း မဟုတ်ပေ။ **၂၀။** ထို့ပြင် ရွေးချယ်ဆွတ်ခူးနိုင်သော သစ်သီး၀လံများ။ **၂၁။** သူတို့နှစ်သက်သော ငှက်သားများ။ **၂၂။** ထို့ပြင် မျက်၀န်းကျယ်သော အပျိုစင် လေးများ။ **၂၃။** ဖုံးအုပ်ထားသော ပုလဲလုံးများ သဖွယ်ဖြစ်မည်။ **၂၄။** သူတို့ပြုမူဆောက်တည်ခဲ့ကြသော ကုသိုလ်များအစားဖြစ်မည်။ **၂၅။** ယင်းထဲတွင် သူတို့သည် အကျိုးမဲ့စကားကိုရော၊ အပြစ်ဖြစ်စေသည့်စကားကိုရော ကြားကြရမည် မဟုတ်ပေ။ **၂၆။** သို့သော် "စလာမ်- ငြိမ်းချမ်းပါစေ၊ စလာမ်-ငြိမ်းချမ်းပါစေ"ဟူသော ပြောစကားကိုသာ ကြားကြရမည်။

၂၇။ ထို့ပြင် လက်ယာဘက်သားများ။ ထို လက်ယာဘက်သားများသည် အဘယ်မျှ ကောင်းလိုက်ပါဘိ။ **၂၈။** ဆူးမရှိသည့် ဇီးပင်များတွင်။ **၂၉။** ပြွတ်ခိုင်၍ သီးသော ငှက်ပျောပင်များတွင်။ **၃၀။** ကျယ်ပြန့်သော အရိပ်များတွင်။ **၃၁။** ထို့ပြင် စီးတွေ့နေသော ရေများတွင်။ **၃၂။** များများငြောင်လှစွာသော သစ်သီး၀လံများတွင်။ **၃၃။** ယင်းသစ်သီးများသည် ကုန်သွားမည်လည်းမဟုတ်။ မည်သည့်တားမြစ်မှုမှ

လည်း ရှိမည်မဟုတ်ပေ။ **၃၄။** မြင့်စွင့်စွာရှိသော အခင်းများပေါ်တွင်။ **၃၅။** ငါအရှင်သည် ထိုအမျိုးသမီးများအား အထူးအနေဖြင့် ဖန်ဆင်းထားခဲ့၏။ **၃၆။** တစ်ဖန် သူတို့ကို အပျိုစင်များအဖြစ် ပြုထားခဲ့၏။ **၃၇။** စိတ်ကို ဆွဲဆောင်သူများ၊ သက်တူရွယ်တူများ။ **၃၈။** လက်ယာဘက်သားများအဖို့ပင်။ **၃၉။** ရှေ့လူများအနက် ကြီးမားသော အုပ်စုတစ်စုရှိမည်။ **၄၀။** ထို့ပြင် နောက်လူများအနက် ကြီးမားသော အုပ်စုတစ်စုရှိမည်။

၄၁။ လက်ဝဲဘက်သမားများ။ ထိုလက်ဝဲဘက်သားများသည် အဘယ်မျှမကောင်းလိုက်ပါဘိ။ **၄၂။** မီးထဲတွင်၊ ပွက်ပွက်ဆူနေသော ရေပူထဲတွင်။ **၄၃။** မည်းမှောင်နေသော အငွေ့များ၏အရိပ်ထဲတွင်။ **၄၄။** အေးမြခြင်းလည်းမရှိ၊ သိက္ခာနတ္ထိ။ **၄၅။** သူတို့သည် သည့်အလျင်က ချောင်လည်သော အခြေအနေတွင် ရှိခဲ့ကြသည်။ **၄၆။** သူတို့သည် ကြီးလေးသော ပြစ်မှုကို ဇွတ်ပေ၍ ကျူးလွန်ခဲ့ကြသည်။ **၄၇။** ထို့ပြင် သူတို့က ပြောကြသည်။ ကျွန်ုပ်တို့ သေဆုံးကြပြီးနောက် မြေကြီးနှင့် အရိုးများဖြစ်သွားကြမည်။ သို့နှင့်တိုင် ကျွန်ုပ်တို့သည် တစ်ဖန်ရှင်ပြန်ထကြရမည်လော။ **၄၈။** ဘာလဲ၊ ကျွန်ုပ်တို့၏ ရှေးက အဘ၊ ဘိုး၊ ဘေးများလည်း။ (ရှင်ထရမည်လော။) **၄၉။** ပြောပါ။ ရှေးလူများရော၊ နောင်းလူများပါ။ **၅၀။** အားလုံး သတ်မှတ်ထားသော နေ့တစ်နေ့၏ အချိန်တစ်ခုတွင် စုရုံးကြရမည်။ **၅၁။** တစ်ဖန် အသင်တို့၊ အို-လမ်းလွဲနေကြသူတို့၊ ငြင်းပယ်ကြသူတို့။ **၅၂။** ဇက္ကူးမ်ရှားစောင်းကြီးပင်မှ စားကြရမည်။ **၅၃။** တစ်ဖန် ယင်းအပင်မှ ဝမ်းဗိုက်ဖြည့်ကြရမည်။ **၅၄။** ထိုအပင်ကို စားပြီးနောက် ပွက်ပွက်ဆူနေသော ရေကို သောက်ကြရမည်။ **၅၅။** ရေငတ်နေသော ကုလားအုတ်များကဲ့သို့ သောက်သုံးကြမည်။ **၅၆။** ဤသည်မှန်ကန်စွာဆုံးဖြတ်မည့်နေ့တွင် သူတို့အား ဧည့်ခံခြင်း ဖြစ်မည်။

၅၇။ ငါအရှင်သည် အသင်တို့ကို ဖန်ဆင်းတော်မူခဲ့သည်။ သို့ပါလျက် အသင်တို့သည် အဘယ်ကြောင့် မထောက်ခံကြသနည်း။ **၅၈။** ဘာလဲ၊ အသင်တို့သည် မိမိတို့အစက်ချကြသောအရာ(သုက်ရည်)အပေါ် မစဉ်းစားကြသလော။ **၅၉။** ဘာလဲ၊ အသင်တို့သည်သာ ယင်းကို ဖန်ဆင်းကြသလော၊ သို့မဟုတ် ငါအရှင်သည်သာ ဖန်ဆင်းရှင် ဖြစ်သလော။ **၆၀။** ငါအရှင်သည် အသင်တို့ကြားတွင် သေခြင်းကို သတ်မှတ်တော်မူခဲ့သည်။ ငါအရှင်သည် ထိုကိစ္စကို မစွမ်းဆောင်နိုင်သူမဟုတ်။

၆၁။ အသင်တို့နေရာတွင် အသင်တို့ကဲ့သို့ ဖန်ဆင်းတော်မူလိုက်မည်။ ထို့ပြင် အသင်တို့ အား အသင်တို့မသိရှိသော ပုံသဏ္ဌာန်အဖြစ် ပြုလုပ်လိုက်မည်။ **၆၂။** အသင်တို့သည် ပထမအကြိမ်ဖန်ဆင်းခြင်း သိရှိခဲ့ကြပါလျက် အဘယ်ကြောင့် သင်ခန်းစာမယူကြသနည်း။ **၆၃။** ဘာလဲ၊ အသင်တို့သည် မိမိတို့စိုက်ပျိုးသော အရာအပေါ် မစဉ်းစားကြသလော။ **၆၄။** ဘာလဲ၊ အသင်တို့သည်သာ ယင်းကို ပေါက်ရောက်စေကြသလော၊ သို့မဟုတ် ငါအရှင်သည်သာ ပေါက်ရောက်စေသော အရှင် ဖြစ်သလော။ **၆၅။** အကယ်၍ ငါအရှင် အလိုရှိလျှင် ယင်းကို အစိတ်စိတ် ပြုလုပ်တော်မူမည်။ ထိုအခါ အသင်တို့သည် စကားများဖန်တီးလျက်သာ ကျန်ခဲ့ကြပေမည်။ **၆၆။** ငါတို့သည် ကြွေးမြီတင်ရှိသွားကြလေပြီ။ **၆၇။** သို့သာမက ငါတို့သည် လုံးလုံးပင် လက်မဲ့ဖြစ်သွားကြလေပြီ။ **၆၈။** ဘာလဲ၊ အသင်တို့သည် မိမိတို့သောက် သုံးနေကြသော ရေကို စဉ်းစားကြသလော။ **၆၉။** ဘာလဲ၊ အသင်တို့သည်သာ ယင်းကို မိုးတိမ်မှ ရွာချပေးသလော။ သို့မဟုတ် ငါအရှင်သည်သာ ရွာချပေးသော အရှင် ဖြစ်သလော။ **၇၀။** အကယ်၍သာ ငါအရှင်အလိုရှိလျှင် ယင်းကို အလွန်ငန်သောရေ အဖြစ် ပြုလုပ်လိုက်မည်ပင်။ ထို့နောက်တွင်လည်း အသင်တို့သည် အဘယ်ကြောင့် ကျေးဇူးမသိကြသနည်း။ **၇၁။** ဘာလဲ၊ အသင်တို့သည် မိမိတို့ မွေးလိုက်သောမီးကို မစဉ်းစားကြသလော။ **၇၂။** အသင်တို့သည်သာ ယင်းမီးထွက်သည့်အပင်ကို ဖန်ဆင်းသလော၊ သို့မဟုတ် ငါအရှင်သည်သာ ဖန်ဆင်းတော်မူသော အရှင်ဖြစ်သ လော။ **၇၃။** ငါအရှင်သည် ယင်းကို သတိသံဝေဂပေးရန်နှင့် ခရီးသည်တို့အတွက် အကျိုးရှိသည့်အရာအဖြစ် ပြုလုပ်တော်မူခဲ့သည်။ **၇၄။** သို့ရှိရာ သင်သည် မိမိ၏ အလွန် ကြီးကျယ်လှသည့် အရှင်မြတ်၏ နာမတော်ဖြင့် သန့်စင်တော်မူကြောင်း ရွတ်ဆိုပါ။

၇၅။ ငါအရှင်သည် ကြယ်တာယာများ၏ ကျရောက်ရာနေရာများကို သက်သေထူတော်မူသည်။ **၇၆။** အကယ်၍သာ အသင်တို့ စဉ်းစားဆင်ခြင်ကြည့် ကြမည်ဆိုလျှင် ဤသည် အလွန်ကြီးကျယ်သည့် သက်သေထူခြင်းပင် ဖြစ်သည်။ **၇၇။** စင်စစ် ဤသည် ဂုဏ်ကျက်သရေရှိသည့် ကျမ်းမြတ်ကုရ်အာန်ဖြစ်သည်။ **၇၈။** ထိန်းသိမ်းထားသည့် ကျမ်းဂန်တွင်။ **၇၉။** ယင်းကျမ်းကို သန့်စင်စွာ ဖန်ဆင်းခံထား ရသူများကသာ ထိတွေ့ကိုင်တွယ်ကြသည်။ **၈၀။** စကြဝဠာ၏ ဖန်ဆင်းရှင်ဘက်

တော်မှ ချပေးခြင်းခံရသည်။ **၁၁။** ထို့နောက်တွင်လည်း အသင်တို့သည် ဤကျမ်းတော်အား ဥပေက္ခာပြုဂရုမမူဘဲ နေကြမည်လော။ **၁၂။** ထိုပြင် အသင်တို့သည် ဤကျမ်းကို ငြင်းဆန်၍ မိမိတို့၏ ရိက္ခာတစ်ခုအဖြစ် ပြုလုပ်ကြသလော။

၁၃။ တစ်ဖန် အသက် လည်မျိုကို ရောက်လာသည့်အခါ အဘယ်ကြောင့် မငြင်းဆန်ကြသနည်း။ **၁၄။** အသင်တို့သည် ယင်းအချိန်တွင် ကြည့်နေလျက် ရှိကြမည်။ **၁၅။** ငါအရှင်သည် အသင်တို့ထက် ပို၍ ထိုသူနှင့် နီးကပ်စွာ ရှိနေ၏။ သို့သော် အသင်တို့ မမြင်တွေ့ကြပေ။ **၁၆။** အဘယ်ကြောင့်နည်း။ အသင်တို့သည် ဩဇာညောင်းခံရသူများ မဟုတ်ကြဘဲ။ **၁၇။** အသင်တို့မှန်ကန်သူများ ဖြစ်ကြလျှင် အဘယ်ကြောင့် ထိုအသက်ကို ပြန်၍ မယူဆောင်လာသနည်း။ **၁၈။** သို့ရှိရာ အကယ်၍ သူသည် နီးကပ်သူများ အနက်မှ ဖြစ်ခဲ့လျှင်။

၁၉။ အနားရမှု၊ ကောင်းမွန်သည့်စားစရာနှင့် စည်းစိမ်၏ ဥယျာဉ်ခြံ ရှိပေမည်။ **၉၀။** အကယ်၍ သူတို့သည် လက်ယာဘက်သားများအနက် ဖြစ်ခဲ့လျှင်။ **၉၁။** သို့ဆိုလျှင် အသင့်သည် လက်ယာဘက်သားများအနက် ဖြစ်သည့်အတွက် အသင့်အဖို့ အေးချမ်းသာယာမှု ရှိမည်။ **၉၂။** အကယ်၍ ထိုသူသည် ငြင်းဆန်သော လမ်းလွဲ သူများအနက်မှ ဖြစ်ခဲ့ပါလျှင်။ **၉၃။** ပွက်ပွက်ဆူနေသည့် ရေပူနှင့် ဧည့်ခံခြင်းခံရမည်။ **၉၄။** အပါယ်ငရဲတွင် လားရပေမည်။ **၉၅။** မုချကေန် ဤသည် သေချာသော အမှန်တရားပင် ဖြစ်သည်။ **၉၆။** သို့ရှိရာ အသင်သည် မိမိ၏ ကြီးကျယ်မြင့်မြတ်လှသည့် အရှင်သခင်၏ နာမတော်ဖြင့် အရှင်မြတ်စင်ကြယ်ကြောင်း မြွက်ဆိုပါ။

၅၆။ စူရပ်ဟဒီးဒ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ကောင်းကင်များနှင့် ပထဝီမြေပြင်ရှိ အရာခပ်သိမ်းသည် အလ္လာဟ်အရှင်မြတ်၏ သန့်ပြန့်စင်ကြယ်တော်မူကြောင်း မြွက်ဟနေကြသည်။ အရှင်သည် နိုင်နင်းတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။

၂။ ကောင်းကင်များနှင့် ပထဝီမြေပြင်၏ အုပ်ချုပ်မှုအာဏာသည် အရှင်မြတ်အဖို့သာ ဖြစ်သည်။ အရှင်သည် ရှင်စေသည်။ သေစေသည်။ အရာခပ်သိမ်းတို့အပေါ် စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်သည်။ ၃။ အရှင်မြတ်သာလျှင် ပထမဦးဆုံးလည်း ဖြစ်သည်။ နောက်ဆုံးတည်ရှိမည့်သူလည်းဖြစ်သည်။ ထင်ရှားစွာ ရှိသူလည်း ဖြစ်သည်။ လျှို့ဝှက်စွာ ရှိသူလည်း ဖြစ်သည်။ ထို့ပြင် အရှင်သည် အရာခပ်သိမ်းကို အလွန်သိရှိတော်မူသော အရှင်ဖြစ်သည်။ ၄။ အရှင်မြတ်သာလျှင် ကောင်းကင်များနှင့် ပထဝီမြေပြင်ကို ခြောက်ရက်အတွင်း ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်သည် အရေရှပလ္လင်ထက်ဝယ် စံမြန်းတော်မူသည်။ အရှင်မြတ်သည် မြေပထဝီအတွင်း ဝင်သွားသည့်အရာများ၊ မြေပထဝီမှ ထွက်သည့်အရာများ၊ ကောင်းကင်မှ ကျလာသည့်အရာများ၊ ယင်းကောင်းကင်သို့ တက်သောအရာများကို သိရှိတော်မူသည်။ ထို့ပြင် အရှင်သည် အသင်တို့ မည်သည့်နေရာ တွင် ရှိနေကြစေကာမူ အသင်တို့နှင့်အတူ ရှိနေတော်မူသည်။ အရှင်မြတ်သည် အသင်တို့ ပြုမူနေကြသည်များကို သိမြင်နေတော်မူသောအရှင်ဖြစ်သည်။ ၅။ ကောင်းကင်များနှင့် ပထဝီမြေကြီး၏ အုပ်ချုပ်မှုအာဏာသည် အရှင်မြတ်သာ စိုးပိုင်တော်မူသည်။ အရေးကိစ္စအားလုံးသည် အရှင်မြတ်ထံသို့သာ ပြန်လည်သွားကြရ ကုန်သည်။ ၆။ အရှင်သည် ညဉ့်ကို နေ့တွင် ထည့်သွင်းသည်။ ထို့အတူ နေ့ကို ညဉ့်တွင် ထည့်သွင်းလေသည်။ အရှင်မြတ်သည် နလုံးသားအတွင်း၌ ရှိသောအရာတို့ကို သိရှိတော်မူသည်။

၇။ အလ္လာဟ်နှင့် အရှင့်ရစူလ်ကို အီမာန်ယုံကြည်ကြကုန်။ ထို့ပြင် အရှင်က အသင်တို့ကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားသည့်အရာများထဲမှ သုံးစွဲကြကုန်။ သို့ရှိရာအသင်တို့အနက် အီမာန်ယုံကြည်ပြီး သုံးစွဲလျှဒါန်းကြသူတို့အတွက် ကြီးကျယ်လှသည့် အကျိုးကုသိုလ်ရှိပေမည်။ ၈။ အဘယ်ကြောင့် အသင်တို့သည် အလ္လာဟ်အား အီမာန်မယုံကြည်ကြသနည်း။ စင်စစ်တွင် ရစူလ်တမန်တော်က အသင်တို့အား မိမိအရှင်သခင်အား အီမာန်ယုံကြည်ရန် ဖိတ်ခေါ်နေလေသည်။ ထို့ပြင် အသင်တို့ထံမှ ပဋိညာဉ်လည်း ရယူထားခဲ့ပြီး ဖြစ်သည်။ အကယ်၍ အသင်တို့ မုအ်မင်နဲ့ဖြစ်ကြလျှင်။ ၉။ ထိုအရှင်သည် အသင်တို့အား အဓမ္မာထုများမှ လင်းရောင်ခြည်ဆီသို့ ထုတ်ဆောင်ရန်အလို့ငှာ မိမိ၏ အစေတော်အပေါ် သို့ ရှင်းလင်းထင်ရှားသော သက်သေလက္ခဏာများကို ချပေးတော်မူခဲ့သည်။ ထို့ပြင်

အရှင်မြတ်သည် အသင်တို့အား အလွန် ချစ်ခင်ယုယတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။ **၁၀။** အသင်တို့သည် အဘယ်ကြောင့် အလွှာဟ်လမ်းတော်တွင် သုံးစွဲလှူဒါန်းမှု မပြုကြသနည်း။ စင်စစ်တွင် ကောင်းကင်များအားလုံးနှင့် ပထဝီမြေပြင်သည် နောက်ဆုံးတွင် အလွှာဟ်အဖို့သာ ကျန်ရှိသွားပေမည်။ အသင်တို့ထဲတွင် အောင်နိုင်ပြီးနောက်မှ သုံးစွဲပြီး တိုက်ခိုက်သောသူတို့သည် မအောင်နိုင်မီက သုံးစွဲပြီး တိုက်ခိုက်သောသူတို့နှင့် တူညီနိုင်မည်မဟုတ်ပေ။ သူတို့သည် အဆင့်အတန်းအရ အောင်နိုင်ပြီးနောက်မှ သုံးစွဲကြပြီး တိုက်ခိုက်မှုပြုသူတို့ထက် ပို၍ ကြီးကျယ်လှသည်။ အလွှာဟ်သည် အားလုံးကို ကောင်းမြတ်မှု၏ ကတိတော်ကို ပြုတော်မူခဲ့သည်။ အလွှာဟ်သည် အသင်တို့ပြုမူသောအရာတို့အား အကြွင်းမဲ့ သိရှိတော်မူသော အရှင်ဖြစ်သည်။

၁၀။ အလွှာဟ်အား ကောင်းသောအကြွေးပေးမည့်သူ မည်သူရှိသနည်း။ သို့ဆိုလျှင် အရှင်မြတ်သည် ၎င်းအဖို့ ဆထက်ထမ်းပိုးတိုးပွားမှုကို ပေးသနားတော်မူမည်။ ထို့ပြင် ၎င်းအဖို့ ဂုဏ်သရေရှိသော အကျိုးကုသိုလ်ရှိမည်။ **၁၂။** ထိုနေ့တွင် အသင်တို့သည် မုအ်မင်နှအမျိုးသားများနှင့် မုအ်မိနဟ် အမျိုးသမီးများအား တွေ့မြင်ကြရမည်။ သူတို့၏ လင်းရောင်ခြည်များသည် သူတို့၏ရှေ့နှင့် သူတို့၏ ယာဘက်တွင် သွားလျက်နေမည်။ ဤနေ့သည် အသင်တို့အဖို့ အောက်ခြေတွင် စမ်းရေချောင်းများ စီးဆင်းလျက်ရှိသည့် ဥယျာဉ်များတွင် ထာဝရ စံမြန်းနေထိုင်ကြရမည့် မဂ်လာသတင်းရှိ၏။ ဤသည် အောင်မြင်မှုကြီးပင် ဖြစ်သည်။ **၁၃။** ထိုနေ့တွင် မုနာဖိုက်အယောင်ဆောင်ယောကျ်ားများနှင့် မုနာဖိကဟ် အယောင်ဆောင်မိန်းမများက အီမာန်ယုံကြည်သူတို့အား ပြောမည်။ ကျွန်ုပ်တို့ကို အသင်တို့၏ လင်းရောင်ခြည်မှ အနည်းငယ်အသုံးချနိုင်အောင် အခွင့်အရေးပေးပါ။ ထိုအခါ သူတို့အား "အသင်တို့သည် မိမိတို့၏ နောက်ဖက်သို့ ပြန်လှည့်သွား၍ အလင်းတစ်ခုခုရှာဖွေကြပါ"ဟု ပြောဆိုပေမည်။ ထို့နောက် သူတို့၏ ကြားတွင် တံခါးပေါက်တစ်ချပ်ပါသော တံတိုင်းတစ်ခုကို ကာဆီးပေးလိုက်ပေမည်။ ယင်း၏ အတွင်းပိုင်းသည် ရဟ်မသ်ကရုဏာတော်ဖြစ်ပြီး အပြင်ပိုင်းသည် အဇာဒ်ပြစ်ဒဏ်ဖြစ်သည်။ **၁၄။** သူတို့က "ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူ ရှိခဲ့ကြသည်မဟုတ်လော" ဟု ၎င်းတို့

အား ဟစ်အော်ပြောဆိုကြမည်။ သူတို့က ပြန်ပြောမည်။ အဘယ်ကြောင့် မဟုတ်ရ မည်နည်း။ သို့သော်လည်းအသင်တို့သည်မိမိတို့ကိုယ်ကို ဖိသိန်းပြဿနာအတွင်း သွတ်သွင်းခဲ့ကြပြီး စောင့်ဆိုင်းနေ ကြ၍ သံသယထဲ၌ ကျရောက်ခဲ့ကြသည်။ ထို့ပြင် မမှန်သောဆန္ဒများက အလွှာဟ်အဆုံးအဖြတ် ရောက်လာသည့်အချိန်အထိ အသင်တို့ကို လှည့်စားထားခဲ့သည်။ ထို့ပြင် လှည့်စားသူ(ရှိုင်သွာန်)က အသင်တို့အား အလွှာဟ်နှင့် ပတ်သက်သည့်ကိစ္စတွင် လှည့်စားခဲ့သည်။ **၁၅။** သို့ရှိရာ ယနေ့၌ အသင်တို့ထံမှရော၊ ငြင်းဆန်ခဲ့သူများထံကပါ မည်သည့်လျော်ကြေးမျှ လက်ခံမည် မဟုတ်။ အသင်တို့၏ နေရာထိုင်ခင်းသည် မီးဖြစ်မည်။ ယင်းမီးသည်ပင် အသင်တို့ ၏ မိတ်ဆွေ ဖြစ်မည်။ ထို့ပြင် ဆိုးရွားသော နေရာထိုင်ခင်းပင် ဖြစ်သည်။

၁၆။ ဘာလဲ၊ အီမာန်ယုံကြည်သူတို့အဖို့ သူတို့၏ နှလုံးသားများသည် အလွှာဟ်၏ ဆုံးမမှုနှင့် ကျရောက်ခဲ့ပြီးဖြစ်သော အရှင့်အမှန်တရားတို့၏ ရှေ့တွင် ယိမ်းညွှတ်ရန် အချိန်မရောက်သေးသလော။ ထို့ပြင် သူတို့သည် အကြင်သူများ ကဲ့သို့ မဖြစ်ကြစေနှင့်။ သူတို့သည် အလျင်က ကျမ်းဂန်ပေးခြင်းခံခဲ့ရပြီးနောက် သူတို့အပေါ် ကာလအတန်ကြာသွားသောအခါ သူတို့၏ စိတ်နှလုံးများသည် မာကျော ခက်ထန်သွားတော့၏။ ထို့ပြင် သူတို့အထဲက အများစုသည် အမိန့်ဖီဆန် သူများ ဖြစ်ကြသည်။ **၁၇။** မှတ်ထားကြပါ။ အလွှာဟ်သည် ပထဝီမြေပြင်ကို သေစေ ပြီးနောက် ရှင်သန်စေတော်မူသည်။ ငါအရှင်မြတ်သည် အသင်တို့နားလည် ကြရန်အလို့ငှာ သက်သေသာဓကများကို ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်သည်။

၁၈။ ဇကနဉ်ပင် စွဒကဟ်အလှူအတန်းပြုသူအမျိုးသားများနှင့် အလှူ အတန်းပြုသူ အမျိုးသမီးများအပြင် အလွှာဟ်အား ကောင်းမွန်သော ကြွေးမြီကို ချေးပေးသောသူများ၊ သို့ရှိရာ အရှင်မြတ်သည် သူတို့အဖို့ တိုးပွားစေတော်မူမည်။ ထို့ပြင် သူတို့အဖို့ ဂုဏ်သရေရှိသော အကျိုးကုသိုလ် ရှိမည်ဖြစ်သည်။ **၁၉။** အကြင် သူများသည် အလွှာဟ်နှင့် အလွှာဟ်တမန်တော်များအား အီမာန်ယုံကြည်ကြ၏။ ထိုသူများသည် ပင် သူတို့၏ အရှင်ထံတော်ပါး၌ မှန်ကန်သူများနှင့် အာဇာနည်များ ဖြစ်ကြ၏။ သူတို့အဖို့ သူတို့၏အကျိုးကုသိုလ်နှင့် သူတို့၏နူးရ်လင်းရောင်ခြည်ရှိမည်။

ထို့ပြင် အကြင်သူများသည် ငြင်းဆန်သွေဖည်ကြပြီး ငါအရှင်၏ အာယသ်တော်များကို ငြင်းပယ်ကြ၏။ ထိုသူများသည် အပါယ်ငရဲသားများပင် ဖြစ်သည်။ **၂၀။** အသင်တို့ သိထားကြပါ။ လောကီသက်တမ်းသည် ဆော့ကစားခြင်း၊ ပွဲလမ်းသဘင်၊ လှပခြယ်သမှု၊ အသင်တို့အချင်းချင်း ဂုဏ်ပြိုင်မှုအပြင် ဥစ္စာပစ္စည်းများနှင့် သား သမီးများတွင် တစ်ယောက်နှင့် တစ်ယောက် သာပိုမှုပြိုင်ခြင်းမျှသာ ဖြစ်သည်။ ဥပမာအားဖြင့် မိုးရေ၊ ယင်းမိုးရေမှ ပေါက်ရောက်သော အပင်များသည် လယ်သမားများအား နှစ်ခြိုက်စေသည်။ တစ်ဖန် ယင်းတို့သည် ခြောက်သွေ့သွားကြသည်။ ထိုအခါ သင်သည် ယင်းကို အဝါရောင်မြင်တွေ့ရသည်။ ထို့နောက်တွင်မူ ယင်းတို့သည် အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားတော့သည်။ ထို့ပြင် တမလွန်ဘဝမူ ပြင်းထန်လှသော ပြစ်ဒဏ်ရှိသည်။ ထို့အတူ အလ္လာဟ်ထံပါးမှ ခွင့်သာခွင့်လွှတ်မှုနှင့် နှစ်မြို့မှု လည်းရှိသည်။ လောကီဘဝသည် လှည့်စားသော ယာယီပစ္စည်းမျှတစ်ပါး အခြားမဟုတ်ပေ။ **၂၁။** အသင်တို့သည် မိမိတို့အရှင်၏ ချမ်းသာခွင့်လွှတ်မှုဘက်နှင့် ကောင်းကင်တမျှကျယ်ဝန်းသော၊ ပထဝီမြေပြင်တမျှ ကျယ်ဝန်းသော သုခဘုံဘက်သို့ အပြေးအလွှားသွားကြကုန်။ ယင်းသည် အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်ကို အိမာန်ယုံကြည်သူတို့အတွက် အသင့်ပြင်ဆင်ထားပြီး ဖြစ်သည်။ ဤသည် အလ္လာဟ်၏ ကျေးဇူးတော်တရားဖြစ်ပြီး အရှင်သည် မိမိပေးလိုသူကို ပေးသနားတော်မူသည်။ ထို့ပြင် အလ္လာဟ်သည် အလွန်ကြီးကျယ်သော ကျေးဇူးတော်ရှင် ဖြစ်သည်။

၂၂။ ကမ္ဘာမြေ၌ဖြစ်စေ၊ အသင်တို့၏ ခန္ဓာများ၌ဖြစ်စေ ကျရောက်ခဲ့သော ဒုက္ခအခက်အခဲဟူသရွေ့တို့သည် ငါအရှင် ယင်းတို့ကို မဖန်ဆင်းမီအလျင်းက တည်းက မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားပြီး ဖြစ်သည်။ စင်စစ်တွင် ဤသည် အလ္လာဟ်အဖို့ အလွန်မှ လွယ်ကူလှသည်။ **၂၃။** လွတ်သွားသည့်အရာအပေါ် အသင်တို့ ပူဆွေးသောက မဖြစ်စေရန်နှင့် ချီးမြှင့်ခံရသည့်အရာအပေါ် မောက်မာမှု မဖြစ်စေရန် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်သည် မောက်မာပလွှားသူတိုင်းကို နှစ်သက်တော်မမူပေ။ **၂၄။** သူတို့သည် စေးနဲ့ တွန့်တိုကြပြီး သူတစ်ပါးတို့ကိုလည်း တွန့်တိုရန် သင်ပေးကြသည်။ အကြင်မည်သူမဆို မျက်နှာလွှဲကျောခိုင်းမည်ဆိုလျှင်

အလ္လာဟ်သည် တောင့်တမှုကင်းသည့်အရှင်၊ ချီးမွမ်းမှုကို ခံထိုက်တော်မူသည့်အရှင် ဖြစ်သည်။

၂၅။ ငါအရှင်သည် မိမိ၏ တမန်တော်များကို သက်သေလက္ခဏာများဖြင့် စေလွှတ်တော်မူခဲ့ပြီး သူတို့နှင့်အတူ ကျမ်းဂန်နှင့် ချိန်ခွင်ကို ချပေးခဲ့သည်။ သို့မှသာ လူတို့သည် မျှတမှုအပေါ် ရပ်တည်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် ငါအရှင်သည် သံကို ချပေးတော်မူခဲ့၏။ ယင်းထဲတွင် ပြင်းထန်သောအား ရှိသည်။ ထို့ပြင် လူတို့အတွက် အကျိုးထူးများ ရှိသည်။ ထို့ပြင် အလ္လာဟ်သည် မိမိနှင့်၊ မိမိ၏ တမန်တော်များကို မည်သူကူညီနေသလဲဆိုသည်ကို အကွယ်မှ သိရှိတော်မူရန် အတွက်ဖြစ်သည်။ ဇကနဲမုချ အလ္လာဟ်သည် အလွန် အားအင်ရှိတော်မူသော၊ လွှမ်းမိုးနိုင်တော်မူသော အရှင်ဖြစ်သည်။

၂၆။ ထို့ပြင် ငါအရှင်သည် နူးဟ်နှင့် အိဗ်ရာဟီးမ်ကို စေလွှတ်တော်မူခဲ့ပြီး သူတို့နှစ်ဦး၏ သားမြေးများတွင် နဗီဖြစ်မှုနှင့် ကျမ်းဂန်ကို ထားပေးတော်မူခဲ့သည်။ သို့နှင့် သူတို့ထဲတွင် အချို့မှာ လမ်းမှန်အပေါ်၌ ရှိကြ၏။ ထို့ပြင် သူတို့အနက် အများစုသည် ဖီဆန်သူများ ဖြစ်ကြသည်။ **၂၇။** ထို့နောက်တွင်မူ ငါအရှင်သည် သူတို့၏ ဖဝါးခြေထပ်နောက်လိုက်ရန် တမန်တော်များကို စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် သူတို့၏ ဖဝါးခြေထပ်နောက်လိုက်ရန် အီစာဗင်န် မရ်ယမ်ကိုလည်း စေလွှတ်တော်မူခဲ့သည်။ ငါအရှင်သည် ၎င်းအား အင်နှိုလ်ကျမ်းတော်ကို ပေးသနားတော်မူခဲ့သည်။ ၎င်း၏ နောက်သို့ လိုက်သောသူများ၏ စိတ်နလုံးသားများအတွင်း ကြင်နာမှုနှင့် ယုယမှုကို ထားပေးတော်မူခဲ့သည်။ သူတို့ကိုယ်တိုင် တောထွက် တရားကျင့်သည့်လမ်းစဉ်ကို တီထွင်ခဲ့ကြသည်။ ယင်းကို ငါအရှင် သူတို့အပေါ် ပြဋ္ဌာန်းခဲ့သည် မဟုတ်။ သို့သော်လည်း သူတို့သည် အလ္လာဟ်နှစ်မြို့မှု ရရန်အလို့ငှာ ယင်းလမ်းကို ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။ ထို့နောက် သူတို့သည်ပင် ယင်းကို ပြည့်ပြည့်ဝဝ မစောင့်ရှောက်ခဲ့ကြပေ။ သို့ရှိရာ သူတို့အနက် အီမာန် ယုံကြည်သူတို့အား ငါအရှင်က အစားပေးတော်မူမည်။ သူတို့အနက် အများစုသည် ဖီဆန်သူများသာ ဖြစ်ကြသည်။

၂၈။ အို-အီမာန်ယုံကြည်သူတို့၊ အသင်တို့သည် အလ္လာဟ်ကို ကြောက်ကြပါ။ ထို့ပြင် အရှင့်တမန်တော်အပေါ် အီမာန်ယုံကြည်ကြပါ။ အလ္လာဟ်သည်

အသင်တို့အား မိမိ၏ ကရုဏာတော်မှ နှစ်ဆပေးတော်မူမည်။ အသင်တို့ကို နူးရ်လင်းရောင်ခြည်ပေးသနားတော်မူမည်။ ယင်းဖြင့် အသင်တို့လျှောက်လှမ်းနိုင်ကြရန် ဖြစ်သည်။ ထို့ပြင် အသင်တို့ကို ချမ်းသာခွင့်လွှတ်ပေးတော်မူမည်။ အလွှာဟ်သည် အလွန်ချမ်းသာခွင့်လွှတ်တော်မူသော၊ အလွန်ကြင်နာသနားတော်မူသောအရှင် ဖြစ်တော်မူသည်။ ﴿၂၉﴾ အကြောင်းမှာ ကျမ်းရဟုဂ်လ်တို့သည် အလွှာဟ်၏ ကျေးဇူးတရားများ အနက် မည်သည့်အရာကိုမျှ ရွေးချယ်နိုင်စွမ်း မရှိကြကြောင်း သိရှိစေရန် ဖြစ်သည်။ ကျေးဇူးတရားဟူသည် အလွှာဟ်လက်ဝယ် ရှိပြီး အလွှာဟ်သည် မိမိအလိုရှိသူကို ပေးသနားတော်မူပေသည်။ အလွှာဟ်သည် ကြီးကျယ်သော ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသတည်း။

၅၅။ စူရပ်မုဂ္ဂဒိလဟ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလွှာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

★၁။ အလွှာဟ်သည် ထိုအမျိုးသမီး၏ စကားကို ကြားတော်မူသည်။ သူသည် မိမိလင်ယောကျ်ားနှင့် ပတ်သက်၍ အသင့်အား ရန်ပြုနေလေသည်။ ထို့ပြင် သူသည် အလွှာဟ်ထံသို့ တိုင်ကြားနေသည်။ အလွှာဟ်သည် အသင်တို့နှစ်ဦး၏ ပြောစကားကို ကြားတော်မူ၏။ ဇကန်စင်စစ် အလွှာဟ်သည် အလွန် ကြားတော်မူသော၊ သိတော်မူသော အရှင်ဖြစ်တော်မူသည်။

၂။ အသင်တို့အနက် အကြင်သူများသည် မိမိတို့၏ ဇနီးမယားများအား ဇွိဟာရ် (ကိုယ့်မိခင်နှင့် ခိုင်းနှိုင်းမှု)ပြုကြ၏။ ယင်းတို့သည် သူတို့၏ မိခင်များမဟုတ်ကြ။ စင်စစ် သူတို့၏ မိခင်များသည် သူတို့အား မွေးဖွားပေးခဲ့သူများပင် ဖြစ်သည်။ ထို့ပြင် ဤသူတို့သည် စင်စစ်တွင် လက်ခံနိုင်ဖွယ်မရှိသော၊ လိမ်လည်သည့် စကားရပ်တစ်ခုကို ပြောထုတ်လိုက်ကြခြင်းပင်ဖြစ်သည်။ အလွှာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသော အရှင်ဖြစ်သည်။ ၃။ မိမိတို့ဇနီးမယားများအား ဇွိဟာရ်လုပ်သူများသည် တစ်ဖန်ပြန်၍ မိမိတို့ပြော စကားများ

အား ရုတ်သိမ်းကြမည်ဆိုလျှင် တစ်ဦးနှင့် တစ်ဦးထိတွေ့မှု (ဆက်ဆံမှု) မပြုမီ ကျွန်တစ်ယောက်အား သူကောင်းပြုရမည်။ ဤသည်နှင့် အသင်တို့အား ဆုံးမမှုပြုခြင်း ဖြစ်သည်။ အလ္လာဟ်သည် အသင်တို့ပြုမူနေသည်များကို အလွန် သိရှိတော်မူသောအရှင် ဖြစ်သည်။ **၄။** တစ်ဖန် အကြင်သူသည် သူကောင်းပြုစရာကျွန် မရရှိခဲ့ပါလျှင် တစ်ဦးနှင့် တစ်ဦးထိတွေ့မှု (ဆက်ဆံမှု) မပြုမီ နှစ်လဆက်တိုက် ဥပုသ်စောင့်ထိန်းရမည်။ တစ်ဖန် အကြင်သူသည် မဆောင်ရွက်နိုင်ခဲ့ပါလျှင် ဆင်းရဲသားယောက်ခြောက်ဆယ်အား အစားအစာ ကျွေးမွေးရမည်။ ဤသည်မှာ အသင်တို့သည် အလ္လာဟ်နှင့် အလ္လာဟ်ရဒူလ်ကို အီမာန်ယုံကြည်ကြသည့်အတွက် ဖြစ်သည်။ ဤသည်တို့သည် အလ္လာဟ်၏ စည်းဘောင်များပင် ဖြစ်သည်။ ငြင်းဆန်သူများအဖို့ နာကျင်ဖွယ်ပြစ်ဒဏ် ရှိသည်။

၅။ အကြင်သူတို့သည် အလ္လာဟ်နှင့် အလ္လာဟ်ရဒူလ်အား ဆန့်ကျင်ကြ၏။ သူတို့သည် သူတို့အလျင်ကသူများ သေးသိမ်ကြသကဲ့သို့ သေးသိမ်ကြမည် ဖြစ်သည်။ ထို့ပြင် ငါအရှင်သည် ရှင်းလင်းထင်ရှားသော အာယသ်တော်များအား ချပေးသနားတော်မူခဲ့သည်။ ငြင်းဆန်သူများအဖို့ သေးသိမ်စေသော ပြစ်ဒဏ် ရှိသည်။ **၆။** ထိုနေ့တွင် အလ္လာဟ်သည် သူတို့အားလုံးကို ရှင်ပြန်ထစေတော်မူပြီး သူတို့ပြုမူခဲ့သည်များနှင့် ပတ်သက်၍ သူတို့ကို အသိပေးတော်မူမည်။ အလ္လာဟ်က ယင်းကို ရေတွက်မှတ်သားထားပြီး သူတို့ကမူ ယင်းကို မေ့လျော့ပစ်လိုက်ကြသည်။ အရာခပ်သိမ်းသည် အလ္လာဟ်ရှေ့မှောက်တွင် ရှိသည်။

၇။ အလ္လာဟ်သည် ကောင်းကင်များ၌ ရှိသည်များကိုရော ပထဝီမြေပြင်၌ ရှိသည်များကိုပါ သိရှိတော်မူကြောင်း အသင် မသိမြင်လေသလော။ သုံးဦးပေါင်း တိတ်တစိတ် တိုင်ပင်စကားပြောလျှင်၊ ထိုထဲတွင် စတုတ္ထမြောက်သူက အလ္လာဟ် ဖြစ်မည်။ ထို့ပြင် ငါးဦးပေါင်း တိတ်တစိတ် တိုင်ပင်စကားပြောဆိုတိုင်း သူတို့ထဲက ဆဋ္ဌမမြောက်သူမှာ အလ္လာဟ်ဖြစ်မည်။ ထိုထက်နည်းသည်ဖြစ်စေ၊ ထိုထက်များသည်ဖြစ်စေ အရှင်မြတ်သည် သူတို့အဘယ်နေရာ၌ရှိသည်ဖြစ်စေ သူတို့နှင့်အတူ ရှိနေတော်မူသည်။ တစ်ဖန် အရှင်သည် ကိယာမသ်နေ့တွင် သူတို့ပြုမူခဲ့ကြသည်

များနှင့် စပ်လျဉ်း၍ သတင်းပေးတော်မူမည်။ ဇကန်စင်စစ် အလ္လာဟ်သည် အရာခပ်သိမ်းကို အလွန်သိတော်မူသောအရှင် ဖြစ်သည်။ **၈။** အကြင်သူတို့အား တိတ်တစိတ် တိုင်ပင်ပြောဆိုခြင်းမှ တားမြစ်ခံပြီးဖြစ်ပါလျက် ယင်းတားမြစ်ခံရပြီးသော အမှုကိုပင် ကျူးလွန်ကြသူတို့အား အသင်မမြင်တွေ့လေသလော။ ထို့ပြင် သူတို့သည် အကုသိုလ်ပြုဖို့၊ အနိုင်ကျင့်ဖို့နှင့် တမန်တော်အမိန့်ဒီဆန့်ဖို့အကြောင်း တိတ်တစိတ် တိုင်ပင်ပြောဆို နေကြခြင်း ဖြစ်သည်။ ထို့ပြင် သူတို့သည် အသင့်ထံ လာရောက်ကြသည့်အခါ အလ္လာဟ်က အသင့်ကို နှုတ်ဆက်တော်မမူသည့်နည်းဖြင့် အသင့်ကို နှုတ်ဆက်ကြ၏။ ထို့ပြင် သူတို့စိတ်ထဲ၌လည်း ငါတို့ ထိုစကားများ ပြောခြင်းကြောင့် အလ္လာဟ်က ငါတို့ကို အဘယ်ကြောင့် ပြစ်ဒဏ်မခတ်သနည်းဟု ပြောကြသည်။ ၎င်းတို့အဖို့ အပါယ် ငရဲသည် လုံလောက်၏။ သူတို့သည် ယင်းထဲသို့ ကျရောက်ရပေမည်။ ထို့ပြင် ယင်းသည် အလွန်ဆိုးရွားသော နေရာဖြစ်သည်။

၉။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် တိတ်တစိတ် တိုင်ပင်ကြမည်ဆိုလျှင် အကုသိုလ်ကျူးလွန်ဖို့၊ အနိုင်ကျင့်ဖို့နှင့် တမန်တော်အမိန့်ကို ဒီဆန့်ဖို့ တိတ်တစိတ် မတိုင်ပင်ကြနှင့်။ ကောင်းမှုကျင့်ရန်နှင့် ပြစ်မှုရှောင်ကြဉ်ရန်သာ တိတ်တစိတ် တိုင်ပင်ကြပါ။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ကြပါ။ ထိုအရှင့်ထံ တွင်သာ ပြန်လည်စုရုံးခံရမည်ပင် ဖြစ်သည်။ **၁၀။** တိတ်တစိတ်တိုင်ပင်ခြင်းသည် ရှိုင်သွာန်ဘက်မှ အီမာန်ယုံကြည်သူတို့အား စိတ်ဆင်းရဲစေရန် ဖြစ်သည်။ ယင်းသည် အလ္လာဟ်အမိန့်တော်မပါဘဲ သူတို့အား စိုးစဉ်းမျှပင် စိတ်ဒုက္ခရောက်စေနိုင်သည်မဟုတ်။ အီမာန်ယုံကြည်သူတို့သည် အလ္လာဟ်ကိုသာလျှင် အားကိုးအား ထားမှု ပြုရမည်။

၁၁။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား ထိုင်ဝိုင်းများတွင် နေရာချဲ့ကာ ထိုင်ကြဟု ပြောခြင်းခံရသောအခါ နေရာချဲ့ ထိုင်ကြပါ။ သို့ဆိုလျှင် အလ္လာဟ်သည် အသင်တို့အား ကျယ်ဝန်းချောင်လည်မှုကို ပေးသနားတော်မူပေမည်။ ထို့ပြင် ထရပ်ကြဟု ပြောခြင်းခံရသောအခါ ထရပ်လိုက်ကြပါ။ အသင်တို့အနက် အီမာန်ယုံကြည်သူများနှင့် အသိပညာပေးသနားခံရသူများအား အလ္လာဟ်

က အဆင့်အတန်းများစွာ မြင့်မားစေတော်မူပေမည်။ အလ္လာဟ်သည် အသင်တို့ပြုမူနေသည်များကို အကြွင်းမဲ့သိတော်မူလေသည်။

၁၂။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် တမန်တော်မြတ်နှင့် အတွင်းရေးတိုင်ပင်ကြသည့်အခါ မိမိတို့၏ အတွင်းရေးကို မတိုင်ပင်မီ အနည်းငယ် လျှဒါန်းလိုက်ကြပါ။ ယင်းသည် အသင်တို့အဖို့ အလွန်ကောင်းမြတ်ပြီး ဂိုမိုသန့်စင်စေသည်။ တစ်ဖန် တစ်စုံတစ်ခုမရရှိခဲ့လျှင် အလ္လာဟ်သည် အလွန်ချမ်းသာခွင့်လွှတ်တော်မူသော၊ သနားကြင်နာတော်မူသောအရှင်ဖြစ်သည်။ **၁၃။** အသင်တို့သည် မိမိတို့ အတွင်းရေးကို မတိုင်ပင်မီ အလှူအတန်းပြုလုပ်ရမည်ကို ကြောက်သွားကြသလော။ အကယ်၍ အသင်တို့သည် ယင်းကဲ့သို့ မပြုလုပ်နိုင်ကြပါမူ အလ္လာဟ်က အသင်တို့အား ခွင့်လွှတ်လိုက်ပြီး ဖြစ်သည်။ အသင်တို့သည် စွလာသ်ဆောက်တည်ကြကုန်။ ဇကာသ်ပေးဆောင်ကြကုန်။ အလ္လာဟ်နှင့် အရှင့်တမန်တော်၏ အမိန့်ကို နာခံကြကုန်။ ထို့ပြင် အလ္လာဟ်သည် အသင်တို့ပြုမူနေကြသည်ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင်ဖြစ်သည်။ **၁၄။** အသင်သည် အလ္လာဟ်အမျက်တော် ကျရောက်သော ယဟူဒီတို့အား မိတ်ဖွဲ့သူများကို မမြင်တွေ့သလော။ သူတို့သည် အသင်တို့အနက်မှ မဟုတ်၊ သူတို့အနက်မှလည်း မဟုတ်၊ ထို့ပြင် သူတို့သည် တမင်သိလျက်နှင့် လိမ်လည်ပြောဆိုမှုအပေါ် ကျိန်ဆိုကြ၏။ **၁၅။** အလ္လာဟ်က သူတို့အဖို့ ပြင်းထန်သည့်ပြစ်ဒဏ်ကို အဆင်သင့် ပြင်ဆင်လိုက်ပြီးဖြစ်သည်။ စင်စစ်တွင် သူတို့ပြုမူသည်များသည် အလွန်ဆိုးရွားလှသည်။ **၁၆။** သူတို့သည် မိမိတို့၏ ကျိန်ဆိုမှုများကို ဒိုင်းအဖြစ် ပြုလုပ်ခဲ့ကြ၏။ တစ်ဖန် အလ္လာဟ်လမ်းမှ ပိတ်ပင်ခဲ့ကြ၏။ သို့ရှိရာ သူတို့အဖို့ သေးသိမ်စေသော ပြစ်ဒဏ်ရှိပေသည်။

၁၇။ သူတို့၏ ဥစ္စာများနှင့် သူတို့၏ သားသမီးများသည် သူတို့ကို အလ္လာဟ်မှ စိုးစဉ်းမျှပင် ကယ်တင်နိုင်လိမ့်မည်မဟုတ်။ သူတို့သည် အပါယ်ငရဲသားများ ဖြစ်ကြပြီး ယင်းထဲတွင် ထာဝရနေထိုင်ကြရမည့်သူများ ဖြစ်သည်။ **၁၈။** သူတို့အားလုံးကို အလ္လာဟ်စုရုံးမည့်နေ့တွင် သူတို့သည် အသင်တို့ရှေ့တွင် ကျိန်ဆိုခဲ့ကြသည့်အတိုင်း အလ္လာဟ်ရှေ့တွင်လည်း ကျိန်ဆိုကြမည်ဖြစ်သည်။ ထို့ပြင် သူတို့

သည် အရာတစ်ခု ခုအပေါ် ရှိနေကြသည်ဟု မှတ်ယူကြပေမည်။ သတိပြုကြပါ၊ သူတို့သည်ပင် လိမ်လည်သူများဖြစ်ကြသည်။ **၁၉။** ရှိုင်သွာန်က သူတို့အပေါ် အောင်နိုင်လွှမ်းမိုးမှုရရှိသွားပြီးနောက် သူတို့အား အလ္လာဟ်ကို သတိရမှုမှ မေ့လျော့စေလိုက်သည်။ ထိုသူများပင် ရှိုင်သွာန်၏ အုပ်စုဖြစ်သည်။ သတိထားကြပါ။ မုချဇကန် ရှိုင်သွာန်၏ အုပ်စုသည်သာ ပျက်စီးမည့်သူများ ဖြစ်သည်။ **၂၀။** အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်အား ဆန့်ကျင်သူများသည်သာ အလွန်သေး သိမ်ယုတ်ညံ့သူများဖြစ်သည်။ **၂၁။** အလ္လာဟ်က ငါအရှင်နှင့် ငါ့တမန်တော်များ သည်သာ မုချအောင်နိုင်တော်မူမည်ဟု ရေးမှတ်လိုက်ပြီ ဖြစ်သည်။ မုချဇကန် အလ္လာဟ်သည် အင်အားကြီးမားတော်မူသော၊ နိုင်နင်းလွှမ်းမိုးတော်မူသောအရှင် ဖြစ်သည်။

၂၂။ အလ္လာဟ်နှင့် နောင်တမလွန်ကို ယုံကြည်သူတို့က အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်ကို ဆန့်ကျင်သူများအား မိတ်ဖွဲ့သည်ကို အသင်တွေ့ရမည် မဟုတ်။ ယင်းတို့သည် သူတို့၏ ဖခင်များပင်ဖြစ်စေ၊ သူတို့၏ သားများပင်ဖြစ်စေ၊ သူတို့ ညီအစ်ကိုများပင်ဖြစ်စေ၊ သူတို့၏ ဆွေမျိုးသားချင်းများပင် ဖြစ်စေ။ ဤသူများသည် သူတို့၏ စိတ်နလုံးများထဲတွင် အလ္လာဟ်က အီမာန်ယုံကြည်မှုကို ရေးမှတ်ထားပြီး ဖြစ်သည်။ ထို့ပြင် သူတို့အား မိမိ၏ ကျေးဇူးတော်မှ အားဖြည့်ပေးခဲ့ပြီး ဖြစ်သည်။ ထို့ပြင် သူတို့အား အောက်ခြေတွင် စမ်းရေချောင်းများ စီးဆင်းလျက်ရှိသည့် ဥယျာဉ်များတွင် ဝင်ရောက်စေတော်မူပေမည်။ သူတို့သည် ယင်းထဲတွင် ထာဝရနေထိုင်ကြရမည်ဖြစ်သည်။ အလ္လာဟ်သည် သူတို့အား ကျေနပ်နှစ်သက်သွားပေပြီ။ သူတို့သည်လည်း အလ္လာဟ်အား ကျေနပ်နှစ်သက်သွားကြပေပြီ။ သူတို့သည်ပင် အလ္လာဟ်၏ အုပ်စုဖြစ်သည်။ သတိပြုကြပါ။ အလ္လာဟ်အုပ်စုသာလျှင် အောင်မြင်မည့်သူများ ဖြစ်ကြသည်။

၅၅။ ဗူရာဟ်ရှ်ရှ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မိုးကောင်းကင်များနှင့် ပထဝီမြေပြင်ရှိ အရာခပ်သိမ်းတို့သည် အလ္လာဟ်အရှင်မြတ် စင်ကြယ်ကြောင်း ရွတ်ဆိုနေကြ၏။ အရှင်မြတ်သည် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်သည်။ **၂။** အရှင်မြတ်သည်ပင် ကျမ်းရသူများအနက် ငြင်းဆန်ခဲ့သူများကို သူတို့၏ နေအိမ်များမှ ပထမဦးဆုံးအကြိမ် စုရုံးကာ နှင်ထုတ်ပစ်ခဲ့သည်။ သူတို့ ထွက်သွားကြလိမ့်မည်ဟု အသင်တို့မထင်ခဲ့ကြပေ။ သူတို့သည်လည်း သူတို့၏ ခံတပ်ကြီးများက သူတို့ကို အလ္လာဟ်မှ ကယ်တင်ပေးလိမ့်မည်ဟု ထင်မှတ်ခဲ့ကြသည်။ ထို့နောက် တွင်မူ အလ္လာဟ်သည် သူတို့ပင် မထင်မှတ်သည့်နေရာမှ သူတို့ထံ ရောက်လာခဲ့သည်။ ထို့ပြင် သူတို့၏ စိတ်နလုံးသားအတွင်းသို့ ထိတ်လန့်မှုကို ထည့်သွင်းလိုက်တော်မူ၏။ သူတို့သည် မိမိတို့၏ နေအိမ်များကို မိမိတို့လက်များနှင့်ရော မုအ်မင်နှ်တို့၏ လက်များနှင့်ပါ ဖြိုဖျက်နေကြတော့သည်။ သို့ရှိရာ အို-ဉာဏ်အမြင်ရှိသူတို့၊ အသင်တို့ သံဝေဂရယူကြပါ။

၃။ ထို့ပြင် အလ္လာဟ်သည် သူတို့အပေါ် ပြည်နှင်ဒဏ်ခတ်ခြင်းကို ရေးမှတ်တော်မူခဲ့ခြင်းသာ မရှိလျှင် အရှင်မြတ်က သူတို့အား လောကဘဝပင် ပြစ်ဒဏ်ခတ်မည် အမှန်ပင်။ ထို့ပြင် နောင်တမလွန်၌ သူတို့အဖို့ ငရဲမီး၏ ပြစ်ဒဏ်လည်း ရှိမည်ဖြစ်သည်။ **၄။** ထိုသို့ဖြစ်ရခြင်းမှာ သူတို့သည် အလ္လာဟ်နှင့် အရှင့်တမန်တော်ကို ဆန့်ကျင်ခဲ့ကြသည့်အတွက် ဖြစ်၏။ အကြင်မည်သူမဆို အလ္လာဟ်အား ဆန့်ကျင်ပါလျှင် အလ္လာဟ်သည် ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူသောအရှင်ဖြစ်သည်။ **၅။** စွန်ပလွံပင်များကို အသင်တို့ ခုတ်ဖြတ်ကြသည်ဖြစ်စေ၊ သူတို့၏ အမြစ်များအပေါ် မတ်တတ်လွှတ်ထားကြသည်ဖြစ်စေ ဤသည် အလ္လာဟ်အမိန့်တော်နှင့်သာ ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် အမိန့်ဖီဆန်သူတို့အား သိက္ခာချစေရန်ပင်

ဖြစ်သည်။

၆။ အလ္လာဟ်က သူတို့ထံမှ မိမိ၏ တမန်တော်ထံသို့ အရာဝတ္ထု အချို့အား ပြန်လည်ပို့ဆောင်ပေးခဲ့သည်ဖြစ်ရာ အသင်တို့သည် ထိုအပေါ် မြင်းများ၊ ကုလားအုတ်များ မောင်းနှင်ခြင်း မရှိခဲ့ကြပေ။ သို့သော်လည်း အလ္လာဟ်က မိမိ၏ တမန်တော်များကို မိမိအလိုတော်ရှိသူတို့အပေါ် လွှမ်းမိုးအောင်နိုင်စေတော်မူလေသည်။ အလ္လာဟ်သည် အရာခပ်သိမ်းအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်သည်။ **၇။** အလ္လာဟ်က မိမိတမန်တော်အား မြို့ရွာများတွင် နေထိုင်ကြသူတို့ထံ (ဥစ္စာပစ္စည်းများကို) ပြန်လည်ပေးပို့ခဲ့သည်ရှိသော် ယင်းသည် အလ္လာဟ်အတွက်၊ တမန်တော်အတွက်၊ ဆွေမျိုးသားချင်းများအတွက်၊ ဘမဲ့ကလေးများအတွက်၊ ဆင်းရဲသားများနှင့် ခရီးသည်များအတွက်သာ ဖြစ်၏။ သို့မှသာ ယင်းအရာများသည် အသင်တို့အနက် ကြွယ်ဝချမ်းသာသူများအကြားတွင်သာ လည်ပတ်လျက် ရှိမနေစေရန် ဖြစ်သည်။ ထို့ပြင် အသင်တို့အား တမန်တော်က ပေးကမ်းသည်ကို ယူထားကြပါ။ ထို့ပြင် အသင်တို့အား တားမြစ်သည်မှ ရှောင်ကြဉ်ကြပါ။ ထို့ပြင် အလ္လာဟ်အား ကြောက်ရွံ့ကြပါ။ မုချဇကန် အလ္လာဟ်သည် ပြင်းထန်စွာ ပြစ်ဒဏ် ခတ်တော်မူသော အရှင်ဖြစ်သည်။ **၈။** ထိုဥစ္စာပစ္စည်းများထဲမှ အချို့သည် မိမိတို့၏ နေအိမ်များနှင့် ဥစ္စာပစ္စည်းများမှ မောင်းနှင်ထုတ်ခံရသော မုဟာဂိရ်ပြောင်းရွှေ့သူဆင်းရဲသားများအတွက်လည်း ဖြစ်သည်။ သူတို့သည် အလ္လာဟ်၏ ကျေးဇူးတရားနှင့် နှစ်မြို့မှုကို လိုလားနေကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်နှင့် အလ္လာဟ်ရစူလ်ကို ကူညီကြသည်။ သူတို့သည်ပင် အောင်မြင်သူများ ဖြစ်ကြသည်။

၉။ ထို့ပြင် အကြင်သူတို့သည် သူတို့အလျင်ကတည်းက မဒီနဟ်မြို့၌ အတည်တကျ နေထိုင်ခဲ့ကြပြီး အီမာန်ယုံကြည်မှု၌ ခိုင်မာခဲ့ကြ၏။ သူတို့သည် မိမိတို့ထံ ပြောင်းရွှေ့လာသူများအား ချစ်ခင်မြတ်နိုးကြသည်။ ထို့ပြင် ပြောင်းရွှေ့လာသူမုဟာဂိရ်များကို တစ်စုံတစ်ခုအပေးခံရခြင်းကြောင့် သူတို့၏ စိတ်များထဲတွင် ကျဉ်းကျပ်မှုမဖြစ်ပေါ်ပေ။ သူတို့သည် မိမိတို့ကိုယ်တိုင် ကျပ်တည်းမှုဖြင့် ကြုံနေရလင့်ကစား အခြားသူများကို ကိုယ့်ကိုယ်ကိုယ်ထက် ဦးစားပေးကြ၏။ ထို့ပြင်

အကြင်မည်သူမဆို မိမိစိတ်၏ လောဘဖောမှ ကယ်တင်ခြင်းခံရလျှင် ထိုသူတို့သည်ပင် အောင်မြင်မည့်သူများ ဖြစ်ကြပေသည်။ **၁၀။** ထို့ပြင် သူတို့၏ နောက်တွင် ရောက်လာကြသူများက ပြောကြသည်။ အို-ကျွန်တော်မျိုးတို့၏ အရှင်၊ ကျွန်တော်မျိုးတို့ကို၊ ကျွန်တော်မျိုးတို့ထက်အလျင် အီမာန်ယုံကြည်ခဲ့သော ညီနောင်များကို ချမ်းသာခွင့်လွှတ်ပေးတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့၏ စိတ်နှလုံးများတွင် အီမာန်ယုံကြည်သူတို့အတွက် မည်သည့်အကောက်အတေးမျှ မရှိပါစေနှင့်။ အို-ကျွန်တော်မျိုးတို့၏ အရှင်၊ အရှင်မြတ်သည် အလွန်ချစ်ခင်ယုယတော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၁၁။ ငြင်းပယ်သောမွတ်စ်လင်မ်အယောင်ဆောင်များကို အသင်မတွေ့မြင်ခဲ့ပါသလော။ သူတို့သည် ကျမ်းရသူများထဲမှ ငြင်းပယ်ခဲ့ကြသော မိမိတို့၏ညီနောင်များကို ဤသို့ ပြောကြလေသည်။ အကယ်၍ အသင်တို့ နှင်ထုတ်ခြင်းခံကြရလျှင် ကျွန်ုပ်တို့လည်း အသင်တို့နှင့်အတူ မုချ ထွက်ကြပေမည်။ အသင်တို့နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်၏စကားကိုမျှ ဘယ်တော့မှ ကျွန်ုပ်တို့ နာခံကြမည်မဟုတ်။ အသင်တို့ကို တိုက်ခိုက်လာလျှင် ကျွန်ုပ်တို့သည် မုချ အသင်တို့ကို ကူညီကြမည်။ သူတို့သည် လူလိမ်များဖြစ်ကြကြောင်း အလျှာဟ် သက်သေခံတော်မူပေသည်။ **၁၂။** အကယ်၍ ထိုကျမ်းရသူများ နှင်ထုတ်ခံကြရလျှင် သူတို့သည် ၎င်းတို့နှင့်အတူ လိုက်ထွက်ကြမည်မဟုတ်။ အကယ်၍ အတိုက်ခိုက်ခံရလျှင်လည်း ၎င်းတို့ကို ကူညီကြလိမ့်မည်မဟုတ်။ ၎င်းတို့အား ကူညီခဲ့ကြလျှင်လည်း သူတို့သည် မုချ ကျောခိုင်းထွက်ပြေးကြမည်သာဖြစ်သည်။ ထို့နောက်တွင် သူတို့သည် အကူအညီရကြတော့မည် မဟုတ်ပေ။

၁၃။ ဇကန်မုချ သူတို့၏ စိတ်နှလုံးများတွင် အသင်တို့၏ ကြောက်စိတ်သည် အလွန်ဟ်ကြောက်စိတ်ထက်ပင် ပို၍ များနေပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ သူတို့သည် မစဉ်းစားမဆင်ခြင်၊ မသိနားမလည်ကြသောကြောင့် ဖြစ်ပေသည်။ **၁၄။** သူတို့သည် အားလုံးပေါင်း၍ အသင်တို့ကို တိုက်ခိုက်ကြလိမ့်မည်မဟုတ်။ သို့ရာတွင် လုံခြုံသော မြို့ရွာများထဲမှနေ၍၊ သို့မဟုတ် တံတိုင်းများ၏အကွယ်မှသာ တိုက်ခိုက်ကြပေမည်။ သူတို့ အချင်းချင်းကြားရှိ တိုက်ပွဲသည် ပြင်းထန်သည်။

သူတို့သည် တစ်စုတစ်စည်းတည်း ညီညွတ်လျက်ရှိကြသည်ဟု အသင် ထင်မှတ်နေသည်။ သို့သော် သူတို့၏ စိတ်နှလုံးများသည် တကွဲတပြားစီ ဖြစ်နေကြပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ သူတို့သည် အသိဉာဏ်မရှိကြသောကြောင့် ဖြစ်ပေသည်။

၁၅။ သူတို့၏ဥပမာသည် သူတို့ထက် သိပ်မကြာသေးမီအလျင်က မိမိတို့၏ လုပ်ရပ်များ၏ပြစ်ဒဏ်ကို မြည်းစမ်းသွားခဲ့ကြသောသူတို့နှင့် တူဆင်ပေသည်။ ထို့ပြင် သူတို့အဖို့ နာကျင်စေသောပြစ်ဒဏ် ရှိပေသည်။ **၁၆။** သူတို့၏ပမာသည် ရှိုင်သွာန်နှင့်လည်း တူပေသည်။ တစ်ခါတွင် ထိုရှိုင်သွာန်သည် လူသားအား သင်သည် ငြင်းပယ်လိုက်ပါဟု ပြောဆိုခဲ့သည်။ ထို့နောက် လူသားသည် ငြင်းပယ်လိုက်သောအခါ ရှိုင်သွာန်က "ကျွန်ုပ်သည် အသင်နှင့် ဘာမျှ မပတ်သက်။ ဇကန်စင်စစ် ကျွန်ုပ်သည် လောကခပ်သိမ်း၏အရှင် အလ္လာဟ်ကို ကြောက်ရွံ့ပါသည်"ဟု ပြောဆိုလေသည်။ **၁၇။** သို့ဖြစ်ရာ သူတို့နှစ်ဦးစလုံး၏ နောက်ဆုံးရလဒ်မှာ နှစ်ဦးစလုံး ဂျဟန္နမ်ငရဲထဲသို့ ကျရောက်သွားခြင်းပင် ဖြစ်ပေသည်။ သူတို့သည် ထိုထဲတွင် ထာဝရနေကြရမည်။ ဤသည် မတရားမှုကျူးလွန်ကြသူတို့၏ အစားပင် ဖြစ်ပေတော့သည်။

၁၈။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်ကို ကြောက်ရွံ့ကြလေကုန်။ မိမိ၏ မနက်ဖြန်အတွက် ဘာကြိုတင်ပို့ဆောင်ထားပြီးပြီးလဲဆိုသည်ကို လူတိုင်း ကြည့်ရမည်။ အလ္လာဟ်ကို ကြောက်ရွံ့ကြလေကုန်။ ဇကန်စင်စစ် အလ္လာဟ်သည်အသင်တို့ပြုမူနေသည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်ပေသည်။ **၁၉။** အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြလေနှင့်။ ၎င်းတို့သည် အလ္လာဟ်ကို မေ့ပစ်လိုက်ကြသောကြောင့် သူတို့ကိုယ်ကိုလည်း သူတို့မေ့သွားအောင် အလ္လာဟ်က လုပ်တော်မူလိုက်သည်။ သူတို့သည် အမိန့်ဖီဆန်သူများပင်ဖြစ်ကြပေသည်။ **၂၀။** ဂျဟန္နမ်ငရဲဘုံသားများနှင့် ဂျန္နသ်သုခဘုံသားများသည် မတူညီနိုင်ပေ။ ဂျန္နသ်သုခဘုံသားတို့သည်သာလျှင် အမှန်တကယ် အောင်မြင်သူများ ဖြစ်ကြပေသည်။

၂၁။ အကယ်၍ ငါအရှင်သည် ဤကုရ်အာန်ကျမ်းမြတ်ကို တောင်ပေါ် သို့ ချပေးတော်မူခဲ့ပါလျှင် ထိုတောင်သည် အလ္လာဟ်ကို ကြောက်ရွံ့သောကြောင့် နိမ့်ကျလျက်၊ အစိတ်စိတ်အမွှာအမွှာဖြစ်သွားသည်ကို အသင် မုချတွေ့ရမည်သာ။

လူတို့ စဉ်းစားဆင်ခြင်နိုင်ကြရန်အတွက် ငါအရှင်သည် ဤဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းပြတော်မူပေသည်။ **၂၂။** ထိုအရှင်သည် သူမှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် အလျှင်းမရှိသော အလွှာဟ်ပင် ဖြစ်တော်မူသည်။ (တစ်နည်း -အလွှာဟ်သာလျှင် တစ်ပါးတည်းခဝပ်ကိုးကွယ်ထိုက်သော အရှင်ဖြစ်သည်။) အရှင်မြတ်သည် အကွယ်ကိုရော၊ မျက်မှောက်ကိုပါ သိတော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်သည် မဟာကရုဏာတော်ရှင်၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။ **၂၃။** အလွှာဟ်သာလျှင် တစ်ပါးတည်းခဝပ်ကိုးကွယ်ထိုက်သော အရှင်ဖြစ်သည်။ စိုးမိုးအုပ်ချုပ်တော်မူသောအရှင်၊ ချို့တဲ့မှုအပေါင်းမှ သန့်ပြန့်စင်ကြယ်တော်မူသောအရှင်၊ ငြိမ်းချမ်းမှုနှင့် ပြည့်စုံတော်မူသောအရှင်၊ တည်ငြိမ်အေးချမ်းမှု ပေးသနားတော်မူသောအရှင်၊ ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်၊ နှိပ်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ဩဇာကြီးမားတော်မူသောအရှင်၊ ကြီးကျယ်တော်မူသောအရှင် ဖြစ်တော်မူသည်။ အလွှာဟ်သည် လူတို့ ပြုလုပ်လျက်ရှိကြသည့် တွဲဖက်ကိုးကွယ်မှုများမှ ကင်းစင်တော်မူပေသည်။ **၂၄။** ထိုအရှင်သည် အလွှာဟ်ပင် ဖြစ်တော်မူသည်။ ဖန်ဆင်းတော်မူသောအရှင်၊ မရှိရာမှ ရှိအောင်ဖန်ဆင်းတော်မူသောအရှင်၊ ပုံသဏ္ဌာန်ပြုလုပ်တော်မူသောအရှင် ဖြစ်တော်မူသည်။ ကောင်းမြတ်လှသော နာမတော်များသည် ထိုအရှင့်အဖို့သာ ဖြစ်ပေသည်။ မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှအရာခပ်သိမ်းသည် ထိုအရှင်မြတ် သန့်ပြန့်စင်ကြယ်ကြောင်း ဘာဝနာစီးဖြန်းလျက် ရှိကြပေသည်။ ထိုအရှင်သည် လွှမ်းမိုးတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။

၆၀။ စူရဟ် မွမ်သဟိနဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနားတော်မူသော အလွှာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ သင်တို့သည် ငါ၏ရန်သူနှင့် သင်တို့၏ ရန်သူကို ချစ်ခင်ရင်းနှီးရသော အဆွေခင်ပွန်းများ မပြုလုပ်ကြလေနှင့်။ သူတို့သည် သင်တို့ထံသို့ ရောက်လာခဲ့သော အမှန်တရားကို ငြင်းဆန်ခဲ့ကြသည်။

သင်တို့သည် သင်တို့၏အရှင်ကို ယုံကြည်ခဲ့ကြသည့်အတွက်ကြောင့် ရဂူလ်တမန်တော်ကိုရော၊ အသင်တို့ကိုပါ သူတို့ နှင်ထုတ်ကြလေသည်။ အကယ်၍ သင်တို့သည် ငါအရှင်၏လမ်းတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ရန်နှင့် ငါအရှင်၏ ကျေနပ်နှစ်သက်မှုကို ရှာဖွေရန်အတွက် ထွက်ခဲ့ကြသည်ဆိုလျှင် (ထိုသို့မိတ်မဖွဲ့ကြနှင့်)။ အသင်တို့သည် သူတို့ထံသို့ ချစ်ခင်ရင်းနှီးမှုသဝဏ်လွှာ ပို့ဆောင်ကြသည်။ ငါအရှင် သည်အသင်တို့လျို့ဝှက်ကြသည်များကိုရော၊အသင်တို့ထင်ရှားစွာပြုလုပ်ကြသည်များကိုပါ ကောင်းစွာ သိတော်မူသည်။ သင်တို့အနက် ထိုသို့ပြုလုပ်သူ မည်သူမဆို ဖြောင့် မတ်သောလမ်းမှ တိမ်းပါးလွဲချော်သွားခဲ့လေပြီ။ ၂။ အကယ်၍ သူတို့သည် အသင် တို့အပေါ် အရေးသာသွားကြလျှင် အသင်တို့၏ ရန်သူများဖြစ်သွားကြမည့် အပြင် သူတို့၏လက်များနှင့် နှုတ်လျှာများဖြင့် သင်တို့ကို ဒုက္ခပေးကြမည်သာ ဖြစ်သည်။ ထို့ပြင် အသင်တို့သည်လည်း ငြင်းပယ်သူများ ဖြစ်သွားကြရေးကိုသာ သူတို့ လိုလားနစ် သက်ကြမည်သာဖြစ်သည်။ ၃။ ကိယာမသ်နေ့တွင် သင်တို့၏ ဆွေမျိုးသားချင်းများရော၊ သင်တို့၏ သားသမီးများပါ သင်တို့ကို အကျိုးပေးလိမ့်မည်မဟုတ်။ အရှင်မြတ်သည် သင်တို့အကြားတွင် စီရင်ဆုံးဖြတ်ပေးတော်မူမည်။ အလ္လာဟ်သည် အသင်တို့ ပြုလုပ်နေသည်များကို အကြင်းမဲ့မြင်နေတော်မူသော အရှင် ဖြစ်သည်။

၄။ အိဗ်ရာဟီမ်နှင့် သူ၏အပေါင်းအပါတို့တွင် သင်တို့အဖို့ ကောင်းမြတ်သောစံနမူနာ မုချ ရှိပေသည်။ တစ်ခါတွင် သူသည် မိမိ၏အမျိုးသားများအား ဤသို့ ပြောခဲ့လေသည်။ ဇကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့်ရော၊ အလ္လာဟ်ကို စွန့်၍ အသင်တို့ ကိုးကွယ်နေကြသည့်အရာနှင့်ပါ မည်သို့မျှ မသက်ဆိုင်ကြတော့ပေ။ ကျွန်ုပ်တို့သည် အသင်တို့ကို ငြင်းပယ်လိုက်ကြပေပြီ။ အသင်တို့သည် အလ္လာဟ်တစ်ပါးတည်းကို ယုံကြည်မှုမပြုကြသမျှကာလပတ်လုံး အသင်တို့နှင့် ကျွန်ုပ်တို့၏အကြားတွင် ရန်ငြိုးနှင့် မုန်းတီးမှုသည် ထင်ရှားသွားခဲ့ပေပြီ။ သို့သော် (အိဗ်ရာဟီးမ်လုပ်ခဲ့သလို လိုက်မလုပ်ရမည့်အချက်မှာ) အိဗ်ရာဟီးမ်သည် မိမိ၏ ဖခင်အား ဤသို့ပြောကြားခဲ့သည်။ ကျွန်ုပ်သည် အသင့်အတွက် လွတ်ငြိမ်းချမ်းသာခွင့် မုချတောင်းခံပေးမည်။ အလ္လာဟ်ရှေ့တော်မှောက်တွင် အသင့်အတွက် ကျွန်ုပ်သည် မည်သည့်အခွင့်အာဏာ တစ်စုံတစ်ရာကိုမျှ မပိုင်ဆိုင်ပါ။ အို-ကျွန်တော်မျိုး

တို့၏အရှင်၊ အရှင့်အပေါ်တွင်သာ ကျွန်တော်မျိုးတို့ ယုံပုံအာထားကြပါပြီ။ အရှင့်ထံသို့သာ ကျွန်တော်မျိုးတို့ ပြန်လှည့်ကြပါပြီ။ ထို့ပြင် အရှင့်ထံသို့သာ ပြန်လည်ရောက်ရှိကြရမည် ဖြစ်ပါသည်။ **၅။** အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့အား ငြင်းပယ်သူတို့၏ ညှဉ်းပန်း နှိပ်စက်ခံများအဖြစ် ပြုလုပ်တော်မမူပါနှင့်။ ထို့ပြင် အို-ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ ဇကနစ်စစ် အရှင်မြတ်သည် နိုင်နင်းလွန်မိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်ပေသည်။ **၆။** အသင်တို့အဖို့ (ဝါ) အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို မျှော်လင့်သူတို့အဖို့ ထိုပုဂ္ဂိုလ်မွန်များတွင် ကောင်းမြတ်သောစံနမူနာ ရှိပေသည်။ မည်သူမဆို မျက်နှာလွှဲသွားခဲ့လျှင် (သူ့ဆိုးပြစ်ကို သူသာခံရမည်။) ဇကနစ်စစ် အလ္လာဟ်သည် လိုလားတောင့်တမှုအပေါင်းမှ ကင်းတော်မူသော၊ ချီးမွမ်းခြင်းအပေါင်းကို ခံထိုက်တော်မူသော အရှင်ဖြစ်ပေသည်။ **၇။** အလ္လာဟ်သည် အသင်တို့နှင့် အသင်တို့၏ ရန်ဖက်များအကြားတွင် ချစ်ခင်ရင်နှီးမှုကို ဖန်တီးပေးကောင်းပေးပါလိမ့်မည်။ အလ္လာဟ်သည် အရာရာကို တတ်စွမ်းနိုင်တော်မူသည်။ အလ္လာဟ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၈။ သာသနာရေးနှင့်စပ်လျဉ်း၍ သင်တို့ကို စစ်လည်းမတိုက်၊ အသင်တို့အား သင်တို့၏ အိမ်များမှ နှင်ထုတ်ခြင်းလည်း မပြုကြသောသူများအား ကျေးဇူးပြုခြင်းနှင့် တရားမျှတစွာ ဆက်ဆံခြင်းတို့ မပြုရဟု အလ္လာဟ်က သင်တို့ကို မတားမြစ်ပေ။ ဇကနစ်စစ် အလ္လာဟ်သည် တရားမျှတသောသူတို့ကို ချစ်ခင်နှစ်သက်တော်မူပေသည်။ **၉။** သာသနာရေးနှင့်စပ်လျဉ်း၍ အသင်တို့ကို တိုက်ခိုက်ကြသော၊ သင်တို့၏အိမ်များမှ အသင်တို့ကို နှင်ထုတ်ကြသော၊ အသင်တို့ကို နှင်ထုတ်ရာတွင် အခြားသူများကို ကူညီကြသော သူတို့ကို မိတ်ဆွေဖွဲ့ခြင်းမပြုရန်သာလျှင် အလ္လာဟ်က သင်တို့ကို တားမြစ်ထားတော်မူပေသည်။ မည်သူမဆို သူတို့အား မိတ်ဆွေဖွဲ့ခဲ့ပါက ထိုသူတို့သာလျှင် မတရားမှုကျူးလွန်ကြသူများ ဖြစ်ကြပေသည်။

၁၀။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ မွတ်စ်လင်မ်အမျိုးသမီးများသည် နေရပ်စွန့်ခွာ၍ အသင်တို့ထံသို့ ရောက်လာခဲ့ကြသောအခါ သူတို့အား စမ်းသပ်စစ်ဆေးကြလေကုန်။ အလ္လာဟ်သည် သူတို့၏ယုံကြည်မှုကို ကောင်းစွာ

သိတော်မူပေသည်။ အကယ်၍ သူတို့သည် ယုံကြည်ကြသောအမျိုးသမီးများဖြစ်ကြောင်း အသင်တို့ သိရှိခဲ့ကြလျှင် ငြင်းပယ်သူ(လင်ယောကျ်ား)များထံသို့ သူတို့ကို ပြန်မပို့ ကြလေနှင့်။ ထိုအမျိုးသမီးများသည် သူတို့အဖို့ တရားမဝင်ကြတော့သလို သူတို့သည်လည်း ထိုအမျိုးသမီးများအဖို့ တရားမဝင်ကြတော့ပေ။ အသင်တို့သည် ထိုငြင်းပယ်သောလင်ယောကျ်ားများအား သူတို့ သုံးစွဲခဲ့ကြသည်များကို ပြန်ပေးလိုက်ကြကုန်။ အကယ်၍ အသင်တို့သည် ထိုအမျိုးသမီးများအား သူတို့၏မဟာရ်ထိမ်းမြားကြေးများကို ပေးဆပ်ကြပါလျှင် သူတို့နှင့် ထိမ်းမြားခြင်းတွင် အသင်တို့ အပေါ် ဘာအပြစ်မျှမရှိပေ။ ထို့ပြင် အသင်တို့သည် ငြင်းပယ်ကြသော အမျိုးသမီးများကို မိမိတို့၏ထိမ်းမြားမှုတွင် ဆက်မထားကြလေနှင့်။ အသင်တို့သည်လည်း မိမိတို့သုံးစွဲခဲ့ကြသည်များကို သူတို့ထံမှ ပြန်လည်တောင်းယူကြလေကုန်။ သူတို့ကလည်း မိမိတို့ သုံးစွဲခဲ့ကြသည်များကို အသင်တို့ထံမှ ပြန်လည်တောင်းယူရမည်။ ဤသည် အလ္လာဟ်အမိန့်တော် ဖြစ်သည်။ အရှင်မြတ်သည် အသင်တို့ကြားတွင် စီရင်ဆုံးဖြတ်တော်မူသည်။ အလ္လာဟ်သည် အကြွင်းမဲ့သိတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်ပေသည်။ **၁၁။** ထို့ပြင် အကယ်၍ သင်တို့၏ ဇနီးမိန်းမများအနက် တစ်စုံတစ်ယောက်သည် ငြင်းပယ်သူတို့ထံသို့ ထွက်ခွာသွားခဲ့ပြီးနောက်တွင် အသင်တို့သည် (ထိုငြင်းပယ်သူများအား)တုံ့ပြန်၍ တိုက်ခိုက်နိုင်ခဲ့ကြလျှင် ဇနီးမိန်းမများ ထွက်သွားခဲ့ကြသော မွတ်စ်လင်မ်တို့အား သူတို့ သုံးစွဲခဲ့ကြသည့်စရိတ်ကို ပြန်လည်ပေးဆပ်ကြလေကုန်။ ထို့ပြင် အသင်တို့ ယုံကြည်ကြသော အလ္လာဟ်ကို ကြောက်ရွံ့ကြလေကုန်။

၁၂။ အို-နဗီတမန်တော်၊ ယုံကြည်သောအမျိုးသမီးများသည် အသင့်ထံသို့ လာ၍ မိမိတို့သည် အလ္လာဟ်နှင့်အတူ အခြားမည်သည့်အရာကိုမျှ တွဲဖက်ကိုးကွယ်ခြင်းပြုကြမည်မဟုတ်၊ ခိုးဝှက်မှုကို ကျူးလွန်ကြမည်မဟုတ်၊ ကာမသုခမိစ္ဆာစာရကံကို ကျူးလွန်ကြမည်မဟုတ်၊ မိမိတို့၏ သားသမီးများကို သတ်ဖြတ်ခြင်းပြုကြမည်မဟုတ်၊ မိမိတို့၏လက်များနှင့် ခြေများကြားတွင် တစ်စုံတစ်ရာကို လီဆယ်ဖန်တီးကြမည်မဟုတ်၊ ကောင်းမှုကိစ္စတစ်ခုခုတွင် အသင်၏အမိန့်ကို ဇီဆန်ကြမည်မဟုတ် (စသည့်စည်းကမ်းချက်များအပေါ်) ကတိသစ္စာပြုကြလျှင် အသင်သည် သူတို့ထံမှ ကတိသစ္စာယူပါ။ ထို့ပြင် သူတို့အဖို့ အလ္လာဟ်ထံမှ

လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးပါ။ ဇကန်စင်စစ် အလွှာဟ်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ သနားကြင်နာတော်မူသော အရှင်ဖြစ်သည်။

၁၃။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလွှာဟ်၏အမျက်တော်ကျရောက်ခဲ့ သောလူတို့ကို အဆွေခင်ပွန်း မဖွဲ့ကြလေနှင့်။ ဇကန်စင်စစ် သူတို့သည် သချိုင်းများအတွင်းရှိငြင်းပယ်သူတို့ မျော်လင့်ချက်ကင်းမဲ့သွားကြသလိုပင် နောင်တမလွန်မှ မျှော်လင့်ချက် ကင်းမဲ့သွားကြလေပြီ။

၆၁။ စူရတ်စွာဖ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနားတော်မူသော အလွှာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မိုးကောင်းကင်များတွင် ရှိသောအရာများနှင့် မြေပထဝီတွင် ရှိသောအရာတို့သည် အလွှာဟ်သန့်ပြန့်စင်ကြယ်တော်မူကြောင်း ဘာဝနာစီးဖြန်းလျက် ရှိကြပေသည်။ ထိုအရှင်သည် အလွန် နိုင်နင်းလွန်မင်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။ **၂။** အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ကိုယ်တိုင် မလုပ်ကြသောကိစ္စကို အဘယ်အတွက်ကြောင့် ပြောဆိုနေကြပါသနည်း။ **၃။** အသင်တို့ကိုယ်တိုင် မလုပ်သောကိစ္စကို ပြောဆိုခြင်းသည် အလွှာဟ်ထံတွင် အလွန် မုန်းတီးစက်ဆုပ်စရာ ဖြစ်လေသည်။ **၄။** ဇကန်စင်စစ် ခဲရည်လောင်းထားသော အဆောက်အအုံပမာ စုပေါင်းညီညာစွာ စီတန်းလျက် မိမိ၏လမ်းတော်၌ တိုက်ခိုက်ကြသောသူများကို အလွှာဟ်သည် ချစ်ခင်နှစ်သက်တော်မူပေသည်။

၅။ တစ်ခါတွင် မူစာသည် မိမိ၏အမျိုးသားများအား ပြောဆိုခဲ့သည်။ အို-ငါ၏အမျိုးသားတို့၊ ငါသည် အသင်တို့ထံသို့ စေလွှတ်ခြင်းခံရသော အလွှာဟ်တမန်တော်ဖြစ်ကြောင်း အသင်တို့တစ်တွေ သိရှိပြီးဖြစ်ကြပါလျက် ဘာကြောင့် ငါ့အား ဒုက္ခပေးကြသနည်း။ ထို့နောက် သူတို့က လွဲချော်တိမ်းပါးသွားခဲ့ကြသောအခါ အလွှာဟ်ကလည်း သူတို့၏စိတ်နလုံးများကို လွဲချော်တိမ်းပါးစေတော်မူ လိုက်လေသည်။ အလွှာဟ်သည် အမိန့်ဖီဆန်သောသူများကို လမ်းမှန်ပြသတော် မမူပေ။

၆။ တစ်ခါတွင် မရိယမ်၏သား အီစာက ပြောခဲ့သည်။ အို-အစ္စရာအီလ် မျိုးနွယ်ဝင်တို့၊ ငါသည် ငါ၏အလျင်ကျရောက်ခဲ့သော သောင်ရာသ်ကျမ်းကို ဟုတ်မှန်ကြောင်း ထောက်ခံအတည်ပြုသူအဖြစ်၊ ငှဲနောက်တွင် ပွင့်ပေါ်မည့် အဟ်မဒ် အမည်ရှိ ရစူလ်တမန်တော်တစ်ပါးနှင့်ပတ်၍ သတင်းကောင်းပေးသူအဖြစ်၊ အသင်တို့ထံ စေလွှတ်ခြင်းခံရသော အလ္လာဟ်တမန်တော် ဖြစ်သည်။ ထို့နောက် အီစာသည် သူတို့ထံသို့ သက်သေလက္ခဏာတော်များကို ယူဆောင်လာသောအခါ သူတို့က ဤသည် ထင်ရှားသော မှော်အတတ်ပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။ **၇။** မိမိသည် အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်ခြင်းခံနေရသည်ဖြစ်ပါလျက် အလ္လာဟ်အပေါ် မုသားကို လိမ်လည်လှုပ်ကြံပြောဆိုသောသူထက် ပို၍ မတရားသူမည်သူရှိပါဦးမည်နည်း။ အလ္လာဟ်သည် မတရားမှုကျူးလွန်ကြသောသူများကို လမ်းမှန်ညွှန်ပြတော်မမူပေ။ **၈။** သူတို့သည် မိမိတို့၏ပါးစပ်များဖြင့် အလ္လာဟ်၏ရောင်ခြည်တော်ကို ငြိမ်းသတ်ချင်ကြသည်။ ငြင်းပယ်ကြသူတို့ ဘယ်လောက်ပင် မနှစ်မြို့ကြသည်ဖြစ်ပါစေ အလ္လာဟ်သည် မိမိ၏ရောင်ခြည်တော်ကို ပြည့်ဝအောင် လုပ်တော်မူမည့်အရှင် ဖြစ်ပေသည်။ **၉။** ထိုအရှင်မြတ်သည်ပင် မိမိ၏ရစူလ်တမန်တော်အား တရားလမ်းညွှန်၊ မှန်ကန်သောသာသနာနှင့်တကွ စေလွှတ်တော်မူခဲ့သည်။ အကြောင်းမှာ တွဲဖက်ကိုးကွယ်မှုပြုကြသူများ အဘယ်မျှပင် မနှစ်မြို့ကြသည်ဖြစ်ပါစေ ထိုသာသနာကို သာသနာအားလုံးအပေါ် လွှမ်းမိုးစေတော်မူရန် အတွက် ဖြစ်လေသည်။

၁၀။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ နာကျင်စေသော ပြစ်ဒဏ်မှ လွတ်မြောက်စေမည့် ကူးသန်းရောင်းဝယ်ဖောက်ကားမှုတစ်ခုကို ငါအရှင်သည် အသင် တို့အား ညွှန်ပြတော်မူရမည်လော။ **၁၁။** (ယင်းအရောင်းအဝယ်မှာ) အသင်တို့သည် အလ္လာဟ်နှင့်အလ္လာဟ်ရစူလ်တမန်တော်ကို ယုံကြည်ကြကုန်။ အလ္လာဟ်လမ်းတော်တွင် သင်တို့၏ ဥစ္စာပစ္စည်းများနှင့် သင်တို့၏ အသက်များကို ရင်း၍ ဂျိဟာဒ်လုပ်ကြကုန်။ အကယ်၍ အသင်တို့ သိကြမည်ဆိုလျှင် ဤသည် အသင်တို့အဖို့ အကောင်း ဆုံးပင်ဖြစ်ပေသည်။ **၁၂။** သို့ဖြစ်လျှင် အလ္လာဟ်သည် သင်တို့၏ အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူမည်။ သင်တို့အား အောက်ခြေတွင်စမ်းရေချောင်းများစီးတွေနေသောဥယျာဉ်များနှင့် ထာဝရဥယျာဉ်များအတွင်းရှိ

ကောင်းမွန် သောနေအိမ်များအတွင်းသို့ ဝင်ရောက်စေတော်မူမည်။ ဤသည်ပင် ကြီးကျယ်လှ စွာသော အောင်မြင်မှုပင် ဖြစ်ပေသည်။ **၁၃။** အသင်တို့ နှစ်သက် လိုလားနေကြသည့် နောက်ထပ်တစ်ခုလည်း ရှိပေသေးသည်။ အလ္လာဟ် အကူ အညီနှင့်၊ နီးကပ်လျက်ရှိ သောအောင်မြင်မှုပင် ဖြစ်သည်။ ယုံကြည်သူတို့ကို သတင်းကောင်းပါးလိုက်ပါ။

၁၄။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ သင်တို့သည် အလ္လာဟ်ကို ကူညီရှိုင်းပင်သူများ ဖြစ်ကြကုန်။ မရိယမ်၏သား အီစာက ဟဝါရီများအား မည်သူ သည် အလ္လာဟ်အတွက် ငါ့အား ကူညီမည်နည်းဟု ပြောဆိုသကဲ့သို့ပင်။ ထိုအခါ ဟဝါရီများက ကျွန်ုပ်တို့သည် အလ္လာဟ်ကို ကူညီကြပါမည်ဟု ပြောဆိုခဲ့ကြလေ သည်။ ထို့နောက် အစ္စရာအီလ်မျိုးနွယ်ဝင်များအနက်မှ လူတစ်စုသည် ယုံကြည်ခဲ့ ကြပြီး လူတစ်စုကမူ ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်သည် ယုံကြည်ကြ သူတို့အား သူတို့၏ရန်သူများအပေါ်၌ ကူညီစောင်မတော်မူခဲ့ရာ သူတို့သည် အောင်နိုင်သူများ ဖြစ်သွားခဲ့ကြလေသည်။

၆၂။ စူရဟ် ဂျုမုအဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ စိုးမိုးအုပ်ချုပ်တော်မူသော၊ သန့်ပြန်စင်ကြယ်တော်မူသော၊ နိုင်နင်း လွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်သည် သန့် ပြန့်စင်ကြယ်တော်မူကြောင်း မိုးကောင်းကင်များတွင်ရှိသော အရာတို့နှင့် မြေပထဝီ တွင်ရှိသော အရာတို့က ဘာဝနာစီးဖြန်းလျက် ရှိကြပေသည်။ **၂**။ ထိုအရှင်မြတ်သည် ပင် စာပေမတတ်ကြသောသူတို့ထံသို့ သူတို့ထဲမှ ရဏ္ဍုလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့သည်။ ထိုရဏ္ဍုလ်တမန်တော်သည် သူတို့အား အရှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားပြသည်။ ထို့နောက် သူတို့အား စင်ကြယ်သန့်ရှင်း အောင် ပြုလုပ်ပေးသည်။ ထို့နောက် သူတို့အား ကျမ်းဂန်နှင့် ဉာဏ်အမြော်အမြင် ကို သင်ကြားပေးသည်။ ဇကာစင်စစ် သူတို့သည် ယခင်က ထင်ရှားသောလမ်းမှား

ထဲတွင် ရှိခဲ့ကြသည်။ **၃**။ ထို့ပြင် သူတို့အနက်မှ ယခုတိုင် သူတို့ထဲတွင် ပါဝင်ခြင်းမရှိသေးသောသူများအဖို့လည်း (ယင်းတမန်တော်ကို) စေလွှတ်တော်မူခဲ့သည်။ ထိုအရှင်သည် အလွန် နိုင်နင်းလွန်မိုးမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်သည်။ **၄**။ ဤသည် အလ္လာဟ်၏ ကျေးဇူးတော်ဖြစ်ပြီး အရှင်မြတ်သည် ထိုကျေးဇူးတော်ကို ခီးမြှင့်လိုသူအား ခီးမြှင့်တော်မူပေသည်။ အလ္လာဟ်သည် အလွန် ကျေးဇူးကြီးမားတော်မူသောအရှင် ဖြစ်ပေသည်။

၅။ သောင်ရာသ်ကျမ်းအား ထမ်းဆောင်ရန် တာဝန်ပေးခြင်းခံကြရပြီး နောက် ထိုသောင်ရာသ်ကျမ်းကို ထမ်းဆောင်ခြင်းမရှိခဲ့ကြသောသူတို့၏ ပမာသည် ကျမ်းစာအုပ်များကို ထမ်းရွက်ထားသော မြည်းတိရစ္ဆာန်နှင့် တူဆင်ပေသည်။ အလ္လာဟ်၏ လက္ခဏာတော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသူတို့၏ ပမာသည် လွန်စွာဆိုးယုတ်လှပေသည်။ အလ္လာဟ်သည် မတရားမှု ကျူးလွန်ကြသူများကို လမ်းမှန်တရား ပြသတော်မူမည်မဟုတ်ပေ။ **၆**။ အသင်ပြောလိုက်ပါ။ အို-ယဟူဒီအပေါင်းတို့၊ အကယ်၍ အခြားလူများမဟုတ်ဘဲ အသင်တို့သည်သာ အလ္လာဟ်၏ အချစ်တော်များဖြစ်ကြသည်ဟု သင်တို့ ထင်မှတ်ကြလျှင် သေခြင်းတရားကို မျှော်လင့်တောင့်တကြပါ။ အကယ်၍ အသင်တို့ မှန်ကန်ကြသည်ဆိုလျှင်။ **၇**။ သူတို့၏လက်များက ကြိုတင်ပို့ဆောင်ထားသည့် မကောင်းမှုများ ကြောင့် သူတို့သည် ထိုသေခြင်းတရားကို ဘယ်တော့မှ မျှော်လင့်တောင့်တကြလိမ့်မည်မဟုတ်။ အလ္လာဟ်သည် မတရားမှုကျူးလွန်ကြသူများကို ကောင်းစွာသိတော်မူသောအရှင် ဖြစ်ပေသည်။ **၈**။ အသင်ပြောလိုက်ပါ။ ဇကနစင်စစ် အသင်တို့ ထွက်ပြေးတိမ်းရှောင်နေသည့် သေခြင်းတရားသည် အသင်တို့နှင့် မုချ ဆုံတွေ့မည်ဖြစ်သည်။ ထို့နောက် သင်တို့သည် အကွယ်ကိုရော၊ မျက်မှောက်ကိုပါ သိတော်မူသောအရှင်ထံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံကြရမည်။ ထိုအခါ အရှင်မြတ်သည် အသင်တို့ ပြုလုပ်ခဲ့ကြသည်များကို အသင်တို့အား အသိပေးတော်မူပေမည်။

၉။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ သောကြာနေ့တွင် စွလာသ်ဝတ် ပြုရန် အတွက် အဇာန်ပေးသောအခါ အလ္လာဟ်ကို သတိရတာသဖို့ အလျင်အမြန် သွားကြလေကုန်။ ထို့ပြင် ရောင်းဝယ်ဖောက်ကားမှုကို စွန့်လွှတ်ထားခဲ့ကြကုန်။ အကယ်၍ အသင်တို့ သိကြမည်ဆိုလျှင် ဤသည် အသင်တို့အဖို့ အကောင်းဆုံး

ဖြစ်ပေ သည်။ **၁၀။** ထို့နောက် စွလာသ်ဝတ်ပြုမှုပြီးဆုံးသွားသောအခါ မြေပထဝီတွင် အနှံ့ အပြားသွားလာလျက် အလ္လာဟ်၏ကျေးဇူးတော်တည်းဟူသော ရိက္ခာကို ရှာဖွေကြ လေကုန်။ ထို့ပြင် အလ္လာဟ်ကို များများစားစား သတိရတသကြလေကုန်။ အသင်တို့ အောင်မြင်ကောင်း အောင်မြင်ပေလိမ့်မည်။ **၁၁။** သူတို့သည် ရောင်းဝယ် ဖောက်ကားမှုတစ်ခုခု၊ သို့မဟုတ် ပျော်ပွဲရွှင်ပွဲတစ်ခုခုကို တွေ့မြင်ကြသောအခါ အသင့်အား မတ်တတ်အနေအထားဖြင့်ပင် ထားခဲ့ပြီး ထိုဘက်သို့ အပြေးအလွှား သွားခဲ့ကြသည်။ အသင်ပြောလိုက်ပါ။ အလ္လာဟ်ထံတွင် ရှိသောအရာများသည် ပျော်ပွဲရွှင်ပွဲထက်ရော၊ ရောင်းဝယ်ဖောက်ကားမှုထက်ပါ ပိုကောင်းပေသည်။ အလ္လာဟ် သည် အကောင်းဆုံးရိက္ခာပေးတော်မူသောအရှင် ဖြစ်ပေသည်။

၆၃။ စူရတ် မုနာဖိကူးန်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မုနာဖိက်-သာသနာ့အရေခြုံများသည် အသင့်ထံသို့ လာကြသော အခါ သူတို့က ဇကန်စင်စစ် အသင်သည် အလ္လာဟ်၏ရစူလ်တမန်တော် အမှန်ပင် ဖြစ်ကြောင်း ကျွန်ုပ်တို့ သက်သေခံကြပါသည်ဟု ပြောဆိုကြသည်။ အသင်သည် ထိုအရှင်၏ ရစူလ်တမန်တော် တကယ်ပင် ဖြစ်ကြောင်းကို အလ္လာဟ် သိတော်မူ သည်။ ဇကန်စင်စစ် မုနာဖိက်-သာသနာ့အရေခြုံများသည် တကယ့်လူလိမ်များ ဖြစ်ကြောင်း အလ္လာဟ် သက်သေခံတော်မူပေသည်။ **၂။** သူတို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို ဒိုင်းသဖွယ်အကာအကွယ်ယူပုံမယ်ဖွဲ့ကာ (လူတို့ကို) အလ္လာဟ်လမ်းမှ တားဆီးပိတ်ပင်ကြသည်။ ဇကန်စင်စစ် သူတို့၏ပြုမူချက်များသည် အလွန် ဆိုးယုတ်လှပေသည်။ **၃။** ထိုသို့ဖြစ်ရခြင်းမှာ သူတို့သည် အီမာန်ယုံကြည် ခဲ့ကြပြီးနောက် ငြင်းပယ်ခဲ့ကြသည်။ ထို့ကြောင့် သူတို့၏ စိတ်နှလုံးများအပေါ် တံဆိပ်ခတ်နှိပ်ခြင်း ခံလိုက်ရသည်။ သို့ဖြစ်ရာ သူတို့သည် နားမလည်ကြတော့ပေ။

၄။ သူတို့ကို အသင် တွေ့မြင်သောအခါ သူတို့၏ ခန္ဓာကိုယ်များကို အသင်သဘောကျပေမည်။ သူတို့ စကားပြောသောအခါ သူတို့၏စကားကို အသင်

နားထောင်မည်။ သူတို့သည် မိုထောင်ထားသော သစ်တုံးများကဲ့သို့ ဖြစ်ကြပေသည်။ အော်ဟစ်သံတိုင်းကို မိမိတို့နှင့် ဆန့်ကျင်ဘက်အော်ဟစ်နေသည်ဟု မှတ်ယူကြသည်။ သူတို့သည် ရန်သူများ ဖြစ်ကြပေရာ သူတို့ကို အသင်သတိထားပါ။ အလ္လာဟ်၏အရေးယူမှု သူတို့အပေါ် ကျရောက်လိမ့်မည်။ သူတို့သည် အဘယ်သို့ လှည့်ထွက်သွားနေကြသနည်း။ ၅။ အသင်တို့ လာကြကုန်။ အလ္လာဟ်တမန်တော်သည် အသင်တို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးမည်ဟု သူတို့အား ပြောဆိုသောအခါ သူတို့က မိမိတို့၏ ဦးခေါင်းများကို လှုပ်ခါကြလေသည်။ ထို့နောက် သူတို့သည် မောက်မာပလွားလျက် လှည့်ထွက်သွားကြသည်ကို အသင် တွေ့မြင်ရပေမည်။ ၆။ အသင် သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးသည်ဖြစ်စေ၊ လွတ်ငြိမ်းချမ်းသာခွင့် မတောင်းခံပေးသည်ဖြစ်စေ သူတို့အတွက် အတူတူပင် ဖြစ်သည်။ အလ္လာဟ်ကတော့ သူတို့ကို လုံးဝ လွတ်ငြိမ်းချမ်းသာခွင့် ပေးမည်မဟုတ်ပေ။ ဇကန်စင်စစ် အလ္လာဟ်သည် အမိန့် ဖီဆန်သောသူတို့ကို တရားလမ်းမှန် ပြသတော်မူမည်မဟုတ်ပေ။

၇။ အလ္လာဟ်တမန်တော်၏ အနီးအပါးတွင် ရှိနေကြသူတို့သည် ကစဉ့် ကလျားဖြစ်၍ ထွက်သွားကြသည့်တိုင် သင်တို့သည် ၎င်းတို့အား ပေးကမ်းလှူဒါန်း ခြင်း မပြုဘဲနေကြကုန်ဟူ၍ ပြောဆိုခဲ့ကြသူများမှာလည်း ထိုသူတို့ပင် ဖြစ်ကြသည်။ အမှန်တွင် မိုးကောင်းကင်များနှင့် မြေပထဝီ၏ ဘဏ္ဍာတော်များသည် အလ္လာဟ်၏ ပိုင်ဆိုင်မှုများပင် ဖြစ်ပေသည်။ သို့သော် မုနာဖိက်-သာသနာ့အရေခြုံများသည် နားမလည်ကြပေ။ **၈။** အကယ်၍ ငါတို့သည် မဒီနဟ်မြို့သို့ ပြန်ရောက်လျှင် ဂုဏ်သိက္ခာရှိသူသည် သေးသိမ်သူကို မြို့မှ နှင်ထုတ်ပစ်မည်ဟု သူတို့က ပြောဆို ကြသည်။ အမှန်တွင် ဂုဏ်သိက္ခာဟူသည် အလ္လာဟ်အတွက်၊ ထိုအရှင့်တမန်တော် အတွက်၊ ယုံကြည်သူတို့အတွက်သာလျှင် ဖြစ်ပေသည်။ သို့သော် မုနာဖိက်-သာသနာ့အရေခြုံများသည် မသိရှိကြပေ။

၉။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ပစ္စည်းဥစ္စာများ သည်လည်းကောင်း၊ အသင်တို့၏ သားသမီးများသည်လည်းကောင်း အသင်တို့ အား အလ္လာဟ်ကို သတိရတသခြင်းမှ မမေ့လျော့စေနှင့်။ မည်သူမဆို ထိုသို့ ပြုလုပ် ပါလျှင် သူတို့သည်သာလျှင် နစ်နာဆုံးရှုံးသူများ ဖြစ်ကြပေမည်။ **၁၀။** အသင်တို့ကို

ငါအရှင် ပေးထားသည့် အရာများအနက်မှ အသင်တို့သည် မသေမီအလျင် လှူဒါန်းသုံးစွဲကြလေကုန်။ ထိုအချိန်ရောက်လျှင် သူက "အို-ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား အလှူဒါနပြုလုပ်ပြီး သူတော်ကောင်းများတွင် အပါအဝင်ဖြစ်နိုင်ရန် နောက်ထပ် အချိန်ကာလအနည်းငယ် ဘာကြောင့် ဆိုင်းငံ့ခွင့် ပေးတော်မမူပါသနည်း"ဟု လျှောက်ထားပေလိမ့်မည်။ **၁၁။** အလ္လာဟ်သည် မည်သည့်အသက်ဇီဝိန် ကိုမျှ သူ့အား သတ်မှတ်ထားသောအချိန်ကာလ ဆိုက်ရောက်လာသောအခါ ဆိုင်းငံ့ခွင့် လုံးဝပေးတော်မူမည်မဟုတ်ပေ။ အလ္လာဟ်သည် အသင်တို့ ပြုလုပ်နေ သည်များကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်ပေသည်။

၆၄။ စူရဟ် သဂါဗွန်။

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မိုးကောင်းကင်များတွင် ရှိသောအရာများနှင့် မြေပထဝီတွင် ရှိသောအရာတို့သည် အလ္လာဟ် သန့်ပြန့်စင်ကြယ်တော်မူကြောင်းကို ဘာဝနာစီးဖြန်းနေ လျက်ရှိကြသည်။ စိုးမိုးအုပ်ချုပ်မှုအပေါင်းသည် ထိုအရှင့်အတွက်သာဖြစ်၍ ချီးမွမ်းမှုအပေါင်းသည်လည်း ထိုအရှင့်အတွက်သာ ဖြစ်ပေသည်။ ထိုအရှင်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။ **၂။** ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အသင်တို့ထဲတွင် အချို့သည် ငြင်းပယ်သူဖြစ်၍၊ အချို့သည် ယုံကြည်သူဖြစ်သည်။ အလ္လာဟ်သည် အသင်တို့ ပြုလုပ်နေသည်များကို အကြွင်းမဲ့ မြင်တွေ့နေတော်မူသောအရှင် ဖြစ်ပေသည်။ **၃။** ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် မြေပထဝီကို မှန်ကန်တိကျစွာ ဖန်ဆင်းတော်မူခဲ့သည်။ ထိုအရှင်မြတ်သည် အသင်တို့၏ ပုံပန်းသဏ္ဌာန်များကို အလွန်ကောင်းမွန်လှပစွာ ပြုလုပ်ပုံဖော်ထားတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်ထံသို့သာလျှင် (အားလုံး) ပြန်လည်ရောက်ရှိကြရပေမည်။ **၄။** မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှအရာများကို ထိုအရှင်မြတ်က သိတော်မူပေသည်။ ထို့ပြင် အသင်တို့ လျှို့ဝှက်စွာ ပြုလုပ်ကြသည့်အရာများကိုရော အသင်တို့ ထင်ရှား

စွာ ပြုလုပ်ကြသည့်အရာများကိုပါ ထိုအရှင်မြတ်က သိတော်မူသည်။ အလ္လာဟ်သည် စိတ်နလုံး၏စကားများကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်ပေသည်။

၅။ အသင်တို့ထံသို့ သတင်းမရောက်ရှိခဲ့သလော။ ယခင်က ငြင်းပယ်ခဲ့ကြသူများသည် မိမိတို့လုပ်ရပ်၏ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရသည်။ ထို့ပြင် သူတို့အတွက် နာကျင်စေသော အပြစ်ဒဏ်လည်း ရှိပေသေးသည်။ **၆။** ထိုသို့ဖြစ်ရခြင်းမှာ သူတို့ထံသို့ သူတို့၏ရဋ္ဌလ် တမန်တော်များသည် ထင်ရှားသော သက်သေလက္ခဏာတော်များကို ယူဆောင်လာသောအခါ သူတို့က "လူသားများသည် ကျွန်ုပ်တို့အား တရားလမ်းမှန် ညွှန်ပြကြမည်လော"ဟု ပြောဆို၍ ငြင်းပယ်ကာ ကျောခိုင်းသွားခဲ့ကြသည်။ အလ္လာဟ်သည် သူတို့ကို မလိုအပ်ခဲ့ပေ။ အလ္လာဟ်သည် လိုလားတောင့်တမှု ကင်းမဲ့တော်မူသော၊ ချီးမွမ်းဖွယ်ဂုဏ်တော်များကို ခံယူထိုက်တော်မူသော အရှင်ဖြစ်ပေသည်။

၇။ ငြင်းပယ်ကြသူတို့က သူတို့သည် လုံးဝ ပြန်လည်ရှင်ထရလိမ့်မည်မဟုတ်ဟု ကြွေးကြော်ခဲ့ကြသည်။ အသင်ပြောလိုက်ပါ။ အဘယ်ကြောင့် မဟုတ်ရမည်နည်း။ ငါ၏အရှင်ကို တိုင်တည်၍ပြောမည်။ အသင်တို့သည် မုချ ပြန်လည်ရှင်ထစေခြင်း ခံကြရမည်။ တစ်ဖန် အသင်တို့ ပြုမူခဲ့သည်များနှင့်စပ်လျဉ်း၍ အသင်တို့သည် မုချ အသိပေးခြင်းခံကြရမည်။ ဤကိစ္စသည် အလ္လာဟ်အဖို့ အလွန်လွယ်ကူလှပေသည်။ **၈။** သို့ဖြစ်ရာ အလ္လာဟ်နှင့် အရှင်မြတ်၏တမန်တော်ကို၊ ထို့နောက် ငါအရှင် ချပေးတော်မူခဲ့သော အလင်းရောင်ကို ယုံကြည်ကြလေကုန်။ အလ္လာဟ်သည် အသင်တို့ ပြုမူနေသမျှကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်သည်။ **၉။** အရှင်မြတ်သည် အသင်တို့အားလုံးကို စုရုံးရမည့်နေ့တွင် စုရုံးတော်မူပေမည်။ ထိုနေ့သည် အနိုင်အရှုံးသိရမည့်နေ့ ဖြစ်သည်။ မည်သူမဆို အလ္လာဟ်ကို ယုံကြည်ပြီးနောက် ကောင်းမှုတည်ဆောက်ခဲ့ပါလျှင် အရှင်မြတ်သည် ထိုသူ၏ ပြစ်မှုများကို ဖယ်ရှားပေးတော်မူမည်။ ထို့ပြင် သူ့အား အောက်ခြေဘက်တွင် စမ်းရေချောင်းများ စီးတွေလျက်ရှိသော ဥယျာဉ်များအတွင်းသို့ ဝင်ရောက်စေတော်မူမည်။ သူတို့သည် ထိုထဲတွင် အမြဲထာဝရ နေထိုင်ကြရမည်။ ဤသည် ကြီးကျယ်သော အောင်မြင်မှုပင် ဖြစ်ပေသည်။ **၁၀။** ငြင်းပယ်ပြီးနောက် ငါအရှင်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲခဲ့ကြသူတို့သည်သာလျှင် ဂျဟန္နမ်ငရဲ

ဘုံသားများ ဖြစ်ကြသည်။ သူတို့သည် ထိုထဲတွင် အမြဲထာဝရ နေကြမည်။ ယင်းငရဲဘုံသည် အလွန် ဆိုးရွားလှသော နေရာဌာနပင် ဖြစ်ပေသည်။

၁၁။ ဘေးဒုက္ခဟူသမျှသည် အလ္လာဟ်အမိန့်တော်နှင့်သာ သက်ရောက်လာရခြင်း ဖြစ်သည်။ မည်သူမဆို အလ္လာဟ်ကိုယုံကြည်ပါက အရှင်မြတ်သည် သူ့စိတ်နလုံးကို တရားလမ်းမှန် ညွှန်ပြတော်မူမည်။ အလ္လာဟ်သည် အရာခပ်သိမ်းကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်သည်။ **၁၂။** အသင်တို့သည် အလ္လာဟ်အမိန့်ကို နာခံကြကုန်။ ရစူလ်တမန်တော်အမိန့်ကိုလည်း နာခံကြကုန်။ အကယ်၍ အသင်တို့သည် မျက်နှာလွှဲခဲ့မည်ဆိုလျှင်တော့ (ထိုဆိုးပြစ်သည် သင်တို့အပေါ်သာ ကျရောက်ပေမည်။) ငါအရှင့်တမန်တော်အပေါ်တွင် ရှင်းလင်းစွာ ပို့ချရန်သာ တာဝန်ရှိသည်။ **၁၃။** အလ္လာဟ်သည်သာ ကိုးကွယ်ခံထိုက်သောအရှင်ဖြစ်သည်။ အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင် အလျှင်းမရှိပေ။ ယုံကြည်သူတို့သည် အလ္လာဟ်အပေါ်၌သာလျှင် ယုံပုံအားကိုးသင့်ကြပေသည်။

၁၄။ အို-အိမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ဇနီးမိန်းမများနှင့် သားသမီးများတွင် အသင်တို့၏ ရန်သူရှိပေသည်။ သို့ရှိရာ သူတို့ကို သတိထားကြလေကုန်။ အကယ်၍ အသင်တို့သည် ခွင့်လွှတ်ကြပါလျှင်၊ ဥပေက္ခာတရားလက်ကိုင်ကြပါလျှင်၊ လွှတ်ငြိမ်းချမ်းသာခွင့်ပေးကြပါလျှင် ဇကာစင်စစ် အလ္လာဟ်သည် (လည်း) အလွန် လွှတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသော၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်ပေသည်။ **၁၅။** အသင်တို့၏ ပစ္စည်းဥစ္စာများနှင့် အသင်တို့၏ သားသမီးများသည် စမ်းသပ်စရာများသာလျှင် ဖြစ်ပေသည်။ အလ္လာဟ်ထံတွင်မူကြီးကျယ်သော အကျိုးကုသိုလ် ရှိပေသည်။ **၁၆။** သို့ဖြစ်ရာ အသင်တို့ တတ်စွမ်းနိုင်သမျှ အလ္လာဟ်ကို ကြောက်ကြကုန်။ စကားနားထောင်ကြကုန်။ အမိန့်နာခံကြကုန်။ လျှဒါန်းသုံးစွဲကြကုန်။ ဤသည် အသင်တို့အဖို့ သာပိုး၍ကောင်းပေသည်။ မည်သူမဆို စိတ်၏လောဘရမ္မက်မှ ကာကွယ်မှုရရှိပါမူ ထိုသို့သောသူတို့သာလျှင် အောင်မြင်သူများ ဖြစ်ကြပေသည်။ **၁၇။** အကယ်၍ အသင်တို့သည် အလ္လာဟ်အား ကောင်းမွန်သော အကြွေးချေးငှားကြသည်ရှိသော် အရှင်မြတ်သည် အသင်တို့အတွက် ထိုအကြွေးကို အဆပေါင်းများစွာ တိုးပေးတော်မူမည်။ ထို့ပြင် အသင်တို့ကို လွှတ်ငြိမ်းချမ်းသာခွင့်လည်း ပေးတော်မူမည်။ အလ္လာဟ်သည် အလွန်အသိအမှတ်

ပြုတော်မူသော၊ ခွန်အင်တရားနှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။ **၁၈။** အရှင်မြတ်သည် အကွယ်ကိုရော၊ မျက်မှောက်ကိုပါ သိတော်မူသော၊ နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပေသည်။

၆၅။ စူရတ် သွလားက်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အို-နဗီတမန်တော်၊ အသင်တို့သည် ဇနီးမိန်းမများကို သွလားက်ပေးကွာရှင်းကြသောအခါ သူတို့၏ အစ်ဒ္ဒသ်အချိန်ကာလ၌ သွလာက်ပေးကွာရှင်းကြကုန်။ ထို့နောက် အစ်ဒ္ဒသ်ရက်များကို ရေတွက်ကြလေကုန်။ ထို့ပြင် အသင်တို့၏ဖန်ဆင်းမွေးမြူရှင် အလ္လာဟ်ကို ကြောက်ရွံ့ကြကုန်။ အသင်တို့သည် ထိုမိန်းမတို့အား သူတို့၏နေအိမ်များမှ မမောင်းထုတ်ကြလေနှင့်။ သူတို့ကိုယ်တိုင်လည်း ထွက်မသွားကြလေနှင့်။ သို့ရာတွင် ထိုမိန်းမများသည် ထင်ရှားသော စက်ဆုပ်ရွံ့ရှာဖွယ်အမှုကို ကျူးလွန်ကြလျှင်တော့ (နှင်ထုတ်နိုင်သည်။) ဤသည် အလ္လာဟ်၏ စည်းမျဉ်းဥပဒေများပင် ဖြစ်သည်။ မည်သူမဆို အလ္လာဟ်၏ စည်းမျဉ်းဥပဒေများကို ချိုးဖောက်ပါက ထိုသူသည် ကိုယ့်ကိုယ်ကိုယ်သာ မတရားလုပ်ခြင်း ဖြစ်ပေမည်။ ထိုကွာရှင်းပျက်ဆဲဖြီးနောက် အလ္လာဟ်သည် နည်းလမ်းအသစ်တစ်ခုခုကို ဖန်တီးပေးကောင်းပေးနိုင်သည်ကို အသင်မသိပေ။ **၂။** တစ်ဖန် ထိုမိန်းမများသည် မိမိတို့၏ အစ်ဒ္ဒသ် နောက်ဆုံးအချိန်ကာလသို့ ရောက်လာလျှင် သူတို့ကို စည်းကမ်းနှင့်အညီ ပြန်ပေါင်းကြလေကုန်။ သို့မဟုတ် စည်းကမ်းနှင့်အညီ သူတို့ကို စွန့်လွှတ်လိုက်ကြလေကုန်။ ထို့နောက် အသင်တို့အထဲမှ သမာဓိရှိသောသူနှစ်ဦးကို သက်သေအဖြစ် ထားရှိကြလေကုန်။ အလ္လာဟ်အတွက် မှန်မှန်ကန်ကန် သက်သေထွက်ဆိုကြလေကုန်။ ဤသည် အလ္လာဟ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူအား ဆုံးမသြဝါဒပေးခြင်း ဖြစ်ပေသည်။ မည်သူမဆို အလ္လာဟ်ကို ကြောက်ရွံ့ရှိသေပါလျှင် အရှင်မြတ်သည် သူ့အတွက် ထွက်မြောက်ရာလမ်းကို ဖန်တီးပေးတော်မူပေမည်။ **၃။** ထို့ပြင် အရှင်မြတ်သည် သူ့အား သူမထင်မှတ်ထားသောနေရာမှ စားနပ်ရိက္ခာ

ချီးမြှင့်တော်မူပေမည်။ မည်သူမဆို အလွှာဟ်အပေါ် ယုံပုံအားကိုးပါက အရှင်မြတ်သည် သူ့အဖို့ လုံလောက်တော်မူပေသည်။ ဇကနဲစင်စစ် အလွှာဟ်သည် မိမိ၏ အလုပ်ကို ပြီးမြောက်အောင် လုပ်ဆောင်တော်မူသောအရှင် ဖြစ်သည်။ ဇကနဲစင်စစ် အလွှာဟ်သည် အရာရာတိုင်းအတွက် အတိုင်းအတာတစ်ခုကို ပြုလုပ်ထားတော်မူပေသည်။

၄။ အသင်တို့၏ ဇနီးမိန်းမများအနက်မှ ဓမ္မတာရာသီသွေးဆင်းခြင်းမမျှော်လင့်ချက်ကင်းသွားပြီဖြစ်သောမိန်းမများသည် အကယ်၍ အသင်တို့ သံသယဖြစ်ကြပါလျှင် သူတို့၏ အစ်ဒ္ဒသ်မှာ သုံးလဖြစ်သည်။ ဓမ္မတာရာသီသွေး မဆင်းသေးသည့်မိန်းမများ၏ အစ်ဒ္ဒသ်မှာလည်း ထိုနည်းအတိုင်းပင် (သုံးလဖြစ်သည်။) ကိုယ်ဝန်ဆောင်မိန်းမများ၏ အစ်ဒ္ဒသ်ရက်မှာ ထိုကိုယ်ဝန်ကို ဖွားမြင်လိုက် ခြင်းပင် ဖြစ်သည်။ မည်သူမဆို အလွှာဟ်ကို ကြောက်ရွံ့ရိုသေပါလျှင် အရှင်မြတ် သည် သူ့အတွက် သူ့အရေးကိစ္စတွင် လွယ်ကူအောင် ပြုလုပ်ပေးတော်မူမည်။ **၅။** ဤသည် အလွှာဟ်အမိန့်တော်ပင်။ ထိုအမိန့်ကို အရှင်မြတ်က အသင်တို့ထံသို့ ချပေးတော်မူခဲ့သည်။ မည်သူမဆို အလွှာဟ်ကို ကြောက်ရွံ့ရိုသေပါလျှင် အရှင်မြတ်သည် သူ၏ပြစ်မှုများကို သူ့ထံမှ ဖယ်ရှားပေးတော်မူမည်။ ထို့ပြင် သူ့အားကြီးမားသောအကျိုးကုသိုလ်ကိုလည်း ချီးမြှင့်တော်မူပေမည်။ **၆။** အသင်တို့သည် ထိုမိန်းမများအား မိမိတို့တတ်စွမ်းနိုင်သည်နှင့်အညီ မိမိတို့၏နေအိမ်များတွင် နေရာထိုင်ခင်းပေးကြကုန်။ အသင်တို့သည် သူတို့ကို ကျပ်တည်းအောင်လုပ်ဖို့ရည်ရွယ်ချက်နှင့် ဒုက္ခမပေးကြလေနှင့်။ အကယ်၍ ထိုမိန်းမများသည် ကိုယ်ဝန်ဆောင်မိန်းမများဖြစ်ခဲ့ကြလျှင် မီးဖွားလိုက်သည်အထိ သူတို့အပေါ် အသင်တို့သုံးစွဲကြလေကုန်။ အကယ်၍ သူတို့သည် အသင်တို့အတွက် ကလေးနို့တိုက်ကျွေးခဲ့လျှင် သူတို့အား သူတို့၏ အဖိုးအခကို ပေးဆောင်ကြလေကုန်။ အသင်တို့ အချင်းချင်းကြားတွင် သင့်လျော်သလို ညှိနှိုင်းတိုင်ပင်ကြလေကုန်။ အကယ်၍ အသင်တို့ အချင်းချင်း မညီမညွတ်ဖြစ်ခဲ့ကြလျှင် အခြားအမျိုးသမီးတစ်ဦးက နို့တိုက်ကျွေးရမည် ဖြစ်သည်။ **၇။** ချောင်လည်သူသည် မိမိချောင်လည်သည်နှင့် လျော်ညီစွာ သုံးစွဲရမည်။ ဝင်ငွေနည်းပါးသောသူမှာမူ အလွှာဟ်သူ့အား ပေးထားသလောက်ထဲမှ သုံးစွဲရမည်။ အလွှာဟ်သည် မည်သူ့ကိုမျှ သူ့အား ပေးကမ်းထားသည်ထက်ပို၍

တာဝန်ပေးတော် မမူပေ။ အလ္လာဟ်သည် ကျပ်တည်းမှု၏နောက်တွင် ချောင်လည်မှုကို မကြာမြင့်မီပင် ဖန်တီးပေးတော်မူသည်။

၈။ မြောက်မြားစွာသော မြို့ရွာများသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် ထိုအရှင့်တမန်တော်များ၏ အမိန့်တော်များကို တော်လှန်ပုန်ကန်ခဲ့ကြပေရာ ငါအရှင်သည် သူတို့အား ပြင်းထန်စွာ စာရင်းစစ်ဆေးတော်မူခဲ့သည့်အပြင် သူတို့အား ကြောက်မက်ဖွယ်ကောင်းသော ပြစ်ဒဏ်ကို တပ်ရိုက်စီရင်တော်မူခဲ့သည်။ **၉။** သို့ဖြစ်ရာ သူတို့သည် မိမိတို့ကျူးလွန်ခဲ့သည့်ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရသည့်အပြင် သူတို့၏ နောက်ဆုံးအကျိုးဆက်သည် ဆုံးရှုံးမှုသာ ဖြစ်ခဲ့ပေသည်။

၁၀။ အလ္လာဟ်သည် သူတို့အတွက် ပြင်းထန်သောပြစ်ဒဏ်ကို အသင့်ပြင်ဆင်ထားတော်မူသည်။ သို့ဖြစ်ရာ အို-ယုံကြည်ခဲ့ကြသော ဉာဏ်ရှင်အပေါင်းတို့၊ အလ္လာဟ်ကို ကြောက်ရွံ့ရိုသေကြလေကုန်။ အလ္လာဟ်သည် အသင်တို့ထံသို့ ဆုံးမသြဝါဒတော်ကို ချပေးတော်မူခဲ့ပြီး ဖြစ်လေသည်။ **၁၁။** ဤသို့သော တမန်တော်တစ်ပါးကို(စေလွှတ်တော်မူခဲ့သည်။) ထိုတမန်တော်သည် အသင်တို့အား အလ္လာဟ်၏ ထင်ရှားသော မုကွဲပါဠိတော်များကို ဖတ်ကြားပြသသည်။ အကြောင်းမှာ ယုံကြည်ပြီးနောက် ကောင်းမှုကျင့်မှုသူတို့အား အမှောင်ထုများမှ အလင်းဆီသို့ ထုတ်ဆောင်ရန်အတွက် ဖြစ်သည်။ ထို့နောက် အလ္လာဟ်အပေါ် အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုသီလဆောက်တည်သူများကို အလ္လာဟ်သည် အောက်ခြေဘက်တွင် စမ်းချောင်းများ စီးတွေ့လျက်ရှိသော ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူမည်။ သူတို့သည် ယင်းဥယျာဉ်တွင် ထာဝရနေကြရလိမ့်မည်။ အလ္လာဟ်သည် သူ့အား ကောင်းသော ရိဇ္ကာကို ချီးမြှင့်တော်မူခြင်းပင် ဖြစ်သည်။

၁၂။ အလ္လာဟ်သာလျှင် မိုးကောင်းကင် ခုနစ်ထပ်နှင့် မြေကိုလည်း ထိုနည်းတူစွာ ဖန်ဆင်းတော်မူခဲ့သည်။ ယင်းမိုးနှင့် မြေကြားတွင် အလ္လာဟ်၏ အမိန့်တော်သည် ကျရောက်လျက်ရှိသည်။ အကြောင်းမှာ အလ္လာဟ်သည် အရာရာကို တတ်စွမ်းနိုင်တော်မူသောအရှင်ဖြစ်ကြောင်း၊ အလ္လာဟ်သည် အရာတိုင်းကို အသိဖြင့် လွှမ်းခြုံထားကြောင်းကို အသင်တို့ သိကြရန်အတွက် ဖြစ်သည်။

၆၆။ စူရတ်သတ်ရိုးမ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အိုး-တမန်တော်၊ အလ္လာဟ်က အသင့်အတွက် ခွင့်ပြုထားသော အရာကို အသင်သည် မိမိကြင်ရာများ၏နှစ်သက်မှုကို ရရှိရန်အတွက် ဘာကြောင့် မပြုပိုင်သောအရာအဖြစ် သတ်မှတ်လိုက်သနည်း။ အလ္လာဟ်သည် အလွန်ခွင့်လွှတ်တော်မူသော၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူသည်။ **၂။** မိမိတို့၏ ကျိန်ဆိုချက်မှ သင်တို့ ထွက်နိုင်မည့်လမ်းစကို အလ္လာဟ်က သတ်မှတ်ပေးတော်မူလိုက်ပြီ။ အလ္လာဟ်သည် သင်တို့အား စောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်သည် အလွန်သိတော်မူသော၊ အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည်။

၃။ တစ်ချိန်က တမန်တော်သည် မိမိကြင်ရာတော်တစ်ပါးအား စကား တစ်ခွန်းကို လျှို့ဝှက်စွာ ပြောခဲ့သည်။ ယင်းကြင်ရာတော်က ထိုစကားကို အခြား သူအားပြောပြလိုက်သည့်အခါ၊ ဤအကြောင်းကို အလ္လာဟ်က မိမိတမန်တော် အပေါ် ထင်ရှားစေခဲ့သည့်အခါ တမန်တော်သည် အချို့အစိတ်အပိုင်းကို ပြန်ပြော ပြပြီး အချို့အစိတ်အပိုင်းကိုမူ ချန်ထားခဲ့သည်။ တမန်တော်က ယင်းအကြောင်းကို ပြန်ပြောသောအခါ သူမက ကိုယ်တော့်အား မည်သူက သတင်းပေးခဲ့သနည်းဟု မေးလေရာ တမန်တော်က အလွန်သိတော်မူသော၊ အကြွင်းမဲ့ သိတော်မူသော အရှင်က ငါ့အား သတင်းပေးတော်မူခဲ့သည်ဟု ဖြေကြားခဲ့သည်။ **၄။** အကယ်၍ အသင်တို့နှစ်ဦးသည် အလ္လာဟ်ဘက်သို့ လှည့်ကြပါမူ (ကောင်းပေသည်။) အကြောင်းမှာ အသင်တို့၏ စိတ်နလုံးသည် တိမ်းစောင်းခဲ့ကြသည်။ အကယ်၍ အသင်တို့နှစ်ဦးသည် တမန်တော်နှင့်ဆန့်ကျင်၍ အချင်းချင်းကူညီခဲ့ကြပါမူ (မှတ်ထားကုန်) သူ၏မိတ်ဆွေသည် အလ္လာဟ်ဖြစ်သည်။ ထို့ပြင် ဂျိဗ်ရာအီးလ်သည် လည်းကောင်း၊ ကောင်းသော ယုံကြည်သူများသည်လည်းကောင်း၊ သူတို့အပြင် ကောင်းကင်တမန်များသည်လည်းကောင်း သူ့အား ကူညီမည့်သူများ ဖြစ်ကြသည်။ **၅။** အကယ်၍ တမန်တော်သည် အသင်တို့အားလုံးကို ကွာရှင်းပြတ်စဲလိုက်ပါမူ

သူ့အရှင်သည် သင်တို့၏အစား သူ့အား သင်တို့ထက်ပို၍ ကောင်းသော မွတ်စ်လင်မ်အမျိုးသမီးများ၊ မုအ်မင်နိ်အမျိုးသမီးများ၊ အမိန့်နာခံသော၊ အမှားဝန်ချတောင်းပန်သော၊ ခဝပ်ဆည်းကပ်ကိုးကွယ်သော၊ ဥပုသ်သီလဆောက်တည်သော၊ လင်ကွဲအမျိုးသမီးများနှင့် အပျိုအမျိုးသမီးများကို ပေးတော်မူမည်။

၆။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ကိုယ်ကို လည်းကောင်း၊ မိမိတို့၏ မိသားစုကိုလည်းကောင်း ငရဲမီးမှ လွတ်မြောက်အောင် လုပ်ကြကုန်။ ယင်းငရဲမီး၏ လောင်စာမှာ လူတို့နှင့် ကျောက်တုံးကျောက်ခဲများ ဖြစ်ကြသည်။ ယင်းမီးပေါ်တွင် အလွန်ခက်ထန်မာကျောသော၊ ပြင်းထန်သော ကောင်းကင်တမန်များအား တာဝန်ပေးထားသည်။ ၎င်းတို့သည် အလ္လာဟ်အမိန့်ပေးသော မည်သည့်ကိစ္စတွင်မျှ မဖီဆန်ကြပေ။ သူတို့သည် စေခိုင်းခြင်းခံရသောအရာကိုသာ ဆောင်ရွက်ကြသည်။ **၇။** အို-သေဖျည်ငြင်းဆန်သူအပေါင်းတို့၊ ယနေ့ အသင်တို့ ဆင်ခြေမတင်ပြကြတော့နှင့်။ သင်တို့သည် မိမိတို့လုပ်ဆောင်ခဲ့သော အရာ၏ အစားကိုသာ ရရှိနေကြခြင်း ဖြစ်ပေသည်။

၈။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်ရှေ့မှောက်တွင် စစ်မှန်စွာ ဝန်ချတောင်းပန်ကြကုန်။ အသင်တို့၏အရှင်သည် သင်တို့၏ပြစ်မှုများကို ခွင့်လွှတ်တော်မူလိုက်ပြီး အောက်ခြေတွင် စမ်းချောင်းများ စီးဆင်းနေသော ဥယျာဉ်များသို့ သင်တို့အား ဝင်ရောက်စေမည်ဟု မျှော်လင့်ရသည်။ ထိုနေ့တွင် အလ္လာဟ်သည် တမန်တော်နှင့် အပေါင်းအပါ ယုံကြည်သူများကို သိက္ခာကျဆင်းစေမည် မဟုတ်ပေ။ သူတို့၏အလင်းရောင်သည် သူတို့ရှေ့နှင့် သူတို့၏ယာဘက်တွင် ပြေးလွှားနေလိမ့်မည်။ ၎င်းတို့က ဤသို့ ပြောနေကြလိမ့်မည်။ အို-ကျွန်တော်မျိုးတို့ အရှင်၊ ကျွန်တော် မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ အလင်းရောင်ကို ပြည့်ဝစေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ အမှန်စင်စစ် အရှင်မြတ်သည် အရာရာကို တတ်စွမ်းနိုင်တော်မူသော အရှင်ဖြစ်တော်မူပေသည်။

၉။ အို-တမန်တော်၊ သွေဖည်သူများနှင့် မွတ်စ်လင်မ်အရေခြုံများကို ဂျေဟားဒ်လုပ်ပါ။ သူတို့အပေါ် ပြင်းထန်ပါ။ သူတို့၏ နေရာထိုင်ခင်းသည် ဂျဟန္နမ်ငရဲဘုံဖြစ်သည်။ ယင်းနေရာသည် အလွန်ဆိုးရွားသောနေရာပင် ဖြစ်သည်။ **၁၀။** အလ္လာဟ်သည် သွေဖည်သူများအတွက် နူဟ်နှင့်လူးသွိတို့၏ ဇနီးများကို ပမာ

အဖြစ် တင်ပြတော်မူသည်။ ယင်းမိန်းမနှစ်ဦးသည် ငါအရှင်မြတ်၏ အစေခံများမှ ကောင်းမွန်သော အစေခံနှစ်ဦးနှင့် လက်ထပ်ထားကြသည်။ ထို့နောက် ယင်းမိန်း မများက ထိုပုဂ္ဂိုလ်နှစ်ဦးကို သစ္စာဖောက်ခဲ့ကြရာ သူတို့နှစ်ဦးသည် အလွှာဟ်နှင့် ဆန့်ကျင်၍ ယင်းမိန်းမနှစ်ဦးအဖို့ မည်သို့မျှ အသုံးမဝင်ခဲ့ကြပေ။ ထို့ပြင် အသင် တို့နှစ်ဦးသည် ဝင်ရောက်ကြသူများနှင့်အတူ ငရဲမီးထဲသို့ ဝင်ရောက်ကြလေကုန်ဟု မိန့်ခြင်းခံခဲ့ရသည်။

၁၁။ ထို့နောက် အလွှာဟ်သည် ယုံကြည်သူများအဖို့ ဖိရ်အောင်နှ်၏ဇနီး ကို ပမာအဖြစ် တင်ပြတော်မူခဲ့သည်။ တစ်ခါတွင် ဖိရ်အောင်၏ဇနီးက ဤသို့ လျှောက်ထား ပန်ကြားခဲ့သည်။ အို-ကျွန်တော်မျိုး၏ အရှင်၊ ကျွန်တော်မျိုးအတွက် အရှင့်ထံပါးရှိ ဂျန္နသ်တွင် အိမ်တစ်လုံး ဆောက်ပေးတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုး အား ဖွရ်အောင်နှ်နှင့် သူ၏လုပ်ရပ်မှ ကယ်တင်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား မတရားသောအုပ်စုတို့မှ ကယ်တင်တော်မူပါ။ **၁၂။** ထို့ပြင် အင်မ်ရာန်၏သမီး မရ်ယမ်ကိုလည်း (ပမာအဖြစ် တင်ပြတော်မူသည်။) သူသည် မိမိ၏ သိက္ခာအိုးန္ဒြေကို ထိန်းသိမ်းကာကွယ်ခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် သူ့ထဲတွင် မိမိထံပါးမှ ဝိညာဉ်တော်ကို မှုတ်သွင်းတော်မူခဲ့သည်။ ထို့ပြင် သူသည်မိမိအရှင်၏ စကား တော်များ၊ အရှင်မြတ်၏ ကျမ်းဂန်များကို ထောက်ခံခဲ့သည်။ သူသည် အမိန့်နာခံသူ များအနက်မှ အပါအဝင် ဖြစ်ခဲ့သည်။

၆ဂု။ စူရဟ်မုလ်ဂ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား တော်မူသော အလွှာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

★ **၁။** စိုးမိုးအုပ်ချုပ်မှုအာဏာကို လက်ဝယ်တွင် ပိုင်ဆိုင်ထားတော်မူ သော အရှင်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်သည်။ ထိုအရှင်သည် အရာရာကို တတ်စွမ်းတော်မူသောအရှင် ဖြစ်သည်။ **၂။** သင်တို့ထဲမှ မည်သူသည် ကောင်းစွာကျင့်မူသနည်းဟူသည်ကို စမ်းသပ်တော်မူရန်အတွက် အရှင်မြတ်က သေခြင်းနှင့် ရှင်ခြင်းကို ဖန်ဆင်းတော်မူခဲ့သည်။ အရှင်မြတ်သည်

အလွန် ခန့်ညား တော်မူသောအရှင်၊ ခွင့်လွှတ်တော်မူသောအရှင် ဖြစ်သည်။ **၃။** ထိုအရှင်သည် မိုးကောင်းကင်ခုနစ်ထပ် အထပ်ထပ်ပြု၍ ဖန်ဆင်းတော်မူခဲ့သည်။ သင်တို့သည် ကရုဏာတော် ရှင်၏ ဖန်ဆင်းမှုတွင် မဆီလျော်မှုကို တွေ့ရမည် မဟုတ်ပေ။ ထို့နောက် တစ်ဖန် ပြန်ကြည့်ပါ။ အသင်သည် ချို့ယွင်းချက် တစ်စုံ တစ်ရာကို တွေ့ရသလော။ **၄။** ထို့နောက် အကြိမ်ကြိမ် ပြန်၍ ကြည့်ပါလေ။ အရှုသည် သိမ်ငယ် မောပန်း၍ အသင့်ထံ ပြန်လှည့်လာလိမ့်မည်။

၅။ ထို့နောက် ငါအရှင်မြတ်သည် အနီးဆုံးသောမိုးကောင်းကင်ကို ကြယ်တာယာမီးအိမ်များဖြင့် အလှဆင်တော်မူခဲ့သည်။ ထိုပြင် ယင်းကြယ်တာယာမီးအိမ်များကို ငါအရှင်သည် ရှိုင်သွာန်အား ပစ်ပေါက်ရန် စီစဉ်ထားခြင်း ဖြစ်သည်။ ငါအရှင်မြတ်သည် ၎င်းတို့အတွက် ငရဲမီးကို စီစဉ်ထားတော်မူသည်။ **၆။** ထိုပြင် မိမိတို့အရှင်ကို သွေဖည်သူများအဖို့ ဂျဟန္နမ်ငရဲဘုံ၏ ပြစ်ဒဏ်ရှိပေသည်။ ယင်းနေရာသည် အလွန်ဆိုးရွားသော နေရာထိုင်ခင်း ဖြစ်သည်။ **၇။** သူတို့သည် ယင်းငရဲထဲသို့ ပစ်ချခြင်းခံရသည့်အခါတွင် ယင်းငရဲ၏ ဟိန်းသံကို ကြားရပေလိမ့်မည်။ ထိုပြင် ငရဲသည် ဆူပွက်နေလိမ့်မည်။ **၈။** ယင်းငရဲသည် ဒေါသကြောင့် ပေါက်ကွဲလုမတတ် ရှိပေမည်။ ထိုထဲတွင် အုပ်စုတစ်စုကို ထည့်ခြင်းခံရသောအခါ ငရဲထိန်းများက "ဘာလဲ၊ အသင်တို့ထံသို့ သတိပေးနှိုးဆော်သူတစ်ဦးတစ်လေ ရောက်မလာခဲ့သလော" ဟု မေးလိမ့်မည်။ **၉။** ၎င်းတို့က ဖြေကြလိမ့်မည်။ အမှန်ပင် ကျွန်ုပ်တို့ထံသို့ သတိပေးနှိုးဆော်သူ ရောက်လာခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်တို့က ၎င်းအား မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုခဲ့ကြသည်။ ထိုပြင် "အလ္လာဟ်သည် မည်သည့်အရာကိုမျှ ချမပေးခဲ့ပါ။ အသင်တို့သည် ကြီးမားသော လွဲမှားမှုဌ ရှိနေကြသည်"ဟု ကျွန်ုပ်တို့က ပြောခဲ့ကြသည်။ **၁၀။** ထို့နောက် ၎င်းတို့က ပြောကြပေဦးမည်။ အကယ်၍ ငါတို့သည် နားထောင်ခဲ့ကြလျှင် သို့မဟုတ် နားလည်ခဲ့ကြလျှင် ငါတို့သည် ငရဲသားများတွင် အပါအဝင်ဖြစ်မည်မဟုတ်ပေ။ **၁၁။** သို့ဖြစ်ရာ သူတို့သည် မိမိတို့၏ ပြစ်မှုကို ဝန်ခံကြမည်။ သို့ဖြစ်ရာ ငရဲသားများသည် အလ္လာဟ်၏ ကရုဏာတော်မှ ဝေးဖေသတည်း။

၁၂။ မိမိတို့အရှင်ကို မမြင်ရဘဲ ကြောက်ရွံ့ကြသူများအတွက် အပြစ်များမှ လွတ်ငြိမ်းခွင့်နှင့် ကြီးမားသော အကျိုးကျေးဇူး ရှိသည်။ **၁၃။** အသင်တို့သည်

တိုးတိုးတိတ်တိတ်ပြောကြသည်ဖြစ်စေ သို့မဟုတ် ကျယ်လောင်စွာ ပြောကြသည်ဖြစ်စေ၊ ထိုအရှင်သည် စိတ်နလုံး၏စကားကိုပင်လျှင် သိတော်မူသောအရှင် ဖြစ်သည်။ **၁၄။** ဖန်ဆင်းထားတော်မူသောအရှင်သည် မသိဘဲနေမည်လော။ ထိုအရှင်သည် အလွန်သိမ်မွေ့တော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်သည်။

၁၅။ ထိုအရှင်မြတ်သည် အသင်တို့အတွက် မြေကို နှိမ့်အောင်၊ တည်တံ့နိုင်အောင် လုပ်ပေးတော်မူခဲ့ပေရာ သင်တို့သည် ယင်းမြေ၏ လမ်းများတွင် သွားလာ၍ ထိုအရှင်မြတ်၏ ရိက္ခာကို ရှာဖွေကြကုန်။ ထိုအရှင်မြတ်ထံသို့သာလျှင် လှည့်ပြန်ကြရပေမည်။ **၁၆။** မိုးကောင်းပေါ်တွင် ရှိတော်မူသောအရှင်သည် သင်တို့အား မြေမျိုစေတော်မူပြီး ယင်းမြေသည် ပြင်းထန်စွာ လှုပ်ရှားနေမည်ကို အသင်တို့ မစိုးရိမ်ဘဲရှိကြသလော။ **၁၇။** မိုးပေါ်တွင်ရှိသောအရှင်သည် အသင်တို့အပေါ် ခဲမိုးရွာမည့်လေကို စေလွှတ်တော်မူလိုက်မည်ကို သင်တို့ မစိုးရိမ်ဘဲ ရှိကြသလော။ ထို့နောက်တွင် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုသည် မည်သို့နည်းဟူသည်ကို သင်တို့သိကြရပေမည်။ **၁၈။** ၎င်းတို့အလျင်က ရှိခဲ့ကြသူများသည်လည်း (တမန်တော်များကို) မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်၏ အပြစ်ဒဏ် ခတ်မှုသည် မည်သို့ ရှိခဲ့သနည်း။

၁၉။ သူတို့အပေါ်တွင် ငှက်များသည် အတောင်များကို ဖြန့်ထားလိုက်၊ သိမ်းထားလိုက်လုပ်ကြသည်ကို သူတို့ မမြင်ကြသလော။ ယင်းငှက်များကို ရဟ်မာန်-ကရုဏာတော်ရှင်ကသာ (ပြုတ်မကျအောင်) ထိန်းထားတော်မူခြင်း ဖြစ်သည်။ အမှန်စင်စစ် ထိုအရှင်သည် အရာတိုင်းကို မြင်နေတော်မူသည်။ **၂၀။** မည်သူသည် သင်တို့၏ စစ်တပ်အဖြစ်နှင့် ကရုဏာတော်ရှင်နှင့် ဆန့်ကျင်၍ အသင်တို့အား ကူညီနိုင်ပါမည်နည်း။ ဘွေဖည်သူများသည် ထင်ယောင်ထင်မှားမှုဌာန ရှိနေကြသည်။ **၂၁။** အကယ်၍ အလ္လာဟ်သည် မိမိ၏ရိက္ခာကို တားဆီးပိတ်ပင်လိုက်ပါလျှင် သင်တို့ကို မည်သူက ရိက္ခာပေးမည်နည်း။ စင်စစ်တွင် သူတို့သည် ဆိုး•သွမ်းမှုနှင့် ကျောခိုင်းမှုတွင်သာ ဖွတ်ပေ၍နေနေကြသည်။

၂၂။ မျက်နှာမှောက်၍ သွားနေသောသူသည် ပို၍ လမ်းမှန်ရရှိသူလော၊ သို့မဟုတ် ဖြောင့်မတ်သောလမ်းပေါ်တွင် ဖြောင့်တန်းစွာသွားနေသူသည် ပို၍ လမ်းမှန်ရရှိသူလော။ **၂၃။** အသင်ပြောလိုက်ပါ။ အသင်တို့အား ဖန်ဆင်းပြီး သင်တို့

အတွက် နား၊ မျက်စိနှင့် စိတ်နလုံးများကို ပြုလုပ်ပေးသောအရှင်မှာ ထိုအရှင်သာ ဖြစ်သည်။ သင်တို့သည် အနည်းငယ်သာ ကျေးဇူးတင်ကြသည်။ **၂၄။** အသင်ပြောလိုက်ပါ။ အသင်တို့အား မြေပြင်ပေါ်တွင် ဖြန့်ကျက်တော်မူသောအရှင်မှာ ထိုအရှင်ပင် ဖြစ်သည်။ ထိုအရှင့်ထံသို့သာ အသင်တို့ စုရုံးခြင်းခံကြရမည်။

၂၅။ ၎င်းတို့က "အကယ်၍ အသင်သည် မှန်ကန်ပါမူ ဤကတိသည် မည်သည့်အခါ၌ ဖြစ်မည်နည်း"ဟု ပြောကြသည်။ **၂၆။** အသင်ပြောပါ။ ဤအသိသည် အလွှာဟ့်ထံပါး၌သာ ရှိသည်။ ငါသည် ထင်ရှားစွာ သတိပေးနှိုးဆော်သူသာ ဖြစ်သည်။ **၂၇။** ထို့နောက် ယင်းကိယာမတ်သည် ၎င်းတို့အနီးသို့ ရောက်လာသည်ကို တွေ့မြင်ကြသောအခါ သွေဖည်သူတို့၏ မျက်နှာများသည် ပျက်သွားကြပေလိမ့်မည်။ ထို့နောက် "ဤသည် သင်တို့တောင်းဆိုလေ့ရှိသောအရာ ဖြစ်သည်" ဟု ပြောခြင်းခံကြရပေမည်။ **၂၈။** အသင်ပြောပါ။ အကယ်၍ အလွှာဟ်သည် ငါနှင့် ငါ၏ အပေါင်းအပါများကို ဖျက်ဆီးလိုက်လျှင် သို့မဟုတ် ငါတို့ကို သနားကြင်နာတော်မူခဲ့လျှင် သွေဖည်သူများကို နာကျင်ဖွယ်ပြစ်ဒဏ်မှ မည်သူကာကွယ်မည်နည်းဟူသည်ကို အသင်တို့ပြောကြည့်ပါ။ **၂၉။** အသင်ပြောပါ။ ထိုအရှင်မှာ ရဟ်မာန်- ကရုဏာတော်ရှင်ပင် ဖြစ်သည်။ ငါတို့သည် ထိုအရှင်ကို ယုံကြည်ကြသည်။ ထိုအရှင့်အပေါ်သာ အားထားကြသည်။ မည်သူက ထင်ရှားသောလမ်းမှားမှုဌ ရှိသည်ကို သင်တို့ မကြာမီသိကြရမည်။ **၃၀။** အသင်ပြောပါ။ ငှဲ့အားပြောပြကြကုန်။ အကယ်၍ အသင်တို့၏ရေသည် မြေအောက်ထဲသို့ ဝင်၍ ပျောက်ဆုံးသွားလျှင် မည်သူက သင်တို့အတွက် ကြည်လင် စီးတွေ့သည့် ရေကို ယူဆောင်လာပေးမည်နည်း။

၆၈။ စူရပ်ကလမ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ နူးန်၊ ကလောင်နှင့် လူတို့ရေးသည့်အရာကို ငါအရှင်သက်သေထူတော်မူသည်။ **၂။** သင်သည် မိမိအရှင်မြတ်၏ ကျေးဇူးတော်ဖြင့် သူရူးမဟုတ်ပေ။ **၃။** အမှန်စင်စစ် အသင့်အတွက် မည်သည့်အခါမျှ ကုန်ခန်းမည်မဟုတ်သော

အကျိုးကျေးဇူး ရှိသည်။ **၄။** ဇကန်စင်စစ် အသင်သည် မြင့်မားသော စာရိတ္တပေါ် တွင် ရှိသည်။ **၅။** မကြာမီ အသင်တွေ့မြင်ရမည်။ သူတို့လည်း တွေ့မြင်ကြရမည်။ **၆။** သင်တို့အနက် မည်သူက ရူးနေခဲ့သနည်းဆိုသည်ကို။ **၇။** မည်သူသည် မိမိ၏ လမ်းတော်မှ လွဲနေသည်ကို အသင့်အရှင်မြတ်က အသိဆုံးဖြစ်သည်။ ထို့ပြင် မည်သူက လမ်းမှန်ရရှိသွားသနည်းဆိုသည်ကိုလည်း အရှင်မြတ်က အသိဆုံး ဖြစ်တော်မူသည်။

၈။ သို့ရှိရာ မဟုတ်မမှန်ဟု ငြင်းဆိုသူများ၏ အဓိန့်ကို အသင် မနာခံလေနှင့်။ **၉။** အသင် အလျှော့ပေးလိုက်လျော်လျှင် သူတို့လည်း အလျှော့ပေးလိုက်လျော်ပို့ လိုလားကြသည်။ **၁၀။** ထို့ပြင် အသင်သည် အလွန်ကျိန်ဆိုသောသူ၊ သိက္ခာမဲ့သောသူ၏ စကားကို မနာခံလေနှင့်။ **၁၁။** ထိုသူသည် ရွဲ့စောင်းပြောဆိုသူ၊ လွန်စွာ ကုန်းချောကုန်းတိုက်သူ၊ **၁၂။** ကောင်းသောအမှုမှ တားမြစ်သူ၊ ကျူးကျော်ဆော်ကားသူ၊ အကုသိုလ်ကျူးလွန်သူ **၁၃။** စိတ်နလုံး မာကျောခက်ထန်သူ၊ မျိုးမစစ်သူ ဖြစ်သည်။ **၁၄။** သူသည် ဥစ္စာပစ္စည်းနှင့် သားသမီးများရှိသောကြောင့်ပင်။ **၁၅။** သူ့ကို ငါအရှင်မြတ်၏ မုက္ခပါဠိတော်များ ဖတ်ကြားပြသခြင်းခံရသောအခါ သူက "ဤသည် ရှေးယခင်က ပုံပြင်ဒဏ္ဍာရီများသာ ဖြစ်သည်"ဟု ပြောလေသည်။ **၁၆။** ငါအရှင်မြတ်သည် သူ၏နာခေါင်းပေါ် တွင် မကြာမီ တံဆိပ်ခတ်နိပ်တော်မူမည်။

၁၇။ "ငါတို့သည် နံနက်ရောက်လျှင် အသီးများခူးမည်"ဟု ကျိန်ဆိုပြောခဲ့ကြသော ဥယျာဉ်ပိုင်ရှင်များကို ငါအရှင်မြတ်သည် စမ်းသပ်မှုထဲတွင် ထည့်ခဲ့သကဲ့သို့ပင် ထို(မကွာဟ်က) သူတို့ကိုလည်း စမ်းသပ်မှုတွင် ထည့်တော်မူခဲ့သည်။ **၁၈။** ထိုဥယျာဉ်ပိုင်ရှင်များသည် အလွှာဟ်အလိုတူလျှင်ဟူ၍ ခြွင်းချက် မထားခဲ့ကြပေ။ **၁၉။** ထို့နောက် သူတို့ အိပ်နေကြချိန်တွင် အသင့်အရှင်ဘက်တော်မှ ကပ်ဘေးတစ်ခုသည် ထိုဥယျာဉ်ပေါ်မှ လှည့်ပတ်သွားခဲ့လေသည်။ **၂၀။** ထို့နောက် နံနက်ရောက်သောအခါ ယင်းဥယျာဉ်သည် ရိတ်သိမ်းထားသော လယ်ယာကဲ့သို့ ဖြစ်၍ နေခဲ့လေသည်။ **၂၁။** သို့ဖြစ်ရာ နံနက်ရောက်သောအခါ သူတို့သည် အချင်းချင်း ဟစ်အော်ကြလေသည်။ **၂၂။** အသင်တို့သည် အသီးခူလိုလျှင် မိမိတို့လယ်ယာသို့ စောစောစီးစီး ထွက်ကြကုန်။ **၂၃။** ထို့နောက် အချင်းချင်း ဤသို့ တီးတိုးစွာ ပြောကြလျက် သွားကြလေသည်။ **၂၄။** ယနေ့မည်သည့် သူဆင်းရဲကိုမျှ အသင်တို့ထံသို့

မဝင်ရောက်လာစေနှင့်။ **၂၅**။ သူတို့သည် မပေးဘဲနေနိုင်ကြမည်ဟု ကိုယ့်ကိုယ် ကိုယ် ထင်မှတ်၍ သွားခဲ့ကြသည်။ **၂၆**။ ထို့နောက် ဥယျာဉ်ကို မြင်ကြသောအခါ ငါတို့သည် လမ်းမှေ့သွားပြီဟု ပြောခဲ့ကြသည်။ **၂၇**။ သို့သာမက ငါတို့သည် လက်မဲ့ ဖြစ်သွားခဲ့ကြပြီ။ **၂၈**။ သူတို့အနက်မှ ကောင်းသောသူက (ဤသို့)ပြောသည်။ အသင်တို့သည် အလျှာဟ်သန့်ပြန့်စင်ကြယ်ကြောင်း ဘာကြောင့် မမွှေက်ဟကြ သနည်းဟု သင်တို့ကို ကျွန်ုပ် မပြောခဲ့ပါသလော။ **၂၉**။ ၎င်းတို့က ပြောကြသည်။ ကျွန်ုပ်တို့အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူသည်။ အမှန်စင်စစ် ကျွန်ုပ် တို့သည် မတရားမှု ကျူးလွန်မိသူများ ဖြစ်ကြပါသည်။ **၃၀**။ ထို့နောက် သူတို့သည် အချင်းချင်း ပြစ်တင်စွပ်စွဲလေတော့သည်။ **၃၁**။ ၎င်းတို့က ပြောကြသည်။ ကျွန်ုပ်တို့ အတွက် ပျက်စီးလေခြင်း၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ဆိုးသွမ်းခဲ့ကြသည်။ **၃၂**။ ကျွန်ုပ်တို့၏ အရှင်မြတ်သည် ထိုအစား ပို၍ကောင်းသော ဥယျာဉ်ကို ကျွန်ုပ်တို့အား ပေးတော်မူမည်ဟု မျော်လင့်ပါသည်။ ကျွန်ုပ်တို့သည် ထိုအရှင့်ဘက်သို့သာ ပြန်လှည့်ကြပါသည်။ **၃၃**။ ပြစ်ဒဏ်သည် ထိုကဲ့သို့ပင် လာလေ့ရှိသည်။ နောင်တမ လွန်၏ ပြစ်ဒဏ်သည် ထိုထက်ပင် ပို၍ ကြီးပေသည်။ ဤသူများ သိကြလျှင် ကောင်းလေစွ။

၃၄။ အမှန်စင်စစ် အလျှာဟ်ကိုကြောက်သူများအတွက် သူတို့၏ အရှင် မြတ်ထံပါးတွင် စည်းစိမ်နှင့် ပြည့်စုံသောဥယျာဉ်များ ရှိပေလိမ့်မည်။ **၃၅**။ ငါအရှင် သည် အမိန့်နာခံသူများကို အမိန့်မနာခံသူတို့နှင့် တန်းတူသတ်မှတ်ရမည်လော။ **၃၆**။ အသင်တို့ဘာဖြစ်သွားကြပြီနည်း။ မည်သို့ဆုံးဖြတ်နေကြသနည်း။ **၃၇**။ အသင် တို့ထံတွင် အသင်တို့ ဖတ်ရွတ်ကြသော ကျမ်းဂန်ရှိသလော။ **၃၈**။ ယင်းကျမ်းဂန်တွင် အသင်တို့ နှစ်သက်သောအရာသာ ရှိသလော။ **၃၉**။ အသင်တို့ ဆုံးဖြတ်သည့် အရာကိုသာ အသင်တို့ရရှိရမည်ဟု ကိယာမသ်နေ့တိုင် တည်မြဲမည့် ကျိန်ဆိုမှုကို ငါအရှင်မြတ်ထံမှ အသင်တို့ ယူထားကြသလော။ **၄၀**။ အသင်ပြောပါ။ သူတို့ထဲတွင် ဤအချက်ကို တာဝန်ယူထားသူမှာ မည်သူနည်း။ **၄၁**။ သူတို့မှာ တွဲဖက်ကိုးကွယ် ထိုက်သောသူ ရှိသလော။ သူတို့မှန်ကန်ကြလျှင် ယင်းတွဲဖက်ဘုရားများကို ခေါ် လာကြကုန်။

၄၂။ ခြေသလုံးတော် ဖွင့်လှစ်ခြင်းခံရသည့်နေ့တွင် သူတို့သည် စဂျဒဟ်

ဦးချဖို့ ခေါ်ခြင်းခံရမည်။ သို့သော်လည်း သူတို့သည် ဦးချနိုင်ကြမည်မဟုတ်ပေ။ **၄၃။** သူတို့၏အရှုများသည် ငိုက်စိုက်ကျနေလိမ့်မည်။ သူတို့အပေါ် သေးသိမ်မှုသည် လွှမ်းခြုံနေလိမ့်မည်။ သူတို့သည် ကျန်းမာသန်စွမ်းစဉ်အခါတုန်းက ပျက်ဝပ်ဦးချရန် အတွက် ခေါ်ခြင်းခံခဲ့ရသည်။ **၄၄။** သို့ဖြစ်ရာ (အို-တမန်တော်) ဤစကားကို မဟုတ်မမှန်ဟု ငြင်းဆိုသူများအား ငါအရှင်နှင့်ပင် လွှတ်ထားလိုက်ပါ။ ငါအရှင်သည် သူတို့အား သူတို့မသိအောင် ပျက်စီးမှုဆီသို့ တဖြေးဖြေးချင်း ခေါ်ဆောင်သွားမည်။ **၄၅။** ငါအရှင်မြတ်သည် ၎င်းတို့အား ဆိုင်းငံ့ပေးထားသည်။ အမှန်စင်စစ် ငါအရှင်၏ အစီအစဉ်သည် ခိုင်မြဲလှပေသည်။

၄၆။ အသင်သည် သူတို့ထံမှ အဖိုးအခတောင်းသောကြောင့် သူတို့သည် ယင်းအခွန်အခဝန်ပိ၍ နေကြသလော။ **၄၇။** သို့မဟုတ် သူတို့ထံတွင် အကွယ်၏အသိရှိပြီး သူတို့သည် ယင်းအသိကို ရေးယူနေကြသလော။ **၄၈။** သို့ဖြစ်ရာ သင်သည် သင့်အရှင် ဆုံးဖြတ်တော်မူသည်အထိ သည်းခံပါလေ။ ထို့နောက် ငါးရှင်(ယူနွတ်စ်)ကဲ့သို့ ဖြစ်မသွားလေနှင့်။ တစ်ချိန်က သူသည် ပူဆွေးဝမ်းနည်း၍ ဟစ်အော် တသခဲ့သည်။ **၄၉။** အကယ်၍ သူအရှင်မြတ်၏ ကျေးဇူးတော်သာမပါလျှင် သူသည် ရွှတ်ချခံရသူအဖြစ်နှင့် သစ်ပင်၊ ဝါးပင်မရှိသော လွင်ပြင်တွင် ပစ်ထားခြင်း ခံခဲ့ရပေမည်။ **၅၀။** ထို့နောက် သူအရှင်မြတ်က သူအားရွေးချယ်တော်မူပြီး သူတော်ကောင်းများတွင် ပါဝင်စေတော်မူခဲ့သည်။ **၅၁။** ဤသွေဖည်သူများသည် တရားစကားကို ကြားကြသောအခါတွင် ၎င်းတို့သည် မိမိတို့၏အကြည့်ဖြင့် အသင့်အား လွှဲချော်သွားအောင် လုပ်တော့မည်ကဲ့သို့ ဖြစ်သွားကြသည်။ ထို့နောက် ၎င်းတို့က "ဤသူသည် မုချ သူရူးဖြစ်သည်"ဟု ပြောကြသည်။ **၅၂။** အမှန်မှာ ယင်းကုရ်အာန်သည် စကြဝဠာအပေါင်းအဖို့ ဆုံးမသြဝါဒတော်တစ်ရပ်သာ ဖြစ်ပေသတည်း။

၆၉။ စူရပ်အလ်ဟာက်ကဟ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အမှန်တကယ် ဖြစ်ပေါ်မည့်အရာ။ **၂။** ထိုအမှန်တကယ် ဖြစ်ပေါ်မည့်အရာဟူသည် အဘယ်နည်း။ **၃။** ထိုအမှန်တကယ် ဖြစ်ပေါ်မည့်အရာမှာ အဘယ်နည်းဟူသည်ကို အသင်သိပါလော။ **၄။** ဆမူဒ်လူမျိုးနှင့် အာဒ်လူမျိုးတို့သည် ပြင်းထန်စွာ ရိုက်ခတ်မည့်အရာ (ကိယာမသ်)ကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ **၅။** ဆမူဒ်လူမျိုးများသည် အတိုင်းထက်အလွန် ပြင်းထန်သည့် အော်သံဖြင့် ဖျက်ဆီးခြင်းခံခဲ့ရသည်။ **၆။** အာဒ်လူမျိုးတို့မှာမူ အလွန်အေးပြီး ပြင်းထန်သော လေမုန်တိုင်းဖြင့် ဖျက်ဆီးခြင်းခံခဲ့ရသည်။ **၇။** အရှင်မြတ်သည် ယင်းမုန်တိုင်းကို သူတို့အပေါ်၌ ခုနစ်ညနှင့် ရှစ်ရက်တိုင်တိုင် လွှမ်းမိုးထားခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် အခေါင်းဖြစ်နေသော စွန်ပလွံပင်စည်များကဲ့သို့ လဲ၍ကျနေသည်ကို အသင်မြင်ရမည်။ **၈။** သူတို့ထဲက တစ်ဦးတစ်ယောက်လောက် ကျန်ခဲ့သည်ကို အသင်တွေ့ပါသလော။ **၉။** ထို့ပြင် ဖွရ်အောင်၌၊ သူ့အလျင်က လူတို့နှင့် ပြောင်ပြန်လှန်ခြင်းခံလိုက်ရသောရွာများသည်လည်း အပြစ်ကျူးလွန်ခဲ့သည်။ **၁၀။** သူတို့သည် မိမိတို့အရှင်၏ တမန်တော်ကို ဗီဆန်ခဲ့သောကြောင့် အလ္လာဟ်သည် သူတို့အား ပြင်းထန်စွာ ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ **၁၁။** ထို့နောက် ရေသည် အတိုင်းထက်အလွန်ကြီးလာသောအခါ ငါအရှင်သည် အသင်တို့အား သင်္ဘောပေါ်တွင် စီးနင်းလိုက်ပါစေတော်မူခဲ့သည်။ **၁၂။** အကြောင်းမှာ ငါအရှင်သည် ယင်းအဖြစ်အပျက်ကို သင်တို့အတွက် အမှတ်တရအဖြစ်လုပ်တော်မူရန်နှင့် မှတ်သားသောနားများက ယင်းအဖြစ်အပျက်ကို မှတ်သားထားကြရန်အတွက် ဖြစ်သည်။

၁၃။ တံပိုးခရာကို တစ်ချက်တည်း မှုတ်လိုက်သောအခါ **၁၄။** မြေပထဝီနှင့် တောင်များကို မ၍ တစ်ချက်တည်း အစိတ်စိတ် အမှာမှာလုပ်ခြင်းခံရသောအခါ **၁၅။** ထိုနေ့တွင် ဖြစ်ပျက်မည့် အဖြစ်အပျက်များသည် ဖြစ်ပျက်သွားလိမ့်မည်။ **၁၆။** ထို့နောက် မိုးကောင်းကင်သည် ကွဲပြဲသွားပြီးနောက် ထိုနေ့တွင် ချည့်နဲ့သွားလိမ့်မည်။ **၁၇။** ကောင်းကင်တမန်များသည် ယင်းမိုးကောင်းကင်၏ အစွန်အဖျားများတွင်

ရှိလိမ့်မည်။ ထိုနေ့တွင် အသင့်အရှင်၏ ပလ္လင်တော်ကို ကောင်းကင်တမန် ရှစ်ပါးက ထမ်းထားလိမ့်မည်။ **၁၈။** ထိုနေ့တွင် အသင်တို့သည် ရှေ့သို့တင်ဆက်ခြင်းခံကြရမည်။ အသင်တို့၏ မည်သည့်အရာမျှ ဖုံးကွယ်နေမည်မဟုတ်ပေ။

၁၉။ သို့ဖြစ်ရာ ယာဘက်လက်တွင် ကုသိုလ်မှတ်တမ်း ပေးခြင်းခံရသူသည် "ရော့-ကျနုပ်၏ ကုသိုလ်မှတ်တမ်းကို ဖတ်ကြပါ"ဟု ပြောလိမ့်မည်။ **၂၀။** ကျနုပ်သည် စစ်ကြောမှုနှင့် တွေ့ရမည်ဟု အလျင်ကပင် ထင်မှတ်ထားခဲ့သည်။ **၂၁။** သို့ဖြစ်ရာ သူသည် နှစ်လိုဖွယ်ကောင်းသောဘဝတွင် နေရမည်။ **၂၂။** မြင့်မားသော ဥယျာဉ်၌၊ **၂၃။** ဥယျာဉ်၏အသီးများသည် ကိုင်းညွှတ်နေလိမ့်မည်။ **၂၄။** အသင်တို့သည် လွန်ခဲ့သည့်ရက်များက လုပ်ခဲ့သည့် လုပ်ဆောင်မှုများကြောင့် ယခု အရသာရှိရှိ စားကြ၊ သောက်ကြကုန်။ **၂၅။** ကုသိုလ်မှတ်တမ်းကို ဝဲဘက်လက်တွင် ပေးခြင်းခံရသူမှာမူ ဤသို့ တမ်းတလိမ့်မည်။ "ငါ၏ကုသိုလ်မှတ်တမ်း ငါ့အား ပေးခြင်းမခံရလျှင် ကောင်းလေစွ၊ **၂၆။** ငါ၏စာရင်းအင်းကိုလည်း မသိခဲ့ရလျှင် ကောင်းလေစွ၊ **၂၇။** ဩော်-ငါ၏သေဆုံးခြင်း သည် အားလုံး၏အဆုံးသတ်ဖြစ်ခဲ့လျှင် ကောင်းလေစွ။ **၂၈။** ငါ၏ဥစ္စာပစ္စည်းများသည် ငါ့အတွက် မသုံးမဝင်ခဲ့ပေ။ **၂၉။** ငါ၏ အာဏာသည်လည်း အဆုံးသတ်သွားလေပြီ"။ **၃၀။** ထိုသူကို ဖမ်းဆီးကြ၊ ထို့နောက် သူ့ကို သံလည်ကွင်းများ စွပ်ကြ။ **၃၁။** ထို့နောက် သူ့ကို ဂျဟန္နမ်ငရဲဘုံထဲသို့ ထည့်လိုက်ကြ။ **၃၂။** ထို့နောက် အတောင်ခုနစ်ဆယ်ရှိသော သံကြိုးဖြင့် သူ့ကို ချည်နှောင်ကြ။ **၃၃။** ဤသူသည် ကြီးကျယ်လှသော အလ္လာဟ်ကို မယုံကြည်ခဲ့ပေ။ **၃၄။** ထို့ပြင် သူသည် သူဆင်းရဲများကို ကျွေးမွေးဖို့လည်း မတိုက်တွန်းခဲ့ပေ။ **၃၅။** သို့ဖြစ်ရာ ယနေ့ ဤနေရာတွင် သူ့အတွက် အဆွေခင်ပွန်းတစ်ယောက်မျှ ရှိမည်မဟုတ်။ **၃၆။** အနာကို ဆေးထားသော ရေညစ်ရေပုပ်မှလွဲ၍ စားသောက်စရာလည်း ရှိမည်မဟုတ်။ **၃၇။** ယင်းကို အပြစ်ရှိသူများမှလွဲ၍ အခြားမည်သူမျှ စားရမည်မဟုတ်ပေ။

၃၈။ ငါအရှင်သည် အသင်တို့တွေ့ရှိရသော အရာများကို သက်သေထူတော်မူသည်။ **၃၉။** အသင်တို့ မတွေ့ရသော အရာများကိုလည်း သက်သေထူတော်မူသည်။ **၄၀။** အမှန်စင်စစ် ဤသည် ဂုဏ်သရေနှင့်ပြည့်စုံသော တမန်တော်၏ စကားဖြစ်သည်။ **၄၁။** ယင်းသည် ကဗျာဆရာတစ်ဦးဦး၏စကား မဟုတ်ပေ။ အသင်တို့သည် အနည်းငယ်သာ ယုံကြည်ကြသည်။ **၄၂။** ထို့ပြင် ဤသည် ဗေဒင်

ဆရာတစ်ဦးဦး၏ စကားလည်း မဟုတ်ပေ။ အသင်တို့သည် အနည်းငယ်သာ စဉ်းစားကြသည်။ **၄၃။** စကြဝဠာအပေါင်း၏ အရှင်ထံမှ ချေးခြင်းခံရသော ကျမ်းဂန်ဖြစ်သည်။ **၄၄။** အကယ်၍ ဤသူသည် စကားကို လုပ်ကြံ၍ ငါအရှင်မြတ် ဘက်သို့ ဆက်နွှယ်ခဲ့ပါမူ **၄၅။** ငါအရှင်မြတ်သည် ၎င်း၏ လက်ယာလက်ကို ဖမ်းကိုင်တော်မူလိုက်မည်။ **၄၆။** ထို့နောက် ငါအရှင်မြတ်သည် သူ၏ နှလုံးသွေးကြောကို ဖြတ်တောက်တော်မူလိုက်မည်။ **၄၇။** ထို့နောက် သင်တို့အနက် မည်သူမျှ သူ့ကို ကာကွယ်ရန် ငါအရှင်မြတ်ကို တားဆီးနိုင်မည်မဟုတ်ပေ။ **၄၈။** အမှန်စင်စစ် ဤသည် အလွှာဟ်ကို ကြောက်သူများအတွက် အဆုံးအမ ဖြစ်သည်။ **၄၉။** ထို့ပြင် အသင်တို့ထဲတွင် မဟုတ်မမှန်ဟု ငြင်းဆိုသူများရှိကြောင်းကိုလည်း ငါအရှင်သိတော်မူသည်။ **၅၀။** ထို့ပြင် ဤ(ကျမ်းဂန်)သည် သွေဖည်သူများအတွက် နောင်တရစရာအကြောင်း ဖြစ်လိမ့်မည်။ **၅၁။** ထို့ပြင် ဤသည် သေချာသော အမှန်တရား ပင်ဖြစ်သည်။ **၅၂။** သို့ရှိရာ သင်သည် ကြီးကျယ်လှစွာသော မိမိအရှင်မြတ်၏ နာမတော်ဖြင့် အရှင်မြတ် သန့်ပြန့်စင်ကြယ်ကြောင်းကို မြွက်ဆို၍နေပါ။

၇၀။ စူရပ်မအာရိဂ်ိ

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလွှာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ တောင်းဆိုသူတစ်ဦးသည် ကျရောက်မည့် ပြစ်ဒဏ်ကို တောင်းဆိုခဲ့သည်။ **၂။** သွေဖည်သူများအတွက် ယင်းပြစ်ဒဏ်ကို မည်သူမျှ မတားဆီးနိုင်ပေ။ **၃။** ယင်းပြစ်ဒဏ်သည် အထက်သို့တက်သောလမ်းများအားလုံးကို ပိုင်စိုးတော်မူသော အရှင်ထံမှ ဖြစ်သည်။ **၄။** ကောင်းကင်တမန်များနှင့် ဂျိဗ်ရာအီးလ်တို့သည် နှစ်ပေါင်း ငါးသောင်းနှင့်ညီမျှသော နေ့တစ်နေ့တွင် ထိုအရှင့်ထံသို့ တက်ရောက်သွားကြသည်။ **၅။** သို့ဖြစ်ရာ သင်သည် လုပကောင်းမွန်သော သည်းခံခြင်းမျိုဖြင့် သည်းခံ၍နေပါ။ **၆။** သူတို့သည် ထိုပြစ်ဒဏ်ကို ဝေးသည်ဟု မြင်ကြသည်။ **၇။** ငါအရှင်မြတ်ကမူ နီးသည်ဟု မြင်တော်မူသည်။ **၈။** ထိုနေ့တွင် မိုးကောင်းကင်သည်

ဆီ၏အနည်းကဲ့သို့ ဖြစ်သွားမည်။ **၉။** ထို့ပြင် တောင်သည် အရောင်ဆိုးထားသော ဝါဂွမ်းကဲ့သို့ ဖြစ်သွားလိမ့်မည်။ **၁၀။** မည်သည့်မိတ်ဆွေမှ အခြားမိတ်ဆွေကို မေးမြန်းမည်မဟုတ်ပေ။ **၁၁။** သူတို့သည် အချင်းချင်း ပြသခြင်းလည်း ခံရမည်။ အပြစ်ရှိသောသူသည် ထိုနေ့၏ပြစ်ဒဏ်မှ လွတ်မြောက်ရန်အတွက် မိမိ၏သားသမီးများကို လျော်ကြေးအဖြစ် ပေးရန်ပင် လိုလားပေလိမ့်မည်။ **၁၂။** ထို့ပြင် မိမိဇနီးနှင့် မိမိနောင်တော်ကို၊ **၁၃။** မိမိအား ခိုလှုံခွင့်ပေးထားသော ဆွေမျိုးများကို၊ **၁၄။** ထို့ပြင် ကမ္ဘာမြေပေါ်တွင် နေထိုင်သော သူအားလုံးကို (လျော်ကြေးအဖြစ်ပေး၍) ကိုယ့်ကိုယ်ကိုယ် ကယ်တင်လိုကြပေလိမ့်မည်။

၁၅။ ထိုသို့ လုံးဝမဖြစ်နိုင်ပေ။ အမှန်မှာ ဤသည် မီးတောက်မီးလျှံ ဖြစ်သည်။ **၁၆။** ယင်းမီးသည် သားရေကို ခွာပစ်မည်။ **၁၇။** ယင်းမီးသည် ကျောခိုင်း၍ လှည့်ထွက်သွားသူတိုင်းကို ခေါ်လိမ့်မည်။ **၁၈။** ဥစ္စာပစ္စည်းကို စုဆောင်း၍ သိုမှီးထားသူကို (ခေါ်လိမ့်မည်။) **၁၉။** အမှန်စင်စစ် လူသားသည် ဇွဲသတ္တိနည်းသူအဖြစ် ဖန်ဆင်းခံရသည်။ **၂၀။** သူသည် ဒုက္ခကြုံလာလျှင် ထိတ်လန့်သွားသည်။ **၂၁။** ချမ်းသာသောအခါတွင် တွန့်တိုစေးနဲလေသည်။ **၂၂။** သို့သော် စွလားသ်ဝတ်ပြုသော သူများမှာ ထိုသို့မဟုတ်ပေ။ **၂၃။** သူတို့သည် မိမိတို့၏စွလားသ်ဝတ်ပြုမှုကို မြဲမြံစွာ ဆောက်တည်ကြသည်။ **၂၄။** ထို့ပြင် ၎င်းတို့၏ ဥစ္စာပစ္စည်းများတွင် သတ်မှတ်ထားသော အခွင့်အရေး ရှိသည်။ **၂၅။** တောင်းရမ်းသောသူနှင့် လက်မဲ့ဖြစ်နေသူများအတွက်။ **၂၆။** ထို့ပြင် သူတို့သည် မျှတစွာ အစားပေးမည့်နေ့ကို ယုံကြည်ကြသည်။ **၂၇။** ထို့ပြင် သူတို့သည် မိမိတို့အရှင်၏ ပြစ်ဒဏ်ကို ကြောက်ရွံ့ကြသည်။ **၂၈။** အမှန်စင်စစ် သူတို့အရှင်၏ ပြစ်ဒဏ်သည် မစိုးရိမ်ရသော အရာမဟုတ်ပေ။ **၂၉။** ထို့ပြင် ၎င်းတို့သည် မိမိတို့အရှက်အင်္ဂါများကို ထိန်းသိမ်းကြသည်။ **၃၀။** သို့သော် မိမိတို့၏ ဇနီးကြင်ရာများနှင့် ကျွန်မများအပေါ်တွင်၊ အကြောင်းမှာ (ယင်းမိန်းမများနှင့် ဆက်ဆံခြင်းအပေါ်တွင်မူ) သူတို့သည် အပြစ်တင်ခြင်းခံရမည့်သူများ မဟုတ်ပေ။ **၃၁။** ထို့ပြင် ယင်းမိန်းမများမှအပ ကျန်အရာများကို လိုက်စားသူများသည် အမှန်မှာ စည်းဘောင်ကျော်သူများသာ ဖြစ်ကြသည်။ **၃၂။** ထို့ပြင် သူတို့သည် မိမိတို့ထံအပ်နှံထားသောပစ္စည်းနှင့် မိမိတို့၏ ကတိကဝတ်ကို စောင့်ထိန်းကြသည်။ **၃၃။** ထို့ပြင် သူတို့သည် မိမိတို့၏ သက်သေထွက်ဆိုချက်များပေါ်တွင် ရပ်တည်ကြ

သည်။ **၃၄။** ထို့ပြင် သူတို့သည် မိမိတို့၏ စွလားသ်ကို ထိန်းသိမ်းကြသည်။ **၃၅။** ဤသူများသာလျှင် ဥယျာဉ်ဘုံများတွင် သိက္ခာနှင့် နေကြရမည်။

၃၆။ ထိုသွေဖည်သူများသည် မည်သို့ဖြစ်ကြသနည်း။ အသင့်ထံသို့ အပြေးအလွှားလာနေကြပါလား။ **၃၇။** အုပ်စုအသီးသီးဖွဲ့၍ ယာဘက်ကရော၊ ဝဲဘက်ကရော။ **၃၈။** အသို့နည်း၊ စည်းစိမ်ရှိသော ဥယျာဉ်တွင် ဝင်ရောက်ရရန် သူတို့ထဲမှ တစ်ဦးတိုင်းသည် ဆန္ဒရှိကြသလော။ **၃၉။** ထိုသို့အလျဉ်းဖြစ်မည်မဟုတ်၊ ငါအရှင်မြတ်သည် သူတို့သိသောအရာမှ သူတို့အား ဖန်ဆင်းတော်မူခဲ့သည်။

၄၀။ နေထွက်ရာအရပ်များနှင့် နေဝင်ရာအရပ်များ၏ အရှင်သခင်ကို ငါအရှင် သက်သေထူတော်မူသည်။ ငါအရှင်သည် တတ်စွမ်းနိုင်တော်မူသော အရှင်ဖြစ်သည်။ **၄၁။** ၎င်းတို့၏နေရာတွင် ၎င်းတို့ထက် ပိုကောင်းသောသူများကို အစားထိုးယူဆောင်လာတော်မူရန်။ ငါအရှင်သည် မတတ်စွမ်းနိုင်သူ မဟုတ်ပေ။ **၄၂။** သို့ဖြစ်ရာ သူတို့သည် အချည်းနှီးစကားများတွင် နစ်မွန်း၍ ဆော့ကစားနေကြရန် အသင်သည် သူတို့အား လွှတ်ထားပါလေ။ နောက်ဆုံးတွင် သူတို့သည် မိမိတို့ ကတိပြုခြင်း ခံထားရသောနေ့နှင့် တွေ့ဆုံကြရပေမည်။ **၄၃။** ထိုနေ့တွင် သူတို့သည် ရုပ်တုများ ဆီသို့ ပြေးလွှားသည့်အလား သချိုင်းတွင်းမှ လျင်မြန်စွာ ထွက်ကြမည်။ **၄၄။** ၎င်းတို့၏ အရှုများသည် ငိုက်စိုက်ကျနေလိမ့်မည်။ သူတို့အပေါ်တွင် သေးသိမ်မှု လွှမ်းခြုံလျက် ရှိမည်။ ဤသည် သူတို့အား ကတိပြုထားသောနေ့ပင် ဖြစ်သည်။

၇၁။ စူရပ်နူးဟ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အမှန်စင်စစ် ငါအရှင်သည် နူးဟ်ကို သူ၏အမျိုးသားများထံ စေလွှတ်တော်မူခဲ့သည်။ သင့်အမျိုးသားများအား သူတို့ထံ နာကျင်ဖွယ်အပြစ်ဒဏ် ရောက်မလာမီအလျင် သတိပေးနှိုးဆော်ပါ။ **၂။** ၎င်းကပြောသည်။ အို-ငါ၏အမျိုးသားတို့၊ ငါသည် အသင်တို့အတွက် ထင်ထင်ရှားရှား သတိပေးနှိုးဆော်သူတစ်ဦး ဖြစ်သည်။ **၃။** အသင်တို့သည် အလ္လာဟ်ကို ဆည်းကပ်ကိုးကွယ်ကြကုန်။ ထိုအရှင်မြတ်ကိုသာ

ကြောက်ရွံ့ကြကုန်။ ထို့နောက် ငါ၏အမိန့်ကို နာခံကြကုန်။ **၄။** အလ္လာဟ်သည် သင်တို့၏ အပြစ်များကို ခွင့်လွှတ်တော်မူမည်။ ထို့ပြင် အသင် တို့အား သတ်မှတ်ထားသော အချိန်ကာလတစ်ခုထိ ထားတော်မူမည်။ အမှန်စင်စစ် အလ္လာဟ် သတ်မှတ်ထားသော အချိန်ကာလသည် ရောက်လာပြီဆိုလျှင် နောက်ဆိုင်းခြင်းခံရမည်မဟုတ်ပေ။ ဤသည်ကို အသင်တို့ သိကြလျှင် ကောင်းလေစွ။

၅။ နူးဟ်ကပြောသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးသည် မိမိ၏အမျိုးသားများကို နေ့ရော၊ ညပါ ဖိတ်ခေါ်ခဲ့သည်။ **၆။** သို့သော်လည်း ကျွန်တော်မျိုး၏ ဖိတ်ခေါ်မှုသည် ၎င်းတို့အား ပို၍ပင် (ဝေးရာကို) ရှောင်ပြေးစေခဲ့သည်။ **၇။** အရှင်မြတ်သည် ၎င်းတို့အား ခွင့်လွှတ်ပေးတော်မူရန်အတွက် သူတို့ကို ကျွန်တော်မျိုး ဖိတ်ခေါ်သည့်အခါတိုင်း သူတို့သည် မိမိတို့၏လက်ချောင်းများကို နားများတွင် ထည့်လိုက်ကြသည်။ အဝတ်များကို ခြုံလိုက်ကြသည်။ ပေကတ်၍ နေကြသည်။ အလွန်မာနထောင်လွှားကြသည်။ **၈။** ထို့နောက် ကျွန်တော်သည် ၎င်းတို့ကို အော်ဟစ်၍ ဖိတ်ခေါ်ခဲ့သည်။ **၉။** ကျွန်တော်မျိုးသည် ၎င်းတို့အား ပေါ်ပေါ်ထင်ထင်လည်း ဖိတ်ခေါ်ခဲ့သည်။ တိုးတိုးတိတ်တိတ်လည်း ရှင်းပြခဲ့သည်။ **၁၀။** ကျွန်တော်မျိုးက ပြောဆိုခဲ့သည်။ သင်တို့သည် မိမိတို့အရှင်ထံမှ ခွင့်လွှတ်မှုကို တောင်းခံကြကုန်။ အမှန်စင်စစ် ထိုအရှင်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင် ဖြစ်သည်။ **၁၁။** အရှင်မြတ်သည် အသင်တို့ပေါ်တွင် မိုးကောင်းကင်မှ မိုးများစွာ ရွာသွန်းပေးမည်။ **၁၂။** ထို့ပြင် အသင်တို့၏ဥစ္စာပစ္စည်းနှင့် သားသမီးရတနာများကိုလည်း တိုးပွား၍ ပေးတော်မူမည်။ ထို့နောက် သင်တို့အတွက် ဥယျာဉ်ခြံမြေများကိုလည်း လုပ်ပေးတော်မူမည်။ စမ်းချောင်းများကိုလည်း ဖန်တီးပေးတော်မူမည်။

၁၃။ အသင်တို့သည် အသို့ ဖြစ်ကြသနည်း။ အလ္လာဟ်အဖို့ ထူးကဲမြင့်မြတ်မှုကိုတောင် မမျှော်လင့်ကြလေသလော။ **၁၄။** စင်စင် အရှင်မြတ်ကပင် အသင်တို့ကို ပုံစံအမျိုးမျိုးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ **၁၅။** အလ္လာဟ်သည် မိုးခုနစ်ထပ်ကို အထပ်ထပ် မည်သို့ ဖန်ဆင်းထားသနည်းဆိုသည်ကို အသင်တို့ မမြင်တွေ့ကြသလော။ **၁၆။** ထို့ပြင် အရှင်မြတ်သည် ယင်းမိုးကောင်းကင်တွင် လစန္ဒာကို လင်းရောင်ခြည်အဖြစ်၊ သူရိယနေမင်းကို မီးတိုင်အဖြစ် ပြုလုပ်တော်မူခဲ့သည်။ **၁၇။**

အလ္လာဟ်သည် အသင်တို့အား ပထဝီမြေပြင်မှ ထူးခြားသောအစီအစဉ်ဖြင့် ပေါက်ရောက်စေတော်မူခဲ့သည်။ **၁၈။** တစ်ဖန် အရှင်မြတ်သည် အသင်တို့အား မြေပထဝီထဲသို့ ပြန်ပို့တော်မူမည်။ ထို့နောက် အသင်တို့ကို ယင်းမြေမှ အပြင်သို့ ထွက်စေတော်မူမည်။ **၁၉။** အလ္လာဟ်သည် အသင်တို့အဖို့ မြေပထဝီကို ညီညာစွာ ဖြန့်ခင်းပေးတော်မူသည်။ သို့ဖြင့် ယင်း၏ ကျယ်ဝန်းသော လမ်းများတွင် အသင်တို့သွားလာကြရန်ဖြစ်သည်။

၂၁။ နူးဟ်က လျှောက်ထားသည်။ အို-ကျွန်တော်မျိုး၏အရှင်၊ ၎င်းတို့သည် ကျွန်တော်မျိုး၏ ပြောစကားကို နားမထောင်ကြဘဲ အကြင်သူများ၏ နောက်သို့ လိုက်ကြ၏။ ထိုသူတို့၏ ဥစ္စာပစ္စည်းနှင့် သားသမီးများသည် သူတို့အား ဆုံးရှုံးမှုတွင်သာ တိုးပွားစေခဲ့သည်။ **၂၂။** သူတို့သည် ကြီးမားသော အကြံအစည်များကို ချမှတ်ခဲ့ကြသည်။ **၂၃။** ထို့ပြင် သူတို့က ပြောကြသေးသည်။ မိမိတို့၏ ကိုးကွယ်ရာများကို အသင်တို့ လုံးဝ မစွန့်လွှတ်ကြနှင့်။ ဝဒ်၊ စုဝါအဲ၊ ယဂူးဆ်၊ ယအူးဂ်နှင့် နစ်ရ်(အစရှိသော ဘုရားရှုပ်တု) တို့ကို လုံးဝ မစွန့်လွှတ်ကြနှင့်။ **၂၄။** သူတို့သည် လူအမြောက်အများကို လမ်းလွဲစေခဲ့ကြသည်။ ယခုမူ ထိုမတရားမှုကျူးလွန်သူတို့ကို လမ်းလွဲမှု၌သာလျှင် တိုးပွားစေတော်မူပါ။ **၂၅။** သူတို့သည် မိမိတို့၏ပြစ်မှုများကြောင့် နှစ်မြုပ်ခြင်းခံခဲ့ကြရသည်။ ထို့နောက် မီးထဲသို့ ထည့်သွင်းခြင်း ခံခဲ့ကြရသည်။ သို့ရှိရာ သူတို့သည် မိမိတို့အဖို့ အလ္လာဟ်မှကယ်တင်ရန် မည်သည့် ကူညီစောင်မမည့်သူမျှ မတွေ့ခဲ့ကြပေ။

၂၆။ နူးဟ်က လျှောက်ထားသည်။ အို- ကျွန်တော်မျိုး၏အရှင်၊ အရှင်မြတ်သည် ငြင်းဆန်သူကာဖိရ်တို့အနက်မှ မည်သည့် နေထိုင်သူတစ်ဦးတစ်ယောက်ကိုမျှ ကမ္ဘာမြေပေါ် နေထိုင်ရန် ထားတော်မမူပါနှင့်။ **၂၇။** အကယ်၍ အရှင်မြတ်သည် သူတို့အား လွှတ်ထားတော်မူခဲ့ပါလျှင် သူတို့သည် အရှင့်ကျေးကျွန်များအား လမ်းလွဲအောင်လုပ်ကြလိမ့်မည်။ ထို့ပြင် သူတို့၏ မျိုးရိုးမှ ပေါက်ဖွားလာမည့် သူများသည်လည်း ဆိုးယုတ်သူနှင့် အလွန်ငြင်းဆန်သူများသာ ဖြစ်ကြပေလိမ့်မည်။ **၂၈။** အို-ကျွန်တော်မျိုး၏အရှင်။ ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ ကျွန်တော်မျိုး၏ မိဘနှစ်ပါးကိုလည်း ခွင့်လွှတ်ချမ်းသာတော်မူပါ။ ကျွန်တော်မျို ့၏ အိမ်၌ မုအ်မင်နဲယုံကြည်သူအဖြစ် ဝင်ရောက်သူကိုလည်း ခွင့်လွှတ်ချမ်းသာပေး

တော်မူပါ။ ထိုပြင် မုအ်မင်နအမျိုးသား၊ အမျိုးသမီးအားလုံးကိုလည်း ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ ထိုပြင် မတရားကျူးလွန်သူများအတွက် ပျက်စီးခြင်းမှ လွှဲ၍ အခြားမည်သည့်အရာဌ်မှ တိုးပွားစေတော်မမူပါနင့်။

၇၂။ ဗူရဟ်ဂျင်န်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အသင်ပြောပါ။ ငါ့ထံသို့ ဤသို့ ဝဟီကျရောက်လာခဲ့သည်။ ဂျင်နအုပ်စုတစ်စုသည် ကုရ်အာန်ကြားနာခဲ့ကြပြီး "ငါတို့သည် အံ့ဖွယ်ကုရ်အာန်ကျမ်းတစ်စောင်ကို ကြားနာခဲ့ကြရပါသည်။" **၂။** ယင်းကျမ်းသည် လမ်းမှန်ညွှန်ပြသည့်အတွက် ငါတို့သည် အီမာန်ယုံကြည်လိုက်ကြ၏။ ငါတို့သည် မိမိတို့၏ အရှင်နှင့် မည်သူ့ကိုမျှ တုဘက်နှိုင်းယှဉ်ကိုးကွယ်မှုမပြုတော့ပေ။ **၃။** ထို့ပြင် ငါတို့၏ အရှင်သည် ဂုဏ်ကျက်သရေအလွန်မြင့်မားလှ၏။ အရှင်မြတ်သည် ဇနီးမိန်းမလည်း မထား၊ သားသမီးလည်း မထားရှိခဲ့ပေ။ **၄။** ထို့ပြင် ငါတို့အနက်မှ ဉာဏ်ရည်နိမ့်သူသည် အရှင်မြတ်နှင့်ပတ်သက်ပြီး အလွန်မှားယွင်းသော စကားများကို ပြောဆိုခဲ့သည်။ **၅။** လူသားများနှင့် ဂျင်နများသည် အလ္လာဟ်နှင့် ဆန့်ကျင်ပြီး မုသားစကားလုံးဝ ဆိုကြလိမ့်မည်မဟုတ်ဟု ငါတို့ ထင်မှတ်ခဲ့ကြသည်။ **၆။** ထို့ပြင် လူတို့အနက် အချို့သည် ဂျင်နများထဲမှ အချို့ထံ ခိုလှုံလေ့ရှိကြပေရာ သူတို့သည် ဂျင်နများ၏ မောက်မာမှုကို ပိုမိုတိုးပွားစေလိုက်ကြတော့သည်။ **၇။** အလ္လာဟ်သည် မည်သူ့ကိုမျှ ပြန်လည်ရှင်ထစေတော်မူမည် အလျှင်းမဟုတ်ဟု အသင်တို့ ထင်ခဲ့ကြသည့်အတိုင်း သူတို့လည်း ထင်မှတ်ခဲ့ကြသည်။

၈။ ကျွန်ုပ်တို့သည် ကောင်းကင်ကို ဆန်းစစ်ကြည့်ကြသည့်အခါ ယင်းကောင်းကင်သည် အလွန်ပြင်းထန်သော အစောင့်အကြပ်များနှင့် မီးလျှံများဖြင့် ပြည့်နှက်နေသည်ကို တွေ့ရှိခဲ့ကြသည်။ **၉။** ထိုပြင် ကျွန်ုပ်တို့သည် ကောင်းကင်

ရှိ တချို့နေရာများတွင် နားထောင်ရန် ထိုင်လေ့ရှိခဲ့ကြသည်။ ယခုအခါ မည်သူမဆို နားထောင်ချင်ပါမူ သူသည် အသင့်စောင့်နေသော မီးခဲတစ်ခုကို ရရှိပေမည်။ **၁၀။** ဤသည် ပထဝီမြေပြင်၌ ရှိသူတို့အဖို့ မကောင်းတစ်ခုခု ရည်ရွယ်ခဲ့သည်လော သို့မဟုတ် သူတို့၏ အရှင်က သူတို့အတွက် အကောင်းကို ရည်ရွယ်ခဲ့သလောဆို သည်ကို ကျွန်ုပ်တို့ မသိကြပေ။ **၁၁။** ထို့ပြင် ကျွန်ုပ်တို့တွင်လည်း အချို့မှာ သူတော်ကောင်းများ ဖြစ်ကြပြီး အချို့မှာမူ ထိုမှတစ်ပါးသောသူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဂိုဏ်းဂဏအသီးသီး ဖြစ်ခဲ့ကြသည်။ **၁၂။** ထို့ပြင် ကျွန်ုပ်တို့သည် ပထဝီမြေပြင်၌ အလွှာဟ်အား မစွမ်းအောင် လုံး၀ ပြုလုပ်နိုင်ကြမည်မဟုတ်ကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်ပြီး အရှင့်ကို မစွမ်းအောင် ပြုလုပ်နိုင်ကြမည်မဟုတ်ကြောင်းလည်း သိရှိနားလည်သွားကြပေပြီ။ **၁၃။** ထို့ပြင် ကျွန်ုပ်တို့သည် တရားလမ်းမှန်ကို ကြားနာကြရသည့်အခါ အရှင့်ကို အီမာန်ယုံကြည်လိုက်ကြ၏။ သို့ရှိရာ အကြင်မည်သူမဆို မိမိ၏ အရှင်ကို အီမာန်ယုံကြည်ပါလျှင် သူသည် မည်သည့် လျော့နည်းမှုကိုမျှ စိုးရိမ်ရမည်မဟုတ်၊ မည်သည့် လွန်ကဲမှုကိုမျှလည်း စိုးရိမ်ရမည်မဟုတ်ပေ။ **၁၄။** ထို့ပြင် ကျွန်ုပ်တို့အနက် အချို့မှာ အမိန့်နာခံသူများ ဖြစ်ကြပြီး ကျွန်ုပ်တို့အနက် အချို့မှာ လမ်းလွဲနေသူများ ဖြစ်ကြ၏။ သို့ရှိရာ အကြင်မည်သူ မဆို အမိန့်နာခံသည်ဆိုလျှင် ၎င်းတို့သည် ကောင်းမြတ်သော လမ်းစဉ်အား ရှာဖွေလိုက်ကြခြင်း ဖြစ်သည်။ **၁၅။** ထို့ပြင် လမ်းလွဲနေသူများမှာမူ အပါယ်ဝရဲ၏ လောင်စာထင်းများ ဖြစ်သွားကြပေမည်။

၁၆။ ထို့ပြင် (ငါသည် ဤသို့ ဗျာဒိတ်တော်ရရှိသည်။) အကယ်၍သာ ၎င်းတို့သည် လမ်းမှန်အပေါ် ရပ်တည်ခဲ့ကြသည်ဆိုလျှင် ငါအရှင်သည် သူတို့ကို ရေကို အလွန်မှ ဖောဖောသီသီ တိုက်ကျွေးတော်မူမည်။ **၁၇။** သို့မှသာ ငါအရှင်သည် သူတို့အား ယင်းကိစ္စနှင့် ပတ်သက်ပြီး စမ်းသပ်တော်မူမည်။ အကြင်မည်သူမဆို မိမိအရှင်အား တသသတိရခြင်းမှ မျက်နှာလွှဲမည်ဆိုလျှင် ငါအရှင်သည် ၎င်းအား ပြင်းထန်သော ပြစ်ဒဏ်ထဲတွင် နစ်မွန်းစေမည် ဖြစ်သည်။ **၁၈။** ထို့ပြင် ဗလီဝတ် ကျောင်းတော်များကို အလ္လာဟ်သာ စိုးပိုင်တော်မူ၏။ ထို့ကြောင့် အလ္လာဟ်နှင့်အတူ

အခြားတစ်ဦးတစ်ယောက်ကို ဟစ်ခေါ်တသမူ မပြုလေနှင့်။ **၁၉။** ထို့ပြင် အလွှာဟိ၏ ကျေးကျွန်သည် အလွှာဟိကို ဟစ်ခေါ်တသရန်အတွက် မတ်တတ်ရပ်သည့် အခါ လူတို့သည် သူ့အပေါ် ဝိုင်းအုံကြရန် အသင့်ဖြစ်သွားကြတော့သည်။ **၂၀။** အသင်ပြောကြားပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ပ်သည် ကျွန်ပ်၏ အရှင်သခင်ကို ဟစ်ခေါ်တသခြင်းသာလျှင် ဖြစ်သည်။ ကျွန်ပ်သည် အရှင်မြတ်နှင့်အတူ မည်သူ့ကိုမျှ တုဖက်နှိုင်းယှဉ်မှုမပြုပါ။ **၂၁။** ထို့ပြင် ကျွန်ပ်သည် အသင်တို့အဖို့ ဆိုးကျိုးကိုလည်း မပိုင်ဆိုင်၊ ကောင်းကျိုးကိုလည်း မပိုင်ဆိုင်ပါ။ **၂၂။** အသင်ပြောပါ။ ကျွန်ပ်အား အလွှာဟိမှ မည်သူတစ်ဦးတစ်ယောက်မျှ လုံးဝ ကယ်တင်နိုင်မည် မဟုတ်။ ထို့ပြင် ကျွန်ပ်သည် အရှင်မြတ်မှလွဲ၍ မည်သည့်ခိုလှုံရာနေရာကိုမျှ လုံးဝ တွေ့ရမည်မဟုတ်ပေ။ **၂၃။** သို့သော်လည်း အလွှာဟ်ဘက်မှသာလျှင် ပို့ချပေးခြင်းနှင့် အရှင့်အကြောင်းကြားချက်များအား ပို့ချပေးခြင်းသာလျှင် ဖြစ်သည်။ ထို့ပြင် အကြင်မည်သူမဆို အလွှာဟ်နှင့် အရှင့်တမန်တော်ကို သွေဖည်လျှင် ထိုသူ့အဖို့ ဂျဟန္နမ်ဝဲရဲမီး ရှိပေသည်။ ထိုထဲတွင် သူတို့သည် အမြဲထာဝရ နေထိုင်ရမည်။

၂၄။ နောက်ဆုံးတွင် သူတို့သည် မိမိတို့ကတိပြုခြင်းခံခဲ့ရသောအရာများအား မြင်တွေ့ရသောအခါ မည်သူ၏ ကူညီစောင်မသူသည် အားနည်းသနည်း၊ မည်သူသည် အရေအတွက်အရ နည်းပါးသနည်းဆိုသည်ကို သိရှိသွားကြပေမည်။ **၂၅။** အသင်ပြောကြားပါ။ အသင်တို့ကို ကတိပြုထားသောအရာသည် နီးကပ်နေပြီလော သို့မဟုတ် ကျွန်ပ်၏ အရှင်က ယင်းအတွက် ရှည်လျားသည့်ကာလတစ်ခုသတ်မှတ်ထားသည်လောဆိုသည်ကို ကျွန်ပ်မသိပေ။ **၂၆။** အကွယ်ကို သိသူမှာ အရှင်သာလျှင် ဖြစ်သည်။ အရှင်မြတ်သည် အကွယ်၏ အသိကို မည်သူ့ကိုမျှ အသိပေးတော်မူသည်မဟုတ်ပေ။ **၂၇။** သို့သော်လည်း မိမိနှစ်မြို့တော်မူသော တမန်တော်ကိုမူ အသိပေးတော်မူသည်။ ထိုအခါ အရှင်မြတ်သည် ထိုတမန်တော်၏ အရှေ့တွင်ရော၊ အနောက်တွင်ပါ စောင့်ကြပ်သူတစ်ဦးထားပေးတော်မူလိုက်သည်။ **၂၈။** သို့မှသာ ၎င်းတမန်တော်များသည် မိမိတို့အရှင်၏ အကြောင်းကြားချက်များကို ပို့ချခဲ့သည်ကို အရှင်မြတ်က သိရှိတော်မူမည် ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည်

သူတို့ပတ်ဝန်းကျင်ကို ဝန်းရံလျက်ရှိတော်မူပြီး အရှင်မြတ်သည် အရာခပ်သိမ်းကို ရေတွက်ထားတော်မူပေသည်။

၇၃။ စူရပ်မုဇ်ဖမ်မိလ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။အိ-အဝတ်ခြုံထားသူ။ **၂။**ညဉ့်ဝတွင်အချိန်အနည်းငယ်(အိပ်စက်ခြင်းမှ) လွဲ၍ (စွမ်းသ်ဝတ်ပြုရန်) ထပါ။ **၃။** ညဉ့်ဝက် သို့မဟုတ် ညဉ့်ဝက်ထက် အနည်းငယ်လျော့ပါ။ **၄။** သို့မဟုတ် ယင်းထက် အနည်းငယ် တိုးလိုက်ပါ။ ထို့ပြင် ကုရ်အာန်ကို ဖြည်းဖြည်းမှန်မှန် ဖတ်ရွတ်ပါ။ **၅။** ငါအရှင်သည် အသင့်အပေါ် လေးလံသည့် စကားရပ်တစ်ခုကို ထည့်ပေးသနားတော်မူမည်။

၆။ မုချဇကန် ညဉ့်၌ ထခြင်းသည် စိတ်နလုံးကို ပို၍ ထိန်းချုပ်နိုင်သည့်အပြင် စကားပြောဆိုရာတွင် တိကျမှန်ကန်စေသည်။ **၇။** အမှန်စင်စစ် နေ့ဘက်တွင် အသင့်အဖို့ များပြားလှသော လုပ်ငန်းဆောင်တာများ ရှိနေတတ်သည်။ **၈။** မိမိ၏ အရှင့် နာမတော်အား သတိရတသပါ။ အားလုံးကို ဖြတ်တောက်၍ အရှင့်ဘက်သို့ အာရုံလှည့်ပါ။ **၉။** အရှင်မြတ်သည် အရှေ့အရပ်နှင့် အနောက်အရပ်ကို စိုးပိုင်တော်မူသော အရှင်ဖြစ်သည်။ အရှင်မြတ်မှလွဲ၍ ဓပ်ကိုးကွယ်ခြင်း ခံထိုက်သူ အလျှင်းမရှိ။ ထို့ကြောင့် အရှင်မြတ်ကိုသာ တာဂန်ခံအုပ်ထိန်းသူအဖြစ် ပြုလုပ်ပါ။ **၁၀။** ထို့ပြင် လူတို့ပြောသောစကားများအပေါ် ခွန်တိတရားထားပါ။ သူတို့အား အကောင်းဆုံးသောပုံစံဖြင့် စွန့်ခွာနေပါ။ **၁၁။** ထို့ပြင် စည်းစိမ်ချမ်းသာသောငြင်းပယ်သူများကိစ္စကို ငါအရှင့်အပေါ် သာ လွှတ်ထားလိုက်ပါ။ သူတို့အား အနည်းငယ် ဆိုင်းငံ့ထားလိုက်ပါ။ **၁၂။** အမှန်စင်စစ် ငါအရှင့်ထံတော်တွင် သံထိပ်တုံးများနှင့် အပါယ်ငရဲရှိ၏။ **၁၃။** ထို့ပြင် လည်ချောင်းတွင် တစ်ဆို့မည့် အစားအစာနှင့် နာကျင်ဖွယ်ပြစ်ဒဏ်လည်း ရှိသည်။ **၁၄။** ထိုနေ့တွင် မြေပထဝီနှင့် တောင်များသည် လှုပ်ခါ

သွားကြကာ တောင်များသည် ပြန့်ကျဲရွှေ့လျားနေသော သဲသောင်များ ဖြစ်သွားကြပေမည်။

၁၅။ မုချဇကန် ငါအရှင်မြတ်သည် ဖိရိအောင်နှံထံ တမန်တော်တစ်ပါး စေလွှတ်တော်မူခဲ့သကဲ့သို့ အသင်တို့ထံလည်း တမန်တော်တစ်ပါးကို အသင်တို့အပေါ် သက်သေအဖြစ် စေလွှတ်တော်မူခဲ့သည်။ **၁၆။** ထိုအခါ ဖိရိအောင်နှံသည် ထိုတမန်တော်၏ အမိန့်ကို ဖီဆန်ခဲ့သည့်အတွက် ငါအရှင်က သူ့ကို ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ **၁၇။** သို့ရှိရာ အသင်တို့ငြင်းပယ်ကြမည်ဆိုလျှင် အကြင်နေ့၏ ပြစ်ဒဏ်မှ မည်သို့ ရှောင်ရှားကြပါမည်နည်း။ ယင်းနေ့သည် ကလေးငယ်များကိုပင် အိုမင်းအောင်လုပ်လိုက်ပေမည်။ **၁၈။** ထိုနေ့တွင် မိုးကောင်းကင်များသည်ပင် အက်ကွဲသွားပေမည်။ အရှင်မြတ်၏ ကတိတော်သည် ပြီးမြောက်အောင် ဆောင်ရွက်ပြီးသား ဖြစ်ပေမည်။ **၁၉။** ဤသည် ဆုံးမသြဝါဒ တစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် အလိုရှိသူသည် မိမိ၏ အရှင်သခင့်ဘက်သို့ သွားရာလမ်းကို ရွေး ချယ်ရမည်ပင် ဖြစ်သည်။

၂၀။ အသင့်အရှင်က အသင်သည်လည်းကောင်း၊ အသင်နှင့် အတူရှိကြသော သူများအနက် လူတစ်စုသည်လည်းကောင်း ညဉ့်၏ သုံးပုံနှစ်ပုံနီးပါး သို့မဟုတ် ညဉ့်ဂျက် သို့မဟုတ် ညဉ့်၏ သုံးပုံတစ်ပုံ မတ်တတ်ရပ်ကြသည်ကို သိရှိတော်မူသည်။ အလ္လာဟ်သည်သာ ညနှင့် နေ့၏ အတိုင်းအတာကို သတ်မှတ်တော်မူပေသည်။ အသင်တို့သည် ဤသည်ကို အပြည့်အဝ ပြုလုပ်စောင့်စည်းနိုင်ကြမည်အလျှင်းမဟုတ်ဟု သိရှိတော်မူ၏။ ထို့ကြောင့် အရှင်မြတ်က အသင်တို့အပေါ် ကရုဏာသက်တော်မူသည်။ ယခု အသင်သည် ကျမ်းမြတ်ကုရ်အာန်ကို လွယ်ကူသည့်အတိုင်းအတာမျှ ရွတ်ဖတ်ပါ။ အသင်တို့အနက် အချို့မှာ နာမကျန်းဖြစ်ကြမည်၊ အခြားသူတို့သည် အလ္လာဟ်ကျေးဇူးတော်ကို ရှာဖွေကြရန် ကုန်မှာမြေတွင် ခရီးသွားကြမည်၊ အခြားသူတို့မှာ အလ္လာဟ်လမ်းတွင် တိုက်ခိုက်ကြမည်ကို အလ္လာဟ်အရှင်မြတ်က သိရှိတော်မူသည်။ သို့ရှိရာ အသင်သည် ယင်းကျမ်းမှ လွယ်ကူသည့်အတိုင်းအတာမျှ ရွတ်ဖတ်ကြကုန်။ ထို့ပြင် အသင်တို့သည် စွလာသ်

ဆောက်တည်ကြကုန်။ ဇကားသ်ပေးဆောင်ကြကုန်။ အလ္လာဟ်ကို ကောင်းမြတ်သော ကြွေးမြီချေးပေးကြကုန်။ အသင်တို့သည် မိမိတို့အဖို့ တင်ကြိုပို့ဆောင်ခဲ့သော ကောင်းမှုတစ်ခုခုကို အလ္လာဟ်ထံတော်ပါးဂယ် အကောင်းဆုံးအရာ၊ အများပြား ဆုံးကုသိုလ်အကျိုးအဖြစ် တွေ့ရမည်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်ထံမှ ခွင့်လွှတ်ချမ်းသာမှု တောင်းခံကြကုန်။ မုချဇကန် အလ္လာဟ်သည် အလွန်ချမ်းသာခွင့် လွှတ်တော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်သည်။

၇၄။ စူရပ်မုဒ္ဓဆ်ဆိရ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အိုး- အဝတ်ပတ်ထားသူ။ **၂။** ထရပ်လော့။ လူတို့အား သတိပေးနှိုးဆော်လော့။ **၃။** သင့်အရှင်၏ ကြီးကျယ်မြင့်မြတ်မှုကို မြွတ်ဆိုလော့။ **၄။** ထို့ပြင် သင့်အဝတ်ကို သန့်စင်စွာ ထားလော့။ **၅။** အညစ်အကြေးကို စွန့်ခွာလော့။ **၆။** ပိုမိုရလိုသောအားဖြင့် ကျေးဇူးမပြုနှင့်။ **၇။** ထို့ပြင် မိမိ၏ အရှင်သခင်အတွက် ခန္တီတရားထားပါ။

၈။ တစ်ဖန် တံပိုးခရာ မှုတ်သောအခါ။ **၉။** ထိုနေ့သည် အလွန်ပြင်းထန်သောနေ့ဖြစ်မည်။ **၁၀။** ငြင်းဆန်သူတို့အဖို့ လွယ်ကူမှု ရှိမည်မဟုတ်။ **၁၁။** အသင်သည် အကြင်သူကို ငါအရှင်နှင့်ပင် လွှတ်ထားလိုက်ပါ။ သူ့ကို ငါအရှင်က တစ်ဦးတည်း ဖန်ဆင်းတော်မူခဲ့သည်။ **၁၂။** ထို့ပြင် ငါအရှင်သည် သူ့အား ဥစ္စာဓနများပြားစွာ ပေးသနားခဲ့သည်။ **၁၃။** အပါးတွင် အသင့်ရှိနေသည့် သားယောကျ်ားလေးများ။ **၁၄။** အလုံးစုံသော ပစ္စည်းပစ္စယများကို သူ့အတွက် အဆင်သင့်ပေးကမ်းတော်မူခဲ့သည်။ **၁၅။** ထို့နောက်လည်း ငါအရှင်က နောက်ထပ်ပိုပေးရန် သူက လောဘတကြီးနေသည်။ **၁၆။** အလျှင်းမဟုတ်။ သူသည် မုချ ငါအရှင့်အာယသ်တော်များကို ဆန့်ကျင်သူဖြစ်သည်။ **၁၇။** ငါအရှင်သည် မကြာမီ သူ့ကို အလွန်မာကျောသော ကျောက်ဆောင်တစ်ခု (ဇရဲဘုံ) အပေါ် သို့တွန်းပို့တော်မူမည်။

၁၈။ သူက စဉ်းစားပြီး စကားရပ်တစ်ခု သတ်မှတ်ခဲ့သည်။ **၁၉။** သို့ဖြစ်ရာ သူသည် ပျက်စီးပါစေ။ သူသည် စကားရပ်တစ်ခုကို မည်သို့ သတ်မှတ်ခဲ့သနည်း။ **၂၀။** တစ်ဖန် သူသည် ပျက်စီးပါစေ။ သူသည် စကားရပ်တစ်ခုကို မည်သို့ သတ်မှတ်ခဲ့သနည်း။ **၂၁။** တစ်ဖန် သူက ကြည့်ရှုခဲ့သည်။ **၂၂။** ထို့နောက် မျက်မှောင်ကြုတ်၍ ရှုံ့မဲ့ခဲ့သည်။ **၂၃။** ထို့နောက် ကျောခိုင်းကာ မာနထောင်လွှား ခဲ့သည်။ **၂၄။** တစ်ဖန် သူကပြောသေးသည်။ဤသည်ရှေးအဆက်ဆက်ကအဆင့်ဆင့်ရောက်လာခဲ့သော မှော်အတတ်ပင် ဖြစ်သည်။ **၂၅။** ဤသည် လူသား၏ ပြောဆိုချက်သာလျှင် ဖြစ်သည်။

၂၆။ ငါအရှင်သည် ၎င်းအား စကရ်ဂဲရဲဘုံသို့ မကြာမီ ပင်ရောက်စေတော်မူမည်။ **၂၇။** စကရ်ဂဲရဲဘုံသည် အဘယ်အရာနည်းဆိုသည်ကို အသင်သိပါသလော။ **၂၈။** ယင်းသည် ချန်ထားမည်လည်းမဟုတ်။ လွှတ်ပေးမည်လည်း မဟုတ်ပေ။ **၂၉။** အသားအရေကို လောင်းကျွမ်းစေသည့်အရာပင်။ **၃၀။** ကောင်းကင်တမန် ၁၉ ပါးက ထိုစကရ်ဂဲရဲဘုံကို စောင့်ကြပ်လျက်ရှိသည်။ **၃၁။** ငါအရှင်သည် ငရဲစောင့်များကို ကောင်းကင်တမန်များသာ ခန့်အပ်ထားတော်မူခဲ့သည်။ ငါအရှင်သည် ငြင်းပယ်သူတို့အား စမ်းသပ်ရန်အတွက်သာ ကောင်းကင်တမန်တို့၏ အရေအတွက်ကို ထားတော်မူခဲ့သည်။ ကျမ်းဂန်ချီးမြှင့်ခံရသူတို့သည် ယုံကြည်လာကြရန်နှင့် မုအ်မင်နယုံကြည်သူများသည် အီမာန်ယုံကြည်မှုတွင် တိုးပွားရန်အတွက်လည်း ဖြစ်သည်။ ထို့ပြင် ကျမ်းဂန်ချီးမြှင့်ခံရသူတို့နှင့် မုအ်မင်နယုံကြည်သူတို့သည် သံသယမဖြစ်ကြရန်အတွက် ဖြစ်သည်။ ထို့ပြင် စိတ်နလုံးများအတွင်း ရောဂါရှိသူတို့နှင့် ကာဖိရ်ငြင်းဆန်သူတို့အနေနှင့် ဤအမိန့်ဖြင့် အလ္လာဟ်က မည်သည်ကို ရည်ရွယ်သနည်းဟု ပြောဆိုကြရန် ဖြစ်သည်။ ဤအတိုင်းပင် အလ္လာဟ်သည် မိမိအလိုတော်ရှိသူကို လမ်းမှားစေတော်မူပြီး မိမိအလိုတော်ရှိသူကို လမ်းမှန်ပြသတော်မူသည်။ ထို့ပြင် အသင့်အရှင်၏ စစ်တပ်များကို အရှင်မြတ်သာလျှင် သိရှိတော်မူသည်။ ဤသည် လူတို့ အသိတရားရရန်အတွက်သာလျှင် ဖြစ်သည်။

၃၂။ အလျှင်းမဟုတ်။ လကို သက်သေထူတော်မူသည်။ **၃၃။** ည၌ဖြင့်လည်း သက်သေထူတော်မူသည်။ ယင်းည၌သည် ဆုတ်ခွာသွားသောအခါ။ **၃၄။**

နံနက်အချိန်ဖြင့် သက်သေထူတော်မူသည်။ ယင်းနံနက်အချိန်သည် လင်းဝင်းသွား သည့်အခါ။ **၃၅။** ဧကန်မုချ စကရ်ငရဲဘုံသည် ကြီးကျယ်လှသည့်အရာများထဲမှ ဖြစ်သည်။ **၃၆။** လူသားကို သတိပေးခြိမ်းခြောက်သောအရာ ဖြစ်သည်။ **၃၇။** အသင်တို့အနက် အရှေ့သို့ တိုးလိုသောသူ သို့မဟုတ် အနောက်သို့ ဆုတ်လို သောသူတို့အတွက်ပင်။ **၃၈။** လူတိုင်းသည် မိမိကျင့်မူခဲ့သော ကျင့်ဆောင်မှုဖြင့် အပ်နှင်းခံထားရပြီး ဖြစ်သည်။ **၃၉။** သို့သော် လက်ယာဘက်သားများမှာမူ။ **၄၀။** ဥယျာဉ်များတွင် ဖြစ်မည်။ သူတို့သည် အချင်းချင်း မေးမြန်းနေကြမည်။ **၄၁။** အပြစ် သားများနှင့်ပတ်သက်ပြီး။ **၃၂။** အသင်တို့ကို မည်သည့်အရာက စကရ်ငရဲဘုံကို ခေါ်လာခဲ့ပါသနည်း။ **၄၃။** သူတို့က ပြောကြမည်။ ကျွန်ုပ်တို့သည် စွလာသ် ဆောက်တည်သူများထဲမှ မဟုတ်ခဲ့ကြပေ။ **၄၄။** ထို့ပြင် ဆင်းရဲသားတို့အား အစား အစာ ကျွေးမွေးခြင်း မရှိခဲ့ကြပေ။ **၄၅။** ထို့ပြင် အကျိုးမဲ့ဆွေးနွေးသူများနှင့် ဆွေးနွေးမှုတွင် နစ်မွန်းခဲ့ကြသည်။ **၄၆။** ထို့ပြင် ကျွန်ုပ်တို့သည် မျှတစွာ အစားပေး မည့်နေ့ကို ငြင်းဆန်ခဲ့ကြသည်။ **၄၇။** နောက်ဆုံးတွင် ထိုယုံကြည်ရသောကိစ္စသည် ကျွန်ုပ်တို့အပေါ်သို့ ရောက်လာခဲ့သည်။ **၄၈။** ထိုအခါ သူတို့ကို အသနားခံပေး မည့်သူများ၏ အသနားခံပေးမှုသည် အနည်းငယ်မျှပင် အကျိုးပေးမည်မဟုတ်ပေ။

၄၉။ တစ်ဖန် သူတို့သည် အသို့ဖြစ်သွားသနည်း။ သူတို့သည် ဆုံးမ သြဝါဒဘက်မှ မျက်နှာလွှဲနေကြ၏။ **၅၀။** သူတို့သည် ထွက်ပြေးနေသော မြည်း သတ္တဝါများကဲ့သို့ ဖြစ်ကြသည်။ **၅၁။** ယင်းမြည်းသတ္တဝါတို့သည် ကျားသတ္တဝါမှ ထွက်ပြေးလျက်ရှိနေသည်။ **၅၂။** စင်စစ် ယင်းတို့အနက် တစ်ဦးတိုင်းသည် ဖြန့်ဖွင့်ထားသော ကျမ်းစာပေများကို ချီးမြှင့်ခံလိုကြ၏။ **၅၃။** လုံးဝ မဟုတ်။ စင်စစ် တွင် သူတို့သည် နောင်တမလွန်ကို လုံးဝ မကြောက်ရွံ့ကြပေ။ **၅၄။** လုံးဝ မဟုတ်။ ဤသည် ဆုံးမသြဝါဒတစ်ခုပင် ဖြစ်သည်။ **၅၅။** သို့ဖြစ်ရာ မည်သူမဆို အလိုရှိလျှင် ယင်းဆုံးမသြဝါဒမှ တရားရယူရမည်။ **၅၆။** စင်စစ်တွင် လွှာဟ်အလိုတော်ရှိသူသာ လျှင် လွဲ၍ သူတို့သည် တရားရယူနိုင်ကြမည် ဖြစ်ပေသည်။ အရှင်မြတ်သည်သာ ကြောက်ရွံ့ထိုက်တော်မူသောအရှင်၊ ချမ်းသာခွင့်လွှတ်တော်မူသော အရှင်ဖြစ်သည်။

၇၅။ စူရဟ်ကိယာမဟ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မဟုတ်။ ငါအရှင်သည် ကိယာမသ်ရှင်ပြန်ထရမည့်နေ့ကို သက်သေ
ထူတော်မူသည်။ **၂။** မဟုတ်။ ငါအရှင်သည် ပြစ်တင်သော စိတ်ကိုလည်း သက်သေ
ထူတော်မူသည်။ **၃။** ဘာလဲ၊ လူသည် သူ၏ အရိုးများကို ငါအရှင် လုံးဝ စုစည်းမည်
မဟုတ်ဟု ထင်မှတ်နေသလော။ **၄။** အဘယ်ကြောင့် မဟုတ်ရမည်နည်း။ ငါအရှင်
သည် သူ၏ လက်ဆစ်ခြေဆစ်များကိုပင် မူလအတိုင်း ပြုပြင်ဖန်ဆင်းရန် စွမ်း
ဆောင်နိုင်တော်မူသောအရှင် ဖြစ်သည်။ **၅။** လူသားသည် သူ့ရှေ့တွင် ပြစ်မှု
ကျူးလွန်ရန်သာ လိုလားသည်။ **၆။** သူက ကိယာမသ်ရှင်ပြန်ထရမည့်နေသည်
မည်သည့်အခါရောက်လာမည်နည်းဟု မေးမြန်းလေသည်။ **၇။** သို့ရှိရာ မျက်စိများ
ပြာဝေသွားသောအခါ။ **၈။** ထို့ပြင် လသည် အလင်းရောင်မဲ့သွားသောအခါ။ **၉။**
နေနှင့် လသည် ပေါင်းစပ်ခြင်းခံရသောအခါ။ **၁၀။** ထိုနေ့တွင် လူသားက အဘယ်
နေရာသို့ ထွက်ပြေးရမည်နည်းဟု မေးမြန်းပေမည်။ **၁၁။** လုံးဝမဟုတ်။ ခိုလှုံရာ
နေရာဟူ၍အလျှင်းရှိမည်မဟုတ်။**၁၂။**ယင်းနေ့တွင်အသင့်အရှင်ထံတော်၌သာလျှင်
ခိုလှုံရာနေရာ ရှိလိမ့်မည်။ **၁၃။** ယင်းနေ့တွင် လူသားသည် မိမိ ကြိုတင်ပို့ဆောင်
သောအရာနှင့် နောက်ချန်ထားခဲ့သောအရာတို့နှင့် စပ်လျဉ်း၍ အသိပေးခြင်း ခံရပေ
မည်။ **၁၄။** စင်စစ်တွင် လူသည် မိမိကိုယ်မိမိ သိမြင်သူဖြစ်သည်။ **၁၅။** သူသည်
မည်မျှပင် အကြောင်းပြချက်များ တင်ပြလင့်ကစား။

၁၆။ အသင်သည်ယင်း(ကုရ်အာန်)ကို အလျင်အမြန်သင်ယူရန်အလို့ငှာ
မိမိနှုတ်လျှာကို မလှုပ်ပါနှင့်။ **၁၇။** ယင်းကို စုစည်းရန်နှင့် ယင်းကို ဖတ်ကြားရန်မှာ
ငါအရှင့်တာဝန်ဖြစ်သည်။ **၁၈။** သို့ရှိရာ ယင်းကို ငါအရှင် ဖတ်ကြားတော်မူသည့်အခါ
အသင်သည် လိုက်၍ နားထောင်လေကုန်။ **၁၉။** တစ်ဖန် ယင်းကို ရှင်းပြရန်လည်း
ငါအရှင့်တာဝန်သာဖြစ်သည်။

၂၀။ လုံးဝမဟုတ်။ စင်စစ်အသင်တို့သည်အလျင်လာသောအရာကိုသာ နှစ်သက်ကြ၏။ **၂၁။** ထို့ပြင် အသင်တို့သည် နောက်မှလာမည့်အရာကို စွန့်လွှတ်ထားကြ၏။ **၂၂။** ထိုနေ့တွင် မျက်နှာအချို့သည် ရွှင်လန်းလျက်ရှိပေမည်။ **၂၃။** မိမိအရှင်သခင်ဘက်သို့ ဖူးမြော်နေပေလိမ့်မည်။ **၂၄။** အချို့သောမျက်နှာများသည် ညှိုးနွမ်းနေကြလိမ့်မည်။ **၂၅။** သူတို့အား ခါးကျိုးစေမည့် ဆက်ဆံမှုမျိုး ပြုလုပ်ခံရမည်ဟု ထင်မှတ်နေကြပေလိမ့်မည်။ **၂၆။** လုံးဝမဟုတ်။ အသက်ဝိညာဉ်သည် ညှပ်ရိုးထိတိုင် ရောက်သွားသည့်အခါ။ **၂၇။** မန်းမှတ်ပေးမည့်သူ မည်သူနည်းဟု ပြောပေလိမ့်မည်။ **၂၈။** သူက "ဤသည် ခွဲခွာရတော့မည့် အချိန်ဖြစ်သည်"ဟု ထင်မှတ်လိမ့်မည်။ **၂၉။** ထို့ပြင် ခြေသလုံးနှင့် ခြေသလုံး ကပ်သွားပေလိမ့်မည်။ **၃၀။** ထိုနေ့သည် အသင်၏ အရှင်ထံတော်သို့ သွားရမည့်နေ့ဖြစ်မည်။

၃၁။ သို့ရှိရာ သူသည် အမှန်ကိုလည်း မထောက်ခံခဲ့။ စွတ်သ်လည်း မဆောက်တည်ခဲ့။ **၃၂။** စင်စစ် ငြင်းပယ်ပြီး မျက်နှာလွှဲခဲ့သည်။ **၃၃။** တစ်ဖန် သူသည် မိမိ၏ လူတို့ထံသို့ မောက်မာလျက် သွားခဲ့သည်။ **၃၄။** အသင့်အပေါ် ဝမ်းနည်းပြီးရင်း ဝမ်းနည်းစရာပင်ဖြစ်သည်။ **၃၅။** တစ်ဖန် အသင့်အပေါ် ဝမ်းနည်းပြီးရင်း ဝမ်းနည်းစရာပင် ဖြစ်သည်။ **၃၆။** ဘာလဲ၊ လူသည် အထိန်းအကွပ်မဲ့သည်အတိုင်း လွတ်ထားခံရလိမ့်မည်ဟု ထင်မှတ်နေသလော။ **၃၇။** ဘာလဲ၊ သူသည် အစက်ချခြင်းခံရသော ကလလရေကြည်တစ်စက်ဖြစ်ခဲ့သည် မဟုတ်လော။ **၃၈။** ထို့နောက် ထိုကလလရေကြည်သည် သွေးခဲ ဖြစ်သွားခဲ့သည်။ တစ်ဖန် အလွှာဟ်က ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ခန္ဓာအစိတ်အပိုင်းများအား နေသားတကျပြုလုပ်တော်မူခဲ့သည်။ **၃၉။** ထို့နောက် ယင်းမှ အဖိုနှင့် အမဟု နှစ်မျိုး ပြုလုပ်ပေးတော်မူခဲ့သည်။ **၄၀။** ဘာလဲ။ ထိုအရှင်သည် သေသူတို့အား အသက်ရှင်စေရန် တတ်စွမ်းနိုင်တော်မူသောအရှင် မဟုတ်ပါသလော။

၇၆။ စူရဟ်ဒဟ်ရိ

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးမား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ လူသားအပေါ်တွင် ပြောပလောက်သောအရာတစ်ခုပင် မဟုတ်ခဲ့
သော ခေတ်ကာလ အချိန်တစ်ချိန် ကျော်လွန်ခဲ့သည်မဟုတ်လော။ **၂။** ငါအရှင်
သည် လူသားအား စမ်းသပ်လိုတော်မူသောအားဖြင့် ရောနောပေါင်းစပ်ထားသော
ကလလရေကြည်တစ်စက်မှ ဖန်ဆင်းတော်မူခဲ့သည်။ ငါအရှင်သည် သူ့အား
ကြားရသူ၊ မြင်ရသူအဖြစ် ပြုလုပ်တော်မူခဲ့သည်။ **၃။** သူသည် ကျေးဇူးသိတတ်သူ
ဖြစ်စေ၊ ကျေးဇူးကန်းသူဖြစ်စေ ငါအရှင်သည် သူ့အား ဇကနပင် လမ်းညွှန်ပြတော်
မူခဲ့သည်။

၄။ စင်စစ် ငါအရှင်သည် ငြင်းပယ်သူတို့အဖို့ သံကြိုးများ၊ လည်ပတ်ကြိုး
များနှင့် တောက်လောင်နေသောမီးတို့ကို အသင့် စီမံထားတော်မူသည်။ **၅။** ဇကန်
ပင် သူတော်ကောင်းများသည် ပရုတ်ရောနောထားသော ခွက်များမှ သောက်သုံးကြ
မည်။ **၆။** အလ္လာဟ်ကျေးကျွန်တို့သည် ထိုစမ်းရေချောင်းမှ သောက်သုံးကြပေမည်။
သူတို့သည် ယင်းစမ်းချောင်းမှ စမ်းချောင်းငယ်များဖြာထွက်စေမည်။ **၇။** သူတို့သည်
တာဝန်များအား ကျေပွန်စွာ ထမ်းရွက်လေ့ရှိကြသည်။ ထို့ပြင် သူတို့သည် ပြင်းထန်
မှုလွှမ်းခြုံမည့်နေ့ကို ကြောက်ရွံ့လေ့ရှိကြသည်။ **၈။** ထို့ပြင် သူတို့သည် ထိုအရှင့်
အား ချစ်မြတ်နိုးသောကြောင့် ဆင်းရဲသား၊ ဖတဆိုးနှင့် အကျဉ်းသားတို့ကို အစား
အစာကျွေးမွေးလေ့ရှိကြသည်။ **၉။** ငါတို့သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်၏
နှစ်မြို့မှုရရန်အတွက်သာ အစားအစာကျွေးမွေး ကြခြင်းပင် ဖြစ်သည်။ အသင်တို့ထံ
မှ အစားတစ်စုံတစ်ခုကိုလည်း မလိုလားပါ။ ကျေးဇူးတုံ့ပြန်မှုကိုလည်း အလိုမရှိပါ။
၁၀။ ကျွန်ုပ်တို့သည် မိမိတို့၏ အရှင်သခင်ဘက်မှ ပြင်းထန်ပြီး ခါးသီးသောနေ့တစ်နေ့
ကို ကြောက်ရွံ့ကြပါသည်။ **၁၁။** သို့ရှိရာ အလ္လာဟ်က သူတို့ကို ထိုနေ့၏ ပြင်းထန်မှုမှ
ဖယ်ရှားပေးတော်မူခဲ့၏။ ထို့ပြင် သူတို့အား ရွှင်လန်းမှုနှင့် ဝမ်းမြောက်ပျော်ရွှင်မှုကို
ပေးသနားတော်မူခဲ့သည်။ **၁၂။** ထို့ပြင် သူတို့၏ ခွန်အားကြောင့် သူတို့ကို ဥယျာဉ်
နှင့် ပိုးထည်အဝတ်ကို အစားပေးသနားတော်မူခဲ့၏။ **၁၃။** သူတို့သည် ယင်းဥယျာဉ်

ထဲတွင် သလွန်များထက်ဝယ် မှီလျက်ရှိကြပေမည်။ သူတို့သည် ယင်းထဲတွင် အပူရှိန်ကိုရော ပြင်းထန်သောအအေးဒဏ်ကိုပါ မြင်တွေ့ကြရမည်မဟုတ်ပေ။ **၁၄။** သုခဘုံ၏ အရိပ်များသည် သူတို့ထက်ဝယ် ကိုင်းညွှတ်လျက် ရှိနေကြမည်ဖြစ်ပြီး သုခဘုံရှိ သစ်သီးများသည် အလွယ်တကူ ဆွတ်ခူးနိုင်သည်။ **၁၅။** ထို့ပြင် သူတို့ ထံသို့ ငွေပန်းကန်များနှင့် ဖန်ခွက်များသည် လှည့်ပတ်လျက် ရှိကြမည်။ **၁၆။** ငွေဖန် ခွက်များဖြစ်မည်။ ယင်းတွင် ဖြည့်သောသူတို့သည် သင့်လျော်သော အချိန်အဆဖြင့် ဖြည့်ထားကြမည်။

၁၇။ ထို့ပြင် ယင်းထဲတွင် ချင်းနှင့် ရောစပ်ထားသော နောက်အရက်ခွက် ကိုပါ တိုက်ကျွေးခံကြရပေမည်။ **၁၈။** ယင်းထဲတွင် စလ်ဗဒီးလ်ဟု ခေါ်တွင်သော စမ်းရေချောင်းတစ်ချောင်း ရှိသည်။ ထို့ပြင် သူတို့အနားတွင် ကလေးအဖြစ်သာ အစဉ်အမြဲဖြစ်မည့် ကလေးငယ်များ လှည့်ပတ်နေကြလိမ့်မည်။ **၁၉။** အသင်သည် သူတို့အား မြင်တွေ့လေသော် ဖြန့်ကျဲထားသည့် ပုလဲများဟု ထင်မှတ်ပေမည်။ **၂၀။** ထို့ပြင် အသင်သည် အဘယ်နေရာကိုကြည့်ရှုသည်ဖြစ်စေ ထိုနေရာတွင် ကြီးကျယ်သောစည်းစိမ်နှင့် ကြီးကျယ်သော အုပ်ချုပ်မှုကိုသာ တွေ့မြင်ရပေမည်။ **၂၁။** သူတို့အပေါ်တွင် ပါးလွှာသော အစိမ်းရောင်ပိုးထည်နှင့် ထူသောပိုးထည် ရှိပေ မည်။ ထို့ပြင် သူတို့အား ငွေလက်ကောက်များ ဆင်မြန်းပေးခြင်းခံရပေမည်။ သူတို့ ၏ အရှင်က သူတို့ကို သန့်စင်သောသောက်စရာများ တိုက်ကျွေးတော်မူပေမည်။ **၂၂။** မုချဇကန် ဤသည် အသင်တို့အဖို့ အစားပေးခြင်းပင် ဖြစ်သည်။ ထို့ပြင် အသင်တို့၏ ကြိုးပမ်းမှုသည် ကျေနပ်လက်ခံပြီး ဖြစ်ပေသည်။

၂၃။ ငါအရှင်သည် အသင့်ထံသို့ ကုရ်အာန်ကျမ်းတော်ကို အနည်းငယ်စီ ချပေးတော်မူခဲ့သည်။ **၂၄။** သို့ရှိရာ အသင်သည် မိမိအရှင်သခင်၏ အမိန့်တော် အပေါ် ကြံခိုင်စွာ ရပ်တည်ပါ။ ယင်းတို့အနက် အပြစ်ကျူးလွန်သူ သို့မဟုတ် ကျေးဇူးကန်းသူ တစ်ဦးဦး၏ ပြောစကားကို နားမထောင်လေနှင့်။ **၂၅။** မိမိအရှင် သခင်၏ နာမတော်ကို နံနက်အချိန်တွင်ရော၊ ညနေအချိန်မှာပါ သတိရတသပါ။ **၂၆။** ညည့်အချိန်တွင်လည်း အရှင့်ကို စဂျဒဟ်ဦးချပါ။ ထို့ပြင် ညည့်၏ ရှည်လျားစွာ သောအစိတ်အပိုင်းတွင် အရှင်သခင်၏ သန့်ပြန့်စင်ကြယ်တော်မူကြောင်း မြွက်ဆို ပါ။ **၂၇။** ဤသူတို့သည် အလျင်အမြန်ရရှိမည့် အရာကိုသာ လိုလားကြပြီး မိမိတို့၏

နောက်တွင် လေးလံသောနေ့တစ်နေ့ကို စွန့်ပစ်ထားကြသည်။ **၂၀။** ငါအရှင်သည် သာလျှင် သူတို့ကို ဖန်ဆင်းတော်မူခဲ့ပြီး ငါအရှင်သည်သာ သူတို့၏ အရိုးအဆစ်များကို ခိုင်ခံ့စေတော်မူခဲ့သည်။ ငါအရှင်အလိုတော်ရှိပါလျှင် သူတို့ကဲ့သို့သော လူများကို သူတို့နေရာတွင် အစားထိုးလဲလှယ်တော်မူပေမည်။ **၂၉။** အမှန်စင်စစ် ဤသည် ဆုံးမသြဝါဒတစ်ခုပင်ဖြစ်သည်။ သို့ရှိရာ မည်သူမဆို အလိုရှိပါမူ မိမိအရှင် ဘက်သို့ သွားရာလမ်းကို ရွေးချယ်ရပေမည်။ **၃၀။** အလ္လာဟ်အရှင် အလိုရှိသည်မှလွဲ၍ အသင်တို့ အလိုရှိနိုင်ကြမည်မဟုတ်။ စင်စစ် အလ္လာဟ်သည် အလွန်သိတော်မူသော၊ ဉာဏ်အမြော်အမြင်နှင့် ပြီးပြည့်စုံတော်မူသော အရှင်ဖြစ်သည်။ **၃၁။** အရှင်သည် မိမိအလိုရှိသူကို မိမိ၏ ကရုဏာတော်အတွင်း ဝင်ရောက် စေတော်မူပေမည်။ အရှင်မြတ်သည် မတရားကျူးလွန်သူတို့အဖို့ နာကျင်ဖွယ်ပြစ်ဒဏ်ကို အသင့်စီမံထားပြီး ဖြစ်သည်။

၇၇။ စူရပ်မုရ်စလာသ်

အလွန်တရာ သနားကြင်နာတော်မူသော ကရုဏာကြီးများ
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ စေလွှတ်ခြင်းခံရသောလေများကို သက်သေထူတော်မူသည်။ **၂။** ထို့နောက် ယင်းတို့သည် အရှိန်ပြင်းထန်စွာ တိုက်ခတ်ကြ၏။ **၃။** ထို့ပြင် တိမ်တိုက်များကို သယ်ဆောင်ပုံ့နှံ့စေ၏။ **၄။** ထို့နောက် အရေးကိစ္စကို ခွဲခြားပိုင်းဖြတ်သည်။ **၅။** တစ်ဖန် သတိပေးဆုံးမကြသည်။ **၆။** အကြောင်းပြသည့်ပုံစံဖြင့် သို့မဟုတ် သတိပေးနှိုးဆော်သည့်ပုံစံဖြင့်။ **၇။** အသင်တို့နှင့် ပြုထားခဲ့သောကတိသည် မလွဲမသွေ ဖြစ်ပေါ်လာမည်သာ ဖြစ်သည်။

၈။ သို့ရှိရာ ကြယ်တာရာများသည် အရောင်ပျောက်ကွယ်သွားသောအခါ။ **၉။** ကောင်းကင်သည် ကွဲအက်သွားသောအခါ။ **၁၀။** တောင်များသည် အစိတ်စိတ်အမြွှာမြွှာ ပြုလုပ်ခြင်းခံရသောအခါ။ **၁၁။** တမန်တော်များသည် သတ်မှတ်ထားသောအချိန်တွင် စုရုံးခြင်းခံကြရသည့်အခါ။ **၁၂။** မည်သည့်နေ့အတွက် ယင်းအချိန်ကို ရွှေ့ဆိုင်းခံခဲ့ရသနည်း။ **၁၃။** စီရင်ဆုံးဖြတ်မည့် နေ့အတွက်။ **၁၄။**

စီရင်ဆုံးဖြတ်မည့်နေ့ဟူသည် အဘယ်အရာနည်းဆိုသည်ကို အသင်သိပါ၏လော။ **၁၅။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်း ရှိသည်။ **၁၆။** ငါအရှင်သည် ရှေးအလျင်က ရှိခဲ့ကြသူတို့အား ဖျက်ဆီးပစ်ခဲ့သည်မဟုတ်လော။ **၁၇။** တစ်ဖန် ငါအရှင်သည် နောက်မှလာသောသူတို့ကို သူတို့နောက်သို့ လိုက်စေတော်မူခဲ့မည်။ **၁၈။** ငါအရှင်သည် အပြစ်ကျူးလွန်သူတို့ကို ဤအတိုင်းပင် ပြုလုပ်တော်မူသည်။ **၁၉။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်း ရှိသည်။

၂၀။ ငါအရှင်သည် အသင်တို့အား သေးသိမ်နိမ့်ကျသော အရည်မှ ဖန်ဆင်းခဲ့သည် မဟုတ်ပါလော။ **၂၁။** တစ်ဖန် ယင်းကို လုံခြုံသောနေရာတွင် ထားခဲ့၏။ **၂၂။** သတ်မှတ်ထားသော အချိန်ကာလတစ်ခုအထိ။ **၂၃။** တစ်ဖန် ငါအရှင်သည် စနစ်တကျ စီမံချိန်ဆတော်မူခဲ့သည်။ ငါအရှင်သည် အဘယ်မျှကောင်းသော စီမံချိန်ဆမှုပြုတော်မူသော အရှင်ဖြစ်ဘိနည်း။ **၂၄။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်း ရှိသည်။ **၂၅။** ငါအရှင်သည် ပထဝီမြေကို စုစည်းပေါင်းစပ်သောအရာတစ်ခုအဖြစ် ပြုလုပ်တော်မူခဲ့သည်မဟုတ်လော။ **၂၆။** အသက်ရှင်သူများကိုရော၊ သေဆုံးကွယ်လွန်သူများကိုပါ။ **၂၇။** ထို့ပြင် ငါအရှင်သည် ယင်းမြေပထဝီတွင် မြင့်စွင့်သောတောင်များကို ပြုလုပ်ပေးတော်မူခဲ့သည်။ ထို့ပြင် အသင်တို့အား ချိုမြသောရေကို တိုက်ကျွေးတော်မူခဲ့သည်။ **၂၈။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်း ရှိသည်။

၂၉။ အသင်တို့ ငြင်းပယ်လေ့ရှိခဲ့သောအရာဘက်သို့ သွားကြကုန်။ **၃၀။** အကိုင်းသုံးကိုင်း ခွဲထွက်နေသော အရိပ်ဘက်သို့ သွားကြကုန်။ **၃၁။** ယင်းထဲတွင် အရိပ်လည်းမရှိ။ မီးပူရှိန်မှ ကာကွယ်ပေးနိုင်မည်လည်း မဟုတ်။ **၃၂။** စင်စစ်တွင် ယင်းမီးသည် မြင့်မားသော အဆောက်အအုံကြီးများပမာ မီးပွင့်မီးပွားများ လွှင့်စင်စေမည်။ **၃၃။** ယင်းမီးပွားများသည် အဝါရောင်ကုလားအုတ်များကဲ့သို့ပင်။ **၃၄။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်း ရှိသည်။ **၃၅။** ဤသည် လူသားတို့ စကားမပြောနိုင်ကြမည့် နေ့တစ်နေ့ပင် ဖြစ်မည်။ **၃၆။** ထို့ပြင် အကြောင်းပြချက်များ တင်ပြရန် ခွင့်ပြုခြင်းခံကြရမည် မဟုတ်ပေ။ **၃၇။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်းရှိသည်။ **၃၈။** ဤသည် စီရင်ဆုံးဖြတ်သည့်နေ့ပင် ဖြစ်သည်။ ငါအရှင်သည် အသင်တို့ကိုရော ရှေးယခင်ကသူများကိုပါ စုရုံးလိုက်တော်မူလိုက်ပြီ။

၃၉။ သို့ရှိရာ အသင်တို့ထံတွင် အကြံအစည်တစ်စုံတစ်ရာရှိပါလျှင် ငါအရှင့်အား ကြံစည်ကြကုန်။ **၄၀။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်း ရှိသည်။

၄၁။ မုချဇကန် ကြောက်ရွံ့သောသူတော်စင်များသည် အရိပ်များနှင့် စမ်းရေချောင်းများတွင် ရှိကြမည်။ **၄၂။** သူတို့အလိုဆန္ဒရှိသော သစ်သီးဝလံများတွင်။ **၄၃။** အသင်တို့ ပြုမူကျင့်ကြံခဲ့ကြသော ကျင့်ဆောင်မှုများ၏အစား အရသာရှိရှိ မြိန်ရှက်စွာ စားကြကုန်၊ သောက်ကြကုန်။ **၄၄။** ငါအရှင်သည် သူတော်ကောင်းများအား ဤသို့ပင် အစားပေးတော်မူသည်။ **၄၅။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်း ရှိသည်။ **၄၆။** စားကြကုန်။ ထို့ပြင် ရက်အနည်းငယ် အကျိုးခံစားကြကုန်။ စင်စစ် အသင်တို့သည် ပြစ်မှုကျူးလွန်ကြသူများသာ ဖြစ်သည်။ **၄၇။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်း ရှိသည်။ **၄၈။** သူတို့အား ဦးညွှတ်ကြပါဟု ပြောသောအခါ သူတို့သည် ဦးညွှတ်ခြင်းမပြုကြပေ။ **၄၉။** ထိုနေ့တွင် ငြင်းပယ်သူတို့အဖို့ ပျက်စီးခြင်း ရှိသည်။ **၅၀။** သို့ဖြစ်ရာ သူတို့သည် ဤသည့်နောက်တွင် မည်သည့် စကားရပ်အပေါ် အိမာန်ယုံကြည်ကြပါမည်နည်း။

၇၉။ ဗုရဟ် နဗအ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

★၁။ လူတို့သည် အဘယ်အရာနှင့်စပ်လျဉ်း၍ မေးမြန်းနေကြသနည်း။ **၂။** ထိုကြီးကျယ်သော သတင်းနှင့် စပ်လျဉ်း၍။ **၃။** ယင်းသတင်းနှင့် ပတ်သက်ပြီး လူတို့ ကွဲလွဲနေကြ၏။ **၄။** လုံးဝမဟုတ်။ သူတို့သည် မကြာမီ သိရှိသွားကြပေမည်။ **၅။** လုံးဝမဟုတ်။ သူတို့သည် မကြာမီ သိရှိသွားကြပေမည်။ **၆။** ငါအရှင်သည် မြေပထဝီကို အခင်းအဖြစ် ဖန်ဆင်းခဲ့သည် မဟုတ်လော။ **၇။** ထို့ပြင် တောင်များအား သပ်များအဖြစ်။ **၈။** ငါအရှင်သည် အသင်တို့အား အစုံလိုက်ဖန်ဆင်းတော်မူခဲ့သည်။ **၉။** အသင်တို့၏ ပင်ပန်းနွမ်းနယ်မှုပပျောက်စေရန်အတွက် အိပ်ခြင်းကို ငါအရှင် ပြုလုပ်ပေးခဲ့သည်။ **၁၀။** ထို့ပြင် ငါအရှင်သည် ညဉ့်ကို အကာအကွယ်အဖြစ် ပြုလုပ်ခဲ့သည်။ **၁၁။** ငါအရှင်သည် နေ့ကို သက်မွေးဝမ်းကျောင်းပြုနိုင်ရန် သတ်မှတ်ပေး

ခဲ့သည်။ **၁၂**။ ငါအရှင်သည် အသင်တို့အထက်တွင် အလွန် ခိုင်ခဲ့သော မိုးခုနစ်ထပ်ကို ဆောက်လုပ်တော်မူခဲ့သည်။ **၁၃**။ (ယင်းမိုးကောင်းကင်တွင်) လင်းဝင်းတောက်ပသော မီးအိမ်(နေ)တစ်ခုကို ငါအရှင် ထားတော်မူခဲ့သည်။ **၁၄**။ ငါအရှင်သည် ရေအပြည့်ရှိသောမိုးတိမ်များမှ သည်းထန်သောမိုးကို ရွာသွန်းပေးတော်မူခဲ့သည်။ **၁၅**။ ယင်းမိုးရေဖြင့် ငါအရှင်သည် ကောက်ပဲသီးနှံများနှင့် ဟင်းသီးဟင်းရွက်များကို ပေါက်ရောက်စေတော်မူရန်အတွက် ဖြစ်သည်။ **၁၆**။ ထို့ပြင် ထူထပ်သော ဥယျာဉ်များကိုလည်း။ **၁၇**။ စီရင်ဆုံးဖြတ်ပေးမည့်နေ့သည် အမှန်တ ကယ်ပင် အချိန်သတ်မှတ်ထားပြီးသား ဖြစ်သည်။

၁၈။ တံပိုးခရာမှတ်ခြင်းခံရမည့်နေ့တွင် သင်တို့သည် အစုလိုက်အစုလိုက်လာကြပေမည်။ **၁၉**။ ထို့နောက် မိုးကောင်းကင်သည် ဖွင့်ခြင်းခံရပြီးနောက် ယင်းမိုးကောင်းကင်တွင် တံခါးတွေချည်းသာ ဖြစ်သွားပေမည်။ **၂၀**။ ထို့နောက် တောင်များသည် ရွေလျားစေခြင်းခံရပြီး တံလျှပ်ပမာ ဖြစ်သွားပေမည်။ **၂၁**။ ဇကန်စင်စစ် ဂျဟန္နမ်ငရဲဘုံသည် ချောင်းမြောင်းစောင့်ဆိုင်းလျက်ရှိပေသည်။ **၂၂**။ ပြစ်မှုကျူးလွန်သော ဆိုးသွမ်းသူများအတွက် ဖြစ်သည်။ **၂၃**။ သူတို့သည် ထိုထဲတွင် နှစ်ကာလပေါင်းများစွာ နေထိုင်ကြရမည်။ **၂၄**။ ထိုထဲတွင် သူတို့သည် မည်သည့် အေးမြမှုကိုမျှ မြည်းစမ်းရမည်လည်းမဟုတ်။ မည်သည့် သောက်သုံးစရာကိုမျှလည်း မြည်းစမ်းရမည်မဟုတ်။ **၂၅**။ သို့သော် ရေနွေးပူနှင့် ပြည်ပုပ်ကိုသာ(မြည်းစမ်းရမည်)။ **၂၆**။ သူတို့ ကျူးလွန်ခဲ့သောပြစ်မှုများနှင့် ညီမျှသော အစားပေးခြင်းပင် ဖြစ်သည်။ **၂၇**။ ဇကန်စင်စစ် သူတို့သည် စာရင်းစစ်ဆေးမှုကို ကြောက်ရွံ့စိုးရိမ်မှု မရှိခဲ့ကြပေ။ **၂၈**။ ထို့ပြင် ငါအရှင်၏ သက်သေလက္ခဏာတော်များကိုလည်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ **၂၉**။ ငါအရှင်သည် အရာတိုင်းကို ရေးသား၍ ရေတွက်ထားတော်မူသည်။ **၃၀**။ သို့ဖြစ်ရာ မြည်းစမ်းကြလေကုန်။ ငါအရှင်သည် သင်တို့အား ပြစ်ဒဏ်ကိုသာ တိုးပွား၍ ပေးတော်မူပေမည်။

၃၁။ အလွှာဟ်ကို ကြောက်ရွံ့ရိုသေသူတို့အဖို့ အမှန်တကယ်ပင် အောင်မြင်မှုရှိပေသည်။ **၃၂**။ ဥယျာဉ်များနှင့် စပျစ်သီးများ။ **၃၃**။ သက်တူရွယ်တူ ပျိုကညာများ။ **၃၄**။ ပြည့်လျှံလျက်ရှိသော ခွက်များ။ **၃၅**။ သူတို့သည် ထိုဥယျာဉ်ထဲတွင် မည်သည့် အချည်းနှီးစကားနှင့် မုသားစကားကိုမျှ ကြားရလိမ့်မည်မ ဟုတ်။

၃၆။ အသင့်အရှင်၏ထံမှ သူတို့၏လုပ်ရပ်နှင့်အညီ အကျိုးဆုလာဘ်ပင် ဖြစ်မည်။ **၃၇။** ထိုအရှင်သည် မိုးကောင်းကင်များနှင့် မြေပထဝီကိုရော၊ ထိုနှစ်ခုအကြားရှိ အရာခပ်သိမ်းကိုပါ ဖန်ဆင်းမွေးမြူတော်မူသော၊ ရဟ်မာန်-ကရုဏာတော်ရှင်ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ထိုအရှင်မြတ်နှင့် (ခွင့်ပြုချက်မရှိဘဲ)စကား ပြောနိုင်ကြမည်မဟုတ်။ **၃၈။** ရူးဟ်ဝိညာဉ်များနှင့် ကောင်းကင်တမန်များသည် လိုင်းစီ၍ မတ်တတ်ရပ်ကြမည့်နေ့တွင် ရဟ်မာန်-ကရုဏာတော်ရှင်က ခွင့်ပြုတော်မူသောသူမှအပ မည်သူတစ်ဦး တစ်ယောက်မျှ စကားပြောဆိုနိုင်မည်မဟုတ်။ ထို့နောက် သူသည် မှန်သောစကားကို ပြောဆိုပေမည်။ **၃၉။** ထိုနေ့သည် အမှန်တကယ် ဆိုက်ရောက်မည်။ သို့ဖြစ်ရာ မိမိ၏အရှင်ထံတွင် ပြန်လည်ရာနေရာ ပြုလုပ်ထားလိုသူသည် ပြုလုပ်ထားပါလေ။ **၄၀။** ဇကန်စင်စစ် ငါအရှင်သည် အသင်တို့အား နီးကပ်လျက်ရှိသည့် ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သတိပေးတော်ခဲ့ပေသည်။ ထိုနေ့တွင် လူသားသည် မိမိလက်ဖြင့် ကြိုတင်ပို့နှင့်ထားသောအရာများကို မြင်တွေ့ရပေမည်။ ငြင်းပယ်သူကတော့ ဩော်-ငါသည် မြေကြီးဖြစ်သွားလျှင် ကောင်းလေစွဟု ပြောဆိုပေလိမ့်မည်။

၇၉။ စူရဟ် နာဇိအာသ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အမြဲစ်ကနေ ဆွဲငင်ထုတ်ယူသော လေများကို သက်သေထူတော်မူသည်။ **၂။** ညင်သာစွာတိုက်ခတ်သော လေများကို သက်သေထူတော်မူသည်။ **၃။** ကူးခတ်သွားလာနေသော မိုးတိမ်များကို သက်သေထူတော်မူသည်။ **၄။** ရှေ့သို့ကျော်တက်ကြသူများကို သက်သေထူတော်မူသည်။ **၅။** အရေးကိစ္စများကို စီမံကြသောသူတို့အား သက်သေထူတော်မူသည်။ **၆။** ထိုနေ့တွင် တုန်လှုပ်စေသော အရာသည် တုန်လှုပ်စေမည်။ **၇။** သူနောက်မှ ဒုတိယအကြိမ်လာမည့်အရာက လိုက်လာမည်။ **၈။** မြောက်မြားစွာသော စိတ်နလုံးများသည် ထိုနေ့တွင် တုန်လှုပ်ချောက်ချားလျက် ရှိကြမည်။ **၉။** သူတို့၏ မျက်လုံးများသည် အောက်သို့ စိုက်နေ

မည်။ **၁၀။** ဘာလဲ၊ ကျွန်ုပ်တို့သည် မူလအခြေအနေသို့ တစ်ဖန်ပြန်လည်ရောက်ရှိကြရမည်လောဟု သူတို့က ပြောဆိုကြသည်။ **၁၁။** ဘာလဲ၊ ကျွန်ုပ်တို့သည် ဆွေးမြေ့သော အရိုးများ ဖြစ်သွားပြီးနောက်လည်း (ပြန်ရှင်ထရမည်လော)။ **၁၂။** သူတို့က ပြောကြမည်။ သို့ဖြစ်လျှင်တော့ ဤသည် အလွန်ဆုံးရှုံးသော ရှင်ပြန်ထမှုသာ ဖြစ်ပေမည်။ **၁၃။** ဇကန်စင်စစ် ထိုအရာသည် ပြင်းထန်သော အော်ဟစ်သံတစ်ခုမျှသာ ဖြစ်မည်။ **၁၄။** ထိုအခါ ရုတ်တရက် လူတို့သည် ကွင်းပြင်တွင် အသင့်ရောက်ရှိနေကြမည်။

၁၅။ အသင့်ထံသို့ မူစာ၏အကြောင်းအရာ ရောက်လာခဲ့ပါသလော။ **၁၆။** တစ်ခါတွင် သူအရှင်သည် သွေ့ပါအရပ်ရှိ မြင့်မြတ်သောတောင်ကြားတွင် သူ့အား ဟစ်ခေါ်တော်မူခဲ့သည်။ **၁၇။** ဖိရိအောင်နှံထံသို့ အသင်သွားပါ။ သူသည် အလွန် အလွန်ဆိုးသွမ်းသူ ဖြစ်သွားလေပြီ။ **၁၈။** ထို့နောက် သူ့ကို ပြောပါ။ အသင်သည် စင်ကြယ်သန့်ရှင်းသွားရန် ဆန္ဒရှိပါသလော။ **၁၉။** ကျွန်ုပ်သည် အသင့်အား အသင့်အရှင်ထံသို့ လမ်းညွှန်ပြသမည်။ ထို့နောက် အသင်သည် အရှင်မြတ်ကို ကြောက်ရွံ့ရိုသေလာမည်။ **၂၀။** ထို့နောက် မူစာသည် သူ့အား ကြီးမားသော သက်သေလက္ခဏာတော်ကို ပြသခဲ့သည်။ **၂၁။** သို့သော် သူသည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ပြီးနောက် အဓိန္ဓိဆန်ခဲ့သည်။ **၂၂။** တစ်ဖန် သူသည် ကြုံးစားအား ထုတ်ကာ ကျောခိုင်းသွားခဲ့သည်။ **၂၃။** တစ်ဖန် (မိမိလူများကို) စုရုံးစေခဲ့ပြီးနောက် ဟစ်အော်ခဲ့သည်။ **၂၄။** ထို့နောက် သူက ကျွန်ုပ်သည် အသင်တို့၏ အကြီးဆုံးသော အရှင်သခင်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ **၂၅။** သို့ဖြစ်ရာ အလွှာဟ်သည် သူ့အား နောင်တမလွန်ဘဝ၏ပြစ်ဒဏ်ရော၊ လောကီ၏ပြစ်ဒဏ်ပါ ခတ်တော်မူခဲ့သည်။ **၂၆။** ဇကန်စင်စစ် အလွှာဟ်ကို ကြောက်ရွံ့သူအတွက် ဤအဖြစ်အပျက်တွင် ဆုံးမသြဝါဒတစ်ရပ် မုချရှိပေသည်။

၂၇။ အသင်တို့ကို ဖန်ဆင်းခြင်းသည် ပို၍ ခက်ခဲသလော၊ သို့မဟုတ် မိုးကောင်းကင်ကို ဖန်ဆင်းခြင်းသည် ပို၍ ခက်ခဲသလော။ အရှင်မြတ်သည် ယင်းမိုးကောင်းကင်ကို ဖန်ဆင်းတော်မူခဲ့သည်။ **၂၈။** ယင်းမိုးကောင်းကင်၏ခေါင်မိုးကို မြင့်စွင့်စွာ ပြုလုပ်တော်မူခဲ့ပြီး အပြစ်အနာအဆာလည်း ကင်းရှင်းစွာပြုလုပ်တော်မူခဲ့သည်။ **၂၉။** ထို့နောက် ယင်းမိုးကောင်းကင်၏ ညကို မှောင်မိုက်စေတော်မူခဲ့ပြီး

ယင်း၏ နေ့ကို ထင်ရှားစေတော်မူခဲ့သည်။ **၃၀။** မြေပထဝီကို ထို့နောက်မှ ဖြန့်ခင်းတော်မူခဲ့သည်။ **၃၁။** ယင်းမြေပထဝီမှ ရေနှင့် စားကျက်ကို ထွက်စေတော်မူ ခဲ့သည်။ **၃၂။** ထို့နောက် တောင်များကို ဆိုက်ထူတော်မူခဲ့သည်။ **၃၃။** (ယင်း အရာများသည်) အသင်တို့အတွက်ရော၊ အသင်တို့၏ ကျွဲနွားတိရစ္ဆာန်များအတွက် ပါ ဘဝရှင်သန်ရာ အထောက်အကူပစ္စည်းများဖြစ်ကြသည်။

၃၄။ ထိုကြီးကျယ်လှသော ဘေးဒုက္ခကြီး ဆိုက်ရောက်လာသောအခါ။ **၃၅။** ထိုနေ့တွင် လူသားသည် မိမိကြိုးပမ်းဆောင်ရွက်ခဲ့သည်များကို သတိရပေ မည်။ **၃၆။** ဂျဟန္နမ်ငရဲမီးသည် ကြည့်ရှုသူတို့၏ရှေ့ဝယ် ဖော်ပြခြင်းခံရမည်။ **၃၇။** သို့ဖြစ်ရာ မည်သူမဆို ဆိုးသွမ်းသောင်းကျန်းခဲ့ပြီး။ **၃၈။** လောကီဘဝသက်တမ်း ကို ဦးစားပေးခဲ့ပါက **၃၉။** ဂျဟန္နမ်ငရဲဘုံသည် သူ၏ ခိုလှုံရာနေရာ ဖြစ်ပေမည်။ **၄၀။** မိမိ၏အရှင်သခင် ရှေ့မှောက်တွင် မတ်တတ်ရပ်ရမည်ကို ကြောက်ရွံ့ပြီး၊ စိတ်နှလုံး ကို အလိုရမ္မက်မှ တားဆီးခဲ့သောသူမှာမူ **၄၁။** ဂျန္နသ်သုခဘုံသည် သူ၏ ခိုလှုံရာ နေရာ ဖြစ်ပေမည်။ **၄၂။** ကိယာမသ်နေ့သည် ဘယ်တော့ဆိုက်ရောက် မည်နည်းဟု သူတို့က အသင့်အား မေးမြန်းခဲ့ကြသည်။ **၄၃။** ထိုကိယာမသ်နေ့ နှင့်စပ်လျဉ်း၍ ထုတ်ဖော်ပြောပြခြင်းသည် အသင်နှင့် မည်သို့ သက်ဆိုင်ပါသနည်း။ **၄၄။** ထိုကိစ္စ၏ အဆုံးသတ်(အသိပညာ)သည် အသင့်အရှင်ထံတွင်သာ ရှိသည်။ **၄၅။** အသင်သည် ယင်းကိယာမသ်နေ့ကို ကြောက်ရွံ့သောသူအား သတိပေးနှိုး ဆော်သူသာလျှင် ဖြစ်ပေသည်။ **၄၆။** သူတို့သည် ယင်းကိယာမသ်နေ့အား တွေ့မြင်ကြသောနေ့တွင် မိမိတို့သည်လောက၌တစ်ညနေခင်းလောက် သို့မဟုတ်တစ်မနက်ခင်းလောက်သာ နေထိုက်ခဲ့ကြသည်ဟု ထင်မှတ်ကြပေလိမ့်မည်။

၈၀။ စူရဟ် အဗဒ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ သူသည် မျက်မှောင်ကြုတ်ပြီး မျက်နှာလွှဲ၍ နေခဲ့သည်။ **၂။** သူ့ထံသို့ မျက်စိမမြင်သူ ရောက်လာခဲ့သောကြောင့်။ **၃။** အသင်သိပါသလော။ ထိုမြင်စိမမြင်သူသည် မှန်ကန်ကောင်းမွန်သူ ဖြစ်သွားနိုင်ပေသည်။ **၄။** သို့မဟုတ် ဆုံးမသြဝါဒကို နာယူပြီး ဆုံးမသြဝါဒက သူ့အား အကျိုးဖြစ်ထွန်းစေနိုင်သည်။ **၅။** အလေးမမူ ဂရုမစိုက်သူအတွက်ကျတော့၊ **၆။** အသင်က ပူပန်သောက ဖြစ်နေသည်။ **၇။** စင်စစ် တွင် ထိုသူသည် မှန်ကန်ကောင်းမွန်သူမဖြစ်လျှင်လည်း အသင့်အပေါ်တွင် ဘာ တာဝန်မျှမရှိ။ **၈။** အသင့်ထံသို့ အပြေးအလွှားရောက်လာသူ၊ **၉။** အလွှာဟ်ကို လည်း ကြောက်ရွံ့သူ၊ **၁၀။** ထိုသူ့ကိုကျတော့ အသင်သည် အရေးမပေး လျစ်လျူ ရှုခဲ့သည်။ **၁၁။** ထိုသို့ လုံးဝ မပြုလုပ်ပါနှင့်။ ဇကန်စင်စစ် ဤသည် ဆုံးမသြဝါဒတော် ပင် ဖြစ်ပေသည်။ **၁၂။** မည်သူမဆို အလိုရှိလျှင် အဆုံးအမတရား ရယူနိုင်ပေသည်။ **၁၃။** ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော စာအုပ်များတွင် (ရေးသားထားပြီး ဖြစ်သည်)၊ **၁၄။** အဆင့်မြင့်မားသော၊ သန့်ပြန့်စင်ကြယ်သော(နေရာတွင်ရှိသည်)။ **၁၅။** ရေး သားကြသော ကောင်းကင်တမန်များ၏ လက်ဝယ်တွင်(ရှိသည်)။ **၁၆။** ယင်းကောင်း ကင်တမန်များသည် ဂုဏ်ကျက်သရေနှင့် ပြည့်စုံကြသော၊ မြင့်မြတ်ကြသော သူ များဖြစ်သည်။

၁၇။ တော်တော်မကောင်းသော လူသားပင်။ သူသည် အဘယ်မျှ ကျေးဇူးကန်းလိုက်ပါဘိ။ **၁၈။** အလ္လာဟ်သည် သူ့အား မည်သည့်အရာဖြင့် ဖန်ဆင်း တော်မူခဲ့သနည်း။ **၁၉။** သုက်ရည်တစ်စက်ဖြင့် သူ့အား ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် သူ့အား (အဆင့်ဆင့်)သတ်မှတ်တော်မူခဲ့သည်။ **၂၀။** ထို့နောက် အရှင် မြတ်သည် သူ့အတွက် လမ်းကို လွယ်ကူစေတော်မူခဲ့သည်။ **၂၁။** ထို့နောက် သူ့အား သေဆုံးစေတော်မူပြီး သင်္ဂြိုဟ်းတွင်းသို့ ရောက်စေတော်မူခဲ့သည်။ **၂၂။** ထို့နောက် အရှင်မြတ် အလိုတော်ရှိသောအခါ သူ့အား ပြန်လည်ရှင်ထစေတော်မူမည်။ **၂၃။** (လူသားထင်သလို)လုံးဝမဟုတ်။ ထိုလူသားသည် သူ့အား အရှင်မြတ် အမိန့်ပေး

ထားသည်များကို ကျေပွန်အောင် ဆောင်ရွက်ခဲ့ခြင်း မရှိသေးပေ။ **၂၄။** သို့ဖြစ်ရာ လူသားသည် မိမိ၏အစားအစာကို ကြည့်ရှုဆင်ခြင်သင့်ပေသည်။ **၂၅။** ငါအရှင် သည် မိုးရေကို ကောင်းကောင်း ရွာသွန်းစေတော်မူခဲ့သည်။ **၂၆။** ထို့နောက် ငါအရှင်သည် မြေပထဝီကို ကောင်းကောင်းခွဲတော်မူခဲ့သည်။ **၂၇။** တစ်ဖန် ယင်း မြေပထဝီတွင် ကောက်ပဲသီးနှံကို ပေါက်ရောက်စေတော်မူခဲ့သည်။ **၂၈။** စပျစ်ပင်နှင့် ဟင်းသီးဟင်းရွက်များကိုလည်း၊ **၂၉။** သံလွင်ပင်နှင့် စွန်ပလွံပင်ကိုလည်း၊ **၃၀။** ထူထပ်သော ဥယျာဉ်များကိုလည်း၊ **၃၁။** သစ်သီးဝလံများနှင့် မြက်ပင်များကို လည်း(ပေါက်ရောက်စေတော်မူခဲ့သည်။) **၃၂။** အသင်တို့အကျိုးအတွက်ရော၊ အသင်တို့၏ တိရစ္ဆာန်များ အကျိုးအတွက်ပါ အသက်မွေးဝမ်းကျောင်း အထောက် အကူပစ္စည်းများအဖြစ် ဖြစ် သည်။

၃၃။ တစ်ဖန် နားပင်စေသောအသံသည် ထွက်ပေါ်လာသောအခါ၊ **၃၄။** ထိုနေ့တွင် လူသားသည် မိမိညီအစ်ကို၏ထံမှ ထွက်ပြေးလိမ့်မည်။ **၃၅။** မိမိ၏ မိခင် ထံမှရော၊ မိမိ၏ ဖခင်ထံမှရော။ **၃၆။** မိမိ၏ ဇနီးမိန်းမထံမှရော၊ မိမိ၏သားသမီးများ ထံမှရော(ပြေးလိမ့်မည်)။ **၃၇။** ထို့နေ့တွင် သူတို့ထဲက လူတိုင်းလူတိုင်းတွင် အခြား အရာဘက်သို့ အာရုံပြုအားမည်မဟုတ်သော ပူပန်သောကတစ်ခုစီ ရှိနေကြမည် ဖြစ်သည်။ **၃၈။** အချို့သောမျက်နှာများသည် ထိုနေ့တွင် လင်းဝင်းတောက်ပလျက် ရှိကြပေမည်။ **၃၉။** ရယ်မောလျက်၊ ဝမ်းမြောက်ပျော်ရွှင်လျက် ရှိမည်။ **၄၀။** ထိုနေ့ တွင် အချို့သော မျက်နှာများပေါ်တွင် ဖုံများတက်လျက်ရှိမည်။ **၄၁။** ယင်းမျက်နှာ များပေါ်တွင် အမှောင်ထု ဖုံးလွှမ်းလျက်ရှိပေမည်။ **၄၂။** ဤသူများသည်သာလျှင် ငြင်းပယ်ကြသူများ၊ ဆိုးသွမ်းမိုက်မဲသူများ ဖြစ်ကြပေသည်။

၈၁။ စူရတ် သတ္တဝီးရိ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ နေသည် လိပ်ခေါက်ခြင်းကို ခံရသောအခါ၊ **၂။** ကြယ်တာရာများသည် အလင်းရောင်ကင်းမဲ့သွားကြသောအခါ၊ **၃။** တောင်များသည် ရွေ့လျားစေခြင်းကို

ခံကြရသောအခါ၊ **၄။** ကိုယ်ဝန်ဆယ်လစေ့သော ကုလားအုတ်မများကို (ဂရုမစိုက်နိုင်ကြတော့ဘဲ) ပစ်ထားလိုက်ကြသောအခါ၊ **၅။** တောရိုင်းတိရစ္ဆာန်များသည် စုရုံးစေခြင်းကို ခံကြရသောအခါ၊ **၆။** ပင်လယ်သမုဒ္ဒရာများသည် လောင်မြိုက် ဆူပွက်စေခြင်းကို ခံကြရသောအခါ၊ **၇။** လူများသည် ချိုးတူရာပေါင်းစည်းစေခြင်းကို ခံကြရသောအခါ၊ **၈-၉။** အရှင်လတ်လတ် မြေမြှုပ်အသတ်ခံခဲ့ရသည့်မိန်းကလေးများသည် ဘာအပြစ်ကြောင့် အသတ်ခံခဲ့ရသနည်းဟု မေးမြန်းခြင်းကို ခံကြရသောအခါ၊ **၁၀။** မှတ်တမ်းစာအုပ်များသည် ဖြန့်ထားခြင်းကို ခံကြရသောအခါ၊ **၁၁။** မိုးကောင်းကင်သည် ဆုတ်ခွာခြင်းကိုခံရသောအခါ၊ **၁၂။** ဂျာဟန္နမ်ငရဲဘုံသည် မီးမွှေးခြင်းကို ခံရသောအခါ၊ **၁၃။** ဂျန္နသ်သုခဘုံသည် အနီးသို့ ယူဆောင်လာခြင်းခံရသောအခါ၊ **၁၄။** လူတိုင်းလူတိုင်းသည် မိမိတို့ဘယူဆောင်လာခဲ့ကြသည်ကို သိသွားကြပေမည်။

၁၅-၁၆။ သို့ဖြစ်ရာ ငါအရှင်သည် နောက်သို့ ဆုတ်တတ်သော သွားလာတတ်သော၊ ကွယ်ပျောက်သွားတတ်သော ကြယ်တာရာများကို သက်သေထူတော်မူသည်။ **၁၇။** ငါအရှင်သည် ညကို သက်သေထူတော်မူသည်။ ယင်းညသည် ကုန်လွန်သွားသောအခါ။ **၁၈။** ငါအရှင်သည် နံနက်ကို သက်သေထူတော်မူသည်။ ယင်းနံနက်သည် အသက်ရှူရှိုက်သောအခါ။ **၁၉။** ဇကန်စင်စစ် ဤကျမ်းသည် မြင့်မြတ်သောစေတမန်တစ်ပါးက ယူဆောင်လာသော မှတ္ထပါဠိတော် ဇကန်ပင်တည်း။ **၂၀။** ထိုစေတမန်သည် အင်အားကြီးမားသူ၊ အရှိရှိပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်မြတ်၏ ထံတော်ပါးတွင် ဂုဏ်မြင့်မားသူတစ်ဦး ဖြစ်သည်။ **၂၁။** ယင်းကောင်းကင်တမန်သည် သြဇာညောင်းသူ၊ ယုံကြည်စိတ်ချရသူ ဖြစ်သည်။ **၂၂။** အသင်တို့၏ မိတ်ဆွေသည် ရူးသွပ်နေသူ မဟုတ်ပေ။ **၂၃။** သူသည် ရှင်းလင်းသော မိုးကုပ်စက်ဝိုင်းတွင် ထိုစေတမန်ကို တွေ့မြင်ခဲ့သည်။ **၂၄။** ထိုပြင် သူသည် အကွယ်တွင်ရှိသောအရာများနှင့်စပ်လျဉ်း၍ စေးနဲသူတစ်ဦး မဟုတ်ပေ။ **၂၅။** ထိုကုရ်အာန်သည် နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ ပြောဆိုချက်လည်း မဟုတ်ပေ။ **၂၆။** သို့ပါလျက် အသင်တို့သည် အဘယ်သို့ သွားနေကြပါသနည်း။ **၂၇။** ဤကျမ်းသည် လောကခပ်သိမ်းအတွက် ဆုံးမဩဝါဒသာလျှင် ဖြစ်ပေသည်။ **၂၈။** အသင်တို့အနက်မှ ဖြောင့်မတ်စွာ သွားလာလိုသူအဖို့ ဖြစ်သည်။ စင်စစ်တွင်

လောကခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အလိုတော်ရှိမှသာလျှင် အသင်တို့သည် အလိုရှိနိုင်ကြပေမည်။

၈၂။ စူရဟ် အင်နှဖိသွားရ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မိုးကောင်းကင်သည် အက်ကွဲသွားသောအခါ၊ **၂။** ကြယ်တာရာများသည် ပြန့်ကျဲသွားသောအခါ၊ **၃။** ပင်လယ်သမုဒ္ဒရာများသည် စီးထွက်စေခြင်းကို ခံကြရသောအခါ၊ **၄။** သချိုင်းများသည် ဖွင့်ပေးခြင်းကို ခံကြရသောအခါ၊ **၅။** လူတိုင်းလူတိုင်းသည် မိမိတို့ ကြိုတင်ပို့နှင့်ထားသည်များကိုရော၊ မိမိတို့ နောက်တွင် ချန်ထားရစ်ခဲ့သည်များကိုပါ သိသွားကြပေမည်။ **၆။** အို-လူသား၊ အသင့် အရှင်နှင့်ပတ်သက်၍ အဘယ်အရာက အသင့်အား လှည့်ဖြားထားပါသနည်း။ **၇။** အရှင်မြတ်သည်ပင် အသင့်အား ဖန်ဆင်းတော်မူခဲ့သည်။ တစ်ဖန် အသင်၏ ခန္ဓာအစိတ် အပိုင်းများကို နေသားတကျဖြစ်အောင် ပြုလုပ်တော်မူခဲ့သည်။ တစ်ဖန် အသင့်အား အချိုးအစား ပြေပြစ်အောင် ပြုလုပ်တော်မူခဲ့သည်။ **၈။** မိမိ အလိုတော်ရှိသော ပုံသဏ္ဌာန်တွင် အသင့်အား ပေါင်းစပ်ဖွဲ့စည်းတော်မူခဲ့သည်။ **၉။** (အသင်တို့ထင်သလို) လုံးဝမဟုတ်။ စင်စစ်တွင် အသင်တို့သည် အစားပေးမည့်နေ့ကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်နေကြခြင်းသာ ဖြစ်ပေသည်။ **၁၀။** ဇကန်စင်စစ် အသင်တို့အပေါ်တွင် အစောင့်အကြပ်များ မုချ ရှိပေသည်။ **၁၁။** မြင့်မြတ်သော ရေးမှတ်ကြသူများ ဖြစ်သည်။ **၁၂။** သူတို့သည် အသင်တို့ ပြုလုပ်သမျှကို သိရှိကြသည်။ **၁၃။** ဇကန်စင်စစ် ကောင်းမြတ်သောသူတို့သည် စည်းစိမ်ချမ်းသာတွင် မုချရှိကြလိမ့်မည်။ **၁၄။** ဇကန်စင်စစ် ဆိုးသွမ်းသောသူတို့သည် ဂျဟန္နမ်ငရဲဘုံတွင် မုချ ရှိကြလိမ့်မည်။ **၁၅။** အစားပေးမည့်နေ့တွင် သူတို့သည် ထိုငရဲဘုံသို့ ဝင်ရောက်ကြရမည်။ **၁၆။** ထို့ပြင် သူတို့သည် ယင်းငရဲဘုံမှ ခွဲခွာရမည့်သူများ မဟုတ်ကြပေ။ **၁၇။** အစားပေးမည့်နေ့သည် အဘယ်နေ့နည်းဟူသည်ကို အသင်သိပါသလော။ **၁၈။** တစ်ဖန် အစားပေးမည့် နေ့ဟူသည် အဘယ်နေ့နည်းဟူ

သည်ကို အသင်သိပါသလော။ **၁၉။** မည်သူကမျှ မည်သူ့အတွက်မျှ ဘာတစ်စုံတစ်ရာမျှ အကျိုးပြုပိုင်ခွင့်ရှိမည်မဟုတ်သော နေ့ပင်ဖြစ်သည်။ ထိုနေ့တွင် အမိန့်အာဏာဟူသမျှသည် အလွှာ့ဟ်ထံတွင်သာ ရှိပေလိမ့်မည်။

၈၃။ စူရဟ် သသ္ဓိဇီးဖ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလွှာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အခြင့်အချိန်တွင် လျော့နည်းအောင်လုပ်သူတို့အဖို့ ပျက်စီးခြင်းရှိပေသည်။ **၂။** သူတို့သည် သူတစ်ပါးထံမှ ခြင်တွယ်၍ ယူကြသောအခါ အပြည့်အဝယူကြလေသည်။ **၃။** သို့သော် သူတို့သည် သူတစ်ပါးကို ခြင်တွယ်ပေးသောအခါ၊ သို့မဟုတ် သူတစ်ပါးကို ချိန်တွယ်ပေးသောအခါ လျှော့၍ ပေးကြလေသည်။ **၄။** မိမိတို့သည် ရှင်ပြန်ထစေခြင်းခံကြရမည့်သူများဖြစ်ကြသည်ကို ထိုသူတို့ မယုံကြည်ကြလေသလော။ **၅။** ကြီးကျယ်လှသောနေ့တစ်နေ့တွင်၊ **၆။** ထိုနေ့တွင် လူအပါင်းတို့သည် လောကခပ်သိမ်း၏အရှင့်ရှေ့တော်မှောက်တွင် မတ်တတ်ရပ်ကြရမည်။ **၇။** (အသင်တို့ထင်သကဲ့သို့) လုံးဝမဟုတ်၊ စင်စစ်တွင် ပြစ်မှုဒုစရိုက်သမားများ၏ စာရင်းမှတ်တမ်းသည် စိဂျ်ဂျီးန်တွင် ရှိမည်။ **၈။** စိဂျ်ဂျီးန်ဟူသည် အဘယ်အရာဖြစ်သည်ကို အသင် သိပါသလော။ **၉။** ရေးသားထားပြီးဖြစ်သော မှတ်တမ်းစာအုပ်တစ်အုပ်ပင် ဖြစ်သည်။ **၁၀။** မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသူတို့အတွက် ထိုနေ့တွင် ပျက်စီးခြင်း ရှိပေသည်။ **၁၁။** သူတို့သည် အစားပေးမည့်နေ့ကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ **၁၂။** စည်းဘောင်ကျော်လွန်သူ၊ ပြစ်မှုဒုစရိုက်အလွန် ကျူးလွန်သူသာလျှင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သည်။ **၁၃။** သူ့ရှေ့မှောက်တွင် ငါအရှင်၏ အာယသ်တော်ကို ဖတ်ကြားသောအခါ သူကဤသည် ရှေးဟောင်းလူတို့ ၏ ပုံပြင်များသာဖြစ်သည်ဟု ပြောဆိုခဲ့သည်။ **၁၄။** (ဤသူတို့ထင်ကြသကဲ့သို့) လုံးဝမဟုတ်။ စင်စစ်တွင် သူတို့ပြုမူခဲ့သောမကောင်းမှုများ၏ သံချေးသည် သူတို့၏စိတ်နှလုံးများပေါ်တွင် စွဲသွားခဲ့ပြီ ဖြစ်သည်။ **၁၅။** (သူတို့ထင်သလို)လုံးဝမဟုတ်။ စင်စစ် ထိုနေ့တွင် သူတို့နှင့် သူတို့၏အရှင်ကြားတွင်

အကာအဆီးထား ခြင်းကို ခံကြရမည့်သူများ ဖြစ်ကြပေသည်။ **၁၆။** တစ်ဖန် သူတို့သည် ဂျဟန္နမ်ငရဲဘုံသို့ ဝင်ရောက်ကြရမည့်သူများ ဖြစ်ကြသည်။ **၁၇။** ထို့နောက် သူတို့အား ဤသည်ပင် အသင်တို့က မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့သည့်အရာ ဖြစ်သည်ဟု ပြောဆိုခြင်းခံ ရပေမည်။

၁၈။ (အသင်တို့ထင်ကြသကဲ့သို့) လုံးဝမဟုတ်။ ဇကာစင်စစ် ကောင်းမြတ်သောသူတို့၏ စာရင်းမှတ်တမ်းသည် အီလ်လီယီန်တွင် ရှိမည်။ **၁၉။** အီလ်လီယီန်ဟူသည် အဘယ်အရာဖြစ်သည်ကို အသင်သိပါသလား။ **၂၀။** ရေးသားထား ပြီးဖြစ်သော မှတ်တမ်းစာအုပ်ပင် ဖြစ်သည်။ **၂၁။** ယင်းမှတ်တမ်းစာအုပ်အပေါ်တွင် အပါးတော်မြဲ ကောင်းကင်တမန်များက သက်သေထွက်ဆိုလိမ့်မည်။ **၂၂။** ဇကာစင်စစ် ကောင်းမြတ်သော သူများသည် စည်းစိမ်ချမ်းသာတွင် ရှိကြမည်။ **၂၃။** သူတို့သည် သလွန်များပေါ်တွင် စံမြန်းကာ ရှုစားနေကြမည်။ **၂၄။** သူတို့၏မျက်နှာ များတွင် စည်းစိမ်၏ စိုပြည်တောက်ပမှုကို အသင် ခံစားသိရှိနိုင်ပေမည်။ **၂၅။** သူတို့သည် တံဆိပ်ခတ်နိုပ်ထားသော အရက်အစစ်ကို တိုက်ကျွေးခြင်းခံကြရမည်။ **၂၆။** ထိုအရက်၏ တံဆိပ်မှာ ကတိုးဖြစ်မည်။ အပြိုင်အဆိုင်လုပ်လိုသူတို့သည် ဤသည်ကိုသာ အပြိုင်အဆိုင် လုပ်သင့်ပေသည်။ **၂၇။** ယင်းအရက်တွင် တတ်စ်နိမ် ရောစပ်ထားပေမည်။ **၂၈။** ယင်းတတ်စ်နိမ်ဟူသည် အပါးတော်ရှိ သူမွန်သူမြတ်များ သောက်သုံးသည့် စမ်းရေချောင်းတစ်ခုပင် ဖြစ်သည်။ **၂၉။** ဇကာစင်စစ် ပြစ်မှုကျူးလွန်ကြသူတို့သည် ယုံကြည်သူများအား ရယ်မောလေ့ရှိခဲ့ကြသည်။ **၃၀။** ထိုယုံကြည်သူတို့အနားမှ ဖြတ်သန်းသွားကြသည့်အခါ အချင်းချင်း မျက်ရိပ်ပြကာ လှောင်ပြောင်လေ့ရှိခဲ့ကြသည်။ **၃၁။** မိမိတို့၏ လူများထံသို့ ပြန်သွားသောအခါ (သူတို့အကြောင်းပြောပြီး)အားရပမ်းသာ ဖြစ်ခဲ့ကြသည်။ **၃၂။** ထို့ပြင် သူတို့အားတွေ့မြင်သောအခါ ဇကာစင်စစ် ဤသူများသည် လမ်းလွဲနေသူများဖြစ်ကြသည်ဟု ပြောဆိုခဲ့ကြသည်။ **၃၃။** စင်စစ်တွင် သူတို့သည် ထိုယုံကြည်သူများအပေါ် ကြီးကြပ်အုပ်ထိန်းသူများအဖြစ် စေလွှတ်ခြင်းခံခဲ့ကြရသည် မဟုတ်ပေ။ **၃၄။** သို့ဖြစ်ရာ ယနေ့တွင် ယုံကြည်သူတို့သည် ငြင်းပယ်သူတို့အပေါ် ရယ်မောကြပေမည်။ **၃၅။** သလွန်များပေါ်တွင် စံမြန်းလျက် ရှုစားနေကြမည်။ **၃၆။** ငြင်းပယ်သူတို့သည် မိမိတို့ပြုလုပ်ခဲ့သည်များကို အစားပေးခြင်းခံကြရခြင်းသာ ဖြစ်ပေသည်။

၈၄။ ဗူရဟ် အင်နရှိကားက်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မိုးကောင်းကင်သည် အက်ကွဲသွားသောအခါ၊ **၂။** ယင်းမိုးကောင်းကင်သည် မိမိ၏အရှင်သခင်၏အမိန့်တော်ကို နာခံပေမည်။ နာခံဖို့လည်း ထိုက်တန်ပေသည်။ **၃။** ထို့ပြင် မြေပထဝီသည် ဆွဲဆန့်ခြင်းကို ခံရသောအခါ၊ **၄။** ယင်းမြေပထဝီသည် မိမိအတွင်းရှိအရာများကို အန်ထုတ်လိုက်ပြီးနောက် ဗလာချည်း ဖြစ်သွားပေမည်။ **၅။** ယင်းမြေပထဝီသည် မိမိ၏အရှင်သခင်၏အမိန့်တော်ကို နာခံပေမည်။ နာခံဖို့လည်း ထိုက်တန်ပေသည်။ **၆။** အို-လူသား၊ ဇကန်စင်စစ် အသင်သည် မိမိ၏အရှင်သခင်ထံသို့ ကြိုးစားအားထုတ်ပြီး အရောက်သွားနေလျက်ရှိပေသည်။ ထို့နောက် အသင်သည် ထိုအရှင်နှင့် တွေ့ဆုံရပေမည်။ **၇။** သို့ဖြစ်ရာ မည်သူမဆို မိမိ၏မှတ်တမ်းစာအုပ်ကို မိမိ၏လက်ယာလက်ထဲတွင် ပေးအပ်ခြင်းခံရလျှင်၊ **၈။** ထိုသူသည် လွယ်ကူစွာ စာရင်းစစ်ဆေးခြင်းခံရပေမည်။ **၉။** ထို့ပြင် သူသည် မိမိ၏အပေါင်းအဖော်များထံသို့ ဝမ်းမြောက်ဝမ်းသာ ပြန်လာပေမည်။ **၁၀။** သို့သော် မည်သူမဆို မိမိမှတ်တမ်းစာအုပ်ကို နောက်ကျောဘက်မှ ပေးခြင်းခံရပါမူ၊ **၁၁။** ထိုသူသည် သေခြင်းတရားကို ဟစ်ခေါ်ပေမည်။ **၁၂။** ထို့နောက် ဂျဟန္နမ်ဂရဲဘုံသို့ ဝင်ရောက်လိမ့်မည်။ **၁၃။** ဇကန်စင်စစ် သူသည် မိမိ၏အပေါင်းအဖော်များထံတွင် ပျော်ရွှင်နေခဲ့သည်။ **၁၄။** မိမိသည် လုံးဝပြန်လှည့်ရမည် မဟုတ်ဟု သူက ထင်မြင်ခဲ့သည်။ **၁၅။** အဘယ်ကြောင့် ပြန်မလှည့်ရမည်နည်း။ ဇကန်စင်စစ် သူ၏အရှင်သခင်သည် သူ့အား အကြွင်းမဲ့ ရှုမြင်လျက် ရှိနေခဲ့ပေသည်။ **၁၆။** သို့ဖြစ်ရာ ငါအရှင်သည် နေဝင်ဆည်းဆာ ရောင်နီကို သက်သေထူတော်မူသည်။ **၁၇။** ညနှင့် ထိုညကို ဖုံးလွှမ်းထားသောအရာဟူသမျှကို သက်သေထူတော်မူသည်။ **၁၈။** လသည် ပြည့်ဝန်းလာသောအခါ ယင်းလကို သက်သေထူတော်မူသည်။ **၁၉။** ဇကန်စင်စစ် အသင်တို့သည် အခြေအနေတစ်ခု၏နောက်တွင် နောက်အခြေအနေတစ်ခုသို့ ရောက်ရှိကြရပေမည်။ **၂၀။** သို့ပါလျက် သူတို့သည် မည်သည့်အကြောင်းကြောင့် မယုံကြည်ကြသနည်း။ **၂၁။** သူတို့၏ရှေ့တွင် ကျမ်းမြတ်ကုရ်အာန်ကို

ဖတ်ရွတ်သောအခါ အဘယ်ကြောင့် ပျပ်ဝပ်ဦးချမှု မပြုကြလေသနည်း။ ၂၂။ ထိုမျှမကသေးပေ။ ငြင်းပယ်ကြသူတို့သည် မဟုတ်မမှန်ဟုပင် စွပ်စွဲပြောဆိုခဲ့ကြသည်။ ၂၃။ သူတို့ စိတ်များတွင် ဖုံးကွယ်ကျက်မှတ်ထားသော အရာများကို အလ္လာဟ်က အသိဆုံးဖြစ်တော်မူပေသည်။ ၂၄။ သို့ဖြစ်ရာ နာကျင်စေသော ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ သူတို့ကို သတင်းကောင်းပါးလိုက်ပါ။ ၂၅။ သို့သော် အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုများ ပွားများခဲ့ကြသူတို့အတွက်မှာမူ ဘယ်တော့မှ အဆုံးမရှိသည့် အကျိုးကုသိုလ် ရှိပေသည်။

၈၅။ စူရဟ် ဗုရူးဂျ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ငါအရှင်သည် ကြယ်တာရာကြီးများရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူသည်။ ၂။ ချိန်းချက်ထားပြီးဖြစ်သောနေ့ကို သက်သေထူတော်မူသည်။ ၃။ သက်သေခံမည့်သူနှင့် သက်သေခံခြင်းခံရမည့်အရာများကို သက်သေထူတော်မူသည်။ ၄။ ကျုံးကြီးများတူးခဲ့ကြသောသူများသည် ပျက်စီးခဲ့ကြရလေသည်။ ၅။ ယင်းကျုံးများတွင် တောက်လောင်နေသော လောင်စာ၏မီး ရှိခဲ့သည်။ ၆။ တစ်ခါတွင် သူတို့သည် ယင်းမီး၏ အနီးတွင် ထိုင်လျက်ရှိခဲ့ကြသည်။ ၇။ ယုံကြည်သူတို့အား သူတို့ပြုလုပ်နေကြသည်များအပေါ်တွင် သူတို့သည် သက်သေ ဖြစ်ကြသည်။ ၈။ သူတို့သည် ထိုယုံကြည်သူတို့အား ညှဉ်းပန်းနိုက်စက်ရခြင်းမှာ အခြားအ ကြောင်းကြောင့်မဟုတ်။ ထိုယုံကြည်သူတို့က အလွန် နိုင်နင်းလွှမ်းမိုးတော်မူသော၊ ချီးမွမ်းထောမနာအပေါင်းကို ခံယူထိုက်တော်မူသော အလ္လာဟ်ကို ယုံကြည်သည့်အတွက်ကြောင့်သာ ဖြစ်ပေသည်။ ၉။ မိုးကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအရှင့်ထံတွင်သာ ရှိပေသည်။ အလ္လာဟ်သည် အရာခပ်သိမ်း ကို မြင်နေတော်မူသောအရှင် ဖြစ်ပေသည်။ ၁၀။ ယုံကြည်သူအမျိုးသား၊ အမျိုးသမီးများအား ညှဉ်းပန်းနှိပ်စက်ခဲ့ကြပြီးနောက် အမှားဝန်ချတောင်းပန်မှုမပြုခဲ့ကြသော သူတို့အတွက် ဂျဟန္ဓမ်၏အပြစ်ဒဏ်ရှိသည့်အပြင်

သူတို့အဖို့ မီးလောင်ကျွမ်းစေမည့် ပြစ်ဒဏ်လည်း ရှိပေသည်။ **၁၁**။ ဇကန်စင်စစ် အီမာန်ယုံကြည်ပြီးနောက် ကောင်းမှုများ ပွားများခဲ့ကြသူတို့အဖို့မှာမူ အောက်ခြေဘက်တွင် စမ်းရေချောင်းများ စီးတွေ့ နေသည့် ဥယျာဉ်များ ရှိပေသည်။ ဤသည် ကြီးကျယ်လှသော အောင်မြင်မှု ဖြစ်ပေသည်။ **၁၂**။ ဇကန်စင်စစ် အသင့်အရှင်၏ အရေးယူမှုသည် မုချ ပြင်းထန်သည်။ **၁၃**။ ဇကန်စင်စစ် ထိုအရှင်သည်သာ စတင်၍ ဖန်ဆင်းတော်မူပြီး၊ ဒုတိယတစ်ကြိမ် ပြန်လည်ဖန်ဆင်းတော်မူမည်။ **၁၄**။ ထိုအရှင်သည် အလွန် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော၊ အလွန် ချစ်မြတ်နိုးတော်မူသောအရှင် ဖြစ်သည်။ **၁၅**။ အရှင်ရှုပလွင်ကို စိုးပိုင်တော်မူသော၊ အလွန် မြင့်မြတ်တော်မူသော အရှင်ဖြစ်သည်။ **၁၆**။ မိမိ အလိုရှိရာကို ပြုလုပ်တော်မူသောအရှင် ဖြစ်သည်။ **၁၇**။ စစ်တပ်များ၏အကြောင်းအရာသည် အသင့်ထံ ရောက်ရှိလာခဲ့ပါသလော။ **၁၈**။ ယင်းစစ်တပ်ဆိုသည်မှာ ဖိရဓောင်နှင့် ဆမူဒအမျိုးသားတို့ဖြစ် သည်။ **၁၉**။ သို့သော်လည်း ငြင်းပယ်ခဲ့ကြသူတို့သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ် လျက်သာ ရှိခဲ့ကြသည်။ **၂၀**။ အလ္လာဟ်သည် သူတို့အား ဘက်ပေါင်းစုံမှ ဝန်းရံ ထားလျက် ရှိတော်မူသည်။ **၂၁**။ စင်စစ်တွင် ထိုကျမ်းသည် မြင့်မြတ်သော ကုရ်အာန်ကျမ်း ဖြစ်သည်။ **၂၂**။ ထိန်းသိမ်းထားသည့် သင်ပုန်းတွင် ရေးမှတ်ထားပြီး ဖြစ်သည်။

၈၆။ စူရဟ် သွာရိက်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနားတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မိုးကောင်းကင်နှင့်၊ ညဦးအချိန်တွင် ထွက်ပေါ်သောအရာများကို ငါအရှင် သက်သေထူတော်မူသည်။ **၂**။ ညအချိန်တွင် ထွက်ပေါ်သောအရာဟူသည် အဘယ်အရာဖြစ်သည်ကို အသင်သိပါသလော။ **၃**။ လင်းဝင်းတောက်ပသော ကြယ်တာရာပင် ဖြစ်သည်။ **၄**။ လူတိုင်းလူတိုင်းတွင် ထိန်းသိမ်းစောင့်ရှောက်သူ တစ်ဦးစီ မုချရှိပေသည်။ **၅**။ သို့ဖြစ်ရာ လူသားသည် ကိုယ်အဘယ်အရာနှင့် ဖန်ဆင်းခြင်းခံခဲ့ရသည်ကို ကြည့်ရှုသင့်ပေသည်။ **၆**။ သူသည် ပန်း၍ထွက်သော အရည်ဖြင့် ဖန်ဆင်းခြင်းခံခဲ့ရသည်။ **၇**။ ထိုအရည်သည် ကျောရိုးနှင့် ရင်ရိုးများ

၏အကြားမှ ထွက်လေသည်။ **၈။** ဇကန်စင်စစ် အရှင်မြတ်သည် ထိုလူသားအား တစ်ဖန်ရှင်ပြန်ထစေတော်မူရန် တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်ပေသည်။ **၉။** ထိုနေ့သည် လျှို့ဝှက်ချက်များအား ထုတ်ဖော် စစ်ဆေးမည့်နေ့ဖြစ်သည်။ **၁၀။** လူသားထံတွင် ဘာအင်အားမျှ ရှိမည်လည်းမဟုတ်၊ အကူအညီပေးမည့်သူလည်း တစ်ဦးမျှ ရှိမည်မဟုတ်။ **၁၁။** ရေသံသရာလည်စေသော မိုးကောင်းကင်ကို ငါအရှင် သက်သေထူတော်မူသည်။ **၁၂။** အက်ကွဲထွက်လာသော မြေပထဝီကို သက်သေထူတော်မူသည်။ **၁၃။** ဇကန်စင်စစ် ဤသည် တိကျပြတ်သားသော စကားပင် ဖြစ်သည်။ **၁၄။** ထိုစကားသည် အပြောင်အပြက် ပြောဆိုထားသောစကား မဟုတ်။ **၁၅။** ဇကန်စင်စစ် သူတို့သည် အကြံအစည် အမျိုးမျိုးကို ကြံစည်နေလျက် ရှိကြသည်။ **၁၆။** ငါအရှင်ကလည်း အကြံအစည် အမျိုးမျိုးကို ကြံစည်လျက် ရှိသည်။ **၁၇။** သို့ဖြစ်ရာ အသင်သည် ငြင်းပယ်ကြသူတို့အား လှန်ထားပါလေ။ သူတို့အား ရက်အနည်းငယ် လှန်ထားလိုက်ပါလေ။

၈၇။ စူရပ် အအ်လာ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အားလုံးထက် အမြင့်မြတ်ဆုံးဖြစ်တော်မူသော၊ အသင့်အရှင်၏ နာမတော် သန့်ပြန့်စင်ကြယ်ကြောင်း ဘာဝနာစီးဖြန်းပါလေ။ **၂။** ထိုအရှင်မြတ်သည် ဖန်ဆင်းတော်မူပြီးနောက် နေသားတကျဖြစ်အောင်လည်း ပြုလုပ်တော်မူခဲ့သည်။ **၃။** ထိုအရှင်မြတ်သည် (အဖန်ဆင်းခံအားလုံးကို အမျိုးအစား၊ အတိုင်းအတာ) သတ်မှတ်တော်မူပြီးနောက် လမ်းလည်းညွှန်တော်မူခဲ့သည်။ **၄။** ထိုအရှင်မြတ်သည် မြက်ပင်ကို ပေါက်ရောက်စေတော်မူခဲ့သည်။ **၅။** ထို့နောက် အရှင်မြတ်သည် ထိုမြက်ပင်ကို မည်းနက်သော ကောက်ရိုးအဖြစ် ပြုလုပ်တော်မူသည်။ **၆။** ငါအရှင်သည် အသင့်အား ရွတ်ဖတ်စေတော်မူမည်ဖြစ်ရာ အသင်သည် မေ့လျော့မည်မဟုတ်တော့ပေ။ **၇။** သို့သော် အလ္လာဟ်အလိုရှိသောအရာမှအပ။ ဇကန်စင်စစ် ထိုအရှင်သည် ထင်ရှားသောအရာကိုရော၊ ဖုံးကွယ်လျက်ရှိသောအရာကိုပါ သိ

တော်မူသည်။ ၈။ ငါအရှင်မြတ်သည် အသင့်အား လွယ်ကူသောလမ်းသို့ ပို့ဆောင်တော်မူမည်။ ၉။ သို့ဖြစ်ရာ ဆုံးမခြင်းသည် အကျိုးဖြစ်ထွန်းစေလျှင် အသင် ဆုံးမပါလေ။ ၁၀။ အလ္လာဟ်ကို ကြောက်ရွံ့သူသည် ဆုံးမမှုကို နာယူပေလိမ့်မည်။ ၁၁။ ကံဆိုးမိုးမှောင်ကျသူကတော့ ထိုဆုံးမမှုမှ ရှောင်ဖယ်သွားပေလိမ့်မည်။ ၁၂။ ယင်းကံဆိုးမိုးမှောင်ကျသူသည် အလွန်ကြီးကျယ်သော မီးထဲသို့ ဝင်ရောက်ရမည်။ ၁၃။ ထို့နောက် ယင်းမီးထဲတွင် သေဆုံးတော့မည်လည်းမဟုတ်၊ ရှင်သန်နေမည် လည်းမဟုတ်။ ၁၄။ မိမိကိုယ်ကို သန့်စင်အောင်လုပ်ခဲ့သူသည် အောင်မြင်ခဲ့လေပြီ။ ၁၅။ ထို့ပြင် သူသည် မိမိ၏အရှင်၏နာမတော်ကို သတိရတသပြီး စွလာသ်ဝတ်ပြု ခဲ့သည်။ ၁၆။ တကယ်တမ်းတော့ အသင်တို့သည် လောကီဘဝသက်တမ်းကို ဦးစားပေးခဲ့ကြသည်။ ၁၇။ အမှန်တွင် နောင်တမလွန်ဘဝသည် ပို၍ ကောင်းပြီး၊ ပို၍ တည်မြဲသည်။ ၁၈။ ဧကန်စင်စစ် ဤအချက်သည် ရှေးဟောင်းကျမ်းများတွင် လည်း ပါရှိခဲ့ပေပြီ။ ၁၉။ အိဗ်ရာဟီမ်နှင့် မူစာ၏ ကျမ်းများတွင်။

၈၈။ စူရဟ် ဂါရှိယဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အားလုံးကို လွှမ်းခြုံသွားမည့်နေ့၏ အကြောင်းအရာသည် အသင့် ထံ ရောက်လာခဲ့ပြီလော။ ၂။ ထို့နေ့တွင် အချို့သောမျက်နှာများသည် ညှိုးငယ် လျက် ရှိကြမည်။ ၃။ ပင်ပန်းကြီးစွာလုပ်ကိုင်မှုကြောင့် မောပန်းလျက်ရှိကြမည်။ ၄။ တဟုန်းဟုန်း တောက်လောင်နေသောမီးထဲသို့ ဝင်ရောက်ကြရမည်။ ၅။ ပွက်ပွက် ဆူလျက်ရှိသော စမ်းချောင်းတစ်ခုမှ ရေတိုက်ကျွေးခြင်းကို ခံကြရမည်။ ၆။ သူတို့အဖို့ သွရီအ် အမည်ရှိသော ဆူးပင်မှအပ အခြားအစားအစာ ရှိမည်မဟုတ်။ ၇။ ထိုဆူးပင်သည် ဝဖြိုးစေမည်လည်းမဟုတ်၊ ဆာလောင်မွတ်သိပ်မှုမှ အဆာပြေ စေမည်လည်း မဟုတ်။ ၈။ ထိုနေ့တွင် အချို့သောမျက်နှာများသည် စိုပြည်ရွှင်လန်း လျက် ရှိကြမည်။ ၉။ မိမိတို့၏ ကြိုးစားရှာဖွေထားမှုအပေါ် နှစ်သက်ကျေနပ်လျက် ရှိကြမည်။ ၁၀။ မြင့်စွင့်သော ဂျန္ဒသ်သုခဘုံတွင် ရှိကြမည်။ ၁၁။ ထိုထဲတွင်

သူတို့သည် အချည်းနှီးအကျိုးမဲ့သောစကားကို ကြားကြရမည်မဟုတ်။ **၁၂**။ ထိုထဲတွင် စီးတွေနေသော စမ်းချောင်းတစ်ချောင်း ရှိသည်။ **၁၃**။ ထိုထဲတွင် မြင့်စွင့် သော သလွန်များ ရှိသည်။ **၁၄**။ အဆင့်သင့်ချထားသော သောက်ရေခွက်များ ရှိသည်။ **၁၅**။ စနစ်တကျ ခင်းကျင်းထားသော ကော်ဇောများလည်း ရှိသည်။ **၁၆**။ နေရာ အနှံ့အပြားတွင် ဖြန့်ကျက်ထားသော မှီအုံးများလည်း ရှိသည်။ **၁၇**။ သို့ဖြစ်ရာ ကုလားအုတ်သည် အဘယ်ကဲ့သို့ ဖန်ဆင်းခြင်းခံထားရသည်ကို သူတို့စဉ်းစား ဆင်ခြင်သုံးသပ်မှု မပြုကြလေသလော။ **၁၈**။ မိုးကောင်းကင်သည် အဘယ်ကဲ့သို့ မြှင့်တင်ခြင်းခံထားရသည်ကိုရော။ **၁၉**။ တောင်များသည် အဘယ်ကဲ့သို့ စိုက်ထူ ခြင်းခံထားရသည်ကိုရော။ **၂၀**။ မြေပထဝီသည် အဘယ်ကဲ့သို့ ဖြန့်ခင်းခြင်းခံထား ရသည်ကိုရော။ **၂၁**။ သို့ဖြစ်ရာ အသင်သည် ဆုံးမသြဝါဒပေးလျက်ရှိပါလေ။ အသင် သည် ဆုံးမသြဝါဒပေးသူတစ်ဦးသာလျှင် ဖြစ်ပေသည်။ **၂၂**။ အသင်သည် သူတို့ အပေါ်တွင် စောင့်ကြပ်အုပ်ထိန်းသူ မဟုတ်ပေ။ **၂၃**။ သို့ရာတွင် မျက်နှာလွှဲ ကျောခိုင်း ပြီး ငြင်းပယ်သူကိုမူ။ **၂၄**။ အလ္လာဟ်သည် ကြီးကျယ်သော ပြစ်ဒဏ်ခတ်တော်မူ ပေမည်။ **၂၅**။ သူတို့သည် ငါအရှင့်ထံသို့သာ ပြန်လည်ရောက်ရှိကြရပေမည်။ **၂၆**။ ထို့နောက် တစ်ဖန် သူတို့ကို စာရင်းစစ်ဆေးရန်မှာ ငါအရှင်၏တာဝန်ပင် ဖြစ်ပေသည်။

၈၉။ စူရဟ် ဇဂျိရ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ နံနက်မိုးသောက်ချိန်ကို ငါအရှင် သက်သေထူတော်မူသည်။ **၂**။ ညဆယ်ညကို သက်သေထူတော်မူသည်။ **၃**။ စုံနှင့် မကို သက်သေထူတော်မူသည်။ **၄**။ ညသည် ဖြတ်သန်းသွားသောအခါ ယင်းညကို သက်သေထူတော်မူသည်။ **၅**။ ဉာဏ်အမြော်အမြင် ပြည့်စုံသောသူအဖို့ ဤသည်တို့တွင် လုံလောက်သော ကျိန်ဆိုချက် ရှိသည်မဟုတ်လော။ **၆-၇**။ အသင့်အရှင်သည် တိုင်ရှည်ကြီးများ၏ ပိုင်ရှင်ဖြစ်ကြသော အိရမ်အဆက်အနွယ် အားဒ်အမျိုးသားများကို မည်သို့ ပြုလုပ် တော်မူခဲ့သည်ကို အသင် မတွေ့မြင်ပါသလော။ **၈**။ မြို့ရွာများတွင် သူတို့နှင့်အလား

တူ လူမျိုးများ ဖန်ဆင်းခြင်းခံခဲ့ရသည်မဟုတ်။

၉။ ထို့ပြင် တောင်ကြားအရပ်တွင် ကျောက်တောင်ကြီးများကို ထွင်းခဲ့ကြသော ဆမူးဒ်လူမျိုးတို့ကိုလည်းကောင်း မည်သို့ပြုခဲ့သနည်း။ **၁၀။** ထို့ပြင် ငှတ်များ၏ ပိုင်ရှင်ဖြစ်သော ဖိရိုအောင်နှက်ကိုလည်းကောင်း မည်သို့ပြုခဲ့သနည်း။ **၁၁။** ၎င်းတို့သည် တိုင်းပြည်များတွင် ဆိုးသွမ်းသောင်းကျန်းခဲ့ကြသည်။ **၁၂။** ထို့ပြင် ယင်းတိုင်းပြည်များတွင် ဖျက်လိုဖျက်ဆီးမှုများကို များစွာ ပြုခဲ့ကြသည်။ **၁၃။** သို့ဖြစ်ရာ အသင့်အရှင်သည် ၎င်းတို့အပေါ်တွင် ကြိမ်ရိုက်ပြစ်ဒဏ်ကို ရိုက်တော်မူခဲ့သည်။ **၁၄။** အမှန်စင်စစ် အသင့်အရှင်သည် ချောင်းမြောင်းသည့်နေရာတွင် ရှိနေတော်မူသည်။ **၁၅။** လူသားသည် သူ၏အရှင်က သူ့အား စမ်းသပ်တော်မူ၍ သိက္ခာနှင့် စည်းစိမ်ကို ပေးတော်မူသောအခါ သူက ကျွန်ပ်၏အရှင်မြတ်သည် ကျွန်ပ်အား သိက္ခာပေးတော်မူသည်ဟု ပြောတတ်လေသည်။

၁၆။ ထို့ပြင် သူ့ကို စမ်းသပ်တော်မူ၍ သူ၏ရိက္ခာကို ကျပ်တည်း စေသောအခါတွင်မူ သူက ကျွန်ပ်၏အရှင်သည် ကျွန်ပ်အား သိက္ခာချလိုက်သည်ဟု ပြောတတ်လေသည်။ **၁၇။** လုံးဝမဟုတ်ပေ။ သို့သာမက သင်တို့သည် ဖတဆိုးကလေးများကို သိက္ခာမပေးကြပေ။ **၁၈။** ဆင်းရဲသားများကို ကျွေးမွေးရန် အသင်တို့သည် အချင်းချင်း တိုက်တွန်းခြင်း မပြုကြပေ။ **၁၉။** သင်တို့သည် အမွေပစ္စည်းများကို သိမ်းကျုံးစားပစ်ကြသည်။ **၂၀။** အသင်တို့သည် ဥစ္စာပစ္စည်းကို အလွန်အမင်း နှစ်သက်ကြသည်။ **၂၁။** ထိုသို့ မဖြစ်သင့်ပေ။ အကြင်အခါဝယ် မြေကို ထုခွဲ၍ ကြေမွသွားအောင် လုပ်ခြင်းခံရမည်။ **၂၂။** ထို့ပြင် အသင်တို့၏ အရှင်သည် ကြွမြန်းလာလိမ့်မည်။ ကောင်းကင်တမန်များလည်း အတန်းလိုက် စီတန်း၍ လာကြလိမ့်မည်။ **၂၃။** ထိုနေ့တွင် ဂျဟန္နမ်ဝဲရဲကို ယူဆောင်လာခြင်းခံရမည်။ ထိုနေ့တွင် လူသားသည် နားလည်သွားလိမ့်မည်။ သို့ရာတွင် ယခုမှ နားလည်ခြင်းမှာ မည်သို့အကျိုးရှိအံ့နည်း။ **၂၄။** ၎င်းက ပြောလိမ့်မည်။ ငါသည် အသက်ရှိစဉ်ခါက တစ်စုံတစ်ခုကို ရှေ့သို့ ကြိုတင်ပို့နှင့်ခဲ့လျှင် ကောင်းလေစွ။ **၂၅။** သို့ဖြစ်၍ ထိုနေ့တွင် အလ္လာဟ်၏ ပြစ်ဒဏ်ပေးပုံမျိုး မည်သူတစ်ဦးတစ်ယောက်ကမျှ ပေးလိမ့်မည်မဟုတ်ပေ။ **၂၆။** ထို့ပြင် ထိုအရှင် ဖမ်းဆီးအရေးယူသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖမ်းဆီးအရေးယူလိမ့်မည်မဟုတ်ပေ။ **၂၇။** အို-ငြိမ်းချမ်းသောစိတ်ဝိညာဉ်၊ **၂၈။**

အသင်သည် မိမိအရှင်ထံသို့ အရှင်မြတ်ကို ကျေနပ်သွားပြီးဖြစ်လျက် ပြန်သွားပါလေ။ အရှင်မြတ်ကလည်း သင့်ကို ကျေနပ်သွားပေပြီ။ **၂၉။** ထို့နောက် ငါအရှင်၏ အစေခံတို့တွင် ဝင်ရောက်လိုက်ပါလေ။ **၃၀။** ထို့နောက် ငါအရှင်၏ ဂျန္နသ်သို့ ဝင်ရောက်လိုက်ပါလေ။

၉၀။ စူရဟ်အလ်ဗလဒ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ငါအရှင်သည် ဤမြို့ကို သက်သေထူတော်မူသည်။ **၂။** အသင်သည် ယင်းမြို့တွင် နေထိုင်နေသည်။ **၃။** ထို့ပြင် ဖခင်နှင့် သူ၏သားသမီးများကို သက်သေထူတော်မူသည်။ **၄။** ငါအရှင်သည် လူသားကို ဒုက္ခ၊ ခက်ခဲမှုထဲတွင် ဖန်ဆင်းထား တော်မူသည်။ **၅။** သူ့အပေါ်တွင် မည်သူမျှ မတတ်စွမ်းနိုင်ဟု သူထင်နေသလော။ **၆။** သူက ကျွန်ုပ်သည် မြောက်မြားစွာသော ဥစ္စာပစ္စည်းများကို သုံးစွဲခဲ့သည်ဟု ပြောလေသည်။ **၇။** မည်သူမျှ သူ့ကို မတွေ့မြင်ခဲ့ပေဟု သူထင်နေသလော။ **၈။** ငါအရှင်သည် ၎င်းအား မျက်လုံးနှစ်လုံး မပေးခဲ့သလော။ **၉။** နှုတ်လျှာတစ်ခုနှင့် နှုတ်ခမ်းနှစ်ခု မပေးခဲ့သလော။ **၁၀။** ငါအရှင်သည် ၎င်းအား လမ်းနှစ်လမ်းစလုံးကို ပြတော်မူခဲ့သည်။ **၁၁။** သို့တိုင်အောင် သူသည် တောင်ကြားအတက်လမ်းကို မကျော်လွှားနိုင်ခဲ့ပေ။ **၁၂။** ယင်းတောင်ကြားအတက်လမ်းဟူသည်မှာ အဘယ် နည်းကို အသင်သိပါသလော။ **၁၃။** ကျေးကျွန်ကို လွတ်မြောက်အောင်လုပ်ပေးခြင်း ဖြစ်သည်။ **၁၄။** သို့မဟုတ် ငတ်မွတ်နေသောကာလတွင် ကျွေးမွေးခြင်းဖြစ်သည်။ **၁၅။** ဆွေမျိုးတော်စပ်သော ဖတဆိုးကလေးကို၊ **၁၆။** သို့မဟုတ် မြေ၌ဂလူးလိမ့် ၍နေသော သူဆင်းရဲကို **၁၇။** ထို့ပြင် သူသည် အကြင်သူများထဲတွင် ပါဝင်ခြင်း ဖြစ်သည်။ ထိုသူများသည် သက်ဝင်ယုံကြည်ကြပြီး အချင်းချင်း သည်းခံမြဲမြံရန်နှင့် စာနာထောက်ထားရန် ဆုံးမကြလေသည်။ **၁၈။** ဤသူများသည်သာ ကံကောင်း သူများ ဖြစ်ကြသည်။ **၁၉။** ငါအရှင်၏ မုကွပါဠိတော်များကို ငြင်းဆိုကြသောသူများ သည်သာ အမှန်စင်စစ် ကံဆိုးသူများ ဖြစ်ကြသည်။ **၂၀။** ၎င်းတို့အပေါ်တွင် ငရဲမီး

သည် လွှမ်းမိုးလျက်ရှိပေမည်။

၉၁။ စူရဟ် အရှ်ရှမ်စ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ နေနှင့် နေတက်ချိန်ကို သက်သေထူတော်မူသည်။ **၂။** ထို့ပြင် လကို သက်ထူတော်မူသည်။ ယင်းလသည် နေ၏နောက်ကို လိုက်သောအခါ **၃။** ထို့ပြင် နေ့ကို သက်သေထူတော်မူသည်။ ယင်းနေ့သည် နေ၏အလင်းကို ပေါ်လွင်သွားစေသောအခါ **၄။** ထို့ပြင် ညကိုသက်သေထူတော်မူသည်။ ယင်းညသည် ထိုနေကို လွှမ်းခြုံဖုံးကွယ်လိုက်သောအခါ **၅။** ထို့ပြင် မိုးကောင်းကင်နှင့် ထိုမိုးကောင်းကင်ကို တည်ဆောက်တော်မူခြင်းအား သက်သေထူတော်မူသည်။ **၆။** ထို့နောက် မြေပထဝီနှင့် ထိုမြေပထဝီကို ဖြန့်ခင်းတော်မူခြင်းအား သက်သေထူတော်မူသည်။ **၇။** ထို့နောက်လူ့အသက်နှင့် ထိုအသက်ကိုလှုပ်ပြည့်စုံအောင် ဖန်ဆင်းတော်မူခြင်းအား သက်သေထူတော်မူသည်။ **၈။** ထို့နောက် အရှင်မြတ်သည် ထိုအသက်အတွင်း၌ မကောင်းမှုနှင့် ကောင်းမှု၏ အသိကို ထည့်ပေးတော်မူခဲ့သည်။ **၉။** ယင်းစိတ်ကို သန့်စင်အောင် လုပ်လိုက်သူသည် အောင်မြင်လေပြီ။ **၁၀။** ယင်းစိတ်ကို ညစ်ပေအောင် လုပ်လိုက်သူသည် ပျက်စီးဆုံးရှုံးလေပြီ။ **၁၁။** ဆမူဒ်လူမျိုးများသည် မိမိတို့၏ ဆိုးသွမ်းမှုကြောင့် (တမန်တော်ကို) မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ **၁၂။** တစ်ခါတွင် သူတို့ထဲမှ အယုတ်မာဆုံးသူသည် ထလာခဲ့သည်။ **၁၃။** ထိုအခါ တမန်တော်က ၎င်းတို့အား အသင်တို့သည် အလ္လာဟ်ကလားအုတ်နှင့် ယင်းကလားအုတ်၏ ရေသောက်ခြင်းကို ဂရုစိုက်ကြကုန်ဟု ပြောခဲ့လေသည်။ **၁၄။** ထိုအခါ သူတို့သည် ယင်းတမန်တော်ကို မဟုတ်မမှန်ဟု ငြင်းဆိုကြသည်။ ထို့နောက် ကလားအုတ်ကို သတ်လိုက်ကြသည်။ ထို့နောက်တွင် သူတို့၏အရှင်သည် သူတို့အပေါ်တွင် ပြစ်ဒဏ်ကို ချပေးတော်မူပြီး အားလုံးကို ဖျက်ဆီးတော်မူလိုက်သည်။ **၁၅။** ထိုပြစ်ဒဏ်၏နောက်တွင် ဖြစ်ပေါ်မည့်ရလဒ်ကို အရှင်မြတ်က ကြောက်တော်မမူပေ။

၉၂။ စူရမ်အလ်လိုင်းလ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ညဉ့်ကို သက်သေထူသည်။ ယင်းညဉ့်သည် လွှမ်းခြုံသောအခါ **၂။** ထို့ပြင် နေ့ကို သက်သေထူသည်။ ယင်းနေ့၏ အလင်းသည် လင်းဝင်းသောအခါ **၃။** ထို့ပြင် အဖိုနှင့် အမကို ဖန်ဆင်းတော်မူသောအရှင်ကို သက်သေထူသည်။ **၄။** အသင်တို့၏ ကြိုးစားမှုများသည် အသီးသီး ဖြစ်ကြသည်။ **၅။** သို့ဖြစ်ရာ မည်သူမဆို ပေးကမ်းမည်၊ အလ္လာဟ်ကို ကြောက်ရွံ့မည်၊ **၆။** အကောင်းဆုံးအရာကို စိတ်နှလုံးဖြင့် ထောက်ခံမည်ဆိုလျှင်၊ **၇။** ငါအရှင်သည် ၎င်းအား လွယ်ကူသော လမ်းအတွက် လွယ်ကူမှုကို ပေးတော်မူလိုက်မည်။ **၈။** ထို့ပြင် မည်သူမဆို စေးနဲတွန့်တိုမည်။ မိမိသည် (အလ္လာဟ်ကို) မလိုအပ်ဘူးဟု ထင်မှတ်မည်။ **၉။** ထို့နောက် အကောင်းဆုံးအရာကို မဟုတ်မမှန်ဟု ငြင်းဆိုလိုက်မည်ဆိုလျှင် **၁၀။** ငါအရှင်သည် ၎င်းအား ဒုက္ခအခက်အခဲရှိသောလမ်းအတွက် လွယ်ကူမှု ပေးတော်မူလိုက်မည်။ **၁၁။** ထို့နောက် သူသည် ချောက်ထဲသို့ ကျသည့်အခါ သူ၏ဥစ္စာ ပစ္စည်းများသည် သူ့အတွက် အသုံးဝင်မည် မဟုတ်ပေ။ **၁၂။** တရားလမ်းမှန်ပြသ ခြင်းသည် ငါအရှင်မြတ်၏ တာဝန်ဖြစ်သည်။ **၁၃။** ထို့ပြင် နောင်တမလွန်နှင့် လောကီသည် ငါအရှင်၏ စိုးပိုင်မှုအောက်တွင်သာ ရှိသည်။ **၁၄။** ထို့ကြောင့် ငါသည် အသင်တို့အား တောက်လောင်လျက်ရှိသော မီးအား ကြောက်ရန် သတိ ပေးလိုက်ပြီ။ **၁၅။** ယင်းမီးထဲတွင် သူယုတ်မာသာ ဝင်ရောက်ရမည်။ **၁၆။** သူသည် အမှန်တရားကို ငြင်းဆန်၍ မျက်နှာလွှဲခဲ့သည်။ **၁၇။** အလ္လာဟ်ကို ကြောက်ရွံ့သူအား ယင်းမီးမှ ဖယ်ရှားပေးခြင်းခံရမည်။ **၁၈။** သူသည် သန့်ပြန့်ရန်အတွက် မိမိဥစ္စာ ပစ္စည်းကို ပေးကမ်းသည်။ **၁၉။** သူအစားပြန်ယူရမည့် ကျေးဇူးတရားဟူ၍ မည်သူ တစ်ဦးတစ်ယောက်ပေါ်မှာမျှ မရှိပေ။ **၂၀။** သူသည် အမြင့်မားဆုံးဖြစ်တော်မူသော မိမိအရှင်မြတ်၏ နှစ်သက်မှုကိုသာ လိုလား၍ (ပေးကမ်းခဲ့သည်။) **၂၁။** သူသည် မကြာမီ မုချ ပျော်ရွှင်ပီတိ ဖြစ်ရလိမ့်မည်။

၉၃။ စူရဟ်အသ်သွုဟာ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ နေတက်ချိန်ကို သက်သေထူတော်မူသည်။ **၂။** ထို့ပြင် ညဉ့်ကို သက်သေထူတော်မူသည်။ ယင်းညဉ့်သည် လွှမ်းခြုံသွားသောအခါ **၃။** အသင်၏ အရှင်မြတ်သည် အသင့်အား စွန့်ပစ်ထားတော်မူသည်မဟုတ်ပေ။ ထို့ပြင် အရှင်မြတ်သည် သင့်အား ဥပေက္ခာပြုထားသည်လည်း မဟုတ်ပေ။ **၄။** မုချဧကန် နောင်မလွန် သည် သင့်အတွက် လောကီထက် ပို၍ ကောင်းပေသည်။ **၅။** အလ္လာဟ်သည် သင့်အား မကြာမီ ပေးတော်မူလိမ့်မည်။ ထို့နောက် သင်သည် ကျေနပ်သွားလိမ့်မည်။ **၆။** အလ္လာဟ်သည် သင့်အား ဖတဆိုးလေးအဖြစ် မြင်တွေ့တော်မူခဲ့ပြီးနောက် သင့်အား မှီခိုရာပေးတော်မူခဲ့သည် မဟုတ်လော။ **၇။** ထို့ပြင် အရှင်မြတ်သည် သင့်အား လမ်းပျောက်နေသူအဖြစ် တွေ့မြင်တော်မူခဲ့ပြီးနောက် သင့်အား လမ်းပြတော်မူခဲ့သည်မဟုတ်လော။ **၈။** ထို့ပြင် အရှင်မြတ်သည် သင့်အား ဆင်းရဲသူအဖြစ် တွေ့မြင်တော်မူခဲ့ပြီးနောက် သင့်အား ချမ်းသာစေတော်မူခဲ့သည် မဟုတ်လော။ **၉။** သို့ဖြစ်ရာ အသင်သည် ဖတဆိုးကလေးများအပေါ် မကြမ်းတမ်းလေနှင့်။ **၁၀။** ထို့ပြင် အသင်သည် တောင်းရမ်းသူ (ဝါ) မေးမြန်းသူကို မောင်းမထုတ်လေနှင့်။ **၁၁။** ထို့နောက် အသင်သည် မိမိအရှင်မြတ်၏ ကျေးဇူးတရားကို ထုတ်ဖော် ဟောကြားပါလေ။

၉၄။ စူရဟ် အလ်အင်နှ်ရှိရာဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ငါအရှင်မြတ်သည် အသင့်အတွက် အသင်၏ရင်ကို ဖွင့်ပေးတော်မမူခဲ့သလော။ **၂။** ထို့ပြင် အသင့်အပေါ်မှ ဝန်ထုပ်ကို ဖယ်ရှားပေးတော်မူခဲ့သည် မဟုတ်လော။ **၃။** ယင်းဝန်ထုပ်သည် အသင့်ကျောကို ကိုင်းညွှတ်အောင်လုပ်ခဲ့သည်။ **၄။** ငါအရှင်မြတ်သည် အသင်၏ ဂုဏ်သတင်းကို ကျော်စောစေတော်မူခဲ့သည်

မဟုတ်လော။ **၅။** အမှန်စင်စစ် ခက်ခဲမှုနှင့်အတူ လွယ်ကူမှုရှိသည်။ **၆။** မုချဇကန် ခက်ခဲမှုနှင့်တကွ လွယ်ကူမှု ရှိပေသည်။ သို့ဖြစ်ရာ အသင်သည် အလုပ်ပြီးဆုံးသွား သောအခါ (ဝတ်ပြုမှုတွင်) ကြိုးပမ်းပါလေ။ **၈။** ထို့ပြင် အသင့်အရှင်မြတ်ဘက်ကို သာလျှင် အာရုံပြုနေပါလေ။

၉၅။ စူရပ်အလ်သီးန်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ သဖန်းသီးနှင့် သံလွင်သီးကို သက်သေထူတော်မူသည်။ **၂။** ထို့ပြင် သိနတောင်ကို သက်သေထူတော်မူသည်။ **၃။** ထို့ပြင် ဤငြိမ်းချမ်းသောမြို့ကို သက်သေထူတော်မူသည်။ **၄။** ငါအရှင်မြတ်သည် လူသားကို အကောင်းဆုံးသော ပုံစံဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ **၅။** ထို့နောက် သူ့အား အနိမ့်စားများထဲတွင် အောက်ဆုံးဆင့်ကို ပို့တော်မူလိုက်သည်။ **၆။** သို့သော် သက်ဝင်ယုံကြည်ပြီး ကောင်းမှု ပြုကျင့်သူများအတွက်မှာမူ မကုန်ဆုံးနိုင်သော အကျိုးကျေးဇူးများ ရှိလေ သည်။ **၇။** ထို့နောက် (အို-လူသား) အကောင်း၊ အဆိုး၏ အစားရရှိမည်ကို မဟုတ် မမှန်ဘူးဟု အသင်ဘာကြောင့် ငြင်းဆိုသနည်း။ **၈။** အလ္လာဟ်သည် စီရင်ဆုံးဖြတ် သူများတွင် အကြီးကျယ်ဆုံးသော စီရင်ဆုံးဖြတ်သူ မဟုတ်သလော။

၉၆။ စူရပ်အလ်အလတ်က်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ဖန်ဆင်းတော်မူသော အရှင်၏ နာမတော်ဖြင့် အသင်ဖတ်ပါ။ **၂။** ထိုအရှင်သည် လူသားအား သွေးခဲမှ ဖန်ဆင်းတော်မူခဲ့သည်။ **၃။** အသင်ဖတ်ပါ။ အသင့်အရှင်မြတ်သည် အရက်ရောဆုံးအရှင် ဖြစ်တော်မူသည်။ **၄။** ထိုအရှင်သည် ကလောင်ဖြင့် သင်ပေးတော်မူသည်။ **၅။** လူသားမသိခဲ့သောအရာများကို လူသား

အား သင်ပေးတော်မူခဲ့သည်။ **၆။** အမှန်မှာ လူသားသည် ဆိုးသွမ်းလေသည်။ **၇။** အကြောင်းမှာ သူသည် ကိုယ့်ကိုယ်ကိုယ် လိုလားတောင်းတမှုကင်းမဲ့သည်ဟု ထင်မှတ်လေသည်။ **၈။** အမှန်စင်စစ် အသင့်အရှင်မြတ်ထံသို့သာ လှည့်ပြန်ရမည်။ **၉။** တားမြတ်ပိတ်ပင်သူကို အသင်တွေ့သလော။ **၁၀။** အစေခံတစ်ဦး စွလားသ်ဝတ်ပြုသောအခါ၊ **၁၁။** အသင်ပြောပါ။ အကယ်၍ ယင်းစွလားသ်ဝတ်ပြုသူသည် လမ်းမှန်ပေါ်တွင် ရှိနေလျှင်၊ **၁၂။** သို့မဟုတ် သူသည် အလွှာဟ်ကို ကြောက်ရွံ့ရန် (အခြားသူများကို) အမိန့်ပေးလျှင် (ထိုသို့သောသူကို ပိတ်ပင်တားမြစ်ခြင်းသည် အပြစ်မကြီးပေသလော) **၁၃။** အသင်ပြောပါ။ အကယ်၍ သူသည် (အမှန်တရားကို) မဟုတ်မမှန်ဘူးဟုငြင်းဆိုလျှင်၊ မျက်နှာလွှဲလျှင် **၁၄။** အလွှာဟ်ကြည့်နေတော်မူသည်ကို သူမသိသလော။ **၁၅။** သတိထားပါ။ အကယ်၍ သူသည် မရပ်တန့်ပါက ငါအရှင်သည် သူ့နဖူးဆံစကို ကိုင်၍ မုချ ဆွဲတော်မူမည်။ **၁၆။** လိမ်လည်သော၊ အပြစ်ကျူးလွန်သော နဖူးဆံစကို၊ **၁၇။** ယခုသူ မိမိဘက်တော်သားများကို ခေါ်လိုက်ပါ။ **၁၈။** ငါအရှင်သည်လည်း ငရဲစောင့် ကောင်းကင်တမန်များကို ခေါ်တော်မူမည်။ **၁၉။** (သူထင်သကဲ့သို့) လုံးဝမဟုတ်၊ အသင်သည် သူ၏စကားကို မနာခံလေနှင့်။ မိမိ၏အရှင်ကို ဦးချဝပ်တွားပါ။ ထို့နောက် နီးစပ်မှု ရယူလိုက်ပါ။

၉၇။ စူရပ်အလ်ကဒ်ရ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနားတော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ငါအရှင်မြတ်သည် ယင်းကျမ်းကို ကဒရ်ညဉ့်တွင် ချပေးတော်မူခဲ့သည်။ **၂။** ကဒရ်ညဉ့်ဘာလဲဟူသည်ကို အသင်သိသလော။ **၃။** ကဒရ်ညဉ့်သည် လပေါင်းတစ်ထောင်ထက် သာမြတ်သည်။ **၄။** ယင်းညဉ့်တွင် ကောင်းကင်တမန်များနှင့် ရူးဟ်(ကောင်းကင်တမန်ဂျိဗရီးလ်) သည် အမိန့်တိုင်းကို ယူ၍ မိမိတို့အရှင်၏ ခွင့်ပြုချက်ဖြင့် ဆင်းသက်ကြသည်။ **၅။** ယင်းညဉ့်သည် နံနက်မိုးသောက်ချိန်ဝင်သည်အထိ ငြိမ်းချမ်းမှုချည်း ဖြစ်သည်။

၉၈။ စူရပ်အလ်ဗိုင်ယ်ယိနဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ကျမ်းရသူများနှင့် မုရှ်ရိုက်များအနက် ငြင်းပယ်သူများသည် သူတို့ထံ ထင်ရှားသော အထောက်အထားမလာမချင်း ရပ်တန့်ကြမည့်သူများ မဟုတ်ပေ။ **၂။** (ယင်းအထောက်အထားမှာ) သန့်ပြန့်သောကျမ်းစာကို ဖတ်ကြားပြသသည့် တမန်တော်တစ်ပါး ဖြစ်သည်။ **၃။** ယင်းထဲတွင် ခိုင်မာမှန်ကန်သော အကြောင်းအရာများ ရေးသားပါရှိသည့် ကျမ်းများ ပါရှိရမည်။ **၄။** ကျမ်းရသူများသည် ရှင်းလင်း ထင်ရှားသော အထောက်အထား လာရှိပြီးနောက်မှ ကွဲလွဲခဲ့ကြသည်။ **၅။** အမှန်တွင် သာသနာရေးကိစ္စအဝဝကို အလျှော့ပ်အတွက်သာလျှင် သီးသန့်ပြု၍ တစိုက်မတ်မတ်ဖြင့် ထိုအရှင်မြတ်ကိုသာ ကိုးကွယ်ကြရန်၊ စွဲလားသံ တည်ဆောက်ကြရန်၊ ဇကာသံဒါနကြေးပေးဆောင်ကြရန် သူတို့ အမိန့်ပေးခြင်း ခံထားရသည်။ ဤသည်သာ မှန်ကန်တည့်မတ်သော သာသနာဖြစ်သည်။ **၆။** အမှန်စင်စစ် ကျမ်းရသူများနှင့် မုရှ်ရိုက်တို့အနက်မှ သွေဖည်ငြင်းပယ်သူတို့သည် ဂျဟန္နမ်ဝရဲတွင် ကျရောက်လိမ့်မည်။ သူတို့သည် ယင်းထဲတွင် အမြဲထာဝရနေကြရလိမ့်မည်။ ဤသူများသည် အဆိုးရွားဆုံးသော အဖန်ဆင်းခံများ ဖြစ်ကြသည်။ **၇။** စင်စစ်တွင် အီမာန်ယုံကြည်ပြီးနောက် ကောင်းမှု ဆောက်တည်သူများသာလျှင် အကောင်းဆုံးသော အဖန်ဆင်းခံများ ဖြစ်ကြသည်။ **၈။** အစားအနေဖြင့် သူတို့သည် မိမိတို့၏ အရှင်မြတ်၏ ထံပါးတွင် ဥယျာဉ်များ ရရှိကြလိမ့်မည်။ ယင်းဥယျာဉ်များအောက်တွင် စမ်းချောင်းများ စီးတွေနေလိမ့်မည်။ ယင်းဥယျာဉ်များတွင် သူတို့သည် ထာဝရနေရလိမ့်မည်။ အလ္လာဟ်ကလည်း သူတို့ကို ကျေနပ်၊ သူတို့ကလည်း အလ္လာဟ်ကို ကျေနပ်ခဲ့ပြီ။ ဤသည် မိမိအရှင်မြတ်အား ကြောက်ရွံ့သူအတွက် ဖြစ်သည်။

၉၉။ စူရဟ် အဇိဇိလ်ဇားလ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မြေပထဝီသည် ပြင်းထန်စွာ လှုပ်ရှားစေခြင်းကို ခံရသောအခါ **၂။** မြေကြီးသည် မိမိ၏ဝန်ထုပ်ဝန်ပိုးများကို ထုတ်လိုက်မည်။ **၃။** ယင်းမြေ ဘာဖြစ်သနည်းဟု လူသားက ပြောလိမ့်မည်။ **၄။** ထိုနေ့တွင် မြေသည် မိမိ၏ သတင်းများကို ပြောပြလိမ့်မည်။ **၅။** ယင်းသတင်းမှာ အသင့်အရှင်မြတ်က ထိုမြေအား ဗျာဒိတ်တော် ချပေးတော်မူခြင်းကြောင့်ဟူ၍ ဖြစ်မည်။ **၆။** ထိုနေ့တွင် လူတို့သည် မိမိတို့ ပြုလုပ်ခဲ့သည်များကို ပြသခြင်းခံရရန်အတွက် သီးခြားသီးခြား ထွက်လာကြပေလိမ့်မည်။ **၇။** သို့ရှိရာ မည်သူမဆို အဏုမြူမှုန့် ကောင်းမှုတစ်ခု လုပ်ခဲ့လျှင်လည်း ယင်းကောင်းမှုကို သူမြင်ရမည်။ **၈။** မည်သူမဆို အဏုမြူမှုန့် မကောင်းမှုတစ်ခုကို လုပ်ခဲ့လျှင်လည်း သူသည် ယင်းမကောင်းမှုကို တွေ့မြင်ရပေမည်။

၁၀၀။ စူရဟ်အလ်အာဒီယားသ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ မောဟိုက်သံနှင့်တကွ လျင်မြန်စွာပြေးသော မြင်းများကို သက်သေထူတော်မူသည်။ **၂။** ခွာဖြင့်ပေါက်၍ မီးပွင့်စေသော မြင်းများကို သက်သေထူတော်မူသည်။ **၃။** နံနက်ခင်းတွင် ရုတ်တရက် ဝင်တိုက်သော မြင်းများကို သက်သေထူတော်မူသည်။ **၄။** ထိုနံနက်ခင်းတွင် ဖုန်ထအောင် ပြေးကြသော မြင်းများကို သက်သေထူတော်မူသည်။ **၅။** ထို့နောက် စစ်တပ်အလယ်ထဲတွင် ထိုးဖောက်ဝင်ရောက်ကြသော မြင်းများကို သက်သေထူတော်မူသည်။ **၆။** မုချဇောန် လူသားသည် မိမိအရှင်ကို ကျေးဇူးကန်းသူဖြစ်သည်။ **၇။** သူကိုယ်တိုင် ယင်းကိစ္စပေါ်တွင် သက်သေဖြစ်သည်။ **၈။** ထို့ပြင် သူသည် ဥစ္စာပစ္စည်း၏အချစ်တွင် အင်မတန်လွန်ကဲသည်။ **၉။** သူသည် သချိုင်းများမှ ထုတ်ခြင်းခံရမည်ကို မသိသလော။ **၁၀။** ထို့ပြင် စိတ်နလုံး

များအတွင်း၌ ရှိသောအရာများကိုလည်း ထုတ်ခြင်းခံရမည်။ **၁၁။** အမှန်စင်စစ် ထို့နေ့တွင် သူတို့၏ အရှင်သည် သူတို့နှင့်ပတ်သက်၍ အလွန်သိတော်မူသောအရှင် ဖြစ်ပေမည်။

၁၀၁။ စူရာ်အလ်ကာရိအာဟ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ တုန်ခါရိုက်ခတ်မည့်အရာ **၂။** ယင်းတုန်ခါရိုက်ခတ်မည့်အရာသည် မည်သည့်အရာနည်း။ **၃။** ယင်းတုန်ခါရိုက်ခတ်မည့်အရာသည် မည်သည့်အရာဖြစ်သည်ကို အသင်သိပါသလော။ **၄။** ထိုနေ့တွင် လူတို့သည် ပြန့်ကျဲနေသော ပိုးဖလံများကဲ့သို့ ဖြစ်လိမ့်မည်။ **၅။** ထိုနောက် တောင်များသည် ဖတ်ထားသော ရောင်စုံဂွမ်းကဲ့သို့ ဖြစ်သွားကြလိမ့်မည်။ **၆။** ထို့နောက် မည်သူမဆို သူ၏ ချိန်ခွင်လျှာသည် အလေးစီးပါမူ **၇။** သူသည် စိတ်ပျော်ရွှင်စရာ စည်းစိမ်တွင် နေရလိမ့်မည်။ **၈။** ထို့ပြင် မည်သူမဆို သူ၏ ချိန်ခွင်လျှာသည် ပေါ့ပါးခဲ့ပါမူ **၉။** သူနေရမည့်နေရာမှာ ချောက်တွင်းကြီး ဖြစ်လိမ့်မည်။ **၁၀။** ယင်းချောက်တွင်းသည် မည်သည့်အရာနည်း ဟူသည်ကို အသင်သိပါသလော။ **၁၁။** တောက်လောင်နေသော မီးဖြစ်မည်။

၁၀၂။ စူရာ်အလ်သကာဆုရ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ သူထက်ငါ သာလွန်ချင်သော လောဘက သင်တို့အား မေ့လျော့အောင် လုပ်ထားသည်။ **၂။** နောက်ဆုံး သင်တို့သည် သချိုင်းသို့ ရောက်သွားကြသည်။ **၃။** ထိုသို့ လုံးဝမဖြစ်သင့်ပေ။ များမကြာမီ သင်တို့ သိကြရမည်။ **၄။** ထို့နောက် သတိထားကြကုန်၊ များမကြာမီ သင်တို့ သိကြရမည်။ **၅။** ထိုသို့မဖြစ်သင့်ပေ။ အကယ်၍ သင်တို့သည် အသေအချာ သိကြပါမူ (ထိုသို့ ပြုကြမည်မဟုတ်ပေ။) **၆။**

အသင်တို့သည် ငရဲကို မုချမြင်ကြရမည်။ **၇။** ထို့နောက် သင်တို့သည် ယင်းငရဲကို မျက်စိနှင့် တပ်အပ်မြင်ကြရမည်။ **၈။** ထို့နောက် ယင်းနေ့တွင် သင်တို့သည် စည်းစိမ်များနှင့် ပတ်သက်၍ မုချ မေးမြန်းခြင်းကို ခံကြရပေမည်။

၁၀၃။ စူရော်အလ်အတ်စ်ရိ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ခေတ်ကာလကို သက်သေထူသည်။ **၂။** မုချဖောန် လူသားသည် ပျက်စီးဆုံးရှုံးမှုတွင် ရှိနေသည်။ **၃။** သို့သော် အကြင်သူများ မပါဝင်ကြပေ။ ထိုသူများသည် သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုကုသိုလ်များပြုကျင့်ကြ သည်။ ထို့နောက် အချင်းချင်း အမှန်တရားအတွက် ဆုံးမသတိပေးကြသည်။ ထို့ပြင် သည်းခံမြဲမြံရန် အချင်းချင်း တရားချသတိပေးကြသည်။

၁၀၄။ စူရော်အလ်ဟုမဇော်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ နောက်ကွယ်အတင်းပြောသူတိုင်း၊ ပုတ်ခတ်အပြစ်ရှာသူတိုင်း အတွက် ပျက်စီးမှု ရှိသည်။ **၂။** သူသည် ဥစ္စာပစ္စည်းကို စုဆောင်းသည်။ ထို့နောက် ရေတွက်၍ ထားသည်။ **၃။** သူဥစ္စာပစ္စည်းသည် အမြဲ သူနှင့်အတူ နေမည်ဟု သူထင်နေသည်။ **၄။** လုံးဝမဟုတ်ပေ။ သူသည် နင်းချေထုထောင်းခံရမည့်နေရာတွင် မုချ ပစ်ချခြင်းခံရမည်။ **၅။** ယင်းနှင်းချေထုထောင်းခံရမည့်နေရာသည် အဘယ်နည်း ဟူသည်ကို အသင် သိပါသလော။ **၆။** တောက်လောင်အောင် မွှေးခြင်းခံထားရသော အလ္လာဟ်၏မီး ဖြစ်သည်။ **၇။** ယင်းမီးသည် နှလုံးများသို့တိုင်အောင် ရောက်ပေ လိမ့်မည်။ **၈။** ယင်းမီးကို သူတို့အပေါ်တွင် ပိတ်ဆို့ထားခြင်းခံရမည်။ ရှည်လျား မြင့်မားသော တိုင်းများတွင်(သူတို့ ပိတ်ဆို့ခြင်းခံထားရမည်။)

၁၀၅။ စူရဟ် အလ်ဗီးလ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အသင့်အရှင်မြတ်သည် ဆင်ပိုင်ရှင်များကို မည်သို့ပြုလိုက်သည်ကို အသင်မတွေ့ခဲ့သလော။ **၂။** အရှင်မြတ်သည် ၎င်းတို့၏ အကြံအစည်ကို မအောင်မြင်အောင် လုပ်ခဲ့သည်မဟုတ်လော။ **၃။** ထို့ပြင် သူတို့ထံတွင် ငှက်များကို အုပ်စုလိုက် စေလွှတ်တော်မူခဲ့သည်။ **၄။** ယင်းငှက်များသည် သူတို့အပေါ်၌ ရွှံ့စေးခြောက်ခဲများကို ပစ်ပေါက်ကြလေသည်။ **၅။** ထို့နောက် အလ္လာဟ်သည် ၎င်းတို့ကို စားထားပြီးသော ကောက်ရိုးဖက်ကဲ့သို့ ပြုတော်မူလိုက်သည်။

၁၀၆။ စူရဟ် ကုရိုက်ရှ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ကုရိုက်ရှ်မျိုးနွယ်တို့ အလေ့အထ ရှိသောကြောင့် ဖြစ်သည်။ **၂။** သူတို့၏အလေ့အထမှာ ဆောင်းတွင်းခရီးနှင့် နွေခရီးဟူ၍ ဖြစ်သည်။ **၃။** သို့ဖြစ်ရာ သူတို့သည် ဤအိမ်တော်၏ အရှင်သခင်ကို ကိုးကွယ်သင့်သည်။ **၄။** ထိုအရှင်သည် သူတို့အား ဆာလောင်သောအချိန်၌ ကျွေးမွေးခဲ့သည်။ ထို့ပြင် ကြောက်ရွံ့စိုးရိမ်ခြင်းမှ သူတို့အား လုံခြုံအေးချမ်းမှု ပေးတော်မူခဲ့သည်။

၁၀၇။ စူရဟ် အလ်မာဂူးန်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အစားပေးမည့်နေ့ကို မဟုတ်မမှန်ဟု ငြင်းပယ်သော သူကို အသင်တွေ့ပါသလော။ **၂။** ထိုသူသည် ဖတဆိုးကလေးကို မောင်းထုတ်သူဖြစ်သည်။ **၃။**

ထို့ပြင် သူ့ဆင်းရဲအား ကျေးမွေးရန်လည်း မတိုက်တွန်းပေ။ **၄။** စွလားသ်ဝတ်ပြုသော အကြင်သူများအဖို့ ပျက်စီးမှုသာ ရှိပေသည်။ **၅။** ထိုသူတို့သည် မိမိတို့၏ စွလားသ်မှ မေ့လျော့ကြသည်။ **၆။** ထိုသူတို့သည် ပြစားကြသည်။ **၇။** ထို့ပြင် မပြောပလောက်သော အသေးအဖွဲပစ္စည်းများကိုပင် သူတစ်ပါးကို မပေးကမ်းကြပေ။

၁၀၈။ စူရပ်အလ်ကောင်ဆရ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ငါအရှင်မြတ်သည် သင့်အား ကောင်ဆရ်ကို ပေးလိုက်ပြီ။ **၂။** သို့ဖြစ်ရာ သင်သည် မိမိအရှင်မြတ်အဖို့ စွလားသ်ဝတ်ပြုပါလေ၊ ထို့နောက် ကုရ်ဗာနီသားကောင်စွန့်လှူပါလေ။ **၃။** အမှန်စင်စစ် အသင်၏ ရန်သူသာလျှင် အညွန့်တုံးသူ ဖြစ်သည်။

၁၀၉။ စူရပ်အလ်ကာဖိရူန်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အသင်ပြောပါ။ အို-ငြင်းဆန်သူတို့၊ **၂။** အသင်တို့ကိုးကွယ်သည့် အရာကို ကျွန်ုပ် ကိုးကွယ်မည်မဟုတ်ပါ။ **၃။** ထို့ပြင် ကျွန်ုပ်ကိုးကွယ်သည့်အရာကို လည်း အသင်တို့ ကိုးကွယ်ကြမည်မဟုတ်ပါ။ **၄။** ထို့ပြင် အသင်တို့ကိုးကွယ်ခဲ့သည့်အရာကို ကျွန်ုပ်ကိုးကွယ်မည့်သူ မဟုတ်ပေ။ **၅။** ကျွန်ုပ်ကိုးကွယ်သည့်အရာကိုလည်း အသင်တို့ ကိုးကွယ်မည့်သူများ မဟုတ်ကြပေ။ **၆။** အသင်တို့အတွက် အသင်တို့၏ သာသနာဖြစ်ပြီး ကျွန်ုပ်အတွက် ကျွန်ုပ်၏ သာသနာဖြစ်သည်။

၁၁၀။ စူရဟ်အန်နဒ်ရိ

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလ္လာဟ်၏ အကူအညီနှင့် အောင်မြင်မှုသည် ရောက်လာသောအခါ **၂။** လူတို့သည် အလ္လာဟ်သာသနာတော်ထဲတွင် အုပ်စုလိုက် ဝင်ကြသည်ကို အသင်တွေ့မြင်ရသောအခါ **၃။** သင်သည် မိမိအရှင်မြတ်အား ချီးမွမ်း ထောမနာခြင်းဖြင့် ဘာဝနာစီးဖြန်းပါလေ။ ထို့ပြင် သင်သည် အရှင်မြတ်ထံမှ ခွင့်လွှတ်မှု တောင်းခံပါလေ။ ဇကနဉ်မုချ ထိုအရှင်မြတ်သည် အလွန်ခွင့်လွှတ်တော်မူသော အရှင်ဖြစ်သည်။

၁၁၁။ စူရဟ်အလ်လဟဗ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အဗူလဟဗ်၏ လက်နှစ်ဖက် ပျက်စီးလေပြီ၊ ထို့ပြင် သူကိုယ်တိုင်လည်း ပျက်စီးလေပြီ။ **၂။** သူ၏ဥစ္စာနှင့် သူရှာဖွေခဲ့သည့် အရာများသည် သူ့အတွက် အသုံးမဝင်တော့ပြီ။ **၃။** သူသည် တောက်လောင်သောမီးထဲတွင် မကြာမီ ကျရောက်လိမ့်မည်။ **၄။** ထို့ပြင် ထင်းများ ရွက်၍ သွားလာသော သူ၏ဇနီးသည်လည်း (ကျရောက်လိမ့်မည်။) သူ(မ)၏ လည်ပင်းတွင် စွန်ပလွံလျှော်ဖြင့် ကျစ်ထားသော ကြိုးရှိသည်။

၁၁၂။ စူရဟ်အလ်အိခ်လာစ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အသင်ပြောပါ။ ထိုအလ္လာဟ်သည် တစ်ပါးတည်းဖြစ်သည်။ **၂။**

အလ္လာဟ်သည် လိုလားတောင့်တမဲ့၊ ကြောင့်ကြမဲ့သော အရှင်ဖြစ်သည်။ **၃။** အရှင်မြတ်သည် ကိုယ်တိုင်လည်း မမွေးဖွားသကဲ့သို့ အခြားသူ၏ မွေးဖွားခြင်းကိုလည်း မခံခဲ့ရပေ။ **၄။** ထို့ပြင် အရှင်မြတ်နှင့် ဂုဏ်ရည်တူ၊ တန်းတူဟူ၍လည်း မည်သူမျှ မရှိပေ။

၁၁၃။ စူရပ်အလ်ဖလတ်က်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အသင်ပြောပါ။ ကျွန်ုပ်သည် နံနက်၏ အရှင်မြတ်ထံတွင် ခိုလှုံပါသည်။ **၂။** အရှင်မြတ် ဖန်ဆင်းထားသော အရာတို့၏ မကောင်းမှုမှ။ **၃။** ထို့ပြင် အမှောင်၏ မကောင်းမှုမှ၊ ယင်းအမှောင်လွှမ်းခြုံသွားသောအခါ **၄။** ထို့ပြင် အတုံးများတွင် မှုတ်ထည့်သူများ၏ မကောင်းမှုမှ **၅။** ထို့ပြင် မနာလိုဝန်တို သူ၏ မကောင်းမှုမှ၊ ယင်းသူသည် မနာလိုဝန်တိုသောအခါ။ (အရှင်မြတ်ထံတွင် ခိုလှုံပါသည်။)

၁၁၄။ စူရပ်အန်နားစ်

အလွန်ကရုဏာ ကြီးမားတော်မူသော၊ အလွန်ကြင်နာသနား
တော်မူသော အလ္လာဟ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အသင်ပြောပါ။ ကျွန်ုပ်သည် လူတို့၏ အရှင်မြတ်ထံတွင် ခိုလှုံပါသည်။ **၂။** လူတို့၏ ဘုရင်ထံတွင် **၃။** လူတို့၏ ကိုးကွယ်ရာအရှင်ထံတွင် **၄။** သံသယထည့်၍ နောက်ဆုတ်ဖယ်ခွာသော သူ၏မကောင်းမှုမှ။ **၅။** ယင်း (နောက်ဆုတ်ဖယ်ခွာသူ)သည် လူတို့၏ နှလုံးများတွင် သံသယကို ထည့်သည်။ **၆။** ယင်းသူသည် ဂျင်နီနှင့် လူသားတို့ထဲမှ ဖြစ်သည်။